မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း ၂၀၁၃ ခုနှစ်၊ ဆုဝင်ရက် ၂၅၀၀

အမှတ် ၅၂၉-၅၃၀၊ ကုန်သည်လမ်း၊ ရုံးကုန်းမြို့၊
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ဝဂဂ၂၉ ခြင့်၊ စာပေဗိမာန်ပုံနှိပ်စက်ရုံတွင်
ပုံနှိပ်၍ မှတ်ပုံတင်အမှတ် ဝဥ၉၁၁ ခြင့် ထုတ်ဝေသည်။

နို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး နို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး နို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး နို့အရေး

မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

နာယကအဖွဲ့

၁။ မဟာသဒ္ဓမ္မဇောတိကဓဇ ဥက္ကဋ္ဌစေတိတာဓိပတိမောင်ညွှန့် — အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့

၂။ ဥက္ကဋ္ဌဒေါ်ကြူ (မကြူ) — အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

၃။ ဦးထွန်းဖောင်ချိန် — ပါမောက္ခ (ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၄။ ဒေါက်တာထွန်းတင့် — အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

စီစဉ်ရေးအဖွဲ့

၁။ ဥက္ကဋ္ဌဒေါက်တာဦးသော်တောင်း — ဥက္ကဋ္ဌ — အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့

၂။ ဦးတင်ခ (တက္ကသိုလ်တင်ခ) — အဖွဲ့ဝင် — ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

၃။ ဒေါက်တာမိုးသန့်တင် — အဖွဲ့ဝင် — ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ မြန်မာ့ရေးလုပ်ငန်း

၄။ ဒေါက်တာခင်အေး (မောင်ခင်မင်-ရေဖြူ) — အဖွဲ့ဝင် — အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

၅။ ဒေါ်တင်ဘုန်းမွယ် — အဖွဲ့ဝင် — အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးတိုးရင်းများလုပ်ငန်းဆောင်ရွက်သုံးသပ်ခြုံငုံကော်မရှင်

၆။ ဦးမြင့်ကြိုင် — အဖွဲ့ဝင် — ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သမိုင်းသုတေသနဦးစီးဌာန

၇။ ဒေါက်တာတိုးလှ — အဖွဲ့ဝင် — အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့

၈။ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) — အဖွဲ့ဝင် — ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန

၉။ ဦးဘသန်း (ဓတုဗေဒ) — အဖွဲ့ဝင် — ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ဝန်ထမ်းရေးရာဦးစီးဌာန

၁၀။ ဦးမောင်သိုင် (မောင်ဆွေဝယ်) — အဖွဲ့ဝင် — စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေစိစစ်ရေး

၁၁။ ဦးခင်မိုး (မိုးမိုး-ပန်းတောင်း) — အဖွဲ့ဝင် — စာတည်းမှူး (ငြိမ်း)၊ စာပေစိစစ်ရေး

၁၂။ ဒေါက်တာအောင်မြင့်ဦး — အဖွဲ့ဝင် — ပါမောက္ခ၊ ဌာနမှူး မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

၁၃။ ဒေါက်တာမိုးနိုင် — အဖွဲ့ဝင် — ပါမောက္ခ၊ ဌာနမှူး မြန်မာစာဌာန၊ ရန်ကုန်အနောက်ဝိုင်းတက္ကသိုလ်

၁၄။ ဒေါက်တာဒေါ်ခင်သိန်း — အဖွဲ့ဝင် — ပါမောက္ခ၊ အင်္ဂလိပ်ပညာဌာန (ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်

၁၅။ ဦးမြင့်ကြည် — အဖွဲ့ဝင် — အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

၁၆။ ဒေါက်တာချစ်စံဝင်း — အဖွဲ့ဝင် — အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ ဒီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်

၁၇။ ဦးဇေးဇို (ဓတုဗေဒ) — အဖွဲ့ဝင် — စာပေပညာရှင်

၁၈။ ဒေါက်တာမင်းသောင် — အဖွဲ့ဝင် — ပါမောက္ခ၊ ဌာနမှူး နိုင်ငံတကာဆက်ဆံရေး ပညာဌာန၊ စစ်တက္ကသိုလ်

၁၉။ ဦးသန်းအုန်း (မောင်စေယျာ) — အဖွဲ့ဝင် — စာပေပညာရှင်

၂၀။ ဦးစိန်လှိုင် (သူရဇော်) — အဖွဲ့ဝင် — စာပေပညာရှင်

မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

၂၁။ ပါမောက္ခဒေါက်တာအောင်ထွန်းသက်	အဖွဲ့ဝင်	နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်
၂၂။ ဒေါက်တာချောရော်စိန်	အဖွဲ့ဝင်	ပါမောက္ခ၊ ဌာနမှူး နိုင်ငံတကာဆက်ဆံရေး ပညာဌာန၊ ရန်ကုန်တက္ကသိုလ်
၂၃။ ဦးစန်းဝင်း	အဖွဲ့ဝင်	ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
၂၄။ ဦးမြဟန်	အဖွဲ့ဝင်	အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့
၂၅။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)	အဖွဲ့ဝင်	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၂၆။ ဦးဟုန်ဝင် (မောင်ဟုန်ဝင်)	အဖွဲ့ဝင်	တထိတ (ငြိမ်း)၊ ရန်ကုန်အထေးသင်တက္ကသိုလ်
၂၇။ ဦးမျိုးအောင် (မျိုးအောင်-ရွက်ဆေဒ)	အဖွဲ့ဝင်	ဒုတိယဥက္ကဋ္ဌ၊ စာပေထုတ်ဝေသူများနှင့် ပုံနှိပ်သူများအသင်း
၂၈။ ဦးမောင်မောင် (ကြည်ရွှန်း)	အဖွဲ့ဝင်	ဥပဒေပညာရှင်
၂၉။ ဒေါက်တာခင်မောင်ညို	အဖွဲ့ဝင်	စာရေးဆရာ
၃၀။ ဒေါက်တာလှကြည်	အဖွဲ့ဝင်	ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း
၃၀။ ဦးခြင့်သူ	အဖွဲ့ဝင်	Myanmar Heritage Publishing
၃၂။ ဒေါက်တာစောမရဇောအင်	အဖွဲ့ဝင်	တွဲဖက်ကထိက၊ ဝိဇ္ဇာတော်ဆောင်ရာ အင်္ဂလိပ် စာပေဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် (ရန်ကုန်)
၃၃။ ဒေါက်တာအောင်မိုး	အဖွဲ့ဝင်	ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
၃၄။ ဒေါ်အုန်းကြည်	အဖွဲ့ဝင်	အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့
၃၅။ ဦးဝင်းလွင်	အဖွဲ့ဝင်	သံအမတ်ကြီး (ငြိမ်း)
၃၆။ ဦးသိန်းလှိုင်	အဖွဲ့ဝင်	အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့
၃၇။ ဒေါက်တာမြသောင်း	အဖွဲ့ဝင်	ဆေးရုံအုပ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး
၃၈။ စာတည်းမှူး	အဖွဲ့ဝင်	စာပေဗိမာန်
၃၉။ စာတည်းမှူးချုပ်	အတွင်းရေးမှူး	စာပေဗိမာန်
၄၀။ စာတည်း (တာဝန်ခံ) ဒွယ်ဒုနှစ်ချုပ်	တွဲဖက်အတွင်းရေးမှူး	စာပေဗိမာန်

စာပေဝိဇ္ဇာန်၊ စာတည်းဌာန

၁။ စာတည်းမှူးချုပ် — ဦးမျိုးမြင့်မောင် (မျိုးမြတ်မြတ်မြင့်မောင်)

မြန်မာ့ဝေယျာဝုတ္စကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့

၁။ စာတည်း (တာဝန်ခံ) — ဦးစိုးမြင့်သန်း (နွေသင်နိုင်)
၂။ စာတည်း — ဒေါ်မျိုးမျိုးကြည်၊ ဒေါ်အိခိုင်ဇင်ထွဋ်
၃။ စာပေလက်ထောက် — ဒေါ်သန်းသန်းစီ၊ ဒေါ်သင်းသွဲ့ဦး၊ ဦးကျော်သူဝိုး

မြန်မာ့ဝေယျာဝုတ္စကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

၁။ ဌာနခွဲမှူး (ပုံနှိပ်) — ဦးစန်းငွေး
၂။ ပုံနှိပ်ကျွမ်းကျင် - ၃ — ဒေါ်သွဲ့သွဲ့စန်း
၃။ ပုံနှိပ်ကျွမ်းကျင် - ၄ — ဒေါ်စန်းစန်းငွေး

ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၃) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၁၄ ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅) ပုံနှိပ် ထုတ်ဝေသောအခါ ဆက်လက်တော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာတော်ရှုလေ့လာနိုင်ရန် အပိုင်းကြီး၊ သုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၃ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နှစ်ဉီမှတ်တမ်းအဖြစ်တော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကနောင်မင်းသားကြီး၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ပင်လုံညီလာခံ၊ ပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဓိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေးဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိုယ်ကျင့်တရားအမြင် အကြောင်းအရာများကို စုစည်းတော်ပြထားပါသည်။ ဒုတိယပိုင်းတွင် တော်ပြထားသော ဆောင်းပါးများကို ပညာရပ် အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် တော်ပြထားသော အကြောင်းရပ်များသည် ၂၀၁၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာအကြောင်း များဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း တော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းတော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို တော်ပြခြင်းနှင့်စပ်လျဉ်း၍ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းတော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၁၃) နှင့် စာမျက်နှာအမှတ်ကို တော်ပြ၍ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၃ ခုနှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို တော်ပြ၍ညွှန်းထားပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄)

မာတိကာ

ဤကျမ်းကို မရွှစားပီ

၂၀၁၃ ခုနှစ် ဖြစ်ရပ်များ ၀

၁ ကနောင်မင်းသားကြီး၏နိုင်ငံတော်ပြုပြင် ဒေါက်တာတိုးလှ ၉၉
ပြောင်းလဲရေးဆောင်ရွက်ချက်များ

၂ (၂၇) ကြိမ်မြောက်အရွှေတောင်အာရှ အားကစားပြိုင်ပွဲ နိုးအောင် ၁၁၉

၃ ပင်လုံညီလာခံ စိုင်းအောင်ထွန်း ၁၃၅

၄ ပျဉ်ပြီဟောင်းများဖြစ်သော ဟန်လင်း၊ ဗိသနိုးနှင့် မြန်စာမြေ-သိန်းလွင် ၁၄၉
သရေခေတ္တရာပြိုဟောင်းတို့ကို ကမ္ဘာ့ယဉ်ကျေးမှု
အမွေအနှစ်စာရင်းဝင်နိုင်ရေးဆောင်ရွက်ချက်များ

၅ မြန်မာနိုင်ငံ အမျိုးသားလူဖခွင့်အရေးကော်မရှင် ဦးညွှန့်ဆွေ ၁၆၃

၆ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပါမောက္ခဒေါ်ကြည်ကြည်လှ ၁၇၁
ကိုယ်ကျင့်တရားအမြင်

၂၀၁၃ ခုနှစ်အကြောင်းရပ်များ (အကွဲရာစဉ်) ၁၉၀
အကွဲရာစဉ်အညွှန်း

၂၀၁၁ ခုနှစ်

ဖြစ်ရပ်များ



၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ဖြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများ အဖြစ် ရေးသားပြုစုဖော်ပြထားခြင်း ဖြစ်ပါသည်။

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ

ဇန်နဝါရီလ

၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နှစ်သစ်ကူးရေဒီယိုမိန့်ခွန်းပြောကြားရာတွင် အစိုးရနှင့်ပြည်သူ့အပြန်အလှန်ယုံကြည်မှုကို ပြန်လည်တည်ဆောက်သွားရန်နှင့် မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့်လွတ်လပ်ရေးရယူခဲ့စဉ်က ညီညွတ်မှုအင်အားအတိုင်း လက်တွဲလုပ်ဆောင်နိုင်မည်ဆိုလျှင် အောင်မြင်မှုကို မုချသေချာရရှိမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းကိုအကောင်အထည်ဖော်လျက်ရှိသည့် China Three Gorges Corporation (CTGC) နှင့် International Group of Entrepreneurs Company (IGOEC) တို့မှတာဝန်ရှိသူများကို နိုင်ငံတော်သမ္မတအိမ်တော်၌လက်ခံတွေ့ဆုံသည်။

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသွားရောက်စစ်ဆေး ကြည့်ရှုသည်။

၂ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁/၂၀၁၃) ဖြင့် မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်မြင့်အား စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးကြောင်း ထုတ်ပြန်ကြေညာသည်။

၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာတာရိုအာဆိုဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၄ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နေပြည်တော်ရှိမြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ တည်ခင်းဧည့်ခံသည့် (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို သမ္မတအိမ်တော်၌ ကျင်းပသည်။

ကချင်ပြည်နယ်တွင် တပ်မတော်နှင့် KIO, KIA တို့အကြား တိုက်ပွဲဖြစ်ပွားခြင်းနှင့် စပ်လျဉ်းသည့် သတင်းကို မြန်မာနိုင်ငံ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၁/၂၀၁၃) ဖြင့် ထုတ်ပြန်ကြေညာသည်။

၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များကို နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်စက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်းရှိအစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် ကချင်ပြည်နယ်အတွင်း စစ်ပွဲများရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့ဝင်များဆွေးနွေးပွဲတစ်ရပ်အပြီး အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့်အဖွဲ့ကို နေပြည်တော်ရှိ တော်ဝင်ကုမုဒြာဟိုတယ်၌ ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

၂၀၁၀ ပြည့်နှစ်၊ ဧပြီလက မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှု ဖြစ်ပေါ်စေခဲ့မှုဖြင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ထရန်စ်အိုးရှင်းကုမ္ပဏီသည် ဒဏ်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံပေးဆောင်ရန် သဘောတူညီလိုက်ကြောင်း အမေရိကန်သတင်းဌာနများကသတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင် အအေးလှိုင်းကျရောက်ပြီး အပူချိန်မှာ အနှုတ်ရာယ်ကြီးလောက် အောင်ကျဆင်းခဲ့ရာ သေဆုံးသူ စုစုပေါင်း ၁၂၉ ဦးရှိပြီဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက ဖော်ပြသည်။

၆ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့ဝင်များကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၇ ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ပွင့်လင်းလူ့အဖွဲ့အစည်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကမ္ဘာကျော် သူဌေးကျော့စ်ဆိုးရော့စ် ဦးဆောင်သောအဖွဲ့နှင့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့တို့တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှု၊ ပညာရှင်များပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စများကို ဆွေးနွေးသည်။

၈ လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၃) ဖြင့် ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၃) ဖြင့် နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်ကို တာဝန်ပေးအပ်ကြောင်း သတင်းထုတ်ပြန်သည်။

၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sommad Pholsena ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ လာအို-မြန်မာ ချစ်ကြည်ရေးတံတား အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးဆွေးနွေးသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် Mr. James Mountain Inhofe ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) ဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၃) ဖြင့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းတို့ကို ထုတ်ပြန်ကြေညာသည်။

ပထမအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပသည်။

၁၀ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်သည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာ ဆောလ်နီမန့်သ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးများသည် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် သဘောတူညီလိုက်ကြကြောင်းဒေသဆိုင်ရာသတင်း

ဌာနများက သတင်းထုတ်ပြန်သည်။

၁၁ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအိမ်တော် အစုံးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာဆောလ်နီမန့်သ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စုံစမ်းစစ်ဆေးရေးကော်မရှင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုဆောင်ရွက်ချက်များကို သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၁၃) ဖြင့် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ လူငယ်အတွေ့အကြုံဖလှယ်ရေးအစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်သို့လာရောက်လည်ပတ်သည်။

မာလီမြို့တော် ဘာမာကိုသို့ ချီတက်လာသော အစွန်လာမွစ်စစ်သွေးကြွများကို ချေမှုန်းရာတွင် ကူညီရန်အတွက် ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်က ပြင်သစ်တပ်ဖွဲ့ဝင်များကို စေလွှတ်သည်။

၁၃ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး

မြို့တော် ဘာမာကိုသို့ရောက်ရှိလာသော ပြင်သစ်စစ်သားများ

၁၂ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ရွှေကမ်းလွန်သဘာဝ ဓာတ်ငွေ့စီမံကိန်းနှင့် မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသို့ ငွေလွှဲပို့နိုင်ရန် သမဝါယမဘဏ်နှင့် အမေရိကန်နိုင်ငံမှ ငွေလွှဲပို့ဝန်ဆောင်မှုကုမ္ပဏီ Western Union တို့ သဘောတူစာချုပ်ချုပ်ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လုံခြုံမှုထိန်းသိမ်းရေးအတွက် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက ဦးဆောင်မှုအခန်းကဏ္ဍကိုရယူကာ အမေရိကန်တပ်ဖွဲ့များက အထောက်အကူပေးသည့်နေရာမှ ရပ်တည်ရန် နှစ်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ၌ သဘောတူညီချက်ရရှိကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၁၃ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကာကွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt-Gen Neo Lian Hong ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသည်။

ဆော်ဒီအာရေဗျနိုင်ငံရှိအဖွဲ့ဝင် ၁၅၀ ရှိသော ပါလီမန်တွင် အမျိုးသမီး ၃၀ ကို အမတ်အဖြစ်ခန့်အပ်လိုက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လေးနှစ်သက်တမ်းတာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံသတင်းဌာနက ဖော်ပြသည်။

၁၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် (၂) ဖြင့် တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသည်။

၁၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Viktorovich Lavrov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂/၂၀၁၃) ဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့ကို ၎င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဧည့်ခန်းမဆောင်၌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ် အဆင့်မြှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် ပဉ္စမနှစ်အစည်းအဝေးတွင် ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ Changi Naval Base ရှိ သတင်းအချက်အလက်ဖြည့်တင်းရေးဗဟိုဌာနသို့ သွားရောက်လေ့လာပြီး မွန်းလွဲပိုင်းတွင် ရှန်ဂရီလာဟိုတယ် State Room ၌ စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dr.Ng Eng Hen နှင့်တွေ့ဆုံဆွေးနွေးသည်။ ညနေပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ISTANAS အိမ်တော်၌ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် Mr.Lee Hisen Loong ကို သွားရောက်တွေ့ဆုံသည်။

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ချန်ကျင်း၏ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်ပြည်သူ့လွှတ်တော်ဝင်း အဆောင် (1-12) တွင်တွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုကိစ္စများကိုဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် (၁) ဖြင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်းသည်။

စင်ကာပူသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် 2nd People's Defence Force နှင့် AFTC လေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာသည်။

ပြည်ထောင်စုလွှတ်တော် နာယကအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E.Mr. Wang Yingfan ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

၁၅ တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့ယန်မြို့ မဟာစီနပဘာရွှေတိဂုံပုံတူစေတီတော်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ချစ်ကြည်ရေး ခရီးသွားရောက်ရာမှ ပြန်လည် ရောက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လက်ျာယန်ဒေသရှိ KIO, KIA ခြေကုပ်စခန်းများကို တပ်မတော်စစ်ကြောင်းများက ရှင်းလင်းခဲ့ရမှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်သည်။

၁၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Madam Fu Ying ဦးဆောင်သော အထူးကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်က စီမံကိန်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မလကာမြို့အမှတ် (၁၀) လေထီးတပ်မသို့ ရောက်ရှိလေ့လာသည်။ ညနေပိုင်းတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Y.B Dato Sri Haji Mohammad ကိုတွေ့ဆုံသည်။

ကက်ရှ်မီးယားဒေသ၌ နယ်စပ်ဖြတ်ကျော်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရန် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၁၈ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ(၁/၂၀၁၃) အစည်းအဝေးကို သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ နာယကဒုတိယသမ္မတဦးဉာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

၂၀၁၆ ဘဏ္ဍာနှစ်အထိ) (မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်က အင်တာနက်တွင်ဖော်ပြထားသော Above the Law ခေါင်းစဉ်ပါ ဒေါက်တာဆိတ်ဖွား၏ ဝေဖန်ချက်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေး အရေးယူပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ရန်ဟူသော အရေးကြီးအဆိုကိုတင်သွင်းခဲ့ရာ ထောက်ခံဆန္ဒမဲများသည့် အတွက် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်၍ပြည်ထောင်စုလွှတ်တော်သို့ပြန်လည်တင်ပြရန် ဆုံးဖြတ်ခြင်းများ ဆောင်ရွက်သည်။

၁၇ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂမှဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အာဒဲလ်အေဟက် ခေါင်းဆောင်သည့် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ကက်ရှ်မီးယားနယ်စပ်ဒေသမှ လုံခြုံရေးတပ်သားများ



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Kang Chang Hee ကို လက်ခံတွေ့ဆုံစဉ်

သည့် စိမံကိန်းဆိုင်ရာ ကြားဖြတ်အစီရင်ခံစာနှင့်ပတ်သက်၍သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၃) ကို ထုတ်ပြန်သည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

၂၀-၂၁ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဒုတိယမြောက်သမ္မတသက်တမ်းအတွက် အိမ်ဖြူတော်၌ ကျမ်းသစ္စာကျိန်ဆိုသည်။ ထို့နောက် ၂၁ ရက်တွင် ပြည်သူလူထု၏ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုသည်။

၂၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဖင်လန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Heidi Hautala ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသားကျောင်းသူများ၏ ဗဟိုအဆင့်အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ယင်းကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၃) ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၄) ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းသည်။

၂၂ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Kang Chang Hee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. AK Antony ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Kang Chang Hee ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းကြောင်း နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၄/၂၀၁၃) ဖြင့် ထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်သို့ ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာလုံးဆိုင်ရာလူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအဖွဲ့မှ ချီးမြှင့်သည့် ငြိမ်းချမ်းရေးဆုကို လက်ခံရယူသည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ Madam Pany Yathotou ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၂၄-၁-၂၀၁၃ နေ့က မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ သတင်းထုတ်ပြန်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် မြန်မာ့တပ်မတော်ကို အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်စေနိုင်သောကြောင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်ပယ်ချကြောင်း သတင်းထုတ်ပြန်သည်။

၂၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ Bansomdejchaopraya Rajabhat University (BSRU) က နည်းပညာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းအခမ်းအနား ကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

၂၄ အမျိုးသားလွှတ်တော် အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဌာနများ (၂/၂၀၁၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံကော်မတီ ဆောင်အမှတ် (၁၇) ၌ ကျင်းပသည်။

၂၄-၂၅ ဘင်္ဂလားရေနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများနှင့် ကြွေးမြီရှင်းလင်းရေးကိစ္စ ညှိနှိုင်းဆောင်ရွက်ရာတွင် ကြွေးမြီ၏ ၅၀ ရာခိုင်နှုန်းကို မြီရှင် နိုင်ငံများက လျော့ပေးမည်ဖြစ်ပြီး ကျန်အကြွေးကို ဆိုင်းငံ့ကာလ ခုနစ်လအပါအဝင် ၁၅ နှစ်အတွင်း ပြန်လည်ပေးဆပ်ရန် သဘောတူညီချက်ရရှိသည်။

၂၈ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများသို့ တက်ရောက်အားပေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်စဉ်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိသည်။

၂၈ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃/၂၀၁၃) ဖြင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်အမှတ် (၂/၈၈) သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇၇ နှင့် ဆန့်ကျင်သောကြောင့် ယင်းအမိန့်ကိုပယ်ဖျက်ကြောင်း သတင်းထုတ်ပြန်သည်။

၂၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရာထူးကို လေးနှစ်တာတာဝန်ထမ်းဆောင်ခဲ့သည့် ၆၇ ဦးမြောက် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ရာထူးမှအနားယူသည်။

၂ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာ ဘက်စုံသီးနှံဧက ၂၀၀၀ စံပြစိုက်ကွင်းနှင့် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ အဆင့်မြင့်စံပြစက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

၃ ဆီးရီးယားသမ္မတ ဘာရှာအာဆတ်သည် ၎င်း၏နိုင်ငံကို အစွန်းရောက် မတည်မငြိမ်ဖြစ်ရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲပြောဆိုလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် International Finance Corporation (IFC) ၏ အလုပ်အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ Mr.Jin-Yong Cai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဆွေးနွေးရေးအဖွဲ့တို့ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးသည်။

တရားဝင်ဖိတ်ခေါ်ထားကြောင်း ထိုင်းတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်ဟု ဘီဘီအက်စ်သတင်းဌာနက ဖော်ပြသည်။

ပေဟော်ဝါဂိုလ

၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် ခေတ်အဆက်ဆက်က တင်ကျန်ခဲ့သည့် နိုင်ငံတကာကြွေးမြီများထဲမှ ဒေါ်လာသန်းပေါင်း ၆၀၀၀ ကျော် ဖြေလျှော့နိုင်အောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဩစတြေးယားနိုင်ငံ ကုန်သည်ကြီးများအသင်းဆိုင်ရာ စီးပွားရေးဝန်ကြီး H.E.Dr.Christoph Leitl ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၆/၂၀၁၃) ဖြင့် KIO,KIA အဖွဲ့နှင့် ဆွေးနွေးပွဲများစတင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

အမျိုးသားလွှတ်တော်၏ အမျိုးသားမူဝါဒဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် မြန်မာ-ကိုရီးယားစီးပွားရေးဖလှယ်မှုအသင်းဥက္ကဋ္ဌ H.E.Mr.Kim Jung-hoon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံအမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ Mr.Okas Jeparakul ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်သည် တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်နှင့် သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ မစွစ်ပတ်ဂွမ်ဟေးတို့နှင့် သီးခြားစီတွေ့ဆုံ ဆွေးနွေးသည်။

၁၀ ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနဒ်ဂျင်းပသည့် စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီများက တွဲဖက်၍ ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်ပါသဘောတရား အချက်အလက်များကို ရှင်းလင်းတင်ပြသည့် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၁ ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုကို လေ့လာရန် မြန်မာထိပ်တန်းစစ်ဘက်အရာရှိနှစ်ဦးကို

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကချင်ပြည်နယ် ဒေသခံပြည်သူများကို ထောက်ပံ့ရေးပစ္စည်းပေးအပ်စဉ်

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်ဟောင်း နိုရိုဒွမ်သီဟာနု၏ အရိုးပြာများကို မဲခေါင်မြစ်အတွင်းသို့ မျှောသည့်အခမ်းအနား ကျင်းပသည်။

၇ အင်တာနက်တွင် ဖော်ပြပါရှိသော ဒေါက်တာဆိတ်ဖွား၏ Above the Law ခေါင်းစဉ်ပါ ဝေဖန်ချက်နှင့် စပ်လျဉ်းသည့် စုံစမ်းရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်က အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သည်။

၈ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Jacques Valade ဦးဆောင်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဆင်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၈-၉ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကချင်ပြည်နယ်ပူတာအိုမြို့၊ ဖုန်ကန်ရာဇီခန်းမ၌ လည်းကောင်း၊ မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ လည်းကောင်း ကျင်းပသည့်ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်သည်။

၉ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စုံစမ်းစစ်ဆေးရေးကော်မရှင်က သတင်းထုတ်ပြန်ချက် အမှတ် (၃/၂၀၁၃) ဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို သတင်းထုတ်ပြန်သည်။

၁၁ သက်တော် ၈၅ နှစ်ရှိပြီဖြစ်သည့် ပုပ်ရဟန်းမင်းကြီး ဘန်နီဒစ် ၁၆ သည် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် ကျန်းမာရေးအခြေအနေမပေးတော့သည့်အတွက် ဖေဖော်ဝါရီလ ၂၈ ရက်မှစ၍ ပုပ်ရဟန်းမင်းကြီးတာဝန်မှ အနားယူနုတ်ထွက်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

၁၂ (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့နှိုင်းတော်အလယ်တင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်း၊ ပါကစ္စတန်သမ္မတအဆစ်အလီဇာဒါရီတို့နှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် တွေ့ဆုံသည်။

၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် KEIDENREN (Japan Business Federation) ဥက္ကဋ္ဌ Mr. Hiromasa Yonekura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီးတို့ (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသူများကို နှုတ်ဆက်စဉ်

သဝဏ်လွှာကို ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဖတ်ကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို နေပြည်တော်ရှိ တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တည်ခင်းဧည့်ခံသည့် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

၁၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို နေပြည်တော်ရှိ တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အောက်လွတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meria Kumar ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၇/၂၀၁၃) အရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးမြတ်ဟိန်းကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းကို လည်းကောင်း ခန့်အပ်တာဝန်ပေးသည်။

မြန်မာနိုင်ငံသို့ရောက်ရှိနေသော မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်စ်အိုဟေးကွင်တားနားသည် ဗဟို အကျဉ်းထောင် (အင်းစိန်) ကို ကြည့်ရှုလေ့လာသည်။

၁၄ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၈/၂၀၁၃) အရ ဦးမန်းမောင်မောင်ဘက်နှင့် ဦးငွန်မောင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၀/၂၀၁၃) အရ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စောမူကို ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

အမေရိကန် ဦးဆောင်ပြီးကျပန်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ပါဝင်သော ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုကို အာရှနှင့် ပစိဖိတ်ဒေသ၌ ပြုလုပ်သည်။

နှစ်နိုင်ငံပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ ပိုင်းခြားထားသော နယ်ခြားစည်းကို လမ်းမှဝင်ရောက်လာသော

ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း အိန္ဒိယတပ်ဖွဲ့က ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ပြောကြားသည်။

၁၅-၁၇ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အတူ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ရှိ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၆ ဖေဖော်ဝါရီလ ၁၅ ရက်က ဥက္ကာပျံကျရောက်ခဲ့သော ယူရယ် တောင်တန်းများဆီသို့ အလုပ်သမား ၉၀၀၀ ကျော်ပါဝင်သည့် ကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးအဖွဲ့ ထွက်ခွာကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနက ကြေညာသည်။

၁၈ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံသံတမန်ဆက်သွယ်သည့် (၆၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံခြားရေး ဝန်ကြီးများအကြား ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့သည်။

၁၈-၂၀ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တာဝန်ရှိသူများ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ချင်းပြည်နယ်ရှိ မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်စဉ်

လိုက်ပါလျက် ကယားပြည်နယ် ၁၈-၂၂ (၃၃) ကြိမ်မြောက် လွိုင်ကော်မြို့၊ ဘောလခဲမြို့နှင့် ဘားအံမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သတင်းစာဆရာများ သတ်ဖြတ်ခံရမှုအတွက် တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်စေရန် သတင်းပေးနိုင်သူကို ဆုငွေအမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်မည်ဟု ဆိုမာလီ အစိုးရအဖွဲ့ဝန်ကြီးချုပ်က ထုတ်ပြန် ကြေညာသည်။

ဆီးရီးယားနိုင်ငံအစိုးရအဖွဲ့ကို ဆန့်ကျင်နေသော သူပုန်အဖွဲ့ထံသို့ လက်နက်တင်ပို့မှုမပြုရန် ဥရောပသမဂ္ဂ (အီးယူ) က ပိတ်ပင်ထားသော်လည်း ယင်းပိတ်ပင်ချက်ကို ပြန်လည်ရုပ်သိမ်းနိုင်ရန် ဗြိတိန်နိုင်ငံကဦးဆောင်၍ ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကို ထိုင်းနိုင်ငံ ပတ္တယားမြို့တွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

၁၉ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) မှ အုပ်ချုပ်ရေးမှူး Mr.Hiroshi Okuda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၂၀ (၆၅) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်

၂၄ မာလီနိုင်ငံမြောက်ပိုင်းတွင် စစ်သွေးကြွများကို စစ်ဆင်တိုက်ခိုက်နေသော ပြင်သစ်တပ်ဖွဲ့များသည် စစ်ဆင်ရေး၏ နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြောကြားကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစတင်ထွက်ခွာသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၂/၂၀၁၃) ဖြင့် လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ဦးမြသိန်း (အငြိမ်းစားဥပ္ပန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်) ကို လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြင့်ထင်း၊ ဦးသန်းကျော်၊ ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း (တရားလွှတ်တော်ရှေ့နေ)၊ ဦးမြင့်လွင်၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်း၊ ဦးမျိုးချစ်တို့ကို လည်းကောင်း ခန့်အပ်တာဝန်ပေးသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတ ပတ်ဂွမ်ဟေးသည် မြို့တော်ဆိုးလ်၌ ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နော်ဝေဝန်ကြီးချုပ် ဥက္ကဋ္ဌဦးခင်အောင်မြင့်သည် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး Rt-Hon Francis Maude ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၂၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Ivan Mrkic ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၂၂ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr.V.S Sashadri ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် ရန်ကုန်မြို့သယ်နန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဘူမိတွေ့ဆုံသည်။

မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ်တို့နှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ထုတ်ပေးခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုဘဏ္ဍာရေးဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုသည် ဆီးရီးယားနိုင်ငံအပေါ်တွင် စံနှုန်းမျိုးရှိသည့်မူဝါဒ ကျင့်သုံးနေကြောင်း ရုရှားနိုင်ငံက စွပ်စွဲလိုက်ပြီး ဒမတ်စကတ်မြို့တွင် ဖြစ်ပွားခဲ့သော ကားဗုံးဖောက်ခွဲမှုတစ်ရပ်နှင့်ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ပြစ်တင်ရှုတ်ချကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၇ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ကောင်စီနယ်မြေဒကွံဏသီရိမြို့နယ် အဆင့်မြင့်စံပြစက်မှုလယ်ယာစနစ်၄က ၃၀၀၀ ကွင်းဖွင့်ပွဲနှင့် ကောက်စိုက်ပွဲ အခမ်းအနားသို့တက်ရောက်အားပေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးရုံး၊ ကနောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဂျပန်နိုင်ငံ ရှိမန်းပြည်နယ်၌ တာကဲရှိမနေ့ အထိမ်းအမှတ်အခမ်းအနားသို့ အစိုးရအဖွဲ့မှ အထက်တန်းတာဝန်ရှိသူတစ်ဦးကို စေလွှတ်ခြင်းနှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံသားများက ကန့်ကွက် ဆန္ဒပြမှုများပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများကသတင်းထုတ်ပြန်သည်။

H.E.Mr.Jens Stoltenberg နှင့်တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် အော်စလို မြို့ရှိ Holmenkolln Park ဟိုတယ်၌ နောဝေနိုင်ငံခြားရေးဝန်ကြီး Mr. Espan Barth Eide နှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Vasily B.Pospelov` ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌လက်ခံတွေ့ဆုံသည်။

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုပလောင်ကျေးရွာအနီးရှိအော့ချက်(ဒ်)ကုမ္ပဏီပိုင် ငါးမွေးမြူရေးကန်အနီး၌ ဒေသခံလူတစ်စုနှင့် လုံခြုံရေးတာဝန်ယူထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

သမ္မတသစ် ပတ်ဂွမ်ဟေး ကျမ်းသစ္စာကျိန်ဆိုစဉ်

၂၇ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms. Tamioverby ဦးဆောင်သည့် အမေရိကန်ကုမ္ပဏီ ၂၀ မှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော အမေရိကန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၈ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်နေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နော်ဝေနိုင်ငံသို့ရောက်ရှိပြီး အော်စလိုမြို့ရှိ Solbergfoss ရေအားလျှပ်စစ်စက်ရုံနှင့် အော်ပရာအဆောက်အအုံ ဆောက်လုပ်ထားမှုများကို သွားရောက်ကြည့်ရှုလေ့လာသည်။

မတ်လ

၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများသို့ ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ကြရာ၌ အချင်းချင်းစိတ်ရှည်သည်းခံနားလည်ခွင့်လွှတ်၍ စာနာထောက်ထားမှုနှင့်ပူးပေါင်းလုပ်ဆောင်ကြရန် ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖင်လန်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Sauli Niinisto နှင့် ဟယ်လ်စင်္ကီမြို့သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ပညာရေးဝန်ကြီးဌာနတိုင်းရင်းသားဘာသာစကားသင်ကြားရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှုဗဟိုအဖွဲ့အစည်းအဝေးကို

ဥရောပငါးနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ပြည်သူလူထုက ကြိုဆိုစဉ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ပုဂ္ဂလိကပိုင် နေ့စဉ်ထုတ်သတင်းစာ ရှစ်စောင်ကို ဧပြီလ ၄ ရက်မှစ၍ ယာယီထုတ်ဝေခွင့် ပြုမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်သည်။

အမေရိကန်ပြည်ထောင်စုက ဆီးရီးယားသူပုန်များကို တိုက်ရိုက်အကူအညီပေးမည်ဟု ကတိကဝတ်ပြုခြင်းကို ဆီးရီးယားအစိုးရနှင့် ရုရှားနိုင်ငံတို့က ပြစ်တင်ရှုတ်ချကြောင်း ဘီဘီစီသတင်းဌာနက ပြောကြားသည်။

၂ ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် မြန်မာ့ဆန်စက်နှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာပြပွဲသို့ တက်ရောက်အားပေးခဲ့မြင့်သည်။

၄ ဩစတြီးယားနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်ကို ဩစတြီးယားနိုင်ငံသမ္မတ H.E.Dr.Heinz Fischer က ဗီယင်နာမြို့ရှိ သမ္မတနန်းတော်၌ သီးသန့်တွေ့ဆုံသည်။ ထို့နောက် နန်းရင်းဝန် မစ္စတာဝါနာဖေးမန်း၊ ဩစတြီးယားပါလီမန်ဥက္ကဋ္ဌ မစ္စစ်ဘာဘရာပရမ်မာတို့နှင့် တွေ့ဆုံဆွေးနွေးသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K.Shoigu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K.Shoigu ကို ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံး၌ ဥရောပကော်မရှင် ဥက္ကဋ္ဌ Mr.Jose Manual Barroso နှင့် တွေ့ဆုံဆွေးနွေးသည်။

၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက်ပိုင်းတွင် အီတလီနိုင်ငံ ရောမမြို့သမ္မတနန်းတော်သို့ ရောက်ရှိပြီး အီတလီနိုင်ငံ သမ္မတ H.E.Mr.Giorgeo Napolitano ကို တွေ့ဆုံသည်။

ဗင်နီဇွဲလားသမ္မတဟူကို ချာဗက်ဇ် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၇ နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ ကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတက်ရောက်အမှာစကားပြောကြားကာ လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းသည်။

၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပငါးနိုင်ငံချစ်ကြည်ရေး

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၆) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး၊ ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့မှ Ms.Merete Dyrud ခေါင်းဆောင်သည့် အမှုဆောင်ဘုတ်အဖွဲ့ဝင်များကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျ ဓနသဟာယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပသည့် (၅) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အမှတ် (၄/၂၀၁၃) ဖြင့် ကော်မရှင်၏ လက်ပံတောင်းတောင် ကြေးနီစိမ်းကိန်းဆိုင်ရာ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ကြောင်း ထုတ်ပြန်သည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃) ဖြင့် လက်ပံတောင်းတောင်ကြေးနီစိမ်းကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်သည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် ဂျပန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr. Yohei Sasakawa ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၁-၁၂ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးသည်။

၁၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအိမ်တော်အစိုးရ အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၃) အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ခရီးမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅) ဖြင့် နိုင်ငံဝန်ထမ်းဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ် (၆) ဖြင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ခွီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကိုလည်းကောင်း ပြဋ္ဌာန်းသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) အုပ်ချုပ်ရေးမှူး Dr.Rajeev Janardan Shah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ခေတ္တသမ္မတအဖြစ် ဒုတိယသမ္မတ နီကိုလပ်စ်မာဒူရို ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၁၀ ပြည်နယ်အစိုးရနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ပူးပေါင်း၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသားရုပ်သံလိုင်းတစ်ခု ထုတ်လွှင့်နိုင်ရေး အစည်းအဝေးကို ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စုံစမ်းစစ်ဆေးရေးကော်မရှင်က သတင်းထုတ်ပြန်ချက်

ဒုတိယသမ္မတဦးဥာဏ်ထွန်းသည် ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး H.E.Mr.Antonino Marques Porto ဦးဆောင်သည့်ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ခြောက်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

အာဂျင်တီးနား ဘရင်ကျီဘာသာရေးဂိုဏ်းဝင် ဂျော့ခ်ျမာရီယိုဘာဂိုဂလီယိုသည် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ဘိသိက်ခံရာတွင် ဖရန်စစ်အမည်ကို ခံယူသည်။

၁၄ နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံဘုရင်ခံချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆာကျယ်ရီမိတာပါရေးနှင့် အစိုးရအိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E.Mr. Wang Yingfan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်

မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို ထောက်ခံကြောင်း သဘောထားထုတ်ပြန်သည်။

တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် ရှီကျင့်ဖျင်ကို လွှတ်တော်အမတ်များက သမ္မတအဖြစ်ရွေးချယ်သည်။

၁၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ရှိ လန်ဂပ်ဟိုတယ်၌ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်မစ္စတာဂျွန်ကီးနှင့် တွေ့ဆုံဆွေးနွေးသည်။

ဒုတိယသမ္မတဦးဥာဏ်ထွန်းသည် ပြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်းမစ္စတာတိုနီဘလဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဦးဥာဏ်ထွန်းသည် နေပြည်တော် ဝဏ္ဏာသိဒ္ဓိမြင်းစီးအားကစားကွင်း၌ကျင်းပသည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို မြင်းစီးအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

၁၇ အီရန်နိုင်ငံသည် ပြည်တွင်း၌ထုတ်လုပ်သောဖျက်သင်္ဘောတစ်စင်းကို ကက်စ်ပီယံပင်လယ်အတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် ရေချခဲ့ကြောင်းနိုင်ငံပိုင်ရုပ်သံလိုင်းမှကြေညာသည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်းမာဒါပရာဒေ့ရှ်ပြည်နယ်၌ ခင်ပွန်းသည်နှင့်အတူ စက်ဘီးဖြင့် အပန်းဖြေခရီးထွက်လာသည့် ဆွစ်ဇာလန်နိုင်ငံသူတစ်ဦးကို အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့သည်ဟု ဝန်ခံသော အသက် ၂၀ ဝန်းကျင်အရွယ် ဒေသခံလယ်သမားအုပ်စုကို အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီဖြစ်ကြောင်း ပြောကြားသည်။

၁၈ သြစတြေးလျနေသဟာယနိုင်ငံ ကင်ဘာရာမြို့တော်၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် သြစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင် ဘရိုက်စ်အစီစီပီအိုနှင့် အစိုးရအိမ်တော်သီးသန့် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ပါလီမန်အဆောက်အအုံအတွင်းရှိ ဝန်ကြီးချုပ်ရုံး၌ သြစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မစ္စဂျူလီယာဂေးလာ့ဒ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။ ညနေပိုင်းတွင် ပါလီမန်အဆောက်အအုံ

အခန်း (MG63) ၌ အတိုက်အခံလစ်ဘရယ်ပါတီခေါင်းဆောင်တိုနီ အော့တ်နှင့်တွေ့ဆုံသည်။

၁၉ ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

သမားရိုးကျလက်နက်များကို ဥပဒေမဲ့ရောင်းဝယ်မှုအဆုံးသတ်စေမည့် နိုင်ငံတကာစာချုပ်တစ်ရပ်ပေါ်ထွန်းလာစေရန် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၅၀ ခန့်မှ ဆွေးနွေးရေးမှူးများသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် စုဝေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျမနသဟာယနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်၊

၈ နွေလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ သာမန်စျေးအရောင်းအဝယ်အချင်းများရာမှ လူအုပ်စုဖြင့် အဆောက်အအုံများ၊ စွေးဆိုင်ခန်းများ ဖျက်ဆီးမှုဖြစ်ပွားခဲ့သဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေး မပျက်ပြားစေရေးအတွက် မိတ္ထီလာမြို့၌ ပုဒ်မ (၁၄၄) ထုတ်ပြန်သည်။

၂၂ နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃) ဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း အရေးပေါ်အခြေအနေကြေညာသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြင်သစ်နိုင်ငံဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး H.E.Mr.Pascal Canfin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Google ဥက္ကဋ္ဌ Dr.Eric Schmidt နှင့် နေပြည်တော်ရှိ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇) ဖြင့် ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကို ပြဋ္ဌာန်းသည်။

တရုတ်သမ္မတသစ် ရှီကျင့်ဖျင်သည် ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ရုရှားနိုင်ငံမြို့တော်မော်စကိုသို့ရောက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၃ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ကျင်းပ၍ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးသည်။

၂၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတရုံးမိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်ရှိ ဥပဟါတသန္တိစေတီတော်သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်ကြည်ညိုး၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားသည် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် တာဝန်ရှိသူများလိုက်ပါလှုက် မိတ္ထီလာမြို့၌ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှု၍ ဒုက္ခသည်များကို အားပေးစကားပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံမြို့တော် ဘန်ဂွီတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် သူပုန်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသည်။

၂၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မစ္စတာဗီဂျေနမ်ဘီးယား

(၆၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်

ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးပြည်နယ်ဝန်ကြီးချုပ် Mr.Kris Peeters ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှုဗဟိုအဖွဲ့အစည်းအဝေး (၃/၂၀၁၃) ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ ပုဂ္ဂလိကပိုင်နေ့စဉ်ထုတ်သတင်းစာ ရှစ်စောင်ကို ဧပြီလ ၄ ရက်မှစ၍ ယာယီထုတ်ဝေခွင့် ထပ်မံခွင့်ပြုမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်သည်။

အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာတိုးတက်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တန်ဇန်းနီးယားနိုင်ငံ၏မြို့တော် ဒါရက်ဆလမ်သို့ ရောက်ရှိစဉ်ပြောကြားသည်။

၂၆ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲမဟာမင်္ဂလာ အခမ်းအနားကို နေပြည်တော်ဥပုသ်တိုတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ကြည်ညိုရှိ၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများလောင်းလှူသည်။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ ပုဒ်မ (၁၄၄) ထုတ်ပြန်သည်။

၂၇ (၆၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် တန်ဖိုးနည်းမိုဘိုင်းလ်ဖုန်း ဆင်းမ်ကတ်များရောင်းချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာအီဗန် ဂရီးဘာ့ဂ်ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယင်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးနှင့် CLMV,ACMECS ထိပ်သီးအစည်းအဝေးကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

၃၀ နိုင်ငံတော်သမ္မတရုံးမှ အာရှန့်ကြော်ငြာစာအမှတ် (၃၄/၂၀၃) ဖြင့် အရေးပေါ်ကာလ စီမံခန့်ခွဲရေး

ဗဟိုကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁၁) ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းသည်။

နိုင်ငံတော်သမ္မတ၏ အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးစင်တာတို့ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးစင်တာ၌ ကျင်းပသည်။

၃၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် မိုဘိုင်းလ်တယ်လီဖုန်း ဆင်းမ်ကတ်များရောင်းချမည့်ကိစ္စ၊ ဝန်ထမ်းများ၏ လစာနှင့်ထောက်ပံ့ကြေးကိစ္စ၊ အလုပ်သမားနှင့် တောင်သူလယ်သမားများဘဝတိုးတက်ရေးကိစ္စများကိုထည့်သွင်းပြောကြားသည်။

ဧပြီလ

၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အမိန့်ကြော်ငြာစာအမှတ် (၅၄၄/၂၀၁၃) အရ အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများကို ယင်းတို့၏လက်ရှိလစာနှုန်းအပြင် လစာကျပ် ၂၀၀၀၀ တိုးမြှင့်ခံစားခွင့်ပြုလိုက်ပြီး လက်ရှိခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေးကိုလည်း ဆက်လက်ခံစားခွင့်ပြုသည်။ ထို့အတူ လက်ရှိပင်စင်ခံစားနေသော အငြိမ်းစားများအား လက်ရှိပင်စင်လစာအပြင်တိုးမြှင့်ခွင့်ပြုသည့် လစာကျပ် ၂၀၀၀၀ ကို ပင်စင်နည်း ဥပဒေ နှင့်အညီ တွက်ချက်၍ တိုးမြှင့်ခံစားခွင့်ပြုသည်။

စင်ကာပူသမ္မတနိုင်ငံ သမ္မတဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့ကို နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်း ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံပြီး စင်ကာပူလုပ်ငန်းရှင် များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ အိုးအိမ်ဆောက်လုပ်ရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟို့လန်ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ လက်ခံတွေ့ဆုံသည်။

တောင်သူလယ်သမားများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲပြုစုရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို နေပြည်တော်လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတက်ရောက်အမှာစကားပြောကြားသည်။

ပြည်ပမီဒီယာများ နိုင်ငံအတွင်း အခြေချနေထိုင်၍သတင်းများရယူနိုင်ရန်အတွက် ဂျပန်နိုင်ငံအခြေစိုက် NHK သတင်းဌာနနှင့် အမေရိကန်အခြေစိုက် AP သတင်းဌာနတို့ကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ သတင်းဌာနရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးသည် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်ရန်စမှုများကို စစ်ရေးနည်းလမ်းဖြင့် တုံ့ပြန်သွားရန် အမိန့်ထုတ်ပြန်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ သမ္မတဒေါက်တာတိုနီတန်ကင်ယမ်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၃/၂၀၁၃) ဖြင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အမေရိကန်သမ္မတဟောင်း ကျင်မီကာတာတို့ တွေ့ဆုံဆွေးနွေးစဉ်

မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်စန်ရွှေအား ရခိုင်ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

စင်ကာပူသမ္မတနိုင်ငံ သမ္မတဒေါက်တာတိုနီတန်ကင်ယမ်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ခုတင် (၅၁၀) ဆုံ မန္တလေးကလေးဆေးရုံကြီးကိုလည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ KK ဆေးရုံအဖွဲ့က ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Paediatrie Emergency Care သင်တန်းပို့ချနေမှုကိုလည်းကောင်း၊ မြနန်းစံကျော်ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာပြီးနောက် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုသည်။

ရန်ကုန်မြို့ပိုလ်တထောင်မြို့နယ် (၁၀) ရပ်ကွက် ၄၈ လမ်း၊ ပိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြား၌ အမှတ် (၁၈၁/၁၈၃) ဆော်ဒီကီးယားရေကျော်စာသင်ကျောင်း၌ မီးလောင်မှုဖြစ်ပွားရာ စာသင်ကျောင်း၌ ကလေးငယ် ၁၃ ဦး သေဆုံးသည်။

ဆော်ဒီကီးယားရေကျော်စာသင်ကျောင်း မီးလောင်မှုနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြီး စုံစမ်းစစ်ဆေးနိုင်ရန် အဖွဲ့ဝင်ခုနစ်ဦးပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သည်။

၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် အမေရိကန်သမ္မတဟောင်း မစ္စတာကျင်မီကာတာနှင့် ဇနီးမစ္စစ်ရိုစ်လင်းန်ကာတာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး အလုပ်အကိုင်ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးဆွေးနွေးသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီက အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပြီးစီးမှုများကို သတင်းထုတ်ပြန်သည်။

ယင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr.Trond Giske ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E.Mr.Trond Giske ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မြန်မာ-နော်ဝေနှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံ

မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးနှင့် ဥပဒေပြုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Daily သတင်းစာ နိုင်ငံတကာသတင်းဌာနမှ သတင်းထောက် Ms.Li Xiaokun ကို စန်းယမြို့ရှိ MGM Grand ဟိုတယ်ညှိုခန်းမ၌ လက်ခံတွေ့ဆုံပြီး တွေ့ဆုံမေးမြန်းခန်းအတွက် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပသည့် ဘိုအောဖိုရမ် အစည်းအဝေး (Boao Forum for Asia Annual Conference 2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပသည့် ဘိုအောဖိုရမ် အစည်းအဝေး (Boao Forum for Asia Annual Conference 2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပုသိမ်မြို့ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းနှင့် စက်မှုဇုန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များကို တွေ့ဆုံကုဏ်ပြုပွဲအခမ်းအနားတွင် ကုဏ်ပြုအမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့်အာရှ ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့သာစ်နှင့် ပုဗ္ဗသီရိပြို့ဘာစ်နှစ်ခု နယ်နိမိတ်ဆုံရာအနီးရှိ စက်စက်ယိုဆည်ရေသောက်စနစ် စက်မှုလယ်ယာမြေစိုက်ကွင်းများ ဖော်ထုတ်နေမှုကို ဗြာည့်ရှုစစ်ဆေးပြီးနောက် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုအကောင်အထည်ဖော်ဆောင်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E.Dr.Wolfgang Thierse ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ သံလွင်လမ်းရှိ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် (ရန်ကုန်ရုံးခွဲ) ၌ လက်ခံတွေ့ဆုံသည်။

မာလီနိုင်ငံမှ တပ်ဖွဲ့များကို စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ပြင်သစ်စစ်ဘက်က ပြောကြားသည်။

၁၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကျာမနီနိုင်ငံ ကျာမန်ပါလီမန်

၁၀၀၃ ၂၀

ဒုတိယဥက္ကဋ္ဌ H.E.Dr. Wolfgang Thierse ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခိုင်မာရေး၊ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးအဟန့်အတားများကို ဖယ်ရှားပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံက ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇလွှာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ရန်ကုန်- ပြည်လမ်းမ လှည်းတန်းလမ်းဆုံတွင် တည်ဆောက်ခဲ့သော လှည်းတန်းခုံးကျော်တံတားကို ဖွင့်လှစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မဂ်လာခန်းမ၌ကျင်းပသည့် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆော်ဒီကီးရား ရေကျော်စာသင်ကျောင်း မီးလောင်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်များ စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇလွှာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ဒေါက်တာဦးဝင်းမြင့် ဥက္ကဋ္ဌ ပြည်ထောင်စုကြေးမုံသတင်းစာတိုက်သည် ဒေါက်တာဦးဝင်းမြင့် ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြေးမုံသတင်းစာတိုက်၏ ဆယ့်ငါးနှစ်ပြည့် အထိမ်းအမှတ်ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် (ရန်ကုန်ရုံးခွဲ) ၌ လက်ခံတွေ့ဆုံသည်။

၁၂ ဆူဒန်သမ္မတ အိုမာအယ်ဘာရှားသည် တောင်ဆူဒန်နိုင်ငံသို့ သွားရောက်၍ တောင်ဆူဒန်နိုင်ငံသမ္မတ ဆာလ်ဗာကီယာနှင့်တွေ့ဆုံကာ ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများနှင့် နယ်စပ်ပိုင်းခြား သတ်မှတ်ခြင်းဆိုင်ရာကိစ္စများကို ဆွေးနွေးသည်။

၁၃ နေပြည်တော်မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်သည် နေပြည်တော်မြို့တော်ခန်းမရှေ့မျက်နှာစာ၌ ကျင်းပသည့် ၁၃၇၅ ခုနှစ် နေပြည်တော်မဟာသင်္ကြန်ပတိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ပတိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆော်ဒီကီးရား ရေကျော်စာသင်ကျောင်း မီးလောင်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပစဉ်

၁၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အတာသင်္ကြန်နှစ်သစ်ကူးရေဒီယိုမိန့်ခွန်းပြောကြားသည်။

၁၄-၁၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည်အတာသင်္ကြန်အကျနေ့နှင့်အကြတ်နေ့များတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲသည်။

၁၅ ဗင်နီဇွဲလားနိုင်ငံ၏ သမ္မတသစ်ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဝါဒီ နီကိုလပ်စ်မာဒူရိုအနိုင်ရရှိသည်။



အီတလီသမ္မတ ဂျော်ဂီယိုနပိုလီတာနို

၂၀ အီတလီသမ္မတဂျော်ဂီယိုနပိုလီတာနိုသည် ဒုတိယအကြိမ်သမ္မတရာထူးသက်တမ်း၌ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၂၂ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးနိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr.Ricardo Cateb Cury ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဥရောပသမဂ္ဂနိုင်ငံများကမြန်မာနိုင်ငံကို ၁၆ နှစ်ကြာ ချမှတ်ထားသည့် စီးပွားရေးပိတ်ပင် ကန့်သတ်ခြင်းအားလုံးရုပ်သိမ်းကြောင်းကို လူဇင်ဘတ်နိုင်ငံ၌ ကျင်းပသည့် ဥရောပသမဂ္ဂနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ဆုံးဖြတ်သည်။

International Crisis Group မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ငြိမ်းချမ်းရေးဆုချီးမြှင့်ရာ နိုင်ငံတော်သမ္မတ ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ သွားရောက်လက်ခံရယူသည်။

၂၃ နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစွစ်ပတ်ဂွမ်ဟေးနှင့် သမ္မတအိမ်တော်၌ တွေ့ဆုံသည်။

၂၄ (၂၂) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ ရှိ ဝန်ကြီးချုပ်ရုံး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေးသည်။

ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစွစ်ပတ်ဂွမ်ဟေးနှင့် သမ္မတအိမ်တော်၌ တွေ့ဆုံသည်။

၂၆ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် Asia Group ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာကတ်ကမ်းဘဲလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၂၇ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon.John Joseph Hogg ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။

၂၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကျင်းပသည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေးသို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူ သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Dr. Ng Eng Hen ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံပြီး လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကဏ္ဍများအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမှုန်းသားအဆင့်ပို့ကုန် မဟာဗျူဟာ ရေးဆွဲခြင်းလုပ်ငန်းစီမံချက်ဖွင့်ပွဲအခမ်းအနားနှင့်ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

၃ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ကျင်းပသည့် တက္ကသိုလ် ပညာရေးအဖွဲ့များကောင်စီ (၁/၂၀၁၃) အစည်းအဝေးနှင့် တက္ကသိုလ်များ ဗဟိုကောင်စီ (၁/၂၀၁၃) အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယူနက်စကိုမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားကို ရန်ကုန်မြို့အလံပြဘုရားလမ်းရှိ ပါခ်ရွှိုင်ရယ်ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည် တက်ရောက်သည်။

၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများသို့ ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအကြောင်း ရေဒီယိုမိန့်ခွန်းပြောကြားသည်။

တက်ရောက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အရှေ့တီမောဝန်ကြီးချုပ် H.E.Mr.San Gliasson၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် Mr.Jan Eliasson နှင့် ESCAP အမှုဆောင်အတွင်းရေးမှူး Dr.Neoleen Heyzer တို့အား ထိုင်းနိုင်ငံရှိ ESCAP အဆောက်အအုံဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသည်။

ကျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇို အာဘေးသည် ရုရှားနိုင်ငံမော်စကိုမြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိပြီး ရုရှားနိုင်ငံနှင့် ဆက်ဆံရေးပြန်လည် အသက်သွင်းရန်ကတိကဝတ်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇူလိုင်

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများသို့ ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအကြောင်း ရေဒီယိုမိန့်ခွန်းပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကို နှုတ်ဆက်စဉ်

၄ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ အမျိုးသားသတင်းဆုကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆုခချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားသမ္မတ Taskhiagiin ၏ ဖိတ်ကြားချက်အရ ဧပြီလ ၂၇ ရက်တွင် မွန်ဂိုလီးယားနိုင်ငံသို့သွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) တို့က မြန်မာနိုင်ငံက ရည်မှန်းချက်ထားဖော်ဆောင်နေသည့် ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ရန် ထောက်ခံအားပေးသည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ တောင်သူပညာပေးကော ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

လစ်ဗျာနိုင်ငံတွင် ပိုလ်မှူးကြီးမွမ်မာကဒါဖီ လက်ထက်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိများကို လက်ရှိအစိုးရလုံးများ၌ တာဝန်ထမ်းဆောင်ခြင်းမှ တားမြစ်ပိတ်ပင်သော ဥပဒေကို ပါလီမန်က အတည်ပြုသည်။

၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းရေးကော်မရှင်အစီရင်ခံစာနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်ရုံးခွဲ (ရန်ကုန်) ၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လွှတ်တော်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

၇ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E.General Chaovalit Yongchaiyudh ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ဆွေးနွေးသည်။

၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံနားလည်မှုစာချုန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်မည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် UNODC တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များကို သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံပြီး မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃) ဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လက်ကျန်နိုင်ငံရေး အကျဉ်းသားများ

စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၉ ဦးဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ စိစစ်ကြပ်မတ်ခြင်း၊ အကြံပြုခြင်းများဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ကိုးဦးပါဝင်သော အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ကို အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၃) ဖြင့် ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာသည်။

၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ကောင်စီ နယ်မြေဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ်ဧက ၃၀၀၀ စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးနွေစပါးများ စိုက်ပျိုးပြီးစီးမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးသည်။

၁၀ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ JX Holdings, JX Inc., Nippon Oil & Energy Corporation ဥက္ကဋ္ဌ Mr.Yasushi Kimura ဦးဆောင်သောအဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ဦးဆောင်သည့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် 'ဝ' အထူးဒေသ (၂) ပန်ဆန်းမြို့သို့ရောက်ရှိကြပြီး ပြည်သူ့ခန်းမ၌ 'ဝ' ပြည်သွေးစည်း ညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးရှောင်းမိလှဲနှင့် ဦးပေါက်ယိုရဦးဆောင်သော အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ 'ဝ' ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲတိုးတက်အောင် ဆောင်ရွက်နိုင်ရေးဆွေးနွေးကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားဝက်ဘ်ဆိုက် တင်ထားပြီးဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းထုတ်ပြန်သည်။

၁၁ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်တိုးပင်ကျေးရွာအနီးရှိ မိချောင်းရဲဘက်ကမ်းနှင့် မလွန်ဘက်ကမ်းသို့ ဆက်သွယ်တည်ဆောက်ထားသည့် ဧရာဝတီတံတား (မလွန်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များသည် တန့်ယန်းတပ်နယ် ရန်အောင်မြင်ခန်းမ၌ SSPP/SSA အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစဝ်ခေးတိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံသည်။

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်း မဟာစင် (MAHASEN) အဖြစ်သို့ရောက်ရှိခဲ့ပြီး မုန်တိုင်းအရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနသာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းကျရောက်နိုင်ပြီး တစ်နာရီမိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

၁၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မန္တလေးမြို့ အမျိုးသားကဏ္ဍတ်ရုံ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၃ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်းမဟာစင်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရခိုင်ကမ်းရိုးတန်းနှင့်မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်ရှိ ပြည်သူများအနေဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ အမြန်ဆုံးပြောင်းရွှေ့ထားရန် ညွှန်ကြားထားကြောင်းနှင့် အထောက်အကူပြုအဖွဲ့များဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက် (၈/၂၀၁၃) ဖြင့် ထုတ်ပြန်ကြေညာသည်။

၁၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆိုင်ကလုန်းမုန်တိုင်း မဟာစင်နှင့်ပတ်သက်သည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမှာစကားပြောကြားသည်။

နိုင်ငံတော် သမ္မတရုံးမှ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၃) ထုတ်ပြန်သည်။

နိုင်ငံတော်သမ္မတရုံးက ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၃) ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးက အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃) ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော အာကာသစခန်းယာဉ်ဖြစ်သည့် စကိုင်းလက်ဘ် (Skylab) လွှတ်တင်ခဲ့မှု နှစ် (၄၀) ပြည့်မြောက်သည်။

၁၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့သွားရောက်မည့် ကိစ္စနှင့်စပ်လျဉ်း၍ မေလ ၂၀ ရက်တွင် အိမ်ဖြူတော်၌ ကြိုဆိုလက်ခံမည်ဖြစ်ကြောင်း အပါအဝင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအတွင်းရေးမှူးရုံးမှ သတင်းထုတ်ပြန်သည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဩစတြေးလျနိုင်ငံ Curtin တက္ကသိုလ်မှပါမောက္ခ Andris Stelbovic ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော် သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံကာ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာတော်သင်စေလွှတ်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယကာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ သာသနာ့ဝိဓိမာန်ဖွင့်ပွဲသို့ တက်ရောက်သည်။

၁၆ မြန်မာ့လေကြောင်းပိုင် MA-60 အမျိုးအစားလေယာဉ်အမှတ် XY-AIQ သည် မိုင်းဆတ် လေယာဉ်ကွင်းသို့ဆင်းသက်စဉ် ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ပြီး ခရီးသည်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိသည်။

ဆိုင်ကလုန်းမုန်တိုင်း မဟာစင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း သာမန်လေပြင်းတိုက်ခတ်ကာ မိုးရွာသွန်းမှုအခြေအနေသာဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်တွင် မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မိုင်းထောင်သူမှာ မိုင်းထောင်ရန်ကြိုးစားစဉ် မိုင်းပေါက်ကွဲပြီး သေဆုံးသည်ဟု ယူဆရကြောင်း ပြည်တွင်းသတင်းမီဒီယာများက ဖော်ပြသည်။

၁၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလုပ်သဘော ခရီးသွားရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသည်။

၁၈ (၆၅) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာ



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားတို့ တွေ့ဆုံဆွေးနွေးစဉ်

စိုင်းမောက်ခမ်းနှင့် ဇနီးတို့ တက်ရောက်ကြည်ညိုသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ကျင်းပမည့် ဒုတိယ အကြိမ်အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးနှင့် ဘန်ကောက်မြို့၌ ကျင်းပမည့် (၁၀) ကြိမ်မြောက်ကုလသမဂ္ဂ ဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ချင်းမိုင်သို့ ထွက်ခွာသည်။

၁၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Season Hotel ၌ CNN သတင်းဌာနမှ နိုင်ငံတကာရေးရာသတင်းထောက်ချုပ် Mrs. Chiristiane Amanpour ဝါရှင်တန်ပို့စ်သတင်းစာမှအယ်ဒီတာ Mr.Fred Hiatt နိုင်ငံရေးဆိုင်ရာသတင်းထောက် Mrs.Anne Gearan တို့ကို လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိအမေရိကန်ပြည်ထောင်စု ပထမဆုံးသမ္မတ ဂျော့ရှ်ဝါရှင်တန်၏ အိမ်တော်ရှိရာ မောင့်ဗာနွန် (Mt.Vernon) ဥယျာဉ်နှင့် သဘာဝသမိုင်းအမှီးသား ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး အမေရိကန်အသံ (VOA) အဆောက်အအုံ၌ မြန်မာအသိုင်းအဝိုင်းနှင့် တွေ့ဆုံသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် ဆီးရီးယားသူပုန်တို့၏ အမာခံမြို့ဖြစ်သည့် ကိုဆာမြို့ဝန်းကျင်တွင် ဦးတည်ရာလမ်းကြောင်း များစွာမှ ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း အစိုးရပိုင်ရုပ်သံမှ ထုတ်လွှင့်သည်ဟု ဘီဘီစီသတင်းဌာနမှ ဖော်ပြသည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်သို့သွားရောက်၍ အမေရိကန် ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားနှင့်တွေ့ဆုံဆွေးနွေးပြီး ညနေပိုင်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း (John Hopkins) တက္ကသိုလ်သို့ သွားရောက် မိန့်ခွန်းပြောကြားသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကို လွှတ်တော်အဆောက်အအုံ၌ကျင်းပခဲ့ပြီး အဆိုနှစ်ခုတင်သွင်းခြင်းနှင့် ကော်မရှင်တစ်ခုဖွဲ့စည်းခြင်းအပေါ် အတည်ပြုခြင်းတို့ကို ဆောင်ရွက်သည်။ အထူးအစည်းအဝေးခေါ်ယူကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ရှင်းလင်းပြောကြားသည်။

အမျှားပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် အမျှားပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

မိတ္ထီလာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် အခြေအနေများဖြစ်ပေါ်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ သဝဏ်လွှာပေးပို့ခဲ့သောကြောင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူကျင်းပသည်။

၂၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ကွန်ဂရက်၌ အထက်လွှတ်တော်အမတ်များနှင့် တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဝါရှင်တန်မြို့လွှတ်တော်

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစွတာရှင်ဇိုအာဘေးသန်လျင်မြို့နယ် လက်ယက်စမ်းအခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိစဉ်

အဆောက်အအုံ၌ လွတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော အောက်လွတ်တော် အမတ်များနှင့် တွေ့ဆုံသည်။

၂၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောသွားရောက်ခဲ့သော ခရီးစဉ်မှ ပြန်လည်ရောက်ရှိသည်။ ယင်းခရီးစဉ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယကအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစွတာဖိလစ်ပိုလွန်ဘာဒီ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

၂၃ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကို နိုင်ငံတကာရေးရာဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်အဖွဲ့ (NDI) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Dr. Richard A.Nuccio သည် အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

၂၄ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစွတာရှင်ဇိုအာဘေးနှင့်ဇနီး မစွန်အာကီအာဘေးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၂၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် မစွတာရှင်ဇိုအာဘေးနှင့်ဇနီး မစွန်အာကီအာဘေးတို့အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ရေဝေးရှိ ဂျပန်သုသာန်၊ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တို့သို့ ရောက်ရှိသည်။

၂၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံမှု၊ နှစ်နိုင်ငံကြီးပွားချမ်းသာရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်းနှင့် ယဉ်ကျေးမှုဖလှယ်မှုတိုးမြှင့်ရေး၊ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုခိုင်မာလာစေရေးခေါင်းစဉ်များပါဝင်သည့် မြန်မာ-ဂျပန် ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်အတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေဂျပန်ယန်း ၅၁ ဒသမ ၀၅၂ ဘီလီယံပေးအပ်ရေးနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကြွေးလျော်ပေးသည့် ၆၀ ရာခိုင်နှုန်းအနက် ကြွေးလျော်ရန်ကျန်ရှိသည့် နောက်ကျကြွေး ဂျပန်ယန်း ၁၇၆ ဒသမ ၁ ဘီလီယံကို ကြွေးလျော်ပေးရေးလဲလှယ်မှုစာချွန်လွှာများ

သမ္မတဦးသိန်းစိန်တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် KIO တို့ သည် ပစ်ခတ်တိုက်ခိုက်မှုများ လျော့ချရပ်ဆိုင်းနိုင်ရန်နှင့် ထာဝရ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အတွက် ငြိမ်းချမ်းရေးသဘော တူညီချက်ကို လက်မှတ်ရေးထိုးသည်။

ဇွန်လ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းမှ နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကို တွေ့ဆုံမှာကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်မြို့ သံလွင်လမ်းရှိ လွှတ်တော်ရုံးခွဲ၌ ကျင်းပသည့် မြန်မာနိုင်ငံအင်ဂျင် နီယာကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာ စကားပြောကြား သည်။

ကွာမနီနိုင်ငံ အာဆီယံဆိုင်ရာ ပါလီမန်ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသောမတ်ဂမ်ကေ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဘရှိန်ခေါင်းဆောင်သော လွှတ် တော်ကိုယ်စားလှယ်အဖွဲ့သည် ကွာမနီ နိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာ သည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

၂၈ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ ကျင်းပသည့် ထိုင်းဘုရင်မင်းမြတ်က ပေးအပ်ခြီးမြှင့်သော တော်ဝင်ဘွဲ့ တံဆိပ်ပေးအပ်ခြီးမြှင့်ခြင်း အခမ်း အနားသို့ တက်ရောက်၍ တော်ဝင် ဘွဲ့တံဆိပ်ကို လက်ခံရယူသည်။

ရှမ်းပြည်နယ် လားရှိုးမြို့၌ ရာဇဝတ်မှုတစ်ခုမှ စတင်၍ လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်များ ဖြစ်ပွားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ခေါင်းဆောင်သောကိုယ်စားလှယ် အဖွဲ့နှင့် ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော် ခေါင်းဆောင်သော KIO ကိုယ်စား လှယ်အဖွဲ့တို့သည် ကချင်ပြည်နယ်မြစ် ကြီးနားမြို့ မဂ္ဂယ်ခန်းမ၌ တွေ့ဆုံ ဆွေးနွေးသည်။

၂၉ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း သည် နယ်သာလန်နိုင်ငံ အခြေခံ အဆောက်အအုံနှင့် ပတ်ဝန်း ကျင်ဆိုင်ရာ ဝန်ကြီး H.E.Ms. M.H.Schultzvan Haegen-Maas Geesteranus ဦးဆောင်သော ကိုယ် စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း သည် ကမ္ဘာဘဏ်အရှေ့တောင်အာရှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍခွဲ မန်နေဂျာ မစွဂျူလီယာ ဖရေဆာဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက ၁၄-၅-၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ရန်ကုန်မြို့တော်အမှားပြည် သူ့သယ်ယူပို့ဆောင်ရေး အာဏာ ပိုင်အဖွဲ့ ဖွဲ့စည်းသည့် အမိန့် ကြော်ငြာစာအမှတ် (၄၇/ ၂၀၁၃) ကို ပယ်ဖျက်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သောအဖွဲ့သည် KIO မှ ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော် ခေါင်း ဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြစ်ကြီးနားမြို့ မနောကွင်းအနီးရှိ ဧည့်ခန်းမ၌ တပ်ဗိုဝင်းဆိုင်ရာ ကိစ္စရပ်များကို သီးခြားတွေ့ဆုံ ဆွေးနွေးသည်။

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထွတ်ပေါ် သို့လူသား ခြေချနိုင်မှု နှစ် (၆၀) ပြည့် အထိမ်း အမှတ်အခမ်းအနားကို နိုင်ငံ တကာမှတောင်တက်သမားများပါဝင် တက်ရောက်ဆင်နွှဲသည်။

၃၀ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးကို နိုင်ငံတော်သမ္မတရုံးရှိ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်

၂ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာနိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းထောင့် ရှိ သမဝါယမစီးပွားရေးဗဟိုဌာနအဆောက်အအုံဖွင့်ပွဲနှင့်စတုတ္ထ အကြိမ်သစ်သားပန်းပုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းအတွေ့အကြုံများ မျှဝေရေးနှင့် လူသားစွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စစ်မဒလင်းအောလ်ဘရိုက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့် မစ္စစ်မဒလင်းအောလ်ဘရိုက်

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချက်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အမျိုးသားဒီမိုကရေစီအဖွဲ့အစည်း (NDI) ဥက္ကဋ္ဌ မစ္စစ်မဒလင်းအောလ်ဘရိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့အစည်းဥက္ကဋ္ဌ မစ္စစ်မဒလင်းအောလ်ဘရိုက် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိပိမာန်၌ ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆာဒေးဗစ်ရစ်ချက်ကို လက်ခံတွေ့ဆုံသည်။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးများ ဇူလိုင်လ ၁ ရက်တွင် ကျင်းပရန် ခေါ်ယူကြောင်း ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့အစည်း (NDI) ဥက္ကဋ္ဌမစ္စစ်မဒလင်းအောလ်ဘရိုက်ဦးဆောင်သောအဖွဲ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် အမေရိကန်ခရီးစဉ်၌ သမ္မတအိုဘားမားအပါအဝင် အစိုးရလွှတ်တော်ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်များအတွင်း အခက်အခဲများ၊

၂ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာနိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းထောင့် ရှိ သမဝါယမစီးပွားရေးဗဟိုဌာနအဆောက်အအုံဖွင့်ပွဲနှင့်စတုတ္ထ အကြိမ်သစ်သားပန်းပုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းအတွေ့အကြုံများ မျှဝေရေးနှင့် လူသားစွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စစ်မဒလင်းအောလ်ဘရိုက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချက်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အမျိုးသားဒီမိုကရေစီအဖွဲ့အစည်း (NDI) ဥက္ကဋ္ဌ မစ္စစ်မဒလင်းအောလ်ဘရိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့အစည်းဥက္ကဋ္ဌ မစ္စစ်မဒလင်းအောလ်ဘရိုက် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိပိမာန်၌ ဗြိတိန်နိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆာဒေးဗစ်ရစ်ချက်ကို လက်ခံတွေ့ဆုံသည်။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးများ ဇူလိုင်လ ၁ ရက်တွင် ကျင်းပရန် ခေါ်ယူကြောင်း ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့အစည်း (NDI) ဥက္ကဋ္ဌမစ္စစ်မဒလင်းအောလ်ဘရိုက်ဦးဆောင်သောအဖွဲ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် အမေရိကန်ခရီးစဉ်၌ သမ္မတအိုဘားမားအပါအဝင် အစိုးရလွှတ်တော်ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်များအတွင်း အခက်အခဲများ၊

စိန်ခေါ်မှုများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားနိုင်ရေးအတွက် ယုံကြည်မှု တည်ဆောက်ရေးကိစ္စများကိုလည်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေး၏ မြန်မာနိုင်ငံခရီးစဉ်တွင် မိမိတို့ နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံ၏ အားပေးထောက်ခံမှုကို ပြသခဲ့ကြောင်း၊ မဟာစင်မုန်တိုင်းသတင်းနှင့်ပတ်သက်၍ အရေးပေါ်ကာကွယ်စောင့်ရှောက်မှုများပြုလုပ်နိုင်ဖို့ ကြိုတင်ပြင်ဆင်နိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် KIO တို့ သည်ပစ်ခတ်တိုက်ခိုက်မှုများ လျော့ချရပ်ဆိုင်းရန်နှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးသဘောတူညီချက် ခုနစ်ချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃) ဖြင့် အနည်းဆုံးအခကြေးငွေဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်သည်။

နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ် စိမံခန့်ခွဲမှုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတဦးဉာဏ်ထွန်း အမှာစကားပြောကြားသည်။

ဆီးရိုးယားနိုင်ငံ၌ လက်နက်အဖြစ်ဓာတုပစ္စည်းများကို အသုံးပြုသည်ဟု ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးမှူးများက ယုံကြည်ယူဆကြောင်း အစီရင်ခံစာကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၂) ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ကမ္ဘာ့လူငယ်ခေါင်းဆောင်များကို နိုင်ငံတော်သမ္မတအိမ်တော်၌တွေ့ဆုံ၍ မိန့်ခွန်းပြောကြားသည်။

မြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ဖန်တီးခြင်း၊ အာဆီယံပေါင်းစည်းရေးကို အရှိန်မြှင့်တင်ခြင်း၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများအတွက် အခြေခံအချက်များသတ်မှတ်ခြင်း ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်အကြို ဆွေးနွေးပွဲများကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အဖွဲ့ခွဲကျင်းပသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၂) ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တည်ထောင်သူနှင့် အမှုဆောင်ဥက္ကဋ္ဌ Professor Klaus Schwab ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုထိရောက်မှုရှိစေရန်၊ စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍာ ပိုမိုတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်ရွယ်၍ အမေရိကန် အခြေစိုက် General Electric လျှပ်စစ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ခုနစ်သန်းထောက်ပံ့ပေးအပ်မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

၆ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ ဖွင့်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ပြုလုပ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၂) ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရောက်ရှိနေသည့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစွတာ သွန်ဆင်းသမာဗောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ မြန်မာ-လာအို ချစ်ကြည်ရေးတံတားတည်ဆောက်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

ကမ္ဘာအရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်လူငယ်များနှင့် တွေ့ဆုံနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နေပြည်တော်ရှိ MICC ခန်းမ၌ ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ မှ မြန်မာနိုင်ငံရှိ စွမ်းအင် ကဏ္ဍာပြုပြင်ပြောင်းလဲရေးနှင့် ရှေ့လုပ်ငန်းဖော်ဆောင်မှုများအတွက် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် အကြို ဆွေးနွေးပွဲအဖြစ် အပြန်အလှန် ဆွေးနွေးပွဲတစ်ရပ်ကျင်းပရာ သမ္မတ ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်း လဲရေးဆောင်ရွက်နေမှုများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး၊ ပွင့်လင်း မြင်သာမှုရှိရေး၊ တိုင်းရင်းသားစည်း လုံးညီညွတ်ရေး၊ ဆင်းရဲမှုလျှော့ချ ရေး၊ မိဒီယာလွတ်လပ်ခွင့်၊ လာဘ်ပေး လာဘ်ယူကင်းရှင်းရေး၊ ရခိုင် ပြည်နယ်အရေးကိစ္စနှင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဦး ဆောင်ဆွေးနွေးကြသည်။

ပထမအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၁) ကြိမ်မြောက် ကူမင်းပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်း မြို့၌ ကျင်းပသည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန ဧည့်ခန်းမ၌ ကမ္ဘာ့စီးပွား ရေးဖိုရမ်သို့ တက်ရောက်လာသည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင် ၄၀ ခန့် တက်ရောက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန စုပေါင်းခန်းမ၌ပြုလုပ် သည့် အထူးစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။ ယင်းဆွေးနွေး ပွဲသို့ ဖိလစ်ပိုင်သမ္မတ Benigno Simeon Aquino နှင့် ကမ္ဘာ့စီးပွားရေး ဖိုရမ် ၂၀၁၃ ၏ သဘာပတိ Klaus Schwab တို့တက်ရောက်သည်။

အကြို ဆွေးနွေးပွဲများ အပါ အဝင် သုံးရက်ကြာ ကျင်းပခဲ့သည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေး ဖိုရမ် ၂၀၁၃ ကျင်းပပြီးစီးသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးရေးစီမံကိန်း အတွက် ဂျပန်နိုင်ငံမှ တရားဝင် ဖွံ့ဖြိုးမှု အကူအညီချေးငွေဆိုင်ရာ လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်း အနားကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

၈ အမေရိကန်ကွန်ဂရက် ဥက္ကဋ္ဌ H.E.John A.Boehner နှင့် အမေရိကန် ပြည်ထောင်စုအစိုးရတို့၏ ဖိတ်ကြား ချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

၉ စင်ကာပူနိုင်ငံ၌ ဇွန်လ ၁၀ ရက် မှ ၁၂ ရက်အထိ ကျင်းပမည့် နိုင်ငံ တကာကုန်သွယ်မှုနှင့် ပတ်သက် သည့် WTO-TFCTN ပါလီမန် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ရန် အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည် ခေါင်း ဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ စင်ကာပူနိုင်ငံသို့ထွက်ခွာသည်။

ရိကန်ကွန်ဂရက် အဆောက်အအုံ၌ အတိုက်အခံခေါင်းဆောင် အထက်လွှတ်တော်အမတ် မစ်ချ်မက်ကွန်နဲလ်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဝေးလံသီခေါင်သော ကျွန်းများကို ပြန်လည်သိမ်းပိုက်သည့် စစ်ရေးလှေကျင့်မှုတစ်ရပ်ကို ကျပန်နှင့် အမေရိကန်တပ်ဖွဲ့များ စတင်ပြုလုပ်ကြောင်း ကျပန်အစိုးရအဖွဲ့ကပြောကြားသည်။

ဂရိနိုင်ငံရှိ နိုင်ငံပိုင် ရေဒီယိုနှင့်ရုပ်မြင်သံကြား ကော်ပိုရေးရှင်း (အီးအာရ်တီ)၏ ထုတ်လွှင့်မှု လုပ်ငန်းများကို ဆိုင်းငံ့ထားရန် အစိုးရက ညွှန်ကြားပြီးနောက် အလုပ်မှယာယီရပ်နားခံရသော အလုပ်သမားများကယင်းကော်ပိုရေးရှင်းစစ်ဌာနချုပ်အဆောက်အအုံကိုသိမ်းပိုက်ကာ ဆန္ဒပြခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

၁၂ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr.Ashok Nigam နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

၁၂-၁၃ မလေးရှားနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဇင်ယော်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းခေါင်းဆောင်သည့် အထူးကိုယ်စားလှယ်အဖွဲ့သည် မြန်မာအလုပ်သမားများနှင့် ၁၂ ရက်တွင်

၁၁ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ် Admiral Surasak Rounroengrom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌လက်ခံတွေ့ဆုံသည်။

မလေးရှား နိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအတွက် လေယာဉ်လက်မှတ်ခကို ၅၀ ရာခိုင်နှုန်းလျှော့ချပေးပြီး ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ၎င်းလ ၁၂ ရက်မှ ၎င်းလိုင်လ ၁၂ ရက်အထိ ပျံသန်းပြေးဆွဲပေးမည်ဟု အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) က ကြေညာသည်။

ရှမ်းပြည်နယ် လားရှိုးမြို့၌ မေလ ၂၈ ရက်က မအေးအေးဝင်း (၂၄) နှစ်ကို လားရှိုးမြို့ သိန်းနီလမ်းမကြီးဘေး၌ မာတ်ဆီလောင်းမီးရှို့ခဲ့သဖြင့် ရင်ဘတ်၊ ကျောနှင့် ယာလက်တို့တွင် မီးလောင်ဒဏ်ရာရရှိစေခဲ့မှု၊ တရားခံကို ဖမ်းဆီးစဉ် WY စာတန်းပါ စိတ်ကြွဆေးပြားနှစ်ပြား ဖမ်းဆီးရမိမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့ဖြင့် လားရှိုးမြို့နယ်တရားရုံးက တရားခံနေဝင်း (၄၈) နှစ်ကိုထောင်ဒဏ် စုစုပေါင်း ၂၆ နှစ် ချမှတ်သည်။

အမေရိကန်ကွန်ဂရက်ဥက္ကဋ္ဌ Hon.Mr.John A Boehner နှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့၏ ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေ

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ ပြိတိသျှစစ်စခန်း၌ ချုပ်နှောင်ထားသည့်စစ်အကျဉ်းသား ၈၀ ကျော်ကို သီတင်းနှစ်ပတ်အတွင်း လွှဲပြောင်းပေးရန် သမ္မတဟာမစ်ကာဇိုင်းကတောင်းဆိုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ရှိ ဦးယွက်စစ်နှင့် အဖွဲ့ဝင်များကို နေပြည်တော်ရှိ တောင်သူပညာပေးဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဦးယွက်စစ်နှင့် အဖွဲ့ဝင်များကို နေပြည်တော်ရှိ ရတနာသီဃ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ရှိ ဦးယွက်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးပွဲကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပြီး၊ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ၁၃ ရက်တွင် တွေ့ဆုံသည်။

မြန်မာနိုင်ငံမှ EU နိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်ပစ္စည်းများကို (လက်နက်ခဲယမ်းမီးကျောက်များမှ အပ) GSP ကင်းလွတ်ခွင့်ပြုသည်။

၁၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဟောင်းနှင့် အမေရိကန်နိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးဟောင်း Dr.Paul Wolfowitz ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ရွှေးကောက်တင်မြောက်ပုံ စနစ်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီအဖွဲ့၏ တင်ပြချက်အပေါ် ပြည်ထောင်စု ရွှေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့် အတူ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ဌာနချုပ်၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UNOHCHR) ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ရုံးခွဲဌာနေကိုယ်စားလှယ် Ms.Matilda Bogner ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် အစည်းအဝေးဆောင်၌ လက်ခံတွေ့ဆုံသည်။

၁၅ နေပြည်တော်မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်သည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းကို ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E.Mr.Niwattumrong Boonsongpasisan နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Pongsak Paktapongplsan တို့ကဘန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ဇွန်လ ၁၃ ရက်မှ ၁၄ ရက်ထိ ကျင်းပခဲ့သည့် အရှေ့အာရှနှင့် လက်တင်အမေရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ခြောက်ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာသံရုံး၏ စီစဉ်ပေးမှုဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသားရွှေပြောင်းလုပ်သား ၉၄ ဦး MAI လေကြောင်းဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အဲပုဂံနှင့်အေးရှားဝင်းစ်လေကြောင်းလိုင်းတို့က ဇာတိနေရပ်သို့ အချိန်နှင့်တစ်ပြေးညီပြန်နိုင်စေရန် လေယာဉ်လက်မှတ်များ အခမဲ့ပံ့ပိုးကူညီသည်။

NATO ဦးဆောင်သော တပ်ဖွဲ့များက အာဖဂန် ပြည်တွင်းစစ်တွင် ၁၂ နှစ်တာပါဝင်ပတ်သက်ခဲ့ပြီးနောက် ၎င်းတပ်ဖွဲ့များရုပ်သိမ်းသွားချိန်တွင် လုံခြုံရေးတာဝန်များကို အာဖဂန်တပ်ဖွဲ့များက လွှဲပြောင်း

ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမားများကို ရန်ကုန်လေဆိပ်တွင် တွေ့ရစဉ်

ရယူတော့မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နီပေါနိုင်ငံ၌ ၂၀၀၈ ခုနှစ်တွင် ဘုရင်စနစ်ကို ဖျက်သိမ်းလိုက်ပြီးနောက် ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်လျက်ရှိကြောင်းဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဗြိတိန်နိုင်ငံအတွင်း အခွန်လျှို့ဝှက်မှုများကို ဖယ်ရှားရှင်းလင်းမည်ဟု ကတိပြုကြောင်း သတင်းများက ဖော်ပြသည်။

ဆီးရီးယားပဋိပက္ခကို အကြောင်းပြု၍ တိုက်ခိုက်မှုများကျယ်ပြန့်လာမည့်အလားအလာများဖြစ်ပေါ်နေချိန်တွင် ဂိုလန်ကုန်းမြင့်ဒေသရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို ကာကွယ်စောင့်ရှောက်ပေးရန် ကုလသမဂ္ဂအကြီးအကဲဘန်ကီမွန်းက တိုက်တွန်းကြောင်းဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၁၆ ဒုတိယသမ္မတ ဦးဘက်ထွန်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Rayong ပြည်နယ်ရှိ Map Ta Phut စက်မှုဇုန်၊ Chonburi ပြည်နယ်ရှိ Amata City နှင့် Amata Nakorn စက်မှုဇုန်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အီရန်သမ္မတရွေးကောက်ပွဲတွင် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သူ အလယ်အလတ်ဝါဒီဟက်ဆန်ရိုဟာနီက မဲအရေအတွက် ၏ ၅၀ ဒသမ ၇၁ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။

၁၇ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးဘက်ထွန်းသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Grand Hyatt Erawon ဟိုတယ်၌ ကျင်းပသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယအကြိမ် မြန်မာ-ထိုင်းအဆင့်မြင့်ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၄/၂၀၁၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၃-၆-၂၀၁၃ ရက်ထုတ် The Daily Eleven သတင်းစာတွင် "၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို အစိုးရက ပြင်ဆင်ရေးဆွဲကာ လွှတ်တော်သို့တင်ရန် စီစဉ်နေပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အများစု ကန့်ကွက်မည်" ဟု ဖော်ပြထားသည့် သတင်းနှင့် စပ်လျဉ်း၍ မှားယွင်းသော သတင်းထုတ်ပြန်ချက်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာရွှေပြောင်းလုပ်သား ၂၅ ဦး ထပ်မံရောက်ရှိသည်။

၁၈ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းအတွက် လှူဒါန်းသည့်အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများ ဖြစ်ကြသည့် ဆွီဒင်နိုင်ငံ Tetra Laval ကုမ္ပဏီဥက္ကဋ္ဌနှင့် ယင်းကုမ္ပဏီအောက်ရှိကုမ္ပဏီတို့မှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ CP Meiji ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် MK ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို တွေ့ဆုံနှုတ်ဆက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ပင်းရှင်းဗဟိုဌာနမှ ကျင်းပသည့် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဒုတိယကမ္ဘာစစ်ကာလက ဂျူးလူမျိုးများကို ပြည်နှင်ဒဏ်ပေးရာတွင် အားပေးအားမြှောက်ပြုကူညီခဲ့သူအဖြစ် နာဇီဝါဒီများဖမ်းဆီးရေးဌာန Wiesenthal စင်တာ၏ အလိုရှိဆုံးပုဂ္ဂိုလ် ဟန်ဂေရီနိုင်ငံသားလက်ဇ်လို ဆက်ထရီအသက် (၉၈) နှစ်ကို ဘူဒါပက်ရှေ့နေရုံးက တရားစွဲဆိုသည်။

၁၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဒုတိယ

ဝန်ကြီးချုပ်နှင့် မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Hyun Oh-seok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Somsak Kiatsuranont ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းပါလီမန်ဥက္ကဋ္ဌ နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Somsak Kiatsuranont ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို အမျိုးသားလွှတ်တော်အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကျန်ရှိနေသေးသော တားမြစ်ကန့်သတ်ချက်များအားလုံးကို ရုပ်သိမ်းပေးခဲ့ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့၏ ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကယားပြည်နယ်လွိုင်ကော်မြို့ နယ်မြေခံတပ်နယ်ခန်းမ၌ ကျင်းပသည်။

ဇွန်လ ၁၇-၁၈ ရက်များတွင် နေပြည်တော်၌ ကျင်းပခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် အီးယူပြင်ပဆက်ဆံရေးဌာနမှ လုပ်ငန်းဌာနအကြီးအကဲ Mr.David O'Sullivan တို့ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ပထမအကြိမ် မြန်မာ-အီးယူ ဖိုရမ်ကပူးတွဲကြေညာချက် ထုတ်ပြန်သည်။

၂၀ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့်အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Somsak Kiatsuranont ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ သံလွင်လမ်းရှိလွှတ်တော်ရုံးခွဲ (ရန်ကုန်) ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ဇွန်လ ၁၉ ရက်မှ ၂၀ ရက်အထိ လွိုင်ကော်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သော ဆွေးနွေးပွဲမှ သဘောတူညီချက် (၈) ချက်ကို ထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆင်းရဲနွမ်းပါးသူ အရေအတွက်သည် ဆယ်စုနှစ်တစ်စုကျော်တွင် သိသာစွာကျဆင်းလာကြောင်း ကမ္ဘာ့ဘဏ်မှ အစီရင်ခံစာထုတ်ပြန်သည်။

၂၁ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် ဆိုဘာသဲကျေးရွာ၌ ကျင်းပသည့် (၁၃၈) ကြိမ်မြောက် ကရင်နီအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ကမ္ဘာလုံးဆိုင်ရာ ဆင်စွယ်တရားမဝင်ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ဖိလစ်ပိုင်အစိုးရက ပူးပေါင်းပါဝင်ဆောင်ရွက်မှုအဖြစ် ၎င်းတို့သိမ်းဆည်းရမိထားသည့် ဆင်စွယ်တန်ချိန် ငါးတန်ခန့်ကို လမ်းကြိတ်စက်များဖြင့် ကြိတ်ချေဖျက်ဆီးသည်။

မက္ကဆီကိုနိုင်ငံ ကမ်ပက်ချီပြည်နယ် ယူကာတန်ဒေသ တောအုပ်တစ်ခုအတွင်းမှ ချက်တန်ဟုအမည်ရသော ရှေးဟောင်းမြို့တော်တစ်ခု ကို မက္ကဆီကိုရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိသည်။

၂၂ တောင်ကိုရီးယားနိုင်ငံ ကွမ်ကျူးမြို့တွင် ဇွန်လ ၁၈ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့သည့် သက်ဆိုင်ရာအစည်းအဝေးတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မန္တလေးမြို့၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်းမှ ကျောက်စာများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ

ယဉ်ကျေးမှုအမွေအနှစ် စုစုပေါင်း ၅၄ ခုကို အတည်ပြုသည်ဟု ဘီဘီစီသတင်း ဌာနကဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် ကုလသမဂ္ဂယူနက်စကို အစည်းအဝေးတွင် ဂျပန်နိုင်ငံမှ ဖူဂျီတောင်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်သည်။

၂၃ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်တွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာရန်ကျဲချို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရွှေနန်းတော်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံကင်းထောက်အဖွဲ့တို့တွေ့ဆုံပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အမေရိကန်အစိုးရ၏ ဖုန်းနှင့် အင်တာနက်သူလျှိုလုပ်မှုအချက်

အက်ဒဝပ်စနိုးဒန်

အလက်များကို အမေရိကန်အမျိုးသားရေးလုံခြုံရေးအေဂျင်စီဝန်ထမ်းဟောင်း အက်ဒဝပ်စနိုးဒန်က ဖွင့်ချသည်။

၂၃-၂၉ ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General of the Army Sergey K.Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Lykhovitsy မြို့ Jsc Rac Mig စက်ရုံမှ တာဝန်ရှိသူများနှင့်မှတ်တမ်းဓာတ်ပုံရိုက်စဉ်

မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Lykhovitsy မြို့၊ Tyla မြို့နှင့် စိန့်ပီတာစဘတ်မြို့များဝန်းကျင်တစ်ဝိုက်ဒေသများကို လှည့်လည်ကြည့်ရှုသည်။ ထို့အပြင် ဇွန်လ ၂၄ ရက်တွင် ကာကွယ်ရေးဝန်ကြီး General of the Army Sergey K.SHOIGU နှင့် လည်းကောင်း၊ ဇွန်လ ၂၆ ရက်တွင် ရုရှား-မြန်မာစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်၏ ရုရှားနိုင်ငံဘက်မှ ဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒားဖိုမင်နှင့်လည်းကောင်း တွေ့ဆုံကာ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးသည်။

၂၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်ကောင်စီဝင်မစ္စတာ ရန်ကျဲချိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့်စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည်။

မြန်မာ-အမေရိကန်စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် အမေ

အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနသည် ပြည်သူလူထုဗဟို ပြုဝန်ဆောင်မှုပေးနေသည့်ကိစ္စများ၊ ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များအားလုံးနှင့်ပတ်သက်၍ အချိန်ပြည့်ဖြေရှင်း ဆောင်ရွက်ပေးမည့် အဖွဲ့ Complaint Mechanism (နေပြည်တော်) ကို နေပြည်တော်ရုံးအမှတ် (၅၁) ၌ စတင်ဖွင့်လှစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ချထားရေး ဆောင်ရွက်မှုအခြေအနေသတင်းထုတ်ပြန်သည်။

နော်ဝေအခြေစိုက် တယ်လီနော Mobile Communications ကုမ္ပဏီနှင့် ကာတာနိုင်ငံအခြေစိုက် အော်ရီဒိုးကုမ္ပဏီတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ရရှိသူများအဖြစ် ရွေးချယ်ကြောင်း ဆက်သွယ်ရေးအော်ပရေတာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်သည်။

၂၉ တိုင်း(မ်)မဂ္ဂဇင်းမှ သံယာတော် ဦးဝိရသူ၏ပုံကို မျက်နှာဖုံးတင်၍ ဒေသ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ အုတ်မြစ်ချပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကာတာနိုင်ငံ စော်ဘွားရှိတ် ဟာမက်ဘင်ခါလီ ဖာအယ်လ် သာနီသည် သားတော်ရှိတ်တာမင်ကို နန်းမွေပေးအပ်ရန် နန်းစွန့်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၆ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင်အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက် အမှာစကားပြောကြားသည်။

အမေရိကန်သမ္မတဘားရက် အိုဘားမားသည် အာဖရိကသုံးနိုင်ငံခရီးစဉ် ပထမခရီးတစ်ထောက်နိုင်ငံအဖြစ် ဆီနီဂေါနိုင်ငံမြို့တော်ဒါကာသို့ ရောက်ရှိသည်။

၂၇ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၃) ကို နိုင်ငံတော်သမ္မတရုံး၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ရိကန်သံအမတ်ကြီး ဒဲရစ်မစ်ခဲလ်တို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးသည်။

၂၅ လူလိုင်လ ၁ ရက်နေ့ထုတ် တိုင်း(မ်)မဂ္ဂဇင်း၊ အတွဲ (၁၈၂)၊ အမှတ် (၁) တွင် ဖော်ပြထားသော မြန်မာနိုင်ငံမှ သံယာတော် ဦးဝိရသူ၏ပုံကို ဗုဒ္ဓဘာသာအကြမ်းဖက်သမားဟူ၍ မျက်နှာဖုံးတင်ကာ ဖော်ပြထားချက်နှင့်စပ်လျဉ်း၍ အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီက ကြေညာချက် အမှတ် (၁/ ၂၀၁၃) ထုတ်ပြန်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကျင်းပရာ အစားထိုးပြောင်းလဲထားသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ (ခ) အရ ဥက္ကဋ္ဌ ရွှေ့မျောက်၍ ကတိသစ္စာပြု လက်မှတ်ရေးထိုးသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရွှေတွင်းတစ်တွင်းပြိုကျခဲ့ရာ တွင်းလုပ်သား ၃၄ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် ကက်ရှ်မီးယား

ဆောင်းပါးဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနက ထိုဖော်ပြချက်သည် ပြည်ထောင်စုအစိုးရ၏ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်ပျက်ပြားစေနိုင်သည့်အပြင် နှစ်ဖက်ဘာသာဝင်များအကြား သံသယနှင့်အာယာတ တရားများ တိုးပွားလာပြီး မလိုလားအပ်သော ဘာသာရေးပဋိပက္ခများ ဖြစ်ပွားလာနိုင်သည့်အတွက် တိုင်း(မ်) မဂ္ဂဇင်းနှင့် ထိုဆောင်းပါးရေးသားသူ ဟန်နာဘိခ်္ခတို့ကို အလေးအနက်ကန့်ကွက်ကြောင်း သဘောထားကြေညာချက်ထုတ်ပြန်သည်။

အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် နည်းပညာအကူအညီများပေးလျက်ရှိသော Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့ပူးပေါင်းကျင်းပသည့် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှိုင်ရယ်ကုမ္ပဏီဟိုတယ် Meeting Room ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကအမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် အမှာစကားပြောကြားသည်။

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ကြိုတင်ကြေညာခြင်းမပြုဘဲ အာဖဂန်နစ္စတန်သို့ သွားရောက်ခဲ့ပြီး ဟဲမန်းပြည်နယ်ရှိ ဗြိတိသျှတပ်ဖွဲ့များနှင့် တွေ့ဆုံကြောင်း အမှတ် (၁၀) ဒေါင်းနင်းလမ်းက သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံကို ရန်စလှုံ့ဆော်မှု ဆက်လက်ပြုလုပ်နေပါက ဖိလစ်ပိုင်တပ်ဖွဲ့ကို တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံဝိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျူလိုင်လ

၁ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကား ပြောကြားသည်။

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုဒ်သမ္မတမိုဟာမက်မော်စီနှင့် ၎င်းကိုယ်စားပြုသော မွတ်ဆလင်ညီနောင်များအဖွဲ့ နိုင်ငံရေးပါတီကိုဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၏ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်ထရာသည် ကာကွယ်ရေးဝန်ကြီးဌာနကို ဦးဆောင်သည့် ပထမဆုံးသော အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု အရှိဇိုးနားပြည်နယ် တောမီးကို ငြိမ်းသတ်ရန် ကြိုးပမ်းသူ လက်ရွေးစင် မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦး အသက်ဆုံးရှုံးခဲ့ရပြီး မြို့ငယ်နှစ်မြို့ရှိ ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

၂ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်သူများသို့ ရုပ်သံနှင့် ရေဒီယိုများမှ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုများနှင့် ဒီမိုကရေစီအရေးတည်ဆောက်မှုများကို ၂၆ လသာရှိသေးသည့် ကာလနှင့်လိုက်လျောညီထွေမည့် တိုင်းတာမှုမျိုးဖြစ်သင့်ကြောင်း ထည့်သွင်းပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံ

ရာထူးမှဖယ်ရှားကာ အီဂျစ်စစ်တပ်၏ ထိန်းသိမ်းခံလိုက်ရသည့် မိုဟာမက်မော်စီ

ဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya ကို အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မလေးရှားနိုင်ငံမှ ပြန်လည် ရောက်ရှိလာသည့် မြန်မာအလုပ်သမားများကို သင့်လျော်ကောင်း မွန်သည့် အလုပ်အကိုင် နေရာချထားရေးအတွက် လူတွေ့စစ်ဆေးခံရန် အသိပေးနှိုးဆော်ခြင်းကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ဥရောပသံရုံးများ၏ ဖုန်းများကို အမေရိကန်ပြည်ထောင်စုက ခိုးယူနားထောင်လျက်ရှိသည်ဟူသော စွပ်စွဲချက်သည် စီစဉ်လျက်ရှိသည့် ကုန်သွယ်ရေးစာချုပ်ကို ထိခိုက်နိုင်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒဲကပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ရွေးကောက်ပွဲ နီးကပ်လာချိန်တွင် နိုင်ငံခြားရေဒီယို အသံလွှင့်အစီအစဉ်များကို အစိုးရက ပိတ်ပင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့ကို အကူအညီပေးနိုင်ရန် ယင်းနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံခြားသားတိုက်ခိုက်ရေးသမားအင်အားမှာ ခြောက်သောင်းခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း အတိုက်အခံခေါင်းဆောင်တစ်ဦးက ပြောကြားသည်ကို ယူပီအိုင်သတင်းဌာနက ဖော်ပြသည်။

၃ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းတက်ရောက်၍ ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ကျူးဘားခေါင်းဆောင် ရောလ်ကက်စထရိုသည် ကျူးဘားကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ခေါင်းဆောင်အချို့ကို ရာထူးဖယ်ရှားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများကြောင့် နိုင်ငံမတည်မငြိမ်ဖြစ်ပေါ်နေသည့်အခြေအနေတွင် အီဂျစ်စစ်တပ်က သမ္မတမိုဟာမက်မော်စီကို ရာထူးမှဖယ်ရှားကာ ထိန်းသိမ်းပြီးနောက် သမ္မတကို ထောက်ခံသူများနှင့် ကန့်ကွက်သူများအကြား ပဋိပက္ခဖြစ်ပွားသည်။

၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Honourable Nurray Nc Cully ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော် ဇေယျာသီရိဗိမာန်၌ ကျင်းပသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များကို ဂုဏ်ပြုသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် နဝပ်ရှရစ်ဖ်၏ ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် တရုတ်နိုင်ငံခရီးစဉ်ကို စတင်သည်။

အီဂျစ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ် တရားသူကြီးချုပ်အက်ဒလီမင်ဆောသည် ကြားဖြတ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသခံသတင်းဌာနများတွင် ဖော်ပြသည်။

၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နေပြည်တော် ဥပဟိတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြိတိသျှဝန်ကြီးချုပ်
ဒေးဗစ်ကင်မရွန်းတို့ တွေ့ဆုံစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့က ရေဘေးသင့်ဒေသများကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို သတင်းထုတ်ပြန်ချက် (၁၂/၂၀၁၃) ဖြင့် ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုဝြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတဦးသိန်းစိန်အမိန့်ဖြင့် ပြင်ဆင်ဖွဲ့စည်းသည်။

ဩစတြေးလျနိုင်ငံ၌ စက်တင်ဘာလ ၇ ရက်တွင် ရွှေကောက်ပွဲကျင်းပမည်ဟု ဝန်ကြီးချုပ်ကိဗင်ရပ်ဒ်က ထုတ်ပြန်ကြေညာခဲ့ပြီးတစ်ရက်ကြာတွင် နိုင်ငံရေးပါတီများက ရွှေကောက်ပွဲ မဲဆွယ်စည်းရုံးမှုများကို စတင်လိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Richard Heyn ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၇ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ရခိုင်ပြည်နယ်စစ်တွေမြို့သို့ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့သည်။ ရခိုင်ပြည်နယ်တွင် ရွာဖျင်တဲဖြင့် နေထိုင်သည့်ဒုက္ခသည်များအား လုံးကို အမိုးအကာအောက် ရောက်အောင် ရွှေ့ပြောင်းပေးနိုင်ရေး၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့ပေးရေး၊ ကလေးသူငယ်များ အစာအာဟာရ ပြည့်ဝစေရေး၊ စိတ်ပိုင်းဆိုင်ရာနာကျင်မှုများနှင့် မလုံခြုံမှုများကို ကုစားပေးနိုင်ရေး၊ ကူးစက်ရောဂါများကို ဟန့်တားရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဒေသတွင်းစီးပွားရေး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းထည့်သွင်းပြောကြားသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မြန်မာနိုင်ငံမှ စာသင်သားရဟန်းတစ်ပါးနှင့် အမျိုးသားတစ်ဦးတို့ ဒဏ်ရာရရှိသည်ဟု နိုင်ငံပိုင် သတင်းစာများက ဖော်ပြသည်။

၈ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander Feldman ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

လက်ပံတောင်းတောင်ကြေးနီစိမ်းကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်သည့်ကော်မတီက ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲလုပ်ငန်းများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် အမှတ် (၂/၂၀၁၃) ကိုထုတ်ပြန်သည်။

၉ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ

ဒေါက်တာစိုင်းမောက်ခမ်း၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) တွင်ကျင်းပသည်။

၁၀ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဩစတြေးလျမနသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Senator The Hon Bob Carr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျမနသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Senator The Hon Bob Carr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၅၇/ ၂၀၁၃) ဖြင့် ဘင်္ဂလားရေးနှင့်အခွန်ဝန်ကြီးဌာန ကို ဘင်္ဂလားရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်သည်။

၁၁ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ သင်္ဃဟတိုတယ်၌ ကျင်းပသည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကို ပြဋ္ဌာန်းသည်။

မြန်မာနိုင်ငံအတွင်း တရားမဝင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၇၅ ဦးကို ရခိုင်ပြည်နယ် မောင်တောနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်လွှဲပြောင်းသည်။

၁၂ နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၅၉/ ၂၀၁၃) ဖြင့် နယ်စပ်ဒေသလူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို ဖျက်သိမ်းသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးဆောင်သော အဖွဲ့နှင့် 'ဝ' အထူးဒေသ ၂ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးကျောက်ကော်အန်ဦးဆောင်သော အဖွဲ့တို့သည် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ တွေ့ဆုံဆွေးနွေး၍ သဘောတူညီချက်တစ်ရပ်ထုတ်ပြန်ကြေညာသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ဆော်ဒီအာရေဗျဘုရင်အဗ္ဒူလာဘင်အာ်ဗလာအဇ်တို့သည် အီဂျစ်နိုင်ငံတွင် ဖြစ်ပေါ်နေသော နောက်ဆုံးအခြေအနေများနှင့် ကိုရီးယားပြဿနာအတွက် လက်နက်နှင့် အခြားလိုအပ်သော ကူညီထောက်ပံ့မှုများပေးရန် ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်သည်။

၁၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များကို ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌တွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) SSPP/SSA (ဝမ်ဟိုင်း) အဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးစဝ်ခွန်ဆိုင်း ဦးစီးသောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

တရုတ်နိုင်ငံတွင် ယူရေနီယံသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းကို ပြည်သူများက ကန့်ကွက်ဆန္ဒပြကြသဖြင့် အစိုးရက ယင်းစီမံကိန်း ဖျက်သိမ်းကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၁၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြိတိန်နှင့် ပြင်သစ်သမ္မတနိုင်ငံများသို့ တရားဝင်ခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

၁၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ပြိတိန်နိုင်ငံဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့သည် လန်ဒန်မြို့အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ပြိတိန်နိုင်ငံဝန်ကြီးချုပ်ရုံးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဒုကွသည်ပေါင်း ခြောက်သိန်းကျော်သည် နိုင်ငံအရှေ့ပိုင်း

(၆၆) နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အလေးပြုစဉ်

တွင် ထပ်မံဖြစ်ပွားခဲ့သည့် ကွန်ဂို အစိုးရတပ်နှင့် ယူဂန္ဒာသူပုန်အုပ်စု တစ်စုအကြား တိုက်ပွဲများကြောင့် ယူဂန္ဒာနိုင်ငံအတွင်းသို့ ထွက်ပြေး သွားရကြောင်း ပရက်စ်တီဗီသတင်း တွင်ဖော်ပြသည်။

၁၆ နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် ဗြိတိန်နိုင်ငံ၌ရောက်ရှိစဉ် St.Pancras Renaissance Hotel ၌ ဘီဘီစီသတင်းဌာန မြန်မာပိုင်း အစီအစဉ်နှင့်တွေ့ဆုံ၍ မြန်မာ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်သည့် မေးမြန်းချက်များ ကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇမ္ဗူသီရိ ခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမေရိကန်နိုင်ငံ၏ ထိပ်တန်း သတင်းလျှို့ဝှက်ချက်များကို ဖွင့်ချ ခဲ့သူ အက်ဒဝပ်စနိုးဒန်သည် ရုရှား နိုင်ငံအား ယာယီနိုင်ငံရေး ခိုလှုံခွင့် တရားဝင်တောင်းခံခဲ့ကြောင်း ၎င်း၏ ရှေ့နေ အနာကိုလီကူချရီနာက ထုတ်ဖော် ပြောကြားသည်။

၁၇ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော် ရှိ သမ္မတရုံးဝန်ကြီးဌာန၌ ကျင်းပ သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေး ချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟို ကော်မတီလုပ်ငန်းညှိနှိုင်းအစည်း အဝေး (၄/၂၀၁၃) သို့ တက် ရောက်အမှာစကားပြောကြား သည်။

ပနားမားနိုင်ငံတွင် ဖမ်းဆီး စစ်ဆေးခံနေရသော မြောက်ကိုရီး ယားအလံလွှင့်ထူထားသည့် ကုန်တင် သင်္ဘောအတွင်း သကြားတန် ခြိန် ၁၀၀၀ နှင့်အတူ ပါဝင်သည့်လေယာဉ် ဖျက် ဒုံးကျည်နှင့်အခြား ဒုံးကျည် အစိတ်အပိုင်းများ၊ MiG-2 ဂျက် တိုက်လေယာဉ်နှင့် အင်ဂျင် ၁၅ လုံး စုစုပေါင်းတန်ခြိန် ၂၉၀ ခန့်မှာ ပြန် လည်ပြင်ဆင်ရန် တင်ပို့လိုက်သည့် မိမိတို့ပစ္စည်းများဖြစ်ကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာန က ထုတ်ဖော်ပြောကြားသည်။

၁၈ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရဲန်ကုန် တက္ကသိုလ်နှင့် အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်း ကျောင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၉ (၆၆) နှစ်မြောက် အာဇာနည် နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်း မောက်ခမ်းတက်ရောက်၍ လွမ်းသူ ပန်းခွေချအလေးပြုပြီး မေတ္တာပို့သ အမျှပေးဝေသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တာဝန်ရှိ သူများလိုက်ပါလျက် ဗိုလ်ချုပ် အောင်ဆန်း၏ ဇာတိမြို့ဖြစ်သော နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင် ဆန်းနေအိမ်ပြတိုက်သို့ သွားရောက် ကြည့်ရှုပြီး ပြတိုက်အတွင်း လိုအပ် သည့်လုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများပေးအပ်လှူဒါန်းသည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံသို့

တရားဝင်ခရီးသွားရောက်ရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၂/၂၀၁၃) ဖြင့် မန္တလေးတိုင်းဒေသကြီးမိတ္ထီလာခရိုင်အတွင်း အရေးပေါ်အခြေအနေ ကြေညာခြင်းကို ရုပ်သိမ်းသည်။

၂၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ) နှင့် မိတ်ဖက်ပါတီများက နေရာအများအပြားအနိုင်ရရှိကြောင်း သတင်းထုတ်ပြန်သည်။

၂၂ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကန်စုပြည်နယ်တွင် လူပ်ခတ်သည့်ငလျင်နှစ်ခုကြောင့် လူ ၉၀ ကျော်သေဆုံးသည်။

၂၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Fan Changlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က)နှင့်အညီ အကျဉ်းထောင်အသီးသီးမှ နိုင်ငံသားအကျဉ်းသား ၇၃ ဦးတို့ကို ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong နှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဥရောပသမဂ္ဂနိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာဌာနအကြီးအကဲမစွကက်သရင်းအက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ်မစွတာရောဘတ်ကူပါးနှင့် အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင် ၂၈ နိုင်ငံမှ ဝန်ကြီးများက ဟင်ဘိုလာလက်နက်ကိုင်အဖွဲ့သည် ဆီးရီးယားနိုင်ငံအတွင်းမတည်မငြိမ်ဖြစ်မှုနှင့် ပဋိပက္ခဖြစ်ပွားမှုတွင် နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်နေခြင်းအပါအဝင် လက်ဘနွန်နယ်စပ်လှုပ်ရှားမှု၊ ပြည်တွင်းရေးစွက်ဖက်မှုနှင့် ငုံးဖောက်ခွဲမှုများ တွင်ကျူးလွန်ထားခြင်းကြောင့် အမည်ပျက်စာရင်းသွင်းရန် သဘောတူညီလိုက်သည်။

၂၄ တရုတ်ပြည်သူ့သမ္မတနိုင်ငံရေကြောင်းဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အကြီးအကဲများအပါအဝင် အဖွဲ့ဝင် ၆၉ ဦးလိုက်ပါလာသော အကြီးဆုံး ရှာဖွေကယ်ဆယ်ရေးသင်္ဘော MV HAIHUN 01 သည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ယင်းသည် (၁၁) ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများ၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့် အညီ အာဆီယံနိုင်ငံများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဦးခင်အောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.

Mr.NGUYENSINH HUNG ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

"ဖက်ဒရယ်မူသဘောတရားနှင့်လက်တွေ့" ခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးခြင်း (DEBATE) အခမ်းအနားကို အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး စာရေးဆရာဦးကျော်ဝင်းက ဖက်ဒရယ်မူသဘောတရားနှင့် လက်တွေ့ခေါင်းစဉ်ပါ စာအုပ်ရေးသားရခြင်းကို ရှင်းလင်းပြောကြားသည်။

တောင်ဆူဒန်သမ္မတ ဆယ်ဟာကီရာသည် ဒုတိယသမ္မတ ရိမာချာအပါအဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံးကို ရာထူးမှထုတ်ပယ်သည့်အမိန့် ဒီကရီတစ်ရပ်ကို ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စပိန်နိုင်ငံတွင် မက်ဒရစ်မြို့မှ ဂါလီစီအန် ကမ်းရိုးတန်းပေါ်ရှိ ဖာရိုးမြို့သို့မောင်းနှင်လာသော တွဲရှစ်တွဲပါခရီးသည် ၂၁၈ ဦးလိုက်ပါလာသည့် ရထားတစ်စင်းသည် ဆန်ကီရာဂိုမြို့မှ နှစ်မိုင်ခန့်အကွာတွင် လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားရာ ၇၈ ဦး သေဆုံးပြီး ၁၃၁ ဦး ဒဏ်ရာရရှိသည်။

၂၅ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၈/၂၀၁၃) ဖြင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဇေယျာအောင်ကို စွမ်းအင်ဝန်ကြီးဌာနသို့လည်းကောင်း၊ ဦးမောင်မြင့်ကို စက်မှုဝန်ကြီးဌာနသို့လည်းကောင်း၊ ဦးအေးမြင့်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ဦးသန်းဌေးကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်သည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၉/၂၀၁၃) ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်မောင်မောင်အုန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်သည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၀/၂၀၁၃) ဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းလွင်ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်သည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၂၁/၂၀၁၃) ဖြင့် နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်ကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်သည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၂/၂၀၁၃) ဖြင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာနမှ ဦးအေးကြူကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သူရဦးသောင်းလွင်ကိုလည်းကောင်း ၎င်းတို့၏သဘောဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၃/၂၀၁၃) ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တာဝန်ပူးတွဲထမ်းဆောင်သူ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ကို ထမ်းဆောင်စေသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၄/၂၀၁၃) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၅/၂၀၁၃) ဖြင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝင်းမြင့်ကို သမ္မတရုံးဝန်ကြီးဌာန (၁) သို့လည်းကောင်း၊ ဒေါက်တာဇော်မင်းအောင်ကို ပညာရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ဦးထင်အောင်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ဦးမြင့်သိန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ဦးဘရွှေကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့လည်းကောင်း ပြောင်းလဲတာဝန်ပေးသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၆/၂၀၁၃) ဖြင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် အစိုးရအဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ မုံရွာတက္ကသိုလ် အင်္ဂလိပ်စာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (မုံရွာ) နှင့် ပညာရေးကောလိပ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ၅၀၀ မဂ္ဂါဝပ် Combiled Cycle Power Plan စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းဆောင်ရွက်ရန် လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် ထိုင်းနိုင်ငံ GMS Power Publish Co.,Ltd Global Power Synergy Co.,Ltd တို့နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်တွင် ကျင်းပသည်။

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) ထောက်လှမ်းရေးအစီအစဉ်များ ဖွင့်ချခဲ့သူ စနိုးဒန်အား ရုရှားနှင့် အခြားနိုင်ငံများက နိုင်ငံရေးခိုလှုံခွင့်ပေးလျှင် တန်ပြန်ဖိအားပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာန ငွေကြေးထောက်ပံ့မှု ဥပဒေတစ်ရပ်ကို အမေရိကန်ဆီးနိတ်လွှတ်တော်က အတည်ပြုသည်။

၂၆ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့က အချက် ၉ ချက်ပါသော သတင်းထုတ်ပြန်ချက် (၁၀/၂၀၁၃) ကို ထုတ်ပြန်ရာတွင် ဘာသာရေးပဋိပက္ခများကြီးထွားအောင်၊ မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသူများကို ဝိုင်းဝန်းဆန့်ကျင်သွားရန်လိုအပ်ကြောင်း ထည့်သွင်းဖော်ပြသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီနှင့် စာနယ်ဇင်းများ တွေ့ဆုံပွဲကို နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက ရှင်းလင်းပြောကြား၍ စာနယ်ဇင်းသမားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ ထိုတွေ့ဆုံပွဲတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စာချုပ်အသစ်ပြန်လည်ချုပ်ဆိုရာ၌ နိုင်ငံတော်က (အခွန်ငွေများ အပါအဝင်) ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ၁၉ ရာခိုင်နှုန်း၊ ဝမ်ပေါင် ကုမ္ပဏီက ၃၀ ရာခိုင်နှုန်း ခွဲဝေရရှိမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းကာရမ်ဒေသရှိ ပါရာချီနာမြို့စွန့်၌ ဘာသာရေးအဆောက်အအုံနှစ်ခု အနီး ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူ ၅၇ ဦးသေဆုံးပြီး ၁၈၀ ကျော် ဒဏ်ရာရရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၂၇ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပရာ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီ ဥက္ကဋ္ဌ သူရဦးသောင်းလွင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ တာဝန်ရှိသူများ တက်ရောက်သည်။

မြန်မာ့ငြိမ်းချမ်းရေးပွဲတော် ၂၀၁၃ အထိမ်းအမှတ် ဂီတ၊ ရုပ်ရှင်၊ သဘင်ဖျော်ဖြေမှုအစီအစဉ်ကို အမျိုးသားအားကစားပြင်ပွဲရုံ(၁) သုဝဏ္ဏဘွဲ့ စတင်ကျင်းပသည်။

ပါကစ္စတန် သမ္မတရွေးကောက်ပွဲကို ဩဂုတ်လ ၆ ရက်နေ့အစား ဇူလိုင်လ ၃၀ သို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းကြောင့် အတိုက်အခံပါတီ ပီပီပီက သပိတ်မှောက်မည်ဖြစ်ကြောင်း သမ္မတလောင်းအဖြစ် အရွေးခံမည့် ရာဇာရက်ဘာနီက ထုတ်ဖော်ပြောကြားသည်။

တောင်နှင့်မြောက် နှစ်နိုင်ငံအကြားစစ်ပွဲရပ်ဆိုင်းခဲ့မှု နှစ် (၆၀) ပြည့် စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယားမြို့တော် ပြုံယမ်းတွင် ကျင်းပသည်။

၂၈ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ကောင်စီ နယ်မြေပျဉ်းမနားမြို့နယ် အလျင်လို ကျေးရွာ၌ကျင်းပသည့် နိုင်ငံတော်အဆင့်စက်မှုလယ်ယာစနစ်တစ်ဆက်

တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ် စပ်မျိုးစပါးကောက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ (၅) ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟွန်ဆန်၏ စီပီပီပါတီက လွှတ်တော်အမတ် ၆၈ နေရာနှင့် အဓိက အတိုက်အခံပါတီ စီအင်န်အာပီက ၅၅ နေရာ ရရှိရာ စီပီပီပါတီက အနိုင်ရရှိကြောင်း ကမ္ဘောဒီးယားပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။

၂၉ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈) အရလည်းကောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်၁၉) အရ လည်းကောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ နှစ်နိုင်ငံတိုက်ရိုက် တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံဝါရှင်တန်မြို့၌ ကျင်းပရာ အစ္စရေးတရားရေးဝန်ကြီး လီဗန်နှင့် ပါလက်စတိုင်းမှ ဆွေးနွေးညှိနှိုင်းရေးအကြီးအကဲ အီရီကတ်တို့တက်ရောက်ကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာများ ဆွေးနွေးသည်။

၃၀ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်သံအမတ်ကြီး မစ္စတာဒေးဗစ်လစ်ပ်မန်ကို နှိုင်းတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၁၂ ယောက်မြောက်ပါကစ္စတန် သမ္မတအဖြစ် မန်နွန်းဟူစိန်ကို ရွေးချယ်ခံရကြောင်း သတင်းဌာနများက ဖော်ပြသည်။

၃၁ ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို နေပြည်တော်၌ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်လွှဲပြောင်းလက်ခံခြင်းအစီအစဉ်ကို ဆောင်ရွက်သည်။

ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီ

ထိုအခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုရေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများ၊ ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော် ဒသမနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကနေရာကို ဦးခင်အောင်မြင့်မှ သူရဦးရွှေမန်းသို့ တာဝန်လွှဲပြောင်းသည်။ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေ ၅၈ ခုပြဋ္ဌာန်းခဲ့သည်။

နှစ်ပေါင်း ၃၀ ကျော်အုပ်ချုပ်ခဲ့သူ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည်ဇင်ဘာဘွေရွှေးကောက်ပွဲ၌ ခုနစ်ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်သည်။

ဩကုတ်လ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးအကျဉ်းသားကိစ္စများ၊ အကြမ်းဖက်ပဋိပက္ခကိစ္စများ၊ နိုင်ငံတော် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှု နှင့်ကုန်သွယ်မှုများတိုးတက်စေသည့်ကိစ္စများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးနှင့် ပဋိပက္ခကာကွယ်တားဆီးရေးကိစ္စများနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့ခေါင်းဆောင်များ၊ လွှတ်တော်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ နှစ်ကုန်မှာ နိုင်ငံရေး အကျဉ်းသားတစ်ဦးမျှ မကျန်ရှိစေရန် ဆောင်ရွက်သွားမည့်အကြောင်း ထည့်သွင်းပြောကြားသည်။

အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခံရသော နေ့စားလပေးဆရာ၊ ဆရာမများနှင့် အခြားဝန်ထမ်းစုစုပေါင်း ငါးသောင်းကျော်သည် လုပ်ငန်းတာဝန်များ စတင်ဝင်ရောက်ထမ်းဆောင်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ ပြည်တွင်းပဋိပက္ခတိုက်ပွဲများ၌ ဓာတုလက်နက်သုံးစွဲသည်ဟု ယူဆရသော နေရာသုံးနေရာကို ကုလသမဂ္ဂ ဓာတုလက်နက်များဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန် ဆီးရီးယားအစိုးရနှင့် သဘောတူညီမှုရရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ ပြောကြားချက်ကို ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အဖွဲ့သည် ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် သိန်း ၁၅၀၀ ဝန်းကျင်ဖိုးရှိ စိတ်ကြွရုံးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။

အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများ သီးခြားစီဖြစ်ပွားရာ လူ ၁၄ ဦး သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၃ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ဖောင်းကား (မြောက်) ရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝက်မှေး-ကံတော ကျေးရွာသစ်နှင့် ဆည်တည်-ဇီးတော ကျေးရွာသစ်များရှိ အခြေခံပညာမူလတန်းကြိုကျောင်း ဆောက်လုပ်နေမှုများကို စစ်ဆေးကာ ဆားလင်းကြီးမြို့နယ် အမှတ် (၆) အထည်ချုပ်စက်ရုံရှင်းလင်းဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီနှင့် ကျေးရွာအုပ်စု (၉) အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ၃၃ ရွာမှ လူထုကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

၃-၄ အီရန်သမ္မတသစ် ဟက်ဆန် ရိုဟာနီအား အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက သမ္မတသစ်ရာထူးကို တရားဝင် အခမ်းအနားဖြင့် အသိအမှတ်ပြုသည်။

၄ အရှေ့အလယ်ပိုင်းဒေသတွင်းရှိအမေရိကန်သံရုံးနှင့် ကောင်စစ်ဝန်ရုံးအများစုအပါအဝင် သံတမန်ဆိုင်ရာ ၂၁ ရုံးကို အမျိုးအမည်ခွဲခြားသတ်မှတ်ခြင်းမရှိသော စစ်သွေးကြွအဖွဲ့များ၏ ခြိမ်းခြောက်မှုကြောင့် ပိတ်ထားပြီဖြစ်ကြောင်း အိမ်ဖြူတော်အစည်းအဝေးတစ်ရပ်အပြီးတွင် ထုတ်ပြန်ကြေညာသည်။

၅ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးတို့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးစဉ်

ဦးအောင်မင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းနှင့် အထွေထွေအတွင်းရေးမှူး ရဲဘော်ဆန်နီတို့ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနဌ ကျင်းပသည်။

ဆီးရီးယားသမ္မတ အာဆတ်က အစိုးရအဖွဲ့အတွင်းမှ အရေးပါသော ဝန်ကြီးများနှင့်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်သည့် ညစာစားပွဲတွင် ၂၈ လကြာ ပဋိပက္ခအဆုံးသတ်ရေးအတွက် ဆီးရီးယားပြည်သူများအကြား ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် လိုအပ်ကြောင်း၊ ပြည်သူများ ကိုယ်တိုင်အဖြေရှာရန် မှတစ်ပါး မည်သည့်ဖိအားကမှ ပြေလည်စေမည် မဟုတ်ကြောင်း ပြောကြားသည်။

၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Richad Heyn ကို နေပြည်တော် ရှိနိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တူရကီအစိုးရကို ဖြုတ်ချရန် ကြိုးပမ်းမှုဖြင့် စစ်ဆေးခံနေရသူ ဗိုလ်ချုပ်ကြီး (ဟောင်း) အက်စ်ဘတ်အား ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၄၆) နှစ်မြောက် အာဆီယံနေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၁၄/၂၀၁၃) ဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့်စပ်လျဉ်း၍ အမျှားပြည်သူသိရှိရန် သတင်းထုတ်ပြန်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃) ဖြင့် နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့မှ နိုင်ငံရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးရဲတင့်ကို တာဝန်မှအနားယူခွင့်ပြုခြင်းနှင့် အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၃)ဖြင့် ဒေါက်တာအောင်ထွန်းသက်နှင့် ဒေါက်တာဇော်ဦးတို့ကို စီးပွားရေးအကြံပေးအဖွဲ့တွင် လည်းကောင်း၊ ဦးဉာဏ်နိုင်ဝင်းကို ဥပဒေအကြံပေးအဖွဲ့တွင်လည်းကောင်း ခန့်အပ်တာဝန်ပေးကြောင်း ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၁/၂၀၁၃) ဖြင့် ဒုတိယဝန်ကြီးများပြောင်းလဲတာဝန်ပေးရာတွင် ဦးဇင်ယော်ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ဦးမြင့်လော်ကို စွမ်းအင်ဝန်ကြီးဌာနသို့လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ကြောင်း ထုတ်ပြန်ကြေညာသည်။

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာခဲ့မှုများကြောင့် ပိတ်ထား

ရသည့်ကေဆောင်စက်မှုဇုန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေးမှုများ စတင်ရန် သဘောတူညီခဲ့ကြောင်း ဘိဘိစီသတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ် ဂျီရီရပ်စ်နော့စ်ဦးဆောင်သော ချက်အစိုးရအဖွဲ့သည် ပါလီမန်အတွင်း ယုံကြည်မှုဆိုင်ရာ ဆန္ဒမဲပေးဆုံးဖြတ်ရာ၌ ရှုံးနိမ့်သွားသည်။

၈ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၁၅/၂၀၁၃) ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့် စပ်လျဉ်း၍ အများပြည်သူ သိရှိရန် ထုတ်ပြန်ကြေညာသည်။

ရှစ်လေးလုံးလူထုအုံကြွမှု (၂၅) နှစ်မြောက်အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးဥပဒေကြမ်းကို ထိုင်းလွှတ်တော်အမတ်များက ဆွေးနွေးနေချိန်တွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများက ယင်းဥပဒေကြမ်းကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံအနောက်ပိုင်း ကွက်တာမြို့ နာရေးအခမ်းအနားတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အဆင့်မြင့် ရဲအရာရှိများအပါအဝင် အနည်းဆုံး လူ ၃၁ ဦးသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိသည်။

၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရေး၊ မိမိတို့အစိုးရ၏ ကျန်သော လ ၃၀ တွင် လက်တွေ့အကောင်အထည်ဖော်မည့် စုစည်းလှုပ်ရှားစီမံချက် (Integrated Action Plan) ရေးဆွဲပြီး လက်တွေ့မြေပြင်၌ အကောင်အထည် ဖော်ဆောင်ရွက်ရေးကိစ္စရပ်များကို ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၂/၂၀၁၃) ဖြင့် ရခိုင်ပြည်နယ်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂၃/၂၀၁၃) ဖြင့် ကယားလူမျိုးစုဒီမိုကရေစီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း ထုတ်ပြန်ကြေညာသည်။

စစ်တွေမြို့နယ် ဘောဒူဖကယ်ဆယ်ရေးစခန်းအနီးတွင် တာဝန်ချထားသည့် လုံခြုံရေးရဲကင်းစခန်းကို ဘင်္ဂလီတစ်စုက မီးရှို့ဖျက်ဆီးမှုဖြစ်ပွားသည်။

ဗီယက်နမ်နိုင်ငံတွင် စစ်ပွဲကာလအတွင်း စစ်ဘေးစစ်ဒဏ်ကို ကြောက်ရွံ့ရှောင်ရှားကာ ကွိအန်းငဂျိုင်းပြည်နယ် အလယ်ပိုင်းတောနက်အတွင်း နှစ် ၄၀ ကြာတောပုန်းဘဝဖြင့် နေထိုင်ခဲ့သည့် ဟိုဗန်လန်းနှင့် အသက် ၈၂ နှစ်ရှိ ၎င်း၏ ဖခင်ဖြစ်သူတို့အား တောနင်းရှာဖွေတွေ့ရှိကာ လူမှုအဖွဲ့အစည်းအတွင်း ခေါ်ဆောင်လာနိုင်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

၁၀ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော အဖွဲ့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး မလိခရိပ်သာဧည့်ခန်းမ၌ မြန်မာနိုင်ငံ အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂသံတမန်များ၊ ဌာနေကိုယ်စားလှယ်များကို တွေ့ဆုံကာ

ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော် ဆောင် ရွက် နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲခေါင်းဆောင် သည့် ကိုယ်စားလှယ်အဖွဲ့တို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနတွင် ကျင်းပသည်။

အစွန်ရေးစစ်သားများ လက်ဘဏ္ဍန်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးပြီးနောက် အစွန်ရေးအနေဖြင့် လက်ဘဏ္ဍန် အချုပ်အခြာအာဏာကို ချိုးဖောက်နေခြင်းအပေါ် ကုလသမဂ္ဂက အပြင်းအထန် ကန့်ကွက်ကြောင်း ပရက်စ်တီဗီသတင်းတွင် ဖော်ပြသည်။

၁၁ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့မှ ဖားကန့်မြို့သို့ ရောက်ရှိကာ နယ်မြေလုံခြုံရေး အခြေအနေကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့လာကြသည့်ပြည်သူများ အား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းသည်။

ဆူဒန်နိုင်ငံမြို့တော် ဂါတွန်၌ မိုးသည်းထန်ပြီးရေကြီးခဲ့ရာ လူ ၃၆ ဦး သေဆုံးပြီး အိမ်ခြေ ၅၀၀၀ ပျက်စီးခဲ့ရကြောင်း ဆူဒန်နိုင်ငံပိုင် သတင်းများက ဖော်ပြသည်။

၁၂ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းပါဝင်မည်ဟု သိရှိရသဖြင့် ဝမ်းမြောက်ကြောင်း ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီး H.E.Mr. Akihiro OHTA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များကို ရန်ကုန်မြို့ Park Royal Hotel ၌ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ မိဒီယာဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်နှင့် မြန်မာ့မိဒီယာပတ်ဝန်းကျင်ကို လူမှုတာဝန် သိမှုမိဒီယာအဖြစ် တည်ဆောက်ရန် မျှော်မှန်းထားချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အချက်သုံးချက်ပါဝင်သော သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်သည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ရောက်ရှိလာသော ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကိုယ်စားလှယ်မစ္စတာသောမတ်စ်အိုဟေးကွင်တားနားကို ဒေသခံများက ၎င်း၏ အစီရင်ခံစာများသည် လူအချင်းချင်း ရန်မီးပွားစေရန် သွေးထိုးလှုံ့ဆော်မှုများဖြစ်သည်ဟု ယူဆသော ကြောင့် ကန့်ကွက်ဆန္ဒထုတ်ဖော်ခြင်းများပြုလုပ်ကြသည်ဟု ပြည်တွင်းသတင်းဂျာနယ်များက ဖော်ပြသည်။

အီရန်နိုင်ငံသမ္မတ ရိုဟာနီအဆိုပြုသော အစိုးရအဖွဲ့ဝင်ဝန်ကြီး ၁၈ ဦး အမည်စာရင်းနှင့် ပတ်သက်ပြီး လွှတ်တော်အမတ်များ၏ အခြေအတင် ဆွေးနွေးခြင်းကို အီရန်မာဂျလီ လွှတ်တော်တွင် ပြန်လည်စတင်သည်။

အီရန်သမ္မတသစ် ရိုဟာနီ

၁၃ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၃/၂၀၁၃) ဖြင့် ဒုတိယဝန်ကြီးများအဖြစ် ဦးတင်ဦးလွင်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒေါက်တာအောင်မြတ်ဦးကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒေါ်လဲ့လဲ့သိန်းကို အမျိုးသားစီမံကိန်းနှင့်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအသီးသီးတွင် ခန့်အပ်တာဝန်ပေးအပ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂၄) ဖြင့် အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသည်။

မစ္စတာ သောမတ်စ်အိုဟေးကွင်တားနားနှင့်အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့သွားရောက်ပြီး ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့ဝင်များကို တွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟွန်ဆန်၏ အာဏာရပါတီက အနိုင်ရခဲ့ကြောင်း ရွေးကောက်ပွဲကျင်းပရေးကော်မတီက ကြေညာသည်။

၁၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားကို သမ္မတအိမ်တော်ခန်းမဆောင်၌ ကျင်းပရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မျက်စိလျှုဒါန်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို အတည်ပြုဆောင်ရွက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဓာတ်ရောင်ခြည်စက်များကို တိုးချဲ့ဖြည့်ဆည်းနိုင်ရေးကိစ္စ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အစီရင်ခံစာကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။

၁၄-၁၇ အိန္ဒိယတပ်မတော်၏ မွမ်ဘိုင်းသင်္ဘောကျင်းတွင် ဆိုက်ကပ်ထားသော ရေငုပ်သင်္ဘောတစ်စင်းပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ သင်္ဘောအတွင်း၌ သင်္ဘောသား ၁၈ ဦးပိတ်မိနေပြီး သေဆုံးသူ ငါးဦး၏အလောင်းကို ပြန်လည်ဆယ်ယူရရှိသည်။

၁၅ နိုင်ငံကော်သမ္မတနုံးက အမိန့်အမှတ် (၃၅/၂၀၁၃) ဖြင့် မကွေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ဦးမောင်မောင်ဖြူတင့်ကို လုပ်ငန်းတာဝန်ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်းကြောင့် တာဝန်မှရပ်စဲကြောင်း ထုတ်ပြန်ကြေညာသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း၊ စေတနာဖော်ဖွဲ့ရှင်း အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့ (Bridge Asia Japan-BAJ) တို့နားလည်မှုစာချွန်လွှာနှင့် စီမံကိန်းစာတမ်း လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သုံးနှစ်အတွင်း ပထမဆုံးအကြိမ် အစ္စရေးနှင့်ပါလက်စတိုင်းတိုက်ရိုက်ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အစ္စရေးနိုင်ငံ၊ ဂျေရုဆလင်မြို့၌ ကျင်းပခဲ့ကြောင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၆ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်တွင် တည်ထားကိုးကွယ်မည့် သံဃဇနိယ လေးဌာနရှိ ဘုရားအလောင်းတော်ဖွားတော်မူရာနှင့် တရားဦးဟောတော်မူရာနေရာများ၌ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ပန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ

သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဉာဏ်ထွန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ကိုရန်နိုင်ငံ၏ပါလီမန် လွှတ်တော်က သမ္မတဖြစ်ဆိုပြုသည့် ဝန်ကြီး ၁၈ ဦးအနက် သုံးဦးကို ပယ်ချခဲ့သော်လည်း ၁၅ ဦးကို အတည်ပြုသည်။

၁၇ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ဦးစီးသော တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးစီးသောအဖွဲ့တို့သည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကရေးဆွဲတင်သွင်းမည့်သတင်းမီဒီယာဥပဒေကြမ်းနှင့် နှစ်ဖက်သဘောထား ကွဲလွဲချက် (၁၇) ချက်ကို ဆွေးနွေးသည်။

ဖိလစ်ပိုင်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ အမ်ဗွီသောမတ်စ်အကွိန်တ်အမည်ရှိ ကူးတို့ရေယာဉ်တစ်စီးသည် စီဘူးဒေသ အလယ်ပိုင်းအနီး ကုန်တင်သင်္ဘောတစ်စင်းကို ဝင်တိုက်မိရာမှ နစ်မြုပ်သွားခဲ့ပြီး အနည်းဆုံး လူ ၂၈ ဦးသေဆုံးကာ ၂၁၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကျူဒိုသတင်းတွင် ဖော်ပြသည်။

၁၈ မြန်မာသက္ကရာဇ် ၁၀၈၆ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ကျင်းပရာ စစ်ကိုင်းမြို့၊ ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် စစ်ကိုင်းမြို့ မဟာသုဗောဓာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသနှင့် ပဋိပတ္တိမဟာဌာနမှူး ဓမ္မဒူတဆရာတော် ပါမောက္ခ ဒေါက်တာ အရှင်ဆေကိန္ဒအမှူးပြုသော သံဃာတော်များကြွရောက်တော်မူပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

၁၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ကောင်စီနယ်မြေ၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှုများမရှိဘဲ မည်သို့မျှ တိုးတက်လာနိုင်မည်မဟုတ်ကြောင်း၊ ရာထူးဆိုသည်မှာ အာဏာပြရန် မဟုတ်ကြောင်းနှင့် အဖွဲ့အစည်းတစ်ခုတိုးတက်လာအောင်ဦးဆောင်မှုပေးရန်အတွက် ပေးအပ်ထားခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်မစ္ဆတာ ကွင်တားနား မိတ္ထီလာမြို့သို့ရောက်ရှိစဉ် ဒေသခံအင်အား ၂၀၀ ခန့်က ကန့်ကွက်ဆန္ဒပြသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ အာခ်ီလွတ်မြောက်ရေးဂါဒီယန်အမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၅၀၀၀၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ပါဝင်ကြောင်း ယွန်ဟတ်သတင်းစာက ဖော်ပြသည်။

၂၀ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂၅) ဖြင့် မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ဥပဒေအမှတ် (၂၆) ဖြင့် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ဥပဒေအမှတ် (၂၇) ဖြင့် မြစ်ကျဉ်း သွားလာရေးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းသည်။

အီဂျစ်မွတ်ဆလင် ညီနောင်များအကြီးအကဲ မိုဟာမက်ဘက်ဒိုင်းနှင့် ဟယ်ဆန်မာလိစ်တို့ကို ကိုင်ရှိမြို့ နာဆာစီးတီးခရိုင် အရှေ့မြောက်ပိုင်း တရမ်းလမ်းနေအိမ်တိုက်ခန်းအတွင်း ဖမ်းဆီးလိုက်နိုင်ကြောင်း မိနာသတင်းအေဂျင်စီသတင်းထုတ်ပြန်ချက်ကို ရိုက်တာသတင်းတွင် ဖော်ပြသည်။

၂၁ ဆီးရီးယားပြည်တွင်းစစ်တွင် အစိုးရတပ်များနှင့် သူပုန်အဖွဲ့တို့

တိုက်ခိုက်မှုဖြစ်ပွားရာ၌ ဓာတုလက်နက်များ အသုံးပြုသဖြင့် ဆီးရီးယားပြည်သူထောင်ပေါင်းများစွာသေဆုံးပြီး ၃၆၀၀ ကျော် ဆေးရုံတက် ကုသနေရကြောင်း

ဆီးရီးယားပြည်တွင်းစစ်ကြောင့် ပြည်သူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်

နိုင်ငံတကာ သတင်းဌာနများက ဖော်ပြသည်။

ဆီးရီးယားပြည်တွင်းစစ်ကြောင့် သေဆုံးသူ ၁၂၀၀၀၀ ဝန်းကျင် အထိရှိနေခြိန်တွင် ဒမတ်စကတ်၌ အတိုက်အခံသူပုန်များကို အစိုးရစစ်တပ်က ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း စွပ်စွဲချက်ထွက်ပေါ်လာသည်။

အမေရိကန် စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များကို ဝီကီလိခ်ဝက်ဘ်ဆိုက်သို့ပေးပို့ခဲ့သည့် အမေရိကန်တပ်သား ဘရက်ဒလေမန်နင်းကို စစ်ဘက်ဆိုင်ရာ တရားရုံးက ထောင်ဒဏ် ၃၅ နှစ် ချမှတ်သည်။

၂၂ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E.Mr.Toshimitsu MOTEGI ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ကို သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံရာတွင် ဂျပန်နိုင်ငံမှ ယန်းငွေ ၅၁ ဘီလီယံကျော်ဖြင့် မြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည့် အခြေအနေများ နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ပြည်ထောင်စု လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့တွင် နိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက် (၁၄/၂၀၁၃) နှင့် (၁၅/ ၂၀၁၃)တို့အပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးခြင်းကဏ္ဍကို ဆက်လက်ဆောင်ရွက်သည်။

အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားပြုကြောင့် ဖမ်းဆီးခံထားရသော တရုတ်နိုင်ငံရေးသမား ဘိုစီလိုင်းကို ရှန်ဒေါင်းပြည်နယ်၊ ကျီနန်မြို့ ပြည်သူ့တရားရုံး၌ စတင်စစ်ဆေးသည်။

အီဂျစ်သမ္မတဟောင်း ဟော့ဆနီမူဘာရက်ကို လွှတ်ပေးရန် တရားရုံးမှ အမိန့်ထုတ်ပြန်ပြီးနောက် နေအိမ်တွင် အကျယ်ချုပ်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ရေးသားသည်။

၂၃ ပါကစ္စတန်သမ္မတဟောင်းနှင့် ကြည်းတပ်အကြီးအကဲ ဟောင်းပါဝက် ဇ် မူ ရှာရက် ဖ် ကို အစိုးရရှေ့နေများက စွဲချက်တင်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အီဂျစ်နိုင်ငံ၌ စစ်ဘက်ကထောက်ခံသောအစိုးရအဖွဲ့က မွတ်ဆလင်ညီနောင်များအဖွဲ့ခေါင်းဆောင်ကို ထိန်းသိမ်းလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၄ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို ကာယဆွေးပျက်ပြားအောင်ပြုလုပ်၍ အနိုင်ကျင့်စော်ကားရန် ကြိုးစားရာမှ အစပြုပြီး မကျေနပ်သူလူအုပ်စုက စျေးဆိုင်နှင့် နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးသည်။

ယိမင်နိုင်ငံမြို့တော် ဆာနားမြို့ရှိ လေတပ်အခြေစိုက်စခန်းအနီး ဘတ်စ်ကားတစ်စီးကို အယ်လ်ခိုင်ဒါတို့က ဗုံးခွဲကိုက်ခိုက်ခဲ့ရာ ကားပေါ်တွင် လိုက်ပါလာသော လေတပ်ဗိုလ်လောင်း ၂၄ ဦး အနက် အနည်းဆုံး ၁၂ ဦးသေဆုံးသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၅ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ်လားရှိုးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများဖြင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားလမ်းညွှန်ဖြည့်ဆည်းပေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် မော်လမြိုင်မြို့မှ တစ်ဆင့် ကရင်ပြည်နယ်သို့ ရောက်ရှိပြီး ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကရင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဩဂုတ်လ ၂၂ ရက်က ဖြစ်ပွားခဲ့သော အမျိုးသမီးမာတ်ပုံသတင်းထောက်တစ်ဦးအား အုပ်စုဖွဲ့အဓမ္မပြုကျင့်မှုဖြင့် အလိုရှိကြောင်း ကြေညာထားသူငါးဦးကို ဖမ်းဆီးရမိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၆ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ် သိန်းနီမြို့ အောင်မင်္ဂလာခန်းမ၌ ပြည်သူလူထုနှင့် တွေ့ဆုံရာတွင် ပြည်သူများနှင့် ရပ်မိရပ်ဖများက မိမိဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားကူညီပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ထည့်သွင်းပြောကြားသည်။ ထို့နောက် ကွတ်ခိုင်မြို့နယ်၌ ဒေသခံပြည်သူများနှင့် ဆက်လက်တွေ့ဆုံသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ရန်ကုန်မြို့ရှိ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် (၂၈) ဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းသည်။

ဆီးရီးယားအစိုးရသည် ပြည်သူအပေါ် အဆိပ်ဓာတ်ငွေ့အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း အထောက်အထားခိုင်လုံခဲ့လျှင် အပြစ်ပေးအရေးယူမည်ဖြစ်ကြောင်း ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းက တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တော်၌ ပြောကြားသည်။

၂၇ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဆိုင်ရာလိုအပ်ချက်၊ ပြည်သူလူထုလိုအပ်ချက်များကို ဆွေးနွေးသည်။

အိန္ဒိယနိုင်ငံအတွင်း အစာငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်သော အစီအစဉ်တစ်ရပ်အဖြစ် လူဦးရေသုံးပုံတွင် နှစ်ပုံကို စားသောက်ကုန်ထောက်ပံ့ရန် ရည်ရွယ်သည့်ရိက္ခာထောက်ပံ့ရေးဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုသည်။

၂၈ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ ဝဏ္ဏာသိဒ္ဓိအားကစား၌ ကျင်းပသည့် ဆီးဂိမ်းအကြို ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

မြန်မာ-ထိုင်းနယ်စပ်ဂိတ်လေးခုတွင် နိုင်ငံကူး လက်မှတ်ဖြင့် နိုင်ငံခြားသားများဝင်ရောက်လည်ပတ်ခွင့်ကို စတင်ခွင့်ပြုလိုက်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားသည် ကချင်လွတ်မြောက်ရေးအဖွဲ့ရှိရာ လိုင်ဇာသို့သွားရောက်သည်။

၂၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ လုံခြုံရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးဝန်ကြီး

ဌာန၊ ဝန်ကြီး H.E.Mr.YOO Jeong Bok ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များကို ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ခဲလ်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ မြန်မာ-အမေရိကန်ဆက်ဆံရေး၊ မြန်မာ့ဒီမိုကရေစီအရေးတွင် တပ်မတော်၏ အရေးပါမှု၊ တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော် ဆွေးနွေးမှုဆိုင်ရာကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကိစ္စရပ်များကို ဆွေးနွေးဖလှယ်သည်။

ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ (၂၆၁ ဒသမ ၅) သန်း ချေးယူခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြပြီး တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို အတည်ပြုကြောင်း မှတ်တမ်းတင်ကာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးသည်။

အိန္ဒိယနိုင်ငံ မူဂျာဟီဒင် စစ်သွေးကြွအဖွဲ့ထိပ်တန်းခေါင်းဆောင်ဖြစ်သူ ဆင်ဘတ်ကဲလ်ကို ဘီယာပြည်နယ်မြောက်ပိုင်း၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းသည် အိန္ဒိယတစ်ဝန်းဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများအတွက် စွပ်စွဲပြစ်တင်မှုခံထားရသူဖြစ်ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်ကို ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၃၀ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံရာရခိုင် ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများ သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေး ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂၉) ဖြင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းသည်။

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို အစီအစဉ် (၁၁) ရပ်ဖြင့် ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်းပေါင်း ၁၂၆၂ ခုရှိခဲ့ပြီး ကြယ်ပွင့်ပြ ၄၄၂ ခုအနက် ဖြေကြားပြီးကြယ်ပွင့်ပြ ၂၅၁ ခုရှိခဲ့၍ တစ်ဝက်ကျော်သာ မေးမြန်းဖြေကြားခွင့်အခွင့်အရေးများရှိခဲ့ကြောင်း၊ ကြယ်ပွင့်မပြ ၈၂၀ အနက် ဖြေကြားပြီး ၅၃၂ ခုဖြစ်၍ သုံးပုံ နှစ်ပုံသာ ဖြေကြားနိုင်ခဲ့ကြောင်း၊ အဆိုအနေဖြင့် ရောက်ရှိပေးပို့လာသောအဆို ၁၂ ခု၊ အရေးကြီးအဆို သုံးခုဖြစ်၍ စုစုပေါင်းအဆို ၁၅ ခုရှိကြောင်း၊ ယင်းတို့အထဲမှ မေးခွန်းပြောင်းသုံးခု၊ ရုပ်သိမ်းနှစ်ခု၊ ရရန်ကျန်လေးခု၊ အသင့်ဖြစ် တစ်ခုဖြစ်ကြောင်း၊ တင်သွင်းအဆို ငါးခုမှာ အသီးသီးအဆို သုံးခု၊ မှတ်တမ်းတင်အဆို နှစ်ခုဖြစ်ကြောင်း၊ အတည်ပြုအဆိုတစ်ခု၊ မှတ်တမ်းတင်အဆိုတစ်ခု၊ မေးခွန်းတစ်ခုစုစုပေါင်းလေးခုကို နိုင်ငံတော်သမ္မတထံသဝဏ်လွှာအဖြစ်ပေးပို့နိုင်ခဲ့ကြောင်း၊ ဥပဒေကြမ်းအနေဖြင့် ဆွေးနွေးရန် ၃၈ ခုရှိပြီး ဆွေးနွေးနိုင်သည်မှာ ၂၈ ခု၊ ပြီးပြတ်သည်မှာ ၁၆ ခု၊ ပြီးပြတ်ရန်ကျန်ရှိသည်မှာ ၁၂ ခုနှင့် ဆွေးနွေးရန် ကျန် ၁၀ ခုရှိကြောင်း ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၏နောက်ဆုံးနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသိပေးတင်ပြသည်။

အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို အစီအစဉ် ၁၄ ရပ်ဖြင့် ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၁၈ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၈၆ ခု တို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ဖြေကြားခြင်း

များကို ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် လွှတ်တော် ကိုယ်စားလှယ် ၁၀ ဦးက အဆို ၁၄ ခု တင်သွင်းခဲ့ရာ အတည်ပြုသည့်အဆို ၁၁ ခု၊ မှတ်တမ်းတင်အဆို တစ်ခု၊ ရုပ်သိမ်း အဆို တစ်ခုနှင့် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ တင်ပြထားသောအဆို တစ်ခုတို့ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး၏ နောက်ဆုံးနေ့တွင် အသိပေးတင်ပြသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၇/၂၀၁၃) ဖြင့် ဆားလင်းကြီးမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်ဦးကို စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဌ ကျင်းပသည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့် (၁) အဓိက လေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်အစိုးရကို စစ်ရေးနည်းလမ်းများအရ ပြုတိန်ကာ အရေးယူမည့်သဘောထားကို ထောက်ခံမဲ ၂၇၂ မဲ၊ ကန့်ကွက်မဲ ၂၈၅ မဲဖြင့် မဲခွဲဆုံးဖြတ်ကာ ပါလီမန်က ပယ်ချလိုက်ပြီး ပါလီမန်၏ ရပ်တည်ချက်ကို လေးစားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ပြောသည်။

၃၁ တောင်အာဖရိကနိုင်ငံသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားသည် ဆေးရုံမှဆင်း၍ ကျိုဟန်နက်စ်ဘာ့ဂ်မြို့ရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

မလေးရှားနိုင်ငံတွင် တရားမဝင်လုပ်သားများ ဖမ်းဆီးနေမှုကြောင့် ယင်းနိုင်ငံ၌သွားရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အလုပ်သမား ၆၇ ဦးသည် MAI လေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

စက်တင်ဘာလ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မိဘပြည်သူများသို့ ရေဒီယိုမိန့်ခွန်းပြောကြားရာ၌ နိုင်ငံတော်အတွင်း တရားစီရင်ရေးကိစ္စရပ်များနှင့် အုပ်ချုပ်ရေးကိစ္စရပ်များ၊ ရှစ်လေးလုံးလူထုလှုပ်ရှားမှု (၂၅) နှစ်မြောက်အခမ်းအနားမှနေ၍ ယူသင့်သည့် သင်ခန်းစာများ အစရှိသည့် သြဂုတ်လအတွင်းမှ ထူးခြားထင်ရှားမှုများကို ယှဉ်တွဲကာ ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဥက္ကဋ္ဌနှင့် အဖွဲ့ကို နေပြည်တော်ရှိ တောင်သူပညာပေးဇက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံရာတွင် မီဒီယာဥပဒေများသည် မိမိတို့နိုင်ငံ၏သမိုင်းနောက်ခံ၊ မြန်မာတို့၏ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာတရားများ၏ အဆုံးအမကို ထည့်သွင်းစဉ်းစားရန် လိုအပ်သကဲ့သို့ နိုင်ငံတကာစံနှုန်းနှင့်လည်း ကိုက်ညီရန်လိုအပ်ကြောင်း၊ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ဒီမိုကရေစီ စနစ်ကို သက်တမ်းရင့် ကျင့်သုံးလာခဲ့သည့်နိုင်ငံများ၏အခြေအနေကို လေ့လာသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများ၏အတွေ့အကြုံများကို လေ့လာရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစွတာဗီဂျေနမ်ဘီးယားသည် ရခိုင်ပြည်နယ် မောင်တောနယ်စပ်ရှိ မောရဝတီကျေးရွာသို့ ရောက်ရှိပြီး ရခိုင်တိုင်းရင်းသားများနှင့်တွေ့ဆုံရာတွင် ဤနေရာ၊ ဤဒေသမှာ တိုင်းရင်းသားဒေသခံများ၏ နေရာ



တရုတ်နိုင်ငံ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက်
နန်နင်းကုန်စည်ပြပွဲ

ဖြစ်သည့်အတွက် အခြားဒေသများသို့ စွန့်ခွာမသွားဘဲ ဆက်လက်နေထိုင်ကြရန် တိုက်တွန်းလိုက်သည်။

ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ၂၉ လ ကြာပြီဖြစ်သော ဆီးရီးယားအကြမ်းဖက်ပဋိပက္ခနောက်ပိုင်း သေဆုံးသူ ၁၁၀၃၇၁ ဦး ရှိပြီဖြစ်ကြောင်း ပြောကြားသည်။

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပသော (၁၀) ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး မြန်မာကုန်စည်ပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကာကျန်းနှင့် နန်နင်းမြို့ရှိ လိယွမ်အပြည်ပြည်ဆိုင်ရာအစည်းအဝေးခန်းမ၌တွေ့ဆုံရာတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်တရုတ်တို့အကြား စီးပွားရေးစကြိတည်ဆောက်နိုင်ရေးအပါအဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်၊ ဖယ်ဒရယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကာ ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

၃ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသည် '၀' ဒေသးစည်းညီညွတ်ရေးပါတီ (UWSP) မှ ဒုတိယစစ်ရေးချုပ် ဦးခွန်ဂန်၊ ပြည်ပဆက်ဆံရေးဌာနမှူး ဦးကျောက်ကော့အန်း၊ '၀' တောင်ပိုင်းဗျူရိုမှူး ဦးအိုက်လိမ်နှင့် (UWSP) ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးအောင်မြင့်တို့နှင့်တွေ့ဆုံ၍ '၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအတွင်း သန်းခေါင်စာရင်းကောက်ယူရေးအပါအဝင် အောက်ခြေတပ်မှားကြား ပြဿနာဖြစ်ပွားပါကမြန်ဆန်စွာညှိနှိုင်းဖြေရှင်းရေး၊ ဥပဒေဘောင်အတွင်း အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

၄ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကလီဗလန်းမြို့နေအိမ်၌ အမျိုးသမီးငယ်သုံးဦးကို ၁၀ နှစ်ကြာပြန်ပေးဆွဲခဲ့သူ အသက် ၅၃ နှစ်အရွယ်ရှိ ကက်စထရိုသည် ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ် ချမှတ်ခံရပြီးနောက် မိမိကိုယ်ကို ကြိုးဆွဲချ အဆုံးစီရင်သွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရှမ်းပြည်နယ်ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ပြုလုပ်သည့်ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပွဲသို့တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် အထူးဒေသ (၂) UWSA '၀'အဖွဲ့မှ ဦးအိုက်ဂျန်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့နှင့်လည်းကောင်း၊ ညနေပိုင်းတွင် အထူးဒေသ (၄)မှ ဦးစိုင်းလင်းဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့အားလည်းကောင်း ကျိုင်းတုံမြို့ရွှေတြိဂံရိပ်သာ၌ တွေ့ဆုံသည်။

အမေရိကန်က ဆီးရီးယားကို စစ်ရေးအရ တိုက်ခိုက်ရေး

ဆုံးဖြတ်ချက်မူကြမ်းကို ဆီးနိတ်ကော်မတီအမတ်များက သဘောတူလိုက်ပြီး ရက်ပေါင်း ၆၀ အချိန်ကန့်သတ်ချက်ဖြင့် စစ်ဆင်ရေးဆင်နွှဲရန် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ပြောကြားသည်။

၅-၆ ၂၀၁၃ ခုနှစ် G-20 ခေါင်းဆောင်များ၏ အဋ္ဌမအကြိမ်ထိပ်သီးအစည်းအဝေးကို ရုရှားနိုင်ငံ စိန့်စပီတာမြို့၌ ကျင်းပသည်။

၆ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၈/၂၀၁၃) ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းသည်။

အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီက စုံစမ်းထောက်လှမ်းခဲ့သည့် သတင်းထွက်ပေါ်ခဲ့ရာ သမ္မတအိုဘားမားက စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဟု ကတိပြုလိုက်သည်။

၇ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းအကြိုစမ်းသပ်ထုတ်လွှင့်ခြင်းညီနှိုင်းအစည်းအဝေးကို နေပြည်တော်(တပ်ကုန်း) ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်တက်ရောက် အမှာစကားပြောကြားပြီး အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များနှင့် စားပွဲဝိုင်းတွေ့ဆုံပွဲပြုလုပ်သည်။

ဩဂုတ်လ ၁၅ ရက်နေ့ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ အနိမ့်အမြင့်ကွာခြားမှုမရှိသော ဘာသာတရားများ၏ ဆုတောင်းပတ္ထနာများ ပြုလုပ်ခြင်းဖြင့် ဖွင့်လှစ်ခဲ့သော ဩဂုတ်လ ၁၅ ရက်နေ့ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ အနိမ့်အမြင့်ကွာခြားမှုမရှိသော ဘာသာတရားများ၏ ဆုတောင်းပတ္ထနာများ ပြုလုပ်ခြင်းဖြင့် ဖွင့်လှစ်ခဲ့သော

အမျိုးသားလုံခြုံရေး အေဂျင်စီ၏ ဖုန်းကြားဖြတ်နားထောင်မှုပြဿနာများနှင့် ရင်ဆိုင်နေရသည့် အိုဘားမား

လက်တင်အမေရိကနိုင်ငံနှစ်နိုင်ငံဖြစ်သည့် ဘရာဇီးလ်နှင့် မက္ကဆီကိုနှစ်နိုင်ငံခေါင်းဆောင်များ၏ ပုဂ္ဂိုလ်ရေးအဆက်အသွယ်နှင့် ဖုန်းခေါ်ဆိုမှုများအပေါ် တိုနီအဘော့၏ လစ်ဘရယ်အမျိုးသားတပ်ပေါင်းစုက နေရာ ၉၀ ရရှိပြီး လေဘာပါတီက ၅၅ နေရာ ရရှိကြောင်း သြစတြေးလျွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည်။

၂၀၂၀ အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ အိမ်ရှင်ကျင်းပခွင့်ကို ဂျပန်နိုင်ငံရရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြန်မာ-အမေရိကန် ချစ်ကြည်ရေး တောင်တက်အဖွဲ့သည် ပထမဆုံးအကြိမ်အဖြစ် ဂမ်လန်ရာဇီတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်သည်။

သြစတြေးလျအတိုက်အခံခေါင်းဆောင် တိုနီအက်ဘော့တ်သည် အထွေထွေရွေးကောက်ပွဲ၌ မဲအရေအတွက် ၈၀ ရာခိုင်နှုန်းဖြင့် အာဏာရ လေဘာပါတီအပေါ် အနိုင်ရရှိသည်။

၈ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်မြို့လှိုင်မြို့နယ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးရှိ သီရိအဏ္ဏဝါခန်းမ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

(၆၃) ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသည်။

၁၀-၁၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း

ဗဟို၌ဘဏ္ဍာ ကျင်းပသည့် 2nd Myanmar Global Investment Forum သို့ တက်ရောက်လာကြသည့် အာရှဖွံ့ဖြိုးရေးဘဏ်ဒုတိယဥက္ကဋ္ဌ Mr.Xiaoyu Zhao ဦးဆောင်သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တွေ့ဆုံသည်။

၁၀ ပြည်ထောင်စုလွှတ်တော် နာယကာ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသုံးနိုင်ငံ (ပိုလန်၊ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံ) သို့ ခရီးလှည့်လည်ရန် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာသည်။

၁၁ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Hideo Watanabe ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တိမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ကာကွယ်ရေးနှင့်လုံခြုံရေးဝန်ကြီးမစ္စတာကေရာလာဇာနာဂူစ်မာအိုနှင့်ဇနီးမစ္စစ်ကာစ်တီဆဝဒ်ဂူစ်မာအိုခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

၂၀၀၁ ခုနှစ်က အယ်လ်ခိုင်ဒါအကြမ်းဖက်သမားများက လေယာဉ်ပြန်ပေးဆွဲ၍ အမြွာမျှော်စင်နှင့် ပင်တဂွန်စစ်ဌာနချုပ်ကို ဖျက်ဆီးခဲ့မှုဖြင့် အမေရိကန်ပြည်သူ ၃၀၀၀ နီးပါးသေဆုံးခဲ့ရခြင်း (၁၁) နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားကို အမေရိကန်နိုင်ငံဝါရှင်တန်ရှိ ဖြစ်ပွားရာနေရာ၌ ကျင်းပရာ အမေရိကန်သမ္မတဘားရက်အိုဘားမားတက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၂ ဆီးရီးယားနိုင်ငံ၏ ယခင် နျူကလီးယားသုတေသနလုပ်ငန်းများနှင့် ဓာတုလက်နက်တိုက်များအရေး ဒွိဟကင်းစွာ ရှင်းရှင်းလင်းလင်းရှိရန်လိုအပ်ပြီဖြစ်ကြောင်း အမေရိကန်အစိုးရက တိုက်တွန်းပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့သည် တိမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို သမ္မတအိမ်တော်ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

၁၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လတ်ဗီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Edgars Rinkevics ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို အကောင်အထည်



၂၀၀၁ ခုနှစ်က အယ်လ်ခိုင်ဒါတို့၏ ဓားစာခံဖြစ်ခဲ့ရသော အမြွာမျှော်စင်

ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံလွတ်တော်ဆိုင်ရာ အဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များတွေ့ဆုံ၍ ပြည်ထောင်စုဥပဒေ ပြုရေးကိစ္စရပ်များတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ကွဲလွဲနေသောဥပဒေများကို တစ်ပြေးညီဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းရေးဆွဲရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ်သမား ၁၇၀ ကျော်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သီတဂူဆရာတော်ကြီး၏ စီစဉ်မှု မြန်မာ့လေကြောင်းနှင့် ကမ္ဘောဇဘင်၏ အခမဲ့ပူးပေါင်းကူညီမှုဖြင့် ပြန်လည်ရောက်ရှိသည်။

ပထမအကြိမ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ သင်္ဘာဟိုတယ်၌ ကျင်းပသည်။

မြန်မာနှင့်အိန္ဒိယနိုင်ငံ နယ်နိမိတ်သတ်မှတ်ရေး ပြဿနာရှိနေသော မဏိပူရပြည်နယ်၊ အင်ဖာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး လူကိုးဦးသေဆုံးကာ ၂၁ ဦးဒဏ်ရာရရှိသည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် နယူးဒေလီမြို့၌ အသက် ၂၃ နှစ် အရွယ် အမျိုးသမီးတစ်ဦးကို အုပ်စုဖွဲ့ မုဒိမ်းပြုကျင့်ရာတွင် ပါဝင်သူခဲ့သူများအနက် လေးဦးကို တရားရုံးက ကြိုးမိန့်ချမှတ်ပြီး တစ်ဦးမှာ အကျဉ်းကျနေစဉ် ကိုယ့်ကိုယ်ကိုယ်သတ်သေခဲ့သည်။

၁၄ မြန်မာပါတီစုံဒီမိုကရေစီနှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ရေး အဖွဲ့တို့ ပူးပေါင်းကျင်းပသော နိုင်ငံရေးပါတီများနှင့် မီဒီယာနှိုးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ အင်းယားကန်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဦးတင်အေး တက်ရောက်သည်။

ပြည်သူများပူးပေါင်းပါဝင်မှုရှိသော အောက်ခြေမှစီမံကိန်းရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တက်ရောက်အမှာစကားပြောသည်။

ဖိလစ်ပိုင်တောင်ပိုင်းတွင် မွတ်ဆလင်သူပုန်များနှင့် စစ်တပ်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားခဲ့ပြီးနောက် စစ်တပ်က မွတ်ဆလင်သူပုန်အကြွင်းအကျန်များကို ရှင်းလင်းရေးလုပ်ဆောင်သည်။

၁၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဦးမင်းကိုနိုင်နှင့် ဦးကိုကိုကြီးတို့ဦးဆောင်သော ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) အဖွဲ့ကို နေပြည်တော်ရှိ တောင်သူပညာပေး ၈က ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၃ အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို နေပြည်တော်လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း အဖွင့်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးမဂ်လာခန်းမ၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းဆိုင်ရာရှင်းလင်းပွဲပြုလုပ်ရာတရုတ်၊ ဘင်္ဂလီနှင့် ပါကစ္စတန်တို့ကိုလည်း အခြားစာရင်းတွင်ထည့်သွင်းကောက်ယူမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် အပူပိုင်းမုန်တိုင်းနှင့် ဟာရီကိန်းမုန်တိုင်းများဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၈၀ ထက်မနည်း သေဆုံးခဲ့ရပြီး ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့သည်။

၁၆ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည်

ထိုင်းနိုင်ငံချန်ပူရီခရိုင် ဆပ်တာဟိမြို့ရှိ ထိုင်းဘုရင့်ရေတပ်မှ H.T.M.S ANGTHONG စစ်သင်္ဘောပေါ်သို့ တက်ရောက်လေ့လာသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၂/၂၀၁၃) ဖြင့် မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးသည်။

ကျပန်နိုင်ငံတွင် မန်းရီးအမည်ရှိ မူန်တိုင်းသည် တစ်နာရီလျှင် ၃၄ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ နေအိမ်ရာနှင့်ခြံ၍ နစ်မြုပ်ခဲ့ပြီး လူပေါင်းလေးသိန်းကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

၁၇ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Christopn Burgener ကို ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်) ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးစနစ်ရှိခဲ့သော်လည်း ယခုအခါ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေပြီဖြစ်သောကြောင့် စစ်တပ်၏အခန်းကဏ္ဍကိုလျှော့ချထားပြီဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထိုင်းဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးမစွစ်ရင်လတ်ရှင်နာဝပ်နှင့် ထိုင်းနိုင်ငံ၌ တွေ့ဆုံစဉ် ပြောကြားသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေသည် စက်တင်ဘာလ ၁၇ ရက်မှစတင်၍ အာဏာတည်သည်ဟု နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၃) ဖြင့် သတ်မှတ်သည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ကျင်းပသည့် IAEA ၏ နှစ်ပတ်လည်ညီလာခံတွင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် IAEA ညွှန်ကြားရေးမှူးချုပ် Yukiya Anano တို့သည် အဏုမြူထိန်းချုပ်ရေးဆိုင်ရာ ထပ်တိုးသဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။

ဘင်္ဂလားဒေ့ရှ်အတိုက်အခံကျမတ်အီးအစ္စလာမ်မီပါတီ၏ စတုတ္ထခေါင်းဆောင် မိုလာအား ၁၉၇၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် လွတ်မြောက်ရေးတိုက်ပွဲအတွင်း လူသတ်မှုကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပြီးနောက် တရားရုံးက သေဒဏ်ချမှတ်လိုက်သည်။

၁၈ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံရုံးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အခြေစိုက်ဖွင့်လှစ်ခဲ့ရာမှ ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်သည်။

စစ်ရာဇဝတ်မှုကျူးလွန်သူဟု သံသယရှိသူ ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှားကို ဖမ်းဆီးရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး ICC က အမေရိကန်အာဏာပိုင်များကို တိုက်တွန်းသည်။

၁၉ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးဇေယျကို နိုင်ငံတော်သမ္မတက အမိန့်အမှတ် (၄၃/၂၀၁၃) ဖြင့် လက်မှတ်ရေးထိုးခန့်အပ်ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် ၎င်းသည် စင်ကာပူသမ္မတတို့နှိတန်ကင်ယမ်း၊ ဝန်ကြီးချုပ် လီရှန်လွန်း၊ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်၊ လွှတ်တော်ဥက္ကဋ္ဌ မဒမ်ဟာလီရာမာယာကော့ပ်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဂရေစ်ဖူတို့နှင့် တွေ့ဆုံမည်ဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ် စင်ကာပူထိပ်သီးအစည်းအဝေးတက်ရောက်ခြင်း၊ စင်ကာပူ စီမံခန့်ခွဲရေး၊ တပ်မတော်၏ အာရှပြည်သူ့ရေးရာ သင်ခန်းစာအစီအစဉ်၊ ဟိုရိဝါခေါင်းဆောင်မှု အစီအစဉ်တို့၌ မိန့်ခွန်းပြောကြားခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်း စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များသည် နံနက် ၂ နာရီတွင် တာဝန်ချိန်ဝတ်စုံဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာနေ ပြစ်မှုကျူးလွန်သူ တစ်ဦးကို ဖမ်းဆီးရာမှ ရွာသူရွာသား ၃၀၀ ခန့်က တုတ်၊ ဓားလက်နက်များကိုင်ဆောင်၍ ရဲတပ်ဖွဲ့ဝင်များကို ရိုက်နှက်သည့်ဖြစ်စဉ်ဖြစ်ပွားကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံ၏ အဓိက တမီလ်အမျိုးသားမဟာမိတ် (TNA) ပါတီသည် မြောက်ပိုင်းပြည်နယ် ကောင်စီရွေးကောက်ပွဲများတွင် အမတ်နေရာ ၃၀ ဖြင့် အနိုင်ရရှိသည်။

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီရှိ Westgate စျေးဝယ်စင်တာအတွင်း လက်နက်ကိုင်တစ်စုက လေးရက်ကြာဝင်ရောက်စီးနင်းခဲ့ရာလူ ၆၇ ဦးထက်မနည်းသေဆုံးပြီး ၂၀ ဦးခန့်ပျောက်ဆုံးသည်။

၂၀-၂၃ တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးအင်အားစုအဖွဲ့ ၇၀ ကျော်တက်ရောက်သော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း (Trust Building for Peace) (ရှမ်း၊ ကယား၊ မွန်) ဆွေးနွေးပွဲကို တောင်ကြီးမြို့၌ ကျင်းပရာပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတက်ရောက်သည်။ ယင်းဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် ပင်လုံညီလာခံကဲ့သို့သော တိုင်းရင်းသားအားလုံးပါဝင်သည့် ညီလာခံကျင်းပရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

အီကျစ်တရားရုံးက မွတ်ဆလင်ညီနောင်များအဖွဲ့၏ လှုပ်ရှားမှုအားလုံးကို တားမြစ်ပြီး ပိုင်ဆိုင်မှုများကိုသိမ်းဆည်းကြောင်း အမိန့်ချမှတ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အိုနိုပြည်နယ် အရှေ့မြောက်ပိုင်းတွင် ဘိုကိုဟာရမ် လက်နက်ကိုင်အုပ်စုနှင့် စစ်တပ်အကြားတိုက်ပွဲများ ပြင်းထန်လျက်ရှိရာ သူပုန်ဘက်က ၁၅၀ ခန့်နှင့် စစ်တပ်ဘက်မှ ကျဆုံးသူ ၁၆ ဦးနှင့် ပျောက်ဆုံးသူ ကိုးဦးကျော် အထိရှိလာကြောင်း ဒေသတွင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

၂၀ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းသည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) နှင့် ရှမ်းပြည်မြောက်ပိုင်းတပ်မတော် (SSPP/SSA) နှင့်ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ် (PNLO) မှတာဝန်ရှိသူများနှင့် ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် တွေ့ဆုံကာ နိုင်ငံရေးညီလာခံများကျင်းပနိုင်ရေးနှင့်ပတ်သက်၍ဆွေးနွေးသည်။

ကမ္ဘာ့ဘဏ်တွင် ငွေစာရင်းခေါင်းစဉ်ငါးခုဖြင့် ဒေါ်လာ ၁၁ ဘီလီယံအပ်နှံထားသည်ဟူသော သတင်းပျံ့နှံ့မှုနှင့် ပတ်သက်၍ နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ ပြုလုပ်သော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းလင်းပွဲတွင် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ထိုသတင်းမှာလုံးဝမှားယွင်းကြောင်း ရှင်းလင်းပြောဆိုသည်။

မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးအခင်းအကျင်းတွင် တပ်မတော်၏ အခန်းကဏ္ဍာလျှော့ချရေးမှာ ပါတီအသီးသီးနှင့် နိုင်ငံရေးအင်အားစုများအပေါ်၌ အဓိကမူတည်ကြောင်း နေပြည်တော် စက်မှုဝန်ကြီးဌာနရုံး၌ ပြုလုပ်သည့် အစိုးရသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲထွဋ်က ပြောကြားသည်။

၂၁ ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်လန်းတို့သည် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ထိုင်း-မြန်မာသံတမန်ဆက်ဆံရေးတည်ထောင်မှု (၆၅) နှစ်ပြည့် အထိမ်းအမှတ် ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်အားပေးသည်။

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အဖွဲ့ဝင်များနှင့်အတူ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ကချင်ပြည်နယ်အတွင်း အချင်းချင်းပဋိပက္ခများရပ်ကာ လက်နက်ကိုင်လမ်းစဉ်ကို ဒီမိုကရေစီလမ်းစဉ်ဖြင့် လှုယ်ရန်သင့်ပြီဖြစ်ကြောင်းထည့်သွင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနားအဖြစ် အရပ်ဘက်လူအဖွဲ့အစည်း ၆၀ ခန့်မှ လူ ၃၀၀ ခန့်သည် ငြိမ်းချမ်းရေးပိုစတာများကိုင်ဆောင်၍ ကြွေးကြော်ကာ ငြိမ်းချမ်းရေးချီတက်လမ်းလျှောက်ခြင်းကို ရန်ကုန်မြို့၌ တရားဝင်ခွင့်ပြုမိန့်ဖြင့်မြို့နယ်ရှစ်ခုတွင် ပြုလုပ်သည်။

ဝက်စ်ဂိတ်ရှော့ပင်းမော အပြင်ဘက်တွင်
ကင်ညာလုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရန် ကြိုးပမ်းနေစဉ်

ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံးအကြိမ်လွှတ်တော်အစည်းအဝေးတွင် အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခြင်းမရှိကြောင်း ဒေသတွင်းသတင်းများက ဖော်ပြသည်။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဝက်စ်ဂိတ်ရှော့ပင်းမောကို ဆိုမာလီ အစွန်လာမွစ် အယ်ရှာဘတ်အစွန်းရောက် စစ်သွေးကြွများက ဝင်ရောက်စီးနင်းရာ လူပေါင်း ၆၀ ကျော်သေဆုံးသည်။

၂၂ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ THE EMPIRE HOTEL AND COUNTRY CLUB ၌ ကျင်းပသည့် (၃၄) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ပိတ်ပွဲသို့ တက်ရောက်သည်။

ကျာမနီနိုင်ငံရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ ကွန်ဆာဗေးတစ်ပါတီ (CDU) က မဲ ၄၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အမတ်နေရာအများဆုံးရရှိသည်။

၂၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်လွှတ်တော် အမတ် Ms.Eriko Yamatani ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားတွင် အတိုက်အခံတို့ ဆန္ဒပြကန့်ကွက်ခြင်းခံရသည့်ဟွန်ဆန်ကို ဝန်ကြီးချုပ်အဖြစ် လွှတ်တော်က ခန့်အပ်သည်။

၂၃-၂၆ ဆူဒန်နိုင်ငံခါတွန်မြို့၌ လောင်စာဆီအနှုံးခံထုတ်ရောင်းခြင်းကို ဖျက်သိမ်းမည့်အစိုးရ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့်ဆန္ဒပြမှု ဖြစ်ပွားပြီး လူ ၂၉ ဦး သေဆုံးသည်။

၂၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ပြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစွတာအင်ဒရူးလက်ထရစ်သည် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်သည်။

၂၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်သမ္မတဟောင်း နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင် Mr.Jimmy Carter ဦးဆောင်ပြီး ဖင်လန်သမ္မတဟောင်း နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင် Mr.Matti Ahtisaari၊ နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr.Gro Harlen Brundtland ဦးဆောင်သောအဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘန်ကောက်မြို့ အခြေစိုက်လူဇင်ဘတ်နိုင်ငံသံအမတ်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစွတာမတ်ခ်သေးလ်သည် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တာချီလိတ်မြို့ မြန်မာ-ထိုင်းအမှတ် (၁) ချစ်ကြည်ရေးတံတား၌ ခရိုင်/မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံလူဝင်မှုကြီးကြပ်ရေး

ဦးစီးအရာရှိနှင့်အဖွဲ့.ထံမှ မြန်မာအလုပ်သမား ၁၅ ဦးကို လွှဲပြောင်းလက်ခံသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည်။

ကုလသမဂ္ဂ၌ ကျင်းပသော ပညာရေးသာပထမ (Global Education First) လှုံ့ဆော်မှု တစ်နှစ်ပြည့်အခမ်းအနားတွင် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ပညာသင်ကြားခွင့်ရရေး အထူးသံတမန် အသက် ၁၆ နှစ်အရွယ် ပါကစ္စတန်ကျောင်းသူ မာလာလာ တက်ရောက်သည်။

၂၆ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် တယ်လီနောဂရု(ပ်)၏ ဒါရိုက်တာအဖွဲ့.ဥက္ကဋ္ဌ Mr.Svein Aaser ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့.ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့.ဆုံသည်။

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့.နယ် ထုံးပေါက်ချိုင်းကျေးရွာမှ ခန္ဓာကိုယ်အဆမတန်ကြီးထွားမှုရောဂါခံစားနေရသော အရပ် ၇ ပေ ၁၀ လက်မရှိ ကိုဝင်းဇော်ဦးသည် စင်ကာပူနိုင်ငံတွင် ခွဲစိတ်ကုသမှုခံယူခဲ့ပြီး ပြန်လည်ရောက်ရှိသည်။

အာဖရိကအနောက်ပိုင်းရှိ ဆီရာလီယွန်နိုင်ငံ၏ ၁၉၉၀ ပြည့်နှစ်လွန် ပြည်တွင်းစစ်အတွင်း သူပုန်များကို လက်နက်တပ်ဆင်ပေးမှု ဖြင့် လိုင်ဘေးရီးယားသမ္မတဟောင်းချားတေလာကို ကုလသမဂ္ဂအထူးတရားရုံးက ထောင်ဒဏ်နှစ် ၅၀ ချမှတ်သည်။

၂၆-၂၇ ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံပါဝင်နိုင်ရန်အတွက် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပထမအကြိမ် မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံညှိနှိုင်းအစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၌ ကျင်းပသည်။

၂၇ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင်ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီး ၂၃ ဦးတို့ကို အသစ်ဖွဲ့.စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့.ဆပ်ကော်မတီ ၂၆ ခုတွင် အဖွဲ့.ခေါင်းဆောင်များအဖြစ်တာဝန်ပေးအပ်မည့် အစည်းအဝေးကို နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအင်ကြင်းခန်းမ၌ကျင်းပရာ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့.ခေါင်းဆောင်ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက မြေယာနှင့်ပတ်သက်သော အငြင်းပွားမှုများ ထပ်မံမဖြစ်စေရန် ခေတ်နှင့်လျော်ညီပြီး တိကျသည့် မြေယာအသုံးချမှု မူဝါဒတစ်ရပ်ချမှတ်ရန် မဖြစ်မနေလိုအပ်ကြောင်းထည့်သွင်းပြောကြားသည်။

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီသည် နျူကလီးယားဆွေးနွေးပွဲများ ကျင်းပရန် အဆင်သင့်ရှိကြောင်း ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် ပြောကြားခဲ့ပြီးနောက် အမေရိကန်သမ္မတဘားရက် အိုဘားမားနှင့် ဖုန်းဖြင့် တိုက်ရိုက်ဆွေးနွေးပြောဆိုသည်။

၂၈ ဒုတိယသမ္မတဦးဉာဏ်ထွန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့.သည် ဘယ်လ်ဂျီယံနိုင်ငံသို့ ရန်ကုန်မြို့.မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။



လူသားချင်းစာနာထောက်ထားမှုဆု ချီးမြှင့်ခံရသည့် မာလာလာ ယူဆွတ်ဖ်ဇိုင်

မာလာလာယူဆွတ်ဖ်ဇိုင်ကို ဟားဗတ်တက္ကသိုလ်မှ ယခုနှစ် အတွက် လူသားချင်းစာနာထောက်ထားမှုဆု ပေးအပ်ချီးမြှင့်ကြောင်း ဒေးလီးသတင်းစာက ဖော်ပြသည်။

၂၉ ရခိုင်တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများထက် ပြည်ထောင်စုအချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုအပြင် ယဉ်ကျေးမှုဓလေ့ထုံးစံများအတွက် ခက်ခဲစွာ ထိန်းသိမ်းကာကွယ် နေရကြောင်း၊ ပြည်ထောင်စုသားအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကာ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာနခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး မိသားစုတွေ့ဆုံဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားသည်။

မြန်မာနိုင်ငံအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံရေးပါတီ ၃၇ ခုတို့မှ ပါတီခေါင်းဆောင် ၇၀ ဝန်းကျင်တို့သည် ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးစင်တာ၌ တွေ့ဆုံကာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့ကို ဆွေးနွေးသည်။

မာလီနိုင်ငံမြောက်ပိုင်းရှိ သူပုန်များ အင်အားကောင်းရာ ကီဒယ်မြို့တွင် National Movement for the Liberation of Azawad (MNLA) သူပုန်အဖွဲ့ဝင်များက ဘဏ်တစ်ခုရှိ စစ်သားများကို ဝင်ရောက်တိုက်ခိုက်သည်။

လွတ်တော်အမတ်များ၏ ဖုန်းပြောဆိုမှုများကို ကြားဖြတ်နားထောင်မှုဖြင့် ထိုင်ဝမ်သမ္မတမာရင်ကျိုးကို ပြည်သူများက ကန့်ကွက်ဆန္ဒပြသည်။

၃၀ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမုန်တို့သည် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၆၄) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသော (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မူဝါဒမိန့်ခွန်းပြောကြားသည်။

ဂျပန်ရေတပ် လေ့ကျင့်ရေးစစ်သင်္ဘောသုံးစင်းသည် မြန်မာနိုင်ငံသီလဝါဆိပ်ကမ်းသို့ချစ်ကြည်ရေးခရီးလာရောက်သည်။

အောက်တိုဘာလ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမိန့်ခွန်းပြောကြားရာတွင် မိဒီယာကျင့်ဝတ်များ၊ စည်းမျဉ်းများကို တိကျစွာလိုက်နာရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးဆောင်ရွက်ရေးများနှင့် ပတ်သက်၍ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်မြို့ သီတဂူကမ္ဘာဗုဒ္ဓဘက္ကသိုလ်တွင် ကျင်းပသောကိုးကွယ်ရာ ဘာသာကြီး (၅) ရပ်တို့၏ ဘာသာရေးခေါင်းဆောင်များတွေ့ဆုံနှုတ်ဆက်လာပေးပို့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ ကျောက်တော်မြို့နှင့် မောင်တောမြို့နယ်များသို့သွားရောက်ပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ အဋ္ဌမပုံမှန်အစည်းအဝေးများကို နေပြည်တော်တွင် စတင်ကျင်းပသည်။

ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးဆိုင်ရာဘာသာပေါင်းစုံတွေ့ဆုံနှုတ်ဆက်လာပေးပို့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သောနှစ်က မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့၏ အဓိကစခန်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ အမေရိကန်ဗိုလ်ချုပ်နှစ်ဦးကို ရာထူးမှဖယ်ရှားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ်

၂ တရားရုံးနှင့် တရားစီရင်ရေးစနစ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောက်ရှိ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့၏ အားနည်းမှုများအပြင် သက်ဆိုင်သောအခြားကဏ္ဍစုံဆိုင်ရာကိစ္စတို့၏ အားနည်းချက်များကို ဖော်ထုတ်ထောက်ပြခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကလွှတ်တော်သို့ သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စစ်တွေမြို့ ဗန္ဓုလရိပ်သာဧည့်ခန်းမ၌ ရခိုင်တိုင်းရင်းသားမြို့မိမြို့ဖများ၊ အစွယ်လာမ်လူမှုရေးခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းထုတ်ပြန်ချက် (၁၆/၂၀၁၃) ဖြင့် စက်တင်ဘာလ ၂၈ ရက်တွင် စတင်ဖြစ်ပွားသော သံတွဲမြို့ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံတွင် လွှတ်တော်နှစ်ရပ်အတွင်း ကျန်းမာရေးဘတ်ဂျက်ခွဲဝေသုံးစွဲမှုညှိနှိုင်းမှုမရသည့်အတွက် အစိုးရယန္တရားလုပ်ငန်းတစ်စိတ်တစ်ပိုင်းရပ်ဆိုင်းသွားခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အမေရိကန်သမ္မတ အိုဘားမားသည် အစိုးရအဖွဲ့လုပ်ငန်းများ ရပ်ဆိုင်းနေခြင်းကို ဖြေရှင်းရန်အတွက် မလေးရှားနိုင်ငံ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း မလေးရှားဝန်ကြီးချုပ်ရုံးမှ ပြောကြားချက်ကို အခြေခံ၍ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သံတွဲမြို့အဏ္ဏဝါရိပ်သာ၌ သံတွဲမြို့မှရခိုင်နှင့် ကမန်တိုင်းရင်းသားရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည် သတင်းထုတ်ပြန်ချက်(၁/၂၀၁၃) ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းနှင့်ဆောင်ရွက်မှုအခြေအနေကို သတင်းထုတ်ပြန်သည်။

ဥရောပသို့ နိုင်ငံခြားရွှေ့ခိုလှုံသူများကို တင်ဆောင်လာသောသင်္ဘောသည် အီတလီနိုင်ငံ လန်ပီဒူဆာကျွန်းအနီးနစ်မြုပ်ရာ အာဖရိကလူမျိုး ၃၆၆ ဦးသေဆုံးသည်။

အိန္ဒိယအစိုးရက တီလန်ဂါနာပြည်နယ်သစ်ထူထောင်ခွင့်ကို အတည်ပြုသည်။

၄ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌဦးသိန်းဇော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း "ဝ" အထူးဒေသ (၂) ပန်ဆန်း မြို့၌ "ဝ" အထူးဒေသ (၂) ဥက္ကဋ္ဌဦးပေါက်ယူချန်း၊ ဒုတိယဥက္ကဋ္ဌဦးရှောက်မင်လျံဦးဆောင်သောအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ လွှတ်တော်

ဥက္ကဋ္ဌ Rt.Hon.David Carter ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဗီယက်နမ်နိုင်ငံ၏ အမျိုးသားစစ်သူရဲကောင်း တစ်ဦးဖြစ်သော ဗိုလ်ချုပ်ကြီး ဗိုဥယင်ဇယ်သည် အသက် ၁၀၂ နှစ်အရွယ်တွင် ကွယ်လွန်သည်။

၄-၅ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ မဂ္ဂယ်ခန်းမ၌ ပြုလုပ်သည်။

၅ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနခွဲ ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် (၁၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂညီလာခံ (IPU) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

၆ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ စတင်ဖွင့်လှစ်ရာ ဒေသဆိုင်ရာ နိုင်ငံများမှ နိုင်ငံခြေးဆောင်များနှင့် စီးပွားရေးဆိုင်ရာ ခေါင်းဆောင်များ စုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်သည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနခွဲ ကျင်းပသည့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်အဖွင့် အမှာစကားပြောကြားသည်။

ဘင်္ဂလားရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းခန်းမ၌ ကျင်းပသည့် ဘင်္ဂလားရေးကော်မရှင် (၂/၂၀၁၃) အစည်းအဝေးသို့ ကက်ရောက်အမှာစကားပြောကြားသည်။

တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်အတွင်းမှ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများအပေါ် ဝင်ရောက်စွက်ဖက်ရေးအတွက် မဟာမိတ်အုပ်စုများကို အသုံးမချရန် အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့အား တရုတ်နိုင်ငံက တိုက်တွန်းလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် (၂၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ထွက်ခွာသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပုဂ္ဂလိကရုပ်သံမီဒီယာများနှင့်ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင် ဆောင်ရွက်မှုများနှင့် မည်သည့် အဂတိလိုက်စားမှုမှ မရှိကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၀) ဖြင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ဥပဒေ အမှတ် (၃၁) ဖြင့် ဆက်သွယ်ရေးဥပဒေ၊ ဥပဒေအမှတ် (၃၂) ဖြင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတို့ကို ပြဋ္ဌာန်းသည်။

ကမ္ဘာ့အင်အားအပြင်းဆုံးဖြစ်သည့် စူပါတိုင်ဖွန်းဟိုင်ရန်သည် ဖိလစ်ပိုင်အလယ်ပိုင်းသို့ တစ်နာရီလျှင် မိုင် ၁၇၀ နှုန်းဝင်ရောက်တိုက်ခတ်ခဲ့ရာ ပင်လယ်ရေမျက်နှာပြင် ၂၀ အထိ မြင့်တက်ခဲ့ပြီး လူ ၆၀၀၀ ကျော်သေဆုံးကာ ရာပေါင်းများစွာ ပျောက်ဆုံးလျက်ရှိသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ရေးအရ လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် ငွေကြေးဘီလီယံ

ပေါင်းများစွာ သုံးစွဲခဲ့ပြီး အသက်ပေါင်းများစွာ စတေးခဲ့ကြရသော်လည်း တည်ငြိမ်အေးချမ်းမှု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိကြောင်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ဝေဖန်ပြောကြားသည်။

၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် အာဆီယံ-ဂျပန်၊ အာဆီယံ-တရုတ်၊ အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် (၆၁) ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲကိုကျင်းပရာ ကမ္ဘာ့နိုင်ငံပေါင်း ၈၆ နိုင်ငံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ရာအသက် ၂၅ နှစ် အရွယ်ရှိ ရုပ်သံတင်ဆက်သူ ဗင်နီဇွဲလားမယ် မာရီယာဂဘရီယာဘစ်စလာက မယ်စကြဝဠာဆု ဆွတ်ခူးရရှိသွားပြီး အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မိုးစက်ဝိုင်သည်လည်း နှစ်ပေါင်း ၅၂ နှစ် အကြာတွင် ပထမဆုံး အကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

၈-၁၀ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့သည် မြစ်ကြီးနားမြို့၊ မနောကွင်းအနီးရှိ မဂ္ဂယ်ခန်းမ၌ တွေ့ဆုံဆွေးနွေး၍ သဘောတူညီချက်များကို လက်မှတ်ရေးထိုးသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ မြစ်ကြီးနားမြို့၊ မဂ္ဂယ်ခန်းမ၌တွေ့ဆုံဆွေးနွေးစဉ်

၁၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၁၆) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

ယင်းနေ့ည နေပိုင်းတွင် (၂၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားနှင့် မြန်မာနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ အာဆီယံဥက္ကဋ္ဌရာထူးလက်ခံရယူသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မလေးရှားနိုင်ငံတွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

တာလီဘန်များ၏ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသူ၊ ပါကစ္စတန်နိုင်ငံသူ မာလာလာယူဆွတ်ဖ်ဇိုင်သည် ဥရောပသမဂ္ဂနိုင်ငံများမှ ချီးမြှင့်သည့် လူ့အခွင့်အရေးလှုပ်ရှားမှု ဆာခါရော့ဗ်ဆုကို ဆွတ်ခူးရရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မာလာဝီနိုင်ငံတွင် ဒေါ်လာသန်းချီသည့် ငွေကြေးအရှုပ်တော်ပုံကြောင့် သမ္မတ ဂျိုက်စ်ဘန်ဒါက အဖွဲ့ဝင် ၂၅ ဦးပါ ဝန်ကြီးအဖွဲ့ကို ထုတ်ပယ်ကြောင်း သမ္မတရုံးက ကြေညာသည်။

၁၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံအစိုးရ ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ဂျပန်နိုင်ငံ NHK ရုပ်မြင်သံကြားဌာနမှ မြန်မာနိုင်ငံဌာနခွဲ အကြီးအကဲ Mr. Jun Kobayashi ကို လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပ

သည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံညှိနှိုင်းပွဲကို ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

တောင်ငူမြို့၊ (၁၇) ရပ်ကွက်ကန်လမ်းရှိ ချမ်းမြေ့ရည်ရိပ်သာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲဝန်ထမ်းတစ်ဦးအပါအဝင် နှစ်ဦးသေဆုံးသည်။

၂၀၁၃ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ကမ္ဘာ့မာတုလက်နက် စောင့်ကြည့်ရေးအဖွဲ့က ရရှိသွားကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြသည်။

၁၂ တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများမဖြစ်ပေါ်စေရန် ကာကွယ်ပေးရမည့်အချက်ပါဝင်သည့် တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

ပနားမားနိုင်ငံ၌ ကြားဖြတ်ဟန့်တားစစ်ဆေးခံနေရသည့် မြောက်ကိုရီးယား ကုန်တင်သင်္ဘောတစ်စင်း၏ သကြားအိတ်များအောက်မှ ရှာဖွေတွေ့ရှိသော ဂျက်တိုက်လေယာဉ်များသည် ပျံသန်းနိုင်သောအခြေအနေတွင် ရှိနေကြောင်း ပနားမား တာဝန်ရှိသူများ၏ ပြောကြားချက်ကို စီတီအိုင်သတင်းတွင် ဖော်ပြသည်။

၁၃ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့သည့် မလေးရှားနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံနှင့် သြစတြေးလျ နိုင်ငံတို့မှ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗုံးပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပွားခဲ့ရာ ရန်ကုန်မြို့တွင် ရက်အကန့်အသတ်မရှိ လုံခြုံရေးတိုးမြှင့်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ အလယ်ပိုင်းမက်ပရာဒေ့ရှ်ပြည်နယ် ဒါတီဟာမြို့နှင့် ၃၇ မိုင်ခန့်အကွာရှိ ဘာသာရေး အခမ်းအနားတစ်ရပ် ကျင်းပနေသော ရာတာနာဒ့်ဝတ်ကျောင်းတော်အနီး ဆင်းဒ်မြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသော တံတားတစ်စင်းအပေါ် ဖြတ်ကူးရန်ကြိုးစားနေသည့် ဘုရားဖူးလူအုပ်စု ရုတ်တရက် ပြိုဆင်းမှုကြောင့် လူ ၆၀ ထက်မနည်း သေဆုံးသည်။

၁၄ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ Traders ဟိုတယ် ၉ လွှာ၊ အခန်းနံပါတ် ၉၂၁ တွင် ပေါက်ကွဲမှု တစ်ခုဖြစ်ပွားရာ တည်းခိုသူ အမေရိကန်လူမျိုး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး



၂၀၁၃ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရ
ကမ္ဘာ့လက်နက်စောင့်ကြည့်ရေးအဖွဲ့.ရုံးတည်နေရာ

ရဲတပ်ဖွဲ့မှူးရုံးက သတင်းထုတ်ပြန်သည်။

ရခိုင်ပြည်နယ် သံတွဲပဋိပက္ခဖြစ်စဉ်တွင် မီးရှို့ခြင်း၊ လူသတ်ခြင်းများ ပြုလုပ်ခဲ့သည်ဟု သံသယရှိသဖြင့် ခေါ်ယူထိန်းသိမ်းစစ်ဆေးမေးမြန်းခံရသူ ၇၈ ဦးအနက် ၃၄ ဦးကို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသူများကို စစ်ဆေးဆဲဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ဂါဇာကမ်းမြောင်မှ အစွန်ရေးသို့ဆက်သွယ်ထားသော အလျား ၁ ဒသမ ၇ ကီလိုမီတာ(တစ်မိုင်ခန့်) ရှည်လျားသည့် မြေအောက်ဥမင်လိုဏ်ခေါင်းကို ရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါ လိုဏ်ခေါင်းကိုအသုံးပြု၍ အရပ်သားများအား တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း အစွန်ရေးစစ်ဘက်ကပြောကြားသည်။

၁၅ ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့အသံနှင့်ရုပ်မြင်သံကြားဒစ်ဂျစ်တယ်စနစ်ဖြင့် စတင်ပြောင်းလဲထုတ်လွှင့်ခြင်းနှင့် ရုပ်သံလိုင်းများတိုးချဲ့ထုတ်လွှင့်ခြင်းအခမ်းအနားကို တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်ပြီး စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၃) ဖြင့် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေနှင့် ဥပဒေအမှတ် (၃၄) ဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေများ ပြဋ္ဌာန်းသည်။

၁၆ ဒုတိယသမ္မတ ဦးဘက်ထွန်းသည် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တရုတ်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံသမ္မတ၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌ တွေ့ဆုံသည်။

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများကို မြန်မာ့တပ်မတော်၏ တိုက်ခိုက်ရေးမဟုတ်သော အခြားနေရာများတွင် တာဝန်ထမ်းဆောင်ရန် ပထမဆုံးအကြိမ် လျှောက်လွှာခေါ်ယူသည်။

ရန်ကုန်မြို့ကုန်သည်ကြီး များဟိုတယ်ဗုံးပေါက်ကွဲမှုနှင့် အလုံမြို့နယ် Wetern Park စားသောက်ဆိုင်၌ မိုင်းတွေ့ရှိမှုနှင့် ပတ်သက်သည်ဟု သံသယရှိသူ စောမြင့်လွင် (ခ)မောထကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

လာအိုလေကြောင်းလိုင်းပိုင်လေယာဉ်တစ်စင်း မဲခေါင်မြစ်အတွင်း ပျက်ကျမှုကြောင့် ၃၉ ဦး သေဆုံးကြောင်း ထိုင်းရုပ်သံသတင်းတွင် ဖော်ပြသည်။

၁၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် Pew Charitable Trusts မှ Executive Vice President ဖြစ်သူ Mr.Joshua Reichert နှင့် အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဘက်ထွန်းသည် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဂျူဒို Test Match 2013 ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြီးမားသော ရာဇဝတ်မှုများကျူးလွန်ခဲ့သည်ဟု သံသယရှိသော ခမာအစိုးရအဖွဲ့၌ အဓိက အခန်းမှပါဝင်ခဲ့သူ နွန်ချီယာ ၈၇ နှစ်နှင့် နိုင်ငံအကြီးအကဲဟောင်း ခရူဆမ်ဖန် ၈၂ နှစ်တို့ကို ကမ္ဘောဒီးယားစစ်ရာဇဝတ်မှုဆိုင်ရာ တရားရုံးကစစ်ဆေးကြားနာသည်။

အမေရိကန်ပြည်ထောင်စုသည် ကြွေးမြီပေးဆပ်ရန် ပျက်ကွက်သောနိုင်ငံအဖြစ်သို့ မရောက်မီ အချိန်အနည်းငယ်တွင် အစိုးရလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ကြွေးမြီများသတ်မှတ်ချက်ကို မြှင့်တင်ပေးရန် အတွက် ဥပဒေမူကြမ်းကို အထက်လွှတ်တော်က ထောက်ခံမဲ ၈၁ မဲ၊ ကန့်ကွက်မဲ ၁၈ မဲဖြင့် လည်းကောင်း၊ အောက်လွှတ်တော်က

ထောက်ခံမဲ ၂၈၅ မဲ၊ ကန့်ကွက်မဲ ၁၄၄ မဲဖြင့် အတည်ပြုသည်။

၁၈ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် H.E.Mr.Yohei Sasakawa ဦးဆောင်သောအဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်၊ သွင်းကုန်ဘဏ်တို့ မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတဦးဉာဏ်ထွန်းတက်ရောက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Yohei Sasakawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူ့လွှတ်တော် အစည်းအဝေးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၃) ဖြင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်သည်။

၁၉ မဲမသမာမှုများရှိကြောင်း ဝေဖန်မှုများ ပြင်းထန်စွာ ထွက်ပေါ်ခဲ့သော အဇာတိုင်ဂျန်သမ္မတရွေးကောက်ပွဲတွင် သမ္မတ အီဟမ်အလီယက်က မဲအပြတ်အသတ်ဖြင့် အနိုင်ရပြီး တတိယအကြိမ်သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုသည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ဝဏ္ဏာသိဒ္ဓိအားကစားကွင်း၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးအချို့တွင် ဖြစ်ပွားခဲ့သောပေါက်ကွဲမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကရင်အမျိုးသားအစည်းအရုံး၏ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနဒ်ကျင်းပရာ ကေအင်န်ယူဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဖဒိုမန်းငြိမ်းမောင်က ယခုလုပ်ရပ်သည် ကေအင်န်ယူဗဟို၏သဘောထားမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆီးရီးယားနိုင်ငံအလယ်ပိုင်းဟာမာမြို့၌ ပေါက်ကွဲရေးပစ္စည်းများသယ်ဆောင်လာသည့် ကုန်တင်ကားတစ်စီးသည် စစ်ဆေးရေးဂိတ်စခန်းသို့ မောင်းနှင်လာကာ အသေခံဗုံးဖောက်ခွဲမှုကြောင့် လူ ၃၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂ လက်အောက်ခံအပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် မစွတာ ရေမွန် ဘင်ကျမင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌လက်ခံတွေ့ဆုံသည်။

၂၂ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟို ကော်မတီအစည်းအဝေးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၃) ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်သည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၆/၂၀၁၃) ဖြင့် ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးဒေါ်စီစီကို ၎င်း၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

၂၂-၂၃ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့တို့၏ တတိယအကြိမ် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ

ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် ဟောင်း Hon Bob Hawke ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၇/၂၀၁၃) ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းကို ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုသည်။

၂၄ (၆၈) ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) ဖြင့် ဥပဒေပြုရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်သည်။

တရုတ်နိုင်ငံ၌ အာဏာအလွဲသုံးစားပြုလုပ်ခြင်း၊ ဘဏ္ဍာငွေအလွဲသုံးစားပြုခြင်းနှင့် လာဘ်ယူမှုများကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံနေရသည့် ချုကျင့်ကွန်မြူနစ်ပါတီခေါင်းဆောင်ဟောင်း၏ အယူခံလွှာကို တရားရုံးက ပယ်ချလိုက်သည်။

၂၅ ချင်းအမျိုးသားတပ်ဦး (CNFP) အစိုးရနှင့်အပစ်အခတ် ရပ်စဲရေးသဘောတူညီပြီးနောက် ဒိန်းမတ်အစိုးရ၏ အကူအညီဖြင့် ချင်းပြည်နယ်မြောက်ပိုင်း ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များရှိ အထက်တန်းကျောင်းများတွင် ကွန်ပျူတာနှင့်အင်တာနက်လိုင်းများ တပ်ဆင်ပေးလျက်ရှိကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အတိုက်အခံအင်အား တစ်သိန်းကျော်တို့က မြို့တော်ဒါကာ၌ ခရီးတက်ဆန္ဒပြကြပြီး ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ နုတ်ထွက်ပေးရန်နှင့် အိမ်စောင့်အစိုးရဖွဲ့စည်းကာရွေးကောက်ပွဲကျင်းပပေးရန် တောင်းဆိုသည်။

ဘင်္ဂလားဒေ့ရှ် အစိုးရအတိုက်အခံတို့ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုနေစဉ်

၂၆ ဘရာဇီးလ်နိုင်ငံတွင် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်လာသည့်အတွက် ကန့်ကွက်ဆန္ဒပြမှုများပေါ်ပေါက်လာပြီး ဆန္ဒပြသူတို့က ဆွာပေါ်လိုမြို့ရှိ ဘတ်စ်ကားဂိတ်တစ်ခုကို ဖျက်ဆီးခဲ့ကြကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၈ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၈/၂၀၁၃) ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်ချုပ်ဇော်ဝင်းအစား ဗိုလ်ချုပ်မောင်မောင်အုန်း (ဒုတိယဝန်ကြီးနယ်စပ်ရေးရာ ဝန်ကြီးဌာန) ကို

အစားထိုးပြင်ဆင်ဖွဲ့စည်းကြောင်း ထုတ်ပြန်သည်။

တစ်နာရီလျှင် အမြင့်ဆုံး မိုင် ၉၀ ခန့်ရှိ ဟာရီကိန်းလေမုန် တိုင်းကြောင့် အင်္လန်နှင့်ဝေလ ပြည်နယ်တောင်ပိုင်း၌ သန်းနှင့်ချီသော အလုပ်သမားများနှင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းလိုက်ရကြောင်း ဘီဘီစီသတင်း တွင် ဖော်ပြသည်။

အမေရိကန်အမျိုးသား လုံခြုံရေးအေဂျင်စီ (NSA) က ဂျာမနီ အဓိပတိ အိန်ဂျလာမာကယ်လ်နှင့် အခြားကမ္ဘာ့ခေါင်းဆောင်များကို လျှို့ဝှက်ထောက် လှမ်းမှုများ ပြုလုပ်ခဲ့ကြောင်းဝန်ခံခဲ့ပြီး အများစုကို ရပ်ဆိုင်းထားပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများကပြောကြားသည်။

၂၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ လိုင်ဇာအစည်းအဝေးသို့ သဝဏ်လွှာပေးပို့သည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို နိုင်ငံတော်ဧည့်ဝေဟာဝင်းအတွင်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ကို ရင်းနှီးတည်ဆောက်မည့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအမည်ရှိ မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီတည်ထောင်ရန်အတွက် ဖက်စပ်သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ New otani ဟိုတယ်၌ ကျင်းပသည်။

သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဧရိယာဟက်တာ ၄၀၀ အတွင်းရှိ အိမ်ထောင်စု ၆၈ စုအတွက် ပထမအဆင့်လျော်ကြေးငွေ ကျပ်သိန်းပေါင်း ၁၄၀၀ ကျော်ကို စတင်ပေးအပ်သည်။

ပီရူးဝန်ကြီးချုပ် ဂျူအန်ဂျင်မီနက်မေယာသည် ရာထူးမှနုတ်ထွက်ကာ ၎င်း၏နေရာအား ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး ဖြစ်သူ ဆန်မာတင်ဒေသ မြောက်ပိုင်း ဥက္ကဋ္ဌဆီးဆာဗီလန်ချူဟာအာရီဗာလို က ဆက်ခံမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်ဖော်ပြောကြားသည်။

၃၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bikram Singh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား နယ်ခြားပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကို ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ဗျူရိုမှ အကြီးတန်းဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.Scot Marciel ဦးဆောင်သည့်အဖွဲ့ကို လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ်(စဝ/၂၀၁၃) ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်သည်။

တစ်နိုင်ငံလုံးအတိုင်း အတာအရ အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲအပေါ် အခြေခံမူများ ချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များ၏ လိုင်ဇာထိပ်သီးဆွေးနွေးပွဲကို ကချင်အမျိုးသား လွတ်မြောက်ရေး (KIO) ဌာနချုပ် လိုင်ဇာမြို့တွင် ပြုလုပ်သည်။

မြန်မာကုမ္ပဏီများ မှတ်ပုံတင်ရာတွင် မတည်ငွေရင်းနှင့် ကနဦးထည့်ဝင်ရမည့် ငွေပမာဏ သတ်မှတ်ချက်များ ဖြေလျှော့ပေးခြင်းကို ပုဂ္ဂလိကကဏ္ဍပြောင်းလဲမှု ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီက ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံ၏ပထမဆုံး သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စတင်ဖွင့်လှစ်သည်။

၃၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်း

ပြပွဲ ၂၀၁၃ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယာရီနှင့် မက္ကဆီကိုနိုင်ငံ တီဂျူနားမြို့အကြား ဆက်သွယ်ထားသော မူးယစ်ဆေးဝါးမှောင်ခိုကူးရာတွင် အသုံးပြုခြင်း ဖြစ်ဟန်ရှိသည့် လျှို့ဝှက်ဥမင်လိုဏ်တစ်ခုကို တွေ့ရှိသည်။

နိဝင်ဘာလ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမိန့်ခွန်းပြောကြားရာ၌ လက်ရှိဖော်ဆောင်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဖြစ်ထွန်းတိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းတို့ကို အတည်ပြုသည်။

၂ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ တတိယနေ့အဖြစ် ကျင်းပလျက်ရှိသည့် ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ (၂၀၁၃) သို့ တက်ရောက်အားပေးသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီနာယကဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြင်ဆင်ထားရှိသည့် လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဘော့စနီယားနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များက စစ်ပွဲကာလအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မြှုပ်နှံထားသော လူပေါင်း ၃၆၀ ၏ ရုပ်အလောင်းများကို နိုင်ငံ၏အနောက်မြောက်ပိုင်းရှိ တိုမာစိက ကျေးရွာအနီး၌ မူခင်းဆိုင်ရာ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိသည်။

၃ ဆူမတြားဒေသ၏ မီးတောင်ရှင် ၁၂၉ လုံးတွင်ပါဝင်သည့် နိုင်ငံမြောက်ပိုင်း ကာရိခရိုင်ရှိ စီနာဘန်းမီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုပြာများ မိတာ ၇၀၀၀ အထိမြင့်တက်ခဲ့သဖြင့် မီးတောင်အနီးရှိ ကျေးရွာလေးရွာမှ ပြည်သူများအားဘေးလွတ်ရာသို့ဖယ်ရှားကြရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၄ နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၁၃) အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့ထားသော သတင်းမီဒီယာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် အတည်ပြုသည်။

အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ထိုင်းနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် ရည်ရွယ်သည်ဟု အတိုက်အခံများက သတ်မှတ်သော နိုင်ငံရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဥပဒေကြမ်းနှင့် ပတ်သက်၍ ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က ကာကွယ်ပြောကြားသည်။ ယင်းဥပဒေကြမ်းကို စတင်ဆွေးနွေးခြင်းမှစ၍ ဘန်ကောက်မြို့တွင် ဆန္ဒပြပွဲများ နေ့စဉ်ဖြစ်ပွားခဲ့သည်။

၄-၅ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂျွယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နေပြည်တော်၌ ရောက်ရှိနေသော သြစတြေးလျဓနသဟာယနိုင်ငံဘုရင်ခံချုပ် မစ္စစ်ကွင်တင်းဘရိုက်စ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ဥမြို့
ရေကြီးနစ်မြုပ်မှုဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုစဉ်

နှင့်ခင်ပွန်းမစွတာ မိုက်ကယ်ဘရိုက်စ်တို့ကို နိုင်ငံတော် သမ္မတအိမ်တော်ရှိ မြက်ခင်းပြင်၌ ကြိုဆိုသည်။

နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၁၇/၂၀၁၃)ဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေး ဆွေးနွေးပွဲဆောင်ရွက်မှုသတင်းကို ထုတ်ပြန်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော် ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက ကျင်းပသည့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဩစတြေးလျှခန သဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စမာရီဟာဘာရှားနှင့် အဖွဲ့ကို နိုင်ငံတော် သမ္မတအိမ်တော်၌လက်ခံတွေ့ဆုံသည်။

အိန္ဒိယနိုင်ငံသည် အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင် (MOM) ကို ပြည်တွင်းလုပ် ဒုံးပျံဖြင့် စတင်လွှတ်တင်လိုက်ပြီး တောင်အာရှနိုင်ငံတစ်ခုအတွက် ပထမဆုံးစွမ်းဆောင်မှုဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သော တောင်ဥမြို့ (ကေတုမတီမြို့သစ်)၊ အုတ်တွင်းမြို့နယ်နှင့် သာဂရတိုက်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများကိုတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီက သတင်းထုတ်ပြန်ချက် (၂/၂၀၁၃) ဖြင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း သတင်းထုတ်ပြန်သည်။

တာဂျစ်ကစ္စတန် သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အီမိုမာလီရာဟ်မွန် အနိုင်ရရှိသည်။

ထိုင်းအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေမူကြမ်းကို ကန့်ကွက်သည့်ဆန္ဒပြမှုများ အဆုံးသတ်ရန် ထိုင်းဝန်ကြီးချုပ်ရင်လတ်က တိုင်းပြည်ကို မေတ္တာရပ်ခံသည်။

၈ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ Simon Wiesenfhal စင်တာမှ ဘုန်းတော်ကြီး အေဘရာဟမ် ကော့ပါးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီအတွင်းရေးမှူး ဦးအေးမောက်က လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ အရေးကြီးအဆိုတင်သွင်းသည်။

မော်လဒိုက်နိုင်ငံတွင် ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသော သမ္မတ ရာထူးဖြုတ်ချခံရပြီးနောက် ၂၁ လကြာဖြစ်ပွားခဲ့သော မတည်ငြိမ်မှုများရပ်နိုင်ရန် သမ္မတရွေးကောက်ပွဲကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း (သာသနာရေးတွဲဖက်တာဝန်)နှင့် သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်သည် မြို့နယ်သံယနာယက ဆရာ

တော်များ၊ ဒေသခံဆရာတော်များ၊ ဒေသခံရွာသူရွာသားများနှင့်အတူ လက်ပံတောင်းတောင်ကြေးနီ စိမ်ကိန်းဧရိယာအတွင်းမှ တောင်ကြားတောရစကြံကျောင်းမြေနေရာရှိ စေတီနှင့်သိမ်တို့ကို ဖူးမြော်စစ်ဆေး၍ သာသနိကအဆောက်အအုံများကို မှတ်တမ်းရယူရန်နှင့် လက်ရှိအခြေအနေအတိုင်း အပျက်အစီးတစ်စုံတစ်ရာမရှိစေရေး စောင့်ရှောက်ထိန်းသိမ်းရန်မှာကြားသည်။

ကမ္ဘာ့အင်အားအပြင်းဆုံး တိုင်ဖုန်းမုန်တိုင်းဟိုင်ရန်သည် ဖိလစ်ပိုင်နိုင်ငံ ဆာမာကျွန်းသို့ တစ်နာရီလျှင် ၁၉၅ မိုင်နှုန်းဖြင့် စတင်တိုက်ခတ်မှုကြောင့် အနည်းဆုံး ဘူလ်တာနီမာတင်ဂါးနှင့်တိုက်ခိုက်ရေးသမား ၁၇၀၀ ခန့်သည် ယူဂန္ဒာနိုင်ငံဂါဟင်ဂါ အမျိုးသားဥယျာဉ်၌ လက်နက်ချအလင်းဝင်ရောက်သည်။

၉ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများနှင့်တွေ့ဆုံပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် (၁၄) ကြိမ်မြောက်အာဆီယံ ကြည်းတပ်ဦးစီးချုပ်များစုံညီအစည်းအဝေးကို သူရဦးရွှေမန်းနှင့် မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို မိတ္ထီလာမြို့ရှိကန်တော်ကြီးမင်္ဂလာခန်းမ၌ ကျင်းပသည်။

လွတ်တော်သို့တင်သွင်းထားသော ထိုင်းနိုင်ငံ၏ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေမူကြမ်းကို ထိုင်းအထက်လွှတ်တော်က ပယ်ချသည်။

ရန်ကုန်-ဗုဒ္ဓဂယာလေယာဉ်ခရီးစဉ်သစ်ကို ခရီးသည် ၁၂၇ ဦးတင်ဆောင်နိုင်သည့် ဘရာဇီးလ်နိုင်ငံထုတ် EMBRAER 190 လေယာဉ်ဖြင့် စတင်ပြေးဆွဲသည်။

အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား တီဟီရန် နျူကလီးယား ဆွေးနွေးပွဲသည် သဘောတူညီချက်တစ်စုံတစ်ရာမရဘဲ ပြီးဆုံးသွားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက စျေးနှုန်းအဆမတန်တင်ထားသည့် အီလက်ထရွန်နစ်ပစ္စည်းဆိုင်များကို သိမ်းဆည်းရန် အမိန့်ထုတ်လိုက်ပြီးနောက် လျှော့စျေးဖြင့် ရောင်းချခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ဂျပန်နိုင်ငံ မြောက်ပိုင်းဟောကိုင်းဒိုးနှင့် ဟွန်ရှူးကျွန်းမကြီးရှိ အော်မိုရိစီရင်စုအကြား ရထားဖြင့်ဆက်သွယ်ရန် ၁၉၈၈ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် ကမ္ဘာ့ပထမဆုံး ရေအောက်ဘူတာရုံကို ပိတ်သိမ်းလိုက်ကြောင်း အင်နာအိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဟိုင်ရန်တိုင်ဖုန်းမုန်တိုင်းဒဏ်သင့် ဖိလစ်ပိုင်နိုင်ငံ

လူ ၁၂၀၀ ကျော်သေဆုံးပြီး ၁၂ သန်း ထိခိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း ဘီဘီစီ သတင်းတွင်ဖော်ပြသည်။

ကွန်ဂိုနိုင်ငံအရှေ့ပိုင်းမှ M23 သူပုန်ခေါင်းဆောင် ဗိုလ်မှူးကြီး မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

၁၀ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

၁၁ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နယ်သာလန် အခြေစိုက်

မော်လ်ဒိုက်နိုင်ငံ အိမ်စောင့်အစိုးရသမ္မတ မိုဟာမက်ခါဟီသည် ၎င်း၏သက်တမ်းမှာ ၁၀ ရက် ညကတည်းက ကုန်သွားပြီဖြစ်သော်လည်း သမ္မတရွေးကောက်ပွဲဒုတိယအကြွေကျင်းပမည့် ၁၆ ရက်အထိ ဆက်လက်တာဝန်ယူသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ ပြည်သူများ၏ ရွေးချယ်နိုင်သည့် အခွင့်အရေးကို အန္တရာယ်ပြုနေကြောင်း အမေရိကန်က သတိပေးလိုက်သည်။

၁၃ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် PG Dip in Law (online)1st Batch ကျောင်းသား၊ ကျောင်းသူများကို အမျိုးသားလွှတ်တော်ရုံး (J) ဆောင် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

၁၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်သမ္မတဟောင်း ဝီလျံကျေကလင်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။ ထို့နောက် ဩစတြေးလျနိုင်ငံ အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာဆစ်ဒ်မိုင်ရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံသည်။ ယင်းနေ့ညနေတွင် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအကြီးအကဲ ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စကက်သရင်းအက်ရှ်တန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ဥရောပသမဂ္ဂ (အီးယူ) မြန်မာအထူးလုပ်ငန်းအဖွဲ့၏ ပထမရပ်ဆိုင်းလိုက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီးမှ ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက ဆုံးဖြတ်သည်။

ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် မြန်မာနိုင်ငံ၏ ရွှေစာရင်းလက်ကျန်၊ နိုင်ငံခြားသုံးငွေလက်ကျန်စာရင်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ရှင်းလင်းတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။ ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို အခြေခံ၍ ဆွေးနွေးအတည်ပြုခြင်းနှင့် လျှပ်စစ်ဓာတ်အားခန့်မှန်းထားတိုးမြှင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆောင်ရွက်မည့် အခြေအနေကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ရွှေ့ပြောင်းရယ်ဒတ်ချ်ရှ်လဲ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်နှင့် ဘဏ္ဍာရေးအရာရှိချုပ် Mr.Simon Henry ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးအစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ထိုင်းနယ်စပ်ရှိ ရွှေဟောင်းပရဝိဟာရဝတ်ကျောင်းအနီး ဧရိယာကို ကမ္ဘောဒီးယားနိုင်ငံ ပိုင်ဆိုင်ကြောင်းနှင့် ယင်းဧရိယာမှ ထိုင်းလုံခြုံရေး တပ်ဖွဲ့ဝင်များ ထွက်ခွာရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ တရားရုံးကဆုံးဖြတ်သည်။

၁၂ တိုင်ဖုန်းမုန်တိုင်းဟိုင်ရန်တိုက်ခတ်မှုကြောင့် အမေရိကန်နှင့် ပြိတိန်တို့က ဖိလစ်ပိုင်နိုင်ငံကို အကူအညီပေးရန် လေယာဉ်တင်သင်္ဘောနှင့် စစ်သင်္ဘောငါးစင်းစေလွှတ်သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ လျှပ်စစ်ဓာတ်အားခများတိုးမြှင့်ကောက်ခံမည့် အစီအစဉ်ကို

အကြိမ် မျက်နှာစုံညီအစည်းအဝေးကို ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်၌ ရောက်ရှိနေသော အစွယ်လာမွစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူး မစွတာအီမယ်လ်ဒင်အီဆန်အိုဂလူနှင့်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။ ယင်းအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို သွားရောက်တွေ့ဆုံသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၄၄၀/၄) အရှေ့ဘက်တွင် လုံခြုံရေးတာဝန်ယူထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကင်းစခန်းနေရာ၌ ရွာသူရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားသည်။

သြစတြေးလျှံဝန်ကြီးချုပ် ဟောင်းကီဗင်ရုဒ်သည် အထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် တိုနီအက်ဘော့တ်အား ရှုံးနိမ့်သွားပြီးနောက် နိုင်ငံရေးလောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာသည်။

၁၅ မြန်မာ-အီးယူလုပ်ငန်းအဖွဲ့၊ မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းပဟိုဒ္ဓာနဌကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးအကျဉ်းသား ၆၉ ဦးကို လွှတ်ငြိမ်းချမ်းသာခွင့်ပြုသည်။

ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ကျင်းပသည့် နိုင်ငံတကာ ဥပဒေပညာဖလှယ်ရေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုသည်။ ယင်းနေ့တွင် နိုင်ငံတော်သမ္မတကပေးပို့သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ခိုးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်းသည့် သဝဏ်လွှာအပါအဝင် သဝဏ်လွှာသုံးစောင်ကို မှတ်တမ်းတင်သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးခင်ရီတို့သည် အစွယ်လာမွစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူး ဦးဆောင်သောအဖွဲ့နှင့်အတူ ရခိုင်ပြည်နယ်စစ်တွေမြို့သို့ ရောက်ရှိသည်။

တိုင်ဖုန်းမုန်တိုင်းဟိုင်ရန်တိုက်ခတ်ခဲ့သောကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် သေဆုံးသူ ၄၄၆၀ ရှိသည်ဟု ဖိလစ်ပိုင်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း ကုလသမဂ္ဂ၏ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OCHA) က သတင်းထုတ်ပြန်သည်။

၁၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်းမစွတာတိုနီဘလဲနှင့်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ပူးတွဲကြေညာချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာသည်။

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ၌ ပြည်သူ့စစ်က ဆန္ဒပြသူများအား ပစ်ခတ်ဖြိုခွင်းမှုဖြစ်ပွားရာ အနည်းဆုံး ၃၁ ဦးသေဆုံးကာ ၂၃၅ ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၁၇ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် အစွယ်လာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က "ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်သည့် အခြေခံမူ

တို့ကို အပြည့်အဝလေးစားမည်" ဟူသော ပူးတွဲကြေညာချက်ထုတ်ပြန်သည်။

အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ချင်းပြည်နယ်၊ တီးတိန်မြို့စကောလမ်းရပ်ရှိ ကမ်းဟောက်ခန်းမ၌ ကျင်းပသည်။

မော်လ်ဒိုက်နိုင်ငံသမ္မတ ရွေးကောက်ပွဲတွင် အဗ္ဗဒုလ်လာမင်းက သမ္မတဟောင်း မိုဟာမက်နာရှစ်အား မဲအရေအတွက် ၅၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။

၁၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစွတာအယ်လ်ဘတ်စ် ဒေါ်ရ်ဇတ်ခ်ဟီးလ်ဟာဒ်ကို နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုကြိုဆိုသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Ms. Lilianne Ploumen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဦးဆောင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဂန္ဓဂေါဒေသခံပြည်သူများတွေ့ဆုံပွဲကို ဂန္ဓဂေါမြို့အမှတ် (၄) ရပ်ကျော်တိုက်ရှိ မြစ်သာခန်းမ၌ ကျင်းပသည်။

ရုရှားနိုင်ငံ ကာဇန်မြို့လေဆိပ်၌ ခရီးသည်တင် ဘိုးရင်း ၇၃၇ ပျက်ကျခဲ့ရာ ခရီးသည် ၄၄ ဦးနှင့် လေယာဉ်ဝန်ထမ်း ခြောက်ဦး သေဆုံးသွားသည်။

၁၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ၊ ကာနာဂါဝါပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr.Yuji Kuroiwa နှင့်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် ကာနာဂါဝါပြည်နယ်မှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရေးကို ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မကွေးဒေသခံပြည်သူများတွေ့ဆုံပွဲကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးအား ဂျပန်နိုင်ငံ ကာနာဂါဝါပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Yuji Kuroiwa ဦးဆောင်သော အဖွဲ့က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

(၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီ၏အစည်းအဝေးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပရာ မြန်မာ၊ အီရန်၊ ဆီးရီးယားနှင့် မြောက်ကိုရီးယားတို့၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းများကိုအရှေ့ယူဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်က ကန့်ကွက်ပြောကြားမှုများပြုလုပ်ရာ ယင်းကန့်ကွက်ပြောကြားမှုတွင် ရိုဟင်ဂျာလူနည်းစုဟူသည့် စကားအသုံးအနှုန်းကို ယခင်ကာလများအတိုင်း ဆန့်ကျင်ကြောင်းပါရှိသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတနှင့် ဝန်ကြီးများ၏ ဖုန်းခေါ်ဆိုမှုအပေါ် ကြားဖြတ်နားထောင် သူလျှိုလုပ်ခဲ့ခြင်းကြောင့် သြစတြေးလျနှင့် ဆက်ဆံရေးမှာ ပျက်စီးသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ယူဒိုရိုနိုက ပြောကြားသည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့်

တတိယအကြိမ် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံသို့ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာအယ်လ်ဘတ်စ်ဒေါ့ဂျ်ဇာတ်ခ်ဟီးလ်ယာဒ်သည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မွန်ဂိုလီးယားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

မွန်ဂိုလီးယားနိုင်ငံ သမ္မတနှင့် အဖွဲ့သည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ကျင်းပသည့် မြန်မာ-မွန်ဂိုလီးယား စီးပွားရေးဖိုရမ်သို့ တက်ရောက် အမှာစကားပြောကြားသည်။

အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများကို ဩစတြေးလျက သူလျှိုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ဩစတြေးလျနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီက သတင်းထုတ်ပြန်ချက် (၃/၂၀၁၃)ထုတ်ပြန်သည်။

၁၉-၂၁ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ဆန်းစစ်ခြင်း အစီရင်ခံစာဆိုင်ရာ ဆွေးနွေးပွဲကို နေပြည်တော်ရှိ မောင့်ပလဲဆင့် ဟိုတယ်၌ ကျင်းပသည်။

၂၁ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန် အလေအလွင့်မရှိစေရေးနှင့် လုပ်ငန်းပြီးစီးပါက တင်ပြအစီရင်ခံရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း သည့်ညီနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် အီရန်နိုင်ငံတို့၏ တိတိရန်းကလီးယားအစီအစဉ် အနာဂတ်အရေး ဆွေးနွေးပွဲဒုတိယနေ့ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌

အနာဂတ်အီရန်နိုင်ငံ နျူလက်နက်အစီအစဉ်ကို အင်အားကြီးနိုင်ငံတို့ စိုးရိမ်နေရသည်

ဆက်လက်ကျင်းပကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံအမှတ် (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းတက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၅၀/၂၀၁၃) ဖြင့် ဦးမော်သာထွေးကို လျှပ်စစ်စွမ်းအား

ဝန်ကြီးဌာနဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

သြစတြေးလျသူလျှိုများသည် အင်ဒိုနီးရှားသမ္မတနှင့် ၎င်း၏ အတွင်းစည်းကို သူလျှိုလုပ်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံသားများက သြစတြေးလျဆန့်ကျင်ရေး ဆန္ဒပြမှုများ ပြုလုပ်သည်။

အမေရိကန်နိုင်ငံနှင့် အာဖဂန် တာဝန်ရှိသူများသည် လိုရာကျောက်ဟု လူသိများသောအစည်းအဝေးခွဲတက်ရောက်လာသော ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအပြီး အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်တွင် ဆက်လက်ထားရှိနိုင်မည့် နှစ်နိုင်ငံလုံခြုံရေးသဘောတူစာချုပ်မူကြမ်းကို သဘောတူညီလိုက်သည်။

၂၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Surapong Tovichakcha- ikul နှင့် အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ စီးပွားရေးဇုန်များဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ရေး၊ ထားဝယ်လေဆိပ်အဆင့်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု (၆၅) နှစ်မြောက် အထိမ်းအမှတ် ချစ်ကြည်ရေးတေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဘက်ထွန်းတက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပသည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မဟာဗျူဟာ အစီအစဉ်

အတိုက်အခံတို့၏ အယုံအကြည်မရှိ အဆိုတင်သွင်းခံနေရသည့် ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်

ရေးဆွဲရေးကော်မတီနှင့် နိုင်ငံရေးပါတီများ ဆွေးနွေးညှိနှိုင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးသည်။

လတ်ဗီးယားနိုင်ငံ မြို့တော်ရစ်ဂါ၌ စူပါမားကတ် အမိုးပြိုကျမှုဖြစ်ပွားရာ အနည်းဆုံး ၂၁ ဦး သေဆုံးပြီး အများအပြား ပျောက်ဆုံးနေကြောင်း ဘီဘီစီသတင်း တွင် ဖော်ပြသည်။

၂၃ ပြည်ထောင်စုလွှတ်တော် နာယကာ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲကြိုတင်ပြင်ဆင်မှုနှင့် အားကစားအဖွဲ့များ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

တရုတ်နိုင်ငံက အရှေ့တရုတ်ပင်လယ်အတွင်း ကျပန်နှင့် အငြင်းပွားနေသော ဒိုင်အေးယုကျွန်းစုကို လွှမ်းခြုံလှုပ်လေကြောင်း ကာကွယ်ရေးဇုန်အဖြစ် သတ်မှတ်လိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၄ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အားကစားရွာဖွင့်ပွဲအခမ်းအနားကို ဝဏ္ဏာသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဘက်ထွန်းတက်ရောက်ဖွင့်လှစ်ပေးသည်။

၂၄-၂၅ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေမူကြမ်းကို အကြောင်းပြု၍ ဆန္ဒပြမှုများ

ဖြစ်ပေါ်လာရာ ဝန်ကြီးချုပ်ရင်လတ် အစိုးရအဖွဲ့အား ဆင်းပေးရန် တိုက်တွန်းခဲ့ကြကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

၂၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ဆာဘီးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် သဘောတူညီပြီးဖြစ်သော မစ္စတာမီယိုဒရက်နီကိုလင်သည် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်ကာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ Arjuman Nurool Islam Urdu ကျောင်းမှ ကျောင်းသားကျောင်းသူ ၄၀၀ ကျော်သည် နေ့လယ်စာကိတ်မုန့်တစ်ခုစီစားမိပြီးနောက် အစာအဆိပ်သင့်မှုလက္ခဏာဖြစ်ပေါ်ခဲ့ပြီး နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့ရကြောင်း ပြည်တွင်းနေ့စဉ်သတင်းစာက ဖော်ပြသည်။

၂၆ ဗုဒ္ဓဖွားမြင်တော်မူရာ နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်ရှိ မယ်တော်မာယာဘုရားကျောင်းအတွင်း မြုပ်နှံထားသည့် ဘီစီခြောက်ရာစုခေတ်က ပန်းပုလက်ရာကို သုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မာလီနိုင်ငံ၏ စစ်အာဏာသိမ်းခေါင်းဆောင် အမာဒူဆန်နိုကို လူသတ်မှု၊ လုပ်ကြံသတ်ဖြတ်မှုဖြင့် တရားစွဲလိုက်ကြောင်း မာလီတရားရုံးဝန်ကြီးဌာနက ပြောကြားသည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၉၃) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ House of Retresentative ဥက္ကဋ္ဌ Hon.Mr.Bunmei IBUKI ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်၏ ကွန်ဆာဇေးတစ်မျာသည် ဗဟိုလက်ဝဲ ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ညွှန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီလိုက်သည်။

၂၈ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့်ကြိုတင်လေ့ကျင့်ပြင်ဆင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

ထိုင်းပါလီမန်တွင် ရင်လတ်အစိုးရကို အယုံအကြည်မရှိအဆိုတင်သွင်းသဖြင့် မဲခွဲဆုံးဖြတ်ခဲ့ရာ အာဏာရ ဖေထိုင်းအင်အားစုက အနိုင်ရပြီးနောက် ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်က ဆန္ဒပြပွဲများ ရပ်တန့်ကြရန် မေတ္တာရပ်ခံသည်။

၂၉ နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ထိုင်းနိုင်ငံ Mae Fah Luang တက္ကသိုလ်မှ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် Naresuan တက္ကသိုလ်မှ ပြည်သူ့ရေးရာနိုင်ငံရေးသိပ္ပံဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်သည့်အခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည်။

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အစိုးရအိမ်တော် အထူးဧည့်သည်တော်များခန်းမဆောင်သို့ သွားရောက်ကာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးနှင့် တွေ့ဆုံသည်။

၃၀ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ဗစ်ရန် ဘာဝန်၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံ (International Conference of Jurists) သို့ အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးခေါင်းစဉ်ဖြင့် သဝဏ်လွှာပေးပို့ရာ ထိုသဝဏ်လွှာကို ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖတ်ကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ အရပ်ဘက်လူ့အဖွဲ့အစည်းများကို မိန့်ခွန်းပြောကြားရာတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် အခြေခံကောင်းများကို ရယူပြီး နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် မိမိတို့ရောက်ရာနေရာမှ ကိုယ်စီ အားထည့်ကြိုးပမ်းကြရန် ထည့်သွင်းပြောကြားသည်။

ဒီဇင်ဘာလ

၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရေဒီယိုမိန့်ခွန်းပြောကြားရာ၌ အမျိုးသားစည်းလုံးညီညွတ်မှုအင်အားတစ်ခုတည်ဆောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရေးတို့ကို မိန့်ကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာအဆင့်မြင့် စံပြလယ်ယာဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေးသည်။

ဆီးရီးယားဓာတုလက်နက်များကို ဖျက်ဆီးရာတွင် အချို့ကို အမေရိကန်ရေတပ်သင်္ဘောပေါ်တွင် ဓာတ်ပြယ်စေသောနည်းဖြင့် ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ဓာတုလက်နက်တားဆီးရေးအဖွဲ့ (OPCW) က ပြောကြားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အစိုးရဆန့်ကျင်ဆန္ဒပြသူများအန္တရာယ်မှ ကာကွယ်ပေးနေသော အဓိကရုဏ်းရဲများကို ကူညီရန် အစိုးရတပ်များ ဖြန့်ကြက်ချထားလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြသည်။

၂ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လားရှိုးမြို့သို့ ရောက်ရှိပြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဆောက်အအုံ၌ ပြုလုပ်သည့် မျက်စိ၊ သွားနှင့် နှူတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသ ခွဲစိတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်ကာ စမ်းသပ်ကုသပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရန် လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၌ ကျင်းပသည်။

တရုတ်နိုင်ငံ၏ လေကြောင်းကာကွယ်ရေးဇုန်သစ် (Adiz) သတ်မှတ်ကြေညာမှုကြောင့် ဒေသတွင်းတင်းမာမှု မြင့်တက်နေခြိန်တွင် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အရှေ့အာရှသို့ခရီး စတင်ထွက်ခွာသည်။

ဘန်ကောက်မြို့၌ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေစဉ် ဆန္ဒပြသူများက ဝန်ကြီးချုပ်ရင်လတ်ရာထူးမှဆင်းပေးရန် တောင်းဆိုနေမှုကို ပယ်ချလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လုံခြုံရေးစာချုပ်ကို လက်မှတ်ရေးထိုးရန် ဖိအားပေးသည့်အနေဖြင့် အမေရိကန်က အာဖဂန်နစ္စတန်ကို စစ်ရေးအကူအညီပေးနေမှုများ ဖြတ်ကောက်လိုက်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက စွပ်စွဲပြောကြားသည်ကို ပရက်စ်တီဗီသတင်းတွင် ဖော်ပြသည်။

၃ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် လားရှိုးမြို့ ရန်တိုင်းအောင်ဘုရားအနီးရှိ ဆင်းရွှေလီကဇာတ်ရုံ၌ ပြုလုပ်သည့် ရှမ်းနှစ် ၂၁၀၈ ခု ရှမ်းရိုးရာ နှစ်သစ်ကူးပွဲတော် နှစ်သစ်မင်္ဂလာအခမ်းအနားသို့တက်ရောက်ကာ နှူတ်ခွန်းဆက်စကားပြောကြားသည်။

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက် အမှာစကား ပြောကြားပြီး ဆုများကို ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှသည် စစ်တွေမြို့နယ်ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး လွတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်

အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးသိပ္ပံမှူးတင်အား
ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဆုချီးမြှင့်စဉ်

ဖွံ့ဖြိုးတိုးတက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ထိုင်းရဲတပ်ဖွဲ့ဝင်များက အစိုးရဆန့်ကျင်ဆန္ဒပြသူများ တင်းမာမှုများကို ထိန်းချုပ်ရန် ရဲတပ်ဖွဲ့နှင့် အစိုးရရုံးများ၌ ချထားသော သံဆူးကြိုး အတားအဆီး အကာအရံများကို ဖယ်ရှားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားအကျပ်အတည်းဂယက်ကြောင့်ပြည်သူတစ်သန်းကျော်မှာ အစာရေစာ ပြတ်လပ်မည့်အနေအထားနှင့် ရင်ဆိုင်နေရကြောင်း ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့က သတိပေးလိုက်ကြောင်း ပရက်စ်တီဗီသတင်းဌာနက ဖော်ပြသည်။

၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့် အတူ အထူးလေယာဉ်ဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ထွက်ခွာသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးခြင်းလုံးအသင်းက ပြိုင်ပွဲ၏ ပထမဆုံးနှင့် နိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးခဲ့ပြီး မြန်မာအမျိုးသားခြင်းလုံးအသင်းက နိုင်ငံအတွက် ဒုတိယရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

လက်ဘနွန် ရှီးယိုက်စစ်သွေးကြွအုပ်စု၏ ထိပ်တန်းတပ်မှူးတစ်ဦးဖြစ်သော ဟက်ဆန်လက်ကစ်သည် ၎င်း၏နေအိမ်အနီးဘုံလုပ်ကြံသတ်ဖြတ်ခံရကြောင်း ဟစ်ဇ်တို လာရုပ်သံချယ်နယ်အယ်လ်မားနား တွင် ဖော်ပြသည်။

၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်ကို ဖိလစ်ပိုင်နိုင်ငံသမ္မတ မစွတာဘီနင်နို အက်စ်အကွိနို ၃ က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို မနီလာမြို့ရှိ မာလာကန်ညင်နန်းတော်၌ ကျင်းပသည်။

ဒုတိယသမ္မတ ဒေါက်တာဘိုးမောက်ခမ်းသည် တောင်အာဖရိကနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို သမ္မတအိမ်တော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ကာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်အလိုက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားများအတွက် သင်တန်းများကို ရန်ကုန်နှင့် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့တွင် စတင်ဖွင့်လှစ်သည်။

ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်ကျွန် နိုင်ငံကောင်းဖို့

အတွက် အပြန်အလှန်ကူညီပေးကြပါရန် ၎င်း၏မွေးနေ့အခါသမယမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းမြွက်ကြားသည်။

အမေရိကန်ထောက်လှမ်းရေးကန်ထရိုက်တာဟောင်းအက်ဒဝပ် စနိုးဒန်က သတင်းများဖွင့်ချခဲ့ပြီးနောက် အမေရိကန်နှင့်ပြိတိန်တို့၏ ထောက်လှမ်းရေးအေဂျင်စီများကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပရက်စ်တီဗီသတင်းဌာနက ဖော်ပြသည်။

၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှ ဆီဘူးမြို့သို့ ရောက်ရှိပြီး ဆီဘူးလေဆိပ်၌ မုန်တိုင်းဒဏ်ခံဒေသများမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ စက်မှုဇုန်နယ်မြေ၌ တည်ဆောက်ထားသည့် စက်မှုဝန်ကြီးဌာန၊ အမှတ် (၁၄) အကြီးစားစက်ရုံ(သာဂရ) ၏ အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှု အလုပ်ရုံဖွင့်ပွဲအခမ်းအနားကျင်းပရာ ဒုတိယသမ္မတဦးဉာဏ်ထွန်းတက်ရောက်၍ အလုပ်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံး လူမဲသမ္မတနှင့် အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးဦးဆောင်ပုဂ္ဂိုလ် နယ်လ်ဆင်မင်ဒဲလားသည် အသက် ၉၅ နှစ်အရွယ်တွင် ကွယ်လွန်သည်။

၇ မိကျောင်းကန်သပိတ်စခန်းကို ဒီဇင်ဘာလ ၉ ရက် ညနေ ၆ နာရီနောက်ဆုံးထား၍ ဖယ်ရှားရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တပ်မြို့စည်ပင်တို့က အမိန့်ထုတ်ပြန်ကြောင်း ပြည်တွင်းသတင်းဂျာနယ်များက ဖော်ပြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Ms.Christine Lagarde ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

အီရန်၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ကြားဖြတ်သဘောတူညီချက်အချို့ ရရှိထားသော်လည်း ပင်လယ်ကွေ့ဒေသတွင် တပ်ဖွဲ့ဝင် ၃၅၀၀၀ ခန့် ဆက်လက်ထားရှိသွားမည်ဟု ပင်တဂွန်စစ်ဌာနချုပ်အကြီးအကဲချက်ဟေဂယ်က ဘာရိန်းနိုင်ငံသို့ရောက်ရှိစဉ် ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာလကတည်းက ဖမ်းဆီးထားသော အမေရိကန်နိုင်ငံသား ကိုရီးယားစစ်ပြန်ဟောင်းတစ်ဦးကို နိုင်ငံတွင်းမှ ထွက်ခွာခွင့်ပေးလိုက်ပြီဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ထုတ်ပြန်ကြေညာသည်။

WTO အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ နဝမအကြိမ်မြောက် ဝန်ကြီးများ ကွန်ဖရင့်၌ ကုန်သွယ်မှုအတားအဆီး လျှော့ချရေးဘာလီသဘော တူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

၈ ဗင်နီဇွဲလားနိုင်ငံ၌ ဒေသဆိုင်ရာရွေးကောက်ပွဲများပြုလုပ်ရာတွင် သမ္မတနီကိုလပ်စ်မာဒူရို၏ အစိုးရအဖွဲ့ဝင်အများစုက အနိုင်ရရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရနှင့် မွတ်ဆလင်သူပုန်များ အာဏာခွဲဝေမှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု အေအက်ဖ်ပီသတင်း ဌာနက ဖော်ပြသည်။

၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်နှင့်ဇနီး ကေအိုင်ဆိုင်ကျိုင်းဆိုင်ညဆွန်တို့အား သမ္မတအိမ်တော်ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ကျန်းမာရေး စွန့်ဦးတီထွင်မှု ညီလာခံသို့တက်ရောက်ရန် ကာတာနိုင်ငံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

အစွမ်းရေးဝန်ကြီးချုပ် ဘင်ဂျမန်နေတန်ယာဟူသည် ခရီးစရိတ်ငွေကုန်ကြေးကျ များမည်စိုးသောကြောင့် တောင်အာဖရိကတွင်ကျင်းပမည့် နယ်လ်ဆင်မင်ဒဲလား၏

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့ (၂၇) ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်စဉ်

စျာပနအခမ်းအနားသို့ တက်ရောက်မည်မဟုတ်ကြောင်း အစ္စရေးမီဒီယာများက ရေးသားဖော်ပြသည်။

ဥရောပသမဂ္ဂကို လိုလားသော ဆန္ဒပြသူများသည် ယူကရိန်းနိုင်ငံမြို့တော်ကီဗ်မြို့ရှိ ဆိုဗီယက်ယူနီယမ်ထူထောင်သူ ဗလာဒီမာလီနင်၏ အမှတ်တရရုပ်တုကြီးကို ဖြိုချပစ်ခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် ရုရှား၏ အကြီးဆုံးသတင်းဌာနဖြစ်သော နိုင်ငံပိုင် [illegible]သတင်းအေဂျင်စီ (RIA Novosti) ကို ဖျက်သိမ်းပြီး သတင်းဌာနသစ်တစ်ခုဖွဲ့စည်းကြောင်း အေအက်ဖ်ပီသတင်းဌာန ဖော်ပြသည်။

၁၀ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် သဘာဝသယံဇာတအရင်းအမြစ်များတူးဖော်ထုတ်ယူသုံးစွဲရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအတွက် နော်ဝေနိုင်ငံအော်စလိုမြို့ အခြေစိုက် (EITI) ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Ms.Clare Short နှင့်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ရန်ကုန်၇၅) နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့်မီးရှူးတိုင်စတင်ထွန်းညှိခြင်းအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ သုဝဏ္ဏဘွဲ့ ကျင်းပရာ ယင်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတက်ရောက်၍မီးရှူးတိုင်ကို ထွန်းညှိပေးသည်။

တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၏ စျာပနအခမ်းအနားတွင် အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် ကျူးဘားသမ္မတ ရောလ်ကက်စထရို တို့၏ လက်ဆွဲနှုတ်ဆက်ခြင်းသည် ကြိုတင်စီစဉ်ထားခြင်းမဟုတ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုဘယ်လ်ငြိမ်းချမ်းရေးဆုကို ရရှိထားသော ဓာတုလက်နက်ဖျက်သိမ်းရေးအဖွဲ့ (Organization for the Prohibition of Chemical Weapons) သည် နော်ဝေနိုင်ငံအော်စလိုမြို့တွင် ယင်းဆုကို လက်ခံရယူသည်။

၁၁ မြန်မာနိုင်ငံက သုံးကြိမ်မြောက် ကျင်းပခွင့်ရရှိသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစား

ပြိုင်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံရေးအကျဉ်းသား ၄၁ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုသည်။

မြန်မာနိုင်ငံရောက် လာအို နိုင်ငံသမ္မတမစွတာ ကျူမာလီဆိုင်ညဆွန်နှင့်ဇနီး မစွစ်ကေအိုဆိုင်ကျိုင်းဆိုင်ညဆွန်တို့သည် စစ်ကိုင်းမြို့ကောင်းမှုတော်ဘုရားသို့သွားရောက်ကြည်ညိုဖူးမြော်ကန်တော့သည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ကျင်းပသော ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံစိန်ရတုအခမ်းအနားသို့ နိုင်ငံတော်သမ္မတအဂ္ဂမဟာသရေစည်သူ ဦးသိန်းစိန်က သဝဏ်လွှာ ပေးပို့ရာတွင်သန်းခြောက်ဆယ်သော ပြည်သူများကောင်းကျိုးအတွက် စည်းလုံးညီညွတ်စွာကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ထည့်သွင်းရေးသားထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၃၇/၂၀၁၃) ဖြင့်ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာသည်။

နိုင်ငံတော်ဘဏ္ဍာတွင် ရွှေတန်ချိန် ၇ ဒသမ ၁၅၃၃ တန်နှင့် နိုင်ငံခြားသုံးငွေ ၈ ဒသမ ၁၃ ဘီလီယံခန့်ပိုင်ဆိုင်ကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

၁၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နှစ် (၄၀) ပြည့် အာဆီယံ-ကျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ကျပန်-မဲခေါင်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်မှ ရန်ကုန်မြို့သို့ထွက်ခွာပြီး ရန်ကုန်မြို့မှ တစ်ဆင့် ကျပန်နိုင်ငံတိုကျိုမြို့သို့ ဆက်လက်ထွက်ခွာသည်။

မြောက်ကိုရီးယား၏ ဒုတိယဩဇာအကြီးဆုံးဟု ရှုမြင်ခံထားရသည့် နိုင်ငံခေါင်းဆောင် ကင်ကျုံအန်၏ ဦးလေးတော်စပ်သူ ကျန်ဆောင်သက်ကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ကွပ်မျက်လိုက်သည်။

၁၃ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် နေပြည်တော်ငလိုက်ဆည်၌ ကျင်းပလျက်ရှိသော ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ဆုချီးမြှင့်သည်။

ကျပန်နိုင်ငံရောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကျပန်နိုင်ငံ ဘုရင်နှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့တက်ရောက်ပြီးနောက်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့်ဇနီးတို့က တည်ခင်းသော ဂုဏ်ပြုနေ့လယ်စာအခမ်းအနားသို့ တက်ရောက်သည်။

၁၄ ကျပန်နိုင်ငံရောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကျပန်နိုင်ငံ နိုင်ငံတော်ဧည့်ဝေဟာ၌ကျင်းပသည့် နှစ် (၄၀) ပြည့် အာဆီယံ-ကျပန်ထိပ်သီးအစည်းအဝေးနှင့် ဂါးကြိမ်မြောက် မဲခေါင်-ကျပန်ထိပ်သီးအစည်းအဝေးသို့တက်ရောက်သည်။

မြန်မာ့အလင်းသတင်းစာတိုက်၏ မြန်မာ့အလင်း Facebook နှင့် ဆင်တူယိုးမှား Facebook အတုကို အွန်လိုင်းပေါ်တွင် တရားမဝင်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအားမူပိုင်ခွင့်ကို သတိပြုရန်နှင့် ဆင်တူယိုးမှား ကိစ္စကို ဆက်လက်မပြုလုပ်ရန် တားမြစ်ကြောင်း နိုင်ငံပိုင်သတင်းစာမှ ထည့်သွင်းကြေညာသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်တို့သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဌ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ်၊ အာဆီယံအားကစားများနှစ်ဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ကျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တိုကျိုထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် တရုတ်လေကြောင်းကာကွယ်ရေးဇုန်အရေးနှင့်ပတ်သက်၍ သုံးသပ်ဖွယ်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၁၅ ပြည်ထောင်စုလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်

မြောက်နေ့တွင် နိုင်ငံတော်သမ္မတက ပေးပို့သည့်သဝဏ်လွှာအရ လျှပ်စစ်ဓာတ်အားခမျှားတိုးမြှင့်ကောက်ခံရေးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အစမှသာ တိုးမြှင့်ရန် စတင်ဆောင်ရွက်သည်။

ချီလီနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဝါဒီ မီရှယ်လီဘာချီလက်သည် ကွန်ဆာဗေးတစ်ဝါဒီကို အနိုင်ရရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။

၁၆ ဂျပန်နိုင်ငံသို့ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် နာဂိုယာမြို့ရှိ တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံသို့ ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

ဧရာဝတီတိုင်းဒေသကြီး ဟသ်တမြို့နယ် မြို့တော်ခန်းမတွင် ဒုတိယဝန်ကြီးသုံးဦးနှင့် လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လပေါင်းသုံးဆယ်အတွင်း မိမိတို့လိုချင်သည့် တိုးတက်မှုကို လက်ခံရရှိခြင်း မရှိခဲ့ဘဲ လက်ရှိအချိန်အထိ ပဟိုဦးစီးချုပ်ကိုင်မှု ရှိနေသေးကြောင်း ထည့်သွင်းပြောကြားသည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပရိသတ်အချို့ အကြမ်းဖက်ဖျက်ဆီးမှုပြုကြောင်း ပြည်တွင်းထုတ်ကျာနယ်များ၌ ဖော်ပြသည်။



တောင်တရုတ်ပင်လယ်ဒေသတွင် လေကြောင်းရန်ကာကွယ်ရေးဇုန်အဖြစ် သတ်မှတ်ပြီး တရုတ်စစ်သင်္ဘောများကို တွေ့ရစဉ်

ကွယ်လွန်သူ တောင်အာဖရိကနိုင်ငံသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၏ ကြေးရုပ်တုကို မြို့တော်ပရိတိုးရီးယား၌ဖွင့်လှစ်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ချီလီနိုင်ငံ၌ ကျင်းပသည့် သမ္မတရွေးကောက်ပွဲတွင် ချီလီသမ္မတဟောင်း မစ်ချယ်လီဘာချီလက်သည် ပြိုင်ဘက်ဖြစ်သူ လက်ရှိအစိုးရပဟိုလက်ယာညွှန့်ပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပရိသတ်အချို့ အကြမ်းဖက်ဖျက်ဆီးမှုပြုကြောင်း ပြည်တွင်းထုတ်ကျာနယ်များ၌ ဖော်ပြသည်။

ပေါင်းအစိုးရအဖွဲ့မှ ဝန်ကြီးအိမ်လန်မက်သိုင်းကို ၆၂ ရာခိုင်နှုန်း၊ ၃၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။

၁၇ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့သည် ဂျပန်နိုင်ငံတွင် ထိပ်သီးအစည်းအဝေးများတက်ရောက်ပြီး မြန်မာနိုင်ငံရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တောင်တရုတ်ပင်လယ်ဒေသ၌ လေကြောင်းရန်ကာကွယ်ရေးဇုန် မသတ်မှတ်ရန် တရုတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက သတိပေးလိုက်ကြောင်း စီအန်အေသတင်းက ဖော်ပြသည်။

၁၈ အင်ဒိုနီးရှားနိုင်ငံတွင်ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျကာတာမြို့ရှိ Mulia Hotel ၌ အင်ဒိုနီးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E.Mr.Marzuki Alie နှင့်တွေ့ဆုံသည်။

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနှေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်အမှာစကားပြောကြားသည်။

တောင်ဆူဒန်တွင် အစိုးရနှင့် ပြိုင်ဘက်တပ်များ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၄၀၀ မှ ၅၀၀ အထိသေဆုံးခဲ့ပြီး လူ ၈၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့အကြီးအကဲ ဟာဗီလက်ဆူးက ကုလသမဂ္ဂလုံခြုံရေးကောင်စီကပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ ဘိန်းစိုက်ပျိုးရောင်းချမှုနှင့်ပတ်သက်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ ဘိန်းထုတ်လုပ်မှုပမာဏသည် ယခင်နှစ်များကထက် ၂၆ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း ထုတ်ပြန်ကြေညာသည်။

ချီလီနိုင်ငံသမ္မတ အဖြစ် မစွတာချီလတ်ရွေးချယ်ခံရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမေရိကန်နှင့် ချီလီနိုင်ငံပိုမိုကောင်းမွန်သော ဆက်ဆံရေးရရှိရန် မျှော်လင့်မိပါကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၉ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး ဟော်ကီပြိုင်ပွဲများကျင်းပရာ ရန်ကုန်မြို့မြက်ခင်းတု ဟော်ကီအားကစားကွင်းသို့သွားရောက်ကြည့်ရှု၍ မြန်မာအမျိုးသမီးဟော်ကီအသင်းကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

တူရကီနိုင်ငံတွင် အထင်ကရပုဂ္ဂိုလ်များကို လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ သားများအပါအဝင် ဒါဇင်နှင့်ချီသောလူများကို ဖမ်းဆီးခဲ့ပြီးနောက် ရဲတပ်ဖွဲ့က အကြီးအကဲ ငါးဦးကို ရာထူးမှထုတ်ပယ်လိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၂၀ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယလွှတ်တော်ဥက္ကဋ္ဌများက ဂုဏ်ပြုကြိုဆိုကြသည်။

မက်စ်ဘောကပ်စ်အား ဂရေးလော့ခ်ကို ဆက်ခံသော တရုတ်နိုင်ငံဆိုင်ရာ သံအမတ်သစ်အဖြစ် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမည်စာရင်းတင်သွင်းလိုက်သည်ဟု အိမ်ဖြူတော်ကထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ ၁၉၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည့်အပိုလိုပြဇာတ်ရုံပြိုကျမှုဖြစ်ပွားခဲ့ရာ The Curious Accident of The Dog in The Night-Time ပြဇာတ်ကြည့်ရှုနေသူ ၇၂၀ အနက် လူ ၇၆ ဦး ထိခိုက် ဒဏ်ရာရရှိသည်။

၂၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဉာဏ်ထွန်းတို့နှင့်အတူ နေပြည်တော်ရှိ ငလိုက်ဆည်၌ ကျင်းပသော (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာလေ့လေ့ကျင့်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များသို့ သဝဏ်လွှာပေးပို့သည်။

အီရတ်နိုင်ငံအနှံ့ဘာပြည်နယ်၌ လုံခြုံရေးဆောင်ရွက်စဉ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ ပြည်နယ်စစ်ဌာနချုပ်တပ်ရင်းမှူးအပါအဝင် ဝါရင့်အရာရှိ ၁၅ ဦးနှင့် တပ်ဖွဲ့ဝင်များ သေဆုံးသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ရောက်ရှိပြီး ကမ္ဘောဒီးယားဘုရင်နှင့် တွေ့ဆုံနှုတ်ဆက်သည်။

၂၂ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးပိတ်သိမ်းသည့်အခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတက်ရောက်အားပေးကြသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ၈၆၊ ငွေ ၆၂၊ ကြေး ၈၅ စုစုပေါင်း ဆုတံဆိပ် ၂၃၃ ဖြင့် နိုင်ငံအလိုက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျပန်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့နှင့် အိန္ဒိယရေတပ်တို့သည် အိန္ဒိယတောင်ပိုင်းချင်းနိုင်းကမ်းလွန်အိန္ဒိယသမုဒ္ဒရာတွင် ပူးတွဲစစ်ဆင်ရေးလေ့ကျင့်မှုတစ်ခု ပြုလုပ်သည်။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ အသစ်ချမှတ်ခဲ့သော အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာကို ပြစ်တင်ရှုတ်ချခဲ့ပြီး စစ်ရေးတိုးချဲ့လှုပ်ရှိကြောင်း စွပ်စွဲလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တောင်ဆူဒန်နိုင်ငံမှ သူပုန်တပ်ဖွဲ့များသည် ယင်းနိုင်ငံ၏ အဓိကကုန်ထုတ်လုပ်သော ပြည်နယ်တစ်ခုကို သိမ်းပိုက်ထားပြီး နိုင်ငံအဝန်းရှိ ဒေသအများအပြားကိုလည်း ထိန်းချုပ်ထားနိုင်သည်ဟု တောင်ဆူဒန်နိုင်ငံ ဒုတိယသမ္မတဟောင်း ရစ်စ်မာချာက ပြောကြားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၃ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များကို နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်အားပေးနှုတ်ဆက်ပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော်က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း၊ ပြည်သူ့လွှတ်တော်က ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်းနှင့် အမျိုးသားလွှတ်တော်က ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ခေါ်ယူခြင်းနှင့် ပတ်သက်၍ လွှတ်တော်အစည်းအဝေးများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်အားပေးနှုတ်ဆက်ပြီး ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဖေဖော်ဝါရီလ ရွှေးကောက်ပွဲကျင်းပရန်လျာထားသည့် အားကစားကွင်းကို ဝန်းရံလျက် အစိုးရဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်ကာဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ် ဦးဆောင်သော အစိုးရအဖွဲ့ နုတ်ထွက်ပေးရန် တောင်းဆိုကြကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာချက်အမှတ် (၄၀/၂၀၁၃) ဖြင့် ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်ဖျက်သိမ်းရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန်အတွက် ကုန်တင်ယာဉ် ၇၅ စီးကို ပို့ဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ယင်းသည် ဆီးရီးယား၏ ဓာတုလက်နက်ဖျက်သိမ်းရေး နိုင်ငံတကာအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။

၂၅ ထိုင်းနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်း ဆိုက်ရောက်နေခြင်းမှ ကျော်လွှားလွန်မြောက်နိုင်ရန် ရည်ရွယ်လျက် အမျိုးသားပြုပြင်ပြောင်းလဲရေးကောင်စီအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ရန် ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်ထရာက အဆိုပြုလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၀၁၄ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၌ ကျင်းပမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမတိုင်မီ ကမ္ဘာ့ဖလားဆုကြိုးကို နိုင်ငံပေါင်း ၉၀ သို့ ကိုးလကြာ လှည့်လည်ပြသရာ ၅၃ နိုင်ငံမြောက်ဖြစ်သည့် မြန်မာနိုင်ငံရန်ကုန်မြို့ သုဝဏ္ဏာအားကစားကွင်းသို့ရောက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခံရသော ဒေသများတွင် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ခရစ္စမတ်အကြိုညမတိုင်မီ အောင်မြင်အောင် လုပ်ဆောင်ပေးမည်ဟု ကတိပေးထားသော်လည်း မစွမ်းဆောင်နိုင်သည့်အတွက် စွမ်းအင်ဝန်ကြီးဂျရီချုပတ်တီလာ နုတ်ထွက်စာတင်သည်။

ကမ္ဘာ့ဖလားဆုကြိုး သုဝဏ္ဏာအားကစားကွင်းသို့ရောက်ရှိစဉ်

ခရစ္စမတ်ကာလ အီရတ်ခရစ်ယာန်များဝတ်ပြုကိုးကွယ်၍ ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ ဘုရားကျောင်းတစ်ကျောင်းကို ပစ်မှတ်ထားသောဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ဝတ်ပြုပြီးပြန်ထွက်လာကြသည့် ခရစ္စမတ်ပွဲဆင်နွှဲသူ လူအနည်းဆုံး ၁၄ ဦး သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

တူရကီအစိုးရအဖွဲ့အတွင်း အကျင့်ပျက်လာဘ်စားမှုသတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် နုတ်ထွက်သွားခဲ့သည့် ထိပ်တန်းဝန်ကြီးသုံးဦး နေရာဖြစ်သည့် ပြည်ထဲရေးဝန်ကြီး၊ စီးပွားရေးဝန်ကြီးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးနေရာများကို အစားထိုးဖွဲ့စည်းလိုက်ကြောင်း ဝန်ကြီးချုပ် အာဒိုဂန်၏ ကြေညာချက်ကို စီအင်န်အေသတင်းတွင် ဖော်ပြသည်။

၂၆ ဘရာဇီးလ်နိုင်ငံအရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက်လူပေါင်း ၆၀,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ၄၄ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ကြေညာချက်ကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်ခဲ့သူ ဥက္ကဋ္ဌ မော်စီတုန်း၏ နှစ် (၁၂၀) ပြည့်မွေးနေ့ကို ၎င်း၏ဇာတိဖြစ်သည့်ဟူနန်ပြည်နယ်ရှောင်ရှန်မြို့၌ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်ကုန်ကျခံကျင်းပခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တူရကီအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး အာဒိုဂန်ဘေးရက်တာ၊ စီးပွားရေးဝန်ကြီး ဇဖာကလာရမ်းနှင့် ပြည်ထဲရေးဝန်ကြီး မွမ်မာဂူလာတို့သည် ဥပဒေအရ ပိတ်ပင်ထားသော ငွေကြေးများ အီရန်သို့ လွှဲပြောင်းမှုနှင့် ဆောက်လုပ်ရေး လုပ်ငန်းများတွင် လာဘ်စားမှုတို့ကြောင့် ဝန်ကြီးများ အဖြစ်မှ နုတ်ထွက်ခဲ့ရပြီးနောက် ဝန်ကြီးချုပ် ရဲဆက်တေရစ် အာဒိဂန်ကို ရာထူးမှ ဆင်းပေးရန် တိုက်တွန်းသည်။

တူရကီပြည်ထဲရေးဝန်ကြီး မွမ်မာဂူလာ

၂၇ လက်ဘန္ဓန်နိုင်ငံမြို့တော် ဘေရွတ်အလယ်ပိုင်း၌ ဆီးရီးယားအစိုးရဆန့်ကျင်ရေးညွှန့်ပေါင်းအဖွဲ့ March 14 ၏ အစည်းအဝေး တက်ရောက်ရန် သွားရောက်သည့် ဘဏ္ဍာရေးဝန်ကြီးဟောင်း မိုဟာမက်ချာတာအပါအဝင် လူငါးဦးသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိသည့် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း လက်ဘန္ဓန်သတင်းဌာနအင်န်အင်န်အေက ထုတ်ပြန်သည်။

ထိုင်းရဲတပ်ဖွဲ့နှင့် အစိုးရဆန့်ကျင်ဆန္ဒပြသူများအကြား ပဋိပက္ခများကြောင့် လူနှစ်ဦးသေဆုံးကာ ၁၅၀ ကျော်ဒဏ်ရာရရှိပြီးနောက်ပိုင်းတွင် ၂၀၁၄ ခုနှစ် အတွင်းကျင်းပမည့် ရွေးကောက်ပွဲလုံခြုံရေးအတွက် အစိုးရက စစ်တပ်ကို အကူအညီတောင်းသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

၂၈ သမ္မတအရည်အချင်းသတ်မှတ်ချက် ၅၉ (စ)အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်သည်ဖြစ်စေ၊ မပြင်သည်ဖြစ်စေ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားကြောင်း ပြည်တွင်းပုဂ္ဂလိက သတင်းစာများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် လူဦးရေကြီးထွားမှုကို ဟန့်တားနိုင်ရန် ၁၉၇၀ ပြည့်နှစ်ကုန်ပိုင်းက စတင်ကာ မိသားစုတစ်စုလျှင် ကလေးတစ်ဦးသာ မွေးဖွားခွင့် (one child policy) ကို ကျင့်သုံးခဲ့ရာမှ ထိပ်တန်းဥပဒေပြုအာဏာပိုင်အဖွဲ့၏ တရားဝင်ဖြေလျှော့ပေးခွင့်အရ နောက်ထပ်ကလေးတစ်ယောက် ယူခွင့်ပြုပေးလိုက်ကြောင်း မီဒီယာများတွင် ဖော်ပြသည်။

၂၉ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သယ်နံးကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဆီးရီးယားပြည်တွင်းစစ်မီးကူးစက်နိုင်သော အန္တရာယ်ကြုံတွေ့နေရသည့် လက်ဘန္ဓန်

တရုတ်နိုင်ငံတွင် one child policy ကို ဖြေလျှော့ပေးပြီးနောက် ပျော်ရွှင်ကြည်နူးနေသည့် သားအဖနှစ်ဦး

နိုင်ငံတော်သမ္မတက အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုပေးအပ်ချီးမြှင့်စဉ်

တပ်မတော်ကို ဒေါ်လာသန်း ၃၀၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆော်ဒီအာရေးဗီးယားနိုင်ငံက ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော် ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးပါတီခေါင်းဆောင် အာရာဗင်ကီဂျရီဝေါလ်က ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၃၀ ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ MICC ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ၊ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများနှင့် လက်ရွေးစင် အားကစားသမားများ တက်ရောက်ကြပြီး ညပိုင်းတွင် မြန်မာ့အားကစားသမားများကို ညစာစားပွဲဖြင့် ဘည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်နှင့် အလုပ်စခန်းများတွင် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် အကျဉ်းသားဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က) နှင့်အညီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ကျန်ရှိနေသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွှတ်ငြိမ်းသက်သာခွင့်ပြုသည်။

လပွတ္တာမြို့နယ် ကန်ဘဲရွာမကျေးရွာတွင် မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၄၃ လုံးနှင့် လူနေစျေးဆိုင်ခန်း ၁၇၀ ကျော် မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၂၁၃ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

ရုရှားနိုင်ငံတောင်ပိုင်း ဗော်ဂိုဂရပ်မြို့၌ လျှပ်စစ်ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးကြောင်း အေအက်ဖ်ပီကဖော်ပြသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ ပဉ္စမအကြိမ်အစည်းအဝေးကို နေပြည်တော်သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းတက်ရောက်အမှာစကားပြောကြားသည်။

ဆဲလ်များရှုပ်ထွေးနက်နဲမှု လျှို့ဝှက်ချက်ကို ဖော်ထုတ်ရာတွင် ကူညီလုပ်ဆောင်ပေးခဲ့ခြင်းကြောင့်၊ ၁၉၈၆ ခုနှစ်တွင် ဆေးဘက်ဆိုင်ရာ နိုဘယ်လ်ဆုကို အမေရိကန် ဇီဝကမ္မပညာရှင်စတန်လီကိုဟန်နှင့် ပူးတွဲရရှိခဲ့သူ အသက် (၁၀၃) နှစ်အရွယ်ရှိ အီတလီနိုင်ငံသူ ရီတာလီဗီမွန်တဲလ်စီနီ ကွယ်လွန်သည်။

တူရကီနိုင်ငံမြို့တော် အန်ကာရာ၏အရှေ့ဘက် ၄၂၉ မိုင်အကွာ လိုက်စ်မြို့အနီးတွင် တူရကီတပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ စစ်ဆင်တိုက်ခိုက်မှုများကြောင့် ပီကေကေ (အလုပ်သမားပါတီ) တပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဖာတော့ရက်စ်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတ်တြားကျွန်းအနောက်ပိုင်းရှိ ဆီနာဘန်းမီးတောင်ပေါက်ကွဲမှုကြောင့် ကျောက်ရည်ပူများနှင့် မီးတောင်ပြာမှုန့်များ ပေ ၂၃,၀၀၀ အထိ မြင့်တက်ခဲ့ရာ ဒေသခံပြည်သူ ၁၉,၀၀၀ ကျော် နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ပီတီအိုင် သတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ တော်လှန်ရေးမြို့ဌ ဦးဖောက်ခွဲမှု နှစ်ကြိမ်ဖြစ်ပွားပြီး နောက် ဆိုချီဆောင်းရာသီအိုလံပစ် အားကစားပွဲတော်အကြိုကာလတွင် ရုရှားနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားရန် အမေရိကန်က ကမ်းလှမ်းကြောင်း ကြေညာချက်ထုတ်ပြန်သည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနမှ် ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံသံအမတ် အဖြစ် ခန့်အပ်ရန်သဘောတူပြီးဖြစ်သော သံအမတ်ကြီး မစ္စနာမာရီယာ ရာမီးရက်ဇ်၊ ဆူဒန်သမ္မတနိုင်ငံသံအမတ်အဖြစ်ခန့်အပ်ရန် သဘောတူပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိုမာအီဆာဘာမက်တို့သည် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သီးခြားစီသွားရောက်၍ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများပေးအပ်သည်။

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့မြောက်ပိုင်း၌ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ဖောက်ခွဲရေးပစ္စည်းများထည့်ထားသော စည်ပိုင်းငုံးများကြဲချခဲ့ရာ သေဆုံးသူ ၅၁၇ ဦးရှိသွားပြီဖြစ်ကြောင်း လူအခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏ ပြောကြားချက်ကို ဘီဘီစီသတင်းတွင်ဖော်ပြသည်။

၃၁ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘင်္ဂလားရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် သမ္မတအိမ်တော် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘင်္ဂလားရေးကော်မရှင် (၃/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စင်ကျန်းအဆိုအကအနုပညာအဖွဲ့တို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့် တက်ရောက်အားပေးကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီသည် သတင်းထုတ်ပြန်ချက် (၄/၂၀၁၃) ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်ပတ်သက်၍ အကြံပြုချက် တောင်းခံခြင်းအပေါ် ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များထံမှ စုစုပေါင်း အကြံပြုချက် ၃၂၃,၁၁၀ ချက်ရရှိကြောင်း သတင်းထုတ်ပြန်သည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီသည် သတင်းထုတ်ပြန်ချက် (၁/၂၀၁၃) ဖြင့် အချက် ၁၁ ချက်ပါ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ထုတ်ပြန်ကြေညာသည်။

နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ မိုင်ဒါကွင်း၌ ကျင်းပသည့် The Big Myanmar New Year Countdown ဖျော်ဖြေပွဲသို့ ပြည်သူအများ တပျော်တပါး လာရောက်ဆင်နွှဲကြသည်။

အမေရိကန်ပြည်ထောင်စုခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်
အမေရိကန် သမ္မတဘားရက်အိုဘားမားတို့ ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ တွေ့ဆုံစဉ်

BRUNEI DARUSSALAM

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရုဆလမ် ဘုရင်ထံမှ
အာဆီယံဥက္ကဋ္ဌတာဝန် လွှဲပြောင်းယူစဉ်

မြန်မာ့ရုပ်သံလိုင်းများကို ဒီဂျစ်တယ်စနစ်ဖြင့် စတင်ထုတ်လွှင့်မှု ဖွင့်ပွဲအခမ်းအနားတွင်
ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးစဉ်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝိုက်ကော်ခြင်းပွဲစဉ်တွင်
အိမ်ရှင်မြန်မာနှင့် ဗီယက်နမ်တို့ ဗိုလ်လုယှဉ်ပြိုင်နေကြစဉ်

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် အမျိုးသားစာပေတစ်သက်တာဆုရ
ဦးအောင်သင်း (အောင်သင်း) အား ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက
ဆုချီးမြှင့်စဉ်

မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (ယခု ဗိုလ်ချုပ်မှူးကြီး) နှင့်
ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကချင်ပြည်နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်

က်သမ္မတက တည်ခင်းဖည့်ခံသော ဂုဏ်ပြုညစာ

၂၀၁၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
အောင်ပွဲရ မြန်မာအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်

ဘက်စုံပညာထူးချွန် လူငယ်များနှင့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲသို့
တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

(၆၈) ကြိမ်မြောက် တပ်မတော်နေ့ စစ်ရေးပြမြင်ကွင်း

ကမ္ဘာ့စီးပွားရေးဖိုရမ် အကြိုဆွေးနွေးပွဲတစ်ရပ် ကျင်းပစဉ်

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် သတင်းလာရောက်ယူကြသော
နိုင်ငံတကာသတင်းဌာနများလုပ်ငန်းဆောင်ရွက်နေစဉ်

(၂၂) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး ကျင်းပစဉ်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝိတ်ပွဲအခမ်းအနားတွင် တွေ့ရသည့် မြန်မာ့ရိုးရာ ခြင်းဝိုင်းအလှ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပရာ
ဝဏ္ဏသိဒ္ဓိအားကစားကွင်းအား မီးရှူးမီးပန်းအလှများဖြင့် တွေ့ရစဉ်

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးရရှိသူများ

ဆောင်းပါးကြီးများ

ဤကဏ္ဍတွင်ပါဝင်သော အထူးဆောင်းပါး

ကြီးများသည် ၂၀၀၃ ခုနှစ်အတွင်း ထင်ရှားစွာ

ပေါ်ပေါက်လာသော အကြောင်းအရာများနှင့်

ယခင်ပြည်နှစ်ကပြဿနာရှိသည့် အကြောင်း

အရာများကို သမိုင်းဆိုင်ရာ အချက်အလက်

များနှင့်ညှိနှိုင်းကာ စာရေးသူ၊ ပညာရှင်တို့က

ထုတ်ဝေသုံးပြု ရေးသားထားခြင်းဖြစ်ပါသည်။

အဝိုင်း (၂)

မာတိကာ

၀	ကနောင်မင်းသားကြီး၏နိဒ်ဇတော်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ	ဒေါက်တာတိုးလှ	၉၉-၁၁၈
၂	(၂၇) ကြိမ်မြောက်အရွှေတောင်အာရှ အားကစားပြိုင်ပွဲ	စိုးအောင်	၁၁၉-၁၃၄
၃	ပင်လုံညီလာခံ	စိုင်းအောင်ထွန်း	၁၃၅-၁၄၈
၄	ပုဇွန်ဖြူဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာဖြူဟောင်းတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေးဆောင်ရွက်ချက်များ	မြန်စာမြေ-သိန်းလွင်	၁၄၉-၁၆၂
၅	မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်	ဦးညွှန့်ဆွေ	၁၆၃-၁၇၀
၆	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိုယ်ကျင့်တရားအမြင်	ပါမောက္ခဒေါ်ကြည်ကြည်လှ	၁၇၁-၁၈၈

ကစနှာမ်မင်းသားကြီး၏ နိုင်ငံစေတ်ပြုပြင်ပြောင်းလဲစေရးစောင်ရွက်ချက်များ

မြန်မာ့သမိုင်းတွင် မင်းသားများထဲမှ နိုင်ငံရေးအမြော်အမြင်ကြီးမား၍ ထူးခြားစွမ်းဆောင်နိုင်အားရှိသောမင်းသားတစ်ပါးကို ညွှန်ပြပါဆိုလျှင် ကနောင်မင်းသားကြီးကို ညွှန်ပြကြပေလိမ့်မည်။ ကနောင်မင်းသားကြီးသည် သာယာဝတီမင်း၏သားတော်၊ မင်းတုန်းမင်း၏ညီတော်ဖြစ်ပြီး ရတနာပုံထီးနန်း၏အရိုက်အရာခံ အိမ်ရှေ့မင်းသားတစ်ပါးလည်း ဖြစ်ပေသည်။ အိမ်ရှေ့မင်းသားဘဝတွင် နိုင်ငံတော်ခေတ်မီရေးအတွက် ပြင်းပြစွာကြိုးပမ်းခဲ့သော်လည်း ရည်မှန်းချက်များပြည့်ဝလာစေရန် အကောင်အထည်ဖော်နေဆဲတွင် ကံကြမ္မာဆိုးနှင့်တွေ့ကြုံရကာ နတ်ရွာစံခဲ့ရသည်။ မြန်မာ့သမိုင်းအတွက် ကြီးမားသော နစ်နာဆုံးရှုံးမှုကြီးဖြစ်ခဲ့ရသည်။ မြန်မာ့သမိုင်း၏ အရုပ်ဆိုးအကျည်းတန်လှသော နန်းလုပွဲကြီး၏ ဓားစာခံလည်းဖြစ်ခဲ့ရသည်။ မိဖုရားများစွာ ထားသောဓလေ့ကြောင့် သားတော်များစွာ မွေးဖွားခဲ့ရာ ယင်းတို့၌ အခွင့်အရေးမတူမျှကြသည့်အတွက် နန်းလုပွဲများဖြစ်ပွားကြသည်မှာ မြန်မာ့သမိုင်းတစ်လျှောက်လုံးဖြစ်သည်။

ကနောင်မင်းသား၏ဘဝပုံရိပ်

ကနောင်မင်းသားကြီးအကြောင်းကို လေ့လာလျှင် ပုဂံမင်းလက်ထက်တော်က အစပျိုးထားလိုပါသည်။ အကြောင်းမှာ ပုဂံမင်းလက်ထက်အခြေအနေတို့က ကနောင်မင်းကို အရာရာပြောင်းလဲစေခဲ့သောကြောင့် ဖြစ်သည်။ ကနောင်မင်းသည် သာယာဝတီမင်း၏သားတော်တစ်ပါးဖြစ်သည်။ ပုဂံမင်းနှင့် အဖေတူအမေကွဲ၊ ညီအစ်ကိုဝမ်းကွဲလည်း တော်စပ်သည်။ ပုဂံမင်းသည် သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးမှ ဖွားမြင်သူဖြစ်၍ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့မှာ တောင်ဆောင်တော် ကျောက်မော်မြို့စား မိဖုရားမှ ဖွားမြင်ခဲ့သူများဖြစ်ကြသည်။

မြန်မာ့ထီးနန်းဓလေ့တွင် မင်း၏ မိဖုရားများကို ပထမအဆင့် မိဖုရားကြီးလေးပါး၊ ဒုတိယအဆင့် မိဖုရားကြီးလေးပါးနှင့် ကိုယ်လုပ်မောင်းမများဟူ၍ အဆင့်များခွဲခြားထားသည်။ ပထမအဆင့် မိဖုရားကြီးလေးပါးတို့မှာ တောင်နန်း၊ မြောက်နန်း၊ အလယ်နန်းနှင့် အနောက်နန်း မိဖုရားကြီးများ ဖြစ်သည်။ ထိုအထဲတွင် တောင်နန်းမိဖုရားကို အဂ္ဂမဟေသီမိဖုရားခေါင်ကြီး၊ နန်းမတော်ဘုရား စသည်ဖြင့် အလေးအမြတ်ပြုခေါ်ကြရသည်။ နန်းရမိဖုရားလေးပါးနောက်တွင် ဒုတိယအဆင့်ရှိ အဆောင်ရ မိဖုရားကြီးလေးပါးလည်း ရှိသေးသည်။ ယင်းတို့တွင်လည်း အဆင့်အလိုက်စီစဉ်ရသော် တောင်ဆောင်တော်၊ မြောက်ဆောင်တော်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေရေးဆောင် ဟူ၍တွေ့ရသည်။ ထိုအဆောင်ရ မိဖုရားကြီးများကိုလည်း အဆောင်နှင့် တွဲကာခေါ်ဆိုကြရသည်။ ထိုမှနောက် ကျန်ရှိသမျှကို မင်းကြီး၏ ကိုယ်လုပ်တော်မောင်းမမိသံမျှားဟု ခေါ်ဆိုသည်။ မြန်မာမင်းတို့ ရွှေနန်းတော်တွင်း အနေအထားသည် မိဖုရားများ၊ ကိုယ်လုပ်မောင်းမများ၊ အပျိုတော်များ၊ အထိန်းအယများဖြင့် ပြည့်လျက်ရှိနေပေသည်။ အမျိုးသားဆို၍ ရှင်ဘုရင်နှင့်အရွယ် မရောက်သေးသော မင်းသားငယ်များသာရှိသည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အတွက် ကံကောင်းထောက်မချက်တစ်ခုမှာ သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးမှ ဖွားမြင်သမျှ သားတော်သုံးပါးနှင့် သမီးတော်လေးပါးတို့တွင် ပုဂံမင်းသားတစ်ပါးနှင့် မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီးဖြစ်လာမည့် နှမတော်တစ်ပါးတို့သာ အသက်ရှင်ကျန်ရစ်ခဲ့ကြသည်။ အခြားအဆင့်မြင့် မိဖုရားများမှ ဖွားမြင်သော မင်းသားတို့တွင် အချို့မှာ ငယ်ကပင် ကွယ်လွန်သွားခဲ့ကြသည်။ အချို့က ကြီးမှကွယ်လွန်



ကနောင်မင်းသားကြီး

မွေးဖွားခဲ့သော်လည်း အားလုံးမှာငယ်စဉ်ကပင် ဆုံးပါးသွားခဲ့ကြသည်။ အလယ်နန်းမိဖုရားကလည်း ပြည်မင်းသား (သီရိမဟာသီဟသူရ ဓမ္မရာဇာ) နှင့် ပုခန်းမင်းသား (သီရိ သီဟသူရ မဟာဓမ္မရာဇာ) နှစ်ပါးတို့ ဖွားမြင်ခဲ့သည်။ ထိုမင်းသားနှစ်ပါးတို့သည် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ထက် အဆင့်မြင့်သူများဖြစ်ကြသော်လည်း ယင်းတို့သည် ပုဂံမင်းသားမင်းအဖြစ်သို့ ရောက်သည့်တိုင် အသက်ရှင်လျက်ပါမလာခဲ့ကြတော့ချေ။ ပုခန်းမင်းသားသည် ၁၂၀၅ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၃၀ အောက်တိုဘာ ၁၈၄၃) တွင် ရှောင်တခင်ရောဂါဖြင့် ကံကုန်ခဲ့သည်။ နောင်တော်ကြီးဖြစ်သော ပြည်မင်းသားသည်လည်း နေထိုင်ပုံမကောင်းလှချေ။ အကြံအစည်ကြီးသော မင်းသားတစ်ပါးဖြစ်ဟန်ရှိသည်။ ခမည်းတော်မင်းတရားကြီး သံသယဖြစ်စရာမျိုးကို အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည်။ ခမည်းတော်မင်းတရားကြီး ဥက္ကလာပ (ရန်ကုန်)သို့ ကြွစဉ်က ခမည်းတော်နှင့်အတူ တပ်မတစ်ခုကို ဦးဆောင်လိုက်ပါခဲ့ရသည်။ မကွေးမြို့အနောက်ဘက် ရွာသာရာစခန်းတွင် ရပ်နားစဉ် ခမည်းတော်မင်းတရားကို မလျှောက်ထားဘဲ ရွှေစက်တော်သို့ မြင်းဖြင့်ထွက်သွားခဲ့သည်။ ထို့ကြောင့် ၁၂၀၃ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက် (၂၆ ဖေဖော်ဝါရီလ ၁၈၄၂) တွင် တပ်မှူးအဖြစ်မှ ရုပ်သိမ်းကာ ညီတော်ပုခန်းမင်းသို့အပ်လျက် နောက်တပ်မှလိုက်ပါစေခဲ့ရသည်။ ပထမအကြိမ်ထီးနန်းဓလေ့ကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘဝရှင်မင်းတရားကြီးသည် ၁၂၀၇ တွင် ဗန္ဓကျိတိုက်မှ ဦးထောင်ပို ပုန်ကန်မှုအပြီး၌ သားတော်ပြည်မင်းသားအပေါ် စိတ်မချနိုင်စရာသောအဖြစ်အပျက်တစ်ခုကိုတွေ့ရှိရပြန်သည်။ ပြည်မင်းသားသည် အချို့သော မှူးမတ်များနှင့် အတိုင်အပင်ရှိသည်ဟု စိတ်စနောင့်စနင်းဖြစ်တော်မူခြင်းပင်ဖြစ်သည်။ မှူးမတ်တို့ ပြည်မင်းသားအိမ် အဝင်အထွက်များနေခြင်းပင်ဖြစ်သည်။ ထိုမသက်မှုကြောင့် အဝင်အထွက်ရှိသော မှူးမတ်အချို့ကို စစ်ဆေးသော အခါ မသင့်သောအကြံအစည်ရှိသည်များကို တွေ့ရှိရသည်။ ထို့ကြောင့် တိုင်ပင်ရာပါသူများကို သာယာဝတီမင်းက ကွပ်မျက်ခဲ့သည်။ ပြည်မင်းသားလည်း အိမ်တော်မှ ဖောက်ထွက်ပြီး ရှမ်းပြည်ဘက်သို့ ထွက်သွားခဲ့သည်။ တပ်တော်များက လိုက်လံဖမ်းဆီးပြီးမိသောအခါ ပုဂံမင်းသားသို့ အပ်ထားနေထိုင်စေခဲ့သည်။ သို့သော် မင်းကြီးသည် သားတော်အပေါ် ယုံကြည်မှုပြန်လည် မရရှိတော့သဖြင့် နောက်ဆုံးတွင် ထုံးစံနှင့်အညီ စီရင်ခဲ့ရသည်။ ထိုအဖြစ်အပျက်များက မင်းတုန်းနှင့် ကနောင်မင်းသားညီနောင်တို့အတွက် ကံကြမ္မာ စန်းလက်တစ်ဆင့်တက်လာစေခဲ့သည်။

၁၂၀၇ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၄ နိုဝင်ဘာလ ၁၈၄၅) တွင် ပုဂံမင်းသား အိမ်ရှေ့အိမ်တော်ပြောင်းရွှေ့စံနေတော်မူသကဲ့သို့ မင်းတုန်းမင်းသားကိုလည်း ဝန်ကြီး၊ အတွင်းဝန်တို့နှင့် တိုင်ပင်ဆွေးနွေးကာ အုပ်ချုပ်ရေးတွင် ဦးစီးစေခဲ့ရသည်။ ထိုအခါညီတော်ကနောင်မင်းသားလည်း အရေးပါသူဖြစ်လာခဲ့ရတော့သည်။ ထိုအဖြစ်အပျက်အခြေအနေတို့သည် သာယာဝတီမင်းလက်ထက်တွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အတွက် ကံကြမ္မာကအလှည့်အပြောင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ပုဂံမင်းသည် သက္ကရာဇ် ၁၂၀၈ ခု၊ တပေါင်းလဆန်း ၁၃ ရက် (၂၇ ဖေဖော်ဝါရီလ ၁၈၄၇) တွင် ထီးနန်းအရိုက်အရာကို ဆက်ခံနိုင်ခဲ့ပြီး ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက် (၁၇ ဖေဖော်ဝါရီ ၁၈၅၃) တွင် နန်းကျခဲ့သောကြောင့် နန်းစံ (၆) နှစ်ပင် မပြည့်ရှာခဲ့ချေ။ ခြောက်နှစ်ပြည့်ရန် (၁၀) ရက် အလိုတွင် ထီးနန်းမှ ကင်းကွာခဲ့ရသည်။ ထို (၆) နှစ် အတွင်းမှာလည်း အနည်းဆုံးနန်းတွင်း ကြံစည်မှု (၂) ကြိမ်ကြုံခဲ့ရသည်။ ရှမ်းပြည်နယ်မငြိမ်သက်မှုကလည်း (၂) ကြိမ်ပေါ်ပေါက်ခဲ့ရသည်။ ပထမအကြိမ်မှာ ၁၈၄၉ ခုနှစ်တွင် တောင်ပိုင်းဒေသမငြိမ်သက်မှု၊ ၁၈၅၀ ပြည့်နှစ်တွင် ဇင်းမယ်ဘက်မှလာခဲ့သော ကလောင်လူမျိုးတို့၏ ခြိမ်းခြောက်လာမှု အန္တရာယ်တို့ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်တောင်ပိုင်းသို့ (၂) ကြိမ် ခရီတက်တိုက်ခိုက်ရ၏။

၁၈၅၀ ပြည့်နှစ်ထဲမှာပင် နန်းတွင်းကြံစည်မှု (၂) ကြိမ်ပေါ်ပေါက်ခဲ့သည်။ ပထမကြံစည်မှုမှာ ညီတော်တရုတ်မြောစားသည် ခမည်းတော်လက်ထက်က မကောင်းကြံစည်မှုဖြင့် ကွပ်မျက်ခံခဲ့ရသော ပြည်မင်းသား၏လူတို့နှင့်ပူးပေါင်း၍ ကြံစည်ခြင်းဖြစ် သည်။ ထို့ပြင် ညီတော်ပုခန်းမင်းသား (ကွယ်လွန်) ၏ သားတော်သရက်မင်းသားနှင့် ပုခန်းမင်းသား၏ ဝန်အရာရှိဟောင်းတို့ ဝင်ထွက်ပူးပေါင်းကြံစည်မှုလည်း ဖြစ်ပွားခဲ့သေး၏။ မင်းညီမင်းသားများ မဟုတ်ကြသော်လည်း ယုံကြည်သဖြင့် ခိုးမြောက်ထားသော ရွှေမြို့တော်ဝန်ဘိုင်ဆပ်သည် ရရှိထားသော ရာထူးကို အလွဲသုံးစားလုပ်ကာ ယင်း၏အပေါင်းပါတို့နှင့် ပြည်သူတို့အပေါ် မတော်မတရားပြုလုပ်ခဲ့သည့် အရေးကိစ္စများ ကလည်းရှိသေး၏။ မင်းကြီးကို ပုန်ကန်သည် မဟုတ်သော်လည်း မင်းကြီး၏ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်ကာ ပြည်သူတို့အပေါ် မတော်မတရားလုပ်မှုများကြောင့် ရွှေမြို့တော်ဝန်ဘိုင်ဆပ်နှင့် အုပ်စုကို သက္ကရာဇ် ၁၂၁၃ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက် (၁၄ ဒီဇင်ဘာလ ၁၈၅၁) တွင် နှိမ်နင်းခဲ့ရသည်။ အဆိုးဆုံးသော အဖြစ်အပျက်မှာ ယင်း၏ အုပ်ချုပ်ရေးယိုင်နဲ့နေသောအခြေအနေတွင် အင်္ဂလိပ်နယ်ချဲ့နှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းနှင့် မင်းတုန်းနှင့်ကနောင်မင်းသားညီနောင်နှစ်ပါးအပေါ် အမြင်မကြည်ရာမှပေါ်ပေါက်လာခဲ့သော ညီနောင်နှစ်ပါး ပုန်ကန်မှုကြီးပင်ဖြစ်သည်။ ထိုနှစ်ချက်ကြောင့်ပင် ပုဂံမင်းသည် ထီးနန်းမှ ကျခဲ့ရသည်။ နိုင်ငံသည်လည်း နယ်ချဲ့နှင့် တိုက်သောစစ်တွင် အရှုံးနှင့်ရင်ဆိုင်ရကာ အောက်မြန်မာပြည်ကို လက်လွှတ်ခဲ့ရပြန်သည်။ ထိုအခြေအနေတို့က မင်းတုန်းနှင့် ကနောင်မင်းသားနှစ်ပါးတို့၏ ခေတ်မီသော နိုင်ငံတော်သစ်ထူထောင်ရေးစိတ်ဓာတ် ကို ပိုမိုတွန်းအားပေးခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်းသားသည် ဖြစ်ပေါ်လာခဲ့သော ဓားပြမှုတစ်ခုကို မှူးမတ်တို့မကိုင်တွယ်တတ်ခြင်းအပေါ် မူတည်၍ ယင်းတို့ ညီနောင်နှစ်ပါးတွင် အန္တရာယ်ရှိလာနိုင်သည်ဟု သိရှိလာသောအခါ နောင်တော်ပုဂံမင်းကိုပုန်ကန်ခဲ့သည်။ ကိုယ်တော်တိုင်က ပုန်ကန်မှုကိုမလိုလားသော်လည်း ညီတော်ကနောင်မင်းက ပုဂံမင်းမှူးမတ်တို့၏ စိတ်အနေအထားကိုသိသဖြင့် နောင်တော်ကိုပင့်ချီကာ ရွှေဘိုသို့ ထွက်ခဲ့သည်။ လမ်းတစ်လျှောက်တွင်လည်း ပြည်သူတို့ကိုစည်းရုံးကာ ပြန်လည်ခုခံတိုက်ခိုက်ခြင်းတို့ကို ဦးဆောင်စီမံလုပ်ကိုင်ခဲ့သည်။ ပုန်ကန်မှု အောင်မြင်ခဲ့ပြီး ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက် (၁၇ ဖေဖော်ဝါရီလ ၁၈၅၃) တွင် အထွတ်အမြတ်သို့ရောက်လာခဲ့သည်။ စင်စစ် ထိုသို့မင်းအဖြစ်ရောက်ရှိလာခြင်းသည် ကနောင်မင်း၏ လုံ့လ၊ သတ္တိစွမ်းပကားကြောင့် ဖြစ်ပေသည်။ ကနောင်မင်းသည် နိုင်ငံတော်အခြေအနေအရပ်ရပ်ကို ချင့်တွက်သုံးသပ်နိုင်စွမ်းရှိသော မင်းသား

တစ်ပါးဖြစ်သည်။ ကနောင်မင်းသားသည် ပုဂံမင်း၏ စစ်သည်တို့နှင့် တိုက်ခိုက်ရာတွင် ကိုယ်တော်တိုင်ကွပ်ကဲဦးဆောင်ခဲ့သည်။ စစ်နိုင်သဖြင့် နောင်တော်မင်းဖြစ်သောအခါ ညီတော်ကနောင်မင်းသားသည် အိမ်ရှေ့အရာကို ထိုက်တန်စွာ ရရှိခဲ့သည်။ အိမ်ရှေ့မင်းဘဝဖြင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်လာရသောအခါ မူလစိတ်ကူးရှိခဲ့သော နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ခွင့်ရရှိလာခဲ့သည်။ ကနောင်မင်းသားသည် ထိုအခွင့်ကောင်းကိုယူလျက် နိုင်ငံတော်ခေတ်မီတိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စတင်အကောင်အထည်ဖော်ခဲ့သည်။ ပထမခြေလှမ်းမှာ နိုင်ငံတော်အခြေအနေအရပ်ရပ်နှင့် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းများကိုလေ့လာပြီး စာတမ်းပြုစုလျက် နောင်တော်မင်းတရားထံ အစီရင်ခံစာတင်သွင်းခဲ့သည်။ ထိုအကြောင်းကို ရာဇဝင်ကျမ်းများတွင် မတွေ့ရှိရချေ။ နောင်တော်ညီတော်နှစ်ဦးတို့သာသိခွင့်ရှိသော လျှို့ဝှက်ချက်ဖြစ်ခဲ့ဟန်ရှိသည်။

ဤတွင် ကနောင်မင်းသားဘဝဖြစ်စဉ်ကို အနည်းငယ်ဖော်ပြရပါမည်။ ကနောင်မင်းသားသည် သက္ကရာဇ် ၁၁၈၁ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက် (၅ စက်တင်ဘာလ ၁၈၁၉) ညဉ့် ၂ ချက်တီးကျော် တနင်္ဂနွေနေ့သို့အဝင် သာယာဝတီမင်းနှင့် တောင်ဆောင်တော် ကျောက်မော်မြို့စား မိဖုရားတို့က ဖွားမြင်ခဲ့သည်။ ယင်းသည် သက်တော် ၃၃ နှစ် ၉ လ ၁၉ ရက်တွင်အိမ်ရှေ့မင်းဖြစ်တော်မူပြီး သက်တော် ၄၆ နှစ် ၁၀ လ ၅ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် အိမ်ရှေ့မင်းဘဝ ၁၃ နှစ်တွင် မည်သည်များကို မည်သို့လုပ်ဆောင်အောင်မြင်ခဲ့ကြောင်း တင်ပြဆွေးနွေးရန်ဖြစ်သည်။ သက်တော် ၃၃ နှစ် ဟူသည်မှာ စဉ်းစားချင့်ချိန်နိုင်သောအရွယ်ကောင်းဖြစ်သကဲ့သို့ လုပ်နိုင်စွမ်းအရှိဆုံးသောအသက်အရွယ်လည်းဖြစ်သည်။ ဦးစွာ ကနောင်မင်းသား၏ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပေါ် ဝေဖန်သုံးသပ်ချက်နှင့် နောင်ပြုပြင်ရေးလုပ်ဆောင်ရမည့် စီမံချက်ပါဝင်သော အစီရင်ခံစာကို မင်းတုန်းမင်းတရားကြီးသို့ တင်ပြခဲ့သည်။ ထိုအစီရင်ခံစာတွင် တင်သွင်းသူ၏အမည်၊ အဆင့်စသည်တို့ မပါရှိသော်လည်း ကနောင်မင်းသားသာလျှင် ဖြစ်နိုင်သည်ဟူသော ယုံကြည်ချက်ဖြင့် ဖော်ပြလိုပါသည်။ အစီရင်ခံစာ ရက်စွဲ မှာ ၁၂၁၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက် (၁၆ ဧပြီလ ၁၈၅၃) နေ့ဖြစ်သည်။ အိမ်ရှေ့အရာရရှိပြီး တစ်လကျော်အကြာတွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

(တင်သွင်းလွှာဘုရား)

၁။ အတွင်းသေနာပတိ၊ အပြင်သေနာပတိပြု၍ တိုင်းပြည်ကို စီရင်ရေးစီရင်ခွင့်နှင့်တကွ လွှဲအပ်ထားသည့် မှူးကြီးမတ်ကြီးတို့သည် တိုင်းပြည်အစိတ်အဝက် စစ်လက်စ မစဲမငြိမ်းရှိသည်ကို မည်သို့အကြံပြုသော်သင့်လျော်မည် အကြိမ်ကြိမ်မေးတော်မူရာ စွန်းစွန်းလျားလျား ခုခံရန်အရေး တိုက်လှန်သိမ်းယူရန်အရေးကို ကြားသမျှနှစ်သက်လောက်အောင် မတင်မလျှောက်ကြ။

၂။ ဘုရားဘကြီးတော်ဘုရားလက်ထက်တော်က မှူးမတ်အမှုထမ်းရဲမက်များသည် အတိုက်အလှန်အကြံအစည်ကြောင့် ပြည်ယုတ်လျော့သည်။

၃။ နောင်တော်ပုဂံမင်းလက်ထက် မင်းနှင့်တကွ မှူးမတ်ပြည်သူဘို့ အစည်းအကြပ် အကြံအစည်မရှိ၊ အမှုထမ်းရဲမက်ကောက်ငင်ကာ ယခုတက်ရပါသည်။

၄။ ယခုအခြားအရေးကိုဝိရိယပြုသည်ထက် လက်နက်များအောင်၊ အမှုထမ်းစွန့်စားအောင်၊ အစားအသောက်ခွန်ပေါများအောင် မြစ်စဉ်တစ်လျှောက်ကျေးရွာများမှာလည်း သာယာညင်ငြောင်း ကျိုးကြောင်းပြသ မစုပ်ထိန်း သိမ်းပိုက်နိုင်၍ အကြောင်းရှိလျှင် စိတ်ပါကိုယ်ရောက် သက်စွန့်ကြိုးပမ်းထမ်းရွက်မည့်သူ အောက်လူအမှုထမ်းတို့ကို ကိုယ်နှင့်ထပ်တူရအောင် စည်းကြပ်နိုင်သူ တစ်မြို့တစ်ယောက်စီ အာဏာအထိန်းထား၍ မြစ်စဉ်ဝန်ဆင့်ဆိုရာ နာခံရမည် ခန့်ထားလျှင် သင့်ပါမည်။ မြို့သူကြီးနှင့်ယုံရန်မရှိပါ။

၅။ အကြံတော်ရှိရင်း မလွန်မြို့တွင်လည်း မြစ်ကျဉ်းသည်ဖြစ်ပါ၍ ရတနာပုံတိုက်ကို ခိုင်ခံ့ကြီးကျယ်စွာ နေ့လမကြာတည်လုပ်တော်မူစေချင်ပါသည်။ ရေကြောင်းက ခုခံနိုင်အောင် ရဲလှေကိုလည်း ကြေးငွေစိုက်ထုတ်၍ လုပ်ဆောင်ပြီးပြေ လွယ်အောင် ပြုပြီးလျှင် အမြောက်တင်၍ အသင့်ရှိမှ စိတ်ချသာပါမည်။

၆။ ယခုတိုက်တော်ရှိ ဗုံး ၁၇၊ ဗုံးဆန် ၁၇၃၊ အမြောက် ၁၄၀၇၊ အမြောက်ဆန် ၁၀၄၀၆၊ စိန် ၃၄၆၊ စိန်ဆန် ၂၁၀၀၊ ယမ်းပြီးချိန် ၃၀၀၀၀ သာ ရှိပါသေးသည်။

၇။ ဘုရားဘကြီးတော်ဘုရားလက်ထက်တော်ကစ၍ မင်းလေးဆက်မီ မှူးကြီးမတ်ကြီးတို့သည်လည်း ကွက်ကွက်ကွင်းကွင်းအကြံအစည်နှင့် ပြည့်စုံလောက်အောင် မတင်မလျှောက်၊ အကြံတော်ရှိသည်ကို အမိန့်တော်ရှိလျှင် အကြောင်းသင့်လိုက်၍ တင်လျှောက်ကြသည့်အမှုသာရှိပါသည်။

(က) မင်းကြီးတစ်ယောက်က အလုပ်အဆောင်ကို တွင်အောင် လုပ်ဆောင်မည်။

(ခ) မင်းကြီးတစ်ယောက်က အမှုထမ်း လူကို စိတ်ပါကိုယ်ရောက်ရအောင်ကြံမည်။

(ဂ) မင်းကြီးတစ်ယောက်က အစားအသောက်ခွန် ပြည့်စုံအောင်ကြံမည်။

(ဃ) မင်းကြီးတစ်ယောက်က ကြေးငွေကို လှယ်ဖယ်၍ အသုံးတော်ခံနိုင်အောင် ကြံမည်များကို အာမခံ၍ နေ့ညမပြတ် လုပ်ရေးကြံရေးကို တွေးနိုင်မှသင့်ပါမည်။

၈။ မှူးမတ်ဗိုလ်မှစ၍ တိုင်းပြည်ဓလေ့ ရေဘောင်စီးပြုသည်ကာလ ရှည်ကြာသောကြောင့် ရေးကြောင်းရှိမှ ကောက်ငင်မရ၊ လူကူလူထောက်လည်း နောက်ကကွဲသို့ မဟုတ်ဖြစ်ပါ၍ မှူးမတ်ပြုသူတို့ကို ကြပ်ကြပ်တည်းတည်း အမိန့်တော်နှင့် တာဝန်းထား၍ ပြုတော်မူသော်သင့်သည်ဘုရား။

သက္ကရာဇ် ၁၂၁၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက် (၁၆ ဧပြီ ၁၈၅၃)

မူလလျှောက်တင်လွှာတွင် မည်သူက လျှောက်တင်သည်ဟု ဘွဲ့မည်နာမဖြင့် မပါရှိပေ။ မှူးကြီးမတ်ရာတို့ကို ဝေဖန်ထားခြင်း၊ စစ်ရေးအခြေအနေများကိုသုံးသပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ လက်နက်တိုက်ရှိ လက်နက်များကို အသေးစိတ်သိရှိခြင်း၊ လုပ်ဆောင်လိုသော ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်နှင့် အစီအမံများပါရှိခြင်းတို့ကြောင့် ထိုအစီရင်ခံစာ သို့မဟုတ် တင်လျှောက်လွှာသည် သာမန်မင်းညီမင်းသား မှူးကြီးမတ်ရာများ မဖြစ်နိုင်ရာ၊ ကနောင်မင်းသားကြီးသာ ဖြစ်နိုင်စရာအကြောင်းရှိပေသည်။ နောင်အခါ ထိုလျှောက်တင်လွှာပါအတိုင်းလည်း ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ခဲ့သော အထောက်အထားများတွေ့ရှိရသဖြင့် ကနောင်မင်းသားကြီးဖြစ်ကြောင်းကို ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုလျှောက်တင်လွှာကိုလေ့လာလျှင် ဖြစ်ခဲ့ပြီးသည်ကို သင်ခန်းစာယူလျက် စစ်ရေးတောင့်တင်းခိုင်မာအောင် တည်ဆောက်လိုခြင်းသည် ပင်မရည်မှန်းချက်ဟုယူဆရပါသည်။ ထိုရည်မှန်းချက်ပေါက်မြောက်ရန် တွဲဖက်ဖော်ဆောင်လုပ်ကိုင်ရမည့် အချက်များမှာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် စက်မှုလက်မှုလုပ်ငန်းတည်ထောင်လုပ်ကိုင်နိုင်ရေး ဖြစ်မည်။ ထိုသို့လုပ်ဆောင်နိုင်ရန် ပြင်ပထွက်ပြီး ခေတ်မီပညာရပ်များသင်ကြားရန် မဖြစ်မနေလိုအပ်လာခဲ့သည်။ ကောင်းစွာတတ်မြောက်ပြီးပြန်လာသော ပညာတတ်နိုင်ငံခြားပြန်တို့ဖြင့် ခေတ်မီနိုင်ငံထူထောင်ရန်ဖြစ်သည်။ ထိုအခြေခံများကို ကနောင်မင်းမည်မျှ စွမ်းဆောင်နိုင်ခဲ့သည်ကို စစ်ဆေးကြည့်ရန်ဖြစ်သည်။ ထို့ပြင် နိုင်ငံမည်မျှတိုးတက်ခဲ့သည်ကိုလည်း အကဲဖြတ်ကြည့်ရမည်။ အရေးအကြီးဆုံးမှာ အရှေ့တောင်အာရှတွင် အဦးအစ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်ဟူသောအချက်ပင်ဖြစ်သည်။

ဦးစွာ တင်သွင်းလွှာတွင် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ခွဲဝေမှုကို ကနောင်မင်းသားကြီး

က ယင်းသိရှိနားလည်သလောက် ဖော်ပြထားသည်။ ယင်းတွင် ပဓာနကျသော အချက်လေးချက်ပါရှိသည်။ ထိုအချက်များကို ပုံဖော်ကြည့်လျှင် ပထမအချက်ဖြစ်သော "မင်းကြီးတစ်ယောက်က အလုပ်အဆောင်ကို တွင်အောင်လုပ်ဆောင်မည်" ဟူသည်မှာ နိုင်ငံအတွက် အကျိုးရှိမည့်စက်ရုံအလုပ်ရုံ များကို ထူထောင်ခြင်းဖြင့် စက်မှုလက်မှုဝန်ကြီးဌာန (Ministry of Industry) ကို တည်ထောင်တာဝန်ခံ လုပ်ဆောင်စေခြင်းဟု ကောက်ယူလိုပါသည်။ မြန်မာတို့သည် စက်မှုဆိုသည်ကို ကြားဖူးနေသော်လည်း နားမလည်နိုင်သေးသော အကြောင်းအရာ ဖြစ်ပေသည်။ ထို့ကြောင့် ယင်းသို့ အလုပ်အဆောင်များရရှိရန် လိုအပ်ခြင်းဖြစ်သည်။ ထိုစက်မှုလက်မှု အလုပ်အဆောင် တွင်ကျယ်လာမှ နိုင်ငံကြီးပွားနိုင်သဖြင့် စက်မှုကုန်ထုတ်လုပ်ရေးကို ရည်ညွှန်းသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

နောက်ဖော်ပြသည့် လုပ်ငန်းဌာနတစ်ခုမှာ "မင်းကြီးတစ်ယောက်က အမှုထမ်းလူကို စိတ်ပါကိုယ် ရောက်ရအောင်ကြံမည်" ဟူ၍ဖြစ်သည်။ စစ်သည်အမှုထမ်းတို့ကို စည်းရုံးလျက် အမြဲတမ်းတပ်မတော် (Standing/Regular Army) ဖွဲ့စည်းရေးသဘော ဆိုလိုခြင်းဟု ယူဆနိုင်စရာရှိသည်။ ရေးကြောင်းရှိမှ ကောက်ကာငင်ကာခေါ်ရသည်မျိုးကို မလိုချင်ဟု ဆိုလိုပေသည်။ ထိုအကြောင်းကိုလည်း ပုဂံမင်းလက်ထက် အခြေအနေတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယင်းစကားသည် စစ်ဗိုလ်၊ စစ်သားအမြဲတွဲရှိနေလျက် တိုက်ရည် ခိုက်ရည်မြင့်မားအောင် အစဉ်လေ့ကျင့်နေပြီး စစ်ရေး ရည်မှန်းချက်တစ်ခုအတွက်သာရည်ရွယ်ဖွဲ့စည်းထားသည့် အမြဲတမ်းတပ်မတော်နှင့်ထာဝရအသင့်ရှိနေစေမည့် ကာကွယ်ရေးဝန်ကြီးဌာန (Ministry of Defence) သဘောမျိုးကို ညွှန်းလိုဟန်ရှိသည်။ ထိုခေတ်က ယင်းသို့သော ကာကွယ်ရေးဝန်ကြီးဌာနဟု ပီပြင်သောအနက်သဘောမရှိသော်လည်း မြန်မာတပ်နှင့် အင်္ဂလိပ်တပ်တို့ ကွဲပြားခြားနားပုံကို ကနောင်မင်းသိတန်သမျှ သိနေပြီဖြစ်သောကြောင့် ထိုသဘောကို ရည်ညွှန်းပြောလိုရင်းဟု ထင်မြင်နိုင်စရာရှိခြင်းဖြစ်သည်။ ကာကွယ်ရေးတွင် တာဝန်ယူနေရမည့် အကြီးအကဲများနှင့် နောက်လိုက်စစ်သည်များကို စနစ်တကျဖွဲ့စည်းထားရှိနိုင်မှ လိုအပ်သောအခါ လွယ်လင့်တကူရရှိနိုင်မည်ဖြစ်သည်။

အခြားတစ်ဌာနမှာ " မင်းကြီးတစ်ယောက်က အစားအသောက်ခွန် ပြည့်စုံအောင်ကြံမည်" ဟု ဖော်ပြထားသည်။ ထိုသဘောက စစ်သည်ဗိုလ်ပါတို့အတွက်သာမက ပြည်သူများအတွက်ပါ အစားအသောက်ခွန် ပြည့်စုံအောင် တာဝန်ယူသောဝန်ကြီးဌာနတစ်ခုကို ရည်ညွှန်းဖွဲ့စည်းထားလိုရင်းဖြစ်သည်။ ပဒေသရာဇ်စနစ်တွင် ကျီတော်၌စပါးရှိလျှင်ပြီးပြည့်စုံပြီဟု ယူဆထားခဲ့သည်။ ထို့ပြင် စစ်သည်တို့ကို မြေယာများပေးထားခြင်းဖြင့်လည်း အုပ်ချုပ်သူတို့ဘက်က တာဝန်ကျေပြီဟု ယုံကြည်သောခေတ်ဖြစ်သည်။ တာဝန်ခံတစ်ဦးက အစားအသောက်ခွန်ပြည့်စုံအောင် ကြံစည်ရန်သည် ခေတ်အမြင်ဖြင့် ကုန်သွယ်လယ်ယာဌာနမျိုးကို ဆိုလိုခြင်းဟု မှန်းဆရသည်။ ထို့ပြင် ဖူလုံစိုက်ပျိုးစီးပွားရေးစနစ်မှ ငွေရသီးနှံအဖြစ်ပြောင်းကာ ရောင်းကုန်ထုတ်လုပ်သောစိုက်ပျိုးရေးသို့ ပြောင်းနိုင်ရန်အထိ ရည်ညွှန်းသည်ဟု ယုံကြည်ရသည်။ ထိုသို့သောဌာနမျိုးရှိမှသာ စားသောက်ခွန်ပေါများနိုင်မည် ဖြစ်သည်။ ကုန်သွယ်ရေးနှင့်လယ်ယာဌာနမျိုး (Ministry of Trade and Agriculture) ဖြစ်မည်။

နောက်ဆုံးဖော်ပြထားသည့်ဌာနကမူ ငွေကြေးဆိုင်ရာဌာနဖြစ်သည်။" မင်းကြီးတစ်ယောက်က ကြေးငွေကို လှယ်ဖယ်၍ အသုံးတော်ခံနိုင်အောင်ကြံမည်။" ဟုပါရှိသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသဘောသက်ရောက်သည်။ ငွေဒင်္ဂါးများထုတ်လုပ်ခဲ့ခြင်းသည် ထိုရည်မှန်းချက်ကိုဖြည့်ဆည်းပေးခြင်းဟုဆိုနိုင်သည်။ မြန်မာတို့၏ ငွေအတုံးအခဲများကို ဖြတ်တောက်ချိန်တွယ်သုံးစွဲခဲ့သည့် ရွှက်နီစနစ်သည် မင်းတုန်းမင်းလက်ထက်တွင် ကုန်ဆုံးခဲ့သည်။ ထိုစနစ်ကို ဖယ်ရှားလျက် ငွေဒင်္ဂါးများသွန်းလုပ်သုံးစွဲစေခဲ့သည်။ မြင်လွယ်အောင်ဆိုရလျှင် ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန (Ministry of Revenue & Finance) ကို ရည်ညွှန်းသည်ဟု တွေးဆရသည်။ မင်းတုန်းမင်းသည် နန်းတက်စ ၁၈၅၄ က ရွှေပြည်စိုး တံဆိပ်ပါ ဒင်္ဂါးများကို

ထုတ်ဝေခဲ့သည်။ သို့သော် နောက်ပိုင်းတွင်မှ ပြင်သစ်နှင့် ဘင်္ဂလားတို့မှမှာယူသော ဒင်္ဂါးသွန်းစက်များဖြင့် ဒေါင်းဒင်္ဂါးများကို ထုတ်ဝေနိုင်ခဲ့သည်။ တန်ဖိုးအမြင့်ဆုံး ကျပ်ဒင်္ဂါးမှသည် ပြားစေ့ထိ ငွေ၊ ကြေး၊ ခဲတို့ဖြင့် ထုတ်ဝေခဲ့သည်။ ထိုအခါတွင်မှ အတုံးအခဲများကို ဖြတ်တောက်ချိန်တွယ်သုံးစွဲရသည့် ငွေကြေးပြဿနာများ ပြေလည်ချောပြိမ်းသွားခဲ့သည်။ မင်းတုန်းမင်း၏ ပြုပြင်ရေးလုပ်ငန်းများတွင် ဒင်္ဂါးသွန်းလုပ်သုံးစွဲစေခဲ့ခြင်းသည် အအောင်မြင်ဆုံး ဆောင်ရွက်နိုင်မှုတစ်ခု ဖြစ်သည်။

သို့သော် ကနောင်မင်း ရည်မှန်းခဲ့သကဲ့သို့ တာဝန်ယူသော၊ တာဝန်ခံသော ဝန်ကြီးဌာနများ ယင်းလက်ထက်တွင် မပေါ်ပေါက်ခဲ့ချေ။ သီပေါလက်ထက်တိုင် ကြိုးပမ်းကြည့်ခဲ့သော်လည်း နိုင်ငံတကာ အတွေ့အကြုံနှင့် ခေတ်၏လိုအပ်သော ပညာရပ်များ မတတ်မြောက်သောကြောင့် အစဉ်အလာအတိုင်း စုပေါင်းတာဝန်ယူသည့် စနစ်ဖြင့်သာ စခန်းသွားမြဲသွားခဲ့ရသည်။ စင်စစ်မယုံကြည်မှုနှင့် အာဏာလုပ်ပိုင်ခွင့် ခွဲပေးရမည်ကို ဝန်လေးစိုးရိမ်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ပိုမိုမြင်သာအောင်ဆိုရလျှင် ကနောင်မင်း ဖြစ်စေချင်ခဲ့သော တာဝန်ယူ၊ တာဝန်ခံသော ဝန်ကြီးဌာနမျိုး မဖော်ထုတ်နိုင်ခဲ့ချေ။ မြို့စား၊ ရွာစားစနစ်ကို ဖျက်သိမ်းလျက် လစာပေးစနစ်ကို ကျင့်သုံးခဲ့သည့်တိုင် အစဉ်အလာမြို့စား၊ ရွာစားဓလေ့က အပြီးအပိုင် ကွယ်ပျောက်မသွားသေးဘဲ ကျန်နေဆဲဖြစ်သည်။ မင်းအာဏာအတွက် သားသမီး ညီအစ်ကို မောင်နှမ သားချင်းပင် မယုံကြည်သောခေတ်တွင် တစ်စုံတစ်ဦး လက်ထဲ စစ်တပ်ကိုအပ်ထားရမည်ဆိုသည်မှာ ထိုခေတ် မြန်မာမင်းတို့အဖို့ မဖြစ်နိုင်ဆုံးသော အရာပင်ဖြစ်ပေသည်။ ထိုအကျပ်အတည်းများကြားမှ ကနောင်မင်းသားသည် ပြုပြင်ပြောင်းလဲရေးများကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့ရန်နှင့် နိုင်ငံတွင်း လက်ရှိအခြေအနေကို မကျေမနပ်ဖြစ်နေသည့်အတွက် အတိုက်အခံလုပ်နေသော မင်းတုန်းမင်း၏ သားတော်အချို့တို့ကြောင့် အိမ်ရှေ့စံ ကနောင်မင်းအဖို့ အလွန်သတိထား ဆောင်ရွက်နေရပေသည်။ မင်းတုန်းမင်းကြီးသည် သားတော်များနှင့် ညီတော်အပေါ်ကိုထားသည့် စိတ်သဘောထားများက အချိန်မရွေးပြောင်းလဲသွားနိုင်သည့်အခြေအနေဖြစ်သည်။

နောင်တော်ညီတော်ဆက်ဆံရေး

မင်းတုန်းမင်းကြီးသည် စိတ်ထားနူးညံ့သည်။ အေးဆေးတည်ငြိမ်သည်။ ဘာသာတရားကိုအထူးကြည်ညိုလေးစားသည်။ တည်ကြည်သောသဘောရှိသည်။ သို့သော်မင်းအဖြစ်နှင့် ကာမဂုဏ်စည်းစိမ်ခံစားမှုတွင် လွန်ကဲမရောင့်ရဲနိုင်ရှိသည်။ တစ်ဖက်တွင်လည်း စစ်ရေးစစ်ရာတွင် အာရုံထားမှုနည်းပါးသည်။ ဆိုလိုသည်မှာ ဆုံးရှုံးသွားသောနယ်မျာကို တိုက်ယူရမည်ထက် မဟာမိတ်ပီသမှုကိုပြလျက် ပြန်လည်ရယူလိုသည်။ မိမိကကောင်းလျှင် အင်္ဂလိပ်ကလည်း ပြန်လည်ကောင်းမွန်လာမည်ဟု ယုံကြည်ထားဟန်ရှိသည်။ သို့သော်ယင်းမသိသည်မှာရှိသည်။ မင်းတုန်းမင်းက သက်ဦးဆံပိုင်ဘုရင်ဖြစ်သောကြောင့် နိုင်ငံတွင်းသူပြုးလျှင်အားလုံးပြုံးနိုင်သော်လည်း အင်္ဂလိပ်ဘက်ကထိုသို့မပြုံးချေ။ ဘုရင်မကြီးလည်း နိုင်ငံအတွက် သူတစ်ဦးတည်း မလုပ်နိုင်၊ အင်္ဂလန်ဝန်ကြီးချုပ်ဆိုသူ၊ အိန္ဒိယဘုရင်ခံချုပ်ဆိုသူတို့လည်း မလုပ်ဆောင်နိုင်ချေ။ ငြိတိသျှမြန်မာပြည်ကို တာဝန်ယူနေသော မင်းကားအရုပ်မျှသာဖြစ်သည်။ ပြည်သူအထူးသဖြင့် အရင်းရှင်ကုန်သည်တို့ကသာ အင်္ဂလိပ်အစိုးရအပေါ် ဩဇာကြီးလွန်းနေသည်ကို မင်းတုန်းမင်း နားမလည်နိုင်ချေ။

ကနောင်မင်းသားကြီးသည် နိုင်ငံပြုပြင်ပြောင်းလဲရေးဖော်ဆောင်ရန် စိတ်ဓာတ်လွန်စွာထက်သန်ခဲ့သည်။ နိုင်ငံတော်တိုးတက်ရေးအထူးလိုအပ်နေကြောင်းလည်း သဘောပေါက်သည်။ အထူးသဖြင့် စစ်ရေးစစ်ရာတွင် အလေးထားခဲ့သည်။ ဖြစ်နိုင်လျှင် နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်မှရမည်ဟု ခိုင်မာစွာယုံကြည်ထားဟန်ရှိသည်။ ထို့ကြောင့် ကနောင်မင်းသားကြီးသည် ပြင်သစ်နှင့် ပိုမိုရင်းနှီးအောင်ကြိုးပမ်းခဲ့သည်။ ပညာသင်များစေလွှတ်သောအခါ သူ့လက်ထက်တွင် ပြင်သစ်သို့ချည်း စေလွှတ်ခဲ့သည်။

အင်္ဂလန်သို့စေလွှတ်ခြင်းမရှိခဲ့ချေ။ သို့သော် အင်္ဂလိပ်လက်အောက်ခံ ဘင်္ဂလားသို့ စေလွှတ်ထားသည်များရှိခဲ့သည်။

မြင်ကွန်းမင်းသားကြီး၏ အပါးတော်မြဲဖြစ်ခဲ့သူ ဒေါက်တာဘချစ် အဆိုအရ ပြင်သစ်က ကနောင်မင်းသားကြီးကို ချဉ်းကပ်ထားပြီး အင်္ဂလိပ်တို့ကမူ မင်းတုန်းမင်းကြီးကို ပိုမိုရင်းနှီးယုံကြည်မှုရအောင် ဆက်ဆံခဲ့သည်။ သို့ဖြင့် မြန်မာ့နန်းတွင်းရေးတွင် မင်းတရားကြီးနှင့် အိမ်ရှေ့မင်းတို့ကို အင်္ဂလိပ်နှင့် ပြင်သစ်တို့က တစ်ဖက်စီကူညီပေးနေကြရာ နောင်တော်ညီတော်တို့ ဆက်ဆံရေးလည်း သတိအနေအထားဖြင့် အပြန်အလှန်စောင့်ကြည့် ဆက်ဆံနေကြရမည်ဟု ဆိုနိုင်သည်။ မင်းကြီးနှင့်ညီတော် အိမ်ရှေ့မင်းတို့သည် နယ်ချဲ့ပြိုင်ဘက်နှစ်နိုင်ငံ၏ အသုံးချမှုကို ခံနေကြရပြီး ကျွန်ဘဝရောက်မည်ကို ကိုယ့်အရေးနှင့် ကိုယ်ဖြစ်နေချိန်တွင် သတိမထားမိခဲ့ကြဟုယူဆရသည်။

လက်ရှိအခြေအနေတွင် ကနောင်မင်းသားကြီး၏ ပြုပြင်ပြောင်းလဲရေးက အရှိန်ရလာကာ မင်းတုန်းမင်းတရားကြီး၏သားတော်တို့ကလည်း အရွယ်ရောက်လာကြသဖြင့် မင်းတုန်းမင်းအဖို့ သားတော်များနှင့် ညီတော်တို့ကြားတွင် ပိုမိုစိတ်ရှုပ်ထွေးစရာဖြစ်ပေါ်လာခဲ့ရသည်။ စိတ်သက်သာစေရန် ကနောင်မင်း၏သမီးတော် တောင်ညီမင်းသမီးကို မင်းကြီး၏ တောင်ရွှေရေးဆောင်မိဖုရားကဖွားမြင်သည့် သားတော်ကြီး မြင်ကွန်းမင်းသား "သုသီရိမမွရာဇာ" နှင့် လက်ဆက်ပေးခဲ့သည်။ စင်စစ် ပဒေသရာဇ်စနစ် တွင် သားအဖချင်းပင် မယုံကြည်ရသဖြင့် ထိုဆွေမျိုးတော်စပ်မှုသည် ထီးနန်းစည်းစိမ်အတွက် မည်သို့မှ စိတ်မချရနိုင်ချေ။ ထိုအထဲတွင် ကနောင်မင်းသားကြီးက အမှုထမ်းများနှင့် အရာရှိတစ်ဦးကြား ဖြစ်ပေါ်နေသော မြေအငြင်းပွားမှုတွင် ဘုရင်တစ်ပါးကဲ့သို့ အမိန့်တော်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်တော်ကို ကိုးကားလျက် လွှတ်တော်က ဤသို့ မှတ်တမ်းတင်ခဲ့သည်-

"... စိန်ကုန်း လှေတော်အမှုထမ်းတို့ကို သနားတော်မူသည်ကြိုးအတွင်း သူ့ဌေးသီရိဝမုန ကွက်ခြေ မယ်ညိုတောခေါ်လယ်မြေ ၁၀၀ (၁၀ ပယ်) ကျော် ဆင်ခြေဖုံးကြိုး အတွင်း လယ်မြေ ၆၂၂ (၆ ပယ် ၂ စိတ်) များကို ရွှေတငါလှေတော် အမှုထမ်းတို့က အတားအဆီးအနှောင့်အယှက်မရှိစေနှင့်။ လုပ်သား ငမောင်၊ ငကံ၊ ငကိုတို့က နှစ်စဉ်လုပ်ဆောင်မြဲလုပ်ဆောင်စေ။ **ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ညီတော်အိမ်ရှေ့မင်း အမိန့်တော်ကို ဦးထိပ်ထမ်းရွက်ရသည်ဖြစ်သည်"**

ဟု ဖော်ပြထားသည်။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ညီတော်အိမ်ရှေ့မင်း အမိန့်တော်" အသုံးသည် ဧကရာဇ်တစ်ပါး၏ အသုံးမျိုးဖြစ်သောကြောင့် မင်းတုန်းမင်းကို ယှဉ်နေသော သဘောသက်ရောက်နေပေသည်။ ဗဒုံမင်းလက်ထက်က သားတော်များလွှတ်တက်လျက် အုပ်ချုပ်ရေးကိုစိမ်နေကြရသော်လည်း အမိန့်တော်ထုတ်ခြင်းကို လွှတ်တက်သားတော်များ တင်ပြချက်အပေါ်မူတည်လျက် ဗဒုံမင်းက ထုတ်ပြန်ပေးခဲ့သည်။ မင်းသားတို့က အမည်နာမဖြင့် အမိန့်တော် မထုတ်ပြန်နိုင်ချေ။ ကနောင်မင်းသားကြီးက တိုက်ရိုက်ထုတ်ပြန်ခဲ့သည့် သဘောကို တွေ့ရသည်။ ယင်းဩဇာက မှူးမတ်အချို့အပေါ် လွှမ်းစပြုနေသည်ကိုလည်း မှန်းဆကြည့်လျှင် မြင်တွေ့ရသည်။ ထို့ကြောင့် မင်းတုန်းမင်းသည် ညီတော်အပေါ်ရော၊ သားတော်များအပေါ်မှာပါ စိုးရိမ်စပြုလာကြောင်း သတိပြုနိုင်သည်။

မင်းတုန်းမင်းသည် ညီတော်ကနောင်မင်းကို နန်းတက်စက လွန်စွာအားထားမြောက်စားခဲ့သည်။ ၁၂၁၅ ခု၊ ဒုတိယဝါဆိုလဆန်း ၆ ရက် (၁၁ ဇူလိုင်လ ၁၈၅၃) တွင် "သီရိပဝရ မဟာသုဓမ္မရာဇာ" ဘွဲ့ဖြင့် အိမ်ရှေ့အရာအပ်နှင်းခဲ့သည်။ အဆောင်အယောင်များလည်း ချီးမြှင့်ခဲ့သည်။ စားကျေးမြို့ရွာများအဖြစ် စလေမြို့၊ တောင်တွင်းကြီးမြို့၊ ဒီပဲယင်းမြို့၊ ပန္ထာလင်းမြို့ (ယခု ကန့်ဘလူနယ်တွင်ရှိ) တို့ကိုပေးခဲ့သည်။ အိမ်ရှေ့မိဖုရားကြီးအဖြစ် ခမည်းတော်နှင့် အနောက်နန်းမိဖုရားတို့က ဖွားမြင်သော လှိုင်မြို့စား သီရိသုမြတ်စွာရတနာဒေဝီ (လှိုင်ထိပ်ခေါင်တင်) နှင့် ရေသွန်း

လက်ထပ် ပေးခဲ့သည်။ မန္တလေးမရွှေ့ပြောင်းမီ ညီတော် ကနောင်မင်းအတွက် ရွှေမြို့တော်တွင်းတွင် နေထိုင်ရန် မြေနေရာလည်း အထူးသတ်မှတ်ပေးခဲ့သည်။ တင်သွင်း လွှာတင်သွင်းပြီးနောက် ၅ လအကြာ ၁၂၁၅ ခု၊ တော်သလင်းလဆန်း ၁၃ ရက် (၁၅ စက်တင်ဘာလ ၁၈၅၃) တွင်ဖြစ်သည်။

ထိုမြို့တော်သစ်တွင် မြင်ကွန်းနှင့်မြင်းခုန်တိုင် ပုန်ကန်မှု ဖြစ်ပွားခဲ့ပြီး အိမ်ရှေ့စံ ကနောင်မင်းသားကြီး လည်း နတ်ရွာပြောင်းခဲ့ရသည်။ သို့သော် ယင်းကြုံးပမ်း ခဲ့သော ပြုပြင်ပြောင်းလဲရေးတို့မှာ အရှိန်ရစပြုနေပြီ ဖြစ်ရာ ဆက်လက်ဖြစ်ထွန်းသင့်သလောက် ဖြစ်ထွန်းခဲ့ သည်။ အထူးသဖြင့် သာမန်လူမှုအဖွဲ့အစည်းအတွက် သုံးရသည့် ဆန်စက်၊ သစ်ခွဲစက်၊ အဝတ်အထည်စက်၊ မဲနယ်စက် စသည်တို့ဖြစ်သည်။ သို့သော် မြန်မာ ပြည်သူများထဲမှ တည်ထောင်နိုင်သူကားမရှိခဲ့ချေ။

ပြုပြင်ရေးများ စတင်အကောင်အထည်ဖော်ခြင်း

တင်သွင်းလွှာတင်သွင်း (၆ ဧပြီလ ၁၈၅၃) ပြီးနောက် ၉ လကျော်အကြာ ၁၂၁၅ ခု၊ တပို့တွဲလဆန်း ၁ ရက် (၂၉ ဇန်နဝါရီလ ၁၈၅၄) တွင် မင်းတုန်းမင်းကြီးက တစ်ဖက်တွင် ရွှေပြည်စိုးတံဆိပ်၊ တစ်ဖက်တွင် ထီးနန်းသိမ်းပိုက်စိုးစံသည့် သာသနာတော်နှစ် ၂၃၉၆ ခတ်နှိပ်လျက် ထုတ်လုပ်ရန်မိန့်တော်မူခဲ့သည်။ ရှေး အစဉ်ရှိခဲ့သော ဒင်္ဂါးသွန်းပုံနှင့်ပြန်လည် သွန်းခဲ့ခြင်း ဖြစ်သည်။ နောက်မှဒင်္ဂါးသွန်းစက်များဝယ်ယူလျက် ဒေါင်းဒင်္ဂါးများကိုထုတ်ဝေခဲ့သည်။ ကနောင်မင်းသားကြီး အသက်ရှိစဉ် လုပ်ကိုင်ဖော်ဆောင်နိုင်ခဲ့သော ပြုပြင် ရေးဆိုင်ရာများကို တွေ့ရှိရသမျှဖော်ပြပေးလိုက်ခြင်း ဖြစ်သည်။

၁၂၁၉ ခု၊ ကဆုန်လဆန်း ၁၅ ရက် (၇ မေလ ၁၈၅၇) လက်နက်တိုက်စပြီးလုပ်။ ၁၂၂၆ ခုနှစ်၊ တော် သလင်းလဆန်း ၆ ရက် (၆ စက်တင်ဘာလ ၁၈၆၄) ဟာလေဒီဘိုလုပ် ကုမ္ပဏီမှဆက်သည့် မီးသင်္ဘောကို စကြာယာဉ်မွန်ကမ္ဘည်းတပ်။ ၁၂၂၆ခုနှစ်(၁၈၆၄) ပုံနှိပ် စက်ကိရိယာ မန္တလေးရောက်။ ၁၂၂၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၁၁ နိုဝင်ဘာလ ၁၈၆၅) ဒေါင်းဒင်္ဂါးများစတင်သွန်းလုပ်။ ၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် (၂ သြဂုတ်လ ၁၈၆၆) ကနောင်မင်းလုပ်ကြံခံရ။

ကနောင်မင်းသားကြီးသည် အစဉ်အလာ စစ်လှေနေရာတွင် တိုက်သင်္ဘောများဖြင့်အစားထိုးရန် ကြိုးပမ်းလာခဲ့သည်။ တင်သွင်းလွှာအပိုဒ် ၄ တွင် မြစ်စဉ် တစ်လျှောက်ကျေးရွာများမှာ သက်စွန့်ကြိုးပမ်း ထမ်းဆောင်မည့်သူများနှင့် တစ်မြို့တစ်ယောက်ထား ရှိရန်အပြင် မြို့သူကြီးများနှင့် ယုံ၍မရကြောင်း ဖော်ပြထားသည်။ သို့အတွက် ပုပ္ပါးဝန်ထောက်မင်းကြီး မဟာမင်းထင်ကျော်ကို သေနတ်ကိုင်လူ ၁၀၀ နှင့် မလွန်ကိုဌာနချုပ် ပြုလုပ်လျက် တောင်ခွင်၊ ပဌနဂို၊ မြေထဲ၊ မြင်ကွန်းမြို့များကို စီမံအုပ်ချုပ်ရန် ခန့်ထားခဲ့ သည်။

အနောက်တိုင်းမှ ၁၈၅၉ ခုနှစ်တွင် ဝယ်ယူ ခဲ့သည့်သင်္ဘောမှာ ဧရာအတောင် ခြောက်ဆယ်၊ ဝမ်းဝ ဆယ်တောင်၊ စောက် ငါးတောင်ရှိ သင်္ဘောဖြစ်သည်။ ယင်းကို ငွေဒင်္ဂါး ၁၁၂,၉၀၀ ဖြင့်ဝယ်ယူခဲ့သည်။ စက်ဆရာတို့က အင်္ဂလိပ်သံအမတ် ဖယ်ယာလာစဉ်က သင်္ဘောကို မောင်းနှင်ပေးခဲ့ကြသူများနှင့် စက်ဆရာ အမှုထမ်းတို့မှာ ဘင်္ဂလားကုလားနှင့် ရခိုင်အမျိုးသားတို့ ဖြစ်ကြသည်။ ထိုသင်္ဘောသည် စစ်ရေးအတွက်လော၊ ပြည်သူတို့ သွားလာရေးအတွက်လော ခွဲခြားမသိရချေ။

စစ်ရေးအတွက် အသုံးပြုမည့်သင်္ဘောကို "တိုက်သင်္ဘော"၊ သံဖြင့်လုပ်သော "သံတိုက်သင်္ဘော" စသည်ဖြင့် ခွဲခြားခေါ်ဆိုခဲ့သည်။ စစ်သင်္ဘောအတွက် ရည်ရွယ်ဟန်ရှိသော ဒင်္ဂါး ၁၆,၅၀၀ တန် သံကိုယ်ထည် မီးသင်္ဘော လေးစင်းကိုလည်း မှာယူကြောင်း တွေ့ရ သည်။ မြန်မာအစိုးရက သံတိုက်သင်္ဘောမှာကြား သည်ကို အင်္ဂလိပ်အစိုးရက လျစ်လျူရှု မထားနိုင်ဘဲ ဝင်ရောက်ပတ်သက်လာခဲ့သည်။ ၁၉ ဖေဖော်ဝါရီ ၁၈၆၀ ရက်စွဲဖြင့် အင်္ဂလိပ်ဝန်ကြီးက ထိုသင်္ဘော မှာယူမှု မလုပ်ဆောင်နိုင်ကြောင်းကို မကွေးဝန်ကြီးသို့ စာပို့ခဲ့သည်။ သို့သော် ၂၄ ဖေဖော်ဝါရီ ၁၈၆၀ ရက်စွဲ ဖြင့် စာတွင်မူ အင်္ဂလန်သို့မှာထားသော သံသင်္ဘော ရန်ကုန်တွင်ရောက်ရှိနေပြီး နေပြည်တော်မန္တလေးသို့

ဆက်လက်ထွက်ခွာလာနိုင်ရန် ရန်ကုန်တွင် ပြင်ဆင်လျက်ရှိနေကြောင်း၊ ပြင်ဆင်မှုသည် တစ်နှစ်ခွဲလောက်ကြာနိုင်မည်ဖြစ်ကြောင်း စာပို့အကြောင်းကြား လာပြန်သည်။ မြန်မာမင်းက ထိုသင်္ဘောကို မြနန်းစကြာအမည်တော် သမုတ်ကြောင်း အပြန်အလှန်ပေးစာများတွင် တွေ့ရသည်။ သင်္ဘောဝယ်ယူသည်နှင့်တစ်ပြိုင်နက် သင်္ဘောတော်အစောင့်များ၊ ပြင်ဆင်ပြီးလျှင် အထက်ဒေသ မန္တလေးသို့မောင်းနှင်ပို့ဆောင်ပေးရမည့် သင်္ဘောသူကြီးတို့ကို ငှားရမ်းရန်တို့လည်း ပါရှိလာခဲ့သည်။

၁၈၆၂ ခုနှစ်တွင် သင်္ဘောတော် နှစ်စီးထပ်မံဝယ်ယူပြန်သည်။ တစ်စီးလျှင်ငွေတော်ကျပ် ၁၂၆,၅၀၀ ပေးရသည်။ စကြာယာဉ်မွန်နှင့် ရေနန်းစကြာအမည်တော် များပေးထားသည်။ ထိုသင်္ဘောတော်များဝယ်ယူထားသော်လည်း ၁၂၂၇ ခု၊ ဝါဆိုလ (ဇူလိုင်လ ၁၈၆၅) တိုင် မပေးပို့သဖြင့် မြန်မာအစိုးရတွင် သင်္ဘောတော်အတွက် ကြောင့်ကြနေရသည်။ အင်္ဂလိပ်တို့သည် မြန်မာတို့လက်ထဲ စစ်သင်္ဘောများ၊ လက်နက်များ ရောက်မည်ကို သည်းခံနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် တိုက်သင်္ဘောများ၊ ခေတ်မီစစ်လက်နက်များ မရောက်ရှိစေရန် အချိန်ဆွဲနေသည့်သဘောကိုလည်း တွေ့မြင်ရသည်။ မြန်မာစစ်အင်အားကြီးလာ မည်ကို အင်္ဂလိပ်တို့ မလိုလားသဖြင့် သင်္ဘောများ မြန်မာမင်းလက်ထဲ မရောက်ရှိရေး၊ နောက်ကျရောက်ရှိရေး၊ ဥပဒေကြောင်းအားဖြင့် အရှုပ်အရှင်းဖြစ်စေရေး၊ ငွေကြေးအားဖြင့် အခက်အခဲဖြစ်စေရေးစသည့် နည်းများဖြင့် အနှောင့်အယှက်ပြုခဲ့ကြသည်။ သို့သော် ဖယ်ယာက စကားပြေထိုးကာ "မီးသင်္ဘောတော်အကြောင်းကို ပြေငြိမ်း အောင်ကြည့်ရှုပြောဆိုမည့်အကြောင်း" မကွေးဝန်ကြီး သို့စာပေးပို့ခဲ့သည်။

ထို့နောက် သံတိုက်သင်္ဘောဝယ်ယူသည့် အမှတ်အသားကို ၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် (၅ ဒီဇင်ဘာလ ၁၈၆၆) ဖြင့်တွေ့ရပြန်သည်။ သင်္ဘောဝယ်ယူရေးအတွက် ကုန်သည်ကြီး ကလေမန်ဝီလျံနှင့် စာချုပ်ခဲ့ကြသည်။ သင်္ဘောသူကြီး ဂေါ်ရင်ဘတ်လည်း ပါဝင်ခဲ့သည်။ သင်္ဘောတန်ဖိုး ဖော်ပြမှုမရှိချေ။ သို့သော် ၁၂၂၉ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက် (၂၈ ဇွန်လ ၁၈၆၇) တွင် ယင်းနှင့်စာချုပ်ထားသော သင်္ဘောဝယ်ယူရေးနှင့် လက်နက်ဝယ်ယူရေးစာချုပ်အတွက် ငွေများပြန်ပေးရန်ကမ်းလှမ်းလာခဲ့သည်။ ထိုအမှတ်အသားအရ သင်္ဘောတန်ဖိုးသည် ၂၇,၀၀၀ နှင့် လက်နက်များတန်ဖိုး ၂၅,၀၀၀ ဟုဖော်ပြထားသည်။ အခြားမှတ်တမ်းတွင် ပြန်ပေးငွေ ၂၀,၀၀၀ သာ ရှိသည်ကိုလည်း တွေ့ရသည်။ ထိုအထောက်အထားတို့က မြန်မာတို့ဝယ်ယူသမျှ စစ်ရေးဆိုင်ရာများ သင်္ဘော၊ လက်နက်များ စသည်တို့ကို စာချုပ်အတိုင်း တိကျစွာ မည်သည့်အခါမျှ မဆောင်ရွက်ဘဲ အလွဲသုံးစားပြုခဲ့သည်ကို တွေ့မြင်နေရသည်။ အနှောင့်အယှက်များ၊ အချိန်ဆွဲခြင်းများ ပြုလုပ်ခြင်းဖြင့်လည်း မြန်မာတို့သည်းခံနိုင်မှုကို စမ်းသပ်နေခဲ့ကြသကဲ့သို့ရှိသည်။ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားစေရန် တမင်ပြဿနာများ ဖော်နေသကဲ့သို့ မှတ်ထင်ရသည်။

မြန်မာတို့ဘက်ကလည်း ကျွမ်းကျင်ပညာရှင်များမရှိသေးဘဲ သင်္ဘောများဝယ်ယူနေသည်မှာ အံ့သြဖွယ်ပင်ဖြစ်သည်။ ထိုဝယ်ယူခဲ့သော သင်္ဘောများကို ပြည်တွင်းသယ်ယူပို့ဆောင်ရေးတွင်လည်းကောင်း၊ စစ်ရေးစစ်ရာတွင်လည်းကောင်း ကျွမ်းကျင်ပြောင်မြောက်စွာ အသုံးပြုနိုင်ခဲ့သည်ကို မတွေ့ခဲ့ရချေ။ မြန်မာသံတော်တို့ ပြည်ပနိုင်ငံများသို့ သွားသောအခါသုံးခဲ့ဖူးသည်ကိုသာ တွေ့ရှိရသည်။ သို့တိုင်သင်္ဘောမောင်းသူတို့မှာ နိုင်ငံခြားသားများ ဖြစ်ကြသည်။ သင်္ဘောမောင်းနှင်ခြင်းတွင် မြန်မာလူမျိုးထဲမှ ကောင်းစွာတတ်ကျွမ်းသူရှိခဲ့ဟန်မတူချေ။ မင်းတုန်းမင်းကြီးကိုယ်တော်တိုင်ပင် သင်္ဘောတော်စီးလျက် ရေကြောင်းမကြွခဲ့ချေ။ အစဉ်အလာ ဖောင်တော်များကိုသာသုံးစွဲခဲ့သည်။

မြန်မာတို့သင်္ဘောဝယ်ယူခြင်း အကြောင်းအရာမှာ စာချုပ်ချုပ်ဆိုသည့် ကုမ္ပဏီနှင့် ကြားလူတို့ကတိပျက်ကွက်မှုများကြောင့် မြန်မာမင်းအစိုးရနှင့် အင်္ဂလိပ် ဘင်္ဂလားအစိုးရတို့စကားပြောဆိုကြရသည့် အမှတ်အသားကို (၆၅) ကြိမ်တိုင် တွေ့ရှိရဖူးသည်။ ထိုအချိန်ထိ ဝယ်ယူသောသင်္ဘောများ မြန်မာမင်းအမှုတော်ကို မည်မျှထမ်းနိုင်ခဲ့သည်။ ဧရာဝတီကြောင်းတွင်

မည်သို့ခုတ်မောင်းတာဝန်ထမ်းဆောင်နေသည် တို့ကို မပြောနိုင်သေးချေ။ ဗန်းမော်သို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း ထွက်သည်များ ရံဖန်ရံခါတွေ့ရှိရဖူးသည်။ ဝယ်ယူခဲ့သောသင်္ဘောများကို မောင်းနှင်ရန် မည်သူတို့ကို တာဝန်ပေးခဲ့ကြပါသနည်း။ ထိုသင်္ဘော အမှုထမ်းတို့ အကြောင်းကလည်း ကွဲကွဲပြားပြား ပြည့်ပြည့်စုံစုံ မတွေ့ရှိရဘူးချေ။ သို့သော် မြန်မာအမည်ဖြင့် သင်္ဘောကပ္ပတိန် နှစ်ဦးကိုမူ တွေ့ရှိရပါသည်။ ယင်းတို့မှာ ရေနန်းစကြာသင်္ဘောကပ္ပတိန် ဦးစံရာနှင့် ၁၂၃၅ ခု၊ နတ်တော်လဆန်း ၆ ရက် (၂၅ နိုဝင်ဘာလ ၁၈၇၃) ရက်စွဲပါ မှတ်တမ်းတစ်ရပ်တွင် သင်္ဘောတော် ကပ္ပတိန်မောင်တိုးတို့ ဖြစ်ကြသည်။

သင်္ဘောမောင်းပညာကို ကနောင်မင်းကြီး ကျေးဇူးဖြင့် သင်ကြားတတ်မြောက်ခဲ့သည် ဖြစ်နိုင်သော်လည်း ယင်းတို့ အမှုထမ်းသောအချိန်တွင် ကနောင်မင်းသားကြီး မရှိတော့ပြီဖြစ်သဖြင့် ထိုမင်းသားကြီး အမိန့်တော်အောက်တွင် အမှုတော်ကို ထမ်းခွင့်ရမသွားတော့ချေ။ သံတိုက်သင်္ဘောများ ဝယ်ယူဖြစ်ခဲ့လျှင် မြန်မာရေတပ်တွင် ထိုတိုက်သင်္ဘောများ ဧရာဝတီမြစ်အတွင်း သွားလာနေမည်ဖြစ်သကဲ့သို့ အရေးပါနေမည်ကိုလည်း တွေးကြည့်မြင်နေမိသည်။ မန္တလေးတွင် သင်္ဘောကျင်းတည်ဆောက်နိုင်ခဲ့သည်မှာလည်း အမှန်ဖြစ်သည်။ သို့သော် မှာယူငွေချေခဲ့သော သံတိုက်သင်္ဘောများကား အင်္ဂလိပ်ကိုလိုနီအစိုးရက ခွင့်ပြုခဲ့မည်မဟုတ်ဟုယူဆရသကဲ့သို့ အားလုံးလည်းရောက်ရှိမလာခဲ့ဟု ယုံကြည်ရပါသည်။ သင်္ဘောကျင်းတွင်လည်း အင်ဂျင်နီယာတို့သည် မြန်မာများမဟုတ်ဘဲ အင်္ဂလိပ်အတည်ပြုချက်ဖြင့် ခန့်ထားသော သူလျှိုများသာဖြစ်ဖို့များပေသည်။ သင်္ဘောကိုယ်ထည်ကိုသာ တည်ဆောက်ပြီး စက်ကိုနိုင်ငံခြားမှ မှာယူကြောင်း ကင်းဝန်မင်းကြီး၏ လန်ဒန်သွားနှင့် ပါရီသွားနေ့စဉ် မှတ်စာတမ်းတို့တွင်တွေ့ရှိရသည်။ အထောက်အထား တစ်ခုတွင် ဦးတင်က ၁၂၃၄ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက် (၇ ဧပြီလ ၁၈၇၃) ရက်စွဲဖြင့် အင်္ဂလိပ်အရေးပိုင်က ခန်းပတ်မင်းကြီးထံပေးစာကို အောက်ပါအတိုင်း အတိုကောက်မှတ်တမ်းပြုလုပ်ထားခဲ့သည်။

"သံသင်္ဘောလုပ်စက်ဆရာဘိန်း ပစ္စည်းများကို သူခိုးတို့ခိုးယူပြီးနောက် ထပ်မံခိုးယူဦးမည်၊ ခုခံလျှင် အသေသတ်မည်။ သူခိုးတို့ပြောသည်ကို ကြားကြောင်းနှင့် သကြားစက်ဆရာအာသာကိုးသို့ အကောက်အရာရှိ ဂျေလီကိုးက ပြောကြောင်းသိရ၍ သင်္ဘောတည်လုပ်ရာ ရပ်ကွက်တွင် ထောက်လှမ်းဖမ်းဆီးမှ သူခိုးတို့အကြံမမြောက်ရှိမည့် အကြောင်းအရာ ဂျေလီကိုးကို မေးမြန်းလိုလျှင် စေလွှတ်မည့်အကြောင်းအရာ"

ဖော်ပြပါအထောက်အထားအရ မြန်မာသင်္ဘောကျင်းတွင် အင်္ဂလိပ်တို့လူများဖြင့်သာ တည်ဆောက်လုပ်ကိုင်နေကြရသည်။ သံသင်္ဘောလုပ်စက်ဆရာ ဆရာဘိန်း၊ သကြားစက်ဆရာ အာသာကိုး၊ အကောက်အရာရှိ ဂျေလီကိုး အမည်များသည် အင်္ဂလိပ်လူများဖြစ်ပေသည်။ သကြားစက်ဆရာဆိုသောကြောင့် သင်္ဘောကျင်းတွင်သာမက သကြားချက်စက်ရုံတွင်လည်း ယင်းတို့လူများသာရှိပေသည်။ မြန်မာတို့လုပ်သည်မှန်သမျှ အင်္ဂလိပ်တို့က အားလုံးသိနေပြီးဖြစ်ချေသည်။ အင်္ဂလိပ်တို့အတွက် မြန်မာစစ်တပ်အင်အား ကောင်းမလာရန် အရေးကြီးနေပေသည်။

ကြည်းတပ်အတွက် လက်နက်ခဲယမ်းမီးကျောက်များ

မြန်မာကြည်းတပ်ဆိုသည်မှာ ရိုးရာအတိုင်း ဖွဲ့စည်းထားသော တပ်မျိုးသာဖြစ်သည်။ စစ်ရေးနှင့် အထူးတာဝန်မရှိလျှင် စစ်သည်တို့သည် မိမိတို့ရပ်ရွာတွင် ပေးထားသောလယ်ယာမြေပေါ်တွင် အေးချမ်းစွာလုပ်ကိုင်စားသောက် နေကြရသည်။ အချို့က သေနတ်စစ်သည်များ၊ အချို့က မြင်းစစ်သည်များ၊ အချို့ကလေ့စစ်သည်များဟူ၍ရှိခဲ့ပြီး အမြဲတမ်းစစ်ရေးလေ့ကျင့်နေကြရသည်မျိုး မဟုတ်ချေ။ ထိုတပ်များခေတ်မီလာစေရန်မှာ အမြဲတမ်းကပ်မတော်အဖြစ် ဖွဲ့စည်းထားနိုင်မှဖြစ်ပေမည်။ သို့သော် ဖွဲ့စည်းပုံကိုမပြောင်းလဲဘဲ သေနတ်လက်နက်များမှာယူတပ်ဆင်ရေးသာကြိုးပမ်းခဲ့သည်။ စစ်ဗိုလ်စစ်သား

သင်တန်းကျောင်းမျိုးလည်း မရှိသကဲ့သို့ ဥရောပစစ်ကျောင်းကြီးများသို့ သွားရောက်စစ်ပညာသင်ယူသည်မျိုးလည်း မတွေ့ရှိရချေ။ သီပေါမင်းလက်ထက် ရောက်မှအနောက်တိုင်းစစ်ပညာကို အနောက်တိုင်းစစ်ရေးနည်းပြများဖြင့်လေ့ကျင့်ခဲ့သည်ကို တွေ့ရှိရသည်။ တိုက်ခိုက်ရသည်မှာ လွန်စွာ စွန့်စားရပေသည်။ တစ်ဖက်သတ်ဆန်လွန်းလှသည်။ ထို့ကြောင့် ကနောင်မင်းသားကြီးက သေနတ်အမြောက်ဖြင့် ရည်တူတိုက်နိုင်မှရမည်ဟု သိတော်မူသဖြင့် ကိုယ်တိုင်မတည်ဆောက်၊ မထုတ်လုပ် တတ်သေးမီ အနောက်တိုင်းနိုင်ငံများထံမှ



စစ်ကိုင်းရှိလည်ပတ်ခွင့်မရလိုက်သော ရတနာပုံခေတ် သံရည်ကြို စက်ရုံကြီးတစ်စိတ်တစ်ပိုင်းပုံ

မြန်မာမင်းက လက်နက်များဝယ်ယူခြင်းကိုလည်း အင်္ဂလိပ်နယ်ချဲ့အစိုးရများက အနှောင့်အယှက်ပေးခဲ့သည်။ မြန်မာတို့အဖို့ စစ်မြေပြင်တွင် လူအားကောင်းသည်ဖြစ်စေ၊ သူရဲသတ္တိ လုပ်ရည်ကြံရည်နှင့် ပြည့်စုံသည်ဖြစ်စေ၊ တစ်ဖက်ရန်သူက စည်းစနစ်တကျဖြင့် မိမိတို့နားမလည်သော စစ်ရေးမဟာဗျူဟာနည်းဗျူဟာများချကာ သာလွန်သော လက်နက်များကိုကိုင်ဆောင်အသုံးပြုလျက် တိုက်ခိုက်လာလျှင် ထိုရန်သူကို ခုခံနိုင်ရန် မစွမ်းနိုင်ပါချေ။ ဒုတိယ မြန်မာ-အင်္ဂလိပ်စစ်ပွဲသည် မြန်မာတို့အတွက် ထိုအနေအထားမျိုးကို ရင်ဆိုင်ခဲ့ရသည်။ ခေတ်မီအမြောက် သေနတ်လက်နက်တပ်ဆင်ထားသော အင်္ဂလိပ် စစ်သင်္ဘောများကို မြန်မာတို့က လှေဖြင့် ဓား၊ လှံ၊ တူမီး သေနတ်စွဲကိုင်စစ်သင်္ဘောများ စစ်လက်နက်အမြောက်သေနတ်များ ကို ဝယ်ယူအသုံးပြုနိုင်ရန် အဦးအစကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

စစ်ပြီးစ ဘင်္ဂလားသွားမြန်မာသံအဖွဲ့ကို ၁၂၁၆ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်(၂၃ စက်တင်ဘာလ ၁၈၅၄) ရက်စွဲဖြင့် "**အကောင်းမျိုးသေနတ် ၁,၀၀၀ ကို ပေါက်ရာဈေးနှုန်းဖြင့် ဝယ်ယူခဲ့ရန်မှာကြားခဲ့သည်။ တစ်ဖန် ၁၂၂၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် (၄ ဒီဇင်ဘာလ ၁၈၆၆) ရက်စွဲဖြင့်လည်း ကလေမံ ဝိလျံထံ သေနတ် ၂,၀၀၀ အဖိုးငွေ ၂၅,၀၀၀ နှင့် အရောင်းအဝယ်စာချုပ် ချုပ်ခဲ့သည်။ စစ်သည်တို့ အတွက် သိုးဓမောက်နှင့် တူဆန် ၂,၀၀၀,၀၀၀ ကိုလည်း ၁၂၂၉ ခု၊ နတ်တော်

လပြည့်ကျော် ၄ ရက် (၁၄ ဒီဇင်ဘာလ ၁၈၆၇) နေ့တွင် ငွေပေးချေစာချုပ်ချုပ်ခဲ့သည်။ ၁၂၂၉ ခု၊ တပေါင်း လပြည့်ကျော် ၁၂ ရက် (၁၉ မတ်လ ၁၈၆၈) ရက်စွဲဖြင့် လည်း ဘင်္ဂလားမြို့က တူမီးသေနတ် ၅,၅၀၀ ရောက် ရှိလာခဲ့သည်။ အဖိုးငွေတော် ၁၁၀,၀၀၀ ပေးချေရသည်" ဟုပါရှိသည်။

ထိုအချိန်က ရိုင်ဖယ် (ရိုက်ဘတ်) သေနတ်များ ပေါ်နေပြီဖြစ်သောကြောင့် တူမီးသေနတ်သည် ခေတ်မမီတော့ချေ။ အင်္ဂလိပ်တို့သည် မြန်မာမင်း အစိုးရကို ၎င်းတို့မသုံးတော့သော ခေတ်နောက်ကျ တူမီးသေနတ်တို့ကိုသာ ဝယ်ယူခွင့်ပြုခဲ့သည့်သဘော ဖြစ်လေသည်။ ကနောင်မင်းသားကြီးသည် ထိုအခြေ အနေများကို သိရှိခဲ့သည်။ ထို့ကြောင့် ပညာသင်များ စေလွှတ်သောအခါ အမြောက်သေနတ်ပြုလုပ်သည့် ပညာနှင့်စက်အတတ်ပညာတို့ကို အလေးထားသင်ယူခဲ့ စေရန် မိန့်မှာခဲ့မည်ဟု ယုံကြည်ရသည်။

ဘင်္ဂလားမှ မူလမှာခဲ့သည့်သေနတ်ကောင်း ဆိုသည် မည်သည့်အမျိုးအစားဟုမသိရချေ။ တန်ဖိုး မည်မျှကျသင့်သည်ဟုလည်း မပါရှိချေ။ ထိုသေနတ်များ ဝယ်ယူရရှိသည် မရရှိသည်ကိုလည်း အထောက် အထားမမြင်တွေ့ရချေ။ သို့သော် နောက်တစ်ကြိမ် ၁၂၂၉ ခု၊ တပေါင်းလပြည့်ကျော် ၁၂ (၁၉ မတ်လ ၁၈၆၈) ရက်စွဲဖြင့်မှာသောအခါ တူမီးသေနတ် ၅၅၀၀ ဟု ဖော်ပြသည်။ အဖိုးငွေ ၁၁၀,၀၀၀ (တစ်သိန်း တစ်သောင်း) ကျသည်။ သေနတ်တစ်လက် တန်ဖိုး သည် ငွေ ၂၀ ရှိသည်။ ၄ ဒီဇင်ဘာလ ၁၈၆၆ ရက်စွဲဖြင့်လည်း ကုန်သည်ကလေမဲဝိလျံထံမှ သေနတ် ၂၀၀၀ ဝယ်ယူခဲ့သည်။ မည်သည့်အမျိုးအစား တန်ဖိုး မည်မျှဟု ဖော်ပြမထားချေ။ သေနတ်စွပ်မားများ လည်းပါဟန်ရှိသည်။ ယင်းတို့ကို ပုံစံ ၅၆ အကျစီ နေ့ရက် မရှည်မကြာ အပ်ရမည်ဟုလည်း ဖော်ပြထား သည်။ ပုံစံ ၅၆ ဆိုသည်မှာ အင်္ဂလိပ်အစိုးရထံမှ ရောင်း ဝယ်ခွင့် ပါမစ်နံပါတ်ကိုဆိုလိုချင်ဟန်ရှိသည်။ သို့သော် အခြားပုရပိုက်တစ်ခုတွင် ကလေမဲဝိလျံထံမှ ဝယ်ယူသော သေနတ်များသည် ရိုက်ဘတ်သေနတ်အမျိုးအစားဖြစ် ကြောင်းသိရသည်။ သေနတ်ဝယ်သော်လည်း ကျည်ဆန် ဝယ်သည့်အထောက်အထား မပါရှိချေ။ ပုဂ္ဂိုလ်ထံမှပင် ၁၂၂၉ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက် (၁၄ ဒီဇင် ဘာလ ၁၈၆၇) တွင် သိုးခမောက် (နှင့်) တူဆန် ၂,၀၀၀,၀၀၀ ဝယ်ယူသည့်စာချုပ်ချုပ်ခဲ့ကြသည်။ တူဆန်ဖိုးမှာ ၁၂,၀၀၀ ကျသည်။ တစ်စိတ်တစ်ပိုင်းကို သစ်ဖြင့် ပေးဆပ်ခဲ့သည်ကိုလည်းတွေ့ရသည်။

ထို့ပြင် ငွေတော် ၁၂၇,၀၅၀ ပေးအပ်လျက် သေနတ်၊ ယမ်း၊ ကန်၊ မီးကျောက်၊ သွပ်များဝယ်ယူ သည့်စာရင်းလည်းရှိသည်။ စာချုပ်ဝင် ကလေမဲသည် စာချုပ်ပါရက်အတိုင်း သေနတ်လက်နက်များမအပ်နိုင် သဖြင့် မြန်မာမင်းက အတိုးနှင့်ပေးလျော်ရမည်ဖြစ် ကြောင်းကိုလည်း စာပေးပို့ခဲ့သည်။ ၁၂၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် (၂ စက်တင်ဘာလ ၁၈၆၈) တွင် ကလေမဲက ကျန်ငွေကိုပေးပို့လျှင် တိုက်သင်္ဘောနှင့် သေနတ်များကို အမြန်ပြီးစီးအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းပြန်ကြားခဲ့သည်။ သို့သော် လအတော်ကြာသည့်တိုင် ကလေမဲဝိလျံသည် လက်ခံနိုင်လောက်သော ပြန်ကြားမှုမျိုးမလုပ်ခဲ့ချေ။ ထိုအကြောင်းများကို ပုခန်းမင်းကြီးက စလေဒင်သို့ အကြောင်းကြားခဲ့သည်။ သို့တိုင်လည်း ထူးခြားမှု မဖြစ်ခဲ့ချေ။ မြန်မာအစိုးရအနေဖြင့် စလေဒင်သည် "ကျေးဇူးမသိတတ်သူ" ဟု မှတ်ယူခဲ့သည်။

ရက်စွဲအပိုင်းအခြားနှင့်ဆိုလျှင် ကနောင်မင်းသား လုပ်ဆောင်ခဲ့သမျှသည် ၁၈၆၆ အထိသာဆိုင်ပေသည်။ သို့သော် ၁၈၇၀ လောက်အထိသည် ယင်း၏ မပြီးပြတ် သေးသောလုပ်ဆောင်ချက် အကြွင်းအကျန်များဟု ဆိုနိုင်သည်။ ခေတ်မီနိုင်ငံထူထောင်ရေးနှင့် ပြုပြင် ပြောင်းလဲရေးတို့သည် အများအားဖြင့် မင်းသားကြီး၏ မူလအကြံအစည်များသာဖြစ်သည်။ စက်ရုံအလုပ်ရုံ များသည် နောက်ပိုင်းတိုးတက်လာမှုများဖြစ်ပေသည်။ ထို့ကြောင့် စစ်ရေးတိုးတက်မှုများသည် ကနောင် မင်းသားကြီး၏ စွမ်းဆောင်ချက်များဟု ပြောနိုင်ပြီး စက်ရုံအလုပ်ရုံများတိုးတက်မှုသည် မင်းတုန်းမင်းကြီး၏ စိတ်စေတနာအကြံအစည်ဟု ဆိုရနိုင်မည်ဖြစ်သည်။

မြန်မာမင်းအစိုးရသည် ခေတ်မီအမြောက် သေနတ်များ လိုအပ်လျက်ရှိရာ ရနိုင်သမျှလည်း

ဝယ်ယူခဲ့သည်။ ထိုအခြေအနေတို့ကြောင့် အင်္ဂလိပ်အစိုးရသည် မြန်မာအစိုးရအပေါ် ယုံနှိုင်မည်မဟုတ်ချေ။ တစ်ကြိမ်တွင် ပုခန်းမင်းကြီးက ၁၂၃၁ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် (၂၇ ဇူလိုင်လ ၁၈၆၉) တွင် အင်္ဂလိပ်အရေးပိုင်သို့ အမြောက်ကိရိယာစုံနှင့်တူဆန် တစ်ကုဋေဝယ်ယူလိုကြောင်းကို စုံစမ်းခဲ့ဖူးသည်။ လက်နက်တွင် ကျည်သည်အရေးပါသော်လည်း အရောင်းအဝယ်တွင် ကျည်အကြောင်းမတွေ့ရပေ။ တူမီးအတွက် တူဆန်ယမ်းစသည်တို့ကိုသာ မှာကြားရောင်းဝယ်နေသည်ကို တွေ့ရသည်။ ရိုက်ဘတ်အတွက် ကျည်၊ ဆနိုက်ဒါအတွက် ကျည်တို့ကို မတွေ့ရပေ။ အမှာစာများတွင်လည်း တူဆန်များသာ မှာသည်ကို တွေ့ရသည်။ ၁၂၃၂ ခု၊ နယုန်လပြည့်ကျော် ၁၀ (၂၄ ဇွန်လ ၁၈၇၀) တွင် တူဆန် ၅၀၀,၀၀၀ မှာခဲ့ဖူးသည်။ အင်္ဂလိပ်အစိုးရက တူဆန်များဝယ်ယူမှုကို ခွင့်ပြုခဲ့သော်လည်း ရိုက်ဘတ်ယမ်းတောင့်များမှာယူသည်ကိုမူ တွေ့ရခဲသည်။ ထိုသေနတ်များမှာယူသည့်အတိုင်း ရောက်ရှိမလာသောကြောင့် ဟု ယူဆနိုင်သည်။ ထို့ပြင် ယင်းသေနတ်များကို စနစ်တကျကိုင်တွယ်သုံးစွဲပစ်ခတ်တတ်မှုကို ဆရာဖြင့် လေ့ကျင့်သည်မှုကို မတွေ့ရဘူးချေ။

ပညာသင်များအကြောင်းပြောသောအခါ ဂျပန်နှင့်မြန်မာမင်းတို့ မြင်သာသောကွဲလွဲချက်တစ်ရပ်မှာ စစ်ပညာသင်ကြားရေးမပါရှိခြင်းပင်ဖြစ်သည်။ ကနောင်မင်းသားသည် အမြောက်သေနတ်လက်နက်များဝယ်ယူခဲ့သော်လည်း စနစ်တကျပစ်ခတ်နိုင်မည့် လေ့ကျင့်ထားသူ၊ ထိုပစ်ခတ်သူကို စနစ်တကျကွပ်ကဲမည့်သူ၊ ဗိုလ်ကျောင်းဆင်း(စစ်) ဗိုလ်များ မရှိချေ။ ရိုးရာအတိုင်း စစ်ဖြစ်မှခန့်အပ်သူများရှိပေသည်။ ထိုသို့သော စစ်တပ်ဖြင့် စနစ်တကျလေ့ကျင့်ထားပြီး လက်နက်ကောင်းများတပ်ဆင်ထားသည့်တပ်ကို နိုင်ရန်မှာ အိပ်မက်မျှသာဖြစ်ပေမည်။ မေကျိဘုရင်က စစ်ပညာသင်များကို အကောင်းဆုံးအနောက်တိုင်းနိုင်ငံစစ်တက္ကသိုလ်များတွင် ကြည်းတပ်အတွက်၊ ရေတပ်အတွက် အမြောက်တပ်အတွက် သင်ကြားစေပြီးမှ နိုင်ငံအတွက် အလျော်ကန်ဆုံးဟု ထင်မြင်သည့် စစ်ပညာဖြင့် ဂျပန်တပ်များကို ပုံဖော်ဖွဲ့စည်းကာ ခေတ်မီတပ်မတော်ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပညာတော်သင်များတွင် စစ်ပညာသင်ယူမှုမပါရှိခဲ့ချေ။ ရေကြောင်းပညာနှင့် ရေတပ်ပညာမရှိဘဲ သံတိုက်သင်္ဘောများကိုမှာယူသည်မှာ လွန်စွာ စွန့်စားလွန်းခြင်းဖြစ်သည်။ ထို့ကြောင့် အောင်မြင်နိုင်စရာမရှိနိုင် ဟုလည်းတွက်ဆရနိုင်သည်။ ဂျပန်တို့ကမူ နိုင်ငံခြားပညာတော်သင်များဖြင့် ရေတပ်ကြီးကိုဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီး ၁၉၀၄ တွင် ရုရှားရေတပ်ကြီးကို ကမ္ဘာ့အလယ်တွင် အောင်မြင်စွာတိုက်ပြနိုင်ခဲ့သည်။

မြန်မာစစ်သည်တို့အတွက် ဝယ်ယူတပ်ဆင်မည့် လက်နက်များတွင် တူမီးသေနတ်သည် အဓိကဖြစ်နေသည်။ ရိုက်ဘတ်များပေါ်လာသဖြင့် ခေတ်နောက်ကျနေသော တူမီးသေနတ်များကိုသာ မြန်မာတို့ကို ဝယ်ယူခွင့်ပြုခဲ့ပြီး နောက်ထိုး ရိုက်ဘတ် (Rifle)နှင့် ဆနိုက်ဒါသေနတ်တို့ကိုမူမှာသော်လည်း ရောက်မလာသည်က များသည်ကို တွေ့ရသည်။ ကျည်ဆန်မှာသည်ကို တစ်ကြိမ်သာ တွေ့ရှိရဖူးသည်။ ယမ်းတောင့်ဟု ဖော်ပြသည်။ နှစ်လုံးပြူးသေနတ်ကိုလည်း အနည်းအပါးတွေ့ရသည်။ နှစ်လုံးပြူးသည် တပ်တွင်ကိုင် သည်မျိုးမဟုတ်ဟု ယူဆသည်။ ခြံငုံသုံးသပ်ရသော် မြန်မာစစ်တပ်သည် ကနောင်မင်းလက်ထက် တစ်လျှောက်လုံး တူမီးသေနတ်ကိုသာ ပဓာနထားနေရသော စစ်တပ်အဆင့်သာရှိနေပြီး စစ်တပ်အင်အားကောင်းရေး၊ ခေတ်မီလက်နက်များ တပ်ဆင်ရေးတို့ဘက်တွင် ထင်သလောက်မအောင်မြင်သေးပေ။

ပညာတော်သင်များ

ခေတ်မီနိုင်ငံထူထောင်လိုသောအခါ ပညာရေးသည် အရေးပါပေသည်။ မြန်မာတို့အစဉ်အလာပညာရေးမှာ ဗုဒ္ဓစာပေများအပေါ် အခြေတည်သောပညာရေးဖြစ်သောကြောင့် လူမှုအသိုင်းအဝိုင်းအတွင်းယဉ်ကျေးလိမ္မာမှုနှင့် စာရိတ္တ၊ ဝါရိတ္တတို့ကိုသာ တည်ဆောက်ပေးနိုင်သောပညာရေးမျိုးဖြစ်သည်။ မန္တလေးနေပြည်တော်တွင် သာသနာပြုကျောင်းများရှိနေပြီဆိုသော်လည်း ကျယ်ပြန့်သောပညာရေးမဖြစ်သေးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်

အနည်းငယ်မျှသာ အထောက်အကူရရှိသည်။ ထို သာသနာပြုဘုန်းကြီးများအကူအညီဖြင့်ပင် ပညာတော် သင်များစေလွှတ်ခဲ့သည်။ သို့သော် ခေတ်သစ်ပညာရေး စနစ်ကို မင်းတုန်းမင်းကြီးအစိုးရက မချမှတ်၊ မကျင့်သုံး နိုင်ခဲ့ချေ။ ပညာရေးစနစ် စနစ်တကျမရှိဘဲ၊ တိုးတက် သော ပညာရေးစနစ်မရှိဘဲ ခေတ်သစ်ကိုထူထောင် ရသည်မှာ မလွယ်သောအမှုသာဖြစ်သည်။

တွေ့ရှိရသမျှအစောဆုံးပညာသင်များမှာ ကြေးနန်းပညာတော်သင်များဖြစ်သည်။ ၁၂၂၉ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက် (၁၉ မတ် ၁၈၆၈) ရက်စွဲပါအင်္ဂလိပ်အရေးပိုင်ကြီးက ပုခန်းမင်းကြီးသို့ ပေးပို့သောစာတွင် ကြေးနန်းပညာတော်သင် လေးယောက် အကြောင်း ဖော်ပြပါရှိသည်။ မြန်မာမင်းအနေဖြင့် ကြေးနန်းဆက်သွယ်ရေးစနစ် ထူထောင်ရန်ကြိုးပမ်း ခဲ့ခြင်းတွင် အခြေအနေအချိန်ကာလအရ မည်သည့် အကျိုးရလဒ်ကို မျှော်ကိုးလုပ်ဆောင်ခဲ့သည်ကို မသိ ရချေ။ အင်္ဂလိပ်တို့အဖို့မူ မြန်မာကြေးနန်းဆက်သွယ် ရေးကြောင့် များစွာအကျိုးဖြစ်ထွန်းခဲ့မည် မှန်းဆရ သည်။ ကြေးနန်းဌာနအတွက် လိုအပ်သည်များကို လည်း မြန်မာအစိုးရသည် တမှတ်ထင်လိုက်မှုဖြင့် စာချုပ် များချုပ်ဆိုဝယ်ယူခဲ့သည်။ ၁၂၃၀ ပြည့်၊ တပို့တွဲ လပြည့်ကျော် ၄ ရက် (၃၀ ဇန်နဝါရီလ ၁၈၆၉) စာအရ ကြေးနန်းကိရိယာနှင့်ကြေးနန်းဆရာများကို သံတော်ဆင့် ပန်းတဉ်းဝန်သို့ မှတ်သားပေးအပ်ရန် အကြောင်းပါရှိသည်။ ထိုကုမ္ပဏီသို့ ဝယ်ယူခဲ့သည့် စက်ကိရိယာအဖိုးမှာ မည်မျှဟု အထောက်အထားဖြင့် မသိရသော်လည်း ၁၂၃၀ ပြည့်ဝါဆိုလဆန်း ၉ (၂၇ ဇွန်လ ၁၈၆၈) ရက်စွဲပါ ကျန်ငွေ တောင်းခံလွှာတွင် ၁၂၁,၆၁၅ ဟုဖော်ပြထားသဖြင့် ပေးထားရင်းသည် စပေါ်ငွေဟု ယုံကြည်ရပေသည်။

ပညာတော်သင်များပို့လွှတ်ခြင်းအစီအစဉ်သည် မည်သည့်နှစ်လရက်တွင် မည်သူတို့ကို မည်သည့်နိုင်ငံ သို့စေလွှတ်ကြောင်း အခိုင်အမာမတွေ့ရှိရသေးချေ။ သို့သော် ရန်ကုန်သို့သယ်ဆောင်သွားခဲ့သော လွှတ်တော် ပုရပိုက်များထဲတွင် အစဉ်တကျ မဟုတ်သော်လည်း ပညာတော်သင်များအကြောင်းမှတ်တမ်းများပါရှိသည်။ ထိုမှတ်တမ်းပါပုရပိုက်များကို မထိန်းသိမ်းနိုင်တော့ သဖြင့် ဖျက်ဆီးပစ်လိုက်ပြီဖြစ်သော်လည်း ဦးတင် တာဝန်ယူလျက် အတိုမှတ်ပြုလုပ်ထားနိုင်ခဲ့ရာ ထိုသတင်းအတိုအထွာလေးများကို ရက်စွဲစဉ်လျက် ပြန်လည် ဖော်ပြပေးလိုပါသည်။

"၁၂၂၂ ခု၊ နယုန်ဆန်း ၁၂ ရက် (၃၁ မေလ ၁၈၆၀) ဘရင်ဂျိခင်ကြီးနှင့်ထည့်လိုက်သော ပညာ သင်များ ပြန်လာရန်ခေါ်။ ၁၂၂၉ ခု၊ တပေါင်း လပြည့်ကျော် ၁၂ ရက် (၁၉ မတ်လ ၁၈၆၈) ကြေးနန်းပညာတော်သင် လူ ၄ ဦးကိုကောင်း မွန်စွာ သင်ကြားပေးရန်စာပို့။ ၁၂၃၀ ပြည့်၊ နယုန် လဆန်း ၁၃ ရက် (မေလ ၁၈၆၈) ပညာတော်သင် ငရွှေမြို့ကပြင်သစ်ဘုန်းကြီးနှင့် သူဌေးထံအပ်သည့် ကျောက်နီစာရင်း။ ၁၂၃၀ ပြည့်နှစ်၊ နယုန်လပြည့် ကျော် ၂ ရက် (၆ ဇွန်လ ၁၈၆၈) ပညာတော်သင် နေမျိုး သခ်ယာက ပတ္တမြားကျောက်နီ များရောင်း ချ၍ ရောင်းချမှုထည့် အပ်လိုက်သော ပညာတော် သင်များအတွက် အဆင်ပြေအောင် ကြိုးပမ်းနေဆဲ ဖြစ်ကြောင်း ပြင်သစ်ကိုယ်စားလှယ်နှင့် မဟာမိတ် ပြုရေးကိုထောက်လှမ်းအစီရင်ခံ။ ၁၂၃၁ ခု၊ ကဆုန် လပြည့်ကျော် ၂ ရက် (၇ မေလ ၁၈၆၈) ပညာတော် သင် နေမျိုးမင်းလှ သခ်ယာက သံချိန် ၆၀၀၀၀ ကျော်ကိုဝယ်ယူလျက် ရန်ကုန်သို့ ပို့လိုက်ကြောင်း။ ကျောက်နီတော်ရောင်းချရမှုနှင့် ပညာတော်သင်များ ကိစ္စများကို ပုခန်းမင်းကြီးသို့ စီရင်ခံ။ ၁၂၃၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၃ ရက် (၂ ဇွန်လ ၁၈၆၈) ပညာတော်သင် မောင်မြို့ထံရှိ ပတ္တမြား ကျောက်နီတော် များကို တောင်း၍ ကုလားဝန်သီရိဂုဏ်က ကျော်သူသို့ ပေးအပ်ရန် ပုခန်းကြီးမင်းကြီးက အင်္ဂလိပ်ဝန်ကြီးသို့ အကြောင်းကြား။ ၁၂၃၀ မဲနယ်ချက်လုပ်နည်း သင်ယူနေဆဲဖြစ်ကြောင်း၊ကင်မစ္ဆတြိကျမ်းထွက် ဓာတ်ရေအမျိုးမျိုးချက်လုပ်နည်းများကို သင်ကြား တတ်မြောက်လျှင် မရောင်းရ ပတ္တမြားကျောက်များ နှင့် နှိုင်းတော်လအတွင်း ပြန်လာမည်ဖြစ်ကြောင်း ပညာတော်သင် ငရွှေမြို့အစီရင်ခံ၊ ၁၂၃၀ ပြည့်၊ ဝါဆိုလပြည့်ကျော် ၆ ရက် (၉ ဇူလိုင်လ ၁၈၆၈)

မရောင်းရ ပတ္တမြားကျောက်တော်များဖြင့် ရန်ကုန်သို့ ပြန်ရောက်ကြောင်း၊ ကြားသဘော်ဖြင့် ပြန်လာမည် ဖြစ်ကြောင်း၊ မဲနယ်ချက်လုပ်နည်းဆုံးခန်းတို့ တတ်မြောက်ကြောင်း ပညာတော်သင်ငရွေမြ အစီရင်ခံ။ ၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၃ ရက် ပညာတော်သင် ငကျီးညို၊ ငရွေအုန်းတို့ကို ရန်ကုန်မြို့တွင်ကြေးနန်း စကားပြောပညာတတ်မြောက် အောင်သင်ကြားစေမည့် အကြောင်း။ ၁၂၃၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (၂၄ စက်တင်ဘာလ ၁၈၆၈) သေနတ် အမြောက်မှစ၍ လက်နက်ကိရိယာနှင့်စပ်သည့် အလုပ်များသင်ကြားရန် စေလွှတ်ထားသူ လူငယ် ၁၉ တို့ကို အလိုရှိရာဝင်ထွက်လေ့လာခွင့်ပြုစေရန်အကြောင်း။"

ထိုနှစ် (၁၂၃၀၊ ခရစ်နှစ် ၁၈၆၈) ထဲမှာပင် ကြေးနန်းကြိုးများသွယ်တန်းခဲ့သည်။ ၁၂၂၂ ခု၊ နယုန်လဆန်း ၁၂ ရက် (၃၁ မေလ ၁၈၆၀) တွင်ကြေးနန်းပညာစတင် သင်ကြားခဲ့သည်ဖြစ်သောကြောင့် နောင်ရှစ်နှစ် အကြာမှ ကြေးနန်းတိုင်စိုက်ထူရေးနှင့် ကြေးနန်းရုံးဖွင့်နိုင်ခဲ့သည်မှာ နောက်ကျနေသည်။ ကနဦးအစ တိုးတက်သောပညာရပ်များ သင်ကြားစေလျက် စက်ရုံများထူထောင်ရန် လုံးပန်းခဲ့သူ ကနောင်မင်းသားကြီး ယင်းနတ်ရွာစံပြီး ၁၂ နှစ်ကြာမှ အကောင်အထည်ပေါ်လာခဲ့သောကြောင့် ဖြစ်သည်။ မြန်မာဘာသာဖြင့်ကြေးနန်းရိုက်နိုင်ရန် ယောမင်းကြီး ဦးဘိုးလှိုင်က လိပိဒိကာကျမ်းကို ပြုစုခဲ့သည်။ ထို့ကြောင့် ကြေးနန်းလုပ်ငန်းနှင့်အတူ ကြေးနန်းရိုက်နည်း စာပေကိုလည်း တီထွင်နိုင်ခဲ့သောကြောင့် စာပေပုံစံတစ်ခန်းသစ်ခဲ့ရသည်။ ထိုသို့လုပ်ဆောင်သောအခါ အင်္ဂလိပ်လူမျိုးလွှိဆိုသူလည်းပါရှိသည်။ ၁၂၃၀ ပြည့်၊ နယုန်လဆန်း ၃ ရက် (၂၇ မေလ ၁၈၆၈) ရက်စွဲပါ မှတ်တမ်းအရ ထိုအင်္ဂလိပ်လူမျိုးအတွက် အသုံးအဆောင်နှင့် ကိရိယာဖိုး ခေါင်းစဉ်ဖြင့် ငွေ ၁၅၀၀ ထုတ်ပေးခဲ့သည်ကိုလည်းတွေ့ရသည်။

အနောက်နိုင်ငံများသို့ ပညာသင်များစေလွှတ်သောအခါ မည်သည့်ပညာရပ်များကို သင်ကြားခဲ့ကြသည်ဆိုသည့် အချက်မှာ နိုင်ငံထူထောင်လိုသူများအဖို့ အရေးအပါဆုံးမေးခွန်းဖြစ်သည်။ အာရှတွင် အနောက်တိုင်းသို့ ပညာတော်သင်များစေလွှတ်ကာ ခေတ်သစ်နိုင်ငံထူထောင်ရေးကြိုးပမ်းမှုတွင် မြန်မာသည်ဂျပန်နိုင်ငံထက် ဆယ်နှစ်ပင်စောခဲ့သည်။

ယနေ့တိုင် ပညာတော်သင်စေလွှတ်သူ မည်မျှရှိခဲ့သည်ဆိုသည်ကိုပင် စာရင်းအင်းအပြည့်အစုံ အတိအကျ မတွေ့ရှိသေးချေ။ ပညာသင် အရေအတွက်သည် ၁၀၀ မကျော်လောက်ဟု မှန်းဆရသည်။ ထို့ပြင် ပညာတော်သင်ပြန်များကို အချို့စက်ရုံ အလုပ်ရုံထဲသွင်းသည်ကလွဲ၍ ယင်းတို့တတ်မြောက်လာခဲ့သော ပညာဖြင့် ပြန်လည်သင်ကြားပေးနိုင်ခြင်း၊ ဦးဆောင်

ပြင်သစ်နိုင်ငံသို့ မဲနယ်ချက်လုပ်နည်း ပညာတော်သင်သွားရောက်သင်ယူခဲ့သည့် မောင်မြ။

လုပ်နိုင်ခြင်းမျိုးလည်းမရှိသောကြောင့် ထပ်လောင်းတိုးပွားလာခြင်းမျိုးကိုလည်း မတွေ့ရှိရချေ။ ထိုသူများဖြင့် ပညာရေးစနစ် တစ်ရပ်ချမှတ် သင်ကြားစေခြင်းမျိုးလည်း မလုပ်ဆောင်နိုင်ခဲ့ချေ။

တွေ့ရှိရသမျှပညာတော်သင်များကို လေ့လာကြည့်သောအခါ ပညာသင်ပို့လွှတ်သော နိုင်ငံနှင့်ဒေသများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပြင်သစ်နှင့် အင်္ဂလန်တို့ကိုတွေ့ရသည်။ အီတလီသို့လည်းလွှတ်ကြောင်းသိရသော်လည်း လေ့လာနေဆဲတွင် မတွေ့ရှိရချေ။ အချို့အသက်အလွန်ငယ်သေးသူများ ဖြစ်သောကြောင့် သင်ကြားမှု မပေါက်မြောက်သူများလည်း ရှိခဲ့သည်။ သင်ယူရန်ဖော်ပြထားသည့်ပညာရပ်များမှာ တွေ့ရှိရသောအထောက်အထားများအရ ကြေးနန်းပညာ၊ မဲနယ်ချက်ပညာ၊ ယမ်း သေနတ် တူဆန်လုပ်ပညာ၊ အမြောက်လက်နက်လုပ်ပညာတို့ကိုသာတွေ့ရှိရသည်။

ပညာတော်သင်များသည် နိုင်ငံက ထွက်လာစဉ်က အခြေခံပညာ လုံလုံလောက်လောက် သင်ကြားတတ်မြောက်ခဲ့သူများချည်းမဟုတ်ချေ။ ထို့ကြောင့် မပေါက်မြောက်သည်များလည်း များစွာရှိသည်။ အထက်တန်းကျကျ ထွန်းပေါက် အောင်မြင်ခဲ့သူလည်း နှစ်ဦးသုံးဦးရှိသည်။ သို့သော် ယင်းတို့သည် တတ်မြောက်ရာပညာဖြင့် လွှတ်လပ်ကျယ်ပြန့်စွာ လုပ်နိုင်ခွင့် မရရှိခဲ့ချေ။ အင်္ဂလိပ်သတင်းစာပါ သတင်းများကို ဘာသာပြန်ဆိုဆက်သရခြင်း၊ တွဲဖက်ရုံးတွင် ပါဝင် ရခြင်းစသည်တို့လောက်သာ လုပ်ကိုင်နေခဲ့ကြရခြင်းကများပေသည်။

စက်ရုံတော်များတည်ဆောက်ခြင်း

ရာဇဝင်မှတ်တမ်းများက မင်းတုန်းမင်းတရားကြီးလက်ထက်တွင် စက်ရုံပေါင်း ၅၀ ကျော်တည်ဆောက်ခဲ့ကြောင်းဆိုခဲ့ကြသည်။ ရက်စွဲဖြင့် မည်သည့်နေရက်တွင် မည်သည့်စက်ရုံဖွင့်လှစ်ကြောင်းကို ဒဂိုးစက်နှင့် စာပုံနှိပ်စက်တို့သာသိရှိခွင့်ရခဲ့သည်။ စက်ရုံ ၅၀ ကျော်ကို ပြည့်စုံအောင်ဖော်ထုတ်ရန် ကျန်ရှိနေပါသေးသည်။ ထို့ပြင် ထိုစက်ရုံများကြောင့် လူမှုအဖွဲ့အစည်း မည်မျှပြောင်းလဲလာသည်ကို လေ့လာသင့်သည်။ ယနေ့ထိ လေ့လာကြည့်မိသော အထောက်အထားများအရ စက်ရုံပေါင်း ၅၀ ကျော်ထဲမှ စာပုံနှိပ်စက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ ဒဂိုးစက်ရုံ၊ မဲနယ်စက်ရုံ၊ မီးစက်ရုံ၊ ရေနံချက်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ လွှစက်ရုံ၊ သေနတ်စက်ရုံ၊ သင်္ဘောစက်ရုံတို့သာ တွေ့ရှိဖော်ပြနိုင်သည်။

ထိုသို့ ဘုရင်က စက်ရုံအလုပ်ရုံများ တည်ဆောက်ခဲ့သော်လည်း အလုပ်သမားလူတန်းစားလည်း ပေါ်မလာခဲ့ချေ။ ပြည်သူတို့ အလုပ်အကိုင်သစ်များလည်း မရခဲ့ချေ။ အကြောင်းမှာ စက်ရုံအလုပ်ရုံများထဲတွင် ခိုင်းစေသူတို့မှာ ဘုရင့်အမှုထမ်းကျေးကျွန်တို့ချည်းသာ ဖြစ်ကြသည်။ လစာပေးသည်ဆိုသော်လည်း မြေယာများ လုပ်ကိုင်စားသောက်ရန် ပေးထားပြီးဖြစ်သောကြောင့် အလုပ်သမားလစာအဖြစ် ထိုက်ထိုက်တန်တန်မပေးခဲ့ချေ။ စက်ရုံ၏မြတ်ခြင်း၊ မမြတ်ခြင်းကိုကြည့်လျက် အလုပ်သမားတို့ လစာများမရကြသည့် အခါများလည်း ရှိခဲ့ဟန်တူပေသည်။ ထို့ကြောင့် လူမှုဘဝသိသာစွာ တိုးတက်ပြောင်းလဲလာခဲ့သည်ဟုလည်း ရှာဖွေမတွေ့ မြင်ရချေ။ လူမှုဘဝရွှေ့လျားပြောင်းလဲမှု (Social Mobilization) ကိုလည်း မမြင်တွေ့ရချေ။

စက်ရုံများတည်ဆောက်ရန် စက်ပစ္စည်းများကို အမှာအထားပြုသည့် အထောက်အထားများကို မှတ်တမ်းများနှင့်ရှိခဲ့သည်။

"၁၂၂၅ ခု၊ တော်သလင်းလဆန်း ၇ ရက် (၁၉ ဩဂုတ်လ ၁၈၆၃) အင်္ဂလိပ်ကုန်သည်ကြီး ဝီလင်ဝါလစ်မှတစ်ဆင့် ဒဂိုးသွန်းစက် ပြင်သစ်မှ။ စက်ဖိုးကို တောင်ငူသစ်တောတစ်စိတ်တစ်ပိုင်းဖြင့်ပေး။ ၁၂၂၅ ခု၊ ပြာသိုလဆန်း ၇ ရက် (၁၅ ဒီဇင်ဘာလ ၁၈၆၃) သံတော်ဆင့် ဦးရွှေပင်နှင့် စက်ဆရာထွန်းတို့က ပွတ်စက်ဘောက် စူးစက်များကို ကျောက်မီးသွေးများပါ ဝယ်ယူလျက်တင်ပို့မည့်အကြောင်း။ ၁၂၂၈ ခု၊ ကဆုန်လဆန်း ၁၃ ရက် (၂၆ ဧပြီလ ၁၈၆၆) ဘင်္ဂလားသို့ ကျွန်တော်မျိုးဟာရီနှင့်ငရွှေလှတို့ကို ဒဂိုးသွန်းစက်ဝယ်ရန် စေလွှတ်။ ၁၂၂၈ ခု၊ ဒုဝါဆို လဆန်း ၁၀ ရက် (၂၁ ဇူလိုင်လ ၁၈၆၆) လမ်းလှိမ့် သံလုံး (လမ်းကြိတ်စက်) ဝယ်ရန်စေလွှတ်။ ၁၂၂၈ ခု၊ တန်ဆောင်မုန်း

လပြည့်ကျော် ၁၅ ရက် (၂၁ နိုဝင်ဘာလ ၁၈၆၆) စက်ကိရိယာ ဖိုးငွေတော် ၁၂၀,၀၀၀ ကျော်ကို ၂ လနှင့် မပေးနိုင်လျှင် ပန်းပဲဝန်ပန်းတဉ်းဝန်တို့နှင့် သွားလာသူတို့ စရိတ်ကိုခံပါမည်။"

မင်းတုန်းမင်းလက်ထက် စက်ရုံအလုပ်ရုံများ ထူထောင်ခဲ့သည့် မှတ်တမ်းတို့မှာ ဤမျှသာ တွေ့ရှိရပြီး ထိုအချိန်က ကနောင်မင်းသားကြီး နတ်ရွာမစံ သေးချေ။ သို့သော် ၁၂၃၄ ခု၊ နယုန်လ (မေလ ၁၈၇၂) ရက်စွဲဖြင့် စက်ရုံအလုပ်ရုံများအကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တတိယတွဲ) တွင် ဖော်ပြထားပုံမှာ "ထိုနှစ် (၁၂၃၄) နယုန်လ (မေလ ၁၈၇၂) အတွင်း ရွှေဒင်္ဂါးငွေဒင်္ဂါးပုံရိုက် လုပ်ဆောင်သော အမှုးအကြီး၊ ဝန်ကြီးအတွင်းဝန်၊ ဝန်ထောက်၊ စာရေးကြီး၊ သံတော်ဆင့်တို့အပေါ်က အုပ်ချုပ်စေရန် သားတော်မကွရာမင်းသား သီရိမဟာ သုဓမ္မရာဇာကို ခန့်အပ်တော်မူသည်" ဟုဖော်ပြခဲ့သည်။ ကနောင်မင်းသား လက်ထက်တွင် ထိုသို့အမိန့်တော်ထုတ်ပြန်လျက် လုပ်ပိုင်ခွင့်အပ်နှင်းခဲ့သည်ကို မတွေ့ရချေ။ ကနောင်မင်းသားကြီးက စိတ်ကူးရှိသည့်အတိုင်း လုပ်ဆောင်လိုသည်များကို ကိုယ်တိုင်တင်လျှောက် လုပ်ကိုင်နေခြင်းဟု ထင်သည်။ ကနောင်မင်းသားကြီးမှာ မင်းတရားကြီးကို တာဝန်ခံလျက် ကိုယ်တော်တိုင် လုပ်ပိုင်ခွင့်ရှိနေသည့် သဘော ဖြစ်ဟန်ရှိသည်။ ကနောင်မင်းသားကြီး မရှိတော့သောအခါ စက်ရုံအလုပ်ရုံကိစ္စရပ်များကို



ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက် ဒင်္ဂါးများ

ဒင်္ဂါးစက်ရုံတော်၊ ထည်မျိုးအုပ်မျိုး ရက်လုပ်သောရက်ကန်းစက် ရုံတော်၊ စပါးအမျိုးမျိုးကြိတ်လုပ်သောဆန်ကြိတ်စက်ရုံတော်၊ အမြောက်ကြီးငယ်ဓားလှံအမျိုးမျိုး ပုံးဆန်၊ အမြောက်ဆန်၊ တူဆန်အမျိုးမျိုးသွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်များကိုတိုက်ခွဲသောလွှစက်ရုံတော်၊ သကြားချက်လုပ်သောစက်ရုံတော်၊ မဲနယ်ချက်လုပ်သောစက်ရုံတော်မှစ၍ စက်ရုံအမျိုးမျိုးဦးရေ ငါးဆယ်ကျော်များတွင် ပြသလုပ်ဆောင်စေ သည့် လူမျိုးများနှင့် အလုပ်ဝန်၊ ပညာဝန်တို့ကို လစဉ်လစာငွေပေးရန် အလုပ်တော်နှင့် စပ်သမျှ ဆင့်ဆိုရန်ရှိသည်များကို အလုပ်ရုံတော်ဌာနပါ မကွရာမင်းသားကြီးသို့ တာဝန်လွှဲအပ်ခဲ့သော်လည်း မင်းကြီးသည်ဖြစ်ပေါ်လာခဲ့သော ပုန်ကန်မှုကြောင့် မကွရာမင်းသားအပေါ်လည်း စိတ်မချနိုင်ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း နောက်ပိုင်းတွင် ထိုတာဝန်ပေးမှုကို ရုပ်သိမ်းခဲ့သည်။ စက်ရုံအလုပ်ရုံများ ထူထောင်ခြင်းတွင် မင်းတုန်းမင်းကြီးအဖို့ ရှေးဘိုးလောင်းတော်များနှင့် မတူဘဲ ဘုန်းတော်ဂုဏ်တော်တိုးတက်ခဲ့ရသည့် မှန်သော်လည်း ထိုမှရရှိမည့်အကျိုးအမြတ်အပေါ် သံသယရှိနေသည်ဟု ယူဆရသည်။ ထိုစက်ရုံအားလုံးတို့သည် ကနောင်မင်းမရှိသည့် နောက်ပိုင်းမှ ဖြစ်ပေါ်လာသဖြင့် အချို့သောစက်ရုံများကမူ မင်းတုန်းမင်းကြီး၏

ဆန္ဒနှင့်ပေါ်လာခဲ့သည်ဟုဆိုနိုင်သည်။ သံတိုက်သဘော်များမှာယူခြင်း လက်နက်စက်ရုံများ တည်ဆောက်ခြင်းစသည့် စစ်ရေးဆိုင်ရာတို့သည် ကနောင်မင်းလုပ်ဆောင်ချက်များ ဖြစ်ကြောင်းဆိုနိုင်သည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးဖော်ပြချက်စာရင်းအရ စက်ရုံခုနစ်ရုံသာတွေ့ရသည်။ သို့သော် ထို့ထက်ပိုမိုဖော်ပြပေးသော အထောက်အထားများကိုလည်း အခြားသောအမှတ်အသားတို့တွင် တွေ့ရသည်။ ထိုမှတ်တမ်းအရ တွေ့ရှိရသည် တို့မှာ ဂွမ်းကြိတ်ရုံ၊ စာပုံနှိပ်စက်၊ ဆန်ကြိတ်စက်ရုံ၊ တံဆိပ်ရုံ၊ ဒဂီးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ လျှပ်စစ်မီးစက်ရုံ၊ လွှစက်ရုံ၊ သကြားစက်ရုံ၊ သေနတ်စက်ရုံ၊ သဘော် စက်ရုံ၊ သံစက်ရုံ၊ သံဖိုရုံ၊ အမြောက်စက်ရုံတို့သာ တွေ့ရသည်။ စုစုပေါင်း ၁၄ ရုံရှိသည်။

ထိုစက်ရုံများတွင် မည်သည့်နေရာတွင် မည်သည့် အချိန်ကစ၍ တည်ထောင်ထုတ်လုပ်သည်တို့ကို အသေးစိတ်မသိရချေ။ မည်သူတို့အုပ်ချုပ် လုပ်ဆောင်နေကြသည်များကိုလည်း မသိရချေ။ မင်းသားတစ်ပါးကို ရက်ကန်းတော်အုပ်ခန့်ခဲ့ဖူးသည်ကိုမူ တွေ့ရသည်။

ပညာတော်သင်များ၏အခန်းကဏ္ဍ

ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရန်သည် အဦးအစ မြန်မာ့အစဉ်အလာပညာရေးမှ ခွဲထွက်မှုဖြစ်နိုင်မည်ကို မင်းတုန်းမင်းကြီးရော ကနောင်မင်းသားကြီးပါ ကောင်းစွာသဘောမပေါက်ခဲ့ဟန်ရှိသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ဘုန်းတော်ကြီးကျောင်းများ၏အရေးပါမှုကလည်း ကြီးမားပေသည်။ ပိဋကတ်တော်စာပေနှင့်စာရိတ္တ ဝါရိတ္တဘက်ကိုသာ ဦးစားပေးသောပညာရေးဖြစ်ရာ လောကီစာပေ မဟုတ်ချေ။ သံသရာမှလွတ်မြောက်ကြောင်း လမ်းပြစာပေများသာဖြစ်သည်။ နိုင်ငံသည် နယ်ချဲ့လာသူများနှင့် ယှဉ်သောအခါ အရာရာနောက်ကျနေသည်ကို တွေ့ရသည်။

ထို့ကြောင့် ခေတ်မီပညာများသင်ယူ နိုင်ရေးကြိုးပမ်းသောအခါ ခေတ်မီအခြေခံပညာရေးကို ဦးစွာမချမှတ်နိုင်သဖြင့် တိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ချေ။ ထိုအစီအမံမျိုးမင်းတုန်းမင်းအစိုးရတွင် လုံးဝမတွေ့ရချေ။

သို့သော် နေပြည်တော်တွင် အနောက်တိုင်းသာသနာပြုကျောင်းများ ပေါ်ပေါက်နေသဖြင့် မင်းညီမင်းသားမှူးမတ်တို့သားများ သင်ခွင့်ရရှိကြသည်။ ခေတ်မီပညာရေးအတွက် ထိုအခြေခံမှလောက်ဖြင့်လည်း မလုံလောက်ချေ။ ခေတ်မီပညာရေးတွင် သိပ္ပံပညာရပ်များအပြင် အုပ်ချုပ်ရေးပညာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ ဝိဇ္ဇာပညာရပ်များလည်း လိုအပ်ပေသည်။ ပညာတော်သင်များကို စက်ရုံများတွင် ကျွမ်းကျင်လုပ်သား အဆင့်သာ အများဆုံး သင်ကြားစေခဲ့သည်ဟု ယူဆရသည်။ ပညာတော်သင်များ စေလွှတ်ခဲ့သည်မှာ အမြင်ကျယ်သော ဆောင်ရွက်ချက်ဖြစ်ပါသည်။ ထိုစီမံကိန်းသည် ကနောင်မင်းသားကြီး၏ ကြိုးပမ်းစွမ်းဆောင်ချက်တစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံခြားပညာတော်သင် အစီအမံများ ပြုလုပ်လာသောအခါ ထိုပညာတော်သင်များကို မည်သို့ရွေးချယ်၊ မည်သည့်အခြေခံဖြင့် ရွေးချယ်၊ မည်သည့်နိုင်ငံ၊ မည်သည့်ပညာရပ်အတွက် ရွေးချယ်၊ ပညာသင်ထောက်ပံ့ကြေးမည်မျှပေး စသည်တို့ကို အထောက်အထားကွဲပြားပီပြင်စွာ မတွေ့ရချေ။ နန်းစပ်ရာမှူးမတ်တို့တူသားများကိုသာ ရွေးချယ်စေလွှတ်ပြီး အနောက်တိုင်းသာသနာပြု ပုဂ္ဂိုလ်တို့အကူအညီဖြင့် စီမံဆင်္ကယ်ခဲ့ခြင်းသာဖြစ်သည်။ အစောဆုံးတွေ့ရှိရသော ပညာသင်အထောက်အထားကို သက္ကရာဇ် ၁၂၂၂ (ခရစ်နှစ် ၁၈၆၀) အတွင်းတွေ့ရသည်။ ဘရင်ဂျိခင်ကြီး ဘီဂန်ဒက်အကူအညီဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အထောက်အထားအရ ဘရင်ဂျိခင်ကြီးနှင့်ပညာတော်သင်များပြန်လာစေရန် ဆင့်ခေါ်ခြင်းကိုသာတွေ့ရသည်။ အခြေခံမရှိသဖြင့် ပညာသင်ကြားရေးတွင် အဆင်မပြေသောကြောင့်ဟု ယူဆရသည်။

သမိုင်းတွင် မင်းတုန်းမင်းကြီး၏ သာသနာတော်ရေး၊ ကုသိုလ်တော်ရေးဆောင်ရွက်ချက်များ၊ သားတော် သမီးတော် မင်းညီမင်းသား မင်းသမီးတို့လက်ထပ်မင်္ဂလာပြုသည်များ၊ အစီးအနင်းအဆောင်အရွက် မြို့စား ရွာစားပေးသည်များ၊ ကံတော်ကုန်ကွယ်လွန်ကြသောဆွေတော်မျိုးတော်တို့ကို သင်္ဂြိုဟ်ရသည်၊ နိုင်ငံတော်မငြိမ်သက်မှု ပုန်ကန်မှုများကြောင့်

စစ်တပ်များစေလွှတ်ရသည်တို့ကိုသာ များစွာတွေ့ရသည်။ နိုင်ငံတော် ထူထောင်ရေးဆောင်ရွက်ခဲ့ပုံများကိုမူ အလေးထား မဖော်ပြခဲ့ကြချေ။ စက်ရုံများမည်သို့လည်ပတ်နေသည်၊ မည်မျှထုတ်လုပ်ထွက်ရှိနေသည်။ ပြည်သူတို့သည် စက်ရုံထွက် ပစ္စည်းများဖြင့် မည်မျှလူမှုဘဝအဆင်ပြေနေသည်ဆိုသည့် သတင်းအချက်အလက်များ တစ်ကြိမ်မျှ မတွေ့ရချေ။

နိဂုံး

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အပြီးတွင် မြန်မာတို့ အောက်မြန်မာပြည်ကို လက်လွှတ်လိုက်ရသဖြင့် မင်းတုန်းမင်းနှင့် ညီတော်အိမ်ရှေ့မင်းတို့သည် စိတ်မချမ်းမြေ့ဖွယ်နှင့်ကြုံခဲ့ရသည်။ မြန်မာမင်းက နယ်ချဲ့တို့ကို စစ်လျော်ကြေးပေး၍ အောက်မြန်မာပြည် ပြန်ပေးရန်အထိ စေ့စပ်ခဲ့သည်မှာလည်း အောင်မြင်မှု မရရှိခဲ့ချေ။

ထို့ကြောင့် ကနောင်မင်းသားသည် နယ်ချဲ့ကို နိုင်ငံဖွဲ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပြီး စစ်ရေးဖြင့် ပြန်လည်ရင်ဆိုင်တိုက်ခိုက်အနိုင်ယူနိုင်မှသာ ဆုံးရှုံးသွားသော နယ်မြေများ ပြန်လည်ရရှိမည်ဟု သိခဲ့သည်။ ထို့ကြောင့် ပြုပြင်ရေးများပြုလုပ်ရန် နိုင်ငံတော် အခြေအနေအရပ်ရပ်ကိုလေ့လာပြီး ဘဝရှင်မင်းတရားကြီးထံသို့ အချက်လေးချက်ပါသော ပြုပြင်ရေးစီမံကိန်းကို တင်ပြခဲ့ခြင်းဖြစ်ဟန်ရှိသည်။

ကနောင်မင်းသားကြီး၏ ပြုပြင်ပြောင်းလဲရေးသည် စစ်ရေးကိုအခြေခံသောပြုပြင်ပြောင်းလဲရေးဖြစ်သည်။ နိုင်ငံတော်နှင့်ပြည်သူတို့ တိုးတက်ကြီးပွားလာစေရေးကို အခြေခံသည့် လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲရေးများ မဟုတ်ခဲ့ချေ။ ထို့ကြောင့် ဧရာဝတီရေလမ်းကြောင်းလုံခြုံရေးအတွက် အောက်မြစ်စဉ်အုပ်ချုပ်ရေးကို ပုံဖော်လုပ်ဆောင်ခဲ့သည်။ စစ်သင်္ဘောများ ဝယ်ယူခဲ့သည်။ လက်နက်များဝယ်ယူတပ်ဆင်ခဲ့သည်။

နောက်ပိုင်း ခံတပ်များတည်ဆောက်ခဲ့သည်။ ထိုဆောင်ရွက်ချက်များတွင် ကိုယ်တိုင်ကလည်း ထုတ်လုပ်တတ်ရန်လိုအပ်လာသဖြင့် စစ်ရေးအခြေခံသော ပညာတော်သင်များ စေလွှတ်ခဲ့သည်။ သို့သော် ခေတ်ပညာရေးအခြေခံမရှိသဖြင့် ထင်သလောက်မပေါက်မြောက်ခဲ့ချေ။ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့ကလည်း မြန်မာတို့ ဖွံ့ဖြိုးတိုးတက်လာလျှင် ပြန်လည်ရင်ဆိုင်ရမည် ဖြစ်သောကြောင့် မြန်မာ့စီမံကိန်းများကို မအောင်မြင်အောင် ပါးနပ်စွာထိန်းချုပ်ထားခဲ့သည်။

ကနောင်မင်းသားကြီးသည် ပြုပြင်ပြောင်းလဲရေးများကို တတ်စွမ်းသမျှကြိုးပမ်း လုပ်ဆောင်ခဲ့သော်လည်း ယင်းလုပ်ဆောင်ခွင့်ရခဲ့သည့် ၁၃ နှစ်တာကာလအတွင်း စစ်ရေးတည်ဆောက်မှုများကိုသာ လုံးပန်းနိုင်ခဲ့သည်။ အခြားသိသာထင်ရှားသော ဆောင်ရွက်ချက်များကို အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ချေ။ အကြောင်းမှာ မင်းတုန်းမင်းကြီးကိုယ်တော်တိုင်က အထူးစိတ်ဝင်စားမှုမပြခြင်း၊ ခေတ်မီပညာရေးစနစ်ကို မချမှတ်နိုင်ခဲ့ခြင်း၊ အစဉ်အလာစွဲကြီးသော မှူးမတ်များက အားကောင်းနေခြင်း၊ အနောက်တိုင်းပညာတတ်လူငယ်များ လုပ်ပိုင်ခွင့်မရရှိခြင်းနှင့် နယ်ချဲ့အင်္ဂလိပ်တို့က ပါးနပ်လိမ်မာစွာ အဟန့်အတားများလုပ်ခဲ့နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ စက်ရုံအလုပ်ရုံပေါင်း ၅၀ ကျော် တည်ထောင်ခဲ့သည်တွင် ရေတွက်ရသမျှ ၁၆ ရုံသာတွေ့ရသည်။ အချို့က အစိတ်အပိုင်းတို့ကို ထုတ်လုပ်သော စက်များသာ ဖြစ်ကြသည်။

ထိုစက်ရုံအများစုသည် ကနောင်မင်း နတ်ရွာစံပြီးမှ တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုရလဒ်အားလုံးသည် ကနောင်မင်းသားကြီး ချမှတ်လုပ်ဆောင်ခဲ့သော ကြိုးပမ်းခဲ့မှုများ၏ အသီးအပွင့်များ ဖြစ်သည်ဆိုသည်ကိုကား ဝန်ခံရမည် ဖြစ်သည်။

အထူးသဖြင့် စစ်ရေးဆိုင်ရာ ပြုပြင်မှုများသည် ကနောင်မင်းသား၏ စိတ်ကူးလက်ရာများဖြစ်ပြီး နောက်ပိုင်းတွင် သတင်းစာတိုက်တည်ထောင်ခြင်းနှင့် စက်ရုံအလုပ်ရုံတို့ကမူ မင်းတုန်းမင်းတရားကြီး၏ လုပ်ဆောင်ချက်များဖြစ်ရာ မင်းကြီးသည် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးတွင် စိတ်ဝင်စားခဲ့ကြောင်းတွေ့ရှိရပေသည်။

ဒေါက်တာတိုးလှ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် နှစ်နှစ်တစ်ကြိမ်ကျင်းပပြုလုပ်သော ဒေသဆိုင်ရာနိုင်ငံတကာပြိုင်ပွဲတစ်ခုဖြစ်ပြီး ၁၉၅၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စတင်ကျင်းပပြုလုပ်ခဲ့လေသည်။ (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလည်း ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကျကာတာမြို့နှင့် ပါလမ်ဘန်မြို့တို့၌ ကျင်းပရာ အားကစားနည်း ၄၂ မျိုးအတွက် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၁၂,၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

နောက်ခံသမိုင်း

အရှေ့တောင်အာရှကျွန်းဆွယ်ပေါ်တွင် တည်ရှိနေသော မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် လေးနှစ်တစ်ကြိမ်ကျင်းပသည့်အာရှအားကစားပြိုင်ပွဲများတွင် လည်းကောင်း၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကြီးများတွင် လည်းကောင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အဆင့်အတန်းမြင့်မားလှသော နိုင်ငံများနှင့် ပြိုင်ဆိုင်ရသည့်အတွက် ကျွန်းဆွယ်နိုင်ငံများမှ အားကစားသမားများစွာ အစွမ်းပြယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ကြကြောင်း သိရပေသည်။

၁၉၅၈ ခုနှစ် တိုကျိုအိုလံပစ်တွင် ယှဉ်ပြိုင်ခဲ့ကြသောအရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံဖြစ်သည့် မြန်မာ၊ လာအို၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့မှ အားကစားခေါင်းဆောင်များသည် ၁၉၅၈ ခုနှစ်၊ မေလတွင် စုဝေးဆွေးနွေးကြကာ ၁၉၅၉ ခုနှစ်တွင် ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ကျင်းပရန်ဆုံးဖြတ်ခဲ့ကြပြီး အဆင့်တူချင်းယှဉ်ပြိုင်ကာ အနိုင်ရပါမှ တစ်ဆင့်တက်ယှဉ်ပြိုင်ဟူသော မူသဘောထားကို အစပြုခဲ့ကြပေသည်။

ထိုအချိန်မှစတင်ကာ အရှေ့တောင်အာရှဒေသဆိုင်ရာ နိုင်ငံအသီးသီး၌ နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပသော ဒေသရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် တွင် (၂၇) ကြိမ်မြောက်ပြိုင်ပွဲအဖြစ် ကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ်ပြိုင်ပွဲ ကျင်းပစဉ်က အရှေ့တောင် အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (South East Asia Peninsular Games-SEAP Games) အမည်ဖြင့် ကျင်းပခဲ့ရာမှ ၁၉၇၇ ခုနှစ် နဝမအကြိမ် ပြိုင်ပွဲတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (South East Asia Games-SEA Games) အမည်သို့ ပြောင်းလဲကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်ပြိုင်ပွဲတို့ကို ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက်ပြိုင်ပွဲကို တတိယအကြိမ်အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခြင်းဖြစ်သည်။

"ဒေသတွင်း ချစ်ကြည်ရင်းနှီးမှု၊ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ အားကစားကို ချစ်မြတ်နိုးမှု၊ အားကစားစိတ်ဓာတ်ရှိမှု" တို့ကို ဒေသတွင်းနိုင်ငံများကြားတွင် အစဉ်အမြဲ ကိန်းအောင်းနေစေရန်ရည်ရွယ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများအကြား အားကစားဖြင့်ချစ်ကြည်ရေးကို တိုးမြှင့်ခိုင်မာစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် **စိမ်းလန်းသန့်ရှင်း ချစ်ကြည်ခြင်း** (Green,Clean & Friendship) ဟူသည့် ဆောင်ပုဒ်ဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ဒီဇင်ဘာလ ၁၁ ရက်ညနေပိုင်းတွင်ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားအစီအစဉ်များမတိုင်မီ တေးသံသာများဖြင့် သီဆို

ဖော်ဖြေကြသည်။ ရှေးဦးစွာ အစီအစဉ်တင်ဆက်သူ မောင်မယ်တို့က လွန်ခဲ့သော ၄၄ နှစ်ကြာကာလဖြစ်သည့် ၁၉၆၉ ခုနှစ်တွင် မြန်မာနိုင်ငံက နောက်ဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပုံ၊ ယခုအကြိမ်တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ ရွှေတံဆိပ်များအကြောင်း၊ ဆီးဂိမ်းဆောင်ပုဒ်ဖြစ်သည့် Green,Clean & Friendship တို့၏ အဓိပ္ပာယ်၊ မှန်ကန်သော အားကစားစိတ်ဓာတ်၊ တရားမျှတမှုနှင့် ကျွမ်းကျင်မှုတို့ဖြင့်ယှဉ်ပြိုင်ခြင်းသည် ရွှေတံဆိပ်ဆုရရှိခြင်း၏ အကြောင်းတရားများဖြစ်ပုံ၊ ရွှေတံဆိပ်ဆုသည် သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းမှတ်တိုင်နှင့် ဂုဏ်ဒြပ်ပင်ဖြစ်ကြောင်း စသည်တို့ကို တင်ပြကြသည်။

ဖော်ဖြေရေးအစီအစဉ်တွင် မြန်မာပြည်သိန်းတန်အပါအဝင် တေးသံရှင်ကိုးဦးက "စိမ်းလန်းသန့်စင်တို့ချစ်ခင်"၊ တေးသံရှင်ဖြူဖြူကျော်သိန်းက "မိုးယံလွင့်ပျံလက်ခုပ်သံ"၊တေးသံရှင်ဇော်ဝင်းထွဋ်က "ပန်းတိုင်သို့"၊ တေးသံရှင်နေနေက "ပြည်ထောင်စုကြီးတို့ရဲ့မြန်မာ၊" တေးသံရှင်ထူးအယ်လင်းနှင့်ဆုန်သင်းပါရ်တို့က "ရောင်စုံညယျာဉ်၊" တေးသံရှင်ဖြိုးကြီးနှင့်ယုဇနတို့က "နေ့သစ်များရဲ့မြန်မာပြည်၊" တေးသံရှင်မခလာက "ဂိုးသွင်းကောင်းတဲ့ကိုကို"နှင့် တေးသံရှင်စောခူဆဲက "အချိန်နှင့်အမျှ" တေးသီချင်းများကို ဖော်ဖြေရေးစင်မြင့်၌ သီဆိုဖော်ဖြေတင်ဆက်ကြသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား သရုပ်ဖော်တင်ဆက်မှု မြင်ကွင်း

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်နှင့် ဇနီး၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အိမ်ရှေ့မင်းသား၊ တရုတ် နိုင်ငံနှင့်အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံမှပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အာရှ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌနှင့်ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များ၊ အားကစားသမားများ စုစုပေါင်း ၃၀,၀၀၀ ခန့်တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် ဝဏ္ဏာသိဒ္ဓိအားကစားကွင်းသို့ ရောက်ရှိပြီး ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတက တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဘရူနိုင်းအိမ်ရှေ့မင်းသား၊ အခမ်းအနားသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှဝန်ကြီးများနှင့် အာရှအိုလံပစ်ကော်မတီဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာတွင် ကွင်းအတွင်းစင်မြင့်ထက်မှ LED Board ၌ အမှတ်စဉ် စတင်ရေတွက်ပြီး အမှတ်စဉ်သုညအရောက်တွင် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။ အမှတ်စဉ်ရေတွက်မှုမပြုမီ အနက်ရောင်ဝတ်စုံပြည့်ဝတ်ဆင်ထားသော ကျောင်းသား ၁,၄၉၉ ဦးတို့က ဓာတ်မီးများအသုံးပြု၍ကွင်းအတွင်းပြေးဝင်ကာ အဝိုင်း ၂၇ ဝိုင်းပုံဖော်ခြင်း၊ ရေပွက်ပုံမီးကစားခြင်း၊ LED Board ၌ ၁၀မှ တစ်အထိ ဂဏန်းရေတွက်မှုအတိုင်း မီးအဖွင့်အပိတ်ဖြင့် ပုံစံပြောင်းခြင်းတို့ကို သရုပ်ပြကာ ကွင်းအပြင်မှ မီးရှူးမီးပန်းပစ်လွှတ်သည်နှင့် တစ်ချိန်တည်းတွင် မီးရှူးမီးပန်း ၂,၉၉၈ ခုကို ပစ်ဖောက်ပြီးနောက် ကြယ်ပုံစံနှင့် MYANMAR စာလုံးပုံစံကို ပုံဖော်ပြသသည်။

အလားတူ မြန်မာတို့၏ထီးသုံးနန်းသုံး တော်ဝင်တူရိယာများဖြစ်ကြသည့် စောင်း၊ ဆိုင်း၊ ပတ္တလားတို့၏ သာယာနာပျော်ဖွယ် တီးခတ်မှု၊ မြန်မာသံစဉ်တေးသွားအလှတို့ဖြင့် စောင်းတော်သိင်္ဂီဆိုင်းမင်္ဂလာအစီအစဉ်ကို ဆိုင်းဝိုင်းငါးဝိုင်း၊ ပတ္တလားခုနစ်လက်နှင့်စောင်း ၄၆ လက်တို့ဖြင့် ရေခင်းသံ၊ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း၊ အာရှ-မြန်မာအားကစားသီချင်းများကို တူရိယာအမျိုးအစားအလိုက် တစ်လှည့်စီတီးခတ်ကြပြီး အောင်ပါစေတေးသွားကို စုပေါင်းလက်စွမ်းပြ တီးခတ်သည်။

ထို့နောက် နိုင်ငံတော်ဘင်ခရာတပ်ဖွဲ့၏ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံများနှင့်အတူ အလံကိုင်တပ်ဖွဲ့၊ ဘင်ခရာအဖွဲ့များဦးဆောင်၍ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောလက်စ်တေ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ အားကစားသမားများက အစဉ်လိုက်ချီတက်ကာ ကွင်းအတွင်းနေရာယူကြသည်။

အားကစားပြိုင်ပွဲသို့ ဘရူနိုင်းနိုင်ငံက အားကစားသမား ၁၀၁ ဦး၊ ကမ္ဘောဒီးယားနိုင်ငံက ၂၄၀၊ အင်ဒိုနီးရှားနိုင်ငံက ၈၄၀၊ လာအိုနိုင်ငံက ၂၀၀၊ မလေးရှားနိုင်ငံက ၇၉၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံက ၃၂၅ ဦး၊ စင်ကာပူနိုင်ငံက ၄၇၆ ဦး၊ ထိုင်းနိုင်ငံက ၁,၀၂၉ ဦး၊ တီမောလက်စ်တေနိုင်ငံက ၆၂ ဦး၊ ဗီယက်နမ်နိုင်ငံက ၇၄၄ ဦး၊ မြန်မာနိုင်ငံက ၁,၂၄၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အားကစားသမားများ ကွင်းအတွင်းနေရာယူအပြီးတွင် ကွင်းအတွင်းရှိအလံတိုင်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဦးစွာလွှင့်တင်ပြီးနောက် SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံတို့ကို တစ်ပြိုင်နက်တည်းလွှင့်တင်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတကိုယ်စား (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတဦးဉာဏ်ထွန်းက အဖွင့်မိန့်ခွန်းပြောကြားပြီး "(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ယခုအချိန်မှစ၍ ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်" ဟူ၍ ကြေညာရာ မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုကြသည်။

ထို့နောက် ဝူရှူးအားကစားသမား မစန္ဒီဦးက အားကစားသမားများကိုယ်စားလည်းကောင်း၊ ဒိုင်လူကြီးဦးပြည်စိုးမိုးက ဒိုင်လူကြီးများနှင့်ပြိုင်ပွဲ ကြီးကြပ်သူများကိုယ်စားလည်းကောင်း အာဆီယံနိုင်ငံအလံများခြံရံလျက် သတ်မှတ်စင်မြင့်၌ အားကစားသစ္စာအဓိဋ္ဌာန်ပြုကြသည်။

ဆက်လက်၍ နိုင်ငံတကာပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခြောက်ခုရရှိခဲ့သည့် ဦးသန့်ဇင်က မီးထွန်းညှိတိုင်ကို ကွင်းအတွင်းသယ်ဆောင်လာပြီး နိုင်ငံတကာပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၁၅ ခု ရရှိခဲ့သည့် ဒေါ်ဂျနီဖာတင်လေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၁၇ ခုရရှိခဲ့သည့် ဦးတင်အောင်(ဂိုး)၊ နိုင်ငံတကာပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၁၉ ခုရရှိခဲ့သည့်ဒေါ်သန်းသန်း၊ နိုင်ငံတကာပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၂၈ ခုရရှိခဲ့သည့်ဒေါ်ခင်ခင်ထွေး၊ နိုင်ငံတကာကျွမ်းဘားအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုခြောက်ခုရရှိခဲ့သည့်ဦးမြင့်အောင်၊ နိုင်ငံတကာပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု သုံးခုရရှိခဲ့သည့် ဦးစောဆာလောလနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုဆင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတို့က လက်ဆင့်ကမ်းသယ်ဆောင်ကြသည်။

ထို့နောက် မြားပစ်အားကစားသမား မောင်ဝေလင်းထွန်းက ရထားပျံပေါ်မှ ပင်မမီးရှူးတိုင်ကို မြားဖြင့်ပစ်၍ မီးထွန်းညှိပြီးနောက် မီးရှူးမီးပန်းများပစ်ဖောက်ကာ ဂုဏ်ပြုကြပြီး အာဆီယံနိုင်ငံများမှ အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ရာ အမျိုးသားအမွေအနှစ် မဟာပုဂံအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၀၀ ကျော်က အရုဏ်ဦးကုလားတက်သံ၊ လင်းကြက်တွန်သံ၊ ဗဟိုရိုစည်တီးသံ၊ ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ပုဂံတီးလုံးညင်းသွဲ့သွဲ့၊ လေတိုက်သံ စသည့်နောက်ခံအသံများနှင့်ပေါင်းစပ်၍ LED Board တွင် ပုဂံဒေသ၏အလှတရားများကိုလည်းကောင်း၊ ပွဲဦးအလင်္ကာ အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀ ကျော်က မြေဝိုင်းနှစ်ပါးသွား၊ အဆို၊ တီးလုံး၊ ပွဲဦးအလင်္ကာတီးလုံးအသံတို့နှင့်ပေါင်းစပ်၍ LED Board တွင် တောတန်းရှုခင်းများ၊ နန်းဆောင်ပုံ၊ ပုပ္ပားတောင်၊ နှင်းဆီ၊ နေကြာ၊ ဒေလီယာပန်းစသည်တို့ကိုလည်းကောင်း၊ ရွှေနိုင်ငံကြိုနေမယ် အစီအစဉ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံက အာဆီယံနိုင်ငံများအား ပူးပေါင်းပါဝင်ရန်လက်ကမ်းကြိုဆိုသည့်အဓိပ္ပာယ်ဖြင့် ကပြဖျော်ဖြေသူ ၁,၉၀၀ က အာဆီယံနိုင်ငံများအလိုက် ကကွက်များကို သရုပ်ဖော်ကပြဖျော်ဖြေရာ LED Board တွင် နိုင်ငံအလိုက်အလံနှင့်မြေပုံ၊ Landmark များကိုလည်းကောင်း၊ အနာဂတ်ကမ္ဘာမြေအစီအစဉ်တွင် သရုပ်ဖော်တင်ဆက်သူ ၄၀၀ ကျော်က ကမ္ဘာမြေကြီးစိမ်းလန်းစိုပြည်သာယာနေပုံ၊ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးရပုံ၊ တည်ဆောက်ရေးလုပ်ငန်းများ ဖော်ဆောင်ပုံနှင့် ကမ္ဘာမြေကြီး ပြန်လည်စိမ်းလန်းစိုပြည်သာယာလာပုံတို့ကို LED Board နှင့် Sound Effect များအသုံးပြုကာ ပုံဖော်တင်ဆက်၍လည်းကောင်း၊ မျိုးဆက်သစ်တို့အားမာန်အစီအစဉ် တွင် ကပြဖျော်ဖြေသူ ၄၅၀ က အေရိုးပစ်ဝတ်စုံရောင်စုံ ဖြင့် မြူးကြွသည့်နောက်ခံတေးဂီတနှင့်ပေါင်းစပ်ကာ စည်းချက်ညီ လှုပ်ရှားကပြ၍လည်းကောင်း၊ သွေးချင်းတို့ဌာနေ မြန်မာပြည်အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂,၀၀၀ကျော်က တိုင်းရင်းသားဝတ်စုံများဖြင့် စည်းချက်နှင့်အညီ လှုပ်ရှားပြသကြရာ LED Board တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် မြေပုံများ၊ ရှုခင်းများကို ဟန်ချက်ညီတင်ဆက်ပြီး ထူးခြားမှုအဖြစ် ပြည်ထောင်စုပြတင်းပေါက်ရှစ်ပေါက်ကို ကောင်းကင်ကြိုးဖြင့် နည်းပညာပေါင်းစပ်ပြသသည်ကိုလည်းကောင်း၊ မြန်မာပြည်မြေပုံနှင့် Green,Clean & Friendship စာတန်းပုံတို့ကိုလည်းကောင်း ပုံဖော်ပြသသည်။

ထို့အတူ တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်နှင့်သီရိဆွေတို့က 'Goal'၊ တေးသံရှင်ဇော်ပိုင်နှင့်ရေဗက္ကဝင်းတို့က "ရွှေရောင်လက်ခုပ်သံ"၊ တေးသံရှင်မေခလာ၊ စစ်သွေး၊ မင်းယံနှင့် ရှိုင်းဝေယံတို့က "မိုးယံထက်က မြန်မာပြည်သား"နှင့် တေးသံရှင် နီနီခင်ဇော်က 'Win the Day' တေးသီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

အားကစားနည်း ၃၃ မျိုးပါဝင်ယှဉ်ပြိုင်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့၌ ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ဘောလုံးနှင့်ဖူဆယ်၊ ပိုက်ကျော်ခြင်းနှင့်ခြင်းလုံး၊ ဝူရှူး၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ မွေ့၊ စက်ဘီး၊ မြားပစ်၊ မြင်းစီး၊ ရေကူးဒိုင်ဗင်နှင့် ဝါတာပိုလို၊ ပီတန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဟော်ကီ၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဗိုဗီနမ်၊ ဂျူဒို၊ ပန်ကြပ် ဆီလတ်၊ သေနတ်ပစ်၊ နပန်း၊ ကမ်ပို၊ ကာယဗလ၊ စစ်တုရင်၊ ဘိလိယက်နှင့်စနူကာ၊ အလေးမ၊ ဂေါက်သီး၊ ကနူးကယက်၊ အနောက်တိုင်းလှေ၊ ရိုးရာလှေနှင့် ရွက်လှေ စသည့်အားကစားနည်း ၃၃ မျိုးပါဝင်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိုလံပစ်အားကစားနည်းများထဲမှ အားကစားနည်း ၂၂ မျိုး၊ ၂၀၁၀ အာရှအားကစားပြိုင်ပွဲအားကစားနည်းများဖြစ်သည့် ဘိလိယက်နှင့် စနူကာ၊ ဝူရှူး၊ စစ်တုရင်၊ ဂေါက်သီး၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ အိုလံပစ်နှင့် အာရှအားကစားပြိုင်ပွဲများ၌ မပါဝင်သည့် ကာယဗလ၊ ခြင်းလုံး၊ ဖူဆယ်၊ ကမ်ပို၊ မွေ့၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ ဗိုဗီနမ် စသည့် အားကစားနည်းများကို ထည့်သွင်းကျင်းပသည်။ အားကစားနည်းအလိုက် ပြိုင်ပွဲများကို နေပြည်တော်တွင် အဓိကကျင်းပခဲ့ပြီး ရန်ကုန်တွင် ဘောလုံး (အမျိုးသား)၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဟော်ကီ၊ သေနတ်ပစ်၊ ကာယဗလနှင့် အလေးမပြိုင်ပွဲများကိုလည်းကောင်း၊ မန္တလေးတွင် ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲနှင့် ငွေဆောင်ကမ်းခြေတွင် ရွက်လှေပြိုင်ပွဲကိုလည်းကောင်း ကျင်းပသည်။

အားကစားနည်းများအလိုက် ဆုရရှိမှုအခြေအနေ

မြန်မာ့ရိုးရာခြင်းလုံး - (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မကျင်းပမီ အားကစားနည်းအချို့ကို ဒီဇင်ဘာလ ၄ ရက်မှစ၍ ကြိုတင်ကျင်းပသည်။ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၄ ရက်တွင် စတင် ကျင်းပရာ အမျိုးသားပြိုင်ပွဲသို့ အိမ်ရှင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် လာအိုအသင်းများ၊ အမျိုးသမီးပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပိုက်ကျော်ခြင်းနှင့်ခြင်းလုံးအားကစားနည်း၌ ပါဝင်သော မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးထည့်သွင်း ကျင်းပခြင်းဖြစ်သည်။

ပထမဆုံးထည့်သွင်းကျင်းပသော ခြင်းလုံးပြိုင်ပွဲအခြေခံအဆင့်အမျိုးသမီးအတွဲပြိုင်ပွဲ၌ မြန်မာအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ ကမ္ဘောဒီးယားအသင်းနှင့်မလေးရှားအသင်းတို့က ပူးတွဲတတိယ ရရှိပြီး အခြေခံအဆင့်အမျိုးသားအတွဲ ပြိုင်ပွဲ၌ မြန်မာအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ မလေးရှားအသင်းနှင့်လာအိုအသင်းတို့က ပူးတွဲတတိယရရှိကြသည်။ ဆီးဂိမ်းပြိုင်ပွဲ၏ ပထမဆုံးအဖွင့်ရွှေတံဆိပ်ဆုများကို မြန်မာအမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းများက စတင်ဆွတ်ခူးရရှိကြသည်။

ပြေးခုန်ပစ် - ပြေးခုန်ပစ်ပြိုင်ပွဲ ပထမဆုံးပွဲစဉ်ဖြစ်သော အမျိုးသမီးကိလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာမှ စောမာလာနွယ်က ၁ နာရီ ၃၅ မိနစ် ၃ စက္ကန့်ဖြင့် ပထမ၊ ဗီယက်နမ်က ၁ နာရီ ၃၇ မိနစ် ၈ စက္ကန့်ဖြင့် ဒုတိယ၊ မြန်မာမှ ကေခိုင်မျိုးထွန်းက ၁ နာရီ မိနစ် ၄၀၊ ၁၅ စက္ကန့်ဖြင့် တတိယရရှိသည်။ စောမာလာနွယ်၏စံချိန်သည် (၂၂) ကြိမ်မြောက်ပြိုင်ပွဲတွင် မလေးရှားက တင်ထားသောစံချိန် ၁ နာရီ ၃၉ မိနစ် ၂၅ စက္ကန့်ကို ချိုးဖျက်ကာ စံချိန်သစ်တင်သွားသည်။ အမျိုးသားကိလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ မြန်မာမှ မိုးမင်းသီဟက တတိယရရှိသည်။ အမျိုးသားမာရသွန်ပြိုင်ပွဲတွင် စင်ကာပူက ပထမ၊ မြန်မာမှ သောင်းအေးက ဒုတိယ၊ ဖိလစ်ပိုင်က တတိယနှင့် အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊

မြန်မာမှ မြင့်မြင့်အေးက ဒုတိယ၊ မြန်မာမှ ပပက တတိယ အသီးသီးရရှိကြသည်။ အမျိုးသမီးကိလိုမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် မြန်မာမှဖြူဝါသက်က ပထမ၊ အင်ဒိုနီးရှားက ဒုတိယ၊ မြန်မာမှ ခင်မာဆယ်က တတိယ ရရှိသည်။ အမျိုးသမီးကိလိုမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် မြန်မာမှ ဖြူဝါသက်က ဒုတိယ၊ အမျိုးသမီးကိလိုမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မြန်မာမှ ဖြူဝါသက်က ဒုတိယ၊ မြန်မာမှ သန်းတိုးခင်မျိုးအောင်က တတိယ၊ အမျိုးသမီးကိလိုမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မြန်မာမှ ရွှေလီမြင့်၊ အမျိုးသမီးကိလိုမီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် မြန်မာမှ ယဉ်ယဉ်ခိုင်၊ အေးအေးသန်း၊ ရွှေလီမြင့်၊ စုကြည်အောင်အတွဲက တတိယ အသီးသီးရရှိကြသည်။ ပြေးခုန်ပစ်အားကစားနည်းတွင် မြန်မာက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၃ ခု ဆွတ်ခူးသည်။

ဘောလုံး - အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို အုပ်စု နှစ်စုခွဲ၍ကျင်းပရာ အုပ်စု 'က' ၌ လက်ရှိချန်ပီယံ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဘရူနိုင်းနှင့် လာအို အသင်း၊ အုပ်စု 'ခ' ၌ အိမ်ရှင်မြန်မာ၊ ထိုင်း၊ တီမော၊ အင်ဒိုနီးရှားနှင့်ကမ္ဘောဒီးယားအသင်းတို့ပါဝင်သည်။ အုပ်စု 'ခ' ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် တီမော အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မြန်မာအသင်းနှင့်ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အုပ်စု 'ခ' ပွဲစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာအသင်းက တီမောအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို လေးဂိုး-တစ်ဂိုး၊ တီမောအသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အင်ဒိုနီးရှားအသင်းနှင့်တီမောအသင်းတို့ ဂိုးမရှိသရေ၊ မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေ၊ ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ဂိုးမရှိသရေဖြစ်သွားသည်။ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ head to head စနစ်အရ အင်ဒိုနီးရှားအသင်းက အုပ်စုဒုတိယနှင့် ထိုင်းအသင်းက အုပ်စုပထမရရှိကြသည်။

အုပ်စု 'က' ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုး၊ စင်ကာပူအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဗီယက်နမ်အသင်းက လာအိုအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လာအိုအသင်းက ဘရူနိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိ အနိုင်ရပြီး စင်ကာပူအသင်းနှင့် လာအို အသင်းတစ်ဖက်တစ်ဂိုးစီသရေ၊ စင်ကာပူအသင်းနှင့် မလေးရှားအသင်းတို့တစ်ဖက်တစ်ဂိုးစီသရေဖြစ်သွားသည်။ အုပ်စု 'က' တွင် မလေးရှားအသင်းက အုပ်စုပထမနှင့် စင်ကာပူအသင်းက အုပ်စုဒုတိယရရှိကြ သည်။ အကြိုပိုလ်လုပွဲများတွင် အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ငါးဂိုး-လေးဂိုးဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ထိုင်းအသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲသွားသည်။ တတိယလုပွဲတွင် စင်ကာပူအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တတိယရရှိသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု 'က' တွင် အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အုပ်စု 'ခ'တွင် ထိုင်း၊ လာအို၊ မလေးရှားအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။ အုပ်စု 'က'တွင် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရုံးနိမ့်ကာ အုပ်စုဒုတိယရရှိသည်။ ဗီယက်နမ်အသင်းသည် ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စုပထမရရှိသည်။ အုပ်စု 'ခ'တွင် ထိုင်းအသင်းသည် မလေးရှားအသင်းကို ခြောက်ဂိုး-

တစ်ဂိုး၊ လာအိုအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စု ပထမရရှိသည်။ မလေးရှားအသင်းသည် လာအို အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ထိုင်းအသင်း ကို ရှုံးနိမ့်ခြင်းကြောင့် အုပ်စုဒုတိယရရှိသည်။ အကြို ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်း ကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပွဲချိန်အပြီးတွင် တစ်ဂိုးစီသရေ၊ အချိန်ပိုတွင် နှစ်ဂိုးစီသရေဖြစ်နေသော ထိုင်းအသင်းက မြန်မာအသင်းကို အချိန်ပိုပင်နယ်တီ ဖြင့် ကိုးဂိုး-ရှစ်ဂိုးဖြင့်လည်းကောင်းအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။ တတိယလုပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တတိယရရှိသည်။

ပိုက်ကျော်ခြင်းနှင့်ခြင်းလုံး - ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲ အသင်းလိုက်ပွဲစဉ်တွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက



အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင်
မြန်မာနှင့်အင်ဒိုနီးရှားတို့ယှဉ်ပြိုင်ကစားကြစဉ်

ငွေတံဆိပ်၊ မြန်မာအသင်းနှင့်မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိပြီး အမျိုးသမီးသုံးယောက်တွဲ အသင်းလိုက်ပွဲစဉ်တွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆွတ်ခူးသည်။ အမျိုးသမီးသုံးယောက်တွဲပွဲစဉ်တွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ ဗီယက်နမ်အသင်းက ကြေးတံဆိပ်ရရှိသည်။ အမျိုးသားသုံးယောက်တွဲ အသင်းလိုက်ပွဲစဉ်တွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ လာအိုအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိသည်။

မြန်မာ့ရိုးရာ ခြင်းလုံးပြိုင်ပွဲအခြေခံမျိုးကွဲ အမျိုးသားပွဲစဉ်တွင် မြန်မာအသင်းက ရွှေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ငွေတံဆိပ်၊ စင်ကာပူအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိပြီး အခြေခံမျိုးကွဲအမျိုးသမီးပွဲစဉ်တွင် မြန်မာအသင်းက ရွှေတံဆိပ်၊ လာအိုအသင်းက ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆွတ်ခူးသည်။ ဒုတိယအဆင့်မျိုးကွဲ အမျိုးသားပွဲစဉ်တွင် မြန်မာအသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ လာအိုအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆွတ်ခူးပြီး ဒုတိယအဆင့်မျိုးကွဲအမျိုးသမီးပွဲစဉ်တွင် မြန်မာအသင်းက ရွှေ တံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ လာအိုအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိသည်။ မြန်မာအသင်းက ခြင်းလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခုရရှိအောင် မျှော်မှန်းထားရာ ခြောက်ခုစလုံးဆွတ်ခူးသည်။

ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် လေးနိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမှတ်အများဆုံးရရှိသည့်ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက

ငွေတံဆိပ်၊ ဘရူနိုင်းအသင်းနှင့် စင်ကာပူအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိပြီး အမျိုးသမီးပွဲစဉ်တွင် သုံးနိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမှတ်အများဆုံးရရှိသည့် မြန်မာအသင်းက ရွှေတံဆိပ်၊ လာအိုအသင်းက ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ကြေးတံဆိပ်ရရှိသည်။

ဝူရှူး - ဝူရှူးပြိုင်ပွဲထောက်လှုအမျိုးသားအတွဲလိုက် အတိုက်ပွဲစဉ်တွင် ကျော်ဇင်သစ်နှင့်ဝေဖြိုးအောင်အတွဲက ရွှေတံဆိပ်၊ အမျိုးသားချန်းချမ်းပွဲစဉ်တွင် အောင်စည်သူက ရွှေတံဆိပ်၊ အမျိုးသမီးချန်းစုပွဲစဉ်တွင် စန္ဒီဦးက ငွေတံဆိပ်၊ အမျိုးသားအတွဲလိုက် လက်နက်မဲ့ အပြပွဲစဉ်တွင် ထက်ဟန်ကျော်နှင့် စိန်သီဟအောင်အတွဲက ရွှေတံဆိပ်၊ အမျိုးသားလက်နက်မဲ့ အပြပွဲစဉ်တွင် ဝေဖြိုးအောင်က ရွှေတံဆိပ်၊ မလေးရှားက ငွေတံဆိပ်၊ စိုးကျော်က ကြေးတံဆိပ်၊ အမျိုးသားတုတ်ရှည်ပွဲစဉ်တွင် အောင်စည်သူက ကြေးတံဆိပ်၊ အမျိုးသမီးနန်းတောင်းဓားရေးပြပွဲစဉ် တွင် အိမ့်မိမိက ငွေတံဆိပ်၊ အမျိုးသမီးထိုက်ချိကျန် ဓားရေးပြပွဲစဉ်တွင် ဝေမာထွန်းသိမ်းက ကြေးတံဆိပ်၊ အမျိုးသားနန်းတောင်းပွဲစဉ်တွင် ဝေဖြိုးအောင်က ရွှေတံဆိပ်ရရှိရာ သုံးရက်ဆက်တိုက်ရွှေတံဆိပ်ရရှိသူ ဖြစ်သည်။ အမျိုးသား နန်းဂန်ပွဲစဉ်တွင် စိုးကျော်က ငွေတံဆိပ်၊ အမျိုးသားထိုက်ချိကျန် ထိုက်ချိချမ်ပွဲစဉ်တွင် ငြိမ်းချမ်းကိုကိုက ငွေတံဆိပ်၊ အမျိုးသမီးသရုပ်ပြ အတိုက်ပြိုင်ပွဲဂျူလီယန် ၂ ပွဲစဉ်တွင် အိမ့်မိမိနှင့် စန္ဒီဦး အတွဲက ငွေတံဆိပ်ရရှိကြသည်။

ကရာတေးဒို - ကရာတေးဒိုပြိုင်ပွဲ အမျိုးသမီး သုံးယောက်တွဲ ခတပွဲစဉ်တွင် မြန်မာအသင်းက ရွှေတံဆိပ်၊ ဗီယက်နမ်အသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသားအသင်းလိုက် ခတပွဲစဉ်တွင် မလေးရှားအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့က ကြေးတံဆိပ်၊ အမျိုးသားတစ်ဦးချင်း ခတပွဲစဉ်တွင် မလေးရှားအသင်းက ရွှေတံဆိပ်၊ မင်းဟိန်းခန့်က ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းနှင့်လာအိုအသင်းတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသမီးတစ်ဦးချင်း ခတပွဲစဉ်တွင် ရင်ဝါသောင်လူအဲက ကြေးတံဆိပ်၊ အမျိုးသားတစ်ဦးချင်း ၇၅ ကီလိုနှင့်အောက်ကုမိတဲ့ အတိုက်ပွဲစဉ်တွင် အေးချမ်းနိုင်က ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းကငွေတံဆိပ်၊ မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသားတစ်ဦးချင်း ၆၇ ကီလိုနှင့်အောက် ကုမိတဲ့အတိုက်ပွဲစဉ်တွင် တင်ထွန်းအောင်၊ အမျိုးသမီး တစ်ဦးချင်း ၆၁ ကီလိုနှင့် အောက်ကုမိတဲ့ အတိုက် ပွဲစဉ်တွင် နွေးနွေးဇော်ဝင်း၊ အမျိုးသမီးတစ်ဦးချင်း ၅၅ ကီလိုနှင့် အောက်ကုမိတဲ့အတိုက်ပွဲစဉ်တွင် ဝင်းသူဇာမင်း၊ အမျိုးသမီးကီလို ၅၀ နှင့်အောက်ကုမိတဲ့ အတိုက်ပွဲစဉ်တွင် ဧပရယ်ဖောတို့က ကြေးတံဆိပ်ရရှိကြသည်။ အမျိုးသမီးအသင်းလိုက် ကုမိတဲ့အတိုက် ပွဲစဉ်တွင် ထိုင်းအသင်းက မလေးရှားအသင်းကို အနိုင်ရ၍ ရွှေတံဆိပ်ရရှိပြီး မြန်မာအသင်းက ကြေးတံဆိပ်ရရှိသည်။

တိုက်ကွမ်ဒို - တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းကကွက်ပွဲစဉ်တွင် သော်ဇင်ဟန်က ရွှေတံဆိပ်၊ ဖိလစ်ပိုင် အသင်းက ငွေတံဆိပ်၊ ဗီယက်နမ်အသင်းက ကြေး တံဆိပ်၊ အမျိုးသမီးတစ်ဦးချင်း ကကွက်ပွဲစဉ်တွင် ယမင်းကေခိုင်က ရွှေတံဆိပ်၊ စင်ကာပူအသင်းက ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ကြေးတံဆိပ်၊ အမျိုးသမီး ၅၇-၆၂ ကီလိုတန်း အတိုက်ပွဲစဉ်တွင် မြန်မာအသင်းမှ ဗစ်တိုးရိုးယားက ငွေတံဆိပ်၊ အမျိုးသား ဝယ်လ်တာဝိတ်ကီလိုတန်း အတိုက်ပွဲစဉ်တွင် မြန်မာအသင်းမှ ဝင်းထွန်းလင်းက ရွှေတံဆိပ်၊ အမျိုးသမီး ဝယ်လ်တာဝိတ်ကီလိုတန်းအတိုက်ပွဲစဉ်တွင် ရွှက်ဝါထွန်း၊ ဖယ်လ်သာဝိတ်တန်းပွဲစဉ်တွင် မာစိုး၊ အမျိုးသား ဖယ်လ်သာဝိတ်ပွဲစဉ်တွင် ဇော်ဇော်တို့က ကြေးတံဆိပ်၊ အမျိုးသမီး ၄၆ ကီလိုတန်းအတိုက်ပွဲစဉ်တွင် နွေးနွေးက ရွှေတံဆိပ်၊ အမျိုးသား ၅၄ ကီလိုဖင်းဝိတ်တန်း အတိုက်ပွဲစဉ်တွင် နိုင်ဒွေးရှိန်က ကြေးတံဆိပ်၊ အမျိုးသား မစ်ဒယ်ဝိတ်တန်းအတိုက်ပွဲစဉ်တွင် မောင်မောင်ဦးက ကြေးတံဆိပ်ရရှိသည်။

မွေလက်ဝှေ့၊ လက်ဝှေ့ - လက်ဝှေ့ပြိုင်ပွဲ ၅၇ ကီလိုတန်း အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းမှ နွယ်နီဦးက ဖိလစ်ပိုင်အသင်းမှ ပြိုင်ဘက်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ၂-၁ ဖြင့် အနိုင်ရပြီး ရွှေတံဆိပ် ဆွတ်ခူးသွားသည်။

၇၅ ကီလိုတန်း အမျိုးသားဗိုလ်လုပွဲစဉ်တွင် ဝေလင်းအောင်က ရွှေတံဆိပ်ထပ်မံဆွတ်ခူးပြီး ၆၄ ကီလိုတန်း အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် ကြူးကြူးလှိုင်က ငွေတံဆိပ်၊ ၅၂ ကီလိုတန်းအမျိုးသားဗိုလ်လုပွဲစဉ်တွင် မောင်ငယ်က ငွေတံဆိပ်ရရှိသည်။

မွေလက်ဝှေ့ပြိုင်ပွဲ အမျိုးသမီး ၄၈ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းမှ လှယဉ်မေက ဗီယက်နမ်အသင်းမှ ပြိုင်ဘက်ကို အနိုင်ရပြီး ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ အမျိုးသား ၅၄ ကီလိုတန်းဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းမှ စောဒါပိုး၊ အမျိုးသား ၆၇ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းမှ မောင်တူး၊ အမျိုးသား ၇၁ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းမှ ထွန်းထွန်းမင်းတို့က ရွှေတံဆိပ် အသီးသီးရရှိသည်။ အမျိုးသား ၇၅ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် စောငမန်း၊ အမျိုးသမီး ကီလို ၆၀ တန်း ဗိုလ်လုပွဲတွင် သူဇာဟန်၊ အမျိုးသမီး ၅၁ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် ဂရေစ်တို့က ငွေတံဆိပ်ရရှိကြပြီး စိုးလင်းဦး၊ ကညောဖိုးနှင့် ဇင်မာခိုင်တို့က ကြေးတံဆိပ်ရရှိကြသည်။

ဂျူဒို၊ နပန်း - ဂျူဒိုပြိုင်ပွဲ အမျိုးသား ၅၅ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် ဗီယက်နမ်မှ ရွှေတံဆိပ်၊ မြန်မာမှ ကပ်စင်းပေါင်က ငွေတံဆိပ်၊ မလေးရှားနှင့်လာအိုတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသမီး ၄၅ ကီလိုတန်းဗိုလ်လုပွဲစဉ်တွင် မြန်မာမှ စဲလ်ဝီးက ရွှေတံဆိပ်၊ ဖိလစ်ပိုင်က ငွေတံဆိပ်၊ ထိုင်းက ကြေးတံဆိပ်၊ အမျိုးသမီးကီလို ၇၀ တန်း ဗိုလ်လုပွဲစဉ်တွင် စန္ဒာဝင်းက ငွေတံဆိပ်၊ အမျိုးသား ၇၃ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် မြန်မာမှ ဇော်နိုင်က ကြေးတံဆိပ်၊ အမျိုးသမီး ၇၈ ကီလိုတန်းအောက် ဗိုလ်လုပွဲစဉ်တွင် မြန်မာမှ အေးအေးအောင်၊ အမျိုးသားကီလို ၉၀ တန်းအောက် ဗိုလ်လုပွဲစဉ်တွင် မြန်မာမှ ဇင်လင်းအောင်၊ အမျိုးသားကီလို ၁၀၀ တန်းအောက် ဗိုလ်လုပွဲစဉ်တွင် ရန်နောင်စိုးတို့က ရွှေတံဆိပ်၊ အမျိုးသမီး ၇၈ ကီလိုတန်းအထက် ဗိုလ်လုပွဲစဉ် တွင် မြန်မာမှ ခင်မျိုးသူက ငွေတံဆိပ် အသီးသီးရရှိသည်။

နပန်းပြိုင်ပွဲ အမျိုးသမီး ၆၇ ကီလိုတန်းဗိုလ်လုပွဲစဉ်တွင် မေသဇင်ဖူး၊ အမျိုးသားကီလို ၁၂၀ တန်း ဗိုလ်လုပွဲစဉ်တွင် မြင့်ဇင်၊ အမျိုးသား ၉၆ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် ဇော်မိုးအောင်တို့က ရွှေတံဆိပ်၊ အမျိုးသားကီလို ၆၀ တန်း ဗိုလ်လုပွဲ စဉ်တွင် ဝဏ္ဏာထွန်း၊ အမျိုးသားကီလို ၁၂၀ တန်း ဗိုလ်လုပွဲစဉ်တွင် ဖြိုးဇော်ခိုင်၊ အမျိုးသား ၉၆ ကီလိုတန်းဗိုလ်လုပွဲစဉ်တွင် ကျော်ဝင်းဦးတို့က ငွေတံဆိပ်၊ အမျိုးသား ၆၆ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် ထွန်းအောင်၊ အမျိုးသား ၅၅ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် အောင်အောင်က ဖိလစ်ပိုင်နှင့်ပူးတွဲ၊ အမျိုးသား ၇၄ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် စောလာပြီအဲလ်၊ အမျိုးသမီး ၄၄ ကီလိုတန်း ဗိုလ်လုပွဲစဉ်တွင် သီတာစိုး၊ အမျိုးသမီး ၅၅ ကီလိုတန်းပွဲစဉ်တွင်အေးအေးအောင်၊ အမျိုးသမီး ၆၃ ကီလိုတန်းပွဲစဉ်တွင် ဝေလွင်အောင်တို့က ကြေးတံဆိပ်များအသီးသီးရရှိသည်။

ကမ်ပို - ကမ်ပိုပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ တီမောနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြသည်။ အမျိုးသားအသင်းလိုက်အပြပွဲစဉ်တွင် မြန်မာအသင်းက ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ငွေတံဆိပ်၊ လာအိုအသင်းက ကြေးတံဆိပ်ရရှိပြီး မြန်မာအသင်းတွင် စိုးမိုးလွင်၊ သန်းတိုးအောင်၊ တင်ဝင်းထွန်းနှင့် ဇော်ထက်နိုင်တို့ ပါဝင်ကစားကြသည်။ Miss အမျိုးသား၊ အမျိုးသမီးခါးစည်းအညိုအပြပွဲစဉ်တွင် အောင်ထွန်းနိုင်၊ အိဖြူမောင်အတွဲက ရွှေတံဆိပ်၊ ဗီယက်နမ်အတွဲက ငွေတံဆိပ်၊ အင်ဒိုနီးရှားအတွဲက ကြေးတံဆိပ်၊ အမျိုးသမီး ၅၇ ကီလိုတန်း အတိုက်ပွဲစဉ်တွင် အင်ဒိုနီးရှားက ရွှေတံဆိပ်၊ ဗီယက်နမ်က ငွေတံဆိပ်၊ မြန်မာနှင့်လာအိုတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသား ကီလို ၅၀ တန်းအတိုက်ပွဲစဉ်တွင်

သန်းဝင်းက ရွေတံဆိပ်၊ တီမောက ငွေတံဆိပ်၊ ကမ္ဘော ဒီးယားနှင့် လာအိုတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသား ကီလို ၆၀ တန်း အတိုက်ပွဲစဉ်တွင် ကျော်လင်းဦးက ရွေတံဆိပ်၊ လာအိုက ငွေတံဆိပ်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့က ကြေးတံဆိပ်၊ အမျိုးသားနှစ်ယောက်တွဲ အပြပွဲစဉ်တွင် တီမောကရွေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်၊ အောင်နိုင်ထွန်းနှင့်ထွန်းလင်းအောင် အတွဲက ကြေးတံဆိပ်၊ အမျိုးသမီးရှစ်ယောက်တွဲအပြ ပွဲစဉ်တွင် အင်ဒိုနီးရှားက ရွေတံဆိပ်၊ ဗီယက်နမ်က ငွေတံဆိပ်၊ မြန်မာကကြေးတံဆိပ်၊ အမျိုးသမီး ၅၄ ကီလိုတန်း အတိုက်ပွဲစဉ်တွင် ချယ်ရီဖောက ရွေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်၊ ဗီယက်နမ်နှင့်လာအိုတို့က ကြေးတံဆိပ်၊ Miss အမျိုးသား၊ အမျိုးသမီးခါးစည်း အနက်အပြပွဲစဉ်တွင် စိုင်းသာထက်အောင်နှင့် ရင်မြင့်ဦးအတွဲက ရွေတံဆိပ်၊ အင်ဒိုနီးရှားအတွဲက ငွေတံဆိပ်၊ တီမောအတွဲက ကြေးတံဆိပ်၊ အမျိုးသမီး နှစ်ယောက်တွဲ ၄၈ ကီလိုတန်းခါးစည်းအနက် အပြ ပွဲစဉ်တွင် မြန်မာနှင့် လာအိုတို့က ပူးတွဲကြေးတံဆိပ်၊ အမျိုးသားနှစ်ယောက်တွဲ ၅၅ ကီလိုတန်းခါးစည်း အနက်အပြပွဲစဉ်တွင် မြန်မာနှင့် ဗီယက်နမ်တို့က ပူးတွဲ ကြေးတံဆိပ်၊ အမျိုးသမီးနှစ်ယောက်တွဲ ၅၁ ကီလိုတန်း ခါးစည်းမြန်မာအနက်အပြပွဲစဉ်တွင် မြန်မာက ကြေးတံဆိပ်၊ အမျိုးသမီး ၅၁ ကီလိုတန်း အတိုက်ပွဲ စဉ်တွင် မြန်မာနှင့်ကမ္ဘောဒီးယားတို့က ပူးတွဲကြေး တံဆိပ်ရရှိကြသည်။ ကမ်ပိုပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် မြန်မာအသင်း က ရွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ် ခုနစ်ခုရရှိကာ နိုင်ငံအလိုက် ဒုတိယရရှိသည်။

လှေလှော်ပြိုင်ပွဲ - ကနူးတစ်ယောက်လှော်အမျိုးသား မီတာ ၁၀၀၀ ပွဲစဉ်တွင် ဝင်းထိုက်က ရွေတံဆိပ်၊ ကယက် လေးယောက်လှော်အမျိုးသမီးမီတာ ၁၀၀၀ ပွဲစဉ်တွင် မြင့်မြင့်သန်း၊ သင်းသင်းကြူ၊ နော်အား လယ်ရှိုး၊ အေးမိခိုင်အဖွဲ့က ရွေတံဆိပ်၊ ကယက်လေး ယောက်လှော်အမျိုးသားမီတာ ၁၀၀၀ ပွဲစဉ်တွင် စောကေရုပ်၊ အောင်မျိုးသူ၊ ဇော်ဝေလတ်၊ နိုင်လင်း အဖွဲ့က ကြေးတံဆိပ်၊ ကနူးနှစ်ယောက်လှော် အမျိုးသားမီတာ ၁၀၀၀ ပွဲစဉ်တွင် စိုင်းမင်းဝေနှင့် ဝင်းထိုက်အတွဲက ရွေတံဆိပ်၊ ကနူးတစ်ယောက်လှော် အမျိုးသားမီတာ ၅၀၀ ပွဲစဉ်တွင် ဝင်းထိုက်က ငွေတံဆိပ်၊ ကနူးနှစ်ယောက်လှော်အမျိုးသားမီတာ ၅၀၀ ပွဲစဉ်တွင် ရဲအောင်စိုးနှင့်ဝင်းထိုက်အတွဲက ငွေတံဆိပ်၊ ကယက်နှစ်ယောက်လှော် အမျိုးသမီးမီတာ ၅၀၀ ပွဲစဉ်တွင် အေးမိခိုင်နှင့် နော်အားလယ်ရှိုးအတွဲက ငွေတံဆိပ်၊ ကယက်လေးယောက်လှော် အမျိုးသမီး မီတာ ၅၀၀ ပွဲစဉ်တွင် မြန်မာက ရွေတံဆိပ်၊ ကယက် လေးယောက်လှော်အမျိုးသမီးမီတာ ၂၀၀ ပွဲစဉ်တွင် ဖြူသီဦး၊ မျိုးသန္တာထွန်း၊ နော်အားလယ်ရှိုး၊ အေးမိခိုင်နှင့်အဖွဲ့က ရွေတံဆိပ်၊ ကနူးနှစ်ယောက် လှော် အမျိုးသား မီတာ ၂၀၀ ပွဲစဉ်တွင် မောင်မောင်နှင့် ဝင်းထိုက်အတွဲက ငွေတံဆိပ်၊ ကယက်တစ်ယောက်လှော် အမျိုးသမီး မီတာ ၂၀၀ ပွဲစဉ်တွင် နှင်းဝေလွင်က ကြေးတံဆိပ်၊ ကနူးနှစ်ယောက်လှော် အမျိုးသမီးမီတာ ၂၀၀ ပွဲစဉ်တွင် နော်အားလယ်ရှိုးနှင့် အေးမိခိုင်အတွဲက ငွေတံဆိပ် အသီးသီးရရှိကြသည်။

အနောက်တိုင်းလှေပြိုင်ပွဲတွင် အမျိုးသား တစ်ယောက်လှော်မီတာ ၂၀၀၀ ပွဲစဉ်တွင် အောင်ကိုမင်းက ငွေတံဆိပ်၊ အမျိုးသမီးနှစ်ယောက် လှော် မီတာ ၂၀၀၀ ပွဲစဉ်တွင် ရွှေဇင်လတ်နှင့် သန်းသန်းနွယ်အတွဲက ကြေးတံဆိပ်၊ အမျိုးသမီးတစ် ယောက်လှော်မီတာ ၂၀၀၀ ပွဲစဉ်တွင် ရွှေဇင်လတ်က ကြေးတံဆိပ်၊ အမျိုးသမီးလေးယောက်လှော်မီတာ ၂၀၀၀ ပွဲစဉ်တွင် ချောစု၊ အေးသူဇာ၊ သန်းသန်းနွယ်၊ နီလာဝင်းအဖွဲ့က ရွေတံဆိပ်အသီးသီးရရှိကြသည်။

ရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသား ၁၀ တက် လှော်မီတာ ၁၀၀၀၊ အမျိုးသမီး ၁၀ တက်လှော် မီတာ ၁၀၀၀၊ အမျိုးသားတက် ၂၀ လှော်မီတာ ၁၀၀၀၊ အမျိုးသမီးတက် ၂၀ လှော်မီတာ ၁၀၀၀၊ အမျိုးသား၊ အမျိုးသမီး ၁၀ တက်လှော်မီတာ ၁၀၀၀၊ အမျိုးသား၊ အမျိုးသမီးတက် ၂၀ လှော်မီတာ ၁၀၀၀၊ အမျိုးသား အမျိုးသမီးတက် ၂၀ လှော်မီတာ ၂၀၀၀၊ အမျိုးသမီး တက် ၂၀ လှော် မီတာ ၅၀၀၊ အမျိုးသား၊ အမျိုးသမီး

၁၀ တက်လှော် မီတာ ၅၀၀၊ အမျိုးသားငါးတက်လှော် မီတာ ၅၀၀၊ အမျိုးသမီးငါးတက်လှော်မီတာ ၅၀၀၊ အမျိုးသား ၁၀ တက်လှော် မီတာ ၅၀၀၊ အမျိုးသမီး ၁၀ တက်လှော် မီတာ ၂၀၀၀ ပွဲစဉ်တွင် မြန်မာက ရွှေတံဆိပ်၊ အမျိုးသားတက် ၂၀ လှော် မီတာ ၂၀၀၀ ပွဲစဉ်တွင် မြန်မာက ငွေတံဆိပ်၊ အမျိုးသား၊ အမျိုးသမီး တက် ၂၀ လှော် မီတာ ၅၀၀ ပွဲစဉ်နှင့် အမျိုးသား အမျိုးသမီး ၂၂ တက်လှော် မီတာ ၅၀၀ ပွဲစဉ်တို့တွင် မြန်မာကကြေးတံဆိပ်အသီးသီးရရှိကြသည်။

မြန်မာလေ့လှော်အားကစားသမားများသည် ရိုးရာလေ့လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု၊ အနောက်တိုင်းလေ့လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ကန္ဦးကယက်လေ့လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု စုစုပေါင်း ရွှေတံဆိပ်အခု ၂၀ ရယူခြင်းဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အအောင်မြင်ဆုံးအားကစားအဖြစ် မှတ်တမ်းတင်နိုင်ပြီ ဖြစ်သည်။

ရွက်လေ့ပြိုင်ပွဲ Half-Rater ပွဲစဉ်တွင် စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်အတွဲက ပွဲစဉ် ၁၀ ခု အနက် ကိုးခုပြိုင်အပြီး ရမှတ်အသာဖြင့် ဆက်လက်ယှဉ်ပြိုင်စရာမလိုဘဲ ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ Rs One ၁၉ နှစ်အောက် အမျိုးသားပွဲစဉ်တွင် ဆက်နိုင်အောင်က ရွှေတံဆိပ်နှင့် အမျိုးသမီးပွဲစဉ်တွင် ငုံဖူးလှိုင်က ကြေးတံဆိပ်၊ International 470 Women ပွဲစဉ်တွင် ဒေါက်တာစုမြတ်စိုးနှင့် နန်းခမ်းဆေးအတွဲက ငွေတံဆိပ်၊ International 420 Women ပွဲစဉ်တွင် ဝေပွင့်ဝါဘိုနှင့် သိဂီဝင်းရွှေအတွဲက ကြေးတံဆိပ် အသီးသီး ရရှိကြသည်။

အလေးမ၊ ကာယဗလ - အလေးမပြိုင်ပွဲ အမျိုးသား ၆၉ ကီလိုတန်းပွဲစဉ်တွင် ကျော်မိုးဝင်းက ငွေတံဆိပ်၊ အမျိုးသား ၅၆ ကီလိုတန်းပွဲစဉ်တွင် ပြည့်ဖြိုးက ကြေးတံဆိပ်၊ အမျိုးသား ၆၂ ကီလိုတန်းပွဲစဉ်တွင် မြင့်ကြည်က ကြေးတံဆိပ်၊ အမျိုးသမီး ၅၃ ကီလိုတန်းပွဲစဉ်တွင် အေးသန္တာလွင်က ရွှေတံဆိပ်၊ အမျိုးသမီး ၆၉ ကီလိုတန်းပွဲစဉ်တွင် လဲ့လဲ့ဝင်းက ငွေတံဆိပ် အသီးသီးရရှိကြသည်။

ကာယဗလပြိုင်ပွဲသို့ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြသည်။ ကီလို ၆၀ တန်းပွဲစဉ်တွင် အောင်နိုင်ဝင်းက ရွှေတံဆိပ်၊ ကီလို ၈၀ တန်းပွဲစဉ်တွင် မင်းဇော်ဦးက ရွှေတံဆိပ်၊ ၅၅ ကီလိုတန်းပွဲစဉ်တွင် ထွန်းမင်းက ငွေတံဆိပ်၊ ကီလို ၉၀ တန်းပွဲစဉ်တွင် အောင်ဆွေနိုင်က ငွေတံဆိပ်အသီးသီးရရှိကြသည်။

အောင်ပွဲရ လေ့လှော်အားကစားသမားများအား ပရိသတ်များက ဂုဏ်ပြုအားပေးကြစဉ်

စစ်တုရင် - စစ်တုရင်ပြိုင်ပွဲ ရိုးရာစစ်တုရင် အမျိုးသား တစ်ဦးချင်းအမြန်ရွှေ့ပွဲစဉ်တွင် ဝင်းဇော်ထွန်းက ရွှေတံဆိပ်၊ ရိုးရာစစ်တုရင်အမျိုးသားအသင်းလိုက် အမြန်ရွှေ့ပွဲစဉ်တွင် မြန်မာက ငွေတံဆိပ်၊ ရိုးရာစစ်တုရင် အမျိုးသမီးအသင်းလိုက် အမြန်ရွှေ့ပွဲစဉ်တွင် မြန်မာက ရွှေတံဆိပ်၊ ရိုးရာစစ်တုရင်အမျိုးသားတစ်ဦးချင်း ငါးမိနစ် လျှပ်တစ်ပြက်ပွဲစဉ်တွင် ဝင်းဇော်ထွန်းက ရွှေတံဆိပ်၊ အာဆီယံစစ်တုရင်ပုံမှန်အမျိုးသား တစ်ဦးချင်းပွဲစဉ်တွင် နေဦးကျော်ဒွန်းကကြေးတံဆိပ်၊ ရိုးရာစစ်တုရင်အမျိုးသားအသင်းလိုက် လျှပ်တစ်ပြက်ပွဲစဉ်တွင် မြန်မာက ကြေးတံဆိပ်၊ အာဆီယံစစ်တုရင်အမျိုးသမီးအသင်း လိုက်ပွဲစဉ်တွင် မြန်မာက ရွှေတံဆိပ်၊ အာဆီယံ စစ်တုရင်အမျိုးသားအသင်းလိုက်ပွဲစဉ်တွင် မြန်မာက ကြေးတံဆိပ်အသီးသီးရရှိကြသည်။ စစ်တုရင်ပြိုင်ပွဲများအပြီးတွင် မြန်မာက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိကာ နိုင်ငံအလိုက် တတိယရရှိသည်။

ပီတန်း၊ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ် - ပီတန်းပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ခုနစ်နိုင်ငံပါဝင်ယှဉ်ပြိုင်ကြသည်။ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်တွင် ချောအိသူ၊ အမျိုးသားတစ်ဦးချင်းပွဲစဉ်တွင် သန်းဇော်ဦး၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်တွင် သက်ဝေအောင်နှင့် ယဉ်မင်းအေးအတွဲတို့က ရွှေတံဆိပ်များ ဆွတ်ခူးပြီး အမျိုးသမီးသုံးယောက်တွဲ ပွဲစဉ်တွင် မြန်မာက လာအို နှင့် ပူးတွဲ၍ကြေးတံဆိပ်ရရှိသည်။

ဗိုဗီနမ်ပြိုင်ပွဲသို့ မြန်မာက ပထမဆုံးဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ခြောက်ခုရရှိပြီး နိုင်ငံအလိုက် ဒုတိယရရှိသည်။ အမျိုးသမီးနှစ်ယောက်တွဲ လက်နက်မဲ့အပြပွဲစဉ်တွင် ပပဝင်းနှင့် ချူးသန္တာစိုးအတွဲ၊ အမျိုးသမီး တစ်ဦးချင်းမားစွမ်းရည်ပြပွဲစဉ်တွင် နှင်းသီတာ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ အလှပြပွဲစဉ်တွင် ခိုင်ဇင်ဝင်းနှင့် ဆုလဲ့ဖြိုးအတွဲ၊ အမျိုးသားတစ်ဦးချင်း ကကွက် Five Gate Form ပွဲစဉ်တွင် အောင်ဇော်သက်၊ အမျိုးသားနှစ်ယောက်တွဲ မားတစ်လက်စွမ်းရည်ပြပွဲစဉ်တွင် လွှမ်းအောင်နှင့် သန်းထိုက်အတွဲ၊ အမျိုးသမီး တစ်ဦးချင်းလက်သိုင်း သရုပ်ပြပွဲစဉ်တွင် ခိုင်ဝါဖူးတို့က ရွှေတံဆိပ်များ အသီးသီးဆွတ်ခူးကာ အောင်မြင်မှု ရရှိကြသည်။ ထို့ပြင် မြန်မာဗိုဗီနမ်အဖွဲ့သည် ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်ခြောက်ခုထပ်မံရရှိသည်။

ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် အတိုက်နှင့်အပြ နှစ်မျိုး၊ အတန်း ၁၅ တန်း ယှဉ်ပြိုင်ရပြီး တစ်နိုင်ငံလျှင် ၁၂ တန်းယှဉ်ပြိုင်ကြရသည်။

ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်သည်။ အမျိုးသား နှစ်ယောက်တွဲအပြပွဲစဉ်တွင် သူရစိုးနှင့်ရဲမောင်မောင် အတွဲ၊ အမျိုးသားတစ်ဦးချင်း အတိုက် ၄၀-၄၅ ကီလိုတန်းပွဲစဉ်တွင် ဇေယျာ၊ အမျိုးသားတစ်ဦးချင်း အတိုက် ၆၀-၆၅ ကီလိုတန်းပွဲစဉ်တွင် ကျော်နိုင်ထွန်းတို့က ရွှေတံဆိပ်များဆွတ်ခူးကြပြီး အမျိုးသား သုံးယောက်တွဲ ပွဲစဉ်တွင် မြန်မာအဖွဲ့၊ အမျိုးသား တစ်ဦးချင်း ၅၅-၆၀ ကီလိုတန်းပွဲစဉ်တွင် ရဲကျော်သူ၊ အမျိုးသားတစ်ဦးချင်း ၇၅-၈၀ ကီလိုတန်းပွဲစဉ်တွင် ရဲသီဟ၊ အမျိုးသားတစ်ဦးချင်းအပြပွဲစဉ်တွင် ထက်ဝေနိုင်တို့က ငွေတံဆိပ်များရရှိကြသည်။

ထို့ပြင် အမျိုးသမီးကိုးယောက်တွဲအပြပွဲစဉ်၊ အမျိုးသမီးတစ်ဦးချင်းအပြပွဲစဉ်၊ အမျိုးသားတစ်ဦးချင်း ၆၅-၇၀ ကီလိုတန်းပွဲစဉ်တို့တွင် ကြေးတံဆိပ်သုံးခုထပ်မံ ရရှိသည်။

ဘီလိယက်နှင့်စနူကာ၊ သေနတ်ပစ်၊ မြားပစ် - ဘီလိယက်နှင့်စနူကာပြိုင်ပွဲ ပွဲစဉ်များတွင် မြန်မာက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ငါးခုစီ ရရှိကြသည်။

သေနတ်ပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပို့ဂ် ၂၂ မီတာ ၅၀ ရိုင်ဖယ်ပွဲစဉ်တွင် သူသူကျော်က ရွှေတံဆိပ်ရရှိသည်။

အမျိုးသမီးအသင်းလိုက် ပို့ဂ် ၂၂ မီတာ ၅၀ ရိုင်ဖယ်ပွဲစဉ်တွင် သူသူကျော်၊ သန်းသန်းစော၊ အေးအေးသင်းတို့အဖွဲ့က ငွေတံဆိပ်၊ အမျိုးသား တစ်ဦးချင်းမီတာ ၅၀ လေ ပစ္စတိုပွဲစဉ်တွင်

ရဲထွန်းနောင်က ငွေတံဆိပ်၊ အမျိုးသားအဖွဲ့လိုက် မီတာ ၅၀ ရိုင်ဖယ်ပွဲစဉ်တွင် မြန်မာက ကြေးတံဆိပ် အသီးသီးရရှိကြသည်။

မြားပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း Compound ပွဲစဉ်တွင် အောင်ဌိမ်းက ရွှေတံဆိပ်ရရှိပြီး အခြားမြားပစ်ပွဲစဉ်များတွင် မြန်မာက ကြေးတံဆိပ်သုံးခုရရှိသည်။

ငွေနှင့်ကြေးတံဆိပ်ရရှိပြိုင်ပွဲများ

မြင်းစီးပြိုင်ပွဲ အသင်းလိုက် ကီလို ၈၀ တာဝေးမြင်းစီးပွဲစဉ်၊ အမျိုးသားအသင်းလိုက်အလှစီးပွဲစဉ်၊ အမျိုးသားအသင်းလိုက် အလှခုန်ပွဲစဉ်များတွင် မြန်မာက ငွေတံဆိပ်သုံးခုရရှိသည်။ စက်ဘီးပြိုင်ပွဲ BMX ပွဲစဉ်တွင် ခင်မျိုးထက် တစ်ဦးတည်းသာ ငွေတံဆိပ်ရရှိသည်။ ဂေါက်သီးပြိုင်ပွဲတွင် မြန်မာက ငွေတံဆိပ်သုံးခုရရှိသည်။

ရေကူး-ဒိုင်ဗင်-ဝါတာပိုလိုပြိုင်ပွဲ အမျိုးသမီးမီတာ ၂၀၀×၄ လွန်းပြန်ရေကူးပွဲစဉ်တွင် မြန်မာက ကြေးတံဆိပ်၊ အမျိုးသမီး ၁၀ မီတာ Platform ဒိုင်ဗင်ပွဲစဉ်တွင် စောလှနန္ဒာက ကြေးတံဆိပ်၊ အမျိုးသမီး နှစ်ယောက်တွဲ ၁၀ မီတာ Platform ဒိုင်ဗင်ပွဲစဉ်တွင် စောလှနန္ဒာနှင့်နေခြည်စုစုလတ်အတွဲက ငွေတံဆိပ် အသီးသီးရရှိကြသည်။ ဟော်ကီပြိုင်ပွဲတွင် မြန်မာအမျိုးသား၊ အမျိုးသမီးနှစ်သင်းစလုံး ကြေးတံဆိပ်ရရှိသည်။

နိုင်ငံအလိုက် မြန်မာဒုတိယရရှိ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ကျင်းပအပြီးတွင် အိမ်ရှင်မြန်မာနိုင်ငံက ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခုဖြင့် နိုင်ငံအလိုက် ဒုတိယရရှိသည်။ ပြိုင်ပွဲတွင် အားကစားနည်းအသစ်များထည့်သွင်းကျင်းပသကဲ့သို့ မြန်မာနိုင်ငံက ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့်အားကစားနည်းများလည်းရှိသည်။ ပထမဆုံးထည့်သွင်းကျင်းပသည့် ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်ခြောက်မျိုးစလုံးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်များဆွတ်ခူးရရှိသည်။ ယခုအကြိမ်မှစတင်ဝင်ရောက်ယှဉ်ပြိုင်သည့်ဗိုဗီနမ်၊ ပီတန်း၊ ကမ်ပို၊ မွေ၊ ဟော်ကီပြိုင်ပွဲများ၌လည်း အောင်မြင်မှုများရရှိသည်။ ဂျပန်ရိုးရာကိုယ်ခံပညာတစ်ရပ်ဖြစ်သည့် ကမ်ပိုပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ဗီယက်နမ်ရိုးရာကိုယ်ခံပညာတစ်ရပ်ဖြစ်သဝည့် ဗိုဗီနမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ မွေလက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ပီတန်းပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုရရှိခြင်းမှာ မြန်မာအားကစားသမားများ၏ အောင်မြင်မှုများဖြစ်သည်။

ထို့ပြင် မြန်မာအားကစားသမားများသည် ရိုးရာလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၄ ခု၊ အနောက်တိုင်းလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ကနူးနှင့် ကယက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု စုစုပေါင်း ရွှေတံဆိပ်ခုရေ ၂၀ အထိ ရရှိအောင် စွမ်းဆောင်နိုင်ကြသည်။ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် စောမာလာနွယ်က အရှေ့တောင်အာရှစံချိန်ဟောင်းကို ကျော်လွန်ပြီး ရွှေတံဆိပ်ရရှိကာ စံချိန်သစ်တင်သွားသည်။

ထို့အတူ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်မရဖူးသည့် ကရာတေးဒို၊ ရွက်လှေ၊ ပန်ကြဲပဆီလတ်၊ ဂျူဒို၊ နပန်း၊ ဝူရှူး စသည့်

နိုင်ငံအလိုက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှု

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ထိုင်း	၁၀၇	၉၄	၈၁	၂၈၂
၂	မြန်မာ	၈၆	၆၂	၈၅	၂၃၃
၃	ဗီယက်နမ်	၇၃	၈၆	၈၆	၂၄၅
၄	အင်ဒိုနီးရှား	၆၅	၈၄	၁၁၁	၂၆၀
၅	မလေးရှား	၄၃	၃၈	၇၃	၁၅၈
၆	စင်ကာပူ	၃၄	၂၉	၄၅	၁၀၈
၇	ဖိလစ်ပိုင်	၂၉	၃၄	၃၈	၁၀၁
၈	လာအို	၁၃	၁၇	၄၉	၇၉
၉	ကမ္ဘောဒီးယား	၈	၁၁	၂၈	၄၇
၁၀	တီမောလက်စ်တေ	၂	၃	၅	၁၀
၁၁	ဘရူနိုင်း	၁	၁	၆	၈
စုစုပေါင်း		၄၆၁	၄၅၉	၆၁၁	၁၅၃၁

ပြိုင်ပွဲများတွင် ရွှေတံဆိပ်များရရှိကြသည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု ရရှိခဲ့ရာ ပြိုင်ပွဲနောက်ဆုံးနေ့တွင် ရွှေတံဆိပ်နှစ်ခုကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

ပိတ်ပွဲအခမ်းအနားကျင်းပခြင်း

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်း၌ ဒီဇင်ဘာလ ၂၂ ရက်ညနေပိုင်းတွင် ကျင်းပသည်။ ပိတ်ပွဲမကျင်းပမီ တေးသံရှင်ထူးအယ်လင်းနှင့် ဆုန်သင်းပါရ်တို့က "ရောင်စုံဥယျာဉ်၊" တေးသံရှင် ယုဇနက "ရင်းနှီးချစ်ကြည်နူတ်ဆက်သည်၊" တေးသံရှင် မေသက်ထားဆွေနှင့်အဖွဲ့က "အာရှမြန်မာ၊" တေးသံရှင်ဟဲလေး၊ ဒီယံနှင့် ဝေလျံတို့က "ဒါတို့ရဲ့ဆီးဂိမ်း၊" တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုးနှင့်သီရိဆွေတို့က 'We can do it'၊ တေးသံရှင် မေဆွိနှင့်မေခလာတို့က "သွေးကပြောသောသစ္စာ" နှင့် ထင်ပေါ်ကျော်ကြားတေးသံရှင်များက "ငြိမ်းချမ်းပါစေ"တေးသီချင်းများကို သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမုန်၊ ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အိမ်ရှေ့မင်းသား၊ စင်ကာပူနိုင်ငံ အားကစားဝန်ကြီးနှင့် မလေးရှားနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် မိသားစုဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အမျိုးသား အိုလံပစ်ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များ၊ အားကစားသမားများတက်ရောက်ကြသည်။

ရှေးဦးစွာအနက်ရောင်ဝတ်စုံပြည့် ဝတ်ဆင်ထားသော ကျောင်းသား ၁,၅၀၀ တို့က ဓာတ်မီးများအသုံးပြု၍ကွင်းအတွင်း We can do စာတန်းနှင့် 27th SEA Games စာလုံးဖော်ပြသကာ ပိတ်ပွဲအခမ်းအနားကို စတင်သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့်တင်ဆက်ရာ "အားမာန်ဝင့်ချီရှေ့သို့ဆိ" အစီအစဉ်တွင် တင်ဆက်သူဦးရေ ၃၈၀ ပါဝင်ပြီး ပန်းဖွားအကဖြင့် ဖျော်ဖြေကာ '28th SEA Games' စာလုံးဖော်ပြသ၍လည်းကောင်း၊ "တို့မြန်မာခြင်းလုံး" အစီအစဉ်တွင် တင်ဆက်သူ ၂၂၂ ဦးတို့က အစွမ်းပြခတ်ကစားပြ၍လည်းကောင်း၊ "ဆင်ရတနာအက" အစီအစဉ်တွင် တင်ဆက်သူဦးရေ ၁၂၀၊ ဆင်ဖြူတော် ၁၀ စီးနှင့် ဆင်မည်း ၃၀ ပါဝင်ပြီး စစ်ချီထွက်ပုံ၊ စီးချင်းထိုးပုံတို့ကို သရုပ်ဖော်ပြကာ ဆင်များကလည်း ကပြဖျော်ဖြေကြ၍လည်းကောင်း၊ "ရောင်စုံပန်းများ၏မြစ်ကြေးမုံ" အစီအစဉ်တွင် တင်ဆက်သူ ၄၇၉ ဦးနှင့် "ထာဝရမြန်မာ" အစီအစဉ်တွင် တင်ဆက်သူ ၁,၅၄၂ ဦးတို့ ပါဝင်ကြ၍လည်းကောင်း တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဘင်ခရာတပ်ဖွဲ့နှင့် အလံကိုင်တပ်ဖွဲ့တို့ဦးဆောင်၍ အားကစားနည်း အမည်များကိုအင်္ဂလိပ်အက္ခရာစဉ်အတိုင်း အားကစားသမားများက ကွင်းအတွင်းသို့ချီတက် နေရာယူကြသည်။

ထိုအချိန်တွင် အစီအစဉ်တင်ဆက်သူမောင်မယ်တို့က ပါဝင်ယှဉ်ပြိုင်သည့်အားကစားသမားအရေအတွက်၊ ချီးမြှင့်သည့် ရွှေ၊ ငွေ၊ ကြေးတံဆိပ်အရေအတွက်များကို အားကစားနည်း ၃၃ မျိုးအတွက် ကြေညာသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဝင် Mr.Ng Ser Miang က (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းထံ အောင်မြင်မှုအထိမ်းအမှတ်လက်ဆောင်ပေးအပ်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ



(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားတွင် "တို့မြန်မာခြင်းလုံး" အစီအစဉ်ဖြင့်တင်ဆက်စဉ်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပိတ်ပွဲအခမ်းအနားဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတဦးဉာဏ်ထွန်းက ပြိုင်ပွဲသို့လာရောက်ကြသော နိုင်ငံအသီးသီးမှ ဧည့်သည်တော်များ၊ ပြိုင်ပွဲကိုတရားမျှတစွာ အောင်မြင်အောင်ကျင်းပပေးခဲ့ကြသော Technical Director များနှင့် ဒိုင်/ဂျူရီများ၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားများ၊ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် အပြင် စိမ်းလန်း၊ သန့်ရှင်း၊ ချစ်ကြည်ခြင်းဆောင်ပုဒ်နှင့်အညီ ချစ်ကြည်သန့်ရှင်းစွာ ယှဉ်ပြိုင်ခြင်းဖြင့် အာဆီယံညီအစ်ကိုများကြား ချစ်ကြည်ရေးသံတမန်ကောင်း တာဝန်ကိုပါကျေပွန်စွာထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင်မြန်မာအားကစားလက်ရွေးစင် မောင်မယ်များနှင့် နိုင်ငံတစ်ဝန်းတစ်ခဲနက်အားပေး ထောက်ခံခဲ့ကြသည့် မိဘပြည်သူအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း နှင့်မှတ်တမ်းတင်ဂုဏ်ပြုကြောင်းပြောကြားရင်း "ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုအချိန်မှစ၍ ပိတ်သိမ်းကြောင်းကြေညာလိုက်သည်" ဟူ၍ ကြေညာရာ မီးရှူးမီးပန်းများပစ်ဖောက် ဂုဏ်ပြုကာ တစ်ပြိုင်နက်တည်းတွင် ပင်မမီးရှူးတိုင်ရှိ မီးကို ဖြည်းညင်းစွာ မီးငြိမ်းသည်။

ထို့နောက် ဆီးဂိမ်းဖက်ဒရေးရှင်းအလံနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံတို့ကို အလံတိုင်ထိပ်မှ ဦးစွာလျှော့ချပြီး ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် စင်ကာပူသမ္မတနိုင်ငံတော်အလံကို လွှင့်တင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ဆီးဂိမ်းဖက်ဒရေးရှင်းအလံကို ၂၀၁၅ ခုနှစ်တွင် (၂၈) ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်စင်ကာပူ သမ္မတနိုင်ငံမှ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး Mr.Tan Chuam Jin ထံ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဘင်ခရာတပ်ဖွဲ့၊ အလံကိုင်တပ်ဖွဲ့နှင့်အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အောင်ပွဲရ မြန်မာအားကစားသမားများအား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၃၀ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနခွဲကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မော်ကွန်းသစ် ဗီဒီယိုကို ပြသသည်။ ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တို့က ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရ အားကစားအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။ ဆက်လက်၍ အားကစားသမားများ ကိုယ်စား ရွှေတံဆိပ်သုံးခုရ ဝူရှူးအားကစားသမား မောင်ဝေဖြိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စိုးအောင်

အဖြစ် လက်ခံကျင်းပမည့် စင်ကာပူနိုင်ငံက ဖော်ဖြေရေးအစီအစဉ်ဖြင့် တင်ဆက်သည်။ ထို့နောက် ပြန်ဆုံမယ် အစီအစဉ်ကို တင်ဆက်သူ ဦးရေ ၉၀၀ ဖြင့်ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ တေးသံရှင် နီနီခင်ဇော်က "Win the Day"၊ တေးသံရှင် ခေမီကိုက "ငြိမ့်သဲသွဲပျော်ဆီးဂိမ်းပွဲတော်၊" ထင်ပေါ်ကျော်ကြားတေးသံရှင်များက "မရိုးသောမြနန္ဒာ" တေးသီချင်းများကို တင်ဆက်ကြပြီး ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာကာ မီးရှူးမီးပန်းများပစ်ဖောက်ဂုဏ်ပြုသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့် အဖွဲ့များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက် ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။ ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်သည်။ ထို့နောက် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကားကို ဗီဒီယိုရုပ်သံဖြင့် ထုတ်လွှင့်ပြသသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ကူညီထောက်ပံ့ပေးခဲ့သူများအား လှည့်လည်နှုတ်ဆက်ပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပင်လုံညီလာစံ

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအား လုံးအတွက် နေ့ထူးနေ့မြတ်ကြီးဖြစ်သည့်အပြင် သမိုင်းဝင်သည့် နေ့တစ်နေ့လည်းဖြစ်သည်။

တိုင်းပြည်တစ်ပြည်တွင် စည်းလုံးညီညွတ်မှု ရရှိသောနေ့၊ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေး ရရှိသောနေ့သည်လည်း ထိုလူမျိုးအဖို့ အရေးကြီးပြီး အလွန်လည်းတန်ဖိုးကြီးလှသည်။ ထို့ကြောင့် လူသားတို့သည် စည်းလုံးညီညွတ်မှုကို လိုလားကြသည်သာ ဖြစ်သည်။ သို့သော် စည်းလုံးညီညွတ်မှုသည် အပြောနှင့် မရရှိနိုင်ပါ။ လွယ်လွယ်နှင့်လည်း မရရှိနိုင်ပါ။ အတွေး အခေါ် မှန်ကန်ပါမှ ရရှိနိုင်သည်။ ခေါင်းဆောင်ကောင်း ရှိမှလည်းရနိုင်သည်။ ခံစားမှုချင်းတူမှလည်း ရရှိနိုင် သည်။ ကြိုးစားအားထုတ်မှလည်း ရရှိနိုင်သည်ဟု သဘောပေါက်ကြရပါမည်။

စည်းလုံးညီညွတ်မှုသည် အရေးကြီးသကဲ့သို့ လွတ်လပ်မှုသည်လည်း အရေးကြီးသည်။ လူသားတို့ သည် လွတ်လပ်သောသတ္တဝါဖြစ်သည်။ ပင်ကိုဗီဇအား ဖြင့် လွတ်လပ်ခြင်းကို နှစ်သက်သည်။ ချုပ်ချယ်မှုကို မကြိုက်နှစ်သက်ပါ။ မတရားနှိပ်စက်မှုကိုလည်း မကြိုက်ကြပါ။ အတင်းအကျပ် ခိုင်းစေမှုကိုလည်း မကြိုက်ကြပါ။ လူလူချင်းနှိပ်စက်မှုကိုလည်း မနှစ်သက် ကြပါ။ လူလူချင်း အဆင့်အတန်းခွဲခြားမှုကိုလည်း မနှစ်သက်ကြပါ။ လူလူချင်းကျွန်ပြုခြင်းကိုလည်း မနှစ် သက်ကြပါ။ တိုင်းပြည်ချင်းလည်း ကြီးနိုင်ငယ်ညှဉ်း ပြုမူခြင်းကို မကြိုက်ကြပါ။ ထို့ကြောင့်လူသားတို့သည် မိမိပိုင်နယ်မြေကို မိမိကသာ အုပ်ချုပ်လိုကြသည်၊ ရယူလိုကြသည်၊ လွတ်လပ်လိုကြသည်။ ကျွန်ဘဝမှ လွတ်မြောက်လိုကြသည်။ မလွတ်လပ်သည့် ကျွန်ဘဝ၏ ခံစားမှုများကို သိလာသည့်အခါတိုင်း လွတ်လပ်မှုကို လိုလားလာကြသည်။ လွတ်လပ်အောင် ကြိုးစားလာကြ သည်။ လွတ်လပ်ရေးရယူရာ၌ သော့ချက်သဖွယ် အရေးအကြီးဆုံးသောအချက်သည် စည်းလုံးညီညွတ် ရေးပင်ဖြစ်သည်။ မည်သည့် လူ့ကိစ္စမျိုးကိုမဆို စည်းလုံးညီညွတ်မှုရရှိမှ အောင်မြင်နိုင်မည်ဖြစ်ပေ သည်။

ထို့အတူပင် မြန်မာ့လွတ်လပ်ရေး မည်သို့ မည်ပုံရယူခဲ့ကြသနည်းဆိုသည့် သမိုင်းဖြစ်ရပ်မှန် များကို ပြန်လည်သုံးသပ်ကြည့်သည့်အခါ အတွေး အခေါ်မှန်ကန်မှု၊ ခေါင်းဆောင်ကောင်းများပေါ်ထွန်း လာမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိမှု စသည့် အချက်သုံးချက် သဟဇာတညီညွတ်စွာ စည်းဝါး ကိုက်သောကြောင့် တိုင်းပြည်လွတ်လပ်ရေးရရှိခြင်း ဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပေသည်။

အတွေးအခေါ်မှန်ကန်မှု

ခရစ်နှစ် အေဒီ ၁၀၄၄ ခုနှစ်တွင် အနော် ရထာမင်း၏ စည်းရုံးမှုကြောင့် ပထမမြန်မာနိုင်ငံတော် ၏ အချုပ်အခြာအာဏာကို ပိုင်ဆိုင်နိုင်ခဲ့သည်။ အေဒီ ၁၀၄၄ ခုနှစ်မှ အေဒီ ၁၈၈၅ ခုနှစ်အထိ မြန်မာနိုင်ငံ သည် ကိုယ့်မင်းကိုယ့်ချင်းအဖြစ် ရပ်တည်နေထိုင် ခဲ့သော နိုင်ငံဖြစ်သည်။ သို့သော် အေဒီ ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ အေဒီ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ အေဒီ ၁၈၈၅ ခုနှစ်တွင်တစ်ကြိမ် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ပြီး စစ်ရှုံးကာ သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ အောက်မြန်မာပြည်သည် နှစ်ပေါင်း (၁၀၀) ကျော်၊ အထက်မြန်မာပြည်သည် နှစ်ပေါင်း (၆၀) ကျော် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝနှင့် နေထိုင်ခဲ့ရ သည်။

မြန်မာပြည်ကို သိမ်းသွင်းပြီးနောက် အင်္ဂလိပ် တို့သည် နယ်မြေခွဲခြားအုပ်ချုပ်မှု မူဝါဒကိုကျင့်သုံးခဲ့ သဖြင့် တိုင်းရင်းသားလူမျိုးများသည် အကွဲကွဲ အပြားပြား နေထိုင်ခဲ့ကြရသည်။ သွေးခွဲအုပ်ချုပ်မှု

ဝါဒကြောင့် တိုင်းရင်းသားလူမျိုးစုတို့သည် စိတ်ဝမ်းကွဲပြားသည့်ဒဏ်ကို ခံခဲ့ကြရသည်။ သို့သော်လွတ်မြောက်လိုသော ဆန္ဒသည် ပျောက်ကွယ်သွားခြင်းမရှိပေ။ ပြည်နယ်နှင့် ပြည်မတို့၏ ကျွန်ဘဝခံစားမှု သည်ကွာခြားမှုမရှိပါ။ ပြည်မသားများခံစားရသကဲ့သို့ ပြည်နယ်သားများသည်လည်း ခံစားကြရသည်။ ထို့တူညီသောခံစားမှုကြောင့်ပင် တူညီသောအတွေးအခေါ်များသည်လည်း ဖြစ်ပေါ်လာရသည်။ လွတ်လပ်ရေးကို ရယူလိုသောအချက်သည် တူညီသောအတွေးအခေါ်ဖြစ်သည့်အပြင် မှန်ကန်သောအတွေးလည်းဖြစ်လာခဲ့သည်။

မှန်ကန်သောခေါင်းဆောင်များပေါ်လာခြင်း

မည်သည့်လုပ်ငန်းကိစ္စမျိုးမဆို လုပ်ကိုင်ရာတွင် ဦးဆောင်ဦးရွက် လုပ်ကိုင်မည့်သူသည် အလွန်အရေးကြီးသည်။ ခေါင်းဆောင်ကောင်းမှသာ နောက်လိုက်ကောင်းလည်း ပေါ်လာနိုင်သည်။ ခေါင်းဆောင်လုပ်သူ၏ အရည်အချင်းညံ့ဖျင်းလျှင် မည်သည့်လုပ်ငန်းမျိုးမဆို မအောင်မြင်နိုင်ပါ။ အထူးသဖြင့် နိုင်ငံတော်၏ ကံကြမ္မာ၊ လူမျိုးတစ်မျိုး၏ကံကြမ္မာကို ဖန်တီးရာတွင် ခေါင်းဆောင်၏ အရည်အချင်းသည် အလွန်အရေးကြီးသည်။ အမြင်ကျယ်မှုနှင့် မိမိနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်သမိုင်းကို မျှော်မှန်းဆက်စပ်နိုင်သော အရည်အချင်းလည်းရှိရမည်။ အနစ်နာခံနိုင်မှု၊ စိတ်ရှည်မှု၊ သတ္တိဗျတ္တိရှိမှု အစရှိသော အရည်အသွေးများနှင့် ပြည့်စုံရမည်။ ကျွန်ုပ်တို့၏ နိုင်ငံတွင် လွတ်လပ်ရေးတိုက်ပွဲဝင်နေသည့် ကာလ၌ ထိုအရည်အချင်းများနှင့် ပြည့်စုံသော ခေါင်းဆောင်ကောင်းများရှိပါသလားဟု မေးလျှင်ရှိပါသည်ဟု ဖြေရမည်ဖြစ်သည်။

ပြည်မတွင် လှုပ်ရှားနေသော နိုင်ငံရေးခေါင်းဆောင်များကို ဆန်းစစ်ကြည့်လျှင် အရည်အချင်းနှင့်ပြည့်စုံသူများ အလုံအလောက်ရှိသည်။ အင်္ဂလိပ်တို့နှင့် ယှဉ်ပြိုင်စကားပြောဆိုနိုင်သော ပုဂ္ဂိုလ်များ အလုံအလောက်ရှိသည်။ ထိုသို့သောပုဂ္ဂိုလ်များထဲတွင် ပြည်တွင်းနှင့်ပြည်ပနိုင်ငံရေးအခြေအနေများကို ပိုင်ပိုင်နိုင်နိုင် သုံးသပ်နိုင်သည့် အင်္ဂလိပ်တို့နှင့် ယှဉ်ပြိုင်ပြောဆိုနိုင်သည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ပုဂ္ဂိုလ်ပေါ် ပေါက်လာခဲ့သည်။ ပြည်နယ်ဆိုင်ရာ ခေါင်းဆောင်များကို သုံးသပ်ကြည့်လျှင် ကိုယ့်လူမျိုးကိုခေါင်းဆောင်နိုင်သည့် စော်ဘွားများ၊ စောဖျားများ၊ ဒူဝါများ၊ တောင်အုပ်များ ပေါ်ထွက်လာကြသည်။ ပြည်သူ့ကိုယ်စားလှယ်ကောင်းများ ပေါ်ပေါက်ခဲ့သည်။ ဤပုဂ္ဂိုလ်များသည် လက်ရွေးစင်ခေါင်းဆောင်များဖြစ်လာကြသည်။ ပြည်မခေါင်းဆောင်များနှင့် လွတ်လပ်ရေးရယူလိုသည့် အတွေးအခေါ်များ တူညီကြသည်။ ကျွန်ဘဝတွင် နှစ်ပေါင်းများစွာ အတူတကွ ဒုက္ခများခံစားကြရပြီးမှ လွတ်လပ်ရေးရရှိလာသည့် အချိန်အခါတွင် အခွင့်အရေးများကို ခွဲခြားပြီးယူရန် မသင့်ကြောင်းကိုလည်း သဘောပေါက်လာကြသည်။ ထိုစဉ်အခါက ဗမာလူမျိုး တစ်မျိုးတည်းက လွတ်လပ်ရေးကို ရယူလျှင်ဖြစ်နိုင်သည်။ သို့သော် အားလုံးသော တိုင်းရင်းသားလူမျိုးစုများနှင့်အတူယူခြင်းကသာ ပိုမို မှန်ကန်သည်ဟု သဘောပေါက်လာကြသည်။ တောင်ပေါ်ဒေသတိုင်းရင်းသားများမပါဘဲမယူခဲ့ပါ။ ယူခဲ့လျှင်လည်း မြန်မာပြည်၏ မြေပုံသည် ယခုကဲ့သို့ ပုံပေါ်နေမည်မဟုတ်ပါ။ Myanmar Proper တစ်ခု၏ မြေပုံသာလျှင် ပေါ်လွင်နေပါမည်။ ယခုလက်ရှိမြေပုံသည်သာ သမိုင်းအရ တိကျမှန်ကန်ပြီး ယခုအတိုင်း တည်ရှိအောင် မည်သို့ကြိုးစားကြမည်နည်း။

ပြည်နယ်ပြည်မတိုင်းရင်းသားစည်းလုံးညီညွတ်မှု

လွတ်လပ်ရေးသည် တိုင်းရင်းသားလူမျိုးအားလုံး၏ အသက်သွေးကြောပင်ဖြစ်သည်။ လွတ်လပ်ရေးကို တောင်းယူသည်ဖြစ်စေ၊ တိုက်ယူသည်ဖြစ်စေ ပြည်သူပြည်သားများ၏ စည်းလုံးညီညွတ်သည့် အင်အားများမပါဘဲ မရရှိနိုင်ပါ။ လွတ်လပ်ရေးတိုက်ပွဲကို တောင်းဆိုနေသည့် ကာလများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိပါသလား။ ပြည်သူပြည်သားအားလုံး၏ စည်းလုံးညီညွတ်မှု ရှိပါသလားဆိုသည့် မေးခွန်းကိုမေးလျှင် ရှိသည်ဟုဖြေရမည်ဖြစ်သည်။ လွတ်လပ်ရေးတောင်းဆိုတိုက်ပွဲဝင်သော

အချိန်ကာလတွင် ပြည်နယ်နှင့်ပြည်မခေါင်းဆောင်များသည် အချင်းချင်းမနားမနေ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။ အပေးအယူလုပ်ကြသည်။ စိတ်ရှည်သည်းခံခွင့်လွှတ်ကြသည်။ ရည်မှန်းချက်ပန်းတိုင်ကို လက်လွှတ်မဆုံးရှုံးရအောင် ကြိုးပမ်းခဲ့ရသည့် အတိတ်ကို မည်သူရေးသားခဲ့သနည်း။ ပြည်ထောင်စုသမိုင်း၊ လွတ်လပ်ရေးသမိုင်းကို လေ့လာသူတိုင်း၊ သိရှိသူတိုင်း၊ အလေးထားသူတိုင်းသည် "ပင်လုံညီလာခံ" ကိုသတိရကြပါမည်။ ပင်လုံညီလာခံသည် ခေတ်သစ်မြန်မာနိုင်ငံတော်၏ သမိုင်းမှတ်တိုင်အသစ်ဖြစ်သည်။

ညောင်ရွှေလူထုကိုယ်စားလှယ် ဦးတင်ဇ (ရှမ်းပြည်) နှင့်
မြန်မာအစိုးရ ကိုယ်စားလှယ် ဗိုလ်ချုပ်အောင်ဆန်းတို့
ပင်လုံစာချုပ် လက်မှတ်ရေးထိုးနေစဉ်

သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ် သုံးသပ်ကြည့် လျှင် သိသာနိုင်သည်။ သို့သော် ထိုသို့ ဆွေးနွေးညှိနှိုင်းရာတွင် အထစ်အငေါ့လေးများ၊ အခက်အခဲများ၊ သဘောထားကွဲလွဲမှုများ၊ အယူအဆ မတူသည်များ၊ ခြားနားကွဲပြားမှုများ ရှိနိုင်သည်။ သို့သော်လည်း ထိုအခက်အခဲအားလုံးကို ကျော်လွှားနိုင်ခဲ့သည်။ နောက်ဆုံးတွင် လွတ်လပ်ရေးကို မည်သို့သောနည်းဖြင့် ရယူမည်ဆိုသည်ကို သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။

ပင်လုံညီလာခံ

ထိုသစ္စာအဓိဋ္ဌာန်ပြုခြင်းကို ပြည်နယ်ပြည်မခေါင်းဆောင်များသည် မည်သည့်နေရာတွင် ပြုလုပ်ခဲ့ပါသနည်း။ မည်သည့်နေရာတွင် မည်သည့်ခေါင်းဆောင်များကြောင့် ရယူနိုင်ခဲ့ပါသနည်း။ သမိုင်းဖြစ်ရပ်အမှန် လွတ်လပ်သည့်နိုင်ငံ၊ လွတ်လပ်သည့်လူမျိုးအဖြစ် ကိုယ့်ကိုယ်ကိုယ် လက်ခံခဲ့လျှင်၊ ယူဆခဲ့လျှင် ပင်လုံညီလာခံကို မမေ့သင့်ကြောင်း သတိပြုစေလိုသည်။

ကျွန်ုပ်တို့အားလုံး မေ့ပျောက်၍မရနိုင်စေရန်၊ အမြဲသတိရနေစေရန် ပင်လုံညီလာခံက ဆောင်ရွက်ပေးသည့် ထာဝရအရေးကြီးသောအချက် (၃) ချက်မှာ တိုင်းရင်းသား လူမျိုးစုများအားလုံး စည်းလုံးညီညွတ်စေခဲ့ခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ပေါ်ထွန်းစေခဲ့ခြင်း၊ လွတ်လပ်ရေးရရှိစေပြီး မြန်မာနိုင်ငံကို အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်စေနိုင်ခဲ့ခြင်းတို့ပင်ဖြစ်သည်။

ဤအချက်သုံးချက်ကို ပင်လုံညီလာခံက ရယူဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းကို ပြည်ထောင်စုသားတိုင်း မှတ်ယူရမည်။ အလေးထားရမည်ဖြစ်

သည်။ ပြည်ထောင်စုနိုင်ငံသားများအားလုံးအတွက် ပင်လုံညီလာခံသည် အဓိကအကျဆုံးသော သမိုင်းမှတ်တိုင်ဖြစ်သည်ကို အသိအမှတ်ပြုရမည်။ ဖော်ပြပါအချက်များသည် သမိုင်းဖြစ်ရပ်အမှန်ဖြစ်သည်။

ပထမပင်လုံညီလာခံ

ပင်လုံမြို့သည် ရှမ်းပြည်နယ်အလယ်ပိုင်းတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ထိုစဉ်အခါက ပင်လုံမြို့ကလေးသည် လဲချားမြို့နယ်ကို အုပ်ချုပ်သော လဲချားစော်ဘွားပိုင်သည့် မြို့တစ်မြို့ဖြစ်သည်။ ရှမ်းပြည်နယ်၏အလယ်တွင်တည်ရှိသော မြို့ ဖြစ်သောကြောင့် ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများအတွက် ကူးလူးဆက်ဆံရာတွင် အချက်အချာမြို့ တစ်မြို့ဖြစ်သည်။

ဤမြို့ကလေးတွင် ပြည်နယ်၊ ပြည်မနိုင်ငံခေါင်းဆောင်များ ညီလာခံနှစ်ကြိမ်ကျင်းပခဲ့သည်။ ပထမပင်လုံညီလာခံကို ၁၉၄၆ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ကျင်းပပြီး ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၁၂ ရက်အထိ ဒုတိယပင်လုံညီလာခံကို ကျင်းပခဲ့သည်။ ဤပင်လုံညီလာခံနှစ်ကြိမ်စလုံး၏ ကုန်ကျစရိတ်ကို လဲချားစော်ဘွားစဝ်နွံက အကုန်အကျခံခဲ့သည်။

ပထမအကြိမ်ပင်လုံညီလာခံကျင်းပရသည့် အဓိကအကြောင်းရင်းနှစ်ရပ်မှာ အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုအောက်တွင် ကျင်လည်ခဲ့ရသည့် ပဒေသရာဇ်စနစ်ကို ပြန်လည်သုံးသပ်ဆန်းစစ်ကြည့်ရန်နှင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက်ပိုင်းတိုးတက်ပြောင်းလဲလာသည့် ပြည်နယ်၊ ပြည်မနိုင်ငံရေးကိစ္စများကို တစေ့တစောင်းသုံးသပ်ကြည့်ရန်ဆိုသည့် အကြောင်းနှစ်ရပ်ကို တွေ့ရသည်။

ပထမအကြောင်းရင်းနှင့်စပ်လျဉ်း၍ ဆန်းစစ်ကြည့်ပါက အင်္ဂလိပ်တို့သည် နယ်ရှင်ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းခြင်းမပြုဘဲ ပြန်လည်ထားရှိသည်။ သို့သော် စနစ်ကို ၎င်းတို့ကထိန်းချုပ်ထားပြီး ၎င်းတို့၏ အုပ်ချုပ်မှုသက်တမ်းရှည်စေရန်၊ အကျိုးပြုစေရန် အသုံးချခဲ့သည်။ နယ်ရှင်ပဒေသရာဇ်စော်ဘွားများ၏ အုပ်ချုပ်ရေးအာဏာနှင့် လုပ်ပိုင်ခွင့်အားလုံးကို ချုပ်ကိုင်ထားသည်ကို စော်ဘွား၏ခန့်စာ "ဆနပ်ဒ်" (Sanad) ကို ကြည့်လျှင် ရှင်းလင်းစွာသိရှိနိုင်သည်။ ယင်းခန့်စာတွင် ပိတ်ပင်တားမြစ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- နယ်ရှင်ပဒေသရာဇ်များသည် အင်္ဂလိပ်အစိုးရက သတ်မှတ်ထားသော အခွန်တော်ငွေများကို မပျက်မကွက် ကောက်ခံပေးရသည်။
- ၎င်းတို့၏ နယ်အတွင်းရှိ မြေပေါ်၊ မြေအောက်သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပိုင်ခွင့်ကိုလည်း ပိတ်ပင်တားဆီးထားသည်။
- နယ်ရှင်စော်ဘွားများသည် ရှမ်းဓလေ့ထုံးစံနှင့်အညီ အုပ်ချုပ်ခွင့်ရှိသော်လည်း အင်္ဂလိပ်တို့က ပြဋ္ဌာန်းထားသည့်ဥပဒေများကို တစ်သဝေမတိမ်း လိုက်နာရသည်။
- နယ်ရှင်စော်ဘွားများ၏ တရားစီရင်ရေးအာဏာများကို ကန့်သတ်ချုပ်ချယ်ထားသည်။
- မိမိနယ်ကိစ္စလုပ်ကိုင်ဆောင်ရွက်သမျှကို အင်္ဂလိပ်အရာရှိများအား အစီရင်ခံရသည်။
- နာမည်ကြီးစော်ဘွားများကို အနီးကပ်ထိန်းချုပ်နိုင်ရန် အင်္ဂလိပ်အရာရှိကို တွဲဖက်ထားသည်။
- စော်ဘွားများ၏ထီးနန်းဆက်ခံရာတွင် အင်္ဂလိပ်အစိုးရအား အသိမပေးဘဲ ဆက်ခံခွင့်မရှိပါ။ ဆက်ခံမည့် ၎င်းတို့၏သားသမီးအမည်များကို အင်္ဂလိပ်အစိုးရထံသို့ တင်ပြရသည်။
- နိုင်ငံခြားသားများ ပြစ်မှုကျူးလွန်ပါက နယ်ရှင်ပဒေသရာဇ်များက စစ်ဆေးပိုင်ခွင့်၊ စီရင်ပိုင်ခွင့် မရှိပါ။
- နယ်ကျော်သွားလာမှုကို အင်္ဂလိပ်တို့က ပိတ်ပင်ခဲ့သည်။

နယ်ရှင်စော်ဘွားများသည် အင်္ဂလိပ်တို့၏ လက်အောက်တွင် နှစ်ပေါင်း ၆၀ ကျော်နေခဲ့ရ၏။

ပင်လုံညီလာခံသို့ တက်ရောက်လာသည့် ဦးဖေခင်၊ ဘားနက်လက်ဒဝစ်
(မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးရုံးအရာရှိ) မစ္စတာ ဘော်တွမ်လေ နှင့် ဗိုလ်ချုပ်အောင်ဆန်း

ၵင်းတို့၏ဩဝါဒကို ခံခဲ့ရသည်။ ကိုယ်ပိုင်ဥပဒေ ၵင်းတို့စိတ်ကြိုက်ကိုသာ လုပ်ဆောင်ခဲ့သည်။ အင်္ဂလိပ် ပြဋ္ဌာန်းခွင့်ကို သဘောလောက်သာထားပေးပြီး အမှန်တကယ်ကျင့်သုံးကြည့်သည့်အခါ မရကြောင်း သိရှိခံစားလာကြရသည်။ ၁၉၂၂ ခုနှစ်တွင် အုပ်ချုပ်မှုစနစ်အဖြစ် Federated Shan States အုပ်ချုပ်မှုစနစ်ကို တီထွင်ခဲ့သည်။ အကြီးအကဲရာထူးကို အင်္ဂလိပ်အရာရှိကိုသာပေးသည်။ နယ်ရှင်စော်ဘွားများ လုပ်ပိုင်ခွင့်မှာ ဘာမှမရှိပါ။ ၁၉၃၀ ပြည့်နှစ်တွင် ပြည်မခေါင်းဆောင်များ အင်္ဂလိပ်အစိုးရနှင့်ဆွေးနွေးပြီး အုပ်ချုပ်ရေးရာ ပြုပြင်ပြောင်းလဲရေးများလုပ်ရန်ရှိသည်ကို နယ်ရှင်စော်ဘွားများက ဝင်ရောက်ဆွေးနွေးတောင်းဆိုခဲ့သော်လည်း ခွင့်မပေးဘဲပိတ်ပင်ထားခဲ့သည်။

ဂျပန်ခေတ်ရောက်လာသော်လည်း နယ်ရှင်စော်ဘွားများ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ တိုးတက်မှုမရှိသည့်အပြင် ကျိုင်းတုံနယ်နှင့် မိုင်းပန်နယ်တို့ကို စစ်အတွင်း မိမိဘက်သို့ ဝင်လာစေရန် ဂျပန်အစိုးရက ထိုင်းနိုင်ငံသို့ လက်ဆောင်အဖြစ်ပေးခဲ့သည်။ နယ်ရှင်စော်ဘွားများ၊ ရှမ်းလူထုကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ သဘောထားယူခြင်းများမပြုလုပ်ဘဲ တိုးပြန်ဝင်လာပြီး နယ်မြေခွဲခြားအုပ်ချုပ်မှု မူဝါဒကို ဆက်လက် ကျင့်သုံးပြန်သည်။ ထိုထိုသော အဘက်ဘက်မှ ဖိနှိပ်ချုပ်ချယ်မှုကြောင့် နယ်ရှင်စော်ဘွားများနှင့် လူထုကိုယ်စားလှယ်များသည် ရှမ်းပြည်၏ ကျွန်ဘဝအတွေ့အကြုံကို ပြန်လည်ဆန်းစစ်လိုသောအသိဖြင့် ဤပထမညီလာခံကို ကျင်းပခြင်း ဖြစ်သည်။ အခြားအဓိကကျသော အကြောင်းရင်းတစ်ရပ်မှာ မြေပြန့်ဒေသတွင်ရှိသော ဗမာလူမျိုးတို့၏ နိုင်ငံရေးလှုပ်ရှားမှုဂယက်သည် ရှမ်းပြည်နယ်သို့ပါ အရှိန်ရိုက်ခတ်လာခြင်း ဖြစ်သည်။ နိုင်ငံရေးအမြင်ရှိသော နယ်ရှင်စော်ဘွားအချို့သည် မြန်မာ့နိုင်ငံရေး တိုးတက်မှုအခြေအနေကို လေ့လာကြသည်။ နားစွင့်ကြသည်။ နိုင်ငံရေးအမြင်၊ နိုင်ငံရေး အသိကြွယ်ဝသော ရှမ်းပြည်လူငယ်များသည် ပြည်မကြီး၏ နိုင်ငံရေးလှုပ်ရှားမှုတွင် စိတ်ဝင်စားလာကြသည်။ ပါဝင်လာကြသည်။ ပို၍ပို၍ လေ့လာကြသည်။ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်အထိ တိုးတက်လာကြသည်။ ပြည်မနှင့်လက်တွဲ၍ လွတ်လပ်ရေးရယူရန် ဆန္ဒပြင်းပြ

လာကြသည်။ ရှမ်းပြည်နယ်လူထုကို စည်းရုံးလာကြသည်။ ပထမညီလာခံတွင် နယ်ရှင်ပဒေသရာဇ် နစ်နာချက်ကိစ္စရပ်များအပြင် ပြည်နယ်၊ မြေပြန့်နှိုင်ငံရေး လူပ်ရှားမှုများတွင် ဗမာလူမျိုးတို့နှင့် လက်တွဲပြီး လွတ်လပ်ရေးရယူ လိုသောဆန္ဒအရှိန်အဟုန်သည်လည်း ပထမပင်လုံညီလာခံတွင်းသို့ စိမ့်ဝင်ထင်ဟပ်လာသည်ကို တွေ့မြင်လာသည်။

တောင်ပေါ်၊ မြေပြန့်သားများအားလုံး လက်တွဲ၍ လွတ်လပ်ရေးကိုတောင်းဆိုရာတွင် အနှောင့်အယှက်ကင်းပြီး ခြောက်ပြစ်ကင်းသဲလဲစင်ရှောရှောရှူရှူ ဖြစ်သည်ဟု တွက်ဆ၍မရပါ။ အင်္ဂလိပ်တို့သည် ပဒေသရာဇ်စော်ဘွားများနှင့် ပြည်သူ့ကိုယ်စားလှယ်ခေါင်းဆောင်များ၏ ခြေလှမ်းကို အချိန်ပြည့်စောင့်ကြည့်ခဲ့သည်။ အဟန့်အတားပိတ်ပင်မှုမျိုးစုံရှိသည်။ မြေပြန့်သားဗမာများနှင့် မပူးပေါင်းရန် တောင်ပေါ်သားများကိုလည်း စည်းရုံးသည်။ ဗမာများနှင့် လက်မတွဲနှင့်၊ ၎င်းတို့လက်အောက်တွင်နေလျှင် ပိုမိုတိုးတက်မှုရှိနိုင်ကြောင်း၊ ယခုထက်အခွင့်အရေးများ ပေးမည်ဖြစ်ကြောင်း စည်းရုံးသည်။ ၎င်းတို့၏စည်းရုံးမှုကို နားယောင်ပြီး အထင်ကြီးခဲ့သောသူများရှိခဲ့သည်။

ဗမာများလွတ်လပ်လျှင် တို့တစ်တွေသည်လည်း လွတ်လပ်ရမည်။ ဤလွတ်လပ်ရေးကို လူမျိုးတစ်မျိုးတည်းမှ ရယူမည့်အစား တိုင်းရင်းသားများတစ်စုတစ်ဝေးတည်းလက်တွဲပြီး ရယူသည်က ပို၍သေချာသည်ဟု တွက်ဆသည့်အုပ်စုလည်းရှိသည်။ အနာဂတ်တွင် ကြုံတွေ့ရမည့်အခက်အခဲများကိုလည်း တွေ့မြင်လာသည်။ တောင်တန်းဒေသခေါင်းဆောင်များနှင့် လူငယ်ခေါင်းဆောင်များသည် ကိုယ်ကျိုးစွန့်ပြီး မနားမနေစည်းရုံးလာကြသဖြင့် နောက်ဆုံးတွင် ပြည်နယ်၊ ပြည်မသားများအားလုံး လက်တွဲလျက် လွတ်လပ်ရေးကိုရယူသည်က ပို၍လျင်မြန် ထိရောက်သည်ဟု ထင်မြင်လာကြသဖြင့် တစ်ခုတည်းသော သန္နိဋ္ဌာန်ကိုချကြသည်။ ဗမာများနှင့် လက်တွဲမည်။ အခြားမည်သည့်နည်းလမ်းကိုမျှ မရွေးနှင့်တော့ဟု ပထမညီလာခံသို့တက်ရောက်လာသော တောင်တန်းဒေသခေါင်းဆောင်များ၊ လူငယ်ခေါင်းဆောင်များက ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချကြသည်။ ပထမညီလာခံတွင် ထင်ပေါ်သော ဗမာခေါင်းဆောင်သည် ဦးစောပင်ဖြစ်သည်။ ဦးစောသည် တောင်တန်းဒေသခေါင်းဆောင်များ၏ မေးခွန်းအထွေထွေကို ဖြေကြား၏။ ရှင်းပြ၏။ တောင်တန်းဒေသခေါင်းဆောင်များကလည်း ရိုးသားစွာ ယုံကြည်လာကြသည်။ ခင်မင်ရင်းနှီးလာသည်။ သံသယစိတ်များလည်း အနည်းငယ်ပြေလျော့လာသည်။ အင်္ဂလိပ်နှင့်ဗမာမည်သူ့ကို ရွေးကြရမည်ကို စဉ်းစားလာကြသည်။ သို့သော် ထုတ်ဖော်၍ကား မပြောသေးပေ။ နယ်ရှင်ပဒေသရာဇ်များကလည်း နှစ်ပေါင်း (၆၀) ကျော် ခံစားခဲ့ကြရသော ဒဏ်ရာများကို မေ့၍မရသေးချေ။ ဂျပန်အစိုးရက ကျိုင်းတုံနယ်နှင့်မိုင်းပန်နယ်တို့ကို ထိုင်းနိုင်ငံသို့လက်ဆောင်ပေးအပ်လိုက်သောအချက်များကိုလည်း လေးလေးနက်နက် စဉ်းစားလာကြသည်။ ကမ္ဘာ့နိုင်ငံရေး၊ ဗမာ့နိုင်ငံရေးသည် အလျင်အမြန်ပြောင်းလဲလာသည်ကို ကောင်းစွာရိပ်မိကြသော နယ်ရှင်ပဒေသရာဇ်များ၊ ပြည်သူ့ခေါင်းဆောင်လူငယ်များ ကောင်းစွာသဘောပေါက်လာသောအချက်သည် အဓိကကျသော အချက်ဖြစ်လာတော့သည်။

ပထမညီလာခံတွင် ဦးစောဦးဆောင်သော မျိုးချစ်ပါတီမှပုဂ္ဂိုလ်များ တက်ရောက်သည့်အပြင် ဦးတင်ထွဋ်နှင့် ဦးနုတို့လည်းတက်ရောက်သည်။ ဦးနုက ဤညီလာခံတွင် မိန့်ခွန်းပြောသည်။ မိတ္ထီလာမှ ဦးဘရင်လည်းမိန့်ခွန်းပြောသည်။ ဤညီလာခံသို့ အင်္ဂလိပ်ဘုရင်ခံတက်ရောက်ရန်ရှိသော်လည်း နေထိုင်မကောင်းဖြစ်၍ မတက်ရောက်နိုင်ခဲ့ပေ။ ၎င်း၏မိန့်ခွန်းကို နယ်ခြားဒေသ ညွှန်ကြားရေးမှူးချုပ် မစ္စတာစတီဗင်ဆင်ကဖတ်ကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် အင်္ဂလိပ်တို့ ရှမ်းပြည်နယ်စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေးများ တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဖတ်ကြားတင်ပြသွားသည်။ နယ်ခြားဒေသကိစ္စများကိုလည်း ထည့်သွင်းပြောကြားသွားသည်။ သို့သော်ဦးစော၏ အပြောကောင်းမှုကြောင့် ဗမာခေါင်းဆောင်ပြောသော

အချက်များကို သဘောကျလာကြသော ကိုယ်စားလှယ်များသည် စိတ်ဝင်စားလာကြပြီး ဤညီလာခံတွင် ရှမ်းမြန်မာပူးပေါင်းသော ယဉ်ကျေးမှုအသင်း တည်ထောင်ရန် သဘောတူကြသည်။ ဤအသင်းကြီးတွင် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ဥက္ကဋ္ဌဖြစ်ပြီး ဦးစောကအသင်း၏ အတွင်းရေးမှူးဖြစ်သည်။ ဤညီလာခံသို့ တက်ရောက်လာကြသော တောင်ပေါ်၊ မြေပြန့်ကိုယ်စားလှယ်များအား လုံးတို့သည် သီးခြား လွတ်လပ်ရေး တောင်းယူခြင်းမပြုကြဘဲ မြေပြန့်ဗမာခေါင်းဆောင်များနှင့်သာ လက်တွဲလျက် လွတ်လပ်ရေးကို ရယူရန် ဆုံးဖြတ်ကြပြီးလျှင် ဒုတိယပင်လုံညီလာခံကို ပင်လုံမြို့တွင် ဆက်လက်ကျင်းပရန် ဆုံးဖြတ်ကြသည်။

ဒုတိယပင်လုံညီလာခံ

ဒုတိယပင်လုံညီလာခံကို ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပသည်။ ဤညီလာခံသည် နိုင်ငံရေးဆွေးနွေးပွဲအပြင် ပြပွဲ၊ ရှိုးပွဲ၊ ဟောပြောပွဲ၊ ရုပ်ရှင်ပြပွဲ၊ ကြွေးကြော်သံဖြင့် ဆန္ဒပြပွဲတို့လည်းပါဝင်ကြောင်း ညီလာခံ၏ အစီအစဉ်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ဤညီလာခံအတွက် ကုန်ကျစရိတ်ကိုလည်း လဲချားစော်ဘွားကြီးစဝ်နွံကပင် အကုန်အကျခံသည်။

ညီလာခံသို့ တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသည့် ပုဂ္ဂိုလ်များစာရင်းကို တွေ့ရသော်လည်း တက်ရောက်ခြင်းပြု၊ မပြုကိုမူ စာရင်းအတိအကျ မသိရပေ။ ဖိတ်ကြားသည့်စာရင်းတွင် ပါဝင်သူများမှာ ဘုရင်ခံနှင့်မိသားစု၊ မစ္စတာအိပ်ရှ်-အင်န်-စီ စတီဗင်ဆင်၊ မစ္စတာ အယ်လ်-အာရ်-အောက်ဒင့်၊ မစ္စတာ ဂျေ-အယ်လ်-လေဒင်၊ အမေရိကန်ပြည်ထောင်စုကောင်စစ်ဝန်၊ တရုတ်နိုင်ငံကောင်စစ်ဝန်၊ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးကိုယ်စားလှယ်၊ ဘုရင်ခံရုံးမှ အမှုဆောင်အဖွဲ့ဝင်များဖြစ်ပြီး မြန်မာကိုယ်စားလှယ်များမှာ ဦးအောင်ဆန်း၊ ဦးဘဖေ၊ ဦးမြ၊ သခင်မြ၊ ဦးစော၊ သခင်ဗစိန်၊ မန်းဘခိုင်၊ စောဘခိုင်၊ ဦးတင်ထွဋ်၊ ဦးအောင်ဇံဝေ၊ ဆာမောင်ကြီး၊ ဦးသိန်းလွင် (သစ်တော)၊ ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ ဆာမြဘူး၊ ဦးပု၊ ဦးဘဒွန်း၊ ဦးသက်စု၊ ဦးခင်းမ်မိုင်း၊ ဦးဘလွင်၊ ဦးတင့်ဆွေ၊ ဦးချို၊ ဦးကောင်း၊ ဦးလှဖေ၊ ဦးစိန်၊ ဦးဘကလေး၊ ဦးချစ်လှိုင်၊ မေဂျာရှန်လုံ၊ ဆာဦးသွင် (ရန်ကုန်)၊ ဘီအိုင်အေ ဦးမောင်ကြီး (မန္တလေး)၊ ဦးအုန်းခင် (ရန်ကုန်)၊ ဦးဖေခင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်၊ ဦးကိုကို (သတင်းထောက်)၊ ဦးစိန်မြအောင် (ကျောင်းသားကိုယ်စားလှယ်)၊ ဗိုလ်သိမ်းဆွေ (သတင်းစာတိုက်)၊ ကိုတင်ညွန့် (ဆိုရှယ်လစ်ပါတီ)၊ကိုမောင်မောင် (လူငယ်ကိုယ်စားလှယ်)၊ လမော်ဇော်တောင်၊ မရမ်ခွန်ဆိုင်း၊ မောင်လယ်ကံ၊ ကိုတင်မောင်၊ ဖဒိုဝိရီကျော် (ကေအင်န်ယူ)၊ သထုံလှဖေ၊ စောစံကီးနှင့် ဦးချစ်တီးတို့ဖြစ်သည်။ တိုင်းရင်းသားကိုယ်စားလှယ်များမှာ ကရင်နီပြည်နယ်(ကယား) ကိုယ်စားလှယ်များအဖြစ် ကန္တာရဝတီနယ်ရှင်ကြီး၊ ဘော်လခဲမြို့စား၊ ကြယ်ဖိုးကြီးမြို့စား၊ ချင်းကိုယ်စားလှယ်များအဖြစ် ဦးပွန်ဇမန် (အေတီအမ်)ကန်ဘောက်တောင်အုပ်၊ ဦးလွှာမှုန်း (တီဒီအမ်၊ အေတီအမ်) လွန်မန်တောင်အုပ်၊ ဦးကီး ယိုမန်း (အေတီအမ်) မီအေတောင်အုပ်၊ မြစ်ကြီးနား ကချင်ကိုယ်စားလှယ်(၃) ဦး (မြစ်ကြီးနားအရေးပိုင်မှ တစ်ဆင့်ဖိတ်ကြားရန်)၊ ဗန်းမော်ကချင်ကိုယ်စားလှယ် (၃)ဦး (ဗန်းမော်အရေးပိုင်မှတစ်ဆင့်ဖိတ်ကြားရန်)၊ ကိုးကန့်မြို့စား (မြောက်ပိုင်းရှမ်းပြည်ခရိုင်ဝန်မှတစ်ဆင့် ဖိတ်ကြားရန်)၊ မိုးဗြဲနယ်မှကိုယ်စားလှယ်(၁) ဦး (လွိုင်ကော်မှတစ်ဆင့်ဖိတ်ကြားရန်)၊ အောက်မြန်မာပြည်မှ ကရင်ကိုယ်စားလှယ်များ၊ ဖဆပလအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်(၂) ဦး၊ မျိုးချစ်ပါတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၂)ဦး၊ မြန်မာပြည်ကွန်မြူနစ်ပါတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦး၊ ဒို့ဗမာအစည်းအရုံးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦး၊ မဟာဗမာအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦး၊ မြန်မာ့အလင်းသတင်းစာအယ်ဒီတာနှင့် သူရိယသတင်းစာအယ်ဒီတာတို့ဖြစ်ကြသည်။

ဤဒုတိယပင်လုံညီလာခံတွင် ဗမာကိုယ်စားလှယ်တော်များထဲမှ အဓိကဆွေးနွေးသူမှာ ဦးအောင်ဆန်းပင်ဖြစ်သည်။ မေးသမျှမေးခွန်းများကို ၎င်းကပင်ဦးဆောင်ဖြေကြားသည်။ ဦးအောင်ဆန်း

သည် မေးသမျှ၊ ဆွေးနွေးသမျှကို တဲ့တိုးပင် ဖြေကြား သည်။ ရှင်းရှင်းလင်းလင်းဖြေကြားသည်။ သံသယ ရှင်းအောင် ဆွေးနွေးဖြေကြားသည်။ စိတ်ပါလက်ပါ မှန်မှန်ကန်ကန်ပြောဆိုသည်။ စေတနာပါသည်။ တောင်တန်းဒေသများကို ကူညီချင်သည်။ မြန်မာများ ကဲ့သို့ လွတ်လပ်ရေးရစေချင်သည်။ တောင်တန်းဒေသ များကို ရိုးသားစွာမြင်သည်။ ကတိသစ္စာပြုသည်။ တောင်တန်းသားများကိုလည်း သွေးရင်းသားရင်းကဲ့သို့ မှတ်ယူသည်။ တောင်တန်းဒေသ၏အတွင်းရေးကို ဝင်မစွက်ကြောင်း ကတိပေးသည်။ တောင်တန်းဒေသ သားများသည် အခွင့်အရေးမှန်သမျှ ဗမာများကဲ့သို့ တန်းတူခံစားစေရမည်။ တောင်တန်းဒေသဆိုင်ရာ အုပ်ချုပ်ရေးကိစ္စများမှာလည်း တောင်တန်းသားများ၏ လက်ထဲတွင် ရောက်ရှိစေရမည်။ အင်္ဂလိပ်တို့သည် မြန်မာပြည်ကို လက်လွှတ်ရတော့မည်။ လွတ်လပ်ရေး ပေးတော့မည်။ တောင်တန်းသားတို့လည်းပါစေချင်

ပင်လုံမြို့ရှိ တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ် အထိမ်းအမှတ်ကျောက်တိုင်

သည်။ ရစေချင်သည်။ ထို့ကြောင့် စည်းလုံးညီညွတ်မှုသည် အရေးကြီးသည်။ မရှိမဖြစ်သောအချက်ဖြစ်သည်။ လွတ်လပ်ရေးရပြီးလျှင် တောင်တန်းသားများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးမည်။ တောင်တန်းသားများအနေနှင့် ဘာကိုမှကြောက်စရာမလိုပါ။ ခြိမ်းခြောက်မှုကိုလည်း မကြောက်ပါနှင့်။ မြောက်ပင့်မှုကိုလည်း မလိုလားပါနှင့်။ ခြိမ်းခြောက်ခြင်း၊ မြောက်ပင့်ခြင်းကြောင့် ဟိုယိမ်းသည်ယိုင် မဖြစ်ပါနှင့်။ လိုရင်းတိုရှင်းပြောရလျှင် "လွတ်လပ်ရေး" ပဲ လိုချင်သည်ဟုပြောကြပါ။ ယနေ့စည်းလုံးညီညွတ်လျှင် မနက်ဖြန် လွတ်လပ်ရေးရနိုင်ကြောင်း ပြောကြားသည်။

ညောင်ရွှေစော်ဘွားကြီး၏မေးခွန်းကို ဖြေကြားရာတွင် တောင်တန်းသားများသည် တောင်တန်းဒေသများကို လွတ်လွတ်လပ်လပ် ကြိုက်သလို အုပ်ချုပ်စေရမည်။ တောင်တန်းဒေသရှိ ပြည်နယ်အခြေခံဥပဒေရေးဆွဲလိုပါက ရေးဆွဲနိုင်ကြောင်း၊ ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ နောက်ဆုံးပေါင်းစည်းပြီးပါက ခွဲထွက်လိုကလည်း ခွဲထွက်နိုင်ကြောင်းအထိ ပြောဆိုဖြေကြားသွားခဲ့သည်။ ဦးအောင်ဆန်းကပြောသည်မှာ သူသည်ပင်လုံမြေတွင် တောင်ပေါ်မြေပြန့်တိုင်းရင်းသားများ၏ ညီညွတ်မှုကို ရရှိလိုသည်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေ ပြောင်းလဲနေပြီဖြစ်၍ လွတ်လပ်ရေးကို ညီညီညွတ်ညွတ်ရယူရမည်။ ဆွေးနွေးပွဲရလဒ်အရ မြန်မာပြည် လွတ်လပ်ရေးရရှိမည်မှာ သေချာပြီဖြစ်၍ တောင်တန်းသားများ၏ သဘောသဘာကျန်တော့သည်။ ဦးအောင်ဆန်းသည် မစ္စတာအေဂျီဘော်တွမ်လေး (အင်္ဂလိပ်အစိုးရ၏ ကိုယ်စားလှယ်၊ ဒုိမီနီယန်ဆိုင်ရာ အတွင်းဝန်လေး)၊ စော်ဘွားများ၊ မဟာဒေဝီများ၊ ကချင်ကိုယ်စားလှယ်များ၊ ချင်းကိုယ်စားလှယ်များ ရှေ့မှောက်တွင် စိတ်အားထက်သန်စွာပြောသည်။ ရိုးသားဖြောင့်မတ်စွာပြောသည်။ အကောက်အကွေ့ မရှိပြောသည်။ အားရပါးရပြောသည်။ ယုံကြည်လောက်အောင်ပြောသည်။ မည်သည့်ကိစ္စတွင်မဆို ဆရာစားမကျန် အိတ်သွန်ဖာမှောက် အမှန်အတိုင်းပြောသည့်အတွက်ကြောင့် တက်ရောက်လာသော ပရိသတ်များက သြဘာလက်ခုပ်တီးကြသည်။ ပြုံးရယ်ကြသည်။ ခေါင်းညိတ်ကြသည်။ သံသယပျောက်သွားကြသည်။ ဦးအောင်ဆန်းနှင့် လက်တွဲ၍ လွတ်လပ်ရေးကိုရယူမည်ဆိုသည့် ဆုံးဖြတ်သံများသည် ညီလာခံတစ်ခုလုံး ပဲ့တင်ထပ်နေခဲ့သည်။ ဦးအောင်ဆန်းနှင့် ဗမာတို့အပေါ် သံသယကင်းသွားတော့၏။ သို့လော သို့လောနှင့် မဆုံးဖြတ်နိုင်သော ခေါင်းဆောင်အချို့၊ ကိုယ်စားလှယ်အချို့တို့သည် ညီညီညွတ်ညွတ်နှင့် လွတ်လပ်ရေးရယူရန်ကလွဲ၍ အခြားအကြောင်းမရှိတော့။ စိတ်ရှင်းသွားတော့သည်။ သမိုင်းဝင်ပင်လုံညီလာခံမှ မရစဖူးသော မွန်မြတ်သော ရလဒ်ကောင်း ရရှိခဲ့သည်။

ဒုတိယပင်လုံညီလာခံကို ထောက်ခံသည့် ဆန္ဒပြပွဲများ ပြုလုပ်သည်ကိုလည်းတွေ့ရသည်။ ထိုဆန္ဒပြပွဲတွင် ကျောင်းသားများ၊ လူငယ်အဖွဲ့အစည်းဝင်များနှင့် ပြည်သူလူထုများပါဝင်သည်ကိုတွေ့ရသည်။ ပိုစတာများကိုင်ဆောင်ကြပြီး ရှမ်းနှင့် မြန်မာချစ်ကြည်ရေး၊ ရှမ်းနှင့်မြန်မာစည်းလုံးညီညွတ်ရေး၊ မြန်မာနှင့်အတူ လွတ်လပ်ရေးရယူရေးနှင့် ရှမ်းနှင့်မြန်မာထာဝရပူးပေါင်းနေထိုင်ရေး စသည်တို့ကို ကြွေးကြော်ကြသည်။

ဒုတိယပင်လုံညီလာခံတစ်လျှောက်လုံးတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြသော လူငယ်ခေါင်းဆောင်များမှာ ဦးတင်ဧ၊ ဦးထွန်းမြင့်ကြီး၊ ဦးထွန်းမြင့်လေး၊ ဦးခွန်စော၊ ဦးသန်းဖေ၊ ဦးရွှေအုန်း၊ ဦးသန်းဖေ (ဘန်းယဉ်)၊ ဦးစံတင်၊ ဦးထွန်းဦး၊ ဦးထွန်းဖေ၊ ဦးမာဇ၊ ဦးခွန်သာအေး၊ ဦးခွန်ထီး၊ ဦးစောထွန်းဇ၊ ဦးဘရီ၊ ဦးအေးမောင်၊ ဦးစံအောင်၊ ဦးစံဖေ၊ ဦးစိန် (သီပေါ)၊ ဦးချစ်ဦး (သီပေါ)၊ ဦးသန်းမောင်၊ ဦးဘလွန်းနှင့် အခြားသောလူငယ်များတို့ဖြစ်သည်။

ဒုတိယပင်လုံညီလာခံကြီးသည် အောင်မြင်စွာပြီးဆုံးခဲ့၏။ တောင်ပေါ်မြေပြန့်တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သည်။ ချစ်ကြည်ရေးကို ရယူပေးခဲ့သည်။ ပြည်ထောင်စုနေ့ကို ဖော်ထုတ်ပေးခဲ့သည်။ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်အောင် ဆောင်ကြဉ်းပေးခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်

နိုင်ငံဖြစ်အောင်ပြုလုပ်ပေးခဲ့သည်။ ပင်လုံညီလာခံ၏ အကျိုးကျေးဇူးသည် မေ့၍မရအောင်ကြီးမားလှ၏။ ပင်လုံညီလာခံ၏ ဗိသုကာခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး၏ ဗိသုကာကြီးများကို မမေ့သင့်ပေ။ ၎င်းတို့၏ကြိုးပမ်းမှုကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တင့်တယ်ခဲ့၏။ အကယ်၍ ပင်လုံညီလာခံမရှိခဲ့လျှင်၊ လွတ်လပ်ရေးမရရှိခဲ့လျှင် ဆိုသည့်မေးခွန်းကို ဖေဖော်ဝါရီလ ၁၂ ရက် ရောက်တိုင်း၊ ဇန်နဝါရီလ ၄ ရက် ရောက်တိုင်းမေးကြည့်လျှင် မည်သည့်အဖြေထွက်ကြမည်နည်း။ မေးကြည့်ကြစမ်းပါဟု တိုက်တွန်းချင်သည်။

သမိုင်းဝင်ပင်လုံစာချုပ်ကို ပျော်ရွှင်စွာ၊ လွတ်လပ်စွာ လက်မှတ်ရေးထိုးကြသည်။ ပင်လုံစာချုပ်ကို အမှန်တကယ်လက်မှတ်ရေးထိုးသောပုဂ္ဂိုလ် (၂၃) ဦး သာတွေ့ရှိရသည်။ ၎င်းတို့မှာ -

၁။ ဗိုလ်ချုပ်အောင်ဆန်း (မြန်မာအစိုးရ ကိုယ်စားလှယ်)
၂။ စဝ်ခွန်ပန်းစိန် (တောင်ပိုင်စော်ဘွား)
၃။ စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား)
၄။ စဝ်ဟုံဖ (သိန္နီစော်ဘွား)
၅။ စဝ်နွံ (လဲချားစော်ဘွား)
၆။ စဝ်စံထွန်း (မိုင်းပွန်စော်ဘွား)
၇။ စဝ်ထွန်းဇ (တာမိုင်းခမ်းစော်ဘွား)
၈။ ဦးဖြူ (သထုံဆီဆိုင်စော်ဘွားကိုယ်စားလှယ်)
၉။ ဦးဟော်ဝါးခွန်ဖုန်း [လူထုကိုယ်စားလှယ် (သိန္နီ)]
၁၀။ ဦးတင်ဇ (ရှမ်းပြည်) [လူထုကိုယ်စားလှယ် (ညောင်ရွှေ)]
၁၁။ ဦးကြာပု [လူထုကိုယ်စားလှယ် (သီပေါ)]
၁၂။ စဝ်ယိပ်ဖ [လူထုကိုယ်စားလှယ် (သီပေါ)]
၁၃။ ဦးထွန်းမြင့် [လူထုကိုယ်စားလှယ် (မောက်မယ်)]
၁၄။ ဦးခွန်စော လူထုကိုယ်စားလှယ် [(ပင်းတယ)]
၁၅။ ဦးခွန်ထီး [လူထုကိုယ်စားလှယ်(ပင်လုံ)]
၁၆။ ဆမား:ဒူဝါဆင်ဝါးနောင် [ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား)]
၁၇။ ဒူဝါဇော်ရစ် [ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား)]
၁၈။ ဦးဒိန်ရတန် [ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား)]
၁၉။ ဒူဝါဇော်လွန်း [ကချင်ကိုယ်စားလှယ် (ဗန်းမော်)]
၂၀။ ဦးလဘန်ဂရောင် [ကချင်ကိုယ်စားလှယ် (ဗန်းမော်)]
၂၁။ ဦးလွှာမှုန်း [ချင်းကိုယ်စားလှယ်(ဖလမ်း)]
၂၂။ ဦးထောင်ဇာခုပ် [ချင်းကိုယ်စားလှယ် (တီးတိန်)]
၂၃။ ဦးကီးယိုမန်း [ချင်းကိုယ်စားလှယ် (ဟားခါး)] တို့ဖြစ်ကြသည်။

ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်တွင် ပါရှိသော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ တောင်တန်းဒေသကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အတွက် တောင်တန်းဒေသများ စည်းလုံးညီညွတ်ရေးအဖွဲ့ (တစညဖ)၏ ကြိုးကိုင်အဖွဲ့ကိုယ်စားလှယ်များက ထောက်ခံသည့် ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံက ရွေးချယ်၍ ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်ခန့်ထားရမည်။

၂။ ထိုအတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုရင်ခံအမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိကောင်စီဝင်တစ်ဦးအဖြစ် ခန့်ထားပြီး တောင်တန်းဒေသရေးရာကိစ္စများသည် ကာကွယ်ရေးနှင့်ပြည်ပရေးရာကိစ္စများနည်းတူ ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏ အောက်တွင် ထားရှိရမည်။ အလားတူနည်း အတိုင်းနယ်စပ်ဆိုင်ရာအတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

ပင်လုံညီလာခံ

ပင်လုံစာချုပ်

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Sawbwas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing race of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a United Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.

Sawbwa of Tawngpeng State.

Sawbwa of Yawnghwe State.

Sawbwa of North Hsenwi State.

Sawbwa of Laihka State.

Sawbwa of Mong Pawn State.

Sawbwa of Hsamonghkam State.

Representative of Hsahtung Sawbwa.
(Khun Pung)

(U Tin E)

(U Kyi Sa)

(U Hsa Yape Hpa)

(U Htun Hyint)

(Khun Saw).

(Khun Htee)

Kachin Committee.

(Jinghpaw Naw, Myitkyina)

(Zau Rip, Myitkyina)

(Dinra Tang, Myitkyina

(Zau La, Bhamo.)

(Zau Lawm, Bhamo

(Labang Grang, Bhamo)

Chin Committee.

(U Htar Bawng, ATM, IDTC, M.C.F., Falam.)

(U Thawng Za Khup, ATM, Tiddim.)

(U Kio Vung, ATM, Haka)

Burmese Government.

၃။ ထိုအတိုင်ပင်ခံပုဂ္ဂိုလ်အား ကူညီရန်အတွက် ၎င်းနှင့်လူမျိုးမတူသည့် အခြားတောင်တန်းသား ကိုယ်စားပြုသော တွဲဖက်အတိုင်ပင်ခံနှစ်ဦးရှိရမည်။ ထိုအတိုင်ပင်ခံနှစ်ဦးသည် ပထမဦးစွာ မိမိတို့၏ဆိုင်ရာ နယ်ပယ်ကိစ္စရေးရာများကို စိမံခန့်ခွဲဆောင်ရွက်ရမည်။ အတိုင်ပင်ခံပုဂ္ဂိုလ်မှာမူ ကျန်ရှိသည့် အခြားသော တောင်တန်းဒေသရေးရာကိစ္စများကို စိမံဆောင်ရွက်ရမည်။ ယင်းပုဂ္ဂိုလ်သုံးဦးတို့သည် ထုံးနည်းဥပဒေအရ စုပေါင်းတာဝန်ယူလုပ်ကိုင်ရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် တောင်တန်းဒေသ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း တောင်တန်းဒေသကိစ္စရေးရာများကို ဆွေးနွေးသည့် အခါတွင် တွဲဖက်အတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးသည်လည်း ကောင်စီအစည်းအဝေးသို့တက်ရောက်နိုင်ခွင့်ရှိသည်။

၅။ အထက်ပါသဘောတူညီချက် အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း တောင်တန်းဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို လက်လွတ်ဆုံးပါးစေရန် အဆိုပါကောင်စီက လုံးဝပြုလုပ်မည် မဟုတ်။ တောင်တန်းဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြောင်း မူအားဖြင့် လက်ခံသည်။

၆။ မြန်မာပြည်ထောင်စုအတွင်း ကချင်ပြည်နယ်အတွက် နယ်ခြားသတ်မှတ်ရေးနှင့် ကချင်ပြည်နယ်တည်ထောင်ရေးကိစ္စများကို တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြဆုံးဖြတ်ရမည်ဖြစ်သော်လည်း ထိုကဲ့သို့ပြည်နယ်လိုအပ်သည်ဟု သဘောတူလက်ခံကြသည်။ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာ၌ ပထမအဆင့် လုပ်ဆောင်ရမည့် ကိစ္စမှာ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရအက်ဥပဒေအရ နောက်ဆက်တွဲစာရင်းအပိုင်း၂ ခြွင်းချန်ဒေသများကို အုပ်ချုပ်သည့်နည်းတူ မြစ်ကြီးနား နှင့် ဗန်းမော်ခရိုင်အတွင်းရှိဒေသများအုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ တောင်တန်းဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွဲဖက်အတိုင်ပင်ခံပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးရမည်။

၇။ တောင်တန်းဒေသရှိ ပြည်သူလူထုတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံအခွင့်အရေးနှင့်ရပိုင်ခွင့်များဟု သတ်မှတ်ထားသည့် အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ရရှိခံစားစေရမည်။

၈။ ဤစာချုပ်ပါအစီအစဉ်များသည် ပဒေသရာဇ်ရှမ်းပြည်နယ်တွင် ယခုကဲ့သို့ခွင့်ပြုထားသည့် ဘဏ္ဍာရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သို့မျှထိခိုက်စေခြင်း မရှိစေရ။ ထို့အပြင်ပဒေသရာဇ်ရှမ်းပြည်နယ်နှင့်မြန်မာပြည်တို့၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းဒေသနှင့် ချင်းတောင်တန်းဒေသများအတွက် အလားတူအစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို ဘုရင်ခံအမှုဆောင်ကောင်စီက တောင်တန်းဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွဲဖက်အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ လေ့လာစစ်ဆေးကြည့်ရမည်။

ဒုတိယပင်လုံညီလာခံသို့ရောက်ရှိသာကြသော ကချင်ကိုယ်စားလှယ်တို့သည် ရှမ်းကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး ရှမ်းကချင်ကော်မတီတစ်ရပ်ကိုဖွဲ့စည်းကာ အောက်ပါခုံးဖြတ်ချက်များကိုချမှတ်ကြသည်။

၁။ ဒီမိုကရေစီထုံးတမ်းနှင့်အညီ မြန်မာများနှင့် တန်းတူအခွင့်အရေးခံစားရမည်။

၂။ မြန်မာအမှုဆောင်ကောင်စီတွင်ပါဝင်သော ရှမ်းနှင့်ကချင်အဖွဲ့ဝင်များတို့သည် ၎င်းတို့နယ်တွင် ကိစ္စရပ်အဝဝတို့၌ လုံးဝတာဝန်ယူပြီး၊ ကာကွယ်ရေး၊ ပြည်ပဆက်ဆံရေး၊ မီးရထားနှင့်အကောက်ခွန်ကိစ္စရပ်များတွင် ပူးတွဲတာဝန်ယူရမည်။

၃။ ကချင်များလိုလားတောင်းဆိုထားသော သီးခြားပြည်နယ်သတ်မှတ်ရေးအဆိုကို ထောက်ခံသည်။

၄။ မြန်မာကိုယ်စားလှယ်များနှင့် ငြိတိသျှအစိုးရတို့၏ သဘောတူညီသောအကြောင်းအရာကိစ္စရပ်များတို့သည် ရှမ်းနှင့်ကချင်များတို့နှင့် ပတ်သက်မှုမရှိစေရ။

၅။ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိရမည်။

ရှမ်းကော်မတီတွင်ပါဝင်သော ကိုယ်စားလှယ်များမှာ စဝ်ခွန်ပန်းစိန် (တောင်ပိုင်စော်ဘွားကြီး)၊ စဝ်ရွှေညိုက် (ညောင်ရွှေစော်ဘွားကြီး)၊ စဝ်ဟုံဖ (သိန္နီစော်ဘွားကြီး)၊ စဝ်နွံ (လဲချားစော်ဘွားကြီး)၊ စဝ်စံထွန်း (မိုင်းပွန်စော်ဘွားကြီး) တို့ဖြစ်ပြီး လူထုကိုယ်စားလှယ်များ အဖြစ် ခွန်ဟုန်း၊ ဦးတင်ဇ၊ ဦးထွန်းမြင့်၊ ဦးကြာပု၊ ခွန်စော၊ စဝ်ယိပ်ဖနှင့် ခွန်ထီးတို့ပါဝင်ကြသည်။

ကချင်ကော်မတီတွင်ပါဝင်သော ကိုယ်စားလှယ်များမှာ ဆမားဒူဝါဆင်ဝါးနောင် (မြစ်ကြီးနား)၊ ဒူဝါဇော်ရစ် (မြစ်ကြီးနား)၊ ဦးဒိန်ရတန် (မြစ်ကြီးနား)၊ ဒူဝါဇော်လ (ဗန်းမော်)၊ ဒူဝါဇော်လွန်း (ဗန်းမော်) နှင့် ဦးလဘန်ဂရောင် (ဗန်းမော်) တို့ဖြစ်ကြသည်။

ချင်းကော်မတီတွင်ပါဝင်သော ကိုယ်စားလှယ်များမှာ ဦးလွှာမှုန်း [အေတီအမ်၊ အိုင်ဒီအက်စ်အမ်၊ ဘီအီးအမ်(ဖလမ်း)]၊ ဦးထောင်ဇာခုပ် [အေတီအမ် (တီးတိန်)] နှင့် ဦးကီးယိုမန်း [အေတီအမ် (ဟားခါး)] တို့ဖြစ်ကြသည်။

ချင်းကိုယ်စားလှယ်များမှာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ညပိုင်းမှ ရောက်ရှိလာသောကြောင့် ရှမ်း-ကချင်ကော်မတီဝင်များက ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ချင်းကိုယ်စားလှယ်များအား ဆွေးနွေးတင်ပြပြီး အောက်ပါဆုံးဖြတ်ချက်များကို ထပ်မံဖြည့်စွက်ကြသည်။

၁။ ဗဟိုရန်ပုံငွေမှ ရှမ်းများအခွင့်အရေးများခံစားရသကဲ့သို့ ချင်းနှင့်ကချင်တို့သည်လည်း အလားတူ တိုးချဲ့ခံစားခွင့်ပြုရန်။

၂။ မိမိတို့နယ်အတွင်း ငွေကြေးမလုံလောက်ပါက မိမိတို့၏လူဦးရေအချိုးအစားအရ ထောက်ပံ့ပေးရန်။

၃။ တောင်တန်းသားများ ညီညွတ်ရေးဦးစီးအဖွဲ့တစ်ခုကို ဖွဲ့စည်းထားရန်နှင့် ထိုအဖွဲ့တွင် ရှမ်း၊ ချင်း၊ ကချင်ကိုယ်စားလှယ်များ ပါဝင်ရမည်။ ထိုအဖွဲ့သည် တောင်တန်းသားများနှင့် မြန်မာအစိုးရနှင့်စပ်လျဉ်းသောကိစ္စအဝဝနှင့် မူဝါဒများကို ဆုံးဖြတ်ပိုင်ခွင့်နှင့် အာဏာအပြည့်အဝရှိရမည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် နံနက်၁၀ နာရီတွင် ချင်း၊ ရှမ်း၊ ကချင်ကော်မတီဝင်များ ထပ်မံတွေ့ဆုံဆွေးနွေးပြီး တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ကိုဖွဲ့စည်းသည်။ မြန်မာအစိုးရနှင့် ကိစ္စအဝဝဆွေးနွေးရန် ကော်မတီတစ်ရပ်ကို ဦးကြာပု၊ မိုင်းပွန်စော်ဘွားကြီး၊ ဆမားဒူဝါဆင်ဝါးနောင်၊ ဒူဝါဇော်လွန်း၊ ဦးလွှာမှုန်းနှင့် ဦးထောင်ဇာခုပ်တို့ဖြင့် ထပ်မံဖွဲ့စည်းသည်။

ထိုအဖွဲ့အစည်းတွင် ရှမ်းကိုယ်စားလှယ် ၆ဦး၊ ချင်းကိုယ်စားလှယ် ၆ ဦးနှင့် ကချင်ကိုယ်စားလှယ် ၆ ဦးပါဝင်ပြီး ထိုအဖွဲ့၏အမှုဆောင်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ စဝ်ရွှေညိုက် [ညောင်ရွှေစော်ဘွားကြီး (ဥက္ကဋ္ဌ)]
၂။ ဆမားဒူဝါဆင်ဝါးနောင် (ဒုတိယဥက္ကဋ္ဌ)
၃။ စဝ်ဟုံဖ၊ [သိန္နီစော်ဘွားကြီး (ရှမ်းကိုယ်စားလှယ်)]
၄။ စဝ်စံထွန်း [မိုင်းပွန်စော်ဘွားကြီး (ရှမ်းကိုယ်စားလှယ်)]
၅။ ဦးထွန်းမြင့် (ရှမ်းကိုယ်စားလှယ်)
၆။ ဦးကြာပု (ရှမ်းကိုယ်စားလှယ်)

၇။ စဝ်ဘွန်ဝှက် (ရှမ်းကိုယ်စားလှယ်)
၈။ ဒူဝါဇော်ရစ် (ကချင်ကိုယ်စားလှယ်)
၉။ ဦးဒိန်ရတန် (ကချင်ကိုယ်စားလှယ်)
၁၀။ ပဒစ်လတောင် (ကချင်ကိုယ်စားလှယ်)
၁၁။ ဒူဝါဇော်လွန်း (ကချင်ကိုယ်စားလှယ်)
၁၂။ ဒူဝါဇော်လ (ကချင်ကိုယ်စားလှယ်)
၁၃။ ဦးပွန်ဇမန် (ချင်းကိုယ်စားလှယ်)
၁၄။ ဦးထောင်ကျင်တန် (ချင်းကိုယ်စားလှယ်)
၁၅။ ဦးကီးယိုမန်း (ချင်းကိုယ်စားလှယ်)
၁၆။ ဦးစိန်လျန် (ချင်းကိုယ်စားလှယ်)
၁၇။ ဦးလွှာမှုန်း (ချင်းကိုယ်စားလှယ်)
၁၈။ ဦးမန်လင်း (ချင်းကိုယ်စားလှယ်)

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် စော်ဘွားများနှင့် ရှမ်းလူထုကိုယ်စားလှယ်တို့သည် ရှမ်းအမျိုးသားနေ့တွင် အလံတော်ရွေးချယ်ရေးကိစ္စကို ဆွေးနွေးကြပြီး အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်သည်။

၁။ ရှမ်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ ၇ ရက်တွင်ကျင်းပရန် သတ်မှတ်သည်။

၂။ ရှမ်းအမျိုးသားနေ့အလံတော်သီချင်းကို အတည်ပြုသည်။

၃။ ရှမ်းအလံတော်၏အရွယ်အစားသည် အလျား ၅ ပေ၊ အနံ ၃ ပေရှိရမည်။ အလံတော်၏ အရောင်မှာ အဝါ၊ အစိမ်း၊ အနီဖြစ်သည်။ အလံတော်၏အလယ်တွင် အချင်း ၁ ပေခွဲရှိ အဖြူရောင်စက်ဝိုင်းရှိရမည်။

ထိုဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ကောင်စီဥက္ကဋ္ဌ ခွန်ပန်းစိန်က လက်မှတ်ရေးထိုး အတည်ပြုပေးခဲ့သည်။

ပင်လုံညီလာခံအောင်မြင်ခြင်း၏ အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူခြင်း

တောင်ပေါ်၊ မြေပြန့် တိုင်းရင်းသားများတို့၏ ပင်လုံစာချုပ်ချုပ်ဆိုခြင်း အောင်မြင်မှုအထိမ်းအမှတ် အဖြစ် ကျောက်တိုင်စိုက်ထူရန်အဆိုကို လူထုကိုယ်စားလှယ် ဦးတင်ဧက အဆိုပြုပြီး လူထုကိုယ်စားလှယ် ဦးကြာပုက ထောက်ခံကာ စိုက်ထူခဲ့သည်။ ထိုပင်လုံကျောက်တိုင် စိုက်ထူရန် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်။ ကျောက်တိုင်စိုက်ထူရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းကပင် အလှူငွေထည့်ဝင်ခဲ့ကြောင်း သိရှိရသည်။

ထိုကျောက်တိုင်သည် ပြည်ထောင်စုတိုင်းရင်းသားများ၏ ပထမဦးဆုံးသော ညီညွတ်ရေးရရှိခဲ့သည့် ကျောက်တိုင်ဖြစ်ပြီး ပြည်ထောင်စုနေ့ကို ဖြစ်ပေါ်စေခဲ့သော အထိမ်းအမှတ်ပင်ဖြစ်ပေသည်။



တောင်တန်းပြည်မ ပူးပေါင်းရေး အထိမ်းအမှတ် လက်ရှိကျောက်တိုင်

စိုင်းအောင်ထွန်း

ပျဉ်ပြိုစေဘာင်းမှားပြစ်စေသော ဟန်လင်း၊ ဗီဒီယိုနှင့် သစ္စရေစေတ္တရာပြိုစေဘာင်းတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ငံရေးစောင့်ရှောက်မှုများ

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့ (UNESCO) သည် ကမ္ဘာ့နိုင်ငံများ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ကို ဆောင်ရွက်လျက် ရှိသော အပြည်ပြည်ဆိုင်ရာအဖွဲ့ကြီးဖြစ်သည်။ ကမ္ဘာပေါ်ရှိ အမွေအနှစ်များကို အမွေအနှစ်တည်ရှိရာ နိုင်ငံတစ်နိုင်ငံတည်းကသာမက နိုင်ငံတကာကပါ အသိအမှတ်ပြုလက်ခံကာ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း နိုင်ရန် ယင်းအဖွဲ့က ကြိုးမှူးဆောင်ရွက်လျက်ရှိသည်။

ယူနက်စကိုအဖွဲ့သည် ကမ္ဘာပေါ်ရှိ နိုင်ငံ အသီးသီးမှ ယဉ်ကျေးမှုအမွေအနှစ်များအတွက် ၁၉၇၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာသဘောတူညီမှုညီလာခံကို ကျင်းပခဲ့သည်။ ယင်းညီလာခံ၏ အဓိကအကြောင်း ရင်းမှာ ကမ္ဘာပေါ်ရှိယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝ အမွေအနှစ်များကို ကာကွယ် ထိန်းသိမ်းနိုင်ရန် အတွက် နိုင်ငံတကာသဘောတူညီမှုရရှိစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်အတွက် အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု ညီလာခံဟုလည်းခေါ်သည်။ အဆိုပါ ညီလာခံက နိုင်ငံအသီးသီးရှိ အမွေအနှစ်များ ကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကမ္ဘာ့အမွေ အနှစ်ကော်မတီကိုလည်း ဖွဲ့စည်းထားပြီး ကမ္ဘာ့အမွေ အနှစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၏ ပါဝင်ထည့်ဝင်မှုဖြင့် ကမ္ဘာ့အမွေ အနှစ် ရန်ပုံငွေကိုလည်း ထူထောင်ထားရှိသည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အဆိုပြု တင်သွင်းမှုလုပ်ငန်းစဉ်

ကမ္ဘာ့အမွေအနှစ်အဖြစ်စာရင်းတင်သွင်းမည့် နိုင်ငံသည် မိမိတို့အဆိုပြုတင်သွင်းမည့် ယဉ်ကျေးမှုဆိုင်ရာ (သို့မဟုတ်) သဘာဝဆိုင်ရာ ထူးခြားထင်ရှားသည့် နေရာဒေသများကို ဦးစွာရှာဖွေလေ့လာပြုစုမှုများ ဆောင်ရွက်ပြီး ပြုစုထားသော အဆိုပြုတင်ပြလွှာကို ပဏာမစာရင်းတင်သွင်းမှု ဆောင်ရွက်ကြရသည်။ ပဏာမစာရင်းတင်သွင်းထားခြင်းမရှိသောနိုင်ငံသည် ယင်းနိုင်ငံ၏ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ် အဖြစ် အဆိုပြုတင်သွင်းခွင့်မရနိုင်ပေ။ ထို့နောက် တင်သွင်းလာသော အဆိုပြုနေရာဒေသများကို ကမ္ဘာ့ အမွေအနှစ်ကော်မတီ၏ သဘောတူဆုံးဖြတ်ချက်များ ဖြင့်သာ ကမ္ဘာ့အမွေအနှစ်ဥေးဖြစ် သတ်မှတ်ကာ စာရင်းဝင်နိုင်ငံ ဖြစ်စေသည်။

တင်သွင်းလာသော အဆိုပြုတင်ပြလွှာကို အဆောက်အအုံနှင့်နေရာဒေသဆိုင်ရာ အပြည်ပြည် ဆိုင်ရာကောင်စီ (International Council on Monuments and Sites-ICOMOS)။ အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ပစ္စည်းများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် နိုင်ငံ တကာသဘာဝအမွေအနှစ်ထိန်းသိမ်းရေးသမဂ္ဂ (International Union of Conservation in Nature and Natural Resources-ICUN) တို့က ဒုံးကဲဖြတ်ဆုံးဖြတ် မှုများဆောင်ရွက်သည်။ ယင်းအဖွဲ့အစည်းများ၏ ထောက်ခံချက်များဖြင့် အဆိုပြုတင်ပြလွှာကို ကမ္ဘာ့ အမွေအနှစ်ကော်မတီသို့ တင်သွင်းရသည်။ ယင်း ကော်မတီသည် အဆိုပြုတင်ပြလွှာများ အတည်ပြုသင့်၊ မသင့်ကို တစ်နှစ်လျှင်တစ်ကြိမ်အစည်းအဝေး ဆုံးဖြတ်မှုများ ဆောင်ရွက်သည်။ အဆိုပြုတင်ပြလွှာများ ကို အမွေအနှစ်အမျိုးအစားပေါ်မူတည်၍ သက်ဆိုင် သည့် စံနှုန်းသတ်မှတ်ချက်များဖြင့် တိုက်ဆိုင်သုံးသပ် အတည်ပြုမှုကို လုပ်ဆောင်သည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စံနှုန်းများ

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရန်အတွက် စာရင်းတင်သွင်းထားသောဒေသ (သို့မဟုတ်) နေရာ သည် လူသားအားလုံးအသိအမှတ်ပြုနိုင်သော တန်ဖိုး ရှိရန်လိုအပ်သကဲ့သို့ သတ်မှတ်ထားသောစံနှုန်းများ

(World's Heritage Criteria) နှင့်လည်း အနည်းဆုံး အချက်တစ်ချက်ကိုက်ညီရန် လိုအပ်သည်။ ၂၀၀၄ ခုနှစ် ကုန်ပိုင်းအထိ ကမ္ဘာ့အမွေအနှစ်ဒေသ (သို့မဟုတ်) နေရာများအတွက် စံနှုန်းသတ်မှတ်ချက် (၆) ချက်နှင့် သဘာဝအမွေအနှစ်နေရာ ဒေသများအတွက် စံနှုန်း သတ်မှတ်ချက် (၄) ချက်အပေါ်မူတည်ကာ ရွေးချယ် ကြသည်။ ၂၀၀၅ ခုနှစ်တွင် ယင်း (၁၀) ချက်စလုံးကို တပေါင်းတစည်းတည်း အထူးပြုကာ သတ်မှတ်ခဲ့ သည်။ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ သဘောတူညီမှု ညီလာခံတွင် နိုင်ငံအသီးသီးမှတင်သွင်းလာသော ကမ္ဘာ့ အမွေအနှစ်များကို စံနှုန်းသတ်မှတ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အတည်ပြုသင့်၊ မသင့်ဆုံးဖြတ်မှုများ ဆောင်ရွက်ကြသည်။ ကမ္ဘာ့အမွေအနှစ်များကို အတည်ပြု သတ်မှတ်ရာတွင် အမွေအနှစ်အမျိုးအစားများအလိုက် (၃) မျိုး ခွဲခြားသတ်မှတ်ထားသည်။ ယင်းတို့မှာ ယဉ်ကျေးမှု အမွေအနှစ်၊ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုနှင့် သဘာဝရောယှက်အမွေအနှစ်တို့ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်

ကမ္ဘာ့အမွေအနှစ် အပြည်ပြည်ဆိုင်ရာ သဘော တူညီမှုညီလာခံမှ "ယဉ်ကျေးမှုအမွေအနှစ်" ကို အောက်ပါအတိုင်းဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်-

* သမိုင်းဆိုင်ရာ၊ အနုပညာဆိုင်ရာ (သို့ မဟုတ်) သိပ္ပံဆိုင်ရာရှုထောင့်မှ လူသား အားလုံး အသိအမှတ်ပြုနိုင်သည့် တန်ဖိုးရှိ သည့် အဆောက်အအုံများ၊ ဗိသုကာ လက်ရာများ၊ အဆောက်အအုံများရှိရုပ်တု များနှင့် ပန်းချီလက်ရာများ၊ ရှေးဟောင်း သုတေသန ဆိုင်ရာပါဝင်မှု (သို့မဟုတ်) တည်ဆောက်မှုများ၊ ကျောက်စာများ၊ လူနေဂူများနှင့် ထူးခြားသည့် လက္ခဏာရပ် များ ပေါင်းစည်းပါဝင်နေသည့်အရာများ၊
* သမိုင်းဆိုင်ရာ (သို့မဟုတ်) သိပ္ပံဆိုင်ရာ ရှုထောင့်မှ လူသားအားလုံးအသိအမှတ်ပြု နိုင်သည့် တန်ဖိုးရှိသည့် အဆောက်အအုံ အစုအဝေးများ၊ အဆောက်အအုံများတွင် သီးခြားတည်ရှိနေသော (သို့မဟုတ်) ဆက်စပ်တည်ရှိနေသော ဗိသုကာလက်ရာ များ၊ သဘာဝရေမြေတွင် တည်ရှိနေမှုများ၊
* သမိုင်းဆိုင်ရာ၊ သုခုမအနုပညာဆိုင်ရာ၊ လူမျိုးနွယ်စု ဆိုင်ရာနှင့် မနုဿဗေဒဆိုင်ရာ ရှုထောင့်မှ လူသားအားလုံးအသိအမှတ် ပြုနိုင်သည့် တန်ဖိုးရှိသည့်နေရာဒေသများ၊ လူသားများ၏ လက်ရာများ၊ သဘာဝ တရားတွင် လူသားများလုပ်ဆောင်ဖန်တီး ထားသော လက်ရာများ၊ ရှေးဟောင်း သုတေသနဆိုင်ရာများ တည်ရှိနေသော နေရာဒေသများ ဟူ၍ဖြစ်သည်။

သဘာဝအမွေအနှစ်

ကမ္ဘာ့အမွေအနှစ်အပြည်ပြည်ဆိုင်ရာ သဘော တူညီမှုညီလာခံမှ "သဘာဝအမွေအနှစ်" ကို

* သုခုမအနုပညာဆိုင်ရာ၊ သိပ္ပံပညာဆိုင်ရာ ရှုထောင့်မှ လူသားအားလုံးအသိအမှတ် ပြုနိုင်သော တန်ဖိုးရှိသည့် ထူးခြားသော လက္ခဏာရပ်များရှိသည့် မြေမျက်နှာ သွင်ပြင်များ၊ ဇီဝဗေဒဆိုင်ရာဖြစ်ပေါ်မှုများ နှင့် ဘူမိဗေဒဆိုင်ရာဖြစ်ပေါ်မှုများ၊
* သိပ္ပံဆိုင်ရာနှင့် ကာကွယ်ထိန်းသိမ်းစောင့် ရှောက်မှုဆိုင်ရာ ရှုထောင့်မှ လူသားအားလုံး အသိအမှတ်ပြုနိုင်သည့် တန်ဖိုးရှိသည့် ပထဝီဝင်ဆိုင်ရာ၊ ရူပ ပထဝီဝင်ဆိုင်ရာ ဖြစ်ပေါ်မှုများ၊ မျိုးသုဉ်းပျောက်ကွယ်သွား နိုင်ဖွယ်ရှိသည့် တိရစ္ဆာန်နှင့် အပင်မျိုးစိတ် များရှိရာ တိကျသေချာသည့်နေရာ ဒေသ များ၊
* သိပ္ပံဆိုင်ရာနှင့် ကာကွယ်ထိန်းသိမ်း စောင့် ရှောက်မှုဆိုင်ရာနှင့် သဘာဝအလှတရား ဆိုင်ရာရှုထောင့်မှ လူသားအားလုံး အသိ အမှတ်ပြုနိုင်သည့် တန်ဖိုးရှိသည့် သဘာဝ တရားအတိုင်း တည်ရှိနေသည့် နေရာ ဒေသများ၊ ရုပ်လုံးပုံသဏ္ဌာန် ထူးခြားသည့်

သဘာဝနေရာဒေသများဟူ၍ ဆုံးဖြတ်သတ်မှတ်ကြသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်သာမက သဘာဝအမွေအနှစ်များလည်း ပေါများသောနိုင်ငံတစ်ခုဖြစ်သည့်အလျောက် သဘာဝတရားအရထူးခြားထင်ရှားစွာဖြစ်တည်နေသောနေရာများ အနက် ခါကာဘိုရာဇီတောင်ကို တင်ပြသည်။

ယဉ်ကျေးမှုနှင့် သဘာဝရောယှက်အမွေအနှစ်

"ယဉ်ကျေးမှုနှင့် သဘာဝရောယှက် အမွေအနှစ်" ဆိုသည်မှာ သဘာဝအတိုင်းတည်ရှိနေသောထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်တွင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိနေသော နေရာဒေသများကို ဆိုလိုသည်။

လူသားအားလုံးအသိအမှတ်ပြုနိုင်သောတန်ဖိုး

လူသားအားလုံးအသိအမှတ်ပြုနိုင်သော တန်ဖိုးဆိုသည်မှာ ယဉ်ကျေးမှု (သို့မဟုတ်) သဘာဝ (သို့မဟုတ်) ရောယှက်လျက်ရှိသည့် ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်တို့သည် နိုင်ငံတစ်နိုင်ငံရှိ အမျိုးသားရေးအဆင့် အမွေအနှစ်ထက် သာလွန်တည်ရှိနေပြီး မျက်မှောက်ခေတ်ကာလနှင့် နောင်အနာဂတ်မျိုးဆက်သစ် လူသားမျိုးနွယ်များအတွက်ပါ အရေးပါသောတန်ဖိုးများ အဖြစ် တည်ရှိနေခြင်းကို ဆိုလိုသည်။

ယဉ်ကျေးမှုအမွေအနှစ်များအတွက် သတ်မှတ်ထားသည့်စံနှုန်းများ

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ယဉ်ကျေးမှု အမွေအနှစ်ဖြစ်ရန်အတွက် သတ်မှတ်ထားသော စံနှုန်း (၆) ချက်ရှိရာ ယင်းတို့မှာ-

(၁) လူသားများ ဖန်တီးပြုလုပ်ထားသော ယဉ်ကျေးမှုသမိုင်းတစ်လျှောက်တွင် တုန့်ပြန်မရသော၊ စံပြုလောက်သော၊ ဂန္ထဝင်တွင်သော ပြောင်မြောက်လှသည့် လက်ရာများ၊

(၂) လူသားများတန်ဖိုးကို ပြောင်းလဲစေသော အရေးပါမှု၊ အချိန်ကာလ တစ်ခုအတွင်း (သို့မဟုတ်) ယဉ်ကျေးမှု ဒေသတစ်ခုအတွင်း ဗိသုကာလက်ရာ နည်းပညာ၊ အဆောက်အအုံအနုပညာ၊ မြို့တည်ဖွဲ့မှုနှင့် သဘာဝရေမြေပုံစံများ တိုးတက်ပြောင်းလဲလာမှု၊

(၃) တည်ရှိနေဆဲဖြစ်သော (သို့မဟုတ်) ကွယ်ပျောက်သွားခဲ့သော ယဉ်ကျေးမှုဓလေ့ (သို့မဟုတ်) မြို့ပြယဉ်ကျေးမှုတစ်ခု အတုမရှိမှု (သို့မဟုတ်) ပြယုဂ်တစ်ခုအနေဖြင့် ကျန်ရှိနေမှု၊

(၄) လူသိမိုင်းတွင် သိသာထင်ရှားသော အဆင့်တစ်ခု (သို့မဟုတ်) ထိုထက်ပိုစွာဖော်ပြပေးသော အဆောက်အအုံပုံစံများ၊ ဗိသုကာလက်ရာနည်းပညာဆိုင်ရာ အစိတ်အပိုင်းများ၊ ရေမြေဒေသများ၊

(၅) လူသားအားလုံးအသိအမှတ်ပြုလက်ခံနိုင်သောပြောင်းလဲဖြစ်ပျက်နေသည့် သဘာဝတရားအရ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုနှင့်လူသားများ အစဉ်အလာအရ အခြေချနေထိုင်ခဲ့မှု၊ ကမ္ဘာမြေကြီးနှင့် ပင်လယ်များကိုအသုံးချခဲ့မှုများ၊

(၆) လူသားအားလုံး အသိအမှတ်ပြု လက်ခံနိုင်သော အရေးပါထင်ရှားသည့် အဖြစ်အပျက်များ၊ ရှင်သန်နေဆဲ ထုံးဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်ချက်၊ အနုပညာနှင့် စာပေလက်ရာများဖြင့် ဆက်စပ်ဖြစ်ပျက်ခဲ့မှုများ ဟူ၍ဖြစ် သည်။

သဘာဝအမွေအနှစ်များအတွက် သတ်မှတ်ထားသည့် စံနှုန်းများ

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သဘာဝအမွေအနှစ်ဖြစ်ရန်အတွက် သတ်မှတ်ထားသော စံနှုန်း (၄) ချက်မှာ -

(၁) သဘာဝအလှတရားနှင့် အနုပညာ ရသဆိုင်ရာ သဘာဝအတိုင်း ထူးခြား

သာလွန်စွာ တည်ရှိနေသည့်ဖြစ်စဉ်များနှင့် နေရာဒေသများ၊

(၂) ကမ္ဘာ့သမိုင်းကြောင်းအတွက် ထင်ရှားလှပြီး အဓိကကျသော လူသားဘဝဖြစ်စဉ်ဆိုင်ရာ အထောက်အထားများ၊ တိုးတက်ဖြစ်ထွန်းလာခဲ့သော ပထဝီဝင်ဆိုင်ရာထူးခြားသည့် လက္ခဏာရပ်များ၊

PYUCOM အစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြ။
အမှာစကားပြောကြားစဉ်

ထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်ဆိုင်ရာလက္ခဏာများ၊

(၃) အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့သော ကုန်းမြေများ၊ ရေမြေအသစ်များ၊ ကမ်းခြေများနှင့်ရေကြောင်းဆိုင်ရာ ဂေဟစနစ်များ၊ သစ်ပင်များနှင့် တိရစ္ဆာန်မျိုးစိတ်များ ဂေဟဆိုင်ရာနှင့် ဇီဝပေဒဆိုင်ရာ ထင်ရှားသည့် လက္ခဏာရပ်များ၊

(၄) သိပ္ပံဆိုင်ရာနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာရှုထောင့်မှ လူသားအားလုံး အသိအမှတ်ပြုနိုင်သော တန်ဖိုးရှိသည့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော ဇီဝဆိုင်ရာ မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များဟူ၍ ဖြစ်သည်။

ကမ္ဘာ့အမွေအနှစ်ဒေသ

ကမ္ဘာ့အမွေအနှစ်နှင့် သဘာဝအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီမှု ညီလာခံက အဆိုပြုတင်သွင်းလာသည့် နေရာဒေသများ (သို့မဟုတ်) ဝတ္ထုပစ္စည်းများကို အတည်ပြုလက်ခံပါက လူသားအားလုံးကအသိအမှတ်ပြုလက်ခံနိုင်သောတန်ဖိုးရှိသည်ဟု သတ်မှတ်ပေးသည်။

ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နှင့် သဘာဝဆိုင်ရာအမွေအနှစ်တို့ကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် အမွေအနှစ်စာရင်းဝင်ဒေသများတွင် စာရင်းဝင်နေရာဖြစ်ကြောင်း အထိမ်းအမှတ်တံဆိပ်ကို စိုက်ထူပေးသည်။ အမှတ်တံဆိပ်၏ ပုံသဏ္ဌာန်မှာ အပြင်ဘက်ဆုံးအဝိုင်းပုံအတွင်း၌ စတုရန်းပုံကို ထည့်သွင်းဖော်ပြထားသည်။ အဝိုင်းနှင့် စတုရန်းတို့၏ အခြေဘက်တွင် အချင်းချင်းပြန်လည်ချိတ်ဆက်ထားပြီး ဖွင့်ထားသည့်သဏ္ဌာန်ဖော်ပြထားသည်။

ယင်းအမှတ်တံဆိပ်သည် ယဉ်ကျေးမှုအမွေအနှစ်တည်ရှိရာ နေရာဒေသများနှင့် လုပဆန်းကြယ်သော

သဘာဝတောတောင်ရေမြေ အမွေအနှစ် တည်ရှိရာ နေရာဒေသများ တစ်ခုနှင့်တစ်ခု အမှီသဟဲ ပြုနေပုံကို ဖော်ဆောင်ပေးသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်း

မြန်မာနိုင်ငံသည် သမိုင်းကြောင်းရှည်လျားစွာ တည်ရှိခဲ့ခြင်း၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ကြွယ်ဝစွာတည်ရှိနေခြင်းတို့ကြောင့် ကမ္ဘာ့အလယ်တွင် ထင်ရှားသောနိုင်ငံတစ်ခုဖြစ်သည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသော်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်း မရှိသေးပါ။

၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအနက် အဆိုပြုအမွေအနှစ် (၈) ခု ကို တင်သွင်းခဲ့သည်။ ၎င်းတို့မှာ (၁) မြန်မာနိုင်ငံအထက်ပိုင်း အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေးအစရှိသည့် ရှေးဟောင်းမြို့တော်များ၊ (၂) ပြဒါးလင်းဂူနှင့်အနီးပတ်ဝန်းကျင်ဂူများ၊ (၃) ပုဂံရှေးဟောင်းဒေသနှင့်အထိမ်းအမှတ်အဆောက်အအုံများ၊ (၄) အင်းလေးကန်၊ (၅) မွန်မြို့တော်ဟောင်းများ (ပဲခူး၊ ဟံသာဝတီ)၊ (၆) မြောက်ဦးရှေးဟောင်းဒေသနှင့် အထိမ်းအမှတ်အဆောက်အအုံများ၊ (၇) ပျဉ်ရှေးဟောင်း မြို့တော်များ (ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာ)၊ (၈) ကုန်းဘောင်ခေတ် သစ်သားဘုန်းတော်ကြီးကျောင်းများ [အုံတုံ၊ စလေ၊ ပုခန်းကြီး၊ ပုခန်းငယ်၊ လယ်ကိုင်း၊ စကု၊ ရွှေကျောင်း (မန္တလေး)] တို့ဖြစ်ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် အဆိုပြုအမွေအနှစ်များအနက် ပျဉ်မြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာမြို့ဟောင်းတို့ကို အစဉ်လိုက်ဖြစ်သော ပျဉ်မြို့ဟောင်းများအဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ရွေးချယ်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် UNESCO World Heritage Center နှင့် စတင်ဆက်သွယ်ဆောင်ရွက်ခဲ့သည်။

ပျဉ်မြို့ဟောင်းများသည် မြန်မာနိုင်ငံတွင် အစောဆုံးမြို့ပြတည်ထောင်ခဲ့ကြသော ပျဉ်ယဉ်ကျေးမှုစတင်ရာဒေသများဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓ

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် သရေခေတ္တရာမြို့ဟောင်းအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် လူထုနှင့် တွေ့ဆုံရှင်းလင်းစဉ်

ဘာသာကို မြန်မာနိုင်ငံတွင် စတင်အခြေပြုလက်ခံခဲ့ပြီး ယနေ့အချိန်ထိ ဆက်လက်ရှင်သန်တည်ရှိလျက်ရှိ သည်။ ဗုဒ္ဓဘာသာနှင့်ဆက်နွယ်၍ ကိုးကွယ်မှုဆိုင်ရာ ဗိသုကာအနုပညာလက်ရာများအဖြစ် အုတ်ဖြင့် တည်ဆောက်ထားသော စေတီ၊ ဘုရား၊ ကျောင်း၊ သိမ်၊ ပျူဘာသာစကားနှင့် ပန်းဆယ်မျိုးအနုပညာလက်ရာများသည် ပျူခေတ်မှသည် ယနေ့မျက်မှောက်ကာလ အချိန်အထိ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ပြင် မြို့ပြတည်ဆောက်မှု ဗိသုကာအတတ်ပညာတွင်လည်း မြို့ပြတည်ဆောက်ရာ မြေသဘာဝပတ်ဝန်းကျင် ရွေးချယ်မှု၊ မြို့ရိုးမြို့တာ၊ မြို့ဝင်ပေါက်များ၊ ကျုံး၊ နန်းတော်ရာစသည့် ထူးခြားထင်ရှားသော ဝိသေသ များထုတ်လုပ်ခြင်း၊ ရှေးခေတ်နိုင်ငံတကာဆက်ဆံရေး နှင့် ကုန်သွယ်မှုအထောက်အထားများ၊ အုတ်အသုံးပြု၍ မြို့ပြတည်ဆောက်မှုနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုဆိုင်ရာ ဗိသုကာ ပညာတို့သည် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအမွေ အနှစ်တန်ဖိုးကို ဖော်ညွှန်းလျက်ရှိသည်။

ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပျူယဉ်ကျေးမှုအမွေအနှစ်များမှ ဟန်လင်း၊ ဗိသနိုး နှင့် သရေခေတ္တရာပျူမြို့ဟောင်းများကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်သို့ တင်သွင်းနိုင်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ မန္တလေး-

ICOMOS အဖွဲ့မှ ဒေါက်တာဆူဆန် ဗိသနိုးမြို့ဟောင်းကို ကြည့်ရှုစစ်ဆေးစဉ်

လက္ခဏာများရှိနေကြောင်း တွေ့ရှိနိုင်သည်။ ပျူမြို့ပြ နိုင်ငံများသည် အရှေ့တောင် အာရှဒေသအတွင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အခြေခံ၍ ပထမဆုံးပေါ် ထွန်းလာခဲ့သော မြို့ပြနိုင်ငံများအဖြစ် အရေးပါသော ပြောင်းလဲမှုတစ်ရပ်ကို ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်။ ပျူယဉ်ကျေးမှုဖြစ်တည်ပေါ်ထွန်းခဲ့သော လူမှုစီးပွားရေး ဓလေ့အထောက်အထားအဖြစ် ရေသွင်းစိုက်ပျိုးရေး လုပ်ငန်းများ၊ သတ္တုအခြေခံ ထုတ်လုပ်မှုဖြစ်သော ငွေကြေးဒင်္ဂါးများသုံးစွဲခြင်းနှင့် ကိရိယာတန်ဆာပလာ ရွှေဘိုမော်တော် ကားလမ်းပေါ်ရှိ စိုင်နိုင်ကွေ့မှ အရှေ့ဘက် (၁၁) မိုင်၊ ရွှေဘိုမြို့မှ အရှေ့တောင်ဘက် (၁၀) မိုင် (၅) ဖာလုံခန့်တွင် တည်ရှိသည်။ အလျား (၂) မိုင်ခန့်၊ အနံ (၁) မိုင်ခန့်ရှိစတုဂံပုံမြို့ရိုးနှင့်အတူ ယနေ့တိုင် တွေ့မြင်နိုင်သော အနုပညာလက်ရာမြောက် ရွှေထည်၊ ငွေထည်ပစ္စည်းများ၊ ကျောက်စာများ၊ အရိုးစုများ၊ မြို့ရိုးမြို့တာများ၊ ရှေးဟောင်းအဆောက်အအုံအကြွင်း အကျန်များစသည့် အထောက်အထားများသည် ဟန်လင်းမြို့ဟောင်း၏ ထင်ရှားသောအမှတ် လက္ခဏာ

များပင်ဖြစ်သည်။ ဟန်လင်းပျူကျောက်စာ၌ အသုံးပြုထားသော အက္ခရာများမှာ အိန္ဒိယတောင်ပိုင်းအရေးအသားများပေါ်တွင် အခြေတည်သည့် အက္ခရာများဖြစ်ကြောင်း၊ ခရစ်နှစ် (၄) ရာစုကာလက အရေးအသားများဖြစ်ကြောင်း သိရှိရသည်။ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရ ဟန်လင်းဒေသတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ ပျူမြို့ပြနိုင်ငံတည်ထောင်ခဲ့သည့်အချိန်အထိ တစ်ဆက်တစ်စပ်တည်းနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည့် ပျူရှေးမြို့ဟောင်းသုံးခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။

ဗိဿနိုးပျူမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၏ အနောက်ဘက် (၁၁) မိုင်ခန့်အကွာရှိ ကုက္ကိုဇွရွာ၏ မြောက်ဘက်တွင် တည်ရှိသည်။ ဘီစီ (၂) ရာစုမှအေဒီ (၅) ရာစုအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး မြန်မာနိုင်ငံ၏ရှေးကျသော မြို့ဟောင်းတစ်ခုဖြစ်ကြောင်းကို ကြွင်းကျန်ရစ်သည့် မြို့အင်္ဂါရပ်များကို ထောက်ရှု၍လည်းကောင်း၊ သိပ္ပံနည်းကျရက်စွဲ သတ်မှတ်၍လည်းကောင်း၊ တူးဖော်မှုမှ တွေ့ရှိရသော အရာဝတ္ထုပစ္စည်းများကို လေ့လာသုံးသပ်၍လည်းကောင်းသိရှိနိုင်ပေသည်။ ယနေ့တိုင် တွေ့ရှိရသော အဆောက်အအုံ အထောက်အထားများ၊ ဒင်္ဂါးများ၊ ပုတီးစေ့များ၊ သာသနာရေးဆိုင်ရာ ဗိသုကာလက်ရာများ၊ အနုပညာလက်ရာမြောက် မြေအရိုးဘိုးများ၊ ဗုဒ္ဓဆင်းတုတော်များ၊ မြို့ရိုးမြို့တာများသည် ဗိဿနိုးမြို့ဟောင်း၏ထင်ရှားသော အမှတ်လက္ခဏာများဖြစ်ပေသည်။

သရေခေတ္တရာမြို့ဟောင်းသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏တောင်ဘက် (၅) မိုင်ခန့်အကွာ၊ ရန်ကုန်မြို့၏ အနောက်မြောက်ဘက်မိုင် (၁၈၀) ခန့် အကွာတွင်တည်ရှိသည်။ အေဒီ (၄) ရာစုမှ အေဒီ (၉) ရာစုအတွင်းထွန်းကားခဲ့သော ရှေးပျူမြို့ဟောင်း တစ်မြို့ဖြစ်သည်။ သရေခေတ္တရာမြို့ရိုးဟောင်းသည် စက်ဝိုင်းပုံမကျ၊ ဘဲဥပုံမကျသော အဝိုင်းပုံသဏ္ဌာန်ဖြစ်သည်။ မြို့ရိုး၊ ကျုံးများနှင့်အတူ နန်းတော်ရာ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဒင်္ဂါးများ၊ ဆင်းတုတော်များ၊ ပျူကချေသည်အရုပ်များ၊ ရွှေပေလွှာများကို တွေ့ရှိရသည်။ မြို့ရိုးသည် (၈) မိုင်၊ (၈) ဖာလုံရှိပြီး ဧရိယာအားဖြင့် ၅ ဒသမ ၅ စတုရန်းမိုင်ကျယ်ဝန်းသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ထိုပျူမြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသား ကော်မတီကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ဦးဆောင်သောအဖွဲ့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့တွင်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပျူမြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ် တင်သွင်းနိုင်ရေးအတွက် ကြိုးကြပ်ရေးအဖွဲ့နှင့်ပညာရှင်အဖွဲ့တို့ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ အဆိုပါ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းလုပ်ငန်းကြိုးကြပ်ရေးအဖွဲ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။

ကြိုးကြပ်ရေးအဖွဲ့သည် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာ တင်သွင်းနိုင်ရေးအတွက် -

(၁) မြန်မာ့ယဉ်ကျေးမှု ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အမျိုးသားအဆင့် မူဝါဒနှင့် လုပ်ငန်းဆိုင်ရာလမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ ဆုံးဖြတ်မှုတို့ကို ဆောင်ရွက်ရန်၊

(၂) မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုတွင် နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့်မူ၊ ဘောင်တို့နှင့် လိုက်လျောညီထွေဖြစ်စေရန် ဦးဆောင်လမ်းညွှန်မှုတို့ကို ဆောင်ရွက်ရန်၊

(၃) မြန်မာနိုင်ငံရှိ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တို့ကို ကမ္ဘာ့အမွေအနှစ်

စာရင်း တင်သွင်းသတ်မှတ်နိုင်ရေး လုပ်ငန်းနှင့် လုပ်ငန်းအစီအစဉ်တွင် စီမံခန့်ခွဲမှုနှင့် ဦးဆောင်လမ်းညွှန်မှုပေးရန်၊

(၄) မြန်မာနိုင်ငံရှိ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမှုပုံစံ တင်သွင်းခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သော Expert နှင့် Site Manager Team များအားစီမံခန့်ခွဲရန်၊

(၅) မြန်မာနိုင်ငံရှိ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တို့ကို ကမ္ဘာ့အမွေအနှစ် စာရင်း တင်သွင်းသတ်မှတ်မှုအတွက် လိုအပ်သောအမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာတို့၌ ပူးပေါင်းဆောင်ရွက်မှု၊

(၁၅) ဦး ပါဝင်သောအဖွဲ့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစန်းဝင်းက ဆောင်ရွက်သည်။

ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရာ၌ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်သည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ယင်းကို အချိန်မီအပြီးသတ် ရေးဆွဲနိုင်ရေးအတွက် ပျဉ်မြို့ဟောင်း (၃) မြို့ကို စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ် ရေးဆွဲရေးအဖွဲ့ကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ICOMOS အဖွဲ့မှ ဒေါက်တာဆူဆန် ဟန်လင်းမြို့ဟောင်းကို ကြည့်ရှုစစ်ဆေးစဉ်

ညှိနှိုင်းဆက်စပ်မှုတို့နှင့် ပတ်သက်သော စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုပေးရန် တို့ကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာ၌လိုအပ်သော ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းဆိုင်ရာ စာတွဲကို ပြုစုရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များ၊ ပြည်ပမှ ပညာရှင်များ၊ သမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဗိသုကာပညာရှင်များ အသင်းတို့မှ ပညာရှင်များပါဝင်သော အဖွဲ့ဝင် အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဗိသုကာပညာရှင်များအသင်း၏ အမှုဆောင် နာယကဖြစ်သူ ဒေါက်တာ ကျော်လတ်က တာဝန်ယူဆောင်ရွက်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်၍ အကူအညီပေးခဲ့သည်။ ကမ္ဘာ့အမွေအနှစ် အမည်စာရင်းတင်သွင်းရာ၌ လိုအပ်သော ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းဆိုင်ရာစာတွဲနှင့် (Nomination Dossier) စာတွဲ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် အဖွဲ့ဝင်များသည် ကမ္ဘာ့အမွေအနှစ်ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ တင်သွင်းခြင်းဆိုင်ရာပုံစံများနှင့် အံဝင်ခွင်ကျဖြစ်စေရန် ရှင်းလင်းချက်များ၊ လမ်းညွှန်

ချက်များအတိုင်း ရေးဆွဲခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ရုံးလုပ်ငန်းအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ထိုပညာရှင်များ အကူအညီဖြင့် အမည်စာရင်းတင်သွင်းရေးလုပ်ငန်းဆိုင်ရာမူကြမ်းကို ရေးသားပြုစုပြီးယူနက်စကို ကမ္ဘာ့အမွေအနှစ်ဗဟိုသို့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် မူကြမ်းတင်သွင်းခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ စာတွဲအပြည့်အစုံကို ပေးပို့တင်သွင်းခဲ့သည်။ အဆိုပါလုပ်ငန်းအောင်မြင်ရေးအတွက် အီတလီနိုင်ငံအစိုးရနှင့် ယူနက်စကိုတို့က ဘဏ္ဍာရေးအကူအညီများ ထောက်ပံ့ပေးခဲ့သည်။

ပျူမြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးနည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်အတွက် ယူနက်စကို၏ ဆက်သွယ်ဆောင်ရွက်မှုဖြင့် အီတလီနိုင်ငံအစိုးရ၏ အထောက်အပံ့ရယူကာ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးစီမံကိန်းအဖြစ် UNESCO Component (၃) ခု ခွဲဆောင်ရွက်ခဲ့သည်။ အစီအစဉ်များဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသတို့၌ လက်တွေ့ကာကွယ်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းအတွက် သင်တန်းများ၊ ပထဝီဆိုင်ရာသတင်းအချက်အလက်နည်းပညာကို အခြေပြု၍ ယဉ်ကျေးမှုအမွေအနှစ်တို့ စီမံခန့်ခွဲမှု လုပ်ငန်းများအတွက် သင်တန်းများနှင့် မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းသတ်မှတ်တင်သွင်းရေးတွင် ကူညီထောက်ပံ့မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပျူမြို့ဟောင်းများကြီးကြပ်ညှိနှိုင်းရေးကော်မတီ (Pyu Cities Coordination Committee-PYUCOM) ဖွဲ့စည်းခြင်းနှင့်ဆောင်ရွက်ချက်များ

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူရှေးဟောင်းမြို့ (၃) မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးဆောင်ရွက်ရာတွင် ဒေသအလိုက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဟန်လင်းမြို့ဟောင်းလုပ်ငန်းကော်မတီ၊ ဗိသနိုး မြို့ဟောင်းလုပ်ငန်းကော်မတီနှင့် သရေခေတ္တရာမြို့ဟောင်းလုပ်ငန်းကော်မတီတို့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ဖွဲ့စည်းခဲ့သည်။

သို့ရာတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သော Drafting Meeting to Review the Management Plan of the Pyu Ancient Cities Tentative List Site အစည်းအဝေး၌ ဆွေးနွေးညှိနှိုင်းချက်များအရ တိုင်းဒေသကြီး (၃) ခုတွင် တည်ရှိ၍ ထိထိရောက်ရောက် ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်းရန်နှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီဝင်များကို ဒေသခံများ၊ ကိုယ်စားလှယ်များပါ ထပ်မံဖြည့်စွက်ဖွဲ့စည်းရန် လိုအပ်သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ဖြင့် ဖွဲ့စည်းဆောင်ရွက်သည်။

(က) ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်

၁။ မြို့ဟောင်းများတွင် လက်ရှိ ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန်နှင့် မပျောက်ပျက်အောင်ဒေသအလိုက် ပူးပေါင်းထိန်းသိမ်းရန်နှင့် မှတ်တမ်းတင်ရန်၊

၂။ မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံချက်များကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး စောင့်ကြည့်ညှိနှိုင်းဆောင်ရွက်ရန်၊

၃။ ယူနက်စကိုနှင့် အပြည်ပြည်ဆိုင်ရာသတ်မှတ်ချက်များ၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၄။ မြို့ဟောင်းဒေသများရှိ လူမှုအဖွဲ့အစည်းများတစ်ခုနှင့် တစ်ခုဆက်စပ်ပြီး

ယဉ်ကျေးမှုအမွေအနှစ်များပြန့်ပွား စေရန်နှင့် စီးပွားရေးနှင့် လူမှုရေးအကျိုး အမြတ်များရရှိအောင် သတင်းအချက် အလက်များဖလှယ်၍ ညှိနှိုင်းဆောင် ရွက်နိုင်ရန်၊

၅။ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော် ထုတ်၍ အနာဂတ်မျိုးဆက်သစ်များ သို့ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊

၆။ ရှေးဟောင်းယဉ်ကျေးမှုများမထိခိုက် စေရန် ကာကွယ်ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာန များပူးပေါင်း ပါဝင်ဆောင်ရွက်လာနိုင် အောင် အခြေခံအဆင့်လုပ်ငန်းစဉ်နှင့် စိမ်ချက်များရေးဆွဲဆောင်ရွက်ရန်၊

၇။ ဒေသခံများကို Do's and Don't များ၊ ကန့်သတ်ချက်များ၊ စည်းကမ်းချက်များ လိုက်နာစေရန် ပညာပေးခြင်း၊ ဟောပြော ခြင်းနှင့် အနီးကပ်ကြီးကြပ်ခြင်း စသည် တို့ကို ဆောင်ရွက်ရန်၊

၈။ ယူနက်စကိုမှ သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးမူများ၊ လုပ်ငန်းစဉ်များကို ဒေသတွင်းရှိ ဆက်စပ်သောဌာနများနှင့် ဒေသခံများ လိုက်နာဆောင်ရွက်စေရေး ပညာပေး ရန်နှင့် ကြီးကြပ်ရန်၊

၉။ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စိမ်ခန့်ခွဲနိုင်ရန် ဌာနဆိုင်ရာများပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူ လူထုပါ ပါဝင်လာအောင် ဆောင်ရွက်ရန်၊

၁၀။ ယဉ်ကျေးမှုအမွေအနှစ်များရှိသော နေရာ၊ ကြားခံနေရာများနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသခံ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများလိုက်နာစေရန် ကြီးကြပ်မှုပေး ရန်၊ အသိပညာပေးရန်၊ ဟောပြောပို့ချရန်၊ ပူးပေါင်းပါဝင်အောင်လှုံ့ဆော်မှု ဆောင်ရွက်ရန်တို့ ဖြစ်သည်။

ပျူရှေးဟောင်းမြို့များကြီးကြပ်ညှိနှိုင်းရေး ကော်မတီ (PYUCOM) ၏ ဦးဆောင်မှုဖြင့် ပျူမြို့ဟောင်း များ၏ ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားတို့ကို ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းကာကွယ်သွားနိုင်ရန်အတွက် ရည်ရွယ်ချက် (၄) ခု၊ စီမံ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ရည်ရွယ်ချက် (၁၉) ခု၊ ဆောင်ရွက်ရမည့်လုပ်ငန်း (၆၄) ခုတို့ဖြင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည်။ ပျူမြို့ဟောင်း (၃) မြို့၏ ဝန်ထမ်းအင်အားကိုလည်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းခဲ့ကြရသည်။ လုပ်ငန်းကော်မတီများဖွဲ့စည်းကာ စီမံရေးရာ လုပ်ငန်း၊ သုတေသနလုပ်ငန်း၊ အဆောက်အအုံ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဓာတုဗေဒထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် ပျူမြို့ဟောင်း (၃) မြို့တွင် မြို့တစ်မြို့ချင်းအလိုက် ပျူရှေးဟောင်းမြို့များကြီးကြပ် ညှိနှိုင်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ထိုလုပ်ငန်းကော်မတီတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဥက္ကဋ္ဌများဖြစ်ကြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ခံက အတွင်းရေးမှူးဖြစ်သည်။ ထိုလုပ်ငန်းကော်မတီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမှုဆောင်အရာရှိ၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ် အင်ဂျင်နီယာ၊ မြို့နယ်ဥပဒေအရာရှိ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည်တို့က အဖွဲ့ဝင်များဖြစ်ကြသည်။

ပျူမြို့ဟောင်းလုပ်ငန်းတွင် အဖွဲ့ဝင်များက မြို့ဟောင်းများတွင် လက်ရှိတည်ရှိနေသော ယဉ်ကျေးမှု အမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ်စေရန်နှင့် မပျောက်ပျက်စေရန် ဒေသအလိုက် ပူးပေါင်းထိန်းသိမ်းရန်၊ မှတ်တမ်းတင်ရန်၊ မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံချက်များကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေ

အနှစ်များ မထိခိုက်စေရေးစောင့်ကြည့်ညှိနှိုင်းဆောင်ရွက်ရန်၊ ယူနက်စကို နှင့်အပြည်ပြည်ဆိုင်ရာသတ်မှတ်ချက်များ၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မြို့ဟောင်းဒေသများရှိလူမှုအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခုဆက်စပ်ပြီး ယဉ်ကျေးမှု အမွေအနှစ်များ ပြန်ပွားစေရန်နှင့်စီးပွားရေးလူမှုရေးအကျိုးအမြတ်များရရှိအောင် သတင်းအချက်အလက်များ ဖလှယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်၍ အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရှေးဟောင်းယဉ်ကျေးမှုများ မထိခိုက်စေရန် ကာကွယ်ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်အောင် စီမံချက်များရေးဆွဲဆောင်ရွက်ရန်၊ ယူနက်စကိုမှ သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ" များ၊ လုပ်ငန်းစဉ်များကို ဒေသရှိဌာနများနှင့်ဒေသခံများကို သိရှိနားလည်စေရန်ပညာပေးခြင်း၊ ဟောပြောခြင်း၊ အနီးကပ်ကြီးကြပ်ခြင်းစသည်တို့ကို ဆောင်ရွက်ရန်၊ ဒေသခံပြည်သူလူထုပါဝင်လာအောင်ဆောင်ရွက်ရန် စသည့်လုပ်ငန်းများကို ပူးပေါင်းပါဝင်ညှိနှိုင်းဆောင်ရွက်ကြသည်။

ဇုန်နယ်နိမိတ်များသတ်မှတ်ခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၂၀၀၁ ခုနှစ်မှစတင်၍ ပျဉ်မြို့ဟောင်း (၃) မြို့ကို အစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြပြီး သရေခေတ္တရာမြို့ဟောင်းကို ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် လည်းကောင်း၊ ဗိသနိုးမြို့ဟောင်းကို ၂၀၀၂ ခုနှစ်၊ မေလ ၂၉ ရက်တွင်လည်းကောင်း၊ ဟန်လင်းမြို့ဟောင်းကို ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင်လည်းကောင်း ဇုန်နယ်နိမိတ်များသတ်မှတ်၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကာအမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့သည်။ သို့သော် ၂၀၁၃ ခုနှစ်၊ အတွင်း၌ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် ပြည်ပပညာရှင်များလာရောက်ကွင်းဆင်းခဲ့ပြီး Nomination Dossier အခန်း (၂)၊ (၃) တို့၌ ဖော်ပြရေးသားထားသော ပျဉ်မြို့တော်များ၏ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးနှင့်ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တည်ရှိရာနေရာများကို ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ်တိုးချဲ့၍ ထိန်းသိမ်းသင့်ကြောင်း၊ သို့မှသာ ကမ္ဘာ့အမွေအနှစ်အဖြစ်အဆိုပြုထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို နိုင်ငံတော်က ဥပဒေဖြင့် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်လျက်ရှိသည်ကို ယူနက်စကိုအနေဖြင့် လက်ခံမည်ဖြစ်ကြောင်း၊ ယူနက်စကို၏ စစ်ဆေးရေးအဖွဲ့များနှင့် နောင်တွင်ဆက်လက်စောင့်ကြည့်နေမည့် အဖွဲ့များအနေဖြင့်လည်း ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိနေသည့်နေရာများပါဝင် အောင်ဇုန်များတိုးချဲ့ ပြင်ဆင်သတ်မှတ်မှသာ လက်ခံနိုင်မည့်အနေအထားရှိကြောင်း အကြံပြုခဲ့သည်။

ထို့ကြောင့် ပြည်တွင်း ပြည်ပ ပညာရှင်များ၊ Geographic Information System ပညာရှင်များ အကြိမ်ကြိမ်ကွင်းဆင်း စစ်ဆေးတိုင်းတာညှိနှိုင်းဆွေးနွေး၍ ပျဉ်မြို့ဟောင်း (၃) မြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ စေတီဘုရားများရှိနေသည့် နေရာများကိုပါဝင်အောင် ရှေးဟောင်းနေရာ တည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်တို့ကို အနည်းဆုံးလိုအပ်သည့်အတိုင်းအတာဖြင့် ပြင်ဆင်တိုးချဲ့သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဇုန်နယ်နိမိတ်သတ်မှတ်ထားသော နယ်မြေကိုလည်း ဇုန်မြေပုံများ၊ ဇုန်နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူထားရှိခြင်းဖြင့် အများပြည်သူကို ရှေးဟောင်းဇုန်နယ်မြေဧရိယာဖြစ်ကြောင်း သိရှိနားလည်စေခဲ့သည်။

ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အမျိုးသား

စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ပျဉ်မြို့ဟောင်းများတွင် နေထိုင်သော ပြည်သူများဖြင့်ဖွဲ့စည်းထားသည့် သရေခေတ္တရာအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့၊ ရွှေဘုန်းပွင့်ပိဋကတ်စာကြည့်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်၊ ဗိဿနိုးယဉ်ကျေးမှု အမွေအနှစ်ဇုန်ဒေသခံထိန်းသိမ်းရေးအဖွဲ့တို့ကလည်း ပျဉ်မြို့ဟောင်းများရှိ ကျေးရွာရပ်ကွက်များမှ လုပ်သားပြည်သူများ၊ ပျဉ်ယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးထိန်းသိမ်းကြစေရန်၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာတွင် တက်ကြွစွာပါဝင်လာကြစေရန် စာပေပညာရှင်များ၊ အနုပညာရှင်များကို ဖိတ်ကြား၍ အသိပညာပေးဟောပြောပွဲများကျင်းပပြုလုပ်ခြင်း၊ ကျောင်းသူ၊ ကျောင်းသားများကို မြို့ဟောင်းများသို့ ခရီးထွက်နိုင်ရန် စီစဉ်ပေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ICOMOS မှ ကျွမ်းကျင်ပညာရှင်သည် သရေခေတ္တရာမြို့ဟောင်းနှင့် ဗိဿနိုးမြို့ဟောင်းများသို့ လာရောက်စစ်ဆေးမှုမပြုမီ စီမံခန့်ခွဲရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (၃) ကြိမ်တိုင်တိုင် ကျင်းပခဲ့သည်။

ICOMOS မှ ကျွမ်းကျင်သူ ဒေါက်တာဆူဆန်သည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်မှ ၂၈ ရက်အထိ လာရောက်ပြီး ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ ဟောင်းများကို အစစ်အမှန်ဖြစ်ခြင်း၊ ပြည့်စုံမှုရှိခြင်းနှင့် နဂိုမူရင်းအတိုင်းကျန်ရှိနေခြင်း၊ အဆိုပြုတင်ပြထားသော ယဉ်ကျေးမှုအမွေအနှစ် နယ်နိမိတ်အတိုင်းအတာ တိကျသေချာမှုရှိခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်နေရာ ထိန်းသိမ်းမှု၊ ကာကွယ်ထားရှိမှုနှင့် ထိရောက်မှုရှိခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်း နည်းစနစ်တို့ကို စစ်ဆေးခဲ့သည်။

ထို့အပြင် ဟန်လင်းမြို့ဟောင်းကိုလည်း ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်မှ ၂၆ ရက်အထိ ဒေါက်တာဆူဆန်ကပင်လာရောက် စစ်ဆေးခဲ့သည်၊ ICOMOS မှ ကျွမ်းကျင်ပညာရှင်များ၏ စစ်ဆေးချက်များ၊ ကမ္ဘာ့အမွေအနှစ် အကြံပေးအဖွဲ့ဝင်များ၏ အဆိုပြုချက်များအပေါ်တွင် မူတည်၍ ၂၀၁၄ ခုနှစ်အတွင်း ကာတာနိုင်ငံ (Qatar) တွင် ကျင်းပမည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

ပျဉ်မြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရပါက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာပိုမိုတိုးတက် တင့်တယ်စေနိုင်မည်ဖြစ်သည်။ သမိုင်းကြောင်း ရှည်လျားပြီး အဆင့်အတန်းမြင့်မားသည့် အမျိုးသားရေးလက္ခဏာဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာလူမျိုးများသာမက ကမ္ဘာအရပ်ရပ်မှပင်သိရှိစေနိုင်မည်ဖြစ်သည်။ သို့မှသာ နိုင်ငံတကာမှ ယဉ်ကျေးမှုအခြေခံရိုးသွားဥယျသည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေခြင်းဖြင့် ဒေသခံများသည် အသိအမြင်များကျယ်ပြန့်လာကာ အလုပ်ကိုင်အခွင့်အလမ်းများရရှိစေနိုင်ပြီး ဒေသလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေကိုလည်း ပိုမိုတိုးတက်ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ပျဉ်မြို့ဟောင်း (၃) မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ပင်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျဉ်ရွှေဟောင်းမြို့များမှာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အထိ တိုးတက်မြင့်မားလာနိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထာဝစဉ်တည်တံ့ခိုင်မြဲစေရေးအတွက် တစ်မျိုးသားလုံးက ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်စာမြေ-သိန်းလွင်

ဗိသနိုးမြို့ဟောင်းတည်နေရာပြမြေပုံ



ဟန်လင်းမြို့ဟောင်းတည်နေရာပြမြေပုံ





သရေခေတ္တရာမြို့ဟောင်းတည်နေရာပြမြေပုံ



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး စောက်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပြီးနောက် ကော်မရှင်သည် လူ့အခွင့် အရေးကာကွယ်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးကိစ္စရပ်များ၊ လူ့အခွင့် အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေရေးရာ ကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို သတ်မှတ် ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေမူကြမ်းရေးဆွဲခြင်း

ကမ္ဘာ့နိုင်ငံအသီးသီး၌ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ကြရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ လွှတ်တော်မှ ဥပဒေပြဋ္ဌာန်း၍သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတ (သို့မဟုတ်) ဝန်ကြီးချုပ်၏ အမိန့် အာဏာဖြင့်သော်လည်းကောင်း ဖွဲ့စည်းတည်ထောင် လေ့ရှိကြသည်။

အချို့နိုင်ငံများသည် ပထမ အဆင့်တွင် နိုင်ငံတော် သမ္မတ (သို့မဟုတ်) ဝန်ကြီးချုပ်၏ အမိန့်အာဏာ ဖြင့်ဖွဲ့စည်းပြီး ထို့နောက်တစ်ဆင့် တက်လှမ်းကာ လွှတ်တော်မှ ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းကြသည့် သာဓက များရှိသည်။

နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင် ရေးနှင့် ကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်ခြင်း ကြောင့် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှုအာဏာအရ အုပ်ချုပ် ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်အနေဖြင့် ဖွဲ့စည်း ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကို ဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်း အဖြစ်သတ်မှတ်ခြင်းနှင့် ကော်မရှင်အတွက် ငွေကြေး သုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြ ခြင်းတို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲ ဥပဒေများနှင့်ညီညွတ်မှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ကျင်းပသော ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန် အစည်းအဝေးက မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ကို ဗဟိုအဖွဲ့အစည်းတွင် ထည့်သွင်းထားခြင်းနှင့် ရသုံး ခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်ထည့်သွင်းဖော်ပြ ထားခြင်းကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက် ရက်စွဲဖြင့် သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှုအာဏာအရ အုပ်ချုပ်ရေး ဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက် လာသော အစိုးရသစ်လက်ထက်တွင် အမျိုးသား အကျိုးစီးပွားအတွက် ပြည်ပဖိအားများလျော့ကျရေး၊

နိုင်ငံသားများ၏ မူလအခွင့်အရေးများကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မဖြစ်မနေလိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်ကို အုပ်ချုပ်ရေး အာဏာအရ ဖွဲ့စည်းထားရှိခြင်းနှင့် အမျိုးသား အကျိုးစီးပွားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မရှိမဖြစ် လိုအပ်ခြင်းတို့ကြောင့် ဆက်လက်ဖွဲ့စည်းထား ရှိမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ် ကြောင်း၊ ထို့ပြင် ဥပဒေကို အခြေခံဖွဲ့စည်းသည့် ကော်မရှင်တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ဥပဒေကြမ်း တစ်ရပ်ပြုစု ရေးဆွဲလျက်ရှိပြီး ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်း၍ ဆက်လက် ဖွဲ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကလည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၇ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် (၂/၂၀၁၂) ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့် အရေးများမြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့ကို ဆောင်ရွက် နိုင်ရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးတိုးတက် ဖော်ဆောင်နိုင်ရန်နှင့် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင် ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝစေရန်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်ကို အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်း တည်ထောင်ခြင်းဆိုင်ရာ အခြေခံမူများ (ပါရီအခြေခံမူ များ) နှင့်အညီ ဖွဲ့စည်းရာတွင် အစိုးရ၏ ထိန်းချုပ်မှုမှ လွတ်လပ်ပြီး သီးခြားရပ်တည်သည့်အဖွဲ့အစည်းအနေဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်သည်ဟု ကော်မရှင်က ခံယူကြောင်း၊ အဆိုပါ ပါရီအခြေခံမူများအရ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များကို သက်ဆိုင်ရာနိုင်ငံအစိုးရက လုံလောက် သောဘဏ္ဍာငွေထောက်ပံ့ကြရကြောင်း၊ သို့ဖြစ်၍ ကော်မရှင်သည် အစိုးရ၏အထောက်အပံ့နှင့် အခြားသော အထောက်အပံ့များကို စနစ်တကျ လက်ခံသုံးစွဲသော အဖွဲ့အစည်းအဖြစ် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံတွင် ငါးနိုင်ငံမြောက် အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းနိုင်သော နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ ဂုဏ် သိက္ခာကို မြင့်မားစေခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို စတင်ရေးဆွဲနေပြီဖြစ်ကြောင်း၊ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးထားသော တာဝန်နှင့်လုပ်ပိုင်ခွင့် များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော နိုင်ငံသားတို့၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးကို အရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းစသည်ဖြင့် ဖော်ပြပါ ရှိသည်။

ပြည်ထောင်စုလွှတ်တော်က ဥပဒေဖြင့် ပြဋ္ဌာန်း သည့် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဥပဒေမူကြမ်းရေးဆွဲရာတွင် ပြည်တွင်းရှိသက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းခြင်း၊ အရပ်ဘက်အဖွဲ့ အစည်းများအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ သည်။

ထို့ပြင် နိုင်ငံတကာအဆင့်မီဥပဒေတစ်ရပ် ဖြစ်စေရန်အတွက် သက်ဆိုင်ရာပြည်ပအဖွဲ့အစည်းများ ဖြစ်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်း ကြီးရုံး၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများဖိုရမ်နှင့်ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law တို့ထံမှလည်း အကြံဉာဏ်များရယူ၍ ရေးဆွဲခဲ့ သည်။

ယင်းကဲ့သို့ရေးဆွဲခဲ့သည့် ဥပဒေကြမ်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်သည်။

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများတည်ထောင်ရန် အားပေးသကဲ့သို့ နိုင်ငံအသီးသီး၌လည်း အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းမျာဖွဲ့စည်းတည်ထောင်ရန်

The Republic of the Union of Myanmar

Myanmar National Human Rights Commission

Activities of the Myanmar National Human Right Commission

(5 September 2011 to 31 January 2012)

Date : 31 January 2012
Yangon

အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ထုတ်ဝေသော

ဆောင်ရွက်ချက်နှင့်သတင်းထုတ်ပြန်ချက်များစာစောင်

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို အဖွဲ့ဝင်အဖြစ်လက်ခံခြင်း

ကုလသမဂ္ဂသည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ဒေသအသီးသီး၌ ဒေသဆိုင်ရာ တိုက်တွန်းသည်။ ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများသည် ဒေသတွင်းရှိ နိုင်ငံအသီးသီးမှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများကိုစုစည်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသော်လည်း နိုင်ငံတကာစံနှုန်းကိုက်ညီမှုနည်းပါးသည့် အမျိုးသား

လူအခွင့်အရေးအဖွဲ့အစည်းများကို အဖွဲ့ဝင်အဖြစ် လက်မခံမိစေရန်အတွက် အထူးစိစစ်၍ လက်ခံကြသည်ကို တွေ့ရှိရသည်။

အရှေ့တောင်အာရှဒေသအတွင်း၌ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မိမိတို့နိုင်ငံအသီးသီး၌ အမျိုးသားလူအခွင့်အရေးကော်မရှင်များဖွဲ့စည်းထားရှိပြီး ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် အဆိုပါကော်မရှင်များကို စုစည်း၍ အာဆီယံအမျိုးသားလူအခွင့်အရေး အဖွဲ့အစည်းများဖိုရမ်အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ထို့နောက် ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပသော အဆိုပါ ဖိုရမ်အစည်းအဝေးတွင် ဖိုရမ်အဖွဲ့ဝင်လေးနိုင်ငံသည် အဆိုပါအဖွဲ့ကိုပင် အရှေ့တောင်အာရှ အမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်ဟု ပြင်ဆင်၍အမည်ပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တီမောလက်စ်တေနိုင်ငံ အမျိုးသားလူအခွင့်အရေးအဖွဲ့သည် ဖိုရမ်၏ ဒါးဖွဲ့မြောက်အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့် ရရှိခဲ့သည်။

အဆိုပါ အရှေ့တောင်အာရှအမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ အဓိကရည်မှန်းချက်မှာ အရှေ့တောင်အာရှဒေသတွင်း၌လူအခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ယန္တရားအနေဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ ဤရည်မှန်းချက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့်တာဝန်များတွင် အရှေ့တောင်အာရှနိုင်ငံများ၌ အမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့် ဖွံ့ဖြိုးလာစေရေးကို အားပေးရန်နှင့် ဒေသတွင်းနှင့် ဒေသပြင်ပတွင်ဖြစ်ပေါ်သည့် ဆိုးရွားသောလူအခွင့်အရေးဖောက်ဖျက်မှုပြဿနာများနှင့်စပ်လျဉ်း၍ စုပေါင်းရပ်တည်ရေးအပါအဝင်ဖိုရမ်၏ရည်မှန်းချက်များ အောင်မြင်ရေးအတွက် လှုပ်ရှားဆောင်ရွက်ရန်တို့ ပါဝင်သည်။

မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်သည် ၎င်းအတွက်သတ်မှတ်ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူအခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးကို ဆောင်ရွက်နေသည့်ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ရှိသည့်အားလျော်စွာ အရှေ့တောင်အာရှအမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်သို့ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် လျှောက်ထားခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်စတင်တည်ထောင်သည့် အမျိုးသားလူအခွင့်အရေးကော်မရှင်အသီသီးသို့ သွားရောက်လေ့လာခြင်းနှင့် ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူအခွင့်အရေးကော်မရှင် ဒါးဖွဲ့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်သို့ လာရောက်၍ မိမိတို့ကော်မရှင်၏ ဆောင်ရွက်ချက်များကို လေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်၏ ဖွဲ့စည်းတည်ထောင်ပုံ၊ တာဝန်နှင့် ဝတ္တရားများ၊ ဆောင်ရွက်ချက်တို့ကို ဖိုရမ်အဖွဲ့ဝင်ကော်မရှင်များအား ရှင်းလင်းပြသခွင့် ရရှိခဲ့သည်။

သို့ဖြစ်ရာ ဖိုရမ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်၏ဖိုရမ်အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကိုကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီးနောက် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပသော ဖိုရမ်၏ (၉) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကာလအတွင်း ၂၀၁၂ ခုနှစ်၊ ဧကန်ဘင်ဘာလ ၁၂ ရက်၌ မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်ကို အရှေ့တောင်အာရှ အမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၆) ဖွဲ့မြောက်အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။

အာရှ-ပစိဖိတ် အမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်က မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်ကို တွဲဖက်အဖွဲ့ဝင်အဖြစ် လက်ခံခြင်း

မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်သည် သက်ဆိုင်ရာဒေသခွဲ အဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှအမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ အဖွဲ့ဝင်ဖြစ်ပြီးနောက် ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အာရှ-ပစိဖိတ်အမျိုးသားလူအခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၌ အဖွဲ့ဝင်အဖြစ်

ပါဝင်ခွင့်ရရှိရေးကို ဆက်လက်လှုပ်ရှားဆောင်ရွက်ခဲ့သည်။ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်ကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်ပေါင်း (၁၅) ဖွဲ့နှင့် တွဲဖက်အဖွဲ့ဝင်ပေါင်း သုံးဖွဲ့ရှိသည်။ အဆိုပါ အာရှ-ပစိဖိတ်ဖိုရမ်၏ အဓိကရည်မှန်းချက်မှာ ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များ တိုးတက်ခိုင်မာလာစေရန် ကူညီပံ့ပိုးခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ရန် ဖိုရမ်တစ်ခု ဖန်တီးပေးခြင်း၊ အာရှ-ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေးဆိုင်ရာ ပညာရေးနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ ဖြစ်သည်။

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်

မြန်မာနိုင်ငံက အမျိုးသားလူ့အခွင့်အရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းတည်ထောင်လိုက်ခြင်းကို အာရှ- ပစိဖိတ်ဖိုရမ်အဖွဲ့က လှိုက်လှဲစွာကြိုဆိုပြီး ကော်မရှင်နှင့် ဆက်သွယ်မှုများရရှိခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဧပြီလတွင် အာရှ-ပစိဖိတ်ဖိုရမ်အဖွဲ့မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ဆွေးနွေးကာ ကော်မရှင်ဖွဲ့စည်းတည်ထောင်မှုနှင့် ဆောင်ရွက်ချက်ကို လေ့လာခဲ့သည့်အပြင် ၎င်းတို့ဖိုရမ်အဖွဲ့က ကူညီပံ့ပိုးနိုင်သည့် ယင်းကဲ့သို့အဆင့်မြင့် ဆွေးနွေးမှုကျင်းပခြင်းသည် မြန်မာနိုင်ငံ၏ဖိုရမ် အဖွဲ့ဝင်ဖြစ်ရေးကို များစွာ အထောက်အကူဖြစ်စေသည်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ကျော်ဒန်နိုင်ငံ၊ အမန်မြို့၌ ကျင်းပသော အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖိုရမ်၏တွဲဖက်အဖွဲ့ဝင်အဖြစ် မြှင့်တင်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရာတွင် လက်တွေ့ပံ့ပိုးမှုပေးရေး၊ အစိုးရများနှင့် ပြည်သူ့အဖွဲ့အစည်းများအား အကြံဉာဏ်ပေးရေးတို့ဖြစ်သည်။

မြန်မာနိုင်ငံက အမျိုးသားလူ့အခွင့်အရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းတည်ထောင်လိုက်ခြင်းကို အာရှ- ပစိဖိတ်ဖိုရမ်အဖွဲ့က လှိုက်လှဲစွာကြိုဆိုပြီး ကော်မရှင်နှင့် ဆက်သွယ်မှုများရရှိခဲ့သည်။

လက်ခံလိုက်သည်။ ဖိုရမ်၌ တင်းပြည့်အဖွဲ့ဝင်ဖြစ်ရန် "စံ" သတ်မှတ်ချက်မှာ ကုလသမဂ္ဂ၏ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ၌ "အေ" အဆင့်အဖွဲ့ဝင်ဖြစ်ရန်လိုအပ်သည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အဆိုပါအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ၌ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းမပြုရသေးသဖြင့် အာရှ-ပစိဖိတ်ဖိုရမ်၌ တွဲဖက်အဖွဲ့ဝင်အဖြစ် သတ်မှတ်လက်ခံခြင်းဖြစ်သည်။

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေး လုပ်ငန်းများ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ အရှေ့တောင်အာရှဒေသရုံးနှင့် ပူးပေါင်း၍လည်းကောင်း၊ ဆွီဒင်နိုင်ငံ၊ Raoul Wallenberg Institute of Human Rights and Humanitarian Law နှင့်ပူးပေါင်း၍လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ကလေးသူငယ်များအထူးရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်း၍လည်းကောင်း ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသကဲ့သို့ ကော်မရှင်အဖွဲ့ဝင်အချို့ကလည်း မြန်မာနိုင်ငံအတွင်းရှိ သင်တန်းများတွင် လူ့အခွင့်အရေး ဘာသာရပ်နှင့် စပ်လျဉ်း၍ သင်တန်းပို့ချမှုများဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်သတင်းထုတ်ပြန်ချက်များကိုစုစည်း၍ မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ပုံနှိပ်ဖြန့်ချိလျက်ရှိသည်။ လူ့အခွင့်အရေးဘာသာရပ်အသိပညာ တိုးတက်မြင့်မားရေးနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများသည် ပြည်ပတွင် ကျင်းပသည့် ဆွေးနွေးပွဲများ၊ သင်တန်းများသို့ တက်ရောက်ကြသည်။ ကော်မရှင်ရုံးမှ ဝန်ထမ်းများ အရည်အချင်းမြင့်မားရေးအတွက်လည်း ပြည်တွင်း၌ သင်ကြားပေးသကဲ့သို့ ပြည်ပ၌ကျင်းပသည့် သင်တန်းများသို့လည်း စေလွှတ်ပေးလျက်ရှိသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မြန်မာဘာသာပြန်ဆို၍ ဖြန့်ချိခြင်း

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ပြုစုပြီးနောက် ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုချမှတ်၍ ထုတ်ပြန်ကြေညာခဲ့သည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် ဤကြေညာစာတမ်း၏ စာသားကို အများပြည်သူသိရှိစေရေးအတွက် ဆောင်ရွက်ရန်၊ အဓိကအားဖြင့်ကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများတွင် ဖြန့်ချိဝေငှရန်နှင့် အဓိပ္ပာယ်ရှင်းလင်းဖော်ပြရန် ပန်ကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုလျက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်မှ စတင်၍ အုပ်ရေ တစ်သိန်းကျော် ပုံနှိပ်ဖြန့်ချိလျက်ရှိသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝက်ဘ်ဆိုက်ထူထောင်ခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးအတွက် လူ့အခွင့်အရေးအသိပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝက်ဘ်ဆိုက်ထူထောင်ထားသည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင်ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်ချက်များ၊ ကော်မရှင်၏အခါအားလျော်စွာ ထုတ်ပြန်ချက်များနှင့် ကော်မရှင်က ထုတ်ပြန်သည့် စာအုပ်စာတမ်းများကို ပြည်တွင်းပြည်ပမှ စိတ်ပါဝင်စားသူများ ဖတ်ရှုလေ့လာနိုင်ရန် ဖော်ပြထားသကဲ့သို့ ကော်မရှင်၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ချိတ်ဆက်၍ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၊ အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့၏ ဝက်ဘ်ဆိုက်တို့သို့လည်း တက်

ရောက်ဖတ်ရှု၍ လေ့လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဝက်ဘ်ဆိုက်လိပ်စာမှာ www.mmhrc.org.mm ဖြစ်သည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့ကို ဆောင်ရွက်သည့်အနေဖြင့် တိုင်တန်းချက်များကို လက်ခံ၍စိစစ်ပြီး ကော်မရှင်၏လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပေးလျက်ရှိရာ ကော်မရှင်တည်ထောင်စဉ်မှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ တိုင်တန်းစာပေါင်း ၅၀၀၀ ခန့် လက်ခံရရှိခဲ့သည်။

၎င်းတိုင်တန်းချက်များကို ကော်မရှင်အဖွဲ့ဝင်များ ပါဝင်သည့် စိစစ်ရေးအဖွဲ့က စိစစ်ပြီးတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်ပေးပို့ခြင်း၊ လိုအပ်ပါက တိုင်တန်းသူနှင့် တိုင်တန်းခံရသူများအား ဆင့်ခေါ် မေးမြန်းခြင်းနှင့် ပုဂ္ဂိုလ်အချင်းချင်း ဖြစ်ပွားသည့်ကိစ္စရပ်များတွင် ညှိနှိုင်း၍ ရရှိနိုင်ပါက ညှိနှိုင်းဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

ကော်မရှင်တွင် လက်ခံရရှိသော တိုင်တန်းချက်အများစုမှာ မြေယာပိုင်ဆိုင်မှုနှင့် မြေယာအသိမ်းခံရမှုကိစ္စရပ်များ၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့် အုပ်ချုပ်သူများ၏ ဆောင်ရွက်ချက်အပေါ် တိုင်တန်းချက်များ၊ ဆိုင်ခန်းဖျက်သိမ်းခံရမှုကိစ္စရပ်များ၊ အိမ်ရှင်နှင့် အိမ်ငှားအငြင်းပွားမှုကိစ္စရပ်များ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများ၏ ဆေးကုသမှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဝန်ထမ်းအချို့၏ နစ်နာမှုကိစ္စရပ်များ၊ ကျောင်းများ၌ဆရာ၊ ကျောင်းသားနှင့်မိဘ ဆက်ဆံရေးကိစ္စရပ်များစသည်ဖြင့် တိုင်တန်းချက် အမျိုးအမည်များစွာရှိသည်။ တိုင်တန်းချက်များကို စိစစ်ရာတွင်လိုအပ်ပါက ကွင်းဆင်းစစ်ဆေးမှုများလည်း ဆောင်ရွက်သည်။

ထို့ပြင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတို့ကဲ့သို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခင်းဖြစ်ပွားရာနေရာဒေသများသို့ ကော်မရှင်အဖွဲ့ဝင်များ ကိုယ်တိုင်သွားရောက်လေ့လာစိစစ်ပြီး တွေ့ရှိချက်နှင့် အကြံပြုချက်တို့ကိုပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့တင်ပြခြင်းနှင့် သတင်းထုတ်ပြန်ခြင်းတို့ဆောင်ရွက်ခဲ့သည်။

သတင်းထုတ်ပြန်ခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်တို့တွင် အောက်ပါသတင်းထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့သည်-

(က) နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခြင်းခံရသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏ စေတနာကို အလေးထားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတွင် ဥပဒေဘောင်အတွင်းမှ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းသည့်ထုတ်ပြန်ချက်၊

(ခ) မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံသူနိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ရေရှည်ဆောင်ရွက်သွားရမည့် အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း ထုတ်ပြန်ချက်၊

(ဂ) ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား

(ဃ) ရခိုင်ပြည်နယ်၌ ၂၀၁၂ ခုနှစ်၊ ဇွန်လ အတွင်းဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်၊

(င) အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ကချင်ပြည်နယ် ခရီးစဉ်နှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်၊

(စ) အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးများဖိုရမ်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အဖွဲ့ဝင်အဖြစ်လက်ခံသည့် ထုတ်ပြန်ချက်၊

(ဆ) အာရှနှင့်ပစိဖိတ်အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပူးတွဲအဖွဲ့ဝင်အဖြစ် လက်ခံသည့် ထုတ်ပြန်ချက်၊

(ဇ) ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့အထိမ်းအမှတ်အတွက် ထုတ်ပြန်ချက်၊

(ဈ) ကချင်ပြည်နယ်ပဋိပက္ခ ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့်ပတ်သက်သော ထုတ်ပြန်ချက်၊

(ည) ကချင်ပြည်နယ် ပဋိပက္ခနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်၊

(ဋ) ရခိုင်ပြည်နယ်ပဋိပက္ခများနှင့် စပ်လျဉ်း၍ထုတ်ပြန်ချက်၊

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရှေ့လုပ်ငန်းစဉ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအနက် အဓိကကျသော လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေများကိုလေ့လာ၍ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုသင့်သည့် ဥပဒေများတွင် ပါဝင်ချုပ်ဆိုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ အကြံပြုတင်ပြရေးကိစ္စ၊ ကုလသမဂ္ဂက ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review) အတွက် မြန်မာနိုင်ငံက အစီရင်ခံစာတင်သွင်းရေးကိစ္စအပါအဝင် မြန်မာနိုင်ငံမှ ကုလသမဂ္ဂသို့ အစီရင်ခံစာတင်သွင်းသည့်ကိစ္စရပ်များတွင် လွတ်လပ်မှုအခြေခံဖြင့် ကူညီပံ့ပိုးဆောင်ရွက်ရေးကိစ္စ၊ ကော်မရှင်က အဖွဲ့ဝင်အဖြစ်ပါဝင်သည့်ဒေသခွဲနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းအသီးသီးတွင် အခြားအမျိုးသားလူ့အခွင့်အရေးကော်မရှင်များနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံတကာအဆင့်ဖြစ်သော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးကိစ္စ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့်စာပေများကို မြန်မာဘာသာသို့ပြန်ဆို၍ ထုတ်ဝေဖြန့်ချိရန်ကိစ္စနှင့် ပြည်တွင်းပြည်ပရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများ ကျင်းပသွားရေးကိစ္စ စသည်တို့ ပါဝင်သည်။

ယင်းသို့ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၎င်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားသောတာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်။

ဦးညွန့်ဆွေ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အမြင်

လူသားနှင့် အခြားသောသက်ရှိသတ္တဝါတို့ မှီတင်းနေထိုင်ကြသော ဤကမ္ဘာကြီး ပျက်စီးယိုယွင်းနေသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ပြင် လူသားနှင့် အတူတကွနေထိုင်နေကြသော သက်ရှိသတ္တဝါများနှင့် အတူ တောရိုင်းတိရစ္ဆာန်ဇီဝမျိုးနွယ်စုများသည်လည်း မျိုးသုဉ်းပျောက်ကွယ်လျက်ရှိသည်။ ကမ္ဘာကြီး၏ ဂေဟစနစ် (Ecosystem) များသည် ယခုအချိန်၌ ကမောက်ကမဖြစ်ကာ ပြောင်းလဲပျက်စီးလျက်ရှိသည်။ ဤအဖြစ်အပျက်အကြောင်းအရာများကို သတင်းနှင့် မီဒီယာများမှတစ်ဆင့် ကြားသိနေကြရပေသည်။

ဂေဟစနစ် (Ecosystem) ဆိုသည်မှာ အပင်များ၊ သက်ရှိသတ္တဝါများ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီညွတ်စွာ ဖွဲ့တည်နေထိုင်သောစနစ်ပင်ဖြစ်သည်။ ဤစနစ်သည် ကမ္ဘာကြီးကို တည်တံ့နေစေရန် ထောက်ကန်ပေးနေသောအရာဖြစ်သည်။

ဤဂေဟစနစ်များစွာတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေ၍ တစ်ခုကိုတစ်ခု အထိန်းအကွပ်ပြုနေသောကြောင့် ကမ္ဘာကြီးသည် ပုံမှန်လည်ပတ်တည်ရှိနေခြင်းဖြစ်သည်။

ကမ္ဘာ့ဂေဟစနစ်၏ ညီညွတ်မှုတို့ ပျက်ယွင်းသွားသည်နှင့်အမျှ ရာသီဥတုများလည်း ပုံမှန်ဖြစ်ပေါ်ခြင်းမရှိတော့ဘဲ ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့ရသည်။ ရာသီဥတုပြောင်းလဲခြင်း၏ ဂယက်ကြောင့် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်၊ မေလ ၃-၄ ရက်များက ရန်ကုန်မြို့အပါအဝင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအနှံ့အပြား၌ နာဂစ်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် အသက်အိုးအိမ် စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံ၌ဖြစ်ခဲ့ဖူးသော ဖြစ်ရပ်များအနက် အဆိုးရွားဆုံးသော ကြေကွဲဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေဆိုး၊ ဖြစ်ရပ်ဆိုးများဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အဘယ်နည်း၊ မည်သူ့ကြောင့် ဖြစ်ပေါ်လာရသနည်းစသည့် မေးခွန်းများကို လူတို့၏ ရင်ထဲ၌ မေးနေကြမည်မှာ ဧကန်ပင်ဖြစ်သည်။ လူသားတို့၏ မဆင်မခြင်၊ အမြော်အမြင်နည်းသော လုပ်ရပ်ကြောင့်ပင် ဖြစ်သည်ဆိုသော အဖြေကို အထင်အရှားတွေ့မြင်ကြရမည်။

ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင် Denis Goulet က ပြတ်ပြတ်သားသား ပြောကြားခဲ့သည်မှာ "**လူသားများ မဖြစ်မနေ လုပ်ဆောင်ရမည့်အလုပ်မှာ သဘာဝပတ်ဝန်းကျင်ကို ကယ်တင်ခြင်းပင်ဖြစ်သည်။ အကယ်၍ ဤအလုပ်ကို မလုပ်ဆောင်ပါက လူသားမျိုးနွယ်သည် ကမ္ဘာမြေပြင်မှ ဆိတ်သုဉ်းပျောက်ကွယ်သွားမည်**" ဟူ၍ပင် ဖြစ်သည်။

လူအပါအဝင် သက်ရှိများနှင့် ၎င်းတို့မှီတင်းနေထိုင်ရာပတ်ဝန်းကျင်သည် အပြန်အလှန် အစဉ်အမြဲဆက်နွယ်ကြောင်းကျိုးပြုနေသည်မှာ အမှန်ဖြစ်သည်။ သက်ရှိများသည် ပတ်ဝန်းကျင်ကို အထိုက်အလျောက် ပြောင်းလဲစေနိုင်သကဲ့သို့ ပတ်ဝန်းကျင်ကြောင့်လည်း သက်ရှိများ၏ဘဝ၌ အပြောင်းအလဲများ ဖြစ်ကြရသည်။ သို့သော် လူသား၏လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာရသော သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုသည် ပို၍ကျယ်ပြန့်ကြီးမားကြောင်း တွေ့ရသည်။

လူသားတို့ အလွန်အကျွံ ခုတ်လှဲသောကြောင့် သစ်တောများစွာ ပျောက်ကွယ်ခဲ့ရသည်။ ဥတုရာသီတောကိုမှီ၏ ဆိုသောအချက်ကို သတိပြုလိုက်နာသင့်သည်။ အသစ်ပြန်လည် ဖြည့်ဆည်း၍မရနိုင်သော သယံဇာတများ၊ ရေနံသိုက်များ၊ ရတနာသိုက်များသည်လည်း လူသားတို့ တူးဖော်ထုတ်ယူသုံးစွဲမှုကြောင့် ကုန်ခန်းမည့်အခြေသို့ ဆိုက်ရောက်ခဲ့ရသည်။ ၎င်းတို့သည် ကုန်ခန်းသွားနိုင်သောသဘာဝ သယံဇာတများဖြစ်သည်။ ထို့ပြင် စက်ရုံကြီးများက မရပ်မနားလည်ပတ်နေသဖြင့် စက်ရုံခေါင်းတိုင်များမှ မီးခိုးများအဖြစ် တလူလူထွက်နေသော CFC/CO_2 ဓာတ်ငွေ့များကြောင့် ကမ္ဘာ့လေထုညစ်ညမ်းရသည်။ ကမ္ဘာပေါ်

တွင်ရှိသော ပင်လယ်သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်ထဲသို့ လူတို့စွန့်ပစ်ခဲ့သောအဆိပ်အတောက် စွန့်ပစ်ပစ္စည်းများ (Toxic Wastes) နှင့် မြေပြင်ပေါ်၌ နေရာအနှံ့တွင် တွေ့ရှိရသည့် ပလတ်စတစ်ကဲ့သို့ မဆွေးမြည့်နိုင်သော စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကြောင့် ကမ္ဘာ့လေထု၊ ရေထုနှင့် မြေထုများ ညစ်ညမ်း၍ အကျည်းတန်အရုပ်ဆိုးလျက်ရှိကြသည်။ ဤကဲ့သို့သော လူတို့၏လုပ်ရပ်များ၊ အပြုအမူများကြောင့် သဘာဝပတ်ဝန်းကျင်သည် တစ်နေ့တခြား တဖြည်းဖြည်း ပို၍ညစ်ညမ်းပြီး ပုံပျက်ပန်းပျက် ဖြစ်ရလေသည်။

ဤသို့ဖြင့် လူသားတို့၏ အတောမသတ်နိုင်သော လောဘ၊ မဆင်မခြင် အမြော်အမြင်နည်းသောအတွက်တို့ကြောင့် ယိုယွင်းပျက်စီးရသော သဘာဝပတ်ဝန်းကျင်အခြေအနေများကို လူသားတို့ကပင် ပြန်လည် မွမ်းမံပြင်ဆင်ကာကွယ်ပေးရန် တာဝန်ရှိလေသည်။

ဤနေရာ၌ မည်သို့မည်ပုံပြုပြင်မည်နည်း။

သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ သယံဇာတများ ပြုန်းတီးမှုများကို ရပ်တန့်သွားစေရန် မည်ကဲ့သို့တားဆီးကြရမည်နည်းဆိုသော မေးခွန်းများနှင့် ပတ်သက်၍ အဖြေအမျိုးမျိုးကို ပေးကြသည်။

အချို့သောသူများက ယနေ့ တစ်ဟုန်ထိုးတိုးတက်နေသော သိပ္ပံပညာနှင့် နည်းပညာများကို အသုံးပြု၍ နည်းလမ်းရှာလျှင် ရနိုင်သည်ဟု လွယ်ကူစွာပြောဆိုတတ်ကြသည်။ ဤအယူအဆသည် အတိုင်းအတာတစ်ခုအထိ မှန်ကောင်းမှန်နိုင်ပေသည်။ သို့သော် ကုန်ကျစရိတ်ကြီးမားနိုင်သည်။ အချိန်မီ ပြုပြင်နိုင်ခြင်းရှိ မရှိ စသည်တို့နှင့် ပတ်သက်၍စဉ်းစားစရာ ဖြစ်စေသည်။ ၎င်းတို့အားလုံးထက်ပို၍ အရေးကြီးသော မေးခွန်းမှာ ပျက်စီးနေသော ပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းလိုသော စိတ်ဆန္ဒသည် လူသားတို့၌ မည်သည့်အတိုင်းအတာထိရှိသနည်းဟူသော မေးခွန်းပင်ဖြစ်သည်။

ဤမေးခွန်းပေါ် ပေါက်လာရခြင်းမှာ အကြောင်းရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဆင်းရဲချမ်းသာမရွေး အားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုတစ်ခုတည်းကိုသာ ဦးစားပေးပြီး တစိုက်မတ်မတ် လုပ်ဆောင်နေကြခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် စားသုံးမှု (Consumerism) ဟုခေါ်သော ဇိမ်ခံစားသုံးမှုအလေ့အထ အမူအကျင့်များကို သိပ္ပံနှင့်နည်းပညာရပ်များက ထိန်းသိမ်းပြုပြင်ပေးနိုင်စွမ်းမရှိကြချေ။ ဥပမာအားဖြင့် ရေမှဖြစ်သော ရွှံ့ညွန်ကို ရေဖြင့်သာ



သဘာဝဘေးကြောင့်ပြုန်းတီးပျက်စီးစပြုနေသော သစ်တောဧရိယာတစ်ခု

ဆေးကြောပေးနိုင်သကဲ့သို့ စိတ်မှဖြစ်ပေါ်လာသော ဆန္ဒ၊ လိုချင်တပ်မက်မှု လောဘစသည်တို့ကို သိပ္ပံနှင့် နည်းပညာတို့ဖြင့် ထိန်းကျောင်းပေးနိုင်စွမ်းမရှိဘဲ စိတ်ဖြင့်သာ ထိန်းကျောင်းရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝလောကကြီးထဲမှ ရသမျှ အစွမ်းကုန် ထုတ်ယူသုံးစွဲမည်ဆိုသော အမြင်မှား၊ သယံဇာတများသည် ကုန်ခန်းနိုင်ခြင်း မရှိသည့်အပြင် ကမ္ဘာကြီးသည် လည်း မပျက်စီး မပြိုကွဲနိုင်ဟု ယူဆထားသော လွဲမှားနေသည့် အယူအဆအမှားများကို ပြန်လည်၍ ဆန်းစစ်ကြည့်ရန် လိုအပ်လာပြီဟု ဆိုရမည်။

ထို့ပြင် လောဘရမ္မက်ကို ဖြည့်ဆည်းရန်သာ တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်နေသော အပြုအမူများကိုလည်း ပြုပြင်ပြောင်းလဲရန် အချိန်တန်နေပြီဟု ကိုယ်ကျင့်တရား ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များ၏ တိုက်တွန်းပြောဆိုသံများကို သတိပြုရန်အချိန်ရောက်ပြီဟု ဆိုရမည်။

လူသားတို့သည် မိမိတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်ဆိုသောအချက်ကို မည်သူမျှမငြင်းနိုင်ပေ။ လူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အထူးလိုအပ်သည်။ သို့သော်လည်း အခြားတစ်ဖက်၌ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်သည်။ ဤကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မိမိတို့၏လက်ရှိဘဝနေထိုင်မှုပုံစံကို ပြောင်းလဲရမည် ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို စွန့်လွှတ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ လူ့ဘဝ၏လိုအပ်ချက်များကို ရေရှည်ဖြည့်ဆည်းပေးနိုင်မည့် ဖွံ့ဖြိုးမှု သို့မဟုတ် စစ်မှန်သောဖွံ့ဖြိုးမှု (Authentic Development) ကို ပန်းတိုင်သစ်အဖြစ် ထားရှိရန်လိုအပ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။

ဤနေရာ၌ တစ်ချိန်က အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင် မဟတ္တမဂန္ဒီ မိန့်ကြားခဲ့သော "သဘာဝတရားကြီးသည် လူတိုင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စွမ်းရှိသော်လည်း လူတို့၏ လောဘကိုမူကား မဖြည့်ဆည်းနိုင်" ဟူသောစကားကို ပြန်ပြောင်းအမှတ်ရသင့်သည်။

သို့ဖြစ်သောကြောင့် ယနေ့ လူသားတို့အတွက် အရေးကြီးသောကိစ္စရပ်မှာ မည်သည့်ဘဝမျိုးကို တည်ဆောက်၍ နေထိုင်ကြမည်နည်းဆိုသောကိစ္စပင်ဖြစ်သည်။ ဤကိစ္စသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အခြေခံကျသောအချက်လည်းဖြစ်သည်။

အနောက်တိုင်း၌ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပညာရှင်အနည်းစုက ဝေဖန်ထောက်ပြခဲ့သည်မှာ အနှစ်(၄၀) ခန့်ရှိခဲ့ပြီဖြစ်သည်။ သို့သော် အများစုက ဤပတ်ဝန်းကျင်ဆိုင်ရာပြဿနာကို အရေးကြီးသော ကိစ္စရပ်ဟု မယူဆခဲ့သောကြောင့် အရေးတယူထည့်သွင်းမစဉ်းစားခဲ့ပေ။ ယခု သဘာဝတရား၏ တုံ့ပြန်မှုဒဏ်ကို လက်တွေ့ခံစားရမှသာ အပူတပြင်း အရေးတကြီး ဖြေရှင်းရမည့်ပြဿနာအဖြစ် ရှုမြင်လာကြခြင်းဖြစ်သည်။

မျက်မှောက်ခေတ်မြန်မာနိုင်ငံအနေနှင့်မူ မကြာသေးမီကမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် စတင်ထူထောင်ခဲ့သောကြောင့် စက်မှုနိုင်ငံအဖြစ် အပြည့်အဝမရောက်ရှိသေးပေ။ သို့ကြောင့်လည်း မြန်မာနိုင်ငံ၏ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်တို့သည် စက်မှုနိုင်ငံကြီးများကဲ့သို့ အလွန်အကျွံ မပျက်စီးသေးပေ။ သို့သော် သတိပြုရမည့်အချက်တစ်ခုရှိသည်။ ယင်းမှာ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုများ၊ ရာသီဥတုပြောင်းလဲမှုများ၊ ကမ္ဘာကြီးပူနွေးလာမှု စသည့် အခြေအနေများသည် နိုင်ငံနယ်နိမိတ်နှင့် တားဆီးကန့်သတ်၍ မရနိုင်ဟူသောအချက်ဖြစ်သည်။ နယ်နိမိတ်ဆိုသည်ကို ၎င်းတို့သည် သိလည်းမသိ၊ လေးလည်းမလေးစားပေ။ မလာပါနှင့်ဟု လူတို့ကတားဆီး၍လည်း မရနိုင်သောအရာများဖြစ်ကြသည်။ သို့အတွက်ကြောင့် အခြားကမ္ဘာ့ဒေသများ၌ ဖြစ်ပျက်ပေါ်ပေါက်နေသော ရာသီဥတုကမောက်ကမဖြစ်မှု၊ ပတ်ဝန်းကျင်ပျက်စီးမှုတို့၏ဂယက်သည် မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်နိုင်ပေသည်။ ရိုက်ခတ်မှုရှိခဲ့သည်ကိုလည်း နာဂစ်မုန်တိုင်းက ခါးသီးသောသင်ခန်းစာပေးခဲ့ပြီ။ ထို့ကြောင့် ပတ်ဝန်းကျင်

ထိန်းသိမ်းရေးလုပ်ရပ်သည် လူသားအားလုံး ဝိုင်းဝန်းဖြေရှင်းရမည့် အရေးကြီးကိစ္စတစ်ရပ်ဖြစ်ပေသည်။ မိမိနှင့်မဆိုင်ဟု လျစ်လျူရှုနေနိုင်သော ပြဿနာမဟုတ်ပေ။

လူသားတို့၏သဘာဝပတ်ဝန်းကျင်အပေါ် ၌ထားရှိသောအမြင်မှားများကို စတင်၍ပြုပြင်ရာတွင် ကိုယ်ကျင့်တရားစောင့်စည်းမှုသည် အရေးကြီးဆုံးဖြစ်သည်။ လူသားတို့သည် လူလူချင်းဆက်ဆံရာ၌သာ ကိုယ်ကျင့်တရားစောင့်စည်းရန် လိုအပ်ခြင်းမဟုတ်ဘဲ အခြားသော သက်ရှိသတ္တဝါများနှင့်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်သော်လည်းကောင်း ဆက်ဆံရာတွင်လည်း ကိုယ်ကျင့်တရားစောင့်စည်းရန် လိုအပ်သည်။ ဤအသိတရားသည် လူသားတို့၏ရင်ထဲ၌ကိန်းအောင်းတည်ရှိနေမှသာ သဘာဝပတ်ဝန်းကျင်ကို မပျက်စီး မယိုယွင်းရလေအောင် စိတ်ပါလက်ပါ အားတက်သရောလုပ်ဆောင်လာကြမည်ဖြစ်သည်။

ယခုအချိန်၌ မြန်မာနိုင်ငံအတွက် ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရာတွင်ဖြစ်စေ၊ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုဖြေရှင်းရာတွင် ပြေလည်မှုရရှိနိုင်ရန်အတွက်ဖြစ်စေ မြန်မာ့ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားရှုထောင့်မှ အတွေးအခေါ်အပြုအမူပြောင်းလဲရေးအတွက် မည်ကဲ့သို့ ဖြည့်ဆည်းပေးနိုင်မည်နည်းဆိုသည်ကို စဉ်းစားဆောင်ရွက်ရန် အချိန်ရောက်ပြီဟုဆိုရပေမည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကွန်ဖရင့်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံစုံမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဘက်စုံရှုထောင့်မှ အားလုံးဝိုင်းဝန်းဖြေရှင်းရမည်ကို ကမ္ဘာကအသိအမှတ်ပြုသည့်သဘော တွေ့ရသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအသီးသီးကလည်း သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ အတွေးအမြင်၊ အပြုအမူပြောင်းလဲရေးအတွက် နှေးအစဉ်အလာကပင်ဖြစ်ခဲ့သော ကောင်းမွန်သည့် ယဉ်ကျေးမှုဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ တန်ဖိုးများကို ပြန်လည်ဖော်ထုတ်ပြီး သင့်လျော်သည်များကို လမ်းညွှန်မှုများအဖြစ် ခံယူကျင့်သုံးကြရမည်ကို သဘောပေါက်နားလည်လာကြောင်း၊ အသိအမှတ်ပြုကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအများစုတို့ ကိုးကွယ်ယုံကြည်သော ထေရဝါဒဗုဒ္ဓဘာသာတရားတော်နှင့် အဆုံးအမများတွင်လည်း ပတ်ဝန်းကျင်ပြောင်းလဲရေးအတွက် သင့်လျော်သော အတွေးအခေါ်များ၊ အထောက်အကူပြုနိုင်မည့် အယူအဆများကို တွေ့ရှိနိုင်ပေသည်။ ကမ္ဘာပေါ်တွင်ရှိသော မည်သည့်ဘာသာတရား အဆုံးအမများမဆို လူတို့၏ကိုယ်ကျင့်တရားကို ကောင်းမွန်အောင် ပြုပြင်ပေးသည်ချည်းပင်ဖြစ်သည်။ ထိုဘာသာတရားများသည် ပတ်ဝန်းကျင်နှင့်ဖြစ်စေ၊ အခြားသက်ရှိသတ္တဝါများနှင့်ဖြစ်စေ မည်သို့ဆက်ဆံကျင့်ကြံနေထိုင်ရမည်၊ မည်သို့သဘောထားရမည်ဆိုသည်ကို အားဖြည့်ပေးနိုင်သောကြောင့် လူသားအပါအဝင် အားလုံး၏အကျိုးနှင့်သက်ဆိုင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အထောက်အကူပေးနိုင်သည်။ ၎င်းတို့အနက် ဗုဒ္ဓတရားတော်လာအဆုံးအမများသည် ပတ်ဝန်းကျင်ဆိုင်ရာ အတွေးအမြင်ပြုပြင်ရေးအတွက် များစွာတန်ဖိုးရှိသည်များကို တွေ့ရှိနိုင်သည်။ သို့သော် ကိုယ်ကျင့်တရားနှင့်စပ်လျဉ်း၍ မဆွေးနွေးမီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရပ်ဝေါဟာရအချို့ကို တင်ပြဆွေးနွေးရန်လိုသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ

ကမ္ဘာ့ပတ်ဝန်းကျင် - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိုယ်ကျင့်တရားအမြင်ကို လေ့လာရာတွင် မသိမဖြစ် သိရှိရမည့် ဝေါဟာရများရှိသည်။ ထို ဝေါဟာရများအနက် ပတ်ဝန်းကျင်ဆိုသည်မှာ သက်ရှိသတ္တဝါများအပေါ် ရိုက်ခတ်လာသည့် ပြင်ပအခြေအနေအရပ်ရပ်ကို စုပေါင်းပြီး ခေါ်ဝေါ်သတ်မှတ်ထားခြင်းဖြစ်သည်။ ရိုက်ခတ်လာသော အခြင်းအရာများသည် သက်ရှိများ (Biotic Factors) နှင့် အမျိုးမျိုးသော သက်မဲ့အခြင်းအရာအဖြစ်အပျက်များ (Abiotic Factors) (ဥပမာ- ရေ၊ မြေ၊ ရာသီဥတု၊ အလင်းအမှောင်တို့) ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ပတ်ဝန်းကျင်ကို အလွှာလေးလွှာခွဲပြီး လေ့လာကြသည်။ ၎င်းအလွှာများမှာ (Lithosphere, Hydrosphere, Atmosphere နှင့် Biosphere) တို့ဖြစ်သည်။

Lithosphere ဆိုသည့်အလွှာတွင် ကျောက်ခဲ၊ ကျောက်တုံး၊ မြေကြီး၊ မြေမှုန့်၊ မြေခဲများပါဝင်ဖွဲ့စည်းနေသည်။ ကမ္ဘာ့သစ်ပင်အများစုသည် ဤအပိုင်း၌ပေါက်ရောက်ရှင်သန်ကြသည့်နည်းတူ ၎င်းတို့လိုအပ်သော အာဟာရများကိုလည်း ရယူကြသည်။

Hydrosphere ဟုခေါ်ဆိုသော ရေထုအလွှာမှာ ဟိုက်ဒရိုဂျင်ရရှိသည့်အပြင် သစ်ပင်ပန်းမန်တို့သည် ရေမှ အောက်ဆီဂျင်ကို အဓိကရရှိသည်။ ဤအလွှာသည် ကမ္ဘာ့မျက်နှာပြင်၌ ၇၃ ရာခိုင်နှုန်းကို ဖုံးလွှမ်းထားပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာတို့အဖြစ် တည်ရှိနေကြသည်။

Atmosphere ဆိုသည်မှာ ကမ္ဘာ့မျက်နှာပြင်ကိုလွှမ်းခြုံထားသော ဓာတ်ငွေ့များပါဝင်သည့်အလွှာ ဖြစ်သည်။ လေထုဟု သိထားကြသော အလွှာဖြစ်သည်။ ဤအလွှာ၌ နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းနှင့် ရေမှုန်များနှင့်ရောနေသော ကာဗွန်ဒိုင်အောက်ဆိုဒ် ၀ ဒသမ ၀၃ ရာခိုင်နှုန်းတို့ ပါဝင်ဖွဲ့စည်းထားသည်။ အခြားမပြောပလောက်သော ဓာတ်ငွေ့၊ ဖုန်မှုန့်၊ ဝတ်မှုန်တို့သည်လည်း ဤအလွှာ၌ ပါဝင်ကြသည်။

Biosphere ဆိုသည်မှာ သက်ရှိများ မှီတင်းနေထိုင်ရာ မြေ၊ ရေ အပိုင်းကိုခေါ်သည်။ တစ်နည်းဆိုရသော် ဂေဟစနစ်လှုပ်ရှားလည်ပတ်နေသော နေရာတိုင်းကို Biosphere ဟု သတ်မှတ်ကြသည်။ ဤအလွှာသည် ကျန်အပိုင်းသုံးပိုင်းနှင့် မသိမသာရောယှက်သွားသည်။ ကမ္ဘာ့ပတ်ဝန်းကျင်၏ ထိုအစိတ်အပိုင်းများသည် တစ်ခုနှင့်တစ်ခု အထိန်းအကွပ်နှင့် ဟန်ချက်ညီစွာ သက်ဝင်လှုပ်ရှားနေသောကြောင့်သာ ကမ္ဘာကြီးပေါ်၌ သက်ရှိများသည် နှစ်သန်းပေါင်းများစွာ ရှင်သန်တည်ရှိနိုင်ခဲ့ခြင်းဖြစ်သည်။



ရေခဲမြစ်များ၏ ယနေ့အနေအထား

ဂေဟစနစ်နှင့်ဂေဟဗေဒ - Ecosystem နှင့် Ecology စသည့် ဝေါဟာရများကိုလည်း သိရန်လိုအပ်သည်။ ဂေဟဗေဒပညာရှင်များ (Ecologists) နှင့် ပတ်ဝန်းကျင်ပညာရှင်များ (Environmentalists) သည် ဂေဟစနစ် (Ecosystem) ဆိုသည် ကို Biosphere ၏ အစုအဖွဲ့ငယ်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဤအစုအဖွဲ့ငယ်များသည် ရာသီဥတုအလိုက် ကမ္ဘာ့ဒေသအသီးသီးတွင် ရှိကြသည်။ တစ်နည်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံး၌ ဂေဟစနစ်များစွာရှိသည်။ ဂေဟစနစ်တစ်ခုစီအတွင်း၌ရှိနေကြသော သက်ရှိသတ္တဝါများနှင့်

သစ်ပင်များသည် အစာအာဟာရအရ အပြန်အလှန် ဆက်နွယ်နေကြသည့်အပြင် အစာအရင်းအမြစ် ရရှိရေးအတွက်လည်း အပြိုင်အဆိုင် လုပ်ရှားရသည့် အတွက်ကြောင့် အသက်ရှင်သန်ရေးအတွက် အပြိုင် အဆိုင်တိုက်ခိုက်ကြရသော ပြိုင်ဘက်များဖြစ်ကြသည်။ ဤဆက်နွယ်မှုကို သဘာဝတရားက ညှို့ ဂေဟစနစ်များကို ဟန်ချက်ညီစေရန် ထိန်းထားခြင်း ဖြစ်သည်။ သမင်မွေးရင်း ကျားစားရင်းဆိုသော စကားပုံကဲ့သို့ သတ္တဝါဦးရေ အတိုးအလျော့ ညီညွတ်မှုတအောင် သဘာဝအလျောက် ဆောင်ရွက်ပေးသည့်သဘောဖြစ်သည်။ သို့ဖြစ်၍ Ecosystem ဟုခေါ်သော အစုအဖွဲ့စနစ်တစ်ခုစီတွင် အကျုံးဝင်သည့် သက်ရှိနှင့်သစ်ပင်များသည် သူ့နေရာနှင့်သူ အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့်အပြင် ယင်းတို့၏ ရှင်သန်ကြီးထွားမှုအတွက်လည်း အစာရေစာ အရင်းအမြစ်များကို အပြိုင်အဆိုင် ရယူသုံးစွဲကြသည်။ ဤနည်းအားဖြင့် သဘာဝကြီးသည် Ecosystem တစ်ခုစီကို တည်ငြိမ်အောင် ထိန်းသိမ်းထားပေသည်။ သို့သော် Ecosystem အတွင်း အနှောင့်အယှက်များဖြစ်ပေါ်လာလျှင် ၎င်းဟန်ချက်ပျက်သွားပြီး ပြိုကွဲပျက်စီးသွားနိုင်သည်။ ဥပမာအားဖြင့် Ecologist တစ်ဦးဖြစ်သော Robert Paine သည် စမ်းသပ်လေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့သည်။ Paine သည် Ecosystem တစ်ခုအဖြစ် တည်ရှိနေသော ဒီရေအိုင် (Tidal Pool) တွင် လက်တွေ့စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့သည်။ ထိုအိုင်တွင် ရေလက်ဝါး (Starfish)၊ ယောက်သွား (Mussel)၊ ခမောက်ခရု (Iimpet) ၊ ခရင်း (Barnacle)၊ အခွံမာခရု (Chiton) အစရှိသည့် ဇီဝမျိုးစု ၁၅ မျိုး နေထိုင်ကြသည်။ Paine က ထိုအိုင်ထဲမှ ရေလက်ဝါးအားလုံးကို ထုတ်ပစ်ပြီး အခြေအနေကို စောင့်ကြည့်သောအခါ ရေလက်ဝါး၏ အစာဖြစ်သော Mussel ဟု ခေါ်သော ယောက်သွားများ၏ ဦးရေသည် တိုးပွားလာသည်။ ထိုအခါ ယောက်သွားအရေအတွက် များပြားလာသည်နှင့်အမျှ ယောက်သွားများ၏ အစာဖြစ်သော အခြားခရုမျိုးများ မျိုးသုဉ်းသွားပြီး အစာကွင်းဆက် (Food Chain) ပြတ်ကာ ထိုဒီရေအိုင်၏ Ecosystem သည် ပျက်စီးသွားသည်။ ဤကဲ့သို့ ရှိပြီးသား ဇီဝမျိုးစုတစ်စုကို နုတ်ပြီး စမ်းသပ်သည့်အပြင် မရှိသေးသော မျိုးစုတစ်စုကို ထပ်ပေါင်းထည့်သောအခါ ဖြစ်ပေါ်လာမည့် အခြေအနေကိုလည်း တွေးဆချက်တစ်ရပ်အဖြစ် တင်ပြသေးသည်။ ရေလမ်းခရီးစတင်ထွန်းကားသော ခေတ်ကာလက ရွက်သင်္ဘောသားများအတွက် လတ်ဆတ်သော သားငါးအစာ အာဟာရရှားပါးခဲ့သည်။ လတ်ဆတ်သော အသား စားသုံးနိုင်ရန် ဆိတ်များကို သင့်လျော်ရာ ကျွန်းတစ်ခုခုပေါ်၌ထား ခဲ့ကြသည်။ ကျွန်းပေါ်သို့ ရောက်လာကြသော ဆိတ်များကိုစားမည့် သို့မဟုတ် အသက် အန္တရာယ်ဖြစ်စေမည့် အခြားသတ္တဝါများ မရှိချေ။ ထို့ကြောင့် အဆိုပါကျွန်း၌ ဆိတ်ကောင်ရေ အလွန် အကျွံတိုးပွားလာပြီး ကျွန်းပေါ်ရှိ အပင်များကို ကုန်စင်အောင် စားကြတော့သည်။ ထိုအခါ သဘာဝပေါက် သစ်ပင်ပန်းမန်များသည် မျိုးသုဉ်းလာပြီး နောက်ဆုံး၌ မည်သည့်အပင်မျှ မပေါက်ရောက်နိုင်တော့ဘဲ ထိုအပင်များကို မှီတင်းနေထိုင်ရသော သတ္တဝါငယ်များလည်း မျိုးသုဉ်းကာ ကန္တာရသဖွယ် ဖြစ်သွားပြီး ယခင်ရှိသော Ecosystem သည်လည်း ပျက်စီးသွားရသည်။ ဆိတ်များအတွက်လည်း အစာအာဟာရ မရှိတော့ချေ။

ဤစမ်းသပ်လေ့လာမှုမှ တွေ့ရှိရသောအချက်မှာ Ecosystem တစ်ခု၌ရှိပြီးသား ဇီဝမျိုးစုတစ်စုကို နုတ်လိုက်လျှင်သော်လည်းကောင်း၊ မရှိသေးသောမျိုးစုတစ်စုကို ပေါင်းထည့်လျှင်သော်လည်းကောင်းထို Ecosystem သည် ပြောင်းလဲပျက်စီးသွားနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။ ပင်ကိုသဘာဝက ထိန်းသိမ်းထားသော ဟန်ချက်ညီမှုပျက်စီးသွားသောကြောင့် ဤသို့ဖြစ်ရခြင်းဖြစ်သည်။

Ecosystem များအကြောင်းကို သိပ္ပံနည်းကျလေ့လာသော ဘာသာရပ်သည် Ecology ပင်ဖြစ်သည်။ ဤဘာသာရပ်တွင် အရေးပါသော အချက် ၃ ချက် ရှိသည်။

(၁) သက်ရှိ သတ္တဝါတစ်ဦးချင်း၊ တစ်ကောင်ချင်းသည် မည်သည့်အကြောင်းကြောင့်၊ မည်သည့် နေရာဒေသတစ်ခုတွင် နေထိုင်သည်၊ သတ္တဝါဦးရေ အနည်း

အများ အခြေအနေများမှာ အဘယ်ကြောင့်နည်းဆိုသည်ကို သိရှိရန် Ecology ဘာသာရပ်က လေ့လာသည်။

(၂) လူဖြစ်စေ၊ အခြားသော တိရစ္ဆာန်ဖြစ်စေ၊ မည်သည့်သက်ရှိသတ္တဝါမှ အကန့်အသတ်မရှိ ဦးရေ တိုးပွားနိုင်ခြင်းမရှိပေ။ အခြားသက်ရှိ သို့မဟုတ် သက်မဲ့အခြင်းအရာ (Biotic or Abiotic Factors) က ဦးရေကို အကန့်အသတ်ပြုကြောင်းကိုလည်း Ecology က လေ့လာဖော်ထုတ်သည်။

ဤအချက်သည် ဂေဟဗေဒ၏ အခြေခံသဘောတရား (The Law of The Minimum) ပင် ဖြစ်သည်။ ဤသဘောတရားကို ၁၈၄၀ ပြည့်နှစ်၌ ဂျာမန်ဓာတုဗေဒပညာရှင် Justus Von Liebig ဆိုသူက ဖော်ထုတ်ခဲ့သည်။ ၎င်းသဘောတရားကို အခြေခံ၍ ကမ္ဘာကြီး၏ သယံဇာတများသည် အကန့်အသတ်ရှိကြောင်း၊ သုံးစွဲ၍မကုန်ဟု မယူဆသင့်ကြောင်း ဖော်ပြသည့်သဘောတရားပင် ဖြစ်သည်။

(၃) ကမ္ဘာ့ပတ်ဝန်းကျင်၏ အလွှာလေးလွှာသည် တစ်ခုနှင့်တစ်ခု အထိန်းအကွပ်ရှိသောကြောင့် ကမ္ဘာပေါ်တွင် သက်ရှိများသည် နှစ်သန်းပေါင်းများစွာ ရှင်သန်တည်ရှိနိုင်ခဲ့သည်ဆိုသည်ကို ဂေဟဗေဒပညာရှင်များ၏ လေ့လာချက်များအရ သိရှိရသည်။

ဤအခြေခံအချက် လေးချက်ကို ဂေဟဗေဒ (Ecology) ဘာသာရပ်က လေ့လာရှင်းလင်းသည်။

ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၏ အကြောင်းတရားအဖြစ် လူဦးရေအဆမတန် တိုးပွားခြင်း၊ ပြန်လည်မဖြည့်ဆည်းနိုင်သော သယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ ရေထု၊ မြေထု၊ လေထု တို့၏ ညစ်ညမ်းမှုများနှင့် ဆင်းရဲနွမ်းပါးမှု စသော အချက်များဖြစ်ကြောင်း ဂေဟဗေဒပညာရှင်များက သဘောတူ လက်ခံထားကြသည်။

မျက်မှောက်ကမ္ဘာတွင် ဂေဟစနစ်များ ပျက်စီးခြင်း၊ လေထုရေထုညစ်ညမ်းခြင်း၊ ကမ္ဘာကြီး ပူနွေးလာခြင်းတို့ကြောင့် သဘာဝအခြေအနေများ ပျက်ယွင်းနေသည်ကို မည်သူမျှ မငြင်းနိုင်ကြပေ။

လူသားမျိုးနွယ်နှင့် အခြားသောသက်ရှိ သတ္တဝါများ ဆက်လက်ရှင်သန်ရန်အတွက်သော်လည်းကောင်း၊ နောင်အနာဂတ် မျိုးဆက်သစ်များအနေဖြင့် ယခုလက်ရှိ လူသားမျိုးဆက်များကို အပြစ်မတင်ဘဲ ကျေးဇူးတင်ရန်အတွက်သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တာဝန်ဝတ္တရားတစ်ခုအနေဖြင့် လုပ်ဆောင်ရန် လိုအပ်နေပြီဆိုသည့် အချက်များကို သိရှိနိုင်သည်။ ဤသို့မလုပ်ဆောင်ပါက နောင်အနာဂတ် မျိုးဆက်များကို အမွေပေးရန် ကောင်းမွန်သန့်စင်သောမြေ၊ ရေ၊ လေ ပတ်ဝန်းကျင်တို့လည်း မရှိသည့်အပြင် လူသားမျိုးဆက်ဆိုသည်မှာလည်း Goulet ပြောသကဲ့သို့ ဆိတ်သုဉ်းသောအခြေသို့ ဆိုက်ရောက်သွားနိုင်သည်။

အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာကို လွှတ်တော်အမတ်ဘဝကပင် စိတ်ပါဝင်စားခဲ့သည်။ ထို့အတွက်ကြောင့် သမ္မတရွေးကောက်ပွဲရှုံးနိမ့်ခဲ့သည့်နောက်ပိုင်း ပတ်ဝန်းကျင်ပြဿနာကို တစိုက်မတ်မတ်လေ့လာခဲ့သည်။

လူတို့စွန့်ပစ်သော ပလတ်စတစ်ကြောင့်
ရေထုညစ်နွမ်းကာ သက်ရှိသတ္တဝါများ ပျက်စီးနေပုံ

အယ်လ်ဂိုးသည် မိမိ၏ လေ့လာချက်များကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ An Inconvenient Truth ဟု စုစည်းတင်ပြခဲ့သည်။ Stephen Pacala Esifh Robert Socolow တို့၏ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ထုတ်ဝေခဲ့သော ဆောင်းပါးတစ်ခုဌ် ပါရှိသည့် အဆိုတစ်ရပ်ကို ကိုးကားတင်ပြထားသည်။ ယင်းမှာ "လူသားသည်

ကာဗွန်ဓာတ်ငွေ့နှင့် ရာသီဥတုဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးနိုင်သော သိပ္ပံနှင့် နည်းပညာ၊ စက်မှု အတတ်ပညာတို့ကို လက်ဝယ်၌ ပိုင်ဆိုင်ထားပါသည်" ဟူ၍ဖြစ်သည်။ ဤသို့ဆိုလျှင် ယခုအခါ အရေးတကြီး မေးရမည့်မေးခွန်းမှာ လူတို့၏ ယခုလက်ရှိ နေထိုင်မှု ပုံစံကို ပြောင်းလဲရန် အဆင်သင့်ဖြစ်ပါပြီလား သို့မဟုတ် ပြောင်းလဲရန် ဆန္ဒရှိပါရဲ့လားဟူသော မေးခွန်းပင်ဖြစ်ကြောင်း အယ်လ်ဂိုးက မေးမြန်းခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသုံးချ ကိုယ်ကျင့်တရားပညာ

အထက်ပါမေးခွန်း၏ ဆိုလိုရင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာသည် သိပ္ပံ၊ စီးပွားရေး၊ လူမှုရေးပြဿနာသက်သက်မျှ မဟုတ်ဘဲ ကိုယ်ကျင့်တရား ပြဿနာလည်းဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

နက်နက်နဲနဲ စဉ်းစားသူများနှင့် လူသားတို့၏ ရှေ့ရေးကို မှန်မှန်ကန်ကန်တွေးခေါ်မြော်မြင်တတ် သည့် အရှေ့အနောက် ကမ္ဘာတစ်ဝန်းလုံးရှိ ပုဂ္ဂိုလ်များ တညီတညွတ်တည်းခံယူထားသည်မှာ လူသားများ၏ သဘောထားများကို ပြုပြင်ရန် လိုအပ်နေပြီ။ သဘာဝ သယံဇာတများကို သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်ဖြုန်း နေခြင်းမှာ မှန်ကန်သော နည်းလမ်းမဟုတ်ကြောင်းကို သတိတရား ရချိန်တန်ပါပြီ၊ သို့အတွက်ကြောင့် ကမ္ဘာကြီးကို ရှုမြင်ပုံများလည်း ပြောင်းလဲရန် လိုအပ်သကဲ့သို့ အနေအထိုင် အပြုအမူများလည်း ပြောင်းလဲရန် လိုအပ်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သော ကိစ္စရပ်သည် လူတို့၏ ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်တရားပညာတို့နှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စရပ်ပင်ဖြစ်ပေသည်။ လူသားတို့၏ အပြုအမူကို စိတ်နှင့်စေတနာက ထိန်းချုပ်ထား သည်။ လူတို့သည် လူမှုရေးအရသာမက သဘာဝ ပတ်ဝန်းကျင်အတွက်ပါ ကောင်းမွန်သော ဘဝသစ်ဟူသော ပန်းတိုင်ဆီသို့ ရောက်ရှိရန် မည်သို့ မည်ပုံ သွားကြမည်နည်း၊ မည်သို့သော ကိုယ်ကျင့်တရား တန်ဖိုးများကို ခံယူကြမည်နည်း၊ တစ်နည်း အားဖြင့် လူတို့သည် ယခုအချိန်တွင် မည်သို့ ပြုပြင်နေထိုင် လုပ်ကိုင်ကြရမည်ကို အလေးအနက် စဉ်းစားရမည့် အချိန်ဖြစ်သည်။

ကိုယ်ကျင့်တရားပညာ၏ တန်ဖိုး

သဘာဝပတ်ဝန်းကျင်ကြီး ပျက်စီးယိုယွင်းလာပုံကို လေ့လာခြင်းသည် ဒဿနိကဗေဒရှုထောင့်မှ ပြောရလျှင် ပကတိအခြေအနေဖြစ်ခြင်းကို လေ့လာခြင်းဖြစ်သည်။ သို့သော် ၎င်းဖြစ်ပျက်နေသည့် အခြေအနေဆိုးများကို ပြုပြင်လိုပါက မည်သို့တွေးခေါ် ကျင့်ကြံနေထိုင်ရမည်ကို ဆွေးနွေးလျှင် လေ့လာမှုနယ်ပယ်သည် 'ဖြစ်သင့်' သည်နှင့် သက်ဆိုင်နေပေသည်။

ဤအကြောင်းအရာကို တင်ပြသူသည် ဖြစ်နေသည့်သဘော (Is) ကို ဆွေးနွေးတင်ပြခြင်း မဟုတ်ဘဲ ဖြစ်သင့်သည့်သဘော (Ought) ကို ဆွေးနွေးတင်ပြ ခြင်းဖြစ်သည်။ ကိုယ်ကျင့်တရားပညာသည် လူတို့၏ အပြုအမူ၌ အရေးပါလှသော တန်ဖိုးနှင့်တန်ဖိုးဖြတ်မှုတို့၏ အခန်းကဏ္ဍနှင့်သက်ဆိုင်သော ဘာသာရပ်ဖြစ်သည်။ မည်သူမဆို ပညာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိ၌ရှိသောအသိကို အခြေခံပြီး နေ့စဉ်နေ့တိုင်း တန်ဖိုးများကို ရွေးချယ်ဆုံးဖြတ်သည့် အလုပ်ကို မလွဲမသွေ လုပ်နေကြသည်ချည်းပင်ဖြစ်သည်။ ဤသို့ တန်ဖိုးဖြတ်ရန်အတွက် တန်ဖိုးများကို လူမျိုးတစ်မျိုးက ယဉ်ကျေးမှုသဘောအရ ယေဘုယျအားဖြင့် သတ်မှတ်ပေးသည်။ နှုန်းစံများချမှတ်ပေးသည်။ ဤသည်မှာ ယေဘုယျအားဖြင့် မိသားစု၊ ကျောင်းနှင့် လူမှုဝန်းကျင်မှ တန်ဖိုးအသိများ ရရှိလာကြသည်။

ထို့ကြောင့် ကိုယ်ကျင့်တရားနှုန်းစံ တန်ဖိုးများကို မိမိတို့၏ ယဉ်ကျေးမှု အသိုင်းအဝိုင်းမှ သိရှိလက်ခံလာကြသည်။

ထို့အတူ သဘာဝပတ်ဝန်းကျင်ကို ရှုမြင်ပုံ၊ ဆက်ဆံပုံတို့ကို သက်ဆိုင်ရာယဉ်ကျေးမှု တစ်ရပ်တွင် ရှိသော အသိတရား၊ ယုံကြည်မှုနှင့် ကိုယ်ကျင့်တရား ဆိုင်ရာ တန်ဖိုးများက အထိုက်အလျောက် လွှမ်းမိုးလျက်ရှိသည်။

အနောက်တိုင်း ယဉ်ကျေးမှုနှင့် အရှေ့တိုင်း ယဉ်ကျေးမှုများတွင် တွေ့ရှိရသော ကိုယ်ကျင့်တရား

အမြင်၊ တန်ဖိုးအမြင်များကို အခြေခံ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ၎င်းတို့သည် မည်သို့လမ်းညွှန်ပေးနိုင်သည်၊ မည်သို့သော သင်ခန်းစာများရနိုင်မည်ကို ဆက်လက်ဆွေးနွေးရမည်။

အနောက်တိုင်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိုယ်ကျင့်တရားအမြင်များ

Aldo Leopold ၏ ကမ္ဘာမြေဆိုင်ရာကိုယ်ကျင့်တရားပညာ - Aldo Leopold ၏ ကမ္ဘာမြေဆိုင်ရာ ကိုယ်ကျင့်တရားပညာသည် လူသားနှင့်မြေကြီးကို တစ်သားတည်းရှိသင့်သည်ဟု ယူဆသော ကိုယ်ကျင့်တရားအမြင်ဖြစ်သည်။ သူ၏ A Sand County Almanac (Sand ခရိုင်၏ နှစ်ချုပ်အစီရင်ခံစာ) တွင် အခြင်းအရာ တစ်ခုသည် သက်ရှိလောက အသိုင်းအဝိုင်း၏ ခိုင်မာမှု၊ တည်ငြိမ်မှုနှင့် လှပမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် အလားအလာရှိလျှင် ကောင်းမွန်မှန်ကန်မှုရှိသော အရာဖြစ်သည်။ ဤသို့မဟုတ်ပါက ကောင်းမွန်မှုကင်းသော အရာဖြစ်သည်။ လူတို့၏ အပြုအမူသည် လူဘောင်တစ်ရပ်၏ ကြွံခိုင်မှု (Health) နှင့် သာယာဝပြောရေး (Well-being) အတွက် ဘေးကင်းလုံခြုံမှုရှိစေရုံသာမက ကမ္ဘာမြေကိုလည်း ဘေးကင်းလုံခြုံစေသော အပြုအမူ ဖြစ်သင့်သည်။ Leopold ၏ အမြင်များတွင် လူသားနှင့် ကမ္ဘာမြေ၏ ဆက်နွယ်မှုကို ဖော်ပြသော တန်ဖိုးအသစ်များကို ထင်ရှားစွာ တွေ့ရှိရသည်။ ထို့ကြောင့် လူတိုင်းတွင် ဂေဟဗေဒနှင့်ဆိုင်သော အမှန်အမှား ခွဲခြားတတ်သည့်အသိစိတ် (Ecological Conscience) ရှိရမည်။ ထိုအသိစိတ်နှင့်ယှဉ်ပြီး မိမိတို့လူသားအပါအဝင် သက်ရှိသတ္တဝါများနှင့် သစ်ပင်များအားလုံးတို့ အမှီသဟဲပြု၍ နေထိုင်ကြရသော မြေကြီးကို မြေဆီမြေနှစ်တို့နှင့် ပြည့်ဖြိုးပြီး ကောင်းမွန်မှု ရှိစေရန် ပြုစုစောင့်ရှောက်ရမည်။ သို့ဖြစ်၍ မြေကြီးကို ကျန်းမာစေရန် လိုအပ်သည်ဟု Leopold က ဆိုသည်။ မြေကြီးကို ကျန်းမာရန်အတွက် စောင့်ရှောက်ရန်မှာ လူသားတို့တွင် တာဝန်ရှိသည်ဟု Leopold ရေးသားဖော်ပြခဲ့သည်။ Leopold က ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးတွင် ကမ္ဘာကြီးအပေါ်၌ လူသားတို့ထားရှိသည့် လောကအမြင်နှင့်တကွ ကိုယ်ကျင့်တရားအမြင်သည် အရေးကြီးကြောင်း ဖော်ပြခဲ့သည်။ Leopold သည် အနောက်တိုင်းပညာရှင်များအနက် ကနဦးတွေးခေါ်ရှင်တစ်ဦးဖြစ်သည်။

Henryk Skolimowski ၏ အသက်ကိုလေးစားမြတ်နိုးခြင်းအယူအဆ - Henryk Skolimowski ၏ Reverence for Life ဟူသော အသက်ကို လေးစားမြတ်နိုးခြင်းအယူအဆသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ အထောက်အပံ့ဖြစ်စေနိုင်သော အယူအဆတစ်ရပ်ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် လူသားတို့၏ အမြင်များ၊ တန်ဖိုးဖြတ်မှုအများများကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်၍ အခြေခံအားဖြင့် ဤပြဿနာကို ဖြေရှင်းရာတွင် တန်ဖိုးဆိုင်ရာ ရှုထောင့်မှလည်း ဖြေရှင်းရန်လိုအပ်သည်။ တန်ဖိုးဆိုင်ရာ ရှုထောင့်မှ ဖြေရှင်းသည့် ကိုယ်ကျင့်တရား အမြင်များသည် အရေးကြီးသောအခန်းကဏ္ဍက ပါဝင်နေသည်။ ကိုယ်ကျင့်တရားဆိုင်ရာ အတွေးအခေါ်များ တစ်နည်းဆိုရသော် ကိုယ်ကျင့်တရားပညာ၏ အရေးကြီးပုံနားလည်သဘောပေါက်ရန် မလွယ်ကူပေ။ လူသားတို့ အလုပ်မှန်သမျှ၏ အခြေခံအကြောင်းရင်းသည် အတွေးအခေါ်မှ စတင်သည်ကို သတိမမူတတ်ကြပေ။ အဘယ့်ကြောင့်ဆိုသော် ကိုယ်ကျင့်တရားပညာသည် အင်ဂျင်နီယာအတတ်ကဲ့သို့ တင်သာမြင်သာရှိနေသော အရာများ၊ လုပ်ငန်းများနှင့်မသက်ဆိုင်ပေ။ မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်းဟူသော မေးခွန်းကို မေးမြန်းဖြေဆိုခြင်းမဟုတ်ဘဲ အဘယ့်ကြောင့် လုပ်ဆောင်သင့်သနည်းဟူသော မေးခွန်းမျိုးကို မေးသောပညာရပ်ဖြစ်သည်။ ထို့ကြောင့် Skolimowski က ပတ်ဝန်းကျင်ဆိုင်ရာပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် လူတို့၏ ပြုမူလုပ်ကိုင် နေထိုင်မှုစနစ်လျဉ်းနေ၍ လူတို့၏တန်ဖိုးအမြင် တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားအမြင်ပေါ်၌ အခြေတည်နေသည်။ ထိုကိုယ်ကျင့်တရားသည် အခြေခံအုတ်မြစ်ကဲ့သို့ ခိုင်မာသော အားလုံးအကျုံးဝင်သဘောဆောင်သော တန်ဖိုး

များအပေါ်၌ အခြေခံရမည်ဟု ဆွေးနွေးတင်ပြခဲ့သည်။

Henryk Skolimowski ၏ အလိုအရ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးတွင် အခြေခံအုတ်မြစ်များမှာ သဘာဝတရားကြီးကို လည်းလေးစားမြတ်နိုးခြင်းပင်ဖြစ်သည်။ သဘာဝတရားကြီးသည် သက်မဲ့အရာမဟုတ်ပေ။ ယင်းကိုယ်၌ကပင် အသက်နှင့်စွမ်းအား (Life and Energy) အပြည့်ဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ အသက်ဟူ၍ဖြစ်လာသည်မှာလည်း သဘာဝတရားအတွင်း၌ ရှိနေကြသော အခြေအနေအရပ်ရပ်တို့က ပံ့ပိုး၍ဖြစ်လာခြင်းဖြစ်သည်။ သို့ကြောင့်လည်း သက်ရှိမှန်သမျှ ရှင်သန်နေကြဆဲဖြစ်သည်။ ထို့ကြောင့် သဘာဝတရားကြီးနှင့် အခြားသော သက်ရှိသတ္တဝါများကို လူသားတို့သည် အပေါ်စီးရယူပြီး နင်းခြေအနိုင်မယူသင့်ဟုဆိုသည်။

တစ်ဖန် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရာတွင် အဓိကတာဝန်ရှိသူမှာ လူသားပင် ဖြစ်သည်။ **လူသားသည် အသက်ကို မြတ်နိုးတန်ဖိုးထားရမည့်အပြင် ကိုယ်တိုင်ကိုယ်ကျလည်း သဘာဝပတ်ဝန်းကျင်၏ တည်တံ့ရှင်သန်ရေးကို ဆောင်ရွက်ရန်တာဝန်ရှိသည်။** ဤသို့တာဝန်ယူဆောင်ရွက်ပါမှ အသက်ကို အမှန်တကယ် ချစ်မြတ်နိုးတန်ဖိုးထားရာရောက်မည်။ ကမ္ဘာ့ပတ်ဝန်းကျင်၌ တည်ရှိနေသော အရာအားလုံးသည် တစ်နည်းမဟုတ်တစ်နည်းဖြင့် ပတ်သက်ဆက်နွယ်မှုရှိသည့်အတွက်ကြောင့် ဘဝဆိုသည်ကိုလည်း တစ်လုံးတစ်စည်းတည်းဖြစ်ကြောင်း နားလည်ထားရမည်ဖြစ်သည်။ လူသားကိုယ်တိုင်ပင် ဘဝဆိုသည့်ဖြစ်စဉ်၌ ထပ်တူထပ်မျှ ပါဝင်နေကြောင်းကို သိရှိနားလည်လာလျှင် အားလုံး၏ ဘဝရှင်သန်ရေးအတွက် တာဝန်သိစိတ်ဖြင့် တာဝန်ယူလာမည်။

ထို့ပြင် ခြိုးခြံချွေတာမှုဆိုသော တန်ဖိုးကိုလည်း လူသားတို့ သိနားလည်ရန် အရေးကြီးပေသည်။ ခြိုးခြံချွေတာမှုဆိုသည်မှာ မလိုလားအပ်သော လိုချင်တပ်မက်မှုများကို ထိန်းချုပ်ခြင်းသဘောကို ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ခြိုးခြံချွေတာမှုသဘောသည် အပျက်သဘောဆောင်သော ပညတ်ချက်မဟုတ်ဘဲ အပြုသဘောကို ဆောင်သည်။ ခြိုးခြံချွေတာခြင်းကို လိုက်နာဆောင်ရွက်ခြင်းသည် တာဝန်သိကြောင်းကို ပြသရာရောက်သည်။

အထက်၌ ဖော်ပြခဲ့သော အခြေခံကျသည့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်သည့် ဂေဟစနစ်ဆိုင်ရာ တန်ဖိုးများဖြစ်ကြသော အသက်ဟူသမျှကို လေးစားမြတ်နိုးခြင်း၊ တာဝန်ဝတ္တရားသိခြင်း (Responsibility) နှင့် ခြိုးခြံချွေတာခြင်းတို့သည် အပြန်အလှန်အဓိပ္ပာယ်ဆက်စပ်ယှက်နွယ်လျက်ရှိကြသည်။

ထို့ပြင် ထိုအခြေခံတန်ဖိုးသုံးခုကို ပံ့ပိုးပေးသော တန်ဖိုးမှာ (Ecological Justice/Eco-justice) ပင် ဖြစ်သည်ဟု တင်ပြခဲ့သည်။ Ecological Justice ၏သဘောမှာ သဘာဝပတ်ဝန်းကျင်၏ သယံဇာတများကို လူသားတစ်ဦးတည်းအတွက်ဟု မယူဆဘဲ အခြားသက်ရှိသတ္တဝါများနှင့် မျှတရယူခံစားရင်းနှင့် သဘာဝကြီး မပျက်စီးရလေအောင် ထိန်းသိမ်းရေးကို ရည်ညွှန်းသည်။

Robert Mellert ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိုယ်ကျင့်တရားအမြင် - Robert Mellert ဆိုသူက ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာရခြင်းသည် စက်မှုလုပ်ငန်းလောကနှင့် စီးပွားရေးအဖွဲ့အစည်းကြီးများကြောင့် ဖြစ်ရသည်ဟု ပြစ်တင်ဝေဖန်ထားသည်။ အမေရိကန်နိုင်ငံ နယ်စပ်ဒေသ၌ အခြေချခဲ့စဉ်ထားရှိခဲ့သည့် ဦးရာလူစား၊ အားကြီးသူနိုင်စိတ်ဓာတ်သဘောထားကို ယနေ့ထိတိုင်အောင် ကျင့်သုံးနေကြသောကြောင့် သဘာဝပတ်ဝန်းကျင်မှာ ယခုလောက် ဆိုးရွားစွာ ပျက်စီးရခြင်းဖြစ်သည်ဟု ဆိုသည်။ ဤစိတ်ဓာတ်ကို Mellert Frontier Mentality ဟု အမည်ပေးခဲ့သည်။ Frontier Mentality ၏ လက္ခဏာရပ်သုံးခုမှာ-

၁။ သဘာဝအလျောက်ရှိနေသော သယံဇာတအရင်းအမြစ်များသည် သုံးစွဲ၍မကုန်နိုင်သည့်အပြင် လူသားတို့သုံးစွဲဖို့ရာအတွက် သက်သက်သာဖြစ်သည်။ ကမ္ဘာကြီးသည် ညစ်ညမ်းမှုဒဏ်ကိုလည်း အတိုင်းအဆမရှိခံနိုင်ရည်ရှိသည်။

၂။ လူသားနှင့် သဘာဝကို တသီးတခြားစီဟု ရှုမြင်သော အမြင်ဖြစ်သည်။ လူသားသည် သဘာဝ၏ အစိတ်အပိုင်း သို့မဟုတ် တစ်စိတ်တစ်ဒေသမဟုတ်ဘဲ တသီးတခြား စီသာဖြစ်သည်ဟု ယူဆသည့်အမြင်ဖြစ်သည်။

၃။ လူသားသည် သဘာဝအား လွှမ်းမိုးအောင်နိုင်သူသာ ဖြစ်သည်။ နည်းပညာဟူသည့်လက်နက်နှင့် သဘာဝအား နှိမ်နင်းရမည်။ သို့မှသာလူ့ဘောင်နှင့် သဘာဝတရားတို့အကြား၌ ရှိနေဖြစ်နေသော ရုန်းကန်မှု၊ ပဋိပက္ခများကို အနိုင်ယူဖြေရှင်းနိုင်မည်ဖြစ်သည်။ လူသားနှင့် သဘာဝတရားတို့ လွန်ဆွဲအားပြိုင်လျက်ရှိသည်။ လူအချင်းချင်းသည်လည်း အလုအယက် နှင့် ဦးရာလူကယူစတမ်းဟူသော အယူ အဆကို လက်ခံထားသည့်အမြင်လည်း Frontier Mentality တွင် အကျုံးဝင်သည်။

၁။ သဘာဝသယံဇာတ အရင်းအမြစ်များကို အလွန်အကျွံမသုံးစွဲရေး၊

၂။ အသုံးပြုပြီးသားပစ္စည်းများကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်၍ သုံးစွဲရေး၊

၃။ ပြန်လည်ဖြည့်ဆည်းနိုင်သော စွမ်းအင် အရင်းအမြစ်များကို ဦးစားပေးအသုံးပြုရန်၊ ဥပမာ ပြန်လည် ဖြည့်ဆည်းနိုင်သော စွမ်းအင်အရင်းအမြစ်များအဖြစ် နေ၊ လေ တို့မှ ထုတ်ယူရသည့် စွမ်းအင်များကို ပိုမို အသုံးပြုရန်နှင့် ပြန်လည်ဖြည့်ဆည်းနိုင်ခြင်း မရှိသော စွမ်းအင်အရင်းအမြစ်များ (ဥပမာ-ကျောက်မီးသွေး၊ ရေနံစသည့် တွင်းထွက်လောင်စာများ) အသုံးပြုခြင်းကို မလျှော့ချရန်၊

၄။ သဘာဝသယံဇာတအရင်းအမြစ်များကို သုံးစွဲ၍ ရပ်တည်နေထိုင်ကြရသော လူသားတို့၏ လူဦးရေတိုးပွားမှုကို ထိန်းရန်တို့ဖြစ်သည်။

ဤကိုယ်ကျင့်တရားအမြင်ကို သဘာဝတရားကြီး ရေရှည်တည်တံ့စေနိုင်မည့် ကိုယ်ကျင့်တရားအမြင်နှင့် အစားထိုးရန် လိုအပ်ကြောင်း သဘောပေါက်နားလည် ရမည်ဟု ဆိုသည်။ လူသားသည် သဘာဝတရား၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ Law of Minimum အရ ကမ္ဘာကြီး၌ သဘာဝသယံဇာတအရင်းအမြစ်များသည် အကန့်အသတ်အားဖြင့် တည်ရှိသည်။ ထို့ကြောင့် အကန့်အသတ်ရှိသော ကမ္ဘာကြီး၌ အကန့်အသတ်မဲ့စွာ တိုးပွားနေသော လူသားတို့၏ စားသုံးမှုပုံစံသည် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဟူသောအချက်ကို ရှင်းလင်းစွာ နားလည်ရန် အရေးကြီးသည်။ အကန့်အသတ်မရှိ အမြဲတမ်းတိုးပွားနေသောထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံများသည် သက်ဝင်လှုပ်ရှားနေသော သဘာဝပတ်ဝန်းကျင်ကြီးကို ပျက်စီးစေမည်မှာ အမှန်မုချပင်ဖြစ်သည်။

ထို့ကြောင့် ယခုအချိန်သည် သယံဇာတများကို ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်သည့် မဟာဗျူဟာ၊ နည်းဗျူဟာ အသစ်များလည်း လိုအပ်နေချိန်ဖြစ်သည်။ သယံဇာတ အရင်းအမြစ်များသုံးစွဲမှုဆိုင်ရာ လမ်းညွှန်မှုအသစ်များကို လိုက်နာကျင့်သုံးသင့်သည်ဟု ဖော်ပြခဲ့သည်။

အရှေ့တိုင်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိုယ်ကျင့်တရားအမြင်များ

O.P.Dwivedi ၏ ဟိန္ဒူဘာသာတရားကို အခြေခံသော အမြင် - O.P.Dwivedi ဆိုသူကလည်း ဟိန္ဒူကာသာတရားကို အခြေခံသော ဟိန္ဒူယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်၌လည်း အခြားသောကမ္ဘာဘာသာတရားကြီးများကဲ့သို့ပင် သဘာဝအပေါ်၌ တန်ဖိုးထားမှုများရှိသည်ဟုဆိုသည်။ မိမိ၏ တစ်ကိုယ်ရေလက်တွေ့အကျိုးအတွက် သဘာဝအရင်းအမြစ်များကို အလွဲသုံးစားပြုခြင်း၊ အလွန်အကျွံ သုံးစွဲခြင်းသည် တရားမျှတမှုမရှိပေ။ ထိုလုပ်ရပ်သည် မကောင်းသောအကျင့်စရိုက်ဖြစ်သည်။ ဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာတို့၏ ကိုယ်ကျင့်တရားဆိုင်ရာအဆုံးအမများထဲတွင် သဘာဝတရားနှင့် သက်ရှိများအပေါ်၌ လေးစားတန်ဖိုးထားရမည်။ လေးစားစွာပြုမူဆက်ဆံရမည်ဆိုသည့် သဘောတရားများကို တွေ့ရှိရပေသည်။

Dwivedi က ဆက်လက်၍ ဤကဲ့သို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တန်ဖိုးထားမှုနှင့်ပတ်သက်သောအမြင်များကို ပြန်လည်နိုးကြားလာစေရန်

လုပ်ဆောင်သင့်သည်ဟုဆိုသည်။ ရှေးပညာရှိများ၏ အသိပညာ၊ အမြော်အမြင်များကို ပြန်လည်ဖော်ထုတ်၍ သတိရ လိုက်နာခြင်းအားဖြင့် မျက်မှောက်နည်းပညာခေတ်၌ အားနည်းဆုတ်ယုတ်လာနေသော အတွေးအမြင်အချို့ကို ချေဖျက်နိုင်ပြီး ကောင်းမွန်သော အတွေးအမြင်တို့ကို ပြန်လည်ရှင်သန်လာစေရန် အတွက် ကျားကန်ပေးနိုင်စွမ်းရှိသည်။ ဥပမာအားဖြင့် လူသည် စက်ရုပ်သက်သက်ကဲ့သို့ မဟုတ်ဟု သတိပြုမိပါက လူသည် မှားတတ်သည်ဆိုသည်ကို သတိထားမိလာမည်ဖြစ်သည်။ သိပ္ပံနှင့် နည်းပညာသည် အစွမ်းထက်သည်မှာမှန်သော်လည်း အသုံးပြုသူများ၏ စိတ်သဘောထား၊ ကိုယ်ကျင့်တရားအမြင် စသည်တို့အပေါ်၌မူတည်ပြီး ရလဒ်များလည်း ကွာခြားသွားနိုင်သည်။

လူမှုဘဝ တိုးတက်ဖြစ်ထွန်းမှုကောင်းကျိုးအတွက် လူသားတို့သည် နည်းပညာကိုတီထွင်ပြီး အထောက်အကူပြု လက်နက်ကိရိယာအဖြစ် အသုံးပြုနိုင်သလို ဤနည်းပညာကိုလက်ကိုင်ထားပြီး အများသေရာသေကြောင်း ဖျက်လိုဖျက်ဆီး လက်နက်ကိရိယာအဖြစ်လည်း လုပ်ဆောင်နိုင်သည်။ ထို့ကြောင့် ကိုယ်ကျင့်တရားဆောက်တည်တတ်သော သတ္တဝါသည် ရလဒ်ဆိုးကျိုးများကို ပေါ်ထွက်စေနိုင်သော မာန်မာနထောင်လွှားမှု၊ တစ်ကိုယ်ကောင်းဆန်သော စိတ်စသည်တို့ကို ထိန်းသိမ်းရမည်ဖြစ်သည်။ ဤကဲ့သို့ ထိန်းသိမ်းမှုသာလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး လုပ်ဆောင်ရာတွင် ထိရောက်မှုရှိမည်ဖြစ်သည်။

ကမ္ဘာ့ဘာသာတရားကြီးများတွင် လူနှင့် သဘာဝပတ်ဝန်းကျင်တို့ အပြန်အလှန်ဆက်ဆံရေးကောင်းမွန်မှုအတွက် အထောက်အကူဖြစ်စေမည့် ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်ချက်များ ပါရှိသည်ဟု Dwivedi က ယူဆသည်။ ဥပမာ-ဟိန္ဒူဘာသာ၌ အသက်ကို အမြတ်တနိုးလေးစားတန်ဖိုးထားခြင်းသည် နက်ရှိုင်းစွာစွဲမြဲနေသော အယူအဆဖြစ်သည်။ ဝေဒကျမ်းများ၌လည်း အခြားသောသက်ရှိသတ္တဝါများအား အကြောင်းမဲ့သတ်ဖြတ်နှိပ်စက်မှုကို ရှောင်ကြဉ်ရမည်ဟုဆိုထားသည်။ ဟိန္ဒူဘာသာဝင်များသည်လည်း လွတ်မြောက်မှုမရသေးသရွေ့ သံသရာ၌ ကျင်လည်ကြရမည်ဟု ယုံကြည်ကြသည်။ ကမ္ဘနိယာမအရ ဘုရားလောင်းများပင်လျှင် သံသရာထဲ၌ ဘဝအမျိုးမျိုးကျင်လည်ကြရသည်။ လူဘဝ၊ နတ်ဘဝ၊ တိရစ္ဆာန်ဘဝ စသည်ဖြင့် ဘဝအမျိုးမျိုး ဖြစ်နိုင်သည်။

သို့ဖြစ်၍ ဤနိယာမကို အခြေပြုထားသော အဟိංသ (Ahimsa) လမ်းစဉ်ကို လိုက်နာရမည်ဟု ဆိုသည်။ အဟိංသတရားဆိုသည်မှာ သတ်ဖြတ်ညှဉ်းဆဲမှုမပြုရေးတရားဖြစ်သည်။ လူအပေါ်၌ သာမက အခြားသော သက်ရှိသတ္တဝါများအပေါ်၌လည်း သတ်ဖြတ်ညှဉ်းဆဲမှုကို မပြုရဟုဆိုသည်။

အရှေ့တိုင်းမှဖြစ်စေ၊ အနောက်တိုင်းမှဖြစ်စေ လူအဖွဲ့အစည်းအသီးသီး၏ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများ၊ တီထွင်ကြံဆမှုများ၊ အတွေးအခေါ်များအနက် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို လက်တွေ့ဖြေရှင်းနိုင်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုအတွေးအခေါ် အယူအဆများက မည်သို့ ပါဝင်ပံ့ပိုးနိုင်မည်၊ မည်ကဲ့သို့ လမ်းဖွင့်ပေးနိုင်မည်ဆိုသည်များကို တင်ပြမည်ဖြစ်သည်။ ၎င်းတို့ကို လေ့လာသိရှိပြီးမှ ယခုလက်ရှိ နေထိုင်မှုပုံစံကို မိမိအပါအဝင် မိမိ၏ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွက် လက်ခံကျင့်သုံးရန် သင့်၊ မသင့် ဆိုသည်ကို တစ်ဦးချင်းစဉ်းစားဆုံးဖြတ်ကြည့်နိုင်ရန်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြန်မာနိုင်ငံ၏ ရေမြေသဘာဝသည် ရှေးကာလကပင် မြန်မာတိုင်းရင်းသားတို့အား ရှင်သန်တိုးပွားစေရန် သဘာဝသယံဇာတများကို ဖြည့်ဆည်းပေးခဲ့ သည်။ စားစရာ၊ ဝတ်စရာ၊ နေစရာနှင့် လူမှုရေး လိုအပ်ချက်တို့အတွက် သယံဇာတများ ပေါများကြွယ်ဝ သည်။ ယနေ့တိုင်ပင် ၎င်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ **မြန်မာ့စီးပွားရေးသည် အစဉ်အလာအရ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်နှင့်အညီ မြန်မာတိုင်းရင်းသားတို့သည် သဘာဝနှင့်နီးနီးကပ်ကပ် နေထိုင်ရသူများဖြစ်သည်နှင့် လျော်စွာ သဘာဝကြီးကို ချစ်မြတ်နိုး၊ တန်ဖိုးထားကြသည်။** ဤစိတ်ဓာတ်သည် ယနေ့တိုင် ရှင်သန်လျက်ပင်ရှိသည်။

သာဓကအားဖြင့် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်းရှိ နာခယမ်းခေါ် ကချင်ရွာလေးမှ ရွာသူရွာသားများ၏ဓလေ့ကို တင်ပြချင်သည်။ သစ်ပင်ပန်းမန်များကို ပြုစုစောင့်ရှောက်ရမည်ဟူသော နွေးပဝေသဏီကအစဉ်အလာကို ၎င်းရွာသူရွာ သားများ ဆက်လက်လိုက်နာနေထိုင်ကြသည်။ ထို့ ကြောင့် နာခယမ်းရွာလေးတွင် ထင်းခွေရာမှာ အိမ်ထောင်စုတစ်စုအတွင်းရှိ လူဦးရေအရသာ ထင်းခွေကြရသည်။ ထင်းခွေရာတွင်လည်း ဦးစွာ ခြောက်သွေ့နေသော ကိုင်းဖျားကိုင်းနားကိုသာ ရှာကြရသည်။ စုဆောင်းရသည်။ သစ်ပင်ကြီးများကိုသာ ချိုင်ကြသည်။ ဤစည်းကမ်းကို တစ်ရွာလုံးက သဘောတူလက်ခံထားခြင်းဖြစ်သည်။ စိုက်ရာပျိုးရာမှာလည်း သစ်ပင်ကြီးများကို မလှဲဘဲ မြေကွက်လပ်ကိုရှာ၍ ဝမ်းစာဖူလုံရန် စိုက်ကြပျိုးကြသည်။ မြေကွက်လပ်မှန်သမျှကိုလည်း အသုံးချပြီး စပါးသာမက ဟင်းသီးဟင်းရွက်ပင်များ စိုက်သည်။ အပိုဝင်ငွေရရန် မှိုရှာကြသည်။ ပျားရည်ထုတ်၍ ရောင်းကြသည်။ နောက်ဓလေ့တစ်ခုကမူ ဝါးပင်များနှင့် ပတ်သက်သည်။ ဝါးရုံကြီးများသည် တစ်ခါပွင့်ပြီးလျှင် တုံးသွားသည်ဟု အများက ယူဆကြသည်။ သို့သော် နာခယမ်းရွာသားများ၏ အလိုအရ ပွင့်ပြီးသော ဝါးရုံနားသို့ မည်သူမျှသွား၍ နင်းခြေနှောင့်ယှက်ခြင်းမပြုလျှင် ဝါးပွင့်မှအသီးများ မြေပေါ်ကြွေကာ ၎င်းဝါးစေ့မှ ဝါးပင်အသစ်များပေါက်ပြီး ဝါးရုံအသစ်ကြီးဖြစ်လာနိုင်သည်ဟု ယူဆကြသည်။ ဤသို့သော အယူအဆ၊ ဤသို့သော အသိသည် သဘာဝတရားကြီးနှင့် ရင်းရင်းနှီးနှီး နေထိုင်ရာမှရသော အသိအမြင်မျိုး ဖြစ်သည်။

ထို့ကြောင့် သဘာဝတရားကို မြတ်နိုး တန်ဖိုးထားခြင်းသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်ပင်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ သဘာဝအပေါ် ဤသို့ချစ်မြတ်နိုးသော စိတ်ထားကို မြန်မာစာပေနှင့် အနုပညာက ထင်ဟပ်ဖော်ပြလျက်ရှိသည်။ မြန်မာ စာဆိုတော်ကြီးများ၊ ကဗျာဆရာကြီးများ၏ အရေးအသားများကို ဖတ်ရှုလျှင် သဘာဝအကြောင်း လှပစွာရေးဖွဲ့ချီးကျူးထားသည်ကို တွေ့ရမည်။ ဥပမာအားဖြင့် မြန်မာတို့သည် ရာသီအပြောင်းအလဲကို ပန်းဖြင့် မှတ်သည်။ မြန်မာတို့၏ ပန်းပြက္ခဒိန်ဟုဆိုရမည်။ စာဆိုတော် အကျော်အမော်များဖြစ်သည့် နဝဒေး၊ ဦးပုည စသည်တို့၏ ၁၂ လ ရာသီဘွဲ့များတွင် ၁၂ လ ရာသီပန်းများ ပါဝင်နေသည်ကို တွေ့ရှိရမည်။ မြန်မာစကားပုံများကို လေ့လာလျှင်လည်း "သစ်တစ်ပင် ကောင်း ငှက်တစ်သောင်း ခို" ရန် သွန်သင်ပေးမှုကို တွေ့ရမည်။ အခြားစကားပုံများတွင်လည်း ဂေဟဗေဒသဘောများ ပါဝင်လျက်ရှိကြောင်း၊ သဘာဝမကျသော အပြုအမူအနေအထိုင်ကို မလုပ်သင့်ကြောင်း ပညာပေးထားသည်ကို တွေ့ရမည်။ ဥပမာ "သမင်မွေးရင်း ကျားစားရင်း" ဆိုသည့် စကားပုံအရ သဘာဝတရားသည် သူ့မူလသဘောအရ ဂေဟစနစ်၏ ချိန်ခွင်လျှာကို ထိန်းထားကြောင်း ညွှန်းဆိုသည့်သဘောဟုဆိုနိုင်သည်။ "ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံ" ဆိုသည့် စကားပုံကမူ သတ္တဝါများသည် သဘာဝက စီရင်ထားသည့် အတိုင်း မနေဘဲ သဘာဝမကျသည်ကို မလုပ်သင့်ဟူသော သဘောပင်ဖြစ်သည်။ ရှေးယခင်ကပင် မြန်မာတို့သည် သဘာဝကို မြတ်နိုးတန်ဖိုးထားရမည်၊ သဘာဝကြီးကို အန်တု၍မရဟူ၍ အသိအမြော်အမြင် ရှိခဲ့ကြကြောင်း ထင်ရှားသည်။

ဗုဒ္ဓတရားတော် မတိုင်မီခေတ်

ဗုဒ္ဓတရားတော် မြန်မာနိုင်ငံသို့ ရောက်ရှိပျံ့နှံ့သည့်ခေတ်မတိုင်မီကာလကပင် လူအများသည် တောတောင် သစ်ပင် ရေမြေတွင် တန်ခိုးရှင်များ ရှိမည်ဟု ယူဆကာ နတ်ကိုးကွယ်ခဲ့ကြသည်။ ထိုနတ်များ အမျက်မထွက်စေရန် နေထိုင်ကျင့်ကြံခဲ့သည်။ ဥပမာ-သစ်ပင်စောင့်နတ်၊ ရုက္ခစိုးရှိသည်ဟု ယုံကြည်၍ သစ်ပင်များကို ပရမ်းပတာမခုတ်ကြ။ တောလမ်းမှသွား၍ ကျင်ကြီးကျင်ငယ်စွန့်လျှင် ကြိုတင်ခွင့်တောင်းရမည်။ ညစ်ညမ်းသော စကားပင်မပြောရစသည့် ထုံးဓလေ့များရှိခဲ့သည်။ အသိဉာဏ် မဖွံ့ဖြိုးသေးမီခေတ်များက နတ်များကို ကြောက်ကြသည်။ ဤသို့သော ကိုးကွယ်ယုံကြည်မှုများမှန်သည်ဟု မဆိုလိုပေ။ နတ်ကိုးကွယ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ထိုစဉ်က နတ်ကိုးကွယ် မှုရလဒ်မှ

သစ်ပင်ပြုန်းတီးမှုကို တားဆီးပေးခဲ့သလို သဘာဝညစ်ညမ်းမှုကို အထိုက်အလျောက် ကာကွယ်ပေးသော ဓလေ့များသည် "သဘာဝတရားအတွက် မိတ်ဖက်ဖြစ်သည်" (Eco-Friendly) ဟုဆို ဆိုလိုရင်း ဖြစ်သည်။ ထိုသို့သော အလေ့အကျင့်များကို ထိန်းသိမ်းရာတွင် သဘာဝတရားကြီး (Nature) အပေါ် လူသားက နှိုင်လိုမင်းထက် မပြုသင့်ကြောင်း၊ သဘာဝကို တန်ဖိုးထားတတ်သော ဓလေ့ကောင်းကို ထိန်းသိမ်းသင့်ကြောင်းသာ ရည်ညွှန်းသည်။

ထေရဝါဒဗုဒ္ဓဘာသာတရားတော်နှင့် သဘာဝပတ်ဝန်းကျင်

ဗုဒ္ဓတရားတော် မြန်မာနိုင်ငံသို့ရောက်ရှိ ပျံ့နှံ့သွားသောအခါ မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားတော်နှင့် အဆုံးအမများသည် အဓိကအားဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်ဖြစ်သော်လည်း လူတို့၏ လောကီလူ့ဘဝအကျိုး လူ့ဘောင်အဖွဲ့အစည်း သာယာဝပြောရေးအတွက်လည်း လမ်းညွှန်မှုများစွာ ပါဝင်ခဲ့သည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် များစွာအထောက်အကူပေးသော တရားတော်များကို တွေ့ရှိရသည်။ ကံ ကံ၏ အကျိုးတရား (သို့) ကမ္မနိယာမသည် ဗုဒ္ဓဘာသာတရားတော်၏ အခြေခံအကျဆုံးသော သဘောတရားတစ်ရပ်ဖြစ်သည်။ ကံဟူသည်မှာ အလုပ်ကို ဆိုလိုခြင်းဖြစ်ပြီး ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး အကျုံးဝင်သည်။ ကံ ကံ၏ အကျိုးတရားအရ သက်ရှိသတ္တဝါများသည် ဘဝအမျိုးမျိုးတွင် ဖြစ်တည်ကြရသည်။ မိမိပြုသမျှ ကုသိုလ်၊ အကုသိုလ်ကံကြောင့် သက်ရှိသတ္တဝါအပေါင်းသည် သံသရာဝဋ်ဆင်းရဲမှ မလွတ်သေးသမျှ ကျင်လည်ကြရသည်။ မည်သည့်ဘုံတွင် ဘဝကူးဖြစ်တည်ရမည်မှာ မိမိ၏ ကုသိုလ်၊ အကုသိုလ်အပေါ်တွင် တည်မှီနေသည်။ မည်သူမပြု မိမိမှုဟူသော သဘောပင်ဖြစ်သည်။ မြတ်စွာဘုရားသည်ပင်လျှင် နုစဉ်အခါက မျောက်ဘဝ၊ ဆင်ဘဝ၊ ငုံးဘဝ၊ ဥဒေါင်းဘဝသို့ ရောက်ရှိခဲ့ရာ မိမိတို့သာမန်လူတို့သည်လည်း အမြဲတစေ လူပြန်ဖြစ်မည်သို့မဟုတ် နတ်ဘုံနတ်နန်းတွင် စံရမည်ဟု မယူဆနိုင်ခေါ်။ ဆိုလိုရင်းမှာ လူတို့သည် မိမိတို့က အသိဉာဏ်အရှိဆုံး အတော်ဆုံးဟု ယူဆကာ အခြားသတ္တဝါများအပေါ် အနိုင်ယူ၊ ညှဉ်းပန်းနှိပ်စက်ခြင်း မပြုသင့်။ ထို့ကြောင့် သက်ရှိသတ္တဝါများကို စာနာအလေးထားတတ်ရမည်။ အသက်ဟူသည်ကို တန်ဖိုးထားရမည်။ ထို့ပြင် ဤ ကံ ကံ၏အကျိုးတရားတော်သည် သက်ရှိ သတ္တဝါအားလုံး အပြန်အလှန် ဆက်နွယ်လျက်ရှိကြောင်း၊ အပြန်အလှန်ကြောင်းကျိုးပြုကြောင်း ပြသထားခြင်းဖြစ်သည်။ ယခု မျက်မှောက်ခေတ် ဂေဟဗေဒကလက်ခံထားသော "All life is connected" အသက်မှန်သမျှ ကွင်းဆက်များသဖွယ် ဆက်နွယ်နေသည်ဟူသောသဘောကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မြတ်ဗုဒ္ဓကဟောကြားတော်မူခဲ့သည်။ လူသူ၊ တိရစ္ဆာန်ဟူ၍ ခွဲခြားမှုမပြုဘဲ အသက်ဟူသည်ကို လေးစားမြတ်နိုးတတ်ရမည်ဟု ကံ ကံ၏အကျိုးတရားကို အခြေခံ၍ ဟောကြားခဲ့သည်။

အသက်ကို မြတ်နိုးခြင်းသဘောသည် ဗုဒ္ဓဘာသာတရားတော်၏ အခြေခံကိုယ်ကျင့်တရား ကျင့်စဉ်တစ်ရပ်အဖြစ် ငါးပါးသီလက ဖော်ပြထားသည်။ သူ့အသက်ကို မသတ်သင့်ဟု ညွှန်ပြထားသည်။ သူများပိုင်ပစ္စည်းကို မပေးဘဲ မယူရဟူသော သီလက မိမိလိုအပ်သည်ထက် သို့တည်းမဟုတ် ရသင့်ရထိုက်သည်ထက် ပို၍မယူသင့်ဟု ဆိုထားသည်။ လောဘကို ထိန်းပေးသည့် လမ်းညွှန်ချက်ဖြစ်သည်။ လောဘတရားဖြင့် လူအချင်းချင်းပေါ်မှာသာမက အခြားသက်ရှိသတ္တဝါများနှင့် သက်မဲ့သဘာဝပတ်ဝန်းကျင်မှပင် လိုသည်ထက်ပို၍ မယူသင့်၊ မသုံးသင့်ဟု ချဲ့ထွင်အဓိပ္ပာယ်ဖွင့်နိုင်သည်။ အယူသာရှိ၍ အပေးမရှိလျှင် လူ့ဘောင်အဖွဲ့အစည်း အေးချမ်းသာယာမှုမရှိနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကြီးလည်း ထိခိုက်ပျက်စီးနိုင်သည်ဟု တိုးချဲ့စဉ်းစားနိုင်သည်။ **ငါးပါးသီလ၏ ကိုယ်ကျင့်တရား "စံ" များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် လက်တွေ့လိုက်နာကျင့်သုံးအပ်သည်။**

ဗုဒ္ဓမြတ်စွာဘုရားသည် ဓမ္မစကြာတရားဦးဟောကြားရာတွင် မရွှိမပဋိပဒါဟူသော အလယ်

အလတ်ကျင့်စဉ် ချမှတ်ပေးခဲ့သည်။ ပဉ္စဝဂ္ဂိငါးပါးကို မှားယွင်းသည့်အစွန်းတရား နှစ်ပါးဖြစ်သည့် စည်းစိမ်ယစ်မူးသော အပြုအမူနှင့်မိမိကိုယ်မိမိ ညှဉ်းပန်းနှိပ်စက်သော အပြုအမူမျိုးနှင့် တခြားတစ်ဖက်က မိမိကိုယ်မိမိ အကြောင်းမဲ့ နှိပ်စက်ညှဉ်းပန်းသည့် ကျင့်စဉ်မျိုး ရှောင်ကြဉ်ရန်ဟောကြားခဲ့သည်။ ဤကျင့်စဉ်ကို လိုက်နာပါက မဂ်ဖိုလ်နိဗ္ဗာန်ကို ရမည်သာမက ဤလောကီ လူဘောင်တွင်လည်း ကိုယ်ကျင့်တရားနှင့် ပြည့်စုံသောဘဝကို ထူထောင်နိုင်မည်။ ဤမဇ္ဈိမပဋိပဒါကျင့်စဉ်အရ စည်းစိမ်ယစ်မူးသည့်ဘဝနေထိုင်မှုမျိုးကို ရှောင်ကြဉ်သင့်ကြောင်း၊ လောဘရမ္မက်အစွန်းမရောက်သင့်ကြောင်း သတိပေးလမ်းညွှန်သည့် အဆုံးအမဖြစ်သည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို အခြေခံ၍ ချမှတ်ခဲ့သော မဂ္ဂသစ္စာဟု ခေါ်ဆိုသော မဂ္ဂင်ရှစ်ပါးနှင့် အညီ လူတို့လိုက်နာနေထိုင်ပါက လောကီလူ့ဘုံတည်ငြိမ်အေးချမ်း၍ သာယာဝပြောနိုင်သည်။

ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော ကောင်းမြတ်ခြင်းသဘောတရားကိုလည်း ဗုဒ္ဓက ဟောကြားခဲ့သည်။ ဤတရားတော်များသည် လူဘောင်အဖွဲ့အစည်းအတွက်လည်း လိုက်နာကျင့်သုံးအပ်သည့် အခြေခံတန်ဖိုးများဖြစ်သည်။ သဘာဝတရားထိန်းသိမ်းကာကွယ်ရေးအတွက်လည်း လက်တွေ့ကျင့်သုံးနိုင်သော စံများဖြစ်သည်။ ဗုဒ္ဓက သတ္တဝါများ အားလုံးအပေါ် ခွဲခြားမှုမရှိဘဲ မေတ္တာထားရမည်ဟု ဟောကြားခဲ့ခြင်းသည် သက်ရှိသတ္တဝါများအားလုံး အပြန်အလှန်ဆက်သွယ်နေကြောင်း၊ အပြန်အလှန်ကြောင်းကျိုးပြုလျက်ရှိကြောင်း လွန်ခဲ့သည့် နှစ်ပေါင်းထောင်ပေါင်းများစွာကပင် သိရှိခဲ့သည်။ အခြားသက်ရှိများအပေါ် သာမက သဘာဝတရားကြီးကိုပါ မေတ္တာတရားရှေ့ထား၍ သတ္တဝါများလည်း ရှင်သန်ပွားများနိုင်မည်ဖြစ်ကြောင်းကို မျက်မှောက်ကာလ သဘာဝပတ်ဝန်းကျင်အခြေအနေက လက်တွေ့ပြသလျက်ရှိသည်။ ထို့ကြောင့် အခြားလူများနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ သက်ရှိသတ္တဝါများနှင့်ဆက်ဆံရာတွင်ဖြစ်စေ၊ သက်မဲ့ဟုအများယူဆသော သဘာဝပတ်ဝန်းကျင်ကြီးအပေါ် ရှုမြင်ရာတွင်ဖြစ်စေ မေတ္တာတရားကို အခြေခံနိုင်ပါမှ အားလုံး သာယာဝပြောနိုင်ကြမည်။

ကရုဏာတရားသည်လည်း လူတို့ကို အချင်းချင်း စာနာတတ်စေရန် ဟောကြားခဲ့ခြင်းဖြစ်သည်။ နိဗ္ဗာန်မရောက်မီ လောကီလူ့ဘဝအတွက်ပင် များစွာကောင်းမွန်သော လူမှုရေးနှင့် ကိုယ်ကျင့်တရားလမ်းညွှန်တစ်ရပ်ဖြစ်သည်။ ကရုဏာထားတတ်မှ တစ်ကိုယ်ကောင်းဆန်မှုနှင့် လောဘရမ္မက်ကြီးမှုကို ထိန်းသိမ်းရာရောက်မည်။ ဤသို့ ထိန်းသိမ်းနိုင်မှလည်း သက်ရှိသတ္တဝါများသာမက သဘာဝလောကကြီးသည်လည်း ရေရှည်တည်တံ့နိုင်မည် ဖြစ်သည်။

ဗုဒ္ဓတရားတော်အရ ကုသိုလ်ကောင်းမှုပြုရာတွင် သုံးဆယ့်တစ်ဘုံအတွင်းရှိ သက်ရှိများကို အမျှပေးဝေခြင်းသည် သက်ရှိသက်မဲ့အားလုံး တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက်ရှိသည်ဟု ဖော်ပြနေခြင်းဖြစ်သည်။ ပစ္စည်းဥစ္စာဓနကို မျှဝေရုံမျှမက ကုသိုလ်ကိုပင် မျှဝေပေးခြင်းသည် ထူးမြတ်သော ဒါနတစ်ရပ်ဖြစ်သည်။ ဤသို့ မိမိရှိသမျှကို အများနှင့်မျှဝေပေးသည့် အလေ့အကျင့်သည် လောဘရမ္မက်ကို တဖြည်းဖြည်းလျော့ချရာ ရောက်သည်။ ထိုသို့ မျှဝေပေးခြင်းသဘောမှတစ်ဆင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအမြင်တစ်ရပ်အနေဖြင့် ဤကမ္ဘာကြီးနှင့် ၎င်း၏သယံဇာတများကို အများနှင့်အတူ မျှမျှတတ ခွဲဝေကျင့်သုံးရမည်ဟူသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်ကျင့်တရားအမြင်ကို တိုးချဲ့ ရှင်သန် ပွားများနိုင်စေသည်။

အခြားဗုဒ္ဓဘာသာ ယဉ်ကျေးမှုအစဉ်အလာများကို ဖော်ပြရလျှင် မြန်မာတို့သည် အသက်ကို ရှင်သန်စေသည့် ရေကို အထူးတန်ဖိုးထားတတ်ကြသည်။ ရေကို သဘာဝက အခမဲ့ရရှိ၍ ရေမရှိလျှင် အသက်ဟူ၍ မရှိနိုင်ကြောင်း အသိအမှတ်ပြုသည်။ ထို့ကြောင့် အလှူဒါနပြုရာတွင် ရေလှူခြင်းသည် အမြင့်မြတ်ဆုံးဖြစ်၍ ရေလှူလျှင် မတောင်းဘဲနှင့် အကျိုးဆယ်ပါးရနိုင်သည်ဟု ယုံကြည်ကြသည်။ ရေလှူလျှင် အသက်ရှည်မည်၊ အဆင်းလှမည်၊ ဥစ္စာကြွယ်ဝ၍ အခြွေအရံပေါများမည်။ ကျန်းမာရေးကောင်းမည်စသဖြင့် ယုံကြည် လက်ခံထားကြသည်။ ရေသည် သန့်စင်

ဆေးကြောပေးသကဲ့သို့ ရောဂါဘယ ပျောက်ကင်းရေး အတွက် အထူးလိုအပ်ကြောင်း လက်ခံကြသည်။ ဤသို့ ရေကို တန်ဖိုးထားတတ်လျှင် ရေကိုညစ်ညမ်း အောင်မလုပ်သင့်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးရှုထောင့်မှ တိုးချဲ့စဉ်းစားသင့်ပေသည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ သစ်ပင် ပန်းမန်များကို မြတ်နိုးတန်ဖိုးထားကြသည်။ အရိပ်ရ သစ်ပင်စိုက်ခြင်းသည် ကုသိုလ်ရသည်ဟု ယူဆကြ သည်။ ဥတုရာသီတောကိုမှီ၍ ဆိုသည်မှာလည်း မြန်မာ့အစဉ်အလာ အတွေးအခေါ်တစ်ရပ်ဖြစ်သည်။ ဗုဒ္ဓသံဃာတော်များ လိုက်နာရမည့်ဝိနည်းတွင် သစ်ပင် များ၏ အကိုင်းအခက်ကို မခုတ်ရ၊ အပင်များ၏ အညွှန့်၊ အညောက်များ မချိုးရနှင့် မြက်မနုတ်ရစသည် များပါဝင်သည်။ ထို့ပြင် လူကြီးမိဘများကလည်း သစ်ပင်များကို ဖျက်ဆီးခြင်းမပြုရဟု ကလေးများကို ဆုံးမလေ့ရှိသည်။ ဤသည်မှာ ဆက်လက်ထိန်းသိမ်း သင့်သော ကောင်းသော အစဉ်အလာများ ဖြစ်သည်။

အသက်နှင့်စပ်လျဉ်း၍ ဒါနပြုရာတွင် မြန်မာတို့ သည် ဇီဝိတဒါနကို ရှေ့တန်းတင်ထားကြသည်။ မြန်မာ နှစ်သစ်ကူးနေ့တွင် ဗုဒ္ဓဘာသာဝင်များသည် ငှက်များ၊ ငါးများ၊ နွား၊ ဆိတ်စသည်တို့ကို လွှတ်လေ့ရှိသည်။

အထက်ပါတို့သည် ထေရဝါဒဗုဒ္ဓတရားတော်တို့ ၏ အဆိအနှစ်ဖြစ်သော အဆုံးအမနှင့်လမ်းညွှန်မှုများ ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်းကို ရည်ရွယ်သော်လည်း လောကီလူဘဝတွင် ကောင်းမွန်၍ ကိုယ်ကျင့်တရားနှင့် ပြည့်စုံသောဘဝ ထူထောင်နိုင်ရေးအတွက်လည်း အရေးကြီးသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤသဘောထားများကို ခံယူ၍ အခြားသက်ရှိသတ္တဝါ များကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကြီးကိုဖြစ်စေ ထိတွေ့ဆက်ဆံနေထိုင်မည်ဆိုလျှင် သဘာဝပတ်ဝန်း ကျင်ကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက် နိုင်မည်ဖြစ်သည်။

ယခု မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ပတ်ဝန်းကျင်ကာကွယ်ရေးထိန်းသိမ်းရေးအတွက် ပြည့်စုံကောင်းမွန်သော ကိုယ်ကျင့်တရားလမ်းညွှန်ချက် များကို အပူတပြင်း ဆွေးနွေးရှာဖွေနေကြသည်။ အနောက်တိုင်း ကိုယ်ကျင့်တရားတန်ဖိုးများကိုသာမက အရှေ့တိုင်းမှ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးများကို အလေး ထားလာကြရသောအချိန် ဖြစ်သည်။ ဗုဒ္ဓဘာသာ တရားတော်၏ ကိုယ်ကျင့်တရားတန်ဖိုးများကိုလည်း အလေးထားလာ ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့် ကမ္ဘာနှင့်အဝန်း ထိခိုက်ပျက်စီး နေသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝ အပေါ်ထားသည့် အတွေးအမြင်ပြောင်းလဲရေး၊ ကိုယ်ကျင့်တရားကောင်းမွန်လာရေးလုပ်ငန်းတွင် အင်တိုက်အားတိုက် ပါဝင်နိုင်ပြီး တန်ဖိုးမဖြတ်နိုင် သည့်ပုံစံများ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

သို့ရာတွင် ဤကောင်းမွန်သော ကိုယ်ကျင့်တရား အမြင်များကို ခေတ်လူငယ်များ၊ နောင်မျိုးဆက်သစ်များ၊ လက်ခံတန်ဖိုးထားလာနိုင်စေရန် ယနေ့ခေတ် လူကြီးမိဘ ဆရာသမားများ၏ တာဝန်ဖြစ်ပေသည်။

နိဂုံး

အနောက်တိုင်းတွင် ယနေ့အဆိုပြုနေကြသော ကမ္ဘာ့ဂေဟဗေဒအမြင်အရ ကမ္ဘာလောကအတွင်း၌ အသက်ဟူသမျှသည် အားလုံးဆက်စပ်နွှယ်ယှက် လျက်ရှိသည်။ ဤအယူအဆသည် ရှေးနှစ်ပေါင်း များစွာကပင် ဗုဒ္ဓတရားတော်က ဟောကြားခဲ့သော အယူအဆတစ်ရပ်ဖြစ်သည်။ ဤကမ္ဘာ့ ဂေဟဗေဒ အမြင်သစ်သည် ဗုဒ္ဓတရားတော်ကဲ့သို့ပင် သက်ရှိ သတ္တဝါတို့သည် တသီးတခြားစီမဟုတ်မူဘဲ သက်ရှိ အသိုင်းအဝိုင်းအတွင်း၌သာ ရပ်တည်ရှင်သန်နိုင် ကြောင်း ခံယူထားပေသည်။ ဤသဘောသည် ကမ္ဘာ မြေပေါ်ရှိ အသက်၏သဘောလက္ခဏာဖြစ်သည်။

အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုးကွဲပြား ခြားနားသော ကမ္ဘာ့ကိုယ်ကျင့်တရားပညာရှင်တို့သည် ယခုအချိန်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှုတို့၏ စိန်ခေါ်မှု များကို တုံ့ပြန်အဖြေရှာကြရာတွင် ဤကမ္ဘာ့ဂေဟ ဗေဒအမြင်သစ်၏ အယူအဆကို လက်ခံလာကြသည် ကို တွေ့ရှိရ၏။ ပုဂ္ဂိုလ်တစ်ဦးချင်း၏ သီးခြားရပ်တည် ရေးထက် သက်ရှိအသိုင်းအဝိုင်းအတွင်း၌သာ တစ်ဦးချင်း

ရပ်တည်နိုင်မည်ကို သဘောပေါက် လက်ခံလာကြပြီးဖြစ်သည်။ ထို့ပြင် သက်ရှိမှန်သမျှသည် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ယှက်နွယ်နေသောကြောင့် လူသားအချင်းချင်းအတွင်း၌သာ ကိုယ်ကျင့်တရားစောင့်စည်းရမည်မဟုတ်မူဘဲ သက်ရှိသတ္တဝါအားလုံးအပေါ်မှာလည်း ကိုယ်ကျင့်တရားစောင့်စည်းရန် လိုအပ်ကြောင်း မြင်လာကြသည်ကိုတွေ့ရ၏။ ဂေဟစနစ်များအတွင်း ရှင်သန်ရပ်တည်နေသော သက်ရှိများအပေါ်တွင် စောင့်ရှောက်ရန်၊ ညှာတာထောက်ထားရန် လိုအပ်ကြောင်း အသိအမှတ်ပြုလာကြပြီဖြစ်သည်။ တစ်နည်းဆိုရသော် အသိဉာဏ်အရှိဆုံးနှင့်အသိဉာဏ်ကို ထိရောက်စွာ အသုံးချတတ်သောလူသားသည် ဂေဟစနစ်များနှင့်အတူ ကမ္ဘာကြီးတစ်ခုလုံး ပျက်သုဉ်းမသွားစေရန် အခြားသက်ရှိများကို ဆက်ဆံရာတွင် ကိုယ်ကျင့်တရားအသိရှိစွာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။ ကမ္ဘာဂြိုဟ်ကြီးဆက်လက်တည်တံ့နိုင်ရေးနှင့် ကမ္ဘာကြီးပေါ်တွင် မှီတင်းနေထိုင်ကြသော သက်ရှိများအားလုံး မျိုးမသုဉ်းသွားစေရန် လူသားတို့ကပင် အဓိက ဆောင်ကြဉ်းရမည် ဖြစ်သည်ဟူသော အမြင်ကျယ်ပြန့်လာကြောင်းတွေ့ရသည်။ ဤ အယူအဆတွင် ဗုဒ္ဓဘာသာတရားတော်၏ အနှစ်သာရ အယူအဆဖြစ်သော မိမိကြမ္မာကို မိမိသာလျှင် ဖန်တီးရမည်ဟူသော ကံ ကံ၏အကျိုးတရားသဘောနှင့် တိုက်ဆိုင်လျက်ရှိသည်။ လူတိုင်းသည် မိမိဘဝအနေအထားအရ ကျရောက်လာသည့်တာဝန်များကိုကျေပွန်ရမည်ဟူသော သဘောလည်းပါဝင်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် အခါကပင် ဗုဒ္ဓတရားတော်က ဤအခြေခံသဘောတရားများကို ဟောကြားခဲ့သည်။

အနောက်တိုင်း အတွေးအခေါ်သမိုင်းကမူ ပြင်သစ်အတွေးအခေါ်ရှင် Rene Descartes ၏ လက်ထက်မှစ၍ အရာရာကို ဆက်စပ်သော ရှုထောင့်မှ မရှုမြင်ဘဲ ခွဲခြားစိတ်ဖြာသည့် အစဉ်အလာရှိခဲ့သည်။ ထို့ကြောင့် စိတ်နှင့်ရုပ်၊ သက်ရှိနှင့်သက်မဲ့၊ ပြဿုနှင့်အပြုခံ၊ ဖြစ်ခြင်းနှင့်ဖြစ်သင့်ခြင်း (Is နှင့် Ought)၊ အချက်အလက်နှင့်တန်ဖိုး တသီးတခြားစီ ခွဲခြားသည့် အစဉ်အလာအနောက်တိုင်းတွင် ကြီးမားခဲ့သည်။ ခြုံငုံဆက်စပ်ရှုမြင်ခြင်းထက် ခွဲခြမ်းစိတ်ဖြာ ရှုမြင်ခြင်းတွင် အားသန်ခဲ့ကြသည်။ ထို့ပြင် သိပ္ပံပညာ ထွန်းကားလာသည်နှင့်အမျှ လူသား၏အခန်းကဏ္ဍကို သာရှေ့တန်းတင်ဦးစားပေးခဲ့သည်။ ထို့ကြောင့် လူသားနှင့် အခြားသက်ရှိသတ္တဝါများ၊ လူသားနှင့် သဘာဝလောကကြီးတို့နှင့် ဆက်ဆံရာတွင် မိမိကိုယ်မိမိ အောင်နိုင်သူအဖြစ် ယူဆလာခဲ့ကြသည်။ ရှိနေ၊ ဖြစ်နေသည်ကိုသာ အလေးပေးပြီး ရှိသင့် ဖြစ်သင့်သည့် တန်ဖိုးဖြတ်မှုကိုလည်း ပုဂ္ဂလဓိဋ္ဌာန်ကျသည်ဟု မြင်လာကြသည်။ သဘာဝတရားနှင့် သယံဇာတများ၊ အခြားသက်ရှိသတ္တဝါများကို လူသားအကျိုးအတွက် အတိုင်းအဆမရှိ သုံးနိုင် ဖြုန်းနိုင်သည်ဟူသော လွဲမှားသည့် အမြင်များ လွှမ်းမိုးခဲ့သည်။

သို့သော် ယခုမျက်မှောက်ခေတ်တွင် သိပ္ပံပညာ၏ အခြေခံအကျဆုံးဖြစ်သည့် ရူပဗေဒကမူ ဤသို့ တသီးတခြား ခွဲခြားရှုမြင်သည့်အမြင်မျိုးကို တစ်ဖက်သတ် လက်မခံတော့ပေ။ ထို့ပြင် သိပ္ပံပညာသည်သာလျှင် ဓမ္မဓိဋ္ဌာန်ကျသည်ဟူသော အမြင်ကိုလည်း လက်သင့်မခံတော့ပေ။ ပုဂ္ဂလဓိဋ္ဌာန်ကျမှုကို တန်ဖိုးဖြတ်ရာမှာ ဖြစ်စေ၊ သိပ္ပံပညာ ရှာမှီးရာမှာဖြစ်စေ မရှောင်လွှဲနိုင်ဟု ဝန်ခံလာကြပြီဖြစ်သည်။

၁၉၅၈ ခုနှစ်မှာပင် Quantum mechanics ပညာရပ်ကို ရှာဖွေဖော်ထုတ်သူတစ်ဦးဖြစ်သော ဟိုင်စင်ဘတ်က ဆိုခဲ့သည်မှာ - "... သိပ္ပံပညာသည် မိမိပါဝင်လုပ်ဆောင်မှုကြောင့် မိမိလေ့လာစူးစမ်းနေသော အရာကို ပြောင်းလဲ၍ ပုံသစ်သွင်းလိုက်သည်။ တစ်နည်းဆိုသော် အသုံးပြုသောနည်းစနစ်နှင့် လေ့လာနေသောဝတ္ထုပစ္စည်းကို ခွဲခြားမရနိုင်။ သိပ္ပံလောကအမြင်သည် စစ်မှန်သော သိပ္ပံလောကအမြင်တစ်ရပ်မဟုတ်တော့ချေ" ဟူ၍ဖြစ်သည်။

ဤသဘောအရ အစစ်မှန်တရား (ဆိုလိုသည်မှာ ပြင်ပလောက) ကြီးကို လေ့လာရာတွင် လုံးဝဥဿုံဓမ္မဓိဋ္ဌာန်ကျစွာ၊ သီးခြားကင်းလွတ်စွာ မလေ့လာနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် လေ့လာသူနှင့်လေ့လာသောအရာ ဆက်နွယ်လျက်ရှိသည်။ ယထာဘူတကျကျ လေ့လာသည်ဟုဆိုသော်လည်း အတိုင်းအတာ

တစ်ခုအထိ ဓမ္မဓိဋ္ဌာန်ကျမှုကို ရရှိမည်။ လေ့လာသူသည် လေ့လာရန်အကြောင်းအရာကို ရွေးချယ်ရာတွင် မိမိစိတ်ဝင်စားရာကို ရွေးချယ်သည်။ မိမိခံယူထားသော တန်ဖိုးစနစ်အရ ရွေးချယ်မှုပြုသည်။ အဓိပ္ပာယ်ဖွင့်ဆိုမှုပြုသည်။ ထို့ကြောင့် သိပ္ပံပညာအနေဖြင့် တန်ဖိုးဖြတ်မှုကို အခြေခံသည့် ပညာရပ်များကို ပုဂ္ဂလဓိဋ္ဌာန်ကသည်၊ ဖြစ်နေသည်နှင့်ဖြစ်သင့်သည်တို့ကို တခြားစီဟု ဝေဖန်မှုပြုအားမရှိတော့ချေ။

ကမ္ဘာ့ဂေဟဗေဒအမြင်သည် အနောက်တွင်တွင်ကျယ်ခဲ့သော သမိုင်းဖြစ်စဉ်သည် တစ်သမတ်တည်း အလျှားလိုက်ရှေ့သို့ အစဉ်တိုးတက်နေသည် ဟူသော သမိုင်းနှင့် အကြောင်းတရားအမြင်ကို ယခုအခါတွင် ဝေဖန်ဆန်းစစ်လျက်ရှိသည်။ ဤအမြင်ကြောင့် သဘာဝပတ်ဝန်းကျင် အလွဲသုံးစားပြုမှုများ ပြားလာခဲ့ရသည်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် ဤသို့သော အမြင်ရှိခဲ့လျှင် တင်းတိမ်ရောင့်ရဲမှုဟူ၍ မရှိ။ ရယူလိုစိတ်သည် အတောမသတ်တော့ဘဲ ပို၍ကြီးမားသည်၊ ပို၍ကောင်းသည်ကိုသာ ဆက်လက်ရှာဖွေသည်။

ဤအယူအဆသည် ကမ္ဘာ့ဂေဟဗေဒ စနစ်အမြင်က လက်ခံသော ထပ်ကာတလဲလဲ လည်ပတ်နေသည့် ကြောင်းကျိုးတရားအမြင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ပုဒ္ဓဘာသာတရားတော်၏ ပဋိစ္စသမုပ္ပာဒ်တရားသည်လည်း ထပ်ကာတလဲလဲ လည်ပတ်မှုသဘောပင်ဖြစ်သည်။ လူသတ္တဝါ၊ သူငါအပေါင်းသည် သံသရာတွင် မိမိပြုသည့်ကံတရားနှင့်အညီ ဖြစ်ပျက် ပြောင်းနေကြရသည်ဟူသော ကြောင်းကျိုးတရားပင်ဖြစ်သည်။ ဆိုလိုရင်းမှာ ပုဒ္ဓဘာသာတရားတော်က ယခင်ရှေးကာလကပင် ဤသို့သောအမြင်ကို ပေးကြားခဲ့သည်။ ဤတရားကို အခြေခံ၍ လောဘ၊ ဒေါသနှင့်လိုချင်တပ်မက်မှုကို လူ့ဘဝတွင် ထိန်းသိမ်းရန် ဆုံးမလမ်းညွှန်ခဲ့သည်။ ဂေဟဗေဒအမြင်သစ်ကလည်း လူ့ဘဝတွေ့ ဆန္ဒများ မလွန်ကဲစေရန် လိုအပ်ကြောင်း သိမြင်လာပြီဖြစ်သည်။

ထို့ပြင် အသက်ဟူသမျှအားလုံး ဆက်စပ်ယှက်နွယ်နေသည်ဟူသောအမြင်ကို ခေတ်သစ်ဇီဝဗေဒက လည်း ထောက်ခံလျက်ရှိသည်။ ခေတ်သစ်ဇီဝဗေဒအမြင်အရ ကလာပ်စည်း ဇီဝရုပ်အဖွဲ့အစည်းများကဲ့သို့ သီးခြားရပ်တည်သည့်သဘော ရှိသကဲ့သို့ ဖွဲ့စည်းမှုတစ်ရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့အတူ ဇီဝရုပ်ဟူသည် အထီးတည်းရှင်သန်ရန် မဖြစ်နိုင်ချေ။ ပတ်ဝန်းကျင်တစ်ခုအတွင်းမှာသာ ရပ်တည်နိုင်ကြောင်း ခေတ်သစ်ဇီဝဗေဒက အသိအမှတ်ပြုသည်။ ထို့ကြောင့် လူတို့သည် သဘာဝလောကကြီးကို မိမိနှင့်ကင်းကွာနေသော စက်ယန္တရားသဖွယ် မရှုမြင်သင့်ဟု ဂေဟဗေဒလောကအမြင်က ဆိုသည်။ သက်ရှိသတ္တဝါနှင့် သဘာဝပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိအားလုံးသည် အပြန်အလှန် အမှီသဟဲပြုနေသည်။ လူသားတို့သည် မိမိတို့မှီတင်းနေထိုင်ရသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အထူးပင်တာဝန်ရှိသည်။ ဤတာဝန်မကျေပွန်ကြလျှင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းနှင့်အတူ လူသားအပါအဝင် သက်ရှိသတ္တဝါများ ဆက်လက်ရှင်သန်နိုင်တော့မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အားလုံးသည် ဆက်စပ်တည်ရှိနေကြသည်သာဖြစ်သည်။

ပုဒ္ဓဘုရားရှင်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ဤသဘောတရားများနှင့်အညီ ဟောကြားလမ်းညွှန်ခဲ့သည်။ ထိုသဘောတရားများ၏ မှန်ကန်မှုကို မျက်မှောက်ခေတ် သိပ္ပံပညာက မှန်ကန်ကြောင်း ထောက်ခံလျက်ရှိသည်။ လူတို့နှင့်အခြားသက်ရှိများအတွက် အရေးကြီးလှသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပြဿနာများကို ဖြေရှင်းပေးနိုင်မည့် ကိုယ်ကျင့်တရားအမြင်တစ်ရပ် ရရှိရေးအတွက် မြန်မာတို့၏ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှု၏ ကောင်းမွန်သော လမ်းညွှန်မှုများနှင့် အခြေခံသဘောတရားများက များစွာဖြည့်စွက်အကျိုးပြုနိုင်ကြောင်း တင်ပြအပ်ပါသည်။

ပါမောက္ခဒေါက်ကြည်ကြည်လှ

၂၀၁၁ ခုနှစ်
ဖြစ်ရပ်များ

ဒုတိယပိုင်း

(၃)

ဤအပိုင်းတွင် ၂၀၀၈ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှထင်ရှားသည့် ဖြစ်ရပ်အချို့ကို အကွက်ရာစဉ်အတိုင်း သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ

နိဒါန်း

ဖြစ်ရပ်များ

ကင်းထောက်အဖွဲ့။ ။ ကင်းထောက်ဟူသည် စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းလုပ်ငန်း သက်သက်ကိုသာ ဆောင်ရွက်ကြသူများဖြစ်သည်။ ကင်းထောက်လုပ်ငန်း၏အဓိကရည်ရွယ်ချက်မှာ တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်လာရေး အတွက် လူငယ်လူရွယ်များကို ပုံသွင်းဖန်တီးပေး ခြင်းဖြစ်သည်။ ထိုသို့ ပုံသွင်းဖန်တီးပေးရာတွင် လူငယ် လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့်အကျင့်စာရိတ္တ ကောင်းမွန်စေရန် ပြုပြင်ပေးပြီး မိမိကိုယ်ကို မိမိအား ကိုးတင်ခြင်း၊ လူကြီးမိဘတို့၏ဆုံးမသွန်သင်မှုများကို ရိုသေလိုက်နာတတ်ခြင်း စသည့်အလေ့အထကောင်း များရရှိအောင် လေ့ကျင့်သင်ကြားပေးကြရသည်။ ကင်းထောက်တို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့အား ချစ်ခင်မြတ်နိုးပြီး သစ္စာစောင့်သိရှိသေကြသည်။ ကင်းထောက်တို့သည် မိမိကိုယ်ကို မိမိအားကိုးနိုင်ရုံမျှမက လူမှုရေးလုပ်ငန်းများကျွမ်းကျင်မှုရှိရမည့်အပြင် အခြား သူများအတွက် အသုံးကျသော နိုင်ငံ့သားကောင်းဖြစ် လာစေရန် ကြိုးပမ်းကြရသည်။ သဘာဝကို လေ့လာလျက် လောကပတ်ဝန်းကျင်ကို စူးစမ်းတတ်ရသည်။ ကြင်နာစိတ်ကို မွေးမြူကာ လူတိုင်းကို မိတ်ဆွေသင်္ဂဟအဖြစ် သဘောထားရသည်။ ယူနီဖောင်း ဝတ်ဆင်ကြသော်လည်း လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ကြသူများဖြစ်သည်။ ကင်းထောက်လုပ်ငန်း၌ စိတ်ဓာတ်တက်ကြွစွာပါဝင်ဆောင်ရွက်စေရန်နှင့် ကင်းထောက်အဖွဲ့ကို စနစ်တကျဖွဲ့စည်းရန် ကင်းထောက်ယူနီဖောင်းကို တီထွင်သတ်မှတ် ထားသည်။ ကင်းထောက်တို့သည် ကာကီအင်္ကျီ၊ ကာကီရောင် (သို့မဟုတ်) အပြာရောင်ဘောင်းဘီတို့၊ အဖွဲ့အလိုက် အရောင်အမျိုးမျိုးရှိသော လည်စည်း၊ ထိပ်တွင် ချိုင့်လေးခုပါ ဦးထုပ်တို့ကို ဝတ်ဆင်လျက် ဖလားဒါးလီး ခေါ် သုံးရွက်မြှောပုံသဏ္ဌာန်ရှိ ကင်းထောက် တံဆိပ်ကို တပ်ဆင်ရသည်။ ယူနီဖောင်းမှာနောင်တွင် မိမိတို့ အသင်းအဖွဲ့အလိုက် သတ်မှတ်ဝတ်ဆင်လာ ကြသည်။ ကင်းထောက်လူငယ်များသည် ကင်းထောက် ဝတ်စုံကို ဝတ်ဆင်ကြသောအခါ စိတ်ဓာတ်အလွန် တက်ကြွလာကြကာ မြင့်မြတ်သောစိတ်ထားကို မွေးမြူလာကြသည်။ ထို့ပြင် ကင်းထောက် လုပ်ငန်း၏ မူလအခြေခံသဘောတရားများနှင့် ညီညွတ်စေရန် သဘာဝတရားကို လေ့လာခြင်း၊ တောတောင်ရေမြေ တို့၏ အခြေအနေကို စူးစမ်းခြင်း၊ တောစခန်း ထွက်ခြင်း၊ ခရီးသွားခြင်း၊ တောတွင်းခြေရာခံလိုက်ခြင်း၊ ရှေ့ဆောင် တီထွင်လုပ်ကိုင်ခြင်းစသော လုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ ကင်းထောက်တို့၏ဆောင်ပုဒ်မှာ 'အစဉ်အသင့်' ဟူ၍ ဖြစ်သည့်အတိုင်း မည်သည့် အရေးပေါ်ကိစ္စတာဝန်ကိုမဆို ဖြတ်ထိုးဉာဏ်ဖြင့် လျင်မြန်စွာဖြေရှင်း ဆောင်ရွက်ကြရသည်။ 'အစဉ် အသင့်' ဟူသည် အင်္ဂလိပ်ဘာသာ 'Be Prepared' ကို မြန်မာမှုပြုထားခြင်းဖြစ်သည်။

ကမ္ဘာ့ကင်းထောက်သမိုင်းနောက်ခံ

ကမ္ဘာပေါ်တွင် ကင်းထောက်လုပ်ငန်းကို စတင်ခဲ့ သူမှာ ဗြိတိသျှဗိုလ်မှူးကြီးရောဘတ်ဘာဒင်ပိုဝဲလ် (Robert Baden Powell) ဖြစ်သည်။ ရောဘတ်ဘာဒင် ပိုဝဲလ်သည် ၁၉၀၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ ဘရောင်း ဆီးကျွန်း၌ ကင်းထောက်စခန်းတစ်ခုစမ်းသပ်ဖွင့်လှစ် ပြီး လူငယ် ၂၀ ကို ကင်းထောက်စည်းမျဉ်းများအတိုင်း သွန်သင်လေ့ကျင့်ပေးခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်း သည်။ ရောဘတ်ပိုဝဲလ်၏ ကင်းထောက်လုပ်ငန်းကို ယောက်ျားကလေးများသာမက မိန်းကလေးများကပါ စိတ်ဝင်စားလာကြသည်။ သို့ဖြစ်၍ ၁၉၁၀ ပြည့်နှစ် တွင် ကင်းထောက်အမျိုးသမီးအဖွဲ့များကို ဖွဲ့စည်း သည်။ အင်္ဂလန်နိုင်ငံ၌ ကင်းထောက်အဖွဲ့များ တစ်ဖွဲ့ ပြီးတစ်ဖွဲ့ပေါ်ပေါက်လာသည်။ ထို့နောက် ကင်းထောက် အဖွဲ့များသည် ဗြိတိသျှအင်ပါယာအတွင်း၌သာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့ပါ လျင်မြန်စွာ ပျံ့နှံ့တိုးပွားလာ သည်။ ရောဘတ်ပိုဝဲလ်သည် ၁၉၁၀ ပြည့်နှစ်တွင် စစ်တပ်မှ အငြိမ်းစားယူပြီးနောက် ကင်းထောက် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သည်။ ကင်းထောက် လုပ်ငန်းကိုလုပ်ကိုင်ရင်း ကမ္ဘာပေါ်ရှိ လူငယ်များကို ဆွဲဆောင်ခဲ့သည်။ ငယ်စဉ်က ယောက်ျားပီသပြီး စိတ်ထားမြင့်မြတ်၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော

ရောဘတ်ပိုဝဲလ်သည် မိမိစိတ်ဓာတ်မျိုးကို ကင်းထောက်လူငယ်များ၌ ကိန်းဝပ်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ရောဘတ်ပိုဝဲလ်သည် ကင်းထောက်အဖွဲ့ကို တည်ထောင်သကဲ့သို့ ဇနီးကလည်း ကင်းထောက်အဖွဲ့အတွက် ပါရမီဖြည့်ဆည်းပေးခဲ့သည်။ ရောဘတ်ပိုဝဲလ်၏ညီမဖြစ်သူ အဂ္ဂနက်သည် အမျိုးသမီးကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၁ ခုနှစ်၊ အသက် ၈၃ နှစ်အရွယ်တွင် ရောဘတ်ပိုဝဲလ်ကွယ်လွန်သောအခါ သမီးဖြစ်သူက ကင်းထောက်အဖွဲ့ကို ဆက်လက် ဦးဆောင်ခဲ့သည်။

မြန်မာကင်းထောက်သမိုင်းနောက်ခံ

မြန်မာနိုင်ငံ၌ ကင်းထောက်လုပ်ငန်းကို ၁၉၁၀ ပြည့်နှစ်တွင် ဗြိတိသျှလူမျိုးများက စတင်ခဲ့ပြီး ၁၉၁၃ ခုနှစ်တွင် တစ်ဦးချင်းသီးခြားကင်းထောက်လုပ်ငန်းများရှိနေပြီဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့ကို ဝိုင်ဇဗလျူစီအေအသင်းက အသင်းသား ၃၀ ဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်ကင်းထောက်အဖွဲ့စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၁ ခုနှစ်တွင် ကမ္ဘာ့ကင်းထောက်ဖခင်ကြီးရောဘတ်ပိုဝဲလ်မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် မြန်မာပြည်ကင်းထောက်အဖွဲ့သည် ဗြိတိသျှဌာနချုပ်၏ သီးခြားအဖွဲ့ခွဲအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် မြင်းခြံမြို့ရှိ အင်္ဂလိပ်-မြန်မာအစိုးရ အထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာကြီးဦးထွန်းအောင်က လူငယ်ကင်းထောက်စာဖတ်အသင်းတည်ထောင်ဖွင့်လှစ်ပြီး ကင်းထောက်လုပ်ငန်းများဆောင်ရွက်သည်။ ၁၉၃၄ ခုနှစ်တွင် ရမည်းသင်းမြို့အထက်တန်းကျောင်း၌ ကင်းထောက်လူငယ်အဖွဲ့ သုံးဖွဲ့ဖွဲ့စည်းပြီး ကင်းထောက်လုပ်ငန်းများလုပ်ဆောင်ခဲ့ရာ ကင်းထောက်ခန်းမ အဆောက်အအုံတည်ဆောက်ခဲ့သည်။ ၁၉၄၂-၄၅ ခုနှစ် ကျပန်ခေတ်အတွင်း ဗြိတိသျှတို့ဖွဲ့စည်းထားသော ကင်းထောက်အဖွဲ့ရပ်စဲသွားသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် ဗြိတိသျှဘုရင်ခံဒေါ်မန်စမစ်ရောက်ရှိလာခဲ့ရာ ကင်းထောက်အဖွဲ့ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကင်းထောက်အမျိုးသမီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး ဘုရင်ခံကတော်လေဒီရန့်စ်က အဖွဲ့ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ ထိုနှစ်တွင် ဗမာနိုင်ငံကင်းထောက် ခေါင်းဆောင်သင်တန်းကို ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၁ ဦး တက်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော် သမ္မတဟောင်းစဝ်ရွှေသိုက်အား မြန်မာပြည်ကင်းထောက်အဖွဲ့နာယကအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လတွင် ပင်းတယမြို့အနီး၌ လေယာဉ်ပျက်ကျခဲ့ရာ ကင်းထောက်လူငယ်သုံးဦးက ကယ်ဆယ်ရေးလုပ်ငန်းများကို စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ကြသည်။ ထိုနှစ်တွင် ပထမအကြိမ် လက်ထောက်သင်တန်းမှူး (ဝံပုလွေငယ်) သင်တန်းကို ရန်ကုန်မြို့အင်းလျားလေးစခန်း၌ စတင်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ အနော်ရထာ ကင်းထောက်စခန်း၌ ကင်းထောက်ဆရာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကင်းထောက် အခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းသည်။ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလတွင် အနော်ရထာကင်းထောက်စခန်း၌ ကင်းစိတ်ဦးစီးသင်တန်းဖွင့်လှစ်သည်။ ၁၉၆၂ ခုနှစ်၊ ဩဂုတ်တွင် အမျိုးသားကင်းထောက်အဖွဲ့နှင့် အမျိုးသမီးကင်းထောက်အဖွဲ့တို့ကို ပူးပေါင်းဖွဲ့စည်းသည်။ ၁၉၆၄ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ဖျက်သိမ်းသည်။

မြန်မာကင်းထောက်အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနက ကြီးမှူးပုံပိုးကာ ကင်းထောက်အဖွဲ့ပြန်လည်ဖွဲ့စည်းရေးအတွက် ဗဟိုအဆင့်နည်းပြသင်တန်းတစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်မှ ဒီဇင်ဘာလ ၂ ရက်အထိ လမ်းမတော်မြို့နယ်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချခဲ့ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ပညာရေးအရာထမ်း၊ အမှုထမ်း ဆရာ၊ ဆရာမ ၉၈ ဦး

တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ သတ်မှတ်ထားသော အခြေခံပညာကျောင်း ၁၈ ကျောင်း၌ ကင်းထောက်အဖွဲ့သို့ ဝင်ရောက်လိုကြသော ဆဋ္ဌမတန်းကျောင်းသား ၅၀ နှင့် ကျောင်းသူ ၅၀၊ စုစုပေါင်း ၁၀၀ စီကို ကင်းထောက်သင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ ကင်းထောက်သင်တန်းများ၌ လေ့ကျင့်ပို့ချပေးခဲ့သော ဘာသာရပ်များမှာ ကင်းထောက်နောက်ခံသမိုင်းနှင့် ရည်ရွယ်ချက်၊ ကင်းထောက်လုပ်ငန်းနှင့်အဆင့်အတန်း၊ ကင်းထောက်ကတိနှင့်ကျင့်ဝတ်များ၊ ကင်းစိတ်စနစ်နှင့် ကင်းထောက်ပညာ၊ ကင်းထောက်ကြိုးချည်နည်း၊ အားကစားနှင့် ကာယပညာ၊ မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့၊ တိထွင်လုပ်ကိုင်တတ်မှု၊ ခြေလျင်ခရီးထွက်ခြင်းနှင့် တောစခန်းချခရီးထွက်ခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်လူ့အခွင့်အရေး၊ ကြက်ခြေနီနှင့်ရှေးဦးသူနာပြုစုနည်း၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ သဘာဝတောတောင်ရေမြေ စူးစမ်းလေ့လာခြင်း၊ အမျိုးသမီးကင်းထောက်အတတ်ပညာ၊ ကင်းထောက်တံဆိပ်နှင့်ဝတ်စုံဝတ်ဆင်ခြင်း၊ ကင်းထောက်လှုပ်ရှားမှုလုပ်ငန်းများ၊ အလံစိုက်အချက်ပြနည်း၊ ကင်းထောက်သီချင်းစသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံကင်းထောက်ကြီးများ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ကမာရွတ်မြို့နယ်တက္ကသိုလ်နယ်မြေရှိ စိန်ရတုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြအေး၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ကင်းထောက်ကြီး ၁၁၇ ဦးနှင့် ကင်းထောက်လူငယ် ၁၀၀ တို့တက်ရောက်ကြသည်။ အခမ်းအနားတွင် ကင်းထောက်ကြီးများက ကင်းထောက်အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ ကင်းထောက်လူငယ်များအတွက် အကြံဉာဏ်များပေးအပ်သည်။ ထို့အပြင် မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းများကို စနစ်တကျအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကင်းထောက် ယာယီကော်မတီကို နာယကများ၊ အလုပ်အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့တို့ဖြင့် ဖွဲ့စည်းပေးသည်။

အလုံမြို့နယ်အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့်ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဖေဖော်ဝါရီလ ၂၆ ရက်မှ မတ်လ ၅ ရက်အထိ ကင်းထောက်သင်တန်းထပ်မံဖွင့်လှစ်ပို့ချရာ ဆဋ္ဌမတန်းကျောင်းသူ ၁၀၀ စီတက်ရောက်ကြသည်ဖြစ်၍ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းအသီးသီး၌ ကင်းထောက်လူငယ်မောင်မယ် ၂,၀၀၀ ရှိလာပြီဖြစ်သည်။

ကင်းထောက်မောင်မယ်များ စုပေါင်းတွေ့ဆုံပွဲ (Jamboree) ကို ဧပြီလ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်ရှိ ရွာတော်တည်းခိုရေးစခန်း၌ ကျင်းပရာ မြို့နယ်အသီးသီးမှ ကင်းထောက်လူငယ်မောင်မယ် ၄၈၀ တို့ တက်ရောက်ကြသည်။ အဆိုပါတွေ့ဆုံပွဲကာလအတွင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ကင်းထောက်ကြီးများက ကင်းထောက်အတွေ့အကြုံများဟောပြောကြသည်။ ကင်းထောက်လူငယ်မောင်မယ်များက အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြသည်။ ကင်းထောက်လူငယ်မောင်မယ်များသည် နေပြည်တော်ရှိ ဥပဓိတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြခြင်း၊ ပြည်သူ့လွှတ်တော်သို့ သွားရောက်လေ့လာကြခြင်း၊ တောင်ညိုင်လိုက်ဆည်သို့ တောစခန်းချ ခရီးသွားရောက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး မီးပုံပွဲကိုဆင်နွှဲကြသည်။ ထို့အပြင် ကင်းထောက်လူငယ်မောင်မယ်များသည် အထက (၁)နေပြည်တော်၌ ဘက်စုံပညာထူးချွန် လူငယ်များနှင့်တွေ့ဆုံဆွေးနွေးကြသည်။

ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီလ ၈ ရက် တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ အဆိုပါတွေ့ဆုံ ဂုဏ်ပြုပွဲအခမ်းအနားသို့ ကင်းထောက်လူငယ် ၄၈၀ နှင့် ဘက်စုံပညာထူးချွန်

နိုင်ငံတော်သမ္မတက ဘက်စုံထူးချွန်လူငယ်အပန်းဖြေခန်း (အင်းလေး) ဖွင့်ပွဲအမှတ်တရတံဆိပ် ပေးအပ်စဉ်

လူငယ် ၅၁၀ စုစုပေါင်းလူငယ် ၉၉၀ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် မြန်မာကင်းထောက်များတွေ့ဆုံပွဲကို မေလ ၁၈ ရက်တွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အာရှ-ပစိဖိတ် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ရှောင်ဟိုက မိတ်ဆက်စကားပြောကြားပြီး အလုံမြို့နယ်အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်း ကင်းထောက်ကြီး ဒေါက်တာအောင်ဝင်းသိန်းက မိတ်ဆက်စကား ပြန်လည်ပြောကြားသည်။

ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၆ ရက်အထိ ကျပန်နိုင်ငံတို့ကျိုမြို့၌ ကျင်းပရာ မြန်မာနိုင်ငံမှ ကင်းထောက်ကြီးများဖြစ်ကြသည့် မြန်မာနိုင်ငံကင်းထောက်ယာယီကော်မတီဥက္ကဋ္ဌ ဦးတင်ညို၊ ဒေါ်တင်လှကြည်နှင့်ဒေါ်ခင်စောဥမ္မာတို့ တက်ရောက်ကြသည်။

အခြေခံပညာကျောင်းများ၌ ကင်းထောက်များတိုးချဲ့ဖွဲ့စည်းရေးအတွက် ဦးဆောင်စည်းရုံးအကောင်အထည်ဖော်ကြမည့်အရာရှိများ ရက်တိုသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၁၃ ရက်တွင် လမ်းမတော်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာဦးစီးဌာနများမှ အရာရှိ ၉၆ ဦး တက်ရောက်သည်။

အကြိမ် (၃၀) မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်လူငယ်များတွေ့ဆုံပွဲနှင့် (၁၆) ကြိမ်မြောက် ဂျပန်လူငယ်များတွေ့ဆုံပွဲ (Jamboree) ကို ဇူလိုင်လ ၂၇ ရက်မှ သြဂုတ်လ ၆ ရက်အထိ ဂျပန်နိုင်ငံ ဖူကုအိုကမြို့၌ ကျင်းပရာ မြန်မာနိုင်ငံမှ နေပြည်တော်အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်လှိုင် ခေါင်းဆောင်ပြီး ကင်းထောက်လူငယ် မောင်စိုးညီညီ (အ. ထ. က-၆၊ ပုသိမ်) နှင့် ကင်းထောက်လူငယ် မောင်ဆလိုင်းဟိန်းသူရကျော် (အ. ထ. က-၁၊ ပြည်) တို့ တက်ရောက်ကြသည်။

ကင်းထောက်လူငယ်အစီအစဉ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၂ ရက်တွင် အလုံမြို့နယ်အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက် ယာယီကော်မတီ ဥက္ကဋ္ဌ ဦးတင်ညိုနှင့်အဖွဲ့ဝင်များ၊ အာရှ-

ပစိဖိတ်ဒေသမှ ကင်းထောက်ဆရာများနှင့် သင်တန်းသားများ တက်ရောက်ဆွေးနွေးကြသည်။

4th ASEAN Scouts Jamboree ကို နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ ထိုင်းနိုင်ငံချန်ဘူရီမြို့၌ကျင်းပရာ မြန်မာနိုင်ငံမှ ကင်းထောက်ခေါင်းဆောင်မှန်ပြည်နယ် ပညာညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ကိုကို၊ တောင်ကြီးမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်မြခက်နှင့် စစ်တွေ၊ မော်လမြိုင်၊ ပဲခူး၊ မကွေး၊ ထားဝယ်၊ လမ်းမတော်၊ ပြင်ဦးလွင်၊ လွိုင်ကော်၊ မန္တလေး၊ ဘားအံ၊ အလုံ၊ လားရှိုး၊ ဟားခါး၊ နေပြည်တော်၊ တောင်ကြီးနှင့် ပုသိမ်မြို့နယ်များမှ ကင်းထောက်လူငယ် ၂၀ တို့တက်ရောက်ကြသည်။

4th ASEAN Scouts Jamboree မှ ပြန်လည်ရောက်ရှိလာကြသော ကင်းထောက်လူငယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာလ ၅ ရက်တွင် အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက် Chief Commissioner ဒေါ်တင်လှကြည်က အမှာစကားပြောကြားပြီး ကင်းထောက်လူငယ်များက မိမိတို့၏အာဆီယံအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကင်းထောက်စခန်းချသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၂၈ ရက်တွင် လမ်းမတော်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လှုပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကင်းထောက်ကြီးဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဂျပန်နိုင်ငံအို ဆာကာအမျိုးသမီးကင်းထောက်အဖွဲ့ဥက္ကဋ္ဌ Ms.Yoko Shinke က မိတ်ဆက်စကားပြောပြီး မြန်မာနိုင်ငံအမျိုးသမီးကင်းထောက် Chief Commissioner ဒေါ်တင်လှကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့က မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်များအတွက် စခန်းချတဲများပေးအပ်လှူဒါန်းသည်။ မြန်မာနိုင်ငံမှ အလှူရှင်များကလည်း မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်များအတွက် ငွေကျပ် ၆၂ သိန်း လှူဒါန်းသည်။ အဆိုပါစခန်းချသင်တန်းသို့ မြန်မာနိုင်ငံမှ အမျိုးသမီးကင်းထောက် ငယ် ၃၆ ဦးနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်သင်တန်းဆင်း ကြီးကြပ်ဆရာမနှစ်ဦး၊ ဂျပန်နိုင်ငံမှ အမျိုးသမီးကင်းထောက်ငယ် ကိုးဦးနှင့်ကြီးကြပ်ဆရာမ လေးဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။

ကမ္ဘာ့အထင်ကရမှတ်တမ်းဝင်စာရင်း၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ကျောက်စာများ။ ။ ယူနက်စကိုကမ္ဘာ့အထင်ကရ မှတ်တမ်းအဖွဲ့အစည်းကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များသည် လူသားအားလုံးနှင့် သက်ဆိုင်သောကြောင့် အမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရန်၊ ကာကွယ်စောင့်ရှောက်ရန် ဒေသအလိုက်၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာဆိုင်ရာအဆင့်များတွင် မှတ်တမ်းအမွေအနှစ်များကို သိမြင်အလေးထားမှုမြှင့်တင်ရန်၊ အပြန်အလှန်နားလည်အလေးထားရန်နှင့် ယင်းလုပ်ငန်းများလုပ်ကိုင်ရေးအတွက် နိုင်ငံတကာကပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီအထောက်အပံ့ပေးရေးတို့ကို ဆောင်ရွက်ရန်အတွက်ဖြစ်သည်။

ယူနက်စကိုကမ္ဘာ့အထင်ကရမှတ်တမ်းအဖွဲ့အစည်း စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၂ ခုနှစ်မှ ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှ မှတ်တမ်းအမွေအနှစ် ၂၉၉ ခုကိုကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း ယင်းတို့၏ မှတ်တမ်းအမွေအနှစ်များကို ယူနက်စကိုကမ္ဘာ့အထင်ကရ မှတ်တမ်းအမွေအနှစ်အဖြစ် တင်သွင်းဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၂၀၁၁ ခုနှစ်၊ မတ်လ ၁ ရက်မှ မတ်လ ၁၄ ရက်အထိ ကျင်းပ

ခဲ့သော ဒုတိယအကြိမ် ယူနက်စကိုကမ္ဘာ့အထင်ကရမှတ်တမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုမှတ်တမ်းဆိုင်ရာ အမွေအနှစ် ခြောက်ခုကို အဆိုပြုစာရင်းအဖြစ် အောက်ပါအတိုင်း တင်ပြခဲ့သည် -

(က) မဟာလောကမာရဇိန်ကုသိုလ်တော် ကျောက်စာများ (Maha Lawkamarazein Kuthodaw Inscription Shrines)
(၂၀၁၃ ခုနှစ် ယူနက်စကို ကမ္ဘာ့အမွေအနှစ် စာရင်းတွင်ထည့်သွင်းပြီး)

(ခ) မြစေတီကျောက်စာ(လေးဘာသာ) (Myazedi Quadrilingual Stone Inscription)

(ဂ) ဟန်လင်းပျူကျောက်စာ (Halin Pyu Stone Inscription)

(ဃ) ပြည်ရွှေဆံတော်ဘုရားကျောက်စာ (Pyay Shwesandaw Pagoda Stone Inscription)

(င) သထုံမွန်ကျောက်စာ (Thaton Mon Stone Inscription)

(စ) ဓမ္မစေတီမင်း၏ မွန်ကျောက်စာများ (King Dhammaceti's Mon Stone Inscriptions)

ယင်းအဆိုပြုစာရင်း ခြောက်ခုအနက် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ကျောက်စာများကို ကမ္ဘာ့အထင်ကရစာရင်းတွင် ပါဝင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် တင်သွင်းခဲ့သည်။

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် လူသိများထင်ရှားသည့် ကုသိုလ်တော်ဘုရားကျောက်စာတွင် ကျောက်စာချပ်ပေါင်း ၇၂၉ ချပ်ရှိပြီး ဗုဒ္ဓပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ထားခြင်းဖြစ်သည်။ ယင်းကျောက်စာများကို ပဉ္စသင်္ဂီယနာတင်မင်းတုန်းမင်းကြီးက စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဖြစ်မြောက်လာရေးအတွက် ဦးစီးလှုံ့ဆော်ခဲ့သူကုသိုလ်ရှင်မှာ မန္တလေးမြို့တည် နန်းတည်မင်းတုန်းမင်းတရားကြီးပင်ဖြစ်သည်။

မင်းတုန်းမင်းသည် မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် နန်းတက်ခဲ့သည်။ ဘုရင်ဖြစ်ပြီး ရှစ်နှစ်အကြာတွင် ဗုဒ္ဓဘာသာကို အဓွန့်ရှည်ကြာပြီး ရောင်ဝါထွန်းလင်းတောက်ပစေလိုသည့် ဆန္ဒဖြင့် ရှေးမည်သည့်မင်းမှ မလှူဘူးသည့် အလှူမျိုးလှူမည်ဟု စိတ်ပိုင်းဖြတ်ကာ ထိုအလှူကို ဦးစီးလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓ၏ပိဋကတ်တော်များကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟူ သတ်မှတ်ထားခြင်းနှင့်ပတ်သက်၍ ဖော်ပြရမည်ဆိုလျှင် ထိုစာအုပ်ကြီးထဲမှ စာရွက်တစ်ရွက်မှာ အနံ သုံးပေခွဲ၊ အလျား ငါးပေရှိပြီး စာရွက်တစ်ရွက်ထုသည် ငါးလက်မ၊ ခြောက်လက်မရှိသည်။ ထို့ကြောင့် စာမျက်နှာ ၁၄၆၀ ရှိသည့် ယင်းစာအုပ်ကြီး၏ စာရွက် ၇၃၀ ကို ထပ်မထားနိုင်ချေ။ ထပ်ထားလျှင် အထပ်ပေါင်း ၂၀ ရှိသည့် မိုးမျှော်တိုက်တစ်လုံးလောက်မြင့်နေမည်ဖြစ်ကာ မြေကော ၁၃ ဧကကျယ်ဝန်းသည့် လေးထောင့်စပ်စပ်မြေကွက်ကြီးထဲ၌ တစ်ရွက်စီစိုက်ထူထားရမည်လည်းဖြစ်သည်။ ဗုဒ္ဓ၏ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ရာတွင် ဝိနည်းငါးကျမ်း ပါဠိတော်အတွက် ကျောက်ချပ်ရေ ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်းပါဠိတော်အတွက် ကျောက်ချပ်ရေ ၂၀၈ ချပ်၊ နိကာယ် ငါးကျမ်း၊ သုတ် သုံးကျမ်း၊ ပါဠိတော်အတွက် ကျောက်ချပ်ရေ ၄၁၀ ချပ် စုစုပေါင်း ကျောက်ချပ်ရေ ၇၂၉ ချပ် ရေးထိုးထားရှိသည်။ ထိုကျောက်စာချပ်များကို လောကမာရဇိန်ကုသိုလ်တော်ဘုရားကြီး၏ ပထမ မဟာရံတံတိုင်းအတွင်းတွင် ၄၂ ချပ်၊ ဒုတိယ မဟာရံတံတိုင်းအတွင်းတွင် ၁၆၈ ချပ်နှင့် တတိယမဟာရံတံတိုင်းအတွင်းတွင် ၅၁၉ ချပ် မြေဝင်တစ်တောင်ဖြင့် အခိုင်အမာ အသီးသီးစိုက်ထူထားသည်။ ထိုကျောက်စာတစ်ချပ်ချင်းကိုလည်း သီဟိုဠ်စွယ်တော်ကြုတ်ပုံ အုတ်ပြာသာဒ်တစ်ခုချင်းအတွင်းတွင် မိုးလေဝသဒဏ်မှ ကင်းဝေး၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် စိုက်ထူထားစေသည်။

ကုသိုလ်တော်ဘုရားတွင်စိုက်ထူမည့် ပိဋကတ်တော်ကျောက်ထက်အက္ခရာတင်ခြင်းလုပ်ငန်းကို မန္တလေးနန်းတော်အနီးတွင် ၁၈၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၄ ရက်က ကျောက်ထက်အက္ခရာစတင်ခဲ့ပြီး၊ ၁၈၆၈ ခုနှစ်၊ မေလ ၄ ရက်တွင် ပြီးစီး



မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်သော မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ် တော်ဘုရားဝင်းအတွင်းရှိ အဆိုပါကျောက်စာများကို ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ် ရန် တောင်ကိုရီးယား နိုင်ငံ၊ ဂွမ်ဂျူးမြို့တွင် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Irina Bokova က သဘောတူအတည်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ် ယူနက်စကို ကမ္ဘာ့အထင်ကရမှတ်တမ်းစာရင်းတွင် ထည့်သွင်း အတည်ပြုခဲ့သည်။ ယင်းကျောက်စာများသည် ပုဒ္ဓ ဘာသာဝင်များအကြား လူသိများထင်ရှားသည့် ကျောက်စာများပင်ဖြစ်သည်။ အဆိုပါ အစည်းအဝေးမှ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ကျောက်စာများအပါအဝင် ကမ္ဘာတစ်ဝန်းမှ လျှောက်ထားခဲ့သည့် အထင်ကရမှတ်တမ်းအမွေအနှစ် စုစုပေါင်း ၈၄ ခု အနက် ၅၄ ခုကို ကမ္ဘာ့အထင်ကရ မှတ်တမ်းအမွေ အနှစ်အဖြစ် ရွေးချယ်သတ်မှတ်ရာတွင် မြန်မာနိုင်ငံမှ ပါဝင်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အနေဖြင့် အဆိုပြုစာရင်းအဖြစ် တင်သွင်းခဲ့သော ကျန်ရှိနေသည့် အထင်ကရမှတ်တမ်း အမွေအနှစ် ငါးခု အပြင် အခြားမှတ်တမ်းဝင်နိုင်မည့် အမွေအနှစ်များ ကိုလည်း ယူနက်စကိုကမ္ဘာ့အထင်ကရ မှတ်တမ်းအဖွဲ့ အစည်းသို့ ဆက်လက်တင်သွင်းသွားမည်ဖြစ်သည်။

ခဲ့သဖြင့် စာအုပ်ကြီး ပြီးစီးရန် ၇ နှစ် ၆ လနှင့် ၁၄ ရက်ကြာ ထုလုပ်ရသည်။ စာအုပ်ကြီး၏သက်တမ်းမှာ ယနေ့ဆိုလျှင် ၁၄၅ နှစ်ပင် ရှိခဲ့ပြီ။ ကျောက်စာချပ် တစ်ချပ်စီ၏ တစ်ဖက်တစ်ချက်တွင် ပါဠိဘာသာဖြင့် ရေးထိုးထားသော စာကြောင်းရေ ၈၀ မှ ၁၀၀ အထိ ရှိသည်။ ကျောက်ထက်အက္ခရာတင်ထားသော စာလုံးများကို ရွှေမင်ဖြင့် ထပ်မံရေးထိုးထားခဲ့သည်။ ယင်းနောက်ပိုင်း သီပေါမင်းက ရွှေရေးတစ်ကြိမ်၊ ၁၂၅၄ ခုနှစ် တွင် အနွယ်တော်များနှင့် ပြည်သူများက မင်ရေး တစ်ကြိမ်၊ ၁၂၆၆ ခုနှစ်တွင် သူဌေးဆာဦးဘိုးသာနှင့်ပြည်သူများက မင်ရေးတစ်ကြိမ်၊ ၁၂၇၅ ခုနှစ်တွင် ပြည်သူ့ငွေနှင့်တစ်ကြိမ်၊ ၁၂၈၂ ခုနှစ်တွင် ဘုံအလှူ တစ်ကြိမ်၊ ၁၃၁၁-၁၃၁၅ ခုနှစ်အတွင်း ဘုံအလှူ တစ်ကြိမ်၊ ၁၃၃၀ ပြည့်နှစ်မှစ၍ ယခုအချိန်အထိ မင်ထပ်ဆေးတစ်ကြိမ်နှင့်အကြိမ်ပေါင်း ခုနစ်ကြိမ်မင် ထပ်ပြီး ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးက ပိဋကတ်တော် သုံးပုံကို ကျောက်ထက်အက္ခရာတင်ပြီး အနှစ် ၃၀ ကြာသောအခါတွင်မှ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ပိုင်ရှင် မစွတာ ဖီးလစ်အိပ်ခ်ျရစ်ပလေ၏ ကြိုးပမ်းမှုဖြင့် ပိဋကတ်သုံးပုံ ပါဠိတော်များကို ရွှိုင်ရယ်ရှစ်ချီးပုံစံဖြင့် စာမျက်နှာ ၄၀၀ ခန့်ရှိသော စာအုပ်ကြီး ၃၈ အုပ်အဖြစ် ပေါ်ထွက်လာသည်။

ယခုအခါတွင် ယူနက်စကိုအဖွဲ့က မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအတွင်းမှ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု တင်စားခေါ်ဝေါ်နိုင်သော ပဋ္ဌကတ်ကျောက်စာများကို ကမ္ဘာ့အထင်ကရမှတ်တမ်းစာရင်းဝင်အဖြစ် သတ်မှတ်ဂုဏ်ပြုပေးခဲ့ပြီးဖြစ်သည်။ ထိုပဋ္ဌကတ်ကျောက်စာချပ်များမှာ ကျောက်သားကို ထွင်းထုထားသောအထောက်အထားပစ္စည်းများဖြစ်သဖြင့် ထိခိုက်ပွန်းပဲ့လွယ်သော၊ ကွဲကြေပျက်စီးနိုင်သော ဝတ္ထုပစ္စည်းများဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးစာများ မပျက်စီးစေဘဲ အကောင်းပကတိတည်ရှိနေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရေးမှာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ပင်ဖြစ်သည်။ သို့မှသာ ကမ္ဘာ့အထင်ကရမှတ်တမ်းတွင် မြန်မာ့အမွေအနှစ်တစ်ခုဖြစ်သော လောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ ပဋ္ဌကတ်တော်ကျောက်ထက်အက္ခရာတင်များမှာ ထာဝစဉ်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပေသည်။

ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ လူသားခြေချခြင်းနှစ် (၆၀) ပြည့်။ ။ ကမ္ဘာလောကကြီးတွင် သက်တမ်းနုနယ်လှသော လူသားတို့သည် ၎င်းတို့၏အသိဉာဏ်ကြီးမားမှုနှင့် တီထွင်စွန့်စားတတ်မှုတို့ကြောင့် သတ္တလောကကြီးအပေါ် လွှမ်းမိုးနိုင်ခဲ့သည်။ အခို့အခြင်းအရာများမှအပ လူတို့ မလုပ်ဆောင်နိုင်သောအရာမရှိဟု ဆိုရလောက်အောင် စွမ်းဆောင်မှုအမျိုးမျိုးကို ပြသခဲ့သည်။ လူတို့မည်သည့်နည်းနှင့်မျှတက်နိုင်မည်မဟုတ်ဟု ယူဆခဲ့ကြသော အမြင့်ပေ ၂၉၀၂၈ (၈၈၅၀မီတာ) ရှိသော ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ဧဝရက် (Mount Everest)သို့ တော၊ တောင်၊ ရေ၊ မြေ၊ ရာသီဥတုဟူသော ခက်ခဲကြမ်းတမ်းလှသည့် သဘာဝတရားကို အနှံတုပြီး လူသားနှစ်ဦးက အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။ ယင်းတို့ နှစ်ဦးမှာ ပြိတိသျှတောင်တက်အဖွဲ့ဝင် နယူးဇီလန်နိုင်ငံသား အက်ဒမန်ဟီလာရီ (Edmund Hillary) နှင့် နီပေါနိုင်ငံသား တန်ဇင်းနော်ဂေး (Tenzing Norgay) တို့ ဖြစ်သည်။ ၎င်းတို့တက်ရောက်နိုင်ခဲ့သော နေ့မှာ ၁၉၅၃ ခုနှစ်၊ မေလ ၂၉ ရက်ဖြစ်သည်။ ထို့ကြောင့် ဟီလာရီနှင့် တန်ဇင်းတို့ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်သို့အောင်မြင်စွာ တက်ရောက်ခဲ့မှုသည် ၂၀၁၃ ခုနှစ်တွင် နှစ်ပေါင်း ၆၀ ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။

ဧဝရက်တောင်ထိပ်သည် အိန္ဒိယနိုင်ငံမြောက်ဘက် ဟိမဝန္တာတောင်တန်းတွင်ရှိသော ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာက ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများပါဝင်သည့် အိန္ဒိယတိုက်ငယ်ကုန်းမြေသည် အာရှတိုက်ကြီး၏တောင်ဘက်သမုဒ္ဒရာတွင် သီးခြားတိုက်အနေဖြင့် တည်ရှိသည်။ ထိုအိန္ဒိယတိုက်ငယ်သည် မြောက်ဘက်သို့ တိုး၍ တိုး၍ ရွေ့လျားပြီး လွန်ခဲ့သော နှစ်သန်း ၆၀ ခန့်က အာရှကုန်းမြေကြီးနှင့် တိုက်မိရာမှ အိန္ဒိယတိုက်ငယ်နှင့် အာရှကုန်းမြေထိစပ်ရာနေရာတွင် တွန့်ခေါက်တောင်တန်းကြီးများ ပေါ်ထွက်လာခဲ့သည်။ ယင်းတောင်တန်းကြီးမှာ ဟိမဝန္တာတောင်တန်းကြီးပင်ဖြစ်သည်။ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်များစွာကို ပိုင်ဆိုင်ထားသော တောင်တန်းကြီးဖြစ်ပြီး တောင်ထိပ်များတွင် ဆီးနှင်းများ တစ်ဆယ့်နှစ်ရာသီအေးခဲလျက်ရှိသဖြင့် (ဟိမ/ဟေမဆီးနှင်း+ဝန္တဆောင်သည်) ဟူသောဒနက်အတိုင်း ဟိမဝန္တာဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ဧဝရက်တောင်သည် လက်ရှိတွင် နီပေါနိုင်ငံအတွင်း၌ ကျရောက်နေပြီး နီပေါနိုင်ငံသားအားလုံးနှင့် တိဗက်လူမျိုးအားလုံးက တန်ခိုးကြီးသော တောင်ထိပ်ကြီးဟု ယုံကြည်လက်ခံခဲ့ကြသည်။ တိဗက်တို့က စကြဝဠာမိခင် (Chomolungma) ဟုခေါ်၍ နီပေါတို့က ကောင်းကင်မိခင် (Sagarmatha) ဟု ခေါ်သော ယင်းတောင်ထိပ်ကို ၁၈၄၁ ခုနှစ်တွင် အိန္ဒိယမြေတိုင်းအရာရှိချုပ် ဆာဂျော့အဲဗရက် (Sir George Everest) က ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်အဖြစ် တိုင်းတာသတ်မှတ်ကြေညာခဲ့သဖြင့် ထိုပုဂ္ဂိုလ်ကို ဂုဏ်ပြုသောအားဖြင့် အဲဗရက်တောင်ထိပ် (သို့မဟုတ်) ဧဝရက်တောင်ထိပ်ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

၁၈ ရာစုမှစ၍ ဥရောပတွင် ခေတ်စားလာသော တောင်တက်အားကစားကို လိုက်စားသူများသည်

ဧဝရက်တောင်ထိပ်သို့တက်ရောက်နိုင်ရန် အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ကြသည်။ ၁၉၂၂ ခုနှစ်တွင် ဗြိတိသျှဗိုလ်မှူးချုပ် ချားလ်ဗရုစ် (Charles Bruce) ဦးဆောင်သောအဖွဲ့က ရှေ့ပြေးခရီးအဖြစ် စတင်လေ့လာခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် မေလာရီ (Mallory)၊ အိုင်ဗင်း (Irvine)၊ နော်တင် (Norton)၊ ဆိုမာဗဲလ် (Somervell)၊ ဂျော်ဖရီဘရုစ် (Geoffrey Bruce) တို့အဖွဲ့တက်ရောက်ကြရာ နော်တင်နှင့် ဆိုမာဗဲလ်တို့က ပေ ၂၈၁၀ အမြင့်အထိ တက်ရောက်နိုင်ခဲ့ကြသည်။ အဆိုပါအဖွဲ့မှ မေလာရီနှင့် အိုင်ဗင်းတို့သည် သည်။ လမ်းပြများထဲမှ တန်ဇင်းနော်ဂေးမှာ အသက် ၂၁ နှစ်အရွယ် ၁၉၃၅ ခုနှစ်မှစ၍ ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန်ကြိုးစားခဲ့သည်။ တောင်တက်အဖွဲ့ဝင် ဟီလာရီသည်လည်း ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်တို့တွင် ဧဝရက်တောင်တက်အဖွဲ့များနှင့် လိုက်ပါခဲ့ဖူးသူဖြစ်၍ အတွေ့အကြုံရှိပြီးသူဖြစ်သည်။

တောင်တက်အဖွဲ့သည် ၁၉၅၃ ခုနှစ် မေလဆန်းမှစ၍ ခတ္တမန်ဒူမြို့သို့ရောက်ရှိကာ တောင်တက်ခရီးအတွက် အစစအရာရာပြင်ဆင်ပြီး ခရီးစတင်ခဲ့ကြသည်။ ဧပြီလ ၁၅ ရက်တွင် အခြေခံစခန်း (၂)



ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်

တောင်ထိပ်သို့ဆက်လက်တက်ကြရင်း ၂၈၂၃၉ ပေသို့အရောက်တွင် ဆိုးရွားလှသော ရာသီဥတုကြောင့် တောင်ပေါ်တွင်ပင် ပျောက်ဆုံးသွားခဲ့သည်။

ထို့နောက် ၁၉၃၃၊ ၁၉၃၅၊ ၁၉၃၆၊ ၁၉၃၈၊ ၁၉၅၁၊ ၁၉၅၂ ခုနှစ်တို့တွင် နိုင်ငံအသီးသီးမှ တောင်တက်အဖွဲ့ဝင်များက တောင်ထိပ်သို့တက်ရန် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြပေ။

၁၉၅၃ ခုနှစ်တွင် ဗြိတိသျှတောင်တက်အဖွဲ့က ဧဝရက်တောင်ထိပ်သို့ မကျေပွဲဆင်နွှဲရန်ရောက်လာခဲ့သည်။ အဖွဲ့ခေါင်းဆောင်မှာ ဗိုလ်မှူးကြီးဂျွန်ဟန့် (John Hunt) ဖြစ်ပြီး အဖွဲ့ဝင် ၁၂ ဦးနှင့် လမ်းပြများ ပါဝင်ပေ ၁၉၄၀၀ မှ စတင်ထွက်ခွာရာ မေလ ၂၈ ရက်တွင် အခြေခံစခန်း (၉) ပေ ၂၇၉၀၀ သို့ရောက်ရှိကြသည်။ လမ်းခရီးတွင် မြောက်မြားစွာသော ရေခဲစီးကြောင်းကြီးများ၊ ရေခဲမြစ်များ၊ ချောက်ကမ်းပါးများ၊ ရေခဲနံရံများ၊ ရေခဲပြိုကျမှုများ စသည့်သဘာဝအတားအဆီးမျိုးစုံနှင့် နှင်းမုန်တိုင်းအပါအဝင် ဆိုးရွားလှသော ရာသီဥတုတို့ကို ကြုံကြိုခံရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရသည်။

ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့သည် အခက်အခဲအမျိုးမျိုးကို မယုံကြည်နိုင်လောက်သော စိတ်အားကြံခိုင်မှုကို အရင်းပြုလျက် တက်ရောက်ကြရာ မေလ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်

ကမ္ဘာကြီးတစ်ခုလုံးကို သဘာဝအတိုင်းအပေါ်မှ စီးမြင်နိုင်သော ဧဝရက်တောင်ထိပ်ကြီးပေါ်သို့ ရောက်ရှိကြသည်။ ၎င်းတို့နှစ်ဦးသည် နှစ်ဦးတွဲ တောင်တက်ကြိုးသွယ်နည်း (Alpine System) ဖြင့် တက်ရောက်ခဲ့ကြခြင်းဖြစ်ရာ ၎င်းတို့နှစ်ယောက်လုံး အတူတူ တက်ရောက်ခြေချနိုင်ခဲ့ကြောင်း ပြောကြားခဲ့ကြသည်။ တောင်ထိပ်ရောက်ရှိမှုနှင့်ပတ်သက်၍ တန်ဇင်းနော်ဂေးက ၎င်း၏ခံစားချက်ကို ပြောပြရာတွင် "မင်္ဂလာရှိလှသော အချိန်အခါမျိုးတွင် မိမိခံစားမိလိုက်သည်မှာ ဘဝတစ်လျှောက်လုံး အတောင့်တဆုံးဖြစ်ခဲ့ရသည့် ဧဝရက်တောင်ထိပ်သည် နှင်းမှုန်၊ ရေခဲ၊ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ဆောင်များသာ ရှိပြီးနွေးထွေးဖော်ရွေပြီး ခင်မင်စရာကောင်းသောသက်ရှိ မိတ်ဆွေကောင်းတစ်ဦးအဖြစ် ရှုမြင်နေမိပါကြောင်း" ပြောကြားခဲ့သည်။

ဧဝရက်တောင်ထိပ်သို့ လူသား နှစ်ဦးအောင်မြင်စွာတက်ရောက်နိုင်ခဲ့သောသတင်းမှာ ထိုစဉ်ကထိပ်တန်းသတင်းအဖြစ် ပျံ့လွင့်သွားပြီး တစ်ကမ္ဘာလုံးက သောင်းသောင်းဖြဖြ ဂုဏ်ပြုအားပေးခဲ့ကြသည်။ ထိုစဉ်က ပြိတိသျှဘုရင်မ ဒုတိယမြောက် အယ်လီဇဘက် (ယခုလက်ရှိဘုရင်မကြီး)က ဘိသိက်ခံပွဲကျင်းပမည့်အချိန်နှင့် တိုက်ဆိုင်နေခဲ့ရာ ဘုရင်မကြီးက ဟီလာရီအား "ဆာ" (Sir) ဘွဲ့ဖြင့် သူကောင်းပြုခဲ့သည်။ ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့အောင်မြင်ပြီးနောက် ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ် ၁၄ လုံးအနက် ရှစ်လုံးကို ပိုင်ဆိုင်ထားသော နီပေါနိုင်ငံသို့ ဧဝရက်အပါအဝင် အခြားရေခဲတောင်များကို တက်ရောက်ရန် တောင်တက်အဖွဲ့ဝင်များ အဆက်မပြတ်ရောက်ရှိလာကြသည်။ တောင်တက်ခရီးသွားလုပ်ငန်းသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော နီပေါအတွက် နိုင်ငံခြားဝင်ငွေ အများဆုံးရသောလုပ်ငန်းဖြစ်လာပြီး နိုင်ငံသားများစွာကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့ ဧဝရက်တောင်ထိပ်ရောက်ရှိခြင်း နှစ် (၆၀) ပြည့် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ယင်းတို့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းများက ကချင်ပြည်နယ် ဖုန်ရင်ရေခဲတောင်၊ ဖန်ဂရန် ရေခဲတောင်၊ ချင်းပြည်နယ် ဝိတိုရိယတောင်၊ မိုးကုတ်တောင်မည်းတောင်၊ ရှမ်းပြည်နယ်ခရီးကြမ်းစသည်တို့ကို တက်ရောက်ခဲ့ကြသည်။ အမေရိကန်-မြန်မာချစ်ကြည်ရေး တောင်တက်အဖွဲ့က မြန်မာ့ဒုတိယအမြင့်ဆုံး ဂန်လန်ရာဇီတောင်ကို တက်ရောက်ခဲ့ကြသည်။

ဟီလာရီ (၈၈) နှစ်သည် ၂၀၀၈ ခုတွင်လည်းကောင်း၊ တန်ဇင်း (၇၂) နှစ် သည် ၁၉၈၆ ခုတွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီးဖြစ်သည်။ ယင်းတို့နှစ်ဦး၏ ဧဝရက်တောင်ထိပ်ရောက်ခြင်း နှစ် (၆၀) မြောက်အထိမ်းအမှတ်အဖြစ် နီပေါအစိုးရက နိုင်ငံအတွင်းမှ အမည်မရှိသေးသော၊ ၇၆၈၁ မီတာမြင့်သော တောင်ထိပ်ကို Mount Hillary ဟီလာရီတောင်ထိပ်ဟုလည်းကောင်း၊ ၇၉၁၆ မီတာ မြင့်သော တောင်ထိပ်ကို Mount Tanzin တန်ဇင်းတောင်ထိပ်ဟုလည်းကောင်း အမည်မှည့်ပြီး ၂၀၁၃ ခုနှစ် တောင်တက်ရာသီမှစ၍ ကမ္ဘာ့တောင်ထိပ်အဖွဲ့များကို တက်ခွင့်ပေးမည်ဟု ကြေညာခဲ့သည်။

ကွယ်လွန်ထင်ရှားသောပုဂ္ဂိုလ်များ(နိုင်ငံတကာ)။ ။နိုင်ငံတကာတွင် စာပေယဉ်ကျေးမှု၊ အနုပညာ၊ အာကာစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့်နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ၂၀၁၃ ခုနှစ်အတွင်း၌ ကွယ်လွန်ခဲ့ကြသောပုဂ္ဂိုလ်များရှိပါသည်။ ၎င်းတို့အနက် အချို့ပုဂ္ဂိုလ်များအကြောင်းကို ဖော်ပြအပ်ပါသည်။

ချာပက်ဇ်၊ ဟူဂို။ ။ ဗင်နီဇွဲလားနိုင်ငံ သမ္မတ ဟူဂို ချာပက်ဇ်ကို ဗင်နီဇွဲလားနိုင်ငံ၊ ဆာဘန်နီတာမြို့၌ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် မွေးဖွားသည်။ မိဘများမှာ ကျောင်းဆရာများဖြစ်ကြသည်။ ချာပက်ဇ်သည် ဗင်နီဇွဲလားစစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး

ချာဗက်ဇ်၊ ဟူဂို

ဟူဂိုချာဗက်ဇ်

၁၉၇၅ ခုနှစ်တွင် ဘွဲ့ရသည်။ ၁၉၉၂ ခုနှစ်တွင် ဖြစ်ပွားသော အာဏာဖြုတ်ချမှုမတိုင်မီအထိ လေထီးတပ်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ချာဗက်ဇ်သည် အခြားသော ဆန္ဒတူညီသည့် စစ်သားများနှင့်အတူပူးပေါင်း၍ ကားလို့စ်အန်ဒရီးစ် ပီရက်စ်အစိုးရကို ဖြုတ်ချရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် မအောင်မြင်ခဲ့ဘဲ ထောင်ဒဏ်နှစ်နှစ်ကျခံရသည်။ ထို့နောက် ၁၉၉၈ ခုနှစ်တွင် တော်လှန်ရေးပါတီဖြစ်သည့် Movement of the Fifth Republic ကို စတင်တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌ တာဝန်ယူကာ အစိုးရ၏ အကျင့်ပျက်ခြစားမှုများကို ဆန့်ကျင်သည့်လှုပ်ရှားမှုများပြုခဲ့သည်။

၁၉၉၉ ခုနှစ်တွင် သမ္မတဖြစ်လာပြီး ဥပဒေပြုလွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာနှင့် တရားစီရင်ရေးစနစ်ကို ပြင်ဆင်ခြင်းအပါအဝင် နိုင်ငံ၏ ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲခဲ့သည်။ ၎င်းဖွဲ့စည်းပုံ အသစ်တွင် နိုင်ငံ၏အမည်ကိုပါ ပြောင်းလဲခဲ့ရာ Bolivarian Republic of Venezuela ဟူ၍ဖြစ်သည်။ ချာဗက်ဇ်သည် သမ္မတတစ်ဦးအနေဖြင့် ပြည်တွင်းပြည်ပ ပြဿနာများနှင့် ရင်ဆိုင်ရသည်။ ၎င်းသည် နိုင်ငံပိုင်ရေနံ ကုမ္ပဏီကို စတင်ချုပ်ကိုင်ခဲ့ရာတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားနိုင်ငံများနှင့်ဆက်ဆံရေးတင်းမာ ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဆန္ဒပြမှု၊ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ရာ ရာထူးမှခေတ္တဖြုတ်ချခံခဲ့ရသည်။

၎င်းအာဏာပြန်လည် ရရှိပြီးနောက်ပိုင်းအထိ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သောကြောင့် ၂၀၀၄ ခုနှစ်၊ ဩဂုတ်လတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပခဲ့သည်။ ၎င်းဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင် အများစုက ချာဗက်ဇ်ကို ၎င်း၏သမ္မတသက်တမ်း ပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်နိုင်ရန် မဲပေးခဲ့ ကြသည်။ စိတ်လိုက်မာန်ပါ ပြောတတ်ခြင်းနှင့် တရားသေစွဲကိုင်ခြင်းတို့ကြောင့် သမ္မတသက်တမ်းအတွင်း ၎င်း၏ အယူအဆများ (သို့မဟုတ်) ဝေဖန်မှုများကို ချုပ်တည်းမှုမရှိခဲ့ပေ။ ၂၀၀၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ၎င်း၏အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းမှု သည်လည်း အမေရိကန်ပြည်ထောင်စုနှင့် ဆက်နွယ်နေသည်ဟု ချာဗက်ဇ်က ယုံကြည်ခဲ့သည်။ အီရတ်နိုင်ငံကို တိုက်ခိုက်ခဲ့ခြင်းကိုလည်း ကန့်ကွက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုသည် ၎င်း၏အာဏာကို စစ်အင်အားဖြင့် အသုံးပြု၍ အလွဲသုံးစားလုပ်ခဲ့ခြင်းဖြစ်သည်ဟု ချာဗက်ဇ်က ယုံကြည်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ရန်သူကျူးဘားနိုင်ငံကို ရေနံရောင်းချခဲ့သည်။ အိမ်နီးချင်းနိုင်ငံများမှ ပြောက်ကျားတပ်ဖွဲ့များကိုလည်း ကူညီခဲ့သည်။ ၎င်းကိုဖယ်ရှားရန် နောက်ထပ်ကြိုးပမ်းမှု ပြုခဲ့လျှင် အမေရိကန်ပြည်ထောင်စုအား ရေနံထောက်ပံ့မှုကို ရပ်တန့်မည်ဟုခြိမ်းခြောက်ခဲ့သည်။ ၎င်း၏ရေနံရင်းမြစ်များကို တရုတ်နိုင်ငံနှင့် အင်ဂိုလာနိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် ချိတ်ဆက်မှုပြုခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဆိုရှယ်လစ်လွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့ဖြစ်သည့် Bolivarian Alternative for the Americas အဖွဲ့ကို ကျူးဘားသမ္မတဖီဒယ်လ်ကက်စထရိုနှင့် ဘိုလီးဗီးယားသမ္မတအီဗိုမိုရာလေစ်တို့နှင့် ဆက်သွယ်ဖွဲ့စည်းခဲ့သည်။ ချာဗတ်ဇ်သည် ကျူးဘား၊ အီရန်နှင့် အာဖရိကနိုင်ငံများ အပါအဝင် အသင်းဝင် နိုင်ငံပေါင်း ၁၀၀ ကျော်ရှိသောဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-Aligned Movement) တွင်လည်း တက်ကြွသော အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ ဂွန်လတွင် ကင်ဆာရောဂါ စတင်ခံစားခဲ့ရပြီး တတိယအကြိမ်ခွဲစိတ်မခံရမီ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒုတိယသမ္မတနှစ်ကိုးလက်စ်မာဒူရိုကို ၎င်း၏ဆက်ခံသူအဖြစ်ခန့်အပ်ခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံ

သမ္မတသက်တမ်းအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် ၎င်း၏အယူအဆများကြောင့် လူသိများခဲ့သူ သမ္မတ ဟူဂိုချာဗက်ဇ်သည် အသက် ၅၈ နှစ်အရွယ် ၂၀၁၃ ခုနှစ်၊ မတ်လ ၅ ရက်တွင် ကွယ်လွန်သည်။

ဂီယက်၊ ဗွိုင်ဒုယင်။ ။ ပြင်သစ်၊ အမေရိကန်တို့နှင့် ဆင်နွှဲခဲ့သော ဗီယက်နမ်စစ်ပွဲများတွင် အောင်ပွဲခံနိုင်ခဲ့သော ဗီယက်နမ်နိုင်ငံဗိုလ်ချုပ်ကြီးဟောင်း ဗွိုင်ဒုယင်ဂီယက်ကို ဗီယက်နမ်အလယ်ပိုင်းကွမ်ဘင်းပြည်နယ်တွင် တောင်သူမိသားစုမှ မွေးဖွားခဲ့ပြီး အသက် ၁၄ နှစ် အရွယ်ကပင် လျှို့ဝှက်ခုခံလှုပ်ရှားရေးအဖွဲ့တစ်ဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဟိုချီမင်းဦးဆောင်သည့် အင်ဒိုချိုင်းနားကွန်မြူနစ်ပါတီ၏ ပါတီဝင်တစ်ဦးဖြစ်ခဲ့ပြီး ဂျပန်တပ်ဖွဲ့များ ဗီယက်နမ်နိုင်ငံထဲသို့ မကျူးကျော်မီ ဟိုချီမင်းနှင့်အတူ တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့သည်။ ဂီယက်သည် တရုတ်နိုင်ငံတွင် ရောက်ရှိနေစဉ်မှာပင် ဗီယက်နမ်တပ်ဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဂျပန်တို့သိမ်းပိုက်ထားသည့် ဗီယက်နမ်သို့ပြန်လာကာ ပြောက်ကျားစစ်ဆင်နွှဲခဲ့သည်။ ၁၉၅၄ ခုနှစ်က ဒိန်ဘင်ဖူးတွင် ပြင်သစ်တပ်ဖွဲ့များကို အပြတ်အသတ်အောင်ပွဲဆင်နိုင်မှုကြောင့် ယင်းဒေသတွင် ပြင်သစ်နိုင်ငံ၏ ကိုလိုနီအုပ်ချုပ်မှု အဆုံးသတ်သွားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင်အမေရိကန်တပ်ဖွဲ့များကို ထိုးစစ်ဆင်နွှဲနေသည့်ကာလတွင် ၎င်းသည် မြောက်ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဖြစ်ပြီး အမေရိကန်တပ်များ ပြန်လည်ရုပ်သိမ်းသွားအောင် စွမ်းဆောင်နိုင်မှုအတွက် နိုင်ငံတကာက ချီးကျူးခဲ့သည်။ ပြည်ပတွင် ရှိနေစဉ် ၎င်း၏ ပထမဇနီးမှာပြင်သစ်တွင် အဖမ်းခံရပြီး ထောင်ထဲတွင် သေဆုံးခဲ့သည်။ ဒုတိယအိမ်ထောင်နှင့် သမီး သုံးဦး၊ သားနှစ်ဦးရှိခဲ့သည်။ ၎င်းချမှတ်ခဲ့သည့် စစ်သေနင်္ဘာဗျူဟာအများအပြားကြောင့် ထင်ရှားကျော်ကြားသူ ဗိုလ်ချုပ်ကြီး ဗွိုင်ဒုယင်ဂီယက်သည် အသက် ၁၀၂ နှစ်အရွယ် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင်ကွယ်လွန်သည်။

ဗွိုင်ဒုယင်ဂီယက်

ဆန်ဂါ၊ ဖရက်ဒရစ်။ ။ နိုဘယ်လ်ဆုနှစ်ကြိမ်ရရှိခဲ့သည့်ဇီဝဓာတုပညာရှင် ဒေါက်တာဖရက်ဒရစ် ဆန်ဂါကို ဗြိတိန်နိုင်ငံ ဂလိုစတာရှိုင်းယားမြို့၌ ၁၉၁၈ ခုနှစ်တွင် မွေးဖွားသည်။

အစောပိုင်းတွင် ဖခင်ကဲ့သို့ ဆေးပညာရှင်တစ်ဦးဖြစ်ရန် ရည်မှန်းခဲ့သော်လည်း နောက်ပိုင်းတွင် ကိန်းဘရစ်ခ်ျတက္ကသိုလ်၌ ဇီဝဓာတုပညာရှင်အဖြစ် အသက်မွေးခဲ့သည်။

ဒေါက်တာဆန်ဂါသည် ပရိုတိန်းဖွဲ့စည်းပုံကို ဖော်ထုတ်ရန် နည်းလမ်းများရှာဖွေနိုင်ခဲ့သောကြောင့် ၁၉၅၈ ခုနှစ်တွင် ပထမအကြိမ် နိုဘယ်လ်ဆုချီးမြှင့်ခံရသည်။ ယင်းနောက်တွင် ဒီအန်အေလေ့လာရေးနယ်ပယ်သို့ရောက်ရှိသွားပြီး ဒီအန်အေ၏အခြေခံတည်ဆောက်ပုံကို ပုံဖော်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေနိုင်ခဲ့သည်။ ၎င်းလေ့လာပုံနည်းလမ်းကို ဆန်ဂါအစဉ်အတန်းဟုခေါ်ဆိုပြီး ယနေ့အချိန်ထိ အသုံးပြုနေကြဆဲဖြစ်သည်။ ယင်းတွေ့ရှိမှုကြောင့် ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်နိုဘယ်လ်ဆုရရှိသည်။ ဒေါက်တာဆန်ဂါကို ဗြိတိန်အစိုးရက အဆင့်မြင့်ဆုံး ဖြစ်သည့် ပြည်ကျိုးဆောင်ဆုကို ၁၉၈၆ ခုနှစ်တွင် ချီးမြှင့်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် မာဂရက်ကျိုယန်ဟောင်းနှင့် လက်ထပ်ခဲ့သည်။ ဒေါက်တာဆန်ဂါသည် အသက် ၆၅ နှစ်အရွယ်တွင် အလုပ်မှ အနားယူ

ဒေါက်တာဖရက်ဒရစ်ဆန်ဂါ

ခဲ့သည်။ ပြိတိန်သိပ္ပံလောက၏ သူရဲကောင်းဒေါက်တာ ဖရက်ဒရစ်ဆန်ဂါသည် အသက် ၉၅ နှစ်အရွယ် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ကွယ်လွန်သည်။

မင်ဒဲလား၊ နယ်လ်ဆင်။ ။ အသားအရောင်ခွဲခြားသည့်စနစ် (Apartheid) ကို အဆိုးရွားဆုံး ခံစားခဲ့ရသည့်တောင်အာဖရိကနိုင်ငံ၏ သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားကို ၁၉၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်တွင် တောင်အာဖရိကနိုင်ငံ အရှေ့တောင်ပိုင်းရှိ အမ်ဗီဇိုကျေးရွာ (Mvezo) ၌ ဂက်ဒလာဟင်နရီ အမ်ဖာကာညီဆွာနှင့်၎င်း၏ တတိယဇနီး နိုစ်ကီနီဖန်နီတို့က မွေးဖွားခဲ့သည်။ နာမည်အရင်းမှာ ရိုလီလာလာ မင်ဒဲလားဖြစ်ပြီး ငယ်စဉ်က ပညာထူးချွန်သောကြောင့် ၎င်း၏ဆရာမက အမည်ရှေ့တွင် အင်္ဂလိပ်အမည် နယ်လ်ဆင် (Nelson) ကို ထပ်ဖြည့်ပေးခဲ့သဖြင့် နယ်လ်ဆင် ရိုလီလာလာ မင်ဒဲလားဟု အမည်တွင်ခဲ့သည်။ တောင်အာဖရိကနိုင်ငံတွင် ၎င်းကို မျိုးနွယ်စုအမည် ဖြစ်သည့် မဒီဘာ (Madiba) ဟုလည်း ခေါ်ဝေါ်ကြပြီး နိုင်ငံ၏ ဖခင်အဖြစ် တင်စားခေါ်ဝေါ်ကြသည်။ လူဖြူလူမည်း ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရာ၌ ခေါင်းဆောင်ခဲ့ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူ၊ ယင်းစနစ်ကို အမြစ်မကျန်တော်လှန်ခဲ့သူ မင်ဒဲလား၊ နယ်လ်ဆင်သည် မက်သဒစ် ဘာသာဝင်ဖြစ်သည်။ Fort Hare တက္ကသိုလ်နှင့် ဝစ်ဝါတာစဒရန်းတက္ကသိုလ်တို့တွင် ဥပဒေပညာကို သင်ယူခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုတွင်ပါဝင်မှုကြောင့် Fort Hare တက္ကသိုလ်မှ ကျောင်းထုတ်ခံရသည်။ ၁၉၄၂ ခုနှစ်တွင် ဘီအေစာမေးပွဲအောင်မြင်သည်။ တောင်အာဖရိကနိုင်ငံတွင် ၂၀ ရာစုအတွင်း လူဖြူအုပ်စိုးမှုအောက်၌ လူမှုရေးခွဲခြားမှု ဥပဒေနှင့် နေရသောကြောင့် ထိုဘဝမှလွတ်မြောက်ရန် မင်ဒဲလားသည် ၁၉၄၄ ခုနှစ်တွင် အာဖရိကန်အမျိုးသားကွန်ဂရက် (African National Congress-ANC) သို့ဝင်ရောက်ခဲ့ပြီးနောက် ယင်းကွန်ဂရက်၏ လူငယ်အဖွဲ့တွင် အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၆၁ ခုနှစ်တွင် လူဖြူ ဆန့်ကျင်ရေးအတွက် ANC ၏ လက်နက်ကိုင်တပ်ဖွဲ့ Umkhonto We Sizwe-MK ကို တောင်အာဖရိကကွန်မြူနစ်ပါတီနှင့်ပူးပေါင်း၍ တည်ထောင်ခဲ့သည်။ "ပြည်သူများက တိုင်းပြည်ကို အုပ်စိုးသင့်သည်။ နိုင်ငံသားအားလုံးတူညီသော အခွင့်အရေးများရသင့်သည်။ တိုင်းပြည်၏ကြွယ်ဝမှုကို ပြည်သူများမျှဝေခံစားသင့်သည်။ မြေယာကို မြေယာလုပ်ငန်းလုပ်သူများသာ မျှတယူသင့်သည်" ဟူသော တော်လှန်ရေးစာတမ်းကို ANC မှ ထုတ်ပြန်ခဲ့သည်။ မင်ဒဲလားသည် ရှေ့နေတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုရင်း ANC ၏ ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်း လူဖြူအစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့သည်။ ၎င်းကို လူဖြူအစိုးရက ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ဖမ်းဆီးခဲ့ပြီး နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ခဲ့သည်။ ၁၉၆၁ ခုနှစ်၌ နိုင်ငံတော်သစ္စာဖောက်မှုတွင် အပြစ်မရှိသောကြောင့် တရားသေလွတ်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ထပ်မံဖမ်းဆီးခံရပြီး နိုင်ငံတော်အာဏာကိုဖြုတ်ချရန် ပူးပေါင်းကြံစည်သည်ဟူ၍ စွဲချက်တင်ခံရသည်။ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံရသည်။ ထိုစီရင်ချက်ကြောင့် အသက် ၄၆ နှစ်အရွယ်တွင် ရော့ဘင်းကျွန်းရှိ အကျဉ်းထောင်၌ ၂၇ နှစ်ကြာ



နယ်လ်ဆင်မင်ဒဲလား

အကျဉ်းကျခံခဲ့ရသည်။ မင်ဒဲလားသည် ထောင်ထဲတွင် ခေါင်းဆောင်မှု အရည်အသွေးကို ပြုစုပျိုးထောင်ခဲ့သည်။ နိုင်ငံရေး အခြေအနေများ ပြောင်းလဲလာသည့် ၁၉၉၀ ပြည့်နှစ်တွင် လူဖြူအစိုးရက မင်ဒဲလားကို ထောင်မှ လွှတ်ပေးခဲ့ရသည်။ ထောင်မှ လွတ်လာပြီးနောက် မင်ဒဲလားသည် ANC ပါတီကို ဆက်လက် ဦးဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်မှစ၍ ၁၉၉၇ ခုနှစ်အထိ ANC ပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မင်ဒဲလားသည် လူမျိုးရေးခွဲခြားမှုကို ဖျက်သိမ်းရန်နှင့် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရန် တောင်အာဖရိကလူဖြူ သမ္မတ အက်ဖ်ဒဘလျူ ဒီကလာ့ခ်နှင့်ညှိနှိုင်းခဲ့သည်။ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို တောင်အာဖရိကနိုင်ငံ၏ လူဖြူနောက်ဆုံး သမ္မတ ဒီကလာ့ခ်နှင့်ပူးတွဲရရှိသည်။ ၁၉၉၄ ခုနှစ်တွင် လူမျိုးနှင့် အသားအရောင် မခွဲခြားသည့် ပထမဆုံးဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ANC ပါတီက အနိုင်ရကာ နယ်လ်ဆင်မင်ဒဲလားသည် တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးလူမည်းသမ္မတဖြစ်လာသည်။ ၁၉၉၄ ခုနှစ်၊ မေလ ၁၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ ၁၉၉၅ ခုနှစ်တွင် လွတ်မြောက်ရေးအတွက် ခရီးရှည်လျှောက်လှမ်းခြင်းဆိုသည့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကိုရေးသားခဲ့သည်။ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ၁၉၉၄ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း မင်ဒဲလားသည် တောင်အာဖရိကနိုင်ငံတွင် နိုင်ငံသားများ တန်းတူညီမျှဖြစ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့ကို ဦးတည်သည့် နိုင်ငံရေးမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းလေ့လာရန် အမှန်တရားနှင့် ပြန်လည်ပေါင်းစည်းခြင်းကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ မင်ဒဲလားသည် အိမ်ထောင်သုံးဆက်ရှိခဲ့ပြီး ပထမနှင့် ဒုတိယအိမ်ထောင်များ ပြိုကွဲပြီးနောက် ၁၉၉၈ ခုနှစ်တွင် ဂရေကာမစ်ရှဲလ်နှင့် လက်ထပ်ပေါင်းသင်းခဲ့သည်။ မင်ဒဲလားသည် ဒုတိယသမ္မတသက်တမ်းကို ငြင်းဆိုခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံရေးလောကမှ အနားယူကြောင်း ကြေညာခဲ့သည်။ နယ်လ်ဆင်မင်ဒဲလား ဖောင်ဒေးရှင်းကို တည်ထောင်၍ ဆင်းရဲမှုနှင့် HIV/AIDS တိုက်ဖျက်ရေးတို့ကို လုပ်ဆောင်ခဲ့သည်။

မင်ဒဲလားသည် တောင်အာဖရိကနိုင်ငံ၏ အရိုးစွဲနေသော အသားအရောင်ခွဲခြားမှုစနစ်ကို တိုက်ဖျက်နိုင်ခဲ့ခြင်း၊ နိုင်ငံကို ဒီမိုကရေစီနည်းကျ ပြုပြင်တည်ဆောက်ရန်ဦးဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စုသမ္မတ၏ လွတ်လပ်မှုဆု၊ ဆိုဗီယက်ပြည်ထောင်စု၏ Order of Lenin ဆုအပါအဝင် ချီးမြှင့်ခံရသည့်ဂုဏ်ပြုဆုပေါင်း ၂၅၀ ကျော်ရှိခဲ့သည်။ တောင်အာဖရိကနိုင်ငံကို ပြည်တွင်းစစ်မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ခဲ့ပြီး ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူဆစ်ပေးခဲ့သူ နယ်လ်ဆင်မင်ဒဲလားသည် အသက် ၉၅ နှစ်အရွယ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ကျိုဟန်နက်စ်ဘာ့ဂ်မြို့နေအိမ်၌ ကွယ်လွန်သည်။

မင်ဒဲလားကွယ်လွန်ကြောင်းကို ရုပ်မြင်သံကြားမှတစ်ဆင့် သမ္မတကျက်ကော့ဇူးမားက ကြေညာခဲ့သည်။ ကွယ်လွန်ကြောင်းကို ကြားသိရသည့် ပြည်သူများသည် လမ်းများပေါ်တွင် မင်ဒဲလား၏ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးကြိုးပမ်းချက်ကို ဂုဏ်ပြုသည့်သီချင်းများသီဆို၍ လမ်းလျှောက်ဂုဏ်ပြုခဲ့ကြသည်။ ဒီဇင်ဘာလ ၁၀ ရက်တွင် မင်ဒဲလားအောက်မေ့ဖွယ်အခမ်းအနားကို

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘာ့ဂ်မြို့ရှိ ဆိုဝီတို အားကစားကွင်းတွင် ကျင်းပရာ နိုင်ငံနှင့်အစိုးရအဖွဲ့များမှ လက်ရှိအကြီးအကဲများနှင့် အကြီးအကဲဟောင်း ၁၀၀ နီးပါး တက်ရောက်ကာ အမှတ်တရစကားများ ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်တွင် မင်ဒဲလား၏ စျာပနအခမ်းအနားကို တောင်အာဖရိကနိုင်ငံ ကွမ်နူကျေးရွာတွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနား သို့ နိုင်ငံခြားဆောင်များအပါအဝင် လူပေါင်း ၄၅၀၀ ခန့် တက်ရောက်ခဲ့သည်။

မန်နီ၊ မိုင်းလ်ဒရက်။　။ ဒုတိယကမ္ဘာစစ်အတွင်းက Bataan ကျွန်းဆွယ်နှင့် ကော်ရီရိုက်ဒါကျွန်း၏ နတ်သမီးများဟု တင်စားခံရသည့်အမေရိကန်ကြည်းတပ်နှင့်ရေတပ်သူနာပြုများအနက် နောက်ဆုံးလက်ကျန်ဖြစ်သူ မိုင်းလ်ဒရက်မန်နီသည် ၁၉၃၉ ခုနှစ်တွင် စစ်သူနာပြုတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မြောက်ပိုင်း၌ စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၄၁ ခုနှစ်တွင် ဂျပန်တို့က ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီးမကြာမီ ဖိလစ်ပိုင်နိုင်ငံကို အပြင်းအထန် တိုက်ခိုက်ရာ အမေရိကန်တပ်များက ကော်ရီရိုက်ဒါကျွန်းနှင့် Bataan ကျွန်းဆွယ်ကို ဆုတ်ခွာရသည်။ ထိုသို့ ဆုတ်ခွာရာတွင် လိုက်ပါနိုင်ခြင်းမရှိသည့် ဒဏ်ရာပြင်းထန်သော လူနာများကို ၁၉၄၂ ခုနှစ် မေလတွင် အမေရိကန်တို့လက်နက်ချသည့်အချိန် အထိ သူနာပြု ၁၁ ဦးက ခြောက်လနီးပါးကြာ ပြုစုခဲ့ရသည်။ တောထဲရှိ ယာယီဆေးရုံများနှင့် ကျွန်းပေါ်မှ မြေအောက်လိုဏ်ခေါင်းများတွင် ယာယီဖွင့်လှစ်ထားသော ပြုစုရေးဌာနများတွင် ကုသပေးရပြီး ဒဏ်ရာရသူများကို ဂျပန်တို့၏ ဗုံးဆန်များကြားမှ ကူညီသယ်ပိုးပေးခဲ့ကြသည်။ ထို့နောက် ကြည်းတပ် သူနာပြု ၆၆ ဦးနှင့် ရေတပ်သူနာပြု ၁၁ ဦးမှာ ဂျပန်တို့၏ ဖမ်းဆီးခြင်းခံရသည်။ ထိုအချိန်တွင် မန်နီမှာ ပိုလ်ကြီးအဆင့်ရှိပြီး ဂျပန်တို့၏ ထိန်းသိမ်းရေးစခန်းများတွင် သူနာပြုများနှင့်အတူ နှစ်နှစ်ခွဲခန့်နေထိုင်ခဲ့ရသည်။ ယင်းကာလများတွင် မန်နီမှာ အာဟာရ ပြတ်လပ်သည့်ဒဏ်ကြောင့် သွားများဆုံးရှုံးခဲ့ရသည်။ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိန်းသိမ်းရေးစခန်းမှ ပြန်လည်လွတ်မြောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မြေပြင် တွင် မဆုတ်မနစ်သောဇွဲဖြင့် ကြံ့ကြံ့ခံရင်ဆိုင်ပြုစု ကုသပေးခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်သူ မိုင်းလ်ဒရက်မန်နီသည် အသက် ၉၈ နှစ်အရွယ် ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်တွင် ကွယ်လွန်သည်။

မိုင်းလ်ဒရက်မန်နီ

သက်ချာ၊ မာဂရက်။　။ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာကို အင်္ဂလန်နိုင်ငံ ဂရန်သမ်မြို့၌ ၁၉၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာ မာဂရက်ဟေလ်ဒါရောဘတ်ဖြစ်သည်။

သက်ချာသည် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ အင်္ဂလန်နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သည်။ သာမန်စီးပွားရေးသမားတစ်ဦး၏ သမီးဖြစ်သူ သက်ချာသည် ငယ်စဉ်က ဂရန်သမ်မိန်းကလေး အထက်တန်းကျောင်း၌ စတင်ပညာသင်ကြားသည်။ ဖခင်မှာ ကွန်ဆာဗေးတစ်ပါတီမြို့နယ်ကောင်စီဝင်တစ်ဦးဖြစ်သောကြောင့် ကွန်ဆာဗေးတစ်မူဝါဒများနှင့် ထိတွေ့မှုရှိခဲ့သည်။ သက်ချာသည် အဆင့်မြင့်ပညာကို အောက်စဖို့ဒ်တက္ကသိုလ်၊ ဆမ်းမားဗီလ်ကောလိပ်၌

မာတုဗေဒဘာသာရပ်ကို အထူးပြုသင်ယူခဲ့သည်။ တက္ကသိုလ်ကွန်ဆာဗေးတစ်အသင်းတွင်လည်း ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည်။ ၁၉၄၇ခုနှစ်တွင် ဘွဲ့ရပြီးနောက် ဒတ်ဖို့ဒ်ဒေသ၌ မာတုဗေဒသုတေသီအဖြစ် လုပ်ဆောင်သည်။ ဘွဲ့ရပြီးနှစ်နှစ်အကြာတွင် ဒတ်ဖို့ဒ် ဒေသပါလီမန်တစ်နေရာအတွက် ကွန်ဆာဗေးတစ် အမတ်လောင်းအဖြစ် နှစ်နှစ်ဆက်တိုက်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ နှစ်လအကြာတွင် ဒန်းနစ်သက်ချာနှင့်လက်ထပ်ပြီး အမြောသားသမီးနှစ်ဦး ထွန်းကားသည်။

မာဂရက်သက်ချာ

၁၉၅၂ ခုနှစ်တွင် ဥပဒေပညာလေ့လာရန် နိုင်ငံရေးလောကမှ ခေတ္တအနားယူသည်။ ၁၉၅၃ ခုနှစ်တွင် ဝတ်လုံတော်ရရှေ့နေအရည်အချင်း ပြည့်မီသည်အထိ အောင်မြင်ခဲ့သည်။ ထို့နောက် နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ ၁၉၅၉ ခုနှစ်တွင် ဖင့်ချ်လီ ဒေသကိုယ်စားပြု အောက်လွှတ်တော်အမတ်ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ် ဇွန်လတွင် ကွန်ဆာဗေးတစ်ပါတီအာဏာပြန်လည်ရရှိသောအခါ ပညာရေးနှင့် သိပ္ပံရေးရာ အစိုးရအဖွဲ့ဝန်ကြီးဖြစ်လာသည်။ ၁၉၇၄ ခုနှစ်တွင် ကွန်ဆာဗေးတစ်ပါတီရှုံးနိမ့်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ထို့ကြောင့် အောက်လွှတ်တော်တွင် ပထမဆုံး အမျိုးသမီးအတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ ထိုအချိန်တွင် အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများမှာ ဝရုန်းသုန်းကားဖြစ်နေသည်။ အလုပ်သမားခန့်ထားမှုမြင့်မားနေခြင်းကြောင့် အလုပ်သမားသမဂ္ဂနှင့် ပဋိပက္ခများဖြစ်နေပြီး အစိုးရမှာ ချွတ်ခြုံကျလုနီးပါးဖြစ်နေသည်။ ၁၉၇၉ ခုနှစ်တွင် ကွန်ဆာဗေးတစ်ပါတီအာဏာပြန်လည်ရရှိရန် ထိုမတည်ငြိမ်မှုများက ပံ့ပိုးပေးသလို ဖြစ်လာသည်။ ထိုနှစ်တွင် သက်ချာမှာ ဗြိတိန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည်။ ငွေကြေးဖောင်းပွမှု များကို ထိန်းချုပ်ရန် အတိုးနှုန်းများ တိုးမြှင့်ခြင်းဖြင့် စီးပွားရေးကျဆင်းနေမှုကို ရင်ဆိုင်ရသည်။ သတ္တုတွင်းအလုပ်သမားသမဂ္ဂကဲ့သို့သော အလုပ်သမားအဖွဲ့အစည်းများနှင့် ပတ်သက်သည့် ဝေဖန်တိုက်ခိုက်မှုများမှတစ်ဆင့် ဗြိတိန်နိုင်ငံ၏ အစဉ်အလာဖြစ်သော စက်မှုလုပ်ငန်းများကို ဖျက်သိမ်းခဲ့ခြင်းနှင့်လူမှုအိမ်ရာများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲအပ်ခဲ့မှုများကြောင့် ၎င်းကိုလူသိများသည်။ ၎င်း၏ ပထမသက်တမ်းအတွင်း စစ်ရေးဆိုင်ရာ စိန်ခေါ်မှု တစ်ရပ်ကိုလည်း ရင်ဆိုင်ရသည်။ ၁၉၈၂ ခုနှစ်၊ ဧပြီလတွင် အာဂျင်တီးနားနိုင်ငံက ဖောက်ကလန်ကျွန်းကို ချင်းနင်းဝင်ရောက်ခဲ့သောကြောင့် ၎င်းနယ်မြေသို့ ဗြိတိန်စစ်တပ်များကို ပို့ဆောင်ခဲ့ရာ ဖောက်ကလန်စစ်ပွဲဖြစ်ပွားပြီး ၁၉၈၂ ခုနှစ်၊ ဇွန်လတွင် အာဂျင်တီးနားနိုင်ငံ ရှုံးနိမ့်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ် အတွင်း ၎င်း၏ဒုတိယ မြောက်သက်တမ်းတွင် သက်ချာသည် ပဋိပက္ခများ၊ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလတွင် ဘရိုက်တန်မြို့၌ ကွန်ဆာဗေးတစ်ပါတီ ကွန်ဖရင့်တက်ရောက်စဉ် ချိန်ကိုက်ဗုံးဖြင့် လုပ်ကြံရန်ကြံစည်ခံရသည်။ သို့ရာတွင် ထိခိုက်မှုမရှိခဲ့ဘဲ ကွန်ဖရင့်ကိုဆက်လက်ကျင်းပရန် သက်ချာက တောင်းဆိုခဲ့ပြီး နောက်တစ်နေ့တွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ၁၉၈၆ ခုနှစ် အမေရိကန်သမ္မတရော်နယ်လ်ရေဂင်လက်ထက်တွင် လစ်ဗျားနိုင်ငံအား လေကြောင်းဖြင့် စီးနင်းတိုက်ခိုက်မှုကို ထောက်ခံခဲ့ပြီး အမေရိကန်တပ်များအား ဗြိတိန်အခြေစိုက်စခန်း

များကို သုံးခွင့်ပြုခဲ့သည်။ ၁၉၈၇ ခုနှစ်တတိယ သက်တမ်းကို ပြန်လည်ထမ်းဆောင်ရာတွင် ပညာရေး သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ အကောင်အထည် ဖော်ရန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် နိုင်ငံ၌ အသားကျ နေပြီဖြစ်သည့်ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်း ပြောင်းလဲရန်ကြိုးပမ်းခဲ့သည်။ သို့သော် အားပေးထောက်ခံမှုကျဆင်းခဲ့ပြီး ၎င်း၏ပါတီအတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ပါတီမှ နုတ်ထွက်ခဲ့သည်။ မာဂရက်သက်ချာသည် နိုင်ငံရေးနယ်ပယ်မှ ၎င်း၏ အတွေ့အကြုံများနှင့် နိုင်ငံရေးအမြင်များကို ၁၉၉၃ ခုနှစ်တွင် The Downing Street Years၊ ၁၉၉၅ ခုနှစ်တွင် The Path to Power နှင့် ၂၀၀၂ ခုနှစ်တွင် State-craft စာအုပ်များကို ရေးသား၍ဖော်ထုတ်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အထက်လွှတ်တော်အမတ်ဖြစ်လာပြီးနောက် ၂၀၀၇ ခုနှစ်တွင် အထက်လွှတ်တော်၌ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အနေဖြင့် ၎င်း၏ ရုပ်တုကို ထုလုပ်ဂုဏ်ပြုခံရသည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် အထက်လွှတ်တော်တာဝန်များမှ အနားယူခဲ့သော မာဂရက်သက်ချာသည် အသက် ၈၇ နှစ် အရွယ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်တွင် ကွယ်လွန်သည်။

အန်ဂယ်လ်ဘာ့တ်၊ ဒေါက်ကလပ်။ ။

ကွန်ပျူတာတွင် မရှိမဖြစ်အရေးပါသော မောက်စ်ကို ဦးဆုံးတီထွင်ခဲ့သူဒေါက်ကလပ်အန်ဂယ်လ်ဘာ့တ် သည် ၁၉၅၀ ပြည့်နှစ်တွင် ကယ်လီဖိုးနီးယားအစိုးရ၏ လေကြောင်းဆိုင်ရာသုတေသနစင်တာတွင် စတင် တာဝန်ထမ်းဆောင်သည်။ ကွန်ပျူတာခေတ်ဦးတွင် ပါဝင်ခဲ့သူ အန်ဂယ်လ်ဘာ့တ်သည် ၁၉၆၈ ခုနှစ်တွင် စတန်းန်ဖို့သုတေသနစင်တာ၌ အလုပ်လုပ်ရင်း ကွန်ပျူတာဆက်စပ်ပစ္စည်းများကို စမ်းသပ်တီထွင်ရာမှ စ၍ ယနေ့သုံးစွဲနေသော မောက်စ်များနှင့် အလုပ်လုပ်ပုံဆင်တူသည့်မောက်စ်ကို တီထွင်ပြသခဲ့ခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်သမ္မတဘီလ်ကလင်တန်က အန်ဂယ်လ်ဘာ့တ်ကို အမျိုးသားနည်း

ဒေါက်ကလပ်အန်ဂယ်လ်ဘာ့တ်

ပညာတီထွင်ဆန်းသစ်မှုဆု ချီးမြှင့်ခဲ့သည်။ နည်းပညာဆိုင်ရာစာအုပ် ၂၅ အုပ်ရေးသားခဲ့သူ ဒေါက်ကလပ် အန်ဂယ်လ်ဘာ့တ်သည် အသက် ၈၈ နှစ် အရွယ် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ကွယ်လွန်သည်။

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၁၃)။

။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပံ့လွန်တော်မူသွားကြသော ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့်နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ကွယ်လွန်သွားကြသည့်ပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကလျာဏ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သီကျွာတော် (၆၀)
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ မြို့နယ်ဩဝါဒိစရိယ၊ ရွှေကျင်မြို့ မင်းကွန်းမဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်တွင် ပံ့လွန်တော်မူသည်။)

ကလျာဏ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သီကျွာတော် (၇၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဩဝါဒါစရိယ၊စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် နာယကချုပ်
(၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

ကုမာရ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သီကျွာတော် (၇၂) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ သထုံမြို့သတ္တဒေဝကျောင်း ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

ကုသလ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သီကျွာတော် (၇၅) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇမဟာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာန နာယက
(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

ကောဝိဒ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သီကျွာတော် (၆၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သာသနဓဇသိရီပဝရမဟာစရိယ၊ ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်။)

ကောသလ္လ၊ ဘဒ္ဒန္တ
သက်တော် (၉၃) နှစ်၊ သီကျွာတော် (၇၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ ညောင်လေးပင်နယ်တောရရွှေကျင်ကိုးဝိနည်းပြန်ဌာနဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့ ရွှေကျင်ကျောင်း အသောကာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

ကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော်(၈၁) နှစ် ၊ သီကျွာတော်(၆၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတရေ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်
(၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်တွင် ပျံလွန်တော်မူသည်။)

ကောဏ္ဍညာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၇) နှစ်၊ သီကျွာတော် (၇၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သ. စ. အ ဓမ္မာစရိယ၊ ဆဋ္ဌသင်္ဂါတိပါဠိဝိသောဓက (ယခင်)၊ တိပိဋကပုဗ္ဗက၊ နိုင်ငံတော်ဝိနည်းဓိရ်၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာစစ်အဖွဲ့ဝင်၊ အလယ်တောရပါဠိတက္ကသိုလ် နှင့် သရက်တောတိုက်ပါဠိတက္ကသိုလ်ကထိက၊ လမ်းမတော်မြို့နယ် ဩဝါဒါစရိယ၊ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ရေလယ်ကလေးတိုက်ကျောင်း ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

ဂန္ဓမာ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သီကျွာတော် (၅၅) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စုအေးချမ်းသာယာပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်တွင် ပျံလွန်တော်မူသည်။)

စန္ဒိမာ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သီကျွာတော် (၆၂) ဝါ

အဂ္ဂမဟာပဏ္ဍိတ၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အဖွဲ့ဝင်ဟောင်း၊ လားရှိုးမြို့ မြို့လယ်ပရိယတ္တိ
စာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်တွင်
ပျံလွန်တော်မူသည်။)

စိန္ဓာ၊ ဘဒ္ဒန္တ
သက်တော် (၁၀၆) နှစ်၊ သိက္ခာတော် (၈၆) ဝါ
ဆိတ်ဖူးတောင်တောရ သက်တော်ရှည်ဆရာတော်ကြီး၊
ရေတာရှည်မြို့နယ် မြောက်နန်ချွန်ကျေးရွာ စိတ္တဲသုခ
ကျောင်းတိုက်ဩဝါဒိစရိယ ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်တွင် ပျံလွန်
တော်မူသည်။)

ဇင်္ဂီလသာရ၊ ဘဒ္ဒန္တ
သက်တော် (၅၃) နှစ်၊ သိက္ခာတော် (၃၃) ဝါ
သဒ္ဓမ္မဇောတိကဓဇ မဟာစည်နယ်လှည့်ဓမ္မကထိက၊
ပေါင်းတည်မြို့နယ် ကန်ငယ်ကျေးရွာ ဓမ္မသုခီ (ကန်ငယ်)
ကျောင်းတိုက်ဆရာတော်
(၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်တွင် ပျံလွန်တော်
မူသည်။)

ဇနတိက္ခ၊ ဘဒ္ဒန္တ
သက်တော် (၆၅) နှစ်၊ သိက္ခာတော် (၄၅) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ နိကာယုဇ္ဇေတကဓမ္မတ္ထဝိ
သာရဒမဇ္ဈိမဘာဏက၊ သာသနဓဇဓမ္မာစရိယ၊
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ကွမ်းခြံကုန်းမြို့
ဓမ္မိကာရုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်တွင် ပျံလွန်တော်
မူသည်။)

ဇာဂရ၊ ဘဒ္ဒန္တ
သက်တော် (၅၇) နှစ်၊ သိက္ခာတော် (၃၈) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ ဝိနယဓရဓမ္မာစရိယ၊ပဲခူးတိုင်း
ဒေသကြီး သံဃနာယကအဖွဲ့အကျိုးတော်ဆောင်၊
ညောင်လေးပင်မြို့ ဥတ္တရာရာမမြောက်ကျောင်း
ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်တွင် ပျံလွန်တော်
မူသည်။)

ဇာဂရ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဂ်လာဒုံမြို့နယ် ပန်းခြံကုန်း
ကျောင်းတိုက် (မိုးကုတ်ရိပ်သာအဖွဲ့ခွဲ-၃၆၇) ပဓာန
နာယက
(၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်တွင် ပျံလွန်တော်
မူသည်။)

ဇေတိကာဘိဝံသ၊ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
ပါဠိပါရဂူ၊ သိရိပဝရဓမ္မာစရိယ၊ သက္ကသီဟဓမ္မာစရိယ၊
မန္တလေးချမ်းမြသာစည်မြို့နယ် ဩဝါဒိစရိယ၊ မဟာမုနိ
ဂေါပကအဖွဲ့နှင့်ပရိယတ္တိသာသနဟိတအသင်း၏
ဩဝါဒိစရိယ၊ မန္တလေးသာသနာ့တက္ကသိုလ် ပါမောက္ခ
ချုပ်ဟောင်း၊ ချမ်းမြသာစည်မြို့နယ် တောင်ပြင်ထီး
လင်းတိုက် ပဓာနနာယက တိုက်အုပ်ဆရာတော်
(၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်တွင်
ပျံလွန်တော်မူသည်။)

ဉာဏ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊
ပျော်ဘွယ်မြို့ မြို့ရှေ့ပရိယတ္တိစာသင်တိုက် ပဓာန
နာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်တွင် ပျံလွန်
တော်မူသည်။)

ဉာဏဝလ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃာ့သမုတိ၊
မြို့နယ်ဩဝါဒိစရိယ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
အတုလာရာမကျောင်းတိုက် ပဓာနနာယက

(၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် ပျံလွန်တော်မူသည်။)

ဉာဏဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
ဗုဒ္ဓသာသနဒီဃနိကာယကောဝိဒ၊ ဒီဃနိကာယ
ဘာဏကဂမ္ဘီရဉာဏ၊ ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက၊
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယာဓိက သိရီ
ပဝရဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိသာရဒ
အကျော်၊ ရှင်သာမဏေအကျော်၊ ရွှေကျင်ဂိုဏ်းလုံး
ဝန်ဆောင် နာယက ဆရာတော်၊ မြောက်ဥက္ကလာပ
မြို့နယ် ပဏ္ဍိစ္စာရာမ ပရိယတ္တိကျောင်းတိုက် ရတ္တညူ
မဟာနာယက၊ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ
မေဒိနီ ကျောင်းတိုက် နာယက
(၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်တွင်
ပျံလွန်တော်မူသည်။)

ညောယျာနန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ
တိပိဋကဓရ သာသနဓဇမဟာစရိယ၊ နိုင်ငံတော်
ဗဟိုသံဃာ့ဝန်ဆောင်၊ ချောင်းဦးမြို့နယ် ညောင်ပင်သာ
ရွာ ဇေယျာရုန်နိုင်ကျောင်းဆရာတော်
(၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်တွင် ပျံလွန်တော်
မူသည်။)

တိလောက၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အုတ်တွင်းမြို့
ဈေးကျောင်းတိုက် ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်တွင် ပျံလွန်
တော်မူသည်။)

ဓမ္မသီရိ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် နိုင်ငံတော်
ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းမိုရ် သာသနဓဇ
သိရိပဝရဓမ္မာစရိယ၊ စစ်ကိုင်းမြို့ ကောင်းမှုတော်
စေတီတော် ဩဝါဒါစရိယ၊ ဘုရားကြီးကျောင်းတိုက်
ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်တွင် ပျံလွန်တော်
မူသည်။)

ဓမ္မိက၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇသိရီပဝရ
ဓမ္မာစရိယ၊ ဆဋ္ဌသင်္ဂါတိပါဋိဝိသောဓက၊ ရေနံချောင်းမြို့
ရန်မျိုးအောင်မဟာစည်သာသနာ့ရိပ်သာနှင့် စလင်း
မြို့နယ် ရပ်ဌေးကျေးရွာ ခါတော်မီမဟာစည်သာသနာ့
ရိပ်သာတို့၏ ပဓာနမဟာနာယက၊ ရန်ကုန်မြို့
မဟာစည် သာသနာ့ရိပ်သာကြီး၏ ဥသျှောင်မဟာ
နာယက
(၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်တွင်
ပျံလွန်တော်မူသည်။)

နာဂိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၆၀)၊ သိက္ခာတော် (၄၁) ဝါ
အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြု
ဩဝါဒါစရိယ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် သံဃ
နာယကအဖွဲ့ဝင်၊ နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိ
ကာရုံစာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင်
ပျံလွန်တော်မူသည်။)

နာဂိန္ဒာဘိဝံသ၊ ဘန္ဒန္တ
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ၊ အစိုးရ
ဓမ္မာစရိယ၊ သက္ကသီဟဓမ္မာစရိယ၊ နိုင်ငံတော်ဗဟို
သံဃာ့ဝန်ဆောင်၊ မန္တလေး မဟာအောင်မြေမြို့နယ်
မြတောင်ကျောင်းတိုက် သာသနာ့ဂုဏ်ရည် ဇမ္ဗူအေး
စာချကျောင်း ပဓာနမဟာနာယက
(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်တွင်
ပျံလွန်တော်မူသည်။)

နီပုကာ၊ ဘဒ္ဒန္တ
သက်တော် (၉၆) နှစ်၊ သီက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပဲခူးမြို့ပန်းလှိုင်စာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်တွင် ပျံလွန်တော်မူသည်။)

နန္ဒဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သီက္ခာတော် (၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းမိုရ်၊ မြင်းခြံမြို့ သာသနာ့ဇောတိကာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

နန္ဒိသာရ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သီက္ခာတော် (၆၂) ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘူးသီးတောင်မြို့၊ အေးစေတီပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

ပညာဇောတ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သီက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

ပညာသာရ၊ ဘဒ္ဒန္တ
သက်တော် (၅၉) နှစ်၊ သီက္ခာတော် (၃၉) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ တိပိဋကဝိနယဓရ၊ သာသနဓဇဓမ္မာစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဝိနည်းမိုရ်၊ ပျော်ဘွယ်မြို့ မြို့ကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

ပညာသီရိ၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သီက္ခာတော် (၆၉) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဥပ္ပါတသန္တိစေတီတော်ဂေါပက အဖွဲ့. ဩဝါဒါစရိယ၊ နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

ပညာသီဟ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သီက္ခာတော် (၅၇) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ စစ်တွေမြို့ ဇေတဝန်ပရိယတ္တိတပ်ဦးကျောင်း (နာရီကန်တပ်ဦးကျောင်း)ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်တွင် ပျံလွန်တော်မူသည်။)

ပဏ္ဏာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၃) နှစ်၊ သီက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မြိတ်မြို့တတိယစံကျောင်းဂိုဏ်းချုပ်၊ စံကျောင်းတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

ရာဇမောဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သီက္ခာတော် (၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်တို့၏ အဓိပတိ မဟာနာယကချုပ်ဆရာတော်
(၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

ရာဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၃) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရမဟာ
စရိယ၊ ဝိနယပါဠိပါရဂူ၊ ဒီဃဘာဏကာ၊ ဒီဃနိကာယ
ကောဝိဒ၊ မန္တလေးပရိယတ္တိသာသနာ့တက္ကသိုလ်
အဘိဓမ္မာ ဌာနမှူး၊ လမ်းမတော်မြို့နယ် သရက်တော
ကျောင်းတိုက် အနောက်စကားဝါပင်ကျောင်း
(၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်တွင်
ပျံလွန်တော်မူသည်။)

ရာဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
(မဟာဒွါရ)၊ မော်လမြိုင်မြို့ ပညာရာမကျောင်းတိုက်
ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်တွင် ပျံလွန်
တော်မူသည်။)

လက္ခဏ၊ ဘဒ္ဒန္တ
သက်တော် (၇၆)၊ သိက္ခာတော် (၅၆) ဝါ
လူမှုထူးချွန်တံဆိပ် (ပထမဆင့်)၊ လူမှုထူးချွန်တံဆိပ်
(ဒုတိယဆင့်)၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်)၊ သာကေတ
မြို့နယ် မဟာစေတီတိုက် သာစည်ကျောင်း ဆရာတော်
(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်တွင်
ပျံလွန်တော်မူသည်။)

ဝဇိရဉာဏ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်
ဗဟိုသံဃာ့ဝန်ဆောင်၊ ဖြူးမြို့ မင်းကျောင်းစာသင်တိုက်
အဓိပတိမဟာနာယက
(၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်တွင် ပျံလွန်
တော်မူသည်။)

ဝါယမ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇမဟာစရိယ၊
ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဝါဒါစရိယ၊ စမ်းချောင်း
မြို့နယ် ဗားကရာတိုက်ဝံသမေဒနီစာသင်တိုက်၊ ရွှေတောင်
တိုက်သစ်စာသင်တိုက်၊ အင်းစိန်မြို့နယ် ဟံသာဝတီ
ကမ္မဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက်၊ ဝေါမြို့နယ်ရှမ်းကိုင်း
အရှေ့ကျောင်းတိုက်၊ အနောက်ကျောင်းတိုက်၊ ကျိုက်ထို
မြို့နယ် ကသစ်ဝိုင်ဓမ္မရိပ်သာကျောင်းတိုက်တို့၏ ပဓာန
နာယက
(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင်
ပျံလွန်တော်မူသည်။)

ဝိစာရိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇမဟာစရိယ၊
ပြည်တွင်းပြည်ပမဟာစည်ရိပ်သာများ၏ နာယက၊
မုဒုမြို့နယ်သာယာကုန်း၊ ရိုးကိုး၊ တာပသွန်၊ မြဝတီဝိစာရိန္ဒာ
ရာမ မဟာစည်သာသနာ့ရိပ်သာ၊ ကျိုက်ထီးရိုး စိန်ရတနာ
မဟာစည်သာသနာ့ရိပ်သာများ၏ အမိပတိ နာယက
(၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်တွင် ပျံလွန်
တော်မူသည်။)

ဝိလာသဂ္ဂ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊
တံတားဦးမြို့နယ် ဇီးကန်ရေထွက်ကျေးရွာ ကျွန်းဦး
ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်တွင် ပျံလွန်
တော်မူသည်။)

ဝိသုဒ္ဓါစာရ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ကောလင်းမြို့နယ်
တောင်မော်ကျေးရွာ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်နှင့်
မဟာ ဝိသုဒ္ဓါရာမသာသနာ့ရိပ်သာ ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်တွင်
ပျံလွန်တော်မူသည်။)

သာသန၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက် ပမာန နာယက
(၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

သုဇန၊ ဘဒ္ဒန္တ
သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၃) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇမဟာစရိယ၊ ခရမ်းမြို့ ပါဠိတက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက် စာချုပ်ထိုက၊ ပဲခူးမြို့ ဦးဝင်းတိုက်ကျောင်း ပမာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်တွင် ပျံလွန်တော်မူသည်။)

သုမင်္ဂလသာမိဘိဝံသ၊ ဘဒ္ဒန္တ
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သ-အဓမ္မဝါစရိယ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ် ပမာနနာယက
(၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

သောဘကာ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သာသနဓဇမဟာစရိယ၊ နိုင်ငံတော်ဓဟိုသံဃာဝန်ဆောင်၊ ဝေဠုဝန်နိကာယဓဟိုအကျိုးတော်ဆောင်၊ သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်နှင့် ၁၀၈ တောင် စေတီတော်တို့၏ ဩဝါဒါစရိယ၊ သာကေတ မြို့နယ် အာဒိကာရုံတိုက် အဘယာရာမ စာသင်တိုက် ပမာနနာယက
(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်တွင် ပျံလွန်တော်မူသည်။)

သောဘန၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာကော် (၇၂) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရိပဝရ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဃေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်တို့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းဘုရားဖြူ စာတော်ပြန်ပဲ့ ဩပါဒါစရိယ၊ ပုဇွန်တောင် မြို့နယ် ပြဿိန်းတန်ပရိယတ္တိ စာသင်ကျောင်းတိုက် ပမာနနာယက
(၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

သံဝရ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
နိုင်ငံတော်ဓဟိုသံဃာဝန်ဆောင်၊ သာသနဓဇမဟာစရိယ၊ ကျုံပျော်မြို့နယ် ကွဲခြံဒေါင့်ကျေးရွာ ခေမာသီဝံကျောင်းတိုက်
(၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

သလွာပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ နိုင်ငံတော်ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ၊ တာမွေမြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ၊ တာမွေဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက်၊ သန်လျင်ဆုထူးပန်ဝါးတောမြတ်မွန်ဝေဠုဝန်ဓမ္မရိပ်သာ၊ ဆုထူးပန်မဟာဗြဟ္မဝိဟာရကျောင်း၊ ဆုထူးပန်တောင်ပေါ်ကျောင်း၊ ဆုထူးပန်သီရိမင်္ဂလာကန်တော်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့၏ ဦးစီးပမာန မဟာနာယက
(၁၃၇၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

အရိယာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ချမ်းသာကြီးဆန်လျှအသင်းနှင့် ပြဟ္မစိုရ်လူမှုကူညီရေးအသင်းတို့၏ ဩဝါဒါစရိယ၊ ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်တွင် ပျံလွန်တော်မူသည်။)

အာစိဏ္ဏ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ရွှေပြည်သာမြို့နယ် တေဇရာမဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်တွင် ပျံလွန်တော်မူသည်။)

အာဒိစ္စ၊ ဘဒ္ဒန္တ
သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်၊ ပျဉ်းမပင် (သုဓမ္မာ) ပဝါရဏာဂိုဏ်း နာယက၊ မော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာ ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

ဩဘာသာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်၊ ချမ်းအေးသာစံမြို့နယ် မိုးကောင်းတိုက် ရေနံချောင်းကျောင်းနှင့် ချောက်မြို့နယ် ကြောင်လျှာတောရွာဦးကျောင်းတို့၏ ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်တွင် ပျံလွန်တော်မူသည်။)

အဂ္ဂဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၈) ဝါ
သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ကန့်ဘလူမြို့နယ် မဟာသန္တရုံကျောင်း အာဒိကမ္မိက ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ပျံလွန်တော်မူသည်။)

အာကိုရ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ မော်လမြိုင်မြို့ ကံတော်မင်္ဂလာစာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

ဥတ္တရ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
ဂန္ဓဝါစကပဏ္ဍိတ၊မဟာသဒ္ဓမ္မဇောတိကဓဇ၊သာသနဓဇဓမ္မာစရိယ၊ဆုတောင်းပြည့်မယ်လမုစေတီတော်ဩဝါဒါစရိယ၊မော်လမြိုင်ကျွန်းမြို့နယ် ခလောက်ပုံကျေးရွာ ရွှေတံသာကျောင်းနှင့် မြောက်ဥက္ကလာပမြို့နယ် အာသာဝတီကျောင်းတိုက် ရွှေဘုံသာကျောင်းတို့၏ ပဓာနနာယက
(၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

ဣန္ဒက၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အစိုးရဝိနယပါဠိပါရဂူ၊ သာသနဓဇဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် စေတိယင်္ဂဏအသင်းနှင့် ရေကြည်တော်ဝတ်အသင်းတို့၏ ဩဝါဒါစရိယ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရသိမ်ကုန်း၊ ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက

(၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

ဣန္ဒနွောဘာသ၊ ဘဒ္ဒန္တ (အနိစ္စဆရာတော်)
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ကြီး
(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

သီလရှင်ဆရာကြီးများ

ကုသလစာရီ၊ ဒေါ်
သက်တော် (၆၈) နှစ်၊ သိက္ခာတော် (၅၀)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇမဟာစရိယ၊ သဒ္ဓမ္မဟိတဓမ္မာစရိယ၊ သာသနဟိတကာရီဓမ္မာစရိယ (အာဒိကမ္မိက)၊ သာသနဇောတိပါလ ဓမ္မာစရိယ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် သီလရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရန်ကုန်သုဝဏ္ဏဘူမိဧမာရာမ သီလရှင်စာသင်တိုက်နှင့် သထုံဧမာရာမ သီလရှင်စာသင်တိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

ဧမာရီ၊ ဒေါ်
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၉၂) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စမ်းချောင်းမြို့နယ် သမိဒ္ဓါဒယသုခိတာရာမ ဒေါ်ဉာဏာစာရီမြန်အောင်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကိုကိုဌေး၊ ထိပ်တန်း(ခ)ဦးဌေးဝင်း
အသက် (၅၉) နှစ်
ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု(အကယ်ဒမီ)ငါးဆုရှင်၊ ၁၉၉၄ ခုနှစ်အတွက် မသုဓမ္မစာရီ၊ ၁၉၉၇ ခုနှစ်အတွက် မြင့်မြတ်နှလုံးသား၊ ၂၀၀၁ ခုနှစ်အတွက် ပန်းတစ်ပွင့်ဖန်ဆင်းရှင်၊ ၂၀၀၄ ခုနှစ်အတွက် လျှို့ဝှက်သောနှင်း၊ ၂၀၀၉ ခုနှစ်အတွက် အတိတ်ရဲ့အရိပ်ဇာတ်ကားတို့ဖြင့် ဆုရရှိသူ
(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင် ကွယ်လွန်သည်။)

ကိုဆောင်း (ဦးလှမြိုင်)
အသက် (၈၉) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်၊ ယခင်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာအယ်ဒီတာချုပ်(ငြိမ်း)၊ ယခင်မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ကွယ်လွန်သည်။)

ကျော်ကျော်အောင်၊ ဦး
အသက် (၄၈) နှစ်
တေးရေးကေအေတီ၊ ကဗျာဆရာကျော်အောင်သစ် (မုံရွာ)၊ မျိုးဆက်သစ်လူငယ်များအတွက် တေးသီချင်းများစွာ ရေးဖွဲ့ခဲ့သူ
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် ကွယ်လွန်သည်။)

ကျော်စိန်၊ ဒေါက်တာ (စည်သူ)
အသက် (၈၁) နှစ်
ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)၊ ဝိဇ္ဇာဘွဲ့နှင့်မဟာဝိဇ္ဇာဘွဲ့ (ရန်ကုန်တက္ကသိုလ်)၊ ပါရဂူဘွဲ့(ကိုလံဘီယာတက္ကသိုလ်)၊ ရန်ကုန်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာပါမောက္ခဟောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး (ငြိမ်း)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ အမျိုးသားစာပေဆုတစ်သက်တာ စာပေ

ဆုရှင်၊ ပခုက္ကူဦးအုံးဖေစာပေဆု တစ်သက်တာ စာပေဆုရှင်၊ ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုရှင်၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆုများ ဆွတ်ခူးရရှိသူ
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ကွယ်လွန်သည်။)

ကျော်စွာခိုင်၊ ဗိုလ်ချုပ်(ငြိမ်း)(ဇေယျကျော်ထင်)
အသက် (၆၅) နှစ်
သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်တွင် ကွယ်လွန်သည်။)

ကျော်သက်၊ ဗိုလ်ကြီး(ငြိမ်း)
အသက် (၅၇) နှစ်
နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင် အလေးမအားကစား သမားဟောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်တွင် ကွယ်လွန်သည်။)

ကျော်ဦး၊ ဦး
အသက် (၇၉) နှစ်
မြန်မာ့အသံကျော်ဦး၊ မြန်မာ့အသံညွှန်ကြားရေးမှူး (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်တွင် ကွယ်လွန်သည်။)

ကြည်မြင့်၊ ဦး
အသက် (၆၃) နှစ်
ပြည်သူ့လွှတ်တော်စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ၂၀၁၁ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန်သုတ) ကို ဦးကြည်မြင့် (လသာ) ကလောင်နာမည်ဖြင့် နိုင်ငံများ၏ မနဉ့စွာစာအုပ်ဖြင့် ဆုရရှိသူ
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် ကွယ်လွန်သည်။)

ခင်ခင်ဦး၊ ဒေါ်
အသက် (၉၇) နှစ်
မနုဿဗေဒပညာရှင်၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန ဌာနမှူး(ငြိမ်း)၊ မဟာဝိဇ္ဇာဘွဲ့
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ကွယ်လွန်သည်။)

ခင်ထားရီ၊ ဒေါ်
အသက် (၇၀)
ရုပ်ရှင်သရုပ်ဆောင် ဒေါ်နှင်းဆီ
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ကွယ်လွန်သည်။)

ခင်မောင်ထွန်း၊ ရဲသူရိန်
အသက် (၇၅) နှစ်
စာရေးဆရာခင်မောင်ထွန်း (လမ်းမတော်)၊ ရဲမှူးကြီး (ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီးရွှေကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ကွယ်လွန်သည်။)

ကိုအင်ကာ၊ ဦး (ဦးဆတျာနာရာယန်းကိုအင်ကာ)
အသက် (၉၀)
ဝက္ကာကျော်ထင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့ ဝိပဿနာတရားပြဆရာကြီး
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ကွယ်လွန်သည်။)

စောလင်း၊ ဦး
အသက် (၇၅) နှစ်
စာရေးဆရာစောငုဝါ (ပျဉ်းမနား)၊ ၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေဆု (သုတပဒေသာဘာသာရပ်-အသုံးချသိပ္ပံ) ကို အိုင်အမ် ဇီဝနည်းပညာအသုံးပြု စိုက်ပျိုးရေးစာအုပ်ဖြင့် ရရှိသူ
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ကွယ်လွန်သည်။)

စစ်ကိုင်းကြည်ညွန့်
အသက် (၈၃) နှစ်
ယခင်ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်မျာအဖွဲ့ချုပ်နာယက၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နာယက၊ အင်အား အားကစားဂျာနယ်အယ်ဒီတာချုပ်စစ်ကိုင်းကြည်ညွန့်၊ အငြိမ်းစားဗိုလ်မှူး
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် ကွယ်လွန်သည်။)

စိန်ဝင်း၊ ဦး (ဂါးဒီးယန်း)
အသက် (၉၂) နှစ်
ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့(ရန်ကုန်တက္ကသိုလ်)၊ ဂါးဒီးယန်းသတင်းစာအယ်ဒီတာချုပ်(၁၉၅၈-၆၃)၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌ(၁၉၆၀-၆၂)၊ စာနယ်ဇင်းကောင်စီအထွေထွေအတွင်းရေးမှူး(၁၉၆၁-၆၂)၊ အပြည်ပြည်ဆိုင်ရာ သတင်းစာထုတ်ဝေသူများအဖွဲ့ချုပ် ရွှေကလောင်ဆုရှင်(၁၉၆၃)၊ အပြည်ပြည်ဆိုင်ရာ သတင်းစာအယ်ဒီတာများအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်(၁၉၆၃)၊ အေပီသတင်းဌာန မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက် (၁၉၆၉-၈၉)၊ ကျိုဒိုသတင်းဌာနမြန်မာနိုင်ငံဆိုင်ရာသတင်းထောက် (၁၉၈၉-၂၀၁၃)၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ (၁၉၈၉-၉၃)၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက (၁၉၉၃-၂၀၁၃)၊ ကန်တော့ခံသက်ကြီး စာပေပညာရှင်
(၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ကွယ်လွန်သည်။)

စဝ်သိန်း၊ ဦး
အသက် (၉၇) နှစ်
လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)၊ ကယားပြည်နယ် ဦးစီးအဖွဲ့ဝင် (ဟောင်း)၊ ကယားပြည်နယ်ပါလီမန် အမတ် (ဟောင်း)၊ ကယားပြည်နယ်ငြိမ်းချမ်းရေး အကျိုးဆောင်
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် ကွယ်လွန်သည်။)

ဇော်ခင်၊ ဦး
အသက် (၇၅) နှစ်
ရုပ်ရှင်မင်းသားကြီးဇော်ခင်၊ ချိန်းမိလေသောညရုပ်ရှင်ဇာတ်ကားမှစ၍ ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးပြီး နာမည်ကျော်ကြားသူ၊ ရေပွက်ပမာ ရုပ်ရှင်ဇာတ်ကားဖြင့်လည်း ထင်ရှားသူ၊ မှော်ဝင်ကြိုးရုပ်ရှင်ဇာတ်ကားကို နောက်ဆုံးရိုက်ကူးသူ
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ကွယ်လွန်သည်။)

ဉာဏ်ပေါ်၊ ဦး
အသက် (၆၀)
စာရေးဆရာမင်းလူ၊ လုံးချင်းဝတ္ထုများနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ညွှန်းများရေးသားသူ၊ ဝိဇ္ဇာဘွဲ့(ဒဿနိကဗေဒ)
(၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်တွင် ကွယ်လွန်သည်။)

ညွန့်ခင်၊ ဗိုလ်မှူး (ငြိမ်း)
အသက် (၈၃) နှစ်
အဆိုတော် တပ်ကြပ်ကြီးညွန့်ခင်၊ အနုပညာဦးစီးဌာနညွှန်ကြားရေးမှူး (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် ကွယ်လွန်သည်။)

တင်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)
အသက် (၈၄) နှစ်
မဟာသရေစည်သူဘွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(လေ) (ငြိမ်း)၊ ဒုတိယဝန်ကြီးချုပ် (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ကွယ်လွန်သည်။)

တင်မောင်၊ ဦး
အသက် (၈၁) နှစ်
စာရေးဆရာ ကရမက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကွယ်လွန်သည်။)

တင်ယု၊ ဦး(အကယ်ဒမီ)
အသက် (၉၃) နှစ်
ဝိဇ္ဇာပညာထူးချွန်တံဆိပ်ဒုတိယဆင့် (၂၀၀၈ ခုနှစ်)၊ ၁၉၆၀ ပြည့်နှစ်တွင် မေတ္တာရွှေရည်ရုပ်ရှင် ဇာတ်ကား ဖြင့် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု(အကယ်ဒမီ)ရရှိသူ ရုပ်ရှင် ဒါရိုက်တာ
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ကွယ်လွန် သည်။)

တင်လှ၊ ဒေါ် (ရွှေမန်း)
အသက် (၈၉) နှစ်
မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီး စာပေပညာရှင် ရွှေမန်းတင်လှ၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာဂုဏ်ထူး (ရန်ကုန်တက္ကသိုလ်)၊ မဟာသိပ္ပံ (ကိုလံဘီယာ)
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ကွယ်လွန်သည်။)

တင်ဦး၊ ဗိုလ်မှူးကြီး(ငြိမ်း)
အသက် (၉၅) နှစ်
သိရိပျံချီဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ သူရဲကောင်း မှတ်တမ်းဝင်၊ ယခင်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ အမြောက်နှင့်သံချပ်ကာ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် ကွယ်လွန်သည်။)

ထွေးမြင့်၊ ဦး
အသက် (၈၄) နှစ်
ဝါရင့်နိုင်ငံရေးသမားကြီး
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် ကွယ်လွန်သည်။)

ထွန်းမြင့်၊ ဦး
အသက် (၅၂) နှစ်
တေးသံရှင်ဟယ်ရီလင်း
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ကွယ်လွန် သည်။)

ထွန်းရင်လော၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)
အသက် (၈၈) နှစ်
ရှမ်းပြည်နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌဟောင်း၊ နိုင်ငံတော် ကောင်စီဝင် (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် ကွယ်လွန်သည်။)

ထွန်းရွှေ၊ ဗိုလ်မှူး(ငြိမ်း)
အသက် (၇၈) နှစ်
စာရေးဆရာကြီး ပြည်ထွန်းရွှေ၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး(ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ကွယ်လွန်သည်။)

ဒဂုန်တာရာ (ဦးဌေးမြိုင်)
အသက် (၉၅) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)၊ ၁၉၆၁ ခုနှစ် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆုကို စံပယ်ဦးဝတ္ထုတိုများ စာအုပ် ဖြင့်လည်းကောင်း၊ ၁၉၉၉ ခုနှစ်အမျိုးသားစာပေဆု စာပဒေသာဆုကို အလှပေဒစာအုပ်ဖြင့် လည်းကောင်း ရရှိသူ၊ ၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေတစ်သက်တာ စာပေဆု ချီးမြှင့်ခံရသူ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ တရုတ်-မြန်မာမိတ်ဆွေဖြစ် အသင်းချုပ် အမှုဆောင်၊ မြန်မာ-ဆိုဗီယက်ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ် အသင်းချုပ်အမှုဆောင်နှင့် ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံ အမြဲတမ်း ကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားစာပေညီလာခံ ပြင်ဆင်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကဗျာဆရာ သမဂ္ဂ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သူ
(၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်တွင် ကွယ်လွန် သည်။)

ပါပါလေး၊ လူရွှင်တော်
အသက် (၆၇) နှစ်
၁၉၆၀ ပြည့်နှစ်တွင် ပွင့်ဦးအငြိမ့်၌ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၇၀ ပြည့်နှစ်တွင် ပါပါလေးအငြိမ့်ကို တည်ထောင်လုပ်ကိုင်သူ၊ သက်တမ်းနှစ် ၅၀ ကျော် လူရွှင်တော် အဖြစ်လုပ်ကိုင်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ကွယ်လွန်သည်။)

ပြည့်စုံ၊ ဦး (သွေးသောက်)
အသက် (၈၈) နှစ်
စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ သွေးသောက်မဂ္ဂဇင်းအယ်ဒီတာချုပ် ပြည့်စုံ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ကွယ်လွန်သည်။)

မေလွင်၊ ဒေါ်
အသက် (၈၃) နှစ်
ရုပ်ရှင်မင်းသမီးကြီးမေလွင်၊ ချစ်မမရုပ်ရှင်ဇာတ်ကားဖြင့် ၁၉၅၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ
(၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်တွင် ကွယ်လွန်သည်။)

မင်းဂေါင်၊ ဗိုလ်ချုပ် (ငြိမ်း)
အသက် (၈၈) နှစ်
ပြည်ထဲရေးဝန်ကြီးဟောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ကွယ်လွန်သည်။)

မောင်မောင်၊ ဒေါက်တာ
အသက် (၅၄) နှစ်
စာရေးဆရာ ဒေါက်တာမိုလာ၊ B.D.S,Dip:DSc,FICD, FICCDE,Dip:in Food Tech:
(၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက်တွင် ကွယ်လွန်သည်။)

မောင်ဝံသ (ဦးစိုးသိမ်း)
အသက် (၆၉) နှစ်
အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်၊အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဒုတိယဥက္ကဋ္ဌ၊သုတစွယ်စုံစာပေဆုနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုများရရှိသူ၊လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်း၊ ဟံသာဝတီနှင့်ဗိုလ်တထောင်သတင်းစာအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဆောင်းပါးများနှင့်လုံးချင်းစာအုပ် ၆၂ အုပ် ရေးသားထုတ်ဝေခဲ့သူ၊ဒေါင်းစာပေတည်ထောင်သူနှင့် အုပ်ချုပ်သူ၊ အတွေးအမြင်မဂ္ဂဇင်းတည်ထောင်သူနှင့်စီစဉ်သူ၊ ပြည်သူ့ခေတ်ဂျာနယ် တည်ထောင်သူနှင့် အတိုင်ပင်ခံအယ်ဒီတာ
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ကွယ်လွန်သည်။)

မော့စ်၊ အကယ်ဒမီ (ဦးတင်ဝင်း)
အသက် (၅၉) နှစ်
ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဗီဒီယိုနှင့်ရုပ်ရှင်ဇာတ်ကားပေါင်း ၈၀၀ ကျော် ရိုက်ကူးခဲ့ပြီး ထာဝရအလင်းတန်းများ ရုပ်ရှင်ဇာတ်ကားဖြင့် ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု (အကယ်ဒမီ) ရရှိသူ
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကွယ်လွန်သည်။)

မျိုးမြင့်၊ ဒေါက်တာ (ပါမောက္ခ)
အသက် (၇၀)
မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ(၁၉၉၉-၂၀၀၅)၊ ရန်ကုန်ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်(ငြိမ်း)၊ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး
(၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်တွင် ကွယ်လွန်သည်။)

မျိုးမြင့်လေး၊ ဦး (တေးသံရှင်)
အသက် (၇၄) နှစ်

မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုအလုပ်အမှုဆောင်
ကော်မတီအဖွဲ့ဝင်၊ စနေနွေညကိုးနာရီ၊ နေကာမျက်မှန်
လေးနဲ့၊ နှင်းမှုန်မြို့တော်၊ မောင့်ရင်ထဲမှာနေမှာလား၊
မေတ္တာပုလဲပန်း၊ ကြာလေလေခိုင်မြဲလေလေ၊ ချစ်ချစ်
စသည့်သီချင်းများဖြင့် ထင်ရှားကျော်ကြားသူ
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ကွယ်လွန်
သည်။)

မြအေး၊ ဒေါက်တာ
အသက် (၆၅) နှစ်
ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ကွယ်လွန်
သည်။)

မြင့်ဌေး၊ ဦး
အသက် (၅၉) နှစ်
ကလေးရုပ်ရှင်သရုပ်ဆောင်မောင်မြင့်ဌေး၊မြန်မာ့လက်
ရွေးစင်ဂျူဒိုအားကစားသမား၊ အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ ငွေတံဆိပ်နှစ်ဆုရှင်၊ အကောက်ခွန်
ဦးစီးဌာန လက်ထောက်အကောက်ခွန်မှူး
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကွယ်လွန်
သည်။)

မြင့်သိန်း၊ ဦး
အသက် (၆၇) နှစ်
စာရေးဆရာတက္ကသိုလ်ကိုလတ်၊ B.A (Myanmar),
D.P.M.S(Ygn)။ ၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆု
ကျမ်းစာပေတတိယဆုကို အဏ္ဏဝါရတနာမြန်မာ့
ပုလဲစာမူဖြင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ် ဓာပေဗိမာန်
စာမူဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဒုတိယဆုကို
ပင်လယ်ပျော်မော်ကင်းစာမူဖြင့်လည်းကောင်း၊ ၂၀၀၄
ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု သုတေသနစာပေ
ဒုတိယဆုကို ပြည်ပစွေးကွက်ဝင် ပင်လယ်ငါးစာမူဖြင့်
လည်းကောင်းရရှိသူ
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ကွယ်လွန်
သည်။)

ရဲထွဋ်၊ ဗိုလ် (ရဲဘော်သုံးကျိပ်ဝင်)
အသက် (၉၂) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်း
ဝင်တံဆိပ်(ပထမဆင့်)၊ လွတ်မြောက်ရေးတံဆိပ်၊
လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ အရေးတော်ပုံတံဆိပ်၊
ဘီအိုင်အေတပ်မတော်သူရဲကောင်းတံဆိပ် (ဒုတိယ
ဆင့်)၊ ဗမာ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲ
အသက်စွန့်တိုက်ပွဲဝင်ခဲ့သူ ရဲဘော်သုံးကျိပ်ဝင်များ
အနက် အသက်အငယ်ဆုံးနှင့် နောက်ဆုံးကျန်ရစ်သူ
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ကွယ်လွန်
သည်။)

ရဲမြင့်၊ ဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၈၆) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ယခင်
ချင်းပြည်နယ်ဒေသပါတီကော်မတီနှင့် မန္တလေးတိုင်း
ဒေသပါတီကော်မတီဥက္ကဋ္ဌ၊ ယခင်ဗဟိုနိုင်ငံရေး
တက္ကသိုလ် ကျောင်းအုပ်ကြီး
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကွယ်လွန်
သည်။)

လှမိုး၊ စန္ဒရား
အသက် (၈၃) နှစ်
ဂီတစာဆိုစန္ဒရားလှမိုး၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
(ဗဟို) အကဲဖြတ် (တေးရေး)၊ တပ်မတော်(လေ)
တပ်ကြပ်ကြီး (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် ကွယ်လွန်
သည်။)

လှမိုး၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)
အသက် (၈၉) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်း
ဝင်တံဆိပ်(ဒုတိယဆင့်)၊ သက်ကြီးကန်တော့ခံစာပေ
ပညာရှင် လင်းရောင် (မင်းလှ)
(၂၀၁၃ ခုနှစ်၊ နိုဂင်ဘာလ ၂၉ ရက်တွင် ကွယ်လွန်
သည်။)

လှိုင်ဝင်း၊ ဦး
အသက် (၇၈) နှစ်
စန္ဒရားနီနီ၊ မြန်မာ့အသံ(ငြိမ်း)
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ကွယ်လွန်သည်။)

ဝင်း၊ ဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၉၃) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင် (ငြိမ်း)၊ စစ်လက်နက်ပစ္စည်းညှိနှိုင်းကြားရေးမှူး (ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် ကွယ်လွန်သည်။)

ဝင်းထိန်၊ ဦး
အသက် (၅၈) နှစ်
ပန်းချီမြို့တော်ဝင်းထိန်၊ ရုပ်ပြ ပန်းချီရေးဆွဲရာတွင် နာမည်ကျော်ကြားသူ
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် ကွယ်လွန်သည်။)

သော်တာ၊ ဦး (အာယု)
အသက် (၅၅) နှစ်
တေးရေးဆရာ၊စာရေးဆရာ၊ဒါရိုက်တာအာယု
(၂၀၁၃ ခုနှစ်၊ မေလ ၉ ရက်တွင် ကွယ်လွန်သည်။)

သောင်းညွှန့်၊ ဦး
အသက် (၆၅) နှစ်
စာပေဗိမာန်စာမူဆုရ သတင်းထောက်သောင်းညွှန့် (ဖျာပုံ)၊ ၂၀၀၄ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုကို စာပေရေးသားထုတ်ဝေခြင်းဆိုင်ရာ ဥပဒေရေးရာစာမူဖြင့်လည်းကောင်း၊ ၂၀၀၅ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာဒုတိယဆုကို ထင်ပေါ်ကျော်ကြားမြန်မာသတင်းစာဆရာကြီးများ စာမူဖြင့်လည်းကောင်း ရရှိသူ
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် ကွယ်လွန်သည်။)

သောင်းညွှန့်၊ ဦး
အသက် (၉၀)
ကန်တော့ခံသက်ကြီးစာပေပညာရှင် သတင်းထောက် သောင်းညွှန့်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ကွယ်လွန်သည်။)

သန့်စင်၊ ဦး
အသက် (၈၇) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင် (ငြိမ်း)၊ ဗဟိုတရားရုံးချုပ်တရားသူကြီး (ငြိမ်း)၊ ဗဟိုတရားရုံးချုပ်ရှေ့နေ
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ကွယ်လွန်သည်။)

သန်း၊ ဦး(ဆရာကြီး)
အသက် (၉၃) နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ လယ်တီမူ-အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယချုပ်
(၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ကွယ်လွန်သည်။)

အေးလှိုင်၊ ဦး (ဗိုလ်အောင်နိုင်)
အသက် (၉၄) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ဂျပန်ဘုရင့်စစ်တက္ကသိုလ် ဒုတိယပတ်ဗိုလ်သင်တန်းဆင်း (မင်္ဂလာဒုံ)၊ ဂျပန်ခေတ် လေတပ်ပညာတော်သင်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ကွယ်လွန်သည်။)

အောင်ရှိန်၊ ဦး
အသက် (၈၆) နှစ်
မြန်မာကာတွန်းလောကတွင် ထင်ရှားသောကာတွန်းဆရာကြီးအောင်ရှိန်၊ ဦးရဲ့စား၊ ဦးဒိန်းဒေါင်၊ ဦးစိတ်တို

နှင့်မျောက်ညိုစသည့်ကာတွန်း ဇာတ်ကောင်များ ဖန်တီးခဲ့သူ၊ နာမည်ကျော်ကာတွန်းဆရာများ မွေးထုတ်ပေးခဲ့သူ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ကွယ်လွန်သည်။)

အောင်သန်းတင်၊ ဒေါ် (လွတ်လပ်ရေး) (ဒေါ်မြစိန်)
အသက် (၉၄) နှစ်
ဇာတ်သဘင်ပညာရှင် ဇာတ်မင်းသမီးကြီး၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်သဘင်အဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အကြံပေးပုဂ္ဂိုလ်(ယခင်)၊ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အကနှင့်ဇာတ်သဘင် ဗဟိုအကဲဖြတ်ဒိုင်၊ ကန်တော့ခံသက်ကြီးသဘင်ပညာရှင်နှင့် ရုပ်ရှင်သရုပ်ဆောင်
(၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ကွယ်လွန်သည်။)

အိန်ဆိုင်၊ မောင်ဗမာ
အသက် (၉၇) နှစ်
၁၉၄၆-၁၉၄၈၊ ၁၉၅၂ ခုနှစ်များတွင် မောင်ဗမာဆုများရရှိသူ၊ မြန်မာ့မီးရထား(ငြိမ်း)
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကွယ်လွန်သည်။)

အုန်းကျော်၊ ဦး (အကော်ဒီယံ)
အသက် (၇၅) နှစ်
လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)၊ ဂီတစာဆို၊ တေးသံရှင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဟောင်း (၁၉၉၁-၂၀၀၅)
(၂၀၁၃ ခုနှစ်၊ မေလ ၂၅ ရက်တွင် ကွယ်လွန်သည်။)

အုန်းဖေ၊ ဦး
အသက် (၈၄) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် အဆိုတော်မေမြို့ခင်မောင်မြင့်၊ ယခင် ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းအင်ဂျင်နီယာ (ငြိမ်း)၊ သိပ္ပံမဂ္ဂဇင်းအမှူဆောင်
အယ်ဒီတာ (၁၉၈၃)

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ကွယ်လွန်သည်။)

အုန်းမောင်၊ ဦး(ရာမ)
အသက် (၈၃) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ ရေကျော်ရာမနန်းတွင်းဇာတ်တော်ကြီး ရှေ့ပိုင်းအော်ပရာဇာတ်လမ်းများ၊ နောက်ပိုင်းရာဇဝင်ဇာတ်တော်များနှင့် ဇာတ်ဝင်တေးသီချင်းများရေးသားခြင်း၊ သင်ကြားပေးခြင်း၊ ပါဝင်ကပြခြင်းတို့ကို ဆောင်ရွက်ခဲ့သူ
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကွယ်လွန်သည်။)

ကလျာဏ၊ ဘဒ္ဒန္တ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ) (မြန်မာ ၁၂၉၅-၁၃၇၅)။ ။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့မင်းကွန်းမဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကလျာဏကို ခမည်းတော် ဦးကုလား၊ မယ်တော်ဒေါ်လုံးတင်တို့က ၁၂၉၅ ခုနှစ်၊ ကဆုန်လပြည့်တနင်္လာနေ့တွင် ရွှေကျင်မြို့ ညောင်ဝိုင်းတရုတ်တန်းရပ်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၅ ရက်တွင် မင်းကွန်းသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးကိတ္တိဓမ္မကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၁၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် မင်းကွန်းသတိပဋ္ဌာန်ဆရာတော် ဦးကိတ္တိဓမ္မကို ဥပဇ္ဈာယ်ပြု၍ ရွှေကျင်မြို့ ရှမ်းကြေရပ်နေ ဦးထွန်းစိန်၊ ဒေါ်ဆန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်သည် ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျောင်းဆရာတော် ဦးပညာသာရထံတွင် ကျမ်းကြီးပေါက်ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။ ဆရာတော်သည် ၁၉၃၄ ခုနှစ်တွင်

ဘဒ္ဒန္တကလျာဏ

မင်းကွန်းမဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် တရားပြသခဲ့သည်။ ရွှေကျင်မြို့နယ်သံဃနာယက ဩဝါဒါစရိယအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၁ ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၀၊ သိက္ခာတော် ဝါ ၆၀ အရ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ကုသလ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၈၁-၁၃၇၅)။ ။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုသလကို ခမည်းတော် ဦးလူတုတ်၊ မယ်တော် ဒေါ်ပိန်တို့က ၁၂၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်တွင် ကျောက်တန်းမြို့နယ် မီးပြကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၁ ခုနှစ်တွင် မီးပြကျေးရွာကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တလကွဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူသည်။ ၁၃၀၀ ပြည့်နှစ်တွင် ကွန်ဒိုင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကွန်ဒိုင်းကျောင်းခက္ကသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် မီးပြကျေးရွာ ကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တလကွဏ၊ ကျောက်တန်းမြို့ အသောကာရာမကျောင်းဆရာတော် ဘဒ္ဒန္တကုက္ကုလ၊ ဘဒ္ဒန္တပဏ္ဍိတ၊ သန်လျင်မြို့နယ် လဟာရက်ကျေးရွာ ပထမပြန် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကလျာဏ၊ ဘဒ္ဒန္တသာသန၊ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏသိရီ၊ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တ ဩဘာသစသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ယူဆည်းပူးတော်မူပြီး ၁၃၁၈ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူကာ သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော် ရရှိတော်မူသည်။

ဆရာတော်သည် ၁၃၂၀ ပြည့်နှစ်မှစ၍ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၌ ပထမပြန်စာမေးပွဲဆိုင်ရာ ပရိယတ္တိစာပေများသင်ကြားပို့ချတော်မူပြီး သန်လျင်မြို့နယ် သံဃာ့ဝန်ဆောင်၊ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဩဝါဒါစရိယ၊ သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၊ မြို့လယ်နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံဂေါပကအဖွဲ့၊ ဆံတော်ရှင်ကျိုက်ဒေးယျံစေတီတော်ဂေါပကအဖွဲ့၊ မဟာအတုလသဒ္ဓမ္မရုံသီမြို့နယ် သာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ ဩဝါဒါစရိယစသော သာသနာရေးတာဝန်များကို ထမ်းဆောင်တော်မူသည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၃၅၅ ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်ကို



ဘဒ္ဒန္တကုသလ

လည်းကောင်း၊ ၁၃၆၆ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ် လှူဒါန်းသည်။

ဆရာတော်သည် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၁၃ ရက်တွင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

ကောဝိဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၈၇-၁၃၇၅)။ ။ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒကို ခမည်းတော် ဦးချစ်မြ၊ မယ်တော် ဒေါ်ငွေချို့တို့က ၁၂၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် တနလ်ာနေ့တွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ဘုရားကြီး အုပ်စု ချင်းယားကုန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ချင်းယားကုန်းကျေးရွာ ချင်းယားကုန်းကျောင်း ဆရာတော်ဘဒ္ဒန္တ မေဏ္ဍကကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ချင်းယားကုန်းကျောင်း ခဏ္ဍသိမ်တော်၌ ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တမေဏ္ဍကကို ဥပဇ္ဈာယ်ပြု၍ ဦးပန်းသာ၊

ဒေါ်ငွေယုံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ချင်းယားကုန်းကျောင်းဂိုဏ်းချုပ် ဆရာတော် ဘဒ္ဒန္တ မေဏ္ဍကာ၊ ဦးဂ္ဂနွေဘာသ (ခ) ဆရာကြီး ဦးလှမောင်၊ ငွေဇီးမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက် ပထမဆရာတော် ဘဒ္ဒန္တ ဉာဏာဝရာဘိဝံသ(သ. စ. အ ဓမ္မာစရိယ)၊ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တ သေဋ္ဌလာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ညောင်ရမ်းဆရာတော် ဘဒ္ဒန္တ လက္ခဏာ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဝေယ်ဘုံသာဆရာတော် ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)၊ ဝိသုဒ္ဓါရုံတိုက် သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသစသော ဆရာတော်များထံတွင် အခြေခံစာဝါများ၊ ဓမ္မာစရိယ စာချတန်းစာဝါများ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းဂန်များကို သင်ကြားဆည်းပူးခဲ့ပြီး အစိုးရဓမ္မာစရိယစာချတန်းတွင် ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်းပါအောင်မြင်ခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကိုရရှိခဲ့သည်။

ဆရာတော်သည် ရဟန်း ၁၀ ဝါမှစ၍ ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက်တွင် လက်ထောက်တိုက်အုပ်စာချကထိကအဖြစ်လည်းကောင်း၊ ၁၃၃၀ ပြည့်နှစ်မှစ၍ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ပြီး ပရိယတ္တိစာပေများကိုလည်း ပို့ချတော်မူသည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂီယနာပွဲတွင် အင်္ဂုတ္တရအဋ္ဌကထာကို ပါဠိဝိသောဓကအဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။ ပျော်ဘွယ်မြို့၌ ယဉ်ကျေးမှုသင်တန်းများ၊ စာဖြေဌာနများဖြစ်မြောက်အောင် ဆောင်ရွက်ရာတွင် အထူးအောင်မြင်ခဲ့ပြီး မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃ့ကိုယ်စားလှယ်၊



ဘဒ္ဒန္တကောဝိဒ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့သို့ကြွရောက်၍ သာသနာပြုခဲ့ခြင်း၊ အိန္ဒိယ၊ နီပေါ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ နိုင်ငံများသို့ကြွရောက်၍ သာသနာပြုခဲ့ခြင်း၊ ပော်ဘွယ်မြို့သပြေကုန်းအုပ်စု၊ ရေလယ်ကွေ့ကျေးရွာတွင် ဘာသာခြားများကို ဗုဒ္ဓဘာသာဝင်များဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းစသော သာသနာ့တာဝန်များကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော် အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါအရ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ကုက္ကာလာဘိဝံသ၊ ဘဒ္ဒန္တ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၄-၁၃၇၅)။ ။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်နာယကချုပ်

ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုက္ကာလာဘိဝံသကို ခမည်းတော် ဦးဖေဘ၊ မယ်တော် ဒေါ်မယ်မတို့က ၁၂၉၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် တနလ်ာနေ့တွင် စဉ့်ကူးမြို့နယ်ဆည်သည်ရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် အသက် ၇ နှစ်အရွယ်တွင် ဆည်သည်ရွာသီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် သို့ရောက်ရှိခဲ့ပြီး ၁၃၁၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်တွင် အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ကြီး ဘဒ္ဒန္တဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့သစ်စက်ပိုင်ရှင် ဦးဘတင်၊ ဒေါ်မိမိလေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မဟာဂန္ဓာရုံကျောင်းတိုက်၊ ခဏ္ဍာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

ဆရာတော်သည် ဦးရီးတော် သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံတွင် သဒ္ဒါ၊ သဂြိုဟ်စသောပိဋကတ်အခြေခံကျမ်းစာများ သင်ယူဆည်းပူးခဲ့ပြီး ၁၃၀၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်တွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိကာ ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသထံ၌ သင်ရိုးကျမ်းစာများနှင့်အထက်တန်း ပိဋကတ်ကျမ်းစာများ သင်ယူခဲ့သည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးချမ်းအေးချောင်ဆရာတော် ဘဒ္ဒန္တပဒုမ၊ ပဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တဉာန္ဒက (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ဘုရားကြီးတိုက် တာရာမင်းကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာဇောတာဘိဝံသ၊ တောင်သမန်တိုက် ဆရာတော် ဘဒ္ဒန္တကေသဝါဘိဝံသ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်စာချဆရာတော် ဘဒ္ဒန္တကဝိန္ဒ (အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ)၊ ဘဒ္ဒန္တ စန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဝရဗုဒ္ဓိ၊ ဘဒ္ဒန္တသြဘာသ၊ ဘဒ္ဒန္တသာရမဥ္ဇု။ ဘဒ္ဒန္တပဏ္ဍိတ(ပထမကျော်၊ သိရောမဏိ) စသော ကျမ်းတတ်အကျော်ဆရာတော်

များထံတွင် နေ့ဝါ၊ ညဝါ ပိဋကတ်ကျမ်းစာအဖြာဖြာကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းက ကြီးမှူးကျင်းပသော သာမဏေသကျသီဟစာမေးပွဲကို တတိယအဆင့်၌ နံပါတ်(၁)ဖြင့် အောင်မြင်၍ သာသနာလက်ာရသာမဏေကျော်ဘွဲ့ ကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့ကိုလည်းကောင်း၊ ရဟန်း (၈) ဝါအရတွင် သကျသီဟသီးခြားစာချတန်းကို အောင်မြင်တော်မူ၍ အဘိဝံသဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ဆရာတော်သည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ စီစဉ်ပေးမှုအရ အင်္ဂလိပ်စာနှင့် သင်္ကတ၊ ဘာသန္တရကျမ်းစာကိုလည်း သင်ကြားဆည်းပူးခဲ့သည်။

ဆရာတော်သည် ရဟန်းတစ်ဝါအရကပင် မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် တွဲဖက်၍ စာပေပို့ချကာ ဆရာတော်ကြီး၏ကျမ်းစာများကိုလည်း ကူညီရေးသားခဲ့သည်။ ဆရာတော်သည် စာပေပို့ချမှု၊ ကျောင်းတိုက်သံဃာများကို စောင့်ရှောက်အုပ်ချုပ်မှု တာဝန်များအပြင် တရားဟောပြောရေးကိစ္စများကိုလည်း ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် သာသနာ့အသက်၊ သဂါထာဝဂ္ဂသံယုတ်၊ မြန်မာဘာသာဋီကာ၊ အောင်ခြင်းတရားတော်၊ စနစ်ပြဓမ္မာစရိယနှင့် ဟောစဉ်တရားတော်များအစရှိသည့် ကျမ်းစာများကို ရေးသားပြုစုခဲ့သည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပထမ၊ ဒုတိယ အကြိမ်သက်တမ်းကာလများတွင် တိုင်းသံဃာ့ဝန်ဆောင်နှင့် တိုင်းသံဃနာယကအဖွဲ့ဝင် (ရွှေကျင်)၊ ၁၃၄၉ ခုနှစ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ ပရိယတ္တိပညာရေးစီမံကိန်းပြင်ဆင်ရေးအဖွဲ့တွင် အဖွဲ့ဝင်တာဝန်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊

ဘဒ္ဒန္တ ကုလ္လာလာဘိဝံသ

၁၉၉၆ ခုနှစ်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၁ နှစ်၊ သိက္ခာတော် ၆၁ ဝါအရ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ကောလ္လာညာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၇၉-၁၃၇၅)။ ။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်ရေလယ်လေးကျောင်း၏ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောလ္လာ ညာဘိဝံသကို ခမည်းတော် ဦးဖိုးချို၊ မယ်တော် ဒေါ်ငွေရင်တို့က ၁၂၇၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ တနလ်ာနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ထိန်ကျွန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ်သားအရွယ်တွင် ကျိုက်လတ်မြို့၊ ထိန်ကျွန်းရွာလယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိသည်။

ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ

၁၂၉၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်တွင် ထိန်ကျွန်းရွာလယ်ကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒဝံသာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ထိန်ကျွန်းရွာလယ်ကျောင်းခဏ္ဍသိမ်၌ ဦးပစ်ဆောင်း၊ ဒေါ်ရွှေဆက်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ထိန်ကျွန်းရွာလယ်ကျောင်း ဥပဇ္ဈာယ်ဆရာတော်ဘဒ္ဒန္တနန္ဒဝံသာဘိဝံသ၊ ညောင်တုန်းမြို့ပုပွါးကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက်ဆရာတော်၊ တောင်ပြင်ဆရာတော်၊ ဦးကြွေယ်ကျောင်းတိုက်၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် တောင်ဘီလူးကြီးကျောင်း၊ သာသနာလင်္ကာရကျောင်း၊ ဗဟန်းညောင်တုန်းကျောင်းတိုက်၊ ဗဟန်းအလယ်တောရ ပါဠိတက္ကသိုလ်စာချကျောင်း၊ ဗားကရာတောရကျောင်းတိုက်စသော ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများသင်ယူခဲ့ပြီး အစိုးရမဟာစရိယတန်း၊ စေတီယင်္ဂဏစာချတန်းစာမေးပွဲ၊ သက္ကသီဟမဟာစရိယစာမေးပွဲတို့ကို အောင်မြင်တော်မူ၍ (သ. စ. အ) မဟာစရိယဘွဲ့တံဆိပ်တော်များရရှိခဲ့သည်။

ဆရာတော်သည် သရက်တောကျောင်းတိုက်ရေလယ်လေးပါဠိတက္ကသိုလ်နှင့် အလယ်တောရပါဠိတက္ကသိုလ်တို့တွင် ကထိကတာဝန်ထမ်းဆောင်ခဲ့ပြီး ရဟန်းသာမဏေတို့ကို ပရိယတ္တိစာပေများသင်ကြားပို့ချခဲ့သည်။ ဉာဿကောက်အကျယ်ကျမ်းနှင့် မဟာစရိယပုစ္ဆာဝိသဇ္ဇနာကျမ်းစသောကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ရာတွင်လည်း ဆဋ္ဌသင်္ဃတိပါဠိဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယအကြိမ်တို့၌ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ပြီး ပဲ့လွန်တော်မူချိန်အထိ မြို့နယ်ဩဝါဒိစရိယ ဆရာတော်အဖြစ်ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် နိုင်ငံတော်အစိုးရမဟာစရိယစာမေးပွဲ၏စာစစ်အဖွဲ့ဝင်၊ တိပိဋကစာမေးပွဲ၏ ပုစ္ဆက၊ နိုင်ငံတော်ဝိနည်းဓိရ်အစရှိသောသာသနာ့တာဝန်များကိုထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၄ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါအရ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

စန္ဒိမာ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၄-၁၃၇၅)။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက်ဦးစီးပမာန နာယက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကို ခမည်းတော် အမိန့်ရမင်း (ရှေ့နေ) ဦးအောင်ဘ၊ မယ်တော် ဒေါ်ရွှေသက်တို့က ၁၂၉၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် အင်္ဂါနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စက္ကပါတင်ကုတ်ကြီးရွာ၌ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ်အရွယ်တွင် ကန့်ဘလူမြို့ စက္ကပါတင်ကုတ်ကြီး ကျေးရွာဆရာတော် ဦးတိက္ခကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၁၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်တွင် ဆရာတော် ဦးတိက္ခကို ဥပဇ္ဈာယ်ပြု၍ စက္ကပါတင်ကုတ်ကြီးကျေးရွာကျောင်းခဏ္ဍသိမ်တော်၌ စာရေးကြီးဦးဘချမ်း၊ ဒေါ်စောမေ မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ကန့်ဘလူမြို့ စက္ကပါတင်ကုတ်ကြီးကျေးရွာဘုရားဖြူဆရာတော်ထံတွင် အခြေခံကျမ်းစာများသင်ယူဆည်းပူးခဲ့ပြီး မန္တလေးမြို့ မစိုးရိမ်တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဘဒ္ဒန္တသူရိယာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု ပဌာန်းဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓ နှင့် မစိုးရိမ်တိုက် စာချအကျော်အမော် ဆရာတော်ကြီးများထံတွင် ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အစရှိသည်တို့ သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရမှာ စရိယစာမေးပွဲကို အောင်မြင်ခဲ့သည်။



ဘဒ္ဒန္တစန္ဒိမာ

ဆရာတော်သည် လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက်တွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်စသည်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါအရ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

နာဂိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၃၇၅-၁၃၇၄)။ ။ မန္တလေးတိုင်းဒေသကြီးမဟာအောင်မြေမြို့နယ်၊ မြတောင်ကျောင်းတိုက်၊ သာသနာ့ဂုဏ်ရည်ဇမ္ဗူအေး စာချကျောင်းပဓာနနာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသကို ၁၂၉၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်တွင် ခမည်းတော် ဦးဖိုးချင်း၊ မယ်တော်ဒေါ်အုံးပွင့်တို့က စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၀ နှစ်သားအရွယ်တွင် တန့်ဆည်မြို့၊ ဗိုလ်မြရပ်ကွက်၊ သုံးထပ်ကျောင်းဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူပြီး ၁၃၁၅ ခုနှစ်၊နယုန်လပြည့်ကျော် ၁၃ ရက်တွင် သုံးထပ်ကျောင်းဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် သုံးထပ်ကျောင်းခဏ္ဍသီမ်တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

ဆရာတော်သည် တန့်ဆည်မြို့သုံးထပ်ကျောင်းဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓနှင့်ဘဒ္ဒန္တဓန္ဓန၊ ရန်ကုန်မြို့ စမ်းချောင်း၊ ဗားကရာတောရတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဘဒ္ဒန္တနာရဒါဘိဝံသ၊ မန္တလေးမြို့ မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ခေမာဝင်းကျောင်းဆရာတော်ဘဒ္ဒန္တခေမိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ကျမ်းတတ်အကျော်ဆရာတော်ကြီးများထံတွင်ပရိယတ္တိစာပေများသင်ကြားဆည်းပူးခဲ့ပြီး အစိုးရမဟာစရိယ၊ သက္ကသီဟမဟာစရိယနှင့် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟစာသင်တန်းတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည်မန္တလေးမြို့ မဏိရတနာရာမမြတောင်ကျောင်းတိုက်ကြီးတွင် ၁၃၂၄ ခုနှစ်မှ စတင်၍ ပရိယတ္တိစာပေများသင်ကြားပို့ချပေးခဲ့ပြီး ပရိယတ္တိသာသနာ့ဟိတအသင်းကြီး၏ စာမေးပွဲသုံးရပ်တွင် ပုစ္ဆာက၊ အစိုးရဓမ္မာစရိယစာစစ်အဖွဲ့ဥက္ကဋ္ဌ

ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ

တာဝန်နှင့်သံဃာသမ္မုတိရသံဃာ့ကိုယ်စားလှယ်တာဝန်အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူလျက် ယမကဝါစနာမဂ္ဂဒီပနီကျမ်းနှင့်ဆန္ဒဝါစနာမဂ္ဂဒီပနီကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၀၊ သိက္ခာတော် ၆၀ ဝါအရ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

နန္ဒဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၆-၁၃၇၅)။ ။

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် ပေါက်ချောင်းရွာ၊ ပစ္ဆိမာရုံကျောင်းဆရာတော်ဘဒ္ဒန္တစိတြကို ဥပဇ္ဈာယ်ပြု၍ ဘဒ္ဒန္တစိတြ၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်တွင် မင်းတန်းရွာဒါန်းကျောင်းဆရာတော်ဘဒ္ဒန္တဥေယျကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စဟာနုဂ္ဂဟဖြင့် ပေါက်ချောင်းရွာပစ္ဆိမာရုံကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ပေါက်ချောင်းရွာ ပစ္ဆိမာရုံကျောင်းဆရာတော်ဘဒ္ဒန္တစိတြ၊ ဆရာတော်ဘဒ္ဒန္တသုမန၊ဆရာတော်ဘဒ္ဒန္တဇောတိက၊ မြင်းခြံမြို့သာသနာ့ဇောတိကာရုံဆရာတော်ဘဒ္ဒန္တဇာဂရ(ခရိုင်ဝိနည်းဓိုရ်)၊ ဆရာတော်ဘဒ္ဒန္တက္ကန္ဒာစာရ၊ ဆရာတော်ဘဒ္ဒန္တကုမာရ (သာ၊ သီ-စ၊ သကျသီဟ) မကွေးမြို့မဟာဓမ္မိကာရာမတိုက်ဆရာတော် ဘဒ္ဒန္တ သူရိယ၊ ဘဒ္ဒန္တ စန္ဒာဝရ၊ ရန်ကုန်မြို့ ကမာရွတ်ဓမ္မပါရဂူတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ခန္တီသာရ၊ မန္တလေးမြို့ ဘုရားကြီးတိုက်အမရပူရကျောင်းဆရာတော်တို့ထံ၌ ပိဋကတ်စာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇ သီရိပဝရဓမ္မာစရိယဘွဲ့၊ ဝိနယပါရဂူဘွဲ့၊ မြင်းခြံမြို့ ဝိနယာနုဂ္ဂဟ စာချတန်းအောင်မြင်သဖြင့် ဝိနယာနုဂ္ဂဟ အဂ္ဂမဟာဝိသာရဒဓမ္မာစရိယရွှေတံဆိပ်ဘွဲ့တို့ကို ရရှိအောင်မြင်တော်မူသည်။

ဆရာတော်သည် စာချတန်းအောင်မြင်ပြီး ၁၃၂၄ ခုနှစ်မှစ၍ မကွေးမြို့မဟာဓမ္မိကာရာမတိုက်၊ မြင်းခြံမြို့သာသနာ့ဇောတိကာရုံတိုက်နှင့် ရန်ကုန်မြို့ ဓမ္မပါရဂူတိုက်သစ်တို့၌ စာသင်သားရဟန်းသာမဏေတို့အား နှစ်ပေါင်း ၃၅ နှစ်ကျော် စာပေကျမ်းဂန်များကို ပို့ချတော်မူခဲ့သည်။ သာသနာ့တာဝန်များကို ထမ်းဆောင်ရာတွင်လည်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်အစရှိသော တာဝန်များကို ပျံလွန်တော်မူချိန်အထိ ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၃၉၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ



ဘဒ္ဒန္တနန္ဒဝံသ

ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၆၀ ဝါအရ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ပညာသီရီ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊) (မြန်မာ ၁၂၈၆-၁၃၇၅)။ ။

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသီရီကို ခမည်းတော် ဦးမင်းကျော်၊ မယ်တော် ဒေါ်တုတ်တို့က ၁၂၈၆ ခုနှစ်၊ ပြာသို လပြည့်နေ့တွင် နေပြည်တော် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၁ ခုနှစ်တွင် ကြိုးကြာအင်းကျေးရွာ ညောင်လွန့်တောရကျောင်းတိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။

၁၃၀၅ ခုနှစ်တွင် တပ်ကုန်းမြို့ ငွေတောင်ကျောင်းတိုက် ဒုတိယမြောက် ဆရာတော် ဘဒ္ဒန္တလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ ဦးအောင်ဘ၊ ဒေါ်မိကြီး၊ သမီးဒေါ်ရွှေခိုင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ

ဘဒ္ဒန္တပညာသီရီ

ဆရာတော်သည် ၁၃၀၅ ခုနှစ်တွင် ငွေတောင်ကျောင်းတိုက်၌ စာချတာဝန်၊ ၁၃၂၁ ခုနှစ်တွင် ငွေတောင်ကျောင်းတိုက်၌ နာယကအဖွဲ့ဝင်၊ ၁၃၄၂ ခုနှစ်တွင် တပ်ကုန်းမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ ၁၃၅၃ ခုနှစ်တွင် စတုတ္ထမြောက် ငွေတောင်ကျောင်းတိုက် ပဓာနနာယကနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စသော သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူသည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၃၅၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၇၂ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်သည် သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါအရ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်

လဆန်း ၁၁ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင် ပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

ပဏ္ဍိတ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၉၉-၁၃၇၅)။ ။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဆုထူးပန် ပရိယတ္တိ ရွှေကျင်ကျောင်းတိုက် ဦးစီးပဓာန နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတကို ခမည်းတော် ဦးသာရွန်း၊ မယ်တော် ဒေါ်သိန်းကြွယ်တို့က ၁၂၉၉ ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် ၇ ရက် ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မင်းကန်ကြီးကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၁၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်တွင် ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာ ဗောဓိဝေယန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စာဘိသီရိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၁၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်တွင် ယင်းမာပင်အုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဇောတကို ဥပဇ္ဈာယ်ပြု၍ မင်းကန်ကျေးရွာရဟန်းအမကြီး ဒေါ်ကောက်၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းမာပင်မြို့နယ် မင်းကန်ကြီးကျေးရွာ ရွှေမုဋ္ဌောကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် မဟာဗောဓိဝေယန်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စာဘိသီရိ၊ ယင်းမာပင်မြို့ ရေဝန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဥတ္တမ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း ဆရာတော် ဘဒ္ဒန္တ တိလောက (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ မန္တလေးမြို့ စိန်ပန်းဓမ္မိကာရုံဆရာတော်ဘဒ္ဒန္တ ဗြဟ္မာနန္ဒ၊ ဆရာတော် ဘဒ္ဒန္တ ကလျာဏ (အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနာ့ဓဇသိရီပဝရဘွဲ့ရရှိခဲ့သည်။

ဘဒ္ဒန္တပဏ္ဍိတ

ဆရာတော်သည် မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်းတွင်လည်းကောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်၌ လည်းကောင်း၊ တာမွေမြို့နယ် ဆုထူးပန် ပရိယတ္တိရွှေကျင်ကျောင်းတိုက်ကိုတည်ထောင်၍လည်းကောင်း၊ ကျမ်းစာအသီးသီးကို ပို့ချတော်မူလျက် ၁၃၄၇ ခုနှစ်မှစတင်၍ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဆရာတော်သည် တာမွေမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ထေရဝါဒဗုဒ္ဓ သာသနာပြုသြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။ သန်လျင်မြို့တွင်လည်း ဆုထူးပန် ဝါးတောမြတ်မွန် ဝေဠုဝန်ဓမ္မရိပ်သာနှင့် ဆုထူးပန်သီရိမင်္ဂလာကန်တော် ပရဟိတဘုန်းတော်ကြီးကျောင်းတို့ကို တိုးချဲ့တည်ထောင်၍ ဦးစီးပဓာနနာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၆ နှစ်၊ သိက္ခာတော် ၅၆ ဝါအရ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ရာဇမဟာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၅-၁၃၇၄)။ ။ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်နာယကချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တရာဇမဟာဘိဝံသကို ခမည်းတော် ဦးဘဝင်း၊ မယ်တော်ဒေါ်နှင်းဦးတို့က ၁၂၉၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အင်တိုင်းရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တရာဇမဟာဘိဝံသ

ဆရာတော်လောင်းလျာသည် အသက် ၈ နှစ်အရွယ်တွင် မုံရွာမြို့နယ်၊ အင်တိုင်းရွာတောင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၁၅ ခုနှစ်တွင် အင်တိုင်းရွာတောင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် အင်တိုင်းတောင်ကျောင်းဆရာတော်၊ မုံရွာမြို့မဟာဇောတိကာရာမတိုက်ဆရာတော်၊ မန္တလေးမြို့ အစိုးရကျောင်းတိုက်ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သက္ကသီဟဓမ္မာစရိယစာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲတို့ကို ဖြေဆိုအောင်မြင်သည်။

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်တိုက်နှင့် မစိုးရိမ်တိုက်သစ်တို့၌ နေ့ဝါညဝါ၊ ပါဠိတော်၊ အဋ္ဌ

ကထာ၊ ဋီကာတို့ကို နှစ်ပေါင်း ၄၀ ကျော်မျှ စာပေများပို့ချခဲ့သည်။ ဆရာတော်သည် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲပုစ္ဆာထုတ် (ပုစ္ဆက) တာဝန်၊ ကြီးကြပ်ရေးတာဝန်တို့ကိုထမ်းဆောင်တော်မူခြင်း၊ မစိုးရိမ်ဆရာတော်ကြီး၏ မဟာထေရုပ္ပတ္တိကထာ၊ တိပိဋကပါဠိ-မြန်မာအဘိဓာန် အတွဲ ၅၊ ၆၊ ၁၅၊ ၁၆ တို့ကို ပါဝင်ရေးသားခြင်းစသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ဘဒ္ဒန္တရာဇမဟာဘိဝံသသည် သက်တော် ၈၀၊ သိက္ခာတော် ၆၀ အရ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဝဇိရဉာဏ၊ ဘဒ္ဒန္တ (မဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၄-၁၃၇၄)။ ။ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ မင်းကျောင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဇိရဉာဏကို ခမည်းတော် ဦးပုံတော်၊ မယ်တော်ဒေါ်မိငယ်တို့က ၁၂၉၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် နဘဲကန်ရွာ၌ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်တွင် ဝမ်းတွင်းမြို့နယ် နဘဲကန်ကျေးရွာ ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော် မူပြီး ၁၃၁၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်တွင် ဖြူးမြို့ ညောင်ပင်သာကျေးရွာ ခဏ္ဍာသိမ်၌ ဖြူးမြို့ မင်းကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ ညောင်ပင်သာကျေးရွာ ဒေါ်ရင်မေ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တဝဇီရဉာဏ

ဆရာတော်သည် ဝမ်းတွင်းမြို့နယ် နဘဲကန်ကျေးရွာကျောင်းဆရာတော်၊ ရန်ကုန်မြို့ ဒေဝသာဂရသိမ်ကုန်းကျောင်းဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော် အစရှိသော ကျမ်းတတ်အကျော်ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယစာချတန်းကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်ကြီးတွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူပြီး ဖြူးမြို့ပထမပြန် စာမေးပွဲကြီးကြပ်ရေးဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်လည်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ကိုးနှစ်ကြာဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၁ ခုနှစ်တွင် မဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၀၊ သိက္ခာတော် ၆၀ အရ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

သာသန၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၁- ၁၃၇၅)။ ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့၊ပန်းလှိုင်စာသင်တိုက်ဦးစီးပမာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသာသနကို ခမည်းတော်ဦးကျော်၊ မယ်တော် ဒေါ်စိန်ငွေတို့က ၁၂၉၁ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက် သောကြာနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် အင်းချောင်ရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်၊ အသက် ၁၃ နှစ်သားအရွယ်တွင် ညောင်လေးပင်မြို့ အင်းချောင်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် သို့ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ဆွေမျိုးများ၏ ပစ္စယာနုဂ္ဂဟဖြင့် အင်းချောင်ကျောင်းခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် ညောင်လေးပင်မြို့၊ အမျိုးသားအထက်တန်းကျောင်းတွင် စစ်ကြိုခေတ်သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ဆရာတော်သည် အင်းချောင်ကျောင်း ဘုန်းတော်ကြီးဘဒ္ဒန္တပဏ္ဍိတ၊ ဝါးရုံကုန်းကျောင်းဆရာတော်ဘဒ္ဒန္တခန္တီတို့ထံတွင် အခြေခံပရိယတ္တိစာပေများကို သာမဏေဘဝတွင် သင်ကြားခဲ့သည်။ ဆရာတော်သည် ၁၃၁၃ ခုနှစ်တွင် ပဲခူးမြို့မစာသင်တိုက်ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တဉာဏာဘိရာမ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ စေတိယင်္ဂဏမဟာစရိယဘဒ္ဒန္တဥေယျာဘိဝံသ၊ ရန်ကုန်မြို့အလယ်တောရစာချပါဠိတက္ကသိုလ်ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသီလ၊ ဘဒ္ဒန္တသုမနာဘိဝံသတို့ထံ၌ နေ့ဝါညဝါ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနည်းအစုံအလင်တို့ကို သင်ယူဆည်းပူခဲ့ပြီး ပဲခူးမြို့ဝိနယာဓိကစာမေးပွဲ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့်အဋ္ဌကထာစာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ ပါဠိတက္ကသိုလ်

ဘဒ္ဒန္တသာသန

စာချတန်းစာမေးပွဲတို့ကို ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင်ကျမ်းများပါ အောင်မြင်တော်မူသဖြင့် သာသနဓဇသိရီပဝရမဟာစရိယ ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

ဆရာတော်သည် (၈) ဝါအရတွင် ပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့်တွဲဖက်၍ စာသင်သား ၁၅၀ ကျော်တို့ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် နေ့ဝါ ညဝါများကို မန္တလေးနည်း၊ ပခုက္ကူနည်းတို့ဖြင့် ၂၃ နှစ် ကြာ သင်ကြားပို့ချခဲ့ပြီး ပဲခူးမြို့သာသနာပြုနိကာယ် စာမေးပွဲကြီးကို တည်ထောင်ခဲ့သည်။ ၁၃၄၂ ခုနှစ်တွင် ပန်းလှိုင်ကျောင်းတိုက်ကြီးကို ဘဒ္ဒန္တနိပုဏ (ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ) နှင့်အတူ တည်ထောင်ခဲ့ရာ ပံ့လွန်တော်မူချိန်အထိ စာသင်သား ၇၀ ကျော်တို့ကို ကျွေးမွေးလက်ခံ၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့သည်။ ထို့ပြင်ကဝမြို့နယ် သက္ကလစာသင်ကျောင်းတိုက်၊ စွေးဖလုံတောင်ကျောင်းတိုက်၊ ဒိုက်ဦးမြို့နယ် ကုန်းဝိုင်းကြီးကျောင်းတိုက်နှင့် ပဲခူးဥဿာမြို့သစ် သာမဏေကျော်စာသင်တိုက်တို့ကိုလည်း တည်ထောင်ခဲ့သည်။

ဆရာတော်သည် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး သုံးကြိမ်စလုံးတွင် ပဲခူးတိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ သံဃသမ္မတိရသံဃာ့ကိုယ်စားလှယ်၊ ပဲခူးမြို့ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲစာစစ်တာဝန်၊ ဝိနယာဓိက ပုစ္ဆက၊ ပဲခူးမြို့ရွှေမော်ဓောစေတီ၊ ရွှေသာလျောင်းရုပ်ပွားတော်၊မဟာစေတီ၊ ရွှေဂူကြီးစေတီတော်များဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်းကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းတွင် အုပ်ချုပ်ရေးအဖွဲ့ နာယကနှင့် နိုင်ငံတော်ဩဝါဒါစရိယတာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၃၅၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၆၄ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်ခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

သောဘန၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၄-၁၃၇၅)။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသောဘနကို ခမည်းတော် ဦးဖိုးသွယ်၊ မယ်တော် ဒေါ်ညိမ်းမယ်တို့က ၁၂၈၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ သောကြာနေ့တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကန်နက်ရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၂၉၄ ခုနှစ်တွင် မြိုင်မြို့နယ် ကန်နက်ကျောင်းဆရာတော် ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၃၀၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ခန့်သိမ်၌ပင် သာကျောင်းဆရာတော် ဘဒ္ဒန္တခန္တီကို ဥပဇ္ဈာယ်ပြု၍ ဦးညွှန့်၊ ဒေါ်တင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တသောဘန

ဆရာတော်လောင်းလျာသည် ကန်နက်ရွာကျောင်း ဆရာတော် ဘဒ္ဒန္တသာသန၊ ပခုက္ကူမြို့ အရှေ့တိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ အလယ်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည၊ အလယ်တောရတိုက်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ၊ ခရမ်းမြို့ ဓမ္မိကာရာမတိုက် ဆရာတော် ဘဒ္ဒန္တဉေယျ၊ မြောင်းမြမြို့ ပဇ္ဇောတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဉာနိက၊ သပြေကန် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝါသေဋ္ဌ ဘိဝံသတို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ညဝါတို့ကို ဆည်းပူးခဲ့ပြီး အစိုးရစာချတန်း ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်း၊ ပဲခူးမြို့ ဝိနယာဓိက စာမေးပွဲ၌ ဝိဘင်္ဂတန်း၊ ခန္ဓကတန်း၊ စာချတန်း၊ ဂျပန်ခေတ်တွင် မြန်မာအစိုးရ ဝိနယအကြီးတန်းတို့ကိုအောင်မြင်ခဲ့သည်။

ဆရာတော်သည် ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်၌ ၁၉၅၀ ပြည့်နှစ်မှ စတင်၍ နှစ်ပေါင်း ၅၀ ကျော် ပိဋကတ်ကျမ်းစာများပို့ချခဲ့သည်။ နိုင်ငံတော်ကကြီးမှူးကျင်းပသော တိပိဋကဓရ၊ တိပိဋကကောဝိဒ စာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲတို့၌ စာထောက်၊ စာမ၊ စာစစ်၊ ကြီးကြပ်ရေး စသည်တို့ကို နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် မူလပါဠိဝိသောဓက၊ ပါဠိပဋိဝိသောဓက၊ သြသာနသောဓေယျပတ္တပါဋ္ဌက အဖြစ်ဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများစွာတို့ကို မဟာစည် ဆရာတော်၊ မင်းကွန်းဆရာတော်တို့နှင့်အတူ ပြင်ဆင်သုတ်သင်ခဲ့သည်။ ထို့ပြင် ဆဋ္ဌသင်္ဂီတိဘာဏက၊ ဆဋ္ဌသင်္ဂီတိကာရကအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးပေါ်ပေါက်လာသောအခါ နိုင်ငံတော်ဩဝါဒစရိယဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ သံဃသမ္မုတိရသံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိရ၊ နိုင်ငံတော်သီးခြားဝိနည်းဓိရ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ ထေရဝါဒဗုဒ္ဓသာသနာပြုအဖွဲ့၌ ဒုတိယဥက္ကဋ္ဌ၊ သြဝါဒါ စရိယဆရာတော်အဖြစ် ပြည်နယ်နှင့် တိုင်းအသီးသီးသို့ သွားရောက်၍ သာသနာပြုလုပ်ငန်းများကို ၁၇ နှစ်ကြာဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တောင်ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံများသို့ ကြွရောက်၍ ပြည်ပသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ရွှေတိဂုံစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တထောင်စေတီ၊ ရွှေဘုန်းပွင့်စေတီတော် ဂေါပက အဖွဲ့များ၏သြဝါဒါစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုအဖွဲ့ကြီး၏သြဝါဒါစရိယ၊ တောင်တန်းဒေသဗုဒ္ဓသာသနာပြုအဖွဲ့၏ သြဝါဒါစရိယ၊ မြန်မာနိုင်ငံဗုဒ္ဓစာပေပြန့်ပွားရေးအဖွဲ့သြဝါဒါစရိယ၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏဝိနာယကအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင်

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို လည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

အာဒိစ္စ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊) (မြန်မာ ၁၃၀၃-၁၃၇၄) ။ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကိုးလုံးကွင်းဓမ္မာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စကို ခမည်းတော် ဦးသိန်း၊ မယ်တော် ဒေါ်အေးစိန်တို့က ၁၃၀၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္ဂနွေ နေ့တွင် မန္တလေးတိုင်း အမရပူရမြို့နယ် သရက်ကန် ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၁၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်တွင် တံတားဦးမြို့နယ်၊ ပျားကျေးရွာကျောင်း ဆရာတော်ထံ၌ ဦးဘတုတ်၊ ဒေါ်လှတင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်တွင် အမရပူရ မြို့နယ်၊ သရက်ကန် ကျေးရွာ၊ ဂူကုန်းကျောင်းခဏ္ဍသိမ်တော်၌ ဂူကုန်းကျောင်းဆရာတော် ဘဒ္ဒန္တခေမာကို ဥပဇ္ဈာယ်ပြု၍ ဦးစံတင်၊ ဒေါ်မြစ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် အမရပူရမြို့နယ်၊ ဂူကုန်းကျောင်းဆရာတော်၊ မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်၊ တောင်ထီးလင်းတိုက်ဆရာတော်၊ ညောင်ကန်တိုက်ဆရာတော်၊ ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်၊ မော်ဘီမြို့ ကိုးလုံးကွင်းကျောင်းဆရာတော် အစရှိသော ကျမ်းတတ်အကျော်ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယစာချတန်းကို

ဘဒ္ဒန္တအာဒိစ္စ

အောင်မြင်၍ သာသနဓဇမဟာစရိယဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ကိုးလုံးကွင်းဓမ္မာရုံကျောင်းတိုက်၌ ပထမပြန် ဓမ္မာ စရိယ ပရိယတ္တိ စာပေများ သင်ကြားပို့ချတော်မူခဲ့ပြီး မော်ဘီမြို့နယ် ပျဉ်းမပင် (သုဓမ္မာ) ပဝါရဏာဂိုဏ်းကြီး၏ နာယကဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ သံဃာ့အဖွဲ့အစည်းတွင်လည်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် ပျံလွန်တော်မူချိန်အထိ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၉ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၂ နှစ်၊ သိက္ခာတော် ၅၂ ဝါအရ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

အဂ္ဂပဏ္ဍိတ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၄-၁၃၇၅)။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အာသောကာရုံကျောင်းတိုက်ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါ

ဘဒ္ဒန္တအဂ္ဂပဏ္ဍိတ

စရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂပဏ္ဍိတကို ခမည်းတော်ဦးစန္ဒ၊မယ်တော်ဒေါ်ဖွားတင့်တို့က ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့တွင် စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ နတ်လာပို့ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်တွင် ကနီမြို့နယ်၊ နတ်လာပို့ကျေးရွာဝေဇယန္တာကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၀၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်တွင် ကနီမြို့၊နတ်လာပို့ကျေးရွာ ဝေဇယန္တာကျောင်းခဏ္ဍသိမ်၌ ဆားလင်းကြီးမြို့နယ်၊ တုံကျေးရွာ၊ ရွှေဥမင်ကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရကိုဥပဇ္ဈာယ်ပြု၍ ဦးပေါရှန်၊ ဒေါ်စံကြွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် မုံရွာမြို့ ရွှေသိမ်တော်ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ပထမပြန်စာမေးပွဲတွင် ငယ်၊ လတ်၊ ကြီးကို အောင်မြင်ခဲ့ပြီး ၁၃၁၇ ခုနှစ်တွင် သာသနဓဇမဟာစရိယစာမေးပွဲကို အောင်မြင်သည်။

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ရွှေသိမ်တော်ကျောင်းတိုက်နှင့် မုံရွာမြို့ အာသောကာရုံစာသင်တိုက်တို့တွင် တပည့်စာသင်သားရဟန်းသံဃာတို့ကို ပရိယတ္တိစာပေများသင်ကြားပို့ချတော်မူလျက် ရွှေသိမ်တော်စေတီတော်သမိုင်းနှင့် ဗုဒ္ဓဝန္ဒနာနှင့် အကျိုးကြီးဟန် မြတ်ပဋ္ဌာန်းသံတို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ် မုံရွာမြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် စတုတ္ထအကြိမ်မှပျံလွန်တော်မူချိန်အထိ နိုင်ငံတော်သြဝါဒိစရိယ တာဝန်ကိုထမ်းဆောင်ခဲ့သည်။ ရွှေကျင်နိကာယဂိုဏ်းကြီး၏ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယကတာဝန်ကို ထမ်းဆောင်သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်သည် သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၁ ဝါအရ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဣန္ဒက၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၈-၁၃၇၅)။ ။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေဝသာဂရသိမ်ကုန်းဓမ္မိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဣန္ဒကကို ခမည်းတော်ဦးစိန်လင်း၊ မယ်တော်ဒေါ်သေးသေးတို့က ၁၂၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့တွင် ဧရာဝတီတိုင်းညောင်တုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း၊ ချောင်းကြီးကျေးရွာ၊ချောင်းကြီးရွာမကျောင်း၌ ၁၂၉၆



ဘဒ္ဒန္တဣန္ဒက

ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တကဝိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၃၀၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်တွင် ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မဟာဝိသုတာရာမတိုက်သစ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတမဟာမကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ခင်ညွန့်၊ ညီမ ဒေါ်ထားထားတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ချောင်းကြီးရွာမကျောင်းဆရာတော်ဘဒ္ဒန္တကဝိနှင့် စာချဆရာတော်ဘဒ္ဒန္တဝါသဝ၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တရေဝတမဟာ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ၊ စာချဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ (အဂ္ဂမဟာပဏ္ဍိတ)၊ စာချဆရာတော် ဘဒ္ဒန္တနန္ဒိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ညောင်တုန်းမြို့သာသနာ့ဇောတိပါလ သုံးထပ်ကျောင်း ပခုက္ကူ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ဆရာတော်များထံ၌ အခြေခံ စာပေများနှင့် အထက်တန်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစာဝါများကို သင်ယူဆည်းပူးခဲ့ပြီး ငယ်၊လတ်၊ ကြီးစာမေးပွဲများနှင့် အစိုးရမဟာစရိယတန်းတွင် ဂုဏ်ထူးသုံးကျမ်းနှင့် ကျမ်းရင်းသုံးကျမ်းပါ ခြောက်ကျမ်းကို အောင်မြင်ခဲ့ပြီး သာသနဓဇသီရိပဝရမဟာစရိယဘွဲ့ကို ရရှိတော်မူသည်။ ၁၃၃၂ ခုနှစ်တွင် ပါစိတျာဒိဝိနယပါဠိပါရဂူ ဂုဏ်ထူးတန်းကို အောင်မြင်တော်မူပြီး သာသနဓဇသီရိပဝရမဟာစရိယဘွဲ့ရရှိသည်။

ဆရာတော်သည် ကျေးဇူးရှင်ဥပဇ္ဈာယ် ဆရာတော်ကြီးဘဒ္ဒန္တရေဝတမဟာနှင့်အတူ ၁၃၁၁ ခုနှစ်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ကုန်းဓမ္မိကာရုံကျောင်းတိုက်ကြီးကို တည်ထောင်သည်မှစ၍ ဆရာတော်ဘဒ္ဒန္တကေတုမာလာ၊ ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ(အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလတို့၏ကြီးကြပ်မှုဖြင့် အခြေခံကျင့်ဝတ်၊ သေခိယသဒ္ဒါသုတ်စဉ်သဂြိုဟ်စသည်တို့ကို သင်ကြားပို့ချပေးခဲ့သည်။ ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ ပုံလွန်တော်မူပြီးနောက် ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို နာယကစာချဆရာတော် ၁၃ ပါးဖြင့် ကြီးကြပ်ကွပ်ကဲကာ မူလတန်းမှစ၍ ဓမ္မာစရိယစာချတန်းအထိ သံဃာ ၁၀၀ ကျော်တို့အား စာပေပို့ချခဲ့သည်။

ဆရာတော်သည် ၁၃၂၃ ခုနှစ်မှစတင်၍ တိပိဋကဓရစာမေးပွဲကြီး၏ စာထောက်စာမဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယ၊ ထေရဝါဒတောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ၊ ရွှေတိဂုံရေကြည်တော် ဝတ်အသင်းဩဝါဒစရိယ၊ နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာ အဖွဲ့ချုပ်ဩဝါဒစရိယ၊ စေတီယင်္ဂဏအသင်း ဩဝါဒစရိယ၊ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒစရိယအစရှိသော သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၈ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အာဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါအရ ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဩဘာသာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၉၃-၁၃၇၅)။ ။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ အနောက်ပြင်ရပ်၊ မိုးကောင်း



ဘဒ္ဒန္တဩဘာသာဘိဝံသ

ကျောင်းတိုက်၊ ရေနံချောင်းကျောင်း ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသကို ခမည်းတော် ဦးညီဒွေး၊ မယ်တော် ဒေါ်ရွှေလွဲတို့က ၁၂၉၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကြောင်လျှာတောကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျှာသည် ၁၃၀၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်တွင် ကြောင်လျှာတောကျေးရွာ၊ ကြောင်လျှာတောဆရာတော် ဘဒ္ဒန္တ ကေလာသကို ဥပဇ္ဈာယ်ပြု၍ ဦးရွှေနှစ်၊ ဒေါ်ပိန်တာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၃ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်တွင် ရေနံချောင်းမြို့၊ ရွှေစေတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဧသိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ဦးစံရင်၊ ဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကြောင်လျှာတောကျောင်းတိုက် ခဏ္ဍာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ကြောင်လျှာတောဆရာတော် ဘဒ္ဒန္တကေလာသထံ၌ ပရိယတ္တိအခြေခံကျမ်းစာများ သင်ယူခဲ့ပြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ မိုးကောင်းကျောင်းတိုက်၏ ဆရာတော်ကြီးနှစ်ပါးနှင့် နာယကဆရာတော်များ၊ စာချဆရာတော်များထံမှ ငယ်လတ်၊ ကြီး စာချတန်းဆိုင်ရာစာပေများ သင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယစာချတန်းစာမေးပွဲနှင့် စေတီယင်္ဂဏဓမ္မာစရိယတန်းစာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်တိုက်၊ မိုးကောင်းကျောင်းတိုက်တို့၌ ငယ်၊ လတ်၊ ကြီး စာချတန်းဆိုင်ရာ စာဝါများကို ပို့ချခဲ့ပြီး နိုင်ငံတော်ဝိနည်းဓိရသင်တန်းကို တက်ရောက်၍ မန္တလေးတိုင်းအတွင်းရှိမြို့နယ် ၁၁ မြို့နယ်၌ ဝိနည်းဓိရ်သင်တန်းပို့ချခြင်း၊ မြို့နယ်၊ တိုင်းဝိနည်းဓိရ်တာဝန်၊ ဗဟိုပညာရေးအဖွဲ့ဝင်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ချောက်မြို့နယ် ကြောင်လျှာတောရွာဦးကျောင်း၏ ပဓာနနာယကအဖြစ်လည်းကောင်း၊ မန္တလေးမြို့ မဟာမြတ်မုနိမြတ်စွာဘုရားဂေါပကအဖွဲ့၊ အိမ်တော်ရာ မြတ်စွာဘုရားဂေါပကအဖွဲ့နှင့် မန္တလေးတောင်ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးရင်း သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါအရ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

သီလရှင်ဆရာကြီး

ခေမာရီ၊ ဒေါ် (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၇၉-၁၃၇၅)။ ။ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ၊ စမ်းချောင်းမြို့နယ် သမိဒ္ဓါဒယ သုခိတာရာမ



ဒေါ်ခေမာရီ

ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်နာယကဆရာကြီးဒေါ်ခေမာရီကို ခမည်းတော်ဦးအုန်းသာ၊ မယ်တော်ဒေါ်ငွေးတို့က ၁၂၇၉ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်တွင် မြန်အောင်မြို့နယ် သဲချောင်းကျေးရွာ၌ ဖွားမြင်သည်။

ဆရာကြီးဒေါ်ခေမာရီသည် ၁၂၈၃ ခုနှစ်တွင် ဆရာကြီးဒေါ်ဝိလာသီကိုဥပဇ္ဈာယ်ပြု၍ မြန်အောင်မြို့နယ် ထူးဘုရားကြီးကျောင်းတိုက်၌ သီလရှင်အဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာကြီးဒေါ်ခေမာရီသည် မြန်အောင်မြို့နယ်၊ ထူးဘုရားကြီးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တအာစာရ၊ ဘဒ္ဒန္တဉာန္ဒဝံသတို့ထံတွင်လည်းကောင်း၊ ဆရာကြီးဒေါ်ဝိစာရီ၊ ဒေါ်ဝိလာသီ၊ ဒေါ်ဝဏ္ဏဝါသီ၊ ဒေါ်ဝါသီတို့ထံတွင်လည်းကောင်း အခြေခံပညာများ သင်ယူတော်မူသည်။ ထို့နောက် ဆရာကြီးဒေါ်ဉာဏစာရီနှင့်အတူ ရန်ကုန်မြို့၌ မြန်အောင်သီလရှင်စာသင်တိုက် စတင်တည်ထောင်စဉ် လိုက်ပါလာပြီး ဆရာကြီးဒေါ်ဉာဏစာရီ၊ ဒေါ်မေမာရီ၊ ဒေါ်သီလဝတီတို့ထံတွင် ပိဋကတ်ကျမ်းဂန်တို့ကို သင်ယူတော်မူသည်။ ၁၃၀၂-၁၃၀၃ ခုနှစ်တွင် အစိုးရပထမငယ်တန်းနှင့်ပထမလတ်တန်းတို့ကိုလည်းကောင်း၊ ၁၃၁၀ ပြည့်နှစ်တွင် ပထမကြီးတန်းကိုလည်းကောင်း အောင်မြင်တော်မူသည်။ ထို့ပြင် ဓမ္မာစရိယတန်းဆိုင်ရာကျမ်းစာများကိုလည်း အကျော်အမော်ဆရာတော်ကြီးများထံတွင် သင်ယူတော်မူသည်။

ဆရာကြီးဒေါ်ခေမာရီသည် သက်တော် ၂၀ ကျော်မှစ၍ ၈၀ ကျော်အထိ တပည့်ဆရာလေးများအား စာပေကျမ်းစာများ ပို့ချပေးတော်မူသည်။ ဘာသာရေးဆိုင်ရာအခမ်းအနားများတွင် ဂါထာ၊ ရတု၊ ကဗျာ၊ ဓမ္မဂီတများရွတ်ဆိုခြင်း၊ တရားဟောပြောခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

နိုင်ငံတော်အစိုးရက ဆရာကြီး ဒေါ်ခေမာရီအား ၁၃၆၀ ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

ဆရာကြီးဒေါ်ခေမာရီသည် ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်တွင် ရန်ကုန်မြို့၌ ပျံလွန်တော်မူသည်။

လူပုဂ္ဂိုလ်များ

ကိုဆောင်း (၁၉၂၅-၂၀၁၃)။ ။ သတင်းစာဆရာကြီး ကိုဆောင်းခေါ်ဦးလှမြိုင်ကို ဦးဘကျော်၊ ဒေါ်လှခင်တို့က ၁၉၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် မော်လမြိုင်မြို့၌ မွေးဖွားသည်။

ငယ်စဉ်က မော်လမြိုင်မြို့ ဂျဒ်ဆင်ကျောင်း၊ မန္တလေးမြို့ ဝက်စလီကျောင်းတို့၌ မူလတန်းနှင့် အလယ်တန်းပညာသင်ယူပြီး ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ကူရှင်ကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့ရာ အစိုးရစကောလာရှစ်ဆုနှင့်တစ်နိုင်ငံလုံး အောဘီအမ်ကျောင်းများ၌ ပထမရရှိ၍ ဂျဒ်ဆင်ကောလိပ်မှပေးအပ်သော Reverend Cummings စကောလာရှစ်ဆုနှစ်ဆု၊ ကူရှင်ကျောင်းကချီးမြှင့်သော ၁၉၄၀ ပြည့်နှစ် ဆရာကြီး ဦးဘ၏ရွှေတံဆိပ်ဆုများကိုရရှိသည်။ ဂျဒ်ဆင်ကောလိပ်၌ ဥပစာသိပ္ပံအထက်တန်းအထိ ပညာသင်ယူသည်။

ဆရာသည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၁ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သို့ စတင်ဝင်ရောက်ပြီး ဂျပန်ရေကြောင်း ပညာသင်ကျောင်း၌ အရာရှိသင်တန်းပထမပတ် အောင်မြင်၍ Acting Captain အဖြစ် ခေတ္တတာဝန်ယူသည်။ ထို့နောက် ဗမာ့တပ်မတော် အချက်ပြဆက်သွယ်ရေးတပ်၌ တာဝန်ထမ်းဆောင်သည်။ ဖက်ဆစ်တော်လှန်ရေး



ကိုဆောင်း

ကာလအတွင်း ဒေးဒရဲနှင့် ဖျာပုံဌာနချုပ်၊ တိုင်း ၄ ပဲခူး ၁၀၂ တပ်ရင်းတို့၌ တော်လှန်ရေးပြီးဆုံးသည် အထိ တာဝန်ထမ်းဆောင်သည်။

၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ ထူထောင်ထုတ်ဝေရာ၌ ပါဝင်ဆောင်ရွက်သည်။ အယ်ဒီတာချုပ်ဆရာကြီး ရွှေဥဒေါင်းလက်အောက်၌ လက်ထောက်အယ်ဒီတာ၊ တွဲဖက်အယ်ဒီတာ (ဒုတိယအယ်ဒီတာချုပ်) တာဝန်များကို ထမ်းဆောင်သည်။ အယ်ဒီတာချုပ်အဖြစ် ၁၉၆၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဆောင်ရွက်သည်။

ဆရာသည် ၁၉၆၆ မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၉-၉၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှစ၍ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံနှင့် ၂၀၀၆ ခုနှစ် စတုတ္ထအကြိမ် ညီလာခံတို့၌ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ညီလာခံသုံးကြိမ်နှင့်မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ညီလာခံလေးကြိမ်တို့ကို ဦးစီးဆောင်ရွက်သည်။

ဆရာသည် ရှေ့သို့ကျာနယ်၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာနှင့်ပြည်သူပိုင်သတင်းစာများ၊ မြဝတီနှင့်ငွေတာရီစသည့်မဂ္ဂဇင်းများ၌ ခေါင်းကြီးပိုင်းနှင့်ဆောင်းပါးများရေးသားသည်။ မြန်မာ့စီးပွားရေးကျာနယ်နှင့်ရတနာပုံမဂ္ဂဇင်းတို့ကို ဦးစီးထုတ်ဝေသည်။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သမိုင်းကို အခန်းဆက်ရေးသားခဲ့ပြီး စာအုပ်အဖြစ်အတွဲ ၁ ကို ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေသည်။ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်သည်။ အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် ၂၀၀၄ ခုနှစ်၊ မေလ ၁၅ ရက်မှ ညီလာခံပြီးဆုံးသည်အထိ အသိပညာရှင် အတတ်ပညာရှင်အစုအဖွဲ့ အဖွဲ့ဝင်အဖြစ်တက်ရောက်သည်။

ဆရာသည် ၁၉၆၅ ခုနှစ်တွင် ပြန်ကြားရေးအဖွဲ့အဖွဲ့ဝင်အဖြစ်အနောက်ကျာမနီနိုင်ငံသို့ သွားရောက်သည်။ ၁၉၆၈ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုသို့လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် အရှေ့ကျာမနီနိုင်ငံသို့လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း သတင်းစာဆရာအဖွဲ့ခေါင်းဆောင်အဖြစ်သွားရောက်လေ့လာသည်။ ၁၉၉၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ ကျင်းပသည့်နိုင်ငံတကာအသိပညာရှင်များကွန်ဖရင့်သို့ တက်ရောက်သည်။

ဆရာသည် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ ဝီဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) (၂၀၀၄ခုနှစ်) တို့ကို ရရှိသည်။ ၂၀၁၀ ပြည့်နှစ်တွင် ထွန်းဖောင်ဒေးရှင်းက ချီးမြှင့်သော တစ်သက်တာစာပေဆုကို ရရှိသည်။

ကန်တော့ခံသက်ကြီးစာပေပညာရှင် သတင်းစာဆရာကြီးဦးလှမြိုင်(ကိုဆောင်း)သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား တစ်ဦး၊ သမီး တစ်ဦး၊ မြေးနှစ်ဦး ကျန်ရစ်သည်။

ကျော်စိန်၊ ဒေါက်တာ (စည်သူ) (၁၉၃၂-၂၀၁၃) ။ ။ ပညာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) စည်သူ ဒေါက်တာကျော်စိန်ကို ဦးစိန်ခိုင်၊ ဒေါ်သက်စု တို့က ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ပဲခူးမြို့၌ မွေးဖွားသည်။ မွေးချင်းသုံးဦးအနက် အကြီးဆုံးသား ဖြစ်သည်။

စည်သူဒေါက်တာကျော်စိန်သည် ငယ်စဉ်က ပဲခူးမြို့၌ ပညာသင်ယူပြီး ၁၉၅၀ ပြည့်နှစ်တွင် ပဲခူးမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူရာ ၁၉၅၂ ခုနှစ်တွင် ဥပစာအထက်တန်း၌ မြန်မာစာအမှတ်အမြင့်ဆုံးရရှိ၍ သာဒိုးအောင်ဆုခ်ီးမြှင့်ခြင်းခံရသည်။ တက္ကသိုလ်ပညာသင်ဆုငါးနှစ်ရရှိသည်။ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၁၉၅၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်မှရရှိသည်။ ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကိုလံဘီယာတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသည်။

စည်သူဒေါက်တာကျော်စိန်သည် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန၌ ၁၉၅၄ ခုနှစ်မှစတင်၍ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။ ဆက်လက်၍ ၁၉၅၇ ခုနှစ်တွင် လက်ထောက် ကထိက၊ ၁၉၆၇ ခုနှစ်တွင် ကထိက၊ ၁၉၇၇ ခုနှစ်တွင် ပါမောက္ခ၊ ၁၉၈၃ ခုနှစ်တွင် ပါမောက္ခချုပ်တာဝန်များကို ထမ်းဆောင်သည်။ ၁၉၈၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်တာဝန်ကို ထမ်းဆောင်သည်။ ၁၉၈၈ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၎င်းနှစ်မှာပင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးတာဝန်မှ အငြိမ်းစားယူသည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ်အချိန်ပိုင်း ပါမောက္ခတာဝန်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်၊ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ်မှ စတင်၍ သုတရသပညာပေးဆောင်းပါးမျိုးစုံကို စာနယ်ဇင်းများ၌ ရေးသားသည်။ ၁၉၆၈ ခုနှစ်တွင် ဦးဖေချစ်(စိတ်ပညာ)နှင့်တွဲဖက်၍

စည်သူဒေါက်တာကျော်စိန်

'စိတ်ပညာရှုထောင့် အထွေထွေ' စာအုပ်ကို ပြုစုထုတ်ဝေသည်။ စိတ်ပညာ ဆောင်းပါးပေါင်းချုပ်၊ စိတ်ပညာနှင့်ဆောင်းပါးအထွေထွေ၊ အထွေထွေစိတ်ပညာ၊ ဆက်ဆံရေးစိတ်ပညာ၊ စိတ်ပညာကိုဏ်းကွဲများ၊ အသုံးချစိတ်ပညာစသည့် တက္ကသိုလ်ကျောင်းသုံးစာအုပ်များနှင့် ဘာသာပြန်စာအုပ်ပေါင်း ၅၀ ခန့်ရေးသားပြုစုသည်။ ထို့ပြင် ပညာပဒေသာစာစောင်၊ ပညာလောကစာစောင်များတွင်လည်း စိတ်ပညာဆောင်းပါးများ ရေးသားသည်။

စည်သူဒေါက်တာကျော်စိန်သည် ၁၉၇၃ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲတွင် သုတပဒေသာ(ဝိဇ္ဇာ) ဘာသာရပ်ပထမဆုကို 'သင့်ဘဝအတွက်တာအသုံးချစိတ်ပညာ'စာမူဖြင့်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် စာပေဗိမာန်စာမူပြိုင်ပွဲတွင် လူငယ်စာပေဘာသာရပ် ပထမဆုကို 'လူငယ်လမ်းညွှန်'စာမူဖြင့်လည်းကောင်း၊ ၁၉၉၁ ခုနှစ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးစာပေပြိုင်ပွဲတွင် ကျမ်းစာမူဒုတိယဆုကို 'တို့ချစ်သည့်တို့နိုင်ငံတော်'စာမူဖြင့်လည်းကောင်း၊ ၁၉၉၄ ခုနှစ် စာပေဗိမာန် စာမူပြိုင်ပွဲတွင် စာပဒေသာဘာသာရပ်ပထမဆုကို 'ဇော်ဂျီကာ' စာမူဖြင့်လည်းကောင်း၊ ၁၉၉၇ ခုနှစ် ပခုက္ကူ၊ ဦးအုံးဖေ စာပေပြိုင်ပွဲ (ယခုပခုက္ကူ၊စာပေပြိုင်ပွဲ) တွင် ကျမ်းစာမူပထမဆုကို 'စိတ်ပညာသမိုင်းကျမ်း' စာမူဖြင့်လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဆရာဝန်တင်ရွှေစာပေဆုကို 'နေရမည်မှာခြောက်လသာ' စာအုပ်ဖြင့်လည်းကောင်း ဆုများအသီးသီး

ဆွတ်ခူးရရှိသည်။ ထို့ပြင် ၂၀၀၈ ခုနှစ်တွင် အမျိုးသား စာပေတစ်သက်တာစာပေဆုနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုများကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုကို လည်းကောင်း ချီးမြှင့်ခြင်းခံရသည်။

စည်သူဒေါက်တာကျော်စိန်သည် ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)ကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ် တွင် စည်သူဘွဲ့ကိုလည်းကောင်း ရရှိသည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းကန်တော့ခံသက်ကြီးစာပေပညာရှင် စည်သူဒေါက်တာကျော်စိန်သည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်တင်တင်အေးနှင့် သား တစ်ဦး၊ သမီးနှစ်ဦး၊မြေးခြောက်ဦး ကျန်ရစ်သည်။

ခင်မောင်ထွန်း၊ ရဲသူရိန်၊ ရဲမှူးကြီး(ငြိမ်း) (၁၉၄၂-၂၀၁၃)။ ။ စာရေးဆရာ ခင်မောင်ထွန်း (လမ်းမတော်) ကလောင်နာမည်ဖြင့် စာပေများရေး သားသူ ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)ကို ဦးသိန်း၊ ဒေါ်စက်မေတို့က ၁၉၄၂ ခုနှစ်၊ မတ်လ ၆ ရက်တွင် ကျောက်ဆည်မြို့၌ မွေးဖွားသည်။

ငယ်စဉ်က အထက(၁)ကျောက်ဆည်၌ ပညာ သင်ယူသည်။ ၁၉၅၇-၅၈ ပညာသင်နှစ်တွင် မန္တလေး စာစစ်ဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီး လုပ်သားကောလိပ်(ရန်ကုန်)မှ ဝိဇ္ဇာဘွဲ့ကို မြန်မာစာ အဓိကဖြင့်ရရှိသည်။

ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်ပြီး မန္တလေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ရဲမှူထမ်း တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်သည်။ ၁၉၈၈ ခုနှစ် တွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့၌ တိုင်းရဲတပ်ဖွဲ့မှူး တာဝန်ကို ရဲမှူးကြီးအဆင့်ဖြင့်ထမ်းဆောင်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ စည်ပင်သာယာရဲတပ်ဖွဲ့ဌာနမှူးအဖြစ် ဆောင်ရွက်သည်။ ၂၀၀၂ ခုနှစ်၊ မေလတွင် နိုင်ငံ့ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသည်။ အငြိမ်းစား ယူပြီးနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၌ အကြံပေးအရာရှိအဖြစ် ဆောင်ရွက်သည်။

ခင်မောင်ထွန်း၊ ရဲသူရိန်၊ ရဲမှူးကြီး (ငြိမ်း)

ရဲမှူးကြီးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ တာဝန် ထမ်းဆောင်နေစဉ်အတွင်း မလေးရှားနိုင်ငံ၊ ကွာလာ လမ်ပူမြို့၌ တန်းမြင့်ဥပဒေသင်တန်းနှင့် နီပေါနိုင်ငံ၌ လုံခြုံရေးကာကွယ်မှုသင်တန်းတို့ကို တက်ရောက် သည်။ ထို့ပြင် ထိုင်း-မြန်မာနယ်စပ်အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားလှယ်အဖြစ် သုံးကြိမ် တက်ရောက်သည်။ ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ် ခြင်းခံရပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှ အားကစားပြိုင်ပွဲနှင့် အားကစားဆိုင်ရာ အစည်းအဝေး များသို့တက်ရောက်ခဲ့ရာ ဂျပန်၊ အိန္ဒိယ၊ ဟောင်ကောင်၊ မကာအိုနှင့်ထိုင်ဝမ် စသည်တို့နှင့်အရှေ့တောင် အာရှ နိုင်ငံများသို့ အကြိမ်ကြိမ်သွားရောက်သည်။ မြန်မာ နိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နာယကအဖြစ် ကွယ်လွန်ချိန် အထိ တာဝန်ထမ်းဆောင်သည်။

ရဲမှူးကြီးသည် နိုင်ငံတော်ကချီးမြှင့်သော ပြည်ထောင်စုဂွေတံဆိပ် (ထူးချွန်သောအမှုထမ်း) ကို ၁၉၇၄ ခုနှစ်တွင် လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ဂွေမောဆုကို ၁၉၇၅ ခုနှစ်တွင်လည်းကောင်း၊ ရဲသူရိန်

တံဆိပ်ကို ၁၉၈၉ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံတော်ရဲမှူထမ်းတံဆိပ်ကို ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း၊ ရဲမှူထမ်းကောင်းတံဆိပ်ကို ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်နှင့် မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်တို့ကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း အသီးသီးရရှိသည်။

ရဲမှူးကြီးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲအရာရှိငယ် တာဝန်ထမ်းဆောင်စဉ်ကတည်းက ခင်မောင်ထွန်း (လမ်းမတော်) ကလောင်နာမည်ဖြင့် စာပေများရေးသားသည်။ ပညာပေးရေဒီယို ဇာတ်လမ်းများနှင့်ရုပ်မြင်သံကြားဇာတ်လမ်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။ "ကျွန်တော့်ဝေစု အမွေပေးပါ" ရုပ်ရှင်ဇာတ်ကားနှင့် 'ချစ်ပုံပြင် ၃၀၂' 'နှောင်းရိပ်မထင်' မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်းများမှာ အောင်မြင်ကျော်ကြားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လစဉ်ထုတ်ဝေသော ရဲကြေးမုံမဂ္ဂဇင်း အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) က ထုတ်ဝေသော တံလျှပ်ဂျာနယ်နာယကနှင့် အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ပြန်လည်ဖွဲ့စည်းရာ ဒုတိယ ဥက္ကဋ္ဌ (၁) အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

ရဲမှူးကြီးသည် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) ၌ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် စတင်ထမ်းဆောင်ပြီး ဥက္ကဋ္ဌအဖြစ် ကွယ်လွန်ချိန်အထိ ထမ်းဆောင်သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ကွယ်လွန်ချိန်အထိ ဆောင်ရွက်သည်။

ရဲမှူးကြီးသည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါက်တာ အေးမြတ်လွင် ကျန်ရစ်သည်။ ထို့ပြင် သားနှစ်ဦး၊ သမီးနှစ်ဦး၊ မြေး ၁၁ ဦးနှင့်မြစ်သုံးဦး တို့ကျန်ရစ်သည်။

ဂိုအင်ကာ၊ ဦး(၁၉၂၄-၂၀၁၃)။ ။ သာသနာပြုပဂ္ဂိုလ်ဦးဂိုအင်ကာကို အဘ ဂိုပီရပ်ဂိုအင်ကာနှင့် အမိ

ဦးဂိုအင်ကာ

မာလာဒေဝီတို့က ၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဆတျာနာရာယန်းဂိုအင်ကာ (Satya Nayaran Goenka) ဖြစ်သည်။

ဦးဂိုအင်ကာသည် မင်းတုန်းမင်းလက်ထက် ၁၈၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗီကာနေရ်ပြည်နယ်၊ ကျူရုမြို့မှ မြန်မာနိုင်ငံ မန္တလေးမြို့သို့ လာရောက်အခြေချနေထိုင်သော ဟိန္ဒူဘာသာဝင် မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။

ဦးဂိုအင်ကာသည် ၁၉၄၀ ပြည့်နှစ်၊ အသက် ၁၆ နှစ်တွင် ကျောင်းထွက်ကာ မိဘများ၏ စီးပွားရေးလုပ်ငန်းတို့၌ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်လာခဲ့သည်။ နောင်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မာရ်ဝါရီကုန်သည်ကြီးများအသင်း၊ ရန်ကုန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခေါင်းဆောင်ဖြစ်လာခဲ့သည်။

ဦးဂိုအင်ကာသည် ငယ်စဉ်ကပင် ၁၂ ရက်တစ်ကြိမ် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ (Migraine) ကို ခံစားခဲ့ရာ ဝေဒနာသက်သာစေရန် ၂-ပတ်တစ်ခါ မော်ဖိန်း(Morphine) ဆေးထိုးခဲ့ရသည်။ ထိုစဉ်က ရန်ကုန်မြို့ အင်းယားမြေင်လမ်းတွင် အပြည်ပြည်ဆိုင်ရာ ဓမ္မရောင်ခြည် စေတီတော်ရိပ်သာဖွင့်ကာ ဝိပဿနာ ရှုနည်းကို ပို့ချနေသော ဒွေစာရင်းမင်းကြီး ဦးဘခင်၏

ဖိတ်ခေါ်ချက်အရ ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှ စတင်၍ ထိုရိပ်သာ၌ ၁၀ ရက် တရားစခန်းစတင်ဝင်ရောက်ခဲ့သည်။ ဝိပဿနာတရားများကို ရှုမှတ်နေစဉ် ရုပ်ခန္ဓာတို့၏ ဖြစ်၊ တည်၊ ပျက်သဘောကို လက္ခဏာသုံးပါးတွင် ရှုမှတ်ခဲ့ရာ ဝေဒနာတို့၏ မမြဲသောသဘော (အနိစ္စလက္ခဏာ) ကို ကိုယ်တွေ့သိမြင်ကာ ခေါင်းကိုက်ရောဂါပျောက်ကင်းခဲ့ရသည်။

ဦးဂိုအင်ကာသည် ဓမ္မသဘောကို သိမြင်ပြီးနောက် နံနက်၊ ညတိုင်း တရားထိုင်ကာ စနေ၊ တနင်္ဂနွေနေ့များတွင် တရားစခန်းဝင်လေ့ရှိသည်။ တရားအလုပ်ကို ပိုမိုစိတ်ဝင်စားလာကာ တရားစခန်းတွင် ဓမ္မလုပ်သားအဖြစ်လည်းကောင်း၊ ယောဂီအဖြစ်လည်းကောင်း၊ လက်ထောက်တရားနည်းပြဆရာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ဗုဒ္ဓဘာသာနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ဟိန္ဒီဘာသာဖြင့် ပြန်လည်ပြုစုခဲ့သည်။ ဟိန္ဒူယောဂီများအတွက်လည်း စကားပြန်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် သိမ်းခံခဲ့ရသည်။ ထို့နောက် ဓမ္မကို ပိုမိုအာရုံစူးစိုက်နိုင်ခဲ့ပြီး ဆရာကြီးဦးဘခင်၏ လက်အောက်၌ ဝိပဿနာတရားကို ၁၄ နှစ်ခန့် အားထုတ်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ အာရုံကြောရောဂါကို ကုသရန် သွားရောက်နေသော မိခင်နောက်သို့ လိုက်သွားခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံ၌ အာရုံကြောရောဂါကို လုံးလုံးလျားလျားပျောက်ကင်းအောင် ကုသပေးနိုင်သော ဆရာဝန်များ မရှိသေးပေ။ သို့ဖြစ်ရာ မိမိကျင့်ကြံအားထုတ်နေသော ဝိပဿနာကျင့်စဉ်ဖြင့် မိခင်အားကုသရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ဘုံဘေမြို့ (ယခု မွမ်ဘိုင်းမြို့) တွင် မိဘနှစ်ပါးနှင့် အခြားသင်တန်းသား ၁၂ ဦးတို့ဖြင့် ပထမဆုံးသော ဝိပဿနာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် အများတောင်းဆိုမှုကြောင့် ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ကာ ဘုံဘေမြို့၌ တရားပတ်လေးကြိမ်၊ မဒရက်မြို့၌ သုံးကြိမ်၊နယူးဒေလီမြို့၌ နှစ်ကြိမ်၊ ဗုဒ္ဓဂယာ၌ နှစ်ကြိမ်အပါအဝင် စုစုပေါင်းတရားပတ် ၂၇ ကြိမ် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုကာလအတွင်း၌ ယောဂီဦးရေ ၈၉၇ ဦးခန့် တရားအားထုတ်ခဲ့ကြသည်။ ဆရာကြီး ဦးဘခင်ကွယ်လွန်သောအခါ ဆရာကြီး၏ ကျေးဇူးကြွေးကိုဆပ်ရန် မေတ္တာကရဏာဖြင့် အမျှားကို ကူညီရန် ဆုံးဖြတ်ခဲ့သည်။ သို့ဖြင့် ဦးဂိုအင်ကာသည် ဇာတ်နိမ့်၊ ဇာတ်မြင့်ဘာသာစုံ၊ လူမျိုးစုံရောပြွမ်းနေသော အိန္ဒိယလူ့အဖွဲ့အစည်း၌ မြတ်စွာဘုရား၏ ဝိပဿနာကျင့်စဉ် ပြန့်ပွားလာအောင် ကြိုးပမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အီဂတ်ပူရီ၌ ဝိပဿနာအပြည်ပြည်ဆိုင်ရာ အကယ်ဒမီ (ဓမ္မဂီရိဝိပဿနာအဖွဲ့ချုပ်) ကို ဇူးထောင်ခဲ့သည်။

ထိုဇာခွါန်မှစ၍ အနောက်နိုင်ငံများက ဦးဂိုအင်ကာကို တရားပြရန် အကြိမ်ကြိမ်ဖိတ်ခေါ်မှုများရှိလာသော်လည်း မြန်မာနိုင်ငံမှ အနောက်နိုင်ငံများသို့ သွားရောက်ရန် ပြည်ဝင်ခွင့်နိုင်ငံကူးလက်မှတ် အခက်အခဲရှိလာသဖြင့် ၁၉၇၉ ခုနှစ်တွင် မြန်မာနိုင်ငံသားအဖြစ်ကို စွန့်လွှတ်၍ အိန္ဒိယနိုင်ငံသားအဖြစ်ခံယူခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဝိပဿနာကျင့်ရာ၌ သဘောတရားနှင့်လက်တွေ့ကိုကို စနစ်ကျ ပေါင်းစပ်နိုင်ရန်နှင့် ဝိပဿနာဆိုင်ရာ ပါဠိကျမ်းစာအုပ်များကို ဘာသာပြန်ပုံနှိပ်ထုတ်ဝေနိုင်ရန်ရည်ရွယ်ပြီး ဝိပဿနာ သုတေသနအဖွဲ့ချုပ် (Vipassana Research Institute) ကို ထူထောင်ခဲ့သည်။

ဦးဂိုအင်ကာသည် ၁၉၉၀ ပြည့်နှစ်မှစတင်၍ အိန္ဒိယအစိုးရ၏ ခွင့်ပြုချက်ဖြင့် အိန္ဒိယနိုင်ငံအနှံ့အကျဉ်းထောင်များ၌ ၁၀ ရက် တရားစခန်းများကို ဖွင့်လှစ်ခဲ့သည်။ နောင်တွင် တခြားနိုင်ငံများ၌လည်း ထောင်တွင်း ၁၀ ရက် တရားစခန်းများဖွင့်လှစ်ခဲ့သည်။ အကျဉ်းသားပေါင်း ၁၀၀၀၀ ခန့်၊ ရဲနှင့် စစ်မှုထမ်းများကိုတရားပြသပေးခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ဒါဗို့စ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့စီးပွားရေးညီလာခံသို့ တက်ရောက်ရန် ဖိတ်ခေါ်ခံခဲ့ရသည်။ ထိုဆွေးနွေးပွဲတွင် "ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေး၏ အနာဂတ်"၊ "ဒေါသစိတ်ကို မည်သို့ထိန်းချုပ်နိုင်ပုံ"၊ "ပျော်ရွှင်ချမ်းမြေ့မှု၏ အနက်အဓိပ္ပာယ်" စသည့်အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။ ထိုနှစ် ဩဂုတ်လတွင် ကုလသမဂ္ဂ

ရုံးချုပ်၌ ကျင်းပသော ထောင်စုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးဆွေးနွေးပွဲ (Millennium World Peace Summit) သို့ ငြိမ်းချမ်းရေးတရားဟောရန် ဖိတ်ကြားခံရသည်။

ဦးဂိုအင်ကာသည် အုပ်ရေ ၄၀ စီ ပါသော ဆဋ္ဌသင်္ဂါမူတိပိဋကအစုံပေါင်း ၃၀၀၀ ခန့် (စုစုပေါင်း စာအုပ် ၁၂၀၀၀) ကို နိုင်ငံတကာအဆင့်မီ ရိုက်နှိပ်ကာ မြန်မာနိုင်ငံမှ ရဟန်းတော်များနှင့် ဘာသာရေးအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့သည်။ ၎င်းအပြင် ပိဋကတ်သုံးပုံကို ဘာသာခုနစ်မျိုးဖြင့် (CD Rom) များအဖြစ် ကမ္ဘာ့အနှံ့သို့ မမ်မဒါန ဖြန့်ဖြူးခဲ့သည်။

ထို့အပြင် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် ဘုံဘော (မွမ်ဘိုင်း)မြို့ ဂိုရေးဒေသ ဗုဒ္ဓဒီပကျွန်း၌ အာရေဗျပင်လယ်ကို မေးတင်လျက် ဉာဏ်တော် ၃၂၅ ပေခန့် ရှိသော ရွှေတိဂုံစေတီတော်ပုံတူ ကမ္ဘာ့ဝိပဿနာစေတီတော် (Global Vipassana Pagoda) ကို တည်ထားနိုင်ခဲ့သည်။ ၎င်းစေတီ၏ လိုဏ်ဂူသည် ပေ ၂၈၀ ခန့် ကျယ်ဝန်းပြီး ကမ္ဘာ့အကြီးဆုံးသော ဂူဘုရားကြီး တစ်ဆူဖြစ်သည်။ ဤလိုဏ်ဂူတော်၌ ယောဂီ ၈၀၀၀ ခန့် တစ်ပြိုင်တည်း တရားအားထုတ်နိုင်သည်။ သံချောင်းအင်္ကတေများလုံးဝမသုံးဘဲ တန်ခိုန် ၂ ဒသမ ၅ သန်းခန့်ရှိသော ကျောက်တုံးကျောက်ခဲများကို ထွင်းထုခိုတ်ဆက်ပြီး ခေတ်မီဗိသုကာအတတ်ပညာဖြင့် တည်ဆောက်ထားခဲ့သဖြင့် ကမ္ဘာ့အံ့ဖွယ်စေတီတော်တစ်ဆူအဖြစ် သတ်မှတ်ခံရသည်။

ဦးဂိုအင်ကာသည် ဓမ္မမိတ်ဆွေ ၁၅၀ ခန့်နှင့် မြန်မာနိုင်ငံသို့ နောက်ဆုံးခရီးစဉ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၃၀ ရက်ထိ လာရောက်လည်ပတ်ပြီး မြန်မာဓမ္မမိတ်ဆွေများနှင့်အတူ "ဓမ္မနိုင်ငံတော်၌ ၁၃၅ နှစ်တာ (135 Years in Dhamma Land)" ဟူသော ဓမ္မညီလာခံကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ နှစ်ရက်ကြာပြုလုပ်ခဲ့သည်။ ထိုညီလာခံတွင် ဝိပဿနာဆိုင်ရာတရားဒေသနာများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဟောကြားခဲ့သည်။

ဦးဂိုအင်ကာသည် နိုင်ငံပေါင်း ၉၅ နိုင်ငံတွင် ဓမ္မရိပ်သာပေါင်း ၁၇၀ ကျော်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ထိုရိပ်သာများ၌ သင်ကြားပို့ချရန် ကမ္မဋ္ဌာန်းဆရာပေါင်း ၁၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ထိုကမ္မဋ္ဌာန်းဆရာတို့သည် ဘာသာစကားပေါင်း ၅၉ ဘာသာခန့်ကို အသုံးပြု၍ ဝိပဿနာတရားများကို သင်ကြားပြသနေကြသည်။ မြန်မာနိုင်ငံတွင်လည်း ထောင်တွင်းတရားရိပ်သာလေးခုအပါအဝင် တရားရိပ်သာပေါင်း ၁၉ ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဦးဂိုအင်ကာ ထူထောင်ခဲ့သော ဓမ္မဂိရိဝိပဿနာအဖွဲ့ချုပ်မှ ကမ္ဘာတစ်ဝန်းလုံးတွင် ဖွင့်လှစ်ထားသော တရားရိပ်သာများ၌ နှစ်စဉ် ယောဂီပေါင်းတစ်သိန်းကျော်ခန့် တရားအားထုတ်နေကြသည်။

ဦးဂိုအင်ကာ၏ လူမှုရေးဆိုင်ရာ စွမ်းဆောင်မှုကြောင့် ၂၀၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံအစိုးရက ပဒ္မဘူဆန် (Padma Bushan) ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကလည်း လူမှုရေးဆိုင်ရာနှင့်ဘာသာရေးစွမ်းဆောင်မှုများကြောင့် ဝဏ္ဏကျော်ထင်ဘွဲ့၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ဦးဂိုအင်ကာသည် အသက် ၉၀ အရွယ် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့ (မွမ်ဘိုင်းမြို့) နေအိမ်၌ ကွယ်လွန်သည်။

စစ်ကိုင်းကြည်ညွှန့် (၁၉၃၁-၂၀၁၃) ။ ။

ဦးကြည်ညွှန့်ကို ဦးလင်း၊ ဒေါ်ခင်တို့က ၁၉၃၁ ခုနှစ်၊ လွန်လ ၂၇ ရက်တွင် စစ်ကိုင်းမြို့ မိုးဇရပ်၌ မွေးဖွားသည်။

သူငယ်တန်းမှသည် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ စစ်ကိုင်းမြို့ နိုင်ငံတော် အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ငယ်စဉ်ကျောင်းသားဘဝကပင် စာပေများ စတင်ရေးသားခဲ့သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A (Geography) ဘွဲ့ကိုရရှိသည်။

၁၉၅၀-၅၄ ခုနှစ်တွင် တပ်မတော်ဗိုလ်လောင်းသင်တန်းသို့တက်ရောက်ခဲ့သည်။ ပြင်ဦးလွင်မြို့ ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၃)

ကို ၁၉၅၄-၅၅ ခုနှစ်တွင်ဆင်းပြီး ဒုတိုလ်ဖြစ်လာသည်။

မန္တလေးမြို့ ခြေမြန်တပ်ရင်း (၁၀၄) တွင် တိုလ်အဆင့်ဖြင့် ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီးနောက် စစ်ရုံးချုပ် စစ်ရာထူးခန့်အတွင်းဝန်ရုံးတွင် တိုလ်ကြီးအဖြစ် ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်တာဝန်၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.L ဘွဲ့ကိုလည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် D.M.A ဘွဲ့ကို လည်းကောင်းရရှိခဲ့သည်။

စစ်ကိုင်းကြည်ညွန့်

၁၉၆၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု FORTBENNING, COLUMBUS, GEORGIA တွင် စစ်သင်တန်းများ တက်ရောက်ခဲ့ပြီး ဒီပလိုမာရရှိသည်။

၁၉၆၃-၁၉၆၈ ခုနှစ်တွင် တိုလ်ကြီးဘဝဖြင့် ပြည်ထဲရေးဝန်ကြီးဌာနဌ အထူးအရာရှိအဖြစ် ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၆၈ ခုနှစ် မှ ၁၉၇၀ ပြည့်နှစ်အထိ အမှတ် (၅) ဗမာ့သေနတ်ကိုင်တပ်ရင်း အောင်ဆန်းမြို့ ရန်ကုန်တွင် တိုလ်မှူး (ဒု-တပ်ရင်းမှူး) အဖြစ် ထမ်းဆောင်ခဲ့သည်။

စစ်ကိုင်းကြည်ညွန့်သည် ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးဌာနတွင် အထူးအရာရှိအဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေးဌာနခွဲတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် နာယက၊ ကုက္ကိုင်းရေကူးအသင်း နာယက၊ အင်အားအားကစားဂျာနယ် အယ်ဒီတာချုပ်၊ ဗုဒ္ဓစာပေအဖွဲ့ဥက္ကဋ္ဌ စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထိုမျှသာမက "ဇေယျာမောင်" ဘွဲ့လည်း ရရှိသည်။

ဆရာသည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အေးမြင့်၊ သားတစ်ဦး၊ မြေးသုံးဦးကျန်ရစ်သည်။

စိန်ဝင်း၊ ဦး (ဂါးဒီးယန်း) (၁၉၂၂-၂၀၁၃)။။

သတင်းစာဆရာကြီးဂါးဒီးယန်းဦးစိန်ဝင်းကို ဦးဖိုးပျော့၊ ဒေါ်ပိုးရင်တို့က ၁၉၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျောင်းကုန်းမြို့၌ မွေးဖွားသည်။

ငယ်စဉ်က ကျောင်းကုန်းမြို့ အင်္ဂလိပ်-မြန်မာဗုဒ္ဓဘာသာအလယ်တန်းကျောင်းနှင့် ပုသိမ်မြို့ စကောကရင်အထက်တန်းကျောင်းများ၌ ပညာသင်ယူသည်။ ရန်ကုန်တက္ကသိုလ်ဂျဒ်ဆင်(ယုဒသန်)ကောလိပ်၌ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ပညာသင်ယူသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်သည်။

ဆရာသည် ၁၉၄၆ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ရန်ကုန်မြို့ မြန်မာ့အလင်းသတင်းစာတိုက်၌ သတင်းထောက်အဖြစ်ဆောင်ရွက်သည်။ သတင်းထောက်အဖြစ် အလုပ်လုပ်ရင်း ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(ဘီအေ) နှင့် ဥပဒေဝိဇ္ဇာဘွဲ့(ဘီအယ်လ်) စာမေးပွဲများဖြေဆိုအောင်မြင်သည်။ မြန်မာ့အလင်းနှင့်စီးပွားရေးမြန်မာသတင်းစာများ၊ အလုပ်သမားဂေဇက်၊ နယူး

တိုင်းမ်အော့ဖ်ဘားမားနှင့် နေးရှင်းအင်္ဂလိပ်သတင်းစာများ၌ သတင်းထောက်ချုပ်နှင့် အယ်ဒီတာအဖြစ် လုပ်ကိုင်သည်။ ၁၉၅၈ ခုနှစ်၊ မတ်လဆန်းမှ ၁၉၆၃ ခုနှစ်၊ မေလကုန်အထိ ဂါးဒီးယန်းသတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။

ဂါးဒီးယန်းဦးစိန်ဝင်း

ဆရာသည် သတင်းသမားဘဝတွင်လူသိများသည့်သတင်းများကို ရေးသားတင်ပြနိုင်ရာ အထင်ရှားဆုံးအဖြစ် လူငယ်သတင်းသမားဘဝ၌ ဗိုလ်ချုပ်အောင်ဆန်းအမှုးပြုသော ဖဆပလအစိုးရဖွဲ့စည်းသည့်သတင်းကို သတင်းထုတ်ပြန်ချက်ပေါ်ထွက်မလာမီ ခန့်အပ်ခံရသော ဝန်ကြီးများထံမေးမြန်းရေးသားဖော်ပြသည်။ အဆိုပါသတင်းသည် ထိုခေတ်အခါက လူပြောအများဆုံးသတင်းတစ်ပုဒ်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာတစ်စောင်တည်းကသာ သတင်းဦးအဖြစ် ဖော်ပြနိုင်ခြင်းကြောင့်ချီးကျူးခြင်းခံရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်ချိန်တွင် ချယ်ရီကလောင်အမည်ဖြင့် ကိုယ်တွေ့စစ်အတွင်းဂျပန်ပြည် (၁၉၄၆) စာအုပ်ကို ရေးသားပြုစုထုတ်ဝေသည်။ ၁၉၅၉ ခုနှစ်တွင် ဖဆပလနှစ်ခြမ်းကွဲသည်ကို အကြောင်းပြု၍ အကွဲအပြဲဇာတ်လမ်း (The Split Story) ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားကာ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဂါးဒီးယန်းသတင်းစာ၌ နေ့စဉ်ဖော်ပြသည်။ ဆရာသည် သတင်းစာလွတ်လပ်ခွင့်အတွက် ရေးသားမှုများကြောင့် ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ အပြည်ပြည်ဆိုင်ရာသတင်းစာထုတ်ဝေသူများအဖွဲ့ချုပ်က ၁၉၆၃ ခုနှစ်တွင် ရွှေကလောင်ဆုချီးမြှင့်သည်။ မြန်မာနိုင်ငံမှ ရွှေကလောင်ဆုကို ပထမဆုံးရရှိသူအဖြစ်လည်းကောင်း၊ ရွှေကလောင်ဆုသမိုင်းတွင် ဒုတိယအကြိမ်၌ ဆုရရှိသူအဖြစ် လည်းကောင်း သမိုင်းမှတ်တမ်းဝင်သူဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် လူငယ်သတင်းစာသမားများအတွက် အခြေပြုသတင်းစာပညာစာအုပ်ကို ရေးသားပြုစုထုတ်ဝေသည်။

ဆရာသည် သတင်းစာလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်ခဲ့သူတစ်ဦးဖြစ်ကာ ၁၉၆၁ ခုနှစ်၊ ၁၉၆၅ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် သုံးကြိမ်တိုင် ထိုခေတ်အစိုးရ၏ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။

ဆရာသည် ၁၉၆၀-၆၁ ခုနှစ်နှင့် ၁၉၆၁-၆၂ ခုနှစ်များတွင် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၆၁-၆၂ ခုနှစ်တွင် စာနယ်ဇင်းကောင်စီ အထွေထွေအတွင်းရေးမှူးအဖြစ် လည်းကောင်း ထမ်းဆောင်သည်။ ၁၉၆၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်ချ်မြို့ရှိ အိုင်ပီအိုင် ခေါ် အပြည်ပြည်ဆိုင်ရာ သတင်းစာအယ်ဒီတာများအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၁၉၆၉ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလအထိ အမေရိကန်ပြည်ထောင်စုရှိ အေပီသတင်းဌာန၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်အဖြစ်ဆောင်ရွက်ပြီး ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဂျပန်နိုင်ငံရှိ ကျိုဒိုသတင်းဌာန၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်အဖြစ်ဆောင်ရွက်သည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ မြန်မာနိုင်ငံ၌ ပထမဆုံးတည်ထောင်သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် ၁၉၉၃ ခုနှစ်မှစ၍ နာယကအဖြစ်ဆောင်ရွက်သည်။

၁၉၅၀ ပြည့်နှစ်တွင် ဒေါက်တာဒေါ်ခင်ထွေးနှင့် လက်ထပ်ပြီး သားတစ်ဦးနှင့်သမီးသုံးဦး ထွန်းကားသည်။

ဂါးဒီးယန်းဦးစိန်ဝင်းသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သမီးသုံးဦးနှင့်မြေးခုနစ်ဦး ကျန်ရစ်သည်။

တင်ယု၊ ဦး (ရုပ်ရှင်ဒါရိုက်တာ) (၁၉၂၀-၂၀၁၃)။ ။ ဦးတင်ယုကို ရဲဝန်ထောက် ဂျေမောင်စိန်၊ ဒေါ်မြခင်တို့က ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ မွေးချင်းနှစ်ဦး ရှိပြီး နှမဖြစ်သူမှာ ဒေါ်ခင်မြင့် (အဆိုတော် မာလာမြင့်) ဖြစ်သည်။

၁၉၂၇ ခုနှစ်မှ ၁၉၃၁ ခုနှစ်အတွင်း မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓယောသ အထက်တန်းကျောင်း၌ သတ္တမတန်းအထိ ပညာသင်ယူသည်။ ၁၉၃၂ ခုနှစ်မှ ၁၉၃၄ ခုနှစ်အတွင်း ဖခင်တာဝန်ထမ်းဆောင်ရာ မင်းဘူးမြို့အထက်တန်းကျောင်း၌ သတ္တမတန်းမှ နဝမတန်းအထိ ပညာသင်ယူသည်။ ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်း၌ ဒသမတန်းပညာသင်ယူသည်။ ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၁ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၌ ဥပစာ (ခ) တန်းအထိ ပညာသင်ယူသည်။

ဦးတင်ယုသည် ၁၉၃၆ ခုနှစ်တွင် အေဝမ်းဖလင်၌ ဇာတ်လမ်းမှတ်တမ်းတင်နှင့်ဖလင်တည်းဖြတ်ခြင်းတို့ကို စတင်လုပ်ကိုင်သည်။ ထိုအချိန်မှစတင်ကာ ဇာတ်လမ်းမှတ်တမ်းတင်သူ၊ ဖလင်တည်းဖြတ်နှင့် တီးလုံးသွင်းသူ နှင့် အေဝမ်းဖလင်၏ သဘင်ဝန်ဓာတ်ပြားသွင်းသည့် ဂီတလုပ်ငန်းကိုပါ လုပ်ကိုင်သည်။ ၁၉၃၈ ခုနှစ်တွင် ချစ်စနိုး၊ လပြာသို၊ ၁၉၃၉ ခုနှစ်တွင် မြားနတ်မောင်၊ တစ်လိမ်နှစ်လိမ်၊ ၁၉၄၀ ပြည့်နှစ်တွင် ချစ်သမျှ ဇာတ်ကားများ၌ ဇာတ်လမ်းမှတ်တမ်းတင်အဖြစ် ဆောင်ရွက်သည်။

ဦးတင်ယုသည် ၁၉၄၁ ခုနှစ်တွင် ဒါရိုက်တာ ဦးတင်မောင်ရိုက်ကူးသည့် ချစ်ရေစင်ဇာတ်ကား၌ လက်ထောက်ဒါရိုက်တာဖြစ်လာသည်။ ၁၉၄၂ ခုနှစ်တွင် ရွှေဒေါင်းတောင်ဇာတ်ကားကို ပထမဦးဆုံးဒါရိုက်တာ အဖြစ် ရိုက်ကူးသည်။ မြဟောဝန်နှင့်ဂုဏ်လောက ဇာတ်ကားများရိုက်ကူးနေစဉ် ဒုတိယကမ္ဘာစစ်ကြောင့် ရုပ်ရှင်ရိုက်ကူးရေးကို ရပ်နားလိုက်ရသည်။ ၁၉၄၄ ခုနှစ်မှ ၁၉၅၁ ခုနှစ်အတွင်း ကပွလီဇာတ်ကားကို အေဝမ်း ဦးတင်မောင်နှင့်တွဲ၍လည်းကောင်း၊ ဘဘကြီး၊ မင်းဘာလဲ၊ အတွင်းရန်၊ ညောင်ရမ်းညီနောင်ဇာတ်ကားများကို ဒါရိုက်တာအဖြစ်လည်းကောင်း ရိုက်ကူးသည်။ ၁၉၅၁ ခုနှစ်တွင် ရန်ပုံခွင်း၊ သက်လယ်၊ တစ်ခိုင်လုံးရွှေ ဇာတ်ကားများကို ရိုက်ကူးသည်။ ၁၉၅၂ ခုနှစ်တွင် ဝိညာဉ်မေတ္တာ၊ ၁၉၅၃ ခုနှစ်တွင် သားရွှေဒေါင်းတောင်၊ ပန်းသစ္စာအသံထွက်ဇာတ်ကားတို့ကို ဆက်တိုက် ရိုက်ကူးသည်။ ၁၉၅၄ ခုနှစ်တွင် အကျော်အမော် အသံထွက်ဇာတ်ကားကို ရိုက်ကူးရာ ဇာတ်ကားဆု တတိယရရှိသည်။ ၁၉၅၆ ခုနှစ်တွင် မြတဘက် အသံထွက်ဇာတ်ကားကို ရိုက်ကူးရာ ဆက်တင် အသုံးပြုမှုနှင့်ကင်မရာလှည့်စားချက် အများဆုံးရုပ်ရှင် ဖြစ်ခဲ့သည်။ ထို့နောက် နှောင်းသစ္စာအသံထွက် ဇာတ်ကားကို ရိုက်ကူးသည်။ ၁၉၅၇ ခုနှစ်တွင် လောကဓံပန်းခြံ၊ မိုးပြာအောက်ကမေ၊ ၁၉၅၈ ခုနှစ်တွင် ကျော်တော့လှေသူကြီး၊ မခွဲတမ်းကြင်မယ် အသံထွက် ဇာတ်ကားများကို ရိုက်ကူးသည်။

ဦးတင်ယုသည် ၁၉၆၀ ပြည့်နှစ်တွင် သွေးစုပ်ဖုတ် ကောင်ဇာတ်ကားကို ဒါရိုက်တာမြစကြာအမည်ခွဲဖြင့် လည်းကောင်း၊ အဝိုင်းနှင့်လေးဒေါင့်ဇာတ်ကားကို ဒါရိုက်တာသန့်ဇင်အမည်ခွဲဖြင့်လည်းကောင်း ရိုက်ကူးသည်။ အောင်ခြင်းရှစ်ပါးဆေးရောင်စုံဇာတ်ကား၌ ဆေးရောင်စုံအတိုင်ပင်ခံနှင့်တည်းဖြတ်သူအဖြစ်လည်းကောင်း၊ မေတ္တာရွှေရည်ဇာတ်ကား၌ ဓာတ်ပုံတာဝန်ခံအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၆၁ ခုနှစ်တွင် ဇာတ်သဘင်ပညာရှင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ကို ခေါင်းဆောင်တင်၍ ဝိမာနဇာတ်ကားကို ရိုက်ကူးကာ မြန်မာ့ဇာတ်သဘင်ကို ရုပ်ရှင်ဖြင့်မော်ကွန်းတင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရုရှားဘဲလေးအကမှတ်တမ်းတင်ရုပ်ရှင်၊ မင်းသားသစ်ဝင်းဦးကို ပွဲထုတ်ထားသည့် နှစ်ယောက်ထဲနေချင်တယ်ဇာတ်ကားနှင့် မင်းထင်ရွှေမှန်ဇာတ်ကားတို့ကို ရိုက်ကူးသည်။ ထို့ပြင်

ရုပ်ရှင်ဒါရိုက်တာဦးတင်ယု

အလောင်းတော်ရာမဇာတ်ကား၌ ဆေးရောင်စုံအတိုင် ပင်ခံနှင့်တည်းဖြတ်သူအဖြစ် ဆောင်ရွက်သည်။ ၁၉၆၃ ခုနှစ်တွင် တစ်ပွင့်ထဲပန်မယ်၊ မောင်တို့ချယ်ရီမြေ၊ ၁၉၆၄ ခုနှစ်တွင် မေတ္တာကမ္ဘာခြားသူ၊ ၁၉၆၅ ခုနှစ်တွင် တစ် ဆောင်းသစ်ပြန်ပြီ၊ ဘာလိုလို၊ မနောဟရီ၊ ညောင်ရမ်းညီနောင် (ဒုတိယအကြိမ်) ဇာတ်ကားများကို ရိုက်ကူးသည်။ ၁၉၆၆ ခုနှစ်တွင် ချစ်မြေဇာတ်ကား၌ ဓာတ်ပုံတာဝန်ခံအဖြစ်ဆောင်ရွက်ပြီး ဘယ်ခြောက်ကာ ညာလှမ်းလို့ဇာတ်ကားကို ရိုက်ကူးသည်။

၁၉၆၇ ခုနှစ်တွင် မောင့်ချစ်တဲ့သူ အငိုတိတ် အောင်၊ တစ်ယောက်တစ်နေရာ၊ ၁၉၆၈ ခုနှစ်တွင် တံခါးခေါက်သံ၊ ၁၉၆၉ ခုနှစ်တွင် တူတူညီညီရိုရိုပြုံးပြုံး၊ နန်းတွင်းအရေးတော်ပုံ (ဆေးရောင်စုံ)၊ ၁၉၇၀ ပြည့်နှစ်တွင် ပျော်ပျော်ရွှင်ရွှင်ကြင်ကြင်နာနာ၊ ၁၉၇၁ ခုနှစ်တွင် စိတ်လှသူ၊ ၁၉၇၂ ခုနှစ်တွင် ပုစ္ဆာဆန်သောမိန်းကလေး၊ ၁၉၇၇ ခုနှစ်တွင် နေရာတိုင်းမှာသူမျက်နှာ၊ မေတ္တာဘုံသို့နှစ်ခေါက်လေ၊ ၁၉၇၈ ခုနှစ်တွင် ဆုတောင်းတိုင်းသာပြည့်ချင်တယ်၊ ၁၉၈၃ ခုနှစ်တွင် ချစ်တဲ့ရက်ကိုကြိုနေမယ်၊ ၁၉၈၅ ခုနှစ်တွင် ရာဇာ၊ ဝံပုလွေနှင့်သိုးငယ်၊ ၁၉၈၇ ခုနှစ်တွင် လွမ်းနေမယ်မမ (ဆေးရောင်စုံ)၊ ၁၉၉၀ ပြည့်နှစ်တွင် ဝက်ပါထဲမှ ဒို့နှစ်ယောက်၊ ၁၉၉၁ ခုနှစ်တွင် ချစ်လို့၊ ၁၉၉၃ ခုနှစ်တွင် မမကိုချစ်တယ်၊ ၁၉၉၆ ခုနှစ်တွင် မေ့နိုင်စွမ်းစေ၊ ၁၉၉၈ ခုနှစ်တွင်သွေး၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍ စသည့် ဇာတ်ကားများကို ရိုက်ကူးသည်။

ဦးတင်ယုသည် ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးတင်ဆက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ရာ ၁၉၅၄ ခုနှစ်၊ ဧပြီလတွင် ဆင္ဒသင်္ဂီယနာတင်ပွဲဆေးရောင်စုံ ရိုက်ကူးရေးအတွက် အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့နှင့်ကာလကတ္တား မြို့သို့လည်းကောင်း၊ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် စတုတ္ထအကြိမ် ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် ဂျပန်နိုင်ငံတိုကျိုမြို့သို့လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အောင်ခြင်းရှစ်ပါးဆေးရောင်စုံ ဇာတ်ကားကူးဆေးရန် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် အလောင်းတော်ရာမဆေးရောင်စုံဇာတ်ကားကူးဆေးရန်နှင့် အထူးပြုလုပ်ချက်များဆောင်ရွက်ရန် ဂျပန်နိုင်ငံ တိုကျိုမြို့သို့လည်းကောင်း၊ ၁၉၆၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်တွင် နန်းတွင်းအရေးတော်ပုံဇာတ်ကား ဆေးရောင်စုံကူးဆေးရန် ဂျပန်နိုင်ငံတိုကျိုမြို့သို့လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်မှ ဖေဖော်ဝါရီလ ၇ ရက်အထိ သွေးဇာတ်ကားဖွင့်ပွဲနှင့် သတင်းစာရှင်းလင်းပွဲ တက်ရောက်ရန် ဂျပန်နိုင်ငံတိုကျိုမြို့၊ အိုဆာကာမြို့နှင့် ကျိုတိုမြို့သို့လည်းကောင်း သွားရောက်သည်။

၁၉၉၁ ခုနှစ်တွင် စာခြောက်ရုပ်ချစ်သူ၊ ရွှေတောင်ပံနှင့်ပျံသည့်ငှက်၊ ၁၉၉၂ ခုနှစ်တွင် ညတစ်ညလသာသာ၊ မင်းဘယ်ပြေးမလဲမိချို့သဲ၊ အကျော်အမော်၊ ၁၉၉၃ ခုနှစ်တွင် မြတဘက်စသည့် ဗီဒီယိုဇာတ်ကားများကို ရိုက်ကူးသည်။ ထို့ပြင် ၁၉၉၆ နှင့် ၁၉၉၇ ခုနှစ်များတွင် မြဝတီရုပ်မြင်သံကြားမှ ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်သည်။

ဦးတင်ယုသည် ၁၉၅၁-၅၂ ခုနှစ်တွင် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံး ဦးစီးအမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် မြန်မာနိုင်ငံရုပ်ရှင်ကောင်စီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်သော ရုပ်ရှင်သမိုင်းပြတိုက်ကော်မတီ

နာယကအဖြစ်လည်းကောင်း၊ မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ထို့ပြင် ၁၉၆၄ ခုနှစ်တွင် ရုပ်ရှင်မြွင့်တင်ရေးဌာနဖွင့်လှစ်သော ပထမဆုံးရုပ်ရှင်သင်တန်းဌာန မှတ်တမ်းနှင့် တည်းဖြတ်ဘာသာရပ်၊ ၁၉၈၄ ခုနှစ်တွင် ဖွင့်လှစ်သော ရုပ်ရှင်ကောင်စီ ရုပ်ရှင်သင်တန်းဌာန မာတ်ပုံနှင့်တည်းဖြတ်ဘာသာရပ်၊ ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်သော ရုပ်ရှင်အစည်းအရုံး ၁/၉၈ သရုပ်ဆောင် သင်တန်းဌာန ကျိုးနွံခြင်းနှင့် အချိန်မှန်ခြင်းဘာသာရပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးဌာနက ဖွင့်လှစ်သော ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းများကိုပို့ချပေးခဲ့သည်။

ဦးတင်ယုသည် ၁၉၆၀ ပြည့်နှစ်တွင် မေတ္တာရွှေရည်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်မာတ်ပုံထူးချွန်ဆု (အကယ်ဒမီ) ကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် အသက် ၉၀ ပြည့်မွေးနေ့ပွဲတွင် ရုပ်ရှင်လောကက ချီးမြှင့်သော ရုပ်ရှင်တစ်သက်တာဆုကိုလည်းကောင်း ရရှိသည်။

သက်ကြီးရုပ်ရှင်ပညာရှင် ဒါရိုက်တာ အကယ်ဒမီဦးတင်ယုသည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြင့်မြင့်ရီ၊ သားသမီး လေးဦး၊ မြေး ၁၂ ဦးနှင့် မြစ်တစ်ဦး ကျန်ရစ်သည်။

တင်လှ၊ ဒေါ်(ရွှေမန်း) (၁၉၂၄-၂၀၁၃)။ ။ ရွှေမန်းတင်လှ ကလောင်နာမည်ဖြင့် စာပေများရေးသားပြုစုသူ စာရေးဆရာမကြီးဒေါ်တင်လှကို ဝဏ္ဏကျော်ထင်ဦးဘခင်၊ ဒေါ်လှဝင်းတို့က ၁၉၂၄ ခုနှစ်၊ မေလ ၁၇ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။

ဒေါ်တင်လှသည် ၁၉၄၀ ပြည့်နှစ်တွင် မန္တလေးမြို့ဗဟိုအမျိုးသားအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲကို အထူးမြန်မာစာဖြင့် ဖြေဆိုအောင်မြင်သည်။ ၁၉၄၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဥပစာဒုတိယနှစ်အောင်မြင်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ကို ပါဠိဘာသာဖြင့်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ကို ပါဠိဘာသာဖြင့်လည်းကောင်း ရရှိသည်။

ဒေါ်တင်လှသည် ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့မှ စာကြည့်တိုက် ဒီပလိုမာရရှိပြီး ၁၉၅၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်မှ မဟာသိပ္ပံစာကြည့်တိုက်ပညာဘွဲ့ရရှိသည်။ မဟာသိပ္ပံဘွဲ့တက်ရောက်နေစဉ် ကယ်လီဖိုးနီးယားနိုင်ငံတော်

ရွှေမန်းတင်လှ

စာကြည့်တိုက်၌ လက်တွေ့လေ့လာသင်ယူခဲ့သည်။ ထို့ပြင်လော့စ်အိန်ဂျလိစ် ပြည်သူ့စာကြည့်တိုက်၌ Practical Internalship Training in Library Science သင်တန်းကိုလည်းကောင်း၊ လော့စ်အိန်ဂျလိစ် ကလေးစာကြည့်တိုက် (ရွှေ့လျားစာကြည့်တိုက်) ၌ တာဝန်ထမ်းဆောင်စဉ် ALA ကွန့်ဖရင့်ကိုလည်းကောင်း တက်ရောက်သည်။

ဒေါ်တင်လှသည် ဂျပန်ခေတ်အပြီး အမျိုးသားကျောင်းပြန်လည်ဖွင့်လှစ်ရာတွင် အလယ်တန်းပြဆရာမအဖြစ် ဆောင်ရွက်သည်။ ၁၉၅၆-၅၇ ခုနှစ်တွင် ဗဟိုအမျိုးသားအထက်တန်းကျောင်း၌ အထက်တန်းပြ

ဆရာမအဖြစ်ဆောင်ရွက်သည်။ ၁၉၅၆-၅၇ ခုနှစ် သက်ကြီးတက္ကသိုလ်စတင်တည်ထောင်ရာတွင် ပါဠိကထိကအဖြစ်ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မန္တလေးမြို့ရှိ နိုင်ငံတော်စာကြည့်တိုက်နှင့်ပြတိုက်တွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ရန်ကုန်မြို့ရှိ ယဉ်ကျေးမှုပိမာန်ဦးစီးဌာန၌ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၈၄ ခုနှစ်တွင် အငြိမ်းစားယူသည်။

ဒေါ်တင်လှသည် မြန်မာနိုင်ငံဗုဒ္ဓဘာသာအဖွဲ့အစည်း၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓအလင်းရောင်လစဉ်ထုတ်အင်္ဂလိပ်မဂ္ဂဇင်း ထုတ်ဝေရာတွင်ပါဝင်၍ ဗုဒ္ဓဘာသာကို ကမ္ဘာသို့ပျံ့နှံ့အောင် ဆောင်ရွက်သည်။ ထို့ပြင် World Buddhist Culture Institute ၌ ဂုဏ်ထူးဆောင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ် လစဉ်ပထမဆုံးတနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဘာသာဆွေးနွေးရေးအဖွဲ့ ပြုလုပ်၍ ဟောပြောပို့ချသည်။ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသောမမွှအလင်းရောင်စာစောင်နှင့် သီရိလင်္ကာနိုင်ငံမှ ထုတ်ဝေသော မဟာဗောဓိမဂ္ဂဇင်းတို့၌ စာမူများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည်။ ရှေ့သို့ စာစောင်၊ ယဉ်ကျေးမှုစာစောင်၊ စစ်ပြန်မဂ္ဂဇင်းနှင့်အခြားမဂ္ဂဇင်းများ၌လည်း ဆောင်းပါးများရေးသားသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင် ဒေါ်တင်လှသည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဒဂုန်တာရာ

ဒဂုန်တာရာ၊ စာရေးဆရာ (၁၉၁၉-၂၀၁၃) ။ ။ စာရေးဆရာ ဒဂုန်တာရာကို ဦးဘအုန်း၊ ဒေါ်ဖွားရှင်တို့က ၁၉၁၉ ခုနှစ်၊ မေလ ၁၀ ရက်တွင် ကျိုက်လတ်မြို့နယ် ထိုင်ကူမြစ်တန်းရွာ (မွန်ရွာ) ၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးဌေးမြိုင်ဖြစ်သည်။

ရန်ကုန်မြို့ (၇) လမ်းရှိ အောင်ဇေယျမဂ်လာမြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၉၂၇-၃၆ ခုနှစ်တွင် ကျိုက်လတ်အမျိုးသားကျောင်း၊ ၁၉၃၆-၃၇ ခုနှစ်တွင် ရန်ကုန်ရေကျော်မက်သဒစ်ကျောင်းတို့၌ ဆက်လက်ပညာသင်ကြား ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် ဒသမတန်းအောင်မြင်သည်။ ၁၉၃၇-၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်သည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် ကျိုက်လတ်မြို့ ကျောင်းသားကိုယ်စားလှယ်၊ ၁၉၃၈ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ရေနံမြေစည်းရုံးရေးကိုယ်စားလှယ်၊ ၁၉၃၉ ခုနှစ်တွင် တကသ အမှုဆောင်၊ ၁၉၄၀ ပြည့်နှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂဝါဒဖြန့်ချိရေးမှူး၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာနှင့် မျိုးညွှန့်မဂ္ဂဇင်းအယ်ဒီတာချုပ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ စာပေဖြန့်ချိရေး အတွင်းရေးမှူး၊ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ၁၉၅၁ ခုနှစ်တွင် စာပေမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၅၁-၆၃ ခုနှစ်တွင် တရုတ်-မြန်မာ မိတ်ဆွေဖြစ်အသင်းချုပ်အမှုဆောင်၊ မြန်မာ-ဆိုဗီယက်ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ်အသင်းချုပ်အမှုဆောင်၊ ၁၉၆၃ ခုနှစ်မှစ၍ ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ၁၉၆၂ ခုနှစ် အမျိုးသားစာပေညီလာခံပြင်ဆင်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာစာပေကလပ် အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် တက္ကသိုလ် သိပ္ပံမဂ္ဂဇင်း၌ "မြိုင်သဇင်" ကလောင်အမည်ဖြင့် "မှုန်ပြာရီ" ဝတ္ထုတိုကို စတင်ရေးသားသည်။ ထို့နောက် ဒဂုန်တာရာအမည်ခံသည်။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် တာရာမဂ္ဂဇင်းကို စတင်ထုတ်ဝေသည်။ ၁၉၅၀ ပြည့်နှစ်တွင် စာပေသစ်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၅၂ ခုနှစ်တွင် ဂန္ဓဝင်ဂျာနယ် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၄၁ ခုနှစ်တွင် နဂါးနီစာအုပ်တိုက်မှ "မဲ" ဝတ္ထုကို ထုတ်ဝေခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီအထိ မြိုင်သဇင်၊ မောင်နန်းနွယ်၊ စောထွတ်၊ ဦးတိုး၊ စောတင်မူ၊ မောင်လင်းထက်၊ မောင်ကြာညွန့်၊ ဗညားသီဟ၊ မောင်စိမ်းမြ၊ ဦးဒဂုန် ကလောင်အမည်အမျိုးမျိုးကို သုံးခဲ့ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ဌေးမြိုင်၊ မောင်သစ္စာ၊ မောင်ဘတင့်၊ မောင်စ စသည့် ကလောင်အမည် ၅၀ ကျော်ဖြင့် စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ နိုင်ငံရေး၊ ဝေဖန်ရေးဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။

ဒဂုန်တာရာ၏ ဒဂုန်တာရာ (၁၉၅၁)၊ ရုပ်ပုံလွှာ (၁၉၅၅)၊ စပယ်ဦး (၁၉၆၁)၊ အလင်္ကာ (၁၉၆၂)၊ ကြာပန်းရေစင် (၁၉၆၃)၊ လရောင်ရွှန်းမြသောညတစ်ည (၁၉၆၄)၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု (၁၉၆၅)၊ ဒဂုန်တာရာနှင့် သူ၏ကဗျာ (၁၉၆၇)၊ မူးယစ်ဝေသောနွေဦးညများ (၁၉၆၈)၊ ဒဂုန်တာရာဝတ္ထုတိုပေါင်းချုပ် (၁၉၆၉)၊ အယ်ဒီတာစားပွဲ၊ စာပေအနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်အို (၁၉၇၁)၊ ဧရာဝတီ ယန်စီဇော်လဂါ (၁၉၇၂)၊ စာလုံး ဆေးစက် စောင်းကြိုးနှင့် ကတ္တီပါကားလိပ် (၁၉၇၄)၊ သဇင်သင်းပြန်တော့ (၁၉၇၄)၊ ဒို့ခေတ်ကို ရောက်ရမည်မှာမလွဲပါ (၁၉၇၉)၊ မာယာ (၁၉၉၁)၊ ကြယ်ရိပ်ပန်းနု (၁၉၉၃)၊ စိမ်းမြဧရာ (၁၉၉၄)၊ လရောင်ရွှန်းမြသောညတစ်ညနှင့် အခြားဝတ္ထုရှည်များ (၁၉၉၅)၊ စန္ဒရားဆရာသို့မဟုတ် မဟာအချစ် (၁၉၉၅)၊ သုနာပရန္တ (၁၉၉၅)၊ အိပ်မက်အပြင်ကလူ (ကြည်အေးနှင့် ပူးတွဲ) (၁၉၉၆)၊ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကား ချပ်များ (၁၉၉၇) တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ်ဆုကို စပယ်ဦးစာအုပ်ဖြင့် ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်တွင် နိုင်ငံတော်ကောင်စီက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ချီးမြှင့်သည်။ ၁၉၉၉ ခုနှစ်တွင် အမျိုးသားစာပေဆု (စာပဒေသာဘာသာရပ်) ကို အလှပေဒစာအုပ်ဖြင့် ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာ စာပေဆု၊ ၂၀၁၃ ခုနှစ်၊ မတ်လတွင် ဆရာဝန်တင်ရွှေစာပေဆုကော်မတီ၏ 'စာပေဂုဏ်ဆောင်စာပေဆု'၊ စင်ကာပူနိုင်ငံမှ ရသ အလင်းဖောင်ဒေးရှင်းမှ ဂုဏ်ပြုဆုငွေနှင့် တောင်ကို ရီးယားနိုင်ငံမှ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆုများ ချီးမြှင့် ခြင်းခံရသည်။

ဒဂုန်တာရာသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ရှမ်းပြည်နယ် အောင်ပန်းမြို့၌ ကွယ်လွန်သည်။

ပြည့်စုံ၊ ဦး (သွေးသောက်) (၁၉၂၇-၂၀၁၃)။

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ ဦးပြည့်စုံဟု ထင်ရှားသော ဦးကျော်ရိုးကို ဦးမန်းထိုင်၊ ဒေါ်ခင်တို့က ၁၉၂၇ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် နတ္တလင်းမြို့၊ မင်းလမ်း၌ မွေးဖွားသည်။

ငယ်စဉ်က နတ်တလင်းမြို့ ဇီးကုန်းလေးရပ်ရှိ ဆရာကြီး ဦးဖိုးကွန်းကျောင်း၌ ပညာသင်ယူရာ ၁၉၃၅ ခုနှစ်တွင် ပထမတန်းအောင်မြင်သည်။ ၁၉၃၆ ခုနှစ်တွင် နတ်တလင်းမြို့ နွားပွဲလမ်းရှိ ဆရာကြီးဦးဘိုးဇွဲကျောင်း၌ ပညာဆက်လက်သင်ယူသည်။ ထို့နောက် ရန်ကုန်မြို့ရှိ ခရစ်မက်သဒစ်ကျောင်း၌ အင်္ဂလိပ်၊ မြန်မာ၊ တရုတ်သုံးဘာသာသင်ယူသည်။ ဒုတိယတန်းကို အမှတ်ကောင်းဖြင့် အောင်မြင်ခြင်းကြောင့် အတန်းကျော်ကာ ၁၉၃၉ ခုနှစ်တွင် စတုတ္ထတန်းသို့ တက်ရောက်သင်ယူခွင့်ရရှိသည်။ ထိုနှစ်တွင် 1st Rangoon Y.M.C.A ဘိုင်းစကောက်အသင်းသို့ ဝင်သည်။ ၁၉၄၀ ပြည့်နှစ်တွင် စတုတ္ထတန်းကိုလည်း အမှတ်ကောင်းဖြင့် အောင်မြင်ရာ အတန်းကျော်ပြီး ဆဋ္ဌမတန်းသို့ တက်ရောက်သင်ယူခွင့်ရရှိသည်။

ဦးပြည့်စုံသည် ၁၉၄၁ ခုနှစ်တွင် နတ္တလင်း ကျော်စိုးကလောင်နာမည်ဖြင့် ရုပ်ရှင်လမ်းပြဂျာနယ်၌ ရုပ်ရှင်ဆောင်းပါးစတင်ရေးသားသည်။ ထိုနှစ်ဒီဇင်ဘာလတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားသဖြင့် ကျောင်းအားလုံး ပိတ်လိုက်ရာ နတ္တလင်းမြို့၌ ပြန်လည်နေထိုင်သည်။ ၁၉၄၂ ခုနှစ်တွင် မိသားစုဆွေမျိုးများနှင့်အတူ ရွှေတောင်မြို့နယ် ညောင်စာရေးရွာသို့ သွားရောက်၍ စစ်ဘေးရှောင်ရင်း မတ်လတွင် ဖြစ်ပွားသော ရွှေတောင်တိုက်ပွဲကို ကိုယ်တွေ့ကြုံသည်။

၁၉၄၂ ခုနှစ်တွင် နတ္တလင်းမြို့ရှိ အင်္ဂလိပ်-မြန်မာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သဖြင့် ဆဋ္ဌမတန်း၌ တက်ရောက်ပညာသင်ယူသည်။ ၁၉၄၃ ခုနှစ်တွင် သူရိယသတင်းစာနှင့် ဂရိတ်တားအေးရှား အင်္ဂလိပ်သတင်းစာတို့၏ နတ္တလင်းမြို့နယ် သတင်းထောက်အဖြစ် ဆောင်ရွက်သည်။ ထိုနှစ်တွင် နတ္တလင်းမြို့၌ အာရှလူငယ်အစည်းအရုံးခွဲ စတင်တည်ထောင်ရာ ပြန်ကြားရေးတာဝန်ခံအဖြစ် ထမ်းဆောင်သည်။ အစ်ကို ဦးကျော်ဝင်း (နတ္တလင်းသက်ပြင်း) နှင့်အတူ ပွင့်သစ်စ လက်ရေးစာစောင်ထုတ်ဝေသည်။ အာရှလူငယ်အစည်းအရုံးက ဖွင့်လှစ်သော ဂျပန်စာသင်တန်းသို့တက်ရောက်သည်။ ထိုနှစ်တွင် အစ်ကိုကြီးဦးကျော်စိန်၏ အရင်းအနှီးဖြင့် နတ္တလင်းမြို့၌ စာအုပ်ဆိုင်ဖွင့်လှစ်သည်။ ထို့နောက် ပေါင်းတည်မြို့သို့ ပြောင်းရွှေ့ပြီး အစ်ကို ဦးကျော်ဝင်း၏ မိတ်ဆွေနေအိမ်၌ နေထိုင်ကာ စာရေးဆရာအသင်း စာကြည့်တိုက်ခွဲဖွင့်လှစ်သည်။ ထို့ပြင် ပွင့်သစ်စ လက်ရေးစာစောင်ကို အမှတ် (၃) အထိ ဆက်လက်ထုတ်ဝေသည်။

ဦးပြည့်စုံသည် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ သတင်းစာများ ပြန်လည်ထုတ်ဝေရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး သတင်းစာကိုယ်စားလှယ်အဖြစ် လုပ်ကိုင်သည်။ ထိုနှစ်အောက်တိုဘာလတွင် ဝတ္ထုတိုတစ်ပုဒ်ရေးသားပြီး စာရေးဆရာမဟာဆွေ၊ မေမြို့မောင်၊ ရွှေအတို့၏ဝတ္ထုတိုများနှင့်အတူ လေးပွင့်ဆိုင်ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ထုတ်ဝေသည်။ အယ်ဒီတာနှင့်ထုတ်ဝေသူ ပြည့်စုံကလောင်နာမည်ဖြင့် သွေးသောက်မဂ္ဂဇင်း အမှတ် (၁) ကို ဒီဇင်ဘာလတွင် စတင်ထုတ်ဝေသည်။ ၁၉၄၉ ခုနှစ် ဝင်းဝင်း ပြဇာတ်ရုံတွင် တင်ဆက်သော ဒါရိုက်တာသုခ၏ ကိုယ်ကြိုက်တာ ကိုယ်လုပ် ပြဇာတ်၌ လက်ထောက်ဒါရိုက်တာအဖြစ် ဆောင်ရွက်သည်။ ၁၉၅၁ ခုနှစ်တွင် ဝါကျွတ်ချိန် အသံလွှင့်ဇာတ်လမ်းကို ထုတ်လွှင့်သည်။ ထိုနှစ်တွင် လစဉ်ထုတ်တစ်ကျပ်တန် ရယ်စရာသောင်းခြောက်ထောင်စာစောင်ကို စတင်ထုတ်ဝေရာ အမှတ် (၈၀) အထိ ထုတ်ဝေသည်။ ထို့ပြင် သုံးလတစ်ကြိမ်ထုတ် လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းကို အမှတ် (၁) တစ်စောင်တည်းသာ ထုတ်ဝေသည်။ ဒို့ရေနံမြေတေးဂီတ ပြဇာတ်ကို ရေးသားပြီး ၁၉၅၄ ခုနှစ် အလုပ်သမားနေ့တွင် ကန်တော်ကြီး၌ ကပြဖော်ဖြေရာ ဂီတစာဆို မောင်မောင်လတ် (နောင်)၊ ပန်းချီအမ်တင်အေးတို့နှင့်အတူ ဒါရိုက်တာအဖြစ် ဆောင်ရွက်သည်။

ဦးပြည့်စုံရေးသားထုတ်ဝေသော လုံးချင်းစာအုပ်များမှာ ၁၉၄၉ ခုနှစ်တွင် ညှိုးပန်းတစ်ပွင့်၊ ချစ်သည်းနီ၊ ၁၉၅၀ ပြည့်နှစ်တွင် မမုန်းနိုင်၊ ချစ်လမ်းစဉ်(အချစ်သုတေသီကလောင်ဖြင့်)၊ ၁၉၅၁ ခုနှစ်တွင် ချစ်သွေးသောက်၊ ၁၉၅၄ ခုနှစ်တွင် လွမ်းခွေရစ်သီ၊ ၁၉၅၅ ခုနှစ်တွင် ညှိုးပန်းတစ်ပွင့်-ပန်းရုံ၊ ချစ်သည်းနီ (ဒုတိယအကြိမ်)၊ ၁၉၅၇ ခုနှစ်တွင် ပြည့်စုံရေးဝတ္ထုတိုများ၊ ၁၉၆၂ ခုနှစ်တွင် တွေးမိတိုင်း မျက်ရည်လည်သည်၊ အနောက်သို့အလည်အပတ်၊ ၁၉၆၅ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းကောင်းတစ်ပုဒ်၊ မေတ္တာနုနုစေလိုသူ၊ ၁၉၆၆ ခုနှစ်တွင် အတွယ်အတာ၊ ၁၉၆၆-၆၈ ခုနှစ်တွင် စောရလက်ဝဲ (၁၊ ၂၊ ၃၊ ၄)၊ ၁၉၆၈ ခုနှစ်တွင် ပန်းကလေးများ မန္တမ်းစေချင်၊ သည်တောင်ကို မောင်ဖြိုပါ့မယ်၊ ၁၉၆၉ ခုနှစ်တွင် ဆုံးတစ်သက်တိုင်၊ ၁၉၇၀ ပြည့်နှစ်တွင် သွေးစွန်းသောလမ်း၊ စိမ်းမူရာ၊ ၁၉၇၃ ခုနှစ်တွင် ကိုယ့်လူသူ့လူ၊ ၁၉၇၆ ခုနှစ်တွင် ရုပ်ရှင်နှင့်ကျွန်တော်၊ ၁၉၇၈ ခုနှစ်တွင် သူဝတ္ထုများ၊ ၁၉၈၀ ပြည့်နှစ်တွင် သက်ကြီးရုပ်ရှင်ပညာရှင်များ အတ္ထုပ္ပတ္တိ၊ ၁၉၈၂ ခုနှစ်တွင် ကျွန်တော့်ဇာတ်လိုက် ချစ်ရွှေကြီး၊ ၂၀၀၄ ခုနှစ်တွင် ရယ်စရာသောင်းခြောက်ထောင် (၁) (လဒကလောင်ဖြင့်)၊ ၂၀၀၅ ခုနှစ်တွင် ရယ်စရာ သောင်းခြောက်ထောင် (၂) (လဒကလောင်ဖြင့်)၊ ၂၀၁၀

သွေးသောက်ဦးပြည့်စုံ

ပြည့်နှစ်တွင် ထုတ်ဝေသော စောရလက်ဝဲ (ဒုတိယအကြိမ်)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော ဦးကျော်ငြိမ်းအကြောင်းသိရသမျှ၊ သခင်အောင်ကြီး (ပေါင်းတည်) နှင့် တကသ စသည့် စာအုပ်များဖြစ်သည်။ ထို့ပြင် စိန်မျက်လုံး၊ ထင်ပေါ်၊ ခရီးသည်၊ အယ်ဒီတာ၊ ဦးစိတ်ကောင်းစသည့် ကလောင်ခွဲများဖြင့်လည်း ရေးသားရာ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးပေါင်း ပုဒ်ရေ ၁,၀၀၀ ကျော် ရေးသားခဲ့သည်။

ဦးပြည့်စုံသည် ဇာတ်ညွှန်းရေးဆရာအဖြစ် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၆ ကားအတွက် ဇာတ်ညွှန်းများရေးသားသည်။ ဒါရိုက်တာအဖြစ် ရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားများမှာ ၁၉၆၀ ပြည့်နှစ်တွင် ချစ်သည်းနီ၊ ၁၉၆၄ ခုနှစ်တွင် ဘယ်ရပ်ဌာနေ၊ ၁၉၆၅ ခုနှစ်တွင် မတည့်အတူနေ၊ မိုးနတ်မယ်၊ ၁၉၆၇ ခုနှစ်တွင် စကားဝါ၊ ၁၉၆၉ ခုနှစ်တွင် ပယင်းရောင်၊ ၁၉၇၁ ခုနှစ်တွင် ပန်းကလေးများမန္တမ်းစေချင်၊ ၁၉၇၃ ခုနှစ်တွင် မေတ္တာနုနုစေလိုသူ၊ ၁၉၇၆ ခုနှစ်တွင် ဖြေနိုင်ပေါင်၊ ၁၉၈၇ ခုနှစ်တွင် ညတိုက်ပွဲ၊ ၁၉၉၀ ပြည့်နှစ်တွင် ကိုယ့်လူသူလူ ရုပ်ရှင်ဇာတ်ကားများဖြစ်သည်။

ဦးပြည့်စုံသည် ၁၉၄၉ ခုနှစ်တွင် စာရေးဆရာအသင်းတွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရတနာပုံရုပ်ရှင်ဇာတ်ကားအတွက် စာရေးဆရာရွှေဥဒေါင်း၊ ဖာတစ်လုံးခေါင်းကျားရုပ်ရှင်ဇာတ်ကားအတွက်စာရေးဆရာစစ်ကိုင်းဦးဘိုးသင်း၊ မယ့်တစ်ကိုယ်ရုပ်ရှင်ဇာတ်ကား (သူဘုဂါဘောက်ဝတ္ထု) အတွက် စာရေးဆရာမင်းဆွေတို့ မူပိုင်ခွင့်ရရှိရန် တောင်းဆိုပေးခဲ့သည်။ စာရေးဆရာ ရွှေဥဒေါင်းရေးသားသည့် ရတနာပုံကို ကျောင်းသုံးစာအုပ်အဖြစ် ထုတ်ဝေခြင်းအတွက် စာရေးဆရာရွှေဥဒေါင်း မူပိုင်ခွင့်ရရှိသည်။

၁၉၆၂ ခုနှစ်တွင် စာရေးဆရာအသင်းအမှုဆောင်အဖြစ် ဆောင်ရွက်သည်။ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့၌ ကျင်းပသော အာရှ-အာဖရိက စာရေးဆရာများညီလာခံသို့ စာရေးဆရာ ဇဝန၊ စာရေးဆရာမ ခင်နှင်းယုတို့နှင့်အတူ စာရေးဆရာ အသင်းကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၊ အင်္ဂလန်နိုင်ငံလန်ဒန်မြို့၊ အီတလီနိုင်ငံ ရောမမြို့သို့လေ့လာရေးခရီးသွားရောက်ခဲ့သည်။ ထို့ပြင် ရုပ်ရှင်ကောင်စီသို့ ဝင်ရောက်ပြီး ဒါရိုက်တာအခြေခံအဖွဲ့ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၆၉ ခုနှစ်တွင် ရုပ်ရှင်ကောင်စီဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူသည်။ ၁၉၈၁ ခုနှစ်တွင် ရုပ်ရှင်စည်းရုံးရေးကော်မတီ စာရင်းစစ်အဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဇာတ်လမ်းဇာတ်ညွှန်းအခြေခံအဖွဲ့ နာယကအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးကော်မတီများ၌ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေးအဖွဲ့ဝင်နှင့် ရုပ်ရှင်သမိုင်းပြတိုက်ဖြစ်မြောက်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဦးပြည့်စုံသည် စာရေးဆရာမ ဒေါ်ခင်လတ်နှင့် လက်ထပ်ပြီး သားသမီးသုံးဦးထွန်းကားခဲ့သည်။ စာရေးဆရာမ ဒေါ်ခင်လတ်ကွယ်လွန်ပြီးနောက် ဒေါ်နီနီငြိမ်းနှင့်လက်ထပ်ပြီး သားတစ်ဦးထွန်းကားသည်။

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ ဦးပြည့်စုံသည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

မင်းလူ၊ စာရေးဆရာ (၁၉၅၄-၂၀၁၃) ။ ။

မင်းလူကို စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာသာဓုဟု အနုပညာလောကတွင် ထင်ရှားသော ဦးဖေသန်း

(သခင်ဖေသန်း)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေညိုတို့က ၁၉၅၄ ခုနှစ်၊ မေလ ၁၈ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ မွေးချင်းလေးယောက် အနက် အငယ်ဆုံးဖြစ်သည်။ အမည်ရင်းမှာ မောင်ဉာဏ်ပေါ်ဖြစ်သည်။ ရုပ်ရှင်နှင့် စာပေလောကတွင် ထင်ရှားသော မောင်ဝဏ္ဏ၊ သုမောင်၊ မောင်ရူပတို့၏ ညီငယ်ဖြစ်သည်။

၁၉၅၉-၁၉၆၈ ခုနှစ်တွင် စိန်ပေါလ် အထက်တန်းကျောင်း (ယခုအထက-၆၊ ဗိုလ်တထောင်) ၌ ပညာသင်ယူသည်။ ၁၉၆၈-၁၉၇၂ ခုနှစ်တွင် အထက (၁) သယ်နှင်းကျွန်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ပြီး အခြေခံပညာအထက်တန်းအောင်မြင်ခဲ့သည်။ ကျောင်းသားဘဝတွင် စာပေဖွဲ့ဖြိုးတိုးတက်ရေးအဖွဲ့အတွင်းရေးမှူးနှင့်သိပ္ပံပညာအသင်း တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၂-၇၃ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူပြီး ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) ရရှိခဲ့သည်။ တက္ကသိုလ် နံရံကပ်စာစောင်နှင့် နှစ်ပတ်လည် မဂ္ဂဇင်းတို့တွင် တောရကျောင်းဘုန်းကြီး အမည်ဖြင့် ကဗျာများ ရေးသားခဲ့သည်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၌ ပညာသင်ကြားနေစဉ်ကာလတွင် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို လုပ်ဆောင်သည်။ ကျောင်းသားအရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သဖြင့် သက်ဆိုင်ရာမှ ခေတ္တထိန်းသိမ်းခြင်းကိုခံခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် ရုပ်ရှင်ပဒေသာမဂ္ဂဇင်း၌ နေဝင်သွားတော့လထွက်သည် ဝတ္ထုကို စတင်ဖော်ပြခြင်းခံရပြီး စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) ရရှိပြီး ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သည့် 'ပန်းကျောင်း' ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် မစန်းစန်းအောင် (တက္ကသိုလ်စာကြည့်တိုက်ဝန်ထမ်း) နှင့် လက်ထပ်ခဲ့ပြီး သမီးနှစ်ဦးထွန်းကားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် စာပေစိစစ်ရေးမူများနှင့် မလွတ်ကင်းသော 'ဘာတွေဖြစ်ကုန်ကြပြီလဲ' ကဗျာစာအုပ်ထုတ်ဝေသဖြင့် သက်ဆိုင်ရာမှ ထိန်းသိမ်းခြင်းကို ခံရသည်။ ၁၉၉၂ ခုနှစ်တွင် ဗီဒီယိုနှင့်ရုပ်ရှင်

မင်းလူ

ဇာတ်ညွှန်းများ စတင်ရေးသားခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် မင်းကိုဉာဏ် ကလောင်အမည်ခွဲဖြင့် (ဖူးငုံဆယ်ကျော်သက်) မဂ္ဂဇင်းတွင် ဖတ်ကြည့်ပါစာအုပ်အညွှန်းကဏ္ဍကို ရေးသားခဲ့သည်။ ကယ်လန်ခြိန်အထိ ဝတ္ထု၊ အက်ဆေး၊ ဇာတ်ညွှန်းများ ရေးသားခဲ့သည်။ ထုတ်ဝေပြီးစာအုပ်များကို ရုပ်ရှင်ဇာတ်ကားများစွာ ရိုက်ကူးခြင်းခံရပြီး အများစုကို ကိုယ်တိုင်ဇာတ်ညွှန်းရေးခဲ့သည်။

စာရေးဆရာမင်းလူသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

မောင်မြင့်ကြည် (စာပေဗိမာန်) (၁၉၅၄-၂၀၁၃)။ ။ မောင်မြင့်ကြည်ကို ဦးစံသိန်း၊ ဒေါ်စိန်နုတို့က ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ငယ်စဉ်ကပင် စာပေဝါသနာပါခဲ့ပြီး ၁၉၇၆ ခုနှစ်မှစ၍ တိုင်းရင်းမေ၊ ယုဝတီနှင့် သင့်ဘဝမဂ္ဂဇင်းများတွင် ကဗျာများ ရေးသား၍ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။

ကုန်ထမ်းသမား၊ မုန့်ဖုတ်သမား၊ ဆေးသုတ်သမား၊ စာအုပ်ချုပ်သမား အလုပ်များလုပ်ခဲ့ပြီး လုပ်သားများကောလိပ်၌ မြန်မာစာအဓိက ကျောင်းသားအဖြစ် ကျောင်းတက်စဉ် စကားပြေ၊ ကဗျာ၊ ပါဠိ၊ မြန်မာကျောက်စာ၊ မွန်ကျောက်စာ၊ မင်စာ ဘာသာရပ်များ

မောင်မြင့်ကြည် (စာပေဗိမာန်)

တွင် ဂုဏ်ထူးရရှိခဲ့၍ ဝိဇ္ဇာနောက်ဆုံးနှစ်၌ တစ်တန်းလုံးတွင် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် "မြန်မာ့ဆိုရိုးစကားများလေ့လာချက်" ကျမ်းကို တင်သွင်း၍ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့၏။ စာပေဗိမာန်၊ စာတည်းဌာန၌ စာတည်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သာသနာရေးဦးစီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္စာအဖွဲ့ချုပ်မှ ကျင်းပပြုလုပ်သော အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် သံယုတ်စာမေးပွဲများကို အကြိမ်ကြိမ်ဖြေဆိုအောင်မြင်ခဲ့သည်။ လုပ်သားများကောလိပ်တွင် အချိန်ပိုင်းနည်းပြဆရာ၊ ဓမ္မသာကစ္စာအဖွဲ့ချုပ်တွင် တွဲဖက်အတွင်းရေးမှူးတာဝန်များထမ်းဆောင်ခဲ့သည်။

"လူလိမ်လူကောက်နှင့်ဘဝအမြင်"၊ "ကောင်းမှုကုသိုလ်ဖြင့် ဘဝတည်ဆောက်ခြင်း"၊ "ဉာဏ်ပညာဆိုင်ရာ အကျင့်ကောင်းများ" အစရှိသော ပညာပေးစာအုပ်များနှင့်ထူးဆန်းသောအမြွာညီနောင်ပုံပြင်များ၊ ပတ္တမြားမျက်ရှင်နှင့်အခြားပုံပြင်များအစရှိသော ပုံပြင်စာအုပ်များ၊ စာစီစာကုံးစာအုပ်များ၊ ပန်းမျှော်လှေကဗျာစာအုပ်စသည်ဖြင့် လုံးချင်းစာအုပ် ၃၄ အုပ် ရေးသားထုတ်ဝေခဲ့သည်။

မောင်မြင့်ကြည် (စာပေဗိမာန်) သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မိုးသီတာသန်းနှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်သည်။

မောင်ဝံသ၊ စာရေးဆရာ၊ သတင်းစာဆရာ (၁၉၄၅-၂၀၁၃)။

။ စာရေးဆရာ၊ သတင်းစာဆရာ မောင်ဝံသကို ဦးမောင်ခင်၊ ဒေါ်မြစိန်တို့က ၁၉၄၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် ပဲခူးတိုင်း ဝေါမြို့နယ် မြစ်ကျိုးရွာ၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးစိုးသိန်းဖြစ်သည်။

မြစ်ကျိုးရွာတွင် မူလတန်းပညာကို သင်ယူခဲ့ပြီး ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း (ယခု အ. ထ. က-၃) တွင် ဒသမတန်းအထိ ပညာသင်ယူခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို (မြန်မာ၊ အင်္ဂလိပ်၊ ဘောဂဗေဒ၊ အနောက်တိုင်းသမိုင်း၊ ဒဿနိကဗေဒ) ဘာသာတွဲဖြင့် ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပထမဆုံးသတင်းစာပညာသင်တန်းကိုတက်ရောက်သင်ကြားခဲ့သည်။ အမေရိကန်နိုင်ငံမှ အသက်မွေးဝမ်းကျောင်း သတင်းစာပညာဖဲလိုးရှစ် (Professional Journalism Fellowship)၊ (မစ်ရှီဂန် တက္ကသိုလ်-အမေရိကန်နိုင်ငံ ၁၉၇၇)၊ ရေဂင်ဖာ့ဆဲလ် ဒီမိုကရေစီဖဲလိုးရှစ် (Reagan Fascell Democracy Fellowship) (ဝါရှင်တန် ဒီစီ ၂၀၁၀-၂၀၁၁) တို့ရရှိခဲ့သည်။

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ဝင် (၁၉၆၅-၁၉၇၀)၊ မြန်မာ့အလင်းသတင်းစာ စီနီယာအယ်ဒီတာ (၁၉၇၀-၁၉၇၈)၊ ဟံသာဝတီသတင်းစာခေါင်းကြီး ဆောင်းပါးအယ်ဒီတာ (၁၉၇၈)၊ ဗိုလ်တထောင်သတင်းစာသတင်းအယ်ဒီတာ (၁၉၇၈-၁၉၈၈)၊ ဒေါင်းစာပေ တည်ထောင်သူနှင့် အုပ်ချုပ်သူ (၁၉၇၃ ခုနှစ်မှ ကွယ်လွန်ချိန်အထိ)၊ အတွေးအမြင် မဂ္ဂဇင်းတည်ထောင်သူနှင့်စီစဉ်သူ (၁၉၈၄ ခုနှစ်မှ ကွယ်လွန်ချိန်အထိ)၊ သတင်းထူးဂျာနယ်၊ ဘက်စုံဂျာနယ်ထုတ်ဝေသူ အယ်ဒီတာ (၁၉၈၈ ခုနှစ်)၊ တော်ဝင်ဂျာနယ်အယ်ဒီတာ (၁၉၉၄-၉၅ ခုနှစ်)၊ ပြည်သူ့ခေတ်ဂျာနယ်တည်ထောင်သူနှင့် ထုတ်ဝေသူ၊ အယ်ဒီတာ (၂၀၁၀ ပြည့်နှစ်မှ ကွယ်လွန်ချိန်အထိ)၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် (၂၀၁၁-၂၀၁၂ ခုနှစ်)၊ အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ (၂၀၁၁ ခုနှစ်)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ (၂၀၁၂ ခုနှစ်)၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ (၂၀၁၂ ခုနှစ်)၊ တာဝန်များကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

မောင်ဝံသ

နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် လက်ရှိ နိုင်ငံရေးအကျဉ်းသားများအား ကူညီထောက်ပံ့ရန် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို တည်ထောင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ မတ်လတွင် စတင်လှုံ့ဆော်အကောင်အထည်ဖော်ခဲ့ပြီး ဘက္ကာထိန်းတာဝန်ကိုလည်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေး၊ လူမှုရေးဆောင်ရွက်ချက်များအနေဖြင့် ပဲခူးခရိုင်ကျောင်းသားသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးအမှုဆောင် (၁၉၆၁-၆၂ ခုနှစ်)၊ ပြည်ကျောင်းဆောင်၊ တကောင်းကျောင်းဆောင်၊ ပင်းယကျောင်းဆောင်သဟာယနှင့် စာဖတ်အသင်းများနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသား ညီညွတ်ရေးတပ်ဦး၊ ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီအစရှိသော ကျောင်းသားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

အထက်တန်းကျောင်းသားဘဝကတည်းက ကျောင်းမဂ္ဂဇင်းနှင့် စာနယ်ဇင်းအချို့တွင် ကလောင်သွေးခဲ့သည်။ ၁၉၆၂-၆၃ ခုနှစ်တွင် အထောက်တော်သတင်းစာ၏ တက္ကသိုလ်သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သတင်းထောက်အသင်း ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ဒေါက်တာဟင်နရီကစ်ဆင်ဂျာ နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားထုတ်ဝေသည်။ ထိုနှစ်တွင် ဒေါင်းစာပေကို စတင်တည်ထောင်သည်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များ ဆက်တိုက်ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ် ရွှစ်လေးလုံးအရေးတော်ပုံတွင် သတင်းစာတိုက်ပေါင်းစုံ သပိတ်ကော်မတီကို ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့သဖြင့် ဗိုလ်တထောင် သတင်းစာတိုက်အယ်ဒီတာအဖြစ်မှအငြိမ်းစားယူခဲ့သည်။ ထို့နောက် ၁၉၈၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံရေးနယ်ပယ်တွင် လှုပ်ရှားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ပြီး ပဲခူးတိုင်းစည်းရုံးရေးအဖွဲ့ဝင်၊ ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဝေါမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့စဉ်အတွင်း ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်အထိ ပုဒ်မ ၁၀ (က) ဖြင့် အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းခံရပြီး ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ပြန်လည်အဖမ်းခံရသည်။ ဤတစ်ကြိမ်တွင် စစ်ခုံရုံးမှ ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်သော်လည်း ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ထို့နောက် ၁၉၉၆ ခုနှစ်၊ မေလ ၂၁ ရက်မှ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၃ ရက်အထိ ပုဒ်မ ၁၀ (က) ဖြင့် အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းခြင်းခံခဲ့ရသည်။

၂၀၀၁ ခုနှစ်၊ ဇူလိုင်လမှစ၍ စာပေနယ်သို့ ပြန်လည်ရောက်ရှိကာ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထုနှင့်နိုင်ငံတကာရေးရာ ဝေဖန်ချက်များ ရေးသားသည်။ စာနယ်ဇင်းသမားမျိုးဆက်သစ်များအတွက် အထောက်အကူဖြစ်စေရန် သတင်းစာပညာသဘော တရားနှင့် လက်တွေ့ကျမ်းကို ရေးသားပြုစုပြီး ၂၀၀၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေရာ သုတစွယ်စုံစာပေဆုကို ရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော အတ္ထုပ္ပတ္တိအဘိဓာန် စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကို ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော ရှာမှ

ရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ စာအုပ်ဖြင့် ၂၀၁၁ ခုနှစ် သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေသော ခေတ်မီ နိုင်ငံရေးဝေါဟာရ အဘိဓာန်စာအုပ်ဖြင့် ထွန်းဖောင် ဒေးရှင်းစာပေဆုကို ရရှိသည်။ ၂၀၁၂ ခုနှစ်အထိ လုံးချင်းစာအုပ်ပေါင်း ၆၂ အုပ် ရေးသားထုတ်ဝေခဲ့သည်။

မောင်ဝံသသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြင့်မြင့်နှင့် သား နှစ်ဦး၊ သမီးနှစ်ဦး ကျန်ရစ်သည်။

မော့စ် (ဟာသသရုပ်ဆောင်) (၁၉၅၄-၂၀၁၃)။

။ ဟာသသရုပ်ဆောင် အကယ်ဒမီမော့စ် ခေါ် ဦးတင်ဝင်းကို ဦးထွန်းအေး၊ ဒေါ်အခြုံတို့က ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် လေးမျက်နှာမြို့နယ်၊ ရေသိုးချောင်ကျေးရွာ၌ မွေးဖွားသည်။ မွေးချင်း ခုနစ်ဦး အနက် စတုတ္ထမြောက်သားဖြစ်သည်။ ဖခင်က 'ငမော့' ဟု ချစ်စနိုးခေါ်ရာမှ ဇာတ်သဘင်လောကသို့ ဝင်သည့် အခါ 'မော့စ်' ဟု အမည်ခံယူသည်။

၁၉၆၉ ခုနှစ်တွင် ဦးဆစ်တိုစီမံအုပ်ချုပ်သော စိန်မာဒင်ဇာတ်သဘင်အဖွဲ့လေးမျက်နှာမြို့၌ လာရောက် ကပြရာမှ ဇာတ်သဘင်လောကသို့ ဝင်ရောက်ဖြစ်ခဲ့သည်။ ဇာတ်ထဲဝင်လျှင်ဝင်ချင်း ကားဆွဲအလုပ်လုပ်ရသည်။ ဇာတ်ထဲတွင် ကားဆွဲအလုပ်လုပ်ရင်း ဇာတ်သဘင်ပညာများ လေ့လာသည်။ လက်ဦးဆရာ ဦးဆစ်တိုက မော့စ်၏ဗီဇနှင့် ဝါသနာကို ဖြည့်ဆည်းပေးသောအားဖြင့် မန္တလေးမြို့ရှိ ဇာတ်သဘင်ပညာရှင်များထံ ပို့လွှတ်ကာ ဇာတ်သဘင်ပညာများ သင်ယူစေသည်။ လူရွှင်တော်ဇာတ်ဆရာဦးချစ်တီးနှင့်ဟာသပညာရှင်ထံမှ ပညာသင်ယူပြီးနောက် ပထမဦးစွာ ဇာတ်မင်းသားအောင်ကျော်ဦးနှင့် တွဲဖက်၍ ဟာသမိုးဒီ၊ မော့စ်ဇာတ်သဘင်ကို တည်ထောင်ကပြသည်။ ထို့နောက် ဇာတ်မင်းသားကြီး စိန်မာဒင်၏ သားမိုးဝင်းနှင့်တွဲဖက်၍ မိုးဝင်း၊ မိုးဒီ၊ မော့စ်တို့သုံးဦးလက်တွဲကပြရာမှ နိုင်ငံတစ်လွှားထင်ပေါ်ကျော်ကြားလာသည်။ ဆက်လက်၍ ပန်တျာတင်မိုးဝင်းနှင့်တွဲဖက်၍ မိုးဒီ၊

မော့စ်

မော့စ်၊ ပန်တျာတင်မိုးဝင်းဇာတ်သဘင်ဟူ၍ လည်းကောင်း၊ မိုးဒီနှင့်မော့စ်ဇာတ်သဘင်ဟူ၍ လည်းကောင်း ကပြရာ ကပြသည့်နေရာတိုင်း၌ ရုံပြည့်ရုံလျှံအောင် ပရိသတ်၏ အားပေးခြင်းခံရသည်။

ဟာသသရုပ်ဆောင်မော့စ်သည် ဇာတ်သဘင်လောက၌ ကျင်လည်နေစဉ် ရုပ်ရှင်ဟာသအကျော်အမော်များဖြစ်သည့် သန်းနွဲ့၊ မြင့်ဖေနှင့် အကယ်ဒမီဖိုးပါကြီးတို့ကို အားကျပြီး ရုပ်ရှင်လောကသို့ ကူးပြောင်းဝင်ရောက်သည်။ ပထမဆုံးပါဝင်ရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်၏ သွေးနှင့်သစ္စာဆိုပါ့မယ် ဇာတ်ကားဖြစ်ပြီး ဇာတ်မင်းသားမိုးဝင်းနှင့်အတူ ဟာသဇာတ်ပို့အဖြစ်ပါဝင်သရုပ်ဆောင်သည်။ နောက်ဆုံးပါဝင်ရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာ ထွန်းအောင်ကျော်၏ လော်မဂ််လာဇာတ်ကားဖြစ်သည်။ ပထမဆုံးပါဝင်ရိုက်ကူးသည့် ဗီဒီယိုဇာတ်ကားမှာ ဒါရိုက်တာမြင့်ကျော်၏ ရှက်တယ်တအားဇာတ်ကားဖြစ်ပြီး နောက်ဆုံးပါဝင်ရိုက်ကူးသည့် ဗီဒီယိုဇာတ်ကားမှာ လှေသမားတိုးမောင်နှင့်ဂမ္ဘီရဖိုးထောင်ဇာတ်ကားဖြစ်သည်။ မော့စ်ပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားများအနက် အအောင်မြင်ဆုံးရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာထွန်းအောင်ဇော်၏ ထာဝရအလင်းတန်းများ

ဇာတ်ကားဖြစ်ပြီး ၂၀၁၁ ခုနှစ်အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ပို့ဆု (အကယ်ဒမီ) ရရှိသည်။ ထို့ပြင် မော့စ်ပါဝင် ရိုက်ကူးခဲ့သည့် ဗီဒီယိုဇာတ်ကားများအနက် ဒါရိုက်တာ စိန်သံမဏိ၏ ဖာတစ်လုံးရွှေရိုးဇာတ်ကားမှာ အအောင်မြင်ဆုံးဖြစ်သည်။

ဟာသသရုပ်ဆောင် အကယ်ဒမီမော့စ်သည် ဂီတကိုလည်း ဝါသနာပါသူဖြစ်ရာ တီပ်ခွေစီးရီးအများအပြားကို မင်္ဂလာစိန် တေးသံသွင်းက ထုတ်လုပ်သည်။ အမျိုးသားဇာတ်ရုံတွင် တင်ဆက်သော မြန်မာ့ကိုရီးယားချစ်ကြည်ရေး ပဒေသာကပွဲ၌ နံချပ်ကူအားကစားနည်းကို ပါဝင်ကစားပြသသည်။ ဂျပန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ သွားရောက်ကပြဖူးသည်။

ဟာသသရုပ်ဆောင် အကယ်ဒမီမော့စ်သည် ၁၉၈၉ ခုနှစ်တွင် ပြဇာတ်မင်းသမီးလဲ့လဲ့နွယ် ခေါ် ပန်တျာယုယုမော်နှင့်လက်ထပ်ပြီး သားသုံးယောက်ထွန်းကားသည်။

အကယ်ဒမီမော့စ်သည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ယုယုမော်နှင့် သားသုံးယောက်ကျန်ရစ်သည်။

မျိုးမြင့်၊ ဒေါက်တာ (ပါမောက္ခ) (၁၉၄၄-၂၀၁၃) ။

။ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးမျိုးမြင့်ကို စက်မှုလယ်ယာအင်ဂျင်နီယာ ဦးလှစိန်၊ အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ခင် (မော်လမြိုင်) တို့က ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဧရာဝတီတိုင်း၊ ရေကြည်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းငါးယောက်ရှိပြီး အကြီးဆုံးသားဖြစ်သည်။

မူလတန်းပညာကို နယ်၌သင်ကြားခဲ့ပြီး အလယ်တန်းနှင့်အထက်တန်းပညာကို ရန်ကုန်မြို့၌ သင်ကြားခဲ့သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ ၁၉၆၀ ပြည့်နှစ်တွင် တက်ရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဆေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်၌ ဆေးပညာဘာသာရပ်နှင့် ခွဲစိတ်ပညာဘာသာရပ်ဂုဏ်ထူးဖြင့် M.B.B.S ဆရာဝန်ဘွဲ့ကို ရရှိခဲ့သည်။

ရန်ကုန်ဆေးရုံကြီး၌ တစ်နှစ်တာလေ့လာဆည်းပူးပြီး ၁၉၆၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ဆေးတက္ကသိုလ် (၁) ခန္ဓာဗေဒဌာန၌ သရုပ်ပြဆရာအဖြစ် အလုပ်စတင်ဝင်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အခြေခံတော်ဝင်ခွဲစိတ်သမားတော်စာမေးပွဲ (Primary FRCS) ကို အောင်မြင်ခဲ့ပြီး ၁၉၇၀-၇၃ ခုနှစ်အထိ ခွဲစိတ်ပညာဌာန၌ သရုပ်ပြဆရာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၇၃-၇၄ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံအထွေထွေခွဲစိတ်ဌာန၌ လေ့လာဆည်းပူးပြီး ၎င်းနှစ်၌ပင် တော်ဝင်ခွဲစိတ်ကုသမားတော်ဘွဲ့ FRCS (Edin)ကို ရရှိခဲ့သည်။ ၁၉၇၄-၇၆ ခုနှစ်အထိ အရိုးနှင့် ထိခိုက်ဒဏ်ရာ၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဌာနတို့၌ လေ့လာဆည်းပူးပြီး ၁၉၇၅ ခုနှစ်၌ တော်ဝင်အရိုးအထူးကုအဆင့်မြင့်ဘွဲ့ Mch.Ortho (Liverpool) ကိုရရှိခဲ့သည်။

၁၉၇၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး ၁၉၈၉ ခုနှစ်အထိ ကထိကရာထူး၊ အရိုးအထူးကုဆရာဝန်ကြီးရာထူးတို့ဖြင့် ရန်ကုန်ဆေးရုံကြီး၊ ဆေးတက္ကသိုလ် (၁)၊ အလုပ်သမားဆေးရုံကြီးတို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့တာဝန် ထမ်းဆောင်စဉ်တွင် ၁၉၇၉ ခုနှစ်၌ အရိုးနှင့်ထိခိုက်ဒဏ်ရာ၊ အဏုခွဲစိတ်မှု ပညာ နောက်ဆုံးပေါ်နည်းစနစ်များကို ပြင်သစ်နိုင်ငံ၌ တစ်နှစ်တာလေ့လာဆည်းပူးခဲ့သည်။

၁၉၉၀ ပြည့်နှစ် မှ ၁၉၉၇ ခုနှစ်အထိ ဆေးတက္ကသိုလ် (၂) ရန်ကုန်၏ အရိုးနှင့်ထိခိုက်ဒဏ်ရာကုဌာန၌ ပါမောက္ခ၊ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၉၇-၉၈ ခုနှစ်တွင် ဆေးပညာသင်ကြား ရေးဦးစီးဌာန (ဆေးသိပ္ပံ) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၈-၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။

ပါမောက္ခဒေါက်တာမျိုးမြင့်သည် ထိခိုက်ဒဏ်ရာကုပညာ၊ လက်ပိုင်းဆိုင်ရာနှင့် အဏုခွဲစိတ်မှုပညာတို့၌



ပါမောက္ခ ဒေါက်တာမျိုးမြင့်

အထူးကျွမ်းကျင်ပြီး မြန်မာနိုင်ငံ၌ ခြေလက်တို့ကို ပြန်ဆက်ပေးသော ပထမဆုံးဆရာဝန်ကြီးဖြစ်သည်။ အဏုခွဲစိတ်မှုပညာ (Microvascular Surgery) ကိုလည်း တိုးတက်ထွန်းကားရန် ပြုစုပျိုးထောင်ပေးခဲ့သည်။

မြန်မာနိုင်ငံ အရိုးရောဂါအဖွဲ့ကြီး၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာ့ဆေးလောကမြင့်မားတိုးတက်ရေး အတွက် နိုင်ငံတကာနှင့်ဆက်သွယ်ကာ နည်းပညာ လေ့ကျင့်မှု၊ ပစ္စည်းပံ့ပိုးမှုတို့ရရှိရန် ဆောင်ရွက်ပေး ခဲ့သည်။

ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာကို စိတ်ဝင်စားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ ထိခိုက်မှု အန္တရာယ်ကာကွယ်ရေးစီမံချက် (Accident-Prevention Project) နှင့် IAEA ၏ Tissue Bank Project တို့၌ စီမံကိန်းမန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၆-၈၃ ခုနှစ်တွင် မြန်မာနိုင်ငံ ဆရာဝန် အသင်း၌ အတွင်းရေးမှူးတာဝန်ဖြင့်လည်းကောင်း၊ ၁၉၈၃-၉၀ ပြည့်နှစ်တွင် မြန်မာဆေးပညာဂျာနယ် (Myanmar Medical Journal) အယ်ဒီတာအဖြစ် လည်းကောင်း၊ ၁၉၉၀-၉၈ ခုနှစ်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၈-၂၀၀၅ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၉-၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ (MAMS) ဥက္ကဋ္ဌအဖြစ်လည်း

ကောင်း၊ ASEAN ၏ ဆေးပညာအဖွဲ့ (MASEAN) တွင် ကောင်စီဝင်အဖြစ်လည်းကောင်း၊ စင်ကာပူဆေး ပညာကျောနယ်၏ တွဲဖက်အယ်ဒီတာအဖြစ်လည်းကောင်း၊ အာဆီယံခွဲစိတ်ကုအဖွဲ့၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ British Orthopaedic Association ၏ အဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

WPOA အနောက်ပစိဖိတ် အရိုးရောဂါအဖွဲ့၊ WPOA-Tissue Bank၊ ပြင်သစ်နိုင်ငံအရိုးနှင့်ထိခိုက် ဒဏ်ရာအဖွဲ့တို့၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ချီးမြှင့်ခြင်းခံရသည်။ ပါမောက္ခ ဒေါက်တာမျိုးမြင့်သည် အရိုးနှင့်ထိခိုက်ဒဏ်ရာကုပညာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့သဖြင့် ERIC BROOK MEDICAL PRIZE OF WORLD ORTHOPAEDIC CONCERN AND THE PALN ACADEMICS OF FRANCE ဆုတံဆိပ်ကိုလည်း ချီးမြှင့်ခံရသည်။

မြန်မာနိုင်ငံအစိုးရက ပါမောက္ခဒေါက်တာမျိုးမြင့် အား ဝန်ထမ်းကောင်းဆုနှင့် စီမံထူးချွန် (ပထမဆင့်) ဆုတံဆိပ်တို့ကိုလည်း ချီးမြှင့်သည်။

ပါမောက္ခဒေါက်တာမျိုးမြင့်သည် အသက် ၇၀ အရွယ် ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်တွင် ကွယ်လွန် သည်။ ကွယ်လွန်ချိန်၌ ဇနီး သမားတော်ကြီးပါမောက္ခ ဒေါက်တာတင်တင်အောင်နှင့် သားသုံးဦးကျန်ရစ်သည်။

မျိုးမြင့်လေး (တေးသံရှင်) (၁၉၄၀-၂၀၁၃)။ ။ ဝါရင့်တေးသံရှင်မျိုးမြင့်လေးကို ဦးလှဖေ၊ ဒေါ်စောရီ တို့က ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ မွေးဖွား သည်။ မွေးချင်းလေးယောက်အနက် ဒုတိယမြောက် သားဖြစ်သည်။

၁၉၅၅-၅၆ ခုနှစ်တွင် ဂီတလောကကို စတင် ခြေချခဲ့ပြီး ဓာတ်ပြားတေးများစွာ သီဆိုခဲ့သည်။ မျိုးမြင့်လေးသည် ၁၉၆၀ ပြည့်နှစ်တွင် မေတ္တာပုလဲ ပန်းများသီကြရာဝယ်သီချင်းဖြင့် စတင်အောင်မြင်ပြီး ခွင့်လွှတ်ရင်းနဲ့နှစ်သိမ့်ပါတယ်၊ ဤမှုန်သောသစ္စာစကား ကြောင့်၊ ဆယ်ရက်တိုင်တိုင်၊ ကြာလေလေခိုင်မြဲလေလေ ရေဒီယိုမြန်မာ့အသံတေးများဖြင့် ဂီတပရိသတ်ကြား



တေးသံရှင်မျိုးမြင့်လေး

ရေပန်းစားခဲ့သည်။ မြန်မာသံစဉ်များကို အခြေခံ၍ ဆန်းသစ်ထားသော စနေနေ့ည ကိုးနာရီ၊ မောင့်ရင်ထဲမှာနေမလား၊ နေကာမျက်မှန်လေးနဲ့၊ ချစ်မျက်လုံးကုဋေကုဋ္ဌာ၊ ချစ်ချစ် စသည့်တေးများဆက်လက်သီဆိုခဲ့ရာအောင်မြင်မှုများ ဆက်လက်ရရှိခဲ့သည်။

ပြင်ဦးလွင်မြို့ကို တင်စားစပ်ဆိုသော တောင်လေကားမြို့ကိုလာခဲ့မယ်၊ ပဲခူးမြို့ကိုတင်စားစပ်ဆိုသော တစ်မျိုးမူတဲ့ပဲခူးသူ၊ မော်လမြိုင်မြို့ကိုနောက်ခံပြုစပ်ဆိုသော ရွှေမြိုင်သခင်မလေးရယ် သီချင်းများနှင့် မြန်မာနိုင်ငံ၏ အထင်ကရမြို့ကြီးနှစ်မြို့ကို ဂုဏ်တင်၍ စပ်ဆိုသော ရန်ကုန်သားနှင့်မန္တလေးသူ သီချင်းများမှာ အလွန်ထင်ရှားလူသိများလှသည်။ ခေတ်ဟောင်း နာမည်ကြီး သီချင်းများဖြစ်သော မေ့ပါနဲ့နှင်းနွယ်၊ ပန်းစွာ၊ နတ်သျှင်နောင်၊ လူချွန်လူကောင်း၊ ရွှေညာဆီသွားမယ် သီချင်းများကိုလည်း ပြန်လည် ဆန်းသစ်သီဆိုခဲ့သည်။

အဆိုတော်မျိုးမြင့်လေးသည် ၂၀၁၃ ခုနှစ်၊ သြဂုတ်လအတွင်း ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးသော သူငယ်ချင်းလေးယောက် စီးရီးကို ထုတ်ဝေခဲ့သည်။ ထို့အပြင် 5 Plus ရုပ်သံလိုင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှထုတ်လွှင့်သည့် သီချင်းမြစ်ဖျား အစီအစဉ်ကိုလည်း ပါဝင်ရိုက်ကူးခဲ့သည်။ မြန်မာသံတေးသီချင်းများသာမက စတူဒီယိုသီချင်းများကိုလည်း ကိုယ်တိုင်ရေးစပ်သီဆိုခဲ့သည်။ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် ဂုဏ်ပြုပဒေသာကပွဲများတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့် ဂီတဖျော်ဖြေပွဲများတွင်လည်းကောင်း ပါဝင်သီဆိုခဲ့သူဖြစ်သည်။

တေးရေးတေးဆို အဆိုတော် မျိုးမြင့်လေးသည် ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၈ ရက် အသက် ၇၄ နှစ်အရွယ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကျင်မွေးနှင့် သားသမီးသုံးဦး ကျန်ရစ်သည်။

မြအေး၊ ဒေါက်တာ (၁၉၄၉-၂၀၁၃)။ ။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးကို ဦးချစ်သာ၊ ဒေါ်လှသိန်း တို့က ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဲကူကျေးရွာ၌ မွေးဖွားသည်။

ဒေါက်တာမြအေးသည် ငယ်စဉ်က အ. မ. က (ပဲကူကျေးရွာ)နှင့် အ. ထ. က (မြင်းမူမြို့)တို့၌ ပညာသင်ယူသည်။ စတုတ္ထတန်း၌ စကောလားရှစ်ဆုရရှိပြီး သတ္တမတန်း၌ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည်။ အ. ထ. က (မြင်းမူမြို့) မှ ၁၀ တန်းအောင်မြင်ပြီး မြစ်ကြီးနားကောလိပ်နှင့် မန္တလေးတက္ကသိုလ်တို့၌ အဆင့်မြင့်ပညာများကို ဆက်ရောက်သင်ယူသည်။ ၁၉၇၂ ခုနှစ်တွင် သိပ္ပံဘွဲ့ (ဓာတုဗေဒ) နှင့် ၁၉၈၀ ပြည့်နှစ်တွင် မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ) တို့ကို ရရှိသည်။ ၁၉၉၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးတက္ကသိုလ်မှ ဒေါက်တာဘွဲ့ (ဓာတုဗေဒ) ကို ရရှိသည်။ ၁၉၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့ရှိ အိန္ဒိယသိပ္ပံတက္ကသိုလ်၌ ပါရဂူဘွဲ့လွန်သုတေသနသင်တန်းတက်ရောက်သည်။

ဒေါက်တာမြအေးသည် ၁၉၇၃ ခုနှစ်မှစ၍ မန္တလေးတက္ကသိုလ်၌ နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရာမှ ၁၉၉၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ထို့ပြင် ၁၉၉၆ ခုနှစ် မေလမှ နိုဝင်ဘာလအထိ ဂျပန်နိုင်ငံဟိုကိုင်းဒိုးတက္ကသိုလ်၌ ဧည့်ပါမောက္ခအဖြစ် သွားရောက်တာဝန် ထမ်းဆောင်

ဒေါက်တာမြဒေး

သည်။ ၂၀၁၀ ပြည့်နှစ်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်းခံရပြီး ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်မှစ၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

ဒေါက်တာမြဒေးသည် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော သိပ္ပံပညာထူးချွန်ဆု (တတိယအဆင့်) ကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ရရှိသည်။

ဒေါက်တာမြဒေးသည် ဒေါက်တာ ဒေါ်ခင်မာမာနှင့် လက်ထပ်ပြီး သမီးနှစ်ဦးနှင့်သားတစ်ဦးထွန်းကားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးသည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါက်တာဒေါ်ခင်မာမာ၊ သမီးနှစ်ဦး၊ သားတစ်ဦးနှင့် မြေးတစ်ဦး ကျန်ရစ်သည်။

ရဲထွဋ်၊ ဗိုလ် (ရဲဘော်သုံးကျိပ်ဝင်) (၁၉၂၂-၂၀၁၃)။ ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရဲထွဋ်ကို ဦးဖိုးလွင်၊ ဒေါ်စောရှင်တို့က ၁၉၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ရန်ကုန်မြို့ တာမွေလေးရပ်၌ မွေးဖွားသည်။ နာမည်ရင်းမှာ မောင်အောင်သိန်းဖြစ်ပြီး မွေးချင်းခြောက်ဦးအနက် အငယ်ဆုံးဖြစ်သည်။

ဗျိုင်းရေအိုးစင် အလယ်တန်းကျောင်း၊ ကန်တော်ကလေးမြူနီစီပယ်အထက်တန်းကျောင်းတို့တွင် ပညာသင်ယူသည်။ ၁၉၃၆-၃၇ ခုနှစ်တွင် ဦးမောင်ကြီးရဲတပ်သို့ ဝင်ရောက်သည်။ ၁၉၃၈-၃၉ ခုနှစ်တွင် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကျောင်းသားသပိတ်၌ ကန်တော်ကလေးမြူနီစီပယ်အထက်တန်းကျောင်း သပိတ်မှောက်ခေါင်းဆောင်အဖြစ်ဆောင်ရွက်သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် မြူနီစီပယ်ကျောင်းကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် ကန်တော်ကလေးမြူနီစီပယ်အထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်သည်။ ၁၉၄၁ ခုနှစ်တွင် တောင်ငူမြို့ ဦးလက္ခဏာနော်မံကျောင်း၌ အထက်တန်းဆရာဖြစ်သင်တန်းတက်ရောက်ပြီး ဆရာဖြစ်လက်မှတ်ရရှိသည်။

ဗိုလ်ရဲထွဋ်သည် ဒုတိယအသုတ်ကျပန်စစ်ပညာသင်အဖွဲ့၌ ပါဝင်ပြီး ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်တွင် ကျပန်နိုင်ငံသို့ သင်္ဘောဖြင့်သွားရောက်သည်။ ထိုနှစ် ဧပြီလ ၂၈ ရက်တွင် ကျပန်နိုင်ငံသို့ရောက်ရှိပြီး စစ်ပညာသင်ယူသည်။ ထိုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ထိုင်းနိုင်ငံ၌ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို စတင်ဖွဲ့စည်းစဉ် ပါဝင်သည်။ ဘီအိုင်အေ မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ပြီး ဗြိတိသျှနယ်ချဲ့တို့ကို တိုက်ခိုက်သည်။ လှိုင်းဘွဲ့နှင့်ကတိုင်ထိ တိုက်ပွဲများသည် ဗိုလ်ရဲထွဋ် ဦးဆောင်ဆင်နွှဲသောတိုက်ပွဲများဖြစ်သည်။

ဗိုလ်ရဲထွဋ်သည် တော်လှန်ရေးကာလ ဘီအိုင်အေတွင် တပ်စုမှူး (ဗိုလ်) မှ အမှတ် (၃) တပ်မဟာမှူး (ဒုတိယဗိုလ်မှူးကြီး) အဖြစ် ဆောင်ရွက်သည်။ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဘီအိုင်အေကို ဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဘီဒီအေတပ်ရင်း (၁) တပ်ရင်းမှူး အဖြစ်လည်းကောင်း၊ ၁၉၄၄-၄၅ ခုနှစ်တွင် ဘီဒီအေ တပ်ရင်း (၅) တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ စစ်ဦးစီးဌာနချုပ် ဒုတိယအထွေထွေဌာနကြီးမှူး အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။ ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလတွင် ဖက်ဆစ်ကျပန်တော်လှန်ရေးအတွက် ပြင်ဆင်စည်းရုံးရန် ဒေးဒရဲရှိ သခင်စိုးထံ ဗိုလ်မှူးကြီး နေဝင်းသွားရောက်ရာတွင် လိုက်ပါခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၁ ရက်တွင် ဖတပလ အစည်းအဝေးသို့ တက်ရောက်သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) တိုင်း (၆) (မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်းရှမ်းပြည်) တိုင်းမှူးတာဝန်ထမ်းဆောင်သည်။



ဗိုလ်ရဲထွဋ်

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ကျင်းပသော ဗမာ့တပ်မတော်ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် ဗမာ့တပ်မတော် တပ်ရင်း (၅) တပ်ခွဲမှူးအဖြစ်ဆောင်ရွက်သည်။

ဗိုလ်ရဲထွဋ်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်း၌ တပ်ခွဲမှူးတာဝန်ထမ်းဆောင်နေစဉ် ထိုနှစ်ဇူလိုင်လ ၁၆ ရက်တွင် ဖွဲ့စည်းသောလက်ဝဲညီညွတ်ရေးကောင်စီအဖွဲ့ဝင်အဖြစ်ပါဝင် သည်။ ထိုနှစ်ဩဂုတ်လ ၁၀ ရက်တွင် တပ်ရင်း (၃) ကို ဦးဆောင်ပြီးတောခိုသည်။ ၁၉၄၈-၅၀ ပြည့်နှစ် အတွင်း တော်လှန်သော ဗမာ့တပ်မတော်၌ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ ၁၉၄၉ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ပြည်မြို့၌ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်ဖြူနှင့် တော်လှန်သောဗမာ့တပ်မတော်တို့ ပူးပေါင်း၍ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုဖွဲ့စည်းရာ ပါဝင်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုပြိုကွဲသွားပြီးနောက် တော်လှန်သောဗမာ့တပ်မတော်ကို ဖျက်သိမ်းလိုက်ပြီး တောခိုတပ်များနှင့် ဗမာပြည်ကွန်မြူနစ်ပါတီလက်နက်ကိုင်တပ်များ ပူးပေါင်းသည်။ ၁၉၅၁-၆၃ ခုနှစ်အတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တော်လှန်ရေးစစ်ကောင်စီ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော် စစ်ဦးစီးမှူးအဖြစ်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) ၌ ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ အရန်ဗဟိုကော်မတီဝင်အဖြစ်လည်းကောင်း အသီးသီးဆောင်ရွက်သည်။

ဗိုလ်ရဲထွဋ်သည် ၁၉၆၃ ခုနှစ်၊ မေလ ၂၀ ရက်တွင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်သည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ဝင်ရောက်သည်။ ၁၉၆၄ ခုနှစ်၊ မတ်လ ၂ ရက်တွင် တော်လှန်ရေးကောင်စီ အကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်ခြင်းခံရသည်။ ဆက်လက်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုရေးရာဌာနကြီး အတွင်းရေးမှူးတာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ် သမဝါယမ၊ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောရေးရာကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၇၃ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်သည်။ ၁၉၇၃-၇၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီသန့်စင်ရေးပြုလုပ်ရာ သန့်စင်ခံရပြီး သာမန်ကော်မတီဝင်အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ချန်လှပ်စာရင်း၌ပါဝင်ပြီး သာမန်ပါတီဝင်အဖြစ်လည်းကောင်းဆောင်ရွက်သည်။ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ နာယကအဖြစ် ဆောင်ရွက်သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အဆိုပါအဖွဲ့မှ နုတ်ထွက် သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၆ ရက်တွင် အဆိုပါအဖွဲ့မှ နုတ်ထွက်သည်။

ဗိုလ်ရဲထွဋ်သည် နိုင်ငံတော်ကာချီးမြှင့်သော ဘီအိုင်အေ တပ်မတော် သူရဲကောင်းတံဆိပ် (ဒုတိယဆင့်)၊

အရေးတော်ပုံတံဆိပ်၊ လွတ်လပ်ရေးစည်းရုံးမှု တံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) တို့ကို ရရှိသည်။

ဗိုလ်ရဲထွဋ်သည် ၁၉၅၀ ပြည့်နှစ်တွင် ဒေါ်ခင်ကြည်နှင့်အိမ်ထောင်ပြုသည်။

ရဲဘော်သုံးကျိပ်ဝင်များအနက် အသက်အငယ်ဆုံးနှင့်နောက်ဆုံးကျန်ရစ်သူ ဗိုလ်ရဲထွဋ်သည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ကွယ်လွန်ချိန်တွင် သားနှစ်ဦး၊ မြေးလေးဦးနှင့် မြစ်နှစ်ဦး ကျန်ရစ်သည်။

အောင်သန်းတင်၊ ဒေါ် (လွတ်လပ်ရေး) (၁၉၂၀-၂၀၁၃)။ ။ ဇာတ်သဘင်ပညာရှင် မင်းသမီးကြီး လွတ်လပ်ရေးဒေါ်အောင်သန်းတင်ကို လူရွှင်တော်ကြီးဦးတောက်ထိန်၊ ဒေါ်အေးတို့က ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ရပ်၌ မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်မြစိန်ဖြစ်သည်။

ဒေါ်အောင်သန်းတင်သည် ၁၉၃၆ ခုနှစ်မှစတင်၍ ဝဏ္ဏကျော်ထင်ဂရိတ်ဦးဖိုးစိန်ဇာတ်အဖွဲ့တွင် ယိမ်းမင်းသမီးအဖြစ် စတင်ကပြခဲ့သည်။ ဦးဖိုးစိန်ဇာတ်အဖွဲ့၌ရှိနေစဉ် ဇာတ်မင်းသမီးကြီးကောလိပ်စိန်ထံမှ ဇာတ်မင်းသမီးပညာရပ်များကို လေ့လာဆည်းပူးသင်ယူသည်။ ၁၉၄၁ ခုနှစ်တွင် စောင်းဦးဘသန်းခေါင်းဆောင်သောအငြိမ့်အဖွဲ့၌ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ကပြသည်။ ဗမာ့တပ်မတော်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဆောင်ဆန်း၏ မိန့်ကြားချက်အရ ဖက်ဆစ်တော်လှန်ရေး စည်းရုံးရေးဆင်းရာ၌ လိုက်လံကပြဖျော်ဖြေခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရရမည်ဟူသော အတိတ်ကိုယူပြီး လွတ်လပ်ရေးဟူသော အမည်တစ်လုံးတိုး၍ မှည့်ခေါ်ခဲ့သောကြောင့် လွတ်လပ်ရေးအောင်သန်းတင်ဟု ဇာတ်သဘင်လောကတွင် ထင်ရှားခဲ့သည်။

ဒေါ်အောင်သန်းတင်သည် ဒုတိယကမ္ဘာစစ်ပြီးသောအခါ ရုပ်ရှင်ရုံများ၌ အသံတိတ်တီးဝိုင်း အဆိုတော်အဖြစ်လုပ်ကိုင်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ကျော်အုန်းလှိုင်၊ မွန်ကျော်မြင့်၊ အောင်ငြိမ်းတက်ခေတ်စိန်၊ ကျော်ဝင်းစိန်စသော ဇာတ်အဖွဲ့များ၌ ပါဝင်ကပြသည်။ ၁၉၅၆ ခုနှစ်မှစ၍ အလက်ာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့တွင်

လွတ်လပ်ရေးဒေါ်အောင်သန်းတင်

ပါဝင်ကပြခဲ့သည်။ ရွှေမန်းတင်မောင်နှင့်တွဲဖက်၍ ဗုဒ္ဓဝင်ဖွားတော်မူခန်း၊ လေးတော်တင်ခန်း၊ တောထွက်ခန်း၊ လယ်ထွန်မင်္ဂလာ၊ မုန်းလို့ဟုတ်ဘူး၊ မလှချင်၊ ဂီတရူး၊ ရွှဲကုန်သည်၊ ဗိမ္မိသာရ၊ လက်ဝဲသုန္ဒရအစရှိသော ဇာတ်၊ ပြဇာတ်၊ အော်ပရာပေါင်းများစွာတွင် ပါဝင်ကပြခဲ့ရာ ရွှေမန်းတင်မောင်-အောင်သန်းတင်ဟု အတွဲညီစွာ နာမည်ကျော်ကြားခဲ့သည်။

ထို့ပြင် ရုပ်ရှင်မင်းသားခင်မောင်ဇင်၊ ရုပ်ရှင်မင်းသမီးစံရှားတင်တို့နှင့်အတူ "နှစ်ဆောင်ပြိုင်" ရုပ်ရှင်ဇာတ်ကားတွင်လည်းကောင်း၊ ရုပ်ရှင်မင်းသားဝင်းဗိုလ်၊ ရုပ်ရှင်မင်းသမီးဝါဝါဝင်းရွှေတို့နှင့်အတူ "ယမင်းသူဇာ" ရုပ်ရှင်ဇာတ်ကားတွင်လည်းကောင်း ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ယဉ်ကျေးမှုအဖွဲ့ဝင်အဖြစ် သွားရောက်ကပြခဲ့သည်။ ၁၉၆၉ ခုနှစ် ရွှေမန်းတင်မောင်ကွယ်လွန်ပြီးနောက်ပိုင်းတွင် ရွှေမန်းတင်မောင်၏

သားများဖြစ်ကြသော ဝင်းဝိုလ်၊ ဆန်းဝင်း၊ ဝင်းမောင်၊ ချမ်းသာတို့နှင့်တွဲဖက်ကပြပြီး အသက် ၇၁ နှစ်အရွယ် ၁၉၉၂ ခုနှစ်တွင် ရွှေမန်းသဘင်မှ အနားယူသည်။ ရွှေမန်းသဘင်မှ အနားယူပြီးနောက် နိုင်ငံတော်က ကြီးမှူးကျင်းပသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အကနှင့်ဇာတ်သဘင်ဗဟိုအကဲဖြတ်ပညာရှင် အဖြစ်လည်းကောင်း၊ မြဝတီအငြိမ့်ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ အကြံပေးပုဂ္ဂိုလ် အဖြစ်လည်းကောင်း အသက် ၈၀ ကျော်သည်အထိ ထမ်းဆောင်သည့်အပြင် ဘာသာရေးအခမ်းအနားများ၌ ရတုနှင့်တေးထပ်များရွတ်ဆိုပူဇော်ခြင်း၊ ဆရာတော်ကြီးများ၏ စာပန အခမ်းအနားများ၌ ဧယင်ကျူးပူဇော်ခြင်း၊ ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်ဇာတ်ကားများ၌ သရုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကန်တော့ခံသက်ကြီး ဇာတ်သဘင်ပညာရှင်နှင့် ရုပ်ရှင်ပညာရှင်ဇာတ်မင်းသမီးကြီး ဒေါ်အောင်သန်းတင် သည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

အုန်းကျော်၊ ဦး(အကော်ဒီယံ)(၁၉၃၉-၂၀၁၃)။ ။ ဂီတစာဆိုတေးသံရှင် အကော်ဒီယံ ဦးအုန်းကျော်ကို ရွှေပလောင်လက်ဖက်ခြောက်ပွဲရုံပိုင်ရှင် ပွဲစားကြီး ဦးမြမောင်နှင့်ဒေါ်သီခတို့က ၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဟင်္သာတမြို့လမ်းမတော်၌ မွေးဖွားသည်။ မွေးချင်းခြောက်ဦးအနက် ဒုတိယမြောက် ဖြစ်သည်။

ငယ်စဉ်က အထက(၂) ဟင်္သာတ၌ တက္ကသိုလ် ဝင်တန်းအထိ ပညာသင်ယူသည်။ ၁၉၅၈ ခုနှစ်တွင် လက်ပံတန်းမြို့နယ် ယွန်းသွယ်ကျေးရွာနေ ဦးကျော်ဝ၊ ဒေါ်စိန်တို့၏သမီးဒေါ်စောရီနှင့် လက်ထပ်သည်။ ၁၉၅၉ ခုနှစ်တွင် မိသားစုနှင့်အတူ ဟင်္သာတမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ဂီတလောကသို့ ဝင်ရောက်သည်။

အကော်ဒီယံဦးအုန်းကျော်သည် ရွှေးဦးစွာ ဟင်္သာတဓာတ်ပြားထုတ်လုပ်ရေးကုမ္ပဏီနှင့် ဆက်သွယ်ပြီး ခရမ်းရောင်လွင်ပြင် သီချင်းမှစ၍ ရေးဖွဲ့၊ တီးခတ်၊ သီဆိုကာ ဓာတ်ပြားသီချင်းများထုတ်လုပ်သည်။ ထင်ရှားသော ဓာတ်ပြားသီချင်းများမှာ သျှောင်ပေစူး၊ တောကမောင်ကြီး၊ ကျောင်းတော်ဆွေ၊ မိုးလုံးပတ်လည်၊ နန်းပွင့်ရွှေကြာ၊ ပိတောက်လက်ဆောင်၊ တောသူလေးမို့၊ မောင်ကြီးခေါ်ရာ၊ ချစ်အလွန်ကဝါဝယ်၊ လူလူချင်းချစ်ကြရာဝယ်၊ မောင်ကြီးရွှေဂုန်သူ၊ ရွှေဝါမြေ၊ စိမ်းလဲ့မြေလွှာ စသည့်သီချင်းများဖြစ်သည်။ ရေဒီယိုသီချင်းများကိုလည်း ကိုယ်တိုင်ရေးဖွဲ့တီးခတ်သီဆိုပြီး မြန်မာ့အသံမှ ထုတ်လွှင့်သည်။ ထို့ပြင် မိုးချယ်ရီ၊ မြေလတ်သူ၊ လင်းယုန်စစ်ဆင်ရေး စသည့် ရုပ်ရှင်ဇာတ်ကားများ၌ ခေါင်းဆောင်မင်းသားအဖြစ် သရုပ်ဆောင်ရိုက်ကူးရာ ရုပ်ရှင်မင်းသမီး ခင်သန်းနု၊ မြင့်မြင့်ခင်၊ စံရှားတင်တို့နှင့် တွဲဖက်၍ သရုပ်ဆောင်သည်။ ရုပ်ရှင်ဇာတ်ဝင်တေးများကိုလည်း ကိုယ်တိုင်ရေးဖွဲ့တီးခတ်သီဆိုရာ နန်းဒေဝီ၊ ရေမြေမဆုံးသရွေ့၊ တောင်ပေါ်သူ၊ အိပ်မက်ပမာ၊ ဘယ်ဆီဘယ်လမ်း၊ ရှာပုံတော်စသည့်သီချင်းများမှာ ထင်ရှားသည်။

ထို့အပြင် စုံတွဲသီချင်းများဖြစ်သည့် ချို့ပြုံးနှင့် ရေလှိုင်းပမာ၊ သန်းသန်းဆင့်နှင့် မောင်ကြီးခေါ်ရာ၊ ကြည်ကြည်ဝင်းနှင့်ချစ်အလွန်ဝါ၊ ထားနှင့်ဘယ်ဘယ်ခါ၊ နွဲ့ယဉ်ဝင်းနှင့် မောင်ကြီးခေါ်ရာသီချင်းများမှာ လူကြိုက်များသည်။ ၁၉၆၈ ခုနှစ်တွင် ဧရာဝတီတေးသံသွင်းနှင့် အသံဖမ်းစတူဒီယိုကို တည်ထောင်သည်။ ရီကော်ဒါခေတ်တွင် တိပ်ရီကော်ဒါများဖြင့်လည်းကောင်း၊ ကက်ဆက်ခေတ်တွင်ကက်ဆက်ခွေများဖြင့်လည်းကောင်း ကိုယ်တိုင်ရေးဖွဲ့တီးခတ်သီဆိုသည့်သီချင်းများကို ထုတ်လုပ်ဖြန့်ချိသည်။ စတီရီယိုခေတ်ဦးတွင် ခေတ်ပေါ်စတီရီယိုသီချင်းများကို ကိုယ်တိုင်ရေးဖွဲ့တီးခတ်သီဆိုပြီး ထုတ်လုပ်ဖြန့်ချိသည်။ လမ်းသရဲမဆိုရှစ်ကျပ်ဖိုးနဲ့သိန်းထိထိုး၊ အဖြူလားအမည်းလား စသည့်စတီရီယိုသီချင်းများသည် စတီရီယိုခေတ်ဦးကာလတွင် အကော်ဒီယံဦးအုန်းကျော်၏ထင်ရှားအောင်မြင်သော သီချင်းများဖြစ်သည်။ ကက်ဆက်

အကော်ဒီယံဦးအုန်းကျော်

ခေတ်တွင် ကာလနဂါးသီချင်းနှင့် အချစ်ရှုံးသမား ဒဿဂီရိ သီချင်းတို့ဖြင့် ထင်ရှားကျော်ကြားသည်။ အကော်ဒီယံဦးအုန်းကျော်၏ဂီတဆရာမှာ မစွတာ ဝေါင်းဖြစ်ပြီး အနောက်တိုင်းတေးဂီတ ဘာသာရပ်ကို သင်ယူသည်။ အကော်ဒီယံကို ငယ်စဉ်ကတည်းက ကျွမ်းကျင်စွာတီးခတ်နိုင်သူဖြစ်ပြီး ကီးဘုတ်တီးခြင်းကိုလည်း လေ့လာသင်ယူတတ်မြောက်သည်။ ဆရာရွှေပြည်အေးရေးဖွဲ့သောသီချင်းတစ်ပုဒ်မှလွဲ၍ ကိုယ်တိုင်ရေးဖွဲ့ကိုယ်တိုင်တီးခတ် ကိုယ်တိုင်သီဆိုသောသီချင်းပုဒ်ရေပေါင်း ၂၀၀ ခန့်ရှိသည်။

၁၉၈၄ ခုနှစ်တွင် ပညာပေးဖျော်ဖြေမှုအစီအစဉ်အဖြစ် တေးသီချင်းအပုဒ် ၃၀ ခန့်သီဆိုရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားမှထုတ်လွှင့်သည်။ ၁၉၈၈ ခုနှစ်တွင် ကျောင်းသားသမဂ္ဂသီချင်းကို သီဆိုသည်။ ဂီတသမားတစ်ဦးအဖြစ် လူရည်ချွန်၊ စံပြလုပ်သား၊ လေ့သင်ဘင်ပွဲတော်စသည့်နိုင်ငံတော်အခမ်းအနားများအတွက် တေးသီချင်းများကို ကိုယ်တိုင်ရေးဖွဲ့တီးခတ်သီဆိုကာ စေတနာ့ဝန်ထမ်းဖျော်ဖြေသည်။ တိုင်းကျိုးပြည်ပြုသီချင်းများကိုလည်း ရေးဖွဲ့တီးခတ်သီဆိုခဲ့ရာ သွေးကစကားပြောသည်၊ ရွှေမြန်မာ၊ သမိုင်းတစ်ခေတ်ဆန်းသစ်လာပြီ စသည့်သီချင်းများထင်ရှား သည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဂီတအနုပညာဖြင့် လူမှုရေးကိစ္စများကို ကြိုးပမ်းဆောင်ရွက်ခဲ့သော အကော်ဒီယံဦးအုန်းကျော်အား နိုင်ငံတော်အစိုးရက လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်သည်။ အမျိုးသားညီလာခံကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ခဲ့သည်။

အကော်ဒီယံဦးအုန်းကျော်သည် ဒေါ်စောရီနှင့် ပထမအိမ်ထောင်ပြုပြီး ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြတ်မွန်နှင့် ဒုတိယအိမ်ထောင်ပြုသည်။ ဒေါ်စောရီနှင့် သားတစ်ဦး၊ သမီး သုံးဦး၊ ဒေါ်မြတ်မွန်နှင့် သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။

အကော်ဒီယံဦးအုန်းကျော်သည် ၂၀၁၃ ခုနှစ်၊ မေလ ၂၅ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးများနှင့် မြေး ၁၀ ဦး ကျန်ရစ်သည်။

အုန်းမောင်၊ ဦး (ရာမ) (၁၉၂၈-၂၀၁၃)။ ။ စာပေအနုပညာရှင် ရာမဦးအုန်းမောင်ကို မကွေးခရိုင်၊ နတ်မောက်မြို့နယ်၊ ရွာက်ပင်ရွာတွင် တောင်သာဂိုဏ်းဝင်ဆေးဆရာကြီး ဆရာသိုက်၊ ဒေါ်စောရှင်တို့က ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် မွေးဖွားခဲ့သည်။

မောင်အုန်းမောင် တစ်နှစ်သားအရွယ်၌ သာယာဝတီခရိုင်၊ နတ်လင်းမြို့သို့ မိသားစုပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။ တစ်နှစ်ခန့်အကြာတွင် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် သာယာဝတီနယ်သား ဂဠုန်ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာသည်။

မောင်အုန်းမောင်ကျောင်းနေအရွယ်သို့ ရောက်သောအခါ နတ်လင်းမြို့၊ ဇီးကုန်းကလေးရပ်ရှိ ဆရာကွန်းမူလတန်းကျောင်းတွင် ပညာဆည်းပူးသည်။ စတုတ္ထတန်းသို့ရောက်သောနှစ်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ခွဲထွက်ခွင့်ရရှိချိန်ဖြစ်သည်။

ဆရာကွန်းကျောင်းမှ စတုတ္ထတန်းအောင်၍ ပေါင်းတည်မြို့အစိုးရအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့ရသည်။ မောင်အုန်းမောင် သတ္တမတန်းသို့တက်နေစဉ် မိခင်ကြီးဒေါ်စောရှင် ကွယ်လွန်သဖြင့် ကျောင်းမှထွက်၍ နတ်မောက်ပွဲရုံကို ဦးစီးလုပ်ကိုင်သည်။

ပွဲရုံလုပ်ငန်းအရောင်းအဝယ် စီးပွားရေးလုပ်ကိုင်ရင်း ဝါသနာပါသည့် စာပေ၊ ကဗျာများကို ရေးသားခဲ့လေသည်။ ထိုအချိန်က ထုတ်ဝေလျက်ရှိသော ဒီးဒုတ် ဂျာနယ်၊ ဂျာနယ်ကျော်၊ သူရိယမဂ္ဂဇင်းတို့တွင် ကဗျာများရေးသားခဲ့သည်။ နတ္တလင်းမြို့ရှိ ပညာအလင်းပြပုံနှိပ်တိုက်ပိုင်ရှင်ဦးလေးဖြစ်သူ ဆရာဖြိုး၏အားပေးတိုက်တွန်းမှုဖြင့် သတင်းထောက်ဖြစ်လာသည်။ ၎င်းသည် သတင်းထောက်ဖြစ်သော်လည်း သတင်းနှင့်အတူ သတင်းဆောင်းပါးများ၊ ကဗျာများနှင့် ဟာသဝတ္ထုများကိုပါ ရေးသားခဲ့သည်။ ထို့နောက် ဆရာဖြိုး၏ပညာအလင်းပြပုံနှိပ်တိုက်တွင် မန်နေဂျာအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြန်သည်။ ၎င်း၏ကလောင်အမည်မှာ "ဆွေလင်းမောင်" ဖြစ်သည်။ ထို့အပြင် သတင်းစုံဂျာနယ်တွင်လည်း "ဆွေလင်းပြောင်" ဟူသော ကလောင်အမည်ဖြင့် ဟာသဝတ္ထုများကို ရေးသားခဲ့သည်။

ဂျပန်ခေတ်တွင် နတ္တလင်းမြို့၌ "မြို့စောင့်တပ်ဗိုလ်" အဖြစ်လည်းတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် နတ္တလင်းမြို့၊ ဇီးကုန်းကလေးလမ်းမှ မကျင်အေးနှင့် အိမ်ထောင်ပြုသည်။

မောင်အုန်းမောင်လည်း ရန်ကုန်သို့ပြောင်းရွှေ့လာကာ ရေကျော်ရပ်ရှိ ပညာအလင်းပြစာပေနှင့် ပုံနှိပ်တိုက်တွင် အလုပ်လုပ်ကိုင်ရင်း ၁၉၆၀ ပြည့်နှစ်တွင် ရာမအသင်းသားတစ်ဦးဖြစ်လာသည်။ ထိုမှတစ်ဆင့် "ဇာတ်ဆောင်ကသား" ဖြစ်လာသောအခါ ရာမဇာတ်တွင်ပါဝင်တင်ဆက်နိုင်ရန်အတွက် အကပညာအခန်းများကို သင်ကြားသည်။ ၎င်း၏ အကဆရာများမှာ ဒါရိုက်တာ ဦးချစ်ဖေနှင့် ဗိုလ်ကြီးမြင့်ဟန်တို့ဖြစ်သည်။ အခန်းပိုင်အဖြစ် ဒဿဂီရိ၏ ညီတော် "ဘိဘိသန" အခန်းကိုမူ ပင်တိုင်ကပြရလေသည်။ ဤသို့ဖြင့် နောင်သောအခါ ရေကျော် ရာမဇာတ်တော်ကြီး၏ ဇာတ်အုပ်ရာမ ဦးအုန်းမောင်ဟူ၍ ထင်ရှားလာသည်။

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ မြန်မာ့နန်းတွင်း ရာမာယဏဇာတ်တော်ကြီး ၂၂၂ နှစ်ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စာပေဗိမာန်ခန်းမဆောင် တွင်ကျင်းပရာ သဘာပတိအဖြစ်ဆောင်ရွက်ရသည်။



ရာမဦးအုန်းမောင်

ရာမဦးအုန်းမောင်နောက်ဆုံးကခဲ့သည့် ရာမဇာတ်ပွဲမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နှစ် ၂၆၀၀ ပြည့် တပေါင်းလဆုဒ္ဓပူဇနိယပွဲတော်ကြီးဖြစ်ပြီး ရာမဇာတ်ကို အခန်းပြည့်တင်ဆက်ကန်တော့ပန်းဆင်ရာတွင် ရာမမင်းသားဦးအုန်းမောင် (၈၃ နှစ်) နှင့် သီတာဒေဝီ ဘီအက်စ်စီဒေါ်အောင်သိန်းကြည် (အသက် ၉၀ ကျော်)တို့က ပါဝင်ကပြပေးခဲ့သည်။

ရာမ ဦးအုန်းမောင်သည် စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့ရာ အင်္ဂလိပ်ဘာသာပြောပေဒင်ကျမ်း၊ နန်းတွင်းကု ထုံးဆေးကျမ်း (ပထမတွဲ)၊ နန်းတွင်းကုထုံးဆေးကျမ်း (ဒုတိယတွဲ)၊ နန်းတွင်းကုထုံးဆေးကျမ်း (တတိယတွဲ)၊ တိုင်းရင်းမြန်မာအားတိုးဆေးစွမ်းကောင်းများ၊ ဣတ္ထိယရတနာသွေးဆေးပေါင်းချုပ်ကျမ်း၊ ဒက္ခိဏာသာခါဘုရားသမိုင်းနှင့်ဗုဒ္ဓရုပ်ပွားဘုရားပူဇော်နည်း (အာဋာနာဋိယဆရာဦးအုန်းမောင်)၊ အရှင်သီဝလိထေရုပ္ပတ္တိနှင့်ထုလုပ်ပူဇော်နည်း၊ လူတိုင်းအဖို့ရေသောက်နည်း၊ သွေးဆေးပေါင်းချုပ်ကျမ်းနှင့် နန်းတွင်းရာမဇာတ်တော်ကြီးသမိုင်းတို့ဖြစ်သည်။

ရာမ ဦးအုန်းမောင်သည် ၉၅ နှစ်ခန့် သက်တမ်းရှိ ပညာအလင်းပြစာအုပ်တိုက်နှင့်ပုံနှိပ်တိုက်တွင် ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

(၆၆)နှစ်မြောက်အာဇာနည်နေ့။ ။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရသစ်ကို ဖွဲ့စည်းခဲ့သည်မှစ၍ ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးခဲ့သည်။ ဒီမိုကရေစီစနစ်အရ ပြည်သူကိုဗဟိုပြုဝါဒဖြင့် ပြည်သူ့ဆန္ဒကို ရှေ့တန်းတင်ကာ ဆောင်ရွက်ခဲ့သည်။ အရပ်ရပ်သော လွှတ်တော်များမှလည်း ပြည်သူ့အရေးကို ပဓာနထား ဦးစားပေး၍ ဆွေးနွေးညှိနှိုင်းမှုများ၊ ဥပဒေပြုမှုများကို ဆောင်ရွက်ခဲ့သည်။

မြန်မာပြည်သူလူထုသည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်က လုပ်ကြံခံခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးအချို့ ကွယ်လွန်ခဲ့သည့်အဖြစ် အပျက်နှင့် ကွယ်လွန်ခဲ့သည့် နေ့ရက်ကို 'အာဇာနည်နေ့' အဖြစ် အစိုးရရုံးပိတ်ရက်သတ်မှတ်ကာ ဂုဏ်ပြုခဲ့သည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို ဦးစားပေးဆောင်ရွက်သည့်အလျောက် ပြည်သူများက ဆန္ဒရှိသော အာဇာနည်နေ့ အခမ်းအနား အသွင်အပြင်ကို ယခင်နှစ်များကထက် လေးနက်စွာ ကျင်းပပေးခဲ့သည်။

၂၀၁၃ ခုနှစ် (၆၆) နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်က ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ (၆၆) နှစ်မြောက်အာဇာနည်နေ့ကျင်းပရေးဗဟို ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆန်းနှင့် ဦးဌေးအောင်၊ (၆၆) နှစ်မြောက်အာဇာနည်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦး၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အာဇာနည်ဗိမာန်ရင်ပြင်၌ နေရာယူပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွှမ်းသူပန်းခွေချအလေးပြုသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ် အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်အလေးပြုကြပြီး စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ အလေးပြုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။ ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် အထိမ်းအမှတ်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချအလေးပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီ၊ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်

ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများနှင့် ဥရောပသမဂ္ဂတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဝိမာန်၌ လွမ်းသူပန်းခွေချ၍ အလေးပြုကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်

အမျိုးသားလွတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်သည် လွတ်တော်ရုံးမှတာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်း၏ဇာတိမြို့ဖြစ်သော နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ရောက်ရှိပြီး နေအိမ်ပြတိုက်အတွင်းခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် နတ်မောက်မြို့စျေးရပ်ကွက် ဗိုလ်ချုပ်ပန်းခြံရှိဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သို့ သွားရောက်ဂါရဝပြုသည်။

ပြည်သူအများတို့ကလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကိုအစဉ်ထာဝရအောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။ ရန်ကုန်မြို့ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အခမဲ့ဖွင့်လှစ်ပြသခဲ့ရာ ရဟန်းရှင်လူပြည်သူများ၊ကျောင်းသားကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် နိုင်ငံခြားသားများ အပါ အဝင် စုစုပေါင်းလူဦးရေ တစ်သောင်းလေးထောင့် ငါးရာကျော်လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဒေသခံပြည်သူများ၊လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီတို့မှတာဝန်ရှိသူများသည် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် လွမ်းသူပန်းခွေချအလေးပြုခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ပြုလုပ်ခဲ့ ကြသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့သည် ဖေဖော်ဝါရီလ ၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့၌ တွေ့ဆုံ၍ ဆက်သွယ်ရေးလမ်းကြောင်းထားရှိရေး၊ စစ်ရေးတင်းမာမှုများလျှော့ချနိုင်ရေး၊ နောက်တစ်ကြိမ် ဆွေးနွေးပွဲတွင် လေ့လာသူများနှင့် သက်သေအဖြစ်ပါဝင်နိုင်မည့် အဖွဲ့အစည်းများအား ဖိတ်ခေါ်ရေးတို့ကို ဆွေးနွေးကြသည်။ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို KIO အနေဖြင့် ဖေဖော်ဝါရီလ မကုန်မီကျင်းပရေးနှင့်အစိုးရနှင့် KIO

အကြားခိုင်မာသောစစ်ပြေငြိမ်းရေးအလျင်အမြန် အကောင်အထည်ဖော်နိုင်ရန် ပဋိပက္ခဖြစ်ပွားသော နေရာများကို လေ့လာစောင့်ကြည့်စိစစ်ရေးစနစ် ပေါ်ပေါက်အောင် ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် သဘောတူညီကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဥက္ကဋ္ဌဦးသိန်းဇော်တို့သည် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ Myanmar Peace Centre မှ အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်ကြသော ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA)၊တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)၊ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် ဒုတိယဥက္ကဋ္ဌဦးအောင်မင်းက လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေများ၊ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့သည် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် နိုင်ငံရေးဦးတည်ချက်၊ နိုင်ငံရေးဆွေးနွေးပွဲအတွက် လိုအပ်သောမူဘောင်၊ အချိန်ဇယားချမှတ်ရမည့်အစီအစဉ်များ ကြိုတင်ညှိနှိုင်းရေးဆွဲခြင်း၊ ဆွေးနွေးပွဲနေရာ၊ Mediator, Monitor, Observer နှင့်သက်သေများထားရှိနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ်ခြောက်ချက်၊ အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့ပြင် အကြိုပြင်ဆင်ရေးကာလနှင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်တစ်လျှောက်တွင် UNFC အဖွဲ့အစည်းများ၏နယ်မြေများအတွင်းလူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ၌ ပြည်တွင်းနှင့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်ရန်နှင့် နှစ်ဖက်အလုပ်အဖွဲ့များအခါအားလျော်စွာ တွေ့ဆုံညှိနှိုင်းရန် ဆွေးနွေးကြသည်။ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို နှစ်လအတွင်း ကျင်းပရန် သဘောတူညီကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ သည် မတ်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့၌တွေ့ဆုံကြရာ စစ်မှန်သောနိုင်ငံရေးဆွေးနွေးပွဲများကို စတင်နိုင်ရေးအတွက် အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုများကိုအခြေခံပြီး ခိုင်မာသော အပစ်အခတ်ရပ်စဲရေးရရှိသည်အထိ ဆောင်ရွက်ရန် ဖေဖော်ဝါရီလ ၄ ရက်တွေ့ဆုံပွဲရလဒ်အဖြစ် တိုက်ပွဲများကို လျှော့ချနိုင်ခဲ့ရာ ဆက်လက်၍ပြဿနာဖြစ်ပွားနိုင်သောဒေသများရှိနှစ်ဖက်တပ်ဖွဲ့များဆိုင်ရာကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ရေးနှင့်လိုအပ်သည့် ညွှန်ကြားချက်အမိန့်များကို နှစ်ဖက်တပ်ဖွဲ့များဆိုင်ရာအောက်ခြေတပ်ဖွဲ့များအထိ ရောက်ရှိအောင်ညွှန်ကြားရန်၊ ပဋိပက္ခဖြစ်ပွားသော ရှေ့တန်းစစ်မြေပြင်များသို့ကွင်းဆင်းလေ့လာစောင့်ကြည့်နိုင်ရေးနှင့် နှစ်ဖက်ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းစောင့်ကြပ်ရေးရုံးများနှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလိုထားရှိသွားရန်၊ ပြီးခဲ့သည့် တွေ့ဆုံပွဲနှင့် ယခုတွေ့ဆုံပွဲသဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နောက်တစ်ကြိမ် ဆွေးနွေးမှုကို ဧပြီလ ၁၀ ရက်မတိုင်မီ ကျင်းပရန် သဘောတူညီကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့်ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မတ်လ ၂၃ ရက်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Centre) ၌ ကျင်းပသည်။ ဆွေးနွေးပွဲ၌ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ နှစ်ဖက်ပွင့်လင်းရင်းနှီးစွာ အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုအဆင့် ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇွန်လ ၁၉ ရက်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နယ်မြေခံတပ်ရင်း၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကနိုင်ငံတော်သမ္မတအနေဖြင့် တိုင်းရင်းသားအဖွဲ့များပါဝင်သည့် အပစ်အခတ်ရပ်စဲရေးပဏာမသဘောတူညီချက်များကို ထပ်မံအတည်ပြုရန် လာမည့်လများအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အပါအဝင် ပြည်တွင်းနှင့်နိုင်ငံတကာမှ ထင်ရှားကျော်ကြားသူများ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်
ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့ ငြိမ်းချမ်းရေးသဘောတူညီချက်များ
လက်မှတ်ရေးထိုးကာအပြန်အလှန်ပေးအပ်စဉ်

ငြိမ်းချမ်းရေးဆွေးနွေးပွဲသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ သဘောတူညီချက်တွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက်သဘောတူညီကြသည့်အပြင် ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍများအပါအဝင် ကဏ္ဍကြီး ၁၀ ရပ်နှင့်ပတ်သက်၍လည်း သဘောတူညီမှုရရှိသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့၏ ကို ဖိတ်ကြားရန် ရည်ရွယ်ထားပြီး အဆိုပါပုဂ္ဂိုလ်များရှေ့မှောက်၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန် အစီအစဉ်ရှိကြောင်း၊ ယခုကဲ့သို့ စီစဉ်ရခြင်းသည် အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ နောက်မဆုတ်ဘဲ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ IDP များအား သက်ဆိုင်ရာနေရာဒေသများ၌ ပြန်လည်နေရာချထားပေးရေးအတွက် အလေးအနက်ညွှန်ကြားထားကြောင်း ပဏာမပြောကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်က တပ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့်

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် KNPP ဒုတိယဥက္ကဋ္ဌခုဦးရယ်က ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ မွန်းလွဲပိုင်းတွင် နှစ်ဖက်တာဝန်ရှိသူများသည် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို သီးခြားဆွေးနွေးကြသည်။ ညနေပိုင်းတွင် နှစ်ဖက်ပူးပေါင်းစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများစဉ်ဆက်မပြတ်တိုးတက်ရေးအတွက် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စေလွှတ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ရွှေ့ပြောင်းဒေသခံများအား ပြန်လည်နေရာချထားပေးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KNPP တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇွန်လ ၂၀ ရက်တွင် လွိုင်ကော်မြို့၊ နယ်မြေခံတပ်နယ်ခန်းမ၌ ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ KNPP ဒုတိယဥက္ကဋ္ဌ ခုဦးရယ်က ဒေသဖွံ့ဖြိုးရေးနှင့်ပါတီ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပဋိပက္ခကြောင့် နေရပ်ရွှေ့ပြောင်းပြည်သူများ (IDP) ပြန်လည်ဝင်ရောက်လာမှုကို နိုင်ငံတော်သမ္မတကြီးက ကြိုဆိုကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများနေထိုင်စားသောက်မှုအဆင်ပြေရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ပံ့ပိုးပေးသွားမည်ဖြစ်သည့်အပြင် အလှူရှင်များရှိပါကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ IDP ပြန်လည်နေရာချထားပေးမည့်နေရာများ၌ မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းအောင် နှစ်ဖက်ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ပြောပြသည့်အတွက် နိုင်ငံတော်ပိုင်းကလည်း ပံ့ပိုးကူညီဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် နိုင်ငံရေးဆွေးနွေးပွဲများကို တစ်ဆင့်ပြီးတစ်ဆင့် ဆွေးနွေးသွားနိုင်ရေး၊ ပဋိပက္ခကြောင့် နေရပ်ရွှေ့ပြောင်းပြည်သူများအတွက် စံပြကျေးရွာတစ်ခု တည်ထောင်နိုင်ရေး၊ မြေမြှုပ်မိုင်းများကို ပူးပေါင်းရှင်းလင်းရေး၊ ဆက်ဆံရေးရုံးများတိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် လေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့အတည်ပြုရေးတို့ အပါအဝင် နှစ်ဖက်ဆွေးနွေးရန်ကျန်ရှိသော အစီအစဉ်များကို ဆက်လက်ဆွေးနွေး ညှိနှိုင်းကြသည်။ ထို့ပြင်ဆွေးနွေးပွဲမတိုင်မီ နှစ်ဖက် တာဝန်ရှိသူများသည် သီးခြားဆွေးနွေးပွဲကျင်းပသည်။ မွန်းလွဲပိုင်းတွင် နှစ်ဖက်တာဝန်ရှိသူများသည် တပ်ပိုင်းဆိုင်ရာ သီးခြားဆွေးနွေးပွဲကျင်းပသည်။ ထို့နောက် အချက်ရှစ်ချက်ပါနှစ်ဖက်သဘောတူညီချက်ကို ညှိနှိုင်းဆွေးနွေးပြီး လက်မှတ်ရေးထိုးကြသည်။

နှစ်ဖက်သဘောတူညီချက်အပြည့်အစုံမှာ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး (Nationwide Ceasefire Accord) ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီးသို့ ရောက်ရှိရေး ဆက်လက်ဆောင်ရွက်သွားရန်၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများသည် အပြုသဘော ပိုမိုဆောင်၍ တိုးတက်မှုများရှိခဲ့ရာ နောင်အစည်းအဝေးတွင် တပ်ပိုင်းဆိုင်ရာကိစ္စများကို ဆက်လက်ဆွေးနွေးရန်၊ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (Joint Monitoring Committee) ကို ကယားပြည်နယ်အစိုးရက တာဝန်ပေးအပ်သူနှစ်ဦး၊ KNPP က တာဝန်ပေးအပ်သူနှစ်ဦး၊ သမာသမတ်ကျသော ရပ်မိရပ်ဖ ခြောက်ဦးစုစုပေါင်း ၁၀ ဦးဖြင့် ဖွဲ့စည်းရန်၊ လူမှုအခြေပြု အဖွဲ့အစည်း (CSO) များ၊ တစ်သီးပုဂ္ဂလများ၊ ပြည်တွင်း NGO များနှင့်အတူ တကွလက်တွဲဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်း

လမ်းညွှန် (TOR) ကို နှစ်ဖက်မှ တာဝန်ရှိသူများက ညှိနှိုင်းရေးဆွဲအတည်ပြုရန်၊ စောင့်ကြည့်လေ့လာသည့်သတင်းပေးပို့သူလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့ကို နှစ်ဖက်စလုံးက ရန်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဥပဒေမဲ့အရေးယူအပြစ်ပေးခြင်းများ မပြုလုပ်ရေး အတွက်ဖွဲ့စည်းရန်၊ ကယားပြည်နယ်အတွင်း ရှာသစ်စိမ်းကိန်းအပြင် ထပ်မံအကောင်အထည် ဖော်မည့်အကြီးစားစီမံကိန်းများကို အများပြည်သူ လူထု၊ လူမှုအသင်းအဖွဲ့များအား လေ့လာခွင့်ပြုရန်၊ စီမံကိန်းအကောင်အထည်ဖော်မှုများသည် ပွင့်လင်းမြင်သာပြီးတာဝန်ယူမှု၊ တာဝန်ခံမှုတို့ရှိရမည့်အပြင် ဒေသခံပြည်သူလူထုနစ်နာမှုမရှိစေရေး အစိုးရနှင့် တာဝန်ရှိသူတို့က အာမခံဆောင်ရွက်ပေးရန်၊ ကယားပြည်နယ်အတွင်းရှိ IDP များပြန်လည်နေရာချထားမည့် နေရာတွင် မြေမြှုပ်မိုင်းများရှင်းလင်းရေးကိစ္စကို နှစ်ဖက်အဖွဲ့အစည်းက ညှိနှိုင်းဆောင်ရွက်ရန်၊ ပြန်လည်နေရာချထားရေးအတွက် ရှားတောမြို့နယ်၊ ဒေါတခဲဒေသ၌ စံပြစီမံကိန်း (Pilot Project) နမူနာတစ်ခုကို နှစ်ဖက်အဖွဲ့အစည်းကညှိနှိုင်းဆောင်ရွက် ရန်၊ မူဝါဒသဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရန်၊ နှစ်ဖက်အဖွဲ့အစည်းက အလုပ်အဖွဲ့ (Technical Team) များ ဖွဲ့စည်းဆောင်ရွက်ရန်၊ ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစိုးရနှင့် KNPP တို့ ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာလ ၈ ရက်တွင် မြစ်ကြီးနှာမြို့၊ မဂ္ဂယ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာမှ တစ်ဖက်နှင့် တစ်ဖက်ယုံကြည်မှုများ အဆင့်ဆင့်တည်ဆောက်လာနိုင်ပြီး ကောင်းမွန်သည့် ရလဒ်များရရှိလာကြောင်း၊ ပြီးခဲ့သည့် ဆွေးနွေးပွဲများမှ အောင်မြင်သည့်ရလဒ်ကောင်းများနှင့် အခြေအနေကောင်းများတစ်ခုပြီးတစ်ခုရရှိသကဲ့သို့ ယခုဆွေးနွေးပွဲတွင်လည်းရလဒ်ကောင်းများတိုးတက်ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း၊ အခြေအနေကောင်းများနှင့် ရလဒ်ကောင်းများ တိုးတက်ရရှိအောင်လည်း နှစ်ဖက်အဖွဲ့များနှင့် ပါဝင်ပတ်သက်သူအားလုံးက ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း၊ အနာဂတ်တွင် နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အစဉ်အလာများကို ချထားပေးနိုင်ရန်နှင့်အားလုံးက လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို ရရှိအောင် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းပြောကြားသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက ယခုတွေ့ဆုံဆွေးနွေးပွဲမှ အကောင်းဆုံးရလဒ်များရရှိလိမ့်မည်ဟုမျှော်လင့်ကြောင်း၊ ပြီးခဲ့သည့်တွေ့ဆုံဆွေးနွေးပွဲများတွင် နှစ်ဦးနှစ်ဖက်ထားရှိသည့်ကတိများကို စောင့်ထိန်းနိုင်ခဲ့သောကြောင့် နားလည်မှုနှင့် ယုံကြည်မှုများအပြန်အလှန် ပိုမိုတည်ဆောက်နိုင်ခဲ့ကြောင်း၊ ပြည်သူအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို တပ်မတော်ကလည်းအမှန်တကယ် လိုလားကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲမှ ရလဒ်ကောင်းများတိုးတက်ရရှိပြီး မိမိတို့ပန်းတိုင်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင် နှစ်ဖက်အဖွဲ့များ၊ ပါဝင်ပတ်သက်သူများနှင့်ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ KIO အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က တိုင်းရင်းသားအားလုံး ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲတက်ရောက်သူအားလုံးက အကြံကောင်းဉာဏ်ကောင်းများဖြင့် ပါဝင်ဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍နှစ်ဖက်အဖွဲ့ကိုယ်စားလှယ် များကမေလ ၃၀ ရက်နောက်ပိုင်းက နှစ်ဖက်ဖြစ်ပေါ်တိုးတက်မှုအခြေအနေကောင်းများကို အသီးသီးဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာလ ၉

ရက်တွင် မဂ္ဂယ်ခန်းမ၌ ဆက်လက်ကျင်းပသည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဆန္ဒပြင်းပြစွာလိုလားတောင့်တနေသည့်ငြိမ်းချမ်းရေးကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ KIO နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်မရေးထိုးနိုင်သေးသော်လည်း တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ IDP ကိစ္စရပ်များ၊ ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးကိစ္စရပ်များတွင် ရလဒ်ကောင်းများရရှိနေသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား အားရဝမ်းသာဖြစ်မိကြောင်းပြောကြားသည်။ ဆက်လက်၍ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို နံနက်ပိုင်းတွင် သီးသန့် တွေ့ဆုံ၍ ဆွေးနွေးရာ အောင်မြင်တိုးတက်မှုများရှိ ကြောင်း၊ ပြီးခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲနောက်ပိုင်းတွင် တိုက်ပွဲများကို သိသိသာသာလျှော့ချနိုင်ခဲ့ကြောင်း၊ တိုက်ပွဲများမဖြစ်ပွားအောင် မလိုလားအပ်သည့် သွေးထိုးမှုများနှင့် လှုံ့ဆော်မှုများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် အားလုံးက အသိစိတ်ဓာတ်မြင့်မားစွာပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် KIO ကိုယ်စားလှယ်အဖွဲ့မှ ဗိုလ်ချုပ်ဝွမ်မော်က တိုက်ပွဲများဖြစ်ရခြင်း၏အကြောင်းရင်းကို ရှာဖွေခြင်းနှင့် တိုက်ပွဲများထပ်မံမဖြစ်ပွားအောင် တားဆီးနိုင်သည့်နည်းလမ်းများရှာဖွေခြင်းတို့ကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ပြောကြားသည်။ ဆက်လက်၍ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆိုင်ရာများကိုလည်းကောင်း၊ IDP ကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကိုလည်းကောင်းအသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ တတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁၀ ရက်တွင် မဂ္ဂယ်ခန်းမ၌ ကျင်းပပြီး နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဦးဆွမ်လွတ်ဂမ်တို့သည် ဆွေးနွေးပွဲသို့လေ့လာသူအဖြစ် တက်ရောက်လာကြသူများရှေ့မှောက်၌ နှစ်ဖက်သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ ဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာဝမ်ရင်ဖန်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်လွတ်တော်ကိုယ်စားလှယ်လေးဦး၊ ကချင်ပြည်နယ်အတွင်းရှိ တရားဝင်နိုင်ငံရေးပါတီများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီအင်အား၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှကိုယ်စားလှယ်များ၊ ကချင်လူမျိုးများရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနှင့် ကချင်ပြည်နယ်ရှမ်းမျိုးနွယ်စုများစာပေနှင့်ယဉ်ကျေးမှုကော်မတီမှကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (Peace-talk Creation Group) အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသည့်မြို့မိမြို့ဖ ၁၀ ဦးတို့ တက်ရောက်ကြသည်။ နှစ်ဦးနှစ်ဖက်သဘောတူညီချက်မှာ-

(က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ (Political Dialogue) ကျင်းပနိုင်ရန်အတွက် ပြင်ဆင်မှုဖြစ်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးတွင် ပါဝင်ရန် KIO အား ဖိတ်ခေါ်သည်ဖြစ်သောကြောင့် ကြိုတင်ညှိနှိုင်းသည့် လုပ်ငန်းစဉ်အနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် သဘောတူသည်။

(၁) ပြည်ထောင်စုအစိုးရမှ စီမံချက်များ ပေးပို့ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်

ရွက်မည်။

(၂) KIO ကိုယ်စားလှယ်အဖွဲ့မှ တောင်းဆိုသော လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ညီလာခံ (Ethnic Armed Groups Conference) ကျင်းပမည်။

(ခ) ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နှင့် ၃၀ ရက် အတွင်း ဆွေးနွေးပွဲရလဒ်များကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချနိုင်ခြင်း၊ နှစ်ဖက်ထိတွေ့ဆက်ဆံမှုများ တိုးတက်ဆောင်ရွက်နိုင်ခြင်းတို့အပေါ် နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့က အသိအမှတ်ပြုပြီး ပစ်ခတ်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားစေရေးကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန် သဘောတူသည်။

(ဂ) နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများ မူလနေထိုင်ရာ အရပ်သို့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အခြေခံရမည့်မူများနှင့်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရန် နှစ်ဖက်အဖွဲ့များ၏ အလုပ်အဖွဲ့များနှင့် သက်ဆိုင်ရာ ဌာနများဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်နှင့် အနည်းဆုံး ကျေးရွာလေးရွာကို ရွေးချယ်ပြီး ရှေးဦးစီမံချက်အဖြစ် ညှိနှိုင်းအကောင်အထည်ဖော်သွားရန်သဘောတူသည်။

(ဃ) စစ်ရှိန်လျှော့ချရေးနှင့်တိုက်ပွဲများထပ်မံ မဖြစ်ပွားစေရေးအတွက် ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေး ကော်မတီအား ပဋိပက္ခဖြစ်ပွားရာ ဒေသအားလုံး အကျုံးဝင်စေမည့် ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းသွားရန် သဘောတူသည်။ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီအခြေပြဇယား (ပူးတွဲ ၁) နှင့်ပူးတွဲစောင့်ကြည့်ရေးတွင် ဆောင်ရန်ရှောင်ရန် အခြေခံမူငါးချက်နှင့် စည်းကမ်းချက် ၁၈ ချက်တို့ပါဝင်သည့် (ပူးတွဲ ၂) ကို အခြေခံ၍ အသေးစိတ်စီမံချက် (Operational Plan) ချမှတ်နိုင်ရန် နှစ်ဖက်နည်းပညာအထောက်အကူပြုအဖွဲ့များအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

(င) ပဋိပက္ခကြောင့် ပုံမှန်သွားလာနိုင်မှုမရှိသော အများပြည်သူအသုံးပြုသည့်လမ်းများနှင့် အရေးပါသော လမ်းများ ပုံမှန်ပြန်လည်သွားလာနိုင်ရေး နှစ်ဖက်ညှိနှိုင်း၍ အမြန်ဖွင့်လှစ်သွားရန်သဘောတူသည်။

(စ) KIO အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းပြီး ပြည်သူများနှင့် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်းများ (Public Consultation) ပြုလုပ်ရန် သဘောတူသည်။

(ဆ) ရှေ့လုပ်ငန်းစဉ်များကို နှစ်ဖက်အလုပ်အဖွဲ့များက ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်နှင့် နောင်ကျင်းပမည့်ဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပနိုင်ရေး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်သဘောတူသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထာဝရတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်ရည်မှန်းချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်တွင် ကချင်ပြည်နယ်၊ လိုင်ဇာ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များနှင့်ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများချမှတ်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန်၊ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ချမှတ်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်တို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်မှသာ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း နိုင်ငံတော်သမ္မတက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုင်ဇာအစည်းအဝေးသို့ အောက်တိုဘာလ ၂၉ ရက်တွင် ပေးပို့သည့် သဝဏ်လွှာ၌ ဖော်ပြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၄ ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မဂျယ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်ထောင်စု

ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍ နှစ် ၆၀ အကြာတွင် ပထမဆုံးအကြိမ် အစိုးရနှင့်လက်နက်ကိုင်အဖွဲ့များတစ်ချိန်တည်းတွင် တွေ့ဆုံသည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ လက်နက်ကိုင်တိုင်းရင်းသားများနှင့် အစိုးရတို့အကြားထပ်တူကျသည့်သဘောထားမှာ ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးညှိနှိုင်း ဆွေးနွေးပွဲများ ကျင်းပရမည်ဖြစ်ကြောင်း ပြောကြားသည်။ အလားတူ ဒုတိယဥက္ကဋ္ဌဦးသိန်းဇော်၊ ဗဟို ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးတို့က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ



အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မြစ်ကြီးနားမြို့၌ ဒဿဆုံဆွေးနွေးစဉ်

အဖြေရှာစေလိုခြင်းဖြစ်ကြောင်း၊ အဖွဲ့ပေါင်းများစွာ တစ်ပြိုင်တည်းစကားပြောပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရမည်မှာ အခက်အခဲများရှိကြောင်း၊ သို့သော်လည်း နိုင်ငံရေးဆွေးနွေးပွဲသို့မရောက်ရောက်အောင် သွားကြရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးက ရလဒ်ကောင်းများထွက်ပေါ်လာပြီး ရှေ့ဆက်၍ ငြိမ်းချမ်းရေးဖြစ်စဉ်များအားကောင်း၍ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ Framework for Political Dialogue ဟူသည့် ဆွေးနွေးပွဲမူဘောင်ကို အစိုးရကလက်ဦးမှုရယူပြီးရေးဆွဲမည်မဟုတ်ဘဲ ဆွေးနွေးပွဲမူဘောင်ကိုရေးဆွဲသည့်အခါ အစိုးရအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အခြားအဓိကကျသည့် နိုင်ငံရေးအင်အားစုများလည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ အသံများကိုလည်း နားထောင်ရမည်ဖြစ်ပြီး အဓိကအင်အားစုများလက်ခံသည့် မူဘောင်တစ်ခုအပေါ် အခြေခံ၍ နိုင်ငံရေးအဖွဲ့ခေါင်းဆောင် မွန်ပြည်သစ်ပါတီမှ ဦးနိုင်ဟံသာ၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီမှ ဦးခွန်ဥက္ကာနှင့် KIO မှ ဗိုလ်ချုပ်ဂွမ်မော်ဝို့ဟေလိုင်ဇာအစည်းအဝေးသဘောတူညီချက်များကို တင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့်ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို နိုဝင်ဘာလ ၅ ရက်တွင် မြစ်ကြီးနားမြို့ရှိ မဂ္ဂလာဒုံခန်းမ၌ ဆက်လက်ကျင်းပ သည်။ ရှေးဦးစွာပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက သဘောတူညီချက်မူကြမ်းကို တင်ပြပြီးဖြစ်သည့်အတွက် ပြင်ဆင်စရာများရှိပါကပြင်ဆင်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ တိုင်းရင်းသားအဖွဲ့

အစည်းများမှ အဖွဲ့ခေါင်းဆောင်ဦးနိုင်ဟံသာ၊ KIO အဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်တို့က ဆွေးနွေးပြောကြားကြသည်။ ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွေ့ဆုံပွဲ ပူးတွဲထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ကြေညာသည်။ အဆိုပါဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်ဘရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်မစ္စတာ ဝမ်ရင်ဖန်းတို့ တက်ရောက်ကြသည်။ အဆိုပါအစည်းအဝေးတွင် လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များကဖွဲ့စည်းသောတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) က ရေးဆွဲသည့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဘုံသဘောထားရပ်တည်ချက်များ (လိုင်ဇာသဘောတူညီချက်) ကို တင်ပြဆွေးနွေးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသို့ပေးအပ်သည်။ အလားတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကရေးဆွဲထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်စာချုပ် (မူကြမ်း) ကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့သို့ ပေးအပ်သည်။

ဆိုက်ဘာစစ်ပွဲ။ ။ ဆိုက်ဘာတိုက်ခိုက်မှုများမှာ တိတ်ဆိတ်သောတိုက်ခိုက်မှုများဖြစ်ပြီး ခုခံတွန်းလှန်ရန်နှင့် ခြေရာခံနိုင်ရန်ခဲယဉ်းသည်။ ကွန်ပျူတာကွန်ရက်ကို မှီခိုမှုများပြားသောလုပ်ငန်းများမှာ ဆိုက်ဘာတိုက်ခိုက်မှု အန္တရာယ်ကြီးမားသည်။

ဗြိတိန်နိုင်ငံသည် ပြည်သူတို့ကို ဆိုက်ဘာရာဇဝတ်မှု (e-crime) မှကာကွယ်ရန် တိုက်ခိုက်သည့်စစ်ပွဲများတွင် ရှုံးနိမ့်လျက်ရှိကြောင်း ၁၀ လကြာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ၏ ပြည်ထဲရေးရာ ကော်မတီမှထုတ်ပြန်ခဲ့သည်။ ဗြိတိန်နိုင်ငံသည် နိုင်ငံ ၂၅ နိုင်ငံခန့်မှ ဆိုက်ဘာရာဇဝတ်မှုကိုကြီးများ၏ အဓိကပစ်မှတ်ဖြစ်ရခြင်းမှာ အင်တာနက်ဝန်ဆောင်မှုအခြေခံအဆောက်အအုံတွင် ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များသို့ လျှောင်ထားရှိမှုကြောင့်ဖြစ်ကြောင်း ပြည်ထဲရေးကော်မတီဥက္ကဋ္ဌ ကိုဗ်သ်ဗက်ဇ်က ပြောကြားသည်။ အဆိုပါကော်မတီ၏ ပြောကြားချက်အရ နိုင်ငံအတွင်းရဲတပ်ဖွဲ့က တက်ကြွစွာလုပ်ဆောင်မှုမရှိခြင်းကြောင့် ဆိုက်ဘာရာဇဝတ်မှုကျူးလွန်သူတို့က သတင်းအချက်အလက်များကို နှိုက်ထုတ်ယူနိုင်ကြသည်ဟုဆိုသည်။ ထို့ပြင် ဘဏ်များမှလည်း ဆိုက်ဘာရာဇဝတ်မှုများကို သတင်းပေးတိုင်ကြားမှုမရှိဘဲတိုက်ခိုက်မှုခံရသူများအား ပြန်အမ်းငွေများထုတ်ပေးကာ ရေရှည်ဖြေရှင်းနိုင်မှုများကိုသာစောင့်စားလျက်ရှိကြသည်။ ထို့ကြောင့် ယင်းကော်မတီကခေတ်အမီဆုံးလျှို့ဝှက်လုပ်ဆောင်မှုများတုံ့ပြန်ရေးဌာနတစ်ခုတည်ထောင်ရန် တောင်းဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုရှိ လျှပ်စစ်မာတ်အားပေးစက်ရုံများမှာ ပုံမှန်ဆိုက်ဘာတိုက်ခိုက်ခံနေရပြီးပြီးခဲ့သည့်နှစ်အတွင်း ဟက်ကာများ၏ တိုက်ခိုက်မှုကြောင့် စက်ရုံနှစ်ရုံကို နှစ်ပတ်ကြာပိတ်ခဲ့ရသည်။

အီရန်နျူကလီးယားစက်ရုံများဆိုက်ဘာတိုက်ခိုက်ခံရမှု

အီရန်နျူကလီးယားအဆောက်အအုံများ၏ ကွန်ပျူတာစနစ်များကို စတပ်နက် (Stuxnet) ဗိုင်းရပ်စ်က တိုက်ခိုက်ခဲ့သည်။ အင်တာနက်လုံခြုံရေး ကုမ္ပဏီတစ်ခုဖြစ်သည့် ကက်စ်ပါစကီ (Kaspersky) မာတ်ခွဲခန်းများမှ သုတေသနပညာရှင်တို့က ၎င်းမှာ ယခင်ကထွက်ပေါ်ခဲ့သော ဖလိမ်းဗိုင်းရပ်စ် (Flame) နှင့် ဆက်စပ်မှုရှိပြီး ဖလိမ်းကလည်းနာမည်ကျော်ကြားခဲ့သည့် စတပ်နက်ဗိုင်းရပ်စ်ကိုအမှီပြုထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ စတပ်နက်ဗိုင်းရပ်စ်က အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ရေး(Centriphu)ဗဟိုခွာအားသုံးလည်ပတ်သည့်စက်များကို အောင်မြင်စွာတိုက်ခိုက်ခဲ့သည်။ ၎င်းမှာ ဗိုင်းရပ်စ်လက်နက်ကပထမဆုံးအကြိမ် အကျိုးသက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယခုအချိန်အထိမူ စတပ်နက်ဗိုင်းရပ်စ်ကို အမေရိကန်ပြည်ထောင်စုက အစွမ်းရေးနှင့်အတူထုတ်လုပ်ခဲ့သည်ဟု ယုံကြည်ကြသော်လည်း ခိုင်မာစွာသက်သေပြနိုင်ခြင်းမရှိပေ။

ယခုအခါ ငြိတိန်နိုင်ငံအပါအဝင်နိုင်ငံများစွာ၏ လက်နက်ကိုင်တပ်များတွင် သီးခြားဆိုက်ဘာစစ်ဌာနချုပ်များထားရှိကြသည်။ ဆိုက်ဘာသူလျှိုပြုလုပ်မှုကို အထိရောက်ဆုံးပြုလုပ်လျက်ရှိရာ ပုဂ္ဂလိကအသိဉာဏ် ပိုင်ဆိုင်မှုများကို ခိုးယူခံရခြင်းနှင့် အခြားဆိုက်ဘာရာဇဝတ်မှုများ၏ အကျိုးဆက်အဖြစ် ငြိတိန်နိုင်ငံ၏ ဆုံးရှုံးမှုများမှာ တစ်နှစ်လျှင် ပေါင် ၂၉ ဘီလီယံရှိမည်ဟု အစိုးရက ခန့်မှန်းခဲ့သည်။

အီရန်နိုင်ငံ ကွမ်မြို့အနီးရှိ ယူရေနီယံသန့်စင်ရေးအဆောက်အအုံတွင် ၂၀၀၅ ခုနှစ်မှ အဆက်ပြတ်နေခဲ့သည့် Stuxnet 0.5 ကွန်ပျူတာဗိုင်းရပ်စ်ကို အမေရိကန်နှင့်အစွမ်းတို့က အသုံးပြုခဲ့သည်ဟူသော အထောက်အထားကို Symantee ကွန်ပျူတာလုံခြုံရေးကုမ္ပဏီကတွေ့ရှိခဲ့သည်။

Stuxnet 0.5 ဗိုင်းရပ်စ်ယခင်ပြုလုပ်ခဲ့သော Stuxnet 1.0 ပုံစံက အီရန်၏နက်တန့်ဇ်ယူရေနီယံသန့်စင်ရေးအဆောက်အအုံ၏ ထိန်းချုပ်မှုစနစ်ကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်ဟု သုတေသီတို့ကဆိုသည်။ Stuxnet ဗိုင်းရပ်စ်၏ အောင်မြင်မှုမှာ ကော်ပိုရေးရှင်းနှင့် အစိုးရကွန်ပျူတာစနစ်များတွင်အသုံးပြုသော သာမန်ဗိုင်းရပ်စ်နှိမ်နင်းရေးစနစ်များက ၎င်းကို မတွေ့ရှိ နိုင်ခြင်းပင်ဖြစ်သည်။ ထိုဗိုင်းရပ်စ်က အီရန်နိုင်ငံ၏စီမံကိန်းများကို နှစ်အပိုင်းအခြားဖြင့် နောက်ဆုတ်သွားစေခဲ့သည်။

Stuxnet 1.0 ပုံစံကို အီရန်ကွန်ပျူတာများသို့ ကူးစက်ဝင်ရောက်စေရန်မှာ ကွန်ပျူတာတွင် ထည့်သွင်းအသုံးပြုမည့်အီလက်ထရွန်းနစ်ပစ္စည်းများတွင် ၎င်းကို ထည့်သွင်းထားပြီး အီရန်ဓာတုကလီးယားသိပ္ပံပညာရှင်များနှင့်၎င်းတို့၏အဆက်အသွယ်များအသုံးပြုသည့် အိန္ဒိယနှင့်အီရန်မှနေရာများတွင် ထားပေးခြင်းဖြစ်သည်။ ထိုပစ္စည်းများမှတစ်ဆင့် ကွန်ပျူတာစနစ်များ သို့ပျံ့နှံ့ပြီးဆက်သွယ်ထားသော Siemens ကုမ္ပဏီလုပ်ထိန်းချုပ်မှုစနစ်များသို့ရောက်ရှိခဲ့ရာမှ ယူရေနီယံသန့်စင်ရေးစက်၏ စနစ်များကိုပျက်စီးစေရန် စင်ထရီဖြူးစက်များအား အန္တရာယ်ကြီးမားသည့်အမြန်နှုန်းဖြင့် လည်ပတ်စေခြင်းဖြစ်သည်။

Stuxnet 0.5 ပုံစံ၏ ပျံ့နှံ့ပုံမှာ ထိုသို့မဟုတ်ဘဲ ယူရေနီယံသန့်စင်ရေးအတွက် အသုံးပြုမည့် Siemens ထိန်းချုပ်ရေးစနစ်တွင် ဗိုင်းရပ်စ်ကူးစက်ပြီးသော အစိတ်အပိုင်းအဖြစ် ထည့်သွင်းပေးခြင်းဖြစ်သည်။ သက်ဝင်လှုပ်ရှားလာသည်နှင့်ဗိုင်းရပ်စ်က ကွန်ရက်နှင့် ထိန်းချုပ်ရေးစနစ်များကို ကူးစက်ကာ အဆို့ရှင်များကို ပိတ်ခြင်းဖြင့် စင်ထရီဖြူးနှင့် ယူရေနီယံသန့်စင်ရေးစနစ်တို့ကို ဆိုးဝါးစွာပျက်စီးစေမည်ဖြစ်သည်။ ၎င်းကရောက်ရှိနေသည့်စနစ်များ၏ အချက်အလက်များကို မှတ်တမ်းတင်ကာ အမိန့်ပေးထိန်းချုပ်ဆောင်ရွက်သည့် ဌာနများသို့ ၎င်းမှတ်တမ်းကို အင်တာနက်မှတစ်ဆင့် ပြန်လည်ပေးပို့မည် ဖြစ်သည်။ Stuxnet 0.5 မှာ လျှို့ဝှက်ထောက်လှမ်းရေးနှင့် ဖျက်ဆီးရေးကို ပူးတွဲလုပ်ဆောင်ခြင်းဖြစ်၍ အဆို့ရှင်များကို အကျိုးသက်ရောက်မှုနှင့်အတူ ပြန်လည်သတင်းပေးပို့ခြင်းဖြစ်ကြောင်း Symantee ကုမ္ပဏီ၏ ဒါရိုက်တာ စီယန်ဂျွန်က ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားစင်ထရီဖြူးများကို ထိန်းချုပ်သည့်ကွန်ပျူတာကို ဖျက်ဆီးသည့်ဆော့ဖ်ဝဲစတပ်နက်ပိုးကို အမေရိကန်နှင့်အစွမ်းတို့က ထုတ်လုပ်၍ သူလျှိုတစ်ဦးက ဖြန့်ကြက်ချထားခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားခဲ့သည်။

အီရန်ကွန်ပျူတာများတွင် တွေ့ရှိရသည့် ဖလိမ်းဗိုင်းရပ်စ်၏မူလအခြေခံကို ခန့်မှန်းလျက်ရှိစဉ်တွင် အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ရေးအဆောက်အအုံများကိုတိုက်ခိုက်ရန် ၂၀၀၈ ခုနှစ်တွင် စတပ်နက်ဗိုင်းရပ်စ်ကို ဖြန့်ကြက်၍အမေရိကန်က လုပ်ဆောင်ခဲ့ကြောင်း နယူးယောက်တိုင်းမ် သတင်းစာကအတည်ပြုခဲ့သည်။ ၎င်းမှာ အမေရိကန်ပြည်ထောင်စုကဆိုက်ဘာလက်နက်များကို အခြားနိုင်ငံအပေါ် ပထမဆုံးအကြိမ် ကျယ်ပြန့်စွာ အသုံးပြုခြင်းဖြစ်သည်။

သမ္မတဘုရှ်အစိုးရလက်ထက်တွင် Olympic Games ဟူ၍ အမည်ဝှက်ပေးခဲ့သော အီရန်ယူရေနီယံ

သန့်စင်ရေးကို တိုက်ခိုက်ရန်အစီအစဉ်ပြုလုပ်ခဲ့မှုမှာ ၂၀၁၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့သွားခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့်အစ္စရေးတို့ ထုတ်လုပ်ခဲ့သည့် ယင်းကွန်ပျူတာပိုးကို လေ့လာလျက်ရှိသည့် ကွန်ပျူတာလုံခြုံရေး ကျွမ်းကျင်သူတို့က Stuxnet ဟု အမည်ပေးခဲ့ကြောင်း ဆန်ဂါကရေးသားခဲ့သည်။

အဆိုပါကွန်ပျူတာပိုးကို နက်တန့်ဇ်စက်ရုံအတွင်းသို့ရောက်ရှိစေရေးမှာ လွယ်ကူသည့်ကိစ္စမဟုတ်ပေ။ နက်တန့်ဇ်အဆောက်အအုံကို ပင်မအင်တာနက်အဆောက်အအုံမှဖြတ်တောက်ထားခဲ့သည့် အီလက်ထရွန်းနစ်အစီအစဉ်အရ လစ်လပ်ခဲ့သောနေရာတွင် သူလျှိုတစ်ဦးကိုထားရှိ သုံးစွဲခဲ့ဟန်ရှိသည်။ နောက်ပိုင်းတွင် ဖျက်ဆီးရေးစကားဝှက် ပို့ဆောင်ရေးအတွက် ပိုမိုခေတ်မီသောနည်းလမ်းများကို သုံးစွဲခဲ့သည်။ အီရန်နျူကလီးယားအဆောက်အအုံ၏ကွန်ပျူတာဟာဒ်ဝဲတွင် ပိုးကိုထည့်သွင်းပြီးနောက် အမေရိကန်ထောက်လှမ်းရေးအရာရှိများနှင့်အစ္စရေးဆိုက်ဘာသူလျှိုအဖွဲ့ "တပ်ဖွဲ့ ၈၂၀၀"တို့က အီရန်၏စင်ထရီဖြူးစက်များကို ကွဲပျက်သွားစေမည့်လှုပ်ခါမှုပြုလုပ်ရန် စတပ်နက်ကို အသုံးပြုခဲ့သည်။

ဆိုက်ဘာလှုံ့ဝှက်ထောက်လှမ်းရေးလုပ်ငန်း တွင် အဖျက်ဆော့ဖ်ဝဲများကို အသုံးပြုမှုမှာ အီရန်နိုင်ငံ ကိုသာလုပ်ဆောင်မှုမဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ အမေ ရိကန်၏ရန် သူများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေးအရာရှိများက ပြောကြားခဲ့ကြသည်။ အချို့အရာရှိများက မြောက်ကိုရီးယားအတွက် အဘယ့်ကြောင့်အသုံးမပြုခဲ့ကြောင်းမေးခွန်းထုတ်ကြသည်။ အချို့က တရုတ်တို့၏ စစ်ဘက်စီမံကိန်းများကို ဖျက်ဆီးရေး၊ ဆီးရီးယားတပ်ဖွဲ့များကို ဖိအားပေးရေးနှင့် ကမ္ဘာပေါ်ရှိ အယ်လ်ခိုင်ဒါများကို နှိမ်နင်းရေးအတွက် အခွင့်အရေးများအဖြစ် မြင်ကြသည်။

စတပ်နက်ကွန်ပျူတာဗိုင်းရပ်စ်ကိစ္စဖြင့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်ပြည်ထောင်စုကို ဥပဒေကြောင်းအရ အရေးယူလုပ်ဆောင်မည်ဟုဆိုသည်။

၂၀၁၀ ပြည့်နှစ်တွင် အီရန်နိုင်ငံ၏နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်ခဲ့သော ကွန်ပျူတာပိုးက စင်ထရီဖြူးစက်များစွာကို ထိန်းချုပ်မရဖြစ်စေခဲ့ပြီးနောက်ဆုံးတွင် ပြန်လည်အစားထိုးရန်လိုအပ်လာသည်။ ၎င်းပိုးက ဘူရှာနျူကလီးယားစွမ်းအင်သုံးလျှပ်စစ်စက်ရုံတွင် ပျက်စီးမှုများဖြစ်စေခဲ့ပြီး အကြိမ်များစွာ ပိတ်ခဲ့ရ၍ပြန်လည်စတင်ရာတွင်လည်း နှောင့်နှေးမှုများစွာဖြစ်ခဲ့သည်။ စတပ်နက်နှင့်အခြားအဖျက်ဆော့ဖ်ဝဲများက အီရန်ရေနံစက်မှုလုပ်ငန်းအပါအဝင် အခြားအစိုးရ၏ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြသည်။

စတပ်နက်ဗိုင်းရပ်စ်ကို ဖန်တီးရာတွင် အမေရိကန်ပြည်ထောင်စုပါဝင်ကြောင်း ဖွင့်ချဖော်ထုတ်သူ အက်ဒဝပ်စနိုးဒန်အား တွေ့ဆုံမေးမြန်း၍ ဒယ်ယာရှပီးဂဲလ် ဂျာမန်သတင်းမဂ္ဂဇင်းက မှတ်တမ်းတင်ခဲ့သည်။ ယင်းမဂ္ဂဇင်းက စနိုးဒန်ထံသို့ စာဝှက်ဖြင့်ရေးသားထားသောမေးခွန်းများကို လုံခြုံရေးဆော့ဖ်ဝဲထုတ်လုပ်သူမှတစ်ဆင့်ပေးပို့မေးမြန်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီနှင့် အစ္စရေးတို့က အဆိုပါဗိုင်းရပ်စ်ကို ပူးပေါင်းရေးသားခဲ့ကြပြီး အီရန်တွင် ဖျက်ဆီးမှုများဖြစ်စေခဲ့ကြောင်း စနိုးဒန်က ဖြေကြားခဲ့သည်။

ဤအထောက်အထားများတွင် အမေရိကန်အရာရှိများ၏ထွက်ဆိုချက်များက အရေးပါမည်ဖြစ်ပြီး ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အခြားတိုက်ခိုက်ခံရသောနိုင်ငံများကလည်း အင်အားကောင်းစွာ ပေါင်းစည်းကြမည်ဟု အီရန်နိုင်ငံက ထင်မြင်ကြောင်း အီရန်သံတမန်တစ်ဦးက ပြောကြားသည်။

သမ္မတသစ် ရိုဟာနီက ထိုကိစ္စကို အစိုးရသစ်၏အဓိကစီမံကိန်းအဖြစ် လုပ်ဆောင်မည်ဖြစ်ပြီး ဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်သည့်ပျက်စီးမှုများကို တွက်ချက်၍ အမေရိကန်အစိုးရထံမှ လျော်ကြေးတောင်းဆိုမည်ဖြစ်ကြောင်း ကြိုတင်ပြောကြားခဲ့သည်။ အီရန်ကမည်သည့်ဆိုက်ဘာတိုက်ခိုက်မှုကိုမဆို စစ်ရေးအပြုအမူအဖြစ်သဘောထားမည်ဖြစ်ပြီး တုံ့ပြန်မည်ဟုပြောကြားခဲ့သည်။

အမေရိကန်၏ ဆိုက်ဘာတိုက်ခိုက်မှု အန္တရာယ်ကို အီရန်တော်လှန်ရေးတပ်မှူးများနှင့် သိပ္ပံပညာရှင်များ၏

အစည်းအဝေးတွင်ဆွေးနွေးခဲ့ရာ အမေရိကန်ပြည်ထောင်စုက စမတ်ဂရစ် (Smart grid) နည်းပညာကို သုံးစွဲခြင်းသည် အမေရိကန်က တိုက်ခိုက်မှုများပြုရန် အကောင်းဆုံးအခွင့်အလမ်းဖြစ်ကြောင်း ၎င်းတို့က ကောက်ချက်ချခဲ့သည်။ အီရန်နိုင်ငံ၏တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ ဆိုက်ဘာစစ်ပွဲဆိုင်ရာအကြီးအကဲ ဂိုလ်မှူးကြီး ဂျာလာလီက စတပ်နက်ဗိုင်းရပ်စ်အတွက် အမေရိကန်ပြည်ထောင်စုနှင့်အစွမ်းရေးတို့ကို အပြစ်တင်ခဲ့သည်။ အီရန်၏ကလီးယား သိပ္ပံပညာရှင်များကို

တရုတ်နှင့်အမေရိကန်၏ ဆိုက်ဘာတိုက်ပွဲကို ကာတွန်းပညာရှင်တစ်ဦးက သရုပ်ဖော်ထားပုံ

လုပ်ကြံသတ်ဖြတ်မှုနှင့် စတပ်နက်ဗိုင်းရပ်စ်နှင့် ပတ်သက်၍ လျှို့ဝှက်ကြံစည်မှု နှစ်ခုလုံးအတွက် တော်လှန်ရေး အစောင့်တပ်ဖွဲ့အရာရှိများက လက်တုံ့ပြန်ရန် အကြိမ်ကြိမ်သတိပေးခဲ့ကြသည်။

ယခုအခါ အီရန်နိုင်ငံ၏ဆိုက်ဘာစစ်ဆင်ရေးတပ်ဖွဲ့က နိုင်ငံ၏ရည်မှန်းချက်ကို မြှင့်တင်ရေးအတွက် တစ်ကမ္ဘာလုံးမှ ဟက်ကာများကို တက်ကြွစွာစည်းရုံးသိမ်းသွင်းလျက်ရှိသည်။

အမေရိကန်နှင့်ဆီးရီးယားတို့၏ ဆိုက်ဘာစစ်ပွဲဆိုင်ရာ ပြဿနာ

ဆီးရီးယားတွင် စစ်ဘက်တိုက်ခိုက်မှုများပြုလုပ်မည့်အလားအလာများရှိခဲ့၍ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သောဆိုက်ဘာတိုက်ခိုက်မှုများကို ရင်ဆိုင်ရန် အမေရိကန်ပုဂ္ဂလိကကုမ္ပဏီများက ပြင်ဆင်ခဲ့ကြသည်။ ဝက်ဘ်ဆိုက်ကို ကာလအတန်ကြာ ဖြုတ်ချထားခဲ့သည့်နယူးယောက်တိုင်းမ်သတင်းစာ အပါအဝင် အမေရိကန်ပစ်မှတ်တို့ကို တိုက်ခိုက်မှုများ ပြုလုပ်ရန် ဆီးရီးယားအစိုးရတပ်ဖွဲ့က ကြွေးကြော်ပြင်ဆင်ခဲ့ကြသည်။

ဆီးရီးယားဟက်ကာတို့က ခေတ်မီရှုပ်ထွေးမှုမရှိသည့် "ဝန်ဆောင်မှုငြင်းပယ်ခြင်း"တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြရာ ဝက်ဘ်ဆိုက်တစ်ခုမှာ ကွန်ပျူတာများ၏ဦးတည်ဝင်ထွက်မှုများလွန်း၍ လက်ခံနိုင်မှုထက် ပိုလွန်ကာပိတ်ချခဲ့ရသည်။ သို့သော် နယူးယောက်တိုင်းမ်သတင်းစာကို တိုက်ခိုက်မှုမှာ ပိုမိုခေတ်မီ၍ ဆီးရီးယားအီလက်ထရွန်းနစ်တပ်ဖွဲ့က အခြားပစ်မှတ်များကိုလည်း ပိုမိုဖျက်ဆီးနိုင်ခြေရှိခဲ့သည်။

အကယ်၍ အမေရိကန်ဒုံးပျံတိုက်ခိုက်မှုအတွက် ဆိုက်ဘာနယ်ပယ်တွင် လက်တုံ့ပြန်ရန် ဆီးရီးယားခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ပါက မဟာမိတ်အီရန်ထံမှ အကူအညီ တောင်းနိုင်ဖွယ်ရှိသည်။ အီရန်ကကိုယ်ပိုင်ဆိုက်ဘာ စစ်ဆင်ရေးစွမ်းရည်များကို တိုးတက်လုပ်ဆောင်လျက် ရှိသည်။

အမေရိကန်ဆိုက်ဘာလုံခြုံရေး ကျွမ်းကျင်သူတို့က နိုင်ငံအတွင်းရှိ လျှပ်စစ်မဟာဓာတ်အားလိုင်းသို့မဟုတ် သယ်ယူပို့ဆောင်ရေးစနစ်အပါအဝင် အရေးပါသော အခြေခံအဆောက်အအုံများ တိုက်ခိုက်မည်ကို ပူပန်ခဲ့ကြသည်။

အမေရိကန်ရေတပ် ဆိုက်ဘာတပ်ဖွဲ့

ဆိုက်ဘာရာဇဝတ်မှုအတွက် တစ်ကမ္ဘာလုံးတွင် နှစ်စဉ်ဒေါ်လာဘီလီယံ ၁၀၀ မှ တစ်ထရီလီယံအထိ ကုန်ကျလျက်ရှိကြောင်း ခန့်မှန်းကြသည်။ အမေရိကန်ပြည်ထောင်စု၏ထောက်လှမ်းရေးနှင့် သတင်းလုပ်ငန်းများကို ကာကွယ်ရန် ဗာဂျီးနီးယားဘီချ်မြို့၊ ဟင့်ပ်တန်လမ်းတွင် အခြေစိုက်သော ရေတပ်ဆိုက်ဘာတပ်ဖွဲ့တွင် စစ်ဘက်နှင့်အရပ်ဘက်ဝန်ထမ်း ၁,၆၀၀ ရှိသည်။ ရေတပ်ဆိုက်ဘာတပ်ဖွဲ့များ၏ တပ်မှူးသစ်အဖြစ်

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အမေရိကန်-တရုတ် အလုပ်သဘောတွေ့ဆုံဆွေးနွေးစဉ်

ရေတပ်ဗိုလ်ချုပ်ဒီယင်း အီး၊ အိပ်ချ်၊ ဝက်ဘာက စက်တင်ဘာလ ၂၇ ရက်တွင် တာဝန်လွှဲပြောင်းယူခဲ့သည်။

စတပ်နက် (Stuxnet) ဗိုင်းရပ်စ်ဆိုသည်မှာ

အီရန်နိုင်ငံ၏ နျူကလီးယားလောင်စာ သန့်စင်ရေးစီမံကိန်းကို အခက်တွေ့စေခဲ့သည့်အဖျက်ဆော့ဖ်ဝဲ ကို နာမည်ကြီး ကွန်ပျူတာလုံခြုံရေးကုမ္ပဏီဖြစ်သည့် မော်စကိုမြို့အခြေစိုက်ကက်စ်ပါစကီ ကုမ္ပဏီက ခြေရာခံခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဇွန်လတွင် Stuxnet ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ရာ ၎င်းသည် ၅၀၀ ကီလိုဗိုက်ပမာဏရှိသော ကွန်ပျူတာပိုးဖြစ်ပြီး အီရန်နိုင်ငံရှိယူရေနီယံသန့်စင်ရေး စက်ရုံအပါအဝင်အနည်းဆုံးစက်မှုနယ်မြေ ၁၄ ခုတို့၏ ဆော့ဖ်ဝဲများသို့ကူးစက်ပျံ့နှံ့ခဲ့သည်။ အဆိုပါ ကွန်ပျူတာဗိုင်းရပ်စ်ကို ထည့်သွင်းရန် မားစာခံတစ်ဦး ကို မှီခိုရသော်လည်း ယင်းဗိုင်းရပ်စ်ကိုယ်တိုင်က ကွန်ပျူတာကွန်ရက်တစ်ခုလုံးသို့ပျံ့နှံ့နိုင်သည်။

ဤလျှို့ဝှက်ကွန်ပျူတာပိုးက အဆင့်သုံးဆင့်ဖြင့် ဖျက်ဆီးသည်။ ပထမဦးစွာ Microsoft Windows စက်များနှင့် ကွန်ရက်တို့ကို ပစ်မှတ်ထားတိုက်ခိုက်ပြီး မိမိကိုယ်ကို အကြိမ်ကြိမ်ပုံတူများ ထုတ်လုပ်သည်။ ထို့နောက် ၎င်းက Siemens ကုမ္ပဏီ၏ Step 7 ဆော့ဖ်ဝဲ ကို ရှာဖွေသည်။ ၎င်းသည်လည်း Windows စနစ်ကို အခြေပြုထားခြင်းဖြစ်၍ စင်ထရီဖြူကဲ့သို့သော စက်ကိရိယာများကိုမောင်းနှင်သည့်စနစ်များကို ထိန်းချုပ်ရေး စက်မှုပရိုဂရမ်များပြုလုပ်ရာတွင် သုံးစွဲသည်။ နောက်ဆုံး တွင် ၎င်းဗိုင်းရပ်စ်က အစီအစဉ်ရေးဆွဲနိုင်သော ထိန်းချုပ်ရေးကိရိယာများကို ပူးပေါင်းသည်။ ထိုကွန်ပျူတာပိုးကို ပြုလုပ်သူတို့က စက်မှုစနစ်များ အပေါ်တွင် သူလျှို့ပြုထောက်လှမ်းနိုင်ပြီး စက်ရုံတွင်းရှိ ကိုင်တွယ်မောင်းနှင်သူတို့မသိစေဘဲ စင်ထရီဖြူစက်များကို လျင်မြန်စွာလည်ပတ်၍ ၎င်းတို့ကိုယ်တိုင် တစ်စစီကွဲပျက်သွားစေရန် ပြုလုပ်နိုင်သည်။

ကွန်ပျူတာများမှာ အင်တာနက်နှင့် ချိတ်ဆက်မထားသည့်တိုင် စတပ်နက်ဗိုင်းရပ်စ် ကူးစက်ခဲ့သော ကွန်ပျူတာတွင် အသုံးပြုခဲ့သည့် USB ဒရိုက်စ်ကို အခြားစက်များတွင် အသုံးပြုခြင်းဖြင့် ကူးစက်နိုင်ရာ ဒေသတွင်းရှိ ကွန်ရက်များသို့ ပျံ့နှံ့သွားနိုင်သည်။ ထိုအဖျက်ပိုးက တစ်ကမ္ဘာလုံးသို့ပျံ့နှံ့သွားမည်ကို ကျွမ်းကျင်သူများက စိုးရိမ်ခဲ့ကြသည်။

စတပ်နက်ထုတ်လုပ်သူတို့ကို တရားဝင်မထုတ်ဖော်နိုင်သော်လည်း အမေရိကန်ပြည်ထောင်စု နှင့်အစ္စရေးနိုင်ငံတို့ရှိအရာရှိများမှ စာနယ်ဇင်းများသို့ သတင်းပေါက်ကြားမှုများကြောင့် ထိုနှစ်နိုင်ငံတို့က အဆိုပါပိုးကိုပြုလုပ်ခဲ့ကြောင်း ခိုင်မာစွာဖော်ပြလျက်ရှိသည်။ စတပ်နက်ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ပြီးနောက်ပိုင်းမှစ၍

အခြားကွန်ပျူတာအင်ဂျင်နီယာများက လက်နက်အဖြစ် သုံးစွဲခဲ့သော ဒူကူ (Dugu)၊ ဖလိမ်း (Flame) နှင့် ဂေါက်စ် (Gauss) ပိုင်းရပ်စ်များဖြင့် တိုက်ခိုက်ဖယ်ရှားလျက်ရှိသော်လည်း အဆိုပါတိုက်ခိုက်မှုများက လျော့ကျသွားမည့်လက္ခဏာမရှိပေ။

ထင်ရှားသည့်အဖျက်ဆော့ဖ်ဝဲများ

၁၉၇၁ ခုနှစ်တွင် Creeper ခေါ် မိမိကိုယ်ကို ပုံတူပွားနိုင်သော စမ်းသပ်ပိုင်းရပ်စ် ပေါ်ပေါက်ခဲ့ရာ ရေးသားသူမှာ Bolt Beranek and Newman ကုမ္ပဏီမှ ဘော့သောမတ်စ်ဖြစ်သည်။ ၎င်းပိုးက DEC PDP-10 ကွန်ပျူတာများကို Tenex လုပ်ငန်းစနစ်တွင် ကူးစက်ဝင်ရောက်သည်။ Creeper ပိုင်းရပ်စ်က Internet ၏ ရှေ့ပြေးဖြစ်သော Arpanet မှ တစ်ဆင့်ဝင်ရောက် သည်။ ၎င်းက အခြားတစ်နေရာရှိစနစ်တစ်ခုတွင် ဝင်ရောက်ပြီးနောက် "ကျွန်ုပ် Creeper ဖြစ်သည်။ သင်တတ်နိုင်လျှင် ကျွန်ုပ်ကိုဖမ်းပါ"ဟူ၍ ဖော်ပြတတ်သည်။ နောက်ပိုင်းတွင် Reaper ကို ဖန်တီး၍ Creeper ကိုပယ်ဖျက်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် Elk Cloner ခေါ် ပိုင်းရပ်စ်ကို Apple II စနစ်များအတွက် ရစ်ချတ်စကရင်တာက ဖန်တီးခဲ့သည်။ ၎င်းမှာ ပထမဆုံးဖြစ်ပွားကူးစက်ခဲ့သည့် အတိုင်းအတာကြီးမားသော ကွန်ပျူတာပိုင်းရပ်စ်ဖြစ်သည်။

၁၉၈၆ ခုနှစ်တွင် လူထုတွင်းမှ ထွက်ပေါ်သည့် Brain ပိုင်းရပ်စ် (Pakistani Flu) ဟူသော ပိုင်းရပ်စ် ပေါ်ပေါက်ခဲ့ပြီး ပထမဆုံး IBM PC တွင် ကူးစက်သော ပိုင်းရပ်စ်ဖြစ်၍ ဆိုးဝါးသည့်ကူးစက်မှုများကို ဖြစ်စေခဲ့သည်။ ၎င်းကို ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် ၁၉ နှစ်အရွယ်ညီအစ်ကိုနှစ်ဦးက ဖန်တီးခဲ့ခြင်းဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် Marris ပိုင်းရပ်စ်ပိုးကို ရောဘတ်တက်ပန်မောရစ္စက ဖန်တီးခဲ့သည်။ အင်တာနက်နှင့်ဆက်သွယ်ထားသော BSD Unix စနစ်ကို သုံးစွဲသည့် DEC VAX နှင့် Sun ကွန်ပျူတာများကို ကူးစက်ဝင်ရောက်ကာ ထိန်းချုပ်၍မရသည်အထိ ကျယ်ပြန့်စွာပျံ့နှံ့ခဲ့သော ပထမဆုံးပိုင်းရပ်စ် ဖြစ်သည်။

၁၉၉၂ ခုနှစ်တွင် Michelangelo ပိုင်းရပ်စ်ကို ကွန်ပျူတာလုံခြုံရေးအရာရှိ ဂျွန်မက်ကာဖီးက ဖန်တီးခဲ့သည်။ ထိုပိုင်းရပ်စ်က သန်းပေါင်းများစွာသော ကွန်ပျူတာတို့မှ သတင်းအချက်အလက်တို့ကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်း ၎င်းက ကြိုတင်ပြောကြားခဲ့သော်လည်း အမှန်ပျက်စီးမှုမှာအနည်းငယ်မျှသာ ဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော SQL Slammer ပိုင်းရပ်စ်သည် Microsoft ၏ တည်ဆောက်မှုဖြစ်သော Query Language Server နှင့် Microsoft SQl Server Data Engine တို့မှ ထိခိုက်နိုင်မှုရှိသော အချက်များကိုတိုက်ခိုက်ခဲ့ရာ ပေါ်ပေါက်ခဲ့သမျှ ပိုးများတွင် အမြန်ဆုံးပျံ့နှံ့မှုရှိပြီး ၁၅ မိနစ်အတွင်း အင်တာနက်ကို ဖျက်ဆီးနိုင်သည်။

၂၀၁၀ ပြည့်နှစ်တွင် Stuxnet ပိုးကို တွေ့ရှိခဲ့သည်။ ၎င်းသည် ကြီးကြပ်ထိန်းချုပ်ရေးနှင့် အချက်အလက်များရယူရေး SCADA စနစ်များကို တိုက်ခိုက်ခဲ့သည့် ပိုးဖြစ်သည်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် ဟန်ဂေရီမှ သုတေသနပညာရှင်များက စက်မှုလုပ်ငန်းများ၏ ထိန်းချုပ်ရေးစနစ်များနှင့် သတင်းအချက်အလက်တို့ကို တိတ်တဆိတ်ရယူရန် ပုံစံထုတ်ထားသည့် Dugu ပိုင်းရပ်စ်ကို တွေ့ရှိသည်။ Stuxnet နှင့် မတူသော်လည်း ဆက်စပ်မှုရှိသည်ဟု ယူဆရသည်။ ၎င်းပိုးမှာစက်မှုလုပ်ငန်းများတွင် ဝင်ရောက်နှောင့်ယှက်ခြင်းထက် သတင်းအချက်အလက် စုဆောင်းရေးအတွက် ပုံစံထုတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် Flame ပိုင်းရပ်စ်ကိုတွေ့ရှိခဲ့ရာ အီရန်နိုင်ငံနှင့်အခြားအရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဆိုက်ဘာလျှို့ဝှက်ဖျက်ဆီးရေးများပြုလုပ်ရာ၌ အသုံးပြုကြကြောင်းတွေ့ရသည်။ Flame သည် Stuxnet ထက် အဆ ၄၀ ခန့်ကြီးမားရာ လုံခြုံရေး ကျွမ်းကျင်သူများက ၎င်းသည်လည်း နိုင်ငံအဆင့်မှထုတ်လုပ်မှုဖြစ်သည်ဟု ထင်မြင်သည်။

Stuxnet က အရာဝတ္ထုများကို ဖျက်ဆီးရန်ဖြစ်သော်လည်း စက်တစ်ခုအတွင်းသို့ Flame က ဝင်ရောက်ပူးပေါင်းပြီးသည်နှင့် ၎င်းကထိပ်တန်းလျှို့ဝှက် PDF

ဖိုင်များ၏ စကားဝှက်များကို တိတ်ဆိတ်စွာ ရှာဖွေဝင်ရောက်ပြီး ထိုအထောက်အထားများ၏ အတိုချုပ်ကို လျှို့ဝှက်စွာပို့ပေးနိုင်သည်။

၂၀၁၂ ခုနှစ်၊ မေလတွင် ကုလသမဂ္ဂလက်အောက်ခံ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများကို စီမံခန့်ခွဲသည့်အေဂျင်စီထံ အီရန်ရေနံကုမ္ပဏီကွန်ပျူတာများမှ ဖိုင်များအား ဖျက်ဆီးခဲ့သည့် အဖျက်ဆော့ဖ်ဝဲကို လေ့လာပေးရန် ကက်စ်ပါစကီးဓာတ်ခွဲခန်းက တောင်းဆိုခဲ့သည်။

ဆိုက်ဘာအန္တရာယ်ကာကွယ်နေသည့် ပညာရှင်များ

အမေရိကန်-တရုတ်ဆိုက်ဘာစစ်ပွဲ - ဇူလိုင်လ ၈ ရက်တွင် ကျင်းပသောဆိုက်ဘာလုံခြုံရေးဆိုင်ရာ အမေရိကန်-တရုတ်ပူးတွဲအလုပ်သဘောအစုအဖွဲ့၏ တွေ့ဆုံဆွေးနွေးပွဲ၌ အွန်လိုင်းထိုးဖောက်မှုနှင့် ပတ်သက်၍ တရုတ်နှင့် အမေရိကန်အစိုးရတာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသည် ကမ္ဘာစီးပွားရေးအင်အားအကြီးဆုံးနှစ်နိုင်ငံအကြား ပြုလုပ်မည့် နှစ်ပတ်လည် အဆင့်မြင့်ဖိုရမ်၏ ရှေ့ပြေးတွေ့ဆုံမှုဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက လွန်ခဲ့သော ကာလကပင် စီးပွားရေးလုပ်ငန်းများကို တရုတ်၏ ဆိုက်ဘာသူလျှိုလုပ်မှုကို စွပ်စွဲပြောဆိုခဲ့ဖူးပြီး တရုတ်ဘက်ကမူ ငြင်းဆိုထားသည်။

အမေရိကန်ပြည်ထောင်စုက တရုတ်ကွန်ရက်များအတွင်း ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း စွပ်စွဲချက်များသည်လည်း အမေရိကန်-တရုတ်ဆွေးနွေးပွဲအပေါ် အရိပ်ထိုးနေသည်။ အမေရိကန်က ယင်းကဲ့သို့ ဆိုက်ဘာထိုးဖောက်မှုပြုလုပ်ကြောင်း အက်ဒဝပ်စနိုးဒန်က ဖွင့်ဟဖော်ထုတ်ခဲ့သည်။

အမေရိကန်ထောက်လှမ်းရေးဝန်ထမ်းဟောင်းဖြစ်သူ အဆိုပါပုဂ္ဂိုလ်က အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီသည် ကမ္ဘာတစ်လွှား၌ အွန်လိုင်းထိုးဖောက်ခိုးဝင်မှုပေါင်း ၆၁,၀၀၀ ထက်မနည်း ပြုလုပ်ခဲ့ပြီးအများစုမှာ ဟောင်ကောင်နှင့်တရုတ်ပြည်မကြီးကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း ဟောင်ကောင်သတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။

အွန်လိုင်းထိုးဖောက်တိုက်ခိုက်မှုများကို ကာကွယ်ရေးအတွက် အရှိန်မြှင့်လုပ်ဆောင်သွားရန် အမေရိကန်နှင့် တရုတ်နှစ်ဖက်စလုံးက ဧပြီလတွင် ဆိုက်ဘာလုံခြုံရေးအလုပ်သဘောအဖွဲ့ တည်ထောင်ခဲ့ကြသည်။ အဆိုပါအဖွဲ့များကို အမေရိကန်ဆိုက်ဘာအရေးကိစ္စဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူးခရစ္စတိုဖာပိန့်တာနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူဒိုင်ဘင်တို့က ဦးဆောင်သည်။

အမေရိကန်ပြည်ထောင်စုက အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းနှစ်ခုစလုံး၏ ကွန်ရက်များကို ထိုးဖောက်တိုက်ခိုက်မှုအများစု၏ မူလဇာစ်မြစ်မှာ တရုတ်နိုင်ငံမှဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အမေရိကန်လုံခြုံရေးကုမ္ပဏီတစ်ခုက ဆိုက်ဘာတိုက်ခိုက်မှုများစွာ၏နောက်ကွယ်တွင် တရုတ်၏လျှို့ဝှက်စစ်ဘက်အုပ်စုတစ်စုရှိကြောင်း စွပ်စွဲထားသည့်အစီရင်ခံစာတစ်စောင်ကို ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သည်။ တရုတ်အစိုးရကမူ ယင်းစွပ်စွဲချက်များကို အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။

၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် မြောက်ကိုရီးယား၏ ထောင်ပေါင်းများစွာသော ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ဒေါ်လာ ၈၀၅ သန်းခန့် ဆုံးရှုံးစေခဲ့သည်ဟု တောင်ကိုရီးယား ဥပဒေပြုအမတ်တစ်ဦးက အစိုးရအချက်အလက်များကို ကိုးကားပြီး ပြောကြားခဲ့သည်။

"ဓာတုပစ္စည်း သိုလှောင်တဲ့အဆောက်အအုံများအပါအဝင်နိုင်ငံ၏ အခြေခံအဆောက်အအုံ များနှင့်ပတ်သက်သော အချက်အလက်၊ ဘဏ္ဍာရေး

နှင့်ပတ်သက်သော သတင်းအချက်အလက်များခိုးယူခံခဲ့ရသည်" ဟု အာဏာရပါတီမှ လွှတ်တော်အမတ်တစ်ဦးက ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် တောင်ကိုရီးယားစစ်တပ်တစ်ခုတည်းကို ပစ်မှတ်ထားပြီးဆိုက်ဘာတိုက်ခိုက်မှု ၆၃၉၂ ခု ပြုလုပ်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဆိုက်ဘာစစ်ဆင်ရေးတပ်ဖွဲ့ကပေးပို့သည့် သတင်းအချက်အလက်များကို ကိုးကားပြီး ၎င်းကလွှတ်တော်သို့ ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုက်ဘာတပ်ဖွဲ့ကို အထူးဝန်ထမ်း ၄၀၀ ခန့်ဖြင့်ဖွဲ့စည်းထားပြီး မြောက်ကိုရီးယားသည် ဝန်ထမ်း ၃၀၀၀ ကျော်ပါဝင်သောလက်ရွေးစင်ဆိုက်ဘာတပ်ဖွဲ့ဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားသည် တောင်ကိုရီးယားစစ်တပ်အဖွဲ့အစည်းများအပြင် စီးပွားရေးဘဏ်များ၊ အစိုးရအေဂျင်စီများ၊ အသံလွှင့်ဌာနများနှင့် မီဒီယာဝက်ဘ်ဆိုက်များကို ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားကမူ မည်သည့်ဆိုက်ဘာတိုက်ခိုက်မှုမျိုးကိုမှ ပြုလုပ်ခဲ့ခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး နှစ်နှိုင်းဆက်ဆံရေးတင်းမာစေရန်အတွက် တောင်ကိုရီးယားက လုပ်ဇာတ်ခင်းခြင်းဖြစ်ရသည်ဟုစွပ်စွဲခဲ့သည်။

စင်ကာပူနိုင်ငံ၏ အင်တာနက်ကွန်ရက်များ တိုက်ခိုက်ခံရခြင်း - စင်ကာပူအစိုးရကို ဆိုက်ဘာစစ်ပွဲဆင်နွှဲမည်ဟု ယူကျူဝက်ဘ်ဆိုက်တွင် အောက်တိုဘာလ ၁ ရက်က ခြိမ်းခြောက်ခဲ့သော Anonymous အဖွဲ့မှ ဟက်ကာများကို ရှာဖွေကာ အပြစ်ပေးသွားမည်ဟု ဝန်ကြီးချုပ် လီရှန်လွန်းက နိုဝင်ဘာလ ၆ ရက်တွင် ကတိပေးသည်။ သတင်းအချက်အလက်နှင့်နည်းပညာကွန်ရက် အင်တာနက်နှင့် ဆက်သွယ်ရေးစနစ်များသည် အရေးပါသောအစိတ်အပိုင်းများဖြစ်ပြီး ယင်းတို့ကို ထိခိုက်အောင် ခြိမ်းခြောက်လာပါက တရားခွင်တင်ပြီး ပြင်းထန်စွာအပြစ်ပေးသွားမည်ဖြစ်ကြောင်း လီက ပြောကြားသည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၏ အင်တာနက်ဝက်ဘ်ဆိုက်ကို ကွန်ပျူတာအဖျက်အမှောင့်ပြုလုပ်မှုပေါင်းပေါက်ခဲ့ပြီးနောက် ၎င်းက အရှေ့တောင်အာရှဒေသနိုင်ငံများသည် ကွန်ပျူတာကွန်ရက်စနစ်ကို တိုက်ခိုက်သူများ၏ ခြိမ်းခြောက်မှုများကို ဟန့်တားနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သင့်ကြောင်း ပြောကြားသည်။

ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့မှ ဝက်ဘ်ဆိုက်များကို စင်ကာပူနိုင်ငံရှိ ဟက်ကာများက အဖျက်အမှောင့်ပြုလုပ်ခဲ့သောကြောင့် ၎င်းတို့ကို ဥပဒေနှင့်အညီတရားစွဲဆိုသွားနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်းလီရှန်လွန်းက ပြောကြားသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်

ဝိစိတ္တာလင်္ကာရ၊ ဘဒ္ဒန္တ (တိပိဋကဓရ) ။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ (၆၅) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲတွင် **"တိပိဋကဓရ"**ဘွဲ့တံဆိပ်တော်ရရှိတော်မူသော အရှင်ဝိစိတ္တာလင်္ကာရဆရာတော်ကို မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကျပ်ဖြူကျေးရွာနေ၊ ခမည်းတော်ဦးကြည်၊ မယ်တော် ဒေါ်ဆန်းရီတို့က ၁၃၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (၁-၁-၁၉၇၈) တွင် ဖွားမြင်တော်မူသည်။

၁၃၆၁ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်တွင် မန္တလေးမြို့၊ အောင်ချမ်းသာကျောင်းတိုက် သာသနာလင်္ကာရခဏ္ဍသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့နေ ဒေါ်ရင်နု သား ဦးသန်းစိုး၊ သမီး မအေးအေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ် သို့ရောက်ရှိသည်။ ဘွဲ့အမည်မှာ ရှင်ဝိစိတ္တအမည်ရရှိခဲ့သည်။ ဒါယကာ၊ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟဖြင့် ကံထပ် မင်္ဂလာ (၂၈) ကြိမ်ဖြင့် ပူဇော်ခြင်းခံရသည်။



ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ

ဆရာတော်သည် မလှိုင်မြို့နယ်၊ ပရဟိတကျောင်း ဆရာတော်၊ ကျပ်ဖြူကျောင်းဆရာတော်၊ မန္တလေးမြို့ မဟာသန္တာရုံ ကျောင်းတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ အောင်ချမ်းသာကျောင်းတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ မင်းကွန်းပထမတိပိဋကဓရဆရာတော်ကြီး၊ ဗန်းမော်ဆရာတော် ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသဆရာတော်နှင့် မင်းကွန်းမဟာနာယကတိပိဋကဓရ ဆရာတော်များထံတွင် ဝိနည်းအကျင့်သိလ၊ သိက္ခာနှင့် ပိဋကတ်သုံးပုံ အလုံးစုံကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားဆည်းပူးခဲ့သည်။

ဆရာတော်သည် မန္တလေး၊ ရန်ကုန်နှင့် မော်လမြိုင်ကျွန်းတို့တွင် ကျင်းပသော စာမေးပွဲများတွင် **"သာသနာလင်္ကာရသာမဏေကျော်"** ဘွဲ့ကို အောင်မြင်တော်မူ၍ **အရှင်ဝိစိတ္တာလင်္ကာရ** ဘွဲ့အမည်ရရှိတော်မူသည်။ ထို့ပြင် သာသနဓဇမဟာစရိယဘွဲ့နှင့် ပိဋကတ်သုံးပုံဆိုင်ရာ ဘွဲ့ ၁၃ မျိုးကျော်အလှူခံ ရရှိခဲ့သည်။ ၁၃၇၄ ခုနှစ်၊ (၆၅) ကြိမ်မြောက်တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အဘိဓမ္မာပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်းကို အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် ပိဋကတ်သုံးပုံအလုံးစုံအာဂုံပြန်ဆိုနိုင်ပြီးဖြစ်၍ သက်တော် ၃၄ နှစ်၊ သိက္ခာတော် ၁၄ ဝါအရွယ်တွင် **"အဘိဓမ္မိက"** နှင့် **"တိပိဋကဓရ"** ဘွဲ့တံဆိပ်တော်၊ အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို အလှူခံရရှိ၍ (၁၈) ပါးမြောက် **တိပိဋကဓရ** ပိဋကတ်သုံးပုံအာဂုံဆောင်အရှင်မြတ်အဖြစ် ပေါ်ထွန်းခဲ့သည်။

ဆရာတော်သည် တိပိဋကနိကာယ မဟာနာယကတာဝန်ကို ထမ်းဆောင်တော်မူလျက် "တိပိဋကကောဝိဒ"ဘွဲ့ထူးကို အောင်မြင်နိုင်ရန်ကျန်ရှိနေသော "ယမိုက်နှင့်ပဋ္ဌာန်းကျမ်းကြီး" များ သဘောရေးဖြေစာမေးပွဲအတွက် ဆက်လက်၍ လေ့လာဆည်းပူးလျက်ရှိသည်။

ထူးချွန်မသန်စွမ်းလူငယ်များ။

မမေဇင်အောင် - မမေဇင်အောင်ကို ၁၉၈၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ တူးမြောင်းမြို့သစ်၌ အဘ ဦးကြိုင်ကြိုင်၊ အမိ ဒေါ်ကျင်ကြူးတို့ကမွေးဖွားသည်။ မသန်စွမ်းအမျိုးအစားမှာ မွေးရာပါ လက်နှစ်ဖက်မပါရှိဘဲ ညာဘက်ခြေတစ်ဖက်နိမ့်ခြင်းဖြစ်သည်။ မွေးချင်း ငါးယောက်ရှိပြီး ဖခင်မှာ ရေလုပ်သား ဖြစ်၍ မိခင်မှာ မှီခိုသူဖြစ်သည်။ အသက် ငါးနှစ်တွင် မိဘများက အိမ်၌ စာရေးလေ့ကျင့်စေခဲ့ပြီး စာရေးနိုင်သည့်အခါ ကျန်မောင်နှမများနှင့် အတူကျောင်းတက်ခွင့်ပေးခဲ့သည်။ သို့သော် နောက်ပိုင်းတွင် မိဘများက စိတ်မချဖြစ်ပြီး ကျောင်းနေခွင့်မပေးတော့ပေ။ ခြောက်နှစ်အရွယ်မှစ၍ ယင်း၏ဆန္ဒအရ ကျောင်းပြန်ထားပေးခဲ့ပြီးနောက်ပိုင်းတွင် တစ်ရွာလုံး မီးလောင်ခဲ့ပြီး အားလုံးအိုးမဲ့အိမ်မဲ့ဖြစ်၍ စီးပွားရေး ပျက်စီးခဲ့သည်။ မိဘများကအလုပ်အကိုင်မရွေးလုပ်ကိုင်မစားနိုင်သော မေဇင်အောင်တစ်ယောက်တည်းကိုသာ ကျောင်းထားမည်ဆိုသည့် ဆုံးဖြတ်ချက်ဖြင့် ကျောင်းထားပေးခဲ့သည်။ အတန်းတိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယရခဲ့ပြီး ပန်းချီပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ ဇာထိုးပန်းထိုး ပြိုင်ပွဲများတွင်လည်း ဆုများရရှိခဲ့သည်။ ၉ တန်းအထိ ရွာကျောင်းတွင် တက်ခဲ့ပြီး ၁၀ တန်းတွင် မြောင်းမြ ခရိုင်အုပ်ချုပ်ရေးမှူးက မြောင်းမြမြို့ အထက (၁) တွင် ပညာသင်စေခဲ့သည်။ နေထိုင်စားသောက်ရန် ကျောင်းအကျိုးတော်ဆောင်များက စီစဉ်ပေးခဲ့သည်။

ပညာရေး ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း (ငြိမ်း) နှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးတင်ညိုတို့၏ကျေးဇူးဖြင့် ၂၀၀၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ၃၁၇ မှတ်ဖြင့်အောင်မြင်သည်။ ယင်းဆရာနှစ်ဦးက စိန်ပေါလ်ကျောင်းသားဟောင်းအသင်းနှင့်ချိတ်ဆက်၍ ပုသိမ်တက္ကသိုလ်၌ စာရင်းအင်း ပညာဘာသာရပ်ဖြင့် တက္ကသိုလ်တက်ရောက်စေခဲ့သည်။ ကျောင်းပိတ်ရက်များတွင် ကွန်ပျူတာသင်တန်းတက်ခဲ့သည်။ ကွန်ပျူတာသင်တန်းတက်ရန် ဓမ္မဒူတအရှင်ဆေကိန္ဒကထောက်ပံ့ပေးခဲ့ပြီး Computer



မမေဇင်အောင်

Level(I), Level(II), LCCI (III) တက်ရောက်နိုင်ခဲ့သည်။ နောက်ဆုံးနှစ်ပြီးခါနီးတွင် MSI သင်တန်းမှ Graphic Design သင်တန်းကို အခမဲ့တက်ရောက်ခွင့်ပေးခဲ့သည်။

ကျောင်းပြီးချိန်တွင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ လမ်းမတော်မြို့နယ်၊ အလက(၁) ကျောင်းဝင်းထဲ၌ အိမ်တစ်လုံး စီစဉ်ပေးခဲ့သောကြောင့် ရွှေမင်းသားဖောင်ဒေးရှင်းတွင် အလုပ်ဝင်နိုင်ခဲ့သည်။ အလုပ်ခွင်၌ ဦးမြတ်သူဝင်းက Web Design ပညာရပ်ကို ဆရာခေါ်ပြီး သင်ကြားပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် စာရင်းအင်း ပညာ [B.Sc (Stats)] ဘွဲ့ရရှိသည်။ ၂၀၁၂ ခုနှစ်တွင်အိမ်ထောင်ပြုပြီး လက်ရှိတွင်ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ၏ ကွန်ပျူတာကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသည်။

မအေးချမ်းအောင် - မအေးချမ်းအောင်ကို ၁၉၉၀ ပြည့်နှစ်၊ဖေဖော်ဝါရီလ ၆ ရက်တွင် အဘ ဦးမြင့်အောင်နှင့် အမိ ဒေါ်သန်းနုတို့က အောင်ပန်းမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းနှစ်ယောက်အနက်အငယ်ဖြစ်သည်။ မွေးရာပါမျက်စိသူငယ်အိမ်ကျယ်သည့်ရောဂါခံစား နေရသည့်အမြင်အာရုံချို့ယွင်းအားနည်းသူဖြစ်သည်။ သူငယ်တန်းကို အမက (၇) တွင်လည်းကောင်း၊ ပထမတန်းမှ အဋ္ဌမတန်းအထိ အလက (၃) တွင် လည်းကောင်း၊ နဝမတန်းနှင့် ဒသမတန်းကို အထက (၃) တွင် လည်းကောင်း တက်ရောက်ခဲ့သည်။ သူငယ်တန်းမှ တတိယတန်းထိ ပါဝါဝင်ဝေအားရှိသော မျက်မှန်အကူအညီဖြင့် ပညာသင်ခဲ့သည်။ တတိယတန်းနောက်ပိုင်းမှစကာ အကူစာရေး၏ အကူအညီဖြင့် စာမေးပွဲများ ဖြေဆိုခဲ့သည်။ အဋ္ဌမတန်းဖြေဆိုပြီးသည့်နွေရာသီတွင် ရန်ကုန်ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် မျက်မမြင်လက်စမ်းစာသင်ယူခဲ့သည်။ အသံသွင်းစက်များနှင့် မျက်မမြင်လက်စမ်းစာတို့ဖြင့်စာများကို ကျက်မှတ်ခဲ့သည်။ ထို့နောက်တွင် ရေတိမ်ရောဂါစွဲကပ်ခဲ့သောကြောင့် ခွဲစိတ်မှုများအကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အမြင်အာရုံပိုမိုချို့ယွင်းလာခဲ့ပြီးနောက် ၂၀၀၅ ခုနှစ် နဝမတန်းဖြေဆိုအပြီးတွင် လုံးဝမမြင်နိုင်တော့ ပေ။ သူငယ်တန်းမှ ပဉ္စမတန်းအထိ ပထမဆု၊ ဆဋ္ဌမတန်း တွင် ဒုတိယဆု၊ သတ္တမတန်းတွင် တတိယဆု၊ အဋ္ဌမတန်း တွင် ဘာသာစုံဂုဏ်ထူးနှင့် နဝမတန်းတွင် ပထမဆုတို့ ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဒသမတန်းကို အင်္ဂလိပ်၊ သမိုင်းနှင့် ဘောဂဗေဒဂုဏ်ထူးများဖြင့် အောင်ခဲ့ပြီး ရမှတ်ပေါင်း ၄၈၁ မှတ်ဖြင့် မြန်မာတစ်ပြည်လုံး ဝိဇ္ဇာဘာသာတွဲ ပထမဆုရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိမန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပညာဆက်လက်သင်ယူခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၄ ရက်တွင် အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ ရွှေမင်းသားဖောင်ဒေးရှင်းတွင် ကွန်ပျူတာသင်တန်းတက်ရောက်ခဲ့သည်။ ယခုလက်ရှိတွင် မသန်စွမ်းရေးရာများနှင့် ပတ်သက်၍ The Hadley School for the Blind Online Class များတွင် သင်ယူ

မအေးချမ်းအောင်

မိခင်နှင့်အတူ အမှတ်(၁၈၇)၊ အောင် မြတ်လမ်း၊ ရွာငံရပ်ကွက် အောင်ပန်းမြို့တွင် နေထိုင် လျက်ရှိပြီး မသန်စွမ်းအဖွဲ့အစည်းအချို့တွင် စေတနာ့ဝန်ထမ်းဘာသာပြန်သူအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။ The Best အင်္ဂလိပ်မဂ္ဂဇင်း၏ ထူးခွန်လူငယ် တစ်ဦးအဖြစ် ၂၀၀၃ ခုနှစ် ဇွန်လတွင် အရွေးခံရပြီး နောက် မဂ္ဂဇင်းအတွက် ဘာသာပြန် ရသစာပေများကို ကြိုးစားရေးသားလျက်ရှိသည်။

နော်လ်ရွှေးမြာ - မွေးရာပါသောတအာရုံချို့ယွင်းသူ နော်လ်ရွှေးမြာကို ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ် ကွမ်လုံရွာ၌မွေးဖွားသည်။ မွေးချင်းမောင်နှမ ငါးဦး အနက် တတိယမြောက်ဖြစ်ပြီး မိဘများမှာ တောင်ယာလုပ်ကိုင်ကြသည်။

၁၉၉၃ ခုနှစ်မှစ၍ ၂၀၀၁ ခုနှစ်အထိ ရန်ကုန်မြို့၊ သံတမန်လမ်း၊ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း၌ စတင်ပညာသင်ယူသည်။

ယင်းကျောင်း၌ သူငယ်တန်းမှ ပဉ္စမတန်းအထိ အစိုးရမှ ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းအတိုင်း ဘာသာရပ်များကို လက်သင်္ကေတပြ ဘာသာစကားဖြင့် သင်ယူခဲ့သည်။ နားမကြားကျောင်း၌ ကျောင်းသင်ခန်းစာများအပြင် အားကစား၊ အချုပ်အလုပ်၊ ကျန်းမာရေး (ရှုပ်စု အနှိပ်ပညာ)၊ လူမှုဆက်ဆံရေး၊ ပန်းချီ၊ အက ပညာများကို သင်ယူခဲ့သည်။ ဆဋ္ဌမတန်းမှ ဒသမတန်းအထိ မေရီချက်(ပ်)မင်းကျောင်းအိပ်၊ ကျောင်းစားအဆောင်၌နေ၍ အထက(၃) ဒဂုံကျောင်းတွင် ပညာဆက်လက်သင်ယူသည်။ အထက်တန်းရောက်သောအခါ သမိုင်းဘာသာရပ်မပါဝင်သော ဝိပ္ပကို ရွေးချယ်ခဲ့သော်လည်း စကားပြောဘာသာစကားကို လေ့လာသောဘာသာရပ်များဖြစ်သည့် အင်္ဂလိပ်စာနှင့် မြန်မာစာကိုမူ ကြိုးစားသင်ယူခဲ့ရသည်။

နားမကြားသူများနှင့် နားကြားသူများ၏ မတူညီသော ဘာသာစကား၊ မတူညီသောယဉ်ကျေးမှုများကြားမှ အခက်အခဲများကို ရင်ဆိုင်ရင်း ကြိုးစားသင်ယူခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။



နော်လ်ရွှေးမြာ

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးနောက် သမိုင်းအထူးပြုဘာသာရပ်တက်ရောက်ခွင့်ရသော်လည်း နားမကြားသူများအနေဖြင့် ဘာသာစကားကို သင်ကြားသော ဘာသာရပ်က အခက်အခဲဖြစ်စေသည်။ သမိုင်းအကြောင်းအရာကို လက်သင်္ကေတပြဘာသာစကားဖြင့် နားလည်သဘောပေါက်ပြီး ပြန်ပြောပြ ဖော်ထုတ်နိုင်သော်လည်း စကားပြောဘာသာစကားဖြင့် ပြန်လည် တင်ပြရန်ခက်ခဲသည်။ ထို့ကြောင့် သခ်ၤာဘာသာရပ်ကို ပြောင်းလဲလျှောက်ထားခဲ့သည်။ နားကြားကျောင်း၌ ဆရာများက စကားပြောဘာသာစကား SLသို့ ဘာသာပြန်သူများမရှိသောကြောင့် ဆရာမ၏နှုတ်ခမ်းလှုပ်ရှားမှုကို ကြည့်ပြီး နားကြားများနှင့် အတူတူသင်ယူရသဖြင့် ဘာသာစကား အတားအဆီးနှင့်ကြုံတွေ့ရသည်။

၂၀၁၁ ခုနှစ်တွင် သခ်ၤာအထူးပြုဖြင့် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိသည်။

အဝေးသင်တက္ကသိုလ် တက်ရောက်နေစဉ် တနလ်ာနေ့မှ သောကြာနေ့များတွင် မေရီချက်(ပ်)မင်းကျောင်း၌ ဆရာမအဖြစ် စေတနာ့ဝန်ထမ်းကူညီလုပ်ကိုင်ပေးသည်။

ယခုလက်ရှိတွင် လက်သင်္ကေတပြ ဆရာအနေဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)တွင် အလုပ်အမှုဆောင်အဖြစ်ဆောင်ရွက်လျက်ရှိသည်။ လက်သင်္ကေတဘာသာဗေဒနှင့် သင်ကြားနည်းစနစ်များကို ဂျပန်နိုင်ငံမှ သင်ယူခဲ့သည်။ လက်သင်္ကေတဘာသာစကား ဘာသာပြန်သူများ ပေါ်ပေါက်လာရန် နားကြားသူသင်တန်းသား ၂၄ ဦးကို အခြေခံလက်သင်္ကေတဘာသာစကားသင်ကြားပေးလျက်ရှိသည်။ သမ္မာကျမ်းစာထဲမှ ပုံပြင်များကိုလည်း စကားပြောဘာသာစကားမှ လက်သင်္ကေတပြဘာသာစကားသို့ ဘာသာပြန်လျက်ရှိသည်။

ဒေသတွင်းထိပ်သီးအစည်းအဝေးများ (၂၀၁၃)

။ ။ဆဋ္ဌမအကြိမ် ကမ္ဘောဒီးယား-လာအို- မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးကို မတ်လ ၁၂ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဒုန်ချမ်းပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်သည်။

CLMV ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာသွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစွတာ လီယောင်မင်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် လာအိုနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ ဒုတိယ သမ္မတ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က ဆွေးနွေးပြောကြားသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာ၌ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့်လေးနိုင်ငံတို့၏ ဒေသခွဲအတွင်း ပိုမိုဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော CLMV အဖွဲ့၏ ပုံမှန်ထိပ်သီးအစည်းအဝေးများကျင်းပခဲ့ရာ ခြောက်ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးတွင် ၂၀၁၀ ပြည့်နှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့်ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ရာ၌ အာဆီယံနိုင်ငံများအကြား ကွာဟချက်ကျဉ်းမြောင်းရေးကို ဦးတည်သောလုပ်ငန်းစီမံချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုများအတွက် သက်ဆိုင်ရာဌာနများကို ခိုင်ကျွးအသိအမှတ်ပြုကြောင်း၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံ အကြားရှေ့ပြေးအစီအစဉ်ဖြစ်သော ACMECS နိုင်ငံများအတွင်း ဗီဇာတစ်ခုတည်းစနစ်အောင်မြင်စွာ ဖော်ဆောင်နိုင်မှုကို ခိုင်ကျွးပါကြောင်း၊ CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြားကဏ္ဍများဖြစ်သော ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍတို့တွင်လည်း တိုးတက်မှုများရှိနေသည့်အတွက် များစွာအားရမိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရေးတံတားစီမံကိန်း မကြာမီအကောင်အထည်ပေါ်လာတော့မည်ဖြစ်ပါကြောင်း၊ အဆိုပါ တံတားတည်ဆောက်ပြီးစီးသွားပါက ဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ရွှေတြိဂံဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ CLMV အဖွဲ့ဝင်နိုင်ငံများအကြား

ပူးပေါင်းဆောင်ရွက်ရာတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍအလိုက် CLMV ရှေ့လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသခွဲ အတွင်း သေချာခိုင်မာသော တိုးတက်မှုများနှင့် ဖွံ့ဖြိုးမှု အကျိုးရလဒ်များထွက်ပေါ်လာမည်ဟု မိမိအပြည့် အဝယုံကြည်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ မိတ်ဖက်နိုင်ငံများ၏ အကူအညီများ၊ အထူးသဖြင့် မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်းမှ ဂျပန်နိုင်ငံ၏ အကူအညီ အမေရိကန်ဒေါ်လာ သန်း၂၀ အတွက် လည်းကောင်း၊ လုပ်ငန်းစီမံချက်များအကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အကူအညီပေးခြင်းများအတွက် လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဆဋ္ဌမအကြိမ် CLMV ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်နှင့် သတ္တမအကြိမ် CLMV ထိပ်သီးအစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် နေရာတို့ကို အတည်ပြုဆုံးဖြတ်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သတ္တမအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆဋ္ဌမအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းသည်။

ပဉ္စမအကြိမ် ဧရာဝတီ-ကျောက်ဖရား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (AC MECS) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၃ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံဝန်ကြီးချုပ် က အဖွင့်မိန့်ခွန်းပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံသည် ACMECS အဖွဲ့၏ပထမဆုံးထိပ်သီးအစည်းအဝေးဖြစ်သော ပုဂံမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ပုဂံကြေညာစာတမ်းနှင့် အခြားထိပ်သီးအစည်းအဝေးများမှ ချမှတ်ခဲ့သည့် ကြေညာစာတမ်းများပါ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်မှုများကို အားသစ်လောင်းရန် ဤနေ့ဤနေရာတွင် ဆုံကြခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များများပြားကြသည့်ကြားမှ ယခုကဲ့သို့ ဆုံတွေ့နိုင်ခြင်းဖြင့် လုပ်ငန်းစဉ်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ပိုမိုတွန်းအားပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးသည် ပြီးခဲ့သော ထိပ်သီးအစည်းအဝေးက အတည်ပြုခဲ့သည့် လုပ်ငန်းအစီအစဉ်များအပေါ် မိမိတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်သွားမည်ဖြစ်ပြီး အောင်မြင်မှုများအပေါ် မျှဝေခံစားသွားကြမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြင့်တင်ကာ ဆက်လက်ဆောင်ရွက်သွားရေး ညှိနှိုင်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ACMECS နိုင်ငံများအကြား ကဏ္ဍရှစ်ရပ်ဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီး၌ တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်သည်နှင့်အမျှ အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှုကို သာမက ဒေသတစ်ခုလုံးနှင့် ကမ္ဘာကြီးတစ်ခုလုံး တိုးတက်လာရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ACMECS ငါးနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြကြောင်း၊ ထို့ကြောင့်

ACMECS နိုင်ငံများ၏ အောင်မြင်မှုများသည် အာဆီယံပေါင်းစည်းရေး အစီအစဉ် (IAP) ၏ ရည်မှန်းချက်များနှင့်အညီ အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရေးကိုလည်း မလွဲမသွေ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်ပေးပြီး အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားပြည်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုရရှိလာအောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ် နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။



ACMECS ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မိန့်ခွန်းပြောကြားစဉ်

သွားကြရန်လိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား ကွာဟမှုလျှော့ချနိုင်ရန်အတွက် အာဆီယံနိုင်ငံများအတွင်း မိမိတို့ဖွံ့ဖြိုးမှုနောက်ကျနေဆဲနိုင်ငံများ ကလည်း နှစ်ဆတိုးလုပ်ဆောင်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံသည်လည်း ACMECS ၏ ရည်မှန်းချက်များနှင့်အညီ ACMECS ၏ လုပ်ငန်းစီမံချက်များအပြည့်အဝအောင်မြင်စေရေးအတွက် ACMECS နိုင်ငံအားလုံးနှင့်အတူတကွ တက်ညီလက်ညီပူးပေါင်းကာ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ယခုထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့်အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ ထိုချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မိမိတို့အဖွဲ့၏ ရည်မှန်းချက်များကို အောင်မြင်စွာ ဖော်ဆောင်ထို့နောက် ပဉ္စမအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ပဉ္စမအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးကို မတ်လ ၁၃ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်သည်။

ရှေးဦးစွာအစည်းအဝေးသဘာပတိ လာအို နိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာ၌ ACMECS နိုင်ငံများအကြား ကဏ္ဍရှစ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးတိုးတက်အောင်မြင်မှုများရရှိနေသည်ကို တွေ့မြင်ရပါကြောင်း၊ ပို့ဆောင်ရေးပူးပေါင်းမှုကဏ္ဍ၌ အဖွဲ့ဝင်နိုင်ငံစီးပွားရေးစကြံ့များ၊ အထူးသဖြင့် တောင်မြောက်စီးပွားရေးစကြံ့၊ အရှေ့အနောက် စီးပွားရေးစကြံ့၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးအောက်ရှိ တောင်ပိုင်းစီးပွားရေးစကြံ့စသည်တို့ကို အကောင်းဆုံးအသုံးချနိုင်ရန်အတွက် အလေးအနက်ညှိနှိုင်းရန် သဘောတူပါကြောင်း၊ ACMECS က ချမှတ်ထားသော ရည်မှန်းချက်များအောင်မြင်မှု ရရှိစေရန်အတွက်အစိုးရပိုင်းသာမက ပုဂ္ဂလိကပိုင်းကိုလည်း အားဖြည့်ပေးရန် လိုအပ်ပါကြောင်း၊ အလားတူ ပုဂ္ဂလိကပိုင်းကလည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ တတိယအကြိမ် ထိပ်သီးအစည်းအဝေးမှစတင်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ခြင်းဖြင့် နိုင်ငံစီးပွားရေးကို များစွာအထောက်အကူဖြစ်စေပါကြောင်း၊ အလားတူ ACMECS စီးပွားရေးကောင်စီအစည်းအဝေးများကို ပုံမှန်ပြုလုပ်ခြင်းဖြင့်လည်း ကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖန်တီးရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့စီမံကိန်းများတွင် နည်းပညာနှင့် ငွေကြေးလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လည်း လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ACMECS ၏ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစီမံချက်များ အပြည့်အဝအောင်မြင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်အတူတကွ တက်ညီလက်ညီ ပူးပေါင်းကာ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ လာမည့်ဆဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ပဉ္စမအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးမဟာဗျူဟာထိပ်သီး အစည်းအဝေး၏ ကြေညာချက်စာတမ်း၊ ရှေ့လုပ်ငန်းစဉ် ၂၀၁၃-၂၀၁၅ နှင့် ဆဋ္ဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကျင်းပမည့်နေရာတို့ကို အတည်ပြုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဆဋ္ဌမအကြိမ် ထိပ်သီးအစည်း အဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အထိမ်းအမှတ်မိန့်ခွန်းပြောကြားပြီး လာအိုနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

ဘိုအောဖိုရမ်အစည်းအဝေး (Boao Forum for Asia Annual Conference 2013) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အာရှဘိုအောဖိုရမ်အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၊ ဟိုင်နန်ပြည်နယ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာရှဘိုအောဖိုရမ်အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာယာဆူအိုဖူကူဒါကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်

နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံ၌ကျင်းပသည့် ဘိုအောဖိုရန်အစည်းအဝေးသို့တက်ရောက်စဉ်

စူလ်တန်ဟာဂျီဟာဆာနာဘိုလ်ကီးယား မူအစ်ဇာဒင်ဝါ ဒိုလာနှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ Mr. Nursultan Nazarbayev တို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ ဘိုအောဖိုရမ်နှစ်ပတ်လည် အစည်းအဝေး၏ အဓိကခေါင်းစဉ်အဖြစ် ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေနေသော အာရှတိုက် (Asia Seeking Development for All) ကို သတ်မှတ်ထားရှိခြင်းသည် သင့်မြတ်မှုရှိပြီး အချိန်နှင့်တစ်ပြေးညီလည်းဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာ့စီးပွားရေးအခြေအနေကို လေ့လာကြည့်ပါက အာရှထွန်းသစ်စ စီးပွားရေးနိုင်ငံများမှာ စီးပွားရေးတိုးတက်မှုကို အားရဖွယ်တွေ့ရှိရသော်လည်း ဥရောပတွင် ရင်ဆိုင်နေရသည့် ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုများကြောင့် ပြင်ပဝယ်လိုအားကျဆင်းခဲ့ပြီး အာရှနှင့် ပစိဖိတ်ဒေသများ၌ စီးပွားရေးတိုးတက်မှုနှုန်းအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိပြီး ကုန်သွယ်မှုတိုးတက်မှုနှုန်းသည် ၃ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာရှဒေသအတွင်း စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ဒေသတွင်းဝယ်လိုအားကို မြှင့်တင်ပေးခြင်း၊ ဒေသတွင်းမှသာမက အခြားပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများအားဖိတ်ခေါ်၍ အလုပ်အကိုင်ဖန်တီးမှုများနှင့်ဒေသတွင်းထုတ်လုပ်မှုတို့ကို ဖြစ်ထွန်းစေခြင်း၊ အာဆီယံဒေသတွင်းတွင်လည်း အခြေခံအဆောက်အအုံများ၌ ရင်းနှီးမြှုပ်နှံမှုများကို သင့်တင့်သည့်မူဘောင်များချမှတ်ကာ မြှင့်တင်ပေးခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ထူထောင်ရေးမှတစ်ဆင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအများစုသည် သမားရိုးကျကိစ္စများစွာကို ကိုင်တွယ်ဖြေရှင်းနေရသည့်အပြင် စိန်ခေါ်မှုအသစ်များကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ ယင်းကဲ့သို့ မသေချာ မရေရာသော အရေးကိစ္စများ ကြုံတွေ့နေရသော်လည်း ဆင်းရဲချမ်းသာမဟူ ကမ္ဘာ့နိုင်ငံအားလုံးက

သတိမပြတ်ဘဲ အကောင်းဘက်က ရှုမြင်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း စိန်ခေါ်မှုများ၊ မရေရာမသေချာမှုများနှင့် စွန့်စားရမှုအန္တရာယ်များ ပိုမိုများပြားလာသည့်အလျောက် မိမိတို့ဒေသတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတည်ငြိမ်မှုတို့အား ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှုတို့အား ခိုင်ည့ိခြင်း၊ စီးပွားရေးတိုးတက်မှုတို့အား ဆက်လက်ထိန်းသိမ်းစေခြင်းတို့ကို ဆက်စပ်ကာ ပူးပေါင်းဖြေရှင်းနိုင်ခြင်းအားဖြင့် မိမိတို့ဒေသတွင်း အောင်မြင်မှုများကို ထိန်းသိမ်းထားနိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အားလုံးတွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာရှ၏အရှေ့အနောက်ဆက်သွယ်မှုဆိုင်ရာ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုက အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး၏ အဓိကခေါင်းစဉ်ဖြစ်သည့် Asia Seeking Development for All: Restructuring, Responsibility & Cooperation အရ အားလုံးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အာရှဒေသတွင် ကြုံတွေ့နေရသည့် ငွေကြေးအကျပ်အတည်း၊ သဘာဝဘေးအန္တရာယ်၊ စားနပ်ရိက္ခာဖူလုံစိတ်ချရမှုလျော့ကျလာခြင်းနှင့် စွမ်းအင်လိုအပ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်၍ လိုအပ်သလို တာဝန်ယူကာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာတစ်ဝန်းခွ် ရှင်သန်တိုးတက်မှု၊ ခုခံနိုင်စွမ်းရည်မြှင့်တင်ရေးသည် အဓိကကျပါကြောင်း၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအသစ်များကို ကမ္ဘာတစ်ဝန်းကြုံတွေ့နေရခြင်းဖြစ်၍ ဘက်ပေါင်းစုံက ချဉ်းကပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤသို့ဖြေရှင်းရန်မလွယ်ကူသော်လည်း ကမ္ဘာတစ်ဝန်းဒေသများခွ် ဒေသတွင်းပေါင်းစည်းရေးဆောင်ရွက်မှုများသည် ကမ္ဘာ့ကိစ္စရပ်များအတွက် အဖြေရှာနိုင်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းပေါင်းစည်းမှု အစီအစဉ်အသီးသီးတွင် ပါဝင်သည့် နိုင်ငံအသီးသီး၏ ကြိုးပမ်းမှုများကို စုစည်းနိုင်မှသာ ဒေသအဖွဲ့အစည်းအောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး ၂၀၁၃ က နိုင်ငံအားလုံးနှင့်နိုင်ငံသားအားလုံးတို့၏ အခြေခံကျသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမြင်၊ မဟာဗျူဟာများနှင့် အောင်မြင်နိုင်မည့်နည်းလမ်းများကို ရှာဖွေအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု အစည်းအဝေး၏ ရလဒ်များသည် အာရှဒေသ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများစွာကို ရှာဖွေဖော်ဆောင်ပေးနိုင်မည်ဟု မိမိယုံကြည်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဖင်လန်၊ မက္ကဆီကို၊ ပီရူး၊ ဇမ်ဘီယာ၊ သြစတြေးလျ၊ ကမ္ဘောဒီးယား၊ နယူးဇီလန်၊ အယ်လ်ဂျီးရီးယားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ (၆၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတို့က မိန့်ခွန်းများအသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၆၉) ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးကို ဧပြီလ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်သည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် Mr.Jan. Eliasson နှင့် ESCAP အမှုဆောင်

အတွင်းရေးမှူး Dr.Noeleen Heyzer က အဖွင့်မိန့်ခွန်းနှင့်မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ESCAP အမှုဆောင်အတွင်းရေးမှူးက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၏ထက်မြက်သည့်အမြင်၊ ခေါင်းဆောင်မှုနှင့်စွမ်းစွမ်းတမံဆောင်ရွက်ချက်များအတွက် အသိအမှတ်ပြုဆုတံဆိပ်ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ မိမိတို့အစိုးရသည် အဓိကရည်မှန်းချက်နှစ်ရပ်ဖြစ်သော နိုင်ငံရေးတည်ငြိမ်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ပြိုင်နက်တည်း အရှိန်အဟုန်မြှင့်ဖော်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲမှ ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်အသုံးချနိုင်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် Stakeholders အားလုံးပါဝင်သောပွင့်လင်းသည့် ဆွေးနွေးမှုများကို အစပြုနေပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကလည်း အထူးအရေးကြီးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် အကူအညီပေးခဲ့သည့် ESCAP ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ၂၁ ရာစုအစောပိုင်းကာလများတွင် မိမိတို့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမွဲတေမှုကို အောင်မြင်စွာလျှော့ချတိုက်ဖျက်နိုင်မှုများသည် ကမ္ဘာတွင် အဓိက အရေးပါသည့်အဖြစ် အပျက်တစ်ခုဖြစ်ခဲ့ကြောင်း၊ တစ်ဖက်တွင် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့သော်လည်း ဆက်လက်ဆောင်ရွက်စရာများ ကျန်ရှိနေသေးသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေသည် နှစ်အနည်းငယ်ကြာဆိုးရွားသည့် အခြေအနေများနှင့်ရင်ဆိုင်နေရပြီးယခုထက်ဆိုးရွားသည့် စီးပွားရေးအကျပ်အတည်းကာလများနှင့် တွေ့ကြုံကောင်းတွေ့ကြုံရနိုင်သည့် အနေအထားများရှိနေကြောင်း၊ ထိုကဲ့သို့ စီးပွားရေး အကျပ်အတည်းများဖြစ်ခဲ့လျှင် အာရှဒေသထွက်ကုန်များအပေါ် ဝယ်လိုအားကျသွားနိုင်ပြီး မိမိတို့ အာရှပစိဖိတ်ဒေသများကိုလည်း ရိုက်ခတ်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်မှုနှေးကွေးလာသည်နှင့်အမျှ စီးပွားရေးအကျပ်အတည်း၏ဒဏ်ကို အများဆုံးခံစားကြရသည်မှာ ဆင်းရဲသည့်နိုင်ငံများနှင့် ပြည်သူလူထုပင်ဖြစ်ကြောင်း၊ စီးပွားရေးအကျပ်အတည်းမတွေ့ဘဲ မှန်မှန်တိုးတက်နေသည်ဆိုလျှင်ပင် မိမိတို့အနေဖြင့် အထိန်းအကွပ်မဲ့သည့် ဖွံ့ဖြိုးမှုသည် အန္တရာယ်များကို ဆောင်ကြဉ်းလာနိုင်သည်ဆိုသည်ကို သတိပြုကြရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ လူမှုသဟဇာတဖြစ်မှုများ၊ သာမန်ပြည်သူလူထု၏နေ့စဉ်ဘဝအပေါ် ရိုက်ခတ်မှုများကိုလည်း ထည့်သွင်းစဉ်းစားကြရန်လိုကြောင်း၊ အာရှပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သော အခြေအနေပိုများသည့်ဒေသဖြစ်သည်ဆိုသည်ကိုလည်း မိမိတို့ နားလည်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များနှင့် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားရေးဟူသောခေါင်းစဉ်သည် အထူးဆီလျော်ညီညွတ်ကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် မိမိမွေးရပ်ဇာတိအိမ်ရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လူပေါင်းတစ်သိန်းကျော်သေဆုံးခဲ့ရကြောင်း၊ မုန်တိုင်းသင့်ပြည်သူများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသည့် နိုင်ငံတကာအသိုင်းအဝိုင်းထဲတွင် ဒေါက်တာဟေဇာနှင့်အဖွဲ့သည် ရှေ့ဆုံးကပါဝင်ခဲ့ကြကြောင်း၊ မိမိတို့က ထိုသို့သောဘေးအန္တရာယ်များ နောက်တစ်ကြိမ် မြန်မာနိုင်ငံသို့ဝင်လာနိုင်သေးသည်ကိုလည်း သေချာစဉ်းစားပြင်ဆင်ထားရမည်သာဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံစီအတွက်သာမက အာရှပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက် သက်ဆိုင်ပြီး အားလုံးအတူလက်တွဲပြင်ဆင်ရင်ဆိုင်ကျော်လွှားသွားကြရမည်ဆိုသည်ကို မိမိတို့နားလည်ထားကြောင်း၊ မိမိတို့

ဒေသတွင်း အသိုင်းအဝိုင်းတွင် အတွေ့အကြုံများ ဖလှယ်သွားကြပြီး စိန်ခေါ်မှုများနှင့်ခြိမ်းခြောက်မှုများကိုလည်း အတူတကွလက်တွဲပြီး ရင်ဆိုင်သွားကြရန်ကိုလည်း မိမိအနေဖြင့် မျှော်လင့်မိကြောင်း၊ ဆက်လက်ဆွေးနွေးသွားမည့်ကိစ္စရပ်အားလုံးအကောင်းဆုံးဆောင်ရွက်ဆွေးနွေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်ကိုယ်စားဒုတိယဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိအဖြစ် အရှေ့တီမောဝန်ကြီးချုပ်အား ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိက မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြေငါးဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြပွဲကိုဖွင့်လှစ်ပေးကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ဝန်ကြီးအဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေလ ၁၉ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ International Convention & Exhibition Centre ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr.Emomalii၊ ဟန်ဂေရီသမ္မတ၏အထူးကိုယ်စားလှယ် Dr.Gabor Baranyai၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E.Dr.Plodprasop Suraswadi၊ အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E.Mr.Preecha Rengsomboonsuk က အဖွင့်မိန့်ခွန်းပြောကြားပြီး ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ တာဂျစ်ကစ္စတန်သမ္မတနှင့် ဟန်ဂေရီသမ္မတ၏ အထူးကိုယ်စားလှယ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် အခမ်းအနားကို ခေတ္တရပ်နားပြီး ရေထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပသည်။

ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးကို မေလ ၂၀ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ International Convention & Exhibition Centre ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်သည်။

အစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံဘုရင်၊ ကျော်ကျီယာနိုင်ငံသမ္မတ၊ ဖီဂျီနိုင်ငံသမ္မတ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗင်နွာတူနိုင်ငံဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဓိက အထူးပြုဆွေးနွေးခဲ့သော ကဏ္ဍာခုနစ်ရပ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲရလဒ်များ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်က အန္တရာယ်နှင့် တုံ့ပြန်မှုအနာဂတ်အတွက် ရေနှင့်စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ထိုင်းနိုင်ငံ၏ဆောင်ရွက်မှုနှင့် တာဝန်ယူမှုခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၆၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသဘာပတိ Mr.Vuk Jeremic၊ အာရှ-ပစိဖိတ် ရေဖို့ရမ်ဥက္ကဋ္ဌ Mr.Yoshiro Mori၊ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzer၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao တို့က မိန့်ခွန်းပြောကြားကြပြီး အစည်းအဝေးကို ခေတ္တ ရပ်နားသည်။

ရေထိပ်သီးအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာ၌ ယခုနှစ်ရေထိပ်သီးအစည်းအဝေး၏ခေါင်းစဉ်ဖြစ်သော 'ရေလုံခြုံစိတ်ချရမှုနှင့်ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ခေါင်းဆောင်မှုနှင့်ကတိကဝတ်ပြုမှု' မှာ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက ရေလုံခြုံစိတ်ချရမှုနှင့် ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် ခိုင်မာသော ကတိကဝတ်များကိုပြုလုပ်ကြရန် ဖော်ညွှန်းနေပါကြောင်း၊ ကမ္ဘာ့လူဦးရေလျင်မြန်စွာ တိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ယနေ့ကမ္ဘာကြီးရင်ဆိုင်နေရသည့် သယံဇာတရှားပါးမှုများအနက် ရေသယံဇာတရှားပါးမှုသည် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်ပါကြောင်း၊ ရေသယံဇာတရှားပါးမှုတစ်ခုတည်းကြောင့် ၂၀ ရာစုနှစ်အတွင်း အချို့နိုင်ငံများအကြား အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ အဆိုပါ အငြင်းပွားမှုများသည် ရေသယံဇာတပိုင်ဆိုင်မှုများနှင့် ဆက်စပ်ခဲ့ပြီး ရေသယံဇာတသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးလှပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသအတွက် ရေနှင့်ပတ်သက်သောကိစ္စတစ်ရပ်မှာ သဘာဝဘေးအန္တရာယ်များကြောင့် ရေလုံခြုံစိတ်ချရမှုမရှိသောကိစ္စရပ်ပင်ဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်များကို ပုံစံမျိုးစုံဖြင့် တွေ့ကြုံခဲ့ရသည့်အတွက် ခါးသီးသောအတွေ့အကြုံများရှိသောဒေသဖြစ်နေပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည်ပင်လျှင် ပြီးခဲ့သည့် ၁၀ စုနှစ်အတွင်း ဂီရိ၊ မာလာ ဆိုင်ကလုန်း မုန်တိုင်းများနှင့် ရေလွှမ်းမိုးမှုစသည့် သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ သဘာဝဘေးအန္တရာယ်များကို ဖြေရှင်းရာ၌ မြန်မာနိုင်ငံအစိုးရသည် သဘာဝဘေးအန္တရာယ်များကြောင့် သေကျေပျက်စီးဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းပါးအောင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်ခဲ့သည့် မဟာစင် ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းခြေဒေသကို ဝင်ရောက်ရန်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ အဆိုပါ မဟာစင်မုန်တိုင်းကို ကုလသမဂ္ဂမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အဆင့်ဆင့်သောအစိုးရအဖွဲ့အစည်းများက ယခင်အတွေ့အကြုံများအပေါ်အခြေခံ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို နည်းပါးအောင် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ရာတွင် ဆိုင်ကလုန်းမုန်တိုင်းသည် လမ်းကြောင်းပြောင်းသွားပြီး မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်မှု မရှိခဲ့သဖြင့် အပျက်အစီးအသေအပျောက်မရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်နှင့် မြစ်ငယ်ချောင်းငယ်များစွာရှိပါကြောင်း၊ နှစ်စဉ်မိုးရေချိန် လက်မ ၁၀၀ ကျော်ရွာသွန်းပြီး နှစ်စဉ်ရေချိုကုဗမီတာသန်းပေါင်း ၈၈၀ ရရှိသော နိုင်ငံဖြစ်ပါကြောင်း၊ ယင်းမှာ အာဆီယံဒေသအတွင်း၌ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယအများဆုံးရေချိုရရှိသော နိုင်ငံဖြစ်ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပူပြင်းခြောက်သွေ့သောဒေသများ၌ နေထိုင်သောပြည်သူများမှာ သောက်သုံးရေရရှိရေးအတွက် ၎င်းတို့၏ အချိန်များစွာကို အသုံးပြုနေရသောကြောင့် အခြားဝင်ငွေရစရာလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ဖြစ်နေရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသည် အဆိုပါ အပူပိုင်းဒေသများ၌ ဆက်နွယ်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့်ညှိနှိုင်းပြီး တတ်နိုင်သမျှရေချိုလုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ယင်းကဲ့သို့ ဆောင်ရွက်ခြင်း

သည် ရေတိုအတွက်သာဆောင်ရွက်ခြင်းဖြစ်ပြီး ရေရှည်ဖြေရှင်းမှုများအတွက် ဘက်ပေါင်းစုံကြိုးပမ်းမှုများဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်နေပါသေးကြောင်း၊ အထက်ပါဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံ တွင် လုံခြုံစိတ် ချရသော သောက်သုံးရေရရှိသည့် လူဦးရေအချိုးအစားမှာ မကြာမီ ၇၂ ရာခိုင်နှုန်းအထိ ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ရေအရည်အသွေးနှင့် ရေဖြန့်ဖြူးပေးရာတွင် လိုအပ်သည့် ပစ္စည်းပစ္စယများကို လိုအပ်နေပါသေးကြောင်း၊ မြန်မာနိုင်ငံသည် ရေရှားပါးခြင်းကိစ္စရပ်ကို ဖြေရှင်းရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ဒုတိယအကြိမ်မြောက်အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးမှ ရေလုံခြုံမှုကိစ္စရပ်ကို ဖြေရှင်းနိုင်ရန်၊ ဖြစ်ပေါ်လာသော အခက်အခဲများနှင့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အနာဂတ်ကာလတွင် ရေအရင်းအမြစ်များကောင်းမွန်လာရေးအတွက် အခွင့်အလမ်းများ ပိုမိုတည်ဆောက်သွားရန် စသည့် ထိရောက်သည့် လုပ်ငန်းအတိုင်းအတာများကို ရလဒ်အနေဖြင့် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (CAEXPO) နှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (CABIS) သို့ တက်ရောက်ရန် စက်တင်ဘာလ ၂ ရက် မှ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်သည်။

(၁၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (CAEXPO) နှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး (CABIS) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကာကျန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာသွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း၊ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Teo Choe Hean၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်း ရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr.Peng Qinghua၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Zhong Shan နှင့် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ Mr.Wan Ji Fei တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား ကြသည်။

ထို့နောက် တရုတ်နိုင်ငံဝန်ကြီးချုပ်၊ မြန်မာနိုင်ငံသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ စင်ကာပူနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ မိန့်ခွန်းတွင် ယခုနှစ်သည် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကျင်းပသည့် (၁၀) နှစ်ပြည့်မြောက်သည့်

နှစ်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံ-တရုတ် မဟာဗျူဟာမြောက်ဆက်ဆံရေးထူထောင်ခြင်း (၁၀) နှစ်ပြည့် အထိမ်းအမှတ်နှင့်တိုက်ဆိုင်နေသည့် အတွက် အာဆီယံ-တရုတ်ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရာ၌ အလွန်အရေးပါသည့်နှစ်ဖြစ်ကြောင်း၊ ရွေးချယ်ထားသည့်ဆောင်ပုဒ်ဖြစ်သော 'အတိတ်၏ အောင်မြင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆန်းသစ်တီထွင်ဖန်တီးရေး' သည် လက်ရှိအခြေအနေနှင့်အလွန် ကိုက်ညီမှုရှိသည်ဟု ပြောကြားလိုကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးတည်ငြိမ်မှုသည် ကမ္ဘာ့စီးပွားရေးအတွက် အလွန်အရေးပါကြောင်း၊ ဆယ်စုနှစ် နှစ်ခုအတွင်း အာဆီယံနှင့်တရုတ်ဆက်ဆံရေးသည် အောင်မြင်မှုများစွာ ရရှိခဲ့သည်ကို တွေ့မြင်ကြရကြောင်း၊ ချစ်ကြည်ရင်းနှီးပြီး အပြန်အလှန် ယုံကြည်မှုရှိသည့် အိမ်နီးချင်းကောင်းမိတ်ဖက်ဆက်ဆံရေးမှအစပြုပြီး မဟာဗျူဟာဆက်ဆံရေးအဆင့်ကို တိုးမြှင့်နိုင်ခဲ့ကြောင်း၊ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် လက်ရှိအာဆီယံ-တရုတ် ဆက်ဆံရေး အခြေအနေကို ပိုမိုခိုင်မြဲလာအောင် ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် ယခုအခါ အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ အာဆီယံသည်လည်း တရုတ်နိုင်ငံ၏ တတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်နေကြောင်း၊ တရုတ်နိုင်ငံက အာဆီယံဒေသကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် သိသိသာသာတိုးတက်လာကြောင်း၊ ၂၀၁၀ ပြည့်နှစ်၌ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေကို စတင်ထူထောင်နိုင်ခဲ့ပြီး ကမ္ဘာပေါ်၌ လူဦးရေအများဆုံးနှင့် ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုးတတိယအကြီးဆုံးရှိသည့် လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေတစ်ခုဖြစ်လာခဲ့ကြောင်း၊ အာဆီယံပေါင်းစည်းရေးနှင့် အာဆီယံအသိုက်အဝန်းတည်ဆောက်မှု၌ တရုတ်နိုင်ငံ၏ အားပေးထောက်ခံမှုကို ကြိုဆိုကြောင်း၊ ၂၀၁၅ ခုနှစ်၌ အကောင်အထည်ပေါ်လာမည့် အာဆီယံအသိုက်အဝန်းသည် အာဆီယံနှင့် တရုတ်ပြည်သူများကို ပိုမိုရင်းနှီးစေမည်ဖြစ်ကြောင်း၊ အာဆီယံ-တရုတ် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် ဒေသတွင်းတည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများအကြား ပိုမိုရင်းနှီးမှုရှိစေရေးအတွက် ပါလီမန်အမတ်များ၊ ပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် အခြားသက်ဆိုင်သူများအကြား ပူးပေါင်းဖလှယ်မှုတိုးမြှင့်သွားရန်လိုအပ်သည်ကိုလည်းပြောကြားလိုကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ တန်ဖိုးရင်းနှီးမြှုပ်နှံထားကြောင်း၊ ၂၀၁၂ ခုနှစ်၌ မြန်မာ-တရုတ်နှစ်နိုင်ငံစုစုပေါင်းကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံရှိသော်လည်း အာဆီယံ-တရုတ်ကုန်သွယ်ရေးမြှင့်တင်ရန် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာ-တရုတ်နှစ်နိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မြန်မာနှင့်တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားအောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ အာဆီယံ-တရုတ်ကုန်စည်ပြပွဲသည် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပြည်သူ့ကျန်းမာရေး ကဏ္ဍများအစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပေးနေကြောင်း၊ တရုတ်နိုင်ငံသည် မိမိတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အညီ အစဉ်အလာအရ တည်ရှိသည့်ခင်မင်ရင်းနှီးမှုကိုလည်း မိမိတို့တန်ဖိုးထားကြောင်း၊ လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို စတင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပေါ်ထွက်လာမည့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးအတွက် ၂၀၁၄ ခုနှစ်သည် ကြုံတင်ပြင်ဆင်သည့် နောက်ဆုံးနှစ်ဖြစ်သောကြောင့် အလွန်အရေးကြီးသောနှစ်တစ်နှစ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူခြင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်တရုတ်နိုင်ငံအကြား ရှိ မဟာဗျူဟာဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပါရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

(၅) ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီး အစည်းအဝေးကို ဒီဇင်ဘာလ ၁၄ ရက်တွင် ဂျပန်နိုင်ငံ နိုင်ငံတော်ဧည့်ဂေဟာ Hagoromo-no-ma ခန်းမ၌ ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာသွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာငုယင်တန်ဒွန်း၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E. Niwattumrong Boonsongpaisan တို့တက်ရောက်သည်။

အစည်းအဝေးတွင် ရှေးဦးစွာဂျပန်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့်ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်တို့က မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတက ယခုထိပ်သီးအစည်းအဝေး၌ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည်တွေ့ဆုံပြီး မဲခေါင်ဒေသဖွံ့ဖြိုးရေးအတွက် အမြင်ချင်းဖလှယ်ခွင့်ရသည့်အတွက်ဝမ်းမြောက်ကြောင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက်ရုံဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီဟုပြော၍မရကြောင်း၊ ပြည်နယ်မြို့များနှင့် နယ်စပ်တစ်လျှောက်ရှိ ကျေးရွာများ တိုးတက်ရန်လိုကြောင်း၊ အဆိုပါကွာဟချက်ကို ဖယ်ရှားပေးနိုင်ရန်အတွက် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးရန်လိုကြောင်း၊ ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်းဖြင့် မဲခေါင်နိုင်ငံများနှင့်အခြားအာဆီယံနိုင်ငံများအကြား ကွာခြားမှုကျဉ်းမြောင်းလာမည်ဖြစ်ကြောင်း၊ မဲခေါင်ဒေသနိုင်ငံများသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်များစျေးကွက်ရရှိရေးနှင့် လယ်ယာထွက်ကုန်များ ဖြန့်ဖြူးနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဂျပန်နိုင်ငံ၏ အားပေးပံ့ပိုးမှုဆက်လက်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ မဲခေါင်ဒေသတွင်း အရှေ့-အနောက် စီးပွားရေးစင်္ကြံနှင့်တောင်ပိုင်းစီးပွားရေးစင်္ကြံများကို အကောင်အထည်ဖော်နိုင်ခြင်းအား ဖြင့် ဒေသ၏စီးပွားရေး၊ လူမှုရေးနှင့်ပြည်သူများ အကြားအပြန်အလှန်ကူးလူးဆက်ဆံမှုများ ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ကြောင်း၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံ၏အတွေ့အကြုံ၊ နည်းပညာနှင့်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများသည် မဲခေါင်ဒေသနိုင်ငံများအတွက် အလွန်အရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ခုနစ်ကြိမ်မြောက် မဲခေါင်-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တည်းကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နီဘယ်လ်ဆု(၂၀၁၃)။ ။ နီဘယ်လ်ဆုဟူသည် ဆွီဒင်လူမျိုး ဓာတုဗေဒပညာရှင် အယ်ဖရက်ဒ်နီဘယ်လ်ကို အစွဲပြု၍ ခေါ်သောဆုဖြစ်သည်။ နီဘယ်လ်ဆုများ

ကို ၁၉၀၁ ခုနှစ်ကစ၍ စတော့ဟုမ်းနှင့် အော်စလိုမြို့ရှိ ကော်မတီများက ကြီးမှူးရွေးချယ်ပေးအပ်ခဲ့သည်။ သို့သော် ၁၉၄၀၊ ၁၉၄၁ ခုနှစ်နှင့် ၁၉၄၂ ခုနှစ်နှစ်များတွင် နိဘယ်လ်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိခဲ့ပေ။ ရူပဗေဒဆိုင်ရာ အရေးကြီးသော ရှာဖွေတီထွင်မှုအတွက် ဆုတစ်ခု၊ ဓာတုဗေဒဆိုင်ရာ အရေးကြီးသော ရှာဖွေတီထွင်မှုအတွက် ဆုတစ်ခု၊ ဇီဝကမ္မဗေဒသို့မဟုတ် ဆေးပညာဆိုင်ရာ အရေးကြီးသော ရှာဖွေတီထွင်မှုအတွက် ဆုတစ်ခု၊ စာပေအတွက် ဆုတစ်ခုနှင့် ငြိမ်းချမ်းရေးအတွက် ဆုတစ်ခု စသည်ဖြင့် ဆုအမျိုးအစားငါးမျိုးကို ပေးအပ်ခဲ့သည်။ ၁၉၆၉ ခုနှစ်

ဓာတုလက်နက်များ တားမြစ်ပိတ်ပင်ရေး အဖွဲ့အစည်း (OPCW) ၏ အမှတ်တံဆိပ်

တွင် စီးပွားရေးသိပ္ပံပညာဆိုင်ရာ နိဘယ်လ်ဆုကို တိုးမြှင့်ပေးအပ်ခဲ့ရာ ဆုအမျိုးအစား ခြောက်မျိုးဖြစ်လာခဲ့သည်။ ထိုသို့ ပေးအပ်ရာတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ စီးပွားရေးနှင့် စာပေဆိုင်ရာဆုများကို ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ချီးမြှင့်ပြီး ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆုကို လာရိုလင်စကာ ပညာမြှင့်တင်ရေးအဖွဲ့ကလည်းကောင်း၊ ငြိမ်းချမ်းရေးဆုကို နော်ဝေနိဘယ်လ်ဆုကော်မတီကလည်းကောင်း ပေးအပ်ချီးမြှင့်လေ့ရှိသည်။ ဆုရရှိသူများသည် ဆုတံဆိပ်တစ်ခု၊ ဆုလက်မှတ်တစ်ခုနှင့် ချီးမြှင့်ငွေများကို ရရှိမည်ဖြစ်သည်။

အဆိုပါဆုများကို နှစ်စဉ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာ၍ အယ်ဖရက်ဒ် နိဘယ်လ်ကွယ်လွန်ခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်တိုင်းတွင် စတော့ဟုမ်းမြို့၌ နှစ်စဉ်ပေးအပ်လေ့ရှိသည်။ ၂၀၁၃ ခုနှစ်အတွက် ဆုအသီးသီးကို ဆွတ်ခူးရရှိသူများနှင့် ဆုများချီးမြှင့်ပေးအပ်ရသည့်အကြောင်း ရှင်းလင်းချက်အကျဉ်းချုပ်ကို အောက်တွင်ဖော်ပြပါသည်-

ငြိမ်းချမ်းရေးနိဘယ်လ်ဆု

၂၀၁၃ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိဘယ်လ်ဆုကို အဆိုပြုခံရသည့်လူပုဂ္ဂိုလ်မှာ ၂၀၅ ဦးဖြစ်ပြီး အဖွဲ့အစည်းမှာ ၅၀ ဖြစ်သည်။ အဆိုပြုခံရသူလူပုဂ္ဂိုလ်များအနက် အမျိုးသမီးများ ပညာသင်ခွင့်နှင့် အခွင့်အရေးအပြည့်အဝရရှိရေး၊ လူငယ်များ အခွင့်အရေးရရှိရေးနှင့် အစွန်းရောက်ဝါဒများကို ဆန့်ကျင်သည့် ပါကစ္စတန်ကျောင်းသူ မာလာလာယူဆွတ်ဖ်ဇိုင်နှင့် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်တို့က 'တစ်' ပြိုးခဲ့သည်။ သို့သော် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နယ်သာလန်နိုင်ငံသည် ဟိဂ်မြို့အခြေစိုက် ဓာတုလက်နက်များတားမြစ်ပိတ်ပင်ရေးအဖွဲ့အစည်း Organization for the Prohibition of Chemical Weapons (OPCW) က ရရှိခဲ့သည်။ ယင်းအဖွဲ့ကြီးသည် ဓာတုလက်နက်များ ဖယ်ရှားရှင်းလင်းနိုင်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ဓာတုဗေဒလက်နက်များသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သော လူသားအားလုံးကို အန္တရာယ်ပေးနိုင်သည့်တရားခံများဖြစ်သည့်အတွက် နိဘယ်လ်ဆုရွေးချယ်ရေးကော်မတီက ဓာတုဗေဒလက်နက်များ ဖယ်ရှားရှင်းလင်းနိုင်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည့် ယင်းအဖွဲ့ကို ဆုပေးအပ်ခဲ့ခြင်းဖြစ်သည်။

စာပေဆိုင်ရာ နိဘယ်လ်ဆု

စာပေဆိုင်ရာနိဘယ်လ်ဆုကို အသက် ၈၂ နှစ်အရွယ် ကနေဒါစာရေးဆရာမ အဲလစ်မွန်ရိုက ဆွတ်ခူးရရှိသည်။ ၎င်းကို ခေတ်ပြိုင်ဝတ္ထုတို ကျွမ်းကျင်သူ

စာပေဆိုင်ရာ နိုဘယ်လ်ဆုရှင်

အဲလစ်မွန်ရို

အဖြစ် ဆွီဒင်နိုင်ငံ၏ဆုပေးရေးအကယ်ဒမီက ဂုဏ်ပြုခဲ့သည်။ မွန်ရိုသည် သာမန်လူတန်းစားပြည်သူတို့၏ဘဝကို သနားစဖွယ်ပုံဖော်တင်ဆက်ခဲ့သောကြောင့် ကမ္ဘာကျော် ရုရှားစာရေးဆရာ ချက်ကော့ဗ်နှင့်ခိုင်းနှိုင်း၍ ကနေဒါနိုင်ငံ၏ ချက်ကော့ဗ်အဖြစ် တင်စားခေါ်ဆိုကြသည်။ မွန်ရိုသည် ၁၉၆၀ ပြည့်နှစ်များတွင် လူတန်းစားခွဲခြားမှုတော်လှန်ရေး ကာလမတိုင်မီနှင့် ထိုကာလအလွန်တွင် မိန်းကလေးများနှင့် အမျိုးသမီးများ၏ လူမှုဘဝကို မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်များကို ရေးသားခဲ့သည်။ အဆိုပါဝတ္ထုတိုပေါင်းချုပ်တွင် "The Moons of Jupiter,The Progress of Love" နှင့် "Runaway" စသည့်ဇာတ်လမ်းများ ပါဝင်သည်။

ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆု

ဓာတုဗေဒဆိုင်ရာနိုဘယ်လ်ဆုကို ဆေးအသစ်များ ဖန်တီးခြင်းကဲ့သို့ လုပ်ငန်းများအတွက် အသုံးပြုနိုင် သည့် ရှုပ်ထွေးသောဓာတုဗေဒတုံ့ပြန်မှုကို ကွန်ပျူတာ ဖြင့် ကြိုတင်ခန့်မှန်းနိုင်သည့် ကွန်ပျူတာနမူနာ ပုံစံငယ် များ တိုးတက်ပေါ်ထွန်းလာရေး ကြိုးပမ်းခဲ့ကြသော အမေရိကန်နိုင်ငံတွင် အခြေစိုက်နေထိုင်သူ သိပ္ပံပညာရှင်သုံးဦးကို ပေးအပ်ခဲ့သည်။ ၎င်းတို့သည် ရူပဗေဒနှင့် စွမ်းအင်သည် ခွဲထုတ်၍မရသော ယူနစ် တစ်ခုချင်းအဖြစ်သာ တည်ရှိသောအရာဖြစ်သည် ဟူသော အယူအဆရှိသည့် ရူပဗေဒအပေါ်တွင်

ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုရှင်များ



အားရစ်ရှ်ဝါရှယ်



မိုက်ကယ်လ်လပ်ဘ်ဗစ်



မာတင်ကားပလပ်စ်

အခြေခံသည့် သီအိုရီပိုင်း ရူပဗေဒတို့ပေါင်းစပ်ခြင်းကို သုတေသန ပြုခဲ့ကြသည်။ ဆုရရှိသူများမှာ ပြင်သစ်နိုင်ငံ Strasbourg တက္ကသိုလ်မှ မာတင်ကားပလပ်စ်၊ စတန်းဖို့ဒ်တက္ကသိုလ် ဆေးပညာကျောင်းမှ မိုက်ကယ်လ်လပ်ဘ်ဗစ်နှင့် လော့စ်အိန်ဂျလိမြို့ရှိ တောင်ကယ်လီဖိုးနီးယား တက္ကသိုလ်မှ အားရစ်ရှ်ဝါရှယ်တို့ဖြစ်သည်။

ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆု

ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုရှင်များ



ဖရန်ဆွာအင်လတ်



ပီတာဟစ်

ရူပဗေဒဆိုင်ရာနိုဘယ်လ်ဆုကို အဏုမြူထက်သေးငယ်သည့်ဒြပ်မှုန်များသည် ဒြပ်ထုမည်ကဲ့သို့ ဖြစ်ပေါ်ကြောင်းလေ့လာသည့် သီအိုရီအတွက် ချီးမြှင့်ခံရခြင်းဖြစ်သည်။ တွေ့ရခဲသည့် Higgs ဒြပ်မှုန်

ရှာဖွေတွေ့ရှိမှုကို ကျိန်ဗာမြို့ရှိ ဥရောပနျူကလီးယား သုတေသနအဖွဲ့ CERN မှာတ်ခွဲခန်း၌ ၂၀၁၂ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့သောကြောင့် အသက် ၈၄ နှစ်အရွယ် ပြိတိန်နိုင်ငံသား ပီတာဟစ်နှင့် အသက် ၈၀ အရွယ် ဘယ်လ်ဂျီယံနိုင်ငံသား ဖရန်ဆွာအင်လတ်တို့နှစ်ဦးက ရရှိသည်။ ၎င်းတို့နှစ်ဦးသည် ၁၉၄၆ ခုနှစ် ကတည်းက အဆိုပါသီအိုရီကို သီးခြားစီ တင်ပြခဲ့ကြသည်။

ဇီဝကမ္မ (သို့မဟုတ်) ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆု

ဆဲလ်တစ်ခုအတွင်း အဓိကအရာဝတ္ထုများ မည်ကဲ့သို့ရွှေ့လျားနေကြသည်ကို နားလည်သဘော ဆုကို အမေရိကန်ဆေးပညာရှင်များဖြစ်သည့် ရေးလ်ကောလိပ်မှ ကျိမ်းမ်ရော့သ်မန်၊ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ရန်ဒီရှိတ်ခ်မန်နှင့် စတန်းဖို့ဒ် ဆေးပညာတက္ကသိုလ်မှ ဂျာမန်ဆေးပညာရှင် ဒေါက်တာသောမတ်စ်ဆူဒေါ့ဖ်တို့ သုံးဦးက ပူးတွဲဆွတ်ခူးရရှိသည်။

စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆု

စျေးကွက်စီးပွားရေးတွင် စျေးနှုန်းများ မည်ကဲ့သို့ ရွှေ့လျားပြောင်းလဲပုံကို ပိုမိုလေးနက်သည့် အတွေး အခေါ်များနှင့် စဉ်းစားဖန်တီးခဲ့သည့်လုပ်ငန်းများ အတွက် ယူဂျင်းဖာမား၊ လားစ်ပီတာဟန်ဆန်နှင့်

ဇီဝကမ္မ (သို့မဟုတ်) ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင်များ

ကျိမ်းမ်ရော့သ်မန်

ရန်ဒီရှိတ်ခ်မန်



ဒေါက်တာသောမတ်စ်ဆူဒေါ့ဖ်

ပေါက်နိုင်ရန် လေ့လာမှုများပြုလုပ်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်၏ ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် ဆဲလ်တစ်ခုအတွင်းရှိ ပါဝင်ပစ္စည်းများကို ပို့ဆောင်ပေးသည့် သေးငယ်သောလေပူဖောင်းလေးများဖြစ်သည့် အရည်ကြည်အိတ်လေးများမှတစ်ဆင့် မှန်ကန်သည့် အချိန်တွင် မှန်ကန်သည့်နေရာသို့ရောက်ရှိအောင် ပို့ဆောင်ပေးသည့်ဖြစ်စဉ်ဖြစ်သည်။ ယင်းပို့ဆောင်ပေးသည့်စနစ်တွင် ချို့ယွင်းမှုများရှိခြင်းက အာရုံကြောဆိုင်ရာရောဂါများ၊ ဆီးချို၊ သို့မဟုတ် ခံနိုင်ရည်စနစ်နှင့် အပြုအမူဆိုင်ရာမူမမှန်မှုများ ဖြစ်ပွားစေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ဆေးပညာဆိုင်ရာနိုဘယ်လ် ရောဘတ်ဂျေရှီလာတို့သုံးဦးက စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆုကို ပူးတွဲရရှိသည်။

စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆုရှင်

ရောဘတ်ဂျေရှီလာ

စီးပွားရေးဆိုင်ရာ နိဘယ်လ်ဆုရှင်များ

လားစ်ပီတာဟန်ဆန်

ယူဂျင်းဖာမား

နိဘယ်လ်ဆုသည် ငြိမ်းချမ်းရေး၊ စာပေ၊ စီးပွားရေး၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဆေးပညာဆိုင်ရာ ကဏ္ဍများတွင် အမှန်တကယ်ကြိုးပမ်းဆောင်ရွက်ကြသည့် ကမ္ဘာတစ်ဝန်းမှ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ချီးမြှင့်သည့်ဆုဖြစ်သည်။ အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များ၊ ပညာရှင်များက ရွေးချယ်အကဲဖြတ်၍ ပေးအပ်ချီးမြှင့်သည့်ဆုဖြစ်သည့်အတွက် နိဘယ်လ်ဆုကို ကမ္ဘာတစ်ဝန်းလုံးက မျှော်လင့်တန်ဖိုးထားရယူလိုကြသည်။ သို့သော် ထိုကဲ့သို့အထင်ကရဆုကို လက်ခံရန် ငြင်းပယ်ကြသူများလည်း ရှိခဲ့ဖူးသည်။ ဂျာမနီနိုင်ငံကို ဟစ်တလာအုပ်စိုးသည့်ခေတ်တွင် ဂျာမနီနိုင်ငံမှ နိဘယ်လ်ဆုရရှိသည့် နိုင်ငံသားသုံးဦးကို ဆုလက်ခံရန် ငြင်းဆိုစေခဲ့ဖူးသည်။ အလားတူပင် မိမိတို့၏ ဆန္ဒအလျောက် ငြင်းဆိုကြသည့် ဆုရရှိသူများလည်းရှိသည်။

ကမ္ဘောဒီးယားအထွေထွေရွေးကောက်ပွဲ။ ။ မသမာမှုများပေါ်ပေါက်ခဲ့သည်ဟု စွပ်စွဲခံထားရသော ဇူလိုင်လ ၂၈ ရက်တွင် ကျင်းပသည့်အောက်လွှတ်တော်အမတ် ၁၂၃ နေရာအတွက် ကမ္ဘောဒီးယားအထွေထွေရွေးကောက်ပွဲတွင် အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) က အမတ်နေရာ ၆၈ နေရာရရှိပြီး အတိုက်အခံ ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီ(CNRP) က အမတ် ၅၅ နေရာရရှိသည်။ ရွေးကောက်ပွဲမသမာမှုများရှိသည်ဟုဆိုကာ ဖနွမ်းပင်မြို့တော် ဒီမိုကရေစီပန်းခြံ၌ လူထောင်ပေါင်းများစွာ ဆန္ဒပြပွဲကျင်းပပြီးနောက် ရွေးကောက်ပွဲကော်မရှင်ကထိုသို့ တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အကြိုထွက်ပေါ်ခဲ့သောစစ်တမ်းများအရ CPP ပါတီမှ ထောက်ခံမဲ ၃ ဒသမ ၂ သန်းရရှိခဲ့ပြီး CNRP ပါတီမှ ၂ ဒသမ ၉ သန်းရရှိသည်။ ယင်းရွေးကောက်ပွဲတွင် နိုင်ငံတော်ပိုင်းကမ်ပေါင်စီပူးပြည်နယ်မှ အမတ်လောင်းတစ်ဦးအဖြစ် ဝန်ကြီးချုပ်ဟွန်ဆန်၏သားဖြစ် သူဟွန်မနီက ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဟွန်ဆန်၏သားသမီးများအနက် နိုင်ငံရေးဆိုင်ရာ ရာထူးဌာနန္တရကို ရယူရန်ကြိုးစားသော ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဟွန်မနီသည်အသက် ၃၀ အရွယ်ရှိပြီး အမေရိကန်ပြည်ထောင်စုဝက်စ်ပွိုင့်စစ်တက္ကသိုလ်၌ ပညာသင်ယူခဲ့သည်။ ရွေးကောက်ပွဲတွင် အာဏာရ ကမ္ဘောဒီးယားပြည်သူပါတီရုံးနိမ့်ခဲ့မည်ဆိုပါက ပြည်တွင်းစစ်ဖြစ်လာနိုင်သည်ဟု ဟွန်မနီက မဲဆွယ်တရားဟောရာတွင် ထုတ်ဖော်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပရန် နီးကပ်လာချိန်တွင် နိုင်ငံခြားရေဒီယို အသံလွှင့်အစီအစဉ်များကို အစိုးရက ပိတ်ပင်လိုက်ပြီး နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများနှင့်စပ်လျဉ်းသော သတင်းထုတ်ပြန်ချက်များသည် ကြားနေမှုရှိရန် လိုအပ်ကြောင်း ဇူလိုင်လ ၂ ရက်တွင် ကမ္ဘောဒီးယား ပြန်ကြားရေးဌာနက ထုတ်ပြန်သည်။

ကမ္ဘောဒီးယားနိုင်ငံရေးကိုသုံးသပ်ပါက စည်းမျဉ်းခံဘုရင်စနစ်ဘောင်အတွင်း လှုပ်ရှားနေခြင်းဖြစ်သည်။ အစိုးရအဖွဲ့ခေါင်းဆောင်မှာ ဝန်ကြီးချုပ်ဖြစ်သည်။ ဘုရင်မှာနိုင်ငံတော်အကြီးအကဲ ဖြစ်သည်။ ပြည်သူ့ကိုယ်စားပြုပါလီမန်ဒီမိုကရေစီ ကျင့်စဉ်အတိုင်း ဥပဒေပြုရေးအာဏာကို လွှတ်တော်နှစ်ရပ်က ဖော်ဆောင်နေသည်။

ယခုရွေးကောက်ပွဲတွင် ဆင်းရဲမွဲတေမှု၊ ဆွေမျိုးများအား ဘက်လိုက်မှု၊ အကျင့်ပျက်မှု၊ မြေယာမတရားသိမ်းဆည်းမှုတို့ကို အစိုးရက ထိရောက်စွာ မကိုင်တွယ်နိုင်ခြင်းကြောင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကို

စိတ်ဝင်စားမှုလျော့နည်းလာပြီး ပါလီမန်တွင် ရွေးချယ်ခံရမှုအရေအတွက် သိသာစွာကျဆင်းခဲ့သည်။ စည်းရုံးရေးကာလတစ်လတာအတွင်း လူငယ်များက တက်ကြွစွာပါဝင်၍ သဘောဆန္ဒများကို ရဲဝံ့စွာဖော်ပြခဲ့ကြသည်။

ရွေးကောက်ပွဲတရားမဲ့မှုများနှင့်စပ်လျဉ်း၍ အတိုက်အခံခေါင်းဆောင်ဆမ်ရိန်ဆီက မဲစာရင်းတွင် သေဆုံးသူများ၏အမည်စာရင်းများပါဝင်ခြင်း၊ တစ်ကြိမ်ထက်ပို၍မဲပေးခြင်း၊ အာဏာရပါတီကိုယ်စားလှယ်

ကမ္ဘောဒီးယားရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအဖွဲ့ဝင်များနှင့်ပြည်သူများအကြား ပဋိပက္ခဖြစ်ပွားစဉ်

လောင်းများက ခြိမ်းခြောက်ခြင်းနှင့်ရဲအဖွဲ့နှင့် စစ်တပ်များက အာဏာရပါတီ၏ဩဇာကို မလွန်ဆန်နိုင်ခြင်းတို့ကို အယ်လ်ဂျာဇီးယားရုပ်မြင်သံကြားနှင့် တွေ့ဆုံရာတွင် ထောက်ပြခဲ့သည်။ ယင်းသည် ပြင်သစ်နိုင်ငံတွင် လေးနှစ်ကြာခိုလှုံနေရာမှ ဘုရင့်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လာခဲ့သော်လည်း ဥပဒေနှင့်မညီညွတ်ဟုဆိုကာ ရွေးကောက်ပွဲဝင်ခွင့်မရချေ။ ၎င်း၏ပါတီမှာအမျိုးသားကယ်တင်ရေးပါတီ [National Rescue Party (NRP)] ဖြစ်သည်။

ရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ်ဟွန်ဆန်၏ကြွေးကြော်ချက်မှာ 'ဤအတိုင်း ဆက်လက် တည်ငြိမ်ဖွံ့ဖြိုးလိုလျှင် စီပီပီကိုမဲပေး၊ မတည်မငြိမ်နှင့် ပြည်တွင်းစစ်ဖြစ်လိုလျှင် အခြားပါတီကိုမဲပေး' ဟူသည့်သဘောဖြစ်သည်။ လူဦးရေ ၁၅ သန်းခန့်ရှိသော ကမ္ဘောဒီးယားနိုင်ငံ၌ သုံးပုံတစ်ပုံခန့် (၎င်းသန်းခန့်) မှာ စီပီပီပါတီဝင်များဖြစ်ကြသည်။ နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာအားလုံးကို စီပီပီက ထိန်းချုပ်ထားသည်။ မဲပေးခွင့်ရှိသူ တစ်သန်းခန့်မှာ မဲစာရင်းတွင် မပါဝင် (သို့မဟုတ်) ပယ်ဖျက်ခံရသည်။ ထို့ပြင် ဖနွမ်းပင်မြို့တော်တွင်းမှာပင် မဲဆန္ဒရှင် နှစ်သိန်းခွဲခန့်၏အမည်မှာ နှစ်ကျော့ပြန်ပါဝင်နေသည်။ နှစ်ခါပြန်မဲမထည့်နိုင်စေရန် မဲပေးသူများ၏ လက်ချောင်းများတွင်သုတ်လိမ်းပေးသည့်မင်မှာလည်း မပျက်လွယ်သော အမျိုးအစားမဟုတ်ဘဲ အလွယ်တကူ ဖျက်၍ရသည့် အမျိုးအစားဖြစ်သည်။ လူတစ်သန်းကျော်၏ အမည်မှာလည်း အမှန်တကယ်မရှိဟူသော မသမာမှုများ ဖြစ်ပေါ်ခဲ့သည်ဟု အတိုက်အခံ ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီက စွပ်စွဲခဲ့သည်။

အတိုက်အခံပါတီကို ထောက်ခံသူများက စက်တင်ဘာ ၁၅ ရက်တွင် ဖနွမ်းပင်၌ ဆန္ဒပြရာ ရဲတပ်ဖွဲ့နှင့်ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူတစ်ဦးသေဆုံးသည်။ စက်တင်ဘာလ ၁၆ ရက်တွင် ဆက်လက်ဆန္ဒပြခဲ့သည်။ အတိုက်အခံခေါင်းဆောင် ဆမ်ရိန်ဆီသည် ဝန်ကြီးချုပ်ဟွန်ဆန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ရွေးကောက်ပွဲမဲမသမာမှုများကို စုံစမ်းစစ်ဆေးမှုအတွက် အကောင်အထည် မဖော်နိုင်ခဲ့ပေ။ ယင်းကိစ္စကို ကမ္ဘောဒီးယားအစိုးရက လက်မခံခြင်းကြောင့် ဆန္ဒပြမှုများဖြစ်ပေါ်ရခြင်းဖြစ်သည်။ ကမ္ဘောဒီးယားဘုရင် နိုရိုဒန်သီဟမိုနိက ဝန်ကြီးချုပ်ဟွန်ဆန်နှင့် ဆမ်ရိန်ဆီတို့ကို ဆုံးမစကားပြောကြားခဲ့သော်လည်း သိသာထင်ရှားမှုမရှိခဲ့ပေ။

ကမ္ဘောဒီးယားရွေးကောက်ပွဲယှဉ်ပြိုင်မှုများ၊ ပြည်တွင်းရေးရာများတွင် နိုင်ငံခြားသံတမန်များ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၃ ရက် အမျိုးသားညီလာခံ ပဉ္စမအကြိမ်ဥပဒေပြုရေးဆိုင်ရာ ဖွင့်ပွဲအခမ်းအနားတွင် တရားဝင်ထုတ်ပြန်သည်။

ယင်းအခမ်းအနားသို့ အာဏာရပြည်သူ့ပါတီကိုယ်စားလှယ် ၆၈ ဦး တက်ရောက်သော်လည်း အတိုက်အခံ အမျိုးသားကယ်တင်ရေးပါတီမှ ဥပဒေ

ပြုအမတ် ၅၅ ဦး စလုံးတက်ရောက်ခြင်းမပြုဘဲ ရွေးကောက်ပွဲရလဒ်ကို အတိုက်အခံများက ကန့်ကွက်ဆန္ဒပြကြသည်။

ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး နိုင်ငံခြားတိုင်းပြည်များ၏ အတည်ပြုချက်မလိုကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှာ နိုင်ငံခြားတိုင်းပြည်များအား မှီခိုနေရသော ဆင်းရဲသည့်နိုင်ငံမဟုတ်ကြောင်း၊ နိုင်ငံခြားသံတမန်များ၏မောက်မာသော အပြုအမူများကို လုံးဝလက်မခံကြောင်းနှင့် အခြားတိုင်းပြည်များ၏

ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင် ဆမ်ရိန်ဆီ လူထုနှင့်တွေ့ဆုံစဉ်

ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန် ဖော်ပြထားသည့် ၁၉၆၁ ဗီယင်နာသဘောတူညီချက်ကို နိုင်ငံခြားသံတမန်များ လေးစားလိုက်နာကြရန် နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းပြောကြားသည်။

ကမ္ဘောဒီးယားရွေးကောက်ပွဲ မသမာမှုများကို ဖော်ထုတ်ရန်နှင့်ရွေးကောက်ပွဲကျင်းပသည့်နည်းလမ်းများ ပြန်လည်ပြင်ဆင်ရန် အမေရိကန်ပြည်ထောင်စုသာမက ဥရောပသမဂ္ဂအဖွဲ့ကလည်း တိုက်တွန်းထားသော်လည်း ကမ္ဘောဒီးယားဥပဒေနှင့်အညီ ရွေးကောက်ပွဲကောင်မရှင်အဖွဲ့နှင့် အခြေခံဥပဒေကောင်စီတို့က ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

အတိုက်အခံတို့က ပါလီမန်ကိုသပိတ်မှောက်ခဲ့သော်လည်း မဲအများဆုံးရရှိခဲ့သောလက်ရှိဝန်ကြီးချုပ် ဟွန်ဆန်ကို ဝန်ကြီးချုပ်အဖြစ် ကမ္ဘောဒီးယားပါလီမန်က စက်တင်ဘာလ ၂၄ ရက်တွင် အတည်ပြုပေးကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အတိုက်အခံကိုထောက်ခံသော အင်အားငါးထောင်ခန့်ရှိသည့် ဆန္ဒပြသူများက အငြင်းပွားဖွယ်ရွေးကောက်ပွဲရလဒ်ဖြင့် ဇူလိုင်လက အနိုင်ရရှိသွားသော ဟွန်ဆန်အစိုးရကို မြို့တော်ဖနွမ်းပင် ပန်းခြံတွင်ဆန့်ကျင် ဆန္ဒပြခဲ့ပြီး ရွေးကောက်ပွဲအသစ်ပြန်လည်ပြုလုပ်ပေးရန် ဒီဇင်ဘာလ ၁၅ ရက်တွင် တောင်းဆိုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲကို အကြောင်းပြုသော နိုင်ငံမတည်ငြိမ်မှုသည် အကင်းမသေဘဲ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ အတိုက်အခံကမ္ဘောဒီးယားအမျိုးသား ကယ်တင်ရေးပါတီ (CNRP) ပါတီသည် နေ့စဉ်ဆန္ဒပြလာခဲ့ရာ ဒီဇင်ဘာလ ၂၀ ရက်တွင် ခြောက်ရက်တိုင်ခဲ့ပြီဖြစ်ပြီး ဝန်ကြီးချုပ်ဟွန်ဆန်၏ အစိုးရကို ဦးတည်လာခဲ့သည်။ အကယ်၍ ဆန္ဒပြမှုများ မကြီးထွားလာစေလိုပါက ရွေးကောက်ပွဲပြန်လည်ကျင်းပခြင်း (သို့မဟုတ်) ရာထူးမှဆင်းပေးခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း (CNRP) ပါတီဒုတိယဥက္ကဋ္ဌ ကင်ဆိုခါက လွတ်လပ်ရေးပန်းခြံတွင် ထောက်ခံသူငါးထောင်ခန့်ကို မိန့်ခွန်းပြောကြားသည်။ (CNRP) ပါတီဥက္ကဋ္ဌ ဆမ်ရိန်ဆီက ရွေးကောက်ပွဲပြန်လည်ကျင်းပရေး တောင်းဆိုရန် ခိုင်မာစွာသန္နိဋ္ဌာန်ချထားကြောင်းပြောကြားသည်။

ဝန်ကြီးချုပ်ဟွန်ဆန်က ရာထူးမှဆင်းပေးခြင်း (သို့မဟုတ်) ရွေးကောက်ပွဲပြန်လည်ကျင်းပခြင်းကို ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ဒီဇင်ဘာလ ၂၀ ရက်ကပြောကြားသည်။ မိမိသည် အခြေခံဥပဒေအရ ဝန်ကြီးချုပ်ရာထူးရရှိခဲ့ကြောင်း၊ ရာထူးမှဆင်းပေးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုသာ ဖြစ်နိုင်ကြောင်းသတင်းထောက်များကို ၎င်းကပြောကြားသည်။ ကမ္ဘောဒီးယားတွင် ဝန်ကြီးချုပ်သည်လည်းကောင်း၊ ဘုရင်သည်လည်းကောင်း၊ ပါလီမန်သည်လည်းကောင်း မိမိဘာသာ ပါလီမန်ကို ဖျက်သိမ်းခွင့်မရှိကြောင်း ဟွန်ဆန်က ပြောကြားသည်။

ဂျပန်နိုင်ငံ။ ။ **နိုင်ငံရေး-** ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲကို ဇူလိုင်လ ၂၁ ရက်က ပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) နှင့် မဟာမိတ်နယူး နိုဖက်အီတိုပါတီတို့က အနိုင်ရကြောင်း မဲပေးအပြီးကောက်ယူသည့် စစ်တမ်းများအရသိရသည်။ ယင်းကဲ့သို့ အနိုင်ရသွားသောကြောင့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် ရှင်ဇိုအာဘေး၏အစိုးရကလွှမ်းမိုးထားနိုင်မည် ဖြစ်သည်။

ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် သြဇာပိုမိုကြီးသည့် အောက်လွှတ်တော်၌ အနိုင်ရပြီးခြိန်မှစ၍ ရှင်ဇိုအာဘေးသည် နိုင်ငံ၏ ဘဏ္ဍာရေးအသုံးစရိတ်များ တိုးမြှင့်ပြဋ္ဌာန်းခဲ့ပြီး စျေးကွက်အတွင်း အတိုးနည်းချေးငွေများထုတ်ပေးရန် ဗဟိုဘဏ်ကို ဖိအားပေးခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်နှစ်ခုကို "အာဘေးစီးပွားရေး" ဟု ခေါ်ဝေါ်ခဲ့သည်။ ပြည်သူများသည် အာဘေးစီးပွားရေးမူဝါဒကို တစ်ခဲနက်ထောက်ခံခဲ့ကြသည်ဟု ယုံကြည်ကြောင်း ဇူလိုင်လ ၂၁ ရက် ညပိုင်းရုပ်သံအင်တာဗျူးတစ်ခုတွင် အာဘေးက ပြောကြားသည်။

ရှင်ဇိုအာဘေးဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် စီးပွားရေးအဖွဲ့အစည်းများအတွက် အခွန်လျှော့ချရေး၊ အထူးစီးပွားရေးဇုန်များ ထူထောင်ရေး၊ လုပ်ငန်းခွင်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်နိုင်မှုကို မြှင့်တင်ပေးရေး အစီအစဉ်များနှင့် ပစိဖိတ်ဒေသကို လွှမ်းခြုံနိုင်သည့် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်အဖွဲ့တွင် ဂျပန်နိုင်ငံက ပါဝင်နိုင်ရေးတို့ဖြစ်သည်။

အတိုက်အခံဂျပန်ဒီမိုကရက်တစ်ပါတီနှင့် ပါတီငယ်များက ဂျပန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ထုတ်လုပ်ခြင်းကို အဆုံးသတ်ရန် မူဝါဒကိုသာ စွဲကိုင်ထားလျက်ရှိသည်။

နိုင်ငံတကာဆက်ဆံရေး - ဖိလစ်ပိုင်နှင့်ဂျပန် နိုင်ငံခြားရေးဝန်ကြီးများသည် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် သဘောတူညီလိုက်ကြောင်း ဇန်နဝါရီလ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။ ဖိလစ်ပိုင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် သင်တန်းများပို့ချပေးမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းလုံခြုံရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန် ဆက်သွယ်ရေးကိရိယာများကိုလည်း ထောက်ပံ့ပေးမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဇန်နဝါရီလ ၁၇ ရက်တွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး ၎င်း၏ ခရီးစဉ်အတွင်း ဒေသတွင်း တရုတ်နိုင်ငံ၏ သြဇာလွှမ်းမိုးမှုကို ဆန့်ကျင်ရန်အတွက် အကျိုးတူစီးပွားရေးကိစ္စများဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။



တရုတ်နှင့် အငြင်းပွားလျက်ရှိသော ကျွန်းစုပေါ်သို့ ဂျပန်ပြည်သူတို့ တက်ရောက်ကာ နိုင်ငံအလံလွှင့်ထူစဉ်

မဟာဗျူဟာအချက်အချာနေရာတွင်ရှိပြီး သဘာဝသယံဇာတ အလျှံပယ်ရှိသည်ဟုယူဆရသော တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုများ ပိုင်ဆိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ပိုင်ဆိုင်မှုတောင်းဆိုခြင်းများမြင့်မားလာခြိန်တွင် ယင်းကျွန်းများပိုင်ဆိုင်မှုတွင် ပတ်သက်သည့် ဗီယက်နမ်အပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ သွားရောက်သည့် အာဘေး၏ခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ခြင်းဖြင့် ဒေသတွင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အမင်းအရေးပါကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ယူရှိတီဒီဆူဂါက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား နယ်မြေပိုင်ဆိုင်ရေးဆိုင်ရာ အငြင်းပွားမှုအခြေအနေပိုမိုဆိုးရွားလာစဉ်တွင် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ၎င်း၏သီးသန့်စီးပွားရေးဇုန်အတွင်း ဝင်ရောက်ငါးဖမ်းဆီးသည်ဟု သံသယရှိသော တရုတ်ငါးဖမ်းသင်္ဘော၏ ရေယာဉ်မှူးကို ဖေဖော်ဝါရီလ ၂ ရက်က ဖမ်းဆီးခဲ့သည်။



တရုတ်နှင့်ဂျပန်ကျွန်းစုပိုင်ဆိုင်မှု အငြင်းပွားနေစဉ် အမေရိကန်က ပါဝင်ပတ်သက်ပုံကို ကာတွန်းဆရာက သရုပ်ဖော်ထားပုံ

ဂျပန်အာဏာပိုင်များ၏ ခွင့်ပြုချက်မရရှိဘဲ သီးသန့်စီးပွားရေး ရေပိုင်နက်အတွင်း ငါးဖမ်းဆီးသည်ဟု သံသယရှိသည့်အတွက် သင်္ဘောရေယာဉ်မှူးကို ဖမ်းဆီးခဲ့ကြောင်း၊ သင်္ဘောသားများအား လုံးသည် တရုတ်နိုင်ငံသားများဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ကပြောသည်။ အဆိုပါနေ့တွင်ပင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အရှေ့တရုတ်ပင်လယ်အတွင်း အငြင်းပွားလျက်ရှိသည့် ကျွန်းများအနီး အိုကီနာဝါတောင်ပိုင်းဒေသသို့ ခရီးလှည့်လျက်ရှိရာ တွင် ရန်စမှုအန္တရာယ်မှ ဂျပန်နိုင်ငံကို ကာကွယ်သွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဖေဖော်ဝါရီလ ၂၂ ရက်က အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိခဲ့ရာ၌ အမေရိကန်သမ္မတ ဘားရက်အိုဘားမား နှင့် ဝါရှင်တန်တွင် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံ ရာတွင် အမေရိကန်သမ္မတက မြောက်ကိုရီးယားအရေး ကိစ္စ၌ ဂျပန်နှင့် တစ်သဘောတည်းရပ်တည်သွားမည် ဖြစ်ပြီး ဂျပန်နှင့် တရုတ်တို့အကြားတင်းမာမှုကို ပြေလည် အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။ ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အာရှဒေသဆိုင်ရာ ဗဟိုအုတ်မြစ် တစ်နိုင်ငံဖြစ်ကြောင်း လည်း အိုဘားမားကပြောကြားခဲ့သည်။ မြောက်ကိုရီးယား အပေါ် အကူအညီများမပေးရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အသစ်တစ်ရပ်ချမှတ်ရန် ကိစ္စတို့တွင် အိုဘားမား၏ ရပ်တည်ချက်နှင့်တူညီကြောင်း အာဘေးက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မေလ ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။ ခရီးစဉ်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ သည်။ ၎င်းသည် နှစ်ပေါင်း ၃၆ နှစ်အတွင်းတွင် ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် သီလဝါဆိပ်ကမ်းသို့သွားရောက်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလ ၁၄ ရက်တွင် အာဆီယံ-ဂျပန် ဆက်ဆံရေးနှစ်ပေါင်း ၄၀ ပြည့်အခမ်းအနားကို တိုကျိုမြို့နိုင်ငံတော်ဧည့်ရိပ်သာတွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက တရုတ်နှင့်ဖြစ်ပွားသော ဒေသတွင်းနယ်နိမိတ်အရေး အခင်းတွင် အာဆီယံနှင့်ပူးပေါင်းလုပ်ဆောင်လိုသည်ဟု ပြောကြားခဲ့ပြီး အာဆီယံနိုင်ငံများအတွက် အမေရိကန် ဒေါ်လာ ဘီလီယံ ၂၀ ဖိုး ကူညီထောက်ပံ့ပေးသွားမည်ဟု ကတိကဝတ်ပြုခဲ့သည်။

ဖိလစ်ပိုင်၊ ဗီယက်နမ်စသော အရှေ့တောင်အာရှနိုင်ငံများသည်လည်း တရုတ်နိုင်ငံနှင့်နယ်နိမိတ်အရေးအငြင်းပွားလျက်ရှိနေပြီး ထိုဖြစ်ရပ်များအတွက် ဂျပန်နှင့်အာဆီယံလက်တွဲထားရမည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောဆိုသည်။

ဒီဇင်ဘာလ ၁၅ ရက်တွင် နှစ် ၄၀ ပြည့် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးနှင့် မြန်မာ-ဂျပန် ထိပ်သီး အစည်းအဝေးကို ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှု

ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့က လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစာချုပ်တွင် ဂျပန်ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုခိုင်မာသော ကာကွယ်မှုများနှင့်ဥပဒေစောင့်ရှောက်မှုရရှိရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှု ပိုမိုရှိစေရေးတို့ကို ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ်အာဘေးက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုတို့တွင် ပုဂ္ဂလိကကဏ္ဍနှင့်အများပြည်သူကဏ္ဍတို့မှ အကူအညီပေးသွားမည်ဖြစ်ပြီး အခြေခံအဆောက်အအုံကဏ္ဍနှင့်အဓိကဖွံ့ဖြိုးရေးအစီအစဉ်များအတွက် ချေးငွေများထပ်မံပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မျက်မှောက်ရေးရာ - အဏုမြူဗုံး စမ်းသပ်ဖောက်ခွဲမှုတတိယအကြိမ် ပြုလုပ်မည်ဟု ကြေညာထားသော မြောက်ကိုရီးယားကို အနီးကပ်စောင့်ကြည့်ရန် အပါအဝင် ထောက်လှမ်းရေးစွမ်းရည်တိုးမြှင့်နိုင်ရန် အတွက် ဂျပန်က ဂြိုဟ်တုနှစ်လုံးကို ဇန်နဝါရီလ ၂၇ ရက်တွင် လွှတ်တင်ခဲ့သည်။

ယင်းဂြိုဟ်တုနှစ်လုံးအနက် တစ်လုံးတွင် ရေဒါစနစ်တပ်ဆင်ထားသဖြင့် ကမ္ဘာပေါ်ရှိ မည်သည့်နေရာကိုမဆို တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ်ခန့် စောင့်ကြည့်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။ အခြားဂြိုဟ်တုတွင်မူ သုတေသနနှင့် အခြားကိစ္စများအတွက် အချက်အလက်များကို အဓိကစုဆောင်းသွားမည်ဖြစ်ကြောင်းသိရသည်။ မြောက်ကိုရီးယားအပေါ် သဘောထားတင်းမာသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယခုလွှတ်တင်မှု အောင်မြင်မှုကိုချီးကျူးခဲ့သည်။

ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံ၏ မြေအောက်ရေတွင် အဆိပ်သင့်ဓာတ်များကို ပြန်လည်တွေ့ရှိကြောင်း စက်ရုံကို လည်ပတ်လျက်ရှိသည့် တိုကျိုလျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းက ဇူလိုင်လ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။ နာရီများကို အမှောင်ထဲတွင်ကြည့်နိုင်ရန် ပြုလုပ်ရာတွင် အသုံးပြုသည့် ဟိုက်ဒရိုဂျင် ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ် တစ်မျိုးဖြစ်သည့် ထရစ်တီယန်ဓာတ်သည် ရှိသင့်သည့် ပမာဏထက် ၁၀ ဆခန့်မြင့်တက်နေသည်ကို ဖူကူရှီးမားစက်ရုံမြေအောက်ရေအား စမ်းသပ်မှုများတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ။ ။ **မျက်မှောက်ရေးရာ**- အမေရိကန်နှင့် ပြိတိန်နိုင်ငံတို့က သူပုန်တို့ကို စစ်ဘက်မဟုတ်သော အကူအညီများပေးရန် မတ်လတွင် ကတိပြုခဲ့ကြသည်။ သူပုန်အမျိုးသားညှိနှိုင်းအဖွဲ့က ကြားဖြတ်ဝန်ကြီးချုပ်အဖြစ် အမေရိကန်တွင် ပညာဆည်းကြားခဲ့သည့် ဂါစန်ဟီတို့ကိုရွေးချယ်ခဲ့သည်။

မေလတွင် အစ္စရေးနှင့်ဆီးရီးယားစစ်တပ်တို့ ဂိုလန်ကုန်းမြင့်ဒေသတွင် အပြန်အလှန်ပစ်ခတ်ကြသည်။ ဥရောပသမဂ္ဂခေါင်းဆောင်များက ဆီးရီးယားအပေါ်လက်နက်ပိတ်ဆို့မှုကို အသစ်ပြန်လည် မပြုလုပ်ရန်သဘောတူကြရာ ဥရောပသမဂ္ဂနိုင်ငံများမှ သူပုန်တို့ကို လွတ်လပ်စွာလက်နက်ထောက်ပံ့မှုအဖြစ် မြင်ကြသည်။

မေနှင့်ဇွန်လများတွင် အစိုးရနှင့် မဟာမိတ်ဟစ်ဇ်ဘိုလာတပ်ဖွဲ့များက ဟွမ်းစ်နှင့် လက်ဘန္နန်နယ်စပ်မှ မဟာဗျူဟာမြောက်အရေးပါသော ကူဆိုင်ယာမြို့ကို ပြန်လည်သိမ်းယူခဲ့ကြသည်။ ဆန့်ကျင်သူများ၏ ကြားဖြတ်ဝန်ကြီးချုပ်ဂါစန်ဟီတို့က သူပုန်တို့ ထိန်းချုပ်ထားသော နယ်မြေတွင် အစိုးရဖွဲ့ရန် ၎င်းအနေဖြင့် မတတ်နိုင်ကြောင်းပြောကြား၍ နုတ်ထွက်ခဲ့သည်။

အစိုးရ၏ နှစ်လကြာသော ထိုးစစ်များနောက်တွင် သူပုန်တို့က အလက်ပိုပြည်နယ် အနောက်ပိုင်းမှ အစိုးရထိန်းချုပ်ထားသည့် ခန်အယ်လ်-အက်ဆယ်မြို့ကို သိမ်းယူခဲ့သည်။

ဆန့်ကျင်တိုက်ခိုက်သူများကို နိုင်ငံခြားမှ လက်နက်များထောက်ပံ့ပေးမှုများကြောင့် နိုင်ငံတွင်းပဋိပက္ခကို ပိုမိုလှုံ့ဆော်ပေးသလိုဖြစ်ခဲ့သည်ဟု ရုရှားသမ္မတပူတင်က ပြစ်တင်ပြောဆိုလျက်ဆန့်ကျင်သူများဘက်မှ ရပ်တည်ခြင်းကို သတိပေးခဲ့သည်။

ရုရှားသည် ဆီးရီးယားအစိုးရကို ကာကွယ်နေခြင်းမဟုတ်ကြောင်းနှင့်ညှိနှိုင်းမှုကို ၎င်းကလိုလား

ကြောင်း၊ ဆီးရီးယားအစိုးရကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အတည်ပြုချက်မပါရှိဘဲ စစ်ရေးဖြင့် အရေးယူမှုမှာ ကုလသမဂ္ဂ၏ပဋိညာဉ်အရ လက်ခံနိုင်ဖွယ်မရှိသော ကျူးကျော်ခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်နှစ်နှစ်ကျော်အတွင်း နိုင်ငံအတွင်းရှိ စာသင်ကျောင်း ၃၉၀၀ ခန့်ပျက်စီးကာ ကလေး ၂ ဒသမ ၅ သန်း၏ ပညာရေးထိခိုက်ခဲ့ကြောင်း Save The Children အဖွဲ့က ဇူလိုင်လ ၁၂ ရက်တွင် ထုတ်ပြန်သည်။

၂၀၁၁ ခုနှစ်၊ မတ်လမှ စတင်ဖြစ်ပွားခဲ့သော ဆီးရီးယားပြည်တွင်းစစ်ဒဏ်ကြောင့် အိမ်နီးချင်းလျော်ဒန်နှင့် တူရကီနိုင်ငံများက ဆီးရီးယားဒုက္ခသည်များကိုလက်ခံခဲ့ရသည်။

ဆီးရီးယားသူပုန်တို့သည် ဩဂုတ်လ ၄ ရက်တွင် ဆီးရီးယားကမ်းရိုးတန်းပြည်နယ်လာတာကီယာရှိ အယ်လာဝိုက်ကျေးရွာများမှ အရပ်သား ၆၇ ဦးကျော်ကိုသတ်ခဲ့ပြီး ၂၀၀ ခန့်ကို ပြန်ပေးဆွဲခဲ့ကြောင်း၊ ယင်းသည် စစ်ရာဇဝတ်မှုဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အောက်တိုဘာလ ၁၁ ရက်တွင် ပြော

ကမ္ဘာ့အင်အားကြီးနိုင်ငံခေါင်းဆောင်များ လုံခြုံရေးကောင်စီတွင်
ဆီးရီးယားဓာတုလက်နက်ကိစ္စမဲခွဲဆုံးဖြတ်စဉ်

တရုတ်နှင့်ရုရှားပါလီမန်နှစ်ရပ်က ဆီးရီးယားအရေးကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံပူးတွဲဖြေရှင်းနိုင်မည့်ကြေညာချက်တစ်စောင်ကို စက်တင်ဘာလ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ယင်းကြေညာချက်တွင် ဆီးရီးယားနိုင်ငံတွင် သွေးထွက်သံယိုဖြစ်မှုများ ချုပ်ငြိမ်းပြီး ပြည်ပမှစစ်ရေးနည်းလမ်းဖြင့် ဝင်ရောက်ဖြေရှင်းမှုကို လုံးဝလက်မခံဟု ဖော်ပြထားသည်။

ဆီးရီးယားတွင် တိုက်ခိုက်မှုများကြောင့် စက်တင်ဘာလအထိ ပြည်သူတစ်သိန်းကျော် သေဆုံးခဲ့ပြီး နှစ်သန်းကျော်မှာ လက်ဘနွန်နိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် ခိုလှုံနေကြသည်။ ကြားသည်။ အယ်လာဝိုက်မျိုးနွယ်စုသည် သမ္မတဘာရှားအယ်လ်အာဆတ်၏ မျိုးနွယ်များဖြစ်ကြသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များက အောက်တိုဘာလ ၁၂ ရက်တွင် ဒမတ်စကတ်မြို့တော်ဝန်းကျင်ဒေသများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ နိုင်ငံအလယ်ပိုင်းရှိ ဟာမာပြည်နယ်နှင့်အလတ်ပိုမြို့ကို ဆက်သွယ်ထားသည့် လမ်းမကြီးကို အစိုးရတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းသိမ်းနိုင်ခြင်းကြောင့် နိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းကို ကုန်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ လမ်းမကြီးနံဘေးရှိကျေးရွာ ၄၀ ကျော်တွင်

ခိုအောင်းနေသည့်လက်နက်ကိုင်များကိုလည်း ချေမှုန်းနှိုင်ခဲ့ကြောင်း အစိုးရတပ်က ထုတ်ပြန်သည်။ တစ်ချိန်တည်းမှာပင် အလက်ပိုမြို့ပြင်ရှိ အဘူဂျာရိမ်းမြို့ကို အစိုးရတပ်များက အောက်တိုဘာလ ၁၂ တွင် ပြန်လည်သိမ်းပိုက်ခဲ့ပြီး အတိုက်အခံများ၏ ခံတပ်စခန်းဆာဖာရာမြို့ကို ဝန်းရံပိတ်ဆို့ခဲ့သည်။ အယ်ခိုင်ဒါအဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသော ဆီးရီးယားအစွန်းရောက်အစွလာမွစ်အဖွဲ့များနှင့် အတိုက်အခံဆီးရီးယားလွတ်မြောက်ရေးတပ်မတော်ကြား တိုက်ခိုက်မှုဖြစ်ပွားလာသည်ကို အခွင့်ကောင်းယူပြီး အစိုးရတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောသည်။ ယင်းအုပ်စု နှစ်စုကြား တိုက်ပွဲများကြောင့် သုံးရက်အတွင်း သူပုန် ၅၀ ကျော် သေဆုံးသွားကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

နှစ်နှစ်ခွဲကြာ ပြည်တွင်းစစ်အတွင်း နိုင်ငံသားငါးသန်းနေရပ်ကို စွန့်ခွာခဲ့ကြရသည်။ ဆီးရီးယားအစိုးရသည် လူသားချင်းစာနာထောက်ထားမှုအဖွဲ့များအတွက် ဗီဇာအရေအတွက်ကို လျှော့ချလာပြီး အတိုက်အခံများထိန်းချုပ်ထားသော ဒေသများသို့ အကူအညီပေးမှုများကို တင်းကျပ်လာကြောင်း ကုလသမဂ္ဂကထုတ်ပြန်သည်။ ဆီးရီးယားမြောက်ပိုင်းတွင် အောက်တိုဘာလအတွင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ဝန်ထမ်း ခုနစ်ဦးပြန်ပေးဆွဲခံရပြီး အောက်တိုဘာလ ၁၄ ရက်တွင် လေးဦးပြန်လည်လွတ်မြောက်ခဲ့သည်။

ဆီးရီးယားတွင် တိုက်ပွဲဆင်နွှဲနေသော အဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် ဆီးရီးယားအရပ်သားများအတွက် လိုအပ်သော အကူအညီများပေးခြင်းကို မာတုလက်နက်ကိစ္စကိုင်တွယ်ဖြေရှင်းခြင်းကဲ့သို့ အရေးပေါ်ဦးစားပေးအဖြစ် ဆောင်ရွက်ရန် နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) က အောက်တိုဘာလ ၁၅ ရက်တွင် တောင်းဆိုသည်။ ဒမတ်စကတ်ဆင်ခြေဖုံးအရပ်များဖြစ်သော အရှေ့ဂူတာနှင့် အနောက်ဂူတာတို့ကို OPCW မှ စစ်ဆေးရေးကျွမ်းကျင်သူများ ဝင်ရောက်ခွင့်ရသော်လည်း MSF မှ ဝန်ထမ်းများဝင်ရောက်ခွင့်မရသဖြင့်ဆေးဝါးနှင့် စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် အာဟာရပြတ်လပ်မှုများဖြစ်ပေါ်နေကြောင်း MSF က ပြောကြားသည်။

ဆီးရီးယားဒုက္ခသည်များ တရားမဝင်ဖြတ်သန်းဝင်ရောက်မှုကြောင့် အကျပ်အတည်းများဖြစ်နေမှုကို ထိန်းချုပ်ရန် တူရကီနှင့်ထိစပ်နေသည့်နယ်စပ်တွင် ဘူဂေးရီးယားက နယ်စပ်စည်းရိုးကာရံမည်ဖြစ်ကြောင်း အောက်တိုဘာလ ၁၆ ရက်က ထုတ်ပြန်သည်။

ဆီးရီးယားဒုက္ခသည်ရာပေါင်းများစွာကို အီဂျစ်က ဥပဒေနှင့်ဆန့်ကျင်သော တရားမဝင်ဖမ်းဆီးခြင်းနှင့်နေရပ်ပြန်ပို့ခြင်းများ ပြုလုပ်နေကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် Amnesty International အဖွဲ့က အောက်တိုဘာလ ၁၇ ရက်တွင် ပြောကြားသည်။

ဆီးရီးယားအရှေ့ပိုင်း ဒီအာအက်ဇာပြည်နယ်၏ စစ်ဘက်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ဂျမားဂျမားကိုသူပုန်များက သတ်ဖြတ်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်မီဒီယာက အောက်တိုဘာလ ၁၈ ရက်တွင် ထုတ်ပြန်သည်။ ယင်းပြည်နယ်သည် အစိုးရတပ်ဖွဲ့များနှင့် သူပုန်များတိုက်ပွဲဖြစ်ပွားရာပြည်နယ်တစ်ခုဖြစ်သည်။ ရုရှားနှင့်အနောက်နိုင်ငံများက ဖိအားပေးနေသောငြိမ်းချမ်းရေးဆွေးနွေးပွဲ အလားအလာများပေါ်ထွန်းလာချိန်တွင် အစိုးရထိပ်တန်းတာဝန်ရှိသူတစ်ဦး သတ်ဖြတ်ခံရခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်၌ သူပုန်ထိန်းချုပ်သော ဆင်ခြေဖုံးများတွင် အရပ်သားများငတ်မွတ်ခေါင်းပါးမှု ကူညီပေးရေးသံတမန်များကို ချက်ချင်းဝင်ရောက်ခွင့်ပြုရန် အမေရိကန်က ဆီးရီးယားအစိုးရကို အောက်တိုဘာလ ၁၉ ရက်တွင် တိုက်တွန်းသည်။

သမ္မတဘာရှားအယ်လ်အာဆတ်နှင့် ကီလိုမီတာအနည်းငယ်သာ ကွာဝေးသောအရပ်၌ ကလေးများအာဟာရ ချို့တဲ့သေဆုံးနေသည်မှာ မယုံကြည်နိုင်စရာသတင်းများဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်။ သူပုန်ထိန်းချုပ်ဒေသများသည် လက်နက်ချလျှင်ချ မချလျှင်အစာအငတ်ခံရမည်ဟု ဆီးရီးယားစစ်တပ်က သတိပေးထားသည်။ ဒမတ်စကတ်

ဆင်ခြေဖုံးဒေသများဖြစ်သည့်ယာမောက်၊ ကိုတာအရှေ့ပိုင်းနှင့် မွတ်ဒါမီရပ်ဒေသများကို စစ်တပ်က လအတန်ကြာ ပိတ်ဆို့ထားသည်။ ယင်းအခြေအနေကြောင့် စစ်ဘေးဒုက္ခကြုံတွေ့နေရသော ဆီးရီးယားနိုင်ငံသားများအနေဖြင့် ကြောင်၊ ခွေးနှင့်မြည်းသားများကို စားခွင့်ပြုကြောင်း ဘာသာရေးခေါင်းဆောင်များက ပြောကြားသည်။

ဆီးရီးယားနိုင်ငံအပြင်ဘက်ရှိ ဒုက္ခသည်စခန်းများ၌ ရောက်ရှိနေသော ကျောင်းနေအရွယ်ကလေးငယ်များသည် ပညာသင်ကြားခွင့် အခွင့်အလမ်းများ ဆုံးရှုံးမှုမြင့်မားလာပြီး လုပ်ခနည်းနည်းဖြင့် နာရီပေါင်းများစွာ အတင်းအကျပ်ခိုင်းစေခံနေရကြောင်း ကုလသမဂ္ဂစစ်တမ်းတွင် ဖော်ပြသည်။ လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံ မရှိဟု သမ္မတအာဆတ်က လက်ဘနွန်ရုပ်သံသို့ ပြောကြားသောကြောင့် ကယ်ရိက ထိုကဲ့သို့ မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ပြုလုပ်မည့်ဆွေးနွေးပွဲများတွင် အတိုက်အခံအဖွဲ့ပါဝင်ရန် အနောက်အင်အားကြီးနိုင်ငံများနှင့် အာရပ်အင်အားကြီးနိုင်ငံများက တိုက်တွန်းထားသော်လည်း အတိုက်အခံအဖွဲ့က အဆိုပါဆွေးနွေးပွဲကို ကန့်ကွက်ထားသည်။ ယင်းဆွေးနွေးပွဲတွင် အီရန် ပါဝင်နိုင်ခြင်းရှိမရှိ မေးမြန်းရာတွင် ဂျွန်ကယ်ရီက အီရန်ပါဝင် လိုပါကယမန်နှစ်က ဂျီနီဗာတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် သဘောတူထားသည့် အတိုင်း ဆီးရီးယား တွင်းကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းရေးကို သဘောတူရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆီးရီးယားဒုက္ခသည်စခန်းမြင်ကွင်း

တို၌ ကလေးသုံးသိန်းကျော် ပညာသင်ခွင့် ဆုံးရှုံးနေကြရသည်။ ဒုက္ခသည်မိသားစုခုနစ်သောင်းမှာ ဖခင်များမရှိဘဲနေကြရသည်။

ဆီးရီးယားသမ္မတအနေဖြင့် ရွေးကောက်ပွဲတွင် နောက်တစ်ကြိမ်ပါဝင်ယှဉ်ပြိုင်ရန် လုပ်ဆောင်ပါကပြည်တွင်းစစ်သက်တမ်းရှည်နိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက အောက်တိုဘာလ ၂၁ ရက်တွင် ပြောကြားသည်။ လာမည့်ရွေးကောက်ပွဲ တွင် မိမိအနေဖြင့် ဝင်ရောက်မယှဉ်ပြိုင်စရာအကြောင်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က အောက်တိုဘာလ ၃၀ ရက်တွင် ပြုလုပ်သော ကုလသမဂ္ဂနှင့်အာရပ်သမဂ္ဂအထူးသံတမန် လက်ဒါဘရာဟီမီနှင့် တွေ့ဆုံပွဲတစ်ရပ်တွင် ဂျီနီဗာငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ရန်နှင့်ပတ်သက်၍ ဆီးရီးယားနိုင်ငံသားများကသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် စစ်ဖြစ်ပွားမှုများနှင့် စစ်ဆေးရေးဂိတ်များသည် အကူအညီပေးမှုများကို တားဆီးနေမှုတို့ကြောင့် ပြည်သူတစ်သန်းကျော်မှာ

အစာရေစာပြတ်လပ်နေကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က နိုဝင်ဘာလ ၂ ရက်တွင် ထုတ်ပြန်သည်။

ကုလသမဂ္ဂနှင့်အာရပ်အဖွဲ့ချုပ် ငြိမ်းချမ်းရေးကိုယ်စားလှယ် လက်ဒါဘရာဟီမီသည် ဂျီနီဗာတွင် အမေရိကန်၊ ရုရှားအကြီးတန်းတာဝန်ရှိသူများနှင့် နိုဝင်ဘာလ ၅ ရက်တွင် တွေ့ဆုံ၍ ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဆွေးနွေးကြသည်။

ကမ္ဘာလုံးဆိုင်ရာ အယ်လ်ခိုင်ဒါခေါင်းဆောင် အယ်လ်ဇဝါဟီရီက ဆီးရီးယားရှိ ပင်ဂျီဟတ်ဝါဒီအဖွဲ့ Islamic State of Iraq and the Levant ကို ဖျက်သိမ်းရန် ညွှန်ကြားခဲ့သည့် အသံမက်ဆေ့ဂျ်တစ်ခုကို အယ်လ်ဂျာဇီးရားရုပ်သံလိုင်းက နိုဝင်ဘာလ ၈ ရက်တွင် ထုတ်လွှင့်သည်။

သမ္မတအာဆတ်ကိုဖြုတ်ချရန်တိုက်ပွဲဝင်နေသော အစွန်လာမွစ်အဖွဲ့များသည် နိုဝင်ဘာလ ၂၂ ရက်တွင် ဆီးရီးယား၏အကြီးဆုံးမဟာမိတ်သူပုန်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အစွန်လာမွစ်နိုင်ငံ ထူထောင်ရေးအတွက် ရှေ့ဆက်တိုက်ပွဲဝင်သွားရန် သစ္စာဆိုခဲ့သည်။

နိုဝင်ဘာလအတွင်း အင်အား ၄၅,၀၀၀ ကျော် ရှိသော ထိပ်တန်းအစွန်လာမွစ်တိုက်ခိုက်ရေး အုပ်စုများ ပူးပေါင်းပြီး အစွန်လာမွစ်မဟာမိတ်အဖွဲ့သစ်ကို ဖွဲ့စည်းကာ ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်၏ အမိန့်ကိုနာယူတော့မည်မဟုတ်ကြောင်း ထုတ်ပြန်သည်။ ယင်းနောက်တွင် တူရကီနယ်ခြားရှိ လွတ်လပ်သော ဆီးရီးယားတပ်မတော်စခန်းများနှင့် ဂိုဒေါင်များကို အစွန်လာမွစ်တပ်ဦးက တိုက်ခိုက်လိုက်ပြီး တင့်ကားဖျက်လက်နက်များ၊ လေကြောင်းရန် ကာကွယ်ရေးလက်နက်များကို သိမ်းယူလိုက်ကြောင်း၊ ဆီးရီးယားစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့များက သူပုန်များကို တန်ပြန်ထိုးစစ်ဆင်လာချိန်တွင် အစွန်လာမွစ်လက်နက်ကိုင်များနှင့် လွတ်လပ်သော ဆီးရီးယားတပ်မတော် တပ်ဖွဲ့ဝင်များကြား အပြန်အလှန်တိုက်ခိုက်မှုများ ပေါ်ပေါက်ခြင်းဖြစ်သည်။

ဂျီနီဗာမြို့၌ ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်မည်မဟုတ်ဟု အနောက်နိုင်ငံများက ထောက်ခံအားပေးထားသည့် လွတ်လပ်သော ဆီးရီးယားတပ်မတော်ခေါင်းဆောင်များက ထုတ်ပြန်လိုက်ကြောင်း နိုဝင်ဘာလ ၂၇ ရက်တွင် ဘီဘီစီသတင်းဌာနဖော်ပြသည်။

ဆီးရီးယားသမ္မတအာဆတ်ကို ရာထူးမှဖြုတ်ချနိုင်ရေးဆက်လက်လုပ်ဆောင်သွားမည်ဟု လွတ်လပ်သော ဆီးရီးယားတပ်မတော်စစ်ဘက်ကောင်စီအကြီးအကဲဗိုလ်ချုပ်ကြီး ဆလင်းအိုက်ရစ်က အယ်ဂျာဇီးယားသတင်းဌာနကို ပြောကြားသည်။ ပြည်တွင်းစစ်ကို ဆက်လက်ဆင်နွှဲရန် အာဆတ်က ဆွေးနွေးပွဲကို အသုံးချနေကြောင်း ယင်းကသတိပေးပြောကြားသည်။

ဆီးရီးယားမြောက်ပိုင်းဒေသရှိသူပုန်များကို တိုက်ခိုက်ရေးလုပ်ငန်းသုံးမဟုတ်သည့်ပစ္စည်းများထောက်ပံ့နေခြင်းကို ရပ်ဆိုင်းလိုက်သော်လည်း လူသားချင်းစာနာထောက်ထားသည့်အကူအညီများဆက်လက်ပေးအပ်သွားမည်ဟု အမေရိကန်နှင့် ငြိတိန်နိုင်ငံတို့က ထုတ်ပြန်ကြောင်း ဒီဇင်ဘာလ ၁၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အနောက်နိုင်ငံများထောက်ပံ့ပေးထားသည့်လွတ်လပ်သော ဆီးရီးယားတပ်မတော်၏စခန်းများကို အစွန်လာမွစ်သူပုန်များက သိမ်းပိုက်လိုက်ကြောင်း သတင်းများထွက်ပေါ်လာခြင်းကြောင့် ယခုကဲ့သို့ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ လက်နက်ခဲယမ်းများ ထောက်ပံ့ပေးရန် ဆီးရီးယားအတိုက်အခံများက တောင်းဆိုထားသော်လည်း အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့်အုပ်စုများထံသို့ လက်နက်များရောက်ရှိသွားမည်ကို စိုးရိမ်ခြင်းကြောင့် အမေရိကန်နှင့် ဥရောပနိုင်ငံများက လက်နက်ခဲယမ်းများ ထောက်ပံ့ခြင်းမရှိပေ။

၃၃ လကြာမြင့်လာပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ်အတွင်း ဒီဇင်ဘာ ၁ ရက်အထိသေဆုံးသူ ဦးရေမှာ ၁၂၅,၈၃၅ ဦးဖြစ်ကြောင်း ဆီးရီးယားတက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများနှင့် ဆရာဝန်ကွန်ရက်များမှ ပံ့ပိုးသောအချက်အလက်များကို အခြေခံ၍ ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ထုတ်ပြန်သည်။

စစ်ရေး - ဧပြီလတွင် အမေရိကန်နှင့်ပြိတိန်တို့က အစိုးရတပ်ဖွဲ့များအနေဖြင့် မတော်တလွဲနက်များသုံးစွဲခဲ့သည်ဟူသောသတင်းများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုခဲ့သည်။

ဆီးရီးယားအရေးနှင့်ပတ်သက်၍ အမေရိကန်သမ္မတအိုဘားမားနှင့် လုံခြုံရေး အကြံပေးပုဂ္ဂိုလ်များ ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ဆီးရီးယားတွင် ဆာရင်းဓာတ်ငွေ့ အသုံးပြုခဲ့ကြောင်း အထောက်အထားများ ၎င်းတို့ထံတွင် ရှိနေပြီဖြစ်ကြောင်း စက်တင်ဘာလ ၁ ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတသည် ဆီးရီးယားကို စစ်ရေးနည်းလမ်းဖြင့်အရေးယူတိုက်ခိုက်ရန် လွှတ်တော်၏ခွင့်ပြုချက်ကို တောင်းခံသွားမည်ဖြစ်ကြောင်း နိုင်ငံအခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်၌
ဓာတုလက်နက်အသုံးပြုမှုကြောင့် OPCW အဖွဲ့က
လာရောက်စစ်ဆေးစဉ်

ဓာတုလက်နက်များကို နိုင်ငံတကာထိန်းချုပ်မှုအောက်ထားရှိမည်ဟူသောစကား အမှန်တကယ်ဖြစ်ခဲ့ပါက အမေရိကန်က စစ်ရေးဖြင့်တိုက်ခိုက်မည့်အစီအစဉ်ကိုရှောင်လွဲနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ပြောကြားသည်ဟု စီအင်န်အင်န်သတင်းတွင် စက်တင်ဘာလ ၁၀ ရက်က ဖော်ပြသည်။

ဓာတုလက်နက်များလိုအပ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ကြီးကြပ်မှုဖြင့် လုံခြုံသောနေရာတွင် ဖျက်ဆီးသင့်ကြောင်း ရုရှားနှင့်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစွတာဘန်ကီမွန်း၏ အကြံပြုချက်ကို ဆီးရီးယားအာဏာပိုင်များက သဘောတူကြောင်း အေအက်ဖ်ပီသတင်းဌာနက စက်တင်ဘာလ ၁၀ ရက်တွင် ဖော်ပြသည်။

စက်တင်ဘာလ ၁၂ ရက်တွင် အမေရိကန်သမ္မတဘာရက်အိုဘားမားက ဆီးရီးယားတွင် စစ်ဘက်နှင့် သံတမန်ရေးရာနှစ်မျိုးလုံးဖြင့်စွက်ဖက်ရန် ပြောဆိုလျက်ရှိစဉ်တွင် အင်အားကြီးနိုင်ငံများက အကျပ်အတည်းပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗ်ရော့ဗ်တို့သည် အာဆတ်၏မတော်တလွဲနက်များကို ဖော်ထုတ်ရေးနှင့် ဖျက်ဆီးရေးလုပ်ငန်းများကို ဆွေးနွေးပြောဆိုကြကြောင်း နိုင်ငံခြားရေးဌာန၏ အထက်တန်းအရာရှိ တစ်ဦးက ပြောကြားသည်။

ဆီးရီးယားဓာတုလက်နက်များကို နိုင်ငံတကာထိန်းချုပ်မှုအောက်တွင်ထားရှိရေးစီမံချက်ကို ရုရှားအရာရှိများက အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ခဲ့ကြောင်း ရုရှား၏အစ်တာ-တပ်စ် သတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်စစ်ဘက်သည် အထက်အမိန့်ရရှိလျှင် ဆီးရီးယားအစိုးရကို အရေးယူရန် အဆင်သင့်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး ချက်ဟေဂဲလ်က ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက စက်တင်ဘာလ ၂၅ ရက်တွင် ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး တွင် ဓာတုလက်နက်ကိစ္စနှင့်ပတ်သက်၍ ရုရှားနှင့် အမေရိကန်တို့သဘောတူညီပြီးသော မူကြမ်းကို အဖွဲ့ဝင် ၁၅ နိုင်ငံက စက်တင်ဘာလ ၂၇ ရက်တွင် ထောက်ခံခဲ့သည်။ ၂၀၁၄ ခုနှစ် နှစ်လယ်ထက် နောက်မကျဘဲ ဓာတုလက်နက်များကို ဖျက်ဆီးရန် အစီအစဉ်ကို နိုင်ငံတကာဓာတုလက်နက်တားဆီးရေးအဖွဲ့က သဘောတူညီပြီးနောက် လုံခြုံရေးကောင်စီ၌မဲခွဲဆုံးဖြတ်ခဲ့သည်။

အမေရိကန်နှင့်ရုရှားတို့၏ဆီးရီးယားဓာတုလက်နက်ဖယ်ရှားရေးဆိုင်ရာ ကျိနီဗာသဘောတူညီချက်ကို ချီလီနိုင်ငံက ထောက်ခံမှုပေးထားပြီး

ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ကူညီမည်ဖြစ်သည်။

ၿငိမ်းသဘောတူညီချက်တွင် ဆီးရီးယားနိုင်ငံသည် ဓာတုလက်နက်စာရင်းများကို တစ်ပတ်အတွင်း တင်ပြရန်နှင့်ပျက်ကွက်လျှင် ၎င်းတို့ လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက်ဆောင်ရွက်ရမည်ဟုပါရှိသည်။

အမေရိကန်ပြည်ထောင်စုသည် ဆီးရီးယားကို စစ်ရေးအရ ကြားဝင်စွက်ဖက်လျှင် ၎င်းဒေသတစ်ခုလုံး ကပ်ဘေးဆိုက်သွားမည်ဟု အီရန်နိုင်ငံဦးဆောင် အယာတိုလာခါမေနီက သတိပေးသည်ဟု အမ်ဘီစီ သတင်းဌာနက စက်တင်ဘာလ ၂၈ ရက်တွင် ဖော်ပြသည်။

ဓာတုလက်နက်သုံး၍ တိုက်ခိုက်နေခြင်းကို ဟန့်တားသည့်အနေဖြင့် ဆီးရီးယားအစိုးရကို ပြိတိန်က စစ်ရေးဖြင့် အရေးယူမည့်သဘောထားကို ပါလီမန်က ပယ်ချကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာလ ၃၀ ရက်က ဖော်ပြသည်။

ဆီးရီးယားကို စစ်ရေးအရ တိုက်ခိုက်မှုတွင် ပါဝင်ရန် ပြိတိသျှပါလီမန်အမတ်များက ကန့်ကွက်နေသော်လည်း ပြင်သစ်ကမူ ပြောင်းလဲမည်မဟုတ်ကြောင်း ပြင်သစ်သမ္မတဖရန်ဟွာဟော်လန်က ပြောကြားသည်ဟု ဘီဘီစီသတင်းက စက်တင်ဘာလ ၃၀ ရက်တွင် ဖော်ပြသည်။

ဆီးရီးယားပဋိပက္ခတွင် စစ်ရေးဖြင့် အရေးယူမည့်ကိစ္စ၌ ပါဝင်တော့မည်မဟုတ်ကြောင်း နေတိုးအဖွဲ့ အကြီးအကဲက အောက်တိုဘာလ ၁၀ ရက်တွင် ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ဓာတုလက်နက်များ ဖျက်သိမ်းရေးအဖွဲ့ OPCW နှင့် ပထမဆုံးအကြိမ် ပူးတွဲလုပ်ဆောင်မည့်ဆီးရီးယားဓာတုလက်နက်များဖျက်ဆီးရေးအစီအစဉ်ကို လုံခြုံရေးကောင်စီက အောက်တိုဘာလ ၁၁ ရက်တွင် အတည်ပြုသည်။ ယင်းအစီအစဉ်ကို OPCW အဖွဲ့နှင့်ကုလသမဂ္ဂမှ ကျွမ်းကျင်ပညာရှင် ၆၀ ပါသောအဖွဲ့က ထောက်ပံ့ကူညီမည်ဖြစ်သည်။ ယင်းအစီအစဉ်ကို ထောက်ခံကြောင်းစာကို လုံခြုံရေးကောင်စီက အောက်တိုဘာလ ၁၁ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားတွင် ရွေးချယ်ထားသောနေရာ ၂၀ ကျော်အနက် ၁၄ နေရာကို ဓာတုလက်နက်များ စစ်ဆေးပြီးဖြစ်ကြောင်း အောက်တိုဘာလ ၁၈ ရက်တွင် ထုတ်ပြန်သည်။ ဆီးရီးယားလက်နက်တိုက် စစ်ဆေးမှုလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သည်ဟိုက်မြို့အခြေစိုက် OPCW က အောက်တိုဘာလ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ယင်းဓာတုလက်နက်များကို ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းတွင် အပြီးဖျက်ဆီးသွားမည်ဟု ဖော်ပြထားသည်။

ဓာတုလက်နက်ဖျက်သိမ်းရေးအသေးစိတ်အစီအစဉ်ကို ဆီးရီးယားအစိုးရက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း OPCW က အောက်တိုဘာလ ၂၄ ရက်တွင် ပြောကြားသည်။

ဆီးရီးယား၏ ဓာတုလက်နက်ထုတ်လုပ်ရေးကိရိယာအားလုံးဖျက်ဆီးပြီးဖြစ်ကြောင်း OPCW အဖွဲ့က အောက်တိုဘာလ ၃၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာဆက်ဆံရေး - လန်ဒန်မြို့တွင် အောက်တိုဘာလ ၂၂ ရက်၌ အနောက်နိုင်ငံများနှင့် အာရပ်နိုင်ငံခြားရေးဝန်ကြီးများပါဝင်သောဆီးရီးယား မိတ်ဆွေနိုင်ငံများ ဆွေးနွေးပွဲစတင်ကျင်းပသည်။ ကုလသမဂ္ဂကျောထောက်နောက်ခံပြု ဂျီနီဗာ-၂ ငြိမ်းချမ်းရေးကွန်ဖရင့်တွင် ဆီးရီးယားသမ္မတ တက်ရောက်မည်ဆိုပါက ယင်းကွန်ဖရင့်ကို တက်ရောက်မည်မဟုတ်သကဲ့သို့ အဓိကဆီးရီးယား အတိုက်အခံအင်အားစု Syrian National Coalition (SNC) မှ နုတ်ထွက်မည်ဟုလည်း ခြိမ်းခြောက်ထားသည်။

ဆီးရီးယားတွင် မည်သည့်အနာဂတ်အစိုးရတွင်မဆို လက်ရှိသမ္မတဘာရှားအာဆတ်ပါဝင်မှုမရှိသင့်တော့ဟု ဆီးရီးယားအတိုက်အခံနှင့် ဆီးရီးယားအဆွေခင်ပွန်းများအဖွဲ့က သဘောတူညီခဲ့ကြောင်း အောက်တိုဘာလ ၂၂ ရက်တွင် ပီတီအိုင်သတင်းက ဖော်ပြသည်။ ဆီးရီးယားအဆွေခင်ပွန်းများအဖွဲ့တွင် ပြိတိန်၊ အီဂျစ်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျော်ဒန်၊ အီတလီ၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ တူရကီ၊ ယူအေအီးနှင့် အမေရိကန်တို့ပါဝင်သည်။

တရုတ်နိုင်ငံ ။ ။ နိုင်ငံရေး - တရုတ်နိုင်ငံတွင် စီးပွားရေးမူဝါဒများ ချမှတ်သူ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်၊ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (အန်စီအာရ်စီ) ၏ ဒုတိယအကြီးအကဲလျှုတိုင်နန်ကို အဂတိလိုက်စားမှုအတွက် စုံစမ်းစစ်ဆေးလျက်ရှိပြီဖြစ်ကြောင်း မေလ ၁၃ ရက်တွင် နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

တရုတ်နိုင်ငံတွင် အစိုးရအဆောက်အအုံများ ကို ငါးနှစ်အတွင်း မဆောက်လုပ်ရန်တားမြစ် ပိတ်ပင်လိုက်သည်ဟု နိုင်ငံပိုင်မီဒီယာများက ဖော်ပြကြောင်း ဇူလိုင်လ ၂၄ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ အာဏာရ ကွန်မြူနစ်ပါတီ (စီပီစီ) က အဂတိလိုက်စားခြင်းနှင့် အကျိုးမဲ့ဖြုန်းတီးခြင်းများကို တိုက်ဖျက်နေကြောင်း ပြသရန်အတွက် သမ္မတရှီကျင့်ဖျင်၏ ကြိုးပမ်းမှုအဖြစ်ဤသို့တားမြစ်ခြင်းဖြစ်သည်။

ခဲ့ရသော အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် လူနှစ်ဦးအား တရားရုံးက သေဒဏ်ချမှတ်ပြီး ကျန်သုံးဦးကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ကြောင်း ဩဂုတ်လ ၁၃ ရက်သတင်းများတွင် ဖော်ပြသည်။

ရှန်ဒေါင်းပြည်နယ် ကျီနန်မြို့ ပြည်သူ့တရားရုံး တစ်ရုံး၌ ချုံချင့်ကွန်မြူနစ်ပါတီခေါင်းဆောင်ဟောင်း တရုတ်နိုင်ငံရေးသမား ပိုရှိလိုင်ကို စတင်စစ်ဆေးသည့် အခါ ၎င်းကစွပ်စွဲချက်များအနက်မှ တစ်ခုကို မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်ဟု ဩဂုတ်လ ၂၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ပို၏အမှုသည် တရုတ်နိုင်ငံ၌ ဆယ်စုနှစ်များအတွင်း နိုင်ငံရေးနှင့် ပတ်သက်သည့် အကြီးမားဆုံးအမှုဖြစ်သည်။

တရုတ်နိုင်ငံ ကျီနန်မြို့တရားရုံးတော်၌ ကြားနာစစ်ဆေးရာတွင် ပိုရှိလိုင်က ၎င်း၏ဇနီးဌေစာရင်းသို့ ဝင်ငွေးခဲ့သော ၎င်းအလွဲသုံးစားပြုခဲ့သော ငွေကြေး

ပိုရှိလိုင်ကို တရားရုံးတွင်စစ်ဆေးစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံကွင် ထိပ်တန်းစီးပွား အတွက် ၎င်း၌တာဝန်ရှိကြောင်း ဩဂုတ်လ ၂၄ ရက်တွင် ဝန်ခံသည်။

တရုတ်နိုင်ငံ တရားရုံးတစ်ရုံးက ကွန်မြူနစ်ပါတီထိပ်တန်း နိုင်ငံရေးသမားဟောင်းတစ်ဦးကို အဂတိလိုက်စားမှုကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ထောင်ဒဏ်တစ်သက်အပြစ်ပေးလိုက်ကြောင်း စက်တင်ဘာလ ၂၁ ရက် ယူပီအိုင်သတင်းတွင် ဖော်ပြသည်။ စီချမ်ပြည်နယ် ချုံကင်း ကွန်မြူနစ်ခေါင်းဆောင်ဟောင်းဘိုသည် လာဘ်ယူမှု၊ ဘဏ္ဍာငွေအလွဲ သုံးစားမှုနှင့် အာဏာ

အလွဲသုံးစားမှုများကြောင့် အပြစ်ပေးခြင်းဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ရေးသားသည်။

မိမိ၏ နိုင်ငံသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပါကစ္စတန်နိုင်ငံနှင့် အရပ်ဘက်သုံး ရှူကလီးယား လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်လျက် ရှိကြောင်း တရုတ်အစိုးရအဖွဲ့က အောက်တိုဘာလ ၁၇ ရက်တွင် ပြောကြားသည်။

တိဗက်တက်ကြွလှုပ်ရှားသူများသည် အောက်တိုဘာလ ၂၂ ရက်က ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရုံးချုပ်အဆောက်အအုံရှိ ငြမ်းစင်ပေါ်တက်လျက် ကမ္ဘာကြီးအနေဖြင့် တရုတ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းပေးရေးတောင်းဆိုသည့်နဖူးစီးစာတန်းကို ဖြန့်ကာတပ်ဆင်ခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ရှေ့မှောက်တွင် တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ သုံးသပ်ချက်ကို မတင်ပြမီ ဆန္ဒပြမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ထားသည့်ကုမ္ပဏီတစ်ခု၏ ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများကို ရေးသားခဲ့ပြီးနောက် အောက်တိုဘာလ ၁၈ ရက်တွင် ရဲများဖမ်းဆီးခံထားရသည့် ဂျာနယ်လစ်ချန်ယန်ကျိုးအား ရဲတပ်ဖွဲ့က လွှတ်ပေးရန် အောက်တိုဘာလ ၂၃ ရက်တွင် တရုတ်သတင်းစာ တစ်စောင်က မျက်နှာဖုံးတွင် ဖော်ပြတောင်းဆိုခဲ့သည်။ New Express သတင်းစာ၏ ယခုကဲ့သို့ တောင်းဆိုမှုသည် တရုတ်တွင် အာဏာပိုင်များအပေါ် ရှားပါးသည့် ဆန့်ကျင်ကန့်ကွက်မှုတစ်ခုဖြစ်သည်။

တရုတ်အစိုးရသည် အွန်လိုင်းတွင် ကောလာဟလရေးသားမှုများကို နှိမ်နင်းနေခဲ့ရာ အသရေဖျက်မှုမြောက်စေသော ရေးသားသူသည် ယင်းအရေးအသားများကို share လုပ်မှုအကြိမ် ၅၀၀ အထိရှိလာပါက ထောင်ဒဏ်သုံးနှစ်အထိ ကျခံရမည့်အမိန့်တစ်ရပ်ကို မကြာသေးမီက ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ၌ အာဏာအလွဲသုံးစားပြုလုပ်ခြင်း၊ ဘဏ္ဍာငွေအလွဲသုံးစားပြုလုပ်ခြင်းနှင့် လာဘ်ယူမှုပြုလုပ်ခြင်းတို့ကြောင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံနေရသည့်ချုံကင်းကွန်မြူနစ်ပါတီခေါင်းဆောင်ဟောင်းဖြစ်သူ နိုင်ငံရေးသမားဟောင်း ပိုရှိလိုင်၏ အယူခံလွှာကို တရားရုံးက ပယ်ချလိုက်ကြောင်း အောက်တိုဘာလ ၂၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ တိန်အန်မင်ရင်ပြင်၌ အောက်တိုဘာလ ၂၈ ရက်က ဖြစ်ပွားခဲ့သောကားတိုက်မှုဖြစ်ရပ်ပေါ် ပေါက်ခဲ့ရခြင်းသည် မွတ်ဆလင်စစ်သွေးကြွများ၏ လက်ချက်ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့အား ကိုးကားလျက်နိုင်ငံပိုင်သတင်းဌာနက အောက်တိုဘာလ ၃၁ ရက်တွင် ရေးသားဖော်ပြသည်။

စီးပွားရေး - တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသဟောင်ကောင်သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီလ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ အာဆီယံအသင်းသည် ဟောင်ကောင်ဒေသအတွက် ကုန်ပစ္စည်းကုန်သွယ်မှုအရ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ဝန်ဆောင်မှုအရ စတုတ္ထအကြီးဆုံးကုန်သွယ်ဖက်ဒေသဖြစ်ကြောင်း ဟောင်ကောင်ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက ပြောကြားသည်။

တရုတ်နိုင်ငံမြို့တော်ပေကျင်းရှိ နိုင်ငံတကာလေဆိပ်၌ နိုင်ငံခြားသုံးငွေနောက်ထပ်လေးမျိုးကို လဲလှယ်ခွင့်ပြုကြောင်း ချိုင်းနားဒေးလီးသတင်းစာကရေးသားဖော်ပြသည်။ တောင်အာဖရိကနိုင်ငံသုံးနန်တက်စ်ငွေ၊ အီဂျစ်နိုင်ငံသုံး ပေါင်ငွေ၊ တူရကီနိုင်ငံသုံးလိုင်ယာငွေနှင့် ကာတာနိုင်ငံသုံး ရီယယ်ငွေတို့ကို ပေကျင်းနိုင်ငံတကာလေဆိပ်၌ စတင်လဲလှယ်ခွင့်ပြုပြီဖြစ်ကြောင်း သတင်းစာတွင်ရေးသားထားသည်။ လောလောဆယ်တွင် ပေကျင်းနိုင်ငံတကာလေဆိပ်၌ ခရီးသည်များအား နိုင်ငံခြားငွေ ၂၉ မျိုးကို လဲလှယ်နိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

တရုတ်နိုင်ငံ၏အာဏာရ ကွန်မြူနစ်ပါတီသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များနှင့်

ပတ်သက်၍ဆွေးနွေးနိုင်ရန် အရေးပါသော အစည်းအဝေးတစ်ရပ်ကို နိုဝင်ဘာလ ၉ ရက်တွင် စတင်ကျင်းပကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာပေါ်တွင် ဒုတိယအင်အားအကြီးဆုံး စီးပွားရေးတည်ရှိရာ နိုင်ငံအဖြစ် ရပ်တည်နိုင်စေရေးအတွက် ကွန်မြူနစ်ပါတီပဟိုကော်မတီက ညီလာခံကျင်းပခြင်းဖြစ်သည်။

စစ်ရေး - ကမ္ဘာ့လက်နက်တင်ပို့သောနိုင်ငံများစာရင်းတွင် တရုတ်နိုင်ငံသည် အဆင့်ငါးသို့ စာရင်းဝင်လာပြီဖြစ်သည်ဟု ဆွီဒင်အခြေစိုက်ကျွမ်းကျင်သူများအဖွဲ့က မတ်လ ၁၉ ရက်တွင် ပြောကြားသည်။ စစ်အေးကာလပြီးဆုံးပြီးနောက် အမြင့်ဆုံးအဆင့်ကို ရောက်ရှိခြင်းဖြစ်၍ လက်နက်အများဆုံးဝယ်ယူသောနိုင်ငံမှာပါကစ္စတန်ဖြစ်သည်။ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြားကမ္ဘာ့လက်နက်တင်ပို့သောထိပ်တန်း ငါးနိုင်ငံစာရင်းတွင် ဗြိတိန်နိုင်ငံ၏နေရာသို့ တရုတ်ကဝင်ရောက်နေရာယူလာခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့မှ ရေတပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဇူလိုင်လ ၅ ရက်တွင် စတင်ခဲ့ကြောင်း၊ ယင်းမှာ တရုတ်နိုင်ငံက ၎င်း၏ကြီးထွားလာသောအင်အားကို နိုင်ငံခြားမိတ်ဖက်နိုင်ငံတစ်ခုနှင့်ပူးတွဲထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ နှစ်နိုင်ငံရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇူလိုင်လ ၅ ရက်မှ ၁၂ ရက်အထိ ဂျပန်ပင်လယ်၌ ပြုလုပ်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားနေသည့်ကျွန်းများ၏လေပြင်ပိုင်နက်များအပါအဝင် အရှေ့တရုတ်ပင်လယ်ပြင်အတွင်း၌ လေကြောင်းရန်ကာကွယ်ရေးဇုန်တစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထူထောင်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာလ ၂၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အရေးပေါ်ခုခံကာကွယ်ရေးဆိုင်ရာ အရေးကိစ္စများအတွက် စည်းကမ်းတကျလိုက်နာဆောင်ရွက်ရေးအတွက် အဆိုပါ လေကြောင်းရန်ကာကွယ်ရေးဇုန်အတွင်းသို့ တရုတ်ရေတပ်လေယာဉ်တင်သင်္ဘောသည်လည်း ဝင်ရောက်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ တရုတ်နှင့် ဂျပန်နိုင်ငံအကြား ပင်လယ်ရေကြောင်းပိုင်နက်ဆိုင်ရာအငြင်းပွားမှုများ လတ်တလောဖြစ်ပေါ်နေသည့်ဂျပန်ဘာသာအခေါ် အဝေါ်အရ ဆင်ကာကုဟု ခေါ်တွင်ပြီး တရုတ်ဘာသာအခေါ် အဝေါ်အရ ဒိုင်တိုယုဟု ခေါ်တွင်သည့်ကျွန်းစုများအရေးမှာ လူသိများထင်ရှားလျက်ရှိသည်။

တရုတ်နိုင်ငံ၏နောက်ဆုံးကြေညာထားသော လေကြောင်းရန် ကာကွယ်ရေးဇုန်အတွင်း အမေရိကန်ဘီ ၅၂ ဗုံးကြဲလေယာဉ်နှစ်စင်းဖြတ်သန်းပျံသန်းခဲ့ကြောင်း ၎င်း၏ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ စစ်လေယာဉ်များကို အရှေ့တရုတ်ပင်လယ်အတွင်းရှိ အသစ်ကြေညာထားသော လေကြောင်းရန်ကာကွယ်ရေးဇုန်သို့ စေလွှတ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက နိုဝင်ဘာလ ၂၈ ရက်တွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့်တောင်ကိုရီးယားအစိုးရတို့ကိုပါ စိတ်အနှောင့်အယှက်ဖြစ်စေသော တရုတ်နိုင်ငံ၏အငြင်းပွားဖွယ် လေကြောင်းကာကွယ်ရေးဇုန်သတ်မှတ်မှုအပေါ် တင်းမာမှုများနှင့်ပတ်သက်၍ အသေးအဖွဲကိစ္စတစ်ခုအဖြစ် သြစတြေးလျနိုင်ငံခြားရေးဝန်ကြီးဂျူလီဘစ်ရှော့က ပြောကြားကြောင်း ဒီဇင်ဘာလ ၇ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာဆက်ဆံရေး - ဇန်နဝါရီလ ၉ ရက်က တရုတ်နိုင်ငံတော်ကောင်စီဝင် တိုက်ပင်းကော်နှင့်ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး နီလိုလိုင်းပါထရူရှက်ဗ်တို့ တွေ့ဆုံဆွေးနွေးစဉ် တရုတ်နှင့်ရုရှား နှစ်နိုင်ငံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကတိကဝတ်ပြုခဲ့ကြသည်။ နှစ်နိုင်ငံဆက်ဆံရေးအပြင် နိုင်ငံတကာနှင့်ဒေသတွင်း အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း (၈) ကြိမ်မြောက် တရုတ်-ရုရှား မဟာဗျူဟာလုံခြုံရေးဆွေးနွေးပွဲမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံကို ဆက်လက်ဦးဆောင်နေသည့် သမ္မတ ရှီကျင့်ဖျင်

တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားနေသော ကျွန်းများအနီးသဘော်များဖြင့် ကင်းလှည့်မှုအား ရပ်တန့်ရန် ဂျပန်၏ တောင်းဆိုမှုကို ပယ်ချလိုက်ပြီး အဆိုပါကျွန်းများအား လေယာဉ်များ၊ သဘော်များဖြင့် စောင့်ကြပ်နေမှုကို ရပ်တန့်ရန် ဂျပန်အား တိုက်တွန်းခဲ့သည်။

ယခုနှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံ၏ခေါင်းဆောင်သစ် ရှီကျင့်ဖျင်၏ ရုရှားနိုင်ငံသို့သွားရောက်မည့် ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျီချီသည် မော်စကိုမြို့သို့ရောက်ရှိနေကြောင်း၊ ယန်ကျီချီသည် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗ် ရော့နှင့်တွေ့ဆုံကာ ဆီးရီးယားပဋိပက္ခအပါအဝင် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဖေဖော်ဝါရီလ ၂၃ ရက်သတင်းများတွင် ဖော်ပြသည်။

ဗီယက်နမ်မှတ်ပုံတင်ငါးဖမ်းရေယာဉ်နှစ်စင်းကို တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေအငြင်းပွားနေသောကျွန်းများအနီး ကင်းလှည့်နေသော တရုတ်ပင်လယ်ရေကြောင်းထောက်လှမ်းရေးသဘော်များက နှင်ထုတ်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက မတ်လ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်သမ္မတသစ်ရှီကျင့်ဖျင်သည် သမ္မတရာထူးခ် တာဝန်ယူပြီးနောက် ပထမဆုံးသော နိုင်ငံခြားခရီးစဉ်အဖြစ် ရုရှားနိုင်ငံမြို့တော်မော်စကိုသို့ရောက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။ တရုတ်ခေါင်းဆောင်သစ်၏ ခရီးစဉ်အတွင်းနှစ်နိုင်ငံစွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပမည့် ၂၀၁၃ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအော ဆွေးနွေးပွဲတက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဘိုအောမြို့သို့ ဧပြီလ ၅ ရက်တွင် ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်က စန်းယမြို့ရှိ Sheraton ဟိုတယ်မြက်ခင်းပြင်၌ ဂုဏ်ပြုကြိုဆိုသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Daily သတင်းစာနိုင်ငံတကာသတင်းဌာနမှ သတင်းထောက် Ms. Li Xiaokun အား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားရာတွင် ဘိုအောဖိုရမ်အစည်းအဝေးနှင့်ပတ်သက်၍ သဘောထားအမြင်များ၊ မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှုအခြေအနေများတွင်လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲပြီး ထွက်ကုန်များ ပိုမိုထွက်ရှိစေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ ပိုင်ဆိုင်မှုအငြင်းပွားနေသော ပါရာစဲလ်ကျွန်းစုကို တရုတ်နိုင်ငံက ပင်လယ်ခရီးသွားလုပ်ငန်းတစ်ရပ်ဖွင့်လှစ်လုပ်ကိုင်မည်ဟု ဧပြီလ ၇ ရက်တွင် နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

တရုတ်နိုင်ငံက ပါရာစဲလ်ကျွန်းဟု ခေါ်တွင်သည့် အဆိုပါ ကျွန်းစုများကို ၁၉၇၄ ခုနှစ် ဗီယက်နမ်စစ်ပွဲမပြီးမီကပင် စတင်ထိန်းချုပ်ထားခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာတင်းမာမှုများလျှော့ချနိုင်ရေးအတွက် တရုတ်နိုင်ငံခေါင်းဆောင်များက ၎င်းတို့၏

ဩဇာအာဏာကို အသုံးပြုကာ မြောက်ကိုရီးယားနိုင်ငံအပေါ် ဖျောင်းဖျပေးလာစေရေးတိုက်တွန်းနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် မြို့တော်ပေကျင်းသို့ရောက်ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများ က ဧပြီလ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုမှာဖြစ်လာဖွယ်ရာရှိကြောင်း၊ ယင်းသည် ပြုယမ်းနှင့်အခြားဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရေးလိုအပ်လျက်ရှိနေသည်ကို ထင်ရှားစွာညွှန်ပြနေခြင်းဖြစ်ကြောင်း တရုတ်ထိပ်တန်း ဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြားသည်ဟု ဧပြီလ ၂၄ ရက် အေပီသတင်းတွင် ဖော်ပြသည်။

နေတန်ယာဟုသည် ငါးရက်ကြာခရီးစဉ် အဖြစ် တရုတ်နိုင်ငံ၌ ရှိနေချိန်တွင် အထက်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။ အစ္စရေးနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တရုတ်ဝန်ကြီးချုပ် လီကျားကိုင်တို့ တက်ရောက်ကြသည်။ တရုတ်နိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံအငြင်းပွားနေသော နယ်စပ်ဒေသ၌ မကြာသေးမီက တင်းမာမှုများဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ ပြေလည်မှုရရှိစေရန် မြို့တော်ပေကျင်း၌ မေလ ၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနက မေလ ၁၀ ရက်တွင်သတင်းထုတ်ပြန်သည်။ တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံအကြား အနာဂတ်ကာလတွင် အထက်တန်းပုဂ္ဂိုလ်အဆင့် တွေ့ဆုံဆွေးနွေးမှုများကို ထိခိုက်စေလိုသော ရည်ရွယ်ချက်မရှိသည့် လက္ခဏာအဖြစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား ရပ်ဆိုင်းနေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရန်ရည်ရွယ်လျက် ကုလသမဂ္ဂက ကြီးမှူးကျင်းပသော နိုင်ငံတကာညီလာခံတစ်ရပ်ကို တရုတ်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဇွန်လ ၅ ရက်တွင် ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်သမ္မတ အိုဘားမားနှင့်တွေ့ဆုံရန် အတွက် ဇွန်လ ၆ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်သို့ သွားရောက်သည်။ သမ္မတနှစ်ဦးသည် တရုတ်-အမေရိကန်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ ၎င်းတို့နှစ်ဦးအကြား ပထမအကြိမ်ဆွေးနွေးမှုတွင် သမ္မတနှစ်ဦးသည် ဆိုက်ဘာတိုက်ခိုက်မှု၊ မြောက်ကိုရီးယားအရေး၊ အာရှလုံခြုံရေးနှင့် စီးပွားရေးတို့ကို အဓိကထားဆွေးနွေးကြသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးနှင့်တရုတ်သမ္မတရှီကျင့်ဖျင်တို့၏ ထိပ်သီးဆွေးနွေးပွဲကို ပေကျင်းမြို့၌ဇွန်လ ၂၇ ရက်တွင် ကျင်းပခဲ့ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်မှာ အဓိကဆွေးနွေးသည့်အကြောင်းအရာဖြစ်ပြီး တရုတ်နိုင်ငံက ၎င်း၏ မဟာမိတ်မြောက်ကိုရီးယားနိုင်ငံကို ပိုမိုထိန်းချုပ်သွားနိုင်ရန် တောင်ကိုရီးယားနိုင်ငံက ကြိုးပမ်းခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယခုနှစ် မေလရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်ဖြစ်လာသူ နဝပ် ရှရစ်ဖ်၏ပထမဆုံးသော နိုင်ငံခြားခရီးစဉ်အဖြစ် တရုတ်နိုင်ငံခရီးစဉ်ကို ဇူလိုင်လ ၄ ရက်တွင် စတင်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ပါကစ္စတန်နိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်သည့် တရုတ်နှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန်ရည်ရွယ်သည့် ခရီးစဉ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုနှစ် စောစောပိုင်းက ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့်ဒေသအတွင်း ရှေ့မတိုး နောက်မဆုတ်သာအခြေအနေပေါ်ပေါက်လာပြီးနောက် နယ်စပ်

ဒေသကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် လက်မှတ်ရေးထိုးခဲ့ကြကြောင်း အောက်တိုဘာလ ၂၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဤသဘောတူညီမှုသည် နှစ်နိုင်ငံစစ်ဘက်များအကြား ဆက်သွယ်ရေးတိုးတက်ရန် ရည်ရွယ်သည်။ ဤစာချုပ်သည် နယ်စပ်ဒေသ၌ ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်းနှင့် တည်ငြိမ်ခြင်းတို့ ဆက်လက်တည်တံ့စေရေးအတွက် အထောက်အကူပြုမည်ဟု တရုတ်ဝန်ကြီးချုပ် လီကေချန်းက ပြောကြားသည်။

မျက်မှောက်ရေးရာ - တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျိလင်းပြည်နယ် ဝိုင်ရှန်မြို့ရှိ ပါပေါင်ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းအလုပ်သမား ၂၈ ဦးသေဆုံး ၍ ၁၃ ဦးဒဏ်ရာရရှိကြောင်း မတ်လ ၃၀ ရက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် H_1N_9 ဗိုင်းရပ်စ်ပိုးကြောင့် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့ဖြစ်ပွားလျက်ရှိသဖြင့် လူခြောက်ဦးသေဆုံးကြောင်း၊ ရှန်ဟိုင်းမြို့ရှိ သားငါးစျေးများအား လုံး ပိတ်ထားရန်နှင့် ကြက်ငှက်ကောင်ရေနှစ်သောင်းကျော်ကို သုတ်သင်ရှင်းလင်းရန် အမိန့်ထုတ်ပြန်ထားကြောင်း ဧပြီလ ၅ ရက်သတင်းတွင် ဖော်ပြသည်။

လူအသေအပျောက်ရှိသည့် H_7N_9 အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးသည် တရုတ်နိုင်ငံတောင်ပိုင်းဒေသပြည်နယ်များသို့ ပျံ့နှံ့လာနေကြောင်း တရုတ်အစိုးရက ဧပြီလ ၂၆ ရက်တွင် ပြောကြားသည်။ ယင်းမှာ နှစ်ရက်အတွင်း ဒေသသစ်များသို့ ပျံ့နှံ့မှုအတွက် ဒုတိယမြောက်ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း ဧပြီလ ၂၇ ရက် အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ စစ်ရေးလျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်ရန်တရုတ်နိုင်ငံက ကွန်ပျူတာကွန်ရက်ဆိုင်ရာ လုံခြုံရေးစခန်းများကို ချိုးဖောက်ကာ သူလျှိုပြုလုပ်ခဲ့သည်ဆိုသော ပင်တဂွန် စစ်ဌာနချုပ်၏ အစီရင်ခံစာသည် အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံက မေလ ၈ ရက်တွင် ပြောကြားသည်။

အာကာသစခန်းယာဉ်တစ်ခုတည်ဆောက်ရန် ကြိုးပမ်းနေသည့် တရုတ်နိုင်ငံက ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဝမ်ယက်ပင်းအမည်ရှိ အမျိုးသမီး အာကာသယာဉ်မှူးတစ်ဦးအား စေလွှတ်နိုင်ရန် ဒုတိယမြောက် အာကာသခရီးစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဇွန်လ ၁၀ ရက် ဘီဘီစီ သတင်းတွင် ဖော်ပြသည်။ ရှင်ကျို-၁၀ ဟုအမည်ပေးထားသော အာကာသယာဉ်ကို လောင်းမတ်ချဲ့ဒုံးပျံဖြင့် ဇွန်လ ၁၁ ရက်တွင် ပစ်လွှတ်ရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသခရီးစဉ် အစီအစဉ်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ရှင်ကျို-၁၀ အမည်ရှိ လူလိုက်ပါသော အာကာသယာဉ်သည် လွှတ်တင်ပြီးနှစ်ရက်အကြာတွင် ကမ္ဘာပတ်လမ်းအတွင်း ပျံသန်းနေသည့် အာကာသစခန်းယာဉ်နှင့်အောင်မြင်စွာ ချိတ်ဆက်နိုင်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနက ဇွန်လ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်အာကာသယာဉ်မှူး သုံးဦးသည် ဇွန်လ ၂၆ ရက်တွင် ကမ္ဘာမြေပြင်သို့ ချောမောစွာ ပြန်လည်ရောက်ရှိလာကြပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ အာကာသသမိုင်းတွင် အာကာသအတွင်း အချိန်အကြာဆုံးခရီးနှင့်မှုအဖြစ် ၁၅ ရက်ကြာခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် ယူရေနီယံသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းကို ရာပေါင်းများစွာသော ပြည်သူများက လမ်းမများပေါ်ထွက်၍ ကန့်ကွက်ဆန္ဒပြကြသဖြင့် အစိုးရက ယင်းစီမံကိန်းကို ဖျက်သိမ်းလိုက်ကြောင်း ဇူလိုင်လ ၁၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ် (တိုင်ပေ) တွင် ကုန်လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အကုမြူခတ်အားပေးစက်ရုံရှိရေဒီယိုသတ္တိကြွရေဆိုးသိုလှောင်ကန်မှ အဆိပ်သင့်အရည်များ ယိုထွက်ဖွယ်ရာရှိကြောင်း စုံစမ်းစစ်ဆေးရေးအေဂျင်စီက ဩဂုတ်လ ၁၀ ရက်၌ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။



တရုတ်နိုင်ငံ၏ ပထမဆုံး လူမဲ့အာကာသယာဉ်

တရုတ်နိုင်ငံသည် ပေကျင်းမြို့တော်တွင် လေထုညစ်ညမ်းမှုသန့်ရှင်းရန် ကြိုးပမ်းသည့်အနေဖြင့် လာမည့်နှစ်ကုန်ပိုင်း၌ မြို့တော်အတွင်းရှိ ကျောက်မီးသွေးလောင်စာသုံးအပူပေးစက်ရုံလေးရုံကို သဘာဝဓာတ်ငွေ့သုံးစက်ရုံများဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက အောက်တိုဘာလ ၅ ရက်တွင် ဖော်ပြသည်။

လူနာတစ်ဦးက ဆရာဝန်တစ်ဦးကို သတ်ပြီး အခြားလူနှစ်ဦးအား တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တရုတ်အရှေ့ပိုင်းကျိကျန်းပြည်နယ်ဆေးရုံတစ်ရုံတွင် ဆရာဝန်များနှင့် သူနာပြုများက အောက်တိုဘာလ ၂၈ ရက်တွင် ဆန္ဒပြခဲ့ကြသည်။ ယင်းတိုက်ခိုက်မှုမှာ နိုင်ငံ၏ဝန်နှင့်အားမမျှဖြစ်နေသော ကျန်းမာရေးကဏ္ဍ ကို ထိုးနှက်သည့်ဖြစ်ရပ်ဖြစ်သည်။ ဆန္ဒပြမှတ်ပုံများ ကို တရုတ်အဓိကဝက်ဘ်ဆိုက် Tencent တွင် ဖော်ပြသည်။

အဲလက်ဖာဂူဆန်၏ အတ္ထုပ္ပတ္တိစာအုပ်သည် တရုတ်နိုင်ငံ၏ အွန်လိုင်းစျေးဝယ်မှုတွင် လူကြိုက်အများဆုံးစာအုပ်တစ်အုပ်ဖြစ်လာသည်။

တရုတ်နိုင်ငံ၏ အွန်လိုင်းစျေးဝယ်မှုနေရာများတွင် အကြီးဆုံးနေရာတစ်ခုဖြစ်သည့် Taobao မှ ကောက်ယူခဲ့သော စာရင်းဇယားများအရ ဖာဂူဆန်၏ My Autobiography စာအုပ်သည် စတင်ထုတ်ဝေခဲ့သည့်အောက်တိုဘာလ ၂၆ ရက်မှစ၍ အုပ်ရေ ၁၀၀၀ နီးပါးရောင်းချခဲ့ရပြီး ယင်းမှာအင်္ဂလိပ်စာအုပ်များတွင် အရောင်းရဆုံးစာအုပ်တစ်အုပ်ဖြစ်သည်။

တရုတ်နိုင်ငံက ရေဒါတွင် ဖမ်းယူနိုင်ခြင်းမရှိသော ၎င်း၏ပထမဦးဆုံး ထက်မြက်သောခေါင်းဟု အမည်ပေးထားသည့် မောင်းသူမဲ့လေယာဉ်ကို နိုဝင်ဘာလ ၂၁ ရက်တွင် အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသည် ၎င်း၏ရည်မှန်းချက်ကြီးမားသော အာကာသဆိုင်ရာအစီအစဉ်၏ခြေလှမ်းသစ်အဖြစ် တရုတ်ဘာသာစကားဖြင့် ယုကုဟု ခေါ်တွင်ပြီး ကျောက်စိမ်းယုန်ငယ်ဟု အဓိပ္ပာယ်သက်ရောက်သည့် ပထမဆုံးသော လူမဲ့ လမျက်နှာပြင်စူးစမ်းလေ့လာရေးယာဉ်ကို ဒီဇင်ဘာလ ၂ ရက်တွင် လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အဆိုပါယာဉ်ကို တရုတ်နိုင်ငံတောင်ပိုင်းစီချန် အာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယင်းခရီးစဉ်ကို ချန်ဂီ-၃အာကာသခရီးစဉ်ဟု အမည်ပေးထားသည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်ကတည်းကပင် လကမ္ဘာ၏ဝန်းပတ်လမ်းကြောင်းအတွင်း လူမဲ့အာကာသယာဉ်ကို ဝန်းပတ်ပျံသန်းစေနိုင်ခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့နောက်တွင် အာကာသအတွင်းသို့ လူသားစေလွှတ်ပျံသန်းနိုင်သည့် တတိယမြောက်နိုင်ငံအဖြစ် ၂၀၁၃ ခုနှစ်ကတည်းက ရောက်ရှိခဲ့ပြီးဖြစ်သည်။

တောင်တရုတ်ပင်လယ် ကျွန်းစုများပြဿနာ။ ။

ယနေ့ ၂၁ ရာစုကာလတွင် ကမ္ဘာပေါ်၌ ပြဿနာပေါင်းစုံဖြစ်လျက်ရှိသည်။ ထိုသို့သော ပြဿနာများအနက် စစ်ရေး၊ နိုင်ငံရေးနယ်ပယ်အထိ ကြီးထွားလာနိုင်သော နယ်မြေပိုင်နက်အငြင်းပွားမှုများလည်း ရှိနေ

လေသည်။ ယင်းသို့သောအငြင်းပွားမှုများအနက် တောင်တရုတ်ပင်လယ်ကျွန်းစုများ သူပိုင်၊ ကိုယ်ပိုင် အငြင်းပွားမှုသည် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ပြဿနာဖြစ်လာခဲ့သည်။

တောင်တရုတ်ပင်လယ်တွင် ဆပရက်တလေ ကျွန်းစုများ၊ ပါရာစဲလ်ကျွန်းစုများဖြင့် ကျွန်းပေါင်း ၅၃ ကျွန်းရှိသည်။ ယင်းကျွန်းအသီးသီးတို့တွင် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုနှင့်ငါးများပေါကြွယ်ဝသည်။

တောင်တရုတ်ပင်လယ် နယ်နိမိတ်ပြမြေပုံ

ထိုကျွန်းစုများကို ၂၀၁၃ ခုနှစ်အတွင်း သူပိုင်၊ ကိုယ်ပိုင်အငြင်းပွားမှုပြင်းထန်လျက်ရှိနေသည်။ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်တို့အငြင်းပွားနေခြင်းဖြစ်သည်။

ဤသို့သောအခြေအနေတွင် တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်၏ ၈၀ ရာခိုင်နှုန်းကို ယင်းတို့ပိုင်ဆိုင်ကြောင်း အတိအကျပြောဆိုလာသည်။ လက်တွေ့အားဖြင့်လည်း တရုတ်အာဏာပိုင်များက ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြဦးလိုင်း ၁၀ လိုင်း ပါသည့်တရုတ်ရေပြင်ပိုင်နက်မြေပုံကို ထုတ်ပြန်ခဲ့သည်။ ယင်းမြေပုံတွင် တောင်တရုတ်ပင်လယ်အစိတ်အပိုင်းအားလုံးနီးပါးမှာ တရုတ်အစိုးရ၏ စိုးမိုးမှုအောက်တွင် ကျရောက်နေလေသည်။

ဤသည်ကို အငြင်းပွားဘက်နိုင်ငံများက မကျေမနပ်ရှိသည်။ သို့သော် မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုတိုးမြှင့်နေခြင်း၊ ဘရူနိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ အဓိကရေနံတင်ပို့သော နိုင်ငံဖြစ်နေခြင်း၊ ထိုင်ဝမ်သည်လည်းတရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတိုးမြှင့်နေခြင်းတို့ကြောင့် ယင်းနိုင်ငံများမှာ တရုတ်နိုင်ငံနှင့်အကြီးအကျယ် ထိပ်တိုက်တွေ့ဆုံမှုမရှိသလောက်ဖြစ်နေသည်။

သို့သော် တရုတ်ပြည်ကြီးက ထုတ်ပြန်လိုက်သည့်မြဦးလိုင်း ၁၀ လိုင်းပါမြေပုံအရ ဆိုရပါမူ ဖိလစ်ပိုင်ကျွန်းများနှင့် ရေပြင်အများစုမှာ တရုတ်နိုင်ငံ၏ပိုင်ဆိုင်မှုအောက်သို့ကျရောက်နေသည်။ ဤသည်ကို ဖိလစ်ပိုင်နိုင်ငံက လွန်စွာမကျေမချမ်း ရှိနေသည်။

တရုတ်နိုင်ငံနှင့် ကျွန်းများအငြင်းပွားမှုတွင် ပါဝင်နေသည့် ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ကွန်မြူနစ်စနစ်ကျင့်သုံးနေသည့် နိုင်ငံများပီပီ ကြီးကြီးကျယ်ကျယ် အငြင်းပွားခြင်းမရှိ၊ စီးပွားရေးနှင့်အခြား နယ်ပယ်များ၌ တိုးမြှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

သို့ဖြင့် တောင်တရုတ်ပင်လယ်အငြင်းပွားမှုတွင် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သာ အကျယ်အကျယ် အငြင်းပွားနေသည်။ ယင်းသို့သော်သာ အခြေအနေတွင် ဖိလစ်ပိုင်သမ္မတဘိနင်နိုအကွိနိုက ၂၀၁၃ ခုနှစ်၊ မေလ၌ ပြည်သူပြည်သားများအား ဖိလစ်ပိုင်နိုင်ငံ၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နယ်မြေကိုလည်းကောင်း အနှိုင်ကျင့် သိမ်းပိုက်လိုသည့်ရန်သူများအား ဆန့်ကျင် ဟန့်တားရန် တာဝန်ရှိကြောင်း နှိုးဆော်လိုက်သည်။ တရုတ်နိုင်ငံကို ရည်ညွှန်းလိုက်ခြင်းဖြစ်သည်။

ဤသို့သော အခြေအနေတွင် အရှေ့တရုတ်ပင်လယ်ကိစ္စကြောင့် တရုတ်နိုင်ငံနှင့် ပဋိပက္ခဖြစ်နေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံသို့လာရောက်ကာ ဖိလစ်ပိုင်သမ္မတနှင့်ဆွေးနွေးပြီး ဖိလစ်ပိုင်နိုင်ငံသို့ ရေတပ်သင်္ဘောများ ထောက်ပံ့ကူညီရန် သဘောတူခဲ့သည်။ တရုတ်ရေတပ်သင်္ဘောများကလည်း တောင်တရုတ်ပင်လယ်အတွင်းရှိ ဖိလစ်ပိုင်သင်္ဘောများကို မကြာခဏထိထိရောက်ရောက် ဟန့်တားလျက်ရှိသည်။

ယင်းသို့သောအခြေအနေများကြောင့် ဖိလစ်ပိုင်အစိုးရသည် အငြင်းပွားနေသော ကျွန်းစုများပေါ်သို့ ခေတ်မီလက်နက်များဖြင့် ၎င်းတို့၏ တပ်ဖွဲ့များကို တိုးမြှင့်ကာ ဖြန့်ကြက်ချထားသည်။ တစ်ချိန်တည်းတွင် ၎င်းတို့၏ ရေပြင်ပိုင်နက် နယ်မြေထိပါးခံရမှုနှင့်

ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့ကြီးသို့ တိုင်ကြားခဲ့ သည်။ အထူးသဖြင့် ဖိလစ်ပိုင်အစိုးရသည် ယခင်က အမေရိကန်တပ်များပြန်လည်ရုပ်သိမ်းသွားရသည့် ဖိလစ်ပိုင်၏ နာမည်ကျော်ဆူးဘစ်လေတပ်နှင့် ရေတပ်စခန်းကို အမေရိကန်တပ်များပြန်လည်နေရာချထား အသုံးပြုခွင့်ပေးရန် စဉ်းစားနေသည်ဟုဆိုသည်။

ထိုမျှသာမကသေး ၂၀၁၃ ခုနှစ်၊ စက်တင် ဘာလ ၁၈ ရက်မှစတင်ကာ ဖိလစ်ပိုင်နှင့် အမေရိကန် စစ်သည်တို့သည် လူဇုန်ကျွန်းစုပေါ်တွင် သုံးပတ်ကြာ ပူးတွဲ စစ်ရေးလေ့ကျင့်ခဲ့ကြသည်။ ပူးတွဲစစ်ရေး လေ့ကျင့်ရေး၏အမည်မှာ (PHJBLEX 2014) ဖြစ်သည်။ လေ့ကျင့်မှုတွင် စစ်ဆင်မှုမြင့်တင်ရေး၊ ချက်ချင်းတုံ့ပြန်ရေး၊ လှုပ်ရှားရေးစသည့် အဓိကလေ့ကျင့်မှုများပါရှိသည်။

တရုတ်နိုင်ငံ၏ အဓိကရည်ရွယ်ချက်မှာ ကျွန်းစု ငယ်ကလေးများကို သိမ်းပိုက်ရေးထက် တောင်တရုတ် ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်ပြင် ဝန်းကျင်ကို မဟာဗျူဟာကျကျထိန်းချုပ်ထားနိုင်ရေးအတွက်ခြိန်ဆ ဆောင်ရွက်နေပုံရကြောင်း သုံးသပ်သူများက ဆိုသည်။

တောင်တရုတ်ပင်လယ်အရေးအခင်းနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် အာဆီယံအတွင်းရေးမှူးချုပ်တာဝန်ကို ဆူရင်ပစ်ဆူဝမ်ထံမှ လွှဲပြောင်းယူရသည့် အတွင်းရေးမှူးသစ် လီလွှောင်မင်းက "အာဆီယံအဝန်းအဝိုင်း အကောင်အထည်ဖော်ရာတွင် တောင်တရုတ်ပင်လယ်အရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲ"ဟု ကြိုတင်ပြောကြားခဲ့သည်။

အုပ်စုတစ်ခုတို့ မလေးရှားနိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုင်းနိုင်ငံတောင်ပိုင်း မွတ်ဆလင်အများစု နေထိုင်ရာဒေသတွင် ၂၀၀၄ ခုနှစ်ကစပြီး တိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။

၂၀၁၃ ခုနှစ် နှစ်လယ်ကာလမှ စတင်ကာ ထိုင်းနိုင်ငံသည် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လှုပ်ယိမ်းလာခဲ့သည်။ ထိုင်းနိုင်ငံတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြသူ ရာပေါင်းများစွာသည် ဘန်ကောက်မြို့ လူစည်ကားရာ ရပ်ကွက်၌ ဇွန်လ ၂၃ ရက်မှစ၍ စုရုံးလာကြသည်။

ဆန္ဒပြမှုများတွင် ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်နှင့် ၎င်း၏အစ်ကို ပြည်နှင်ဒဏ်ခံရသူ သက်ဆင်တို့ ကို ထောက်ခံသည့် ရုပ်နိမ့်များနှင့် ရှေးရိုးစွဲဝါဒီအတိုက် အခံအဖွဲ့ကို လိုလားသည့် ရုပ်ဝါများပါဝင်ကြသည်။ ဆန္ဒပြအဖွဲ့များစွာတို့သည် ရင်လတ်အစိုးရနှင့် ၎င်း အစ်ကို၏ ဩဇာလွှမ်းမိုးမှုကို ဆန္ဒပြနေကြခြင်းဖြစ် သည်။ ဆန္ဒပြသူ ၁၅၀၀ ခန့်ရှိပြီး ငြိမ်းချမ်းစွာ ပြီးဆုံး သွားကြောင်း နေပြည်တော်ရဲအဖွဲ့အကြီးအကဲက ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ လူအသေအပျောက် များသည့် ပုန်ကန်ထကြွမှုကို အဆုံးသတ်ရန် ကြိုးပမ်း နေသည့် အဓိကလှုပ်ရှားသူတစ်ဦးအဖြစ် ရှုမြင်ခြင်း ခံရသော မွတ်ဆလင်ခေါင်းဆောင်တစ်ဦး ဩဂုတ်လ ၅ ရက်က ပစ်သတ်ခံခဲ့ရသဖြင့် ထိုင်းနိုင်ငံ၏ အနာဂတ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စိုးရိမ်ဖွယ်ရာအခြေအနေ မြင့်တက်လာခဲ့သည်။

ဤကဲ့သို့ သတ်ဖြတ်လုပ်ကြံမှုသည် ထိုင်းအစိုးရ နှင့် ဒေသတွင်းရှိ မွတ်ဆလင်သူပုန်များအကြား မွတ်ဆလင်တို့၏ ရမ်မဇန်ဥပုသ်လအတွင်း သွေးထွက် သံယိုမှုများရှောင်ရှားရန်အတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူထားသည့်ကြားမှပင် ပေါ်ပေါက် ခဲ့ခြင်းဖြစ်သည်။

သို့သော်လွန်ခဲ့သောလများအတွင်း ထိုင်းအာဏာ ပိုင်များနှင့် အာရီဆန်အမျိုးသားတော်လှန်ရေးအပါ အဝင်သူပုန်အုပ်စုအချို့တို့၏ ဆွေးနွေးမှုများကြောင့် ငြိမ်းချမ်းရေးရောင်ခြည်များ သန်းလာခဲ့သည်။

ထိုင်းနိုင်ငံ ။ ။ နိုင်ငံရေး - ထိုင်းအစိုးရသည် နိုင်ငံတောင်ပိုင်းတွင် ဆယ်စုနှစ်ကြာသော တိုက်ခိုက်မှုကို အဆုံးသတ်ရန် ရည်ရွယ်ပြီး သူပုန်များနှင့်ပထမဆုံး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဖေဖော်ဝါရီလ ၂၇ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေးသဘောတူညီချက်ကို အမျိုးသား လွတ်မြောက်ရေးရှေ့တန်းအဖွဲ့ (ဘီအာအန်) နှင့် ထိုင်းနိုင်ငံအတွင်း လှုပ်ရှားရေးအုပ်စုများအနက်

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ အတိုက်အခံထောင်ပေါင်းများစွာတို့သည် ပြည်ပတွင် တိမ်းရှောင်နေရသည့် သက်ဆင်ကို ပြည်တော်ပြန်လာပါက ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ပေးနိုင်မည့် ဥပဒေမူကြမ်းကို ကန့်ကွက်ရန် ဩဂုတ်လ ၇ ရက်တွင် လမ်းပေါ်တက်၍ ဆန္ဒပြခဲ့သည်။ နိုင်ငံရှိ ပြည်သူများမှာ ရင်လတ်အစိုးရ၏ စီးပွားရေးစွမ်းဆောင်ချက်နှင့်စပ်လျဉ်း၍ တုန်လှုပ်ချောက်ချားမှုများလည်း ကြီးမားလာသည်။

ဘန်ကောက်တက္ကသိုလ်က ကောက်ခံသည့် လူထုသဘောထားစစ်တမ်းတွင် အစိုးရကို နှစ်သက်မှုမှာ အနိမ့်ဆုံးအဆင့်အထိရောက်ရှိနေကြောင်း ဖော်ပြသည်။ နာမည်အပျက်ရဆုံးမှာ ဆန်ထောက်ပံ့ကြေးပေးမည်ဆိုသော ကိစ္စရပ်ဖြစ်သည်။ ဆန်ထောက်ပံ့ကြေးသည် သာမန်ပြည်သူတို့၏ အကျိုးကို ရည်မှော်သော သက်ဆင်၏စံပြမူဝါဒဖြစ်ခဲ့သည်။

ထိုင်းလွှတ်တော်တွင် တင်သွင်းမည့် သက်ဆင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ထိုင်းပြည်သူ ၂၀၀၀ ကျော်တို့သည် ဩဂုတ်လ ၈ ရက်တွင် ဘန်ကောက်မြို့၊ ထိုင်းလွှတ်တော်ရုံးရှေ့တွင် စုရုံးဆန္ဒပြခဲ့သည်။ ယင်းဆန္ဒပြသူများကို နှိမ်နင်းရန်အတွက် မီးသတ်ကားသုံးစီးခန့်နှင့် ရဲကားများက အသင့်နေရာယူခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်က ဖော်ပြသည်။

ဆန္ဒပြသူများကို ထိုင်းအတိုက်အခံ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အဘီဆစ်ဦးဆောင်ပြီး ၎င်းပါတီကို ထောက်ခံသောလူအမြောက်အမြား ချီတက်ဆန္ဒပြခဲ့ကြသည်။ ထိုင်းအစိုးရသည် လူ့အခွင့်အရေးကို မျက်ကွယ်ပြုရန်ကြိုးပမ်းနေကြောင်း အဘီဆစ်ကသတင်းထောက်များကို ပြောကြားသည်။

မစ္စစ်ရင်လတ်ရှင်နာဝပ်သည် သက်ဆင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဥပဒေမူကြမ်းအတွက် တက်ကြွစွာပါဝင်ခဲ့ပြီး လွှတ်တော်အတွင်း ဥပဒေမူကြမ်းတင်သွင်းရေးအတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ဆန္ဒပြသူများသည် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေမူကြမ်းတင်သွင်းရေးအစီအစဉ်ကို ရုပ်သိမ်းရေးနှင့် သက်ဆင်ကို ပြစ်ဒဏ်စီရင်ရေးဆောင်ရွက်သွားရန် တောင်းဆိုကြသည်။

ထိုင်းဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်ကို ဖိအားပေးရန်ကြိုးစားသည့်အနေဖြင့် အစိုးရကို ဆန္ဒပြသူထောင်ပေါင်းများစွာ ဘန်ကောက်၌ စုဝေးဆန္ဒပြနေချိန်တွင် အငြင်းပွားဖွယ်နိုင်ငံရေးလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်းကို ထိုင်းအထက်လွှတ်တော် ကနိုဝင်ဘာလ ၁၁ ရက်ညတွင် ပယ်ချခဲ့သည်။ ယင်းပယ်ချမှုကြောင့် ဘန်ကောက်တွင် သီတင်းနှစ်ပတ် နီးပါးကြာ လူအမြောက်အများဖြင့် စုဝေးခဲ့ကြသည့် အတိုက်အခံအင်အားစုများကို ပိုမိုအားကောင်းစေနိုင်သည်။

ရင်လတ်အစိုးရပြုတ်ကျသည်အထိ တိုက်ပွဲဝင်နေသည့် အတိုက်အခံများ

ယင်းနောက် အောက်လွှတ်တော်က ထိုသီတင်းပတ်အတွင်း ၎င်းဥပဒေကြမ်းကို အတည်ပြုပြီးနောက် ဘန်ကောက်တွင် ဆန္ဒပြမှုများနေ့စဉ်ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာလ ၁၁ ရက် ညတွင် လွှတ်တော်အဆောက်အအုံရှေ့၌ ဆန္ဒပြသူ ၅၀,၀၀၀ ခန့်ရှိခဲ့ပြီး အာဏာပိုင်များနှင့်ပဋိပက္ခများဖြစ်ပွားမည်ကို စိုးရိမ်မှုများဖြစ်ရသည့်အခြေအနေရှိခဲ့သည်။

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရန်ဝန်ကြီးချုပ်ရင်လတ်၏အာဏာရ ဖြူထိုင်းပါတီက အဆိုပြုချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု ထိုင်းဖွဲ့စည်းပုံဥပဒေတရားရုံးက နိုဝင်ဘာလ ၂၀ ရက်တွင် ဆုံးဖြတ်ခဲ့ပြီး ဖြူထိုင်းပါတီကို ဖျက်သိမ်းရန်တောင်းဆိုချက်များကိုလည်း ပလပ်ခဲ့သည်။

၂၀၀၆ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်မီဖွဲ့စည်းပုံအတိုင်း ထိုင်းအထက်လွှတ်တော်ကိုရွေးကောက်ခံ

အမတ်များဖြင့်ဖွဲ့စည်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဖြူထိုင်းပါတီက အဆိုပြုခဲ့သည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ရင်လတ်၏အစ်ကို ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်အားဖြုတ်ချခဲ့သည့် ၂၀၀၆ ခုနှစ်အာဏာသိမ်းစစ်ဘက်အရာရှိများလက်ထက်တွင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထို့နောက် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းချက်သည် ဒီမိုကရေစီနည်းကျ မဟုတ်ဘဲအာဏာရယူရန် ရည်ရွယ်သည်ဟုတရားရုံးက ကြေညာခဲ့သည်။ တရားရုံးစီရင်ချက်သည် ရင်လတ်ကို ရာထူးမှနုတ်ထွက်စေရန်အစပျိုးစေသည်ဟု အတိုက်အခံဒီမိုကရက်ပါတီကဆိုသည်။

ဤသို့ဖြင့် ဘန်ကောက်မြို့တွင် နိုင်ငံရေးပြိုင်ဘက်နှစ်ခုအကြားတင်းမာမှုများဖြစ်ပွားနေချိန် ဆန္ဒပြသူများက ဘန်ကောက်မြို့လမ်းများပေါ်တွင် ဒုတိယမြောက်နေ့အဖြစ်ချီတက်ဆန္ဒပြခဲ့ကြသည်။ ထို ဆန္ဒပြသူများက နိုဝင်ဘာလ ၂၄ ရက်တွင် မြို့တော်ဘန်ကောက်၌ ဝန်ကြီးချုပ် ရင်လတ်အစိုးရကို ဆန့်ကျင်သည့်ဆန္ဒပြပွဲကြီးပြုလုပ်ခဲ့ပြီး နိုဝင်ဘာလ ၂၅ ရက်တွင် ဘန်ကောက်မြို့နေရာအနှံ့အပြားချီတက်ဆန္ဒပြခဲ့ကြသည်။

ထိုဆန္ဒပြမှုများသည် အစိုးရကျောထောက်နောက်ခံပြု လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်းကို အကြောင်းပြု၍ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်းဥပဒေကြမ်းသည် သက်ဆင်ရှင်နာဝပ်အကျင့်ပျက်လာဘ်စားမှုအတွက်ထောင်ကျခံခြင်းမရှိဘဲ နိုင်ငံသို့ပြန်လာနိုင်မည့်ဥပဒေဖြစ်သည်။ ယင်းဥပဒေကြမ်းကြောင့်ဆန္ဒပြမှုများဖြစ်ပွားခဲ့ရသည်။ အတိုက်အခံများနှင့်အစိုးရထောက်ခံသူများအကြားသဘောထားကွဲလွဲမှုဖြစ်လာရသည်။ နိုဝင်ဘာလ ၂၅ ရက်တွင် ဒီမိုကရက်တစ်အမတ်တစ်ဦး၏ဦးဆောင်မှုဖြင့် အစိုးရဆန့်ကျင်ရေးဆန္ဒပြခဲ့သည်။ အစိုးရဆင်းပေးရန် တိုက်တွန်းခဲ့သည့်အခြေအနေထိဖြစ်လာခဲ့သည်။ ယင်းအခြေအနေကာလမှာပင်အစိုးရထောက်ခံသူ ၄၀,၀၀၀ ခန့်ကလည်း အစိုးရကိုထောက်ခံဆန္ဒပြခဲ့သည်။

ထို့နောက် ဆန့်ကျင်ဆန္ဒပြအဖွဲ့များတွင် ဦးဆောင်သူ "ဆူသက်သောင်ဆူဘန်" နှင့်အဖွဲ့များသည် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးကို စီးနင်းနေရာယူခဲ့ကြသည်။

၁၉၃၂ ခုနှစ်တွင် စည်းမျဉ်းခံဘုရင်စနစ်စတင်ကျင့်သုံးခဲ့ပြီးနောက်ပိုင်း ထိုင်းနိုင်ငံတွင် စစ်ဘက်အာဏာသိမ်းမှု ၁၈ ကြိမ်ရှိခဲ့သည်။ ဆန္ဒပြသူများသည် ၂၀၁၁ ခုနှစ်က ဝန်ကြီးချုပ်ဖြစ်လာခဲ့သော ရင်လတ်အတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေသည်။ ဖိအားများကြီးမားလာသော်လည်း ပါလီမန်ကိုဖျက်သိမ်းမည်မဟုတ်ကြောင်းနှင့် ရာထူးမှလည်းနုတ်ထွက်မည်မဟုတ်ကြောင်း ရင်လတ်ကနိုဝင်ဘာလ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ဘန်ကောက်မြို့၌ အစိုးရဆန့်ကျင်ဆန္ဒပြမှုများလေးရက်မြောက်နေ့တွင် မြို့ပြင်ရှိဝန်ကြီးဌာနစုပေါင်းရုံးသို့ဦးတည်ချီတက်သွားသည်။ မိမိတို့အနေ ဖြင့် ဝန်ကြီးရုံးများကို ဝိုင်းထားပြီးဖြစ်၍ ဝန်ကြီးဌာန ၁၄ ခုပိတ်ရလိမ့်မည်ဖြစ်ကြောင်း ဆန္ဒပြခေါင်းဆောင် ကပြောကြားသည်။ လက်ရှိအခြေအနေမှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့်အခြားသောဝန်ကြီးဌာနများတို့ကို ပစ်မှတ်ထားပိတ်ရန်ကြိုးပမ်းလျက်ရှိသည်။

အစိုးရအနေဖြင့် ဆန္ဒပြသူများအား တပ်အင်အားသုံးမည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ရင်လတ်က ပြောသည်။ "ဒီဟာကသက်ဆင်အစိုးရမဟုတ်ပါ၊ ပြည်သူကဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသည့်အစိုးရဖြစ်ကြောင်း" ပါလီမန်အပြင်ဘက်၌ မီဒီယာများကိုပြောသည်။

နိုဝင်ဘာလ ၂၉ ရက်တွင် ခြောက်ရက်မြောက်နေ့အဖြစ် ဆန္ဒပြသူများက စစ်ဌာနချုပ်ဆီသို့ဦးတည်ချီတက်ကြသည်။ အစိုးရဆင်းပေးရန် ကြိုးပမ်းမှုအစိတ်အပိုင်းအဖြစ် ဆန္ဒပြသူများက အာဏာရပါတီရုံးချုပ်ရှေ့တွင် ပိုမိုစုရုံးလာသည်။ နိုဝင်ဘာလ ၂၈ ရက်တွင် ဝန်ကြီးချုပ်ရင်လတ်က ပါလီမန်အတွင်းအယုံအကြည်မရှိအဆိုကိုအနိုင်ရပြီးနောက် လမ်းထွက်ဆန္ဒပြမှုများအဆုံးသတ်ရန် ဆန္ဒပြသူများအား တိုက်တွန်းမေတ္တာရပ်ခံချက်ကို ဆန္ဒပြခေါင်းဆောင် "ဆူသက်သောင်ဆူဘန်" က ငြင်းဆိုသည်။ ဘန်ကောက်

စစ်ဌာနချုပ်၏ ဂိတ်တံခါးကို တွန်းဖွင့်ပြီး ဆန္ဒပြအဖွဲ့များ ဝင်ရောက်ကြသည်။

ထိုသို့ ဘန်ကောက်စစ်ဌာနချုပ်အတွင်း ဝင်ရောက်ဆန္ဒပြခဲ့ပြီးနောက် ဝန်ကြီးချုပ်က ရွေးကောက်ပွဲကို စောပြီးကျင်းပလိမ့်မည် မဟုတ်ကြောင်း၊ ထိုင်းနိုင်ငံ၌ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်မရှိသေးကြောင်းကို ဘီဘီစီသို့ ပြောကြားသည်။

ရင်လတ်သည် ဖြူထိုင်းပါတီရွေးကောက်ပွဲအနိုင်ရပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းဝန်ကြီးချုပ်ဖြစ်လာသူဖြစ်သည်။ ထိုင်းနိုင်ငံ၏လက်ရှိအခြေအနေမှာ အမှားမခံသည့်အနေအထားမျိုးရောက်ရှိနေသည်။ စေ့စပ်ဆွေးနွေးမှုများဖြင့် အကျပ်အတည်းကို ဖြေရှင်းရန် လိုအပ်ကြောင်းလည်း ဝန်ကြီးချုပ်ရင်လတ်ကပြောသည်။

နိုဝင်ဘာလ ၃၀ ရက်တွင် အစိုးရထောက်ခံသူများနှင့် အစိုးရဆန့်ကျင်သူတို့၏အုပ်စုနှစ်ခုအကြား ခိုက်ရန်ဖြစ်ပွားမှုကြောင့် နှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားခဲ့သည်။

ဒီမိုကရေစီအတွက် ပြည်သူ့လှုပ်ရှားမှုဆန္ဒပြသူများက အစိုးရကို ဝင်ရောက်စီးနင်းပြီး ပြည်သူ့ကောင်စီနှင့်အစားထိုးသွားမည်ဟု ကြေညာသည်။

ဤသို့ဖြင့် အစိုးရဆန့်ကျင်ဆန္ဒပြသူများရန်မှ ကာကွယ်ပေးနေသော အဓိကရုဏ်းရဲများကိုကူညီရန် အစိုးရတပ်များဖြန့်ကြက်ချထားလိုက်ရသည်။ ၎င်းဆန္ဒပြသူများက အစိုးရအိမ်တော်ရုံးကို ဝင်ရောက်ရန်ကြိုးစားနေချိန် မျက်ရည်ယိုဗုံးများခွဲ၍ လူစုခွဲရသည်။ ဝန်ကြီးချုပ်၏ဌာနချုပ်ရုံးအပါအဝင်အဓိကအစိုးရအဆောက်အအုံများအတွင်း ဝင်ရောက်ရန် ဆန္ဒပြသူများက ခြိမ်းခြောက်သည်။ ဒီဇင်ဘာလ ၁ ရက်က ဝန်ကြီးချုပ်ရင်လတ်ဆင်းပေးရန်ရည်ရွယ်၍ ရှစ်ရက်မြောက်နေ့အဖြစ် ဘန်ကောက်၌ဆန္ဒပြသည်။

ဒီဇင်ဘာလ ၁ ရက်နှင့် ၂ ရက်တို့တွင် မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များအသုံးပြုဖြိုခွင်းခဲ့ပြီးနောက် ထိုင်းရဲတပ်ဖွဲ့က အဆိုပါအတားအဆီးများကို ဖယ်ရှားပေးလိုက်သည်။ ထိုသို့ပြုလုပ်လိုက်ခြင်းဖြင့် အနာဂတ်တွင်ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားမည်ဖြစ်ကြောင်းတာဝန်ရှိသူများက ပြောသည်။ ဆန္ဒပြသူများက ထိုင်းဝန်ကြီးချုပ်မစွစ်ရင်လတ်ကို ရာထူးမှဆင်းပေးရန်တောင်းဆိုနေခြင်းအပေါ် ၎င်းကငြင်းဆိုထားသည်။ ဝန်ကြီးချုပ်က ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုပြုလုပ်သွားမည်ဟုဆိုသော်လည်း ဆန္ဒပြသူများက တရားလည်းမဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း မကိုက်ညီသည့် ရွေးကောက်တင်မြှောက်သောကောင်စီတစ်ခုဖြင့် အစိုးရကိုအစားထိုးမည်ဟုဆိုသည်။

ဘန်ကောက်မြို့ရှိ ဝန်ကြီးချုပ်ရင်လတ်၏အစိုးရရုံးကို ဝင်ရောက်ရန်ကြိုးပမ်းသူများကို ဒီဇင်ဘာလ ၂ ရက်နေ့ညက ကွန်ကရစ်များ၊ သံဆူးကြိုးများကာရံထားပြီး မီးသတ်ပိုက်များ၊ ရော်ဘာကျည်ဆန်များအသုံးပြုကာ ရဲများက တားဆီးခဲ့သော်လည်း ဒီဇင်ဘာလ ၃ ရက် အစောပိုင်းတွင်မူ ယင်းအတားအဆီးများကို ရဲများက ဖယ်ရှားကာ ဆန္ဒပြသူများကို ကြိုဆိုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဒီဇင်ဘာလ ၅ ရက်တွင် ကျရောက်မည့် ထိုင်းဘုရင်ဘူမိဘောဓ၏မွေးနေ့ကို ပြည်သူအားလုံးပါဝင်ဆင်နွှဲနိုင်ရေးအတွက် ယင်းသို့ ရပ်ဆိုင်းခဲ့ကြသည်။

ထိုင်းဘုရင်ဘူမိဘောအဒူလျာဒက်ကျွန် နိုင်ငံကောင်းရန်အတွက် အပြန်အလှန်ကူညီပေးကြပါရန် ၎င်း၏မွေးနေ့အခါသမယမိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။ ဤသို့ဘန်ကောက်မြို့၌ အကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ရပ်နားထားစဉ် ဘုရင်၏ (၈၆) နှစ်မြောက်မွေးနေ့ပွဲကျင်းပခဲ့ကြသည်။

ဒီဇင်ဘာလ ၅ ရက်တွင် ထောင်ပေါင်းများစွာသော ပြည်သူများသည် ဘုရင်၏ကလိုင်ကန်ဝမ်နန်းတော်အနီးရှိ ဟွာဟင်းမြို့သို့ ဦးတည်သွားရောက်ကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လတ်သည် တိုင်းပြည်၏ နိုင်ငံရေးအခြေအနေကို အနီးကပ်စောင့်ကြည်ရန်အတွက် ကြိုတင်စီစဉ်ထားခဲ့သော ပြည်ပခရီးစဉ်များကို ဖျက်သိမ်းလိုက်သည်ဟု အစိုးရပြောခွင့်ရပုဂ္ဂိုလ်က ဒီဇင်ဘာလ ၆ ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ်ရင်လတ်သည် ဒီဇင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရုရှားသို့သွားရောက်မည့်ခရီးစဉ်

ကို လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ၁၁ ရက်၌ ကျင်းပမည့် (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) ဖွင့်ပွဲအခမ်းအနားသို့ သွားရောက်ရန်ခရီးစဉ်ကိုလည်းကောင်း၊ ဒီဇင်ဘာလ ၁၂ ရက်မှ ၁၅ ရက်ထိ တိုက်ပြုမြို့၌ ကျင်းပမည့် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးသို့ လည်းကောင်း သွားရောက်ရန် ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

သို့သော် ဝန်ကြီးချုပ်ရင်လတ်က ပါလီမန်ကို ဖျက်သိမ်းရန် ကြေညာလိုက်ပြီး ရွေးကောက်ပွဲကျင်းပရန်လည်း တိုက်တွန်းလိုက်သည်။ အစိုးရအနေနှင့် ပြည်သူများ၏ အသက်အိုးအိမ်ဆုံးရှုံးမှုများမလိုလားကြောင်း ရင်လတ်က ဒီဇင်ဘာလ ၉ ရက်တွင် ပြောကြားသည်။ ယင်းအဆင့်သည် လူအများစုက အစိုးရကို ဆန့်ကျင်နေဆဲအချိန်ဖြစ်ပြီး အကောင်းဆုံး

ပြည်တွင်းမငြိမ်မသက်မှု ဖြစ်ပွားနေသော်လည်း အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးနွေးထွေးနေသည့် ထိုင်းဝန်ကြီးချုပ် မစွစ်ရင်လတ်ရှင်နာဝပ်

ထိုင်းလွှတ်တော်အတွင်း လက်ရှိတာဝန်ထမ်းဆောင်နေသော ဒီမိုကရက်ပါတီအဖွဲ့ဝင်ဥပဒေပြုလွှတ်တော်အမတ် ၁၅၀ ခန့်ရှိသည်။ ယခုလက်ရှိရင်လတ်အစိုးရသည် တိုင်းပြည်ကို နည်းလမ်းမှန်ကန်စွာအုပ်ချုပ်နေခြင်းမဟုတ်သည့်အတွက် လွှတ်တော်အတွင်းဆုံးဖြတ်ချက်များသည်လည်း နည်းလမ်းမမှန်သည့်အပြင်တရားမျှတမှုဖြင့် ဝေးကွာနေသဖြင့် ဒီဇင်ဘာလ ၈ ရက်တွင် လွှတ်တော် အဖွဲ့မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အတိုက်အခံပါတီခေါင်းဆောင်အဘီဆစ်က ပြောကြားခဲ့သည်။

ထိုင်းအစိုးရဆန့်ကျင်ရေးဆန္ဒပြအဖွဲ့ ခေါင်းဆောင် ဆူသက်သောင်ဆူဘန်သည် မကြာသေးမီအချိန်တွင် ဝန်ကြီးချုပ်ရင်လတ်နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သဖြင့် ဆန္ဒပြပွဲများဆက်လက်ပြုလုပ်သွားရန်စီစဉ်နေသည်။

နည်းမှာ အာဏာကိုပြည်သူတို့အား ပြန်အပ်ရန် ရွေးကောက်ပွဲ တစ်ရပ်ကျင်းပရမည်ဖြစ်သည်။ သို့အတွက်ပြည်သူများ ဆုံးဖြတ်ရပါလိမ့်မည်ဟု ယင်း၏သဘောထားကို ထုတ်ဖော်ပြောကြားသည်။ ပါလီမန်ကိုဖျက်သိမ်းသော်လည်း အစိုးရဆန့်ကျင်ဆန္ဒပြမှုများအဆုံးသတ်မည်မဟုတ်ကြောင်း နောက်တစ်ဖန်ဆန္ဒပြမှုပြုလုပ်ရန်အတိုက်အခံ ခေါင်းဆောင်သောင်ဆူဘန်က ဆော်သြလိုက်ချိန် ထိုင်းဝန်ကြီးချုပ်က မှတ်ချက်ပြုပြောဆိုခဲ့ခြင်းဖြစ်သည်။ အာဏာကို ရွေးကောက်တင်မြှောက်ခြင်းမပြုဘဲ ပြည်သူ့ကောင်စီနှင့် အစားထိုးလွှဲပြောင်းပေးသင့်သည် ဟု အတိုက်အခံကဆိုသည်။ ဝန်ကြီးချုပ်ရင်လတ်၏ အစိုးရကိုဂုဏ်း၏အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကလွှမ်းမိုးချုပ်ကိုင်နေသည်ဟု ဆန္ဒပြသူများက ရှုတ်ချပြောဆိုလျက်ရှိကြသည်။

ထိုင်းဝန်ကြီးချုပ်မစွစ်ရင်လတ်က ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ရွေးကောက်ပွဲမတိုင်မီနုတ်ထွက်ရန် ဆန္ဒပြသူများ၏ တောင်းဆိုမှုများကို လက်မခံနိုင်ကြောင်းပြောဆိုလိုက်သည်။ ထိုင်းနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုအဆိုးရွားဆုံးအခြေအနေနှင့်ရင်ဆိုင်နေရသည်။ သို့ပါ၍ မစွစ်ရင်လတ်က ဆန္ဒပြသူများအား ဆန္ဒပြမှုရပ်တန့်ပေးရန်ဆော်သြလိုက်သည်။ လာမည့်အစိုးရသစ်ရွေးချယ်ရန် ရွေးကောက်ပွဲစနစ်ကို အသုံးပြုမည်ဟု ၎င်းကဆိုသည်။ "ကျွန်မတို့ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကြားဖြတ်ဝန်ကြီးချုပ်အလုပ်ကို ကျွန်မထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အားလုံးကို အမျှတဆုံးဖြစ်အောင် လုပ်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းကထပ်မံပြောဆိုသည်။

ဝန်ကြီးချုပ်ရင်လတ်က The Nation ရုပ်သံသတင်းတစ်ရုပ်မှတစ်ဆင့် ပါလီမန်ကို ဖျက်သိမ်းကာ ထိုင်းဘုရင်မင်းမြတ်၏ ခွင့်ပြုချက်ရယူပြီးနောက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမသီတင်းပတ်အတွင်း လွှတ်တော်ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးမည်ဟု ကတိပြုပြောကြားခဲ့သည်။ သို့သော် အင်အား ၁,၅၀,၀၀၀ နီးပါးရှိသော အစိုးရဆန့်ကျင်သူများသည် ဆန္ဒပြပွဲများကို ရပ်တန့်ခဲ့ခြင်းမရှိပေ။

ဆန္ဒပြအဖွဲ့ခေါင်းဆောင် ဆူသက်သောင်ဆူဘန်က ရင်လတ်နှင့် အစိုးရအဖွဲ့သည် လွှတ်တော်ကို ဖျက်သိမ်းပေးမည်ဖြစ်သော်လည်း ၎င်းတို့၏ အာဏာကိုစွန့်လွှတ်ပေးခြင်းမရှိကြောင်းနှင့် ထိုသို့ပြုလုပ်မည့်ရွေးကောက်ပွဲအတွင်းဖြူထိုင်းပါတီအာဏာရရှိလာရေးကို နည်းမျိုးစုံဖြင့် ကြိုးပမ်းသွားဖွယ်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ရင်လတ်အစိုးရအနေဖြင့် အာဏာကိုအပြီးအပိုင်စွန့်လွှတ်ကာ "ပြည်သူ့ကောင်စီ" လက်တွင်းသို့အာဏာအပ်နှင်းရန်တောင်းဆိုလျက်ရှိသည်။ ထို့ပြင် ပြီးခဲ့သည့်အထွေထွေရွေးကောက်ပွဲတွင် ဖြူထိုင်းပါတီကို ရှုံးနိမ့်ခဲ့သော ဒီမိုကရက်ပါတီကလည်း လွှတ်တော်မှနုတ်ထွက်ကာ ဆန္ဒပြသူများနှင့် ဒီဇင်ဘာ ၉ ရက်တွင် လာရောက်ပူးပေါင်းခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း အဘီဆစ်သည် ၂၀၁၀ ပြည့်နှစ် ဆန္ဒပြသူများအား ဖြိုခွင်းရာတွင် လူသတ်မှုဖြင့် တရားဝင်တရားစွဲဆိုခံထားရသူဖြစ်သည်။ ယင်း ဆန္ဒပြမှုဖြစ်စဉ်အတွင်း လူပေါင်း ၉၀ ကျော်သေဆုံးခဲ့ရသည်။ အတိုက်အခံဒီမိုကရက်တစ်ပါတီကို ဦးဆောင်ခဲ့သောမစွတာအဘီဆစ်က ယင်းစွပ်စွဲမှုကိုငြင်းဆိုလိုက်သည်။ ယင်းတရားစွဲဆိုမှုသည် လက်ရှိဝန်ကြီးချုပ်ရင်လတ်အား ဆန့်ကျင်မှုများဖြစ်ပွားခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူများကအစိုးရအိမ်တော်သို့ဝင်ရောက်ခဲ့သည်။ ဆန္ဒပြခေါင်းဆောင်သောင်ဆူဘန်သည်တစ်ချိန်က အဘီဆစ်၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သည်။ ၎င်းသည်လည်း ၂၀၁၀ ဆန္ဒပြလူသတ်မှုဖြင့် တရားစွဲဆိုခံထားရသည်။ သို့သော် ၎င်းအား ကြားနာစစ်ဆေးမှုကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားသည်။

ထိုင်းနိုင်ငံမှ ရှုပ်နီဝတ်သမားများက ထိုင်းဝန်ကြီးချုပ်ရင်လတ်ကိုထောက်ခံကာကွယ်ပေးရန် စုရုံးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ အတိုက်အခံပါတီမှ ထောက်ခံဆန္ဒပြသူများကို ဆန့်ကျင်၍ ထိုင်းအစိုးရအား ကာကွယ်ပေးရန် ရှုပ်နီဝတ်များလမ်းပေါ်ထွက်ကာ စုရုံးသွားမည်ဟု ဆိုသည်။

၎င်းအတိုက်အခံသမားများကြောင့် နိုင်ငံအတွင်းပျက်စီးဆုံးရှုံးမှုများသည့် အကြမ်းဖက်မှုများ ဖြစ်ပေါ်စေခဲ့သည်ဟု ရှုပ်နီသမားများက ထောက်ပြခဲ့သည်။ ရှုပ်နီသမားများဖြစ်သည့်အာဏာရှင်စနစ်ဆန့်ကျင်ရေးဒီမိုကရေစီစုပေါင်းအဖွဲ့ (UDD) ၏ ခေါင်းဆောင်ဖြစ်သူ သီတာသဝန်ဆက်ကမူဆူသပ်သည် နိုင်ငံရေးပြောဆိုစည်းရုံးရာ၌ လူဦးရေ ၆၆ သန်းခန့်နေထိုင်သော ထိုင်းနိုင်ငံတွင် သက်ဆင်တို့မောင်နှမကို ချစ်မြတ်နိုးဆဲဖြစ်သော ပြည်သူသန်းပေါင်းများစွာ ရှိနေသေးသည်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်းပြောဆိုသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့လမ်းများပေါ်တွင် ရွက်ဖျင်တဲများထိုးကာ နေထိုင်လျက်ရှိသော အစိုးရဆန့်ကျင်သူများကို ဆန္ဒပြအဖွဲ့ခေါင်းဆောင်ဆူသက်သောင်ဆူဘန်က ဒီဇင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နောက်ထပ်ဆန္ဒပြပွဲများထပ်မံပြုလုပ်ရန် တပ်လှန့်ထားသည်။ ရင်လတ်အနေဖြင့် ကြားဖြတ်

ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ဆုပ်ကိုင်မထားနိုင်ရေးအတွက် အပြင်းအထန်ဖိအားပေးမှုများ ပြုလုပ်နေကြောင်း သောင်ဆူဘန်က ဒီဇင်ဘာလ ၁၇ ရက် ညပိုင်းတွင် ထုတ်ဖော်ပြောကြားသည်။

အစိုးရအဖွဲ့ကို ဆန့်ကျင်သောလူဦးရေ ၁,၆၀,၀၀၀ ခန့်ပါဝင်သည့်ဆန္ဒပြသူများသည်ဒီဇင်ဘာ ၉ ရက်နေ့မှစတင်၍ ဝန်ကြီးချုပ်ရုံးကို ဝန်းရံဆန္ဒပြမှုများပြုလုပ်ခဲ့ရာ လောလောဆယ်ပြဿနာများပြေလည်စေရန်အတွက်လာမည့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှောင်တခင်ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးမည်ဟု ကတိပြုခဲ့သည်။

ထိုင်းအထူးစုံစမ်းစစ်ဆေးရေးဌာနက အစိုးရဆန့်ကျင်ဆန္ဒပြခေါင်းဆောင်၁၈ ဦး၏ ဘဏ်ငွေစာရင်းများကို ရပ်ဆိုင်းထားမည်ဖြစ်သည်။ နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆိုထားမှုကိုသိရှိစေရန် ပြည်သူ့ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးကော်မတီ(ပီဒီအာစီ)အထွေထွေအတွင်းရေးမှူးဆူသက်သောင်ဆူဘန်အပါအဝင်ခေါင်းဆောင် ၁၇ဦးကို ဒီဇင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက်တွင် သတင်းပို့ဆင့်ခေါ်ထားကြောင်း အထူးစုံစမ်းစစ်ဆေးရေးဌာနညွှန်ကြားရေးမှူးချုပ်တာရစ်ပန်ဒစ်သ်၏ ပြောကြားချက်ကို ထုတ်ဖော်ထားသည်။ ဆန္ဒပြပွဲများကို ဘဏ္ဍာငွေကြေး ဆက်လက်ထောက်ပံ့ပေးနေသူများသည် တရားစွဲဆိုခံရဖွယ်ရှိသည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်သော ရွေးကောက်ပွဲများကို သပိတ်မှောက်မည်ဟု ထိုင်းအတိုက်အခံပါတီက ဒီဇင်ဘာလ ၂၁ ရက်တွင် ကြေညာခဲ့သည်။ ၎င်းအတိုက်အခံပါတီမှ သပိတ်မှောက်မည်ဟုကြေညာခဲ့ပြီးနောက် ဘန်ကောက်မြို့တွင်ထောင်သောင်းချီသောအတိုက်အခံပါတီ ထောက်ခံသူများက လက်ရှိရင်လတ်အစိုးရကို ဖယ်ရှား၍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးရန်လမ်းပေါ်ထွက် ချီတက်ဆန္ဒပြနေကြသည်။

ဘန်ကောက်မြို့အတွင်းအစိုးရ ဆန့်ကျင်ရေးဆန္ဒပြပွဲများ အတန်ကြာအောင်ဖြစ်ပွားနေခဲ့ပြီး အစိုးရထောက်ခံသူများနှင့်အတိုက်အခံများ အကြားပဋိပက္ခများဖြစ်ပွားခဲ့မှုကြောင့် လူလေးဦးသေဆုံးကာ ထိခိုက်ဒဏ်ရာရသူများပြားစွာရှိခဲ့သည်။

ထို့ပြင် ထိုင်းအတိုက်အခံဒီမိုကရက်တစ်ပါတီသည် လာမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ သပိတ်မှောက်၊ မမှောက်အပေါ် ဆုံးဖြတ်ချက်မချမီ၌ ပါတီ၏ခေါင်းဆောင်အဖြစ်ဝန်ကြီးချုပ်ဟောင်း အဘီဆစ်အားပြန်လည်ရွေးချယ်ခဲ့သည်။ အဘီဆစ်ဝန်ကြီးချုပ်ကာလ ၂၀၁၀ ပြည့်နှစ်၊ ပတ်ဝန်းကျင်က အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများအား နှိမ်နင်းစဉ် လူနှစ်ဦးသေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး လူသတ်မှုဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ၎င်းဆန္ဒပြပွဲများနှိမ်နင်းစဉ်က ၉၁ ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုင်းအစိုးရရွေးကောက်ပွဲတွင်ပါဝင်၊ မပါဝင်နှင့်ပတ်သက်၍ ဒီမိုကရက်တစ်ပါတီသည် မကြာမီဆုံးဖြတ်မည်ဖြစ်သည်။

စီးပွားရေး - မစွစ်ရင်လတ်သည် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲအနိုင်ရခဲ့ပါက ၎င်း၏အစိုးရသည် လယ်သမားများထံမှ ခြွေလှေ့မထားရသေးသောစပါးများကို စျေးကွက်ပေါက်စျေး၏ နှစ်ဆ (သို့မဟုတ်) တစ်တန်လျှင်ဘတ် ၁၅,၀၀၀ (အမေရိကန်ဒေါ်လာ ၅၀၀) နှုန်းဖြင့်တိုက်ရိုက်ဝယ်ယူသွားမည်ဟု ကတိပြုခဲ့သည်။ ယင်းအစီအစဉ်ဖြင့် ဆင်းရဲသားလယ်သမားများထံ ငွေကြေးရောက်ရှိစေပြီး ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ပေးမည်ဖြစ်သည်။ အတိုက်အခံပြုသူတို့ကမူ ယင်းအစီအစဉ်သည် အကုန်အကျများသဖြင့် မဖြစ်နိုင်ဟု သတိပေးခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာ့စျေးကွက်များမှ ဤနည်းဖြင့် ဆန်ပြန်လည်ရုပ်သိမ်းခြင်းကြောင့် စျေးနှုန်းမြှင့်တင်ရာရောက်ကြောင်း သက်ဆင်၏ အကြံပေးများကဆိုကြသည်။

သီအိုရီအရ ကောင်းမွန်သော်လည်း လက်တွေ့တွင်မူ အခြားနိုင်ငံများသည် ထိုင်းနိုင်ငံနှင့်အတူပင် စျေးပြိုင်လျှော့ချ၍ ရောင်းခဲ့သည်။

ယင်းနောက် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့သည် ထိုင်းနိုင်ငံကို သာလွန်ကာ ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံများအဖြစ်ရပ်တည်လာကြသည်။ ဝယ်လက်ရှာမရသည့်အဆုံး ထိုင်းအစိုးရသည် တန်ချိန် ၁၈

သန်းမျှရှိသော ဆန်များကို သိုမှီးထားရပေတော့သည်။

ဤသို့ဖြင့် ဆန်များကို သိုလှောင်ထိန်းသိမ်းစရိတ်၊ သယ်ယူစရိတ်၊ တန်ဖိုးကြီးလှသည့် ဂိုဒေါင်သစ်များဆောက်လုပ်ရခြင်းနှင့် ဂိုဒေါင်များထဲရှိဆန်များအချိန်ကြာလာသည်နှင့်အမျှ အရည်အသွေးကျဆင်းသွားမည်ကိုလည်း ထိတ်လန့်ဖွယ်ဖြစ်ရသည်။ ထို အရည်အသွေးကျသည့်ဆန်များကို လေလံတင်၍ ရောင်းချရာတွင် စိတ်ပျက်ဖွယ်ဖြစ်ခဲ့ရသည်။ ထိုင်း အစိုးရသည် ဆန်တန်ချိန် တစ်သန်းခန့်ရောင်းရန် မျှော်မှန်းခဲ့သော်လည်း တန်ချိန်နှစ်သိန်းစွန်းစွန်းမျှသာ ရောင်းချနိုင်ခဲ့သည်။ သို့ရာတွင် နိုင်ငံရင်းနှီးမြှုပ်နှံမှုများစွာပြုခဲ့သည့် မစ္စစ်ရင်လတ်က ထိုသို့ပင် ဆက်လက်ဆောင်ရွက်မည်ဟု ကတိပြုပြုန်သည်။

ထို့နောက်ပိုင်း ထိုင်းဝန်ကြီးချုပ် မစ္စစ်ရင်လတ်ကများယွင်းကြောင်း ဝန်ခံပြောဆိုခဲ့ကာ နောက်တစ်ကြိမ်ကြိုးစားခဲ့ပုံမှာ ရင်လတ်အစိုးရသည် မြန်ဆန်စွာ ဆန်ဝယ်ယူမည့် အခြားအစိုးရများကို ရှာဖွေခဲ့ပြီး အီရန်နိုင်ငံသို့ အနည်းငယ်သောဆန်တန်ချိန် ၂၅၀,၀၀၀ တင်ပို့ရောင်းချခဲ့သည်။

ရလဒ်အနေဖြင့် ထိုင်းအစိုးရ၏ ကြွေးမြီအဆင့်များမှာ မြင့်တက်လာပြီး ဘဏ္ဍာရေးဆိုင်ရာ အကဲဖြတ်အေဂျင်စီတစ်ခုဖြစ်သည့် Moody's က ဆန်စပါးစီမံကိန်းသည် ထိုင်းနိုင်ငံဘဏ္ဍာရေးကျင့်ဝတ်နည်းလမ်းကို စိုးရိမ်ဖွယ်ရာဖြစ်စေလျက်ရှိကြောင်း သတိပေးထားသည်။

ထိုင်းနိုင်ငံ၏ ဘတ်ငွေအရေးပါမှုမှာ ပြည်ပပို့ကုန်နှင့်ပုဂ္ဂလိကကဏ္ဍများတွင်သာမက စျေးကွက်ကိုပါ လှုံ့ဆော်ခဲ့ပြီး ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် ထိုင်းဘတ်ငွေကို နိုင်ငံခြားငွေကြေးများနှင့်လဲလှယ်ခွင့်ပြုပြီးချိန်က ထိုင်းဘတ်ငွေတန်ဖိုးမှာ အမေရိကန် ဒေါ်လာနှင့်ယှဉ်၍ မြင့်တက်ခဲ့ကြောင်း မတ်လ ၂၀ ရက် တွင် ဖော်ပြသည်။ မတ်လ ၁၉ ရက်တွင် ထိုင်းဘတ်ငွေတန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၂၉ ဒသမ ၃၂ မှ ၃၅ ဘတ်အထိဖြစ်ခဲ့သဖြင့် လွန်ခဲ့သော ၁၆ နှစ်အတွင်း မခန့်မှန်းနိုင်သည့်အဆင့်ဖြစ်သည်။ ၂၀၁၃ ခုနှစ် နှစ်စမှာပင် ထိုင်းဘတ်ငွေတန်ဖိုးမှာ လေးရာခိုင်နှုန်းနီးပါးမြင့်တက်ခဲ့ပြီး အာရှနိုင်ငံငွေကြေးများထဲတွင် အလျင်မြန်ဆုံးဖြစ်သည်။

ထိုင်းဘတ်ငွေမှာ ရှယ်ယာတန်ဖိုးနှင့်ရင်းနှီးမြှုပ်နှံမှုစျေးကွက်သို့ အမြောက်အမြားစီးဝင်မှုကြောင့် ၎င်း၏တန်ဖိုးမှာ ဆက်လက်မြင့်တက်နေမည်ဖြစ်သည်။

ထိုင်းနိုင်ငံမှ အဆောက်အအုံဆောက်လုပ်သောလုပ်ငန်းရှင်များ၊ ဗိသုကာပညာရှင်များ၊ အိမ်တွင်းအလှဆင်မှုပိုင်းဆိုင်ရာ လုပ်ငန်းရှင်များ၊ အဆောက်အအုံတီထွင်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းရှင်များက မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအား လက်တွဲလုပ်ကိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ယင်းသို့ဖိတ်ခေါ်ခြင်းကို မေလ ၂၈ ရက်တွင် ရန်ကုန်မြို့၊ နေပြည်တော်၊ မေလ ၃၀ ရက်တွင် မန္တလေးမြို့၌ ထိုင်း-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ ထိုင်း-မြန်မာ နှစ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးစခန်းလေးခုမှ လက်ရှိကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အပြင် မေလအတွင်းက နောက်ထပ်နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုထပ်မံ ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံဘက်မှ သဘာဝဓာတ်ငွေ့ရည်များတင်သွင်းပြီး လျှပ်စစ်ဓာတ်အား ၂၁၆ မဂ္ဂါဝပ်ကျော်ကို ထားဝယ်ဒေသတွင် ထုတ်လုပ်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ဩဂုတ်လ ၄ ရက်တွင် သိရှိရသည်။ လျှပ်စစ်ဓာတ်အား ၂၁၆ မဂ္ဂါဝပ်ထုတ်လုပ်ရန် အတွက် ကနဦးအနေဖြင့် ၃၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် သဘာဝဓာတ်ငွေ့ရည်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်ရုံကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး ကျန်ရှိသည့် ၁၈၀ မဂ္ဂါဝပ်ထုတ်လုပ်ရန် သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် အပြီးတည်ဆောက်ရန် လျာထားကြောင်းသိရသည်။

ထိုင်းရော်ဘာခြံတောင်သူများက စျေးကွက်အတွင်းထိုးကျနေသော ရော်ဘာစျေးကို ပြန်လည်ကာမိစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်နိုင်ရန် ထိုင်းအစိုးရထံမှ ငွေကြေးထောက်ပံ့မှုများတောင်းဆို

ကြရာတွင် ထိုင်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခ ဖြစ်ပွားခဲ့ပြီး ရဲအရာရှိစုစုပေါင်း ၂၁ ဦးခန့် ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ်လ ၂၂ ရက်မှစ၍ ပရာချပ်ခရီခမ်ပြည်နယ်ဘမ်ဆပန်ခရိုင်အတွင်း စတင် ခဲ့သော ဆန္ဒပြမှုများအတွက် ဆန္ဒပြခေါင်းဆောင် များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် စက်တင်ဘာလ ၆ ရက်တွင် ပရာချပ်ခရီခမ်ပြည်နယ်သို့ ဒုတိယဝန်ကြီး ပရာချာပရွန်နောက်ဦးဆောင်သော အစိုးရအဖွဲ့ဝင်များ ထွက်ခွာသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းရော်ဘာကုန် ပစ္စည်းများကို ထုတ်လုပ်ရောင်းချနေသည့် နိုင်ငံဖြစ် သော်လည်း ယင်းကဲ့သို့ ဆန္ဒပြမှုများကြောင့် ရော်ဘာ ကုန်သဘော်ဘာခရီးစဉ်များကို ယာယီရပ်ဆိုင်းထားခဲ့သည်။

ထိုင်းဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်သည် အမေ ရိကန်ဒေါ်လာ ၁၉ ဒသမ ၅ မီလီယံ အသားတင်ပိုင် ဆိုင်ပြီး ကက်ဘိနက်အဖွဲ့ဝင်များထဲတွင် အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး အေဂျင်စီက ဩဂုတ်လ ၂၇ ရက်တွင် ထုတ်ဖော် ပြောကြားသည်။

ထိုင်းနိုင်ငံအမျိုးသားလာဘ်ပေးလာဘ်ယူတိုက် ဖျက်ရေးကော်မရှင် (NACC) က ဇွန်လမှစ၍ ခန့်အပ် သည့် ကက်ဘိနက်အဖွဲ့ဝင်သစ်များ၏ ပိုင်ဆိုင်မှု ပမာဏကို ဩဂုတ်လ ၂၇ ရက်က ထုတ်ဖော်ခဲ့ခြင်းဖြစ် သည်။ ယင်းအဖွဲ့အစည်း၏ ဥပဒေတစ်ရပ်မှာ ကက်ဘိ နက်အဖွဲ့ဝင်များသည် ၎င်းတို့တာဝန်မထမ်းဆောင်မီ နှင့် တာဝန်ထမ်းဆောင်ပြီးနောက် ၎င်းတို့၏ ပိုင်ဆိုင်မှု ကို ကြေညာရမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် အစိုးရသစ်တာဝန်ယူသည့်အချိန်တွင် နှစ် နိုင်ငံဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှုကို ဆက်လက် တိုးမြှင့်နိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံသို့ နှစ်ကြိမ်သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီး ချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဖြစ်သူ မစွစ်ရင်လတ်ရှင်နာဝပ် သည်လည်း မြန်မာနိုင်ငံသို့ သုံးကြိမ်လာရောက်ခဲ့ သည်။ ယင်းသို့ နှစ်နိုင်ငံအကြီးအကဲများ အပြန်အလှန် သွားရောက်နိုင်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု ကို တိုးမြှင့်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုများ ဆက်လက်မြှင့်တင်လာနိုင်မည်ဖြစ် ကြောင်း နှစ်နိုင်ငံစလုံးက ခိုင်မာစွာ ယုံကြည်ထားကြ သည်။

၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သုံးကြိမ်သွား ရောက်နိုင်ခဲ့ပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Palimapragem သည်လည်း မြန်မာနိုင်ငံသို့လေးကြိမ်လာရောက်နိုင်ခဲ့သည်။ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးတိုးတက်ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက် မှုများကို အသိအမှတ်ပြုခြင်းအားဖြင့် မေလတွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား "Knight Grand Cross, (First Class) of the Most Noble Order of the Crown of Thailand" တော်ဝင်ဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့သည်။

ထိုင်းဝန်ကြီးချုပ်သည် နိုင်ငံ ၄၁ နိုင်ငံသို့ ၅၂ ကြိမ်ခရီးထွက်ခဲ့သည်။ ပြည်ပသို့ ကုန်စည်တိုးမြှင့်တင် ပို့ရေး၊ ကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးနှင့် ထိုင်းနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှုန်းမြင့်မားလာစေရေးအတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ရေးရာ - ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁ ဒသမ ၇ သန်းကို မြန်မာအစိုးရက အထောက်အထားများထုတ်ပေးပြီး ဖြစ်သော်လည်း အလုပ်သမားခုနစ်သိန်းခန့်မှာ ထိုင်း နိုင်ငံတွင် အထောက်အထားမဲ့ အလုပ်သမားများ အဖြစ် နေထိုင်ရဆဲဖြစ်သည်။ ထိုင်းနိုင်ငံ မဲဆောက်မြို့ တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားသုံးသိန်းခန့်ရှိပြီး အလုပ်သမားများ၏ ရာခိုင်နှုန်း ၈၀ မှာ အထောက်အထားမဲ့ အလုပ်သမား များဖြစ်နေကြောင်း သိရသည်။ ထို့အပြင် ထိုင်း နိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရခြင်း၊ လူကုန်

ကူးခံရခြင်း၊ ပွဲစားများ၏ လိမ်လည်မှုကို ခံရခြင်း၊ အလုပ်ရှင်ပြောင်းခွင့်မရှိခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိပါက လျော်ကြေးရရှိရန် ခက်ခဲခြင်း၊ အလုပ်လုပ်ခွင့် လက်မှတ်သက်တမ်းတိုးရန် နည်းစနစ်နားလည်မှု မရှိခြင်း၊ ဘာသာစကား မတတ်ကျွမ်းခြင်း၊ စာရွက်စာတမ်းများနှင့် အထောက်အထားများကို အလုပ်ရှင်က သိမ်းဆည်းထားခြင်းဟူသော ပြဿနာများနှင့် ကြုံတွေ့ကြရသည်။

ထိုင်းနိုင်ငံရှိ တရားမဝင်မြန်မာအလုပ်သမားများကို တရားဝင်အထောက်အထားများ ထုတ်ပေးရေးအတွက် သက်တမ်းထပ်မံတိုးပေးရန် ငါးကြိမ်မြောက် အဖြစ် ထိုင်းအစိုးရထံတောင်းဆိုထားသည်။ တရားမဝင် အလုပ်သမားများအထောက်အထားထုတ်ပေးရန် ကျန်ရှိနေပြီး အထောက်အထားရရှိထားသူများအနက် သက်တမ်းကုန်ဆုံးသူများကို သက်တမ်းထပ်မံတိုးပေးရန်စသည့်ကိစ္စများကျန်ရှိနေသဖြင့် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ထားသည့်အထောက်အထားထုတ်ပေးရေးရုံးကို ဆက်လက်ဖွင့်လှစ်ရန် တောင်းဆိုထားသည်။

ထိုင်းရောက် တရားမဝင်မြန်မာအလုပ်သမားများကို အထောက်အထားထုတ်ပေးရေးအတွက် ထိုင်းအစိုးရက ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ယခုနှစ် မေလ ၁၅ ရက်နှင့် ဩဂုတ်လ ၁၁ ရက်တို့တွင် စုစုပေါင်းလေးကြိမ်ခွင့်ပြုခဲ့ပြီး ယခု ငါးကြိမ်မြောက်အဖြစ် မြန်မာအစိုးရက တောင်းဆိုခြင်းဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားအများစုမှာ ထိုင်းဥပဒေအရ သတ်မှတ်ထားသည့် အနိမ့်ဆုံး အခြေခံလစာ တစ်ရက်လုပ်ခ ဘတ် ၃၀၀ မရရှိကြကြောင်း ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (ထိုင်းနိုင်ငံ) မှ အကြံပေး၏အဆိုအရ သိရှိရသည်။

ဘန်ကောက်မြို့အရှေ့ဘက် ၃၁၅ ကီလိုမီတာ အကွာတွင်ရှိသော တရာရ်မြို့တွင် မြို့ခံများ၏ တိုင်ကြားမှုကြောင့် နယ်မြေရဲများဝိုင်းဝန်းဖမ်းဆီးသဖြင့် မြန်မာအမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး ၁၁ ဦးတို့ကို ဒီဇင်ဘာလ ၁ ရက်က ဖမ်းဆီးလိုက်သည်။ ဖမ်းဆီးခံထားရသူများမှာ ပန်းရန်အလုပ်သမားများနှင့် စားသောက်ဆိုင်များတွင် အလုပ်လုပ်ကိုင်နေသူမြန်မာများဖြစ်ပြီး တရားမဝင်ရောက်လာမှုဖြင့် ဖမ်းဆီးထောင်ချမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၈ ရက်၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအလုပ်သမားနေ့တွင် ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံစမွတ်စာခွန်ခရိုင်အတွင်း၌ လမ်းလျှောက်ချီတက်ကာ ခရိုင်မှူးရုံးသို့တောင်းဆိုချက်များပေးအပ်ခဲ့ပြီး ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်သည်။ မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် ခွဲခြားဆက်ဆံခြင်းမခံရဘဲ ဥပဒေ၏ စောင့်ရှောက်မှု၊ ကာကွယ်မှုများရရှိစေရန် အလုပ်သမားခေါ်ယူမှုများတွင် လူ့အခွင့်အရေးချိုးဖောက်ခံနေရခြင်းနှင့်ဖိနှိပ်မှုများမခံရဘဲ လွတ်လပ်စွာ အလုပ်လုပ်ကိုင်နိုင်ရန်စသည့်အချက်များကို ထည့်သွင်းတောင်းဆိုဆန္ဒထုတ်ဖော်ကြသည်။

ပါကစ္စတန်နိုင်ငံ။ ။ **နိုင်ငံရေး** - ပါကစ္စတန်သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ်သည် ပြည်ပ၌လေးနှစ်ကြာ တိမ်းရှောင်နေရာမှ ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း မတ်လ ၂၄ ရက် ဘီဘီစီသတင်းက ဖော်ပြသည်။ ဒုဘိုင်းမြို့မှ ၎င်း စီးနင်းလိုက်ပါလာသော လေယာဉ်သည် ကရာချီလေဆိပ်သို့ ဆိုက်ရောက်စဉ် လက်နက်အပြည့်အစုံနှင့် ကွန်မန်ဒိုများက လုံခြုံရေးစောင့်ရှောက်ပေးခဲ့ကြသည်။ သို့သော် လူထုအခမ်းအနားကျင်းပရန်ကိုမူ ဖျက်သိမ်းခဲ့သည်။

ပါကစ္စတန်အိမ်စောင့်အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် မီယာဟာဇာခန်ခါဆိုသည် မတ်လ ၂၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။ ပါလီမန်ကော်မတီတစ်ရပ်နှင့် ပြိုင်ဘက်နိုင်ငံရေးပါတီများအကြား ဝန်ကြီးချုပ်တစ်ဦးရွေးချယ်နိုင်ရေးကိစ္စတွင် သဘောကွဲလွဲခဲ့ကြပြီးနောက် ရွေးကောက်ပွဲကော်မရှင်က အငြိမ်းစားတရားသူကြီးခါဆိုအား အိမ်စောင့်အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ပါကစ္စတန် ရွေးကောက်ပွဲကို မေလ ၁၃ ရက် တွင်ကျင်းပရာ ပီအမ်အယ်လ်အင်န်ပါတီ (PMLN) က ပါကစ္စတန်အမျိုးသားလွှတ်တော်အတွက် အမတ် နေရာ ၁၂၄ နေရာရရှိသည်။ ပြိုင်ဘက်ပါတီများဖြစ်ကြ သော ပီတီအိုင် (PTI) ပါတီက ၃၂ နေရာ၊ အင်ဒီပင်း ဒင့်ပါတီက ၃၁ နေရာ၊ ပီပီပီ (PPP) ပါတီက နေရာ ၃၀၊ အမ်ကျူအမ် (MQM) ပါတီက ၁၇ နေရာနှင့် အခြားပါတီများမှာ နေရာအနည်းငယ်စီရရှိသည်။

ရွေးကောက်ပွဲကျင်းပရာတွင် လုံခြုံရေးအတွက် နိုင်ငံတစ်ဝန်းစစ်သည် ၇၅,၀၀၀ ဖြန့်ကြက်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲအတွက် ပါကစ္စတန်နိုင်ငံ မူလတန်မြို့၌ အကြိုလူထုအစည်းအဝေးပွဲပြုလုပ် နေစဉ် ပြည်နယ်ပါလီမန်အမတ်လောင်းဖြစ်သူ အလီ ဘိုင်ဒါအား သေနတ်သမားတစ်စုက ပြန်ပေးဆွဲသွား ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ယူဆွတ်ရာဇာ ဂီလာနီက ပြောကြားသည်။ ယင်းအမတ်လောင်းမှာ ဂီလာနီ၏သားဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ အမျိုးသားပါလီမန်သစ်ကို ဇွန်လ ၁ ရက်တွင် ဖွင့်လှစ်ပြီး အသစ်ရွေးချယ် တင်မြှောက်ခံရသောအမတ်များက ကျမ်းသစ္စာကျိန်ဆို ကြသည်။ ၁၉၉၉ ခုနှစ်တွင် စစ်ဘက်မှအာဏာ သိမ်းမှုကြောင့် ဝန်ကြီးချုပ်ရာထူးကိုစွန့်လွှတ်ခဲ့ရသည့် နဝမ်ရှရစ်ဖ်သည် တတိယမြောက်ဝန်ကြီးချုပ် သက်တမ်းကို ထမ်းဆောင်ခွင့်ရရှိခဲ့သည်။

ဝန်ကြီးချုပ်သစ် နဝမ်ရှရစ်ဖ်က ပထမဆုံး အကြိမ် မိန့်ခွန်းပြောကြားရာတွင် မိမိတို့အနေဖြင့် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို လေးစားသကဲ့သို့ မိမိတို့၏လွတ်လပ်ရေးနှင့် အချုပ် အခြာအာဏာပိုင်စိုးမှုကိုလည်း လေးစားသင့်ကြောင်း၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်နေမှုများကို အဆုံးသတ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ အမေရိကန်မောင်းသူမဲ့လေ ယာဉ်ဖြင့် စစ်သွေးကြွများကို တိုက်ခိုက်နိုင်ရန် ယခင် အစိုးရအဖွဲ့နှင့် လျှို့ဝှက်သဘောတူညီချက်ရယူခဲ့ခြင်း ကို ပြန်လည်ပယ်ဖျက်လိုက်ကြောင်း ဝန်ကြီးချုပ် နဝမ်ရှရစ်ဖ်က ဇွန်လ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာ သည်။ ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံရပါက မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်မှုများအဆုံးသတ်နိုင်ရန် ဆောင်ရွက်မည်ဟူသောကတိအတိုင်း ရှရစ်ဖ်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဘူတိုလုပ်ကြံမှုနှင့် စွပ်စွဲခံနေရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ပါဗက်ဇ်မူရှာရက်ဖ်

ပါကစ္စတန်စစ်အာဏာရှင်ဟောင်း ပါဗက်ဇ်မူ ရှာရက်ဖ်ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့်တရားစွဲဆို သင့်ကြောင်း ဝန်ကြီးချုပ်နဝမ်ရှရစ်ဖ်က ဇွန်လ ၂၄ ရက်တွင် ပါလီမန်၌ ပြောကြားသည်။ ထိုစဉ်အတွင်း ပါကစ္စတန် တရားရုံးချုပ်က မူရှာရက်ဖ်ကို တရားစွဲဆို ရန်သင့်၊ မသင့် ကြားနာစစ်ဆေးခဲ့သည်။ မူရှာရက်ဖ် သည် ၁၉၉၉ ခုနှစ်က ကြည်းတပ်ဦးစီးချုပ်အဖြစ် တာဝန် ထမ်းဆောင်နေချိန်အတွင်း နဝမ်ရှရစ်ဖ်ကို ဖြုတ်ချကာ အာဏာသိမ်းခဲ့သည်။ မူရှာရက်ဖ်သည် ၎င်း၏အတိတ်ကာလလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တရားရုံးတော်ရှေ့မှောက်တွင် ဖြေကြား သင့်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ပါကစ္စတန်အစိုးရနှင့် တာလီဘန်သူပုန်တို့ ငြိမ်းချမ်းရေးဆွေးနွေးရန်သတင်းများထွက်ပေါ်နေစဉ် စစ်သွေးကြွအကျဉ်းသားများကို ပြန်လွှတ်ပေးရန်နှင့် တာလီဘန်များခြေကုပ်ယူထားသည့် မျိုးနွယ်စု ဒေသများမှ အစိုးရစစ်တပ်များကို ပြန်ဆုတ်ပေးရန် တောင်းဆိုချက်များကို တာလီဘန်သူပုန်များက ကြေညာသည်။

ပါကစ္စတန်သမ္မတသစ် မန်နွန်းဟူစိန်သည် နိုင်ငံ၏လုံခြုံရေးအခြေအနေဆိုးရွားလာမှုကို ဖြေရှင်း

ရန်အတွက် ပါတီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တရားသူကြီးချုပ်ရှေ့မှောက်တွင် စက်တင်ဘာ ၉ ရက်က ကျမ်းသစ္စာကျိန်ဆိုသည်။ ဝန်ကြီးချုပ်နဝပ်ရှရစ်ဖ်နှင့် သမ္မတဟောင်းအဆစ်အလီဇာဒါရီတို့က အသိသက်သေအဖြစ်ဆောင်ရွက်ကြသည်။ အသက် ၇၃ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင် ဟူစိန်ကို ပြည်နယ်လွှတ်တော်လေးခုနှင့် ပြည်ထောင်စုပါလီမန်တို့က ဇူလိုင်လ ၃၀ ရက်တွင် သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။

စက်တင်ဘာလ ၂၂ ရက်တွင် ပက်ရှဝါမြို့ရှိ အောစိန့်ဘုရားကျောင်း၌ အသေခံဗုံးခွဲသမားနှစ်ဦးက ဗုံးဖောက်ခွဲသောကြောင့် လူပေါင်း ၇၅ ဦးသေဆုံးသည်။ ပါကစ္စတန်တွင် ခရစ်ယာန်ဘာသာဝင်များကို တိုက်ခိုက်မှုအဆိုးဝါးဆုံး ဖြစ်ရပ်တစ်ခုဖြစ်သည်။ အစိုးရက အကာအကွယ်မပေးနိုင်ခြင်းကို သေဆုံးသူများ၏ ဆွေမျိုးများက ကန့်ကွက်ပွဲပြုလုပ်ကြသည်။ မတ်ဆလင်အများစုနေထိုင်သော ပါကစ္စတန်တွင် ခရစ်ယာန်ဘာသာဝင်ဦးရေမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း သာရှိသည်။

ပါကစ္စတန်နျူကလီးယားဖခင်ဟုတင်စားခံရသော အဗ္ဒဒူကာဒါခန်းသည် ၎င်း တည်ထောင်သော ပါတီသည် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၁၁၁ ဦး ဖြင့်ရွေးကောက်ပွဲတွင် ဝင်ပြိုင်ခဲ့သော်လည်း အမတ်တစ်နေရာမျှ အနိုင်မရခဲ့သောကြောင့် ပါတီဖျက်သိမ်းကြောင်း ကြေညာသည်။ အသက် ၇၇ နှစ်အရွယ်ခန်းသည် မွတ်ဆလင်ကမ္ဘာတွင် ပထမဆုံးနျူကလီးယားဗုံးထုတ်လုပ်မှုအတွက် သူရဲကောင်းအဖြစ် ဂုဏ်ပြုခံရသူဖြစ်သည်။

၂၀၀၇ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုလုပ်ကြံခံရမှုနှင့် ပတ်သက်၍ အာမခံနှင့် နေရသူမှုရှာရက်ဖ်ကို ၂၀၀၇ ခုနှစ်တွင် အစွလာမွာဘတ် အနီရောင်ဗလီ၌ ဘာသာရေးကျောင်းသား ၉၀ သေဆုံးမှုနှင့် ပတ်သက်၍ စစ်တပ်ကိုအမိန့်ပေးစေခိုင်းခဲ့သူ အဓိကတရားခံအဖြစ် အောက်တိုဘာလ ၁၀ ရက်က တရားဝင်ဖမ်းဆီးခဲ့သည်။ အသတ်ခံရသူ ဗလီကျောင်းမှ လက်ထောက်တစ်ဦး၏သားက အမှုဖွင့်ခဲ့ခြင်းဖြစ် သည်။ အစွလာမွာဘတ် အထက်တန်း တရားရုံးက စက်တင်ဘာလတွင် ယခင်အကြမ်းဖက်မှုနှင့်ပတ်သက် ၍ ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။

အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် ပါဝင်သည့် ပါကစ္စတန် တာလီဘန်အဖွဲ့ခေါင်းဆောင် ဟာကီမူလာမီဆွတ်သည် နိုဝင်ဘာလ ၁ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း အစိုးရနှင့်တာလီဘန်အဖွဲ့ သတင်းရင်းမြစ်များက ထုတ်ပြန်သည်။

တာလီဘန်အဖွဲ့ Tehreek-e-Taliban Pakistan ကို ယာယီဦးဆောင်မည့် ကြားဖြတ်ခေါင်းဆောင်အဖြစ်

ပါကစ္စတန်သမ္မတသစ် မန်နွန်းဟူစိန်

ညှိနှိုင်းဆွေးနွေးရေးမှူး အစွမာတူလာရှာဟင်ဘစ်တာနီကို ခန့်အပ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပါဗက်ဇ်မူရှာရက်ဖ်ကို နိုဝင်ဘာလ ၇ ရက်တွင် နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သော်လည်း အသက်အန္တရာယ်ခြိမ်းခြောက်မှုများကြောင့် အစွလာမွာဘတ် မြို့စွန်နေအိမ်တွင် အစောင့်အရှောက်များစွာဖြင့်ထားရှိသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် ပါကစ္စတန်ကို အမေရိကန် နှင့် မဟာမိတ်ဖြစ်စေခဲ့သည့်အတွက် တာလီဘန်များ ကဂုဏ်းကို သတ်မည်ဟုခြိမ်းခြောက်ထားသည်။ ဗလီ

အတွင်း စီးနင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မူရှာရက်ဖ်ကို အစ္စလာမ္မာဘတ်တရားရုံးက နိုဝင်ဘာလ ၄ ရက်တွင် အာမခံပေးခဲ့သည်။

တာလီဘန်များက နိုဝင်ဘာလ ၇ ရက်တွင် ၎င်းတို့၏ ခေါင်းဆောင်အဖြစ် မူလာနာဖာဇ်လူလာကို ရွေးချယ်ကြောင်း ကြေညာသည်။ ယင်းခေါင်းဆောင်က ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အယုံအကြည်မရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

နိုင်ငံတကာဆက်ဆံရေး - ပြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် အာဖဂန်နစ္စတန်သမ္မတဟာမစ် ကာဇိုင်း၊ ပါကစ္စတန်သမ္မတအဆစ်အလီဇာဒါရီတို့နှင့် ပြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဖေဖော်ဝါရီလ ၄ ရက်က တွေ့ဆုံဆွေးနွေးသည်။ ဇူလိုင်လတွင် မြို့တော်ကဘူးဌ လည်းကောင်း၊ စက်တင်ဘာလတွင် နယူးယောက်မြို့ဌ လည်းကောင်း ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ယခု ကျင်းပသောဆွေးနွေးပွဲ ထူးခြားချက်မှာ နိုင်ငံရေး ခေါင်းဆောင်များအပြင် အာဖဂန်နစ္စတန်နှင့်ပါကစ္စတန် နိုင်ငံတို့မှ စစ်ဘက်နှင့် ထောက်လှမ်းရေးဆိုင်ရာ အထက်တန်းတာဝန်ရှိသူများ တက်ရောက်ခြင်းဖြစ်သည်။ ဒေသဆိုင်ရာတည်ငြိမ်ရေးအတွက် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ခေါင်းဆောင်များပူးပေါင်း ဆောင်ရွက်ကြရန် ပြိတိန်ကလိုလားသည်။ လာမည့် နှစ်ကုန်ထက် နောက်မကျဘဲ အာဖဂန်နစ္စတန်နိုင်ငံမှ ပြည်ပတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ ပြန်လည် ရုပ်သိမ်းရန် ပြင်ဆင်နေချိန်တွင် သုံးပွင့်ဆိုင်ထိပ်သီး ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုး၏ စစ်ရေးမစ်ရှင်လုပ်ငန်းတွင် ပြိတိသျှတပ်ဖွဲ့ဝင် များပါဝင်ပြီး တာလီဘန်စစ်သွေးကြွများကို ချေမှုန်း တိုက်ထုတ်လျက်ရှိသည်။

ပါကစ္စတန်ရှိ မဟာဗျူဟာအရ အရေးပါသော ရေနက်ပင်လယ်ဆိပ်ကမ်း၏ စီမံခန့်ခွဲရေးလုပ်ငန်းကို တရုတ်သို့လွှဲပြောင်းပေးအပ်ရန် ပါကစ္စတန်က ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးက ဖေဖော်ဝါရီလ ၅ ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ ပိုင်းခြားထားသော နယ်ခြားစည်းကို ဖေဖော်ဝါရီလ ၁၄ ရက်က လမ်းမှားဝင်လာသည့်ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း အိန္ဒိယကြည်းတပ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံရှိ ဂဝါဒါပင်လယ်ဆိပ်ကမ်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို တရုတ်နိုင်ငံကလွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီလ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်နဝပ်ရှရစ်ဖ်၏ ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် ဇူလိုင်လ ၄ ရက်တွင် တရုတ်နိုင်ငံသို့ သွားရောက်သည်။ အခြေခံအဆောက်အအုံအားနည်းမှု၊ စွမ်းအင်အကျပ်အတည်းနှင့်စီးပွားရေးအခြေအနေများအတွက် နည်းလမ်းရှာဖွေသော၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန်ရည်ရွယ်သော ခရီးစဉ်ဖြစ်သည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပြဆိုသောအားဖြင့် အိန္ဒိယနိုင်ငံသား အကျဉ်းသား ၃၆၅ ဦးကို ပြန်လွှတ်ပေးရန် ပါကစ္စတန်နိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သြဂုတ်လ ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

အမေရိကန်နှင့် ပါကစ္စတန်ဆက်ဆံရေးသည် အလွန်အရေးကြီးကြောင်း အောက်တိုဘာလ ၂၁ ရက်တွင် ဝါရှင်တန်၌ ပါကစ္စတန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ပြောကြားသည်။ ပါကစ္စတန်ဝန်ကြီးချုပ်၏ သုံးရက်တာ အမေရိကန်ခရီးစဉ်အတွင်း သမ္မတအိုဘားမားက ပါကစ္စတန်နိုင်ငံသို့ လုံခြုံရေးအကူအညီဒေါ်လာ ၃၀၅ သန်း ရပ်ဆိုင်းထားခြင်းကို ပြန်လည်စတင်ရန် ကွန်ဂရက်ကို တောင်းဆိုခဲ့သည်။

အမေရိကန်သမ္မတအိုဘားမားနှင့်ပါကစ္စတန် ဝန်ကြီးချုပ်တို့သည် အောက်တိုဘာ ၂၃ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင်း မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုကို ရပ်တန့်ပေးရေး၊ နှစ်နိုင်ငံကြားတင်းမာမှုဖြေလျှော့ရေး၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံကြားကက်ရှ်မီးယားဒေသအရေးတို့ကို ဆွေးနွေးသည်။ အာဖဂန်ငြိမ်းချမ်းရေး လမ်းစဉ်ကို

ကူညီသောအားဖြင့် ပါကစ္စတန်အစိုးရသည် တာလီဘန်အကျဉ်းသားခုနစ်ဦးကို လွှတ်ပေးခဲ့ကြောင်းကြေညာခဲ့သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မျက်မှောက်ရေးရာ - ပါကစ္စတန်အမျိုးသမီးများကျောင်းနေနိုင်ရေးအတွက် လှုပ်ရှားခဲ့သူမာလာလာယူဆွတ်ဖိုင်သည် Malala Fund အမည်ရှိ လူမှုကူညီရေးအသင်းတစ်ခုထူထောင်ပြီး ကနဦးအဖြစ် ပါကစ္စတန်အမျိုးသမီး ၄၀ ကို ကျောင်းပညာရေးသင်ကြားပေးမည်ဖြစ်သည်။ အဆိုပါအသင်းတွင်ပါဝင်ကူညီရန် မာလာလာက ဖိတ်ခေါ်ထားပြီး ပါကစ္စတန်အမျိုးသမီးအားလုံးကို စာသင်ကြားနိုင်ရေးဝိုင်းဝန်းကူညီကြရန် တိုက်တွန်းထားသည်။

အကြမ်းဖက်မှုများဖြစ်ပွားနေသော အာဖဂန်နစ္စတန်နှင့်အခြားနိုင်ငံများသို့ တင့်ကားအစား ဘောပင်လ၊ စစ်သားများအစား ဆရာ၊ ဆရာမများနှင့် လက်နက်အစား စာအုပ်များပေးပို့ရန် အသက် ၁၆ နှစ်အရွယ် ပါကစ္စတန်ကျောင်းသူ မာလာလာယူဆွတ်ဖိုင်က စက်တင်ဘာလ ၂၅ ရက်တွင် ကုလသမဂ္ဂ၌ကျင်းပသော Global Education First (ပညာရေးသာပထမ) လှုံ့ဆော်မှုတစ်နှစ်ပြည့်အခမ်းအနား၌ ပြောကြားသည်။ မာလာလာကို ကမ္ဘာလုံးဆိုင်ရာ ပညာသင်ကြားခွင့်ရရေးကုလသမဂ္ဂအထူးသံတမန်တစ်ဦးအဖြစ်ခန့်အပ်ထားသည်။

ဝါရှင်တန်အခြေစိုက်ကမ္ဘာ့ဘဏ်ရုံးချုပ်တွင် အောက်တိုဘာလ ၁၁ ရက်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ အခမ်းအနားသို့ တက်ရောက်စဉ် မာလာလာယူဆွတ်ဖိုင်က ပညာရေးကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ရန်ကမ္ဘာ့ဘဏ်ကို တောင်းဆိုသည်။ မာလာလာယူဆွတ်ဖိုင်ကို ဟားဗတ်တက္ကသိုလ်မှ ယခုနှစ်အတွက် လူသားချင်း စာနာထောက်ထားမှုဆုပေးအပ်ချီးမြှင့်ကြောင်း ဒေးလီးသတင်းစာက ဖော်ပြသည်။ ဗြိတိန်ဘုရင်မ အဲလီဇာဘက်(၂)နှင့် မာလာလာတို့သည် အောက်တိုဘာလ ၁၈ ရက်တွင် လန်ဒန်မြို့ ဘာကင်ဟမ်နန်းတော်၌ ပြုလုပ်သောလူငယ်၊ ပညာရေးနှင့် မနသဟာယအဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သော တွေ့ဆုံပွဲတွင် တွေ့ဆုံသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ။ ။ **နိုင်ငံရေး** - ဘင်္ဂလားဒေ့ရှ်သမ္မတအဖြစ် ၂၀၀၉ ခုနှစ်က ရွေးချယ်ခံရသော ဇီလ်လာရာမန်သည် အသက် ၈၄ နှစ်အရွယ်တွင် နာတာရှည်ရောဂါဖြင့် စင်ကာပူနိုင်ငံ မောင့်အဲလီဇာဘက်ဆေးရုံတွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း မတ်လ ၂၀ ရက်တွင် ကြေညာသည်။ ဇီလ်လာရာမန်သည် ပါကစ္စတန်နိုင်ငံမှ လွတ်လပ်ရေးရရှိရန် ကြိုးပမ်း ရာတွင် အဓိကဦးဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၇၃ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးသမ္မတ ရှိတ်မူဂျီဘာရ်ရာမန်လုပ်ကြံခံရပြီးနောက် စစ်တပ်၏ ဖမ်းဆီးခြင်းခံရပြီး ထောင်လေးနှစ်ကျခံရသည်။ ရှိတ်မူဂျီဘာရ်သည် လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ ဖခင်ဖြစ်သည်။ ပါလီမန်ဥက္ကဋ္ဌက ခေတ္တသမ္မတရာထူး တာဝန်ယူထားရသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တည်ငြိမ်မှု ကင်းမဲ့လာရသော အဓိကအကြောင်းရင်းမှာ ဘာသာရေးနှင့် နိုင်ငံရေးကို စည်းခြားကျင့်သုံးလိုသည့်အစိုးရနှင့် ဘာသာရေးအယူအစွဲပြင်းထန်သော နိုင်ငံရေးပါတီအုပ်စုတို့အကြား အားပြိုင်မှုဖြစ်သည်။ ထိုသို့အားပြိုင်မှုဖြစ်လာရသည့်အကြောင်းမှာလည်း ရွေးကောက်ပွဲကာလနီးကပ်လာသည့်အတွက် တစ်ဖက်နှင့်တစ်ဖက်ထိုးနှက်ရန်ကြံစည်လာကြခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ရှိတ်ဟာဆီနာဦးဆောင်သည့်အဝါမီလိဂ်ပါတီက အနိုင်ရရှိခဲ့သည်။ ပါလီမန်သက်တမ်းကုန်ဆုံးသည့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းကိုနောက်ဆုံးထား၍ နောက်တစ်ကြိမ်ရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ရာ အတိုက်အခံနှင့် အာဏာရအုပ်စုနှစ်စုတို့အကြား အပြန်အလှန်ထိုးနှက် အားစမ်းမှုများနှင့်အားပြိုင်ခြင်းများ သိသိသာသာမြင့်တက်လာခဲ့သည်။

ဇွန်လအတွင်း မြို့နယ်အချို့၌ ပြည်နယ်အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ ကျင်းပရာ၌ အတိုက်အခံ BNP ပါတီက အနိုင်ရရှိခဲ့ရာ အာဏာရအဝါမီလိဂ်အတွက် ခြိမ်းခြောက်မှုတစ်ရပ်သဖွယ်ဖြစ်လာခဲ့သည်။

ရွေးကောက်ပွဲကာလအတွင်း လက်ရှိအစိုးရကို ထောက်ခံသူတစ်ဦးကို ဆန့်ကျင်သူတို့က ရန်ပြုနေစဉ်

အဝါမီလိဂ်၏လုပ်ရပ်ကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ၁၉၇၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နှင့် လွတ်မြောက်ရေးစစ်ပွဲ စတင်ဆင်နွှဲခဲ့စဉ်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများမှာ ထိုစဉ်က အရှေ့ပါကစ္စတန်ဟုခေါ်တွင်ခဲ့သည့် (ယခုဘင်္ဂလားဒေ့ရှ်) နယ်မြေက အနောက်ပါကစ္စတန် (ယခုပါကစ္စတန်) ထဲမှခွဲထွက်ရန် ကြိုးပမ်းစဉ်က တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

အဝါမီလိဂ်အစိုးရ၏ အဆိုပါလွတ်မြောက်ရေးစစ်ပွဲကာလတွင် လူပေါင်းသုံးသန်းခန့်အသတ်ခံခဲ့ရပြီး အမျိုးသမီးပေါင်းနှစ်သိန်းခန့်အဓမ္မပြုကျင့်ခံခဲ့ရသည်ဆို၏။ ဘာသာရေးနှင့်နိုင်ငံရေးကို စည်းခြားကာ ဆင်းရဲသားလူမျှားစုကို အခြေခံသည့် အဝါမီလိဂ်နှင့် ဘာသာရေးအယူအစွဲပြင်းပြကာ လူချမ်းသာလုပ်ငန်းရှင်များ၊ စစ်ဘက်နှင့်ပိုမိုနီးစပ်သည့် BNP ပါတီတို့မှာ သီးခြားစီခံယူချက်များရှိကြသည်။

ပဋိပက္ခနှင့် သဘောကွဲလွဲမှုများကို ပါလီမန်အတွင်း၌ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုထက် ပါလီမန်ပြင်ပတွင် ပြည်လုံးကျွတ်သပိတ်မှောက်ဆန္ဒပြခြင်း၊ သွေးထွက်သံယိုအကြမ်းဖက်မှု ပြုလုပ်ခြင်းများဖြင့် ဖြေရှင်းရန်ကြိုးစားလေ့ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယင်းအုပ်စုကြီးနှစ်ခု၏ အားပြိုင်မှုမှာ အကြမ်းဖက်တိုက်ခိုက်မှုများအသွင်သို့ ကူးပြောင်းသွားလေ့ရှိသည်။ ယခုအခါ ရှိတ်ဟာဆီနာ၏အဝါမီလိဂ်အစိုးရက ၁၉၇၁ ခုနှစ် အမျိုးသားလွတ်မြောက်ရေးစစ်ပွဲတွင် ရန်သူဘက်မှ အလိုတော်ရိများအဖြစ်ပါဝင်ခဲ့သူများကို စစ်ရာဇဝတ်မှုဖြင့် ခုံရုံးတွင်စစ်ဆေးလျက်ရှိရာ အများစုမှာ အတိုက်အခံအုပ်စုတွင် ဩဇာကြီးမားသော ဂျမတ်အီအစ္စလာမီပါတီ၏ခေါင်းဆောင်များဖြစ်နေသည်။ Jel ဟု အတိုကောက်ခေါ်သော ယင်းပါတီမှာပါကစ္စတန်လိုလားသည့်အစွန်းရောက်ဘာသာရေးဝါဒီများဖြစ်သည်။

ယင်းအမျိုးသားလွတ်မြောက်ရေးစစ်ပွဲ၌ လူသားမျိုးနွယ်တစ်ရပ်လုံးကို ထိခိုက်စေသည့်ပြစ်မှုကြီးများကို ပြန်လည်ဖော်ထုတ်စစ်ဆေးလျက်ရှိရာ တရားခံအများစုမှာ Jel ထိပ်တန်းခေါင်းဆောင်များ ဖြစ်နေခဲ့ကြသည်။ ယင်းတရားခံများအား ခုံရုံးကကြီးလေးသော ပြစ်ဒဏ်များ ချမှတ်ခဲ့ရာ Jel ကိုထောက်ခံသူအစွန်းမှစ်ရွေးရိုးစွဲဝါဒီများက မကျေမနပ်ဆူပူခဲ့ကြသည်။

ယင်းဆူပူမှုများမှာ မတ်လတွင် Jel ပါတီ၏ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒဲလ်ဝါဆာယာဒီကို စစ်ရာဇဝတ်မှုဖြင့် သေဒဏ်ချမှတ်ခဲ့ပြီးနောက် ပိုမို၍ အရှိန်မြင့်လာခဲ့သည်။ လူပေါင်း ၁၅၀ ခန့်သေဆုံးပြီး ရာပေါင်းများစွာတို့ ဒဏ်ရာရခဲ့ကြသည်။

ထပ်မံ၍ Jel ၏ ဥက္ကဋ္ဌဟောင်း၊ အတိုက်အခံအုပ်စုတွင် ဩဇာကြီးမားလှသည့်နိုင်ငံရေးခေါင်းဆောင်ဟောင်း ဂိုလာအာဇမ်ကိုလည်း ထောင်ဒဏ်အနှစ် ၉၀ ချမှတ်ခဲ့သည်။

ၚင်းကိုလာအာဇမ်အမှူပြီးဆုံး၍ မကြာမီမှာပင် Jel ခေါင်းဆောင်တစ်ဦးဖြစ်သည့် ပါတီအထွေထွေအတွင်းရေးမှူးအလီဆာဆန်မိုဟာမက်မူကျာဟစ်မှာလည်း မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်ရန် တရားရုံးကစီရင်ချက်ချလိုက်သောအခါ အစွလာမွစ် ဝါဒီများ၏မကျေနပ်မှုက ပိုမိုတိုးပွားလာကာ အုံကြွနိုင်သည့်အခြေအနေများပေါ်ပေါက်လာခဲ့သည်။ ထို့ပြင်ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က ထိပ်တန်းအစွလာမွစ်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် အသက် ၆၅ နှစ် အရွယ်ရှိ အဗ္ဒဒူလ်ကာဒါမိုလာကို စက်တင်ဘာလ ၁၇ ရက်က သေဒဏ်ချမှတ်ခဲ့ပြီးနောက် အဓိကရုဏ်းအသစ်များ ထပ်မံပေါ်ပေါက်ခဲ့သည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ရှိတ်ဟာဆီနာကို ရာထူးမှ နုတ်ထွက်ရန်နှင့်ရွေးကောက်ပွဲများကိုစောင့်ကြည့်ရန်၊ အိမ်စောင့်အစိုးရတစ်ရပ်ဖွဲ့စည်းရန် မြို့တော်ဒါကာတွင် အောက်တိုဘာလ ၂၅ ရက်က အတိုက်အခံတက်ကြွလှုပ်ရှားသူ တစ်သိန်းကျော် စုရုံးဆန္ဒပြတောင်းဆိုခဲ့ကြပြီး နိုင်ငံတစ်ဝန်းဆန္ဒပြမှုများအတွင်း ဆန္ဒပြသူ ငါးဦးသေဆုံးခဲ့၍ လူအမြောက်အမြား ဒဏ်ရာရခဲ့ကြသည်။

"ဟာဆီနာလက်ထက်မှာ ရွေးကောက်ပွဲမကျင်းပရပါဘူး၊ ဘယ်လိုတစ်ပါတီရွေးကောက်ပွဲကိုမှ ကျွန်မတို့ခွင့်မပြုပါဘူး၊ ရွေးကောက်ပွဲမှာ ပါတီအားလုံးပါဝင်ရမှာဖြစ်ပြီး ကြားနေအိမ်စောင့်အစိုးရက ဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ (BNP) ပါတီခေါင်းဆောင် ခါလီဒါဇီယာက ဒါကာမြို့လယ်ရှိ အမျိုးသားရေးအထိမ်းအမှတ်ကျောက်တိုင်ရှေ့တွင် ထောက်ခံသူများအား မိန့်ခွန်းပြောကြားခဲ့သည်။ ဟာဆီနာအား ဖိအားပေးရန်အတွက် အောက်တိုဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ နိုင်ငံတစ်ဝန်း သပိတ်မှောက်မည်ဖြစ်ကြောင်းလည်း ကြေညာခဲ့သည်။

အတိုက်အခံဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ (BNP) ၏ တောင်းဆိုချက်များကို အောက်တိုဘာလ ၂၄ ရက် နောက်ဆုံးထားလက်ခံရန် ရက်သတ်မှတ်ချက်ကို ဟာဆီနာ၏ လက်ရှိအာဏာရ အဝါမီလိဂ် ပါတီက ပယ်ချခဲ့ပြီးနောက် တင်းမာမှုများမြင့်တက်လာခဲ့သည်။ ရွေးကောက်ပွဲများကို စောင့်ကြည့်ရန်အတွက် ပြန်လည်ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အစွလာမွစ်ပါတီ၏ အကြီးတန်းခေါင်းဆောင် အဗ္ဒဒူကာဒါမိုလာကို စစ်ရာဇဝတ်မှုကျူးလွန်မှု စွဲချက်များဖြင့် ကြိုးပေးကွပ်မျက်ခဲ့မှုအပေါ် အစွလာမွစ်များက မကျေနပ်ခဲ့ကြပေ။ ထို့ကြောင့် ဒီဇင်ဘာလ ၁၆ ရက်တွင် နိုင်ငံတောင်ပိုင်းနေရာအနှံ့အပြား၌ အကြမ်းဖက်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က နှိမ်နင်းသဖြင့် ပဋိပက္ခလည်းဖြစ်ပွားခဲ့သည်။ ကျန်မက်အီး အစွလာမွစ်ပါတီမှ တက်ကြွလှုပ်ရှားသူများသည် ကိုယ်တိုင်လုပ်လက်နက်များ၊ ရေနံဗုံးများဖြင့် ရဲတပ်ဖွဲ့နှင့်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ ရဲတပ်ဖွဲ့က ခုခံကာကွယ်သည့်အနေဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ လူငါးဦးသေဆုံးကြောင်း ခရိုင်ဒုတိယရဲချုပ်က အတည်ပြုပြောကြားသည်။ ဒီဇင်ဘာလ ၁၂ ရက်က မိုလာကို တရားရုံးက ကြိုးပေးကွပ်မျက်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေအနေ ပိုမိုဆိုးရွားရှုပ်ထွေးလာသည့် အနေအထားမျိုးဖြစ်နေသည်။ အတိုက်အခံနှင့်လက်ရှိ အစိုးရတို့အကြား လာမည့် ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲအတွက် အယူအဆမတူကြ၍ သဘောထားကွဲလွဲရာမှ ဖြစ်ပွားခဲ့သည့်နိုင်ငံရေးဆန္ဒပြမှုသည် ပြင်းထန်လာသည်ကို တွေ့ရသည်။

ဝန်ကြီးချုပ်ရှိတ်ဟာဆီနာနုတ်ထွက်ပေးရန် ဆန္ဒပြသူများနှင့် ရဲအဖွဲ့တို့အဓိကရုဏ်းဖြစ်ခဲ့သည့်အတွက်အနည်းဆုံး နှစ်ဦးသေဆုံးပြီး သုံးဆယ်ကျော်ထိခိုက်ဒဏ်ရာရသွားသည်ဟုသိရသည်။ ၎င်း အဓိကရုဏ်းသည်ဘင်္ဂလားဒေ့ရှ်အဓိကအတိုက်ခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ (ဘီအင်နီပီ) က

နိုင်ငံတစ်ဝန်းသုံးရက်ကြာဆန္ဒပြရန် တိုက်တွန်းနှိုးဆော်ခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

ဒါကာတွင် လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြမှုကို နှိမ်နင်းစဉ် ဘီအင်န်ပီပါတီခေါင်းဆောင်ခါလီဒါဇီယာ ထောက်ခံသူများက ခဲများ၊ ဗုံးများနှင့်ပစ်ပေါက်ခဲ့ကြသည်။ ၎င်းပါတီက အတိုက်အခံမဟာမိတ်ပါတီများကို ဦးဆောင်ပြီး ဘင်္ဂလားဒေ့ရှ်မြို့ကြီးများတွင် ဆန္ဒပြအုံကြွမှုများ ပြုလုပ်ရန်ကြိုးပမ်းခဲ့ကြသည်။

တောင်အာရှတွင်တည်ရှိသည့်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏မြို့အချို့ဖြစ်သည့် နာတိုး၊ ရာရှာဟီး၊ ကိုဗီလာနှင့်ဘိုဂရာမြို့များတွင် အကြမ်းဖက်မှုများနှင့် မီးရှို့ဖျက်ဆီးမှုများဖြစ်ခဲ့သည်။ အာဏာပိုင်များက ဆိုးရွားသည့်ဖျက်ဆီးမှုများကို တားဆီးရန် ထောင်နှင့်ခြိုသည့်ရဲတပ်ဖွဲ့ဝင်များအပြင် စစ်တပ်လည်း ဖြန့်ကြက်ချထားရသည်။

အတိုက်အခံနှင့် ၎င်း၏မဟာမိတ်များက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ အထွေထွေရွေးကောက်ပွဲ မတိုင်မီ အိမ်စောင့်အစိုးရတစ်ရပ်ထူထောင်ရန် လက်ရှိအစိုးရကို တိုက်တွန်းထားသည်။ သို့သော် ဝန်ကြီးချုပ်ဟာဆီနာက အိမ်စောင့်အစိုးရစနစ်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ၎င်းကိုယ်တိုင်ဦးဆောင်သည့် ပါတီစုံကြားဖြတ်အစိုးရ ဖွဲ့သွားရန် တင်ပြထားသည်။

အိမ်စောင့်အစိုးရသည် ဒီမိုကရေစီနှင့်ဆန့်ကျင်ပြီး လက်ရှိအစိုးရ၏ ဦးဆောင်မှုနှင့်သာ လာမည့်ရွေးကောက်ပွဲကို ကျင်းပသင့်ကြောင်း ၎င်းက အခိုင်အမာပြောဆိုနေသည်။ အတိုက်အခံပါတီခေါင်းဆောင် ဇီယာနှင့်၎င်း၏မဟာမိတ်များက လက်ရှိအစိုးရကို ဇန်နဝါရီလ အထွေထွေရွေးကောက်ပွဲမတိုင်မီ နုတ်ထွက်ရမည်ဟု တိုက်တွန်းထားသည်။

အသွင်ကူးပြောင်းရေးအစိုးရကို အလျင်အမြန်မဖွဲ့ပေးနိုင်လျှင် အကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်လာနိုင်ကြောင်းလည်း နိုင်ငံရေးအကဲခတ်သူများကယုံကြည်ထားကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စတင်ဆန္ဒပြမှုဖြစ်ပေါ်လာစဉ်ကပင် လူပေါင်းနှစ်ဆယ်ကျော်သေဆုံးခဲ့ပြီဖြစ်သည်။

၎င်းနိုင်ငံသည် နိုင်ငံရေးအကြမ်းဖက်မှုသမိုင်းကြောင်းရှည်လျားသည့်နိုင်ငံဖြစ်သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်သည် ၁၉၇၁ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းသွေးထွက်သံယိုမှု အများဆုံးဖြစ်သည့်နှစ်ဖြစ်သည်။ ယခုနှစ်စကဆိုလျှင် လူပေါင်း ၁၅၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စစ်အာဏာသိမ်းမှုများ၊ သွေးထွက်သံယိုမှုများနှင့် သဘာဝဘေးအန္တရာယ်များဖြင့် သမိုင်းကြောင်းဆိုးရွားသော အခြေအနေမျိုးဖြစ်သည်။

မလေးရှားနိုင်ငံ။ ။ နိုင်ငံရေး - မလေးရှားနိုင်ငံ၏ရွေးကောက်ပွဲတွင် တရားဝင်မဲဆွယ်စည်းရုံးမှုများကို ဧပြီလ ၂၀ ရက်မှ စတင်ပြီး အတိုက်အခံပါတီကို ဒုတိယဝန်ကြီးချုပ်ဟောင်းအန်ဝါအီဘရာဟင်က ဦးဆောင်ခဲ့သည်။

နာဂျစ်ရာဇတ်သည် ကွာလာလမ်ပူမြို့ပြင်ကလူမနေရသေးသည့်အိမ်ရာစီမံကိန်းအဆောက်အအုံတစ်ခုတွင် မဲဆွယ်စည်းရုံးခဲ့သည်။ "ကျွန်ုပ်တို့ဝန်ကြီးချုပ်ကိုချစ်ပါသည်" ဟု ရေးထားသောစာတန်းများကိုင်ဆောင်ထားသော ဘာရီးဆန် (Barisen) ပါတီထောက်ခံသူအများအပြားလည်းလာရောက်ခဲ့ကြသည်။ သို့သော် ကျန်ရှိသူများက အိမ်ရာစီမံကိန်းမှာ အခန်းရရှိရေးအတွက် ၁၂ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသူများဖြစ်သည်။ နာဂျစ်သည် ၎င်းအသိပေးလိုသည့်အကြောင်းအရာများကို ရှင်းရှင်းလင်းလင်းပြောပြီးတိုက်ခန်းတွင် နေမည့်သူများကို အခန်းသော့မအပ်မီ ၎င်းက ပြောသည်မှာ "ကျွန်တော်တို့ (အစိုးရ) ကမိတ်ဆွေတို့အတွက် ဤစီမံကိန်းကို အပြီးသတ်ပေးခဲ့ပါသည်" ဟု မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ရုပ်မြင်သံကြားကြော်ငြာများကလည်း လက်ရှိအစိုးရက မလေးရှားပြည်သူများအတွက် ဆောင်ရွက်ပေးချက်များကို အကြိမ်များစွာ အသိပေးခဲ့သည်။

မလေးရှားသမိုင်း၌ အကြိတ်အနယ်အရှိဆုံးရွေးကောက်ပွဲဖြစ်သည့် လက်ရှိဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ အာဏာရည်ွန့်ပေါင်းအဖွဲ့နှင့်အတိုက်အခံ

ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်တို့သည် မေလ ၅ ရက်က ယှဉ်ပြိုင်အရွေးခံခဲ့ရာတွင် လက်ရှိအာဏာရညွှန့်ပေါင်းအဖွဲ့က အနိုင်ရရှိသွားသည်။

ယခုရွေးကောက်ပွဲမှာ ရာစုနှစ်တစ်ဝက်နီးပါးအတွင်း လက်ရှိအာဏာရညွှန့်ပေါင်းအစိုးရအတွက် စိန်ခေါ်မှုအကြီးမားဆုံးဖြစ်သည့် ရွေးကောက်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် မလေးရှားနိုင်ငံသားများထဲမှ အသက်ပြည့်ပြီးမဲပေးပိုင်ခွင့်ရှိသူ ၈၀ ရာခိုင်နှုန်းမဲပေးခဲ့သည့်အတွက် မဲပေးသူစံချိန်တင်များပြားခဲ့သည့် ရွေးကောက်ပွဲအဖြစ်လည်း သတ်မှတ်ခံရသည်။

၂၀၀၉ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သူ နာဂျစ်သည် အာဏာရဘာရီးဆန်နေရှယ်နယ်ညွှန့်ပေါင်းအဖွဲ့ကို ဦးဆောင်ခဲ့သူဖြစ်သည်။ နာဂျစ်၏ညွှန့်ပေါင်းအဖွဲ့က အမတ်နေရာ ၂၂၂ နေရာအနက် ၁၃၃ နေရာကိုရရှိခဲ့ပြီး အတိုက်အခံတို့က အမတ်နေရာ ၈၉ နေရာရရှိခဲ့သည်။

မလေးရှားအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတမှုရှိကြောင်း အစိုးရက ကြေညာခဲ့သော်လည်း ယင်းရွေးကောက်ပွဲ၏ မဲပေးမှုစနစ်များမှာ အားနည်းချက်များစွာရှိနေပြီး တရားမျှတမှုမရှိကြောင်း လွတ်လပ်သောရွေးကောက်ပွဲစောင့်ကြည့်အဖွဲ့က မေလ ၈ ရက်တွင် ထုတ်ပြန်သည်။

မဲဆွယ်မှုအတွက် အသုံးစရိတ်သုံးစွဲမှုတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ရွေးကောက်ပွဲကော်မရှင်သည် အာဏာရညွှန့်ပေါင်းအစိုးရ၏ ဩဇာလွှမ်းမိုးမှုမှ လွတ်ကင်းခြင်းရှိ၊ မရှိ မေးခွန်းထုတ်စရာဖြစ်ခြင်း၊ မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်လောင်းများ ခွဲဝေမှုစနစ်မှာ မညီမျှခြင်းတို့ရှိကြောင်း ရွေးကောက်ပွဲစောင့်ကြည့်အဖွဲ့က ထောက်ပြဝေဖန်သည်။

ထို့နောက် ထောင်ပေါင်းများစွာသော မလေးရှားအတိုက်အခံများသည် ရွေးကောက်ပွဲ မဲလိမ်မှုရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ချီတက်ဆန္ဒပြခဲ့ကြသည်။ သို့သော် ၎င်းဆန္ဒပြမှုသည် တရားမဝင်ကြောင်း ကွာလာလမ်ပူရဲတပ်ဖွဲ့က ပြောသည်။ အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်က ဝန်ကြီးချုပ်နာဂျစ်ရာဇတ်၏ အာဏာရှည်ညွှန့်ပေါင်းအဖွဲ့သည် မဲလိမ်ပြီး အနိုင်ရသွားသည်ဟု ဆန္ဒပြသူများကို ဆော်သြတိုက်တွန်းပြောဆိုသည်။

အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်

သို့အတွက်ကြောင့် အတိုက်အခံပါဒီသုံးခုကယင်းရွေးကောက်ပွဲရလဒ်ကို မကျေနပ်ဘဲ မဲပြန်လည်ရေတွက်ပေးရန် တောင်းဆိုနေကြသည်။ ဆန္ဒပြသူ ၄၀,၀၀၀ ကျော်က အနက်ရောင်အင်္ကျီများ ဝတ်ဆင်ထားကြပြီး ရွေးကောက်ပွဲရလဒ်ကို ရှုတ်ချခဲ့ကြသည်။ သို့သော်ဆန္ဒပြမှုသည် သတ်မှတ်ခွင့်ပြုထားသည့်နေရာမှ မပြသည့်အတွက် တရားမဝင်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ အစ္စမေးလ်အိုမာကဆိုသည်။

မလေးရှားနိုင်ငံ၏ အာဏာရနိုင်ငံရေးပါတီဖြစ်သော ယူနိုက်တက်မလေးအမျိုးသားအဖွဲ့ (ယူအမ်အင်န်အို) တွင် ဒီဇင်ဘာလ ၅ ရက်က နှစ်ပတ်လည်ညီလာခံပြုလုပ်ခဲ့ရာ ပါတီဥက္ကဋ္ဌနှင့်ဝန်ကြီးချုပ်ဖြစ်သူ နာဂျစ်ရာဇတ်က အာဏာရပါတီဆက်လက်ရှင်သန်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

ပါတီ၏လုပ်ငန်းစဉ်တွင် မလေးလူမျိုးများနှင့် အခြားတိုင်းရင်းသားအုပ်စုများ၏ စီးပွားရေးတိုးတက်ခိုင်မာရေးကို ဦးစားပေးစဉ်းစားသည်။ ယင်းလုပ်ရပ်သည် နာဂျစ်၏ပြောင်းလဲမှုလုပ်ငန်းစဉ်ဖြစ်၏။

နာဂျစ်က လူငယ်ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး ပါတီယန္တရားဖွဲ့ဖြိုးတိုးတက်စေရေးနှင့်ဆောင်ရွက်မှုအခြေအနေစနစ်ကို အသက်သွင်းရေးအတွက် ပါတီကို တိုက်တွန်းလိုက်သည်။ (ယူအမ်အင်န်အို) ပါတီကို အခြေခံသောမလေးလူမျိုးများ လွှမ်းမိုးသည့်နာဂျစ်၏ လူမျိုးပေါင်းစုံ ညွှန့်ပေါင်းအစိုးရအဖွဲ့သည် လွန်ခဲ့သောမေလတွင် ကျင်းပသည့်ရွေးကောက်ပွဲပြီးချိန်မှစ၍ နိုင်ငံအတွင်း အဟန့်အတားမရှိအုပ်ချုပ်ရေးကို ချဲ့ထွင်ခဲ့သည်။ သို့သော် (ယူအမ်အင်န်အို) သည် ကျေးလက်ဒေသရှိ မလေးလူမျိုး မဲဆန္ဒရှင်များ၏ ခိုင်မာသောထောက်ခံမှုကြောင့် ပါလီမန်အတွင်း အမတ်နေရာများတိုးတက်ရရှိခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး - အာရှ-ပစိဖိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေခဲ့သည့် ခြိမ်းခြောက်မှုမှန်သမျှ ရင်ဆိုင်ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က အာဆီယံနိုင်ငံများကို ဇွန်လ ၃ ရက်က တောင်းဆိုသည်။

အာရှတိုက်ဖွံ့ဖြိုးတိုးတက်မှုသည် လူတိုင်းအတွက် စီးပွားရေးအခွင့်အလမ်းများကို ဆင်းရဲချမ်းသာမရွေး ရရှိခံစားနိုင်မည်ဖြစ်ပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန်နှင့် လူမှုရေးအဆောက်အအုံများပါ တိုးတက်လာစေမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါ သုံးရက်ကြာ အာရှ-ပစိဖိတ်ညီလာခံကို မလေးရှားနိုင်ငံ ကွာလာ

မလေးရှားရွေးကောက်ပွဲကာလအတွင်း ပြည်သူများအကြား တွေ့မြင်ရသည့် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်

၂၀၀၉ ခုနှစ်မှစ၍ အာဏာရရှိလာခဲ့သော နာဂျစ်သည် အမျိုးသားပြုပြင်ပြောင်းလဲရေးမူဝါဒများကို စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံမျှရှိသည့်တရုတ်နွယ်ဖွား လူချမ်းသာများထက် တိုင်းရင်းသား မလေးလူမျိုးများကို အားပေးသည့် မူဝါဒများအားလျှော့ချခဲ့သည်။ နာဂျစ်သည် ပါတီအစောပိုင်းစစ်တမ်းများအရ ပါတီဥက္ကဋ္ဌနှင့်ခေါင်းဆောင်မှုအနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်သော်လည်း မလေးလူမျိုးများ၏ အခွင့်အရေးခိုင်မာစေရန် ပါတီရှေးရိုးစွဲများ၏ ဖိအားပေးမှုကို ရင်ဆိုင်နေရသည်။

လမ်ပူမြို့၌ “အာရှတွင် မဟာဗျူဟာပြောင်းလဲရေး” ဟူသော ဦးတည်ချက်ဖြင့် ကျင်းပခဲ့ရာ ဒေသတွင်းနိုင်ငံများမှအဆင့်မြင့်အရာရှိများ၊ သံတမန်များ၊ နိုင်ငံခြားဆောင်များနှင့်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

မျက်မှောက်ရေးရာ - မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများသည် မလေးရှားနိုင်ငံသို့ ကူးစက်ခဲ့ပြီး အဆိုပါဖြစ်ရပ်ကြောင့် လူငါးဦးသေဆုံးခဲ့သည်ဟု မလေးရှားနိုင်ငံရဲတပ်ဖွဲ့က မေလ ၂၉ ရက်တွင် ပြောကြားသည်။

သေဆုံးခဲ့ရသူ ငါးဦးမှာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ ဖြစ်ကြသည်။

မလေးရှားရဲတပ်ဖွဲ့သည် အထူးနှိမ်နင်းရေးတပ်ဖွဲ့ ဖွဲ့စည်းထားပြီး ကွာလာလမ်ပူတွင် ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများကို ဖြေရှင်းရန်ပြင်ဆင်ထားကာ ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံသား ၆၀ ခန့်ကို ဖမ်းဆီးခဲ့သည်။

ယခုအကြိမ်သည် ပြည်ပရောက်မြန်မာလုပ်သားများ ဒုတိယအကြိမ်ဦးတည်တိုက်ခိုက်ခံရမှုဖြစ်ပြီး ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံ လူဝင်မှုထိန်းသိမ်းရေးစခန်းတွင် ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများကြောင့်လည်း မြန်မာငါးဖမ်းလုပ်သားရှစ်ဦးသေဆုံးကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဇွန်လ ၄ ရက်တွင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာအာမတ်ဖိုင် ဆဲလ်ဘင်မိုဟာမက်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဖိတ်ခေါ်၍ မကြာမီကာလအတွင်းက မလေးရှားနိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ တိုက်ခိုက်ခံခဲ့ရသည့် အတွက် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများနှင့်ပတ်သက်၍ သတိထောက်လွှာပေးအပ်ခဲ့သည်။ အဆိုပါ သတိထောက်လွှာတွင် "မြန်မာနိုင်ငံသားများ တိုက်ခိုက်ခံခဲ့ရမှုအတွက် ချက်ချင်းစုံစမ်းဖော်ထုတ်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီအရေးယူပေးရန်၊ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးအတွက် လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်နှင့်ထိုကဲ့သို့ တိုက်ခိုက်မှုများနှင့် ပစ္စည်းဥစ္စာဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်းများ ထပ်မံမဖြစ်ပွားစေရန်အတွက် မလေးရှားအစိုးရမှလိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးသွားရန်" ဟူ၍ပါရှိသည်။

မလေးရှားနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေများနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစုံစမ်းရန်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တွေ့ဆုံဆွေးနွေးရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ခေါင်းဆောင်သည့် အထူးကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၁ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသည်။

ဇွန်လ ၁၂ ရက်တွင် မလေးရှားနိုင်ငံ၌ မြန်မာအလုပ်သမားများနှင့်တွေ့ဆုံပြီး ၁၃ ရက်တွင် မလေးရှားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်းမှုပြုလုပ်သည်။

မလေးရှားနိုင်ငံမှ ပဋိပက္ခများကြောင့် နေရပ်ပြန်လာကြသော မြန်မာအလုပ်သမားများကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက တာဝန်ယူပြီးအလုပ်ပြန်လည်ရှာဖွေပေးမှုတွင် တစ်လမပြည့်မီ ရက်ပိုင်းတွင် လူပေါင်း ၅၃၀ ကို အလုပ်အကိုင် ရှာပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင်လ ၁၁ ရက်က သတင်းထုတ်ပြန်သည်။

မလေးရှားမှောင်ခိုတားဆီးရေးအဖွဲ့ (UPP) သည် မြန်မာနိုင်ငံမှတရားမဝင်အလုပ်သမား ၆၅ ဦးကို အဝေးပြေးယာဉ်သုံးစီးပေါ်မှ စက်တင်ဘာလ ၈ ရက်တွင် ဖမ်းဆီးခဲ့သည်။

မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကို မြန်မာနိုင်ငံသားစစ်မှသာ အထောက်အထား ထုတ်ပေးမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က စက်တင်ဘာလ ၁၂ ရက်တွင် ပြောကြားသည်။ လက်ရှိ ဖမ်းဆီးထားသည့်မြန်မာအလုပ်သမား ၆၀၀ နီးပါးရှိပြီး ဖမ်းဆီးခံရသောသူများတွင် မြန်မာအလုပ်သမားသည် တတိယအများဆုံးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသို့ပြန်လိုကြသည့် အလုပ်သမားများကို မြန်မာသံရုံးက C of I (Certificate of Identification) ထုတ်ပေးခြင်း၊ မလေးရှား လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဧရာဝတီဖောင်ဒေးရှင်း၏ အကူအညီဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများ စုစည်းဆောင်ရွက်ပေးကြသည်။ လျှောက်လွှာပုံစံနှင့် ကိုယ်ရေးအကျဉ်းတို့ကို မြန်မာသံရုံးတွင် အခမဲ့ထုတ်ယူလျှောက်ထားနိုင်သည်။

မလေးရှားနိုင်ငံတွင် အထူးစီမံချက်များဖြင့် ဖမ်းဆီးနေသည့်အချိန်ဖြစ်သည့်အတွက် အမိမြေသို့ ပြန်လိုသူ မြန်မာများကို အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းက အခမဲ့ခေါ်ဆောင်ပေးခြင်းကို ကမ္ဘောဇ အုပ်စုနှင့် MAI တို့ပူးပေါင်းလုပ်ဆောင်ပေးခဲ့သည်။ ဧရာဝတီဖောင်ဒေးရှင်းကလည်း မြန်မာအလုပ်သမားများပြန်လည်ခေါ်ဆောင်ခဲ့ရာ အရေအတွက်မှာ အယောက် ၁၀၀၀ အထိရှိသည်။

မလေးရှားနိုင်ငံတွင် အော်ပရာစီဖမ်းဆီးခြင်းများကြောင့် ဒုက္ခရောက်ကြရသည့်မြန်မာအလုပ်သမား ၁၇၀ ကျော်ကို စက်တင်ဘာလ ၁၃ ရက်တွင် မြန်မာ နိုင်ငံသို့ သီတဂူဆရာတော်ကြီးကိုယ်တိုင် ပြန်လည်ခေါ်ဆောင်ခဲ့သည်။ မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနသို့ ပေးဆောင်ရမည့် ဒဏ်ကြေးငွေ ရင်းဂစ် ၅၀၀ ကို ပေးဆောင်ခဲ့ပြီး ကမ္ဘောဇဘဏ်လီမိတက်၏ ပူးပေါင်းလှူဒါန်းမှုအစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းကအခမဲ့ ပြန်လည်ခေါ်ဆောင်ခဲ့သည်။

မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များ၏တောင်းဆိုမှုများကြောင့် ပြည်ပနိုင်ငံများမှတရားမဝင်ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ မလေးရှားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ မှတ်ပုံတင်ထားသော်လည်း ပါမစ်မရသေးသူများအတွက် အလုပ်လုပ်ခွင့်ပါမစ်လျှောက်ထားခွင့်ပြုမည့်အစီအစဉ် (GP) ကို သုံးလတိတိ ဆောင်ရွက်ပေးမည်ဟု မလေးရှားနိုင်ငံရှိ မြန်မာသံရုံးက ထုတ်ပြန်သည်။

**မြောက်ကိုရီးယားနိုင်ငံ။ ။ နိုင်ငံရေး - အမေရိကန်နှင့်တောင်ကိုရီးယားတို့ကို စစ်ရေးခြိမ်းခြောက်မှုပြုခဲ့ပြီးနောက်ပိုင်းတွင် လွန်ခဲ့သည့် ငါးနှစ်ကျော်က ပိတ်ခဲ့သည့်ယုံငြွန်းရှူကလီးယားဓာတ်ပေါင်းဖိုကို ပြန်လည်ဖွင့်လှစ်သွားမည်ဟု မြောက်ကိုရီးယားက ဧပြီလ ၂ ရက်တွင် ကြေညာသည်။ ယင်းကြေညာချက်သည် ရှူကလီးယားအစီအစဉ်ကို စွန့်လွှတ်ရန် နိုင်ငံတကာက ဖျောင်းဖျမှု မအောင်မြင်ခြင်းကို ထင်ရှားစေခဲ့သည်။ ယုံငြွန်းကျွန်းတွင် ယူရေနီယံသန့်စင်စက်ရုံနှင့် ရှူကလီးယားဓာတ်ပေါင်းဖို အပါအဝင် ရှူကလီးယားအဆောက်အအုံများတည်ရှိပြီး ယင်းတို့ကို ခြောက်နိုင်ငံ လက်နက်ဖျက်သိမ်းရေးသဘောတူညီချက်အရ ပိတ်ခဲ့ခြင်းဖြစ်သည်။ ရှူကလီးယားဓာတ်ပေါင်းဖိုပြန်လည်ဖွင့်လှစ်ရန်ကြေညာချက်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တည်ငြိမ်မှုရှိရန်တောင်းဆိုပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားအစိုးရက နိုင်ငံခြားသံရုံးများ၊ သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဘေးကင်းရာသို့ ပြောင်းရွှေ့ကြရန် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး တင်းမာမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးရလဒ်များအတွက် လုံခြုံမှုအာမခံချက်မပေးနိုင်ကြောင်း သံတမန်ရင်းမြစ်များမှ ဧပြီလ ၅ ရက်တွင် ပြောကြားသည်။

သံတမန်များသည် ပြုယမ်းမြို့နှင့် မြောက်ကိုရီးယားပိုင်နက် နယ်မြေအခြေအနေများကို စောင့်ကြည့် နေခဲ့ပြီး ထုတ်ပြန်ချက်များကိုလည်း နားစွင့်နေကြောင်း ရုရှားသံရုံးအရာရှိကပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ယခင်မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီ၏ ယောက်ဖတော်စပ်သော ဂျန်ဆောင်သက်ကို ရာဇဝတ်မှုကျူးလွန်မှု၊ တန်ပြန်တော်လှန်ရေးပြုလုပ်ရန် အဖွဲ့ခွဲတစ်ခု ထူထောင်မှု၊ လာဘ်စားမှု၊ မူးယစ်ဆေးဝါးသုံးစွဲကာ မိန်းမလိုက်စားမှုတို့ကြောင့် ရာထူးအာဏာလုံးကို ဖယ်ရှားလိုက်သည်ဟု မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဒီဇင်ဘာလ ၉ ရက်တွင် ဖော်ပြသည်။ ယင်းကဲ့သို့ရာထူးမှ ထုတ်ပယ်မှုသည်ကင်ဂျုံအန်ကို အာဏာရှင်ဖြစ်သွားစေနိုင်ကြောင်း တောင်ကိုရီးယားမှ ဆန်းစစ်လေ့လာသူများက ခန့်မှန်းကြသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားသည် ယဉ်ကျေးမှုတော်လှန်ရေး ဆင်နွှဲဖွယ်ရှိနေသည်ဟု ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ ခေါင်းဆောင်ဟောင်း ကင်ဂျုံအီ၏ဘဏ္ဍာထိန်းဖြစ်ပြီး ဂျန်ဆောင်သက်၏ လူယုံဦးဆုယွန်းကိုလည်း သေဒဏ်ချမှတ်ခဲ့သည်ဟု ဒီဇင်ဘာလ ၁၁ ရက်က ဂျပန်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထို့နောက် ဒီဇင်ဘာလ ၁၂ ရက်တွင် ကွန်မြူနစ်နိုင်ငံအတွင်း ဒုတိယ အာဏာအကြီးဆုံးဟုရှုမြင်ခံရသူ၊ ကင်ကျုံအန်ကို ညွှန်ကြားပြသခဲ့သူ ဂျန်ဆောင်သက်ကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ကင်ကျုံအန်က ကွပ်မျက်ခဲ့သည်။ အသက် ၆၇ နှစ်အရွယ် ဂျန်သည် နိုင်ငံ့ခေါင်းဆောင်ကို ဖြုတ်ချပြီး အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်ဟု အစိုးရမီဒီယာမှ ထုတ်ပြန်ခဲ့သည်။ စွပ်စွဲခဲ့သော စွဲချက်များကို ဂျန်က ဝန်ခံခဲ့ပြီးနောက် ၎င်း၏ လက်ထောက်ဖြစ်သူနှင့် အတူ လူမြင်ကွင်းတွင် ကွပ်မျက်ခံခဲ့ရသည်။

စီးပွားရေး - ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် ပါဝင်သော မြောက်ကိုရီးယားတွင် ကာလရှည်ကြာ စားနပ်ရိက္ခာနှင့် လျှပ်စစ်မာတ် အားပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည်။ ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယား နိုင်ငံသားတစ်ဦးစီ၏ တစ်နှစ်ပျမ်းမျှအသားတင်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၃,၄၀၀ ရှိချိန်တွင် မြောက်ကိုရီးယားနိုင်ငံသား တစ်ဦးစီ၏ဝင်ငွေသည် ၁၂၅၀ ဒေါ်လာသာရှိကြောင်း တောင်ကိုရီးယားဗဟိုဘဏ်က ခန့်မှန်းထုတ်ပြန်သည်။

နှစ်နိုင်ငံနယ်စပ်၌ ပူးတွဲဖွင့်လှစ်ထားသော ကေဆောင်စက်မှုဇုန်ကို ဧပြီလ ၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံက ပိတ်သိမ်းခဲ့သည်။ ယင်းစက်မှုဇုန်မှာ တင်းမာမှုမြင့်တက်နေသည့် ကိုရီးယားနှစ်နိုင်ငံကြား နောက်ဆုံးကျန်ရှိသော ဆက်သွယ်မှုသင်္ကေတတစ်ခု ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံကုန်တင်ကားများကို ဧပြီ ၃ ရက်က နယ်စပ်ဖြတ်ကျော်ရန်တားမြစ်ခံရ



ကေဆောင်စက်မှုဇုန်

ဂျန်ဆောင်သက်ကို တရားရုံးသို့ ခေါ်ဆောင်လာစဉ်

ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံသည် ကေဆောင်စက်မှုဇုန်၌ ရှိနေသည့် တောင်ကိုရီးယား အလုပ်သမား ၈၆၁ ဦးကို ၎င်းတို့ ဆန္ဒရှိလျှင် နေအိမ်သို့ပြန်နိုင်ကြောင်း ခွင့်ပြုခဲ့သည်ဟု မြောက်ကိုရီးယားအရေးစောင့်ကြည့်လေ့လာသည့် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားသည်။ တစ်ဖက်သတ်ပိတ်ဆို့မှု ဆက်လက်ဖြစ်ပေါ်နေပါက စက်မှုဇုန်အခက်အခဲတွေ့မည်ကို ယင်းတို့က စိုးရိမ်ကြသည်။ စက်မှုဇုန်သည် နိုင်ငံတကာပိတ်ဆို့မှုဒဏ်ဆိုးရွားစွာခံနေရပြီး မြောက်ကိုရီးယားနိုင်ငံအတွက် အဓိကဝင်ငွေရှာဖွေပေးသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ ယင်းဇုန်တွင် တောင်ကိုရီးယား အထည်အလိပ်စက်ရုံ ၁၂၃ ခုနှင့် အခြားစက်မှုလုပ်ငန်းများ တည်ရှိပြီး မြောက်ကိုရီးယားအလုပ်သမား ၅၃,၄၀၀ ကျော်အတွက်တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉၂ သန်းခန့်ဝင်ငွေရရှိစေသည်။

ထိုစက်မှုဇုန်၏အနာဂတ်အတွက် ဆွေးနွေးကြရန် တောင်ကိုရီးယားနိုင်ငံ၏ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားက ဧပြီလ ၁၄ ရက်တွင် ပယ်ချခဲ့သည်။

စစ်ရေး - ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြုလုပ်ခဲ့သော တတိယအကြိမ်နျူကလီးယားစမ်းသပ် ဖောက်ခွဲမှုအပြီးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးကျင်းပရန် အမိန့်ထုတ်ခဲ့ပြီး ကမ္ဘာ့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယင်းလုပ်ရပ်သည် တည်ငြိမ်မှုကို ဆိုးရွားစွာထိခိုက်စေမည့် ကျူးကျော်ရန်စမှုဖြစ်ကြောင်းပြောသည်။ အထီးကျန် မြောက်ကိုရီးယားအစိုးရသည် ယင်း၏ မဟာမိတ် တရုတ်နိုင်ငံ၏ သတိပေးမှုကိုပင် ဂရုမပြုဘဲ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု လုပ်ဆောင်ခဲ့သည်ဟု ကုလသမဂ္ဂ သံတမန်တစ်ဦးက ပြောသည်။ လုံခြုံရေးကောင်စီ အစည်းအဝေးက မြောက်ကိုရီးယားအစိုးရ၏ နျူကလီးယားစမ်းသပ်မှု၊ ဒုံးကျည်ပစ်လွှတ်မှုများအတွက် ပြင်းထန်စွာအရေးယူမည့်ဆုံးဖြတ်ချက်ချမှတ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏မည်သည့်ဒေသကို မဆို ပစ်ခတ်နိုင်သော ခရုဇ်ဒုံးကျည်များ ဖြန့်ကြက်ထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီလ ၁၃ ရက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောသည်။

မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုနှင့် ပတ်သက်၍ရေဒီယိုသတ္တိကြွအိုက်ဆိုတုပ်အနည်းငယ်မျှ မတွေ့ရှိကြောင်း တောင်ကိုရီးယားကျွမ်းကျင်သူများက ထုတ်ဖော်ပြောဆိုခဲ့သည်ဟု ဖေဖော်ဝါရီလ ၁၄ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ မြောက်ကိုရီးယား၏ နျူစမ်းသပ်မှုပြုလုပ်ပြီး ချက်ချင်းပင် တောင်ကိုရီးယားက လေယာဉ်၊ သင်္ဘောများဖြင့် နမူနာယူစေရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

မတ်လ ၂၂ ရက်တွင် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုသည် စစ်ရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ယခင်တည်ရှိဆဲ သဘောတူညီချက်များအရ ပဋိပက္ခပြင်းထန်ချိန်တွင် အမေရိကန်နိုင်ငံပါဝင်နိုင်မည့်အပြင် ယင်းသဘောတူစာချုပ်သစ်အရ နယ်စပ်ရေးရာ ဖြတ်ကျော်မှုကဲ့သို့သော ကိစ္စတွင်ပင် အမေရိကန်နိုင်ငံက ပါဝင်တုံ့ပြန်နိုင်မည် ဖြစ်သည်။ ယင်းလုပ်ဆောင်ချက်သည် မြောက်ကိုရီးယားကို ဒေါသဖြစ်စေရန် လှုံ့ဆော်ခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုက နျူကလီးယားဗုံးသယ်ဆောင်နိုင်ပြီး ရေဒါရှောင်ကွင်းနိုင်သော ကိုယ်ပျောက် B-2 Stealth ဗုံးကြဲလေယာဉ်များကို ကိုရီးယားကျွန်းဆွယ်ပေါ်၌ လေ့ကျင့်ပျံသန်းပြခြင်းကို မြောက်ကိုရီးယားက တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ပစ်မှတ်များကို ပစ်ခတ်ရန် ယင်း၏ ဒုံးကျည်တပ်ဖွဲ့အဆင်သင့် ဖြစ်စေရေးအမိန့်ကို မတ်လ ၂၉ ရက်တွင် ခေါင်းဆောင်ကင်ဂျုံအန်က ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီးများနှင့်ဆွေးနွေးပြီး လက်မှတ်ရေးထိုးခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြသည်။ အမေရိကန်ထိပ်တန်းစစ်ဘက်အရာရှိ ဗိုလ်ချုပ်မာတင်ဒမ်ဆေးက ယင်းလေယာဉ်များစေလွှတ်ခဲ့ခြင်းမှာ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို ကာကွယ်ရန်သာ ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားကို ရန်စသည့်အပြုအမူမဟုတ်ကြောင်း ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံနှင့်စစ်ဖြစ်သည့်အနေအထားရောက်လာပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာခဲ့ပြီးနှစ်နိုင်ငံကြားဖြစ်ပွားနေသည့် ပြဿနာများကို စစ်ရေးနည်းလမ်းဖြင့် တုံ့ပြန်ဖြေရှင်းသွားမည်ဟုဆိုသည်။ ကိုရီးယားကျွန်းဆွယ်၌ ကာလကြာရှည်ဖြစ်ပွားနေသည့်အခြေအနေများသည် နောက်ဆုံးတွင် ငြိမ်းချမ်းရေးထက် စစ်ပွဲဆီဦးတည်နေပြီဟု မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။ နှစ်နိုင်ငံပူးတွဲ ဖွင့်လှစ်ထားသည့် ကေဆောင်စက်မှုဇုန်ကို မြောက်ကိုရီးယားက ပိတ်ပစ်မည်ဟု မတ်လ ၃၁ ရက်တွင် ခြိမ်းခြောက်ခဲ့ကြောင်း ကိုရီးယားဗဟိုသတင်း အေဂျင်စီမှ ကြေညာခဲ့ပြီး နောက်ပိုင်းတွင် နှစ်နိုင်ငံတင်းမာမှုပိုမိုဆိုးရွားခဲ့သည်။

နိုင်ငံရေးအရ တွေးခေါ်စဉ်းစားခြင်းမရှိဘဲ နိုင်ငံနှင့်လူမျိုးအား ခြိမ်းခြောက်ရန်စမှုများကို စစ်တပ်ကပြင်းထန်စွာတုံ့ပြန်သွားရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးက ဧပြီလ ၁ ရက် ကာကွယ်ရေးဝန်ကြီးဌာန၏ မူဝါဒရေးရာ အစီအစဉ်ဆွေးနွေးပွဲတွင် အမိန့်ထုတ်ပြန်ကြောင်း ယွန်ဟပ်သတင်းဌာနက ကြေညာသည်။ မြောက်ကိုရီးယားနိုင်ငံသည် ဆိုးရွားသော ခြိမ်းခြောက်မှုအဖြစ် နှစ်နိုင်ငံမကျူးကျော်ရေးစာချုပ်ပျက်ပြယ်ကြောင်း ကြေညာခြင်း၊ နှစ်နိုင်ငံစစ်ဘက်ဆက်သွယ်ရေးလမ်းကြောင်းဖြတ်တောက်ခြင်းနှင့် စစ်ရေး ခြိမ်းခြောက်မှုများပြုခဲ့သည်ဟု သမ္မတက ထပ်မံပြောကြားသည်။ အဆိုပါ ပြောကြားချက်မှာ

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံနှင့် စစ်ဖြစ်နေသည့်အနေအထားရောက်ပြီဟုထုတ်ပြန်ပြီး နာရီပိုင်းအကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အမေရိကန်ပြည်ထောင်စုကိုလည်းကောင်း၊ မိတ်ဆွေနိုင်ငံများကိုလည်းကောင်း ကာကွယ်သွားမည့်ကတိကို ဧပြီလ ၂ ရက်တွင် ဆိုးလ်မြို့ဆွေးနွေးပွဲ၌ ထပ်မံအတည်ပြုခဲ့သည်။ မြောက်ကိုရီးယားတွင် နျူကလီးယားထိပ်ဖူးရှိနေပြီဟူသော သတင်းကိုမူ ယင်းသတင်းသည် တိကျခြင်းမရှိဘဲ လုပ်ဆောင်စမ်းသပ်ဆဲသာ ဖြစ်သည်ဟုဆိုခဲ့သည်။

ဂျပန်မီဒီယာများတွင် သုံးသပ်ဖော်ပြထားသော အဆိုပါ ဒုံးကျည်သည် KN-08 အမျိုးအစားဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအထိရောက်ရှိနိုင်သည့် တာဝေးပစ် ဒုံးကျည်မဟုတ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ငြင်းဆိုသည်။

မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံလွှတ်တင်ရန် ပြင်ဆင်နေသည်ဟုယူဆရချိန်တွင်ပင် ထောက်လှမ်းရေးစွမ်းရည်များမြင့်တင်သည့်အနေဖြင့် အမေရိကန်စစ်ဘက်က ဂလိုဘယ်ဟောခ်မောင်းသူမဲ့ သူလျှို လေယာဉ်ကို ဂျပန်နိုင်ငံမြောက်ပိုင်းမီဆာဝါမြို့ရှိ

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန် ပစိဖိတ်သမုဒ္ဒရာအတွင်းမှဂူအမ်ကျွန်း၌ ဒုံးကာကွယ်ရေးအစီအစဉ်ကို ဧပြီလ ၄ ရက်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဟေဂဲလ်က ကြေညာသည်။

အမေရိကန်ကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မည်ဟု သတိပေးပြီး နာရီပိုင်းအကြာတွင် မြောက်ကိုရီးယားစစ်ဘက်က တာလတ်ပစ်ဒုံးကျည်တစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းသို့ပြောင်းရွှေ့ချထားလိုက်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဧပြီလ ၄ ရက်တွင်ပြောကြားသည်။

အမေရိကန်တပ်စခန်း၌ ပထမဆုံးအကြိမ် ဖြန့်ကြက်ရန် လုပ်ဆောင်နေကြောင်း ဆန်ကေးရှင်ဘွန်း သတင်းစာက ဧပြီလ ၆ ရက်တွင် ရေးသားဖော်ပြသည်။

မြောက်ကိုရီးယားက တောင်ကိုရီးယားနှင့် ဂျပန်ရှိ အမေရိကန်စစ်စခန်းများကို ခြိမ်းခြောက်ခဲ့ပြီး စစ်ဖြစ်လာလျှင်ရွှေ့ပြောင်းပြေးနိုင်ရေးအတွက် နည်းလမ်းများရှာကြံထားကြရန် တောင်ကိုရီးယားနိုင်ငံ၌နေထိုင်ကြသည့် နိုင်ငံခြားသားများကို မြောက်ကိုရီးယားက သတိပေးလိုက်ကြောင်း ဧပြီလ ၉ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဂျပန်နိုင်ငံသည် သန်း ၃၀ မျှသောပြည်သူများကိုကာကွယ်ရန် တိုကျိုမြို့တွင်းသုံးနေရာ၌ ဒုံးဖျက်အမြောက်များ ဖြန့်ကြက်ထားသည်။

စစ်သင်္ဘောနှစ်စင်းကိုလည်း စေလွှတ်ခဲ့ပြီး ဂျပန်ကျွန်းများဆီသို့ မြောက်ကိုရီးယားမှ ပစ်လွှတ်သော မည်သည့်ဒုံးကျည်မဆို ပစ်ချရန်အမိန့်ပေးထားပြီးဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ယင်း၏အရှေ့ဘက်ကမ်းရိုးတန်းသို့ တာတိုပစ်စကတ်ဒုံးကျည်နှစ်စင်း ပြောင်းရွှေ့ချထားခဲ့ပြီး ဒုံးကျည်ပစ်လွှတ်ရန်ပြင်ဆင်နေသည့်လက္ခဏာများတွေ့နေရကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ဧပြီလ ၁၆ ရက်က ထွက်ပေါ်ခဲ့သည့်ဂြိုဟ်တုဓာတ်ပုံများအရ ပြောကြားသည်။ ယင်းလှုပ်ရှားမှုများသည် တာလတ်ပစ်ဆူဒန်ဒုံးကျည်နှစ်စင်းနိုင်ငံတောင်ပိုင်း ဝမ်ဆန်မြို့သို့ ပြောင်းရွှေ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကာလအတန်ကြာ သဘောထားတင်းမာခဲ့ပြီးနောက် အမေရိကန်နှင့်တောင်ကိုရီးယား ခေါင်းဆောင်တို့သည် မြောက်ကိုရီးယားနိုင်ငံကို မည်သည့်လိုက်လျောမှုမျှ မပြုရန် မေလ ၇ ရက် အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲ၌ သဘောတူညီခဲ့သည်။ ယင်းနှစ်နိုင်ငံက ကာကွယ်ရေးပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်သွားရန် ကတိပြုခဲ့ပြီး ဆွေးနွေးမှုအသစ်များဆက်လက်မကျင်းပမီ မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို ပြောင်းလဲသွားရန် တောင်းဆိုခဲ့သည်။ ပြဿနာတစ်ရပ်ကို ဖန်တီးပြီး လိုက်လျောမှုများကို နှိုက်ထုတ်ယူခဲ့သော မြောက်ကိုရီးယား၏ နေ့ရက်များကုန်ဆုံးသွားကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြောက်ကိုရီးယားကို စီးပွားရေးပိတ်ဆို့အရေးယူမှုတွင် တရုတ်နှင့်ရုရှားနိုင်ငံတို့ ပူးပေါင်းပါဝင်သည့်အတွက် သမ္မတပတ်ဂွမ်ဟေးက ယင်းသတင်းစာရှင်းလင်းပွဲ၌ ဂုဏ်ပြုစကားပြောကြားသည်။

အမေရိကန်အစိုးရနှင့်အဆင့်မြင့်ဒေသဆိုင်ရာငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရန် မြောက်ကိုရီးယားက ဇွန်လ ၁၆ ရက်တွင် ကမ်းလှမ်းခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့်တောင်ကိုရီးယားတို့က အေးစက်စွာတုံ့ပြန်ခဲ့ကြောင်း ဇွန်လ ၁၇ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ မြောက်ကိုရီးယားကို စကားလုံးများနှင့် မသုံးသပ်ဘဲအပြုအမူများနှင့် သုံးသပ်ရမည်ဟုအမေရိကန်က ပြောကြားသည်။

မြောက်ကိုရီးယား၏အဓိကမဟာမိတ် တရုတ်နိုင်ငံက မြောက်ကိုရီးယားဘဏ်တစ်ခု၏ငွေစာရင်းကို ပိတ်ခြင်းဖြင့် အရေးယူမှုပြုခဲ့သည်။ အဆိုပါဘဏ်သည် နျူကလီးယားအစီအစဉ်အတွက် အကူအညီပေးနေသည်ဟု အမေရိကန်က စွပ်စွဲထားသည်။

ဇွန်လ ၁၉ ရက်တွင် မြောက်ကိုရီးယားနှင့် တရုတ်စေ့စပ်ညှိနှိုင်းရေးမှူးများ၏ မဟာဗျူဟာ မြောက်ဆွေးနွေးပွဲကို စတင်ပြုလုပ်ကြောင်း ဘီဘီစီသတင်းများတွင်ဖော်ပြသည်။

စီးပွားရေးနှင့် သံတမန်နည်းလမ်းများအရ အထောက်အပံ့များစွာပေးထားသော မဟာမိတ်တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာနက မြောက်ကိုရီးယားနိုင်ငံသို့ တရုတ်စစ်ဘက်၊ နယ်ဘက်မှ ရောင်းချခြင်းမပြုရမည့်ပစ္စည်းများစာရင်းကို ထုတ်ပြန်ကြေညာကြောင်း အေပီသတင်းတွင်ဖော်ပြသည်။ ယင်းပစ္စည်းများတွင် နျူကလီးယားဒုံးကျည် နည်းပညာနှင့်ဆက်စပ်သော ပစ္စည်းများ၊ စစ်လက်နက်ပစ္စည်းများနှင့် ဓာတုလက်နက်ထုတ်နိုင်မည့် ဓာတုပစ္စည်းများပါဝင်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ပိတ်ပင်လိုက်သော နည်းပညာပစ္စည်းများကို တစ်ခုချင်းစီဖော်ပြထားပြီး မည်သည့်အတွက်ကြောင့် ပိတ်ပင်ရခြင်းကိုလည်း ရှင်းပြထားသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသောမူများကို လိုက်နာရန် သတိပေးခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်ကဆိုသည်။

၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲကြောင့် ဆယ်စုနှစ်ပေါင်းများစွာကွဲကွာခဲ့ကြသော မိသားစုများ ပြန်လည်ပေါင်းဆုံနိုင်မည့်အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နှစ်နိုင်ငံကြက်ခြေနီ ကိုယ်စားလှယ်များက နယ်စပ်ဒေသရှိ ပန်မွန်ကျုံအပစ်အခတ်ရပ်စဲရေးကျေးရွာ၌ ဩဂုတ်လ ၂၃ ရက်တွင်ဆွေးနွေးခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် တောင်ကိုရီးယားနှင့်ရေပိုင်နက်အငြင်းပွားနေသည့် ပင်လယ်ပြင်ဗမာတွင်းမှ ဂျန်ဂျေးကျွန်းနှင့် မူကျွန်းများသို့

တတိယအကြိမ်သွားရောက်ခဲ့ကြောင်း ကိုရီးယားဗဟို သတင်းအေဂျင်စီက စက်တင်ဘာလ ၃ ရက်တွင် ကြေညာသည်။ ခရီးစဉ်အတွင်း စစ်ရေးဆိုင်ရာ မိသားစုများအတွက် နေအိမ်များကို စစ်ဆေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပတ်ကီယွန်က ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကိုရီးယားကျွန်းဆွယ်ပြဿနာမှ ငြိမ်းချမ်းရေးရယူရန်အတွက် ဆိုလျှင် မြောက်ကိုရီးယားအပေါ် ထားရှိသော အမေရိကန်၏ ရန်လိုသည့်မူဝါဒကို စွန့်လွှတ်ရန် အောက်တိုဘာလ ၁ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယား၏ နျူကလီးယားတိုက်ခိုက်မှုကို ကာကွယ်ရန်အတွက် အမေရိကန်နှင့် တောင်ကိုရီးယားအစိုးရတို့က မဟာဗျူဟာမြောက် သဘောတူစာချုပ်သစ်ကို အောက်တိုဘာလ ၂ ရက်တွင် လက်မှတ်ရေးထိုးသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ပြည်သူ့ကာကွယ်ရေးတပ်မတော် (KPA) ကို စစ်ဆင်ရေး စတင်နိုင်ရန် အသင့်အနေအထားတွင်ရှိရေး တပ်လှန့်ထားပြီးဖြစ်သည်ဟု အောက်တိုဘာလ ၈ ရက်တွင် မြောက်ကိုရီးယားအစိုးရက ထုတ်ဖော်ပြောဆိုပြီး တောင်ကိုရီးယားနှင့်အမေရိကန်တို့ကို တိုက်ရိုက်ခြိမ်းခြောက်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန် သုံးနိုင်ငံရေတပ်ပူးတွဲစစ်ရေး လေ့ကျင့်မှုကို မြောက်ကို ရီးယားက ပြစ်တင်ဝေဖန်ခဲ့ပြီးနောက် ယင်းလေ့ကျင့်မှု တွင် ပါဝင်သောအမေရိကန် လေယာဉ်တင်သင်္ဘော ကျော့ဝါရှင်တန်ကို နှစ်မြှုပ်ပစ်ပြီး ပင်လယ်ကို မီးလောင်တိုက်သွင်းပစ်မည်ဟု အောက်တိုဘာလ ၁၁ ရက်တွင် ခြိမ်းခြောက်သည်။

ကင်ဂျုံအန်သည် စစ်သင်္ဘောသစ်များကို စစ်ဆေးပြီးရေတပ်အင်အားကိုတိုးမြှင့်ရန် အမိန့်ထုတ်ခဲ့ကြောင်းနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက အောက်တိုဘာလ ၁၂ ရက်တွင်ဖော်ပြသည်။

ကိုရီးယားနှစ်နိုင်ငံ၏ တင်းမာမှုသည် မြောက်ကိုရီးယားနိုင်ငံ၏ တတိယအကြိမ် နျူကလီးယားစမ်းသပ်မှုအပြီးတွင် ပိုမိုဆိုးရွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက မြောက်ကိုရီးယားနိုင်ငံ၏နောက်ဆုံးခြိမ်းခြောက်မှုနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခဲ့ရာ ယင်းကြေညာချက်တွင် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုမှာ အသစ်အဆန်းမဟုတ်ဘဲ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ နှစ်စဉ်စစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် အစောပိုင်းကတည်းက ၎င်း၏တပ်ဖွဲ့များကို ကင်ဂျုံအန်က အသင့်အနေအထားဖြစ်စေရန် တပ်လှန့်ထားခဲ့ပြီးဖြစ်သည်ဟုပါရှိသည်။ မြောက်ကိုရီးယားက ထိုစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်းဟု ရှုမြင်ခဲ့သည်။

မြောက်ကိုရီးယားက အမေရိကန်ပြည်ထောင်စုကို နျူကလီးယားလက်နက်ဖြင့် လက်ဦးမှုရယူတိုက်ခိုက်မည်ဟုလည်း ခြိမ်းခြောက်ခဲ့ရာ အမေရိကန်ပြည်ထောင်စုအထိရောက်အောင် ပစ်ခတ်နိုင်စွမ်းရှိသည့် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ဒုံးကျည်ထုတ်လုပ်ရန် နှစ်ပေါင်းများစွာအချိန်ယူရမည်ဖြစ်ကြောင်း ဆန်းစစ်သူများက ပြောကြားသည်။

မြောက်ကိုရီးယားက နျူကလီးယားလက်နက်များဖြင့် တိုက်ခိုက်နိုင်ဖွယ်ရှိသော ပစ်မှတ်များတွင် ဂူအမ်ကျွန်းနှင့် အတူ အမေရိကန်ပြည်မကြီးနှင့် ဟာဝိုင်ယီကျွန်းများလည်းပါဝင်သည်။

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလက တောင်ကိုရီးယားနယ်စပ်ဒေသရှိ ကျွန်းတစ်ကျွန်းကို မြောက်ကိုရီးယားဘက်မှအမြောက်ဖြင့်ပစ်ခတ်ခဲ့ပြီးနောက် ပြန်လည်ပေါင်းဆုံမည့်အစီအစဉ်ကို ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။

သို့သော်ခေါင်းဆောင်ကင်ဂျုံအန်သည် အမေရိကန်နှင့်တောင်ကိုရီးယားတို့နှစ်စဉ်စစ်ရေးလေ့ကျင့်ခြင်းနှင့် ကုလသမဂ္ဂ၏ထပ်မံအရေးယူပိတ်ဆို့ခြင်းများကို ဒေါသထွက်ခဲ့ပြီး အမေရိကန်အနေဖြင့် အဆင်ခြင်မဲ့စွာရန်စမည်ဆိုလျှင် ကိုရီးယားပြည်သူ့တပ်မတော် (ကေပီအေ)က အမေရိကန်ပြည်မကြီးရှိဟာဝိုင်ယီနှင့် ဂူအမ်ကျွန်းအပါအဝင် အာရှပစိဖိတ်ရှိ စစ်စခန်းများနှင့်တောင်ကိုရီးယားနိုင်ငံတို့ကို တိုက်ခိုက်မည်ဟု

ကင်ဂျုံအန်က ပြောကြားကြောင်း ကိုရီးယားဗဟို သတင်း အေဂျင်စီက ဖော်ပြသည်။

မြောက်ကိုရီးယားအစိုးရသည် ၎င်း၏မဟာမိတ်ဖြစ်သော ဆီးရီးယားအစိုးရထံ အကြံပေးအရာရှိ များနှင့် ရဟတ်ယာဉ်မျူးများစေလွှတ်ခဲ့ကြောင်း မီဒီယာ များတွင် ဖော်ပြခဲ့သည်။ မြောက်ကိုရီးယား ရဟတ်ယာဉ် မျူး ၁၅ ဦးသည် ဆီးရီးယားအစိုးရဘက်မှ တိုက်ခိုက်လျက်ရှိကြောင်း ဂျေရုဆလင်ပို့စ်က အောက်တိုဘာလတွင် ဖော်ပြခဲ့ပြီး ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က အတည်ပြုခဲ့သည်။ ယင်းကို မဟုတ်မှန်ကြောင်း မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီက နိုဝင်ဘာလ ၁၄ ရက်တွင်ထုတ်ပြန်သည်။

မြောက်ကိုရီးယားက ၎င်းတို့၏ပိုင်နက်အဖြစ် ထုတ်ပြန်ထားသော တောင်ကိုရီးယားနယ်စပ် ယုံဖြောင်ကျွန်းသို့ တိုက်ခိုက်မှုနှစ်ပတ်လည်အဖြစ် တောင်ကိုရီးယားသမ္မတရုံးကို မီးပင်လယ်အဖြစ် ပြောင်းလဲပစ်မည်ဟု ခြိမ်းခြောက်သည်။ တောင်ကိုရီးယား ကြည်း၊ ရေ၊ လေနှင့် မရိုန်းတပ်ဖွဲ့များက ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် လူလေးဦးသေဆုံးခဲ့သည့် ယုံဖြောင်ကျွန်းတိုက်ခိုက်ခံရမှုအထိမ်းအမှတ်အဖြစ် ယင်းကျွန်းနှင့်အနီးတစ်ဝိုက်တွင် ကျည်အစစ်သုံး စစ်ရေးလေ့ကျင့်မှု စတင်ခဲ့သဖြင့် ဤသို့ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံကြား ဆက်ဆံရေးမပြေလည်မှုကို ဖြေရှင်းသည့် အဆင့်တစ်ဆင့်အဖြစ် အိုကီနာဝါကျွန်းပေါ်မှ အမေရိကန် မရိန်းတပ်ဖွဲ့၏ ဖူတဲမလေတပ်အခြေစိုက်စခန်းကို ၂၀၂၂ ခုနှစ်ထက်စောနိုင်သမျှ စောစွာ အမေရိကန်က ဂျပန်အစိုးရလက်သို့ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဧပြီလ ၅ ရက်တွင် နှစ်နိုင်ငံသဘောတူညီချက် ထုတ်ပြန်ကြေညာခြင်းဖြင့် မဟာမိတ်နှစ်နိုင်ငံ၏ ချစ်ခင်ရင်းနှီးမှု ပျက်သုဉ်းသွားမည်မဟုတ်ကြောင်း ပြသခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမက ဖူတဲမစစ်စခန်းကို အိုကီနာဝါကျွန်းပေါ်မှ ရွှေ့ပြောင်းပေးမည့်ကတိရရှိရန် ကြိုးပမ်းခဲ့သဖြင့် နှစ်နိုင်ငံဆက်ဆံရေးအေးစက်ခဲ့ခြင်းဖြစ်သည်။

ဧပြီလ ၁၄ ရက်တွင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားတင်းမာမှုများနှင့် ပတ်သက်၍ဆွေးနွေးရန် ဂျပန်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီသွားရောက်သည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား တင်းမာမှုကြောင့် ပိတ်ခဲ့သည့် ကေဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် နှစ်ဖက်တွေ့ဆုံဆွေးနွေးရန် မြောက်ကိုရီးယား၏အဆိုပြုမှုကို တောင်ကိုရီးယားက သဘောတူလိုက်ကြောင်း ဇွန်လ ၆ ရက် အေပီသတင်းတွင် ဖော်ပြသည်။ ဆွေးနွေးပွဲ ကျင်းပရန် အဆိုပြုမှုကို သေချာစွာလေ့လာခဲ့ကြောင်းနှင့် ယင်းမှာ နှစ်နိုင်ငံကြားယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် အခွင့်အလမ်းတစ်ရပ်အဖြစ် မျှော်လင့်ကြောင်း တောင်ကိုရီးယားဌာနခြမ်းစွာ ပြန်လည်ပေါင်းစည်းရေး ကော်မတီက ကြေညာချက်ထုတ်ပြန်သည်။

ထို့နောက် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများသည် နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပန်မွန်ဂျုံစစ်မဲ့ဇုန်၌ ဆွေးနွေးပွဲကျင်းပသည်။ ပိုမိုအဆင့်မြင့်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် အစီအစဉ်များရေးဆွဲရန် တွေ့ဆုံကြခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် အငြင်းပွားမှုမရှိ အဆင်ပြေချောမွေ့ခဲ့ကြောင်း တောင်ကိုရီးယား ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစက်မှုဇုန်ပြန်လည်ဖွင့်လှစ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ဇူလိုင်လ ၁၀ ရက်တွင် ကျင်းပရာ အပြီးသတ်သဘောတူညီချက်မရဘဲ ပြီးဆုံးသွားကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါစက်မှုဇုန်၌ လုပ်ငန်းလည်ပတ်မှုများ ပြန်လည်စတင်ရန် မူအားဖြင့် နှစ်ဖက်စလုံးက သဘောတူခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်း၏အလုပ်သမားများကို ပြန်လည်ရုပ်သိမ်းသွားသည့်ဧပြီလလယ်မှစ၍ ကေဆောင်စက်မှုဇုန်လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က နှစ်ဖက်ကိုယ်စားလှယ်များ ရက်ပိုင်းအတွင်း အကြိမ်ကြိမ်တွေ့ဆုံခဲ့သော်လည်း ကွဲပြားခြားနားမှုမရှိခဲ့ကြောင်း ပြောကြားသည်။

ကဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရန် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံသဘောတူညီမှုရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ်လ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံမှ စက်မှုဇုန်လုပ်ငန်းရှင်များနှင့်ဝန်ထမ်းတို့သည် စက်တင်ဘာလ ၁၆ ရက်တွင် နယ်စပ်မျဉ်းကို ဖြတ်ကျော်ပြီး ကဆောင်စက်မှုဇုန် လုပ်ငန်းများစတင်လုပ်ဆောင်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကဆောင်စက်မှုဇုန်အတွက် ဖွံ့ဖြိုးမှုနည်းလမ်းများ ရှာဖွေရန် တောင်ကိုရီးယားလွှတ်တော်အမတ် ၂၁ ဦး အဖွဲ့တစ်ဖွဲ့က အောက်တိုဘာလ ၃၀ ရက်တွင် တောင်မြောက်နယ်စပ်စည်းမျဉ်းကို ဖြတ်ကျော်ကာ ကဆောင်စက်မှုဇုန်သို့ သွားရောက်ခဲ့သည်။

မိမိတို့နိုင်ငံသားများကို တောင်ကိုရီးယားထောက်လှမ်းရေးအေးဂျင်စီများနှင့် တက်ကြွလှုပ်ရှားသူများက သူလျှိုအဖြစ် သိမ်းသွင်းနေမှုကို ငဲ့ညှာမှုမရှိသော တုံ့ပြန်မှုများ လုပ်ဆောင်သွားမည်ဟု မြောက်ကိုရီးယားက နိုဝင်ဘာလ ၉ ရက်တွင် ပြောကြားသည်။ တောင်ကိုရီးယားထောက်လှမ်းရေးအေဂျင်စီအကြီးအကဲ နမ်ဂျေးဂျုံကို အဓိကပစ်မှတ်ထားမည်ဟု မြောက်ကိုရီးယား၏ ကိုရီးယားပြန်လည်ပေါင်းစည်းရေးကော်မတီကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံ။ ။ **စီးပွားရေး** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး Sergey K.SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မတ်လ ၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း နယ်ပယ်ကဏ္ဍအများအပြားတွင် ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှားစီးပွားရေး လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၏လေကြောင်းနှင့် စက်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုကြသည်။

ရုရှားနိုင်ငံသည် မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသကို နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် အရင်းအမြစ်တစ်ခုဖြစ်လာစေရန် မျှော်မှန်းထားသည်။ ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ ၂၀ ရာခိုင်နှုန်းကို အာတိတ်ဒေသက ဖြည့်ဆည်းပေးလျက်ရှိသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းသည်စီးပွားရေး၌ အရေးပါလှပြီး အာတိတ်ဒေသ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် စွမ်းအင်လုပ်ငန်းကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိသည်။

ရုရှားဆိုက်ဘေးရီးယားဒေသမှ တရုတ်နိုင်ငံသို့ ရေနံပိုက်လိုင်းတစ်လိုင်းသွယ်တန်းနိုင်စေရန် တရုတ်အစိုးရအဖွဲ့က ၂၀၁၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီနှစ်ခုသို့ဒေါ်လာ ၂၅ ဘီလီယံထောက်ပံ့ပေးခဲ့သည်။ ရုရှားနိုင်ငံရှိ Tranemett ကုမ္ပဏီနှင့် Rosneft ကုမ္ပဏီတို့သည် တရုတ်နိုင်ငံ၏ မတည်ငွေရင်းဖြင့် ရေနံပိုက်လိုင်းကို တည်ဆောက်ခဲ့ကြသည်။ ယခုအခါ ယင်းရေနံပိုက်လိုင်းကို အသုံးပြု၍ တစ်ရက်လျှင် ရေနံစည် ၃၀၀၀၀၀ ပို့ဆောင်ပေးလျက်ရှိသည်။

ရုရှားသည် အာတိတ်ဒေသ၌ ရေနက်ဆိပ်ကမ်း ၁၆ ခုအထိ ပိုင်ဆိုင်ထားသည်။ ကနေဒါနိုင်ငံမှာမူ အာတိတ်ဒေသတွင် ပင်လယ်ဆိပ်ကမ်းတစ်ခုတည်းသာရှိသည်။ အာတိတ်ပင်လယ်ကမ်းရိုးတန်းဒေသကို စီးပွားရေးအရရှင်သန်တိုးတက်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ အာတိတ်ကမ်းရိုးတန်းဒေသပွင့်လင်းလာခြင်းဖြင့် စူးအက်တူးမြောင်းကို အစားထိုး

လာနိုင်မည်ဖြစ်သည်။ ကမ်းရိုးတန်းဒေသတွင် သွားလာသောကုန်သွယ်ရေကြောင်းသဘော်များအတွက် လမ်းရှင်းပေးနိုင်ရန် ရုရှားက ရေခဲခွဲသဘော်များကို အသုံးပြုသည်။ ရေခဲခွဲသဘော်များသည် ကုန်သွယ်ရေကြောင်းသဘော်များထံမှ ဝန်ဆောင်ခများရယူကာ လမ်းရှင်းပေးသည်။

ပထဝီအနေအထားအရ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့သည် ကြီးမားကျယ်ပြန့်ကြသည့် နိုင်ငံကြီးများဖြစ်ကြသည်။ နယ်စပ်ဒေသချင်းလည်း ဆက်စပ်လျက်ရှိကြပြီး စစ်ရေးအရရော စီးပွားရေးအရပါ ယှဉ်ပြိုင်၍ ၎င်းတို့၏ရပ်တည်မှုကို ရယူနေကြသည်။ အထူးသဖြင့် စီးပွားရေးစစ်အေးတိုက်ပွဲကိုမူ တိုက်ခိုက်ယှဉ်ပြိုင်လျက်ရှိနေကြသည်။



ပထဝီအနေအထားနှင့် ခေါင်းဆောင်များ အချင်းချင်းပါ ဆက်စပ်ရင်းနှီးလျက်ရှိသည့် ရုရှားဝန်ကြီးချုပ်နှင့်တရုတ်သမ္မတ

ဆိုဗီယက်ခေတ်က ရုရှားသည်ဗဟိုအာရှတွင် အိမ်နီးချင်းနိုင်ငံငယ်များကို ကိုလိုနီအဖြစ် အုပ်ချုပ်ခဲ့သည်။ တစ်နည်းအားဖြင့် ရုရှားသည် နိုင်ငံတကာရေနံစျေးကွက်အတွင်းသို့ရောက်ရှိလာခဲ့သည်။ ရေနံနှင့် ဓာတ်ငွေ့များထွက်ကြသည့် အိမ်နီးချင်း ဆက်စပ်နိုင်ငံများကို စီးပွားရေးလက်ဝါးကြီးအုပ် ခြယ်လှယ်ခဲ့သည့်အရှင်သခင်ဖြစ်ခဲ့သည်။ အဆိုပါ နိုင်ငံငယ်များမှ ထွက်ရှိသမျှ ရေနံဓာတ်ငွေ့များကို နိုင်ထက်စီးနင်း စျေးကွက်များ ထိန်းချုပ်ခဲ့သည်။

ရုရှားနိုင်ငံ၏စီးပွားရေးနယ်ပယ်သည် တရုတ်ပြည်သို့တိုင် ချဲ့ထွင်ပျံ့နှံ့လာခဲ့သည်။ ရေနံပိုက်လိုင်းများကို သွယ်တန်း၍ အရှေ့ဘက်တရုတ်စျေးကွက်အထိ ကျယ်ပြန့်ရောက်ရှိသွားသည်။

ရုရှားနိုင်ငံသည် နယ်ကလီးယားရေငုပ်သဘော်အစင်း ၄၀ ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ ထို့အပြင် ရုရှားနိုင်ငံသည် စစ်ဘက်ရဟတ်ယာဉ်များကို အမေရိကန်ဒေါ်လာ ဘီလီယံဖိုးအထိ တင်ပို့ရန်အတွက် အမှာစာရရှိထားသည်။ ၂၀၁၃ ခုနှစ်အတွင်း ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံတန်ဖိုးရှိသော ရဟတ်ယာဉ်အစင်း ၁၄၀ ကို တင်ပို့ရောင်းချမည်ဖြစ်သည်။ ထပ်မံ၍ အနာဂတ်ကာလတွင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံပမာဏရှိသော ရဟတ်ယာဉ်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။

စစ်ရေး - ရုရှားရေတပ်က ပင်လယ်နက်နှင့် မြေထဲပင်လယ်တို့တွင် စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်နေကြောင်းကို ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ ကြီးကြပ်မှုလက်အောက်မှ စစ်ရေယာဉ်များ၊ တပ်ဖွဲ့ဝင်များ၊ ပင်လယ်နက်နှင့် ဘော်လ်တစ်ပင်လယ်တပ်စခန်းများမှ စစ်သင်္ဘောကြီး ရှစ်စင်းလည်း အဆိုပါစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်သည်။ ယခုပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုသည် ဆယ်စုနှစ်အတွင်း အကြီးမားဆုံးရေတပ်စစ်ရေး လေ့ကျင့်မှုတစ်ရပ်ဖြစ်သည်။

ပြည်တွင်းစစ်ဖြစ်နေသော ဆီးရီးယားသို့ မဟာမိတ်ရုရှားက ကတိပြုထားသည့်အတိုင်း လေယာဉ်ဖျက် ဒုံးကျည်များပေးပို့မည်ဆိုပါက တုံ့ပြန်သွားမည်ဖြစ်ကြောင်း အစ္စရေးက မေလ ၂၉ ရက်တွင် သတိပေးသည်။ ယင်းအချိန်တွင် ဆီးရီးယားအကြီးတန်းတပ်မှူးကလည်း လက်ဘနွန်ရှိဩဇာကြီးဟစ်ဇ်ဘိုလာရှိဟိုက်စစ်သွေးကြွအဖွဲ့ကို ဆီးရီးယားအစိုးရ တပ်များဘက်မှ ကူညီတိုက်ခိုက်ခြင်းမပြုရန် ၂၄ နာရီ ရာဇသံပေးခဲ့သည်။ ဆီးရီးယားပြည်တွင်းပဋိပက္ခစတင်ခဲ့ပြီး

နောက်ပိုင်းအစွန်းရောက် ဆီးရီးယားရှိ လက်နက်များကို အဓိကပစ်မှတ်ထားပြီး အနည်းဆုံးသုံးကြိမ်ခန့် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ရုရှား၏သဘော်ဝများသည် ဆီးရီးယားနိုင်ငံအတွင်း အနောက်နိုင်ငံများ၏စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုကို ဟန့်တားနိုင်ရန် မြေထဲပင်လယ်ဆီးရီးယားကမ်းလွန်သို့ ဆိုက်ရောက်ဖြန့်ကြက်လျက်ရှိသည်။ ဆီးရီးယားရေပိုင်နက်အနီး ရုရှားရေတပ်ရှိနေခြင်းကြောင့် အနောက်နိုင်ငံများက ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်နေသော စစ်သွေးကြွများအား ကူညီရန် စစ်သဘော်ဝင်းစီးဝင်ရောက်တပ်ဖြန့်ကြက်မှုဖြင့် ဟန့်တားပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

ဆီးရီးယားနိုင်ငံသည် ရုရှားကသဘော်ဖြင့် ပေးပို့လိုက်သော ခေတ်မီလေကြောင်းရန် ကာကွယ်ရေးဒုံးကျည် ပထမဆုံးအသုတ်ကို လက်ခံရရှိကြောင်း ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်က မေလ ၃၀ ရက်နှောင်းပိုင်း၌ လက်ဘနွန်ရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ထို့နောက်ပိုင်းတွင် အမေရိကန်က ဆီးရီးယားကို တိုက်ခိုက်မည်ဆိုလျှင် မိမိတို့တွင်လည်း ယင်းကိစ္စကို ကိုင်တွယ်ရန် ကိုယ်ပိုင်အစီအစဉ်များရှိပြီး ဖြစ်ကြောင်း ရုရှားသမ္မတပူတင်ကပြောကြားသည်။ ပြည်ပကျောထောက်နောက်ခံတပ်များက ဩဂုတ်လ ၂၁ ရက်တွင် ဒမတ်စကတ်မြို့အနီး၌ တိုက်ခိုက်ခဲ့သော တိုက်ပွဲတွင် အစိုးရတပ်များ မာတုလက်နက်သုံးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အမေရိကန်က ဆီးရီးယားကို တိုက်ရန် ပြင်ဆင်လျက်ရှိသည်။

သို့ရာတွင် ယင်းစွပ်စွဲချက်ကို ဆီးရီးယားအစိုးရက ငြင်းဆိုထားပြီး အတိုက်အခံတပ်များကလုပ်ကြံဖန်တီးခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

ဆီးရီးယားအနေဖြင့် အမေရိကန်တိုက်ခိုက်မှုမှရှောင်ရှားနိုင်ရန် နိုင်ငံတကာ ထိန်းချုပ်မှုအောက်တွင် မာတုလက်နက်များထားရှိသွားရေး ရုရှား၏အဆိုပြုချက်ကို ပြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကကြိုဆိုသည်။

နိုင်ငံတကာဆက်ဆံရေး - မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင်စတင်ခဲ့ပြီး ရှည်လျားသော ဆက်ဆံရေးသမိုင်းကြောင်း တည်ထောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် သံအမတ်ကြီးများ စတင်ခန့်အပ်ထားခဲ့ပြီး ပထမဆုံးသံအမတ်မှာ လန်ဒန်တွင် အခြေစိုက်သည့် ဦးအုန်းဖြစ်ပြီး ရုရှားသံအမတ်မှာ ဒေါက်တာအလက်ဇန္ဒား အိုင်ဆာဗေလီယက် (Dr.Alexander I Saveliev) ဖြစ်သည်။

မြန်မာ-ရုရှားနိုင်ငံခြားရေးဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂံဗလခန်းမတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီလပ်ဗ်ရော့ဗ်နှင့်အဆင့်မြင့်အရာရှိကြီးများတက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ ခရီးသွားလာရေးတို့တွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ သတ္တုနှင့်စွမ်းအင်ကဏ္ဍ၌ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလပ်ရော့ဗ်သည် လက်ဘနွန်ပရိဂရက်စ်ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဝေါလ်လစ်ဂျန်းဘလက်နှင့်တွေ့ဆုံပြီး ၎င်း၏လက်ထောက်မစ်ဆေးလ်ဘော့ဒါနော့ဗ်က ချစ်ကြည်ရေးခရီးရောက်ရှိနေသည့်ဆီးရီးယား အမျိုးသားကောင်စီ

နှင့် ယင်းနိုင်ငံ၏ပါလီမန်တို့နှင့် တွေ့ဆုံကာ ဆွေးနွေးမှုများကို ဇန်နဝါရီလ ၁၈ ရက်က ပြုလုပ်ခဲ့ကြသည်။

အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့်ဆီးရီးယားပြည်သူများ၏အခြေအနေနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ်ကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ရုရှားသမ္မတပူတင်အနေဖြင့် အဆင်သင့်ဖြစ်နေကြောင်း ဇန်နဝါရီလ ၂၄ ရက်တွင် ပြောကြားသည်။ ဆီးရီးယားနိုင်ငံအတွင်းစစ်ပွဲများကြောင့် ထွက်ပြေးလာသူဆီးရီးယားဒုက္ခသည် စုစုပေါင်းမှာ ၆၀၀,၀၀၀ ထိ မြင့်တက်လာခဲ့သဖြင့် ဤကဲ့သို့ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

သည်။ အဆိုပါရုရှားအရာရှိများသည် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဟု အမေရိကန်က စွပ်စွဲ၍ ယင်းကဲ့သို့ဝင်ခွင့်ပိတ်ပင်ခြင်း ဖြစ်သည်။

လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားမိဘမဲ့ကလေးများကို အမေရိကန်တို့က မွေးစားခြင်းအား တားမြစ်သည့် ဥပဒေကို ရုရှားသမ္မတဗလာဒီမာပူတင်က လက်မှတ်ရေးထိုးခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက လူ့အခွင့်အရေးချိုးဖောက်သောအမေရိကန်အရာရှိများ၏ နာမည်စာရင်းကိုပြုစုထားပြီးဖြစ်သည်။

ရုရှားသမ္မတဗလာဒီမာပူတင်က စနိုးဒန်သည် မော်စကိုမြို့လေဆိပ်ယာယီနားခိုသည့်နေရာတစ်ခုတွင်

နှစ် (၁၀၀) ကျော်တိုင် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်း ကောင်းမွန်နေဆဲဖြစ်ကြောင်း ထင်ဟပ်ပေါ်လွင်နေသည့် ရုရှားသမ္မတပူတင်နှင့်အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းနှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် ဆိုချီ၌ မေလ ၁၆ ရက်က တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံနှင့်ပူးပေါင်းကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ပူတင်က ပြောကြားသည်။

အမေရိကန်နိုင်ငံအတွင်းသို့ဝင်ရောက်ရန် တားမြစ်ထားသောရုရှားအရာရှိများစာရင်းကို ထုတ်ပြန်ကြေညာခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်နိုင်သည်ဟု ရုရှားက အမေရိကန်ပြည်ထောင်စုကို သတိပေး ရှိနေသေးကြောင်း အတည်ပြုပြောကြားခဲ့သော် လည်း စနိုးဒန်ကို လွှဲပြောင်းပေးရန် အမေရိကန်၏ တောင်းဆိုမှုကိုမူ ငြင်းပယ်ထားသည်။

အမေရိကန်၏လျှို့ဝှက်ထောက်လှမ်းမှုသတင်းများကို ဖော်ထုတ်ခဲ့ပြီးထွက်ပြေးတိမ်းရှောင်နေသော စနိုးဒန်သည် မော်စကိုလေဆိပ်မှတစ်ဆင့်ကျူးဘားနိုင်ငံသို့သွားရောက်ရန် ကြိုတင်စီစဉ်ထားသည့်ခရီးစဉ်၌ လိုက်ပါသွားခြင်းမရှိဘဲ ရုရှားနိုင်ငံ၌ပင် ခြေရာပျောက်နေသည့်အတွက် အမေရိကန်ကစနိုးဒန်ကို ပြန်လည် အပ်နှံရန် ရုရှားကိုဖိအားပေးလျက်ရှိသည်။

ရုရှားကစနိုးဒန်ကို ခိုလှုံခွင့်ပေးလိုက်ပြီးနောက် အမေရိကန်က ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ နှစ်နိုင်ငံထိပ်သီး ဆွေးနွေးပွဲဖျက်သိမ်းလိုက်ခြင်းနှင့်ပတ်သက် ၍ စိတ်ပျက်မိကြောင်း ရုရှားကဆိုသည်။ စနိုးဒန်ကို ရုရှားက ခိုလှုံခွင့်ပေးလိုက်ခြင်းသည် နှစ်နိုင်ငံအကြားတင်းမာမှုကိုတိုးပွားစေနိုင်သည်။ ၎င်းသည်ထောက်လှမ်းရေးဟောင်းဖြစ်ပြီး အမေရိကန်၏စုံစမ်းထောက်လှမ်းရေးအစီအစဉ်များနှင့် ပတ်သက်၍ မိဒီယာသို့ဖွင့်ချခဲ့ကြောင်းဝန်ခံခဲ့သည်။ စနိုးဒန်၏လုပ်ရပ်သည် အပြစ်မရှိကြောင်း ရုရှားနိုင်ငံခြားရေး အကြံပေးအရာရှိ ယူရီယူရှာကော့ဗ်က ဩဂုတ်လ ၇ ရက်တွင် ဖြေကြားသည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် နှစ် ၁၀၀ ကျော်ရှိပြီဖြစ်သော ရုရှားနှင့်အိန္ဒိယနိုင်ငံတို့ အကြားဆက်ဆံရေး အမှတ်သင်္ကေတအနေဖြင့် ပန်းချီကားချပ်များနှင့် ငွေဒင်္ဂါးများကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းအား အောက်တိုဘာလ ၂၁ ရက်က လက်ဆောင်ပေးခဲ့သည်။ သမ္မတပူတင်၏ လက်ဆောင်များသည် နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ထင်ဟပ်ပေါ်လွင်စေကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားခဲ့သည်။

မျက်မှောက်ရေးရာ - ရုရှားနိုင်ငံက လမျက်နှာပြင်လေ့လာရေးယာဉ်တစ်စင်းကို ၂၀၁၅ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်လျက်ရှိပြီး ယင်းလေ့လာရေး ယာဉ်တွင် လူလိုက်ပါခြင်းရှိမည်မဟုတ်ပေ။ အဆိုပါ လမျက်နှာပြင် လေ့လာရေးယာဉ်သည် လမျက်နှာပြင်ပေါ်တွင် စက်ရုပ်ယာဉ်စခန်းတစ်ခုကို ထားရှိနိုင်ရေးအတွက် ဦးတည်သည့်ပထမဆုံးအဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းလည်းဖြစ်သည်။ တစ်ဖန် လမျက်နှာပြင်ပေါ်သို့ လူသားများသွားရောက်နိုင်ရန်လည်း စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရုရှားနိုင်ငံအလယ်ပိုင်း ဝေဟင်ပေါ်တွင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်က ဥက္ကာခဲတစ်ခုတစ်ဟုန်ထိုးကျဆင်းပြီးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးလုံးများသည် ကျယ်ပြန့်သောဧရိယာအတွင်း ကျရောက် ပြီး တုန်လှုပ်မှုများဖြစ်ပေါ်ခြင်းကြောင့် ပြတင်းပေါက်များအစိတ်စိတ်အမြွာမြွာကွဲကြေ၍ အဆောက်အအုံများ ပျက်စီးကာ လူပေါင်း ၁၂၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

ချီလီယာဘင်ဒေသတွင် အလုပ်လုပ်ရန် ဦးတည်သွားနေသူများသည် အချက်ပေးမြည်သံကြီးကဲ့သို့ သောပေါက်ကွဲသံကြီးကိုကြားပြီး စူးရှတောက်ပသော အလင်းတန်းကို မြင်တွေ့ခဲ့ရသည်။ အဆိုပါ အလင်းတန်းသည် တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀ နှုန်းပျံ့နှံ့ရောက်ရှိခဲ့ကာ ဝေဟင်အတွင်း မီးလောင်မှုမှ ထွက်ပေါ်လာသော အဖြူရောင်လမ်းကြောင်းကြီးကို ကီလိုမီတာ ၂၀၀ အကွာမှ မြင်တွေ့နိုင်သည်။

ဆီးရီးယားဓာတုလက်နက် လွှဲပြောင်းရေး သဘောတူညီမှုရရှိရန် ကြိုးပမ်းမှုများအတွက် ပူတင်သည် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရရှိရန် ထိုက်တန်ပြီး ပူတင်ခေါင်းဆောင်မှုက ကမ္ဘာစစ်ပွဲသစ်တစ်ခုမဖြစ်ပွားအောင် တားဆီးရာတွင် အကူအညီဖြစ်ခဲ့သည်။ ဩဂုတ်လတွင် ပူတင်က အိုဘားမားအား ၎င်း၏ နိုဘယ်လ်ဆုရှင် ဂုဏ်ပုဒ်ကို အမှတ်ရရန်နှင့် ထိခိုက်ပျက်စီးမှုများကို ရှောင်ကြဉ်ရန်၊ ဆီးရီးယားတွင် ကြားမဝင်ရန် တောင်းဆိုခဲ့သည်။

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် ပူတင်ကို ထောက်ခံကြောင်း နိုဘယ်လ်ဆုရွေးချယ်ခြီးမြှင့်ရေးကော်မတီထံ စက်တင်ဘာလ ၁၆ ရက်တွင် စာတစ်စောင်ရေးသားပေးပို့ခဲ့ကြောင်းနှင့် ယင်းစာကို ကော်မတီက စက်တင်ဘာလ ၂၀ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ရုရှားအစိုးရအဖွဲ့ဝင်အကြီးတန်းအရာရှိများပါဝင်သော ယင်းအဖွဲ့က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကြေညာခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဆီးရီးယားအရေးသံတမန်ရေးရာ ဆောင်ရွက်မှုအတွက် ၎င်းကို ငြိမ်းချမ်းရေးနိုဘယ်လ်ဆုပေးရန် ရုရှားမျိုးချစ်အဖွဲ့တစ်ဖွဲ့က အောက်တိုဘာလ ၁ ရက်တွင် တောင်းဆိုခဲ့သည်။

လက်တင်အမေရိကနိုင်ငံများ။ ။ ဗင်နီဇွဲလား နိုင်ငံသမ္မတ ဟူဂိုချာဗက်ဇ်သည် မတ်လ ၆ ရက်တွင် ကွယ်လွန်ရာ ခေတ္တာသမ္မတအဖြစ် ဒုတိယ သမ္မတ နီကိုလပ်စ်မာဒူရိုက မတ်လ ၈ ရက်တွင် ကျမ်း သစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံ၏သမ္မတသစ်ရွေးချယ်ပွဲတွင် ကွယ်လွန်သူသမ္မတ ဟူဂိုချာဗက်ဇ်အား ဆက်ခံသူ ဆိုရှယ်လစ်ဝါဒီ နီကိုလပ်စ်မာဒူရိုက ပြိုင်ဘက်အပေါ် နှာတစ်ဖျားအသာဖြင့် အနိုင်ရသွားကြောင်း ရိုက်တာ သတင်းတွင် ဧပြီလ ၁၅ ရက်က ဖော်ပြသည်။

ဘရာဇီးလ်နိုင်ငံ၌ ၁၉၉၂ ခုနှစ်က နာမည်ဆိုးဖြင့် ကျော်ကြားသည့် အကျဉ်းထောင်တစ်ခုအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သော ရဲအရာရှိ ၂၃ ဦးကို ထောင်ဒဏ် ၁၅၆ နှစ်စီ ကျခံစေရန် တရားသူကြီးတစ်ဦးက အမိန့်ချလိုက်ကြောင်း ဆင်ဟွာ သတင်းဌာနက ဧပြီလ ၂၁ ရက်တွင် ဖော်ပြသည်။ ယင်းကာရန်ဒီရူအကျဉ်းထောင်သည် တောင်အမေရိကရှိ အကြီးဆုံးစံပြထောင်ဖြစ်သည်။

တစ်နိုင်ငံလုံး၌အစိုးရကို ဆန့်ကျင်ကန့်ကွက်မှုများအဆုံးသတ်ရန်ကြိုးစားသောအားဖြင့် ဘရာဇီးလ် သမ္မတဒီလ်မာရုဆက်ပ်သည် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ကြေညာခဲ့ကြောင်း ဇွန်လ ၂၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဂတိလိုက်စားခြင်းကို တင်းကျပ်စွာအပြစ်ပေးမည့်ဥပဒေကြမ်းကို ဘရာဇီးလ်နိုင်ငံ အထက်လွှတ်တော်က အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း ဇွန်လ ၂၇ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ကိုလံဘီယာအစိုးရနှင့် လက်ဝဲယိမ်းအက်ဖ်အေ အာရ်စီသူပုန်များသည် ခြောက်လကျော်ကြာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပပြီးနောက် မြေယာပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် သဘောတူညီခဲ့ကြသည်ဟု မေလ ၂၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းရေးရရှိရန် စစ်မှန်သော အခွင့်အလမ်းတစ်ခုကို ကျွန်ုပ်တို့ရရှိခဲ့ပါပြီဟု ကိုလံဘီယာအစိုးရဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဟန်ဘာတိုဒီလာကာလီက ပြောကြားသည်။

ထောင်ပေါင်းများစွာသော ကိုလံဘီယာ ယာသမားများသည် စက်တင်ဘာလအတွင်းက သဘောတူညီခဲ့သည့် အချက်များကို လိုက်နာပါရန် အစိုးရအား တောင်းဆိုလျက် မြို့တော်ဘိုရိုတာ၏ လမ်းများတွင် လမ်းလျှောက်ခရီတက်ကြကြောင်း ဒီဇင်ဘာလ ၄ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယခင်က ပေါ်ပေါက်ခဲ့သည့် ဆန္ဒပြပွဲကို အဆုံးသတ်စေရန်အတွက် သဘောတူညီခဲ့သော အချက် ၈၈ ချက်အနက်

လက်တင်အမေရိကနိုင်ငံများ

ကိုလံဘီယာအစိုးရသည် ၇၂ ချက်ကို ချိုးဖောက်ခဲ့ကြောင်း ယာသမားများ၏ခေါင်းဆောင်များက ပြောကြားသည်။ အစိုးရ၏ စိုက်ပျိုးရေးမူဝါဒသည် ၎င်းတို့ကို ဒေဝါလီ ခံစေရန် တွန်းပို့လျက်ရှိကြောင်း ယာသမားများက ဩဂုတ်လတွင် ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ ဆိုင်ရာရင်းနှီးမြှုပ်နှံမှုပမာဏသည် စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဘတ်ဂျက်ငွေစာရင်းတွင် ၂၀၁၂ ခုနှစ်က ရီယယ် ၈ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံခန့်) ရှိခဲ့ရာမှ ယခုနှစ်တွင် ရီယယ် ၁၂ ဒသမ ၇ ဘီလီယံအထိမြင့်တက်ခဲ့ကြောင်းဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ်လ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီးလ်နိုင်ငံ၏အကြီးဆုံး ပင်လယ်ဆိပ်ကမ်းဖြစ်သော ဆန်းတို့စ်ဆိပ်ကမ်းတွင် သဘာဝသကြားတန်ချိန် တစ်သိန်းရှစ်သောင်းခန့်မီးလောင်ခဲ့ရာကုန်ပစ္စည်းသိုလှောင်ရုံ ခြောက်လုံးပျက်စီးသွားကြောင်း၊ ယခုနှစ်အတွင်း နိုင်ငံတကာသကြားဈေးကွက်တွင် အမြင့်ဆုံးဈေးနှုန်း အထိမြင့်တက်သွားကြောင်း အောက်တိုဘာလ ၁၉ ရက်ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဘိုလီးဗီးယားနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် နိုင်ငံလူဦးရေစုစုပေါင်းအနက် ၂၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ပင်စင်တိုးမြှင့်ခဲ့သည့် အစီအစဉ်ကြောင့် ပြည်သူများ ပိုမိုအဆင်ပြေလာခြင်းဖြစ်ကြောင်း ဘိုလီးဗီးယားအစိုးရက မေလ ၁၆ ရက်တွင် ပြောကြားခဲ့သည်။ တစ်နေ့လျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၅ ဝင်ငွေမရှိသူသည် ဆင်းရဲမှု အခြေအနေရှိကြောင်း၊ တောင်အမေရိကတိုက်၏ အဆင်းရဲဆုံးနိုင်ငံဖြစ်သော ဘိုလီးဗီးယား၌ အဆိုပါ ဆင်းရဲမွဲတေမှုနှုန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ အမြစ်ပြတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လူစ်အာဆေကာတာကိုရာက ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုသည် တစ်ပတ်ရစ်ကားများနှင့်ကားသစ်များ၏ ဈေးနှုန်းများအားထိန်းချုပ်သည့်အမိန့်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒီဇင်ဘာလ ၅ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ ကားဥပဒေတွင် ကားဟောင်းများကို ကားသစ်များထက် ဈေးမြှင့်တင်၍ ရောင်းဝယ်ခြင်းကို တားမြစ်ထားသည်။ ကမ္ဘာပေါ်၌ ငွေကြေးဖောင်းပွမှုအမြင့်ဆုံးတွင်ပါဝင်သော ၎င်းတို့၏ ငွေကြေးဖောင်းပွမှုနှုန်း (၂၁ ဒသမ ၂ ရာခိုင်နှုန်း ၂၀၁၂) ကို သတိထားစောင့်ကြည့်သွားရန်အတွက် နိုင်ငံသားများအသုံးချလျက်ရှိသည့် ဟာကွက်ကို ဤဥပဒေများက ပိတ်ဆို့နိုင်လိမ့်မည်ဟု အစိုးရက မျှော်လင့်ထားသည်။

မျက်မှောက်ရေးရာ - ကိုလံဘီယာနိုင်ငံသည် ၎င်း၏ လေကြောင်းပိုင်နက်အတွင်းသို့ ရုရှားတုံးကြဲလေယာဉ်များက နှစ်ကြိမ်တိုင်တိုင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် မော်စကိုသို့ တရားဝင်ကန့်ကွက်လွှာပေးပို့ရန် ပြင်ဆင်လျက်ရှိကြောင်း သမ္မတဂျွန်မာနုရဲလ်ဆန်းတို့စ် က နိုဝင်ဘာလ ၅ ရက်တွင် ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း အင်တီယိုကွီယာခရိုင်ရှိ သတ္တုတွင်းမှာ အောက်တိုဘာလ ၁၈ ရက်က ပြိုကျမှုဖြစ်ပွားရာ မိုင်းအလုပ်သမား ၂၀ ထက်မနည်းပိကာ ပိတ်မိလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဆီဇာဟာနန်ဒက်ဇ်က ပြောကြားသည်။

အမေရိကန်နိုင်ငံ။ ။ **နိုင်ငံရေး** - သမ္မတအိုဘားမားသည် ဒုတိယအကြိမ်သမ္မတသက်တမ်းတာဝန်စတင်သည့် အခမ်းအနားတွင် လက်နက်ကိုင်တပ်မှားမှုပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။ ဤသို့ တွေ့ဆုံရာတွင် ၎င်းက ပရိသတ်၏ ဦးစီးချုပ်အဖြစ်ရှိရခြင်းကို ဂုဏ်ယူသည်ဟု ဖွင့်ဟပြောဆိုသည်။ ဒုတိယအကြိမ် သမ္မတ သက်တမ်း၏ အထိမ်းအမှတ်အဖြစ် ဝါရှင်တန်ကွန်ဗင်းရှင်းစင်တာတွင် စစ်ဦးစီးချုပ်၏မိတ်ဆုံကပွဲကျင်းပသည်။ သမ္မတအိုဘားမားက ရီပတ်ဘလီကင်ဆီးနိတ်လွှတ်တော်အမတ် ချက်ဟေဂယ်လ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့မှုကို လက်သစ်

ရှေးရိုးစွဲဝါဒီများနှင့် အမေရိကန်ဒီမိုကရက်တစ်နိုင်ငံရေး သမားအချို့က ပြင်းထန်စွာဝေဖန်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုတွင် ရိပတ်ဘလီကင် နှင့် ဒီမိုကရက်တစ်တို့ နိုင်ငံရေးအယူအဆမတူညီကြသော်လည်း သမ္မတအိုဘားမားသည် မစ္စတာ ဟဂယ်လ်ကို ယုံကြည်မှုအပြည့်ရှိ၍ ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။

မစ္စတာဟဂယ်လ်သည် သမ္မတအိုဘားမား၏ ထောက်လှမ်းရေးဆိုင်ရာအကြံပေးဘုတ်အဖွဲ့တွင် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး သမ္မတလိုအပ်သည့် အရေးပေါ် အကြံဉာဏ်များကိုလည်း တစ်ခဏချင်းပေးနိုင်သည်အထိ ဉာဏ်ပညာထက်မြက်သူဖြစ်သည်။

ဂျွန်ကယ်ရီသည် နိုင်ငံရပ်ခြားတွင် လူသိမများသော်လည်းဌင်း၏ဝါရှင်တန်နှင့်နိုင်ငံခြားရေးအတွေ့အကြုံများစွာက ဌင်းအားထူးခွန်သည့် သံတမန်တစ်ယောက်၊ အိုဘားမား၏ မူဝါဒအကြံပေး တစ်ယောက် ဖြစ်စေနိုင်သည်။

သမ္မတအိုဘားမားသည် ချက်ဟဂယ်လ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အကြမ်းဖက်နှိမ်နင်းရေးအကြံပေး ဂျွန်ဘရင်နန်ကို စီအိုင်အေအကြီးအကဲအဖြစ်လည်းကောင်း ဇန်နဝါရီလတွင် အမျိုးသားလုံခြုံရေးအတွက် ရွေးချယ်ခဲ့သည်။

အမေရိကန်နိုင်ငံ အစိုးရယန္တရားများသည် ပထမဦးနှောက်ပိုင်းတွင် နိုင်ငံရေးအရ ပိတ်မိကာ အောက်တိုဘာလ ၁၁ ရက်တွင် ရပ်လုနီးပါး ဖြစ်သွားခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ မိသားစုအများအပြား ဒုက္ခရောက်သွားနိုင်ကြောင်း အိုဘားမားက သတိပေးပြောကြားသည်။ ရိပတ်ဘလီကင် ပါတီဝင်များက ဤကဲ့သို့ဖြစ်ရခြင်းသည် အိုဘားမား၏အပြစ်ဟုပြောဆိုကာ ဒီမိုကရက်တစ်ပါတီဝင်များ ဆန့်ကျင်သည့် ပုဂ္ဂလိကအေဂျင်စီများ သို့မဟုတ် အစီအစဉ်များကိုပြန်လည် ဖွင့်လှစ်ရန် ဥပဒေမူကြမ်းများကို မဲပေးသည့် ဗျူဟာအဖြစ် စတင်လှုပ်ရှားခဲ့သည်။

ဌင်း၏ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေမပေါ်ပေါက်လာနိုင်ရန် ၁၇ နှစ်အတွင်း ပိတ်လုနီးပါးဖြစ်ခြင်းကို သမ္မတအိုဘားမားက ရိပတ်ဘလီကင်ပါတီဝင်များကို အပြစ်တင်ခဲ့သည်။

ဤသို့ဖြင့် အမေရိကန်နိုင်ငံတွင် လွှတ်တော်နှစ်ရပ်အတွင်း ကျန်းမာရေးဘတ်ဂျက်ခွဲဝေသုံးစွဲမှု ညှိနှိုင်းမရသည့်အတွက် အစိုးရယန္တရားအချို့ ရပ်ဆိုင်းသွားခဲ့ရသည်။

သမ္မတအိုဘားမားအနေဖြင့် အစိုးရပြန်လည်စတင်နိုင်ရေး၊ ဌင်း၏ကျန်းမာရေး ဆိုင်ရာအဆိုပြုချက်ကို ထောက်ခံမှုရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ အလုပ်သမား ခုနစ်သိန်း လစာမရဘဲ ထွက်ခွာရမည့် အခြေအနေနှင့်ရင်ဆိုင်နေရသည်။ ပန်းခြံများ၊ ပြခန်းများ၊ ပြတိုက်ပြခန်းများနှင့် အဆောက်အအုံများစွာ ပိတ်ထားခဲ့ရသည်။

စီးပွားရေး - အမေရိကန်ပြည်ထောင်စုသည် ရုရှားနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့ကို ကျော်လွန်ကာ ကမ္ဘာ့အကြီးဆုံး ရေနံထုတ်လုပ်သည့်နိုင်ငံအဆင့် အတန်းကို ရရှိလာမည်ဖြစ်ကြောင်း အမေရိကန် စီးပွားရေးပညာရှင်များက ဆိုသည်။

အမေရိကန်သည် ထိပ်တန်းရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်လာခြင်းဖြင့် ရေနံသွင်းကုန်များအပေါ် မှီခိုအားထားနေရမှုလျော့ချလာနိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှု ပိုမိုအင်အားတောင့်တင်းလာမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆော်ဒီအာရေဗျနိုင်ငံနှင့်ပတ်သက်၍လည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများနှင့် ပတ်သက်၍လည်းကောင်း နိုင်ငံရေးပြဿနာများကို ကိုင်တွယ် ဖြေရှင်းရာတွင် အားသာချက် ပိုမိုလာမည်ဖြစ်သည်။

ထို့အပြင် တရုတ်နိုင်ငံသည် စီးပွားရေးအရ အမေရိကန်ပြည်ထောင်စုကို ခြောက်နှစ်အတွင်း ကျော်တက်လိမ့်မည်ဖြစ်ကြောင်း ယင်းနိုင်ငံရှိ သုတေသနအဖွဲ့အစည်းတစ်ရပ်မှ ပညာရှင်များက ဇန်နဝါရီလ ၁၁ ရက်တွင် ပြောကြားလိုက်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေး အင်အားသည် ၂၀၁၉ ခုနှစ်ထက် နောက်မကျဘဲ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအင်အားထက်ပိုမိုကြီးထွားလာမည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ပါလက်စတိုင်းစီးပွားရေးကို မြှင့်တင်ရန်အတွက် ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၄၀၀၀ ခန့် ဆွဲဆောင်မည့်အစီအစဉ်တစ်ခုကို မေလ ၂၆ ရက်က ထုတ်ဖော်ပြောကြားသည်။ အစွန်ရေးနှင့် ပါလက်စတိုင်းတို့ကို ငြိမ်းချမ်းရေးဆွေးနွေးမှုစားပွဲသို့ လာရောက်ရန် ဝန်ကြီးကယ်ရီက ကြိုးစားနေစဉ် ပိုမိုကောင်းမွန်သော စီးပွားရေးအနာဂတ်အတွက် ပါလက်စတိုင်းလူငယ်တို့၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အလုပ်အကိုင်များဖန်တီးရန် အလျင်အမြန်လိုအပ်နေကြောင်း ဝန်ကြီးဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

ဖက်ဒရယ်အစိုးရအသုံးစရိတ်သတ်မှတ်ရန် ကွန်ဂရက်လွှတ်တော်၏ပျက်ကွက်မှုကြောင့် အောက်တိုဘာ ၁ ရက်မှစ၍ အစိုးရလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရာကမ္ဘာ့ဦးဆောင်စီးပွားရေးမဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်ခဲ့သော အမေရိကန်ပြည်ထောင်စုအတွက် ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။

အမေရိကန်အစိုးရ၏ပေးဆပ်ရမည့် အကြွေးများ၊ အတိုးများကို ပေးချေနိုင်ရန် အခြားခြွင်းချက်များ မပါဘဲ အစိုးရ၏ချေးငွေပမာဏတိုးမြှင့်ပေးရေး သမ္မတအိုဘားမား၏တောင်းဆိုချက်ကို ရီပတ်ဘလီကင် အမတ်များက မလိုက်လျောလျှင် အမေရိကန် စီးပွားရေးကို ထိခိုက်လာပြီး ကြွေးမဆပ်နိုင်တော့မည်ကို ကမ္ဘာ့ခေါင်းဆောင်များက စိုးရိမ်ပူပန်လျက်ရှိကြောင်း သမ္မတအိုဘားမားက အောက်တိုဘာလ ၈ ရက်က သတိပေးပြောကြားသည်။

ထို့အပြင် ဖက်ဒရယ်အစိုးရလုပ်ငန်းများ ပြန်လည်လည်ပတ်ရေး၊ အမျိုးသားကြွေးမြီအကန့်အသတ်မြှင့်တင်ရေးတို့နှင့်ပတ်သက်၍အောက်တိုဘာလ ၁၃ ရက်က အထက်လွှတ်တော်ဆွေးနွေးပွဲများတွင် သဘောတူညီချက် ရယူနိုင်ခြင်းမရှိခဲ့ရာ အမေရိကန်ပြည်ထောင်စုအနေဖြင့် အမျိုးသားကြွေးမြီများပေးဆပ်ရန် ပျက်ကွက်ရတော့မည့်အရေးကို ရင်ဆိုင်နေရဆဲဖြစ်သည်။

အမေရိကန်ရေတပ်စစ်သင်္ဘောကြီးများသည် စစ်ရေးတာဝန်များဖြင့် မိမိရေတပ်စခန်းရှိရာဒေသများသို့ လှည့်လည်သွားလာခြင်း၊ အမေရိကန်သင်္ဘောများသည် တာဝန်အရ ကမ္ဘာ့ရေကြောင်းလမ်းများရှိရာ ပင်လယ်သမုဒ္ဒရာကမ်းခြေရှိ မြို့ကြီးများသို့ လှည့်လည်သွားလာရခြင်းများရှိကြသည်။ အခြားစစ်ရေးကိစ္စများ၊ မဟာမိတ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မှုများ၊ စစ်ရေးအခင်းအကျင်းများ၊ စစ်ဗျူဟာကိစ္စရပ်များ တိုင်ပင်ညှိနှိုင်းရန် ကိစ္စများဖြင့် သွားလာလှုပ်ရှိကြသည်။

ယင်းသို့စစ်ရေးနှင့်တွဲဖက်ပြီး စီးပွားရေးသမားများသည် အမေရိကန်ရေတပ်အရာရှိများနှင့်လျှို့ဝှက်ပေါင်းသင်းကာ သင်္ဘောများသွားလာသည့်လျှို့ဝှက်ရေကြောင်းခရီးလမ်းရှိသတင်းများကို ရယူအသုံးချကြသည်။ အမေရိကန်ရေတပ်အရာရှိ မစ်ဇီဝက်သည် အမေရိကန်သင်္ဘောများသွားလာသည့် လျှို့ဝှက်ရေကြောင်းခရီးလမ်းရှိသတင်းများကို မလေးရှားစီးပွားရေးသမား လီယိုနတ်ဖရန်စစ်ထံသို့ ရောင်းစားသည်။ ဖရန်စစ်၏ စင်ကာပူအခြေစိုက်ကုမ္ပဏီနှင့် ဂလင်းကာကွယ်ရေး ရေကြောင်းအာရှကုမ္ပဏီတို့သည် ရရှိသောသတင်းများကို အရင်းတည်၍စီးပွားရေးအမြတ်ထုတ်ကြသည်။

မစ်ဇီဝက်နှင့်ဖရန်စစ်တို့သည် အမေရိကန်ရေတပ်သင်္ဘောများကို စစ်တုရင်ခုံပေါ်မှ အရုပ်များသဖွယ် နေရာများရွှေ့ပြောင်းပေးကြသည်။ လေယာဉ်တင်သင်္ဘောများ၊ ဖျက်သင်္ဘောများနှင့် အခြားသင်္ဘောများသည် အာရှဆိပ်ကမ်းများသို့ကပ်ကြ၏။ ထိုသို့ဆိပ်ကမ်းကပ်လျှင် ဆိပ်ကမ်းကြေး ဒေါ်လာငွေများ ပေးဆောင်ရသည်။ ထိုနေရာတွင် ဖရန်စစ်က ကြားပွဲစားလုပ်ပြီး ဆိပ်ကမ်းကပ်ခဒေါ်လာငွေများစာရင်းကို အများအပြား ပို၍တင်ပြပြီး ငွေထုတ်ယူသည်။ ပွဲစားခယူသည်။ နောက်ပိုင်းရာဇဝတ်ကြောင်းများ၊ မှုခင်းများပေါ်ပေါက်လာခဲ့သည်။ ရေတပ်သင်္ဘောများ၏အသုံးစရိတ်များ၊ လောင်စာဆီသုံးစွဲမှုစရိတ်များ၊ အစားအစာများ၊ အခြားသင်္ဘောသားများနှင့် သင်္ဘောများအတွက် ကုန်ကျစရိတ်ငွေများကို ပိုမိုတင်ပြပြီး ထုတ်ယူကြသည်။ အခြားလာဘ်ထိုးမှုနည်းမျိုးစုံပြုလုပ်ကာ ပင်တဂွန်စစ်ဌာနချုပ်သို့ ငွေတောင်းခံလွှာစရိတ်များကို မြောက်မြားစွာ ပို၍ပြကာ

တောင်းခံသည်။ ဒေါ်လာသန်းပေါင်းများစွာ ပို၍ စာရင်းပြကာ ငွေများထုတ်ယူမှုသည် တရားရုံးရောက် စာရွက်များပေါ်တွင် ထိုအချက်များကို ဖော်ပြထားသည်။

အမေရိကန်ရေတပ်အရာရှိ၏ လာဘ်စားမှု အမှုတွဲကို ဖွင့်လှစ်ပြီး စန်ဒီယာဂိုရှိ ပြည်ထောင်စုတရားရုံးက စစ်ဆေးသည်။ ထိုအခါ ရေတပ်နှင့်ဆက်စပ်နေသော ရေတပ်အရာရှိများကိုလည်း ဖမ်းဆီး၍ ရုံးတင်စစ်ဆေးသည်။ ပင်တဂွန်စစ်ဌာနချုပ်မှအရာရှိကြီးတချို့သည် လာဘ်စားမှုတွင် ပါဝင်ပတ်သက်နေခြင်းကို လေ့လာတွေ့ရှိရသည်။ တရားရုံးစာရွက်စာတမ်းများတွင် ဖော်ပြထားချက်များအရ သိရသည်မှာရေတပ်တပ်မှူးသည် လီယိုနတ်ဖရန်စစ်၏ CDMA ကုမ္ပဏီ လီမိတက်သို့ ငွေကြေးများစွာယူပြီး သတင်းများရောင်းစားခဲ့သည်။ အမေရိကန်လျှို့ဝှက်သတင်းများကို ပြင်ပစီးပွားရေးသမားပွဲစားကို ရောင်းချပြီး ဒေါ်လာငွေကြေးများ ရယူခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ဘာလီ၊ ဂျကာတာ၊ တီမောတို့တွင် သဘော်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ တိုးချဲ့လာသည်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် USS ကွော့ဝါရှင်တန်သဘော်ကြီးစင်ကာပူသို့ ဆိုက်ရောက်လာစဉ် ရေတပ်အစီအစဉ်များ၊ ဆိပ်ကမ်းများနှင့် ပတ်သက်သော လုပ်ငန်းကန်ထရိုက်များကို အတုများဖြင့် တင်သွင်းရယူခဲ့သည်။

ထိုအခါ ပြည်ထောင်စုအစိုးရက သူ၏ကန်ထရိုက်စာချုပ်အတုများကို ဖရန်စစ်နှင့်အတူ တရားရုံးတော်သို့တင်သွင်းလိုက်သည်။ ရေတပ်အရာရှိများနှင့် ပူးပေါင်း၍လာဘ်ပေးလာဘ်ယူမှုများ ကျူးလွန်ခဲ့ကြသည့်တရားခံများသည် ပြစ်မှုထင်ရှားစွာ စစ်ဆေးတွေ့ရှိခဲ့ပါက ထောင်ဒဏ်ငါးနှစ်ကျခံရမည်ဖြစ်သည်။ အမေရိကန်ရေတပ်အတွင်း လာဘ်စားမှုများ၊ အဖမ်းအဆီးများနှင့် ရှုပ်ထွေးလျက်ရှိနေသည်။

စစ်ရေး - အမေရိကန်အစိုးရလုပ်ငန်းရပ်ဆိုင်းမှု အချိန်ကြာမြင့်မည်ဆိုလျှင် စစ်သင်္ဘောများပြင်ဆင် စရိတ်မှအစ တိုက်ပွဲအတွက် လေ့ကျင့်မှုများအထိ စစ်တပ်၏ လုပ်ငန်းဆောင်တာများ အခက်အခဲရှိလာမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်မှ အရပ်သားဝန်ထမ်း ၈ သိန်း၏ ထက်ဝက်ခန့်ကိုအလုပ်ရပ်ဆိုင်းထားရခြင်းကြောင့် အမေရိကန်စစ်တပ်မှာအနည်းငယ်သော အရပ်သားဝန်ထမ်းအင်အားနှင့်လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်သဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ကာကွယ်ရေးအရာရှိများက ပြောဆိုကြသည်။ ၁၉၉၅ ခုနှစ်က အစိုးရလုပ်ငန်းများ ရပ်ဆိုင်းသွားစဉ် လွှတ်တော်က ကာကွယ်ရေး အသုံးစရိတ် ချထားပေးရန် သဘောတူခဲ့သည်။

အမေရိကန်အစိုးရလုပ်ငန်းများရပ်ဆိုင်းပြီး ငွေချေးနိုင်သောပမာဏတိုးမြှင့်ရေး အခက်ကြုံနေရမှုများ အဆုံးသတ်စေမည့်သဘောတူညီမှုကို ဆီးနိတ်လွှတ်တော်ဒီမိုကရက်နှင့်ရီပတ်ဘလီကင် အမတ်များ ကမဲခွဲအတည်ပြုသည်။

အမေရိကန်ကွန်ဂရက်က အစိုးရရုံးများပြန်ဖွင့်ရန်နှင့် ဖက်ဒရယ်ကြွေးမြီကန့်သတ်ချက်ကိုလည်း မြှင့်တင်ပေးသည့်အနေဖြင့် အဆိုပါသဘောတူညီချက်ကိုခွင့်ပြုလိုက်ခြင်းဖြစ်သည်။ သမ္မတအိုဘားမားအနေဖြင့်လည်း အောက်တိုဘာလ ၁၇ ရက်က ယင်းသဘောတူချက်ကို ဥပဒေတစ်ရပ်အဖြစ် အတည်ပြုသည်။

နိုင်ငံခြားရေးမူဝါဒ - အီရန်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးအသစ်အဖြစ် ချက်ဟေဂယ်လ်အား အဆိုပြုခြင်းက အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒတွင် လက်တွေ့ကျသောအပြောင်းအလဲများဖြစ်ပေါ်စေမည်ဟု မျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၈ ရက်တွင် ပြောကြားသည်။ နှစ်ပေါင်း ၃၀ ကျော်ကြာ ရန်ဘက်များဖြစ်ခဲ့ကြသည့် အီရန်နှင့်အမေရိကန်တို့သည် တီဟီရန်၏ နျူကလီးယားအစီအစဉ်အပါအဝင် ကိစ္စအများအပြားတွင် သဘောထားကွဲလွဲလျက်ရှိကြသည်။

အမေရိကန်၏နိုင်ငံခြားရေးမူဝါဒတွင် လက်တွေ့ကျသောအပြောင်းအလဲများဖြစ်ပေါ်ပြီး ဝါရှင်တန်အနေဖြင့် အခြားသောနိုင်ငံများ၏ အခွင့်အရေးများကို

လေးစားလိုက်နာလာမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ အပတ်စဉ်သတင်းစာ ရှင်းလင်းပွဲတွင် ပြောဆိုသည်။ ဟောဂယ်လ်သည် အစ္စရေးဆန့်ကျင်သည့် အမြင်များရှိပြီး မကြာသေးမီက အီရန်နှင့် အမေရိကန် အကြား တိုက်ရိုက်ဆွေးနွေးပွဲများ ကျင်းပရန် တိုက်တွန်းမှုပြုလုပ်သည်ဟု စွပ်စွဲချက်များကြောင့် အထက်လွှတ်တော်၌ ကာကွယ်ရေးဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းခံရမှုကို မဲခွဲဆုံးဖြတ်ရာတွင် ပြင်းထန်သော ဆန့်ကျင်မှုနှင့် ရင်ဆိုင်ရဖွယ် အခြေအနေများရှိသည်။

သမ္မတသက်တမ်း ပထမလေးနှစ်ကာလတွင် အာဖဂန်၊ တရုတ်အထူးစစ်ဆင်ရေးနှင့် ထောက်လှမ်းရေးစသည့်ကိစ္စရပ်များအပေါ်တွင် ချက်ဟေဂယ်လ်၏ ထူးခြားသောအကြံဉာဏ်ကောင်းများကို ရယူ၍ဆောင်ရွက်ခဲ့သည်။ မစ္စတာဟေဂယ်လ်သည် စစ်ကိုမလိုလားသူဖြစ်ပြီး အီရန်အရေးကိစ္စနှင့် ပတ်သက်၍ သဘောထားပျော့ပျောင်းကာ စစ်ရေးထက် သံတမန်ရေး၊ နိုင်ငံရေးဗျူဟာများဖြင့် ငြိမ်းချမ်းသော အဖြေတစ်ရပ်ကိုရှာလိုသူဖြစ်သောကြောင့် ကာကွယ်ရေးဝန်ကြီးခန့်အပ်ရခြင်းဖြစ်သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးရွေးချယ်ရာတွင်လည်း နိုင်ငံခြားရေးမူဝါဒကိုမည်သို့ အကောင်းဆုံး အကောင်အထည်ဖော်ပေးနိုင်မည်နည်းဟူသော အချက်ကို အဓိကထားစဉ်းစားတတ်သည်။ နိုင်ငံခြားရေးဝန်ကြီးဟူသောရာထူးသည် အစိုးရအဖွဲ့တွင် အရှုပ်ထွေးဆုံးသော ရာထူးတစ်ခုဖြစ်ပြီး နိုင်ငံသံတမန်အကြီးအကဲ၊ သမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးချုပ်အဖြစ်ပါ ဆောင်ရွက်ရသည်။

ဂျွန်ကယ်ရီသည် နှစ်ပေါင်း ၁၆ နှစ်ကာလအတွင်း ပထမဆုံး အမေရိကန် လူဖြူအမျိုးသား နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသည်။

နိုင်ငံခြားရေးဝန်ကြီးများအနက် ကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် အကောင်းဆုံး ထမ်းဆောင်နိုင်ခဲ့သူဟုဆိုနိုင်သည်။ ကမ္ဘာတစ်ဝန်းတွင် ၎င်းကိုလူသိများနေခြင်းကလည်း အမေရိကန်ကို ကိုယ်စားပြုပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေခဲ့သည်။ နိုင်ငံခြားရေးလုပ်ငန်းများကိုလည်းချဲ့ထွင်နိုင်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး - Google ကုမ္ပဏီမှအမှုဆောင်များ၊ အပျော်ခရီး ထွက်သူများနှင့်နယူးမက္ကဆီကိုပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းပါဝင်သည့် အမေရိကန်ဧည့်သည်တော်များသည် ဇန်နဝါရီလ ပထမပတ်ကမြောက်ကိုရီးယားသို့ ပုဂ္ဂလိကဆန်ဆန် အလည်အပတ်သွားရောက်ခဲ့ခြင်းကို အမေရိကန်အစိုးရက မကျေမနပ်ဖြစ်ခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့အပေါ် သဘောထားတင်းမာခဲ့သည့် မြောက်ကိုရီးယားနိုင်ငံသို့ အရေးယူပိတ်ဆို့မှုအဆက်မပြတ် ပြုနေစဉ်အတွင်း အဆိုပါလည်ပတ်ခရီးစဉ် သတင်းထုတ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံက ရေတပ်အင်အားတိုးချဲ့လာခြင်းမှာ အဓိကအားဖြင့် အမေရိကန်၏ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ရေတပ်အင်အားကို တုံ့ပြန်ရန်ဖြစ်သည်ဟု ဟာဝိုင်ယီအခြေစိုက် အမေရိကန်ပစိဖိတ်ရေတပ်၏ ထောက်လှမ်းရေးနှင့်ပြန်ကြားရေးစစ်ဆင်ရေးများ၏ ဒုတိယ ဦးစီးချုပ်ရေတပ်ဗိုလ်ချုပ်ကြီး ကိုမ်း(စ်)ဖနဲ(လ်)က ဇန်နဝါရီလအတွင်းက ပြောခဲ့သည်။

သမ္မတအိုဘားမား၏ ပထမအကြိမ်အစ္စရေးသို့ သွားရောက်လည်ပတ်မည့် မတ်လ ၂၀ ရက် ခရီးစဉ်မစတင်မီ ပါလက်စတိုင်းဒေသ၌ မတည်ငြိမ်မှုများကြီးထွားလာလျက်ရှိသည်။ မကြာမီရက်ပိုင်းအတွင်းက အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားခဲ့ရာ အစ္စရေးတာဝန်ရှိပုဂ္ဂိုလ်များနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ စောင့်ကြည့်လေ့လာသူများအနေဖြင့် အိုဘားမားအလည်အပတ်ခရီးစဉ်သည် တတိယအကြိမ်မြောက်အုံကြွမှုအဖြစ် ရောက်ရှိလာနိုင်ကြောင်း သတိပေးပြောကြားလိုက်သည်အထိဖြစ်ခဲ့သည်။

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးချန်ဝန်ကွန်နှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီး ချက်ဟေဂယ်လ်တို့သည် ဧပြီလ ၃ ရက်က နှစ်နိုင်ငံအကြားစစ်ဘက်ဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် တယ်လီဖုန်းဖြင့် ကတိပြုခဲ့ကြသည်။

ဒီမိုကရက်နှင့် ရီပတ်ဘလီကင်နှစ်ပါတီတို့မှ အမေရိကန်အထက်လွှတ်တော် အမတ် ၇၄ ဦးတို့ သည် အီရန်နိုင်ငံ၏ နျူကလီးယားလက်နက် ထုတ်လုပ်မည့်အစီအစဉ်ကို ကိုင်တွယ်ဖြေရှင်းရန် သမ္မတ အိုဘားမားကို ဖိအားပေးတောင်းဆိုသည့် စာတစ်စောင်ကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာကို အထက်လွှတ်တော်နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ရောဘတ်မင်နင်ဒက်ဇ်နှင့် ရီပတ်ဘလီကင်အမတ် လင်းဆေးဂရေဟမ်တို့က ပူးတွဲပြုစုခဲ့ကြခြင်းဖြစ်သည်။

အမေရိကန် သမ္မတအိုဘားမားသည် G-20 အစည်းအဝေးအပြီးတွင် မာတုမာတ်ငွေ့များအသုံးပြုခဲ့သော ဆီးရီးယားနိုင်ငံကို စစ်ရေးအရ အရေးယူရန် ကိစ္စနှင့် စပ်လျဉ်းပြီး ရုပ်မြင်သံကြားမှတစ်ဆင့် မည်သည့်အတွက် ဆီးရီးယားနိုင်ငံကို စစ်ရေးအရ အရေးယူရန် လိုအပ်ကြောင်း ပြည်သူသို့ စည်းရုံးတင်ပြခဲ့သည်။ အမေရိကန်ပြည်သူများနှင့် ကွန်ဂရက်ကိုယ်စားလှယ်များ၏ ထောက်ခံမှုကိုရယူရန်ဖြစ်သည်။

ဂျီ-၂၀ ဆွေးနွေးပွဲအပြီး
အိုဘားမားနှင့်ရှင်ဇိုအာဘေးတို့နှစ်ဦးကိုတွေ့ရစဉ်

ဆီးရီးယားကို တိုက်ခိုက်ရန် အစီအစဉ်ကို အမေရိကန်ပြည်သူများနှင့် ကွန်ဂရက်တို့က ဆန့်ကျင်မှုပိုများလာသောကြောင့် အိုဘားမားအတွက် အခက်ကြုံခဲ့ရလေသည်။

ဆီးရီးယားသမ္မတအာဆတ်က မိမိနိုင်ငံကို အမေရိကန်တို့တိုက်ခိုက်လာမည်ဆိုပါက နည်းမျိုးစုံဖြင့် တုံ့ပြန်မည်ဟု ရုပ်မြင်သံကြားအဖွဲ့နှင့်တွေ့ဆုံရာတွင် ပြောကြားသည်။ ဩဂုတ်လ ၂၁ ရက် ဓာတ်ငွေ့တိုက်ခိုက်မှုတွင် ၎င်းတို့မပါဝင်ကြောင်း ငြင်းဆိုသည်။

သမ္မတ အိုဘားမားကလည်း ဆီးရီးယားနိုင်ငံကို ပြစ်ဒဏ်ခတ်ရေးနှင့်စပ်လျဉ်း၍ ကွန်ဂရက်လွှတ်တော်၏ အတည်ပြုချက်သဘောထားကို ရယူရန်တင်ပြခဲ့သည်။

ဤနေရာတွင် မဟာမိတ်သမ္မတအာဆတ်အကျိုးစီးပွားအတွက် မူဝါဒအပြောင်းအလဲကို အောင်မြင်ရန် ကြိုးစားလျက်ရှိသူ ရုရှားသမ္မတပူတင်က အမေရိကန်တို့အနေဖြင့် စစ်ရေးအရအရေးယူမည့် အစီအစဉ်များကို စွန့်လွှတ်ရန်တောင်းဆိုလျက်ရှိရာ စစ်ရေးအရ အရေးယူရန် အားသန်လျက်ရှိသော ကွန်ဂရက်ပါတီ ခေါင်းဆောင်မက်ကိန်းက လုံးဝလက်မခံနိုင်ဟုဆို၏။

သမ္မတအိုဘားမားသည် ပြည်တွင်းပြည်ပထောက်ခံအားပေးမှုကိုမရသည့်အပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတစ်ဆင့် စစ်ရေးအရမဟုတ်သောနည်းဖြင့်သာ အရေးယူလိုသော ဆန္ဒရှိနေသည်။

ဆီးရီးယားနိုင်ငံတွင် ကလေးငယ်များ အပါအဝင် လူပေါင်းများစွာ သေကြေပြီး အသက်ဆုံးရှုံးခဲ့ရသည့် ဓာတုလက်နက်သုံးစွဲသတ်ဖြတ်မှု အထောက်အထားများပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် အမေရိကန်က သမ္မတဘာရှာအယ်လ်အာဆတ်အစိုးရကို တိုက်ခိုက်ရေးမှာ စက်တင်ဘာလ ၅ ရက်တွင် ဆီးနိတ်လွှတ်တော်နိုင်ငံခြားဆက်ဆံရေးကော်မတီက ထောက်ခံသဘောတူခဲ့သည်။

ဓာတုလက်နက် သုံးစွဲကြောင်း သတင်းများပေါ်ထွက်ခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံကို စစ်ရေးအရ ဝင်ရောက်စွက်ဖက်ရန် ပထမဆုံးတောင်းဆိုသည့် နိုင်ငံမှာ အမေရိကန်နိုင်ငံမဟုတ်ဘဲ ပြင်သစ်၊ ပေါ်တူဂီနှင့် ဗြိတိန်နိုင်ငံတို့က စတင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဆီးရီးယား၏အရေးတွင် အမေရိကန်အဖို့ အရေးပါသည့် အမျိုးသားအကျိုးစီးပွားမရှိပေ။

အာဆတ်အစိုးရကို မလိုလားမနှစ်သက်သည်မှာလည်း ကာလကြာရှည်ကပင်ဖြစ်သည်။ အစိုးရကိုဆန့်ကျင်သည့်ဆွန်နီအုပ်စုများကို စာနာထောက်ထားသော်လည်း အာဆတ်အစိုးရပြုတ်ကျသည့်တိုင် အဆိုပါဆွန်နီများ အာဏာရလာပါက လူ့အခွင့်အရေးကို လေးစားမည်မဟုတ်ဘဲ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့်ပေါင်းကာ အစွလာမ္မစ်အစိုးရတက်လာမည်ကို အမေရိကန်ကတွက်ဆထားပြီးဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် မော်စကိုမြို့သို့သွားရောက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးကာ ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်စေရေးအတွက် ညှိနှိုင်းခဲ့ကြသည်။ အမေရိကန်နှင့်ရုရှားခေါင်းဆောင်များက ကမကထပြု၍ ဆီးရီးယားအတိုက်အခံနှင့် အစိုးရသံတမန်များငြိမ်းချမ်းရေး ဆွေးနွေးပွဲပြုလုပ်ပေးရန် သဘောတူညီခဲ့ကြသည်။

သို့သော် သမ္မတအာဆတ်က အာဂျင်တီးနားသတင်းဌာနနှင့်တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ဆီးရီးယား၏အနာဂတ်ကို ဆုံးဖြတ်ခွင့်မရှိကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် ဆီးရီးယားရွေးကောက်ပွဲကသာ နိုင်ငံ၏အနာဂတ်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ရာထူးမှ နုတ်ထွက်မည်မဟုတ်ဘဲ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံပြီးပြည်သူတို့၏ဆုံးဖြတ်မှုကို ခံယူမည်ဖြစ်ကြောင်း၊ အမေရိကန်သည် ဆီးရီးယားပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း ပြောဆိုခဲ့သည်။

ထို့ကြောင့် ရုရှား-အမေရိကန် ကမကထပြုသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အောင်မြင်မှုအလားအလာနည်းပါးနေသည်။

အမေရိကန်တို့အနေဖြင့် ပါကစ္စတန်နိုင်ငံအတွင်း မောင်းသူမဲ့လေယာဉ်များသုံးပြီး တိုက်ခိုက်နေခြင်းသည် နိုင်ငံ၏အချုပ်အခြာအာဏာကို ချိုးဖောက်ရာရောက်၍စိုးရိမ်ပူပန်မိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်နဝပ်ရှရစ်က ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကို မည်သို့မျှလက်မခံနိုင်ကြောင်း၊ ယင်းအတွက် စိုးရိမ်ပူပန်နေမိကြောင်း ၎င်းက ပထမဆုံးအစိုးရသစ်ဝန်ကြီးအစည်းအဝေးပြုလုပ်စဉ် ပြောကြားသည်။ နဝပ်ရှရစ်အစိုးရက မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုကို ဆန့်ကျင်သည့်အနေဖြင့် အမေရိကန်သံရုံးယာယီတာဝန်ခံကို ဆင့်ခေါ်သတိပေးသည်။

အမေရိကန်နှင့် အီဂျစ်ဆက်ဆံရေးမှာ အလွန်အေးစက်နေပြီး ယင်းအခြေအနေက အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို အထိနာစေနိုင်သည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ဤသို့ဆက်ဆံရေးမတည်ငြိမ်မှုကြီးထွားလာခြင်းသည် အမေရိကန်၏အကျိုးစီးပွားများအပါအဝင် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးအပေါ် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်ဟု နိုင်ငံခြားရေးဝန်ကြီးနာဘီလ်ဖာမီက ပြောကြားသည်။

အရှေ့အလယ်ပိုင်းနှင့်မြောက်အာဖရိကဒေသများရှိ နိုင်ငံများ၌ ဖွင့်လှစ်ထားသော သံရုံး ၂၂ ရုံးကို အကြောင်းပြချက်တိတိကျကျမပြောဘဲ အမေရိကန်အစိုးရက ပိတ်ခဲ့ပြီးနောက် သံရုံး ၁၅ ရုံးကို ဆက်လက်ပိတ်ထားရန်ညွှန်ကြားခဲ့သည်။ ကျရောက်လာနိုင်သည့် ခြိမ်းခြောက်မှုတစ်စုံတစ်ရာအတွက် ယခုကဲ့သို့ ကြိုတင်စီမံခြင်းက အမေရိကန်နိုင်ငံသားများအား မည်မျှအထိကာကွယ်စောင့်ရှောက်နိုင်မည်ဆိုသည်မှာလည်း မသေချာသဖြင့် နိုင်ငံရေးအစီအမံလုပ်ကွက်လေလားဟူသောမေးခွန်းများလည်း ပေါ်ထွက်လာသည်။

အမေရိကန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြားသံသယပွားမှု၏နက်ရှိုင်းပုံ၊ အမေရိကန်က ပါကစ္စတန်၏ နျူကလီးယားပိုင်ဆိုင်မှုများကို စောင့်ကြည့်ထောက်လှမ်းပုံနှင့်တရားရုံး၏ စီရင်ပိုင်ခွင့်ပြင်ပမှ သတ်ဖြတ်မှုများကို မှတ်တမ်းများထားရှိပုံတို့ကို အက်ဒဝပ်စနိုးဒန်က ဖွင့်ချခဲ့ရာမှသိရသည်။ ပါကစ္စတန်နျူကလီးယားလက်နက်များအကြမ်းဖက်သမားများ၏လက်သို့ကျရောက်သွားနိုင်သကဲ့သို့ မတော်တဆမှုတစ်ခုမှ ပါကစ္စတန်နှင့်အိန္ဒိယတို့ စစ်မက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများသည် ပါကစ္စတန်၏နျူကလီးယားလက်နက်များကို သတိထားလာခဲ့သည်မှာ ကာလကြာခဲ့ပြီဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း အမေရိကန်ဦးဆောင်သည့် RIMPAC ခေါ် ရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်ကို တရုတ်နိုင်ငံအစိုးရ ပြည်သူ့နေ့စဉ်သတင်းစာက ဝေဖန်ပြစ်တင်ခဲ့သည်။ နှစ်နှစ်တစ်ကြိမ် ပြုလုပ်သည့် ယင်း ၂၂ နိုင်ငံပါဝင်သည့် စစ်ရေးလေ့ကျင့်မှုသည် "အခြားတစ်နိုင်ငံစစ်ရေး အရှိန်အဝါကြီးမားလာမည်ကို ထိန်းချုပ်ရန်" အမေရိကန်အစိုးရ၏ ကြိုးပမ်းချက်ဖြစ်သည်ဟု ပြည်သူ့နေ့စဉ် သတင်းစာက ဝေဖန်သည်။

အမေရိကန် အစိုးရလုပ်ငန်းများ ပိတ်သိမ်းလိုက်သောကြောင့် မလေးရှားနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်ကို သမ္မတဘာရက်အိုဘားမားက ရွှေ့ဆိုင်းလိုက်ကြောင်း ဝန်ကြီးချုပ်နာဂျစ်ရာဇတ်က အောက်တိုဘာလ ၂ ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတဘာရက်အိုဘားမားသည် လွတ်တော်မှ ကျန်းမာရေးဘတ်ဂျက်သဘောမတူ သဖြင့် အစိုးရယန္တရားတစ်စိတ်တစ်ပိုင်းရပ်ဆိုင်းထားရမှု ကို ကိုင်တွယ်ရန် မလေးရှားသို့ သွားရောက်ရမည့်ခရီးစဉ် ကို ဖျက်သိမ်းခဲ့ရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် Pew Charitable မှ Executive Vice President ဖြစ်သူ Mr.Joshua Reichert နှင့်အဖွဲ့ကို အောက်တိုဘာလ ၁၇ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အဆွေတော်တို့အနေဖြင့် အသင်းအဖွဲ့အတွက် အကျိုးအမြတ်မမျှော်မှန်းဘဲ လူသားအကျိုးပြုလုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်၍ ခချီးကျူးဂုဏ်ယူကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကုန်း၊ ရေသက်ရှိ၊ သက်မဲ့ထိန်းသိမ်းရေးလုပ်ငန်းများစသည်ဖြင့် လူသားများ ရေရှည်ရပ်တည်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများသည် အလွန်ကောင်းမွန်ကြောင်းဖြင့် ပြောကြားခဲ့သည်။

Mr. Joshua Reichert က ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရန် နည်းပညာများနှင့်ငွေကြေးလိုအပ်မှု၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ အကျိုးရှိစေမည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်လိုအပ်မှု၊ ပြည်သူလူထု အကျိုးရှိစေရန် သယံဇာတများ ထုတ်လုပ်မှုကို ရေတို၊ ရေရှည်စီမံချက်များရေးဆွဲဆောင်ရွက်ရန်လို အပ်မှုများကို အဆိုပါအဖွဲ့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်လေ့လာမှုများ၊ ဆက်လက်လုပ်ဆောင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီက တစ်လအတွင်း စပိန်နိုင်ငံမှ ဖုန်းခေါ်ဆိုမှုသန်း ၆၀ ကို ကြားဖြတ်ဖမ်းယူခဲ့ကြောင်း အက်ဒဝပ်စနိုးဒန်၏ ဖော်ထုတ်မှုအရ စပိန်မီဒီယာကပြောကြားသည်။

အမေရိကန်နိုင်ငံသည် အခြားသောကမ္ဘာ့ခေါင်းဆောင် ၃၅ ဦး၏ ဖုန်းခေါ်ပြောဆိုမှုများကိုလည်း မသမာသောနည်းလမ်းဖြင့် ကြားဖြတ်ဖမ်းယူခဲ့ကြောင်း ဗြိတိန်က ပြောဆိုသည်။ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) သည် အမေရိကန်မြေပေါ်မှ တယ်လီဖုန်းခေါ်ဆိုမှု ၁၂၅ ဘီလီယံခန့်ကို တစ်လတည်းတွင် စောင့်ကြည့်စစ်ဆေးခဲ့သည်ဟု အက်ဒဝပ်စနိုးဒန်၏ဖွင့်ချချက်အရသိရသည်။ ထို့ကြောင့် အခြားနိုင်ငံအများအပြားသည် အမေရိကန်ထောက်လှမ်းရေးနှင့်ပတ်သက်၍စိုးရိမ်မကင်းဖြစ်ကြသည်။

အောက်တိုဘာလ ၃၁ ရက်က ရုရှားနိုင်ငံမော်စကိုမြို့တွင် အမေရိကန်အမျိုးသားလုံခြုံရေးအဖွဲ့ဝင်ဟောင်းအက်ဒဝပ်စနိုးဒန်ကို ကျွမန်သက်တော်ရှည်လွတ်တော်အမတ်တစ်ဦးဖြစ်သူ ဟန်စ်ခရစ်ရှန်စထယိုဘဲလီက သုံးနာရီကြာ လာရောက်တွေ့ဆုံခဲ့သည်။ ၎င်းနှင့်အတူ ကျွမန်စုံစမ်းထောက်လှမ်းရေး သတင်းထောက်ကွော့ဂ်မာစကိုလိုလည်း မော်စကိုမြို့သို့ လိုက်ပါလာခဲ့ပြီး ၎င်းတို့အနေဖြင့် မစ္စတာစနိုးဒန်ကို တွေ့ဆုံခဲ့သည်မှာ ကောင်းသောရည်ရွယ်ချက်နှင့်ဖြစ်ကာ အမေရိကန်၏ရန်သူနိုင်ငံများနှင့်မိတ်ဆွေနိုင်ငံများအပေါ် ထောက်လှမ်းနေမှုများကို သတိထားနိုင်စေရန်ဖြစ်ကြောင်း ကျွမန်ရုပ်သံဌာနတစ်ခုသို့ ပြောပြသွားခဲ့သည်။

အမေရိကန်အမျိုးသားလုံခြုံရေးအဖွဲ့၏ လျှို့ဝှက်စုံစမ်းထောက်လှမ်းရေး ပရိုဂရမ်များ ထွက်ပေါ်လာပြီး

ဖုန်းကြားဖြတ်နားထောင်မှုဖြင့် ဆက်ဆံရေးတင်းမာခဲ့သည့် ဘရာဇီးနှင့် အမေရိကန်သမ္မတနှစ်ဦး

ချိန်မှစတင်ကာ ဂျာမနီနိုင်ငံသည် ၎င်း၏အရေးကြီးဆုံး မဟာမိတ်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံကို အမျက် ထွက်ခဲ့ရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ သည် နိုဝင်ဘာလ ၃ ရက်မှစ၍ အရှေ့အလယ်ပိုင်း နှင့် အာဖရိကမြောက်ပိုင်းနိုင်ငံခရီးစဉ်ကို စတင်ခဲ့ သည်။ ၎င်း၏ခရီးစဉ်သည် နိုဝင်ဘာလ ၁၂ ရက်အထိ ဖြစ်သည်။ အမေရိကန် ထိပ်တန်းသံတမန် ဂျွန်ကယ်ရီ သည် အီဂျစ်နှင့်ဆယ်စုနှစ်များစွာ မဟာမိတ်ဖြစ်ခဲ့မှုကို ပြန်လည်ကောင်းမွန်ရန် ကြိုးစားဖွယ်ရှိသည်။

မျက်မှောက်ရေးရာ - ဆီးနိတ်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် စက်တင်ဘာလ ၂ ရက်တွင် သမ္မတအိုဘားမား၊ ဆူဆန်ရိုက်စ်တို့နှင့် ဆီးရီးယား ပဋိပက္ခကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် အမျိုးသား လုံခြုံရေးအေဂျင်စီ (NSA) ၏ ဆိုက်ဘာထောက်လှမ်း နေမှုများကို လူပေါင်းရာနှင့်ချီ၍ ဆန့်ကျင်ဆန္ဒပြမှု တစ်ရပ် အောက်တိုဘာလ ၂၆ ရက်ကဖြစ်ပွားခဲ့သည်။ ဆန္ဒပြလူအုပ်သည် ယူနီယံစတေရှင်မှ ကတ်ပီတယ် အဆောက်အအုံသို့ ချီတက်ဆန္ဒပြကြသည်။ NSA ၏ PRISM ဟု အမည်ပွက်ပေးထားသည့် ထိပ်တန်းလျှို့ဝှက် ထောက်လှမ်းရေးစီမံကိန်းကို ရပ်တန့်ပစ်ရန် တောင်းဆို ကြသည်။

ယင်းထောက်လှမ်းရေးစီမံကိန်းကို အမျိုးသား အကျိုးစီးပွားအတွက်ဟု ဝါရှင်တန်က ပြောထားသော်လည်း ပြည်ပနိုင်ငံများက ယင်းစီမံကိန်းကြောင့် ဒေါသ ခက်ထန်ခဲ့ကြရသည်။

အမေရိကန်နိုင်ငံအနေဖြင့် ဥရောပနိုင်ငံသား များနှင့် ခေါင်းဆောင်များကို လျှို့ဝှက်ထောက်လှမ်းမှု ကျယ်ပြန့်လာခြင်းကို ဥရောပပါလီမန်အမတ်များက စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဥရောပ ကိုးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်အမျိုးသားထောက်လှမ်းရေးအေဂျင်စီက ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်အပါအဝင် ဥရောပခေါင်းဆောင်များနှင့် နိုင်ငံသားများကို လျှို့ဝှက်ထောက်လှမ်းသည်ဆိုသည့်ကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းရန် အောက်တိုဘာလ ၃၀ ရက်တွင် အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

အောက်တိုဘာလ ၃၀ ရက်တွင် ထုတ်ပြန်သော ဖိုဘီးစ်မဂ္ဂဇင်း၏ ကမ္ဘာ့ဩဇာတိက္ကမအရှိဆုံး ခေါင်းဆောင်စာရင်းတွင် အမေရိကန်သမ္မတ ဘားရက် အိုဘားမားကို ကျော်လွန်ကာ ရုရှားသမ္မတ ဗလာ ဒီမာပူတင်က ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး အိုဘားမား သည် ယင်းစာရင်းတွင် သုံးနှစ်အတွင်း ဒုတိယနေရာသို့ ပထမဆုံးအကြိမ် ကျဆင်းခဲ့သည်။

အမေရိကန်အစိုးရ၏ ဖုန်းနှင့်အင်တာနက် သူလျှိုလုပ်မှုကို ဖွင့်ချခဲ့သဖြင့် အမေရိကန်အလိုရှိနေ

သော အက်ဒဝပ်စနိုးဒန်ကို ဩဂုတ်လတွင် ရုရှားက ခိုလှုံခွင့်ပေးခဲ့သည်။ ယင်းနောက် တစ်လအကြာတွင် ဆီးရီးယားကို စစ်ရေးအရ အရေးယူတိုက်ခိုက်မည့် အိုဘားမား၏ ခြိမ်းခြောက်မှုများကို ဓာတုလက်နက်လွှဲပြောင်းရန် ဆီးရီးယားအတွက် အစီအစဉ်တစ်ရပ်ဖြင့် ပူတင်က ပျက်ပြားစေခဲ့သည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦး၏ ဩဇာအာဏာအနေအထားကို ရှင်းလင်းသဘောပေါက်ကြောင်းလည်း ဖိုဘီးစ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ။ ။ အစ္စရေးက ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုပြုပြီးသည့်နောက် ဆီးရီးယားသမ္မတ ဘာရှာအာဆတ်က ၎င်း၏နိုင်ငံကို အစ္စရေးက မတည်မငြိမ်ဖြစ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲပြောဆိုလိုက်ကြောင်း ဖေဖော်ဝါရီလ ၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံသို့ ခေတ်မီဒုံးကျည်လက်နက်များနှင့် ဂျက်တိုက်လေယာဉ်များတပ်ဆင်ပေးမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးသစ် ချက်ဟေဂယ်က ဂျေရုဆလင်မြို့သို့ အလည်အပတ်ရောက်ရှိစဉ် ပြောကြားကြောင်း ဧပြီလ ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

ဆိုင်းနိုင်းကျွန်းဆွယ်ရှိစစ်သွေးကြွများကို အီဂျစ်စစ်ရဟတ်ယာဉ်များက စက်တင်ဘာလ ၃ ရက်တွင် အကြီးဆုံးလေကြောင်းတိုက်ခိုက်မှုပြုလုပ်သည်။

ဆီးရီးယားနိုင်ငံအတွင်းမှ အဆင့်မြင့်လက်နက်များ စစ်သွေးကြွများလက်သို့မရောက်ရှိအောင် ကာကွယ်သွားမည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးက အောက်တိုဘာလ ၂၃ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံဆိပ်ကမ်းမြို့ လာတာကီဟာအနီးတွင် ဆီးရီးယားသမ္မတ၏မဟာမိတ်လက်ဘနွန်စစ်သွေးကြွအုပ်စုဟစ်ဇ်ဘိုလာအဖွဲ့ထံ ဒုံးလက်နက်များပေးပို့မှုကို တားဆီးသည့်အနေဖြင့် အစ္စရေးလေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု နိုဝင်ဘာလ ၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယီမင်နိုင်ငံ ဘေဒါပြည်နယ် ရာဒါမြို့၌ ဒီဇင်ဘာလ ၁၂ ရက်တွင် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်မှုကြောင့် မင်္ဂလာဆောင်ယာဉ်တန်းအား ထိမှန်ကာ အရပ်သားအများစုပါဝင်သော လူ ၁၇ ဦး သေဆုံးမှု ဖြစ်ပွားခဲ့သည်။ ယီမင်သမ္မတ အက်ဘ်ဒရာဘူမန်ဆာဟာဒီဦးဆောင်သည့် လုံခြုံရေးအဆင့်မြင့်ကော်မတီက ထိုတိုက်ခိုက်မှုသည် အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း ဒီဇင်ဘာလ ၁၃ ရက်က အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ ယီမင် စစ်တပ်၊ ရဲတပ်ဖွဲ့၊ အရပ်သားနှင့် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို တိုက်ခိုက်မှုများ စီစဉ်နေသည့် စစ်သွေးကြွခေါင်းဆောင်များ အဆိုပါကား အတွင်း လိုက်ပါလာကြောင်း ယင်းကြေညာချက်တွင် ဖော်ပြခဲ့သော်လည်း အရပ်သားသေဆုံးမှုနှင့် အမေရိကန်မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်မှုတို့ကို မဖော်ပြခဲ့ပေ။ ယီမင်ပါလီမန်သည် ထိုတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ဒီဇင်ဘာလ ၁၅ ရက်တွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများကို ပိတ်ပင်သောဥပဒေကို အတည်ပြုပြဋ္ဌာန်းသည်။

အစ္စရေးနိုင်ငံသို့ရောင်းချသည့်လက်နက်များသည် ယင်း၏အိမ်နီးချင်းနိုင်ငံများအပေါ် စစ်ရေးအရ အသာစီးရမှုကို ထိန်းသိမ်းထားနိုင်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ၎င်းကပြောကြားသည်။ အီရန်နိုင်ငံ၏နျူကလီးယားအစီအစဉ်များအရှိန်မြင့်တက်လာမှုနှင့် အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ယင်းလက်နက်ရောင်းဝယ်ရေးသဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသအတွင်းမှ ပါလက်စတိုင်းစစ်သွေးကြွများသည် ဒုတိယအကြိမ်အဖြစ် နယ်စပ်ကို ဖြတ်ကျော်၍ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်ပစ်ခတ်ခဲ့သည်ဟု ဘီဘီစီက ဖော်ပြသည်။ ထိုသို့မပစ်မီ အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက် ပထမဆုံးအကြိမ်တိုက်ခိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - ဂျပန်နိုင်ငံမြို့တော်တိုက်ျိုဥ်ကျင်းပသော ပါလက်စတိုင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရှေ့အာရှ နိုင်ငံများ၏ညီလာခံတစ်ရပ်တွင် ပါလက်စတိုင်း ဝန်ကြီးချုပ်က နိုင်ငံထူထောင်ရေးအတွက် မိမိတို့ကြိုးပမ်းအားထုတ်နေခြိန်တွင် အရှေ့အာရှ ဒေသ၏ အလှူရှင်နိုင်ငံများက ဓနဥစွာအရလည်းကောင်း၊ အတွေ့အကြုံ ဗဟုသုတအရလည်းကောင်း အားပေးကူညီကြရန် ဖေဖော်ဝါရီလ ၁၄ ရက်တွင် တိုက်တွန်းသည်။ ပါလက်စတိုင်းဖွံ့ဖြိုးရေးအတွက် အရှေ့အာရှနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အဆိုပါညီလာခံကို ဂျပန်နိုင်ငံနှင့် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့တို့ ပထမအကြိမ် ပူးတွဲကျင်းပခြင်းဖြစ်သည်။ အဆိုပါညီလာခံသို့ တရုတ်နိုင်ငံကိုဖိတ်ကြားခြင်းမရှိသော်လည်း ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးအေဂျင်စီ၊ အစ္စလာမ္မစ်ဖွံ့ဖြိုးရေးဘဏ်နှင့် အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများတက်ရောက်သည်။

၂၀၁၀ ပြည့်နှစ်အတွင်းက ပါလက်စတိုင်းအားအထောက်အပံ့ပေးသည့်သဘော်ကို အစ္စရေးကွန်မန်ဒိုများက စီးနင်းခဲ့စဉ် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည့် အမှားအတွက် အစ္စရေးဝန်ကြီးချုပ်က တူရကီနိုင်ငံကို တောင်းပန်ကြောင်း မတ်လ ၂၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ သေဆုံးသူများ၏ မိသားစုများကို လျော်ကြေးပေးရန် နေတန်ယာဟုနှင့်တူရကီဝန်ကြီးချုပ်တို့ သဘောတူညီခဲ့သည်။ အမေရိကန်သမ္မတ အစ္စရေးသို့ရောက်ရှိစဉ် နှစ်နိုင်ငံအကြားညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။ အစ္စရေးနှင့်တူရကီနိုင်ငံတို့သည် သံအမတ်များအပြန်အလှန်လဲလှယ်ကြရန် သဘောတူခဲ့ကြပြီး အစ္စရေးအရာရှိလေးဦးအား တရားစွဲထားခြင်းကို တူရကီက ရုပ်သိမ်းမည်ဟု ဝန်ကြီးချုပ်ရုံးကပြောကြားသည်။

မတ်လ ၁၈ ရက်တွင် အစ္စရေးညွှန့်ပေါင်းအစိုးရသစ်သည် ပါလီမန်၏ထောက်ခံမှုရရှိပြီး တရားဝင်အာဏာရယူခဲ့သည်။ အစ္စရေးနိုင်ငံ၏ ပါလီမန်အဖွဲ့ဝင် ၁၂၀ က နေတန်ယာဟု၏ အစိုးရအဖွဲ့သစ်ကို (၆၈ ဒသမ ၄၈) မဲဖြင့် အတည်ပြုခဲ့သည်။

အမေရိကန်သမ္မတအိုဘားမားသည်အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးအတွက် တိုက်တွန်းအားပေးနိုင်ရန် မတ်လ ၂၀ ရက်တွင် အစ္စရေးသို့ရောက်ရှိသည်။ အရှေ့အလယ်ပိုင်းခရီးစဉ်၏ ဒုတိယနေ့ မတ်လ ၂၁ ရက်တွင် အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့သို့ ရောက်ရှိသည်။ ထိုခရီးစဉ်အတွင်း အစ္စရေးတောင်ပိုင်းဒေသသို့ ဂါဇာစစ်သွေးကြွများက ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်းဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဟားမာ့စ်ခေါင်းဆောင် ခါလက်မီရှယ်လ်သည် ပါလက်စတိုင်းအစ္စလာမ္မစ် လှုပ်ရှားမှု၏ အကြီးအကဲအဖြစ် နောက်ထပ်လေးနှစ် သက်တမ်းအတွက် အရွေးခံရကြောင်း ပါတီအရာရှိ တစ်ဦးက ဧပြီလ ၁ ရက်တွင် ပြောကြားသည်။ ၎င်းကို ရှုရာကောင်စီက ကိုင်ရိုမြို့၌ကျင်းပသည့် အစည်းအဝေး၌ ပြန်လည်ရွေးကောက်ခဲ့ခြင်းဖြစ်သည်။ မဲပေးရန်အတွက် ဟားမာ့စ်အရာရှိများသည် ကိုင်ရိုမြို့၌ မတ်လ ၃၁ ရက်နှင့် ဧပြီလ ၁ ရက်များတွင် ရောက်ရှိခဲ့ကြပြီး ပြိုင်ဘက်ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ ဖာတာပါတီနှင့် ပြန်လည်ပူးပေါင်းရေးအတွက် အီဂျစ်ခေါင်းဆောင်များနှင့် ဆွေးနွေးရန်ဖြစ်သည်။ ဂါဇာနယ်စပ်၌ ဥမင်လိုဏ်ခေါင်းများကို အီဂျစ်တပ်များက ပိတ်ပစ်ရာမှ ဟားမာ့စ်အဖွဲ့နှင့် ကိုင်ရိုအစိုးရတို့ ဆက်ဆံရေးတင်းမာခဲ့သည်။ ပါလက်စတိုင်း အစ္စလာမ္မစ်လှုပ်ရှားမှုကို တည်ထောင်ခဲ့သူ ရှိတ်အာမက်ရာဆင်နှင့် ယင်းနေရာဆက်ခံသူ အဗ္ဗဒယ်လ်အဇစ် အယ်လ်ရန်ဟီစိတို့ကို အစ္စရေးတို့က လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်တွင် မီရှယ်လ်ကလှုပ်ရှားမှုတွင် အားအကောင်းဆုံးဖြစ်လာသည်။ မီရှယ်လ်ကိုယ်တိုင် ၁၉၉၇ ခုနှစ်က ကျော်ဒန်နိုင်ငံ၌ အစ္စရေးတို့၏ လုပ်ကြံမှုမှ လွတ်မြောက်ခဲ့သည်။

လက်ဘနွန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်မစ္စတာအီလိုင်းဒီဘာဟီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် မေလ ၂ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

သုံးနှစ်အတွင်း ပထမဆုံးအကြိမ် အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့၌ ကျင်းပခဲ့သည်ဟုတာဝန်ရှိသူများက ပြောကြားသည်။ ဆွေးနွေးပွဲမကျင်းပမီ ဩဂုတ်လ ၁၃ ရက်တွင် အစ္စရေးက ပါလက်စတိုင်းအကျဉ်းသား ၂၆ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ သို့သော် ဩဂုတ်လ ၁၁ ရက်တွင် အခြေချအိမ်ရာ ၁၂၀၀ နီးပါးထပ်ဆောက်ရန် အတည်ပြုခဲ့သည်။ နောက်ဆုံးအဆင့်သဘောထား သည်။ အစ္စရေးတို့သည် အိမ်ရာဆောက်လုပ်ခြင်းကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကာအကွယ်ပြု၍ ဆက်လက်လုပ်ဆောင်လိမ့်မည်ဟု ပါလက်စတိုင်းညှိနှိုင်းသူတစ်ဦးက ပြောကြားသည်။

အီဂျစ်ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည့်ဖြစ်ရပ်အပြီးတွင် အီဂျစ်အာဏာပိုင်များက ပိတ်ဆို့ထားခဲ့သော ဂါဇာကမ်းမြောင်နှင့် ဆက်စပ်ဒေသရာဖာဖြတ်လမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် ဟားမာ့စ်စစ်သွေးကြွအုပ်စုက အီဂျစ်အစိုးရကို ဩဂုတ်လ ၂၃ ရက်တွင် တိုက်တွန်းသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သည် ပါလက်စတိုင်း သမ္မတ မာမွတ်အာဗတ်စ်နှင့် လန်ဒန်မြို့တွင် စက်တင်ဘာလ ၈ ရက်က တွေ့ဆုံခဲ့ပြီး

အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနှိုက်ရီစေ့စပ်ဆွေးနွေးစဉ်

ကွဲလွဲနေသော အကြောင်းအရာများတွင် ၁၉၄၈ ခုနှစ်က နှင်ထုတ်ခံထားရသော ပါလက်စတိုင်းဒုက္ခသည်များ နေရပ်ပြန်လာခွင့်၊ ပါလက်စတိုင်းနိုင်ငံနယ်နိမိတ်အတိအကျ သတ်မှတ်နိုင်ရေး၊ အစ္စရေးတို့က ၎င်းတို့သိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်းတွင် အိမ်ရာများဆောက်လုပ်နေသည့်ကိစ္စနှင့် နှစ်ဖက်စလုံးက မြို့တော်အဖြစ် တောင်းဆိုထားသည့် ဂျေရုဆလင်မြို့တော်ကိစ္စများပါဝင်သည်။ ယခုအခါ အနောက်ဘက်ကမ်းတွင် ဂျူးလူမျိုး ၅ သိန်းခွဲ နေထိုင်လျက်ရှိ အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ အကြောင်း ဆွေးနွေးသည်။

အီရန်ကို ပိတ်ဆို့မှုများလျှော့ပေါ့ပေးမည့် သဘောတူညီမှုရယူခြင်းမျိုး မပြုလုပ်ရန် အစ္စရေးက ကမ္ဘာ့နိုင်ငံများကို အောက်တိုဘာလ ၁၅ ရက်တွင် တောင်းဆိုသည်။ အစ္စရေးလုံခြုံရေးကက်ဘိနက်အဖွဲ့က အီရန်အနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်ရေးအစီအစဉ်ဖွံ့ဖြိုးလာနိုင်စွမ်းရှိသည့်မည်သည့် သဘောတူညီချက်မျိုးကိုမျှ မပြုလုပ်ရန်သတိပေးခဲ့သည်။

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ (PNA) နှင့် သဘောတူညီချက်အရ အစွန်းရောက်တို့က အကျဉ်းသား ၂၆ ဦးကို အောက်တိုဘာလ ၂၉ ရက်တွင် ပြန်လွှတ်ပေးသည်။ ယင်းသဘောတူညီချက်အရ ၁၉၉၃ ခုနှစ် အော်စလိုငြိမ်းချမ်းရေးသဘောတူညီချက်မရရှိခင် ကာလရှည်ဖမ်းဆီးထားသောပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးကို လွှတ်ပေးမည်ဖြစ်သည်။ ယခု အကျဉ်းသား ၂၆ ဦး ပြန်လွှတ်ပေးရေးကို အောက်တိုဘာလ ၂၇ ရက်က အစွန်းရောက်အဖွဲ့က သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ရေးရာ - အီရန်နိုင်ငံမှ ဒုံးကျည်များ သယ်ဆောင်လာသည့် သင်္ဘောတစ်စင်းကို ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးရမိပြီးနောက် ယင်း၏ နိုင်ငံအတွင်းရှိ လက်နက်ကိုင်အုပ်စုများအား ထောက်ပံ့နေခြင်းကို ရပ်ဆိုင်းရန် ယီမင်သမ္မတက အီရန်နိုင်ငံကို တောင်းဆိုကြောင်း ဖေဖော်ဝါရီလ ၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လက်ဘန္ဓနိုင်ငံ၌ ဆီးရီးယားဒုက္ခသည် ၂၈၃,၀၀၀ ထက်မနည်းခိုလှုံလျက်ရှိကြောင်း၊ ၎င်းတို့ကို ကုလသမဂ္ဂနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လက်ဘန္ဓန်အစိုးရက ကူညီထောက်ပံ့မှုပေးနေကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြောကြားသည်။

အခြေခံဥပဒေသစ်ရေးဆွဲရန်နှင့် ၂၀၁၄ ခုနှစ်တွင် ဒီမိုကရေစီအပြည့်အဝရှိစေသော ရွေးကောက်ပွဲပြင်ဆင်ရန်ရည်ရွယ်ကာ ယီမင်နိုင်ငံ၌ ကုလသမဂ္ဂထောက်ခံအားပေးသော အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ကြောင်း မတ်လ ၁၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကာလတာရှည်စွာ ပြည်တွင်းစစ်မငြိမ်သက်မှုများဖြစ်ပွားနေသော ဆီးရီးယားနိုင်ငံ၏ အရေးအရာနှင့် ပတ်သက်၍ ဆီးရီးယားနှင့် နီးကပ်နေသော လက်ဘန္ဓန်နိုင်ငံတွင်လည်း ရိုက်ခတ်မှုများ ဂယက်ထခဲ့သည်။ လက်ဘန္ဓန်သမ္မတ မိုက်ကယ်ဆူလိုင်မန်သည် ဆီးရီးယားနိုင်ငံရေးတွင် ပါဝင်နေသော ဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့ကို ဆီးရီးယားနိုင်ငံအတွင်းမှ ပြန်လည်ထွက်ခွာရန် တောင်းဆိုခဲ့သည်။ အိမ်နီးချင်းနိုင်ငံ၏ ပြည်တွင်းစစ်တွင် ပါဝင်ခြင်းဖြင့် မိမိနိုင်ငံသည်လည်း မတည်မငြိမ်ဖြစ်စေလိမ့်မည်ဟု ပြောကြားသည်။

ဆီးရီးယားသမ္မတဘာရှာအာဆတ်၏ အစိုးရတပ်ဖွဲ့များက နယ်စပ်ဒေသရှိ မဟာဗျူဟာမြောက်ကူဆာရာမြို့ကိုသိမ်းခဲ့ရာ ဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့က ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သည်။ အလက်ပိုတိုက်ပွဲတွင် ဟစ်ဇ်ဘိုလာတို့ ပါဝင်တိုက်ခိုက်မည်ဆိုပါက ယင်းတို့ပိုမို သေဆုံးကြမည်ဖြစ်ကြောင်း၊ တင်းမာမှုများပိုမိုကြီးထွားလာမည်ဖြစ်ကြောင်း ဇွန်လ ၂၀ ရက်တွင် လက်ဘန္ဓန်သတင်းစာနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ဆူလိုင်မန်က ပြောကြားသည်။ ဆီးရီးယားနိုင်ငံအတွင်း၌ ဆွန်နီသူပုန်များကို ဆက်လက်တိုက်ခိုက်ခဲ့လျှင် လက်ဘန္ဓန်နိုင်ငံအတွင်းမှ ပြိုင်ဘက်အုပ်စုများကိုလည်း မီးထိုးပေးသကဲ့သို့ဖြစ်မည်ဟုဆိုသည်။

ယီမင်သမ္မတအက်ဘ်ဒရာဘူမန်ဆာဟာဒီနှင့် အမေရိကန်သံအမတ်တို့ကို လုပ်ကြံရန်စီစဉ်မှုဖြင့် အယ်လ်ခိုင်ဒါစစ်သွေးကြွသုံးဦးကို ဆန်နာတရားရုံးက စက်တင်ဘာလ ၁၅ ရက်တွင် ထောင်ဒဏ်များချမှတ်သည်။ ယီမင်နိုင်ငံသည် အယ်လ်ခိုင်ဒါအဖွဲ့ကို ထူထောင်ခဲ့သူအိုစမာဘင်လာဒင်၏ အဆက်အနွယ်များနေထိုင်ရာဖြစ်ပြီး အာရေဗျကျွန်းဆွယ်တွင် ၎င်းတို့အခြေစိုက်နေထိုင်ကြသည်။

လက်ဘန္ဓန်နိုင်ငံအတွင်းရောက်ရှိနေသည့် ဆီးရီးယားဒုက္ခသည် ၇၆၀,၀၀၀ ကို နိုင်ငံတကာက မကူညီလျှင်လက်ဘန္ဓန်နိုင်ငံအတွင်း လူမှုရေးပေါက်ကွဲမှုဖြစ်နိုင်ကြောင်း ကုလသမဂ္ဂက စက်တင်ဘာလ ၂၅ ရက်တွင် သတိပေးသည်။ ဒုက္ခသည်များကို အကူအညီပေးနေသည့်ဝန်ထမ်းများကို ပိုမိုထောက်ပံ့ရန်နှင့် စစ်တပ်ကိုအင်အားဖြည့်ရန်အတွက် ငွေကြေးများစွာလိုအပ်နေကြောင်း၊ ဆီးရီးယားဒုက္ခသည်များစွာမှာ မှတ်ပုံတင်မထားကြောင်း၊ ဆီးရီးယားဒုက္ခသည်ကလေးငယ်ကိုးသောင်းမှာ ပညာသင်ကြားနိုင်ရေး အခက်တွေ့နေကြောင်းလက်ဘန္ဓန်သမ္မတက ပြောကြားသည်။ လက်ရှိအခြေအနေတွင် အလုပ်အကိုင်ရရှိရေး

အတွက် လက်ဘန္ဓန်နိုင်ငံသားများသည် ဆီးရီးယားနိုင်ငံသားများနှင့် ပြိုင်ဆိုင်နေရပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်ယောင်ကင်က ပြောကြားသည်။

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ အသက် ၇၅ နှစ်အရွယ်၌ ပြင်သစ်နိုင်ငံဆေးရုံတွင် ကွယ်လွန်ခဲ့သော ပါလက်စတိုင်းခေါင်းဆောင်ဟောင်း ယာဆာ အာရာဖတ်၏ အဝတ်အစားများတွင် ပိုလိုနီယမ် အနည်းငယ်တွေ့ခဲ့ပြီး အာရာဖတ်သည် ပိုလိုနီယမ် ၂၁၀ ဖြင့် အဆိပ်သင့်သေဆုံးခဲ့ဖွယ်ရှိသည်ဟု ဆွစ်ဇာလန်နိုင်ငံမှ သိပ္ပံပညာရှင် ရှစ်ဦးအဖွဲ့က ဗြိတိန်ဆေးဂျာနယ် Lancet ပါ အစီရင်ခံစာတွင်ဖော်ပြသည်။ အာရာဖတ်၏ အသုံးအဆောင်များကိုယူပြီး ယင်းအဖွဲ့က ရေဒီယိုသတ္တိကြွမှုစမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အာရာဖတ်အဆိပ်ခတ်ခံရခြင်း ဟုတ်မဟုတ် စစ်ဆေးရန် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ၎င်း၏ အလောင်းကို ပြန်ဖော်ကာနမူနာများရယူပြီး ပြင်သစ်၊ ဆွစ်ဇာလန်နှင့်ရုရှားတို့မှ အဖွဲ့များက သီးခြားစီ စစ်ဆေးမှု ပြုလုပ်ကြသည်။

ယာဆာအာရာဖတ်သည် ဓမ္မတာအတိုင်း သေဆုံးခဲ့ခြင်းမဟုတ်ကြောင်း နိုဝင်ဘာလ ၈ ရက်တွင် ရာမာလာမြို့၌ ကျင်းပသော ပါလက်စတိုင်းစုံစမ်းစစ်ဆေးသူများ၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားသည်။

ဒီဇင်ဘာလ ၁၅ ရက်က အစွန်းရေး စစ်တပ်တပ်ဖွဲ့ဝင်တစ်ဦးသည် လက်ဘန္ဓန်လက်ဖြောင့်သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားကြောင်း အစွန်းရေးစစ်တပ်က သတင်းထုတ်ပြန်ခဲ့သည်။ သေဆုံးသွားသူမှာ နိုင်ငံမြောက်ပိုင်း အဖူလာမြို့မှ တပ်ကြပ်ကြီးတစ်ဦးဖြစ်ကြောင်း အစွန်းရေးကာကွယ်ရေးဌာနမှ အတည်ပြုပြောကြားသည်။ လက်ဘန္ဓန်နယ်စပ်တွင် အစွန်းရေးစစ်သားတစ်ဦး ပထမဆုံးအကြိမ် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သော်လည်း ထိပ်တိုက်ရင်ဆိုင်မှုများပေါ်ပေါက်လာဖွယ်မရှိကြောင်း လေ့လာသုံးသပ်သူများက ဖော်ပြသည်။ ယင်းဖြစ်ရပ်အတွက် လက်ဘန္ဓန်စစ်တပ်က တရားဝင်တုံ့ပြန်မှု မရှိသေးဘဲ ဒီဇင်ဘာလ ၁၆ ရက်တွင် အစွန်းရေးမောင်းသူမဲ့လေယာဉ်တစ်စင်းသည် လက်ဘန္ဓန်ဝေဟင်ပိုင်နက်ကို ကျူးလွန်ခဲ့ကြောင်း လက်ဘန္ဓန်ကထုတ်ပြန်ကြေညာသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အီဂျစ်နိုင်ငံ။ ။ **နိုင်ငံရေး** - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကတည်းက အီဂျစ်နိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်လာခဲ့သည်။ အထူးသဖြင့် သမ္မတသက်တမ်းခြောက်လ၊ ခုနစ်လခန့်သာရှိသေးသည့် မိုဟာမက်မော်စီကို အီဂျစ်ပြည်သူလူထုတို့ သဘောမကျတော့ပေ။ ပြီးခဲ့သော လပိုင်းအတွင်းက ဘောလုံးပွဲတစ်ခုတွင် ဘောလုံးသမားများနှင့် ပရိသတ်တို့ အချင်းများကြရာမှ အမှုအခင်းအထိ ဖြစ်ပွားခဲ့ပြီးလူ ၂၁ ဦးကို သေဒဏ်ပေးလိုက်သည်မှစကာ အီဂျစ်ပြည်သူလူထုသည် မိုဟာမက်မော်စီနှင့် ၎င်း၏နောက်ခံပါတီဖြစ်သော မွတ်ဆလင်ညီနောင်များအဖွဲ့အပေါ် အမြင်မကြည်မလင်ဖြစ်လာခဲ့သည်။ ဇန်နဝါရီလ တတိယပတ်တွင် အီဂျစ်ပြည်သူလူထုသည် အီဂျစ်စီးပွားရေးကိုလည်း အာမမခံနိုင်တော့သော မိုဟာမက်မော်စီကို စတင်ဆန္ဒပြလာခဲ့သည်။ မိုဟာမက်မော်စီကို သမ္မတရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုလာခဲ့သည်။

ဆန္ဒပြမှုနှင့်အတူ အဓိကရုဏ်းများလည်း ဖြစ်ပွားလာခဲ့သည်။ အကြမ်းဖက်ဆန္ဒပြမှုအဆင့်အထိ ရောက်ရှိလာခဲ့သည်။ ဤတွင် မိုဟာမက်မော်စီကို ထောက်ခံကြသူများနှင့် ဆန့်ကျင်သူများဟူ၍ ကွဲပြားလာခဲ့သည်။ ထောက်ခံသူနှင့်ဆန့်ကျင်သူများလည်း ပဋိပက္ခအသွင်ဆောင်လာခဲ့သည်။ အထူးသဖြင့် သမ္မတမော်စီကို ဆန့်ကျင်ကြသူများက ပို၍အင်အားကောင်းသည်ကို သိရှိရသည်။

ဇူလိုင်လ ၁ ရက်တွင် အီဂျစ်စစ်တပ်က သမ္မတနှင့်အတိုက်အခံများ အငြင်းပွားနေမှုကို ဆွေးနွေးညှိနှိုင်းအဖြေရှာရန် ပြောဆိုသော်လည်း အတိုက်အခံများက သမ္မတမော်စီ နုတ်ထွက်ပေးရန်သာ ဆန္ဒပြခဲ့ကြသဖြင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ခါမလ်အမ်အပါအဝင် ဝန်ကြီးငါးဦး နုတ်ထွက်စာတင်သည်ဟု မီနာသတင်း

ဌာနက ဖော်ပြသည်။ ထို့ပြင် အထက်လွှတ်တော် အမတ် ငါးဦးလည်းနုတ်ထွက်ကြောင်း ကြေညာသည်။

ဇူလိုင်လ ၂ ရက်တွင် သဘောတူညီချက် တစ်စုံတစ်ရာမရခဲ့ကြပေ။ ထိုအခါ အီကျစ်စစ်တပ်က သမ္မတမော်စီကို ကြားဖြတ်အစိုးရနှင့်အစားထိုးရန်၊ အစ္စလာမ်အခြေခံဖြင့် ရေးဆွဲထားသည့် အခြေခံဥပဒေကို ပယ်ဖျက်ရန်၊ တစ်နှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပပေးရန်စသော စီမံကိန်းအသေးစိတ်ကို ထုတ်ပြန်သည်။ မော်စီကလည်း သမ္မတ၏ တရားဝင်မှုကို ကာကွယ်သွားမည်၊ အာဏာကိုစွန့်လွှတ်မည်မဟုတ်ကြောင်း မိန့်ခွန်းပြောကြားသည်။

ဇူလိုင်လ ၃ ရက်တွင် အီကျစ်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးက သမ္မတမော်စီကို ရာထူးမှဖယ်ရှားလိုက်ကြောင်း ကြေညာသည်။

ဇူလိုင်လ ၄ ရက်တွင် လစ်လပ်သမ္မတအတွက် အခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ်တရားသူကြီး အူလ်အက်ဒလီမင်ဆောက ကြားဖြတ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ထိုအခါ မော်စီထောက်ခံသူများက ဇူလိုင်လ ၅ ရက်မှစပြီး အကြီးအကျယ်ဆန္ဒပြကြသည်။ မော်စီ အာဏာပြန်ရရေးကို တောင်းဆိုကြသည်။ ထို့ကြောင့် ကြားဖြတ်သမ္မတ အက်ဒလီမင်ဆောက အထက်လွှတ်တော်ကို ဖျက်သိမ်းသည်။ ကိုင်ရိုမြို့နှင့် အလက်ဇန်းဒါးမြို့များတွင် မော်စီလိုလားသူများနှင့် ဆန့်ကျင်သူများခိုက်ရန်ဖြစ်ပွားကြသည်။ နိုင်ငံတစ်ဝန်းအကြမ်းဖက်မှုများကြောင့် ၃၆ ဦးသေဆုံးပြီး မွတ်ဆလင်ညီနောင်များအဖွဲ့ ဒုတိယအကြီးအကဲ ဇိုင်ရက်အီးလ်ရှာဘာလည်းဖမ်းဆီးခံရသည်။

အကြမ်းဖက်ဆန္ဒပြမှုများမှာ ဇူလိုင်လ ၈ ရက် အထိ အရှိန်အဟုန်ပြင်းထန်ခဲ့ပြီး အီကျစ်စစ်သားများက ကိုင်ရိုမြို့ စစ်တပ်အခြေစိုက်စခန်းရှေ့တွင် မွတ်ဆလင်ညီနောင်များအဖွဲ့ကို ထောက်ခံသော ဆန္ဒပြသမားများအား သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူအများအပြား သေဆုံးသည်ဟု ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။ ကြားဖြတ်သမ္မတမင်ဆောက အခြေခံဥပဒေပြင်ဆင်ရန် အချိန်ဇယားချပြပြီး သမ္မတနှင့် ပါလီမန် ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဇူလိုင်လ ၉ ရက်တွင် ကြားဖြတ်သမ္မတက စီးပွားရေးပညာရှင်ဟာဇမ်အီးလ်ဘာလာဝီကို ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ အိုင်အေအီးအေဥက္ကဋ္ဌ ဟောင်း မိုဟာမက်အယ်လ်ဘာရာဒေးကို ဒုတိယသမ္မတအဖြစ်လည်းကောင်း ခန့်အပ်သည်။ ထို့ကြောင့် မိုဟာမက်အယ်လ်ဘာရာဒေးသည် ကြားဖြတ်အစိုးရအဖွဲ့၏ ဒုတိယသမ္မတအဖြစ် ဇူလိုင်လ ၁၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

အီကျစ်နိုင်ငံရေးနှင့်ပတ်သက်၍ အီကျစ်တပ်မတော်နှင့်မွတ်ဆလင်ညီနောင်များအဖွဲ့သည် နိုင်ငံတွင်းတွင် သြဇာအာဏာ အားပြိုင်သည့်အနေအထားမျိုးသို့ ရောက်ရှိလာသည်ဟု နိုင်ငံရေးအကဲခတ်များကသုံးသပ်ကြသည်။ သမ္မတမော်စီအနေနှင့်မူ နိုင်ငံ၏လုပ်ပိုင်ခွင့်အာဏာအားလုံးကို သိမ်းပိုက်ထားသည့် အမိန့်ဒီဂရီထုတ်ပြန်၍ အာဏာရှင်ဆန်ဆန်လုပ်ကိုင်ခဲ့

အီကျစ်နိုင်ငံအတွင်း ဆန္ဒပြမှုမှ
အကြမ်းဖက်တိုက်ခိုက်မှု အသွင်ဆောင်နေစဉ်

မှုကြောင့် ပြည်သူတို့ ဒေါသထွက် အံ့ကြွခဲ့ကြသည်။ ထို့ကြောင့်လည်း ဆန္ဒပြမှုများ အကြိမ်ကြိမ်ဖြစ်ပေါ်၍ နိုင်ငံမတည်ငြိမ်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

အီကျစ်စစ်တပ်သည် မိုဟာမက်မော်စီ၏ မွတ်ဆလင်ညီနောင်များအဖွဲ့ပါတီ၏ ဆောင်ရွက်မှုများကို အမြဲမပြတ် အကဲခတ်ကြည့်ရှုနေရသည်။ မော်စီ၏ ပါတီသည် အနောက်နိုင်ငံများနှင့် ဆက်သွယ်၍ ပြည်တွင်းရေးကိစ္စများကို မတည်မငြိမ်ဖြစ်အောင်၊ မိမိတို့၏

ဩဇာပိုမိုကြီးမားအောင် ဆောင်ရွက်နေကြောင်း နိုင်ငံရေးအကဲခတ်များက သုံးသပ်ကြသည်။

သမ္မတမော်စီဦးဆောင်သည့် မွတ်ဆလင်ညီနောင်များအဖွဲ့သည် အခြေအနေအရ အမေရိကန်၊ အစ္စရေးအစိုးရများနှင့် မဟာမိတ်ဖွဲ့၍ ပူးပေါင်းဆောင်ရွက်ခဲ့ရသည့်အတွက် မော်စီကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် ပြည်သူတို့၏စိတ်တွင် အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ကိန်းဝပ်လျက်ရှိကြကြောင်း နိုင်ငံရေးသုတေသီတို့က ဝေဖန်သည်။

မြို့တော်ကိုင်ရိုဒ် ဩဂုတ်လ ၁၆ ရက်က ဆန္ဒပြသူများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ အဓိကရုဏ်း ထပ်မံဖြစ်ပွားရာ လူပေါင်း ၈၀ ကျော် ထပ်မံသေဆုံးပြီး လူ ၁၀၀၀ ခန့်ဖမ်းဆီးခံခဲ့ရသည်။ သေဆုံးသူများတွင် မွတ်ဆလင်ညီနောင်များအဖွဲ့ခေါင်းဆောင်၏သားပါဝင်သည်ဟု ယင်းအဖွဲ့က ပြောကြားသည်။ ကိုင်ရိုရှိ အဓိကသပိတ်စခန်းများကို ဩဂုတ်လ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းရာတွင် လူပေါင်း ၆၀၀ ကျော်သေဆုံးခဲ့ပြီး မွတ်ဆလင်ညီနောင်များ

သမ္မတဟောင်းမော်စီကို ထောက်ခံသူများဆန္ဒပြနေစဉ်

အမေရိကန်အစိုးရအနေနှင့် အာဏာရှိနေသော မွတ်ဆလင်ညီနောင်များအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုသာလျှင် အီကျစ်နိုင်ငံရေးတွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လှုပ်ရှားနိုင်မည်ဖြစ်သည်။

တစ်ဖက်တွင်လည်း အီကျစ်အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ်နိုင်ငံရေးခေါင်းဆောင်များက မော်စီကို အမေရိကန်နှင့် အစ္စရေးတို့၏ ရုပ်သေးရုပ်ဟု စွပ်စွဲကြသည်။

ဩဂုတ်လ ၆ ရက်တွင် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့် လင်းဆေးဂရေဟမ်တို့သည် အီကျစ်နိုင်ငံသို့ရောက်ရှိပြီး စစ်ခေါင်းဆောင်များနှင့်တွေ့ဆုံသည်။ အထက်လွှတ်တော်အမတ်နှစ်ဦးက အစ္စလာမ္မစ်ခေါင်းဆောင်များကို လွှတ်ပေးရန် ပြောကြားသော်လည်း ကြားဖြတ်သမ္မတက ငြင်းဆိုခဲ့သည်။

မွတ်ဆလင်ညီနောင်များအဖွဲ့က ဆန္ဒပြပွဲများကို နေ့စဉ်ပြုလုပ်သွားရန် တိုက်တွန်းခဲ့သည်။ ယင်းအဖွဲ့သည် ရာထူးမှဖြုတ်ချခံခဲ့ရသော သမ္မတမိုဟာမက်မော်စီကို မူလရာထူးတွင် ပြန်လည်ခန့်အပ်ပေးရန်တောင်းဆိုကြသည်။ ဩဂုတ်လ ၁၇ ရက်တွင် မွတ်ဆလင်ညီနောင်များအဖွဲ့ကို ထောက်ခံသူများ စုဝေးနေသော ဗလီဝတ်ကျောင်းတစ်ကျောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝန်းရံပိတ်ဆို့ခဲ့သည်။

အီကျစ်အစိုးရသည် နိုင်ငံ၏အရေးပေါ်အခြေအနေကို စက်တင်ဘာလ ၁၂ ရက်တွင် နောက်ထပ် နှစ်လထပ်မံတိုးမြှင့်ကြောင်း ကြားဖြတ်သမ္မတ အက်ဒလီမင်ဆော၏ရုံးက ကြေညာသည်။ အရေးပေါ်အခြေအနေကို ဩဂုတ်လ ၁၄ ရက်မှစ၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အီကျစ် မွတ်ဆလင်ညီနောင်များအဖွဲ့၏လှုပ်ရှားမှုများ၊ ၎င်းနှင့်ပတ်သက်သည့်အစိုးရမဟုတ်သော

အဖွဲ့.အစည်းများအားလုံးကို ကိုင်ရိုတရားရုံးက တရားဝင်ပိတ်ပင်တားမြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ထို့ပြင် အဖွဲ့.ပိုင်ဆိုင်မှုများကို သိမ်းယူရန် အယူခံဝင်မှုများ ကြားနာမပြီးခင်အထိ ကိုယ်စားလှယ် အဖွဲ့ထားရှိပြီး သိမ်းယူထားသောရန်ပုံငွေများကို စောင့်ကြပ်ထိန်းချုပ်ရန် တရားရုံးမှအမိန့်ချမှတ်သည်။ အီကျစ်အာဏာပိုင်များက မွတ်ဆလင်ညီနောင်များ အဖွဲ့.ဝင် သမ္မတမော်စီကိုဖြုတ်ချပြီးခြိန်မှစ၍ .အဖွဲ့. ထိပ်တန်းခေါင်းဆောင်များနှင့် ထောက်ခံသူများကို ဖမ်းဆီးခဲ့သည်။ မွတ်ဆလင်ညီနောင်များအဖွဲ့ကို ၁၉၂၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် အီကျစ်စစ်အာဏာရှင်များက ယင်းအဖွဲ့၏ လှုပ်ရှားမှုများကို ပိတ်ပင်ခဲ့သည်။ သမ္မတမော်စီကို ရာထူးမှ ဖြုတ်ချခဲ့ပြီး အစွလာမွစ်အယူအဆများနှင့် အညီရေးဆွဲထားသော ၂၀၁၂ ခုနှစ် အခြေခံဥပဒေ ကျင့်သုံးမှုကို ဆိုင်းငံ့ထားပြီးနောက် မွတ်ဆလင်ညီနောင်များအဖွဲ့၏ တရားဝင်တည်ရှိပိုင်ခွင့်ကို ကိုင်ရိုတရားရုံးနှင့် လူမှုရေးရာ သွေးစည်းညီညွတ်ရေးဝန်ကြီးဌာနတို့က ပြန်လည် ဆန်းစစ်ခဲ့သည်။ ကိုင်ရိုတရားရုံး၏ အမိန့်အရ အစိုးရမဟုတ်သော မွတ်ဆလင်ညီနောင်များအဖွဲ့၊ ယင်းနှင့်ပတ်သက်သော အဖွဲ့အစည်းများမှာ ဘဏ္ဍာရေး အထောက်အပံ့ပိတ်ပင်ခံရသည်။

အီကျစ်တပ်မတော်က သမ္မတမော်စီနှင့် မွတ်ဆလင်ညီနောင်များအဖွဲ့ကို ဖယ်ရှားလိုက်သော အခါ မော်စီနုတ်ထွက်ပေးရန် လမ်းပေါ်ထွက်၍ ဆန္ဒပြတောင်းဆိုနေကြသည့် သန်းပေါင်းများစွာသော ပြည်သူတို့သည် အီကျစ်တပ်မတော်ကို လက်ခုပ်တီးသြဘာပေးကြပြီး ပျော်ရွှင်စွာကခုန်နေကြသော်လည်း အနာဂတ်အီကျစ်နိုင်ငံတွင် မည်သည့်ပြဿနာများ ဂယက်ထရိုက်ခတ်လာမည်ကို မည်သူမျှ တွေးတောမိကြမည်မဟုတ်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။ သမ္မတမော်စီဦးဆောင်သည့် မွတ်ဆလင် ညီနောင်များအဖွဲ့ တစ်နှစ်အတွင်းမှာပင် ကျဆုံးသွားခဲ့ရခြင်းမှာ အာဏာရှင် မူဘာရက်ခန့်အပ်ခဲ့သည့် အဂတိလိုက်စားသော အရာရှိကြီးများကို မဖယ်ရှားနိုင်ခဲ့၍ ဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။ စစ်တပ်က ခန့်အပ်ခဲ့သည့် ကြားဖြတ်အစိုးရခေါင်းဆောင် အက်ဒလီမင်ဆောသည် သမ္မတမူဘာရက်က အခြေခံဥပဒေတရားရုံးတရားသူကြီးအဖြစ်ခန့်အပ်ခဲ့သူဖြစ်ပြီး သမ္မတမော်စီ၏ တရားသူကြီးချုပ်အဖြစ် ဆက်လက်ခန့်အပ်ခဲ့သည်။

အီကျစ်ပြည်သူတို့ ဆန္ဒပြခြင်းသည် တစ်စုံတစ်ရာ အမှားအယွင်းမရှိသော်လည်း အီကျစ်စစ်တပ်အာဏာသိမ်းမှုသည် မှားယွင်းနေကြောင်း၊ အီကျစ်စစ်တပ်သည် အမေရိကန်နယ်ချဲ့သမားများနှင့် အစွရေးဇီယွန်ဝါဒီများ၏ အကျိုးကို သယ်ပိုးရွက်ဆောင်နေခြင်းဖြစ်သည်ဟု ဝေဖန်သူများလည်းရှိသည်။

မိုဟာမက်မော်စီကို ထောက်ခံသူများက အောက်တိုဘာလ ၆ ရက်တွင် ပြုလုပ်ခဲ့သည့်ဆန္ဒပြမှုများတွင် လုံခြုံရေးတပ်ဖွဲ့များက ကျည်ဆန်အစစ်များ၊ ဓားများသုံးပြီး နှိပ်နင်းခဲ့ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အောက်တိုဘာလ ၁၄ ရက်တွင် ထုတ်ပြန်သည်။ အဆိုပါနေ့က နိုင်ငံအနှံ့ကွင် ဆန္ဒပြခဲ့ကြပြီး ကိုင်ရိုတွင်သေဆုံးသော ၄၉ ဦးအပါအဝင် တစ်နိုင်ငံလုံးတွင် ဒဏ်ဆုံးသူ ၂၇ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ အချို့နေရာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အရပ်သားများကဲ့သို့ ဝတ်ဆင်ပြီး ဆန္ဒပြသူများကြားဝင်ရောက် ကားတိုက်ခိုက်ခဲ့ကြောင်း မျက်မြင်သက်သေများကပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာလ ၄ ရက်တွင် သမ္မတဟောင်းမော်စီကို ထိန်းသိမ်းထားသည့်ရဲတပ်ဖွဲ့ဝင်းမှ ကိုင်ရိုမြို့သို့ ရဟတ်ယာဉ်ဖြင့်လည်းကောင်း၊ မွတ်ဆလင်ညီနောင်များအဖွဲ့ခေါင်းဆောင်များကို သံချပ်ကာယာဉ်များဖြင့်လည်းကောင်း တရားရုံးသို့ ခေါ်ဆောင်ခဲ့ပြီး တရားစီရင်ခြင်းစတင်သည်။ သမ္မတဟောင်းမော်စီက ၎င်းကိုစွဲချက်တင်ထားမှုသည် တရားမဝင်ကြောင်းနှင့် ၎င်းသည် သမ္မတတစ်ဦးအဖြစ်ရှိနေဆဲဖြစ်သည်ဟု တရားခံဝတ်စုံဝတ်ရန် ငြင်းဆန်ခဲ့ခြင်းတို့ကြောင့် တရားစီရင်ခြင်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်သို့ ရွှေ့ဆိုင်းကြောင်း တရားရုံးက ဆုံးဖြတ်သည်။ ၂၀၁၂ ခုနှစ် အတွင်းက သမ္မတနန်းတော်ဝင်းပြင်ပ၌ ဆန့်ကျင်

ဆန္ဒပြသူများကို သတ်ဖြတ်ခဲ့သည်ဟူသော စွဲချက်ဖြင့် တရားရင်ဆိုင်နေရခြင်းဖြစ်သည်။ တရားရုံးရှေ့တွင် မော်စီကို ထောက်ခံသူများက ရုံးတင်စစ်ဆေးမှုကို ကန့်ကွက်ခဲ့ကြသည်။

သမ္မတဟောင်းအား ထောက်ခံသူများကို ဖြိုခွင်းရန်လုံခြုံရေးတပ်ဖွဲ့များကို စတင်ချထားသည့် ဩဂုတ်လ ၁၄ ရက်မှစ၍ မြို့တော်ကိုင်ရှိနှင့် ဆင်ခြေဖုံးဒေသများတွင် ဖြစ်ပွားသည့်ပဋိပက္ခများတွင် လူ ၉၈၉ ဦး ကျော်သေဆုံးခဲ့သည်ဟု မှုခင်းဆေးပညာဆိုင်ရာ အစိုးရအရာရှိတစ်ဦးက နိုဝင်ဘာလ ၁၄ ရက်တွင် ပြောကြားသည်။

အီကျစ်သမ္မတဟောင်း မိုဟာမက်မော်စီကို ပြန်လွှတ်ပေးရန် တူရကီနိုင်ငံဝန်ကြီးချုပ်က တောင်းဆိုခဲ့ပြီးနောက် နိုဝင်ဘာလ ၂၃ ရက်တွင် အီကျစ်အာဏာပိုင်များက အီကျစ်နိုင်ငံဆိုင်ရာ တူရကီသံအမတ်ကို နိုင်ငံမှထွက်ခွာသွားရန်ပြောကြားခဲ့သည်။

အီကျစ်တွင် ဆန္ဒပြသူများကို နှိမ်နင်းနေသည့် အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကို သုံးလကြာမြင့်သည့်အချိန် နိုဝင်ဘာလ ၁၂ ရက်တွင် အဆုံးသတ်ရန် အီကျစ်တရားရုံးက ညွှန်ကြားသည်။ ညမထွက်ရအမိန့်နှင့်အတူ ပူးတွဲထုတ်ပြန်ခဲ့သော အရေးပေါ်အခြေအနေကြေညာမှုမှာ နိုဝင်ဘာလ ၁၄ ရက်တွင် သက်တမ်းကုန်မည်ဖြစ်သည်။

ရာပေါင်းများစွာသော အီကျစ်ဆန္ဒပြသူများက မြို့တော်ကိုင်ရှိရှိ ကာတာသံရုံးကို ဝိုင်းကာ ကာတာအလံ၊ တူရကီအလံများကို မီးရှို့ဆန္ဒပြပြီး အီကျစ်ပြည်တွင်းရေးကို ဝင်စွက်ဖက်နေကြောင်း ဟစ်အော်ကာ အယ်ကျာဇီးယားရုပ်သံလိုင်းကိုလည်း အီကျစ်နိုင်ငံမှ ထွက်သွားကြရန်တောင်းဆိုခဲ့ကြောင်း ဒီဇင်ဘာလ ၁ ရက် အယ်ကျာဇီးယားသတင်းတွင် ဖော်ပြသည်။

အီကျစ်နိုင်ငံတွင် လွတ်လပ်စွာဆန္ဒပြခွင့်ကို ပိတ်ပင်ထားပြီးဆန္ဒပြပွဲမတိုင်ခင်သုံးရက်အလိုတွင် ပြည်ထဲရေးဝန်ကြီးဌာနကို အကြောင်းကြားရမည်ဟု ထုတ်ပြန်ထားသော်လည်း ပြည်သူများက လိုက်နာခြင်းမရှိဘဲ နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြပွဲများပြုလုပ်နေကြသောကြောင့် ရဲများနှင့် ပဋိပက္ခများဖြစ်ပွားခဲ့သည်။

ဒေသအသီးသီးရှိဆန္ဒပြသမား ၈၆ ဦးကို နိုဝင်ဘာလ ၂၈ ရက်က ဖမ်းဆီးခဲ့ပြီး အီကျစ်သမ္မတဟောင်း မော်စီကို ရာထူးပြန်လည်အပ်နှင်းရေးငြိမ်းချမ်းစွာဆန္ဒပြသည့် အမျိုးသမီး ၂၁ ဦးကို တရားရုံးက ထောင်ဒဏ် ၁၁ နှစ် အထိချမှတ်ခဲ့သည်။

အီကျစ်တပ်မတော်ကို အာဏာအများအပြားပေးအပ်ထားသည့်ပုဒ်မခွဲ ၂၄၇ ခုပါဝင်သော အခြေခံဥပဒေမူကြမ်းကို အဖွဲ့ဝင် ၅၀ ပါဝင်သော အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီက စတင်မဲခွဲဆုံးဖြတ်နေကြောင်း စီအင်န်အေသတင်းတွင် နိုဝင်ဘာလ ၃၀ ရက်၌ ဖော်ပြသည်။ ကော်မတီဝင်များမှာ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့်ရဲတပ်ဖွဲ့၊ ကော့တစ်ခရစ်ယာန်ဘုရားကျောင်းစသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြစ်သည်။ ယင်းအဖွဲ့တွင် ပါဝင်သော အစွယ်လာမွစ်ကိုယ်စားလှယ်နှစ်ဦးမှာ မွတ်ဆလင်ညီနောင်များအဖွဲ့မှမဟုတ်ပေ။ ယင်းဥပဒေကြမ်းတွင် အီကျစ်တပ်မတော်ကို တိုက်ခိုက်သည့်အရပ်သားများကို စစ်တပ်တရားရုံးဖြင့်တရားစွဲပိုင်ခွင့် ရှိသည်ဟု ဖော်ပြထားသည်။ ထို့ပြင် ကာကွယ်ရေးဝန်ကြီးကို လက်နက်ကိုင်တပ်ဖွဲ့ဦးစီးကောင်စီ၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်ဖြစ်ပြီး စစ်တပ်၏ အသုံးစရိတ်ကိုလည်း အရပ်ဘက်က စစ်ဆေးစိစစ်ပိုင်ခွင့်မရှိဟု ဖော်ပြထားသည်။

ဒီဇင်ဘာလလယ်တွင် အီကျစ်တရားရုံးတစ်ရုံးက သမ္မတဟောင်းမော်စီနှင့် မွတ်ဆလင်ညီနောင်များအဖွဲ့ကို အနောက်နိုင်ငံများနှင့်ပူးပေါင်း၍ အီကျစ်နိုင်ငံကို မတည်မငြိမ်ဖြစ်စေမှု၊ အီကျစ်၏ လျှို့ဝှက်ချက်များကို အနောက်နိုင်ငံများသို့ ပေးပို့မှု၊ ဆန္ဒပြမှုများကို အကြမ်းဖက်မှုဖြစ်အောင် ဖန်တီးဆောင်ရွက်မှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

အီရန်နိုင်ငံ။ ။ **နိုင်ငံရေး** - ဇွန်လ ၁၆ ရက်က အီရန်နိုင်ငံ၏ သမ္မတသစ်ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပသည်။ သမ္မတရွေးကောက်ပွဲနှင့်တစ်ပြိုင်တည်း ဒေသန္တရကောင်စီရွေးကောက်ပွဲများကိုလည်း ပူးတွဲကျင်းပသည်။

ပြုပြင်ပြောင်းလဲရေးဝါဒီများက ထောက်ခံမဲရရှိမှု စုစုစည်းစည်းဖြစ်ပေါ်စေရန် ၎င်းတို့ကို ကိုယ်စားပြုနိုင်မည့်တစ်ဦးတည်းသော သမ္မတလောင်းကိုသာ ရွေးချယ်ခဲ့ကြသည်။ အီရန်နိုင်ငံ၌ လွန်ခဲ့သည့် လေးနှစ်က ရွေးကောက်ပွဲကျင်းပခဲ့ရာတွင် ထွက်ပေါ်ခဲ့သည့်ရလဒ်နှင့်ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်ခဲ့ပြီး ပြန်လည်မဲရေတွက်မှုများ ပြုလုပ်ခဲ့ရသည်။ ယခု သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းခြောက်ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ရွေးကောက်ပွဲကျင်းပသောအခါ အီရန်နိုင်ငံ၏ ခေါင်းဆောင်အယာတိုလာအလီခါမေနီသည် အစောဆုံးမဲပေးခဲ့ပြီး သမ္မတလောင်းများအနက် မည်သူတစ်ဦးတစ်ယောက်ကို ၎င်းအနေဖြင့် ပိုမိုနှစ်သက်သည်ဟု လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

ရွေးကောက်ပွဲတွင် ဟက်ဆန်ရိုဟာနီက စုစုပေါင်းဆန္ဒမဲအရေအတွက်၏ ၅၀ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။ ၎င်းအနိုင်ရရှိခြင်းသည် အစွန်းရောက်ဝါဒီများအပေါ် အလယ်အလတ်ဝါဒီများက အနိုင်ရရှိခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ပြုပြင်ပြောင်းလဲရေးလိုလားသူများ၏ ထောက်ခံမှုဖြင့် ဘာသာရေးခေါင်းဆောင်က မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည့်အတွက် နောက်တစ်ကြိမ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် မလိုတော့ဟုရွေးကောက်ပွဲလေ့လာသုံးသပ်သူများက ကောက်ချက်ချသည်။

လက်ဘန္ဓနိုင်ငံမြို့တော် ဘေရွတ်အခြေစိုက် အီရန်နိုင်ငံသံရုံးအနီး နိုဝင်ဘာလ ၂၀ ရက်တွင် ပြင်းထန်သော ဗုံးခွဲတိုက်ခိုက်မှုကြောင့် သံရုံးလုံခြုံရေးငါးဦးနှင့် ယဉ်ကျေးမှုဆိုင်ရာ သံရုံးအရာရှိ အီဘရာဟင်အန်ဆာရီအပါအဝင် လူပေါင်း ၂၃ ဦးသေဆုံးခဲ့ပြီး နိုးစပ်ရာအဆောက်အအုံများ၏ ရှေ့မျက်နှာစာများ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည်

အီရန်နိုင်ငံ၏
ဘာသာရေးခေါင်းဆောင်
အယာတိုလာအလီခါမေနီ

အယ်လ်ခိုင်ဒါအဖွဲ့နှင့်ပတ်သက်နေသည့်အဖွဲ့က လုပ်ဆောင်ခဲ့သည်ဟု ထုတ်ပြန်သွားကြောင်း အယ်ဂျာဇီးယားသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုကို အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့်ဆက်စပ်သော ဘာသာရေးအစွန်းရောက်အဖွဲ့အစည်းတစ်ခုက ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုသည်။ ပထမအကြိမ်ပေါက်ကွဲမှုကို မော်တော်ဆိုင်ကယ်စီး အကြမ်းဖက်သမားတစ်ဦးက ကျူးလွန်ခဲ့ခြင်းဖြစ်ကာ ၎င်းက အီရန်သံရုံးဂိတ်ပေါက်ကို အသေခံတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်ပေါက်ကွဲမှုမှာ အနီးရှိကားတစ်စီးပေါ်၌ ဖြစ်ပွားခဲ့သည်။ ယခု ဗုံးခွဲတိုက်ခိုက်မှုသည် လူသားမဆန်သော ရက်စက်ယုတ်မာသည့် ဇီယွန်ဝါဒီများ၏ လုပ်ရပ်ဖြစ်ကြောင်း အီရန်သတင်းဌာန IRNA က ရေးသားဖော်ပြထားသည်။ လက်ဘန္ဓနိုင်ငံဆိုင်ရာ အီရန်သံရုံးကို တိုက်ခိုက်

မှုသည် ၎င်းတို့နှင့်မဆိုင်ကြောင်း အစ္စရေးဘက်ကလည်း တုံ့ပြန်ထားသည်။

စီးပွားရေး - အိန္ဒိယနိုင်ငံသည် ယခုနှစ် ပထမငါးလတာကာလအတွင်း အီရန်နိုင်ငံထံမှ ရေနံဝယ်ယူတင်သွင်းမှုကို ၄၀ ရာခိုင်နှုန်းကျော် လျှော့ချလိုက်ကာ ဗင်နီဇွဲလား၊အီရတ်နှင့် အိုမန်နိုင်ငံတို့မှ ရေနံစိမ်းကို ပိုမိုဝယ်ယူတင်သွင်းလာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသည် အီရန်ထံမှ ရေနံဝယ်ယူမှုကို နှစ်အလိုက်နှိုင်းယှဉ်ချက်အရ မေလတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းလျှော့ချခဲ့သည်။

အီရန်နိုင်ငံအပေါ် အမေရိကန်နှင့်ဥရောပနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိချိန်တွင် အိန္ဒိယနိုင်ငံက ယင်းနိုင်ငံမှ ရေနံစိမ်းဝယ်ယူမှုကို လျှော့ချခြင်းဖြစ်သည်။

အီရန်သည် နျူကလီးယားစီမံကိန်းကြောင့် အမေရိကန် ဒေါ်လာဘီလီယံ ၁၇၀ ကုန်ကျခဲ့ပြီး ထိုသို့ကုန်ကျခြင်းမှာ တင်းကျပ်သည့်စီးပွားရေးပိတ်ဆို့မှုကြောင့်ဖြစ်ကြောင်း အစ္စရေးလုံခြုံရေးသတင်း အရင်းအမြစ်များမှ နိုဝင်ဘာလ ၁၂ ရက်တွင် ဖွင့်ဟခဲ့သည်။

ဒေါ်လာဘီလီယံ ၁၇၀ အနက် ဘီလီယံ ၄၀ ကို အနှစ် ၂၀ အတွင်း နျူအခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် လည်ပတ်ရေးလုပ်ငန်းစဉ်များအတွက် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း အရေးယူခံရမှုကြောင့် ရေနံတင်ပို့မှုကဏ္ဍတွင် ဒေါ်လာ ၁၀၅ ဘီလီယံနှင့် ဘဏ်လုပ်ငန်း၊ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့တွင် ဆုံးရှုံးမှု ဒေါ်လာ ၂၅ ဘီလီယံ ဆုံးရှုံးခဲ့ရသည်။ အီရန်နိုင်ငံအပေါ် ပြင်းထန်သည့်ပိတ်ဆို့အရေးယူမှုအသစ်များချမှတ်ခြင်းသည် နျူကလီးယားကိစ္စနှင့်ပတ်သက်၍ သံတမန်နည်းအရ ဆောင်ရွက်မှုအပေါ် လမ်းချော်ကာ စစ်ပွဲတစ်ခုသို့ ဦးတည်သွားနိုင်ကြောင်း အမေရိကန်အစိုးရက ၎င်း၏ လွှတ်တော်အမတ်များအား နိုဝင်ဘာလ ၁၂ ရက်က သတိပေးထားသည်။

စစ်ရေး - ၁၉၈၀-၈၈ အီရန်-အီရတ်စစ်ပွဲနှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၂၂ ရက်က ကျင်းပရာတွင် ကီလိုမီတာ ၂၀၀၀ (၁၂၅၀မိုင်) အထိ ရောက်နိုင်သော ဒုံးကျည်အစင်း ၃၀ ကို ပထမဆုံး အကြိမ်အဖြစ် ခွီတက်ပြသခဲ့သည်။ အဆိုပါ Sejil ဒုံးကျည် ၁၂ စင်းနှင့် Ghadr ဒုံးကျည် ၁၈ စင်း နှစ်မျိုးစလုံးသည် အစ္စရေးနိုင်ငံသာမက ပင်လယ်ကွေ့ဒေသရှိ အမေရိကန်စစ်အခြေစိုက်စခန်းများအထိ ရောက်ရှိနိုင်သည်ဟုဆိုသည်။

Sejil ဒုံးကျည်ကို ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် ပထမဆုံးစမ်းသပ်ခဲ့ပြီး Ghadr ဒုံးကျည်ကို ၂၀၀၉ ခုနှစ်တွင် စတင်စမ်းသပ်ခဲ့ရာ ဒုံးကျည်နှစ်မျိုးစလုံးမှာ နှစ်ဆင့်ကွဲဒုံးကျည်များဖြစ်ကြောင်း၊ ရွှေ့ပြောင်းသယ်ဆောင်လွယ်ကူပြီး လျင်မြန်စွာပစ်ခတ်နိုင်ကြောင်းသိရသည်။

အီရန်သမ္မတရုံဟာနီက လက်နက်များထုတ်ဖော်ပြသခြင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့် နှစ် ၂၀၀ အတွင်း အီရန်နိုင်ငံသည် တခြားမည်သည့်နိုင်ငံကိုမှ တိုက်ခိုက်ခဲ့ဖူးခြင်းမရှိကြောင်း၊ ရန်လိုသည့်လုပ်ဆောင်မှုများကို စတင်လုပ်ဆောင်မည်မဟုတ်သော်လည်း ရန်သူများကိုမူ အောင်ပွဲရသည်အထိ ခုခံတိုက်ခိုက်သွားမည်ဟု ပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး - အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံထုတ်မိုဘိုင်းဖုန်းများ၊ အခြားဆက်သွယ်ရေးဆိုင်ရာကိရိယာများ၊ ဆော့ဖ်ဝဲများကို အီရန်နိုင်ငံအတွင်းသို့ ဖြန့်ဖြူးရောင်းချခြင်းကို တိုးမြှင့်ပိတ်ပင်ခဲ့ကြောင်း မေလ ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံ၏ နျူကလီးယားစီမံကိန်းလုပ်ဆောင်နေမှုကိစ္စနှင့်ပတ်သက်၍ ကုန်စည်ပို့ဆောင်မှုများကို တားမြစ်ပိတ်ပင်မှုများအား လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက ချမှတ်လုပ်ဆောင်ခဲ့သော်လည်း အမေရိကန်နိုင်ငံထုတ် Apple iPhone များအီရန်သို့ တင်ပို့ဖြန့်ဖြူးနိုင်ပြီဟူသော အငြင်းပွားဖွယ်ရာကိစ္စများပေါ်ပေါက်လာခဲ့ခြင်းကြောင့် ယင်းကဲ့သို့ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိရိယာပစ္စည်းများနှင့် ဆော့ဖ်ဝဲများကို အီရန်သို့ ရောင်းချတင်သွင်းမှုကို

တိုးမြှင့်ပိတ်ပင်ရန် လုပ်ဆောင်ခြင်း ဖြစ်သည်ဟု သတင်းများက ရေးသားသည်။

အီရန်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသူ ရိုဟာနီသည် အီရန်နိုင်ငံ၏ စီးပွားရေးကို ပြုပြင်ပြောင်းလဲရန်နှင့် အနောက်နိုင်ငံများနှင့် ဖြစ်ပေါ်နေသည့်တင်းမာမှုများကို လျှော့ချသွားမည်ဟူသည့် ကတိကဝတ်များဖြင့် သဘောထားတင်းမာသည့် ပြိုင်ဘက်များကို ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ ၎င်း၏ ရပ်တည်ချက်များအပေါ် အမေရိကန်နိုင်ငံမှ ကျွမ်းကျင်သူများက ချီးဆစောင့်ကြည့်နေပြီး အီရန်နိုင်ငံ၏ ဦးသျှောင် အယာတိုလာအလီခါမေနီကသာ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ အကြွင်းမဲ့ချုပ်ကိုင်ထားခြင်းဖြစ်ကြောင်း နောက်ကွယ်တွင်သတ်မှတ်ထားကြသည်။

အီရန်နိုင်ငံတွင် ၁၉၇၉ ခုနှစ်က အစ္စလာမ္မစ်တော်လှန်ရေးတစ်ရပ်ဖြစ်ပွားခဲ့ပြီး အနောက်နိုင်ငံများကထောက်ခံသော အီရန်ဘုရင်ကို ပြုတ်ကျစေခဲ့သည်။ ထိုတော်လှန်ရေးပြီးနောက် အမေရိကန်နှင့် အီရန်တို့အကြား သံတမန်ဆက်သွယ်မှုရပ်ဆိုင်းခဲ့ရသည်။ ၎င်းနောက်ပိုင်းတွင်လည်း အီရန်-အမေရိကန်ဆက်ဆံရေးသည် နျူကလီးယားကိစ္စ၊ အစ္စရေးကိစ္စများဖြင့် ရန်ဘက်အသွင်ဆက်ဆံရေးအဖြစ် တင်းမာခဲ့သည်။

အီရန်နိုင်ငံတွင် သမ္မတရိုဟာနီတက်လာပြီးနောက် နိုင်ငံတကာနှင့်ဆက်ဆံရေးပိုမိုခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်လာခဲ့ပြီး အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခွင့်ရရှိထားသည့် မြန်မာနိုင်ငံနှင့်လည်း နှစ်နိုင်ငံသံအမတ်ခန့်အပ်ကာ သံရုံးဖွင့်လှစ်နိုင်ရေးပါ ဆောင်ရွက်လျက်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး Mr.Ali Akbar Salehi က ပြောသည်။

မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်အောင်စိုးကို ပထမဆုံးသော အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်ထားသည်။

အမေရိကန်၏စစ်ရေး တိုက်ခိုက်မှုကို ခံရဖွယ်ရှိသော ဆီးရီးယားကို အီရန်က အဆုံးစွန်ထိထောက်ပံ့ကူညီသွားမည်ဟု အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှူးက ပြောကြားလိုက်သည်။ အမေရိကန်သည် ဆီးရီးယားသမ္မတ အာဆတ်ကို ဖြုတ်ချရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက် ရှိရာ ဆီးရီးယားအပေါ် နိုင်ငံရေးအရ ဖိအားပေးခြင်း နှင့် ဆီးရီးယားအစိုးရသည် ဓာတုလက်နက်များအသုံးပြုသည်ဟူသော စွပ်စွဲခြင်းစသည့် နည်းလမ်းများကို အသုံးပြုနေခြင်းဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ပြည်ပရေးရာအထူးတပ်ဖွဲ့ဖြစ်သော Quads အဖွဲ့၏တပ်မှူး ဗိုလ်ချုပ် Qasem Soleimanim က ပြောကြားသည်။

အမေရိကန်၏ ဆီးရီးယားအစိုးရ အာဆတ်ကို ဖြုတ်ချသည့်ရည်မှန်းချက်မှာ အောင်မြင်ဖွယ်မရှိကြောင်း၊ ဆီးရီးယားကို အီရန်က အဆုံးစွန်ထိထောက်ပံ့သွားမည်ဖြစ်ကြောင်း အီရန်၏ အရေးပါသော အစ္စလာမ္မစ်ရေးရာ ပညာရှင်များ ဆွေးနွေးပွဲတွင် ၎င်းက ထပ်မံပြောကြားသည်။

အစ္စလာမ္မစ်ရေးရာ ကျွမ်းကျင်သူ ၈၆ ဦး ပါဝင်သောအဖွဲ့၏ အစည်းအဝေးတစ်ရပ်တွင် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ဆီးရီးယားအပေါ် အမေရိကန်၏ စစ်ရေးဖြင့်တိုက်ခိုက်ခြင်းကို အီရန်အနေနှင့် ကာကွယ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၄ ရက်တွင် ပြောကြားခဲ့သည်။ အီရန်သည် လွန်ခဲ့သော ရက်ပိုင်းကလည်း အမေရိကန်၏ ဆီးရီးယားအပေါ် တိုက်ခိုက်မှုများကို ကာကွယ်ရန် သံတမန်ရေးကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

အစ္စလာမ္မစ်တော်လှန်ရေးနောက်ပိုင်း ပထမဆုံး အမေရိကန်-အီရန် တိုက်ရိုက်ဆက်ဆံမှုအဖြစ် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အီရန်သမ္မတရိုဟာနီတို့သည် စက်တင်ဘာလ ၂၇ ရက်က ဖုန်းဖြင့် ပြောဆိုဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

အဆိုပါ ပြောဆိုဆွေးနွေးမှုအစီအစဉ်အတွက် အီရန်ဘက်မှ စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး အိုဘားမားက အီရန်၏နျူကလီးယားအရေးနှင့်ပတ်သက်၍ ဖြေရှင်းရန် နည်းလမ်းရှိမည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့ကာ အီရန်သမ္မတကလည်း အီရန်သည် မည်သည့်အခါမှ နျူကလီးယားလက်နက် ထုတ်လုပ်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

၁၉၇၉ ခုနှစ် နောက်ပိုင်း ပထမဆုံးတိုက်ရိုက်ဆက်ဆံမှုကြောင့် အမေရိကန်နှင့်ထိပ်တိုက်တွေ့မှုကို လျော့ပါးအောင်ပြုလုပ်မည်ဟု ရွေးကောက်ပွဲတွင် ပေးခဲ့သည့်ရိုဟာနီ၏ကတိပြုမှုအသီးအပွင့်တစ်ရပ်ဟု ဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက လန်ဒန်-တီဟီရန် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များအပေါ် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီကို တယ်လီဖုန်းဆက်ပြောဆိုခဲ့ရာ ဆယ်စုနှစ်တစ်ခုအတွင်း အီရန်သမ္မတနှင့် ပထမဆုံးအကြိမ် တယ်လီဖုန်းပြောဆိုခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဒေါင်းနင်းလမ်းရုံးက သတင်းထုတ်ပြန်သည်။

အင်္ဂလန်နှင့် အီရန်တို့၏ ဆက်ဆံရေးတိုးတက်လာမှုများ၊ ဆီးရီးယားတွင်ဖြစ်ပွားနေသော ပဋိပက္ခများနှင့် အီရန်နျူကလီးယားဆွေးနွေးပွဲများအရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သည်။

တူညီသောအခြေခံများဖြင့် ကောင်းမွန်သောဆက်ဆံရေးဖြစ်အောင် တစ်လှမ်းချင်းရှေ့ဆက်ကြရန် သဘောတူကြောင်း ဝန်ကြီးချုပ်ရုံးပြောရေးဆိုခွင့်ရအရာရှိက ပြန်လည်ထုတ်ပြန်ခဲ့သည်။

၂၀၁၁ ခုနှစ်က တီဟီရန်ရှိ ဗြိတိန်သံရုံးကို အကြမ်းဖက်ဆန္ဒပြကျူးကျော်မှုဖြစ်ခဲ့ပြီးနောက် ဗြိတိန်နှင့် အီရန်တို့ ဆက်ဆံရေးဆိုးဝါးခဲ့ရာ သံအမတ်များ အပြန်အလှန် ပြန်လည်ထားရှိရေးကိစ္စရပ်က အဓိကကျသော ခြေလှမ်းဖြစ်သည်။

ဂျီနီဗာဒုတိယအကြိမ် အီရန်နျူကလီးယားအရေး ဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၀ ရက်တွင် ပြန်လည်စတင်နေပြီဖြစ်ကာ ယင်းဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များကိုလည်း နှစ်နိုင်ငံတိုင်းပြည်ခေါင်းဆောင်များကနှိုးနှောတိုင်ပင်ခဲ့ကြသည်။

ခေါင်းဆောင်များသည် ပြီးခဲ့သော ဂျီနီဗာဆွေးနွေးပွဲ၏ သိသာသည့် တိုးတက်မှုတွေကို သဘောတူခဲ့ကြပြီး လာမည့်ဆွေးနွေးပွဲများမှ အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်နိုင်စေဖို့ ပြောဆိုခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းတယ်လီဖုန်းဆက်သွယ်စကားပြောမှုတွင် ဝန်ကြီးချုပ်ကင်မရွန်းက နိုင်ငံတကာအသိုင်းအဝိုင်းက အဓိကစိုးရိမ်လျက်ရှိသော အီရန်နျူကလီးယားအစီအစဉ် ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်ပြီး အီရန်ကတိကျသေချာစွာ လုပ်ဆောင်ပေးသင့်သည်ဟု ထောက်ပြပြောဆိုခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့ အိမ်ဖြူတော်တွင် ထိပ်တိုက်တွေ့ဆုံ၍ အီရန်အရေးဆွေးနွေးခဲ့ကြရာ အိုဘားမားက အီရန်အပေါ် အမြင်ရှင်းအောင်သေချာစောင့်ကြည့်မည်ဖြစ်ပြီး စစ်မှန်တိကျသောလက်တွေ့လုပ်ဆောင်မှုများ တောင်းဆိုသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

အစ္စရေးခေါင်းဆောင် နေတန်ယာဟုက အီရန်သည် နျူကလီးယားဗုံးလုပ်ရန်အတွက် အချိန်ဆွဲနိုင်ရန် တွေ့ဆုံညှိနှိုင်းရေးကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့ဖူးသည်။

နှစ်ပေါင်း ၃၀ အတွင်း အကြီးမားဆုံးအပြောင်းအလဲအဖြစ် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့ အိမ်ဖြူတော်တွင် ထိပ်တိုက်တွေ့ဆုံ၍ အီရန်အရေးဆွေးနွေးခဲ့ကြရာ အိုဘားမားက အီရန်အပေါ် အမြင်ရှင်းအောင်သေချာစောင့်ကြည့်မည်ဖြစ်ပြီး စစ်မှန်တိကျသောလက်တွေ့လုပ်ဆောင်မှုများ တောင်းဆိုသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

အစ္စရေးခေါင်းဆောင် နေတန်ယာဟုက အီရန်သည် နျူကလီးယားဗုံးလုပ်ရန်အတွက် အချိန်ဆွဲနိုင်ရန် တွေ့ဆုံညှိနှိုင်းရေးကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့ဖူးသည်။

နှစ်ပေါင်း ၃၀ အတွင်း အကြီးမားဆုံးအပြောင်းအလဲအဖြစ် အမေရိကန်သမ္မတဘားရက်အိုဘားမားက အီရန်သမ္မတဟတ်ဆန်ရိုဟာနီကို တယ်လီဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီးနောက် အစ္စရေးခေါင်းဆောင်နှင့် အိမ်ဖြူတော်သမ္မတရုံးခန်းတွင် တွေ့ဆုံသည့်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

မျက်မှောက်ရေးရာ - အီရန်နိုင်ငံ၏ ပထမဆုံးနျူကလီးယားစက်ရုံ (ဘူရှာ) လည်ပတ်မှု လုပ်ငန်းများကို ယခုနှစ်အချိန်တိုကာလတွင် စတင်မည်ဖြစ်ကြောင်း ရုရှားနျူကလီးယားအေဂျင်စီက မေလ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ယင်းစက်ရုံ စတင်လည်ပတ်မည့် အချိန်အတိအကျကို မိမိတို့မထုတ်ပြန်ခြင်းမှာ ယင်းစက်ရုံလုံခြုံရေးအတွက်ဖြစ်ကြောင်း ရုရှားနျူကလီးယားအေဂျင်စီအကြီးအကဲ ဆာဂျီကီရန်ကိုက ပြောကြားသည်။

ဘူရှာနျူကလီးယားစက်ရုံသည် အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်၍ အီရန်နိုင်ငံအတွက် အရေးကြီးသည်ကို မိမိတို့နားလည်သိရှိကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အီရန်နိုင်ငံက ၎င်းတို့အနေဖြင့် ပထမဆုံးသော အာကာသပတ်လမ်းအတွင်း ဥဒဟိုဖြတ်သန်းသွားလာနေသည့် အရာဝတ္ထုများ စောင့်ကြည့်လေ့လာရေး စင်တာတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဇွန်လ ၉ ရက်က ထုတ်ဖော်ပြောကြားသည်။ အဆိုပါ စင်တာအား မြို့တော် တီဟီရန်၏ တောင်ဘက် ၁၂၅ မိုင်အကွာရှိ ဒယ်လီဂျန်မြို့အနီးတွင် စတင်တည်ဆောက်နေကြောင်း ယင်းစင်တာမှနေ၍ အာကာသအတွင်းသို့ ဂြိုဟ်တုများ လွှတ်တင်ကာ သဘာဝဘေးအန္တရာယ်ကျရောက်လာနိုင်ဖွယ်ရာ အနေအထားများကို စောင့်ကြည့်လေ့လာရန်လည်း ရည်ရွယ်ထားကြောင်းသိရသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် ဆုံးဖြတ်ခွင့် အာဏာအပြည့်အဝရှိကြောင်း၊ အဆိုပါကိစ္စကို ဖြေရှင်းရန် မိမိတို့တွင် နိုင်ငံရေးအရ လုံလောက်သည့်လုပ်ကိုင်ခွင့်ရှိကြောင်း ရိုဟာနီက NBC News အင်တာဗျူးနှင့် ဖြေကြားရာတွင်ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါတွေ့ဆုံမေးမြန်းခန်းတွင် ရိုဟာနီ၏ ပြောကြားခဲ့မှုများနှင့်ပတ်သက်၍ ကျေနပ်ဝမ်းမြောက်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးချက်ဟေဂယ်က ပြောကြားခဲ့သည်။ အီရန်အစိုးရအနေနှင့် ၎င်းတို့ပြောကြားခဲ့သည့် စကားအတိုင်း မည်မျှအထိ လုပ်ဆောင်နိုင်မည်ဟူသည်ကို အနာဂတ်တွင် ဆက်၍စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်သည်ဟု ချက်ဟေဂယ်က NBS Newshour ရုပ်သံအင်တာဗျူးတွင် ထည့်သွင်းပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက် ထုတ်လုပ်ခြင်းကို မည်သည့်အခါမျှ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း သမ္မတ ဟတ်ဆန်ရိုဟာနီက စက်တင်ဘာလ ၁၈ ရက်တွင် ပြောကြားသည်။ အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်ကို အရပ်ဘက်အသုံးပြုမည့် နည်းပညာအတွက် ရှာဖွေလုပ်ဆောင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့ရာတွင် အီရန်ကို အစွေးကေက နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်ပေးမည်မဟုတ်ဘဲ အီရန် နျူကလီးယားဗုံးထုတ်လုပ်မှုကို တားဆီးရန် တစ်နိုင်ငံတည်းအနေဖြင့်လည်း ဆောင်ရွက်ရန်အသင့်ရှိကြောင်း အစွေးရေး ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုကကုလသမဂ္ဂအထွေထွေညီလာခံ၌ အောက်တိုဘာလ ၁ ရက်က ပြောကြားသည်။

ကုလသမဂ္ဂတွင် အီရန်၏ အငြင်းပွားနျူကလီးယားအစီအစဉ်ကို ဆွေးနွေးရန်ဆန္ဒရှိကြောင်း အချက်ပြသည့် ရိုဟာနီ၏ ပြောကြားချက်ကို နေတန်ယာဟုက ပြန်လည်ချေပခဲ့ခြင်းဖြစ်သည်။ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီအား 'သိုးရေခြုံထားသောဝံပုလွေ'ဟု သမုတ်ခဲ့ပြီး အနောက်နိုင်ငံများနှင့် ဆက်ဆံရေးပြေပြစ်ရန် အီရန်၏ ကြိုးပမ်းချက်များကို ကဖျက်ယဖျက်လုပ်သူအဖြစ် နေတန်ယာဟုက



အီရန်နိုင်ငံ နယ်နိမိတ်ပြမြေပုံ

ပြောကြားခဲ့သည်။ ရိုဟာနီသည် ဇွန်လတွင် သမ္မတဖြစ်လာပြီးကတည်းက နျူကလီးယားအစီအစဉ်ကို ရပ်တန့်ရန် လုပ်ဆောင်ခြင်းမရှိဘဲ 'အစိုးရသစ္စာရှိအမှုထမ်းတစ်ဦး' ဖြစ်သည်ဟု နေတန်ယာဟုက ဝေဖန်ခဲ့သည်။

အဏုမြူဗုံးတီထွင်ရန်အတွက် လိုအပ်သောယူရေနီယံသန့်စင်မှု ၉၀ ရာခိုင်နှုန်းအဆင့်အထိ အီရန်၏ ယူရေနီယံသန့်စင်မှုအဆင့်မရောက်ရှိရန် ယမန်နှစ်အထွေထွေညီလာခံတွင် နေတန်ယာဟုက တားမြစ်စည်းတစ်ခုရေးဆွဲခဲ့သည်။

ယင်းမျဉ်းကို မကျော်ရန် အီရန်က အလွန်ဂရုပြုလာကြောင်း၊ သို့သော်တစ်ချိန်ချိန်တွင် ကျော်လွန်ရန် ပြင်ဆင်နေကြောင်း နေတန်ယာဟုက အောက်တိုဘာလ ၁ ရက်တွင် ပြောကြားခဲ့သည်။ အီရန်သည်

ယူရေနီယံကို ၂၀ ရာခိုင်နှုန်းအဆင့်ထိ ဆက်လက်သန့်စင်နေကြောင်း၊ နျူကလီးယားထိပ်ဖူးတပ်နိုင်မည့် တိုက်ချင်းပစ်ဒုံးကျည်များ တီထွင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။ ယင်းဒုံးကျည်များသည် နယူးယောက်သို့ သုံးလေးနာရီအတွင်းရောက်ရှိအောင် ပစ်ခတ်နိုင်မည်ဖြစ်ကြောင်း အမေရိကန်က ဆိုထားသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသောကုလသမဂ္ဂဆိုင်ရာ နျူကလီးယားဆွေးနွေးပွဲတစ်ရပ်တွင် အီရန်နိုင်ငံက အဆိုပြုချက်များကို တင်သွင်းခဲ့သည်။ အီရန်နိုင်ငံနှင့် အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့အကြား ဆွေးနွေးပွဲကို အောက်တိုဘာလ ၁၅ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့သည်။ နှစ်ရက်ကြာကျင်းပခဲ့သော တံခါးပိတ်ဆွေးနွေးပွဲတွင် နှစ်ဖက်သဘောတူညီချက်တစ်ရပ်ရရှိရန် ဆွေးနွေးခဲ့ကြသည်။

မိမိတို့နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် စိတ်ဝင်စားမှုမရှိကြောင်း၊ မိမိတို့အနေဖြင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်သင့်ကြောင်း အီရန်စေ့စပ်ဆွေးနွေးရေးမှူး အဘတ်စ်အဂရာချီကပြောကြားသည်။

ဟစ်ဇ်တိုလာအကြီးအကဲ ဟက်ဆန်နာဇရူလာက မဟာမိတ် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောတူညီချက် ရယူနိုင်ခြင်းမရှိပါက ဒေသတွင်းတွင် စစ်ဖြစ်ပွားနိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၁၃ ရက်က သတိပေးလိုက်သည်။ နာဇရူလာသည် ၎င်းတို့၏ ရန်သူဖြစ်သော အစ္စရေးတို့၏ လုပ်ကြံခံရမည်စိုးသောကြောင့် ပုံမှန်အတိုင်းဆိုလျှင် လူကိုယ်တိုင်ထွက်ပြခြင်းမရှိဘဲ ဗီဒီယိုမှတစ်ဆင့်သာ စကားပြောကြားလေ့ရှိသည်။ သို့သော် သူသည် ဘေရွတ်မြို့တောင်ပိုင်းရှိ ဟစ်ဇ်တိုလာတို့၏ ခံတပ်မှနေ၍ ရှိုယိုက်မွတ်ဆလင်တို့၏ အာရှုရာအားလပ်ရက် အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်းက ပြုလုပ်ခဲ့သော ဂျီနီဗာဆွေးနွေးပွဲတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား သဘောတူညီချက်တစ်ရပ်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ပျက်သွားခဲ့ရသည်။ ယင်း သဘောတူညီချက်မှာ အီရန်နိုင်ငံက ၎င်း၏ အငြင်းပွားဖယ် နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားပေးပြီး အနောက်နိုင်ငံများကလည်း အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန်ဖြစ်သည်။

နယူးယောက်တွင် ကျင်းပသည့်ကုလသမဂ္ဂနှစ်ပတ်လည်အထွေထွေညီလာခံတွင်လည်း ရိုဟာနီက အီရန်နျူကလီးယားစီမံကိန်းသည် ငြိမ်းချမ်းမှုကိုဦးတည်သောစီမံကိန်းဖြစ်ကြောင်း ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး အချိန်သတ်မှတ်မှုနှင့်ရလဒ်ဦးတည်သောဆွေးနွေးပွဲများကျင်းပရန် အသင့်ရှိသည်ဟုဆိုသည်။

အီရန်နှင့်ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) တို့အကြား နျူကလီးယား စုံစမ်းစစ်ဆေးမှုအစီအစဉ်တစ်ရပ်ကို နိုဝင်ဘာလ ၁၁ ရက်က သဘောတူညီမှုရရှိသည်။

အဆိုပါသဘောတူညီချက်အရ အီရန်သည် ဓာတ်ပေါင်းဖို သစ်အားလုံးနှင့် ပတ်သက်သော အချက်အလက်များကို သုံးလအတွင်း ပေးပို့ရမည်ဖြစ်ကာ နျူဓာတ်အားပေးစက်ရုံတည်ဆောက်ရန်လျာထားသည့်နေရာများနှင့် ယူရေနီယံသန့်စင်မည့်နေရာများကိုပါ ဖော်ပြရမည်ဖြစ်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအကြီးအကဲအလီအက်ဘာဆာလေဟီက IAEA ၏ စုံစမ်းစစ်ဆေးရေးမှူးများအား အာရက်ဒေသ၌ တည်ဆောက်နေသည့် ဓာတ်ပေါင်းဖိုကို စစ်ဆေးရန် ခွင့်ပြုမည်ဖြစ်ပြီး ယင်းသို့စစ်ဆေးခွင့်ပြုခြင်းမှာ အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်အပေါ် ပိတ်ဆို့အရေးယူထားမှုများ ဖယ်ရှားပေးသင့်ကြောင်း၊ လိုအပ်ပါက ပိုမိုတင်းကျပ်စွာ အရေးယူသင့်ကြောင်း အစ္စရေးဝန်ကြီးချုပ်က သတိပေးခဲ့ပြီး အီရန်နှင့် ထိပ်တိုက်တွေ့ဆုံညှိနှိုင်းခြင်းများမှ ထွက်ပေါ်လာသောရလဒ်များတွင် အစ္စရေးကလက်ခံမည့်ဟစ်ခုတည်းသောရလဒ်မှာ နျူကလီးယားလက်နက်တုတ်မည့်အစီအစဉ်ကို လုံးဝရပ်ဆိုင်းရေးဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

အမေရိကန်သမ္မတက အီရန်နှင့် သံတမန်ခင်းအရ တွေ့ဆုံအဖြေရှာသည်မှလွဲ၍ ရွေးချယ်စရာမရှိကြောင်း နေတန်ယာဟုကို ပြန်လည်ပြောကြားခဲ့သည်။

ညှိနှိုင်းဆွေးနွေးမှုများလုပ်ဆောင် နေချိန်အတွင်း အီရန်က နျူကလီးယားအစီအစဉ်ကို ဆက်လက်လုပ်ဆောင်ပါက စီးပွားရေးပိတ်ဆို့ထားခြင်းကို ပိုမိုတိုးမြှင့်သင့်ကြောင်းလည်း ၎င်းက တိုက်တွန်းထားသည်။

အီရန်သည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ပြုလုပ်နေခြင်းမဟုတ်ကြောင်း သေချာအောင်ချပြဆွေးနွေးနိုင်ပါက အရပ်သားများ အသုံးပြုနိုင်မည့် လျှပ်စစ်စွမ်းအားအတွက် နျူကလီးယားသန့်စင်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားခဲ့သည်။

ပခုက္ကူစာပေဆုနှင့်ပညာရည်ချွန်ဆု။ ။ ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆုခီးမြှင့်ပွဲအခမ်းအနားကို မေလ ၄ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည် တက်ရောက်အမှာစကားပြောကြားသည်။

၂၀၁၂ ခုနှစ်အတွက် ပခုက္ကူတစ်သက်တာစာပေဆုကို စာရေးဆရာကြီး ဦးဘသန်း(ဦးဘသန်း-မဟာဝိဇ္ဇာ)ကရရှိသည်။ ကဗျာပေါင်းချုပ် ဒုတိယဆုကို "ချိုးငှက်ပျံပျံကူသံချို" ကဗျာဖြင့် မြေလတ်မင်းလွင်၊ တတိယဆုကို "တို့မြေရေတို့ချစ်သည်နှင့်အခြားကဗျာများ" ဖြင့် မောင်စောထွန်း (ကျောင်းကုန်း)၊ ဝတ္ထုရှည် တတိယဆုကို "မနက်ဖြန်ပေါင်းများစွာသို့တိုင်" ဝတ္ထုဖြင့် တင့်ထွန်း (ချောက်)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို "ဓူဝံကြယ်လား လက်ဖဝါးထဲမှာ ရသဝတ္ထုတိုများ" ဝတ္ထုဖြင့် မောင်ခြိမ့်၊ ဒုတိယဆုကို "ဆောင်းပေါင်မိုးအမှတ်တရ ဝတ္ထုတိုများ" ဝတ္ထုဖြင့် သွဲ့ထားညို(သင်္ကာလ)၊ တတိယဆုကို "သူငွေးဝတ္ထုတိုပေါင်းချုပ်" ဖြင့် ရန်ကုန်ငွေးဇော်၊ ကျမ်းစာပေ ဒုတိယဆုကို "မြန်မာ့ဆင်ဖြူတော်" စာမူဖြင့် မောင်မောင်ချစ်ဦး(မုံရွာ)၊ တတိယဆုကို "အနုသုခုမ သမိုင်းစဉ်မှ မြန်မာ့ဂိတတီးဝိုင်းများ" စာမူဖြင့် ဇင်မင်း (သမိန်ထော)၊ သုတေသနစာပေ ပထမဆုကို "မြတ်နိုးဖွယ်ရာတောင်ဦးသဲကျောက် အနုပညာ" စာမူဖြင့် မောင်မောင်နန်းနွယ်၊ ဒုတိယဆုကို "ခေတ်သမိုင်း အခြေပြုဗုဒ္ဓဆင်းတုတော်များ" စာမူဖြင့် ဦးသန်းထွန်း (မော်လမြိုင်)၊ တတိယဆုကို "ရွှံ့မီးဖုတ်အုတ်အလှ ပန်းအလက်ာ" စာမူဖြင့် မောင်ယဉ်လှိုင်း(ပျဉ်းမြို့)၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုကို "ဘူးထဲကရေ" စာမူဖြင့် သျှီ(အင်ကြင်း)တို့က ဆွတ်ခူးရရှိကြသည်။

ဆက်လက်၍ ပခုက္ကူပညာရည်ချွန်ဆုရရှိသူများကိုလည်း ဆုများခီးမြှင့်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပညာသင်ဆုကို မောင်မင်းသူနိုင်နှင့် မောင်မင်းဦးတို့က ရရှိသည်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာရပ်အလိုက် ထူးချွန်ဆုများဖြစ်သည့် မြန်မာစာဘာသာရပ် ပထမဆုကို မောင်ဇော်ဝေယံလွင်၊ ဒုတိယဆုကို မောင်မင်းရှင်းသန့်၊ တတိယဆုကို မဥမွာမြင့်၊ အင်္ဂလိပ်စာဘာသာရပ် ပထမဆုကို မောင်သော်စစ်နိုင်၊ ဒုတိယဆုကို မောင်ဖြိုးမောင်ဝင်း၊ တတိယဆုကို မခင်ချမ်းမြေ့၊ သခ်ၤာဘာသာရပ် ပထမဆုကို မရှင်းသန့်ကြည်၊ ဒုတိယဆုကို မောင်မျိုးမင်းခန့်၊ တတိယဆုကို မောင်ရဲဝင်းအောင်၊ ဓာတုဗေဒဘာသာရပ် ပထမဆုကို မောင်သော်စစ်နိုင်၊ရူပဗေဒဘာသာရပ် ပထမဆုကို မအေးချယ်ရီအောင်၊ ဇီဝဗေဒဘာသာရပ် ပထမဆုကို မောင်သော်စစ်နိုင်၊ ပထဝီဝင်ဘာသာရပ် ပထမဆုကို မနန့်ပြည့်ဖြိုး၀ေ၊ သမိုင်းဘာသာရပ် ပထမဆုကို မဝေဝေလင်းနှင့်ဘောဂဗေဒဘာသာရပ် ပထမဆုကို မောင်အောင်ကျော်စွာတို့က ရရှိကြသည်။

မြန်မာစာထူးချွန်ဆုကို ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများဖြစ်သည့် မမေမြတ်နိုးဦး၊ မဇာနှင်းဦး၊ မနန်းနွယ်နေနည်နော်နှင့် မဝေဝေဖြိုးတို့က ရရှိကြသည်။

ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ (၂၀၁၃)။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့်ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းသည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်၊ အဂ္ဂမဟာသိရိ သုဓမ္မသိဏီ ဘွဲ့တံဆိပ်၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်၊ သီဟသုဓမ္မသိဏီဘွဲ့တံဆိပ်၊ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်၊ သုဓမ္မသိဏီဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ပြည်တွင်းပြည်ပဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏ အမည်နှင့် ဘွဲ့အမည်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၄ ရက် (၆၅ နှစ်မြောက် လွတ်လပ်ရေးနေ့) တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ဖြင့် ထုတ်ပြန်ကြေညာသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ပြည်တွင်းပြည်ပ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးလေးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၁ ပါး၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှ တစ်ပါးစီ စုစုပေါင်း ၁၅ ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၃ ပါးနှင့်သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း ၁၅ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ၁၀ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း ၁၁ ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ် တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၆ ပါး၊ သီလရှင်ဆရာကြီးနှစ်ပါးနှင့် နီပေါနိုင်ငံမှ သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ၁၉ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးငါးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၁ ပါး၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှ တစ်ပါးစီ စုစုပေါင်း ၁၆ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ကိုးပါး၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့မှတစ်ပါးစီ စုစုပေါင်း ၁၅ ပါးနှင့် မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်တစ်ဦး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၂၅ ပါး၊ ကိုရီးယားသမ္မတနိုင်ငံ၊ နီပေါနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှတစ်ပါးစီ စုစုပေါင်း

၂၈ ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး၊ မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်သုံးဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူပုဂ္ဂိုလ်တစ်ဦး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ တွင် မြန်မာနိုင်ငံမှ ငါးပါး၊ ပြင်သစ်နိုင်ငံမှတစ်ပါး စုစုပေါင်း ခြောက်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ လေးပါး၊ စင်ကာပူနိုင်ငံမှ တစ်ပါး စုစုပေါင်း ငါးပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ တွင် မြန်မာနိုင်ငံမှ လေးပါး၊ ထိုင်းနိုင်ငံနှင့် အီတလီ နိုင်ငံတို့မှ တစ်ပါးစီ စုစုပေါင်း ခြောက်ပါး၊ အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော အင်ဒိုနီးရှားနိုင်ငံမှ လူပုဂ္ဂိုလ်တစ်ဦး၊ အဂ္ဂမဟာသိရီသုဓမ္မသိဏီဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ သီဟသုဓမ္မသိဏီဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ရှစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၁ ဦး၊ သုဓမ္မသိဏီဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၆ ဦး စုစုပေါင်း ပြည်တွင်းပြည်ပ ဆရာတော်ကြီး ၁၄၃ ပါး၊ ပြည်တွင်းပြည်ပသီလရှင်ဆရာကြီး ရှစ်ပါးနှင့် ပြည်တွင်းပြည်ပလူပုဂ္ဂိုလ် ၄၉ ဦးတို့ပါဝင်သည်။

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၁၃) ။ ။နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆောင်ရွက်ချက်များ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ၁၉၈၀ ပြည့်နှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ ၅ နှစ်သက်တမ်း ၄ ကြိမ်၊ ၆ နှစ်သက်တမ်း ၂ ကြိမ်ကျော်လွန်ခဲ့ပြီး ၃၃ နှစ်တာကာလသို့ရောက်ရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော်သန့်ရှင်းရေး (ဝိနိစ္ဆယရေးရာ) အတွက် နိုင်ငံတော်သီးခြားဝိနိစ္ဆယအဖွဲ့များဖွဲ့စည်းခြင်း၊ ဝိဝါဒအဓိကရဏ်းမှုခင်းများကို မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်သံဃဝိနိစ္ဆယအဖွဲ့နှင့် မပြီးပြတ်၍နိုင်ငံတော် ဝိနိစ္ဆယအဖွဲ့ဖြင့်ဆုံးဖြတ်ပေးခြင်း၊ ပြည်နယ်/တိုင်း ဒေသကြီးများမှမဆုံးဖြတ်နိုင်၍ လမ်းညွှန်မှုတောင်းခံလာသည့် မှုခင်းများကိုဆုံးဖြတ်ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ထူးခြားမှုအဖြစ် (၉၆၉) သာသနပါလက ဂဏဝါစကနှင့် သံဃာ့ကွန်ရက်အဖွဲ့အစည်းများဆောင်ရွက်နေမှုကိုဩဝါဒပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ လမ်းညွှန်မှုတောင်းခံလာခဲ့ရာ ဇူလိုင်လ ၁၅ ရက်တွင်ကျင်းပသော သတ္တမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေးက ဖွဲ့စည်းခွင့်မရှိကြောင်း ဆုံးဖြတ်ပေးတော်မူခဲ့သည်။ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် ၄၊ ၅၊ ၈ အရ လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ အခန်း (၂) အပိုဒ် ၃၊ ၅၊ အခန်း (၃) အပိုဒ် ၈၊ ၉ နှင့် ညွှန်ကြားလွှာ (၈၁) တို့အရ လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃနာယကအဖွဲ့တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်၌ သီတင်းသုံးနေထိုင်ကြရမည်ဖြစ်၍ ဖွဲ့စည်းခွင့်မရှိကြောင်းဆုံးဖြတ်တော်မူခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ကြီးနှင့်အဖွဲ့ဝင် ဆရာတော်ကြီးများသည် ယခုနှစ်အတွင်းပြည်ပသာသနာပြုခရီးကြွရောက်တော်မူခဲ့ရာ သီရိလင်္ကာနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ထိုင်ဝမ်၊ ကမ္ဘောဒီးယားနှင့်တရုတ်နိုင်ငံသို့ ကြွရောက် သာသနာပြုတော်မူသည်။ ပြည်ပသာသနာပြုဆောင်ရွက်ရာတွင် ထူးခြားချက်အဖြစ် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ နှစ်ပေါင်း ၄၅၀ ကျော်ရှိပြီဖြစ်သည့် ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတော်ကြီးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိ၍ သြဂုတ်လ ၂၀ ရက်တွင် မြန်မာဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် အသစ်တင်မြှောက်နိုင်ခဲ့သည်။ ယင်းကျောင်းတော်တွင် ၁၉၄၆ ခုနှစ်မှစ၍ သီတင်းသုံးလျက်ရှိသော မြန်မာဆရာတော်

ဘဒ္ဒန္တအာသဘမထေရ်သည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ပျံလွန်တော်မူခဲ့ရာ ထိုင်းနိုင်ငံ သာသနာရေးဌာနနှင့် ထိုင်းသံဃာဇာတို့က ထိုင်းနိုင်ငံတည်ဆဲ ဥပဒေအရ မြန်မာကျောင်းကိုသိမ်းပိုက်ကာ ထိုင်းဆရာတော်တစ်ပါးက အုပ်ချုပ်မည်ဖြစ်ရာ ထိုင်းနိုင်ငံရှိ မြန်မာဒါယကာများနှင့် မြန်မာသံဃာတော်များက ကန့်ကွက်ခဲ့ပြီး ဆရာတော်၏ စျာပနအခမ်းအနားကို မပြုလုပ်နိုင်ဘဲ တစ်နှစ်ကျော်ကြာ ဆိုင်းငံ့နေခဲ့ရသည်။ မြန်မာသံဃာနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့၏ ကြိုးပမ်းချက်အရ ထိုင်းနိုင်ငံအစိုးရနှင့် သဘောတူညီချက်ရရှိခဲ့ပြီး မတ်လ ၁၀ ရက်တွင် ဆရာတော် ဘဒ္ဒန္တအာသဘ၏ ဥတုဇရုပ်ကလာပ်တော် အန္တိမ စျာပနပွဲကို ခမ်းနားစွာကျင်းပနိုင်ခဲ့ပြီး ဩဂုတ်လ ၂၀ ရက်တွင် မြန်မာကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကို ဝပ်ဆိုင်းမွန်း မြန်မာဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော်အဖြစ် တင်မြှောက်နိုင်ခဲ့၍ ဗုဒ္ဓသာသနာပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခဲ့သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ

- နိုင်ငံတော်သံဃမဟာနာယက ဦးဆောင်မှုဖြင့် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၆၅) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၃၃ ရက်ကြာကျင်းပခဲ့ရာ 'တိပိဋကဓရ' ပိဋကတ်သုံးပုံအာဂုံဆောင် သာသနာ့အာဇာနည်အရှင်ဝိစိတ္တာလင်္ကာရ (သက်တော် ၃၄ နှစ်၊ သိက္ခာတော် ၁၄ ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်) ပေါ်ထွန်းလာခဲ့သည်။ ဆရာတော်သည် အာဘိဓမ္မိကဘွဲ့နှင့်တိပိဋကဓရဘွဲ့များကို ရရှိတော်မူသဖြင့် အရိုးနီကနက္ကဒဇ်ထီးဖြူသုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည်။ ဆရာတော်သည် တိပိဋကကောဝိဒဘွဲ့ရရှိရန်သဘော ရေးဖြေစာမေးပွဲကို ဆက်လက်ဖြေဆိုရမည်ဖြစ်သည်။ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ပွဲအောင်မြင်မှုအခြေအနေမှာအောက်ပါအတိုင်း ဖြစ်သည်-

အတန်း	စာရင်းသွင်း	ဖြေဆို	အောင်မြင်
အာဂုံပြန်	၂၁၀	၁၅၂	၆၆
သဘောရေးဖြေ	၁၆၁	၁၄၂	၁၅
စုစုပေါင်း	၃၇၁	၂၉၄	၈၁

ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ

သာသနာရေးဦးစီးဌာနက ၂၀၁၃ ခုနှစ်တွင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

စာရင်းသွင်းသံဃာ	၂၉၄၃၀	ပါး
ဖြေဆိုသံဃာ	၂၂၅၄၃	ပါး
ကျမ်းရင်းသုံးကျမ်းအောင်သံဃာ	၅၂၆	ပါး
ကျမ်းရင်းနှစ်ကျမ်းအောင်သံဃာ	၉၉၉	ပါး
ကျမ်းရင်းတစ်ကျမ်းအောင်သံဃာ	၁၅၃၇	ပါး
မြန်မာဂုဏ်ထူးအောင်သံဃာ	၇	ပါး
အောင်မြင်သူသံဃာပေါင်း	၃၀၆၉	ပါး
အောင်မြင်မှုသံဃာ ရာခိုင်နှုန်း	၁၃. ၆၁	ရာခိုင်နှုန်း

ဓမ္မာစရိယတန်း၌ တစ်ပြည်လုံးပထမ (အဂ္ဂမဟာအကျော်ဘွဲ့) ရရှိသူမှာ အရှင်ဓမ္မဓဇ၊ အလိုတော်ပြည့် ဓမ္မာစရိယ ကျောင်းတိုက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဖြစ်သည်။

ပါဠိပထမပြန်စာမေးပွဲပထမကြီးတန်း၌ တစ်ပြည်လုံးပထမ (ပထမကျော်ဘွဲ့ရရှိသူမှာ) အရှင်တေဇောဒယာလင်္ကာရ မြစကြာကျောင်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်သည်။

(၂၁) ကြိမ်မြောက် နိကာယ်စာမေးပွဲ

သာသနာရေးဦးစီးဌာနက (၂၁) ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်မှစ၍ ငါးရက်တိုင်တိုင်ကျင်းပခဲ့ရာ ဖြေဆို အောင်မြင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

စာဖြေဌာနပေါင်း	၆၉ ဌာန
စာရင်းသွင်းသံဃာ	၃၀၈၄၀ ပါး

ဖြေဆိုသံယာ	၁၃၆၃၂	ပါး
အောင်မြင်သံယာ	၁၉၇၀	ပါး

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

သာသနာရေးဦးစီးဌာနက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်မြင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

အတန်း	စာဖြေဌာန	စာရင်းသွင်း	ဖြေဆို	အောင်မြင်
အဘိဓမ္မာ	၁၄၁	၂၀၅၉၆	၁၃၆၀၀	၈၀၈၅
ဂုဏ်ထူးဆောင်	၉၀	၄၀၇၂	၂၉၃၇	၂၄၆၅
ဝိသုဒ္ဓိမဂ်	၇၉	၂၆၂၆	၁၈၈၉	၁၄၅၆

အဘိဓမ္မာစာမေးပွဲ၌ တစ်နိုင်ငံလုံး ပထမမှာ မစန္ဒာထွေး၊ ကလေးစာဖြေဌာန၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်သည်။ အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ၌ တစ်နိုင်ငံလုံးပထမမှာ မစိမ်းမို့မို့၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖြစ်သည်။ ဝိသုဒ္ဓိမဂ်စာမေးပွဲ၌ တစ်နိုင်ငံလုံး ပထမမှာ မမိသီတာမွန်၊ ပြင်ဦးလွင်စာဖြေဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီးဖြစ်သည်။

နယ်စပ်ဒေသသာသနာပြုလုပ်ငန်းများ

နယ်စပ်ဒေသနှင့် တောင်တန်းဒေသများ ဗုဒ္ဓသာသနာပြန့်ပွားရေး သာသနာပြုဌာနများ ဖွင့်လှစ်၍ဆောင်ရွက်ခဲ့ရာ သာသနာပြုလုပ်ငန်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

သာသနာပြုဌာနပေါင်း	၅၄၉	ဌာန
သာသနာပြုရဟန်းတော်ပေါင်း	၅၇၂	ပါး
သာသနာပြုသီလရှင်ပေါင်း	၄၁	ပါး
သာသနာပြုလူပုဂ္ဂိုလ်ပေါင်း	ကျား ၃၅၂	ဦး
	မ ၁၅၈	ဦး

ဘုန်းတော်ကြီးသင်နှင့် သီလရှင်ပညာရေးကျောင်းများ ဆောင်ရွက်မှု

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (၈ဟို) ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘုန်းတော်ကြီးနှင့် သီလရှင်ပညာရေးကျောင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ဖွင့်လှစ်လျက်ရှိရာ ယခုနှစ်တွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ထားရှိနိုင်ခဲ့သည်-

မြို့နယ်ပေါင်း	၂၅၉	မြို့နယ်
မူလတန်းကျောင်း	၁၁၀၄	ကျောင်း
မူလတန်းလွန်ကျောင်း	၃၃၄	ကျောင်း
အလယ်တန်းကျောင်း	၁၁၂	ကျောင်း
အထက်တန်းကျောင်း	၂	ကျောင်း
စုစုပေါင်း	၁၅၅၂	ကျောင်း

နိုင်ငံတော်အစိုးရ၏ သာသနာရေးအားပေးဆောင်ရွက်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို မတ်လ ၂၆ ရက်တွင် နေပြည်တော်ဥပဝါတသန္တိစေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးတို့က ဘွဲ့တံဆိပ်တော်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းခြီးမြှင့်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့သည်။

မေလ ၁၂ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် ပန်ဆေးဒေသနှင့် ကချင်ပြည်နယ် မန်စီမြို့နယ်၊ မန်ဝိန်းကြီးဒေသတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ခိုလုံလီရှောတိုင်းရင်းသားတစ်သောင်းငါးထောင်တို့ကို ဗုဒ္ဓဘာသာအဆုံးအမခံယူပွဲနှင့် ရှင်သာမဏေ ၁၂၈ ပါးအား သာသနာ့ဘောင်သို့ သွတ်သွင်းခီးမြှောက်ပွဲကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးစီးအောင်မြတ်နှင့်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းတာဝန်ရှိသူများတက်ရောက်၍ သာသနာတော်ပြန့်ပွားရေးဆောင်ရွက်သည်။

မေလ ၂၂ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ကုလသမဂ္ဂအဖွဲ့ရုံး၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ (ကဆုန်လပြည့်) အထိမ်းအမှတ် အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားသည်။

မေလ ၂၄ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် နေပြည်တော် ဥဒယရံသီကုန်း ရင်ပြင်တော်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာမင်္ဂလာ စေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မြသပိတ်ရွှေကြာသင်္ကန်းကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို တက်ရောက် ကြည်ညိုပူဇော်ခဲ့သည်။

ဇွန်လ ၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ လှူဒါန်းသည့် စွယ်တော်ပွားသုံးဆူနှင့် ရတနာစီခြယ် ရွှေကျောင်းဆောင် သုံးဆောင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြယ်ဂေါင်မြို့၌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ မောင်မောင်ဌေးနှင့်အဖွဲ့က လွှဲပြောင်းလက်ခံရယူ၍ မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခဲ့ရာ မန္တလေးမြို့ အိမ်ရှေ့မင်းပြတိုက်တွင်တစ်ဆူ၊ နေပြည်တော် ဥပဟာတသန္တိစေတီတော်တွင် တစ်ဆူနှင့် ရန်ကုန်မြို့ရွှေတိဂုံစေတီတော်တွင်တစ်ဆူ အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန် ပူဇော်ထားရှိခဲ့သည်။

ဩဂုတ်လ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်၊ အင်းဝခေတ်တနင်္္ဂနွေမင်းတည်ထားကိုးကွယ်ခဲ့သည့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို တက်ရောက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်သည်။

မြန်မာနိုင်ငံတွင် ၈၉ ဒသမ ၃၇ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းပေါင်း ၆၃၅၆၇ ကျောင်းရှိသဖြင့် ကျောင်းတစ်ကျောင်းလျှင် ၈၄၉ ဦးနှုန်း ကိုးကွယ်လျက်ရှိသည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုသမ္မတ။ ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ်အတွင်းထင်ရှားသော တိုင်းကျိုးပြည်ပြု အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းများ

လှည်းတန်းခုံးကျော်တံတား - ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏စီစဉ်မှုဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သော လှည်းတန်းခုံးကျော်တံတားကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဖွင့်လှစ်သည်။ ၎င်းတံတားတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ကျင်းပခဲ့ပြီး ပင်မတံတားတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။

တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၂၅၀၇ ပေဖြစ်သည်။ အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အမျိုးအစားဖြစ်ကာ တံတားအပေါ်ထည်တွင် သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊လက်ရန်းများဖြင့် တည်ဆောက်ထားသည်။ တံတားအကျယ်မှာ ပေ ၅၀၊ ရှစ်လက်မနှင့် လေးလမ်းသွားဖြစ်ပြီး ယာဉ်သွားလမ်း ၄၄ ပေ၊ ရှစ်လက်မ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ တံတားအောက်ကင်းလွတ်အမြင့် ၁၈ ပေဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် စုစုပေါင်းမှာ ၉၈ ပေ ရှစ်လက်မ ဖြစ်သည်။

ဧရာဝတီတံတား (မလွန်) - မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်တိုးပင်ကျေးရွာအနီး မိကျောင်းရဲဘက်ကမ်းနှင့်မလွန်ဘက်ကမ်းတို့ကို ဆက်သွယ်တည်ဆောက်ခဲ့သော ဧရာဝတီတံတား (မလွန်) ကို ၂၀၁၃ ခုနှစ်၊ မေလ ၁၁ ရက်တွင် ဖွင့်လှစ်သည်။ ယင်းတံတား၏ သံမဏိသံဘောင်ပင်မတံတားအရှည်မှာ ၃၂၁၅ ပေ၊ ချဉ်းကပ်တံတားအပါအဝင် ရထားလမ်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေဝန်ကြီးချုပ်တို့ အော်စလိုမြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်

၇၁၅၄ ပေနှင့် ကားလမ်းအရှည်ပေါင်း ၅၈၃၉ ပေ ဖြစ်သည်။ ယင်း တံတားတွင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ၊ ရထားလမ်း အကျယ် ၁၄ ပေပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၃၂၀ နှင့် အမြင့် ၅၇ ပေ ဖြစ်သည်။ ထူးခြားချက်မှာ အသုံးပြုခဲ့သည့် သံမဏိသံဘောင်များသည် ပြည်ပမှ ဝယ်ယူခြင်းမဟုတ်ဘဲ ပြည်တွင်းရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင်စက်ရုံမှ အတတ်ပညာရှင်များဖြင့် ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး တံတားတစ်စင်းလုံးကို ပြည်တွင်းထုတ်ပစ္စည်းများဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတော်သမ္မတခရီးစဉ် - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် နော်ဝေနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် အီတလီနိုင်ငံတို့သို့ ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၈ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတသည် ဖေဖော်ဝါရီလ ၂၆ ရက်တွင် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ အစိုးရဧည့်ဝေဟာင်၌ နော်ဝေနိုင်ငံဝန်ကြီးချုပ် H.E.Mr.Jens Stoltenberg နှင့် တွေ့ဆုံဆွေးနွေးရာ ဥရောပခရီးစဉ်တွင် နော်ဝေနိုင်ငံသို့ ပထမဆုံးလာရောက်ခြင်းမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ချိန်၌ နော်ဝေနိုင်ငံရှိ ပြည်သူများနှင့်အစိုးရတို့၏ ကူညီပံ့ပိုးခဲ့မှုများကို မိမိတို့အစိုးရနှင့်ပြည်သူများက အသိအမှတ်ပြုကျေးဇူးတင်သည့်အနေဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ယမန်နှစ်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် နော်ဝေဝန်ကြီးချုပ်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသည့် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသော ချေးငွေများ၊ အထောက်အပံ့များ မရရှိမှုကို ဖြေရှင်းရန်အတွက် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးရာတွင် နော်ဝေနိုင်ငံ၏ အကူအညီပေးခဲ့မှုသည် အရေးကြီးကြောင်း၊ နော်ဝေနိုင်ငံမှ မြန်မာနိုင်ငံအပေါ် တင်ရှိနေသည့် ကြွေးမြီများကို လုံးဝဖျက်သိမ်းပေးခဲ့ခြင်းသည် ကျန်အဖွဲ့ဝင်နိုင်ငံများက မိမိတို့နိုင်ငံအပေါ် ကျန်ရှိနေသည့်ကြွေးမြီများလျှော့ပေါ့ပေးရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း၊ မိမိတို့ဆောင်ရွက်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊

ငြိမ်းချမ်းရေးတည်ဆောက်မှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နော်ဝေနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နော်ဝေနိုင်ငံ၏ သဘာဝအရင်းအမြစ်များကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံခန့်ခွဲခဲ့သည့် အတွေ့အကြုံများကို လေ့လာပြီးအသုံးချလိုကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေနှင့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍများတွင် နော်ဝေကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်းပြောကြားသည်။

ထို့အတူ နော်ဝေနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့်ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များတွင် နော်ဝေနိုင်ငံမှ ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အတွေ့အကြုံများကို ဖလှယ်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း ပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း၊ နော်ဝေကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ယူမှုများ ဖြင့် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ဖင်လန်နိုင်ငံသမ္မတက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အားပေးကူညီသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးဆဲဖြစ်ကြောင်း သိရှိရသဖြင့် ဝမ်းသာကြောင်း၊ ယခုလုပ်ဆောင်နေမှုများနှင့် လူအခွင့်အရေးဆောင်ရွက်မှုများကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရို ၆ ဒသမ ၅ သန်း ကူညီထောက်ပံ့ရန် လျာထား ကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားမှုများ ကိုလည်း ဖယ်ရှားပေးဖို့အတွက် ကြိုးစားသွားမည်ဖြစ် ကြောင်း၊ ပုဂ္ဂလိကစီးပွားရေးဆက်သွယ်မှုအတွက် လည်း ဆွေးနွေးခဲ့ကြောင်း၊ အထူးသဖြင့် သတ္တုတွင်းထွက်များနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများကို ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် နှစ်ပေါင်း ၆၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်က မြန်မာနှင့်ဖင်လန်တို့သည် နိုင်ငံရေးစနစ်ချင်း မတူညီမှုကြောင့် လည်းကောင်း၊ အခြားအခြေအနေတို့ကြောင့် လည်းကောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှေးကွေးခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှာ အခွင့်အလမ်းကောင်းများ များစွာရှိနေပြီဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အားပေးထောက်ခံကူညီပေးသွားမည်ဟု ပြောကြားခဲ့သည့်အတွက် များစွာကျေးဇူးတင်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုသည် ရပ်ဆိုင်းထား၍ မရသကဲ့သို့ နောက်ပြန်လှည့်၍မရကြောင်း၊ အရှိန်ရလာပြီဖြစ်၍ ရှေ့ဆက်ကောင်းအောင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖင်လန်နိုင်ငံသမ္မတ H.E.Mr.Sauli Niinisto နှင့် မတ်လ ၁ ရက်တွင် ဖင်လန်နိုင်ငံ၊ ဟယ်လ်စင်ကီမြို့ရှိ သမ္မတအိမ်တော်၌

ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများတွင် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများလည်းရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ဖင်လန်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံအဖြစ် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ ဖင်လန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးနိုင်ရန် ဖိတ်ခေါ်လိုကြောင်း၊ ဖင်လန်နိုင်ငံသမ္မတကြီးအား မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ပါရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား သြစတြီးယားနိုင်ငံသမ္မတ H.E.Dr.Heinz Fischer က မတ်လ ၄ ရက်တွင် ဗီယင်နာမြို့ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုကြိုဆိုပြီး သီးသန့်တွေ့ဆုံသည်။ ဆက်လက်၍ ဆွေးနွေးပွဲ ကျင်းပရာ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေ၊ နိုင်ငံရေးအဖွဲ့အစည်းအားလုံးနိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခွင့်ရှိစေရန် ဆောင်ရွက်ပေးခဲ့သည့်အခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေရသူများကို ပြန်လည်လွှတ်ပေးခဲ့မှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝစဉ်ငြိမ်းချမ်းရေးရရှိစေရန် ဆောင်ရွက်နေမှုအခြေအနေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလစိန်ခေါ်မှုများနှင့် ယင်းတို့ကို ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့်အစီအမံများ၊ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးကြသည်။ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပပြီး နိုင်ငံတော်သမ္မတက မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ သတင်းစာရှင်းလင်းပွဲတွင် ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန်အတွက် သြစတြီးယားနိုင်ငံက ထောက်ခံသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတသည် သြစတြီးယားနိုင်ငံဝန်ကြီးချုပ်ရုံးသို့သွားရောက်၍ ဝန်ကြီးချုပ် Mr. Werner Faymann နှင့် သီးသန့်တွေ့ဆုံပြီး သြစတြီးယားပါလီမန်တွင် ပါလီမန်ဥက္ကဋ္ဌ Mrs.Barbara Prammer နှင့် တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့်သြစတြီးယားနိုင်ငံတို့သည် ၁၉၅၃ ခုနှစ်ကပင် သံတမန် ဆက်ဆံမှုကို ထူထောင်ခဲ့ကြောင်း၊ သို့သော်လွန်ခဲ့သည့် နှစ် ၂၀ အတွင်း နှစ်နိုင်ငံအကြား ကျင့်သုံးသည့် နိုင်ငံရေးစနစ်မတူညီခဲ့သည့်အတွက် ဆက်ဆံရေး လျော့ပါးခဲ့ရကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ပြောင်းလဲကျင့်သုံးနေပြီဖြစ်သဖြင့် နှစ်နိုင်ငံကြား၌ အစိုးရချင်း၊ လွှတ်တော်ချင်း၊ ပြည်သူချင်း ဆက်ဆံရေးများကို ပိုမိုတိုးတက်ရန် ဆောင်ရွက်လိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲနေမှုများကို ရှင်းလင်းပြောကြားသည်။

သြစတြီးယားပါလီမန်ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံ၏လွှတ်တော်များနှင့်လည်း ရင်းနှီးစွာဆက်ဆံလိုကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏မူဝါဒများကို ပြန်လည်သုံးသပ်သည့်အချိန်တွင် အပြုသဘောဆောင်သည့်ရလဒ်များထွက်ပေါ်လာမည်ဟု မျှော်လင့်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သြစတြီးယားစီးပွားရေးနှင့် ကုန်သွယ်ရေးအသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-သြစတြီးယားစီးပွားရေး ဖိုရမ်သို့တက်ရောက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိတို့နိုင်ငံတွင် ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်ခိုင်မြဲစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရန်လိုအပ်သည်သာမက စီးပွားရေးဖွံ့ဖြိုးရန်လည်းလိုအပ်ကြောင်း၊ နိုင်ငံတွင်လိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများ၏အကျိုးစီးပွားကိုလည်း

မျှမျှတတ ဖော်ဆောင်ပေးနိုင်သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ သို့သော်လက်ရှိအခြေအနေတွင် ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အပြီးအပိုင်ဖယ်ရှားပေးမှုမရှိသေးခြင်းနှင့် တိုင်းရင်းသားပို့ကုန်လုပ်ငန်းရှင်များအတွက် GSP အခွင့်အရေးများပေးအပ်မှု မရှိသေးခြင်းသည် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအပေါ် အဟန့်အတားများဖြစ်နေသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံ၌ ရေရှည်လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင်လည်း အခက်အခဲဖြစ်ပေါ်နေရကြောင်း၊ ထို့ကြောင့် ဥရောပသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးနိုင်ရေးအတွက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက ဝိုင်းဝန်းတိုက်တွန်းပြောကြားပေးစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မတ်လ ၅ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံး၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ Mr.Jose Manual Barroso နှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ၊မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးပိတ်ဆို့မှုများကို အပြီးတိုင်ဖယ်ရှားရေးနှင့် မြန်မာနိုင်ငံအနေဖြင့် GSP (Generalized System of Preferences) အခွင့်အရေးရရှိရေး၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ် အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပပြီး နိုင်ငံတော်သမ္မတက မိဒီယာများအား ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတသည် ဥရောပကောင်စီရုံးသို့ သွားရောက်၍ ဥရောပကောင်စီဥက္ကဋ္ဌ Mr.Herman Van Rompuy နှင့် တွေ့ဆုံကာ မြန်မာ့နိုင်ငံရေးရာများကို ရှင်းလင်းဆွေးနွေးပြီး သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးမှုများကို မိဒီယာများအား ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတသည် ဥရောပပါလီမန်သို့ သွားရောက်၍ ဥရောပပါလီမန်ဥက္ကဋ္ဌ Mr.Martin Schulz နှင့် တွေ့ဆုံဆွေးနွေးပြီး သတင်းစာရှင်းလင်းပွဲကျင်းပကာ မိဒီယာများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥရောပပါလီမန်၏ အီးယူ-မြန်မာချစ်ကြည်ရေးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းသူ လွှတ်တော်အမတ် Mr.Nirj Deva နှင့် အဖွဲဝင်များကိုတွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Didier Reynders ကို ခေတ္တတည်းခိုသည့် Sheraton ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတသည် မတ်လ ၆ ရက်တွင် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အီတလီနိုင်ငံ ရောမမြို့ရှိ သမ္မတနန်းတော် (Quieinale Palace) သို့ သွားရောက်၍ အီတလီနိုင်ငံသမ္မတ H.E.Mr.Giorgeo Napolitano ကို တွေ့ဆုံနှုတ်ဆက်သည်။ တွေ့ဆုံရာ၌ နှစ်နိုင်ငံသမ္မတတို့သည် မြန်မာနိုင်ငံ၌ ဖော်ဆောင်နေသည့် ပြုပြင်ပြောင်းလဲမှုများ၊ လူ့အခွင့်အရေးမြှင့်တင်ဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့်အခြားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့်အသေးစားငွေကြေးလုပ်ငန်းများတွင် အကူအညီရရှိရေး၊ တပ်မတော်ချင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး နိုင်ငံတော်သမ္မတက အီတလီနိုင်ငံသမ္မတအား မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ပါရန် ဖိတ်ကြားသည်။

နိုင်ငံတော်သမ္မတသည် အီတလီနိုင်ငံ ဝန်ကြီးချုပ်ရုံး (Chigi Palace) သို့ရောက်ရှိ၍ အီတလီနိုင်ငံဝန်ကြီးချုပ် H.E.Prof.Mario Monti နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးတည်ဆောက်နေမှု၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အခြေအနေများ၊ မြန်မာနိုင်ငံတွင် အီတလီနိုင်ငံမှ ကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံရေး

ကိစ္စများ၊ နှစ်နိုင်ငံဆက်ဆံရေးပိုမိုမြင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အီတလီနိုင်ငံခြားရေးဝန်ကြီးတို့က နှစ်နိုင်ငံအကြား Agreement on the Treatment (Cancellation and Rescheduling)of the Debt သဘောတူညီချက်နှင့် Agreement on Debt-for-Development Swap သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဆာဂျယ်ရီမိတာပါရေးက မတ်လ ၁၄ ရက်တွင် အော့ကလန်မြို့ရှိအစိုးရအိမ်တော်၌ ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် နှစ်နိုင်ငံဆွေးနွေးပွဲကို အစိုးရအိမ်တော်၌ ကျင်းပရာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ၊ နယူးဇီလန်နိုင်ငံကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံရေး၊ နည်းပညာအကူအညီပေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးကြစဉ် နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အပြည့်အဝကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားသည်။

နိုင်ငံတော်သမ္မတကလည်း နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်မစွတာဂျွန်ကီး၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ယခုမိမိ၏ ခရီးစဉ်နှစ်ခုသည်နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မည့် ခရီးစဉ်များပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့်စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက် နယူးဇီလန်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့်ပတ်သက်၍လည်းကောင်း၊ BURMA အစား တရားဝင်အမည်ဖြစ်သည့် MYANMAR ဟု ပြောင်းလဲသုံးစွဲခေါ်ဝေါ်ခဲ့ခြင်းနှင့်ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံပြည်သူများနှင့် မိမိတို့အစိုးရက အထူးကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအစိုးရအချင်းချင်းဆက်ဆံရေးသာမက နှစ်နိုင်ငံပြည်သူများအချင်းချင်း ဆက်ဆံရေးကိုပါ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ်လ ၁၅ ရက်တွင် အော့ကလန်မြို့ရှိ လန်ဂမ်ဟိုတယ်၌ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစွတာဂျွန်ကီးနှင့်တွေ့ဆုံဆွေးနွေးရာ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် နိုင်ငံရေး၊စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲမှုများအပေါ် အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ရရှိပြီးအောင်မြင်မှုများကို ခိုင်မာစွာတည်ဆောက်ရန်အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် နယူးဇီလန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် သံအမတ်ကြီးထားရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှစ်ပေါင်း ၅၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ ကာလအတွင်းတွင် ကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်ချင်းမတူညီခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်သင့်သလောက် မတိုးတက်ခဲ့ကြောင်း၊ မိမိတို့အစိုးရသစ်တာဝန်ယူပြီးချိန်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း ဆောင်ရွက်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တိုးတက်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတနှင့်နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့သည် စိုက်ပျိုးရေး၊မွေးမြူရေး၊ ပညာရေး၊ သတ္တုတွင်း၊ ရေအားလျှပ်စစ်၊ ဘူမိစွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့သည် သတင်းစာရှင်းလင်းပွဲကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ်လ ၁၈ ရက်တွင် ဩစတြေးလျှနေသဟာယနိုင်ငံ ကင်ဘာရာမြို့တော်ပါလီမန်အဆောက်အအုံအတွင်းရှိ ဝန်ကြီးချုပ်ရုံးသီးသန့်ဧည့်ခန်းဌာန ဩစတြေးလျှနေသဟာယနိုင်ငံဝန်ကြီးချုပ်မစ္စက္ကျူလီယားဂေးလော့ဒ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများကို အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲကျင်းပရာ ဩစတြေးလျှနေသဟာယနိုင်ငံ ဝန်ကြီးချုပ်ကသမ္မတကြီး၏အလည်အပတ် ခရီးစဉ်သည် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အရပ်သားအစိုးရပေါ်ထွန်းခဲ့ပြီးနောက် ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထင်ဟပ်ပေါ်လွင်စေကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ ချမ်းသာကြွယ်ဝလာစေရန် အဆွေတော်အနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို တံခါးဖွင့်ပေးနိုင်ခဲ့ပြီး အနာဂတ်တွင်ဒေသတွင်း၌ မြန်မာနိုင်ငံကို နေရာမှန်သို့ရောက်ရှိစေရန်လည်း တွန်းပို့ပေးနိုင်ခဲ့ကြောင်း၊ဇန်နဝါရီလအတွင်း အနောက်နိုင်ငံများအနက် ပထမဆုံးသောနိုင်ငံအဖြစ် မြန်မာနိုင်ငံနှင့်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူညီချက်ကို မိမိတို့လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ အဆိုပါသဘောတူညီချက်ကြောင့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပေးအပ်နေသည့် ဩစတြေးလျှနိုင်ငံ၏ အထောက်အပံ့များ ဒေါ်လာသန်း ၁၀၀ အထိ မြင့်တက်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏အရေးကြီးသော ထောက်ပံ့မှုအစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြန်မာ-ဩစတြေးလျှပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို မိမိတို့အနေဖြင့် ဝမ်းမြောက်စွာ ယနေ့အသိပေးကြေညာလိုကြောင်း၊ အဆိုပါအစီအစဉ်တွင် ဒေါ်လာသန်း ၂၀ ထောက်ပံ့ရန် ကတိကဝတ်ပြုထားပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့်ပတ်သက်သည့်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ၊ စီးပွားရေးအုပ်ချုပ်မှုစနစ် ကောင်းမွန်စေရေးနှင့်တရားဥပဒေစိုးမိုးမှုကောင်းမွန်စေရေးတို့အတွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံသည်လည်း ဩစတြေးလျှနိုင်ငံကဲ့သို့ ငြိမ်းချမ်းမှုရှိစွာ ဒီမိုကရေစီထွန်းကားပြီး ချမ်းသာကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်ရန် မိမိအနေဖြင့် စိတ်ရင်းစေတနာမှန်ဖြင့် ယုံကြည်မျှော်လင့်ကြောင်း၊ မိမိတို့အနေဖြင့် ဩစတြေးလျှနိုင်ငံ၏ နမူနာကိုယူပြီး လေ့လာစရာများရှိနေကြောင်း၊ ဩစတြေးလျှနိုင်ငံကလည်း မိမိတို့နိုင်ငံ၏ဒီမိုကရေစီ ခရီးလမ်းအတွက် လိုအပ်သည်များကူညီပေးနိုင်မည်၊ အတွေ့အကြုံများကို ဖလှယ်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်မိကြောင်း၊ မိမိအနေဖြင့် ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ၏ လက်ရှိပြောင်းလဲမှုများ အကြောင်းသာမက မိမိနိုင်ငံ၏ ငြိမ်းချမ်းပြီး သာယာဝပြောသည့်ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းသည့်ခရီးစဉ်ချောမွေ့နိုင်ရန်အတွက် အဆွေတော်တို့၏ ကူညီထောက်ပံ့မှုများလိုအပ်နေကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့ရင်ဆိုင်နေရသည့် ပြုပြင်ပြောင်းလဲမှုများသည် ယနေ့ကမ္ဘာကြီးတွင် မကြုံဖူးသေးသည့်သုံးပွင့်ဆိုင်အပြုင်ပြုပြင်ပြောင်းလဲမှုများဟု ဆိုချင်ကြောင်း၊ မိမိတို့နိုင်ငံသည်စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ရောက်ရှိရန်၊ တစ်ပြိုင်နက်တည်း နှစ်ပေါင်း ၆၀ ကြာပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိစေရန်၊ ဗဟိုချုပ်ကိုင်မှုများနှင့် အထီးကျန်ခေတ်နောက်ကျခဲ့မှု စီးပွားရေးစနစ်မှ ပြည်သူအားလုံးဆင်းရဲတွင်းမှ ရုန်းထွက်နိုင်သည့် ခေတ်မီစီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် အလွန်အရေးကြီးသည့်လုပ်ငန်းသုံးခုကို အပြိုင်ကြိုးပမ်းနေရကြောင်း၊ တစ်ခေတ်တစ်ခါက အာရှတွင် အလှဆုံးဖြစ်ခဲ့သည့်ရန်ကုန်မြို့တော်ကြီးကို ယခုအခါမြို့ပြအင်္ဂါရုပ်နှင့်အညီ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပြစီမံကိန်းရေး

ဆွဲခြင်းများကို ပြုလုပ်နေကြောင်း၊ ရန်ကုန်မြို့ပြ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရန် အတွက် အသစ်ဖွဲ့စည်းလိုက်သည့် Yangon Heritage Trust ကိုလည်း ဩစတြေးလျနိုင်ငံက ကူညီထောက်ပံ့ မှုများပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ မိမိတို့၏ သတ္တုကာလုပ်ကိုင် ဆောင်ရွက်မှုများကိုလည်း ကောင်းမွန်မှန်ကန်စွာ ဆောင်ရွက်လိုကြောင်း၊ အဆိုပါကာလကိုလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်သည့်ယန္တရားတစ်ရပ်ဖြစ်စေရန် အဆွေ တော်တို့၏ ထောက်ခံကူညီမှု၊ အသိပညာနှင့်လေ့ကျင့် ပေးမှုများ ရယူသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပြည်သူ များအတွက် ဩစတြေးလျနိုင်ငံက ကျန်းမာရေးစောင့် ရှောက်မှု၊ ပညာရေးနှင့် သက်မွေးဝမ်းကျောင်းမှုကဏ္ဍ များတွင် တိုက်ရိုက်ကူညီမှုအတွက် အထူးကျေးဇူးတင် ရှိကြောင်း၊ မိမိ၏နိုင်ငံတကာနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းရာတွင်လည်း ဩစတြေးလျနိုင်ငံ၏ အကူအညီကို ရယူလိုကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံတစ်ခုတည်းကို ဦးတည် ချမှတ်မှုသည် မြန်မာနိုင်ငံအတွက် မလိုအပ်တော့ဟု ယုံကြည်သောကြောင့် ၂၀၁၃ ခုနှစ် အထွေထွေ ညီလာခံတွင် မြန်မာနိုင်ငံတစ်ခုတည်းအတွက် ဦးတည်သည့် ချမှတ်မှု Resolution မရှိသင့်တော့ကြောင်းကို ဝိုင်းဝန်းကူညီပြောကြားပေးစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧပြီလ ၅ ရက်မှ ၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်တို့သည် ဧပြီလ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့ရှိ Sheraton ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ တရုတ်နိုင်ငံသမ္မတက မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အစဉ် အလေးထားလျက်ရှိသည်ကို ပြသခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဒေသတွင်းပတ်ဝန်းကျင် နိုင်ငံအားလုံး မျှဝေဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် ရပ်တည်ချက်ကို ကျေးဇူးတင်ရှိကြောင်း၊ ကမ္ဘာ့အခြေအနေမှာ လျင်မြန်စွာပြောင်းလဲနေသော်လည်း မိမိတို့နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းသွား မည်ဖြစ်ပါကြောင်း နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုဖြင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ဖြစ်ထွန်းစေပြီး အပြန်အလှန်နားလည်မှုဖြင့် ပြဿနာများဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာ မြောက်ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ မြန်မာနိုင်ငံတွင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းအပါအဝင် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၌ ဆက်လက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာရန်အတွက် စိုက်ပျိုးရေးသရုပ်ပြစင်တာ တည်ဆောက်မှုကို ဆောင်ရွက်မည့်အပြင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသေးစားချေးငွေစီမံကိန်းတွင်လည်း သက်ဆိုင်ရာ ဌာနများနှင့် ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း၊ နှစ်နိုင်ငံအကြား အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူများအချင်းချင်းအပြန် အလှန်ထိတွေ့ဆက်ဆံရေး၊ ယဉ်ကျေးမှုဖလှယ်ရေး တို့ကို တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ တရုတ်နိုင်ငံ အသံလွှင့်ဌာန (CRI-China Radio International) နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား အသံလွှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အတွက်နည်းပညာအကူအညီပေးရေး ကိစ္စရပ်များကို ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အတူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိုအောဖိုရမ်အစည်းအဝေးတွင် အာရှဒေသတွင်း နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်ဒေသဖွံ့ဖြိုး တိုးတက် ရေးအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးနိုင် မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့်သမိုင်းကြောင်းများရှိခဲ့ပြီး ပြောင်းလဲနေသည့်မျက်မှောက်ကမ္ဘာ့အခြေအနေနှင့်လိုက်လျောညီထွေရှိစေရန် ပြည်တွင်းတွင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ရာ၌ အပြန်အလှန်နားလည်မှု၊ စာနာထောက်ထားမှုတို့ကို အခြေခံပြီး ဆက်ဆံနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ အနှစ်သာရပင်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအစိုးရနှင့်ပြည်သူများ၏ စေတနာဖြင့်ထောက်ခံအားပေးမှုများအတွက် မိမိတို့အစိုးရနှင့်ပြည်သူများက အစဉ်အမြဲကျေးဇူးတင်နေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးတက်မည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုအခိုင်အမာထောက်ခံကျင့်သုံးသွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း၊ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြိုးငါးချက်ကို အခြေခံပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းတွင် မဟာဗျူဟာကျသည့် အနေအထားရှိသဖြင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း များစွာအလေးထားကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကိုလည်း များစွာအလေးထားပါကြောင်း၊ မိမိ၏ခရီးစဉ်အတွင်း နှစ်ဖက်ညှိနှိုင်းပြီးထုတ်ပြန်မည့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်ကို ကြိုဆိုပါကြောင်း၊ အထူးသဖြင့် မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့မမျှော်မှန်းနိုင်သည့်အခက်အခဲအချို့ကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါအခက်အခဲများကို မိမိတို့ နှစ်ဖက်အပြန်အလှန်နားလည်မှုရှိရှိဖြင့် နှစ်ဦးနှစ်ဖက်ရေရှည်အကျိုးမျှော်ကိုးဖြေရှင်းဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုကို နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အသိအမှတ်ပြုသည့်အနေဖြင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရန် ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးနေပြီဖြစ်ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံမှုများ ပြိုင်ဆိုင်လုပ်ကိုင်လာကြရာတွင် ရေရှည်လုပ်ကိုင်နိုင်ရန် နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ဒေသခံပြည်သူများနှင့်လည်း ချစ်ကြည်ရင်းနှီးမှုရရှိရန် လိုအပ်ကြောင်း၊ ဒေသခံတို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါစောင့်ရှောက်သည့် တာဝန်သိရင်းနှီးမြှုပ်နှံသူများအဖြစ် တရုတ်စီးပွားရေးကုမ္ပဏီများအပေါ် ယုံကြည်လာအောင် ပြုလုပ်သွားမည်ဟု မိမိမျှော်လင့်ကြောင်း၊ မိမိတို့နိုင်ငံရှိ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံက အတိုးနှုန်းသက်သာသည့်ချေးငွေ အကူအညီရယူရန် နှစ်ဖက်သဘောတူခဲ့ကြောင်း၊ ချေးငွေများကို ကျေးရွာအလိုက်ရင်းနှီးမတည်ငွေအဖြစ် စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန်ဆန္ဒရှိကြောင်း၊ ကျေးလက်ဒေသစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများ လိုအပ်နေဆဲဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် ဆန်၊ ပြောင်းနှင့်ရော်ဘာတို့ကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ကုန်ပစ္စည်းအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှုစစ်ဆေးရေးစံနှုန်းများနှင့်ကိုက်ညီ တင်ပို့ခွင့်မရသေးသည့်အတွက် အမြန်ဆုံးတင်ပို့ခွင့် ရရှိလိုကြောင်း၊ အစိုးရအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်တိုးတက်စေရန်လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သည့်ကဏ္ဍများတွင် တတ်နိုင်သမျှ ကူညီပေးစေလိုကြောင်း၊ ပေးအပ်လာသည့်အကူအညီများကို အကျိုးရှိရှိအသုံးချနိုင်ရန်

စီမံခန့်ခွဲရေးအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် အေးချမ်းရေးသည် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်နယ်စပ်ဒေသနေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် များစွာအရေးကြီးသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အရေးပါကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသမ္မတများရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Gao Hu Cheng တို့က စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကိုလည်းကောင်း၊ သံအမတ်ကြီးဦးတင်ဦးနှင့် တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr.Li Rougu တို့က အထက်ရဲရွာ-ရွှေစာရံမြို့အား ပို့လွှတ်ရေးစီမံကိန်းအတွက် မြန်မာနိုင်ငံတော်ဗဟို ဘဏ်နှင့် တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ်တို့ ဦးစားပေးဝယ်သူ ချေးငွေစာချုပ်နှင့်မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချေးငွေရယူရေး အစီအစဉ်သဘောတူစာချုပ်တို့ကိုလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မေလ ၁၈ ရက်မှ ၂၁ ရက်အထိ အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောခရီးစဉ်သွားရောက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မေလ ၂၀ ရက်တွင် ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်သို့ သွားရောက်၍ အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် သမ္မတအိုဘားမားက နိုင်ငံတော်သမ္မတဦးသိန်းစိန်အား အမေရိကန်ပြည်ထောင်စုနှင့်အိမ်ဖြူတော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိသည် ယမန်နှစ်က မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့်အမေရိကန်သမ္မတတစ်ဦးအဖြစ် ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတဦးသိန်းစိန် သည်လည်း နှစ်ပေါင်း ၅၀ အတွင်း အမေရိကန်ပြည်ထောင်စုသို့ပထမဆုံးအကြိမ်ရောက်ရှိလာသည့် မြန်မာခေါင်းဆောင်တစ်ဦးဖြစ်သည့်အတွက်ကောင်းမွန်သည့်ခရီးစဉ်ဖြစ်ပါကြောင်း၊ ယခင်နှစ် ၅၀ က နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများရှိခဲ့ကြောင်း၊ ယခုအခါဆက်ဆံရေးပြောင်းလဲရခြင်းမှာ မြန်မာနိုင်ငံတွင် သမ္မတကြီး၏ဦးဆောင်မှုဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို စီးပွားရေးအရရော နိုင်ငံရေးအရပါ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လာသည့်အတွက် ဖြစ်ကြောင်း၊ နှစ်နှစ်ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ယခုဆိုလျှင် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ လွှတ်တော်တွင်လည်း မြန်မာနိုင်ငံအကျိုးအတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အလွန်ရှည်ကြာလှသည့် တိုင်းရင်းသားပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေပြီး ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေများကိုလည်းရေးဆွဲပြဋ္ဌာန်းနေပြီဖြစ်ကြောင်း၊ ထိုသို့ပြုပြင်ပြောင်းလဲမှုအများအပြားကို ဆောင်ရွက်ခဲ့သဖြင့် မိမိတို့က စီးပွားရေးပိတ်ဆို့မှုအပါအဝင် ပိတ်ဆို့မှုအားလုံးကို လျှော့ချပေးလိုက်ပြီဖြစ်ကြောင်း၊ အခြားနိုင်ငံများကလည်းအလားတူလျှော့ချပေးခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ များပြားလာပါက အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာတော့မည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများမှာ အချိန်ယူ၍ဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီးနိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပြီး တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရုံသာမက နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာအောင် ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သည့်ဒေသများတွင် ဒုက္ခသည်များကို

အလေးထားဆက်ဆံပြီး အကူအညီပေးသွားရန် ကိုလည်း မိမိတို့သဘောတူခဲ့ပြီးဖြစ်ကြောင်း၊ US AID အနေဖြင့် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ရန်ကုန်-မန္တလေးလမ်းမကြီးပြုပြင်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံက အာဆီယံနှင့် အာရှ-ပစိဖိတ်ဒေသလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြောင်း၊ မိမိတို့ကလည်းဒေသတွင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သမ္မတကြီး၏ဦးဆောင်မှုဖြင့် နိုင်ငံရေးလမ်းကြောင်းသစ်ကို ဖော်ဆောင်ရာတွင် အမေရိကန်ပြည်ထောင်စုက ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရှင်းလင်းပြောကြားရာတွင် အမေရိကန်ပြည်ထောင်စု ၏ အိမ်ဖြူတော်သို့ ပထမဆုံးအကြိမ်ရောက်ရှိလာပြီး သမ္မတဘားရက်အိုဘားမားနှင့်တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက်များစွာဝမ်းမြောက်ရကြောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် သမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်သည့် နိုင်ငံများဖြစ်ကြောင်း၊ သို့သော်လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံရေးစနစ်များမတူညီမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး ကျဲပါးခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ပြောင်းလဲဖော်ဆောင်နေပြီဖြစ်ရာ နှစ်နိုင်ငံကျင့်သုံးသည့် နိုင်ငံရေးစနစ်ချင်းတူညီနေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့တွင် ဒီမိုကရေစီအတွေ့အကြုံနည်းပါးနေသေးပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိသကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အခြေခံအကြောင်းရင်းမှာ ဆင်းရဲမှုနှုန်းမြင့်မားခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဒီမိုကရေစီအတွေ့အကြုံအားနည်းခြင်း၊ အရည်အချင်းရှိသည့်အလယ်အလတ်လူတန်းစားများနည်းပါးခြင်း စသည်တို့ပင်ဖြစ်ကြောင်း၊ သို့သော် အမေရိကန်ပြည်ထောင်စု၏အကူအညီပေးမှုဖြင့် အခက်အခဲအချို့ကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်အောင် မူဝါဒများပြောင်းလဲပြီး စတင်ဖော်ဆောင်ပေးခဲ့သည့် သမ္မတအိုဘားမားကို ကျေးဇူးအထူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၌တရားဥပဒေစိုးမိုးရေး၊ တပ်မတော်သားနှင့်ရဲတပ်ဖွဲ့ဝင်များ အရည်အသွေးမြှင့်တင်ရေး၊ လယ်ယာကဏ္ဍ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိသောခရီးစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆက်လက်ရှင်သန်ဖွံ့ဖြိုးလာစေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းနှင့် ပြင်သစ်သမ္မတနိုင်ငံသမ္မတမစ္စတာဖရန်ဆွာဟော်လန်ဒဲတို့၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၁၄ ရက်မှ ၁၉ ရက်အထိ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့သည် ဇူလိုင်လ ၁၅ ရက်တွင် လန်ဒန်မြို့ အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မြန်မာသမ္မတတစ်ဦး၏ ပထမဆုံးခရီးစဉ်အဖြစ် ဖိတ်ကြားခဲ့ခြင်းနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းကြောင်းရှည်လျားစွာရှိခဲ့ပြီး လွတ်လပ်ရေးမရမီကပင် သံတမန်ဆက်ဆံမှုများရှိခဲ့သည့်အတွက် ယခုအခါ ၆၅ နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က အဆွေတော်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ကောင်းမွန်စေရန် အစပျိုးသည့်ခရီးစဉ်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂ၏ဦးဆောင်နိုင်ငံဖြစ်သော ဗြိတိန်နိုင်ငံအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများဖယ်ရှားပေးရေးနှင့် ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) များပြန်လည်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခြင်းတို့ကို ကျေးဇူးတင်

ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအပေါ် ထောက်ခံအားပေးမှုများအတွက် ကျေးဇူးတင်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာ ငြိမ်းချမ်းပြီးသဟဇာတဖြစ်သော ဒီမိုကရေစီလူ့အသိုက်အဝန်း (Peaceful,Harmonious and Democratic Society) ကို ထူထောင်ရန်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးကာလတိုင်းတွင် ကြုံတွေ့ရမြဲဖြစ်သော စိန်ခေါ်မှုများရှိနေလင့်ကစား ငြိတိန်နိုင်ငံအပါအဝင် ပြည်တွင်းပြည်ပမှ ပြုပြင်ထောက်ခံအားပေးမှုများဖြင့် ကျော်လွှားသွားနိုင်မည်ဟုယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ငြိတိန်ဝန်ကြီးချုပ်တို့သည် ဆင်းရဲမှုလျှော့ချရေး၊ အသေးစားငွေကြေးလုပ်ငန်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုတိုးမြှင့်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍများ၌ ငြိတိန်နိုင်ငံက ပါဝင်ရင်းနှီးမြှုပ်နှံရေးနှင့် အင်္ဂလိပ်စာသင်ကြားမှုအပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဇူလိုင်လ ၁၇ ရက်တွင် ပြင်သစ်သမ္မတနိုင်ငံ ပါရီမြို့ရှိ သမ္မတနန်းတော် (Elysee Palace) သို့သွားရောက်၍ ပြင်သစ်သမ္မတနိုင်ငံသမ္မတ ဖရန်ဆွာဟော်လန်ဒဲနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတကမြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အလားအလာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ရေး၊ လက်ကျန်ကြွေးမြီကိစ္စများဖြေရှင်းရေး၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေး၊ မိဒိယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာဘီနင်နိုအက်စ်အကွိနို ၃ ၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၄ ရက် မှ ၆ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတတို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၅ ရက်တွင် မနီလာမြို့ မာလာကန်ညင်နန်းတော်ရှိ President ခန်းမဒိုင်ကျင်းပရာ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံလေကြောင်းတိုက်ရိုက်ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွေ့အကြုံများ၊ အာဆီယံအဖွဲ့အတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နှစ်နိုင်ငံသဘောတူစာချုပ်များလက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတတို့ ရှေ့မှောက်၌ မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးသဘောတူစာချုပ်၊ စားနပ်ရိက္ခာဖူလုံရေးနှင့်စိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ပြန်ပြည့်မြဝတီမြစ်ဝှမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသဘောတူစာချုပ်၊ ပြန်ကြားရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံ

ကုန်သည်ကြီးများအကြား သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်သည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံသမ္မတက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်လျင်ဒဏ်နှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့ပေးမှု၊ ကိုယ်တိုင်သွားရောက်အားပေးမှုများအတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ရန် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများကို ထောက်ခံအားပေးသည့်အတွက် ဖိလစ်ပိုင်အစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်သွားရန် ဆုံးဖြတ်ထားကြောင်း၊ နှစ်နိုင်ငံအကြားလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၊ စွမ်းအင်၊ ခရီးသွားလာရေးလုပ်ငန်းနှင့်ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေး၊ ပို့ဆောင်ရေး၊ နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြားဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းရန် မြန်မာက အမြဲထောက်ခံအားပေးကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းဆိုင် ရာကြေညာစာတမ်းကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့်ဖိလစ်ပိုင်ပြည်သူများအတွက် မြန်မာအစိုးရနှင့် ပြည်သူများက ထပ်တူစာနာမိကြောင်း ပြောကြားသည်။

မြန်မာ-ဂျပန်နှစ်နိုင်ငံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ ရက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပရာ နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့်အဖွဲဝင်များ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းအလားအလာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့်လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် စာတိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ-ဂျပန်ဆက်ဆံရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် သဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်နှင့် နှစ်နိုင်ငံဝန်ကြီးဌာနအကြား ကျန်းမာရေးကဏ္ဍ၌ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များကို ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးဒေါက်တာဒေါသိန်းသိန်းဌေးတို့နှင့် ဂျပန်နိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးများက နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာဂျပန်နိုင်ငံဝန်ကြီးချုပ်က စီမံကိန်းလေးခုဖြစ်သော ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ ရန်ကုန်မြို့တော်ရေပေးဝေမှုဖွံ့ဖြိုးရေးစီမံကိန်း၊ သီလဝါဆိပ်ကမ်းအခြေခံ

အဆောက်အအုံများဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပဲခူးအနောက်ခြမ်းဒေသဆည်ရေပေးမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ယန်းငွေ ၆၃ ဒသမ ၂ ဘီလီယံအကူအညီပေးမည့်အခြေအနေနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် သမ္မတကြီးဆောင်ရွက်နေသည့်နိုင်ငံရေး၊ စီးပွားရေး၊ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံက ထောက်ခံကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က နှစ်နိုင်ငံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများနှင့် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေး၊ မြှင့်တင်ရေးနှင့်အကာအကွယ်ပေးရေးသဘောတူစာချုပ် (Bilateral Investment Agreement-BIA) ကို လက်မှတ်ရေးထိုးနိုင်သည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲဝင်မြန်မာအားကစားအသင်းအတွက် အားကစားဝတ်စုံကိုတီထွင်ချုပ်လုပ်ပေးခြင်းနှင့် ဆူဇူကီးဆိုင်ကယ်များလှူဒါန်းခြင်းတို့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းခရီးစဉ် - ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးဇီလန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt.Hon.David Carter ၏ ဖိတ်ကြားချက်အရ မတ်လ ၂၃ ရက်တွင် နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

ယင်းနောက် မတ်လ ၂၇ ရက်တွင် နယူးဇီလန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ နယူးဇီလန်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေးသည်။

နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို နယူးဇီလန်နိုင်ငံအနေဖြင့် စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းများစွာကျင့်သုံးခဲ့၍ အတွေ့အကြုံများ မျှဝေပေးရန်အသင့်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူတို့၏ မကျေနပ်ချက်များ၊ တိုင်ကြားချက်များကို စုံစမ်းတင်ပြရန် သမာဓိလူကြီးများအဖွဲ့ (Ombudsman) ဖွဲ့စည်းထားရှိကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ပိုမိုခိုင်မြဲလာကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နိုင်ငံလွှတ်တော်အနေဖြင့် လွှတ်တော်အတွေ့အကြုံများနှုန်းယ်သေးကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အဆွေတော်တို့၏အားပေးကူညီမှုများနှင့် အကြံပြုမှုများသည် များစွာအရေးကြီးကြောင်း၊ မိမိတို့လွှတ်တော်တွင် သမာဓိလူကြီးများအဖွဲ့ ဖွဲ့စည်းထားခြင်းမရှိသေးသော်လည်း လွှတ်တော်အစည်းအဝေးရပ်နားစဉ်ကာလများနှင့် ရုံးပိတ်ရက်များတွင် မိမိနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်များသို့ သွားရောက်ပြီး ပြည်သူတို့၏ လိုလားချက်အသံများကို နားထောင်ကာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သောမြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နယူးဇီလန်လွှတ်တော်အဆောက်အအုံ၌ The Regulation Review ကော်မတီဥက္ကဋ္ဌ Ms.Mayan Street နှင့်တွေ့ဆုံဆွေးနွေးသည်။

ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာကန်ချောင်ဟီး၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၁ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်သည်။ ဧပြီလ ၂၃ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်

ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကိုရီးယားသမ္မတနိုင်ငံသည် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုများတွင် အများစုမှာ ကမ္ဘာ့အဆင့် (၁၀) အတွင်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ နိုင်ငံ၏အသက်ဝိညာဉ်နှင့်တူသော အဆွေတော် အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များသည် အဓိကနေရာမှ ပါဝင်ခဲ့သည်ဟုသိရှိရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်သိပ်ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်သုတေသနလုပ်ငန်းများဆောင်ရွက်ရေးမှာ အရေးကြီးကြောင်း၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံပူးပေါင်း၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ HRD လုပ်ငန်းများတိုးမြှင့် ဆောင်ရွက်သွားလိုကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ ပညာရေးစနစ်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒနှင့်စိမံကိန်းများ၊ ဥပဒေများကို မျှဝေစေလိုကြောင်း ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက ကိုရီးယားသမ္မတနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံနှင့်နည်းပညာများစွာကို လာရောက်၍လေ့လာနိုင်ကြောင်း၊ ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီများ၊ ပြည်သူများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လွှတ်တော်နှစ်ရပ်ကြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အမျိုးသားလွှတ်တော်အတွင်း ကြည့်ရှုလေ့လာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် အဖွဲ့သည် ဧပြီလ ၂၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စပတ်ဂွမ်ဟေးနှင့် သမ္မတအိမ်တော် (Blue House) ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကဏ္ဍများစွာနှင့် အခွင့်အလမ်းများစွာရှိကြောင်း လာရောက်ရင်းနှီးမြှုပ်နှံပါက မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်အနေဖြင့် ကျေးလက်နေပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်သဖြင့် ၎င်းတို့အကျိုးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးနှင့် နည်းပညာများလိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတက ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်ကွန်ဂရက် House of Representative ဥက္ကဋ္ဌ H.E.Mr. John A.Boehner နှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၈ ရက်တွင် အမေရိကန်ပြည်ထောင်စုသို့သွားရောက်သည်။

ခရီးစဉ်အတွင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ကွန်ဂရက်အထက်လွှတ်တော်၊ အောက်လွှတ်တော်များမှ လွှတ်တော်အမတ်များ၊ အတိုက်အခံခေါင်းဆောင်များ၊ လွှတ်တော်အမတ်ဟောင်းများ၊ သမ္မတ၊ ဒုတိယသမ္မတများ၏ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ US Chamber of Commerce မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ လွှတ်တော်များရှိရန်လိုအပ်သကဲ့သို့ ခိုင်မာရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့် ကွန်ဂရက်၏ ဆောင်ရွက်ချက်များကို လာရောက်လေ့လာခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန်လ ၁၆ ရက်တွင် ဆန်ဖရန်စစ္စကိုမြို့ရှိ မြန်မာနိုင်ငံ

သားများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ မေးမြန်းမှုများအပေါ် ဖြေကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကာ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၉ ရက် တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပသော (၃၄) ကြိမ်မြောက်အာဆီယံပါလီမန်များအထွေထွေညီလာခံသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ထိုသို့ပြောကြားရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများတွင် လွှတ်တော်ကိုယ်စားလှယ်များ တက်ကြွစွာပါဝင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ထိုင်းနိုင်ငံ National Assembly နှင့် House of Representative ဥက္ကဋ္ဌ H.E.Mr.Somsak Kiatsuranont ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် စက်တင်ဘာလ ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်ထရာကို အစိုးရအိမ်တော်၌ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံခွစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် သူရဦးရွှေမန်းနှင့် ခွစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၏ National Assembly နှင့် House of Representative သို့ သွားရောက်၍ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Somsak Kiatsuranont နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလွှတ်တော်ရေးရာကိစ္စရပ်များဆွေးနွေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုလွှတ်တော် နာယကသည် ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား မဟာဂျီယာလောင်ကွန်၊ ထိုင်းနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Nikom Wairatpanij၊ C.P ကုမ္ပဏီများအုပ်စု၏ ဥက္ကဋ္ဌ Mr. Dhanin Chearvanont တို့နှင့် လည်းတွေ့ဆုံဆွေးနွေးသည်။

မလေးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E.Tan Sri Datuk Seri Panglima Pardikar Amin-Mulian ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းခေါင်းဆောင်သော ခွစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၆ ရက်တွင် မလေးရှားနိုင်ငံသို့ ရောက်ရှိသည်။

မလေးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံခွစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

စက်တင်ဘာလ ၂၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကသည် မလေးရှားနိုင်ငံရွှေကောက်ပွဲကော်မရှင်ရုံး၌ မလေးရှားနိုင်ငံရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ H.E.Mr.Tan Sri Abdul Azizbin Mohd Yusof နှင့် တွေ့ဆုံသည်။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကမလေးရှားနိုင်ငံရွှေကောက်ပွဲစနစ်နှင့်ဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၁၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ ညီလာခံသို့တက်ရောက်သည်။ အဆိုပါညီလာခံ မျက်နှာစုံညီအစည်းအဝေးအစီအစဉ် ၆ တွင် ဓာတုလက်နက်များ အသုံးပြုမှုတားဆီးရေးနှင့်ဖျက်ဆီးရေးတို့ကို ကြီးကြပ်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်နာယကက ထောက်ခံပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ၂၀၁၂ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ၏အဖွဲ့ဝင်အဖြစ်ပြန်လည်ဝင်ရောက်ပြီးကတည်းက မြန်မာလွှတ်တော်များအတွက် သမဂ္ဂ၏ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များသည် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေးကို အစဉ်တစိုက် ထောက်ခံပြီး

လက်နက်များအပြိုင်အဆိုင်တပ်ဆင်မှု၊ တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများကို ဆန့်ကျင်ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် မာတုလက်နက်ဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး အတည်ပြုချုပ်ဆိုရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ဓာတုလက်နက်များ အသုံးပြုမှုတားဆီးရေးနှင့် ဖျက်ဆီးရေးတို့ကို ကြိုးကြပ်ရာတွင် လွှတ်တော်များ၏အခန်းကဏ္ဍ ခေါင်းစဉ်ပါ အရေးပေါ်အစီအစဉ်ကို ညီလာခံတွင်ထည့်သွင်းဆွေးနွေးရန် မြန်မာကိုယ်စားလှယ်အဖွဲ့က ထောက်ခံမဲပေးခဲ့ကြောင်း၊ ဓာတုလက်နက် အသုံးမပြုရေး၊ ဖျက်သိမ်းရေးအပါအဝင် ကမ္ဘာတစ်ဝန်းလက်နက်ဖျက်သိမ်းရေးကို မြန်မာနိုင်ငံလွှတ်တော်က ပါဝင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် ဩစတြေးလျနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.John Hogg၊ အီရန်နိုင်ငံပါလီမန်ဥက္ကဋ္ဌ H.E.Mr.Ali Larijani ၊တောင်အာဖရိကနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.M.V.Sisulu တို့နှင့်သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ လွှတ်တော်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အောက်တိုဘာလ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (IPU) ၏ တတိယနေ့အစည်းအဝေးများနှင့် ညီလာခံပိတ်ပွဲအခမ်းအနားသို့တက်ရောက်သည်။ ယင်းနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် အိန္ဒိယနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ Smt.Meira Kumar (Speaker of Sabha) နှင့် CJCG ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

အာဆီယံထိပ်သီးအစည်းအဝေးများ(၂၀၁၃) - (၂၂) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို ဧပြီလ ၂၅ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၏အထူးကိုယ်စားလှယ်အထက်လွှတ်တော်အကြီးအကဲ H.E.Mr.Tan Sri Abu Zahar Ujang၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ အာဆီယံနိုင်ငံများမှဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် အာဆီယံအသိုက်အဝန်း ၂၀၁၅၊ အာဆီယံဗဟို အချက်အချာကျမှုနှင့် ဒေသတွင်းပီသုကာတည်ဆောက်မှု၊ အာဆီယံအနာဂတ်လုပ်ငန်းစဉ်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဆွေးနွေးပြောကြားရာ၌ အာဆီယံအသိုက်အဝန်း ၂၀၁၅ (ASEAN Community 2015) ထူထောင်မှုနှင့်ပတ်သက်၍ ပထမအချက်အဖြစ် အာဆီယံစီးပွားရေးသည် ကောင်းမွန်နေပြီး ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုများအကြား၌ အာဆီယံက ၅ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပုံမှန်တိုးတက်မှုများ ရရှိနေကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ကုန်စည်စီးဆင်းမှုချောမွေ့ခြင်း၊ အလယ်အလတ်နှင့် အသေးစားလုပ်ငန်းများ တိုးတက်ထွန်းကားခြင်း၊

ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ အပြန်အလှန်ရွှေ့ပြောင်းနိုင်ခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအား တိုးတက်မည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်မှု၌ ၇၅ ရာခိုင်နှုန်းမျှ ပြီးစီးအောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ရည်မှန်းချက်၏ ၈၄ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အာဆီယံအသိုက်အဝန်းသည် ခိုင်မာပြီးရေရှည်တည်တံ့ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်ဆိုင်နေရသောကြောင့် စုပေါင်းဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ဆိုးကျိုး များကို ရင်ဆိုင်ဖြေရှင်းရာ၌ အကောင်းဆုံးနည်းလမ်း များမှာ Green Growth Technology နှင့် Green Economy စသည့်စီးပွားရေးလုပ်ငန်းများဖြစ်ကြကြောင်း၊ တတိယအချက်အနေဖြင့် ကောင်းမွန်သည့်ဆက်သွယ်မှုစနစ်ရှိရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အဖွဲ့အစည်းများအကြားဆက်သွယ်ရေးနှင့် အာဆီယံပြည်သူများအကြား ထိတွေ့ဆက်ဆံကူးလူးမှု တိုးမြှင့်ရေးသည် အရေးကြီးကြောင်း၊ ဤစီမံကိန်းကြီး၌ ပါဝင်ဆောင်ရွက်ရန် ဆွေးနွေးဘက်နိုင်ငံများနှင့် နိုင်ငံတကာငွေရေးကြေး ရေးအဖွဲ့အစည်းတို့ကို ယခုအစည်းအဝေးမှ ဖိတ်ခေါ်လိုကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို လက်တွေ့ဆောင်ရွက်နေကြောင်း၊ ယင်းစီမံချက်များသည် ဒေသဆိုင်ရာ ဆက်သွယ်ပေါင်းစည်းမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် စစ်မှန်သည့် အာဆီယံအသိုက်အဝန်းထူထောင်မှု၌ ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်သွားကြရေးဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် စီမံခန့်ခွဲမှုကောင်းမွန်ရေး၊ ဒီမိုကရေစီအခြေခံသဘောထားများ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးကို အလေးထားဆောင်ရွက်နေချိန်တွင် သက်ဆိုင်သူအားလုံးပါဝင်ဆောင်ရွက်ခွင့် ရရှိကြမည်ဖြစ်ပြီး ပြည်သူလူထုကို အခြေခံသည့် အသိုက်အဝန်း ပေါ်ပေါက်ရေးကို ဦးတည်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းကြီးနှင့် ပတ်သက်သည့်အသိပညာပေးရေးကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း၊ ပဉ္စမအချက်အနေဖြင့် အာဆီယံသည် မတူညီမှုများသည့်ဝိသေသများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ခြင်းဖြစ်၍ ထိုဝိသေသကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့ဝင်များ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ကိုးကွယ်မှုများကို လေးစားလိုက်နာသည့်လူအဖွဲ့အစည်း ထူထောင်သွားရန်လိုအပ်ကြောင်း၊ အစွန်းရောက်မှုကို ရှောင်ရှားပြီး စိတ်ရှည်သည်းခံမှု၊ ဘာသာရေးဆိုင်ရာ သဟဇာတဖြစ်မှုကို တိုးတက်မြှင့်တင်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံများအကြား ဆက်ဆံရာ၌ ယင်းရပ်တည်ချက်ကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း ပြည်သူလူထု အားလုံးငြိမ်းချမ်းပြီး သဟဇာတရှိသည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးရန်အတွက် အစွမ်းကုန်လုပ်ဆောင်နေကြောင်း၊ ဆဋ္ဌမအချက်အနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်ရာ၌ မိသားစုတန်ဖိုးထားမှုနှင့် မျှဝေခံစားမှုများကို အလေးထားဆောင်ရွက်နေသည်ကို အထူးအားရကြောင်း၊ အာဆီယံနိုင်ငံများအကြား၌ ဖွံ့ဖြိုးမှုကွာဟချက်များကို လျော့နည်းအောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်သည့်နေရာတွင် CLMV, ACMECS, BIMP-EAGA, IMT-GT, GMS နှင့် LMI (မဲခေါင်မြစ်အောက်ခြေနိုင်ငံများအစီအစဉ်) စသည့် ဒေသခွဲဆိုင်ရာအဖွဲ့အစည်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပြီး အာဆီယံဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပေါင်းစည်းရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသည့် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ ပင်လယ်ဓားပြမှု၊ လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးနှင့် ရွှေ့ပြောင်းလုပ်သားဆိုင်ရာကိစ္စများတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ

နိုင်ငံအနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှု လျော့နည်းရေးကို အလေးထားဆောင်ရွက်နေပြီး ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်နှင့် တစ်ထပ်တည်းရှိပြီး အာဆီယံပေါင်းစည်းမှုဆိုင်ရာ အောင်မြင်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင်း နယ်မြေအငြင်းပွားမှုများ၌ပါဝင်သည့် နိုင်ငံမဟုတ်သော်လည်း အဖွဲ့ဝင်အနေဖြင့် ယင်းကိစ္စကို အထူးအလေးထားကြောင်း၊ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့် နည်းလမ်းမှန်သမျှကို မိမိတို့အစဉ်တစိုက် ထောက်ခံအားပေးခဲ့ကြောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏တောင်တရုတ်ပင်လယ်ဆိုင်ရာအခြေခံမူ ခြောက်ချက်နှင့် တောင်တရုတ်ပင်လယ်နှင့်ပတ်သက်သည့် အာဆီယံနှင့်တရုတ်အကြား သဘောတူညီချက်များကို မိမိတို့ ထောက်ခံကြောင်း၊ တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ လိုက်နာစောင့်ထိန်းရမည့်လုပ်ထုံးလုပ်နည်း ဆိုင်ရာကြေညာချက် (DOC) ကို အပြည့်အဝအကောင်အထည်ဖော်သွားရေးနှင့်တောင်တရုတ်ပင်လယ်ဆိုင်ရာ နိုင်ငံများလိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ (COC) ပေါ်ထွက်ရေးအတွက် ဦးတည်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ကိစ္စ၌ အာဆီယံ၏တူညီသည့်ရပ်တည်ချက်ထွက်ပေါ်ရေးအတွက် အာဆီယံ၏တူညီဆန္ဒနှင့်တစ်သားတည်းရှိနေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးမျိုးသစ်တစ်မျိုးပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စိုးရိမ်မကင်းဖြစ်မိကြောင်း၊ ယင်းတုပ်ကွေးမျိုးသစ်သည် ကပ်ရောဂါအသွင်အဖြစ်ကူးပြောင်းမသွားစေရန်နှင့်ဒေသအတွင်း ပျံ့နှံ့ရောက်ရှိမလာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အချိန်နှင့်တစ်ပြေးညီသတင်းအချက်အလက်များ ဖလှယ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဥရောပကောင်စီမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းခဲ့သည့် ဧပြီလ ၂၂ ရက်က ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ကြိုဆိုကြောင်း၊ အီးယူက မြန်မာနိုင်ငံ၏ဒီမိုကရေစီ ဖော်ဆောင်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း အတွက် ထောက်ခံအားပေးခဲ့သည့် အာဆီယံနိုင်ငံများ ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအပေါ် ကျန်ရှိသည့်ပိတ်ဆို့မှုများကိုလည်း အမြန်ဆုံးရုပ်သိမ်းနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

(၂၃) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၉ ရက်တွင် ဘရူနိုင်းဒါရုဿလမ်နိုင်ငံဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဘရူနိုင်းဒါရုဿလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဆာနာလ် ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစွတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီမိုဟာမက်နာဇစ်ဘင်တွန်းအဗ္ဗဒုလ်ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတမစွတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်မစွတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစွရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစွတာလီယောင်မင်း၊ အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် ရှေးဦးစွာဘရူနိုင်းဒါရုဿလမ်နိုင်ငံဘုရင်က အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် အဆွေတော် ဘုရင်မင်းမြတ်နှင့် ဘရူနိုင်းဒါရုဿလမ်နိုင်ငံပြည်သူလူထုအား ၂၀၁၃ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုအပ်ပါကြောင်း၊ အဆွေတော်၏ဦးဆောင်မှုအောက်တွင် အာဆီယံအနေဖြင့် ကမ္ဘာ့မျက်နှာစာ၌ အရေးကြီးသည့်နေရာက ဆက်လက်

ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခုအခါတွင် အာဆီယံ ပေါင်းစည်းရေးအတွက် အရေးပါသည့်အချိန်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှုနှင့်ပတ်သက်၍ မိမိတို့၏တိုးတက်မှု များကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးအရစွမ်းအားရှိပြီး ရှင်သန် ဖွံ့ဖြိုးသည့်ဒေသ၊ တည်ငြိမ်အေးချမ်းသည့်ဒေသအဖြစ် တစ်ကမ္ဘာလုံးကို ပြသရန်လိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ် အတွင်း အာဆီယံ၏ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိ ရန် အချိန်နီးကပ်လာသည်နှင့်အညီ ကျန်ရှိနေသေး သည့် ရည်မှန်းချက်များ ပြည့်မီစေရန် ပွင့်လင်းစွာ သုံးသပ်ရန် လိုအပ်ကြောင်း၊ အာဆီယံသည် ပြင်ပသို့ ရှေးရှုသည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်အသစ် ချမှတ်နိုင်ရန် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် အခြားသော အာဆီယံနိုင်ငံများ၏လုပ်ဆောင်မှုများကို ကြိုဆိုကြောင်း၊ အာဆီယံ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော်ရာတွင် မိမိတို့၏ အတွေးအမြင်များကို မျှဝေလိုကြောင်း၊ ကုလသမဂ္ဂက ချမှတ်ပေးခဲ့သည့်ထောင်စုနှစ်ရည်မှန်း ချက်များကို ၂၀၁၅ ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက်မှာထည့်သွင်းစဉ်းစား ရမည်ဖြစ်ကြောင်း၊ ၂၁ ရာစု၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုသည် အသေးစားနှင့် အလတ်စားလုပ်ငန်း များကို အဓိကတွန်းအားများအဖြစ် တိုးမြှင့်ရန်ဖြစ် ကြောင်း၊ အဖွဲ့ဝင်နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းစေရန်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပြင်ပမိတ်ဖက်များနှင့်ပါပေါင်းစည်း ဆက်နွယ်နိုင်သည့် အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်းကို စဉ်းစားရမည်ဖြစ်ကြောင်း၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးစဉ်းစားရမည်ဖြစ် ကြောင်း၊ အသက်အရွယ်ကြီးရင့်သူဘိုးဘွားဦးရေ အချိုးအစားမြင့်မားလာမှုကို ဦးစားပေးစဉ်းစားရမည် ဖြစ်ကြောင်း၊ အကျပ်အတည်းနှင့်သဘာဝဘေးဒဏ် များနှင့်ပတ်သက်၍ ကြံ့ခိုင်မှုကို မြှင့်တင်ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ဆွေးနွေးဖက် နိုင်ငံများနှင့်ဆက်ဆံရေးချဲ့ထွင်ရာတွင် သာတူညီမျှ ရှိသည့်ချဉ်းကပ်မှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အောင်မြင်မှုရှိသည့်ရလဒ်များ ရရှိနိုင်သော မျှော်မှန်း ချက်များကို ချမှတ်ရမည်ဖြစ်ကြောင်း၊ အာဆီယံ အသိုက်အဝန်းတည်ဆောက်သည့်နေရာတွင် ၂၀၁၅ ခုနှစ်၌ အာဆီယံအသိုက်အဝန်းပေါ်ပေါက်ရေးသည် အာဆီယံ၏ပန်းတိုင်မဟုတ်သေးဘဲ နိဒါန်းသာဖြစ် ကြောင်း၊ ထို့အတွက် ၂၀၁၆-၂၀၂၀ ကာလလုပ်ငန်းစီမံ ချက်တစ်ရပ်ရေးဆွဲရန် လုပ်ငန်းစဉ်စသင့်ပြီဖြစ် ကြောင်း၊ ပြင်ပမိတ်ဖက်များကို ဆွဲဆောင်နိုင်ရန်နှင့် အာဆီယံ၏အချက်အချာကျမှုကို ထိန်းသိမ်းရန် အာဆီယံအနေဖြင့် ဦးဆောင်မှု၊ ယုံကြည်အားကိုးမှု၊ လိုက်လျောညီထွေရှိမှုတို့ကို ထိန်းသိမ်းရမည်ဖြစ်ပါ ကြောင်း၊ ဒေသဆိုင်ရာနှင့်နိုင်ငံတကာ ကိစ္စရပ်များတွင် အာဆီယံအနေဖြင့် ရပ်တည်ချက်တစ်ခုတည်း ရရှိရန် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ အာဆီယံသည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့်တောင်အာဖရိကတို့ ပါဝင်သည့် BRICS နှင့် G-20 တို့ကဲ့သို့ အသစ်ပေါ် ထွက်လာသည့်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ချဲ့ထွင်ရေးကို ထည့်သွင်းစဉ်းစားကာ ပိုမိုညီညွတ်မှုတ သည့်နည်းလမ်းဖြင့် ချဉ်းကပ်သင့်ကြောင်း၊ မကြာ သေးမီကာလက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများသည် အာဆီယံအသိုက် အဝန်းပေါင်းစည်းရေးကို အထောက်အကူပြုစေခဲ့ ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပေါ်ထွန်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် စိန်ခေါ်မှုများရှိ နေသော်လည်း လုပ်ဖော်ကိုင်ဖက်များ၏ အားပေး ထောက်ခံမှုများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည် ထားကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်တွင် ပထမဆုံးအကြိမ် အဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း၊ မိမိတို့အာဆီယံ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် အချိန်တွင် အာဆီယံ၏ လက်ရှိလုပ်ငန်းများကို အောင်မြင်ပြီးစီး အောင်ဆောင်ရွက်ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင် ရွက်ကာ အာဆီယံ၏ အနာဂတ်အတွက် အဆွေတော်

တို့နှင့်အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဥက္ကဋ္ဌ တာဝန်ယူရေးအတွက် အဆွေတော်တို့၏ အားပေးထောက်ခံမှုများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

(၁၆) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၉ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစွတာရှင်ဇိုအာဘေးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အာဆီယံ-ဂျပန်ဆက်ဆံရေးစတင်တည်ထောင်ခဲ့သော ၁၉၇၃ ခုနှစ်မှ စတင်ပြီးသိသာသော တိုးတက်မှုများ ရရှိခဲ့ကြောင်း၊ ယခုအချိန်တွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်နေကြောင်း၊ ၂၀၁၃ ခုနှစ်သည် အာဆီယံ-ဂျပန်ဆက်ဆံရေးနှစ် (၄၀) မြောက် အထိမ်းအမှတ်နှစ်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်မစွတာ ရှင်ဇို အာဘေးအဆိုပြုခဲ့သော အာဆီယံနှင့်ပိုမိုပူးပေါင်းရေးမူဝါဒငါးရပ်ကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပေါင်းစပ်ဆက်သွယ်ရေးမဟာစီမံကိန်း (ASEAN Connectivity Master Plan) ကို အထူးအလေးထားပြီး မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်မည့် သီလဝါအထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်များမှ ဒေသဆက်သွယ်ရေးလမ်းကြောင်းများကို တိုးမြှင့်လိုကြောင်း၊ အာဆီယံ-ဂျပန်ကုန်သွယ်မှု မြှင့်တင်ရေးအတွက် အာဆီယံ-ဂျပန်ဗဟိုဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း၊ အနာဂတ်ကာလတွင်လည်း အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားသည်။

ထို့နောက် (၁၆) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စပတ်ဂွမ်ဟေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့သည် ၁၉၈၉ ခုနှစ်မှစတင်ပြီး ဆွေးနွေးဖက်ဆက်ဆံရေးကို ထူထောင်ခဲ့ကြောင်း၊ ယနေ့တွင် အာဆီယံ-ကိုရီးယား ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေး မဟာဗျူဟာမိတ်ဖက်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုလမ်းပြမြေပုံ (၂၀၀၉-၂၀၁၅) အကောင်အထည်ဖော်ရာတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ထောက်ခံအားပေးမှုကို ကျေးဇူးတင်ရှိကြောင်း၊ နှစ်ဖက်အကြားကုန်သွယ်မှုတိုးမြှင့်လာခြင်းကို ကြိုဆိုကြောင်း၊ အာဆီယံ-ကိုရီးယားလွတ်လပ်သောကုန်သွယ်မှုဧရိယာကို မျှော်မှန်းထားသည့်ကုန်သွယ်မှုပမာဏ ရောက်ရှိမည်ဟု မျှော်လင့်ကြောင်း၊ အာဆီယံပေါင်းစပ်ဆက်သွယ်ရေးမဟာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်ရှိကြောင်း၊ ကိုရီးယားနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးသော သတင်းအချက်အလက်နည်းပညာများကို အာဆီယံနိုင်ငံများက မျှဝေရယူခြင်းဖြင့် နှစ်ဖက်စလုံးအကျိုးရှိပေးနိုင်ပြည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် အကူမြှောင်းမဲ့သော ကိုရီးယားကျွန်းဆွယ်ဖြစ်ရေးကြိုးပမ်းမှုကို အပြည့်အဝထောက်ခံကြောင်း ပြောကြားသည်။

ထို့နောက် (၁၆) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစွတာလီကာကျန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၃ ခုနှစ်သည် အာဆီယံ-တရုတ် မဟာဗျူဟာဆက်ဆံရေးစတင်ခဲ့သည့် (၁၀) နှစ်ပြည့် အထိမ်းအမှတ်ဖြစ်ကြောင်း၊ အနာဂတ်တွင် ပိုမိုပူးပေါင်း

ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အာဆီယံ-တရုတ်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းနှင့်ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အာဆီယံပေါင်းစပ်ဆက်သွယ်ရေးမဟာစီမံကိန်းအောင်မြင်ရေးအတွက် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အာဆီယံနှင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ်များဆက်သွယ်ရေးကို တိုးမြှင့်ပေးနိုင်သော အခြေအနေတွင်ရှိကြောင်း၊ ပြီးခဲ့သည့်စက်တင်ဘာလက နန်နင်းမြို့တွင်ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက်အာဆီယံ-တရုတ်ကုန်စည်ပြပွဲနှင့်အာဆီယံ-တရုတ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးက အာဆီယံ-တရုတ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာရည်မှန်းချက် များအောင်မြင်မှုအတွက် မိမိတို့၏ ကတိကဝတ်များ ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့ကြောင်း၊ စက်တင်ဘာလက တရုတ်နိုင်ငံ စူကျိုးမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ-တရုတ်အဆင့်မြင့်အရာရှိများအစည်းအဝေးက တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်းအကောင်အထည်ဖော်ရေးနှင့် ပတ်သက်ပြီး တိုးတက်မှုရရှိခြင်းအပေါ် ကျေနပ်အားရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထောက်ခံအားပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ အာဆီယံဥက္ကဋ္ဌ တာဝန်ယူချိန်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံအကြား ရှိ မဟာဗျူဟာဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဂျွန်ကယ်ရီတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးဖြစ်သည့်အတွက် အာဆီယံ-အမေရိကန်ဆက်ဆံရေးတွင် ထူးခြားသောတိုးတက်မှုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ-အမေရိကန် ဆွေးနွေးဖက်ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု အဆင့်အားလုံးကို အလေးထားကြောင်း၊ အာဆီယံနှင့်အမေရိကန်ပြည်ထောင်စုတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ရေကြောင်းလုံခြုံရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်မှုများသည် အကျိုးရှိသော ဆောင်ရွက်မှုများဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏အစီအမံများဖြစ်သည့် စီးပွားရေးအဆင့်မြင့် ထိတွေ့ဆက်ဆံမှု အစီအမံ၊ အာရှ-ပစိဖိတ် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံမှုအစီအမံ၊ အာရှ-ပစိဖိတ်ရေရှည်တည်တံ့သော စွမ်းအင်ဆိုင်ရာ မိတ်ဖက်အစီအမံများကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ တိုးတက်ပြောင်းလဲသောဆက်ဆံရေးကို အထူးအားရကျေနပ်ကြောင်း၊ မြန်မာနှင့် အမေရိကန်ပြည်ထောင်စုအကြားခင်မင်ရင်းနှီးသောဆက်ဆံရေးသည် အာဆီယံ-အမေရိကန် ဆက်ဆံရေးကို ထပ်မံမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

(၁၆) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၁၀ ရက်တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီကာကျန်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စပတ်ဂွမ်ဟေးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံ+၃ နိုင်ငံများပူးပေါင်းဆောင်ရွက်မှုသည် အရှေ့အာရှဒေသလုံခြုံရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါကြောင်း၊ အာဆီယံ+၃ နိုင်ငံများအကြားတွင် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊

ယခုအခါ မိမိတို့နိုင်ငံသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပုံမှန်ဆက်သွယ်လုပ်ကိုင်နေပြီဖြစ်သည့်အတွက် ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် အာဆီယံ + ၃ နိုင်ငံများနှင့် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံ၏အထူးစီးပွားရေးဇုန် စီမံကိန်းကြီးသုံးခုဖြစ်သည့် ကျောက်ဖြူ၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို အရှေ့တောင်အာရှနိုင်ငံများနှင့် + ၃ နိုင်ငံများကို ဆက်သွယ်နိုင်မည့်စီမံကိန်းများအဖြစ်လုပ်ဆောင်ရန် အခြေအနေကောင်းများရှိနေကြောင်း၊ + ၃ နိုင်ငံများအနေဖြင့် ဒေသဆိုင်ရာလွတ်လပ်စွာကုန်သွယ်မှု ဧရိယာထူထောင်မှုအတွက် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) စေ့စပ်ဆွေးနွေးမှုများမှာလည်း တက်ကြွစွာပူးပေါင်းပါဝင်ရန် တိုက်တွန်းလိုကြောင်း၊ ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့်အတူ စားနပ်ရိက္ခာဖူလုံမှုပြဿနာသည် ဒေသတွင်းနိုင်ငံများအတွက် စိန်ခေါ်မှုဖြစ်လာကြောင်း၊ ထို့ကြောင့် အာဆီယံ + ၃ အရန်ဆန်ထားရှိမှု အစီအစဉ် (ASEAN PLUS Three Emergency Rice Reserve-APTERR) သည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုအတွက် အရေးကြီးသည့်ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း၊ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ကြောင်း၊ အာဆီယံ + ၃ နိုင်ငံတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိကြောင်း၊ အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အတွင်းမှဆောင်ရွက်သည့် အရှေ့အာရှဖိုရမ်၊ အရှေ့အာရှမျှော်မှန်းချက်အဖွဲ့နှင့်အရှေ့အာရှပညာရှင်များကွန်ရက် (East Asia Forum-EAF,East Asia Vision Group-EAVG,Network of ASEAN Think-Tanks, NEAT) တို့၏လုပ်ငန်းများကို ခိုးကျူးကြောင်း၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအာဆီယံ ဥက္ကဋ္ဌတာဝန်ယူရေးကြိုးပမ်းဆောင်ရွက်မှုများ၌ အာဆီယံ + ၃ နိုင်ငံများ၏ အကူအညီပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဋ္ဌမအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ သြစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အရှေ့အာရှထိပ်သီးအစည်းအဝေးသည် မဟာဗျူဟာအရအကျိုးသက်ရောက်မှုရှိသည့် နိုင်ငံရေး၊ လုံခြုံရေးနှင့်စီးပွားရေးကိစ္စများကို ခေါင်းဆောင်များအကြား လွတ်လပ်စွာဆွေးနွေးပူးပေါင်းဆောင်ရွက်နိုင်သည့် ဖိုရမ်တစ်ခုအဖြစ်ဆက်လက်ရှင်သန်တိုးတက်နေကြောင်း၊ အာရှထိပ်သီးအစည်းအဝေးကျင်းပခဲ့မှု ၁၀ နှစ်နီးပါးရှိလာချိန်တွင် အရှေ့အာရှထိပ်သီးအစည်းအဝေးလုပ်ငန်းစဉ်များကိုပြန်လည်သုံးသပ်ရန်အတွက် ကမကထပြု၊ အဆိုပြုလာသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း၊ အာရှထိပ်သီးအစည်းအဝေးအနေဖြင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှုနှင့်ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ကို တိုးချဲ့ဆောင်ရွက်နိုင်မှုအပေါ် အားရကျေနပ်ကြောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သည် အာဆီယံ၏အရေးပါသောနယ်ပယ်တစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လိုကြောင်း၊ စွမ်းအင်ဖူလုံရေးကိစ္စသည် မိမိတို့၏ အမျိုးသားဦးစားပေးကဏ္ဍဖြစ်ပြီး စွမ်းအင်တိုးချဲ့ထုတ်လုပ်မှုနှင့်နိုင်ငံအနှံ့လျှပ်စစ်မီးရရှိရေးလုပ်ငန်းစဉ်များကို ချမှတ်ထားကြောင်း၊ ထိုလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ၂၁ ရာစုစိန်ခေါ်မှုများအနက် ရာသီဥတုပြောင်းလဲမှုသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစေရန်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုပုံစံနှင့် စိုက်ပျိုးရေးစနစ်များ ပြောင်းလဲကျင့်သုံးရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းအားထုတ်မှု

များနှင့်ဒီမိုကရေစီ ပေါ်ထွန်းရေးဖြစ်စဉ်ကို အားပေး ကူညီအသိအမှတ်ပြုသည့်အတွက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများကို ကျေးဇူး တင်ရှိကြောင်း၊ မြန်မာနိုင်ငံက အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူချိန်တွင်လည်း အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကဏ္ဍာပေါင်းစုံတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြား သည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံ များမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစွတာမန်မိုဟန်ဆင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ကျင်းပခဲ့သည့် အာဆီယံ-အိန္ဒိယဆွေးနွေးဖက်ဆက်ဆံရေး နှစ် (၂၀) မြောက် ထိပ်သီးအစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ ဆက်ဆံရေးကို မဟာဗျူဟာမြောက်ဆွေးနွေးဖက် ဆက်ဆံရေးအဆင့်သို့တိုးမြှင့်နိုင်ခြင်းအတွက်ဝမ်းမြောက် ကြောင်း၊ အာဆီယံ-အိန္ဒိယကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် (ASEAN-INDIA Trade in Service and Investment Agreement) ကို ဆောလျင်စွာလက်မှတ်ရေးထိုးနိုင် မည်ဟု ယုံကြည်ကြောင်း၊ အိန္ဒိယနိုင်ငံက ၂၀၁၅ ခုနှစ် တွင် အာဆီယံ-အိန္ဒိယကုန်သွယ်မှုပမာဏကို အမေရိကန် ဒေါ်လာဘီလီယံ ၁၀၀ ရောက်ရှိရန် ရည်မှန်းထားခြင်း ကိုလည်းကြိုဆိုကြောင်း၊ အိန္ဒိယနိုင်ငံမှအစပြုပြီး မြန်မာနိုင်ငံကိုဖြတ်သန်းကာ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ကို ချိတ်ဆက်သွားလာနိုင်မည့် အမြန်လမ်းမစီမံကိန်းကို အမြန်ဆုံးအကောင်အထည် ဖော်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ မြန်မာနှင့်အိန္ဒိယ ပူးပေါင်းဆောင်ရွက်နေသည့်ကုလားတန်မြစ်ဘက်စုံ သုံး နယ်စပ်ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း သည် ပို့ဆောင်ရေးနှင့်ကုန်သွယ်ရေးအတွက် သာမက ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံ-အိန္ဒိယစင်တာကို ထူထောင်နိုင်သည့်အတွက် အနာဂတ် တွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း တို့တွင် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ အာဆီယံဒေသတွင်းဖွံ့ဖြိုး တိုးတက်မှု ကဉာဟချက် ကျဉ်းမြောင်းစေရန် ရည် ရွယ် ထားသည့်အာဆီယံကနဦးပေါင်းစည်းရေး အစီအစဉ် (Initiative for ASEAN Integration-IAI) ကို အိန္ဒိယ နိုင်ငံက စဉ်ဆက်မပြတ်အားပေးကူညီမှုများကို ကျေးဇူး တင်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထောက်ခံအားပေးမှု အတွက်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံ များမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ နှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစွတာဘန်ကီမွန်း တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံ-ကုလသမဂ္ဂမိတ်ဖက်ဆက်ဆံ ရေးဆိုင်ရာ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း နိုင်ငံ ရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့်လူမှုယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် အာဆီယံနှင့်ကုလသမဂ္ဂတို့ ပူးပေါင်း ဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအပေါ် မိမိမျှားစွာ ကျေနပ်မိကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း နောက်ပိုင်းလူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ အကူအညီပေးရေးလုပ်ငန်းအဖွဲ့တွင်ကုလသမဂ္ဂက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ခြင်းအပေါ် အထူးကျေးဇူး တင်ရှိကြောင်း၊ နာဂစ်မုန်တိုင်းလွန်ကာလပြန်လည် တည်ဆောက်လုပ်ရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် အာဆီယံ-ကုလသမဂ္ဂ မိတ်ဖက်ဆက်ဆံရေး၏အောင်မြင်မှုဖြစ် ကြောင်း၊ မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂဖွံ့ဖြိုးတိုး တက်မှုအစီအစဉ်က ဖွံ့ဖြိုးတိုးတက်ရေးပုံမှန်လုပ်ငန်း စဉ် ၂၀၁၃-၂၀၁၅ (Normal Country Programme of the UNDP 2013-2015) ကို ပြန်လည်စတင်ပေးခဲ့ခြင်း အတွက်ကျေးဇူးတင်ရှိကြောင်း၊ ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ

နိုင်ငံတော်သမ္မတက ဘရူနိုင်းဘုရင်ထံမှ အာဆီယံဥက္ကဋ္ဌတာဝန်လွှဲပြောင်းယူနေစဉ်

တွင် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးအစီ အစဉ်သည်လည်း မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂတို့ အကြားပူးပေါင်းဆောင်ရွက်မှု၏အရေးပါလှသည့် လုပ်ငန်းဖြစ်ကြောင်း၊ အစားအစာနှင့်စွမ်းအင်လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနယ်ပယ်တွင် အာဆီယံ၏ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအထူးအေဂျင်စီများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံအသိုက်အဝန်းကို အောင်မြင်စွာအကောင်အထည်ဖော်မှုတွင် အာဆီယံ-ကုလသမဂ္ဂမိတ်ဖက်ဆက်ဆံရေးက အထောက်အကူ ဖြစ်စေမည်ဟု မိမိယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် (၂၃) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးပိတ်ပွဲနှင့် မြန်မာနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌ ရာထူးလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ် ဇာဒင်ဝါဒိုလာက မိန့်ခွန်းပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အာဆီယံဥက္ကဋ္ဌရာထူးကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဘရူနိုင်းဒါရုဆလမ်နိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း အာဆီယံအဖွဲ့ကို အောင်မြင်စွာဦးဆောင်နိုင်သည့်အတွက် ချီးကျူးကြောင်း၊ အာဆီယံ၏ကြိုးပမ်းမှုတစ်ရပ် ဖြစ်သည့် ပြည်သူဗဟိုပြုအာဆီယံဖြစ်မြောက်ရေး (People Centred ASEAN) အတွက် ဘရူနိုင်းနိုင်ငံက သိသာထင်ရှားစွာဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင်လည်း အာဆီယံဥက္ကဋ္ဌအနေဖြင့်အာဆီယံနှင့်အခြားနိုင်ငံများဆက်ဆံရေးကို ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းဆီသို့ လျှောက်လှမ်းရာတွင် စံနမူနာပြ ဆောင်ရွက်နိုင်ခဲ့သည့် ဘရူနိုင်းနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ ရာထူးကိုလွှဲပြောင်းရယူရမည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မြန်မာနိုင်ငံသည်အာဆီယံ နိုင်ငံအားလုံးနှင့်

အတူ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကျန်ရှိနေသေးသော အစိတ်အပိုင်းများကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာစေရန် နောက်ဆက်တွဲလုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်ရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံး၏ရည်မှန်းသန့်ရှင်းချမှတ်ထားကြောင်း၊ အဆွေတော်တို့၏ထောက်ခံအားပေးမှုများဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နှစ် ၄၀ ပြည့် အာဆီယံ-ဂျပန်



(၂၂) ကြိမ်မြောက် အာဆီယံထိပ်သီး
သီးသန့်အစည်းအဝေးကျင်းပစဉ်

ချက်ဖြစ်သည့်အာဆီယံအသိုက်အဝန်းသည် ငြိမ်းချမ်းသာယာဝပြောသည့်အသိုက်အဝန်းဖြစ်ပြီး ထိုအသိုက်အဝန်းရှင်သန်ရန်အတွက် စည်းလုံးညီညွတ်မှုရရှိရန်လည်း အရေးကြီးကြောင်း၊ အဆိုပါအချက်အလက်များကို အခြေခံပြီး ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ဆောင်ပုဒ်ကို ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီ (Moving Forward in Unity, To a Peaceful and Prosperous Community) ဟူသည့်ဆောင်ပုဒ်ကို ရွေးချယ်ခဲ့ကြောင်း၊ အာဆီယံအနေဖြင့် စည်းလုံးညီညွတ်ခြင်းကို အစဉ်တစိုက်ပြသခဲ့ပြီး အဆိုပါကောင်းမြတ်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် အလေးအနက်ထားကြောင်း၊ ဥက္ကဋ္ဌတာဝန်ကိုအောင်မြင်စွာထမ်းဆောင်နိုင်ရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ အဆွေတော်တို့၏ထောက်ခံအားပေးမှုများဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နှစ် ၄၀ ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒီဇင်ဘာလ ၁၂ ရက်မှ ၁၇ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်သည်။

နှစ် (၄၀) ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာလ ၁၄ ရက်တွင် ဂျပန်နိုင်ငံ နိုင်ငံတော်ဥက္ကဋ္ဌဟောဂိုရိုမို-နို-မ ခန်းမ၌ ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတဒေါက်တာ ဆူစီလိုဘမ်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာသွန်ဆင်းသမာဇောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်ဒါတွတ်ဆရီမိုဟာမက်နာဂျစ်ဘင်တွန်းအဗ္ဒဒူလ်ရာဇတ်၊

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E.Niwattumrong Boonsongpaisan နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံခေါင်းဆောင်များက အသီးသီးမိန့်ခွန်းပြောကြားကြပြီး ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကို အခြေခံထားသည့် အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးနှစ် (၄၀) ပြည့်အထိမ်းအမှတ်ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးက အနာဂတ်တွင် အာဆီယံ-ဂျပန်ချစ်ကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေသည့် ရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရန်၊ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြင့်တင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဒေသတွင်းတည်ငြိမ်ရေးနှင့်လုံခြုံရေးအတွက် မူဘောင်များချမှတ်ရန် လိုအပ်ပါကြောင်း၊ နျူကလီးယားလက်နက်ဖျက်သိမ်းရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များသည် မိမိတို့အလေးထားရမည့်ကိစ္စဖြစ်ကြောင်း၊ အာဆီယံ-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလမ်းပြမြေပုံ (၂၀၁၂-၂၀၁၃) (ASEAN-Japan Strategic Economic Cooperation Roadmap 2012-2013) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိပြီးဖြစ်သည့်တိုးတက်မှုများကို အသိအမှတ်ပြုပြီး ထိုတိုးတက်မှုများမှတစ်ဆင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) အောင်မြင်စေရန်အတွက် လမ်းဖွင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း၊ အခြေခံအဆောက်အအုံများ လုံလောက်စွာမရှိခြင်း၊ ဝင်ငွေကွာဟမှုများနှင့် ကျေးလက်နှင့်မြို့ပြဒေသဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း၊ စွမ်းအင်မလုံလောက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ သဘာဝဘေးဒဏ်စသည့် စိန်ခေါ်မှုများကို လက်တွဲရင်ဆိုင်သွားရန် လိုအပ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုများပြားသည့် ဒေသဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏အာဆီယံ-ဂျပန်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှု၊ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်အတွက် ကွန်ရက်ဖွဲ့စည်းခြင်း၊ ဆွေးနွေးခြင်းများနှင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် အာဆီယံ အသိုက်အဝန်း ထူထောင်ရန် ဂျပန်နိုင်ငံ၏အဆိုပြုမှုကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက် အကူအမြဲလက်နက်ကင်းမဲ့စေရေးကြိုးပမ်းမှုကို အပြည့်အဝထောက်ခံကြောင်း၊ တောင်တရုတ်ပင်လယ်နှင့်ပတ်သက်ပြီးအာဆီယံနှင့်တရုတ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန်ကြိုးပမ်းမှုများကို အမြဲထောက်ခံကြောင်း၊ အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုမျှော်မှန်းချက်ကြေညာချက် (Vision Statement on ASEAN-Japan Friendship and Cooperation) ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်နှင့် ပူးတွဲကြေညာချက်များအား ယခုအစည်းအဝေးက အတည်ပြုခြင်းကို အပြည့်အဝထောက်ခံကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အာဆီယံနိုင်ငံများနှင့်အတူ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် နှစ် (၄၀) ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ်ထိပ်သီးဆွေးနွေးပွဲပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)။ ။ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်တွင် ရန်ကုန်မြို့ သယ်နန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) သုဝဏ္ဏဒ္ဒ ကျင်းပသည်။ အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်ချစ်မြတ်နိုးသူပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားကို ညနေ ၄ နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးများအဖြစ် ဆန်းထွဋ်နှင့် တင်မိုးလွင်တို့က ဆောင်ရွက်သည်။ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားပြောဆိုသည်။

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်ရာအကောင်းဆုံးရုပ်ရှင်အသံဆုအတွက် အကယ်ဒမီဦးအေးမြင့် (ဇာတ်လမ်းရုပ်ရှင်) ကဖွင့်ဖောက်ကြေညာပြီး 'ကယန်းအလှ' ဇာတ်ကားဖြင့် တိုနီ (လင်း) က ရရှိရာ ထိုဆုကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ချီးမြှင့်သည်။ အကောင်းဆုံးရုပ်ရှင်တေးဂီတဆု အတွက် ဂီတမှူးအကယ်ဒမီဦးခင်မောင်ကြီးက ဖွင့်ဖောက်ကြေညာပြီး 'အမွေခံထိုက်သူဖြစ်ပါစေ' ဇာတ်ကားမှ ဂီတမှူးဝင်းကိုက ရရှိရာ ထိုဆုကို ဂီတမှူး အကယ်ဒမီ ဦးဇော်မျိုးထွဋ်က ချီးမြှင့်သည်။ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုအတွက် အကယ်ဒမီအောင်သွင်(ခ) ဦးအုန်းမောင်က ဖွင့်ဖောက်ကြေညာပြီး 'ဥ'ဇာတ်ကားမှ ဇော်မင်း (ဟံသာမြေ) က ရရှိရာ ထိုဆုကို ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ချီးမြှင့်သည်။ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုအတွက် အကယ်ဒမီ ကျော်ဖြူ (ပဒေသာ) က ဖွင့်ဖောက်ကြေညာပြီး 'ကယန်းအလှ' ဇာတ်ကားမှ အောင်ကိုလတ်ကရရှိရာ ထိုဆုကို အကယ်ဒမီသန်းညွှန့် (ပန်းသာ) က ချီးမြှင့်သည်။ အကောင်းဆုံးရုပ်ရှင်အထူးဆု (ကလေးသရုပ်ဆောင်ဆု) အတွက် အကယ်ဒမီ မြင့်မြင့်ခိုင်က ဖွင့်ဖောက်

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးရရှိသွားသည့် ပြေတီဦး၏ ကြည်နူးမှုအပြုံး

ကြေညာပြီး 'တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ' ဇာတ်ကားမှ ယွန်းယွန်းက ရရှိရာ ထိုဆုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါမြတ်မြတ်အုန်းခင်က ချီးမြှင့်သည်။ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအတွက် အကယ်ဒမီရဲအောင်က ဖွင့်ဖောက်ကြေညာပြီး 'လက်ပံ' ဇာတ်ကားမှ ပြေတီဦးက ရရှိရာ ထိုဆုကို အကယ်ဒမီရန်အောင်က ချီးမြှင့်သည်။ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက် အကယ်ဒမီမြင့်မြင့်ခင်က ဖွင့်ဖောက်ကြေညာပြီး 'ဥ'ဇာတ်ကားမှ ချောရတနာက ရရှိရာ ထိုဆုကို အကယ်ဒမီချိုပြုံးက ချီးမြှင့်သည်။ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုအတွက် အကယ်ဒမီမေသဏ္ဍာဦးက ဖွင့်ဖောက်ကြေညာပြီး 'လက်ပံ' ဇာတ်ကားမှ ဖွေးဖွေးက ရရှိရာ ထိုဆုကို အကယ်ဒမီမို့မို့မြင့်အောင်က ချီးမြှင့်သည်။ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုအတွက် အကယ်ဒမီ မလိခစိုးထိုက်အောင်က ဖွင့်ဖောက်ကြေညာပြီး 'ဥ' ဇာတ်ကားမှ ကိုဇော်(အရုဏ်ဦး)က ရရှိရာ ထိုဆုကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ချီးမြှင့်သည်။

ဆုများချီးမြှင့်ပြီးနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် အကယ်ဒမီဆုရရှိကြသူများ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ညနေပိုင်းတွင် အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသည်။

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနား၌ စင်ကာပူနိုင်ငံအခြေစိုက် Barco Co.Ltd က ထုတ်လုပ်သည့် Digital Projector နှင့် Silver Screen ကို အသုံးပြုပြီး ယခင်နှစ်များနှင့်မတူ ဆန်းပြားစေရန် စီစဉ်တင်ဆက်သည်။ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော်မြန်မာ့အသံ၊ တောင်သူလယ်သမား ရုပ်သံလိုင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ MRTV-4,MITV, MNTV,SKYNET up to date Channel,MWD Channel, MWD Variety Channel,MWD Documentary Channel တို့က မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသသည်။

ယခင်ကဖော်ပြရန် ကျန်ရှိခဲ့သော ကွယ်လွန်သူထင်ရှားသည့်ပုဂ္ဂိုလ်များ

စောမောင်၊ ဗိုလ်ချုပ်မှူးကြီး (ငြိမ်း) (၁၉၂၈-၁၉၉၇)။ ။ ဗိုလ်ချုပ်မှူးကြီး စောမောင် (ငြိမ်း) ကို အဘ ဦးမောင်ကလေး၊ အမိဒေါ်မှတ်တို့က ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးမြို့၌ မွေးဖွားသည်။

မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် အဋ္ဌမတန်းအောင်မြင်သည်အထိ ပညာသင်ကြားသည်။ ကျောင်းသားဘဝက "ရဲညွှန့်" တပ်ဖွဲ့တွင် တပ်စိတ်မှူးအဖြစ်ပါဝင်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် မန္တလေးနန်းတွင်းအမှတ် (၉၂၂) နှင့်အမှတ် (၁) မြို့နယ်အင်ဂျင်နီယာတပ်တို့တွင် လျှပ်စစ်ပညာသည်အဖြစ် ဝင်ရောက်ထမ်းဆောင်သည်။ ၁၉၄၉ ခုနှစ်တွင် တပ်မတော်သို့ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ၁၉၅၀ ပြည့်နှစ်တွင် တပ်မတော်ထောက်လှမ်းရေးသင်တန်း အမှတ်စဉ် (၃) သို့ တက်ရောက်ပြီး ရှမ်းပြည်တောင်ပိုင်း၊ တပ်မတော်ထောက်လှမ်းရေးအဖွဲ့၌ တပ်ကြပ်ကြီးတာဝန်ထမ်းဆောင်သည်။ ၁၉၅၁ ခုနှစ်တွင် ဗိုလ်သင်တန်းအမှတ်စဉ် ၆ သို့တက်ရောက်သည်။ ၁၉၅၂ ခုနှစ်တွင် (ကြည်း) ၆၁၈၇ ဒုတိယဗိုလ်အဆင့်ဖြင့် ပြန်တမ်းဝင် အရာရှိဖြစ်လာသည်။ ၁၉၅၃ ခုနှစ်တွင် ဗိုလ်ကြီးအဆင့် ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်အောင်မြင်သည်။ ၁၉၇၃ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်တိုးမြှင့်ခံရသည်။ ၁၉၇၅ ခုနှစ်တွင် တပ်မ ၉၉ တပ်မမှူး၊ ၁၉၇၆ ခုနှစ်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ၁၉၇၇ ခုနှစ်တွင် ကချင်ပြည်နယ် ဒေသပါတီကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဗိုလ်မှူးချုပ် အဆင့်သို့ တိုးမြှင့်ခံရပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဧရာဝတီတိုင်း ဒေသပါတီကော်မတီဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်သည်။

၁၉၈၁ ခုနှစ်တွင် စစ်ရေးချုပ်ဖြစ်လာခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဗိုလ်ချုပ်အဆင့်သို့တိုးမြှင့်ခံရသည်။

၁၉၈၃ ခုနှစ်တွင်ပင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် မြောက်ကိုရီးယား အကြမ်းဖက်သမားများ၏ အာဇာနည်

ဗိုလ်ချုပ်မှူးကြီး စောမောင်

ဗိမာန်ဝုံးဖောက်ခွဲမှုကို ဖော်ထုတ်သည့် စစ်ဆင်ရေးတွင် ကွပ်ကဲခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဒုတိယ ဗိုလ်ချုပ်ကြီး အဆင့်သို့ တိုးမြှင့်ခန့်အပ်ခံရသည်။ ၁၉၈၄ ခုနှစ်တွင်ပင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီး ၁၉၈၅ ခုနှစ်တွင် ဆဋ္ဌမမြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ၁၉၈၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ကြူကုတ် (ပန်ဆိုင်း) စခန်းကို သိမ်းပိုက်နိုင်ရန် ကွပ်ကဲခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ဗဟို ကော်မတီဝင်အဖြစ်ရွေးချယ်ခံရပြီး ၁၉၈၅ ခုနှစ် ပဉ္စမအကြိမ်ပါတီ ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ စတုတ္ထ အကြိမ် ၁၉၈၈ ခုနှစ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး အဖြစ် ရွေးချယ်ခြင်းခံရသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ၁၉၇၇ ခုနှစ် ကြားဖြတ် ရွေးချယ်တင်မြှောက်ပွဲတွင် စဉ့်ကူမြို့နယ် မဲဆန္ဒနယ်မှ လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် ရွှေတောင်မြို့နယ် မဲဆန္ဒနယ်မှလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် မန္တလေး မဲဆန္ဒနယ်မှလည်းကောင်း ရွေးချယ်ခြင်းခံရသည်။

နိုင်ငံတော်တာဝန် ထမ်းဆောင်နေစဉ်အတွင်း ဆွစ်ဇာလန်၊ ဘင်္ဂလားဒေ့ရှ်၊ ကိုရီးယား၊ ထိုင်း၊ တရုတ်၊ ယူဂိုဆလားဗီးယား၊ ရူမေးနီးယား၊ လာအိုနှင့် ဂျာမနီ နိုင်ငံများသို့ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ သြဂုတ်လနှင့် စက်တင်ဘာလ အတွင်း မြန်မာနိုင်ငံတစ်ဝန်းဒီမိုကရေစီတောင်းဆို ဆန္ဒပြမှုများဖြစ်ပွားခဲ့သဖြင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာန ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်မှူးကြီးအဆင့်သို့ တိုးမြှင့်တာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများကို မဲဆန္ဒနယ် ၄၈၅ နေရာတွင် ကျင်းပပေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ၂၀ ကို ၁၉၉၁ ခုနှစ်တွင် အသစ်တီထွင်ပြဋ္ဌာန်း၍ ချီးမြှင့်ပေးအပ်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် နိုင်ငံတော်တာဝန်များမှ အငြိမ်းစားရရှိခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးသည် ဒေါ်အေးရီနှင့် လက်ထပ်ခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်(ငြိမ်း)သည် အသက် ၆၉ နှစ်အရွယ် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

စိန်လွင်၊ ဗိုလ်မှူးချုပ်(ငြိမ်း)၊ နိုင်ငံတော်သမ္မတ (ငြိမ်း) (၁၉၂၄-၂၀၀၄)။ ။ ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း) ကို အဘ ဦးရွှေရင်၊ အမိ ဒေါ်မာကြီးတို့က ၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကရင်ကျေးရွာ၌ မွေးဖွားသည်။

မော်လမြိုင်မြို့တွင် အလယ်တန်းပြဆရာဖြစ် အောင်လက်မှတ်ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရာဝင်ရောက်အမှုထမ်းသည်။ ၁၉၄၃ ခုနှစ်တွင် ဗမာ့

ကာကွယ်ရေးတပ်မတော် တပ်ရင်း (၁)၌ အရာရှိ အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၄၄ ခုနှစ်တွင် ဖွင့်လှစ်သော မင်္ဂလာဒုံတတိယပတ် ဗိုလ်သင်တန်းသို့ တက်ရောက်အောင်မြင်သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ် တော်လှန်ရေးတွင် မြစ်ဝကျွန်းပေါ်ဒေသ တိုင်း(၂) တပ်ရင်း (၈၃) ၌တပ်ခွဲမှူးအဖြစ် ပါဝင်ဆင်နွှဲခဲ့သည်။ ထို့နောက် မျိုးချစ်တပ်မတော်တွင် တပ်များဖျက်သိမ်း



ဦးစိန်လွင်

သည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်အပြီး ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရာတွင် ကန့်ဒီစာချုပ် အရ ဒုတိယဗိုလ်မှူးကြီးနေဝင်း ဦးစီးသော အမှတ်(၄) သေနတ်ကိုင်တပ်ရင်းသို့တပ်သားအဖြစ် ပြန်လည် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခံရပြီး တနင်္သာရီ တိုင်းမင်းကြီး၏ အပါးတော်မြဲအဖြစ် ပြည်ထဲရေးဌာန၌ တွဲဖက်တာဝန် ထမ်းဆောင်သည်။

၁၉၄၉ ခုနှစ်တွင် ထားဝယ်စစ်ဝန်ထမ်း တပ်ရင်း တပ်ရင်းမှူး၊ ၁၉၅၀ ပြည့်နှစ်တွင် ခလရ(၃)၌ ဗိုလ်ကြီးအဆင့်ဖြင့် တပ်ခွဲမှူးတာဝန်ထမ်းဆောင် သည်။ ၁၉၅၀ ပြည့်နှစ်တွင် ကေအင်ယူစစ်ဆင်ရေး အတွက် နိုင်ငံတော်သမ္မတ၏ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ချိုးမြှင့်ခံရသည်။

၁၉၅၁-၅၂ ခုနှစ်တွင် လကရ (၁) တပ်ခွဲမှူး၊ ၁၉၅၂-၅၃ ခုနှစ်တွင် တပ်ထိန်းတပ်ခွဲ (၂) တပ်မှူး၊ ၁၉၅၃-၅၄ ခုနှစ်တွင် ချင်း သ န က ဒုတိယတပ်ရင်းမှူး နှင့် လကရ (၁) ဒုတပ်ရင်းမှူး၊ ၁၉၅၄ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီးအဆင့်ဖြင့် သ န က တပ်ရင်း (၄) တပ်ရင်းမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်တွင် တော်လှန်ရေး ကောင်စီက နိုင်ငံတော်အာဏာရယူရာ သ န က (၄) တပ်ရင်းကို ကွပ်ကဲခေါင်းဆောင်၍ ပါဝင်ဆောင်ရွက် သည်။ ထို့နောက် ပြည်ထဲရေးဌာန အတွင်းဝန်အဖြစ် လည်းကောင်း၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာနအတွင်းဝန်အဖြစ်လည်း ကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဌာနအတွင်းဝန်နှင့် တရားရေးဝန်ကြီးဌာနအတွင်းဝန် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။

၁၉၆၅ ခုနှစ်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လအထိ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ဗျူဟာမှူးအဖြစ်မှ ဗိုလ်မှူးကြီးအဆင့်ဖြင့် အနောက်မြောက်ပိုင်း စစ်ဌာနချုပ် (မန္တလေး) တိုင်းမှူးနှင့် တိုင်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ် ပထမအကြိမ်ပြည်သူ့လွှတ်တော် တွင် မန္တလေး အနောက်မြောက်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ အဆိုပါနှစ်၌ပင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် လည်း ကောင်း၊ ၁၉၇၇ ခုနှစ်တွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြဋ္ဌာန်းရေးဆိုင်ရာ ကော်မရှင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သာသနာတော် ဆိုင်ရာနှင့် မြို့ပြဘက်ဆိုင်ရာပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ် များပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ရာ

ကိုကော်းပေါင်းစုံညီညွတ်ခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းတော်ပေါ်၌ မဟာဝိဇယ စေတီတော် တည်ထားနိုင်ရန် ဗဟိုအဖွဲ့တွင် နာယက အဖြစ် ဦးဆောင်မှုပေးခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဘင်္ဂလီများ တရားမဝင် ဝင်ရောက်နေမှုကို နဂါးမင်း စစ်ဆင်ရေး ပြုလုပ်၍တားဆီးဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍မြန်မာ-ဘင်္ဂလားဒေရှ့်နှစ်နိုင်ငံနယ်ခြား အခြေခံစည်းမျဉ်း သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။

၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် အဖြစ်ရွေးချယ်ခြင်းခံရသည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်တွင် မော်လမြိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ရွေးချယ်ခြင်းခံရသည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ၁၉၇၁ ခုနှစ် ပထမအကြိမ်မှတတိယအကြိမ် ပါတီညီလာခံ အထိ ပါတီလုပ်ငန်းစီစစ်ရေးကော်မတီဝင်၊ ၁၉၇၇ ခုနှစ် အရေးပေါ်ပါတီညီလာခံတွင် ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီဝင်နှင့် ၁၉၈၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်မှစ၍ ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အတွင်းမငြိမ်မသက်မှုဖြစ်ပေါ်ခဲ့ရာ သမ္မတဦးစန်းယုအနားယူခဲ့သဖြင့် ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ပါတီဗဟို ကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ထို့ပြင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

နိုင်ငံတော်သမ္မတအဖြစ် ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၁၂ ရက်အထိ တာဝန်ယူစဉ်ကာလအတွင်း စီးပွားရေးမူဝါဒများပြောင်းလဲခြင်း၊ ကန့်သတ်မှုရှိသော ပုဂ္ဂလိကလုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းခြင်း၊ ဝန်ထမ်းများလစာ တိုးပေးခြင်းကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် ပါတီဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ တာဝန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့ပြီး နိုင်ငံရေးမှ အနားယူခဲ့သည်။

ဦးစိန်လွင်သည် နိုင်ငံတော်က ချီးမြှင့်သော သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်၊ ဇေယျကျော်ထင်ဘွဲ့၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ သီရိပျံချီဘွဲ့၊ စစ်မှုထမ်းကောင်းတံဆိပ်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) တို့ကို ရရှိခဲ့သည်။

ဦးစိန်လွင်သည် အိမ်ထောင်နှစ်ဆက်ရှိခဲ့ပြီး ဒေါ်ကျော့ကျော့စိန်နှင့်သမီးတစ်ဦး၊ ဒေါ်တင်တင်လှိုင်နှင့် သားသမီး ခုနစ်ဦး ထွန်းကားသည်။

ဦးစိန်လွင်သည် အသက် ၈၁ နှစ်အရွယ် ၂၀၀၇ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ် (၁၆) နေအိမ်၌ ကွယ်လွန်သည်။

တင်မိုး (ကဗျာဆရာ) (၁၉၃၃-၂၀၀၇)။ ။ကဗျာဆရာတင်မိုးကို မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြေရွာနေ အဘ ဦးဘအို၊ အမိဒေါ်စံထယ်တို့က ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် မွေးဖွားသည်။ မွေးချင်းနှစ်ယောက်အနက် အငယ်ဖြစ်ပြီး အမည်ရင်းမှာ ဦးဘကျမ်းဖြစ်သည်။

ငယ်စဉ်က ဇာကျမ်းတိုင်းရင်းမြန်မာ အလယ်တန်းကျောင်း၊ ကန်မြဲမန္တလေးကျောင်းဆရာတော် ဦးအာစရ၊ ပခုက္ကူမြို့ဆရာဦးခင်မောင်ကြီးကျောင်းနှင့် ရေစကြိုမြို့အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်သည်။ မန္တလေးတက္ကသိုလ်၌ ဆက်လက်ပညာသင်၍ ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

တက္ကသိုလ်ပညာသင်နေစဉ် ၁၉၅၇ ခုနှစ်မှစ၍ မန္တလေးမြို့ ပွဲကုန်းကျောင်းနှင့် ပုဂ္ဂလိကကျောင်းများတွင် အလွတ်ပညာသင်ဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၆၂-၆၇ ခုနှစ်အထိ မန္တလေးမြို့ နေပြည်တော်အထက်တန်းကျောင်း အမှတ် (၁၇) ၌ အထက်တန်းပြဆရာအဖြစ်ဆောင်ရွက်သည်။ ၁၉၆၇ ခုနှစ်တွင်

ကဗျာဆရာတင်မိုး

ရန်ကုန်မြို့သို့ပြောင်း၍ တက္ကသိုလ်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် စာပြု၊ လက်ထောက် အယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ရာထူးမှ အငြိမ်းစားယူခဲ့သည်။

တင်မိုးသည် ကန်မြွေရွာလူငယ်စာကြည့်တိုက် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ရေစကြို ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌလမှူးအဖြစ်လည်းကောင်း၊ ရေစကြိုကလောင်ရှင်အသင်း အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၇-၅၉ ခုနှစ်များတွင် မန္တလေးတက္ကသိုလ် ကလောင်အသင်း ဒုတိယဥက္ကဋ္ဌ၊ ၁၉၆၀-၆၁ ခုနှစ်တွင် ဥက္ကဋ္ဌနှင့် ၁၉၆၃-၆၇ ခုနှစ်တွင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင်အဖြစ် စာပေလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်ဗဟိုရစည်သတင်းစာ (သီတင်းကျွတ်အထူးထုတ်) တွင် ကန်မြဲသက်နှင်းအမည်ဖြင့် ဝါကျွတ်သဘင်ကဗျာရေးသား၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ကန်မြဲနန်းမြင့်နွယ်၊ ကိုရင်ဂျမ်း၊ စန်းရောင်၊ မောင်စန်းချစ်၊ မာန်စိုးအမည်များဖြင့်လည်း ကဗျာများ ရေးသားခဲ့သည်။

၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်သွေးသောက် မဂ္ဂဇင်းတွင် အခိုးခံရသောကာရန်လေးကဗျာကို တင်မိုး အမည်နှင့် စတင်ရေးသားခဲ့သည်။ ၁၉၅၈-၅၉ ခုနှစ် မန္တလေးတက္ကသိုလ်ကလောင်ရှင်အသင်းစာစဉ် (၁) အဖြစ် ဖန်မီးအိမ်ကဗျာစာအုပ်ထုတ်ဝေခဲ့ရာ စာပေဗိမာန်ဆုရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဖန်မီးအိမ် စာအုပ်တိုက်ကိုတည်ထောင်ခဲ့သည်။ ၁၉၆၆-၆၇ ခုနှစ်တွင် လူထုသတင်းစာ ကဗျာကဏ္ဍအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၇-၈၄ ခုနှစ်အထိ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ မြန်မာစာသင်ရိုးအဖွဲ့ဝင်အဖြစ် ကျောင်းသုံးမြန်မာဖတ်စာ စာအုပ်များအတွက် စာမူရွေးချယ်ခြင်း၊ ရေးသားခြင်းများ လုပ်ဆောင်ခဲ့သည်။

တင်မိုးသည် ကဗျာများသာမက အစမ်းစာများနှင့်ဝတ္ထုတိုများကိုလည်း ကိုရင်ဂျမ်းအမည်ဖြင့် ရေးသားခဲ့သည်။ ဘဝကြေးမုံ (၁၉၅၄)၊ ပန်းလက်ဆောင် အစမ်းစာ (၁၉၆၀)၊ စာဆိုကြေးမုံ (၁၉၆၇)၊ ပွင့်ဦး အစမ်းစာ (၁၉၆၈) တို့မှာထင်ရှားသည်။ ၁၉၇၀ ပြည့်နှစ်တွင် ထီးကလေးနဲ့မနီ ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည်။ ကဗျာစာအုပ် ၂၀ ခန့် ရေးသားထုတ်ဝေခဲ့ရာ ဖန်မီးအိမ်၊ ထီးကလေးနဲ့မနီ၊ အမေ့ကျောင်း၊ လှေတစ်စင်းနှင့် သီချင်းသည်၊ ပန်းစျေးခင်း၊ စိမ်းလန်းသောအိပ်မက်၊ ပုဂံကျောင်းကခေါင်းလောင်းသံ၊ လူလေးကြီးရင်ဘာလုပ်မယ်နှင့် ကလေးကဗျာပန်းဥယျာဉ်တို့မှာ ထင်ရှားသည်။

၁၉၉၁ ခုနှစ်တွင် ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၉၁-၉၅ ခုနှစ်အထိ ကာလတွင် နိုင်ငံရေး လှုပ်ရှားမှုများ၌ ပါဝင်ခဲ့သဖြင့် သက်ဆိုင်ရာ၏ ထိန်းသိမ်းခြင်းကိုခံရသည်။ ၁၉၉၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာခဲ့သည်။

ပြည်ပတွင် နေထိုင်စဉ် စာနယ်ဇင်းများ၌ စာရေးသားခြင်း၊ ကဗျာရွတ်ခြင်း စသည့် စာပေဆိုင်ရာ လုပ်ငန်းများတွင်ပါဝင်လုပ်ဆောင်ခဲ့သည်။ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယား၊ ဂျပန်နှင့် အိန္ဒိယအခြေစိုက် မြန်မာစာပေအင်အားစုများ၊ အဖွဲ့အစည်းများ၏ စာပေရေးရာကိစ္စများတွင် အကြံဉာဏ်ပေးခြင်း၊ ကူညီခြင်းများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့သည်။ ပြည်ပတွင် ရှိနေစဉ် ဗုဒ္ဓနှင့်တွေ့ဆုံခြင်းနှင့် အခြားကဗျာများ (၂၀၀၀)၊ ခွပ်ဒေါင်းအလံခေါ်ရာသို့ (၂၀၀၂)၊ သစ်ရွက်

ကြွေလေးပေါ်မှာရေးတဲ့ မှတ်တမ်း (၂၀၀၄)၊ ကဗျာပေါင်းချုပ် ၁၉၉၉ (၂၀၀၄) နှင့် အညာလမ်းက တမာတန်း (၂၀၀၆) တို့ကိုထုတ်ဝေခဲ့ပြီး ဆရာတင်မိုး ကွယ်လွန်ပြီးနောက် တင်မိုးကဗျာပေါင်းချုပ် (၂၀၁၃)၊ ကဗျာ ၈၀၊ အသက် ၈၀ (၂၀၁၃) ကဗျာစာအုပ်များကို ဆက်လက်ထုတ်ဝေခဲ့သည်။ ကွယ်လွန်ချိန်အထိ ကဗျာပုဒ်ရေပေါင်း ၇၀၀ ခန့်ကို ရေးဖွဲ့ခဲ့သည်။

၂၀၀၂ ခုနှစ်တွင် အမေရိကန် နိုင်ငံအခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်မှု အဖွဲ့က Hellman Hammett Grants ဆုနှင့် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် နယ်သာလန်နိုင်ငံမှ စာပေဆုများ ချီးမြှင့်ခဲ့သည်။

ဆရာတင်မိုးသည် အသက် ၇၄ နှစ်အရွယ် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးငါးဦး ကျန်ရစ်သည်။

ထွန်းဝေ (ရုပ်ရှင်သရုပ်ဆောင်) (၁၉၂၀-၂၀၀၅)။ ။ ထွန်းဝေကို အဘ ဦးကျော်စိန် (ဦးကျင်စိန် ဟုလည်း အမည်ကွဲတွေ့ရသည်)၊ အမိ ဒေါ်ရွှေရင်တို့က ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် နတ်တလင်းမြို့၌ မွေးဖွားသည်။ နတ်တလင်းမြို့နယ်အစိုးရအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် တရုတ်ပြည် ခုံကင်း၌ သတင်းစာသင်တန်းကို တက်ရောက်သင်ကြားသည်။

၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့ နယ်ခြားသတင်းထောက်နှင့် နေ့စဉ်လမ်းညွှန်သတင်းစာ၌သတင်းထောက်အဖြစ် လုပ်ကိုင်သည်။ ၁၉၄၈-၄၉ ခုနှစ်တွင် မန္တလေးမြို့ ဘဝသစ် နေ့စဉ်သတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်သည်။ ရုပ်ရှင်လုပ်ငန်းကို ဝါသနာပြင်းပြသဖြင့် ဖြိုတီသျှဘားမားရုပ်ရှင်ကုမ္ပဏီ၌ ဝင်ရောက်လုပ်ကိုင်သည်။ ရုပ်ရှင်ပညာကားကူး၊ ကားဆေး၊ ကားဆက်များကို အခြေခံမှစ၍ သင်ယူရန်ရည်ရွယ်ခဲ့သော်လည်း ဖြိုတီသျှဘားမားရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးသော အာသံထွက်ဇာတ်ကားများတွင် ဇာတ်ရုံအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ မာလာရီ၊ ချစ်ရေးမလွယ်၊ သည်ဆောင်းဟေမန်၊ ဒေါက်တာ အောင်ကျော်ဦးဇာတ်ကားတို့တွင် ဇာတ်ရုံခန်းများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ထွန်းဝေသည် ဒါရိုက်တာနေဒွန်း၏ ဘုန်ဘောက်ဇာတ်ကားတွင် မင်းသမီးတင်တင်မူ၊ မေရီမြတို့နှင့် ခေါင်းဆောင်မင်းသားအဖြစ်ရိုက်ကူးခဲ့သည်။ ဒုတိယမြောက်ခေါင်းဆောင်မင်းသားအဖြစ် သာဓု၏ တဇော်ကန်း ဝတ္ထုကို ဗိုလ်မြဒင် အမည်ဖြင့်ရိုက်ကူးခဲ့ရာ ၁၉၅၇ ခုနှစ်အမျိုးသား ပညာသည်ဆု (အကယ်ဒမီ) ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ရန်ကင်းရုပ်ရှင်ကုမ္ပဏီ ကို တည်ထောင်၍ ရွှေပြည်တော်သည် ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဒါရိုက်တာ သာဓု ရိုက်ကူးသော ကကြီးရေက ဇာတ်ကားဖြင့် အမျိုးသားပညာသည်ဆု (အကယ်ဒမီ) ကို ဒုတိယအကြိမ် ထပ်မံရရှိသည်။ အကောင်းဆုံးဇာတ်ကားဆု ရရှိခဲ့သော ဒါရိုက်တာ မျိုးအောင်ရိုက်ကူးသည့် ချစ်တော့ ချစ်တယ် နှင့် ဒါရိုက်တာကျော်သန်းရိုက်ကူးသည့် ဗိုလ်အောင်နိုင် ဇာတ်ကားတို့တွင်လည်း အကောင်းဆုံး သရုပ်ဆောင်ခဲ့သည်။

ထွန်းဝေသည် ပင်ကိုအမူအရာဖြင့် ပရိသတ်နှစ်သက်အောင်စွမ်းဆောင်နိုင်ခဲ့ပြီး ၎င်းနှင့် ခေတ်ပြိုင်သရုပ်ဆောင်များမှာ မောင်သင်၊ ဇေယျ၊ မျိုးချစ်၊ ဖိုးပါကြီး၊ ကျော်ဆွေ၊ ရွှေဘာ၊ ညွှန့်ဝင်း၊ ဝင်းဦး၊ ကြည်ကြည်ဌေး၊ တင်တင်မူ၊ မြင့်မြင့်ခင်၊ မေသစ်၊ သီသီ၊ မယ်ဗမာ မစိန်အေး၊ စံရွှားတင်၊ တင်တင်အေး၊ ခင်ယုမေ၊ မြတ်မွန်၊ နှင်းဆီ၊ သင်းသင်းလဲ့၊ ဒေစီကျော်ဝင်းတို့ ဖြစ်သည်။

ထွန်းဝေသည် ရုပ်ရှင်သက်တမ်း ၃၈ နှစ်အတွင်း ဇာတ်ကားပေါင်းတစ်ရာကျော်ရိုက်ကူးခဲ့သည်။ ကက်ဆက် ဇာတ်လမ်းများကို အသံဖြင့် သရုပ်ဆောင်ရာတွင်လည်း ကျော်ကြားခဲ့သည်။ စိန်မာဒင်ဇာတ်သဘင်၏ ပြဇာတ်များ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။ မြန်မာ့ရုပ်ရှင် စိန်ရတုကာလ ၁၉၈၃ ခုနှစ်တွင် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို တတိယအရွယ်၏ ဒုတိယဝေဒနာ ဇာတ်ကားဖြင့် ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုပေါ်ပေါက်လာစဉ်က နိုင်ငံရေး

ရုပ်ရှင်သရုပ်ဆောင် ထွန်းဝေ

ဟောပြောပွဲတစ်ခုတွင် အခမ်းအနားမျှားလုပ်ခဲ့သည့် ပုံရိပ်ကြောင့် ထွန်းဝေအား ရုပ်ရှင်ရိုက်ကူးခြင်းမှ သက်ဆိုင်ရာ၏ ပိတ်ပင်ခြင်းခံရသည်။

၁၉၅၂ ခုနှစ်တွင် ပီကင်း၌ကျင်းပသော အာရှနှင့် ပစိဖိတ်ဒေသငြိမ်းချမ်းရေးကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်မှစ၍ တရုတ်-မြန်မာ ချစ်ကြည်ရေးအဖွဲ့ ကောင်စီဝင်အဖြစ် လည်းကောင်း၊ ၁၉၅၆ ခုနှစ်နှင့် ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင် ပညာရှင်များ ကိုယ်စားလှယ်အဖြစ်လည်းကောင်း တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။

ထွန်းဝေသည် ဒေါ်စောနှင့်လက်ထပ်ခဲ့ရာ ဒေါ်စောကွယ်လွန်သည့်အခါ ဒေါ်ထွေးထွေးနှင့် ထပ်မံ အိမ်ထောင်ပြုခဲ့ပြီး သားနှစ်ယောက်ထွန်းကားခဲ့သည်။

အကယ်ဒမီသုံးဆုရှင်သဘာဝမင်းသား ထွန်းဝေသည် ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ရန်ကင်းမြို့နယ်၊ ပြည်သာယာ၊ သီရိဇေယျာလမ်း၊ ခြံအမှတ် ၅ နေအိမ်၌ ကွယ်လွန်သည်။

၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့၊ မြို့မ အထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်သည်။ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိပြီးနောက် ၁၉၃၀-၃၁ ခုနှစ်တွင် ဥပဒေတန်းတက်ရောက်သည်။ ကျောင်းသားလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ၁၉၂၉ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ အစည်းအရုံး တည်ထောင်ရာတွင် ပါဝင်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ပန်းတနော်မြို့နှင့် သုံးခွမြို့တို့၌ အမျိုးသား အထက်တန်းကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၃၄-၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂဒုတိယဥက္ကဋ္ဌနှင့် ၁၉၃၅-၃၆ ခုနှစ်တွင် ဥက္ကဋ္ဌ အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၃၆ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်သည့်အနေဖြင့် ဝိဇ္ဇာဘွဲ့ကို ပြန်လည်အပ်နှံခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဦးနုနှင့်အမှုဆောင် ကိုအောင်ဆန်းတို့ကို ကျောင်းထုတ်ခဲ့ရာမှအစပြု၍ ကျောင်းသားအရေးတော်ပုံအဖြစ် တစ်ပြည်လုံးပျံ့နှံ့ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် နဂါးနီစာအုပ်အသင်းကြီး ကို တည်ထောင်ခဲ့ကာ နယ်ချဲ့ဆန့်ကျင်ရေးလှုံ့ဆော် သည့် စာပေများထုတ်ဝေခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ရာမှ သခင်နု အမည်ခံသည်။ ၁၉၄၁ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်လှုပ်ရှားမှုဖြင့် ထောင်နှစ်နှစ်ကျခံခဲ့ရသည်။ ၁၉၄၃ ခုနှစ်တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့၌ နိုင်ငံခြားရေးဌာန ဝန်ကြီးနှင့် ၁၉၄၄ ခုနှစ်တွင် ပြန်ကြားရေးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် ဖဆပလဒုတိယဥက္ကဋ္ဌနှင့် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် တိုင်းကျိုးပြည်ပြုလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြိတိန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက် သွားရောက်ဆွေးနွေးရာ၌ ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် ပိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအချို့ကျဆုံးခဲ့ရာ ယင်းနေ့ညနေတွင် ဖွဲ့စည်းသော

နု၊ ဦး [နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း)] (၁၉၀၇-၁၉၉၅) ။ ။ ဦးနုကို အဘ ဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့က ၁၉၀၇ ခုနှစ်၊ မေလ ၂၅ ရက်တွင် ဝါးခယ်မမြို့၌ မွေးဖွားသည်။ ညီအစ်ကို နှစ်ယောက် အနက် အကြီးဖြစ်သည်။

ဦးနု

ဘုရင်ခံအမှုဆောင်ကောင်စီကြားဖြတ် ယာယီအစိုးရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (ဝန်ကြီးချုပ်) အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့နောက် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်သည်။

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (ယခု စာပေဗိမာန်) ကို တည်ထောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနကို ပူးတွဲတာဝန်ယူခဲ့သည်။ ယင်းနှစ်တွင် အင်္ဂလန်နိုင်ငံ၌ မြန်မာ့လွတ်လပ်ရေးသမိုင်းဝင် "နု-အက်တလီ" သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ သို့ဖြစ်ရာ ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောမြန်မာနိုင်ငံပေါ်ထွန်းလာခဲ့ရာ ပထမဆုံးသော နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ 'သခင်နု' အမည်မှ 'ဦးနု' အမည်သို့ပြန်ပြောင်းခဲ့သည်။ "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" ကို ဖွင့်လှစ်ပေးခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။

၁၉၅၁-၅၂ ခုနှစ်တွင် ပထမအကြိမ်လွတ်တော် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပရာသခင်နု ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်မှ အမတ်အများဆုံးအနိုင်ရရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရပြီး သခင်နုအမည်မှ ဦးနုအမည်သို့ပြောင်းလဲခဲ့သည်။ ၁၉၅၄ ခုနှစ်၊ မေလ ၁၇ ရက်တွင် ဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင်ပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဦးဆောင်ကျင်းပခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်မှ ခေတ္တနုတ်ထွက်၍ ဖဆပလအဖွဲ့ချုပ်လုပ်ငန်းများကို အချိန်ပြည့်ဦးစီးဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တတိယအကြိမ်ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၅၈ ခုနှစ်တွင် ဦးနုနှင့် သခင်တင်ခေါင်းဆောင်သော သန့်ရှင်းဖဆပလအဖွဲ့နှင့် ဦးဗဆွေနှင့် ဦးကျော်ငြိမ်းခေါင်းဆောင်သော တည်မြဲဖဆပလအဖွဲ့ဟူ၍ သဘောထားကွဲခဲ့ကြပြီး နိုင်ငံရေးပြိုင်ဆိုင်မှုပြင်းထန်လာခဲ့ကာ ပါတီတွင်းပြဿနာကို လွှတ်တော်အတွင်း၌ အင်အားပြိုင်ဆိုင်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရသို့ နိုင်ငံတော်အာဏာ လွှဲပြောင်းပေးခဲ့ရသည်။

၁၉၆၀ ပြည့်နှစ် လွှတ်တော်ပါလီမန်ရွေးကောက်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ပါလီမန်အမတ်အဖြစ်ထပ်မံရွေးချယ်ခံရသည်။ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်တွင် သန့်ရှင်းဖဆပလအဖွဲ့ကို ပြည်ထောင်စုပါတီအဖြစ် အမည်ပြောင်းပြီး ပါတီဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်တွင် စတုတ္ထအကြိမ်မြောက် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံရပြီး ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး တာဝန်များကိုပူးတွဲထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တရုတ်-မြန်မာနယ်နိမိတ်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်တော်သာစီမံကိန်းကို ဆောင်ရွက်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဘဝကို မြှင့်တင်ရန် ကြိုးပမ်းခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ပါတီဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ဆက်လက်ထမ်းဆောင်နေစဉ် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်တွင် တော်လှန်ရေးကောင်စီက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

ခဲ့ကြသည်။ ထို့ပြင် အာဇာနည် (၁၉၄၅)၊ ကာမတဏှာ (၁၉၆၇)၊ ငရဲဆိုချို့နဲ့.လားဗျို့. (၁၉၈၃) တို့မှာထင်ရှားသည်။ ဦးနု၏ မိန့်ခွန်းများကိုလည်း အမည်အမျိုးမျိုး ဖြင့် ထုတ်ဝေခဲ့သည်။ "တာတေ စနေသား" ကိုယ်ရေးအတ္ထုပ္ပတ္တိရေးသားခဲ့ရာ နေရှင်းဦးလောရုံ (အပ်ဒယ်လောရုံ) က အင်္ဂလိပ်ဘာသာပြန်ဆိုသည်။ ဟိန္ဒီဘာသာသို့လည်းပြန်ဆို၍ ၁၉၈၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ထုတ်ဝေခဲ့သည်။ တာတေစနေသားကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ထုတ်ဝေသည်။ ၁၉၂၉ ခုနှစ်တွင် ဒေါ်မြရီနှင့် လက်ထပ်ခဲ့ပြီး သားသမီး ခြောက်ဦး ထွန်းကားခဲ့သည်။

ဦးနုသည် အသက် ၈၈ နှစ်အရွယ် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ရန်ကုန်မြို့၊ အမှတ် ၄၂ ပြည်ထောင်စုလမ်းသွယ်၊ ဆရာစံလမ်း နေအိမ်၌ ကွယ်လွန်သည်။

နေဝင်း၊ ဗိုလ်ချုပ်ကြီး(ငြိမ်း)၊ နိုင်ငံတော်သမ္မတ (ငြိမ်း) (၁၉၁၀-၂၀၀၂)။ ။ ဦးနေဝင်းကို ပြည်ခရိုင် ပေါင်းတလည်မြို့နေ အဘဦးဖိုးခ၊ အမိ ဒေါ်မိလေးတို့က ၁၉၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာဦးရှုမောင်ဖြစ်သည်။

ပြည်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၂၉ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ပြီး ဥပစာသိပ္ပံတန်း တက်ရောက်သင်ကြားသည်။ ၁၉၃၁ ခုနှစ်တွင် ဥပစာသိပ္ပံတန်းပညာသင်နေစဉ် ကျောင်းမှ နုတ်ထွက်သည်။ ထို့နောက် မီးရထားစာတိုက်ဌာနနှင့် စာတိုက်ဌာနတို့၌ အမှုထမ်းသည်။ ထို့ပြင် "တို့ဗမာအစည်းအရုံး" လုပ်ငန်းများကို အချိန်ပိုင်းလုပ်ဆောင်ခဲ့သည်။ စာတိုက်မှ ထွက်ပြီးနောက် သခင်ရှုမောင်အဖြစ် သခင်ဗစိန်၊ သခင်ထွန်းအုပ်ခေါင်းဆောင်သော "တို့ဗမာအစည်းအရုံး" ၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် ပါဝင်လှုပ်ရှားသည်။

၁၉၄၁ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ရဲဘော်ရဲဘက်အချို့နှင့်အတူ ကိုရီယုမာရူးသင်္ဘောဖြင့် လျှို့ဝှက်စွာ ထွက်ခွာခဲ့ပြီး ဂျပန်နိုင်ငံ၌ စစ်ပညာသင်ယူသည်။ မြန်မာမျိုးချစ်လူငယ် ၃၀ သည်

ခုနှစ်တွင် "ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့" ၃၃ ဦးဌ ပါဝင်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားပြီး ထိုင်းနိုင်ငံအခြေစိုက် "ပါလီမန်ဒီမိုကရေစီပါတီ" ဖွဲ့စည်းတည်ထောင်၍ လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ၏ မေတ္တာရပ်ခံချက်ဖြင့် ပြန်လည်ရောက်ရှိလာခဲ့သည်။ "ပိဋကတ်ဘာသာပြန် အဖွဲ့ဥက္ကဋ္ဌ" အဖြစ် ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆို၍ ပုံနှိပ်ဖြန့်ချိနိုင်ခဲ့ကာ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ်အရေးအခင်းကာလတွင် "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်" ကို ဖွဲ့စည်းပြီး ၁၉၈၈ ခုနှစ်တွင် "စင်ပြိုင်အစိုးရ" ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ပါတီစုံရွေးကောက်ပွဲတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးနုသည် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) (၁၉၅၉)၊ ယူဂိုစလားဗီးယားနိုင်ငံ၊ ဘဲလ်ဂရိတ်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (၁၉၅၅)၊ ဆဋ္ဌသင်္ဂါယနာနှင့် သာသနာ ၂၅၀၀ အောင်ပွဲ အထိမ်းအမှတ်တံဆိပ် (၁၉၅၇)၊ အိန္ဒိယနိုင်ငံ ဗာရာဏသီတက္ကသိုလ်မှ စာပေပါရဂူဘွဲ့ (၁၉၆၂)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) (၁၉၈၁) တို့ရရှိခဲ့သည်။

ဦးနုသည် ငယ်စဉ်ကပင် စာပေရေးသားခြင်းကို ဝါသနာပါခဲ့ရာ ပြဇာတ်၊ ဘာသာပြန်စာပေ၊ ခရီးသွားစာပေ၊ နိုင်ငံရေးအတွေ့အကြုံ၊ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ ဘာသာရေးစာပေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များနှင့် အတွေးအခေါ်ဒဿနစာပေမျိုးစုံရေးသားခဲ့သည်။ ဦးနုရေးသော "သပိတ်မှောက်ကျောင်းသား ဇာတ်ညွှန်း (၁၉၃၆) နှင့်လူထုအောင်သံပြဇာတ်(၁၉၅၂)တို့ကို ရုပ်ရှင်ရိုက်ကူးခဲ့သည်။ လူပေါ်လူဇော်လုပ်နည်း (ခေါ်) မိတ္ထဗလဋီကာ (၁၉၃၈) ဘာသာပြန်စာအုပ်ကိုအကြိမ်ကြိမ်တိုင်ရိုက်နှိပ်ခဲ့ရပြီး ယခင်ကကျောင်းသုံး စာအုပ်အဖြစ်ပြဋ္ဌာန်းခြင်းခံရသည်။ ဦးနု၏ရက်စက်ပါပေ့ကွယ် (၁၉၄၅) နှင့် ငါးနှစ်ရာသီမြန်မာပြည် (၁၉၄၅) စာအုပ်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆို၍ ထုတ်ဝေ

ဟိုင်နန်ကျွန်းနှင့် ထိုင်ဝမ်ကျွန်းတို့တွင် မြန်မာ့လွတ်လပ်ရေးအတွက် စစ်ပညာသင်ကြားခဲ့ရာ ရဲဘော်သုံးကျိပ်ဟူ၍ မြန်မာ့သမိုင်းတွင်ထင်ရှားသည်။ သခင်ရှူမောင်၏ ဂျပန်အမည်မှာ တကာစုင် စုစုမု ဖြစ်သည်။ ရဲဘော် သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်နေဝင်း ဖြစ်လာသည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ မြေအောက်လှုပ်ရှားစည်းရုံးရန်အတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်သည့် ရှေ့ပြေးအဖွဲ့ (ပြည်တွင်းသူပုန်အဖွဲ့) ကိုခေါင်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ်၌ ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်သေနာပတိ၊ စစ်ဦးစီးရုံးဌာနချုပ်မှူး၊ ထောက်ပံ့ရေးဌာနကြီးမှူးနှင့် ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း(၂) မြစ်ဝကျွန်းပေါ်အရှေ့ပိုင်းတိုင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ်၊ မေလ ၇ ရက်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအောင်မြင်ကြောင်း အသံလွှင့်ပြောကြားခဲ့သည်။ ၁၉၄၅ ခုနှစ်တွင်ကျင်းပသောနေသူရိန်လူထုအစည်းအဝေး၌ ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်ရွေးချယ်ခံရသည်။ ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရန် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကန္ဒီမြို့သို့သွားရောက်ရာ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) ၏ ဒုတိယတပ်ရင်းမှူး၊ ၁၉၄၇ ခုနှစ်တွင် တပ်ရင်းမှူး၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ဗမာ့တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် စစ်သေနာပတိချုပ်တာဝန်ပေးအပ်ခြင်းခံရပြီး ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် တိုးမြှင့်တာဝန်ထမ်းဆောင်သည်။

ဒုတိယဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်၏လို အပ်ချက်အရ ၁၉၄၉ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဝန်ကြီးအဖြစ်မှ နုတ်ထွက်

ဦးနေဝင်း

ခွင့်ပြုရန် တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး အဖွဲ့မှ နုတ်ထွက်ခွင့်ပြုခဲ့ပြီး တပ်မတော်ကို ဆက်လက် ဦးဆောင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပြည်ပတရုတ်ဖြူကျူးကျော်စစ်ကို စစ်ဆင်ရေးများဖြင့် မြန်မာ့မြေပေါ်မှအပြီးတိုင်ဆုတ်ခွာနိုင်စေရန် ခေါင်းဆောင်မှုပေးခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်သည်။ ထိုစဉ်က အာဏာရပါတီဖြစ်သော ဖဆပလအတွင်း သန့်ရှင်းနှင့်တည်မြဲအုပ်စုဟူ၍ မည်မည္ဆတ်သဘောထားကွဲပြားခဲ့ကာ အုပ်ချုပ်ရေးပျက်ပြားခဲ့သဖြင့် ပြည်ထောင်စုလွှတ်တော် ပါလီမန်ကနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်၍ ဗိုလ်ချုပ်ကြီးနေဝင်းအား အိမ်စောင့်အစိုးရဝန်ကြီးချုပ် (၁၉၅၈-၆၀ ကာလများ) အဖြစ် တာဝန်လွှဲအပ်ပေးခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူစဉ်အတွင်း ပြည်သူ့အုပ်ချုပ်ရေးတည်ဆောက်နိုင်ရန် စော်ဘွားများကို အာဏာစွန့်လွှတ်စေ၍ လျော်ကြေးပေးခြင်း၊ ရန်ကုန်မြို့တော်ကို မြို့ကွက်သစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ တရုတ်-မြန်မာနယ်နိမိတ်၊ မကျူးကျော်ရေး စာချုပ်ချုပ်ဆိုနိုင်ခြင်းဖြင့် နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်ပြီးနောက် ပါလီမန်ရွေးကောက်ပွဲများကျင်းပပေးခဲ့ပြီး အနိုင်ရသန့်ရှင်း ဖဆပလကို ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အာဏာကို ပြန်လည်လွှဲပြောင်း၍ တပ်မတော်ကို ဆက်လက်ဦးဆောင်မှု ပေးခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုအကြောင်းပြအခြေခံ၍ ပြည်ထောင်စု စစ်စစ်မူ (ဖက်ဒရယ်) တောင်းဆိုမှု အရှိန်မြင့်မား လာရာ ပြည်ထောင်စုပြိုကွဲရန် ဦးတည်လာသည်ဟူသောအကြောင်းပြချက်ဖြင့် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့သည်။ နိုင်ငံတော်ကို ဦးဆောင်ရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံရေးပါတီအသီးသီးရှိ ပုဂ္ဂိုလ်များ၊ လက်ဝဲ-လက်ယာ အယူအဆရှိသူများ အားလုံးပါဝင်နိုင်ရန်အတွက် ပါတီကြီး သုံးခုဖြစ်သည့် ပထစ၊ တည်မြဲနှင့် ပမညတ ခေါင်းဆောင်များကို ၁၉၆၂ ခုနှစ်တွင် သုံးကြိမ်တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်အတွက် ပါဝင်လုပ်ဆောင်ကြရန် စည်းရုံးခဲ့သည်။ ထို့ပြင် ၁၉၆၂ ခုနှစ် တပ်မှူးများညီလာခံက သဘောတူခဲ့ကြသဖြင့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် တည်ထောင်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းခဲ့ပြီး ၁၉၆၈ ခုနှစ်တွင်မြန်မာ့နိုင်ငံရေးခေါင်းဆောင် ၃၃ ဦးကို ဖိတ်ခေါ်၍ "ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့" ကို ဖွဲ့စည်းကာ နိုင်ငံတော်တည်ဆောက်ရေးနည်းလမ်းများကို အကြံဉာဏ်တောင်းခံခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှစ၍ တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၇၄ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အုပ်ချုပ်ရေးပြောင်းလဲခဲ့ပြီးနောက် ၁၉၇၄ ခုနှစ်တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သဖြင့် စတုတ္ထမြောက် နိုင်ငံတော်သမ္မတဖြစ်လာသည်။

၁၉၈၁ ခုနှစ်၊ တတိယအကြိမ်ပြည်သူ့လွှတ်တော်တွင် ဗိုလ်ချုပ်ကြီးစန်းယုအား နိုင်ငံတော်သမ္မတအဖြစ် ဆက်ခံစေခဲ့သော်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌအဖြစ် ဆက်လက်ဦးဆောင်မှုပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ကာလတွင် တိုင်းပြည်အခြေအနေမှာ အလုပ်သမား၊ လယ်သမား၊ ရုပ်ရှင်၊ စာပေ၊ ဂီတနှင့် လူထုလူတန်းစားအသီးသီး ညီညွတ်မှု ရရှိနေပြီး စီးပွားရေးတည်ငြိမ်မှု ရရှိနေခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံညီညွတ်မှုရရှိနေခြင်းတို့ကြောင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ပြည်ပတွင် ရောက်ရှိနေသော နိုင်ငံရေးခေါင်းဆောင်များ နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိသူများအား "နိုင်ငံ့ဂုဏ်ရည်ဘွဲ့" ကို တီထွင်ပြဋ္ဌာန်း၍ ချီးမြှင့်ခဲ့သည်။

၁၉၈၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်၏ စီးပွားရေးအခြေအနေများကျဆင်းလာခဲ့သည်။၁၉၈၇ ခုနှစ်တွင် နိုင်ငံတော်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်ခံယူခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ငွေစက္ကူအချို့အား တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့်အမိန့်ကို နိုင်ငံတော်ကောင်စီက ထုတ်ပြန်ခဲ့ရာ ပြည်သူလူထုအတွင်း မကျေနပ်မှုများ ကြီးထွားလာခဲ့ပြီး မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လအတွင်း အရေးပေါ်ပါတီညီလာခံကျင်းပ၍ နိုင်ငံတော်တာဝန်များမှ အငြိမ်းစားယူခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း (ငြိမ်း) သည် မဟာသီရိသုဓမ္မဘွဲ့ (၁၉၄၉)၊ ယူဂိုဆလပ်တံခွန်တော်ဘွဲ့ (၁၉၅၅)၊ သတိုးသီရိသုဓမ္မဘွဲ့ (၁၉၅၆)၊ အမေရိကန် အစိုးရ၏ စစ်သူရဲကောင်းဘွဲ့ (၁၉၅၆)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) (၁၉၅၉)၊ ထိုင်းဘုရင်၏ ဆင်ဖြူရွှင်ဘွဲ့ (၁၉၆၀)၊ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် ရွှေစလွယ်(၁၉၆၁)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) (၁၉၈၁)၊ စစ်မှုထမ်းကောင်းတံဆိပ် (၁၉၈၁) တို့ကို ရရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှ ချီးမြှင့်သည့် ရေမွန်မက်ဆေးဆေးဆု (၁၉၆၀) ကို ငြင်းပယ်ခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း(ငြိမ်း)သည် ဒေါ်သိန်းညွန့်၊ ဒေါ်တင်တင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်ရတနာနတ်မယ်၊ ဒေါ်နီနီမြင့်တို့နှင့် လက်ထပ်ခဲ့ပြီး သားသမီးကိုးဦး ထွန်းကားခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း (ငြိမ်း) သည် အသက် ၉၃ နှစ်အရွယ် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၉ နေအိမ်၌ ကွယ်လွန်သည်။

နိုင်ဝင်းဆွေ၊ စာရေးဆရာ (၁၉၄၁-၁၉၉၅)။။

ဘဝသရုပ်ဖော်စာရေးဆရာ နိုင်ဝင်းဆွေ(ခ) ရဲဘော် ကျော်ဆိုင်ကို တောင်ငူမြို့နယ်၊ ကျွန်းကုန်းတိုက်နယ်၊ ချင်းကုန်းကျေးရွာ၌ လယ်သမားကြီး ဦးဖိုးမြိုင်နှင့် ဒေါ်ဖွားဆိုင်တို့က ၁၉၄၁ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် မွေးဖွားသည်။ မောင်နှမငါးယောက်အနက် စတုတ္ထ မြောက်ဖြစ်ပြီး အမည်ရင်းမှာ ဦးနိုင်ဝင်းဖြစ်သည်။

စာရေးဆရာနိုင်ဝင်းဆွေ

ငယ်စဉ်က ချောင်းဖြူကျေးရွာ (မန္တလာကျောင်း)၌ စတုတ္ထတန်းအောင်မြင်သောအခါ ကျွန်းကုန်းရွာစက်ရုံအလယ်တန်းကျောင်းသို့ပြောင်းရွှေ့ပညာသင်ယူသည်။ ထို့နောက် ရေတာရှည်မြို့အစိုးရအထက်တန်းကျောင်းမှ ၁၉၅၉ ခုနှစ်တွင် တန်းမြင့်စာမေးပွဲ အောင်မြင်ခဲ့သည်။

မြန်မာ့မီးရထားဌာန၊ ညောင်လေးပင်ဘူတာ၌ စတင်အမှုထမ်းခဲ့ပြီး မြို့လုလင်နှင့် လယ်ဝေးဘူတာတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အလုပ်မှ နုတ်ထွက်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်ကပင် စာပေများရေးသားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် နိုင်ဝင်းဆွေအမည်ဖြင့် သမိုင်းနောက်ခံ "မဟူရာ မေတ္တာ" ဝတ္ထုရှည်ကို ရေးသားပြီး "ရှမဝတစ်ထောင်ဆု ဝတ္ထုပြိုင်ပွဲ" သို့ ပေးပို့ခဲ့သည်။ စာပေဆုချီးမြှင့်မှုရပ်ဆိုင်းခဲ့၍ ၁၉၆၆ ခုနှစ်တွင် ရှုမဝမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် လုံးချင်းစာအုပ်ထုတ်ဝေခဲ့ရာ ငါးနှစ်အတွင်း သုံးကြိမ်ပြန်လည်ထုတ်ဝေခဲ့ရသည်။ ထို့နောက် ဘဝသရုပ်ဖော်ဝတ္ထုများကို ဆက်လက်ရေးသားခဲ့သည်။

နိုင်ဝင်းဆွေ၏ ထင်ရှားသော စာပေလက်ရာများမှာ မဟူရာမေတ္တာ၊ နွေတစ်ည၊ မသိန်းရှင်ဆီပို့ပေးပါ၊ မြစပယ်ရုံ၊ ညအသချေမှာ၊ နှီးတစ်ဝက် အိပ်မက်၊ အချစ်ည၊ ရေဆန်လမ်း၊ ဘဝစာမျက်နှာများ (၁)တို့မှာ ပြန်လည်ရိုက်နှိပ်ရသည်အထိ ရသစာပေနယ်ကိုလွှမ်းမိုးအောင်မြင်ခဲ့သည်။ မိတ်ဆွေဖြစ်သူ စာရေးဆရာ ဆရာထက်မြက်နှင့် "မိုးကြိုးမုန်တိုင်း" စာပေဝေဖန်ရေးစာအုပ်ကိုထုတ်ဝေခဲ့ရာ စာပေနယ်တွင် အယူအဆရေးရာတုံ့ပြန်ဝေဖန်မှုများ လှုပ်ရှားစေခဲ့သည်။

နိုင်ဝင်းဆွေ၏ စာပေလက်ရာများမှာ ၁၉၇၅ ခုနှစ် နှောင်းပိုင်းမှစ၍ စာပေလောကနှင့် အဆက်ပြတ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် လျှပ်တစ်ပြက်ဂျာနယ်တွင် "မဟူရာမေတ္တာ"ကိုအခန်းဆက်ဖော်ပြခဲ့၍ စတုတ္ထအကြိမ်ထုတ်ဝေခဲ့သည်။

နိုင်ဝင်းဆွေသည် ၁၉၇၅ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်ရှိရာ ရှမ်းပြည်နယ် ပန်ဆန်းမြို့တောတွင်းသို့ရောက်ရှိခဲ့သည်။ ရဲဘော် ကျော်ဆိုင်အမည်ဖြင့် အထူးသတင်းထောက်တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဗကပ နှစ် (၄၀) ပြည့်အထိမ်းအမှတ်အဖြစ်ထုတ်ဝေသော "တော်လှန်ရေးခေတ်စာပေမဂ္ဂဇင်း" တွင် ဝတ္ထုများပါဝင်ရေးသားပြီး "သမုဒ္ဒယဘုမ္မာ" ကဇာတ်နှင့် "စန္ဒကုန္ဒလာ" ကဇာတ်များကို ရေးသား၍ အောင်မြင်စွာ ကပြတင်ဆက်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလတွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်ပြိုကွဲကျဆုံးခဲ့ပြီးနောက် ပန်ဆန်းကိုစွန့်ခွာ၍ မာနယ်ပလောစခန်းသို့ရောက်ရှိခဲ့သည်။

နိုင်ဝင်းဆွေသည် အသက် ၅၄ နှစ် အရွယ် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ထိုင်းနိုင်ငံ နယ်စပ် ပွေးဖော့လူရွာအနီး၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် "ဝ" တိုင်းရင်းသူ ဇနီး ဒေါ်ကြုံနှင့် မွေးစားသား မောင်ဆန်းတို့ကျန်ရစ်သည်။

မောင်ကိုယု၊ စာရေးဆရာ၊ တရားရုံးချုပ်ရှေ့နေ (၁၉၃၀-၁၉၉၈)။ ။ စာရေးဆရာ၊ ဘာသာပြန်ဆရာ၊ တရားရုံးချုပ်ရှေ့နေ မောင်ကိုယုကို ကုန်သည်ကြီး ဦးအုန်းခိုင်၊ ကြယ်ပွင့်ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ကြင်မေတို့က ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၌ မွေးဖွားသည်။ မောင်နှမကိုးယောက်အနက် သတ္တမမြောက်ဖြစ်သည်။ အမည်ရင်းမှာ ဦးကိုယုဖြစ်သည်။

ပဲခူးမြို့၊ ဟိုက်စကူးကျောင်းနှင့် ရန်ကုန် ဟိုက်စကူးကျောင်းတို့တွင် ပညာသင်ယူသည်။ ၁၉၄၈ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက် လက်မှတ်ရ စာမေးပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ နှစ်ခုစလုံးကို တစ်နှစ်တည်း အောင်မြင်သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်သို့ စတင်တက်ရောက်ခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၁၉၆၄ ခုနှစ်တွင် ဥပဒေ ဝိဇ္ဇာဘွဲ့ကို ရရှိသည်။

အလွတ်ပညာသင်ကျောင်းများတွင် မြန်မာစာဆရာအဖြစ်လည်းကောင်း၊ ဗိုလ်တထောင်လုပ်သားကောလိပ်တို့တွင် မြန်မာစာနှင့် သမိုင်းနည်းပြဆရာအဖြစ်လည်းကောင်း၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၀ ပြည့်နှစ်အထိ လက်ထောက်ကထိကအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် သခင်စိုးအမှုကို ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့ရာ ထင်ရှားသော ရှေ့နေဖြစ်ခဲ့သည်။

ဆရာမောင်ကိုယုသည် စာပေဝါသနာပါသူဖြစ်ရာ အသက် ၁၅ နှစ်အရွယ်ကပင် ပြင်ပဆောင်းပါးပြိုင်ပွဲ၌ ရေးသားယှဉ်ပြိုင်ရာ ပထမဆုရရှိခဲ့သည်။ ကျောင်းနေစဉ်ကာလကပင် စာပေများရေးသားခဲ့ရာ "မောင်ကိုယု" အမည်ဖြင့် ၁၉၅၁ ခုနှစ်၊ မတ်လထုတ် စာပေသစ်မဂ္ဂဇင်း၌ "မောင်မောင်" ဝတ္ထုကို စတင်ရေးသားခဲ့သည်။ မြဝတီ၊ ငွေတာရီ၊ စာပေသစ်၊ ရှုမဝ၊ ချယ်ရီ၊ ပန်း၊ သဘင်၊ ဒီလှိုင်း၊ ဝါနီပြာ၊ သည်းဦးပန်း၊ ရတနာသစ်၊ သောင်းပြောင်းထွေလာရယ်စရာ၊ မြတ်လေး၊ သတင်းစာ၊ ကျာနယ်၊ မဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် သရော်စာများစွာကို ရေးသားခဲ့သည်။ ဘာသာပြန်ဝတ္ထုများနှင့် ပင်ကိုယ်ရေးဝတ္ထုများကို "မောင်ကိုယု" အမည်ဖြင့်လည်းကောင်း၊ သရော်စာများကို "မောင်သစ်" အမည်ဖြင့် လည်းကောင်းရေးသားခဲ့သည်။ ထို့ပြင် တန်ယုလင်၊ အု ကလောင်အမည်ခွဲများဖြင့်လည်း ရေးသားခဲ့သည်။ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းပါ "လင်ရယ်မယားရယ်" ဝတ္ထုတိုနှင့် ၁၉၆၈ ခုနှစ်၊ သြဂုတ်လ ရှုမဝမဂ္ဂဇင်းပါ "ညနေစာအလှည့်ကလေး" ဝတ္ထုတိုများကို မြန်မာ့အသံဇာတ်လမ်းပမာနားဆင်စရာအစီအစဉ်မှ ထုတ်လွှင့်ခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ ခေတ်သစ်ကိုရင်မောင် မမယ်မဝတ္ထုရှည်များနှင့် မဂ္ဂဇင်းဝတ္ထုတိုများ ဖြစ်သည်။

စာရေးဆရာ မောင်ကိုယု

မောင်ကိုယု၏ ထင်ရှားသောဘာသာပြန်လက်ရာများမှာ ကမ္ဘာကျော်တရားခွင် လျှောက်လဲချက်များ၊ တရားခံဖြစ်သွားသောရှေ့နေ၊ တရားခံနှင့် သူ့ချစ်သူ၊ တရားခံနှင့် သူ့ရှေ့နေ၊ တကယ့်ရှေ့နေ၊ တရားခံဘယ်သူလဲနှင့် ဂျာမန်ဂန္ထဝင်စာပေများ ဖြစ်ကြသည်။

မောင်သစ်အမည်နှင့် ရေးသားသော "ကျွန်တော်တွေးမိသလိုပြောဆိုပါမည် (၁) နှင့် (၂)" သရော်စာအုပ်များမှာ ထင်ရှားသည်။

၁၉၈၈ ခုနှစ်အရေးအခင်းကာလ နိုင်ငံရေးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့၍ ရှေ့နေဦးထွန်းတင်၊ ဒေါ်မြင့်မြင့်ခင်တို့နှင့်အတူ "ဘားကောင်စီကြေညာချက်" ကို ရေးသားခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ဖွဲ့စည်းသော အမျိုးသား

ဒီမိုကရေစီအဖွဲ့ချုပ်နိုင်ငံလုံးဆိုင်ရာ ဗဟိုဦးစီးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် "လက်ရှိအခြေအနေနှင့် နောင်အနာဂတ် အလားအလာအတွက် သုံးသပ်တင်ပြချက်" စာတမ်းကို ဗဟိုဦးစီးအဖွဲ့သို့တင်သွင်းခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့သည်။

ဆရာမောင်ကိုယုသည် အသက် ၆၈ နှစ် အရွယ် ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်တွင် အမှတ် - ၁၅၁ (က) သီရိမင်္ဂလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းမြင့်နှင့်သားသမီးလေးဦးကျန်ရစ်သည်။

စာရေးဆရာ မောင်သော်က

မောင်သော်က၊ စာရေးဆရာ (၁၉၂၈-၁၉၉၀)

။ ။ ဗိုလ်မှူး ဘသော် (ငြိမ်း) (ခ) စာရေးဆရာ မောင်သော်ကကို ရွှေဘိုမြို့နေ ဦးမှန်ကြီး၊ ဒေါ်မြိုင်တို့က ၁၉၂၈ ခုနှစ်တွင် မွေးဖွားသည်။ မောင်နှမ လေးယောက်အနက် အကြီးဆုံးဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ပြီးနောက် မြန်မာ့တပ်မတော် (ရေ) ၌ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဗိုလ်ကြီးအဆင့်ဖြင့်တိုက်ရေယာဉ် ၁၀၃ စစ်ရေယာဉ်မှူးတာဝန်ထမ်းဆောင်စဉ် သဘော်နစ်မြုပ်ခဲ့ပြီး ပင်လယ်ပြင်၌ ၁၃ ရက်ကြာမျောပါကာ အသက်မသေဘဲ လွတ်မြောက်ခဲ့သည်။ တပ်မတော် (ရေ) တွင် ၂၃ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၌ စာတည်းမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရှေ့သို့စာစောင်နှင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Forward စာစောင်တို့ကို တာဝန်ယူခဲ့သည်။ ထို့ပြင် သုတစာပေ စာတမ်းဖတ်ပွဲ၌ နိုင်ငံခြားကလေးလူငယ်သုတစာပေ စာတမ်းကို ဖတ်ကြားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် စာတည်းမှူးချုပ် တာဝန်မှ အငြိမ်းစားယူသည်။

နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးနောက် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် နိုင်ငံခြားသွား သဘော်သားများအတွက် ရေကြောင်းပညာတို့ကို သင်ကြားပို့ချခဲ့သည်။ "မောင်သော်က" အမည်ဖြင့် မဂ္ဂဇင်းများတွင် ကဗျာ၊ စာပေ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထု၊ ဘာသာပြန်စာပေနှင့် ရေကြောင်း အတွေ့အကြုံစသော သုတ၊ ရသစာပေများကို ရေးသား ခဲ့သည်။ ဆရာမောင်သော်က၏ အထင်ရှားဆုံးစာအုပ် ဖြစ်သော "တိုက်ရေယာဉ် ၁၀၃" ကို ၁၉၈၇ ခုနှစ်ထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် သုတရသအဖြစ် ဖန်တီးရေးဖွဲ့ ခဲ့ရာ စာဖတ်ပရိသတ်များနှစ်ခြိုက်ခဲ့ကြသည်။ ၂၀၀၉ ခုနှစ် ရွှေအမြုတေမဂ္ဂဇင်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် လျှပ်တစ်ပြက်ဂျာနယ်တို့၌ အခန်းဆက်အဖြစ် ပြန်လည်ဖော်ပြခဲ့ရာ နှစ်ကြိမ်တိုင်တိုင် စာအုပ်ရိုက်နှိပ်ခဲ့သည်။ ထို့ပြင် သွေးဆိုး၊ ဟာသဝတ္ထုများ၊ ဖြတ်လမ်းမဟုတ်၊ မိုးဆမ်းပန်းပုံပြင်များ၊ ရေကြောင်းတိုက်ပွဲ၊ ပို့သခဲ့သောမေတ္တာများ၊ ဂျက်လန်ဒန် (ဘာသာပြန်)၊ ညနေခင်းအတွေးများ စာအုပ်များမှာ ထင်ရှားသည်။ လုံးချင်းစာအုပ် ၁၅ အုပ်ခန့်ထုတ်ဝေခဲ့သည်။

၁၉၈၈ ခုနှစ် အရေးတော်ပုံကာလတွင် စာနယ်ဇင်းသမဂ္ဂဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ကာ အရေးအခင်းကာလထုတ်ဝေသော စာစောင်များတွင် ပါဝင်ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဖွဲ့စည်းခဲ့ရာ တတ်သိပညာရှင်များ အစုအဖွဲ့ကို ကိုယ်စားပြု၍ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရကို ဆန့်ကျင်သောလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသည်။

ဆရာမောင်သော်ကသည် အသက် ၆၂ နှစ်အရွယ် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ရန်ကုန်မြို့၊ အင်းစိန်ထောင်အတွင်း၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်လှယဉ်နှင့် သားသမီးငါးဦး ကျန်ရစ်သည်။

သက်ထွန်း၊ ဦး၊ ဝဏ္ဏကျော်ထင် (၁၉၂၆-၂၀၁၂) ။ ဝဏ္ဏကျော်ထင်ဦးသက်ထွန်းကို ဦးဘိုးသောင်၊ ဒေါ်စိန်တုတ်တို့က ၁၉၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

မြို့မကျောင်းမှ အစိုးရ ၁၀ တန်း အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြား၍ ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့သို့ ပညာတော်သင် သွားရောက်ခဲ့သည်။ ပုံနှိပ်ပညာဒီပလိုမာ (Leeds)၊ B.A.(Rgn) နှင့် B.Sc (Econ) (Hons) (London) ဘွဲ့များ ရရှိသည်။

၁၉၅၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာနခွဲ၌ ညွှန်ကြားရေးမှူးချုပ်အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းကာလအတွင်း ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကုလသမဂ္ဂ အာရှနှင့်အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင် (ECAFE)၊ ကမ္ဘာ့ဘဏ် (IBRD) တို့၌ တစ်နှစ်ခန့်စီ တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံစီးပွားရေး ဒုတိယလေးနှစ် စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခြင်းခံရသည်။

၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့ရာတစ်ချိန်တည်းတွင် ဆွစ်ဇာလန်နိုင်ငံနှင့် စပိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ယူနက်စကိုဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးကော်မတီကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း ပူးတွဲဆောင်ရွက်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ပါရီမြို့ ယူနက်စကိုဌာနချုပ်၌ အာရှနှင့်ပစိဖိတ်ဌာနခွဲ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

"ကပြား" ဝတ္ထုကို ပဒေသာမဂ္ဂဇင်းနှင့် "ရှိလာ" ဝတ္ထုကို ရှုမဝမဂ္ဂဇင်းတွင် စတင်ဖော်ပြခံရသည်။ ၁၉၇၃ ခုနှစ်တွင် လုပ်သားပြည်သူနေ့စဉ်(အင်္ဂလိပ်)သတင်းစာတွင် မျက်မှောက်ခေတ်မြန်မာ၊ မြန်မာတစ်ဦး၏ တွေးခေါ်ချက်များအစရှိသည့် ဆောင်းပါး ၇၀ ကျော်ကို ရေးသားခဲ့သည်။ အငြိမ်းစားယူပြီးနောက် ၁၉၇၇ ခုနှစ်တွင် "ကမ္ဘာထဲကမြန်မာ"ကို ရေးသားသည်။ ၁၉၉၈ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် "ကင်းဝန်ခြေရာလိုက်၍သာ (In The Footsteps of Kinwun)" စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ အမျိုးသားစာပေဆု (စာပဒေသာ) ချီးမြှင့်ခံရသည်။

၁၉၉၉ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် "သံတို့အမြင် (A Diplomat's Essays)"၊ ၂၀၀၂ ခုနှစ်တွင် "မျက်မှောက်ခေတ်မြန်မာ (The Contemporary, Myanmar)"၊ ၂၀၀၄ ခုနှစ်တွင် မြန်မာသမိုင်းအဖွဲ့ရွေရတုကိုကြုံဆို၍ Selected Writings (အင်္ဂလိပ်ဘာသာ) စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ၂၀၀၄ ခုနှစ်ထုတ် "မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင် (A Myanmar Looks at Others)" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ခံရသည်။ ဦးမြဟန်ရေးသားသော "ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများ" စာအုပ်ကို The Writings of General Aung San ဟူ၍လည်းကောင်း၊ "မြန်မာ့နိုင်ငံရေး (၁၉၅၈-၁၉၆၂) (ပထမတွဲ)" စာအုပ်ကိုလည်းကောင်း အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထုတ်ဝေခဲ့သည်။ ဟာသစာပေများအဖြစ် "အင်္ဂနာက်ဟိုင်းဟာသ" နှင့် "ဟာသဟင်းလေးအိုး(၁) (၂) (၃)"၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်



ဝဏ္ဏကျော်ထင် ဦးသက်ထွန်း

“သူတို့အဆို၊ သူတို့ဟာသ”၊ “အနောက်တိုင်းနှုတ်သီးကောင်း လျှာပါးတို့၏အဆိုများ”၊ “ဥရောပလူမျိုးအချင်းချင်း မျက်နှာအိုးမည်းသုတ်ခြင်း” စသည်ဖြင့် စာအုပ်ပေါင်း ၂၀ ခန့် ရေးသားထုတ်ဝေခဲ့သည်။ ဆောင်းပါးပေါင်း ၁၀၀၀ ခန့်နှင့် အင်္ဂလိပ်၊ မြန်မာ၊ ဂျပန်ဘာသာတို့ဖြင့် စာပေများရေးသားခဲ့သည်။ နောက်ဆုံးထွက်ရှိသည့် စာအုပ်မှာ မိမိဘဝခရီးတစ်လျှောက် ပတ်သက်ခဲ့ကြသည့် သားချင်းမိတ်ဆွေများအကြောင်း အင်္ဂလိပ်ဘာသာဖြင့် မှတ်တမ်းတင်ထားသည့် Waves of Influence စာအုပ်ဖြစ်သည်။ ထို့ပြင် ၎င်း၏အတ္ထုပ္ပတ္တိကိုလည်း “အတွေးအမြင်” စာစောင်တွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားခဲ့သည်။

မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင်၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဒါရိုက်တာအဖွဲ့ဝင်၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂျပန်ပြန် ပညာတော်သင်ဟောင်းများ အသင်းနာယကနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသက်ထွန်းသည် အသက် ၈၆ နှစ်အရွယ် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ဦးကျန်ရစ်သည်။

အောင်ဗလ (၁၉၂၆-၂၀၀၈)။ ။ စာရေးဆရာ၊ သတင်းစာဆရာ၊ ကြေးမုံဦးသောင်း(ခ) အောင်ဗလကို အဘ ဦးသာဖန်၊ အမိ ဒေါ်အုပ်တို့က ၁၉၂၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ မွေးဖွားသည်။ မောင်နှမသုံးဦးအနက် အငယ်ဆုံးသားဖြစ်သည်။ အမည်ရင်းမှာမောင်သောင်းဖြစ်သည်။

မန္တလေးမြို့၊ စိန့်ပီတာကျောင်းမှ တတိယတန်းအောင်မြင်ပြီး ညောင်ဦးမြို့၊ အစိုးရအထက်တန်းကျောင်း၌ ဆက်လက်ပညာသင်ကြားသည်။ ၁၉၄၇ ခုနှစ်တွင် ဆယ်တန်းကို ပြင်ပမှဖြေဆို အောင်မြင်သည်။

၁၉၄၉ ခုနှစ်တွင် ဗမာ့ခေတ်သတင်းစာ သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ နယူးတိုင်းမ်သတင်းစာတို့က် သတင်းထောက်နှင့် နယူးပစ်သတင်းဓာတ်ပုံဖလှယ်ရေးသတင်းဌာနတွင် တစ်နှစ်ခန့်ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၅၇ ခုနှစ်တွင် ကြေးမုံသတင်းစာတို့က်ကို တည်ထောင်၍ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။ သတင်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို ကြေးမုံဦးသောင်းအမည်ဖြင့် ရေးသားခဲ့ပြီး ရသစာပေ၊ သရော်စာများ ရေးသားသောအခါ “အောင်ဗလ” အမည်ကိုအသုံးပြု၍ ရေးသားခဲ့သည်။

၁၉၄၇ ခုနှစ် ဂျာနယ်ကျော်တွင် ပါဝင်သော ဆီးသီးကြွေခွံန် ဝတ္ထုသည် ပထမဆုံးပုံနှိပ်ဖော်ပြခြင်း ခံရသည့်စာမူဖြစ်သည်။ ထို့နောက် ဇဝနဂျာနယ်၊ ဒဂုန်မဂ္ဂဇင်းတို့တွင် ကဗျာ၊ ဟာသ၊ သရော်စာ၊ ပြဇာတ်၊ သုတရသစသော စာပေများဆက်တိုက်ရေးသားခဲ့သည်။ ထင်ရှားသောဝတ္ထုဖြစ်သည့် “တဝဂူမှဂီတ” ကိုပြဇာတ်အဖြစ်တင်ဆက်ရာ အောင်မြင်ထင်ရှားခဲ့သည်။

၁၉၆၄ ခုနှစ် ကြေးမုံသတင်းစာ အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်နေစဉ် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ ဖြင့်ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။ ၁၉၆၇ ခုနှစ်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကော်ပို့ရေးရှင်း၌ တတိယအထွေထွေမန်နေဂျာအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြား ရေးမှူး(သတင်း) အဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ၁၉၇၇ ခုနှစ်တွင် တာဝန်မှ နုတ်ထွက်ခဲ့သည်။

အောင်ဗလ

၁၉၇၇ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်နိုင်ငံ၌ အလုပ်လုပ်ကိုင်ရန် မိသားစုနှင့်အတူသွားရောက်ခဲ့သည်။ မစ်ဇူရီပြည်နယ်၊ ဝါရှင်တန်မြို့တွင် နေထိုင်၍ မစ်ဇူရီသတင်းစာတွင် နိုင်ငံရေးစာပေများရေးသားရင်း ဝါရှင်တန်အခြေစိုက် CRDB အဖွဲ့တွင် ပါဝင်ကာမြန်မာ့နိုင်ငံရေးကိစ္စများကို လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ထို့နောက် ဒီမိုကရေစီဂျာနယ်၊ Burma Bulletin, Burma Review နှင့် Reader's Digest တို့တွင် စာပေများရေးသားခဲ့သည်။ ဝါရှင်တန်မြို့၌ နေထိုင်စဉ် လွတ်လပ်သော အာရှအသံရေဒီယို၊ အမေရိကန်အသံရေဒီယိုနှင့် ဘီဘီစီတို့တွင် မြန်မာပိုင်းအစီအစဉ်၌ အသံလွှင့်တင်ဆက်ခဲ့သည်။ ဘန်ကောက်မြို့ ခေတ်ပြိုင်သတင်းစာအယ်ဒီတာချုပ်နှင့် ရေဒီယိုများတွင်ဆောင်းပါးရှင် အဖြစ် မြန်မာ့ဒီမိုကရေစီအရေးဆောင်ရွက်ခဲ့သည်။ ကွယ်လွန်ချိန်အထိ ကြေးမုံဦးသောင်း၊ အောင်ဗလ၊ မောင်ချစ် စသောကလောင်အမည်များဖြင့် စာပေများရေးသားခဲ့သည်။

ဆရာအောင်ဗလသည် ကြေးမုံဦးသောင်းကလောင်ဖြင့် ရုပ်ရှင်ဇာတ်ညွှန်းလေးခု၊ မြန်မာဘာသာဖြင့်စာအုပ် ၂၆ အုပ်နှင့် အင်္ဂလိပ်ဘာသာဖြင့်စာအုပ်နှစ်အုပ်ရေးသားခဲ့ပြီး ထင်ရှားသော စာအုပ်များမှာ သတင်းစာဆရာ ဗမာ့ခေတ်မှ ကြေးမုံသို့ လက်ငင်းလက်တွေ့ ပုဒ္ဓဝါဒနှင့် ခေတ်ပြိုင် စစ်ဝါဒီများတိုက်ပွဲတို့ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်းစုံသတင်းစာ အသင်းကြီးက ဆရာအောင်ဗလ ခေါ်ကြေးမုံဦးသောင်းအား သတင်းစာသူရဲကောင်းဘွဲ့ကို ပေးအပ် ချီးမြှင့်ခဲ့သည်။ ဦးသောင်းသည် ဒေါ်မြမြစိန်နှင့် လက်ထပ်ခဲ့ပြီး သားသမီးသုံးဦးထွန်းကားသည်။ ဒုတိယအိမ်ထောင် ဒေါ်တင်တင်ဝင်းနှင့် သားသမီးနှစ်ဦးထွန်းကားသည်။

ဆရာအောင်ဗလခေါ် ကြေးမုံဦးသောင်းသည် အသက် ၈၂ နှစ်အရွယ် ၂၀၀၈ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်၊ ဖို့လော်ဒါဒေးမြို့၌ ကွယ်လွန်သည်။

ရခိုင်ပြည်နယ်ပဒိုပက္ခကို အကြောင်းပြု၍ ဖြစ်ပွားခဲ့သော ဆက်စပ်ဖြစ်စဉ်များ။ ။

မိတ္ထီလာဖြစ်စဉ် - မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မတ်လ ၂၀ ရက် နံနက်ပိုင်းတွင် သာမန်စျေးအရောင်းအဝယ် အချင်းများရာမှ ရိုက်နှက်မှုဖြစ်ပွားခဲ့ပြီး မကျေနပ်သူများက လူအုပ်စုဖြင့် အဆောက်အအုံနှင့် စျေးဆိုင်ခန်းအချို့အား ဖျက်ဆီးမှုများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူးက မတ်လ ၂၀ ရက် ညမှ စတင်၍ မိတ္ထီလာမြို့ပေါ် ၁၄ ရပ်ကွက်အတွင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) အရ တားမြစ်မိန့် ထုတ်ပြန်ကြောင်း မတ်လ ၂၂ ရက်ထုတ် နိုင်ငံပိုင် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

မတ်လ ၂၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့၊ မြို့မအရှေ့ပြင်စျေးရှိ ရွှေဆိုင်တစ်ဆိုင်သို့ မိတ္ထီလာမြို့ပြန်ကောက်ကျေးရွာမှ ဦးခင်မောင်ဝင်း၊ ဇနီး မအေးနိုင်တို့နှင့်အတူမည်သန်းတို့သုံးဦးက ရွှေဆံကုပ်တစ်ခုရောင်းချရန် သွားရောက်ခဲ့ရာ ရွှေဆိုင်ပိုင်ရှင် ဦးထွန်းထွန်းဦး(ခ) အာရှစ်၊ ဇနီးမမြင့်မြင့်အေး၊ ဆိုင်လုပ်သားညီညီ(ခ)မင်းအောင်တို့က ရွှေဆံကုပ်အား ငွေကျပ် ၁၀၅၀၀၀ ပေးမည်ဟု စျေးညှိနှိုင်းသဘော တူပြီး မှတ်ကျောက်တင်ရန် စျေးအတွင်းယူသွားခဲ့သည် ဟုဆိုသည်။ စျေးအတွင်းမှ ပြန်ရောက်ချိန်တွင် ရွှေဆံကုပ်မှာပဲ့နေပြီး ဆိုင်ရှင်တို့က ငွေကျပ် ၅၀၀၀၀

သာ ပေးတော့မည်ဟု ပြောဆိုရာ ဆိုင်ရှင်မိသားစုနှင့် ရွှေဆံကုပ်ရောင်းချသူမိသားစုတို့အချင်းများပြီး ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ကိုခင်မောင်ဝင်းမှာ ပေါက်ပြဲဒဏ်ရာတစ်ချက်နှင့် မျက်နှာဖူးရောင်ဒဏ်ရာများရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိတ္ထီလာအမှတ်(၂) ရဲစခန်း၌(ပ)၇၄/ ၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၄၂၇/ ၁၁၄ ဖြင့် အမှုဖွင့်ပြီး ဆိုင်ရှင် ဦးထွန်းထွန်းဦးအပါအဝင်သုံးဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ယင်းသို့ဖြစ်ပွားပြီး မွန်းလွဲပိုင်းတွင် အခင်းဖြစ်ရွှေဆိုင်အနီးသို့ ယင်းဖြစ်စဉ်ကို မကျေနပ်သောလူအုပ်စုများရောက်လာပြီး ယင်းအုပ်စုမှ လူအချို့က စျေးဆိုင်ခြောက်ဆိုင်၊ စျေးအနောက်ဘက်မှ ဘာသာရေးအဆောက်အအုံတစ်လုံး၊ အနီးရှိဆိုင်ကယ်လေးစီးအား ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြပြီး ညပိုင်းအထိလူအုပ်စုများက တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန်ဖျက်ဆီးခဲ့ကြသောကြောင့် စျေးအရှေ့ပြင် ရပ်ကွက်ရှိ အခင်းစတင်ဖြစ်ပွားသည့်ရွှေဆိုင်တစ်ဆိုင်၊ ဘာသာရေးအဆောက်အအုံတစ်လုံးနှင့် ဂျစ်ကားတစ်စီး၊ အောင်ဇေယျာရပ်ကွက်ရှိသုံးဘီးဆိုင်ကယ်တစ်စီး၊ တော်ဝင်နန်းလမ်းဆုံအနီးရှိ ဆိုင်ခန်းများ၊ သီရိမင်္ဂလာရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၊ ရန်မျိုးအောင်ရပ်ကွက်ရှိ ကားပစ္စည်းဆိုင်နှင့် အဆောက်အအုံတချို့၊ ပြည်သာယာတောင်ရပ်ကွက်ရှိ အဆောက်အအုံတချို့၊ ရတနာမာန်အောင်ရပ်ကွက်ရှိ အဆောက်အအုံတချို့နှင့် (၁၀)ဘီးကားတစ်စီး ပျက်စီးဆုံးရှုံးခဲ့သည်။

ဤဖြစ်စဉ်ကြောင့် သံယာတစ်ပါးပျံလွန်တော်မူကာ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးသေဆုံးပြီး ၃၉ ဦးမှာ မိတ္ထီလာဆေးရုံ၌ ဆေးဝါးကုသပေးခဲ့ရသည်။

ဤဖြစ်စဉ်ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) ထုတ်ပြန်ဆောင်ရွက်ခဲ့သော်လည်း ဆူပူအကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်များပြားလာသဖြင့် နိုင်ငံတော်သမ္မတရုံးမှ မတ်လ ၂၂ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၃) ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာသည်။

ဤကြေညာချက်အပိုဒ်(၂)တွင် “. . . . ဆူပူအကြမ်းဖက်မှုများမှာ ပိုမိုများပြားကျယ်ပြန့်လာပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) ထုတ်ပြန်ဆောင်ရွက်ရုံဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်ဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရသဖြင့် ပြည်သူများ၏လုံခြုံရေးနှင့်တည်ငြိမ် အေးချမ်းစွာ နေထိုင်နိုင်ရေးကို အမြန်ဆုံးပြန်လည် ဖော်ဆောင်ပေးနိုင်စေရန် အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၄၂၁)၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း ယနေ့မှစ၍ အရေးပေါ်အခြေအနေကြေညာလိုက်သည်” ဟူ၍ ဖော်ပြထားပြီး အပိုဒ် (၃) တွင် “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၃) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်ရမည်” ဟူ၍ ဖော်ပြပါရှိသည်။

ကြေညာချက် ထုတ်ပြန်သည့်နေ့ ညနေပိုင်း အထိသေဆုံးသူ စုစုပေါင်း ၁၁ဦး၊ ဒဏ်ရာရရှိသူ ၃၆ ဦး၊ ပဋိပက္ခကြောင့် ပျက်စီးမှုများမှာ နေအိမ် ၁၅၂ လုံး၊ မော်တော်ယာဉ်နှစ်စီး၊ ပညာရေးမှူးရုံးတစ်ရုံး၊ ဆိုင်ကယ်တစ်စီး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ ဘာသာရေး အဆောက်အအုံ ၁၃ လုံး ရှိသည်။

မတ်လ ၂၂ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မိတ္ထီလာမြို့နယ်အတွင်း၌ သက်ဆိုင်ရာကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်သည်။ ၎င်းကော်မတီများမှာ ဗဟိုကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးကော်မတီ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပညာရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ သာသနာရေး ဆိုင်ရာကော်မတီ၊ ပြန်ကြားရေးကော်မတီတို့ဖြစ်သည်။

၎င်းကော်မတီများ၏ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၃ ရက် ညတွင် မိတ္ထီလာခရိုင်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ၛင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ မတ်လ ၂၃ ရက်တွင် ဘာသာအသီးသီးမှ ဘာသာဝင်များသို့ မေတ္တာရပ်ခံခြင်းနှင့် ဘာသာပေါင်းစုံမှ သာသနာ့ခေါင်းဆောင်များ၏သဘောထားကြေညာချက်ထုတ်ပြန်သည်။

မိတ္ထီလာမြို့၏ အခြေအနေအရပ်ရပ်သည် မတ်လ ၂၂ ရက် ညပိုင်းမှစ၍ တည်ငြိမ်အေးချမ်းခဲ့သည်။ ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားပေးခဲ့ပြီး ၎င်းတို့အတွက် ဆန်၊ ဆား၊ ပဲနှင့်ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သည်။

အလားတူမန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်ဦးစီးသည့်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းအသီးသီးရှိ ဒုက္ခသည်များ၏ နေထိုင်စားသောက်ရေးအတွက် ကူညီဖြည့်ဆည်းပေးပြီး မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အလှူခံဌာနဖွင့်လှစ်ဆောင်ရွက်သည်။ ၎င်းဒုက္ခသည်များအား ပြင်ပမှ စေတနာရှင်အလှူရှင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အထောက်အပံ့ပစ္စည်းများ၊ဆေးဝါးများနှင့်အစားအသောက်များ လှူဒါန်းကြသည်။ ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေရပ်အသီးသီးသို့ပြန်လိုသူများကို သက်ဆိုင်ရာကလုံခြုံရေးတာဝန်ယူ၍ လိုက်ပါပို့ဆောင်ပေးသည်။ လုံခြုံရေးတာဝန်ကျဝန်ထမ်းများသည် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို မတ်လ ၂၃ ရက် နံနက်မှ စတင်ဆောင်ရွက်ခဲ့ရာ ရပ်ကွက်အပျက်အစီးများအတွင်းမှ သေဆုံးသူ ၂၁ ဦး၏ရုပ်အလောင်းများ ထပ်မံတွေ့ရှိခဲ့သည်။ ၎င်းရုပ်အလောင်းများသည် ရုပ်ဆင်းအဂိါပျက်ယွင်းနေပြီး အမည်၊ လူမျိုး၊ ဘာသာခွဲခြားနိုင်ခြင်းမရှိတော့ပေ။ ပဋိပက္ခကြောင့် မတ်လ ၂၃ ရက် ညနေပိုင်းအထိ သေဆုံးသူစုစုပေါင်း ၃၂ ဦးရှိခဲ့သည်။

မတ်လ ၂၄ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ်မစ္စတာ ဗီဂျေနမ်ဘီးယားသည် သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မိတ္ထီလာမြို့ခရိုင် အားကစားကွင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ သာသနဝေပုလ္လကျောင်းတိုက်၊ ပထမကျော်ဓမ္မာစရိယတိုက်သစ်နှင့် သမုန်းကုန်းကျောင်းတိုက်များ၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိပြီး ဒုက္ခသည်များအား တွေ့ဆုံနှုတ်ဆက်၍ နေထိုင်စားသောက်မှုအခြေအနေများ မေးမြန်းသည်။ ဒုက္ခသည်စခန်းများတွင် ဒုက္ခသည် ၉၆၄၄ ဦး လက်ခံထားသည်။ ထို့ပြင် မီးလောင်ပျက်စီးသွားသော နေအိမ်အဆောက်အအုံများကိုကြည့်ရှုပြီး ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှု၍ ဒဏ်ရာရရှိမှုများနှင့် ဆေးကုသပေးမှုအခြေအနေများကို ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာအောင်ထွန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ်မစ္စတာနမ်ဘီးယားသည် ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မတ်လ ၂၄ ရက်တွင် မိတ္ထီလာမြို့၊ တော်ဝင်နန်းစားသောက်ဆိုင်ခန်းမ၌ တွေ့ဆုံဆွေးနွေးရာ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးခင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒေါက်တာမောင်မောင်ဌေး၊ ဦးအေးကြူနှင့်ဦးဘုန်းဆွေ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒနှင့် ဆရာတော်ဦးဝိရသူတို့အမှူးပြုသော ဆရာတော်

များ၊ ခရစ်ယာန်ဘာသာနှင့်အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့်ဒုက္ခသည်စခန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မိတ္ထီလာမြို့၌ဖြစ်ပွားခဲ့သည့်ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ၁၃ ဦးကို မိတ္ထီလာမြို့မရဲစခန်း၌ မတ်လ ၂၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးတုတ်၊ ဓားလက်နက်ကိုင်ဆောင်သွားလာခဲ့သူအခြား ၅၂ ဦးကို ခံဝန်ချက်ဖြင့် ပြန်လွှတ်ခဲ့သည်။

မိတ္ထီလာမြို့ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစဉ် အတွင်း ပျက်စီးခဲ့သော အပျက်အစီးများကို နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် စည်ပင်သာယာဝန်ထမ်း များစုပေါင်း၍ ဖယ်ရှားရှင်းလင်းကာသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အပျက်အစီးများကြားမှ အမည်ဖော်ပြနိုင်ခြင်းမရှိသောသေဆုံးသူ ရှစ်ဦး၏ ရုပ်အလောင်းများကို ထပ်မံတွေ့ရှိခဲ့သဖြင့် မတ်လ ၂၄ ရက်ညနေပိုင်းအထိ မိတ္ထီလာဖြစ်စဉ်၌ သေဆုံးသူ စုစုပေါင်း ၄၀ ရှိသည်။

မိတ္ထီလာမြို့ပေါ်၌ အခြေအနေများတည်ငြိမ်အေးချမ်းနေချိန်တွင် မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တပ်မတော်သားများက နေ့ည လုံခြုံရေးများဆောင်ရွက်ခဲ့ရာ မတ်လ ၂၃ ရက်နှင့် ၂၄ ရက်ညပိုင်းများတွင် သဲတော၊ ဝမ်းတွင်း၊ မလှိုင်မြို့၊ မိတ္ထီလာမြို့တွင်းနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း လှည့်ကင်းများဆောင်ရွက်ပေးခြင်း၊ နေရပ်သို့ပြန်လည်ရွှေ့ပြောင်းလိုသော ကျေးရွာသူ ကျေးရွာသားများအား ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကားလမ်းတစ်လျှောက်ယာဉ်သွားလာမှုများကို အနှောင့်အယှက်ဖြစ်စေမည့် မော်တော်ယာဉ်အပျက်အစီးများကို ရှင်းလင်းပေးခဲ့သည်။ မတ်လ ၂၅ ရက် ညမှ နံနက်အထိ မြို့ပေါ် ၁၄ ရပ်ကွက်အတွင်း လုံခြုံရေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက် (၇/၂၀၁၃) ထုတ်ပြန် ကြေညာသည်။ ၎င်းကြေညာချက်တွင် လူမျိုးရေး၊ ဘာသာရေး၊ အကြမ်းဖက်ရန်လှုံ့ဆော်မှုများအပါအဝင် အကြမ်းဖက်မှုအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အစွမ်းကုန်တားဆီး ကိုင်တွယ်ဆောင်ရွက်မည့် အကြောင်း၊ ဒုက္ခသည်ပြည်သူလူထု၏အရေးပေါ်စားဝတ်နေရေးလုံခြုံမှုကို အပြည့်အဝကူညီဆောင်ရွက်မည့်အကြောင်း၊ ပြန်လည်နေရာချထားရေးကို အမြန်ဆုံးဆောင်ရွက်မည့်အကြောင်း၊ပဋိပက္ခကြောင့်ခံစားထိခိုက်ခဲ့ရသည့်လူ့အဖွဲ့အစည်းများအကြားယုံကြည်မှုပြန်လည်တည်ဆောက်နိုင်မည့် ဆွေးနွေးမှုများနှင့် ခံစားမှုများကို ကုစားနိုင်မည့်အလုပ်ရုံဆွေးနွေးပွဲများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိခိုက်မည့်အကြမ်းဖက်မှုများ၊ဘာသာရေးအစွန်းရောက်မှုများကိုရှောင်ရှားကြပါရန် ပြည်သူများကို တိုက်တွန်းအပ်ပါကြောင်းပါရှိသည်။

မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း ၅ ခု၌ ဒုက္ခသည် ၇၀၀၀ ကျော်၊ ဘုန်းတော်ကြီးကျောင်းတိုက် ၁၆ တိုက်၌ ဒုက္ခသည် ၃၀၀၀ ကျော် ခိုလှုံကြပြီး တာဝန်ရှိသူများက ဒုက္ခသည်များ၏ နေထိုင်မှုနှင့် စားသောက်မှုကိစ္စရပ်များအဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးသည်။

စေတနာရှင်ပြည်သူများက အလှူငွေနှင့် ပစ္စည်းများလှူဒါန်းသကဲ့သို့ ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များသို့လည်း ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။

မတ်လ ၂၇ ရက်တွင် ယာယီကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအနက် မိသားစုဝင်များနှင့် ကွဲကွာနေကြသူများအား ပြန်လည်ပေါင်းစည်းပေးခြင်းကို မိတ္ထီလာမြို့ပညာရေးကောလိပ်အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း (ရှမ်းတဲ) တို့၌ ဆောင်ရွက်ပေးသည်။

ထို့အတူ လယ်ဝေးမြို့နယ် ရုံးပင်ရွာ၌ ဖြစ်ပွားခဲ့သည့်ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးတို့အား မတ်လ ၂၃ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အလားတူ ရမည်းသင်းမြို့နယ်ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့်ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ၁၇ ဦးအား မတ်လ ၂၄ ရက်တွင် ရမည်းသင်းရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

မတ်လ ၂၈ ရက် ညတွင် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းကျေးရွာအုပ်စု ပုတီးကုန်း ဘူတာသံလမ်းဘေးရှိ ဆိုင်အခို့ကို လူအုပ်စုများက ဝင်ရောက်ဖျက်ဆီးခဲ့ကြပြီး ရွှေပြည်အေးရပ်ကွက်၌လည်းအလားတူ ဝိုင်းဝန်းဖျက်ဆီးခဲ့ကြသည်။ ထို့ပြင် မတ်လ ၂၉ ရက်တွင် အင်းမကျေးရွာအုပ်စု စျေးလမ်းနှင့်မင်းလှမြို့နယ်စစ်ကွင်း စျေးတို့၌လည်း လူစုလူဝေးများရောက်ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သဲကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က သေနတ်ပစ်ဖောက်၍ လူစုခွဲခဲ့သည်။

မတ်လ ၂၅ ရက် ညတွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် မြို့ပေါ်ရပ်ကွက် နယ်နိမိတ်အတွင်း၌လည်းကောင်း၊ မတ်လ ၂၄ ရက် ညတွင် အုတ်ဖိုမြို့နယ်နှင့်မင်းလှမြို့နယ်တို့တွင်လည်းကောင်း ဆူပူဖျက်ဆီးလို သူတို့က နေအိမ်ဆိုင်ခန်းနှင့် ဘာသာရေးအဆောက်အအုံများကို ဖျက်ဆီးကြသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ထိခိုက်စေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားလာနိုင်သဖြင့် မင်းလှမြို့နယ်၌ မြို့ပေါ်ရပ်ကွက်နယ်နိမိတ်အတွင်း၌လည်းကောင်း၊ အုတ်ဖိုမြို့နယ်မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စု၌ လည်းကောင်း၊ မင်းလှမြို့နယ် လက်ပံရေကျော် ကျေးရွာအုပ်စု၊ တာတွေ့ကျေးရွာနှင့် စစ်တွင်းကျေးရွာတို့၌လည်းကောင်း မတ်လ ၂၆ ရက် ညနေတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) အရတားမြစ် မိန့်ထုတ်ပြန်သည်။

ထို့ပြင် မတ်လ ၂၆ ရက်တွင် အုတ်ဖိုမြို့နယ်နှင့် နတ်တလင်းမြို့နယ်များ၌လည်းကောင်း၊ မတ်လ ၂၇ ရက်တွင် သဲကုန်းမြို့နယ်အင်းမကျေးရွာအုပ်စုနှင့် ဇီးကုန်းမြို့နယ်တို့၌လည်းကောင်း လူအုပ်စုများက ဘာသာရေး အဆောက်အအုံများ၊ စျေးဆိုင်များ၊ လူနေအိမ်များအား ခဲများဖြင့်ပစ်ပေါက်ခြင်းနှင့်ဝင်ရောက်ဖျက်ဆီးခြင်း တို့ပြုလုပ်ခဲ့ကြသဖြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်၊ အုတ်ဖို၊ မင်းလှ၊ ဇီးကုန်းနှင့် နတ်တလင်း မြို့နယ်တို့၌ ပုဒ်မ (၁၄၄) ထုတ်ပြန်တားမြစ်သည်။

မိတ္ထီလာအရေးအခင်းကိစ္စအပါအဝင် ဆူပူမှုများကူးစက်ပြန့်ပွားရန်ကြိုးပမ်းလာသည့် အခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားနှင့်အစိုးရ၏ ရပ်တည်ချက်ကို နိုင်ငံတော်သမ္မတက ပြည်သူလူထုသို့ ရှင်းလင်းပြောကြားချက်ကို မတ်လ ၂၉ ရက်ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိရာ ၎င်းရှင်းလင်းချက်တွင် “. . . . တရားဥပဒေစိုးမိုးရေးတွင် အဓိကတာဝန်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီရဲရင့်ပြတ်သားစွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်ခွင့်သည် သူတစ်ပါးကိုထိခိုက်မှုမရှိဘဲ လွတ်လပ်ခြင်း၏ အရသာကို အားလုံးခံစားနိုင်ဖို့ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း မိမိယုံကြည်ရာ လွတ်လပ်စွာကိုးကွယ်ခွင့်ကို နိုင်ငံသားအခွင့်အရေးအနေနှင့် အာမခံချက် အပြည့်အဝပေးထားပြီးဖြစ်ကြောင်း၊ မွန်မြတ်သည့် ကိုးကွယ်ယုံကြည်မှုကို ခုတုံးလုပ်ပြီး အလွဲသုံးသည့် အယူသီးအစွန်းရောက်လုပ်ရပ်များ၊ မတူညီသည့် ဘာသာတရားများအကြား အမုန်းတရားတိုးပွားအောင် လုပ်ဆောင်မှုများ၊ ကိုယ်ကျိုးစီးပွားနှင့် ယှဉ်သည့် နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်လုပ်ဆောင်မှုများကို ပပျောက်စေရန် မိမိတို့အစိုးရအနေနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း” ဖော်ပြပါရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ သတိပေးကြေညာချက် ထုတ်ပြန်ခြင်း

ထို့ပြင် မတ်လ ၂၉ ရက် ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ဆူပူ

မှုများဖြစ်ပွားမှုနှင့်ပတ်သက်၍ သတိပေးကြေညာချက်ထုတ်ပြန်ရာ ယင်းကြေညာချက်တွင် "ဆူပူဆန္ဒပြမှုမှ မင်းမဲ့စရိုက်ဆန်ဆန်အကြမ်းဖက်မှုအထိ ဖြစ်ပေါ်လာခဲ့သည့်ယင်းဖြစ်စဉ်မှအစပြု၍ အခြားတိုင်းဒေသကြီးရှိ မြို့နယ်များသို့ ကူးစက်ဖြစ်ပေါ်ခဲ့ပြီး ယနေ့အထိမြို့နယ် ၁၅ မြို့နယ်တွင် အကြမ်းဖက်မှု ၁၆၃ ကြိမ်၊ သေဆုံးသူ ၄၃ ဦး၊ ဒဏ်ရာရရှိသူ ၈၆ ဦးရှိ၍ အိုးအိမ်၊ စျေးဆိုင်၊ အဆောက်အအုံ ၁၃၅၅ လုံးနှင့် ယာဉ်မျိုးစုံ ၃၉ စီး ပျက်စီးဆုံးရှုံးကာ လူဦးရေ ၁၁၃၇၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းခြောက်ခုတွင် ဒုက္ခသည် ၉၀၆၅ ဦးကို ကူညီစောင့်ရှောက်ပေးခဲ့ရပါသည်။ ယင်းဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူတရား ၆၈ ဦး ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်....." စသည်ဖြင့် ဖော်ပြပါရှိသည်။

နိုင်ငံတော်သမ္မတရုံးမှ မတ်လ ၃၀ ရက် ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၃) ဖြင့် အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီဖွဲ့စည်းသည်။

၎င်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးအောင်မင်း [ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄)] နှင့် အတွင်းရေးမှူးအဖြစ် ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာန) တို့က ဆောင်ရွက်ပြီး အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းသည်။

မြန်မာနိုင်ငံအခြေစိုက် သံရုံးအကြီးအကဲများနှင့် သံတမန်များအား ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းအခမ်းအနားကို ဧပြီလ ၃ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဒ္ဒကျင်းပသည်။

၎င်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်က ပဋိပက္ခဖြစ်စဉ်များတွင် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိအဖွဲ့အစည်းများမှ ကူညီစောင့်ရှောက်ပေးနေမှုအခြေအနေမှန်များကို ရှင်းလင်းပြောကြားပြီး သံရုံးအကြီးအကဲများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အကြမ်းဖက်မှုကြောင့် ကယ်ဆယ်ရေးစခန်းငါးခုဖွင့်လှစ်ခဲ့ရာ စက်တင်ဘာလ ၁၉ ရက်အထိ ခရိုင်အားကစားကွင်းတွင် အစ္စလာမ်ဘာသာဝင်လူဦးရေ ၈၉၅ ဦး၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းတွင် အစ္စလာမ်ဘာသာဝင် ၁၅၄၆ ဦး၊ ရေအရင်းအမြစ်ကယ်ဆယ်ရေးစခန်းတွင် အစ္စလာမ်ဘာသာဝင် ၈၆၈ ဦး၊သာသနာ့ရက္ခိတစခန်းတွင် ဗုဒ္ဓဘာသာဝင် ၆၅၆ ဦး၊ အုတ်ဖိုစခန်းတွင် ဗုဒ္ဓဘာသာဝင် ၁၉၁ ဦး စုစုပေါင်း ၄၁၅၆ ဦး ခိုလှုံနေရသည်။

နိုင်ငံတော်သမ္မတရုံးမှ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၂/၂၀၁၃) ဖြင့် အရေးပေါ်အခြေအနေကြေညာခြင်းကို ရုပ်သိမ်းကြောင်း စက်တင်ဘာလ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။ အဆိုပါထုတ်ပြန်ချက်တွင် ၂၀-၅-၂၀၁၃ ရက်တွင် အမိန့်ထုတ်ပြန်သည့်ရက် ၆၀ ပြည့်သော်လည်း တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရန် လိုအပ်သဖြင့် အဆိုပါအမိန့်ထုတ်ပြန်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတည်ပြုချက်ရယူရန်နှင့် သက်တမ်းတိုးမြှင့်ပေးရန်အတွက် ၂၁-၅-၂၀၁၃ ရက်တွင် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးသို့ တင်ပြခဲ့ရာ ရက်ပေါင်း ၆၀ ဆက်လက်အာဏာတည်စေရန် အတည်ပြုခဲ့ကြောင်း၊ ထိုသို့ဆက်လက် အာဏာတည်သည့် ရက်သည် ၁၉-၇-၂၀၁၃ ရက်တွင် ရက် ၆၀ ပြည့်ပြီးဖြစ်ကြောင်းနှင့် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်များတွင် တည်ငြိမ်အေးချမ်းမှုရရှိပြီဖြစ်သောကြောင့် အရေးပေါ်အခြေအနေအမိန့်ကို ရုပ်သိမ်းလိုက်ကြောင်း ဖော်ပြပါရှိသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်၌ သာစည်မြို့နယ် ဟံဇားကျေးရွာ မိုးကောင်းကျောင်းတိုက်မှ သံဃာတော်ဦးသောဘိသပျံလွန်တော်မူခြင်းနှင့် ပညာရေးမှူးရုံးမီးရှို့မှုအတွက် အမှတ် (၂) ရဲစခန်းက တရားခံခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မတ်လ ၂၁ ရက်တွင် မိတ္ထီလာခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့က အမိန့်ချမှတ်သည်။

ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာ။ ။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်၊ မေလနှင့်ဇွန်လအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့် လူစုလူဝေးဖြင့် ဥပဒေမဲ့ဆောင်ရွက်မှုများ၊ တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါပဋိပက္ခဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေးစုံစမ်းစစ်ဆေးရန်နှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးအကြံပြုရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၁၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၂) ဖြင့်စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမျိုးမြင့်နှင့် အတွင်းရေးမှူးအဖြစ် Myanmar Egress မှ ဒေါက်တာကျော်ရင်လှိုင်တို့က ဆောင်ရွက်ပြီး အဖွဲ့ဝင်များမှာသိက္ခာတော်ရ ဆရာတော်ဦးကျော်ညွှန့် (ဂျပ်ဆင်ဘုရားကျောင်း၊ ရန်ကုန်မြို့)၊ သိက္ခာတော်ရ ဆရာတော် ဦးစောမာဂေကြီး(အတွင်းရေးမှူး၊ မြန်မာဘက်ပ်တစ်ကွန်ဗင်းရှင်း)၊ ဦးသိန်းထွန်း (စီးပွားရေးလုပ်ငန်းရှင်)၊ ဦးစိုးသိမ်း(ခ) မောင်ဝံသ (စာရေးဆရာ)၊ ဦးသူရ(ခ) ဦးဇာဂနာ (အနုပညာရှင်)၊ ဦးခွန်ထွန်းဦး (ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)၊ ဒေါ်သန်းသန်းနု (ဒီမိုကရက်တစ်ပါတီ-မြန်မာ)၊ ဦးခင်မောင်ဆွေ (ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ)၊ ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ၊ ရခိုင်တိုင်းရင်းသားများ ဒီမိုရက်တစ်ပါတီ)၊ ဦးအေးသာအောင် (ဥက္ကဋ္ဌ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်)၊ ဦးကိုကိုကြီး (၈၈မျိုးဆက် ကျောင်းသားများအဖွဲ့)၊ ဒေါက်တာဒေါ်ရင်ရင်နွယ် [UNICEF အကြီးတန်းအရာရှိ (ငြိမ်း)]၊ ဒေါက်တာ ဆလိုင်းမူးကျုံးလျန် (နိုင်ငံတကာဥပဒေကျွမ်းကျင်သူ)၊ ဦးတင်အောင်မိုး (သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်)၊ ဦးအောင်နိုင်ဦး (အမှုဆောင်အဖွဲ့ဝင်၊ ဗဟုဖွဲ့ဖြိုးရေးအဖွဲ့)၊ ဒေါ်ဝါဝါထွန်း (ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)၊ ဒေါ်ဂျာနန် (အမှုဆောင် ညွှန်ကြားရေးမှူး၊ ငြိမ်းဖောင်ဒေးရှင်း)၊ ဦးထွန်းအောင်ချိန် (အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်)၊ ဟာဂျီဦးညွန့်မောင်သျှိန် (ဥက္ကဋ္ဌ၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်)၊ ဟာဂျီဦးတင်မောင်သန်း (အတွင်းရေးမှူး၊ အစ္စလာမ် သာသနာရေးရာကောင်စီဌာနချုပ်)၊ ဟာဂျီ ဦးလှဝင်း [ဥက္ကဋ္ဌ၊ မြန်မာမွတ်ဆလင်အမျိုးသားရေးရာ အဖွဲ့ချုပ်(မအဖဌာနချုပ်)]၊ ဦးကျော်ခင် [အထွေထွေအတွင်းရေးမှူး၊ မြန်မာမွတ်ဆလင်အမျိုးသားရေးရာ အဖွဲ့ချုပ်(မအဖဌာနချုပ်)]၊ ဟာဂျီဦးမြင့်ထွန်း [ဥက္ကဋ္ဌ၊ မြန်မာမွတ်ဆလင်လူငယ်များ(ဘာသာရေး)အဖွဲ့ချုပ် (မမလဌာနချုပ်)]၊ ဦးလှဝင်း [အတွင်းရေးမှူး၊ မြန်မာမွတ်ဆလင်လူငယ်များ(ဘာသာရေး) အဖွဲ့ချုပ် (မမလဌာနချုပ်)]၊ ဒေါက်တာလှထွန်း [အကျိုးတော်ဆောင်၊ သနန္တရဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်] တို့ဖြစ်ကြသည်။

အဆိုပါကော်မရှင်၏အစီရင်ခံစာကို ဧပြီလ ၂၉ ရက်တွင် ထုတ်ပြန်ရာ အစီရင်ခံစာပါ အကျဉ်းချုပ်အချက်အလက်များမှာ-

"ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင်တည်ရှိပြီး ခရိုင်လေးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်နှင့် မြို့နယ်ခွဲသုံးမြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ရခိုင်လူမျိုးနှင့်ရခိုင်မျိုးနွယ်စုများဖြစ်ကြသော သက်၊ ဒိုင်းနက်၊ မြို၊ ခမီး၊ ကမန်နှင့်မရမာကြီးတို့အပြင် ဘင်္ဂလီလူမျိုးများလည်း နေထိုင်ကြသည်။ လူဦးရေအားဖြင့် ၃ ဒသမ ၃ သန်းကျော်နေထိုင်လျက်ရှိပြီး လူနေထူထပ်မှုနှုန်းမှာ တစ်စတုရန်းမိုင်လျှင် ၂၃၅ ဦးခန့် ရှိသည်။

၁၉ ရာစုအစောပိုင်း အင်္ဂလိပ်နယ်ချဲ့ကိုလိုနီများရခိုင်ပြည်နယ်သို့ ဝင်ရောက်လာပြီးနောက် လယ်ယာလုပ်ငန်း တိုးချဲ့လာခဲ့သဖြင့် လိုအပ်သော လုပ်အားကို အိမ်နီးချင်းနိုင်ငံများမှ ဘင်္ဂလီများက ရာသီအလိုက် လုပ်သားများအဖြစ် လာရောက်လုပ်ကိုင်ကြသည်။ သို့သော် နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း၌ တစ်စတစ်စ အခြေချနေထိုင်မှုများရှိလာသည်။ ထို့နောက် ဘင်္ဂလီလူမျိုးများသည် အခြေတကျနေထိုင်ကာ လူဦးရေတိုးပွားမှုများလာခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း၌ ဒုတိယမြောက်နေထိုင်သော

လူမျိုးစုတစ်စုဖြစ်လာခဲ့သည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ လူမျိုးစုများအကြား စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ၌ လွှမ်းမိုးချုပ်ကိုင်လာမှုများနှင့် မကျေနပ်မှုများ တိုးပွားလာခဲ့သည်။

သမိုင်းတစ်လျှောက်တွင် ရခိုင်လူမျိုးနှင့်ဘင်္ဂလီလူမျိုးအကြား ပဋိပက္ခများစွာဖြစ်ပွားခဲ့သည်။ နှစ်ဖက်လူ့အဖွဲ့အစည်းကြား ဘာသာအယူဝါဒဓလေ့ထုံးစံများကို အပြန်အလှန်လက်ခံနိုင်မှုမရှိခြင်း၊ အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများ၊ပြင်းထန်လာသော လူမျိုးရေးစိတ်ဓာတ်များ၊နိုင်ငံရေးအရ လွှမ်းမိုးလိုမှု များနှင့် လူ့အဖွဲ့အစည်းနှစ်ရပ်ကြား အပြန်အလှန်စွပ်စွဲပြစ်တင်မှုများကို သားစဉ်မြေးဆက်ပြုလုပ်ခဲ့ခြင်းများကြောင့် မကြာခဏဆိုသလိုပင် လူမျိုးရေးပဋိပက္ခများဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်များအနက် ၂၀၁၂ ခုနှစ်၊ ဇွန်လနှင့်အောက်တိုဘာလများအတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သောဖြစ်စဉ်များသည် သမိုင်းတစ်လျှောက်ကြီးမားသော ပဋိပက္ခတစ်ရပ်ဖြစ်ခဲ့သည်။

၂၀၁၂ ခုနှစ် ပဋိပက္ခများအတွင်း လူပေါင်း ၁၉၂ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၂၆၅ ဦး ဒဏ်ရာရရှိခဲ့ရကာ နေအိမ်ပေါင်း ၈,၆၁၄ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ လူပေါင်းတစ်သိန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဒုက္ခသည်များ ဖြစ်ခဲ့ကြရသည်။ ပဋိပက္ခများကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိလာပြီး မိသားစုများ၏စားဝတ်နေရေးခက်ခဲလာရုံသာမက ရခိုင်ပြည်နယ်၏စီးပွားရေးလုပ်ငန်းများပါ ထိခိုက်မှုများစွာရှိလာခဲ့သည်။ ထို့ပြင် လူမျိုးစုနှစ်စုကြား အပြန်အလှန်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် မိသားစုများ၏ လုံခြုံရေးကို စိုးရိမ်ပူပန်ရခြင်း၊ ကြောက်လန့်ခြင်းနှင့် မတည်ငြိမ်မှုကြောင့် အခြေခံလိုအပ်ချက်များပြားလာခြင်းတို့ကိုလည်း ဖြစ်ပေါ်စေသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များတွင် ပဋိပက္ခများကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ တိုးပွားလာသည့်အပြင် လူမျိုးနှစ်စုကြား ဆက်ဆံရေးမှာလည်း အတိုင်းအတာတစ်ခုအထိ ပြတ်တောက်သွားခဲ့သည်။ ထို့ပြင်သမိုင်းဖြစ်စဉ်များ၏ ခါးသီးမှုများကြောင့် လူမျိုးစုတစ်စုနှင့်တစ်စုကြား ကန့်သတ်တားဆီးမှုများသည်လည်း တဖြည်းဖြည်းမြင့်မားလာသဖြင့် မယုံကြည်မှုများတိုးပွားလာခြင်း၊ဆက်ဆံရေးပြတ်တောက်ခြင်းနှင့် တင်းမာမှုများမြင့်တက်နေခြင်းတို့ဖြစ်ပေါ်လာစေသည်။

အထက်ပါပြဿနာရပ်များကို အရေးတကြီး ကိုင်တွယ်ဖြေရှင်းရန်အတွက် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ထားရန်၊ လုံခြုံရေးအင်အားများရုတ်တရက်များပြားစွာလျှော့ချခြင်းမပြုရန်၊ နယ်စပ်လုံခြုံရေးတိုးမြှင့်ထားခြင်းနှင့်ကျွမ်းကျင်သောအဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့များ ကြိုတင်ဖွဲ့စည်းတာဝန်ပေးအပ်ထားရန်၊ ကျွမ်းကျင်သူများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးထားရန်၊ဗုံးရှင်းလင်းရေးအဖွဲ့ထားရှိပေးရန်နှင့် ခေတ်မီကောင်းမွန်သော အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်ခဲယမ်းကိရိယာများတပ်ဆင်ထားပေးရန်၊ အဓိကရုဏ်းနှိမ်နင်းရေးတွင် တပ်မတော်၏အကူအညီရယူမည်ဆိုပါက တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား ခေတ်မီအဓိကရုဏ်းနှိမ်နင်းရေးသုံးလက်နက်၊ ခဲယမ်းမီးကျောက်များကို လုံလောက်စွာထုတ်ပေးထားရန်၊ လုံခြုံရေးတပ်ရင်းတပ်ဖွဲ့များကို ဖွဲ့စည်းပုံအပြည့် အင်အားဖြည့်တင်းပေးထားရန်နှင့် ပဋိပက္ခဖြစ်ပွားရာ မည်သည့်နေရာဒေသကိုမဆို အမြန်ဆုံးထိန်းသိမ်းနိုင်ရေး အတွက် ခေတ်မီသော ဆက်သွယ်ရေးစနစ်၊ကုန်းလမ်း၊ ရေလမ်းရာသီမရွေးသွားလာနိုင်သည့်ခေတ်မီသော တပ်ဖွဲ့ပိုင်မော်တော်ကားများ၊ ရေယာဉ်များ၊ အမြန်ရေယာဉ်များ၊ စက်လှေများကို တပ်ဆင်ဖြည့်ဆည်းပေးထားရန်၊ တပ်မတော်ရေတပ်အင်အားတိုးချဲ့ထားရန်၊ ကမ်းခြေစောင့်ရေဒါစခန်းများ၊ ကင်းလှည့်လေယာဉ်များ၊ CCTV စောင့်ကြည့်ကင်မရာများ၊ လူလုပ်အတားအဆီးများချထားရန်၊ ကမ်းခြေစောင့်ရေကြောင်းရဲတပ်ဖွဲ့ (Marine Police/Coastal, Coastal Police) ကိုဖွဲ့စည်း၍ ကင်းလှည့်တိုက်ခိုက်ရေးရေယာဉ် (Assualt Boat) များကို ထုတ်ပေးထားပြီး ရေတပ်နှင့်ပူးပေါင်းကင်းလှည့်ခြင်းများ ဆောင်ရွက်စေရန်၊ အကြမ်းဖက်အဖွဲ့အစည်း၊ အစွန်းရောက်အဖွဲ့အစည်းများ၏ အန္တရာယ်မှကြိုတင် ကာကွယ်ထောက်လှမ်းသိရှိနိုင်ရန်

စစ်ဘက်ထောက်လှမ်းရေး၊ အရပ်ဘက်ထောက်လှမ်းရေးများပါဝင်သည့် Special Team တစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်သွားရန်၊ ရခိုင်ပြည်နယ်ရှိ လဝကဝန်ထမ်းအင်အားများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဖွဲ့စည်းပုံအပြည့်ဖြည့်တင်းပေးရန်၊ နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရအမိန့်များ ထုတ်ပြန်ပြီး ဆက်လက်ထိန်းချုပ်ထားရန်၊ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်သည်။ ထိုသို့ဖြစ်ပါက ထိစပ်နေသော နယ်စပ်ဒေသသို့ အကျိုးဆက်များ သက်ရောက်လာနိုင်သည်။ ထို့အတွက် ကြိုတင်စဉ်းစားထားရန်နှင့်လိုအပ်သည် များကြိုတင်ပြင်ဆင်ထားရန်၊ ပဋိပက္ခနှင့်ပတ်သက်၍ ဖြေရှင်းမည့်နည်းလမ်းများ ရေးဆွဲခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ခြင်းနှင့် ကြိုတင်ကာကွယ်သည့် စနစ်တစ်ရပ်ထူထောင်ရန်အတွက် အစီအမံများရေးဆွဲထားရန်၊ တရားဥပဒေစိုးမိုးရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်နှင့်ဖွဲ့စည်းပုံအရလိုအပ်နေသော ဝန်ထမ်းအင်အားကို ထပ်မံဖြည့်တင်းရန်၊ အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်သာသနာရေးဦးစီးဌာနတို့အား ဖြည့်တင်းပေးရန်၊ တရားစီရင်ရေးတွင်လည်း သာတူညီတူနှင့်လျင်မြန်စွာ အရေးယူဆောင်ရွက်နိုင်ရေးပြင်ဆင်ထားရန်၊ မည်သို့ပင်ဖြစ်စေ အစိုးရဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူပြည်သားအားလုံးသည် နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ကြရန်ဖြစ်သည်။ အကယ်၍ အဆိုပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူမည်သူ့ကိုမဆို ဥပဒေအတိုင်း တိတိကျကျ အရေးယူသွားရန်တို့ကို လုပ်ဆောင်သင့်သည်။

ပြန်လည်ထူထောင်ရေးအတွက် အစိုးရနှင့်အဖွဲ့အစည်းများသည် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်နှင့်ပြန်လည်ထူထောင်ရေးအစီအစဉ်ဟူ၍ အပိုင်းများခွဲကာ အစားအစာ၊ အိုးအကာ၊ ကျန်းမာရေး၊ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းကိစ္စရပ်များကို တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။ လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်အောင်မြင်ခဲ့သော်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ အစားအစာကဏ္ဍတွင် စုစုပေါင်း လိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းရန် ထပ်မံလိုအပ်နေခြင်းနှင့် အာဟာရ မပြည့်ဝခြင်း၊ အိုးအကာကဏ္ဍတွင် လိုအပ်ချက်၏ ရာခိုင်နှုန်း ၉၀ ကျော် အကောင်အထည်ဖော်ပေးရန်နှင့် မိုးရာသီမတိုင်မီ ဆောက်လုပ်ရန်လိုအပ်နေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် ကူးစက်ရောဂါများတားဆီးကာကွယ်ရန်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအား အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း၊ ပညာရေးကဏ္ဍတွင်လည်း ဆရာ ဆရာမများ လိုအပ်ချက်ရှိနေခြင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို အလျင်အမြန် ဆောင်ရွက်ရန် အစရှိသည့်လိုအပ်ချက် များစွာရှိနေသည်။

အထက်ပါပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက် ပြည်နယ်အတွင်း ကလေးများ၏အာဟာရချို့တဲ့မှုကို လေ့လာရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရေးစီစဉ်ပေးရန်၊ မိုးတွင်းကာလမတိုင်မီ ဒုက္ခသည်များကို ယာယီတဲများမှ လုံခြုံသည့် အဆောက်အအုံများတွင် နေရာချထားရန်နှင့်ဒုက္ခသည်စခန်းများတွင်လူဦးရေသိပ်သည်းမှုကို လျှော့ချရန်၊ ဒုက္ခသည်စခန်းများတွင် ရေသန့်ရရှိရေးနှင့် အိမ်သာများလုံလောက်စွာ ဆောက်လုပ်ပေးရန်၊ စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုများကို ပြန်လည်တည်ငြိမ်လာရေး အမြန်ကုစားပေးရန်၊ ပိတ်ထားသောစာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးကို အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်၊ စာသင်ကျောင်းများတွင် ပြည်သူ့နီတိ (Cevic Education) နှင့် စာတတ်မြောက်ရေး 'အ' သုံးလုံး အစီအစဉ်များ အကောင်အထည်ဖော်ပေးရန်၊ ဒေသခံပြည်သူများ၏ဘာသာစကားဖြင့်

ထုတ်လွှင့်သောရေဒီယိုအသံလွှင့်ဌာန (FM Radio Station) တစ်ခုတည်ထောင်ပေးရန်နှင့် နောင်တွင် TV Channel တစ်ခုကိုပါထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ထားရန်တို့ကို ပြုလုပ်သင့်သည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးရေးတို့ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များဖော်ထုတ်၍ဖြည့်ဆည်းသွားရန်လိုအပ်နေသည်။ သို့ရာတွင် လူမျိုးစုနှစ်စုကြားအေးချမ်းစွာယှဉ်တွဲနေထိုင်နိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အရေးပါသည်။

ထို့ကြောင့် အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကိစ္စရပ်များကို ဖော်ဆောင်နိုင်ရန် မြန်မာစာ မြန်မာစကားနှင့်ယဉ်ကျေးမှုထုံးစံများကို ပိုမိုတတ်မြောက်အောင် သင်ယူစေခြင်း၊ ရခိုင်နှင့်ဘင်္ဂလီလူမျိုးများအကြား လူမှုဆက်ဆံရေးပိုမိုထိတွေ့မှုရှိစေရန်နှင့် အပြန်အလှန်နားလည်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံအပေါ် သစ္စာစောင့်သိမှုများတိုးပွားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများ ရရှိစေရန်ဆောင်ရွက်ပေးခြင်း၊ တရားမဝင်နေထိုင်သူများကို ကိုင်တွယ်ရာတွင် အစိုးရအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးနှင့်ပတ်သက်သည်များကို အမြန်စိစစ်ရန်လိုအပ်ခြင်း၊ ၁၉၈၂ ခုနှစ် ဥပဒေကို အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရန်လိုအပ်ခြင်း၊ တရားရေးနှင့် ဥပဒေစိုးမိုးရေးကဏ္ဍသည် ပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့်နည်းလမ်းတစ်ခုဖြစ်ရန်လိုအပ်ခြင်း၊ သဘောထားပျော့ပျောင်းသည့် နှစ်ဖက်ခေါင်းဆောင်များဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းအကောင်အထည်ဖော်စေခြင်း၊ ဘာသာတစ်ခုက တစ်ခုကိုစော်ကားခြင်း၊ ပုတ်ခတ်ခြင်းနှင့် အစွန်းရောက်ဘာသာရေးအတွေးအခေါ်လုပ်ဆောင်မှုများကို ကာကွယ်တားမြစ်ခြင်းတို့ကို ပြုလုပ်သင့်သည်။

သတင်းအချက်အလက်များစီးဆင်းမှုသည်လည်း ပဋိပက္ခများအပေါ် အကျိုးသက်ရောက်မှုများစွာရှိနေသည့်အတွက် သတင်းမီဒီယာများအား ပဋိပက္ခတိုးပွားစေမည့် အပြုအမူနှင့် ပြောဆိုမှုများကို ရှောင်ကြဉ်စေရန်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များကို တိကျမြန်ဆန်စွာထုတ်ပြန်ပေးခြင်း၊ ကျေးလက်တွင် မှန်ကန်သောသတင်းများရရှိစေရန် ရေဒီယိုမှ ထုတ်လွှင့်ခြင်း၊ စာစောင်များဖြန့်ဝေခြင်းနှင့် အသံချဲ့စက်များဖြင့် ကြေညာခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သင့်သည်” ဟူ၍ဖြစ်သည်။

လွတ်ငြိမ်းချမ်းသာခွင့်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရရှိရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးတို့ကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူမှုရေးအရငဲ့ညှာသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အလုပ်စခန်းများတွင် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် နိုင်ငံသားအကျဉ်းသားအကျဉ်းသူ ၉၀ နှင့် နိုင်ငံခြားသားအကျဉ်းသားအကျဉ်းသူ သုံးဦးစုစုပေါင်း ၉၃ ဦးတို့ကို နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က) နှင့် အညီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ ဧပြီလ ၂၃ ရက်မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပြီး နိုင်ငံခြားသား အကျဉ်းသားအကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးသည်။

အကျဉ်းဦးစီးဌာနအောက်ရှိ အကျဉ်းထောင်အလုပ်စခန်းများ၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၂၃ ဦးသည် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ မေလ ၁၇ ရက် ရက်စွဲဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပြီး နိုင်ငံခြားသား အကျဉ်းသားအကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးသည်။

အကျဉ်းဦးစီးဌာနအောက်ရှိ အကျဉ်းထောင်အလုပ်စခန်းများ၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၂၃ ဦးသည် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ မေလ ၁၇ ရက် ရက်စွဲဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပြီး နိုင်ငံခြားသား အကျဉ်းသားအကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးသည်။

အကျဉ်းထောင်အသီးသီးမှ နိုင်ငံသား အကျဉ်းသား ၇၃ ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည်။ နိုင်ငံတော်သမ္မတသည် လက်ကျန်နိုင်ငံရေး အကျဉ်းသားများ စိစစ်ရေးကော်မတီက တင်ပြခဲ့သည့် အကျဉ်းထောင်/ အလုပ်စခန်းများဌာန ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သော အကျဉ်းသား ၄၁ ဦးတို့အား နိုင်ငံတော်၏မေတ္တာနှင့် စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၄(က)နှင့်အညီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၀၁)ပုဒ်မခွဲ(၁)အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည်။

နိုင်ငံတော်သမ္မတသည် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်၏မေတ္တာနှင့် စေတနာကို နားလည်ပြီး နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါဝင်နိုင်ရန်အတွက် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄ (က) နှင့်အညီ နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီက ထောက်ခံတင်ပြခဲ့သည့် အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသားသုံးဦး၊ မန္တလေးအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ မြင်းခြံအကျဉ်းထောင်မှ အကျဉ်းသားသုံးဦး၊ သာယာဝတီအကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦး၊ တောင်ငူအကျဉ်းထောင်မှ အကျဉ်းသားခြောက်ဦး၊ ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသားလေးဦး၊ မုံရွာအကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦး၊ ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသားတစ်ဦး၊ သထုံအကျဉ်းထောင်မှ အကျဉ်းသားတစ်ဦး၊ အင်္ဂတိုရဲဘက် စခန်းမှ အကျဉ်းသားတစ်ဦး၊ ဗန်းမော်အကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦး၊ မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသားငါးဦး၊ သီပေါအကျဉ်းထောင်မှ အကျဉ်းသားသုံးဦး၊ ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသားတစ်ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ သံတွဲအကျဉ်းထောင်မှ အကျဉ်းသားလေးဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦး၊ စစ်တွေအကျဉ်းထောင်မှ အကျဉ်းသားကိုးဦး စုစုပေါင်း အကျဉ်းသား ၆၉ ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ၄၀၁(၁)အရ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှစတင်၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုသည်။

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ ပြန်လည်လွတ်မြောက်လာသော အကျဉ်းသားများကို တွေ့.ရစဉ်

အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က)နှင့် အညီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်မှစ၍ ကျခံရန် ကျန်ရှိနေသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ ၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့်ထာဝရငြိမ်းချမ်းမှု ဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်စေရေး အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့်နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲစေရေးအတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ်၊ ၅၁/၂၀၁၃ဖြင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါ အမိန့်တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နှင့် ထိုနေ့မတိုင်မီ မတရားအသင်းအက်ဥပဒေပါပြစ်မှုများ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂)၊ အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က)၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါပြစ်မှုများ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပါပြစ်မှုများ၊ အများပြည်သူ၏ အကျိုးပျက်စီးစေမှု (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅)၊ ၁၉၅၀ ပြည့်နှစ်အရေးပေါ်စီမံမှု အက်ဥပဒေပါ ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ (က) ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူ အားလုံးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်၊ (ခ)သက်ဆိုင်ရာတရားရုံးများရှိ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းပြီး တရားခံများအား အမှုမှချက်ချင်းလွှတ်ရမည်၊ (ဂ) စုံစမ်းအရေးယူဆဲဖြစ်သောအမှုများကို ဆက်လက်အရေးယူ ခြင်းမပြုဘဲ ပိတ်သိမ်းရမည်ဟုလည်းကောင်း၊ ဤအမိန့်အရ ပေးအပ်သောအခွင့်အရေးသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နောက်ပိုင်းတွင် ကျူးလွန်သော ဖော်ပြပါပြစ်မှုများနှင့်သက်ဆိုင်ခြင်းမရှိစေရဟုလည်းကောင်း ဖော်ပြထားသည်။

ဒီမိုကရေစီစနစ်နှင့်အညီ ပြည်သူ့ရွေးချယ်တင်မြှောက်သော အစိုးရဖွဲ့စည်းပြီးနောက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့ရာ ၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက်တွင် အကျဉ်းသား ၁၄,၇၅၈ ဦး၊ အောက်တိုဘာလ ၁၁ ရက်တွင် အကျဉ်းသား ၆,၃၅၉ ဦး စုစုပေါင်း အကျဉ်းသား ၂၁,၁၁၇ ဦး တို့အားလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် အကျဉ်းသား ၆,၆၅၆ ဦး၊ ဇန်နဝါရီလ ၁၃ ရက်တွင် အကျဉ်းသား ၆၅၁ ဦး၊ ဇူလိုင်လ ၃ ရက်တွင် အကျဉ်းသားဦးရေ ၈၀၊ စက်တင်ဘာလ ၁၇ ရက်တွင် အကျဉ်းသား ၅၁၄ ဦး၊ နိုဝင်ဘာလ ၁၆ ရက်တွင် အကျဉ်းသား ၅၁၈ ဦး စုစုပေါင်းအကျဉ်းသား ၈,၄၁၉ ဦးတို့အားလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် အကျဉ်းသား ၉၃ ဦး၊ မေလ ၁၇ ရက်တွင် အကျဉ်းသား ၂၃ ဦး၊ ဇူလိုင်လ ၂၃ ရက်တွင် အကျဉ်းသား ၇၃ ဦး၊ အောက်တိုဘာလ ၈ ရက်တွင် အကျဉ်းသား ၅၆ ဦး၊ နိုဝင်ဘာလ ၁၅ ရက် တွင် အကျဉ်းသား ၆၉ ဦး၊ ဒီဇင်ဘာလ ၁၁ ရက်တွင် အကျဉ်းသား ၄၁ ဦး၊ ဒီဇင်ဘာလ ၃၀ ရက်တွင် အကျဉ်းသား ငါးဦး စုစုပေါင်းအကျဉ်းသား ၃၆၀ ဦး တို့အားလည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးပြီးဖြစ်သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီးဖြစ်သော အကျဉ်းသားများမှာ စုစုပေါင်း ၂၉,၈၃၆ ဦးရှိသည်။

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့။ ။

စက်တင်ဘာလ ၂၁ ရက်သည် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ (International Peace Day) (သို့မဟုတ်) ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ (World Peace Day) ဖြစ်သည်။ ၁၉၈၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဖြိတိန်နိုင်ငံနှင့် ကော်တာရီနာနိုင်ငံတို့က အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကျင်းပရေးအဆိုကို တင်သွင်းရာမှ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတို့က ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး စစ်ပွဲများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများပပျောက်ရေးကို ဦးတည်ချက်ထားကာ ငြိမ်းချမ်းရေးရုပ်လုံးကို ဖော်ဆောင်ကြခြင်းဖြစ်သည်။ ထို့ပြင် စစ်ပွဲနယ်မြေများရှိ အတိဒုက္ခရောက်နေရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားသော အကူအညီများ ပေးအပ်နိုင်ရန် အဆိုပါနေ့တွင် ယာယီအပစ်အခတ်ရပ်စဲမှုများကို ပြုလုပ်လေ့ရှိကြသည်။

ယင်းနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၈၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အတွက် ပထမဆုံးအကြိမ်အဖြစ်ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မစွတာဘန်ကီမွန်းက 'ငြိမ်းချမ်းရေးပညာပေးရေး' ကို ပင်မအကြောင်းအရာအဖြစ် သတ်မှတ်ခဲ့သည်။

ငြိမ်းချမ်းရေးယဉ်ကျေးမှုကို အကောင်အထည်ဖော်ရန်၊ ငြိမ်းချမ်းရေးပညာပေးလုပ်ငန်းအတွက် ရန်ပုံငွေထောက်ပံ့ရန်နှင့် ကမ္ဘာ့လူသားတိုင်း ယင်းကို အာရုံစိုက်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးကြိုးကြာစီမံချက်မှတစ်ဆင့် စာသင်ကျောင်းများနှင့် လူမှုအဖွဲ့အစည်းများအတွင်း ငြိမ်းချမ်းရေးပညာပေးရေးလုပ်ငန်းများမြှင့်တင်ရန်နှင့် ယင်းနေ့၏ လေးနက်မှုကို လူသားတိုင်း သတိပြုမိလာကြစေရန် စည်းရုံးလှုပ်ရှားမှုတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ မေလတွင် အနုပညာလက်နက်ကို ကိုင်စွဲပါ (Armed with the Arts) ဟု ကြေညာခဲ့သည်။

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ (သို့မဟုတ်) ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို တရားဝင်ကျင်းပသည့် အနေဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်ရှိ ကမ္ဘာ့ကုလသမဂ္ဂရုံးချုပ်၌ ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်းထိုးမှုကို ပြုလုပ်ခဲ့သည်။ အဆိုပါ ခေါင်းလောင်းကြီးကို အာဖရိကတိုက်မှအပ ကျန်ကမ္ဘာတိုက်ကြီးများမှ ကလေးငယ်များလှူဒါန်းသော ငွေအကြွေစေ့များကို အရည်ကျိုကာ ပြုလုပ်ထားခြင်းဖြစ်သည်။ ယင်းခေါင်းလောင်းကြီးကို ကုလသမဂ္ဂ၊ ဂျပန်အသင်းကလက်ဆောင်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ။ ။

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒီဇင်ဘာလ ၃ ရက် (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့) တွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရပုဂ္ဂိုလ်များ၊ ၁၉၆၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အမျိုးသားစာပေဆုရရှိခဲ့သည့် သက်ရှိထင်ရှား စာရေးဆရာများ၊ ဆုရစာအုပ်ထုတ်ဝေသူများ၊ လူထုအဖွဲ့အစည်းများ၊ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရကြသူများဖြစ်သည့် စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ စာရေး ဆရာကြီး ဦးအောင်သင်း (အောင်သင်း)၊ စာရေးဆရာကြီး ဦးတင်မောင် (သိပ္ပံမှူးတင်) တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမှာစကားပြောကြားစဉ်

ဝန်ကြီးချုပ်တို့က အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိကြသူများကို ဆုများချီးမြှင့်သည်။

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဝတ္ထုရှည်ဆုကို မပြောဖြစ်ခဲ့တဲ့စကား စာအုပ်ဖြင့် ထက်နိုင် (တလုပ်မြို့)၊ ဝတ္ထုတိုပေါင်းချုပ်ဆုကို ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ စာအုပ်ဖြင့် ခင်မြဇင်၊ ကဗျာပေါင်းချုပ်ဆုကို မြကန်သာကဗျာပေါင်းချုပ်စာအုပ်ဖြင့် ကို(တက္ကသိုလ်)၊ စာပဒေသာဆုကို ဖေဖေဗိုလ်လက်ျာ စာအုပ်ဖြင့် ဒေါက်တာခင်လက်ျာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဆုကို ချင်းယဉ်ကျေးမှုဓလေ့ထုံးတမ်းစာအုပ် ဖြင့် စတီဗန်နီကိယို၊ ကလေးစာပေဆုကို အရုဏ်ဦးမှာဖူးတဲ့ပန်းကလေးကဗျာများ စာအုပ်ဖြင့် ရွှေမြိုင်ပြုံးလဲ့မော်၊ ဘာသာပြန် (သုတ)စာပေဆုကို မြန်မာပြည်မှ နေ့ရက်များ စာအုပ်ဖြင့် မောင်မြင့်ကြွယ်၊ ဘာသာပြန် (ရသ) စာပေဆုကို ပြစ်မှုနှင့် ပြစ်ဒဏ် စာအုပ်ဖြင့် တင်မောင်မြင့်၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုကို မင်းသုဝဏ်နှင့် ကဗျာ (ကဗျာလေ့လာချက်)စာအုပ်ဖြင့် မောင်ဟုန်ဝမ်း (ကထိက)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုကို ရေကြည်တစ်ပေါက်စာအုပ်ဖြင့် ကျော်ဦး၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုကို တိရစ္ဆာန်များမှ လူကို ကူးစက်တတ်သည့် ရောဂါများစာအုပ်ဖြင့် ဒေါက်တာခင်စန်းမော်၊ နိုင်ငံရေးစာပေဆုကို မြန်မာ့နိုင်ငံရေးလေ့လာဆန်းစစ်ချက် (၁၉၄၈-၁၉၈၈) စာအုပ်ဖြင့် ကျော်ဝင်း၊ အင်္ဂလိပ်ဘာသာ (သုတ) ဆုကို Revealing Myanmar's Past:An Anthology of Archaeologi-

စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးအား ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမျိုးသားစာပေတစ်သက်တာဆု ဆုချီးမြှင့်စဉ်

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စာပေဆုရပညာရှင်ကြီးများနှင့်
အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်

cal Articles စာအုပ်ဖြင့် ဦးမြင့်အောင်တို့က ရရှိကြသည်။

၂၀၁၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုကို မတို့ရဲ့စေ့းလေးမှာ စာမူဖြင့် စိုးမြင့်မောင်(သာရဝေါ)၊ ဒုတိယဆုကို မခန်းသောစမ်း၊ မန္တမ်းသောပန်း၊ မပြယ်သောရနံ့စာမူဖြင့် သွဲ့ထားညို(သက္ကလ)၊ တတိယဆုကို ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ ဘယ်မေ့လိမ့်လဲစာမူဖြင့် သုသိဏ်၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို မပြောင်းလဲသောမေတ္တာတရားနှင့် အခြားဝတ္ထုတိုများစာမူဖြင့် မောင်နေခြည် (ပြည်)၊ ဒုတိယဆုကို ရေညှာရပ်ဝန်းနှင့် အခြားဝတ္ထုတိုများ စာမူဖြင့် သောင်းမြင့်ဦး(ကွမ်းခြံကုန်း)၊ တတိယဆုကို စမ်းရေပမာဆရာ့မေတ္တာနှင့်အခြားဝတ္ထုတိုများ စာမူဖြင့် ဗိုလ်လွင်ဘိုဘိုအောင်၊ ကဗျာပေါင်းချုပ်ပထမဆုကို မင်္ဂလာစုံစွာဂုဏ်မဟာကဗျာများစာမူဖြင့် ခင်ဖုန်းကြည် (မိုင်းပွန်)၊ ဒုတိယဆုကို လောကကြေးမုံဘဝပုံရိပ်ကဗျာများစာမူဖြင့် ကောင်းညွှန့်ဝေ (ရေစကြို)၊ တတိယဆုကို အမျိုးသားဂုဏ်ရည်တို့မြှင့်မည်နှင့်အခြားကဗျာများ စာမူဖြင့် မြတ်ဘုန်း(တပ်ကုန်း)၊ သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုကို မိတ္ထီလာမြို့နယ်ဖြစ်စဉ်သမိုင်းမှတ်တမ်း (ပုဂံခေတ်မှကိုလိုနီခေတ်) စာမူဖြင့် ဦးထွဏ်းလွင် (မိတ္ထီလာ)၊ ဒုတိယဆုကို ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်စာမူဖြင့် မောင်နွယ်သန်း၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)ဒုတိယဆုကို သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ်စားသုံးရမည့် သီးနှံသုံးမျိုး (ဖရဲသီး၊ သခွားမွှေးနှင့်နဂါးမောက်သီး) စာမူဖြင့် အောင်စိုး(စိုက်ပျိုး-၁၀၇)၊ တတိယဆုကို စီးပွားဖြစ် သစ်တောစိုက်ခင်းတည်ထောင်နည်းစာမူဖြင့် သောင်းညွှန့်သစ်တို့ကရရှိကြသည်။

စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပထမဆုကို မနောမြေက လာချိန်တိုင်းရင်းသားစာမူဖြင့် မြတ်ဝေတို့း (ပညာရေးတက္ကသိုလ်)၊ ဒုတိယဆုကို ပလွင်တံကဲစာမူဖြင့် လှိုင်ဝင်းဆွေ၊ တတိယဆုကို မြန်မာ့ရိုးရာ သဘင်အနုပညာစာမူဖြင့် ဦးရဲဒွေး (အမြင့်သဘင်)၊ ကလေးစာပေပထမဆုကို ပန်းစုံရွှေပြည် ကလေးကဗျာများစာမူဖြင့် ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ ဒုတိယဆုကို ရင်သွေးရတနာနှင့်ရိုးရာပွဲတော်များစာမူဖြင့် ရွှေရင်နှစ်၊ တတိယဆုကို လေပြည်ချိုသွေးရနံ့မွှေး ကလေးကဗျာများ စာမူဖြင့် ကန့်ဘလူခင်မောင်ဆွေ၊ လူငယ်စာပေဒုတိယဆုကို ဘဝကျောင်းက ခေါင်းလောင်းသံနှင့် အခြားလူငယ်ဝတ္ထုတိုများစာမူဖြင့် ကျွန်းစဉ်မြေစောခက်၊ ပြဇာတ်စာပေဒုတိယဆုကို တီးလိုက်ပါတဲ့ ဗုံကြီးသံစာမူဖြင့် ဇင်မင်း (သမိန်ထော)၊ တတိယဆုကို တစ်ဝက်မကအား‌လုံးပြီးမြောက်သည် စာမူဖြင့် မောင်စိုးထိုက် (သုံးဆယ်)၊ ဘာသာပြန် ပထမဆုကို အုပ်ချုပ်မှုစနစ်ကို အနက်ဖွင့်ဆိုခြင်းစာမူဖြင့် တင်အောင်ချစ်တို့က အသီးသီးရရှိကြသည်။

ထို့နောက် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး) က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ်တွင် စာပေဆုများရွေးချယ်ရေးကို ပိုမိုလွတ်လပ်ပွင့်လင်းမြင်သာမှုရှိစေရေး၊ ဆုရသင့်ရထိုက်သောသူများ ဆုရရှိစေရေးနှင့် ဆုနှင့်သင့်လျော်သော အဆင့်မီစာအုပ်များကို ဆုရွေးချယ် ချီးမြှင့်ပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံစာနယ်ဇင်းလောကတွင် ဩဇာကြီးမားသည့်စာပေပညာရှင်များပါဝင်သော အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့်စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီတို့ကို ပုံစံသစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

စာပေဆုချီးမြှင့်ငွေပမာဏကိုလည်း အမျိုးသားစာပေတစ်သက်တာဆုအတွက် ကျပ်တစ်ဆယ့်ငါးသိန်း၊ အမျိုးသားစာပေဆုတစ်ဆုလျှင် ကျပ်ဆယ်သိန်း၊ စာပေဗိမာန်စာမူဆုပထမဆုအတွက် ကျပ်ငါးသိန်း၊ ဒုတိယဆုအတွက် ကျပ်သုံးသိန်းနှင့် တတိယဆုအတွက် ကျပ်နှစ်သိန်းအသီးသီးတိုးမြှင့်ချီးမြှင့်သည်။

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်။ ။ ကမ္ဘာ့စီးပွားရေးဖိုရမ်သည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားအဖွဲ့အစည်းခေါင်းဆောင်များအား ချိတ်ဆက်ပေးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသတွင်းဆိုင်ရာနှင့် လုပ်ငန်းဆိုင်ရာ စီမံချက်များကို ပုံဖော်ဖန်တီးနိုင်ရန် အခိုင်အမာဆောင်ရွက်ပေးသော သီးခြားလွတ်လပ်သည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ငွေကြေးအကျိုးအမြတ်အယူသည့် ဖောင်ဒေးရှင်းတစ်ရပ်အဖြစ် တရားဝင်ဖွဲ့စည်းသည်။ ဆွစ်ဇာလန်နိုင်ငံ၊ ကျိနီဗာမြို့တွင် ရုံးချုပ်တည်ရှိပြီး နိုင်ငံရေးဘက်လိုက်မှု (သို့မဟုတ်) နိုင်ငံရေးအကျိုးစီးပွားနှင့် ဆက်နွယ်မှုမရှိပေ။

ဖောင်ဒေးရှင်းဘုတ်အဖွဲ့၏ တာဝန်မှာ စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် စံအုပ်ချုပ်မှုများဖြင့် ပြည်သူလူထု၏ ယုံကြည်မှုရယူရန်ဖြစ်သည်။ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် လူ့အဖွဲ့အစည်းများမှ ခေါင်းဆောင်မှုအတွေ့အကြုံရှိသော ပုဂ္ဂိုလ်များသည် ဘုတ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုတွင် သုံးနှစ်ပါဝင်ခွင့်ရှိသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ နည်းဥပဒေပြဋ္ဌာန်းချက်များကို ထိန်းညှိရန်၊ အဖွဲ့ဝင်အသစ်များသတ်မှတ်ပေးရန်၊ ဘဏ္ဍာရေးသုံးစွဲမှုကို စိစစ်သုံးစွဲရန်၊ ဖိုရမ်၏လုပ်ငန်းစဉ်များ ဆောင်ရွက်မှုကို ကြပ်မတ်သုံးသပ်ရန်၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် ကော်မတီ၏အခန်းကဏ္ဍများကို သတ်မှတ်ပေးရန်မှာ ဖောင်ဒေးရှင်းဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များပင် ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဂျာမနီနွယ်ဖွား ဂျိနီဗာတက္ကသိုလ်မှ စီးပွားရေးပါမောက္ခ Klaus Schwab က တည်ထောင်ခဲ့ပြီး "ဥရောပစီမံခန့်ခွဲရေးဖိုရမ်"ဟု အမည်ပေးခဲ့သည်။ ကနဦးတွင် ဥရောပရှိကုမ္ပဏီများအပေါ် အလေးထားသော အစည်းအဝေးများ ကျင်းပခြင်းဖြင့် အမေရိကန်စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများမှ အကျိုးကျေးဇူးများရရှိခဲ့သည်။ နှစ်စဉ်အစည်းအဝေးများ ကျင်းပခြင်းဖြင့် ဈေးကွက်သီအိုရီများ တိုးတက်ကောင်းမွန်လာပြီး ဒါဗို့စ် (Davos) မူဝါဒ ကြေညာစာတမ်းလည်း သက်ရောက်မှုရှိလာသည်။

ထိုအချိန်မှစ၍ အစည်းအဝေးကို ကုမ္ပဏီကြီးများ၏ အမှုဆောင်အရာရှိချုပ်များနှင့် စတင်လာပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနိုင်ရန် အဖွဲ့အစည်းများကို တိုးချဲ့ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဖိုရမ်ကိုတိုးချဲ့ခဲ့ပြီး မက္ကဆီကိုနိုင်ငံကို လက်ခံကြိုဆိုခဲ့သည်။ ဆွေးနွေးပွဲများကို ဝါရှင်တန်ဒီစီ၊ ဘရပ်ဆဲလ်၊ လန်ဒန်၊ အမ်စတာဒမ်၊ အောသင်၊ ဘွန်း၊ ရောမတို့တွင် ကျင်းပခဲ့ပြီးပါရီ၌ အစည်းအဝေးနှစ်ရပ် ကျင်းပခဲ့သည်။

၁၉၇၅ ခုနှစ်တွင် တရုတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အစိုးရမဟုတ်သော အဖွဲ့အစည်းအဖြစ် ဖိုရမ်တွင် တရုတ်နိုင်ငံပါဝင်လာသည်။ ၁၉၈၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမှာ တစ်စတစ်စ တိုးတက်ပြောင်းလဲလာသည်။ အစည်းအဝေးများနှစ်စဉ်ကျင်းပခြင်း၊ ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းနှင့် အရေးပါသောကိစ္စရပ်များ ဆွေးနွေးခြင်းတို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဗီယက်နမ်ဝန်ကြီးချုပ် ဒုယင်တန်ဇွန်းတို့ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံစဉ်

ကြောင့် ဖိုရမ်မှာ Davos ကြေညာစာတမ်း ထုတ်ပြန်ခြင်း၊ ၁၉၈၈ ခုနှစ်တွင် ဂရိနှင့်တူရကီတို့ ပါဝင်လာခြင်း၊ ဂျာမန်ပြန်လည်ပေါင်းစည်းမှုနှင့် အရှေ့အလယ်ပိုင်း သံတမန်ဆက်ဆံရေးစသည့် အောင်မြင်မှုများရှိလာသည်။

၁၉၈၇ ခုနှစ်တွင် "ကမ္ဘာ့စီးပွားရေးဖိုရမ်" အဖြစ်အမည်ပြောင်းလဲခဲ့ပြီး နိုင်ငံရေးရာ ပဋိပက္ခပြဿနာများကိုပါ ဆွေးနွေးအဖြေရှာပေးခဲ့သည်။ နှစ်ပတ်လည်ညီလာခံများကို ဆွစ်ဇာလန်နိုင်ငံ အရှေ့ပိုင်း ဒါဗို့စ်မြို့တွင် ကျင်းပသည်။ နိုင်ငံတကာမှ ထိပ်တန်းစီးပွားရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ထင်ရှားကျော်ကြားသော ပညာရှင်များနှင့် သတင်းစာဆရာများ စုစုပေါင်း ၂၅၀၀ ခန့်ကို ဖိတ်ကြားပြီး ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးအဖြေရှာကြသည်။

နှစ်ပတ်လည်ညီလာခံအပြင် တစ်နှစ်လျှင် ခြောက်ကြိမ်မှ ရှစ်ကြိမ်အထိ လက်တင်အမေရိက၊ အရှေ့အာရှဒေသစသည့် သီးခြားဒေသဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ကျင်းပလေ့ရှိသည်။ (၂၂) ကြိမ်မြောက် အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃) ကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဇွန်လ ၅ ရက်မှ ၇ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။ ယခုနှစ်၏ဆောင်ပုဒ်မှာ " မျှဝေခံစားသီးပွင့်များ " (Sharing Prosperity) ဖြစ်သည်။ ဖိုရမ်သို့ အရှေ့အာရှနိုင်ငံများမှ နိုင်ငံခေါင်းဆောင်အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ၊ အထင်ကရပုဂ္ဂိုလ်များ၊ ကုမ္ပဏီများမှ အကြီးအကဲများ၊ အမှုဆောင်အရာရှိချုပ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်ပေါင်း ၁၀၀၀ ကျော်နှင့် နိုင်ငံတကာမှ မီဒီယာ ၃၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဇွန်လ ၄ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်လာသည့် ကမ္ဘာ့လူငယ် ခေါင်းဆောင်များ (Young Global Leaders) နှင့် နိုင်ငံတော်သမ္မတအိမ်တော်သဘင်ဆောင်၌ တွေ့ဆုံခဲ့ပြီးနိုင်ငံပေါင်း ၇၈ နိုင်ငံမှ ထူးချွန်ပြောင်မြောက်ပြီး အလားအလာရှိသည့် Young Global Leaders ကဲ့သို့သော ကွန်ရက်ကြီးတစ်ခုနှင့် တွေ့ဆုံဆွေးနွေးရသည့် အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများနှင့်

ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ရေးရာများတွင် တစ်တပ်တစ်အား ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဇွန်လ ၅ ရက်တွင် နိုင်ငံတော်သမ္မတသည် Professor Klaus Schwab ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၆ ရက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃) ဖွင့်ပွဲတွင် Klaus Schwab က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီးရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရန်၊ မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်သည့် ဆက်သွယ်မှုများပြုလုပ်ရန်နှင့် မျိုးဆက်တစ်ဆက်အတွင်း မြန်မာနိုင်ငံအနေဖြင့် တိုးတက်လာနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာ စီးပွားရေးအသိုက်အဝန်းများအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃) ကို မြန်မာနိုင်ငံ နေပြည်တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယခုအခါ မိမိတို့သည် အာရှတိုက်၏ သမိုင်းတွင် အထူးအရေးပါသည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ဒေသတွင်းရှိ လူငယ်များသည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ကိုလိုနီအုပ်ချုပ်မှုစနစ်မှ လွတ်မြောက်ခြင်းတို့အပြင် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများမှလူငယ်များနည်းတူ တန်းတူအခွင့်အရေးများကိုလည်း ရရှိခံစားရကြောင်း၊ ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ဤဆွေးနွေးပွဲများတွင် စုပေါင်းဆွေးနွေးကြပြီး ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သာယာဝပြောပြီး ကြွယ်ဝမှုကို အညီအမျှ မျှဝေခံစားနိုင်ရေးအတွက် လက်တွေ့ကျကျ ကိုင်တွယ်လုပ်ဆောင်သွားကြရန်၊ ဆင်းရဲနွမ်းပါးသူများနှင့် မိမိကိုယ်မိမိကာကွယ်နိုင်မှုအခွင့်အလမ်းနည်းသူများအရေးကို အလေးပေးရန်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ပေါင်းစည်းလာနိုင်မည့်နည်းလမ်းများကိုရှာဖွေဖော်ထုတ်နိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံအတွင်းပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ စေ့းကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထိုသို့လုပ်ဆောင်နေသည့်လုပ်ငန်းများမှသွေဖည်သွားမည်မဟုတ်ကြောင်း၊ သို့သော် ဤလုပ်ငန်းများအောင်မြင်ရန်အတွက်အကူအညီနှင့်ပံ့ပိုးမှုများ၊ အဆွေတော်တို့၏ ရင်းနှီးမြှုပ်နှံမှုများနှင့် အတွေ့အကြုံ၊ ဗဟုသုတ၊ နည်းပညာများသည် မိမိတို့အတွက် လွန်စွာမှပင် အရေးပါလှပါကြောင်း၊ မြန်မာပြည်သူအားလုံးသည်ယင်းတို့၏ ဘဝပိုမိုတိုးတက်လာစေရေးနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကိုဖန်တီးတည်ဆောက်ရန် ဆုံးဖြတ်ချက်ချထားပြီး လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဥယင်တန်ဇွန်းက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဆောင်ရွက်နေမှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အခြားသောကမ္ဘာ့နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဖိုရမ်၌ အတွေးအမြင်သစ်များဖော်ထုတ်ပြီး တိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်က ယခုအချိန်သည် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်ဖြစ်ကြောင်း၊ လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံများနှင့် ဆက်သွယ်နိုင်ရန် အထူးအရေးကြီးကြောင်း၊ ယခုဖိုရမ်မှ ဆင်းရဲမှုလျော့ချရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားကာဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထူးစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်

ထို့နောက် ဖွင့်ပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုဝန်ကြီးချုပ်တို့သည် သမ္မတအိမ်တော်၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ မြန်မာ-လာအိုချစ်ကြည်ရေး တံတားတည်ဆောက်ရေး၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ခရီးသွား လုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် UNDP မှအုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံကာ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ရေး၊ အားလုံးပါဝင်နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၇ ရက်တွင် ဖိလစ်ပိုင်သမ္မတမစ္စတာ ဘင်နင်နိုအကွီနိုနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍများတွင် အစိုးရသာမက ပုဂ္ဂလိကပိုင်းတွင်ပါ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။

ထို့အတူ ဖိုရမ်သို့တက်ရောက်လာကြသည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အဆင့်လေးဆင့်ဖြင့်ဆောင်ရွက်နေကြောင်း၊ ယခုအချိန်သည် မိမိတို့နိုင်ငံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်ပမှ အရင်းအနှီး၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့နိုင်ငံရှိ သဘာဝအရင်းအမြစ်များ၊ လုပ်သားအင်အားဖြင့် ပေါင်းစပ်လိုက်ပါက နိုင်ငံလည်းအကျိုးရှိ၊ ပြည်သူလည်းအကျိုးရှိပြီး ကုမ္ပဏီများဘက်ကလည်းအကျိုးဖြစ်ထွန်းနိုင်မည့် (Win-Win-Win Situation) အခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ ကို အကြိုဆွေးနွေးပွဲများအပါအဝင် စီးပွားရေး၊ အနာဂတ် ဆက်သွယ်ရေးကွန်ရက်၊ စိုက်ပျိုးရေး၊

ဘက်စနစ်၊ ခရီးသွားလုပ်ငန်း အစရှိသဖြင့် ကဏ္ဍ အသီးသီးခွဲခြားကာ ပညာရှင်များက သုံးရက်ကြာ ဆွေးနွေးခဲ့ကြသည်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အတွက် လွယ်ကူသည့်ဗီဇာ အသုံးပြုနိုင်ရေးအပြင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ စုပေါင်းကာ စမတ်ဗီဇာ (Smart Visa) စနစ်ဖြင့် လေးနိုင်ငံဗီဇာတစ်ခုတည်းဖြင့် သွားလာနိုင်ရေးကို ယခုနှစ်တွင် စတင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် အတွင်း အာဆီယံ ၁၀ နိုင်ငံကို ပြည်ဝင်ခွင့်တစ်ခုတည်း ဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း အာဆီယံ ခေါင်းဆောင်များကပြောကြားခဲ့သည်။

မြန်မာ့စွမ်းအင်ကဏ္ဍကို စိန်ခေါ်နေသည့် အခြေအနေများနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ မူဝါဒများကို လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်းဖြင့် မြန်မာနိုင်ငံ အနေဖြင့် အရှေ့တောင်အာရှ၏ နောက်ဆုံးပေါ် ထွန်းလာသည့် စီးပွားရေးအခွင့်အလမ်း အပြည့်ဝဆုံး နိုင်ငံတစ်ခုဖြစ်လာစေရန် မြန်မာနိုင်ငံရှိ စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ရှေ့လုပ်ငန်းဖော်ဆောင်မှုများ အတွက် အစီရင်ခံစာတစ်ရပ်ကို ဇွန်လ ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတကာပညာရှင်များ ကလည်း နိုင်ငံ၏စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ် ရှိရမည့် အပြင် ထိရောက်အားကောင်းသော လူ့အဖွဲ့အစည်း ထားရှိရေး၊ စွမ်းအင်ကဏ္ဍဆိုင်ရာ စည်းမျဉ်းနည်းဥပဒေ များ ဖော်ဆောင်ရေး၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ရင်းနှီး မြှုပ်နှံမှုစီမံကိန်းများကို လူထုထောက်ခံမှုပိုမိုရရှိ လာစေရေး၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ပိုမို ပွင့်လင်းမြင်သာသည့် အခြေအနေများ တည်ထောင် နိုင်ရေးတို့လိုအပ်ကြောင်း စသည်ဖြင့် အချက် ၁၇ ချက်ကို သုံးသပ်ဆွေးနွေးကြသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၄ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်မဝင်သုံးစွဲနိုင်ခြင်း မရှိသည့်အပြင် ကျေးလက်ဒေသနေလူဦးရေ၏ ၁၆ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မဝင်အား ရရှိသုံးစွဲနေကြ ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ အစီရင်ခံစာ ကို အစိုးရအဖွဲ့အစည်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ စွမ်းအင်ဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ၊ စုပေါင်းရေးသားပြီး အာရှဖွံ့ဖြိုးရေးဘဏ်နှင့် Accenture's Energy စက်မှုလုပ်ငန်းစုများကလည်း ပါဝင်ဆွေးနွေး ထားသည်။ ထို့အတူ အာရှ၌ လျှပ်စစ်စွမ်းအင်သုံးစွဲမှု အနည်းဆုံးဖြစ်သော မြန်မာနိုင်ငံ၌ လျှပ်စစ်စွမ်းအင် လုံလောက်မှုမရှိခြင်းနှင့် စိတ်ချရသည့် စွမ်းအင် ဖြည့်ပေးသော စနစ်မရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တုံ့ဆိုင်းနိုင်သောကြောင့် ပြည်တွင်းစွမ်းအင်အရင်း အမြစ်သစ်များလိုအပ်ကြောင်း၊ ခေတ်မီဓာတ်အား ဖြန့်ဖြူးရေးစနစ်များ၊ ကျေးလက်ဒေသဓာတ်အား ပိုမိုရရှိရေးစနစ်များ ဆောင်ရွက်ရန်လိုကြောင်း သုံးသပ် ဆွေးနွေးထားသည်။

အချုပ်အားဖြင့်ဆိုသော် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃)ကို ဇွန်လ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံနေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး လူမှုအကာအကွယ်ပေးရေး၊ မဟာဗျူဟာ မြောက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက် ရေး၊ စိန်ခေါ်မှုများကို တိုးတက်လာသော နည်းပညာ အရှိန်အဟုန်ဖြင့် ရင်ဆိုင်အန်တုနိုင်ရေး၊ ရေရှည် တည်တံ့မည့် ခရီးသွားလုပ်ငန်းစီမံချက်များ ဖွံ့ဖြိုး တိုးတက်ရေး၊ ထိရောက်သော ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေးစသည်ဖြင့် မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက်ကဏ္ဍအလိုက်ဆွေးနွေး ခဲ့သည်။

အော်စကာဆု။ ။ တစ်ကမ္ဘာလုံးမှ ရုပ်ရှင်ကြည့် ပရိသတ်များ စိတ်ဝင်စားကြသည့် (၈၅) ကြိမ်မြောက် အော်စကာဆုပေးပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်က အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ရှိ ဒိုလ်ဘီ (Dolby) ကဇာတ်ရုံ၌ ကျင်းပသည်။

(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ကားဆုကို အီရန်တွင် ဖမ်းဆီးခံ ရသည့်ဓာတ်ခံများအား ကယ်တင်သည့် ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသော Argo က ရရှိသည်။ ဂျူးထောက်ခံ

အားပေးသည့် ဝါနာဘရားသားစ်ကုမ္ပဏီမှထုတ်လုပ်သော အီရန်ဆန့်ကျင်ရေးဇာတ်ကားကို အကောင်းဆုံးဇာတ်ကားဆုအဖြစ် အမေရိကန်သမ္မတကတော် မီရှဲလ် အိုဘားမားက ကြေညာခဲ့ခြင်းသည် အော်စကာသမိုင်းတွင် မကြုံစဖူးဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်း အီရန်နိုင်ငံမားစ်သတင်းဌာနမှ ဖော်ပြသည်။ အတတ်ပညာဆိုင်ရာဆုများဖြစ်သည့် မှိုငြမ်းဇာတ်ညွှန်းဆုနှင့် ဖလင်တည်းဖြတ်ဆုများကိုလည်း Argo ဇာတ်ကားဖြင့်ပင် ရရှိသည်။ Amour ဇာတ်ကားသည် ဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သော်လည်း ဇာတ်ကားဆုနှင့် လွဲချော်ခဲ့ပြီး နိုင်ငံခြားဘာသာစကားပြော ရုပ်ရှင်ဆုသာ ရရှိသည်။ အကောင်းဆုံးဒါရိုက်တာဆုကို အာရှတိုက်သား ထိုင်ဝမ်ဖွား ဒါရိုက်တာအန်းလီက Life of Pi ဇာတ်ကားဖြင့် ဒုတိယအကြိမ်ထပ်မံရရှိသည်။ ၎င်းဇာတ်ကားဖြင့် ရုပ်ရှင်ရိုက်ကူးခြင်း ပညာဆု၊ မူရင်းတေးသွားဆုနှင့် မြင်ကွင်းအထူးပြုလုပ်ချက်ဆုများရရှိသည်။ အကောင်းဆုံး

အကောင်းဆုံးဒါရိုက်တာဆုရှင် အန်းလီ

အမျိုးသားဇာတ်ဆောင်ဆုကို Lincoln ဇာတ်ကားမှ အမေရိကန်သမ္မတလင်ကွန်းအဖြစ် သရုပ်ဆောင်သည့် ဒယ်နီရယ်ဒေးလူးဝစ်က ရရှိသည်။ အော်စကာသမိုင်းတွင် ဇာတ်ဆောင်ဆု သုံးကြိမ်ရရှိသော ပထမဆုံးမင်းသားဖြစ်သည်။ အော်စကာဆန်ကာတင်စာရင်းတွင် ဆု ၁၂ ဆုဖြင့် ဦးဆောင်ခဲ့သော Lincoln ဇာတ်ကားသည် အကောင်းဆုံးထုတ်လုပ်တင်ဆက်မှု ဒီဇိုင်းဆုကို ထပ်မံရရှိသည်။ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို Silver Linings Playbook ဇာတ်ကားဖြင့် ဂျနီဖာလောရင့်က ရရှိသည်။ ၎င်းသည် အသက် ၂၂ နှစ်သာရှိသေးသဖြင့် အော်စကာဆုရှင်များတွင် ဒုတိယမြောက် အသက်အငယ်ဆုံးဖြစ်သည်။

အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုကို Django Unchained ဇာတ်ကားဖြင့် ခရစ္စတိုဖာဝေါ့ဇ်က ဒုတိယအကြိမ်ရရှိသည်။ ၎င်းဇာတ်ကားသည် မူရင်းဇာတ်ညွှန်းဆုကိုလည်းရရှိသည်။ အမျိုးသမီးဇာတ်ပို့ဆုကို အန်းဟက်သာဝေးက Les Miserables ဇာတ်ကားဖြင့် ရရှိသည်။ ၎င်းဇာတ်ကားသည် အသံရောနှောမှုဆုနှင့် မိတ်ကပ်၊ ဆံပင်အပြင်အဆင်ဆုများ ရရှိသည်။ ဂျိမ်းစ်ဘွန်းဇာတ်ကားများ၏ ပထမဆုံးဇာတ်ဝင်တေးသွားဆုအဖြစ် ဗြိတိန်အဆိုတော် အဒဲလ်က Skyfall သီချင်းဖြင့် ရရှိသည်။ Skyfall ဇာတ်ကားနှင့် Zero Dark Thirty ဇာတ်ကားများဖြင့် အသံတည်းဖြတ်ဆု ရရှိသည်။ ယခုနှစ် အော်စကာဆုပေးပွဲကို ကြည့်ရှုသည့်ရုပ်သံကြည့်ပရိသတ်သည် သုံးနှစ်အတွင်းအများဆုံးဖြစ်ခဲ့ပြီး အမေရိကန်ပရိသတ် ၄၀ ဒသမ ၃ သန်းကြည့်ရှုခဲ့သည်။

မှတ်တမ်းတင် ရုပ်ရှင်ဆုကို Searching For Sugar Man ဇာတ်ကားက လည်းကောင်း၊ သတင်းမှတ်တမ်းတင်ကားတို်ဆုကို Inocente ဇာတ်ကားကလည်းကောင်း၊ အဝတ်အစားဒီဇိုင်းဆုကို Anna Karenina ဇာတ်ကားကလည်းကောင်း၊ သက်ဝင်လှုပ်ရှားမှုနည်းပညာအသုံးပြုဆု (ဇာတ်လမ်းတို) ကို Brave ဇာတ်ကားကလည်းကောင်း၊ သက်ဝင်လှုပ်ရှားမှု နည်းပညာအသုံးပြုဆု (ရုပ်ရှင်) ကို Paperman ဇာတ်ကားကလည်းကောင်း ရရှိသည်။

အိုင်တီနည်းပညာနှင့်ကျန်းမာရေးသက်ရောက်မှုများ။ ။ ယနေ့သိပ္ပံပညာ၊ နည်းပညာခေတ်တွင် လျှပ်စစ်ပစ္စည်းများတိုးတက်ထွန်းကားလာပြီး အသုံးပြုမှုများလာသည်နှင့်အမျှ လူနေမှုဘဝများ မြင့်မားလာပြီး ကျန်းမာရေးထိခိုက်မှုပြဿနာလည်းများပြားလာသည်ကိုတွေ့ရသည်။ နည်းပညာပစ္စည်းတစ်မျိုးဖြစ်သော ကွန်ပျူတာကြောင့် လုပ်ငန်းပိုင်း တွင်ကျယ်လာသော်လည်း ၎င်း၏ဆိုးကျိုးအနေဖြင့် ခန္ဓာကိုယ်ကျန်းမာရေးကို ထိခိုက်စေသည်။ တစ်နေ့တွင် နာရီဝက်ခန့် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သော်လည်း ကွန်ပျူတာရှေ့အထိုင်များသူအတွက် ထိုလေ့ကျင့်ခန်းထားသည်။ အချိန်ကြာကြာ ထိုင်သူများ၏ ကြွက်သားများ အလုပ်လုပ်မှုနည်းလာတတ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကွန်ပျူတာရှေ့၌ ကြာကြာထိုင်သူ၏ ခြေထောက်အောက်ပိုင်းကြွက်သားများ လှုပ်ရှားခြင်းကင်းမဲ့မှုကြောင့် ကြွက်သားသန်မာမှုအား လျော့လာသည်။ အားပျော့လာသောကြွက်သားများကြောင့် ခန္ဓာကိုယ်သွေးလည်ပတ်မှုကိုအထောက်အကူပြုမှုနည်းလာသကဲ့သို့ လူ့ခန္ဓာကိုယ်အတွက်လိုအပ်သော လောင်စာဓာတ်အသုံးပြုမှုလည်းနည်းလာသဖြင့် သွေးကြောထဲတွင် သွေးအချိုဓာတ်များလိုသည်ထက်ပိုများလာပြီး ဆီးချိုရောဂါနှင့် တခြားရောဂါများ ဖြစ်လာနိုင်သည်။

ကွန်ပျူတာကို အချိန်ကြာမြင့်စွာ သုံးစွဲခြင်းကြောင့် အမြင်အာရုံနှင့် ခန္ဓာကိုယ်ကျန်းမာရေးချို့ယွင်းနိုင်မှုကို ပညာပေးသရုပ်ဖော်ထားပုံ

များက အထောက်အကူမပြုနိုင်ကြောင်း အင်္ဂလန်နိုင်ငံ လီဆက်ဆတာ ဆေးတက္ကသိုလ်မှ ဒေါက်တာအယ်မာ ဝီးလ်မော့က ပြောကြားသည်။

ကျန်းမာရေးသုတေသီတို့၏တွေ့ရှိချက်အရ တစ်နေရာတည်းတွင် အချိန်ကြာမြင့်စွာ ငြိမ်ငြိမ်သက်သက်ထိုင်နေခြင်းကြောင့် ကာလရှည်ကြာလာသည့်အခါ ဆီးချိုရောဂါဝေဒနာဖြစ်ရန် ၁၁၂ ရာခိုင်နှုန်း ရှိပြီး နှလုံးရောဂါဖြစ်ရန် ၁၄၇ ရာခိုင်နှုန်း သေချာသဖြင့် အသက်တိုနိုင်ခြင်း ၄၉ ရာခိုင်နှုန်း သေချာနေကြောင်း ဒိုင်ယာဘီတိုလိုရီယာ ဆေးပညာစာစောင်၌ ရေးသား ကွန်ပျူတာကို အချိန်ကာလရှည်ကြာ အသုံးပြုခြင်းနှင့် အသုံးပြုပုံမမှန်ခြင်းများကြောင့်လည်း ကျန်းမာရေးထိခိုက်မှုဖြစ်ကြသည်။ ကွန်ပျူတာသည် လူအများစုအတွက် လိုအပ်ချက်ဖြစ်သော်လည်း ကွန်ပျူတာကြောင့် မြင်နိုင်စွမ်းကျဆင်းလာခြင်း၊ ကိုယ်အနေအထားဆိုးရွားခြင်း၊ လက်ချောင်း လက်ဆစ်ရောင်ရမ်းခြင်းစသည့် ကွန်ပျူတာကြောင့် ဖြစ်စေသောဖိစီးမှုဒဏ်ရာများ ရရှိနိုင်သည်။ အဖြစ်အများဆုံးပြဿနာသည် လက်ချောင်းလက်ဆစ်၊ လက်ဖမိုးလက်ဆစ်များနှင့် လက်ကောက်ဝတ်လက်ဆစ်များ၌ တွယ်ဆက်

ထားသောအရွတ်များ ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ဖြစ်သည်။ ၎င်းအဆစ်များကို ထပ်တလဲလဲ မနားမနေလှုပ်ရှားအသုံးပြုခြင်းကြောင့် ဒဏ်ဖြစ်ကာ ထိခိုက်ဒဏ်ရာရခြင်း ဖြစ်သည်။ ဤဝေဒနာမျိုးသည် ကွန်ပျူတာကို အဓိကထား အလုပ်လုပ်ကြရသူ ရှစ်ဦး၌ အနည်းဆုံးတစ်ဦးနှုန်းခန့်ခံစားရတတ်သည်ဟု သုတေသနမှတ်တမ်းများတွင်ဖော်ပြသည်။ လက်ချောင်းများနှင့် လက်ကောက်ဝတ်တို့မှာ ပြင်းထန်သောနာကျင်မှုကို ခံစားရသည်ဟုဆိုသည်။ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဤသို့သော ပြင်းထန်သည့် နာကျင်မှုမျိုးသည် ကွန်ပျူတာစာရိုက်ခြင်း၊ ခလုတ်နှိပ်ခြင်းတို့ထက် မောက်စ် (Mouse) အသုံးပြုမှုများခြင်းကြောင့်ဟုဆိုသည်။ မောက်စ်အသုံးပြုမှုများလေလေ လက်ချောင်းလက်ဆစ်၊ လက်ဖမိုးလက်ဆစ်နှင့် လက်ကောက်ဝတ်၌ နာကျင်ခံစားရလေဖြစ်သည်။ ထို့ကြောင့် လက်ချောင်းထိပ်နှင့် တို့ထိရွေ့လျားပေးရုံနှင့် အလုပ်ဖြစ်သော (Touch Screen) ကွန်ပျူတာမော်နီတာများကို အစားထိုးအသုံးပြုပေးမည်ဆိုလျှင် ဤသို့သောဝေဒနာခံစားရမှုများ သက်သာလျော့ပါးစေမည်ဖြစ်သည်။ သို့မဟုတ်ပါက ကွန်ပျူတာကို မဖြစ်မနေအများဆုံးအသုံးပြုလုပ်ကိုင်နေရသူများ၊ အထူးသဖြင့် မောက်စ်ကိုင်တွယ် အသုံးပြုမှုများသူတို့သည် အချိန်ကာလရှည်ကြာလာသည်နှင့်အမျှ လက်ချောင်းလက်ဆစ်၊ လက်ဖမိုးလက်ဆစ်၊ လက်ကောက်ဝတ်မှတစ်ဆင့် လက်မောင်း၊ နောက်ပိုင်းတွင် ဇက်ကြောတက်၊ ကိုက်ခဲနာကျင်ခြင်းနှင့် ကျောပြင်တွင် အကြောတက်ကိုက်ခဲနာကျင်ခြင်း ဝေဒနာများ တိုးပွားပြင်းထန်လာပြီး တဖြည်းဖြည်းအားမသန်တော့ဘဲ ၎င်းအပိုင်းများတွင် အားအင်လျော့ပါးဆုတ်ယုတ်လာသည်ကို ခံစားရတတ်သည်။

နောက်ထပ်အဖြစ်များသည့် ကျန်းမာရေးပြဿနာတစ်မျိုးမှာ မော်နီတာကို တစ်ချိန်လုံးအာရုံစိုက်ကြည့်နေရသဖြင့် မျက်လုံးနှင့် အမြင်အာရုံထိခိုက်မှုဖြစ်သည်။ အမြင်မှုန်ဝါးလာခြင်း၊ အမြင်နှင့်မြင်နိုင်စွမ်းရည်ကျဆင်းလာခြင်း၊ မျက်လုံး ပင်ပန်းနွမ်းနယ်ကာ မျက်လုံးအောင့်ခြင်း၊ နာကျင် ကိုက်ခဲခြင်းတို့အပြင် ရေတိမ်စွဲခြင်းဝေဒနာကိုလည်း ခံစားရနိုင်သည်။ မျက်လုံးနှစ်လုံးနှင့် အမြင်အာရုံသည် လူတစ်ယောက်၏ဘဝရှင်သန်မှုအတွက် အရေးကြီးသည့် လိုအပ်ချက် ဖြစ်သည်။

ကျယ်ပြန့်ကြီးမားသော ကွန်ပျူတာမြင်ကွင်းအရွယ်အစားကို အသုံးပြုပေးနိုင်လေ ကောင်းလေဖြစ်သည်။ ထို့အပြင် မော်နီတာကို အသုံးပြုသူနှင့် နှစ်ပေအကွာတွင် ထားသင့်သည်။ ကွန်ပျူတာမော်နီတာနှင့် ဆက်စပ်ပစ္စည်းများ ဟောင်းနွမ်းလာသည့်အခါ စွမ်းရည်ကျဆင်းလာသည်နှင့်အမျှ အရောင်များကျလာပြီး ပုံမှန်မဟုတ်တော့သည့်အပြင် အရုပ်အပြုန့်အရောင်အလင်းတို့မကောင်းတော့၍ မျက်စိနှင့်အမြင်အာရုံကို ပိုမို ထိခိုက်စေသည်။ ၎င်းအပြင် ကွန်ပျူတာမော်နီတာမှဖြာထွက်သည့် ဓာတ်ရောင်ခြည်လှိုင်းကလည်း လူကိုထိခိုက်မှုဖြစ်ပေါ်စေသည်။ ကွန်ပျူတာအဟောင်းကို မသုံးစွဲသင့်ပေ။

ယင်းဝေဒနာများအပြင် မျက်လုံးခြောက်လာသကဲ့သို့ခံစားရပြီး မျက်လုံးထဲ တစ်စုံတစ်ခုဝင်နေသလို၊ ခံစားရခြင်း၊မျက်လုံးယားယံခြင်း၊ မျက်လုံးအောင့်ခြင်း၊ နာကျင်ကိုက်ခဲခြင်းများ ခံစားရမည်ဆိုလျှင် မျက်လုံးကို ဝန်ပိပြီး မျက်လုံးဒဏ်သင့်နေပြီဖြစ်သည့်အတွက် ဂရုစိုက်ဆင်ခြင်ရမည်ဖြစ်သည်။ ကွန်ပျူတာကို အချိန်နာရီများစွာ တစ်ဆက်တည်း တောက်လျှောက် အသုံးပြုမှုကို ရှောင်ကြဉ်ပြီး တစ်နာရီခြားတစ်ခါ အနားယူ၍ ပေါ့ပါးသောကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်အပ်သည်။

အကာအကွယ်မဲ့နေသော ကွန်ပျူတာဖန်သားပြင်သည် မျက်လုံးကိုများစွာဒုက္ခပေးနိုင်သည့်အပြင် ခေါင်းကိုက်ဝေဒနာကိုလည်း ခံစားရတတ်စေသည်။ ထို့အတွက် ကွန်ပျူတာဖန်သားပြင် အကာကွယ်ဖလင်ပြားများ ဝယ်ယူတပ်ဆင်ခြင်းဖြင့် ကာကွယ်ပေးရန်လိုအပ်သည်။ နေ့စဉ် တစ်နေ့တာကာလပတ်လုံး အသုံးပြုရသူများအနေဖြင့် နှစ်ရှည်လများ အသုံးပြုရသည့်အခါ လည်ပင်းနှင့်ပခုံး၊ ကျောပြင်အထက်ပိုင်းတစ်ပြင်လုံး အကြောတက်ပြီး ကိုက်ခဲနာကျင်ခြင်းဝေဒနာကို ပြင်းထန်စွာခံစားရတတ်သည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို တတ်စွမ်းသရွေ့ ပုံမှန်ပြုလုပ်ပေးသင့်ပြီးအနားယူရန်လိုအပ်ပေသည်။

ကွန်ပျူတာကိုအသုံးပြုတော့မည်ဆိုလျှင် ခန္ဓာကိုယ်အနေအထားမှန်ကန်ရန်နှင့် လက်အနေအထားပုံစံကျရန်သတိပြုရမည်ဖြစ်သည်။ လက်အနေအထားနှင့် အထိုင်ပုံစံမကျနလျှင် ထိခိုက်ဒဏ်ရာရမှု၊ ဒဏ်ပိမှုဝေဒနာများပိုမိုဖြစ်စေနိုင်သည်။ ထိုင်နေမှုသက်သောင့်သက်သာအနေအထားမရှိလျှင် ကျောရိုးတစ်လျှောက်နာကျင်စေပြီး ခေါင်းကိုက်စေတတ်သည်။



နည်းပညာနှင့်ကျန်းမာရေးတိုက်ရိုက်ဆက်စပ်နေမှုကို ဒီဇိုင်းဆရာက သရုပ်ဖော်ထားပုံ

မိမိသုံးနေသည့်ကွန်ပျူတာကို အနိမ့်တွင်ဖြစ်စေ၊ မျက်လုံးတည့်တည့်တွင်ဖြစ်စေ ထားပေးလျှင် ကောင်းသည်။ အနိမ့်တွင်ထားသည့်အတွက် လှမ်းကြည့်သည့်အခါ မျက်လုံးဧရိယာ အတော်များများကို မျက်ခွံက ကာကွယ်ပေးထား၍ မျက်တောင်ခတ်နှုန်းလည်းများလာပြီး မျက်လုံး၏ အစိုဓာတ်(သို့မဟုတ်)ချောဆီကို ပိုမိုထုတ်ပေးသည်။ သို့မှသာ မျက်လုံးခြောက်သွေ့ယားယံခြင်းဘေးမှ ကာကွယ်ပေးနိုင်မည်။ မျက်ကပ်မှန်တပ်ဆင်ထားသူများသည် ကွန်ပျူတာကို အာရုံစိုက်လွန်းလျှင် မျက်တောင်ပုံမှန်ခတ်နှုန်းနည်းလာသဖြင့် မျက်ဝန်း၏ အတွင်းပိုင်းအစိုဓာတ်အငွေ့ပျံနှုန်းများလာပြီး ခြောက်သွေ့ယားယံလာတတ်သောကြောင့် မျက်လုံးကျန်းမာရေးထိခိုက်နိုင်သည်။ ထို့အတွက် ကွန်ပျူတာအသုံးပြုချိန်တွင် မျက်ကပ်မှန်ထက် ပုံမှန်မျက်မှန်ကိုသာ အသုံးပြုသင့်သည်။ အကယ်၍ မျက်ကပ်မှန်သာ တပ်ဆင်အသုံးပြုချင်လျှင် ခြောက်လတစ်ကြိမ် မျက်စိအထူးကုပါရဂူများနှင့်ပြသစစ်ဆေးပေးသင့်သည်။

ကွန်ပျူတာအသုံးပြုသူများ၏ မျက်လုံးများမှာ ကွန်ပျူတာ၏ဓာတ်ရောင်ခြည်လှိုင်းများသင့်နေခြင်းအပြင် ကွန်ပျူတာဖန်သားပြင်မှအလင်းဒဏ်ကို အထိုက်အလျောက်ခံစားရပြီး ကွန်ပျူတာထားရှိ သုံးစွဲရာနေရာဝန်းကျင်မှ မီးအလင်းရောင်ကလည်း အလွန်စူးမျဉ်းထိန်နေမည်ဆိုပါက မျက်လုံးထိခိုက်မှုများစေနိုင်သည်။ အလင်းရောင်သင့်တင့်မျှတသည့် မီးချောင်း၊ မီးသီး(သို့မဟုတ်) စားပွဲတင်မီးအိမ်တို့ကိုသာ သုံးစွဲသင့်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

ကွန်ပျူတာအသုံးပြုပြီး အလုပ်လုပ်ရသူများအတွက် မျက်လုံးကို အနားရစေရန် ဆက်တိုက်မလုပ်ဘဲ နားခိုန်ပေးရန်လိုအပ်သည်။ ကွန်ပျူတာဒေသုံးပြုချိန်နာရီဝက်မှ တစ်နာရီကြာပိုင်း ကွန်ပျူတာစားပွဲမှထပြီး အဝေးရှုမျှော်ခင်း (သို့မဟုတ်) အဝေးတစ်နေရာကို လှမ်းကြည့်ပေးသင့်သည်။ ၎င်းမှာ မျက်လုံးကြွက်သားကို ဖြေလျှော့ပေးလိုက်ခြင်းပင်ဖြစ်သည်။ အနည်းဆုံး ၁၀ စက္ကန့်မှ စက္ကန့် ၂၀ အထိ ကြည့်ပေးရမည်။ အဝေးကိုလှမ်းငေးကြည့်ရန် အဆင်မပြေလျှင်ပင် မျက်လုံးကို နာရီလက်တံအတိုင်း တစ်ပတ်နှစ်ပတ်ခန့်လှည့်ပေးသင့်သည်။ ထို့နောက် ဘေးဘယ်၊ ညာကိုလှည့်ကြည့်ရမည်။ ထို့အပြင် အပေါ်မျက်နှာကြက်နှင့်မိပိ၏ခြေထောက်ကို ဦးခေါင်းမရွေ့ဘဲကြည့်ပေးမည်ဆိုလျှင် မျက်လုံးကြွက်သားများ အညောင်းပြေစေမည်ဖြစ်သည်။ ဤသို့ လေ့ကျင့်ခန်းကို သုံးခေါက်ဆက်တိုက်လုပ်ပြီးမှ ပြန်လည်၍ အလုပ်လုပ်သင့်သည်။

ကွန်ပျူတာအသုံးများသူတို့၏ကျန်းမာရေးအတွက်အကြံပြုချက်တစ်ခုမှာ အသက်ရှူလေ့ကျင့်ခန်းကိုလည်း အခွင့်ရလျှင် ရသလောက် ပြုလုပ်ပေးရမည်ဖြစ်သည်။ ပုံမှန်အသက်ရှူပေးခြင်းသည် မျက်စိနှင့်ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်မှုကောင်းမွန်စေသည်။ ကွန်ပျူတာကို အာရုံစိုက်လွန်းသည့်အခါ အသက်ရှူနှုန်းနှေးကွေးလာတတ်ပေသည်။ ထပ်မံသတိထားသင့်သည့်အချက်မှာ ကွန်ပျူတာကီးဘုတ်တွင်ရှိသော ရောဂါပိုးမွှားများသည် အိမ်သာကြွေခုံတွင်ရှိသည့် ပိုးမွှားအရေအတွက်ထက် ငါးဆပိုများသည်ဟု လန်ဒန်

ဆေးသုတေသန စစ်တမ်းကဖော်ပြထားသည်။ ထို့အတွက် ကွန်ပျူတာကီးဘုတ်အသုံးပြုကာနီးအချိန်နှင့် အသုံးပြုပြီးသွားသည့်အချိန်တိုင်းတွင် အရက်ပြန် (သို့မဟုတ်) ပိုးသတ်ဆေးတစ်ခုခုနှင့် သန့်စင်ပေးရ မည်။ မျက်လုံးပင်ပန်းသူများမှာ မျက်လုံးလေ့ကျင့်ခန်း အပြင် ဗီတာမင်အေပါသည့် အစားအသောက်တို့ကို ပြည့်ဝမျှတအောင် စားသောက်ပေးရန်လိုအပ်သည်။ ဗီတာမင်အေပါဝင်သည့်အစားအသောက်များမှာ မျက်လုံးကျန်းမာရေးကို အထောက်အကူပြုသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာအသုံးပြုသူများအနေဖြင့် ခရမ်းချဉ်သီး၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ မုန်လာဥနီ၊ ငါးနှင့်ဥအမျိုးမျိုး၊ သရက်သီးမှည့်၊ သင်္ဘောသီးမှည့် စသည်တို့ကို စားသုံးပေးသင့်သည်။ ထို့အပြင် ရေများစွာ သောက်ပေးရန်လည်း လိုအပ်သည်။

ယနေ့နည်းပညာခေတ်တွင် မိုဘိုင်းဖုန်းကိုလည်း လူဦးရေသန်းပေါင်းထောင်ချီ၍အသုံးပြုနေကြပြီဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့် မိုဘိုင်းဖုန်းကိုင်ဆောင်အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းဌာနေသုံးစွဲခများလျှော့ချလာသည်နှင့်အမျှ သုံးစွဲမှုနှုန်းသည်လည်း ပိုပြီးမြင့်တက်လာသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ထုတ်ပြန်ချက်များအရ မိုဘိုင်းဖုန်းကိုင်ဆောင်အသုံးပြုနေသူဦးရေ လေးသန်းခန့်ရှိသည်ဟုဆိုသည်။ မိုဘိုင်းဖုန်းများကို တွင်ကျယ်စွာ အသုံးပြုလာခြင်းက လူမှုရေး၊ စီးပွားရေးများတွင် ထိရောက်စွာ အကျိုးပြုသောကြောင့် ယနေ့ကမ္ဘာ့ရွာတွင် မရှိမဖြစ်လိုအပ်ပြီး အသုံးတည့်သည့်ပစ္စည်းတစ်ခုဟု ပြောနိုင်သည်။ သို့သော်ဂျင်းမိုဘိုင်းဖုန်းနှင့် ပတ်သက်ပြီး သိပ္ပံပညာရှင်များသည် ကောင်းကျိုး၊ ဆိုးကျိုးများကို သုတေသနပြုလေ့လာချက်များ ကြိမ်ဖန်များစွာပြုလုပ်၍ အဆိုပြုလွှာများ တင်ပြအစီရင်ခံခဲ့ကြသည်။

မိုဘိုင်းဖုန်းသည် ဆက်သွယ်ရေးအတွက် မာတ်ရောင်ခြည်လှိုင်းများကို ထုတ်လွှင့်သလို လက်ခံသည့်အရာလည်းဖြစ်သည်။ မိုဘိုင်းဖုန်းမှ ထုတ်လွှင့်နေသည့်မာတ်ရောင်ခြည်လှိုင်းများမှာ အဏုလျှပ်စစ်သံလိုက်ရောင်ခြည်လှိုင်းများဖြစ်သည်။ မိုဘိုင်းဖုန်းမှ ထုတ်လွှင့်သော အဏုရောင်ခြည်လှိုင်းများအပြင် တာဝါတိုင်များမှ လွှင့်ထုတ်ပေးနေသည့် အဏုရောင်ခြည်လှိုင်းများသည်လည်း လူများအပေါ် သက်ရောက်မှုအထိုက်အလျောက်ရှိနေသည်။ ၎င်းရောင်ခြည်လှိုင်းများသည် လေထုထဲမှတစ်ဆင့် ဓာတ်ရောင်ခြည်သင့်စေနိုင်သကဲ့သို့ မိုက်ခရိုဝေ့ဖ်မီးဖိုနှင့် အစားအစာများချက်ပြုတ်ခြင်းကြောင့်လည်း ထိုသို့သက်ရောက်မှုများရှိနိုင်သည်။

အမေရိကန်နိုင်ငံမှ FCC (Federal Communication Commission) က မိုဘိုင်းဖုန်းကြောင့် ဦးနှောက်ထဲစီးဝင်နိုင်သည့်ရောင်ခြည်လှိုင်းခံနိုင်ရည်ရှိမှုအမြင့်ဆုံးနှုန်းထား (Specific Absorption Rate-SAR) ကို တိုင်းတာကြည့်ခဲ့ရာ လူတစ်ယောက်၌ SAR 1.6 watts /Kg body wt. ရှိသည်ဟုဆိုသည်။

လက်ကိုင်ဖုန်းကို အိတ်ထဲမှာထားသည့်အခါ ခလုတ်များကို မိမိဘက်သို့ မျက်နှာမူပြီးထားသင့်သည်။ သို့မှသာ ဧရိယာတိုင်သည် မိမိနှင့်ဝေးရာသို့ မျက်နှာမူနေမည်ဖြစ်သည်။ ဝိုင်ယာကြိုးနှင့်ဆက်ထားသည့် နားကြပ်များကို အသုံးပြုခြင်းသည် ဖုံးအိမ်နှင့် အသုံးပြုခြင်းထက် လျှပ်စစ်သံလိုက် ဖြာထွက်သည့် အန္တရာယ်သုံးဆမြင့်တက်စေသည်။ ထို့ကြောင့် နားကြပ်ကိုအသုံးပြုချင်လျှင် Bluetooth Headset ကဲ့သို့ ဝိုင်ယာကြိုးမပါသော နားကြပ်များကိုသာ အသုံးပြုသင့်သည်။

မိုဘိုင်းဖုန်း၏လျှပ်စစ်သံလိုက်လှိုင်းများသည် ဦးနှောက်ကလပ်စည်းများ၏လျှပ်စီးလှုပ်ရှားမှု လုပ်ငန်းများကို ပြောင်းလဲပစ်နိုင်စွမ်းရှိခြင်းကြောင့် မိုဘိုင်းဖုန်းကို နှစ်မိနစ်ခန့်အသုံးပြုမိရုံနှင့် ၎င်း၏လှိုင်းများသည် ဦးနှောက်ထဲစီးဝင်ပြီး ဦးနှောက်အတွင်းတွင်ရှိသည့် ပုံမှန်လျှပ်စစ်လုပ်ဆောင်ချက်များကို (Electrical activity) တစ်နာရီစာခန့် ပြောင်းလဲမှုများဖြစ်ပေါ်စေနိုင် သည်။ ထို့ကြောင့် အိပ်စက်မှုကို အနှောင့်အယှက် ဖြစ်စေနိုင်ပြီး အာရုံစူးစိုက်နိုင်မှုကိုလည်း အခက်အခဲ ဖြစ်စေနိုင်သည်။ ၎င်းအပြင် ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းလျလွယ်ခြင်းမျိုးဖြစ်စေနိုင်သည်။ မျိုးဗီဇနှင့် သက်ဆိုင်သော မယ်လတိုနင် ထုတ်လုပ်မှုကိုလည်း လျော့ကျစေသည်။

မိုဘိုင်းဖုန်း၏အဏုရောင်ခြည်လှိုင်းများသည် အပူစွမ်းအင် (Thermal Effect) ကိုလည်း ထုတ်လွှင့်သည်။ သို့သော် ဦးခေါင်းထဲ စီးဝင်နိုင်သည့် အပူချိန်မှာ တစ်ဒီဂရီဖာရင်ဟိုက်ထက်မများနိုင်သည့် အတွက် ၎င်းအပူစွမ်းအားကြောင့် ဦးနှောက်ကလာပ်စည်းများကို ထိခိုက်မှုမရှိနိုင်ဟုယူဆကြသည်။ ယင်းနှင့် ပတ်သက်၍ ၂၀၀၃ ခုနှစ်တွင် ပါမောက္ခဒေါက်တာ Salford က အာရုံကြောထိခိုက်မှုနှင့် အဏုရောင်ခြည်လှိုင်း၏ အပူစွမ်းအင်ထိတွေ့မှုအကျိုးဆက် မရှိကြောင်းကို လေ့လာသုတေသနပြုခဲ့သည်။ ဒေါက်တာ G.J.Hyland ကလည်း အဏုရောင်ခြည်လှိုင်း၏အပူ စွမ်းအားသည် ဦးနှောက်ကို ထိခိုက်မှုမရှိနိုင်ဟုဆိုသည်။

အဏုရောင်ခြည်လှိုင်းများက ဦးနှောက်ဆဲလ်များကို ပျက်စီးစေ၍ အသက်ကြီးသည့်အခါ ဖြစ်တတ်သောသတိမေ့ရောဂါ (Alzheima's Disease) စောစီးစွာ ဖြစ်နိုင်သည်ဆိုသော အချက်မှာဝိဝါဒကွဲပြားလျက်ရှိသည်။ ၎င်းအပြင် ဦးနှောက်ကင်ဆာ၊ ပါးစပ်ကင်ဆာ၊ အကြားအာရုံကြောကင်ဆာ၊ သွေးကင်ဆာဖြစ်စေနိုင်သည်ဟုလည်းဆိုကြသည်။ မိုဘိုင်းဖုန်း၏ အဏုရောင်ခြည်လှိုင်းများသည် ဦးနှောက်၏လေ့လာသင်ယူခြင်း အစိတ်အပိုင်း၊ မှတ်ဉာဏ်နှင့် လှုပ်ရှားမှုအပိုင်းများကို ထိခိုက်စေနိုင်သည်။ ကြွက်များနှင့် စမ်းသပ်ကြည့်သည့် အခါ ၎င်းလှိုင်းများသည် ကြွက်၏ဦးနှောက်ဆဲလ်များကို သေသွားစေသည်ကို တွေ့ရှိရသည်။ ကြွက်၏ ဦးနှောက်သည် ကြီးကောင်ဝင်စ ဆယ်ကျော်သက်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုအဆင့်နှင့် တူနေခြင်းကြောင့် ဆယ်ကျော်သက်များအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြုခြင်းကို သတိထားဆင်ခြင်သင့်သည်။

သုတေသနပညာရှင်များ၏အကြံပေးချက်အရ ဖုန်းပြောရာတွင် ဖုန်းအိမ်ကို မိမိဦးခေါင်းနှင့် ၂ လက်မမှ ၇ လက်မခန့်ခွာပြီး (သို့မဟုတ်) အသံချဲ့စက် (Loud-speaker mode) ဖွင့်ပြီး အသုံးပြုမည်ဆိုလျှင် လျှပ်စစ်သံလိုက်ဓာတ်များ ဦးနှောက်ထဲစီးဝင်ခြင်းကို လျှော့ချနိုင်မည်ဟု ဆိုသည်။ ညအိပ်နေစဉ် ဖုန်းပိတ်ပြီး အိပ်သင့်သည်။ သို့မဟုတ်ပါက ဖုန်းကို ဦးခေါင်းနှင့် ၁ ဒသမ ၈ မီတာ (၆ ပေခန့်) ခွာပြီး ထားသင့်ဟုဆိုသည်။

သုတေသနပညာရှင်များက တစ်နေ့လျှင် နာရီပေါင်းများစွာ မိုဘိုင်းဖုန်းပြောဆိုသူများမှာ ပါးစပ်ကင်ဆာအဖြစ်များကြောင်းတွေ့နေရသည်ဟု မှတ်တမ်းတင်ထားသည်။ ထို့အပြင် မျိုးဆက်ပွားနိုင်သောအရွယ်ကို လေ့လာသုတေသနပြုသည့်အခါ ၁၅ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်သံလိုက်ဓာတ်ကြောင့် အမျိုးသား၏ မျိုးဆက်ပွားစွမ်းရည်ကို ထိခိုက်ပျက်စီးစေကြောင်း တွေ့ရှိရသည်။ အမျိုးသား၏ သုက်ရည်၌ သုက်ပိုး ပါဝင်မှုအရေအတွက် ကျဆင်းခြင်း၊ သုက်ပါးကောင်ရွေ့လျားမှုကို နှေးကွေးစေခြင်း၊ ရှင်သန်နိုင်မှုသက်တမ်းယုတ်လျော့စေခြင်း၊ ခန္ဓာကိုယ် ဖွဲ့စည်းမှုပုံပန်းသဏ္ဌာန် ပုံမှန်မဟုတ်ခြင်းများဖြစ်စေတတ်သောကြောင့် အမျိုးသား၏ မျိုးဆက်ပွားစွမ်းရည်ကို ထိခိုက်စေသည်။ ထို့အတွက် မိုဘိုင်းဖုန်းများကို ဘောင်းဘီအိတ်ထဲ၌ထားပြီး အသုံးပြုခြင်းကို ရှောင်ကြဉ်သင့်သည်။

အကယ်၍ ဖုန်းအသုံးပြုသူသည် နှလုံးခုန်မှန်စေသော ကိရိယာ (Pacemaker) တပ်ဆင်ထားသူဆိုလျှင် အကြီအိတ်ထဲ၌ မိုဘိုင်းဖုန်းထည့်ထားခြင်းကို ရှောင်ကြဉ်သင့်သည်။

လူသားများကိုထပ်မံ ခြိမ်းခြောက်နေသည်မှာ မိုဘိုင်းဖုန်းနှင့် ကလေးသူငယ်ပြဿနာဖြစ်သည်။ လူပို့ဖော်အပျိုဖော်ဝင်စအရွယ်နှင့် ကလေးသူငယ်များကို မိုဘိုင်းဖုန်း၏အဏုရောင်ခြည်လှိုင်းများပိုပြီး ထိခိုက်လွယ်သည်ကိုတွေ့ရှိရသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးငယ်များ၏ ဦးခေါင်းခွံသည် ပိုပြီးပါးနေခြင်း၊ ကလေးငယ်များသည်အာရုံကြောများနှင့်အာရုံကြောစနစ်ဖွံ့ဖြိုးနေဆဲဖြစ်ခြင်း၊ ဆဲလ်ပွားခြင်းအဆင့်ဆင့် တိုးတက်များပြားနေချိန်ဖြစ်ခြင်း၊ ခန္ဓာကိုယ်ခုခံအားစနစ်မှာ အရွယ်ရောက်ပြီးသူများကဲ့သို့ ရင့်ကျက်ပြည့်ဝမှုမရှိသေးခြင်းတို့ကြောင့် ဖြစ်သည်။

တစ်နှစ်သားအရွယ်ကလေးငယ်သည် အဏုရောင်ခြည်လှိုင်းများကို လူကြီးများထက် နှစ်ဆပိုပြီးစုပ်ယူနိုင်သည်။ အသက် ၅ နှစ်အရွယ်ကလေးငယ်များမှာ လူကြီးတစ်ယောက်ထက် ၆၀ ရာခိုင်နှုန်းပိုပြီး ရောင်ခြည်လှိုင်းများကို စုပ်ယူနိုင်စွမ်း

ရှိသည်။ ထိုအကျိုးရောင်ခြည်လှိုင်းများကြောင့် ကလေးငယ်များမှာ သွေးကင်ဆာအဖြစ်များဆုံးဖြစ်ပြီး ဒုတိယအဖြစ်များဆုံးမှာ ဦးနှောက်နှင့်အာရုံကြောထိခိုက်မှုပင်ဖြစ်သည်။

ထို့အတွက် လက်ကိုင်ဖုန်းများကို အသက် ၁၅ နှစ်အောက်ကလေးများ အသုံးမပြုသင့်ပေ။ ထို့အပြင် သတိထားသင့်သည့်အချက်မှာ ဖုန်းများကို မွေးကင်းစကလေးငယ်များနှင့်ဝေးနိုင်သမျှ ဝေးဝေးတွင်ထားရန်ဖြစ်သည်။ မွေးကင်းစကလေးငယ်များ၏ ဦးခေါင်းသည် အလွန်ပါးလွှာပြီး ဖုန်းများမှ လျှပ်စစ်သံလိုက်ရောင်ခြည်များဦးခေါင်းထဲကို အလွယ်တကူဝင်ရောက်နိုင်၍ ကင်ဆာဖြစ်နိုင်ခြေ မြင့်မားစေနိုင်သောကြောင့်ဖြစ်သည်။ ကိုယ်ဝန်ဆောင်စဉ်တွင် လက်ကိုင်ဖုန်းအသုံးပြုခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်းသည် သင့်လျော်သည်။

သို့မှသာ သန္ဓေသား၏ခန္ဓာကိုယ် အစိတ်အပိုင်းများတည်ဆောက်နေခြင်းနှင့်ဖွံ့ဖြိုးလာခြင်းအပေါ် မိုဘိုင်းဖုန်းမှ လျှပ်စစ်သံလိုက်စက်ကွင်း၏ အကျိုးသက်ရောက်မှုများမရှိစေရန် တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။

လက်ကိုင်ဖုန်းများကို မော်တော်ကား၊ လေယာဉ်ပျံ၊ မီးရထားနှင့် ဓာတ်လှေကားအစရှိသည့် သတ္တုများနှင့် ဝန်းရံထားသောအရာများထဲ၌ အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ လက်ကိုင်ဖုန်း၏အကျိုးရောင်ခြည်လှိုင်းများကြောင့် လျှပ်စစ်ဆိုင်ရာ စက်ကိရိယာများ၏ လျှပ်စစ်လုပ်ဆောင်ချက်လုပ်ငန်းများကို အနှောင့်အယှက်ပေးနိုင်သည်ဟုယူဆထားသောကြောင့်ပင်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ၎င်းသတ္တုများနှင့် ဝန်းရံထားသည့်အရာများထဲ၌ လက်ကိုင်ဖုန်း အသုံးပြုသည့်အခါ လျှပ်စစ်သံလိုက်ဓာတ်ဖြာထွက်ခြင်း အန္တရာယ်ကို ပိုများစေသည်ဟုလည်း သုတေသနတွေ့ရှိချက်အရ မှတ်တမ်းတင်ထားသည်။

မိုဘိုင်းဖုန်းနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားနေသော သုတေသနပြုမှုတ်တမ်းတစ်ခုမှာ မိုဘိုင်းဖုန်းအသုံးပြုခြင်း၊ ဝိုင်ဖိုင်ချိတ်ဆက်ကာ အင်တာနက်သုံးခြင်းများကြောင့် ကျန်းမာရေးကိုထိခိုက်စေသည်။ ကင်ဆာရောဂါကိုဖြစ်ပွားစေသည်ဟူသော ပြောဆိုချက်များသည် လုံးဝမှားယွင်းနေကြောင်း နော်ဝေနိုင်ငံမှပြုလုပ်ထားသော သုတေသနစစ်တမ်းမှ အတိအလင်းထုတ်ဖော်ကြေညာခဲ့သည်။



လက်ကိုင်ဖုန်းကြောင့် လျှပ်စစ်ရောင်ခြည်များ ဦးနှောက်အတွင်း ဝင်ရောက်ကာ ကင်ဆာဖြစ်နိုင်ခြေမြင့်မားသည်ကို သရုပ်ဖော်ထားပုံ

မိုဘိုင်းဖုန်းများ၊ မိုဘိုင်းတာဝါတိုင်များမှထွက်သော အနိမ့်စားလျှပ်စစ်သံလိုက်လှိုင်းများ၊ ဝိုင်ဖိုင်ချိတ်ဆက်ကာအင်တာနက်သုံးခြင်းမှထွက်လာသော သံလိုက်လှိုင်းများနှင့်ထိတွေ့ဖန်များပါက လူ့အသားတစ်ရှူးစများကို အပူဒဏ်သက်ရောက်သောကင်ဆာဖြစ်စေကြောင်း၊ အမျိုးသားများမှာထို အပူဒဏ်ကြောင့် သုက်ပိုးများသေဆုံးကာ မျိုးမအောင်ခြင်းအထိဖြစ်ပွားစေကြောင်း၊ တခြားသောသုတေသနများမှ ဖော်ပြခဲ့ကြခြင်းမှာ လွန်စွာများယွင်းနေကြောင်း နော်ဝေနိုင်ငံဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများကော်မတီမှ တရားဝင်ထုတ်ပြန်ပြောကြားခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄)
အကွာရာစဉ်အညွှန်း

၈

ကချင်ပြည်နယ် ၁၊ ၇
ကဒါဖီ၊ မွမ်မာ ၂၅
ကနောင်မင်းသားကြီး... ၉၉-၁၁၈
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ၃၇
ကရင်အမျိုးသားအစည်းအရုံး ၁၊ ၂
ကလေမံဝိလျံ ၁၁၀၊ ၁၁၁
ကလျာဏ၊ ဘဒ္ဒန္တ ၂၂၂-၂၂၃
ကာတာ၊ ဂျင်မီ ၂၀၊ ၆၅
ကားပလပ်စ်၊ မာတင် ၃၀၂
ကိမ်ဘ်မက်ဇ် ၂၇၈
ကီး၊ ဂျွန် ၁၆
ကုသလ၊ ဘဒ္ဒန္တ ၂၂၃-၂၂၄
ကုသိုလ်တော်ဘုရားကျောက်စာ ၁၉၆၊ ၁၉၇
ကေဆောင်စက်မှုဇုန် ၃၄၅၊ ၃၅၀၊ ၃၅၁
ကောဝိဒ၊ ဘဒ္ဒန္တ ၂၂၄-၂၂၅
ကောဏ္ဍညာဘိဝံသ၊ ဘဒ္ဒန္တ ၂၂၆-၂၂၇
ကိုဆောင်း ၂၄၀-၂၄၁
ကိုရီးယားကျွန်းဆွယ် ၄၁၂
ကိုရီးယားသမ္မတနိုင်ငံ ၈၊ ၂၃
ကိုလံဘီယာနိုင်ငံ ၃၅၃
ကက်စ်ပါစကီ ၂၇၈၊ ၂၈၂
ကက်ရှ်မီးယားဒေသ ၅၊ ၁၀၊ ၃၉
ကင်ဂျုံအန် ၈၉၊ ၃၄၄၊ ၃၄၆၊ ၃၄၉
ကင်မရွန်း၊ ဒေးဗစ် ၉၊ ၃၆၊ ၄၀၊ ၄၃၊ ၃၇၈
ကင်ယမ်း၊တိုနီတန် ၁၉
ကင်းထောက်အဖွဲ့ ၁၉၁-၁၉၅
ကတ်စထရို၊ ရောလ် ၄၁
ကုက္ကလာဘိဝံသ၊ ဘဒ္ဒန္တ ၂၂၅-၂၂၆
ကန့်စာချုပ် ၄၁၆
ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ ၄၄၂
ကမ္ဘာ့စီးပွားရေးဖိုရမ် ၃၂၊ ၃၃
ကမ္ဘာ့အထင်ကရမှတ်တမ်းဝင်စာရင်း ၁၉၅-၁၉၈
ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့... ၁၉၈၊ ၂၀၀
ကမ္ဘောဒီးယားနိုင်ငံ ၄၁၊ ၄၈၊ ၉၁
ကမ္ဘောဒီယားပြည်သူ့ပါတီ ၃၀၄၊ ၃၀၅
ကမ္ဘောဒီးယားအထွေထွေရွေးကောက်ပွဲ ၃၀၄-၃၀၆
ကမ္ဘောဒီးယားအမျိုးသား
ကယ်တင်ရေးပါတီ ၃၀၄၊ ၃၀၅
ကယ်ရီ၊ ဂျွန် ၃၁၄၊ ၃၂၀၊ ၃၅၈၊၃၅၉၊
၃၆၃၊၃၆၅၊၃၆၈၊၄၀၇
ကျူမာလီဆိုင်ညွှန့် ၈၉
ကျော်စိန်၊ ဒေါက်တာ ၂၄၂-၂၄၃
ကျောက်မော်မြို့စားမိဖုရား ၉၉၊ ၁၀၂
ကြူကုတ် ၄၁၅
ကွင်တာနား၊ သောမတ်စ်အိုဟေး ၁၀၊ ၅၃
ကွယ်လွန်ထင်ရှားသောပုဂ္ဂိုလ်များ(၂၀၁၃) ၂၀၇-၂၂၂

ခ

ခရစ္စတိုဖာဝေါ်ဇ် ၄၅၀

ခါမေနီ၊ အယာတိုလာ ၃၇၅
ခေမာရီ၊ ဒေါ် ၂၃၉-၂၄၀
ခင်ခင်ဝင်း၊ ဒေါ် ၁၊ ၁၀၊ ၂၀၊ ၂၃၊ ၄၁
ခင်မောင်ထွန်း၊ ရဲသူရိန်၊ ရဲမှူးကြီး(ငြိမ်း) ၂၄၃-၂၄၄
ခင်ရီ၊ ဦး ၈၀
ခင်အောင်မြင့်၊ ဦး ၂၊ ၄၊ ၆၊ ၇၊ ၉၊ ၁၅၊ ၃၁၊ ၄၄၊ ၄၇၊ ၈၅၊ ၂၇၀
ချာဗက်ဇ်၊ ဟူဂို ၁၄၊ ၂၀၀-၂၀၂
ချီလီနိုင်ငံ ၉၀
ချက်ဟောဂယ်လ် ၃၅၈၊ ၃၆၁၊ ၃၆၆၊ ၃၇၉
ချုံကောင်း ၄၁၉
(၆၆) နှစ်မြောက်အာဇာနည်နေ့ ၂၆၉-၂၇၀

ဂ

ဂီယက်၊ ယွိုင်ဒုယင် ၂၀၂
ဂီရိ ၂၉၇၊ ၂၉၈
ဂိုလမ်ရီဇာဂျာလာလီ ၂၈၁
ဂိုအင်ကာ၊ ဦး ၂၄၄-၂၄၆
ဂေါက်စ် ၂၈၃
ဂျနီဖာလောရင့် ၄၅၀
ဂျပန်နိုင်ငံ ၈၉၊ ၃၀၇-၃၀၉
ဂျီနီဗာမြို့ ၄၀၁
ဂျေရှီလာ၊ ရောဘတ် ၃၀၃
ဂျော့စ်ဆိုးရော့စ် ၂
ဂျော်ဂီယိုနပိုလီတာနို ၂၃
ဂျိုးဘိုင်ဒင် ၈၅

c

ငုယင်တန်ဇွန်း ၄၄၇
ငြိမ်းချမ်းရေးကြိုးကြာစီမံချက် ၄၄၂

ငြိမ်းချမ်းရေးဆု ၇၊ ၂၃
ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ၂၇၀

ဝ

စကိုင်းလက်ဘ် ၂၇
စတပ်နက် ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂
စနိုးဒန်၊ အက်ဒဝပ် ၃၈၊ ၄၄၊ ၂၈၀၊ ၃၅၄၊ ၃၆၄၊ ၃၆၆
စမတ်ဗီဇာ ၄၄၉
စကြာယာဉ်မွန်သဘော် ၁၁၈
စီယန်ဂျန် ၂၇၉
စောမူတူးဆေးဖိုး ၁၊ ၂၊ ၂၇၇
စောမောင်၊ ဗိုလ်ချုပ်မှူးကြီး (ငြိမ်း) ၄၁၄-၄၁၅
စိုးသိန်း၊ ဦး၊ ၂၂၊ ၃၃၊ ၅၆၊ ၁၉၃
စင်ကာပူသမ္မတနိုင်ငံ ၄၊ ၅၊ ၁၉၊ ၃၃
စင်ပြိုင်အစိုးရ ၄၂၂
စိုင်းမောက်ခမ်း၊ ဒေါက်တာ ၁၊ ၄၊ ၅၊ ၈၊ ၁၀၊ ၁၅၊ ၂၈၊ ၃၉၊ ၄၈၊ ၆၇၊ ၂၆၉၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၇
စစ်ကိုင်းကြည်ညွှန့် ၂၄၆-၂၄၇
စန္ဒီမာ၊ ဘဒ္ဒန္တ ၂၂၇-၂၂၈
စန်းယု၊ ဗိုလ်ချုပ်ကြီး (ငြိမ်း) ၄၂၄
စိန်လွင်၊ ဗိုလ်မှူးချုပ် (ငြိမ်း) ၄၁၅
စိန်ဝင်း၊ ဦး (ဂါးဒီးယန်း) ၂၄၇-၂၄၉
စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး
ကော်မတီ ၂

ဆ

ဆပရက်တလေကျွန်းစု ၃၂၃
ဆီးရီးယားနိုင်ငံ ၄၅၊ ၄၉၊ ၉၃၊ ၉၆၊ ၃၀၉-၃၁၅

ဆူစီလိုဘမ်ဘန်းယူဒိုယိုနို ၂၃
ဆူဒေါ်ဖိ၊ သောမတ်စ် ၃၀၃
ဆူသက်သောင်ဆူဘန် ၃၂၆၊ ၃၂၈၊ ၃၂၉
ဆူအိုဖူကူဒါ၊ မစ္စတာ ၂၉၂
ဆေကိန္ဒ၊ အရှင် ၁၇
ဆော်ဒီအာရေဗျနိုင်ငံ ၃
ဆိုက်ဘာစစ်ပွဲ ၂၇၈
ဆောင်သက်၊ ဂျန် ၃၄၄၊ ၃၄၅
ဆန်ဂါ၊ ဖရက်ဒရစ် ၂၀၂-၂၀၃
ဆမ်ဒက်ဟွန်ဆန် ၄၈၊ ၅၃၊ ၃၀၅၊ ၃၀၆
ဆဖ်ရိန်ဆီ ၃၀၅၊ ၃၀၆
ဆွစ်ဇာလန်နိုင်ငံ ၇
ဆွမ်လွတ်ဂွမ်မော်၊ ဗိုလ်ချုပ် ၃၀၊ ၂၇၅၊ ၂၇၇၊ ၂၇

ဇ

ဇင်ယော်၊ ဦး ၃၄၊ ၃၄၃

ည

ညောက်ထွန်း၊ ဦး ၃၊ ၅၊ ၆၊ ၇၊ ၈၊ ၁၁၊ ၄၈၊ ၈၉၊ ၉၆

တ

တရုတ်နိုင်ငံ ၂၁၊ ၉၄၊ ၃၁၆-၃၂၂
တရုတ်မြော်စား ၁၀၁
တရုတ်-မြန်မာနယ်နိမိတ်စာချုပ် ၄၂၁၊ ၄၂၃
တိုကျိုအိုလံပစ် ၁၁၉
တို့ဗမာအစည်းအရုံး ၄၂၀၊ ၄၂၂
တိုက်ရေယာဉ် ၁၀၃ ၄၂၇
တင်နိုင်သိန်း၊ ဦး ၅၆
တင်မိုး ၄၁၇
တင်ယု၊ ဦး (ရုပ်ရှင်ဒါရိုက်တာ) ၂၄၉-၂၅၁
တင်လှ၊ ဒေါ် (ရွှေမန်း) ၂၅၁-၂၅၂
တင်အေး၊ ဦး ၁၄၊ ၃၁၊ ၆၂
တောင်ညီမြင်းသမီး ၁၀၆
တောင်တရုတ်ပင်လယ်ကျွန်းစုများပြဿနာ ၃၂၂-၃၂၄
တိုင်းကျိုးပြည်ပြုလွှတ်တော် ၄၂၀
တိုင်းရင်းဆေးကောင်စီဥပဒေ ၄
တပ်ဖွဲ့ ၈၂၀၀ ၂၈၀
တမွတ္ကာလီ ၁၁၃

ထ

ထရန်စ်အိုးရှင်းကုမ္ပဏီ ၂
ထားဝယ်အထူးစီးပွားရေးဇုန် ၃၆၊ ၅၂၊ ၆၆
ထိုင်းနိုင်ငံ ၇၊ ၈၊ ၁၁၊ ၂၃၊ ၃၆၊ ၉၂၊ ၃၂၄-၃၃၃
ထွန်းဝေ (ရုပ်ရှင်သရုပ်ဆောင်) ၄၁၉-၄၂၀

ဒ

ဒဂုန်တာရာ ၂၅၂-၂၅၃
ဒါဗိုစ်မူဝါဒ ၄၄၅
ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ် ၄၂၂
ဒူကူဗိုင်းရပ်စ် ၂၈၃
ဒိုလ်ဘီကဇာတ်ရုံ ၄၄၉
ဒေးလူးဝစ်၊ ဒယ်နီရယ် ၄၅၀
ဒက္ခိဏာသီရိ ၁၂
ဒဂီးသွန်းစက် ၁၀၄၊ ၁၆၅၊ ၁၁၅

ဓ

ဓာတုလက်နက်များတားမြစ်ပိတ်ပင်ရေးအဖွဲ့ အစည်း ၃၀၁၊ ၃၀၅
ဓမ္မရက္ခိတကုန်းတော် ၄၁၇

န

နဂါးနီစာအုပ်အသင်းကြီး ၄၂၀
နဂါးမင်းစစ်ဆင်ရေး ၄၁၇
နယူးဇီလန်နိုင်ငံ ၁၆
နာဂိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ ၂၂၈-၂၂၉
နေ့၊ ဦး ၄၂၀
နေ-အော်တလီစာချုပ် ၄၂၁
နေတန်ယာဟု၊ ဘင်ဂျမင် ၂၆၊ ၈၇
နေဝင်း၊ ဗိုလ်ချုပ်ကြီး (ငြိမ်း) ၄၂၂
နော်ဂေး၊ တန်ဇင်း ၁၉၈၊ ၁၉၉
နော်လ်ရှေးမြာ ၂၈၈
နော်ဝေနိုင်ငံ ၁၂
နိုဘယ်လ်ဆု ၃၀၀၊ ၃၀၁-၃၀၄
နော်တန့်ဇ် ၂၇၉၊ ၂၈၀
နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ၂၅
နိုင်ငံ့စွမ်းဆောင်ရည်ဆု ၂၄
နိုင်ဝင်းဆွေ ၄၂၅
နိုင်ဟံသာ၊ ဦး ၂၇၇
နန္ဒကျော်စွာ၊ ဦး ၅၅
နန်နင်းမြို့ ၂၉၈၊ ၄၀၇
နန္ဒဝံသ၊ ဘဒ္ဒန္တ ၂၂၉-၂၃၀
နမ်ဘီးယား၊ ဗီဇျေ ၄၊ ၁၇၊ ၅၆၊ ၅၇၊ ၂၇၅၊ ၂၇၈၊ ၄၃၂

ပ

ပခုက္ကူစာပေဆုနှင့်ပညာရည်ချွန်ဆု ၃၈၁
ပညာသီရိ၊ ဘဒ္ဒန္တ ၂၃၀-၂၃၁
ပဒေသရာဇာအုပ်ချုပ်ရေးအဖွဲ့ ၁၇၊ ၆၄
ပါကစ္စတန်နိုင်ငံ ၃၃၃-၃၃၇
ပါရာစဲလ်ကျွန်းစု ၃၁၉၊ ၃၂၃
ပိဋကတ်ဘာသာပြန်အဖွဲ့ ၄၂၂
ပီတာဟစ် ၃၀၃
ပုခန်းမင်းသား ၁၀၀၊ ၁၀၁၊ ၁၁၃
ပုဂံကြေညာစာတမ်း ၂၉၀
ပုဂံမင်း ၉၉၊ ၁၀၀၊ ၁၀၁
ပူတင်၊ ဗလာဒီမာ ၈၈၊ ၃၅၄၊ ၃၅၅၊ ၃၅၆
ပိုရှိလိုင် ၅၅၊ ၃၁၆၊ ၃၁၇
ပင်လုံညီလာခံ ၁၃၅-၁၄၈
ပဉ္စလင်းမြို့ ၁၀၆
ပတ်ဂွမ်ဟေး၊ မစ္စ ၈၊ ၁၂၊ ၁၉၊ ၂၃
ပဏ္ဍိတ၊ ဘဒ္ဒန္တ ၂၃၁
ပုဗ္ဗသီရိမြို့နယ် ၁
ပျူမြို့ဟောင်း ၁၄၉-၁၆၂
ပြည်တော်သာစီမံကိန်း ၄၂၁
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ၂၊ ၈၊ ၁၅၊ ၂၆၊ ၄၂၊ ၆၀
ပြည်မင်းသား ၁၀၀
ပြည့်စုံ၊ ဦး (သွေးသောက်) ၂၂၃-၂၂၅

ဖ

ဖဆပလ အဖွဲ့ချုပ် ၄၂၀၊ ၄၂၁
ဖရန်စစ်၊ လီယိုနဘ် ၃၅၉၊ ၃၆၀

ဖလိမ်း ၂၇၈၊ ၂၇၉၊ ၂၈၃
ဖိလစ်ပိုင်နိုင်ငံ ၂၁၊ ၈၀၊ ၈၆၊ ၉၃
ဖေသက်ခင်၊ ဒေါက်တာ၊ ၄၁၃

ဗ

ဗဟိုရှစ်သတင်းစာ ၄၁၈
ဗာဂျီးနီးယားဘီချ် ၂၈၁
ဗင်နီဇွဲလားနိုင်ငံ ၃၅၆
ဗုဒ္ဓဘာသာသာသနာတော်ဆိုင်ရာ
ဘွဲ့တံဆိပ်တော်များ (၂၀၁၃) ၃၈၂-၃၈၃
ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်ချက်များ ၃၈၃-၃၈၆
ဗြိတိန်နိုင်ံ ၄၄

ဘ

ဘချစ်၊ ဒေါက်တာ ၁၀၆
ဘမော်၊ ဒေါက်တာ ၄၂၀
ဘရာဇီးနိုင်ငံ ၃၃၇-၃၄၀
ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ၂၃၊ ၆၅၊ ၇၀
ဘလဲ၊ တိုနီ ၈၀
ဘာဒင်ပိုဝဲလ်၊ ရောဘတ် ၁၉၁
ဘာရှားအယ်လ်အာဆတ် ၅၈၊ ၃၁၂၊ ၃၁၃၊ ၃၅၃၊
၃၆၆
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ၄၃၂
ဘားကောင်စီကြေညာချက် ၄၂၆
ဘူရာနျူကလီးယားစက်ရုံ ၃၇၈
ဘိုလီးဗီးယားနိုင်ငံ ၃၅၇
ဘိုအောဖိုရမ်အစည်းအဝေး ၂၁၊ ၂၉၂၊ ၂၉၄

မ

မတရားအသင်းအက်ဥပဒေ ၄၄၁
မလေးရှားနိုင်ငံ ၅၊ ၄၁၊ ၅၈၊ ၃၄၀-၃၄၄
မဟာဂျိယာလောင်ကွန် ၄၀၁
မာကယ်၊ အိန်ဂျလာ ၆၅၊ ၇၅၊ ၈၄
မာဒူရို၊ နီကိုလပ်စ် ၁၅၊ ၂၃၊ ၇၈၊ ၈၇၊ ၃၅၆၊ ၃၅၇
မာလာဆိုင်ကလုန်းမုန်တိုင်း ၂၉၇
မိရှယ်လ်၊ ခါလက် ၃၆၇
မိရှဲလ်အိုဘားမား ၄၅၀
မူဂါဘီ၊ ရောဘတ် ၄၈
မူရှာရက်ဖ်၊ ပါဗက်ဇ် ၅၅၊ ၃၃၃၊ ၃၃၄၊
၃၃၅
မေဇင်အောင် ၂၈၆
မေရီချက်(ပ်)မင်း ၂၈၉
မော့စ် (ဟာသသရုပ်ဆောင်) ၂၅၉-၂၆၀
မိုဟာမက်မော်စီ ၄၀၊ ၄၁၊ ၃၇၀၊ ၃၇၁၊
၃၇၃၊ ၃၇၄
မက်ကိန်း၊ ဂျွန် ၃၇၂
မင်ဒဲလား၊နယ်လ်ဆင် ၅၈၊ ၆၇၊ ၉၀၊ ၂၀၃-၂၀၅
မင်းတုန်းမင်း ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၄၊
၁၀၅၊ ၁၀၆၊ ၁၀၈၊ ၁၁၃၊ ၁၁၆၊ ၁၁၇၊

မင်းအောင်လှိုင်၊ ၂၊ ၃၊ ၅၊ ၇၊ ၉၊ ၁၄၊ ဒုတိယဗိုလ်ချုပ်မှူးကြီး ၁၈၊ ၃၁၊ ၃၈၊ ၅၇၊ ၉၁
မောင်ကိုယု ၄၂၆
မောင်မြင့်ကြည် (စာပေဗိမာန်) ၂၅၆-၂၅၇
မောင်ဝံသ ၂၅၇-၂၅၉
မောင်သော်က ၄၂၇
မစ်ချဲလ်၊ ဒဲရစ် ၃၉၊ ၅၇
မစ်ဇူရီသတင်းစာ ၄၃၀
မန်နီ၊ မိုင်းလ်ဒရက် ၂၀၅
မန်မိုဟန်ဆင်း၊ မစ္စတာ ၃၉၊ ၄၀၉
မျိုးမြင့်၊ ဒေါက်တာ (ပါမောက္ခ) ၂၆၀-၂၆၁
မျိုးမြင့်လေး ၂၆၁-၂၆၂
မြအေး၊ ဒေါက်တာ ၁၉၃၊ ၂၆၂-၂၆၃
မြောက်ကိုရီးယားနိုင်ငံ ၃၄၄-၃၅၁
မြတ်ဟိန်း၊ ဦး ၁၀
မြတ်မြတ်အုန်းခင်၊ ဒေါ် ၄၁၄
မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုသမ္မတ ၃၈၆-၄၀၀
မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း ၄၂၁
မြန်မာနိုင်ငံသတင်းထုတ်ပြန်ရေးအဖွဲ့ ၁
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ၁၆၃-၁၇၀
မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၅၊ ၂၁၊ ၃၂
မွတ်ဆလင်ညီနောင်များအဖွဲ့ ၃၇၁၊ ၃၇၂၊ ၃၇၃
မွန်ကိုးလီးယားနိုင်ငံ ၂၅
မွန်ရိုး၊ အဲလစ် ၃၀၁၊ ၃၀၂
ယီမင်နိုင်ငံ ၃၆၆၊ ၃၆၉
ယူဂျင်းဖာမား ၃၀၃
ယူဆွတ်ဇိုင်း၊ မာလာလာ ၆၆၊ ၆၇၊ ၃၃၇
ယူနက်စကိုကမ္ဘာ့အထင်ကရ မှတ်တမ်းအဖွဲ့အစည်း ၁၉၅
ယွက်စစ် ၃၄
ရခိုင်ပြည်နယ်ပဋိပက္ခကိုအကြောင်းပြု၍ ဖြစ်ပွားခဲ့သောဆက်စပ်ဖြစ်စဉ်များ ၄၃၀-၄၃၅
ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေး ကော်မရှင်အစီရင်ခံစာ ၄၃၆-၄၃၉
ရာဇမွာဘိဝံသ၊ ဘဒ္ဒန္တ ၂၃၂
ရာဇတ်၊ နာဂျစ် ၃၄၀၊ ၃၄၁၊ ၃၄၂
ရုရှားနိုင်ငံ ၁၄၊ ၃၈၊ ၆၀၊ ၇၁၊ ၉၆၊ ၃၁၁-၃၁၅
ရေထိပ်သီးအစည်းအဝေး ၂၉၆၊ ၂၉၇
ရေနန်းစကြာသင်္ဘော ၁၀၈
ရေမွန်မက်ဆေးဆေးဆု ၄၂၄
ရဲထွဋ်၊ ဗိုလ် (ရဲဘော်သုံးကျိပ်ဝင်) ၂၆၃-၂၆၅
ရော့ဗ်၊ဆာဂျီလပ် ၃၅၃၊ ၃၆၃
ရော့သ်မန်၊ ဂျိမ်းဖ် ၃၀၃
ရှီဟာနီ၊ ဟတ်ဆန် ၅၂၊ ၄၉၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၉၊ ၃၈၀
၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ ၂
ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ၄၂၀
ရှင်နာဝပ်၊ ရင်လတ် ၄၀၊ ၆၃၊ ၈၄၊ ၉၂၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၃၁၊ ၃၃၉၊ ၃၄၁
ရှရစ်၊ နဝပ် ၈၅၊ ၃၃၄၊ ၃၃၆
ရှိကျင့်ဖျင် ၁၆၊ ၁၈၊ ၂၁၊ ၂၆၊ ၇၂၊ ၃၁၉၊ ၃၂၀
ရှိတ်ခ်မန်၊ ရန်ဒီ ၃၀၃
ရှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း ၃
ရှေမင်းသားဖောင်ဒေးရှင်း ၂၈၇၊ ၂၈၉
ရှေမန်း၊ ဦး၊ သူရ ၉၊ ၂၀၊ ၂၃၊ ၃၁၊ ၃၃၊ ၄၅၊ ၉၂၊ ၁၅၉၊ ၄၀၀၊ ၄၀၁
ရှေမြို ၁၁၃

လ

လာဟိုး ၂၈၃
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ၂၊ ၇၊ ၁၅၊ ၈၉
လီပိဒိကာကျမ်း ၁၁၄
လီရှုန်လွန်း ၂၈၅
လီလျှောင်မင်း ၃၂၄
လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအဖွဲ့ ၇
လက်တင်အမေရိကနိုင်ငံများ ၃၅၆-၃၅၇
လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ၃၊ ၅၊ ၁၅၊ ၂၀၊ ၃၈၊ ၄၂၊ ၈၂
လက်ဘန္ဓန်နိုင်ငံ ၃၆၇၊ ၃၆၉
လိုင်ဇာ ၂၇၆
လွတ်ငြိမ်းချမ်းသာခွင့် ၄၃၉-၄၄၁
လှထွန်း၊ ဦး ၂၀
လှည်းတန်းခုံးကျော်တံတား ၃၈၆

ဝ

ဝဇီရဉာဏာ၊ ဘဒ္ဒန္တ ၂၃၂-၂၃၃
ဝပြည်သွေးစည်းညီညွတ်ရေးပါတီ ၂၆
ဝါရှယ်၊ အားရစ်ရှယ် ၃၀၂
ဝီရသူ၊ အရှင် ၃၉
ဝင်းမော်ထွန်း၊ ဒေါ် ၃၄
ဝင်းရှိန်၊ ဦး ၇၊ ၆၄
ဝဏ္ဏမောင်လွင်၊ ဦး ၃၅၊ ၆၃၊ ၈၀၊ ၃၅၃၊ ၃၆၈၊ ၄၃၅
ဝပ်ဆိုင်းမွန်းမြန်မာကျောင်းတော်ကြီး ၃၈၃
ဝမ်ရင်ဖန်း၊ မစ္စတာ ၂၇၅၊ ၂၇၈

သ

သဘာဝပတ်ဝန်းကျင်... ၁၇၁-၁၈၈
သရက်မင်းသား ၁၀၁
သာယာဝတီမင်း ၁၀၂
သာဝေး၊ အန်းဟက် ၄၅၀
သာသနာ၊ ဘဒ္ဒန္တ ၂၃၃-၂၃၄
သီလဝါအထူးစီးပွားရေးဇုန် ၃၅
သုတပဒေသာစာတမ်းဖတ်ပွဲ ၄၂၃
သောဘန၊ ဘဒ္ဒန္တ ၂၃၄-၂၃၆
သက်ချာ၊ မာဂရက် ၂၀၅-၂၀၇
သက်ထွန်း၊ ဦး၊ ဝဏ္ဏကျော်ထင် ၄၂၈
သက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ၁၀၊ ၈၀
သောင်း၊ဦး၊ကြေးမုံ ၄၃၀
သိန်းစိန်၊ ဦး၊ ၁၊ ၂၊ ၃၊ ၅၊ ၇၊ ၈၊ ၂၁၊ ၄၈၊ ၇၀၊ ၁၉၃၊ ၂၉၂၊ ၂၉၄၊ ၂၉၅၊ ၂၉၅၊ ၂၀၀၊ ၄၀၂၊ ၄၀၆၊ ၄၀၉၊ ၄၁၁၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၅၊ ၃၉၇
သိန်းဇော်၊ ဦး ၂၆၊ ၄၃
သိန်းညွန့်၊ ဦး ၂၂
သွန်ဆင်းသမာဗောဓိ၊ မစ္စတာ ၃၂၊ ၄၄၇

ဟ

ဟာဆီနာ၊ ရှိတ် ၃၃၈၊ ၃၄၀
ဟာမစ်ကာဇိုင်း ၉၊ ၃၄၊ ၈၅
ဟီလာရီ ၁၉၈၊ ၁၉၉
ဟော်လန်၊ ဖရန်ဆွာ ၃၊ ၁၂၊ ၄၁၊ ၃၀၃
ဟံဇားကျေးရွာ ၄၃၅
ဟန်ဆန်၊ လားစ်ပီတာ ၃၀၃
ဟွေးဖော့လူရွာ ၄၂၅
ဟွန်မနီ ၃၀၄

အ

အကွိန့်၊ ဘင်နင်နို ၄၄၈
အစိမ်းရောင်စီးပွားရေး ၃၀၀
အဆစ်အလီဇာဒါရီ ၉
အဇာတရောင်ခြည်လှိုင်း ၄၅၄၊ ၄၅၅

အကွာရာစဉ်အညွှန်း

အပြည်ပြည်ဆိုင်ရာကြက်ခြေနီ
ကော်မတီ ၃
အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ၄၄၂
အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ ၄၀၂
အဘော့တ်၊တိုနီ ၁၇၊ ၆၀
အမေရိကန်ပြည်ထောင်စု ၂၇၊ ၃၅၇-၃၆၆
အမျိုးသားစာပေတစ်သက်တာဆု၊
အမျိုးသားစာပေဆုနှင့်စာပေဗိမာန်
စာမူဆု ဆုချီးမြှင့်ပွဲ ၄၄၂-၄၄၅
အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ ၂၊ ၅
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၄၂၈
အမျိုးသားသတင်းဆု ၂၅
အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၁၁၉-၁၃၄
အရှေ့အလယ်ပိုင်းဒေသ ၃၆၆-၃၇၀
အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ် ၄၄၅-၄၄၉
အရှေ့အာရှထိပ်သီးအစည်းအဝေး ၄၀၈
အဝါမီလိင်္ဂပါတီ ၃၃၈၊ ၃၃၉
အသေးစားနှင့်အလတ်စား စီးပွားရေး
လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး
လုပ်ငန်းကော်မတီ ၅
အာဒိစ္စ၊ ဘဒ္ဒန္တ ၂၆၃
အာဖဂန်နစ္စတန်နိုင်ငံ ၃
အာဘေး၊ ရှင်ဇို ၂၄၊ ၂၉၊ ၄၅၊ ၈၄၊ ၈၉၊
၃၀၀၊ ၄၀၆၊ ၄၁၁
အာရှဖွံ့ဖြိုးရေးဘဏ် ၂၅
အီဂျစ်နိုင်ငံ ၃၇၀-၃၇၄
အီတလီနိုင်ငံ ၁၂၊ ၁၄
အီဘရာဟင်၊ အန်ဝါ ၃၄၀၊ ၃၄၁
အီရန်နိုင်ငံ ၃၇၄-၃၈၀
ဥပဟာတသန္တိစေတီတော် ၁၇
အူလ်အက်ဒလီမင်ဆော ၃၇၁
အေးချမ်းအောင် ၂၈၇
အေးမြင့်၊ ဦး ၃၄၃

အေးမြင့်ကြူ၊ ဦး ၁
ဧရာဝတီတံတား (မလွန်) ၃၈၆
ဧဝရက်တောင် ၁၉၈-၂၀၀
အဲဗရက်၊ ဆာဂျော့ ၁၉၈
အောလ်ဘရိုက်၊ မဒလင်း ၃၁
ဩစတြီးယား ၁၂၊ ၁၄၊ ၆၃
ဩစတြေးလျမနုသဟာယနိုင်ငံ ၁၆၊ ၄၂၊ ၇၇
ဩဘာသာဘိဝံသ၊ ဘဒ္ဒန္တ ၂၃၉
အော်စကာဆု ၄၄၉-၄၅၀
အိုဘားမား၊ ဘားရက် ၅၊ ၂၈၊ ၃၁၊ ၄၃၊ ၆၀၊
၃၁၄၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊
၃၆၂၊ ၃၆၅၊ ၃၆၇၊ ၃၇၃၊
အဂ္ဂနက် ၁၉၂
အဂ္ဂပဏ္ဍိတ၊ ဘဒ္ဒန္တ ၂၃၆-၂၃၇
အင်ဒိုနီးရှားနိုင်ငံ ၃၅၊ ၆၀၊ ၉၁၊ ၉၆
အောင်ကြည်၊ ဦး ၂၄၊ ၆၀၊ ၄၁၃
အောင်ဆန်းစုကြည်၊ ဒေါ် ၄၊ ၇၊ ၈၊ ၂၅၊ ၃၃၊
၅၁၊ ၆၁၊ ၈၇
အောင်ဇာလ ၄၂၉-၄၃၀
အောင်မင်း၊ ဦး ၁၇၊ ၂၃၊ ၃၀၊ ၅၀၊
၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၅၊ ၂၇၅
၂၇၇၊ ၄၃၂
အောင်သန်းတင်၊ ဒေါ် (လွတ်လပ်ရေး) ၂၆၅-၂၆၆
အိုင်တီနည်းပညာနှင့်ကျန်းမာရေး
သက်ရောက်မှုများ ၄၅၁-၄၅၆
အန်ဂယ်လ်ဘာ့တ်၊ ဒေါက်တာလပ် ၂၀၇
အန်းလီ ၄၅၀
အုန်းကျော်၊ ဦး (အကော်ဒီယံ) ၂၆၆-၂၆၇
အုန်းမောင်၊ ဦး (ရာမ) ၂၆၇-၂၆၈
အိန္ဒိယနိုင်ငံ ၄၂၊ ၅၆၊ ၇၇၊ ၈၄၊ ၉၅
အိမ်စောင့်အစိုးရ ၄၂၁
အယ်မာဝီးလ်မော့၊ ဒေါက်တာ ၄၅၁
ကွန်ဒက၊ ဘဒ္ဒန္တ ၂၃၇-၂၃၈

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄) အမှားပြင်ဆင်ချက်

စဉ်	စာမျက်နှာ	ကော်လံ/ကြောင်းရေ	အမှား	အမှန်
၁	၄၆	၁/၃၀	ဆန်ကီရာဂို	ဆန်တီရာဂို
၂	၆၀	၁/၁၁	စိန့်စပီတာ	စိန့်ပီတာ
၃	၆၀	၃/၃	တိုနီအဘော့	တိုနီအက်ဘော့
၄	၆၄	၂/၂၅	လှယ်ရန်သင့်ပြီ	လဲလှယ်ရန်သင့်ပြီ
၅	၆၅	၂/၁၄-၁၅	မစ္စတာအင်ဒရူးလက်ထရစ်	မစ္စတာအင်ဒရူးပက်ထရစ်
၆	၉၁	၂/၂	မစ္စတာချီလတ်	မစ္စတာချီလက်
၇	၁၀၁	၁/၂၁	တောင်ပိုင်းဒေသ	တောင်ပိုင်ဒေသ
၈	၁၁၉	၁/၂၂	တိုကျိုအိုလံပစ်	တိုကျိုအာရှအားကစားပြိုင်ပွဲ
၉	၁၃၅	၂/၂၁-၂၂	အေစီ ၁၈၈၅	အေဒီ ၁၈၈၅
၁၀	၂၀၁	၂/၂၈	ချာဗတ်ဇ်	ချာဗက်ဇ်
၁၁	၂၅၁	၂/၃	စာကြည့်တိုက်ဒီပလိုမာရရှိပြီး	သင်တန်းတက်ရောက်ခဲ့ပြီး
၁၂	၃၂၉	၂/၂၅	ဆူသပ်သည်	ဆူသက်သည်

SPK1020
K 4000.00